

ဗုဒ္ဓအလိုတော်ကျ

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

(၇၅-နှစ်မြောက်အထိမ်းအမှတ်ကျမ်းစာ)

အရှင်ကုမာရ ပြုစုသည်

(ဒုတိယအကြိမ်)

သာသနာ-၂၅၅၆ ကောဇော-၁၃၇၄ ခရစ်-၂၀၁၂

မြောင်းမြမြို့

တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်

မော်ဘီမြို့

သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏

ပမာနနာယက

အရှင်ကုမာရ

၏

ဗုဒ္ဓအလိုတော်ကျ

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

(၇၅-နှစ်မြောက်အထိမ်းအမှတ်ကျမ်းစာ)



(ဒုတိယအကြိမ်)

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

အမှတ် ၂၈၉၆၃
ရက်စွဲ ၂၉.၉.၁၄

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	□	၆၀၀၅၀၁၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	□	၆၀၀၄၆၃၀၆၁၂
ထုတ်ဝေသည့်အကြိမ်	□	ဒုတိယအကြိမ်၊ (ဇွန်လ၊ ၂၀၁၂)
အုပ်ရေ	□	၃၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	□	ဦးထွန်းအောင် ထွန်းမိသားစုပုံနှိပ်တိုက် အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	□	ဦးကြည်တွဲ ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မှော်ဘီမြို့နယ်။
စာအုပ်ချုပ်	□	ဦးအောင်မြင့်
တန်ဖိုး	□	၃၅၀၀

၂၉၄.၃

ကုမာရ/ အရှင်

ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

အရှင်ကုမာရ

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မှော်ဘီမြို့

ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မှော်ဘီမြို့

၄၄၂ - စာ၊ ၁၇.၅ × ၂၄.၅ စင်တီ

(၁) ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

အမှာစာ

ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်၏၊ အိုသေနာများ၊ ဤတရားကို၊ များများစိတ်မှာ၊ ပူဆာသောက၊ မကြောင့်ကြနှင့်၊ ဖြစ်ကမခ္ဆတ်၊ ပျက်လတ္တံ့တည်း။
ယုတ်မာဆိုးတောင်း၊ ကျင့်မကောင်းကို၊ မှားကြောင်းတစိ၊ သိလျှင်သိချင်း၊ စွန့်ပယ်လျင်းလော့။
အတင်းယူစွဲ၊ ဖားမြွေခဲသို့၊ အမြဲမှတ်သို၊ မစွန့်လိုက၊ ဤကိုယ်သုခ၊ နောင်မရဘူး။ (မဃဒေဝ)

ဤစာပိုဒ်ကို ဆယ်နှစ်ကျော်က ထုတ်ခဲ့သော "တစ်ဘဝသာသနာ" ကျမ်းစာ "သာသနာ့ဂုဏ်ရည် ရှေ့သို့ချီ" အခန်းတွင် ကျွန်တော်ဖော်ပြခဲ့ဖူးပါသည်၊ တစ်ဘဝသာသနာ ကျမ်းစာ ဖြစ်မြောက်အောင် ကြိုးစားအားထုတ်ရာတွင်လည်း-

ကျမ်းစာပြီးမြောက်အောင် ကြိုးစားအားထုတ်သူကြများသည် အရိယာမဟုတ်သေးသော်လည်း ချစ်ခြင်း, မုန်းခြင်း, ကြောက်ခြင်း, မသိမိုက်မဲခြင်းဟုဆိုအပ်သော အဂတိမှ ကင်းနိုင်သမျှ အကင်းဆုံးကြိုးစား၍ လောဘ ဒေါသဦးစီးသော စိတ်ဆန္ဒကို ဖယ်ရှားပြီးလျှင် ဘဝချမ်းသာမှုတို့၌ တပ်မက်တောင့်တသော စိတ်တို့ လုံးဝမညွတ်စေဘဲ၊ အများ၏အကျိုးစီးပွားချမ်းသာကို တစ်ထစ်ချပေးစွမ်းနိုင်သော ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာ ရည်စူးခြင်းအမှန်ဖြစ်ပါသည်။

ဝိနည်း အပျက်ခံ၍ သာသနာမပြု။ ။ရှေးရှေးသော သာသနာပြုပုဂ္ဂိုလ်အရှင်မြတ်တို့သည် မိမိတို့၏ ဝိနည်း ကိုယ်ကျင့်တရားကို အပျက်ခံ၍ သာသနာကိုပြုကြသည့် အစဉ်အလာရှိကြသလားဟု စာရေးသူသည် ဘုရားရှင်ဟောတော်မူသော ကျမ်းဂန်များကို မိမိလက်လှမ်းမီသမျှ လေ့လာကြည့်ရှုခဲ့ရာ မတွေ့ရုံသာမက သာသနာတော်၌ လေးစားလောက်၍ ပရိယတ္တိ ဗဟုသုတနှင့်

ပြည့်စုံပြီး ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည့် ဆရာတော် သံဃာတော်များအား လျှောက်ထားရာ၌လည်း ဘုရားရှင်လက်ထက်တော်မှစ၍ ဝိနည်းကျင့်ဝတ်ကို အပျက်ခံလျက် သာသနာကို စောင့်ရှောက်သွားသော ပုဂ္ဂိုလ်များကို မတွေ့ရဖူးကြောင်းသာ အမိန့်ရှိကြသည်ဟု တစ်ဘဝသာသနာကျမ်းစာတွင် ရေးသားခဲ့ဖူးပါသည်။

သာသနာ့ဝန်ဆောင်ဆရာတော် ပြုစုတော်မူသော ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းနှင့် ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကျမ်းစာ, ဗုဒ္ဓ– လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် (ကိုယ်ကျင့်ဗုဒ္ဓဝင်), တစ်ဘဝသာသနာ ကျမ်းစာတို့ကို ဒုတိယအကြိမ် ထုတ်ဝေနိုင်အောင် ကြိုးစားခြင်း၊ မြန်မာအမျိုးသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် ရှင်ဓမ္မဒဿီဘွဲ့အမည်ရှိ ရှင်အရဟံ မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို မြန်မာတိုင်း မမေ့ရန် ပုဂံတွင် ကြိုးစားအားထုတ်နေခြင်းတို့မှာ တစ်ခုတည်းသောရည်ရွယ်ချက်ဖြစ်သည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွား၍ ကျေးဇူးသိတတ်စေရန် အဓိကရည်မှန်းချက်ပင် ဖြစ်ပါသည်၊ တစ်စုံတစ်ရာ လာဘသက္ကာရသိလောက လာဘ်အကျော်အစော ပူဇော်ခံရမှုကို ရည်စူးခြင်းမရှိပါ။

ယခုထုတ်ဝေလိုက်သော “ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး”ကျမ်းစာကို ရေးသားပြုစုတော်မူသည့် ဆရာတော်ဦးကုမာရ၏အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဆရာတော်ဦးကုမာရသည် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သစ်ဝါရာခမည်းတော် ဦးမောင်ကျန်–မယ်တော် ဒေါ်ငယ်မတို့မှ ၁၂၈၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂–ရက်၊ တနလ်ာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

၂။ ၁၂၉၅–ခုနှစ်တွင် သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊ ၁၃၀၁–ခုနှစ်၊ တပေါင်းလပြည့်နေ့ နေ့လည် ၁၂–နာရီအချိန်တွင် တောင်နီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ တောကျောင်း ဗဒ္ဓသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်၊ ရဟန်းဒါယကာမှာ မိခင်ရင်းဖြစ်သူ ဒေါ်ငယ်မပင် ဖြစ်ပါသည်။

၃။ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက် ဒသမရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်၊ လပွတ္တာမြို့ လေးထပ်ဆရာတော် အရှင်ကုသလ၊ ဆရာတော်ဦးဉာနိက၊ လက်ပန်တန်းမြို့ အဘိဓဇမဟာရဋ္ဌဂုရု သဒ္ဓမ္မောဒယ ဆရာတော်၊ မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်၊ စစ်ကိုင်းမြို့ အဂ္ဂမဟာပဏ္ဍိတ ပဒ္ဓာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒက၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဓနကာဘိဝံသတို့ထံ စာလိုက်ခဲ့ပါသည်။

၄။ ၁၃၁၁-ခုနှစ်တွင် စာချုတန်း ၉-ကျမ်းလုံးကို အောင်မြင်၍ "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရခဲ့ပါသည်။

၅။ မြောင်းမြမြို့ ပဒ္ဓောတာရုံကျောင်းတိုက်၌ ဒသမရွှေကျင်သာသနာပိုင် ကျေးရူးတော်ရှင် မြောင်းမြဆရာတော်ဘုရားကြီးနှင့်အတူ ဂျပန်ခေတ်မှစ၍ စစ်အတွင်း ကျောင်းတိုက်ကြီးကို စောင့်ရှောက်ခဲ့ပါသည်၊ ကျောင်းတိုက်၏ အသေးစိတ် အောက်ခြေသိမ်းလုပ်ငန်းကလေးမှစ၍ စာချုတာဝန် အုပ်ချုပ်ရေးတာဝန်များကိုလည်းကောင်း, ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်တာဝန်များကိုလည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။

၆။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများ၌ မြို့နယ်သံဃနာယကတာဝန်, ဒုတိယအကြိမ် သံဃာ့အစည်းအဝေးကြီး၌ သံဃသမ္မုတိတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

၇။ ၁၃၃၃-ခုနှစ်တွင် မြောင်းမြမြို့ နေရှင်နယ်ကုန်းရပ်၌ တိုက်သစ်ပဒ္ဓောတာရုံကျောင်းတိုက်ကို မြောင်းမြဆရာတော်ဘုရားကြီးနှင့်အတူ တည်ထောင်ခဲ့ပါသည်။

၈။ ၁၃၄၇-ခုနှစ်တွင် မော်ဘီမြို့ အင်းလျက်ကျေးရွာအုပ်စု ရေပြာရွာ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ကို စ,တင်တည်ထောင်တော်မူခဲ့ပါသည်။

၉။ ရေးသားပြုစုသည့်ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အလင်္ကာပန်းကုံး	၄-ကြိမ်
၂။ မာတိကာဓာတုကထာပန်းကုံး	၅-ကြိမ်
၃။ ယမကပန်းကုံး ပထမတွဲ	၂-ကြိမ်
၄။ ယမကပန်းကုံး ဒုတိယတွဲ	၂-ကြိမ်
၅။ ပဋ္ဌာနပန်းကုံး	၁-ကြိမ်
၆။ ကဗျာအုတ်မြစ် စနစ်သစ်	၁-ကြိမ်
၇။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး	၁-ကြိမ်
၈။ မြောင်းမြဆရာတော် သာသနာဘယ်လိုပြုခဲ့သလဲ	၁-ကြိမ်
၉။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း	၃-ကြိမ်

ထို့ပြင်-

၁၀။ ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

၁၁။ ဝိနယသင်္ဂဟကထာပန်းကုံး(မရိုက်ရသေး)

၁၂။ ဓမ္မပဒပန်းကုံး(ပထမတွဲ-ရိုက်ပြီး)

၁၃။ ဓာတွတ္ထပန်းကုံး ကျမ်းစာများကိုလည်း ပြုစုရေးသားပြီးဖြစ်ပါသည်။

ယခုအချိန်တွင် ဆရာတော်သည် ၁၃၅၅-ခု တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့က ၇၅-နှစ်ပြည့်ခဲ့ပြီဖြစ်၍ နိုင်ငံအစိုးရကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကိုလည်း ၁၃၅၄-ခုနှစ် (၁၉၉၃-ခုနှစ်)တွင် လက်ခံရရှိပြီးလျှင် မြောင်းမြမြို့ တိုက်သစ်ပဒ္ဓောတာရုံစာသင်တိုက်နှင့် မော်ဘီ သာသနာ့ဝန်ဆောင်စာသင်တိုက် ၂-တိုက်တို့၏ နည်းညွှန်လမ်းပြ ပဓာနနာယကဆရာတော်အဖြစ် အုပ်ချုပ်စီမံတော်မူလျက်ရှိပါသည်။

ယခု ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကျမ်းစာကို ဖတ်ရှုလေ့လာပြီးသူသည် အလွန်ကြုံကြိုက်ခဲလှသော ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံကြည်ညိုခွင့်ရသော အချိန်တွင် မိမိအစွမ်းရှိသမျှ လောကသားတို့အကျိုးငှာ ဗုဒ္ဓသာသနာတော်ကြီး အရှည်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် သဒ္ဓါ ပညာနှစ်ပါးဖြင့် ရိုသေသင့်သူကို ရိုသေခြင်း(ဂါရဝ)၊ မိမိကိုယ်နှုတ်နှလုံးကို နှိမ့်ချနိုင်ခြင်း(နိဝါတ)တရား တို့ဖြင့် မိမိကိန်းသေ သေရမည့်ဘေး မရဏာသတိကို ဆင်ခြင်၍ အခွင့်ရခိုက် ကြိုးစား အားထုတ်တော်မူကြရန် မေတ္တာဖြင့် တောင်းပန်ပါသည်။

ကျေးဇူးတရား ဦးထိပ်ထား၍ ကြိုးစားနိုင်ကြပါစေ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

အနာဂတေ သာသနံ လဒ္ဓီ ရက္ခိဿတိ။

ထိန်ဝင်း

၁၀၇၊ မင်းရဲကျော်စွာလမ်း(စိန်ဂျန်းလမ်း)

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



ဥယျောဇဉ်

"ဒီကျောင်းတိုက်နှစ်တိုက်ဟာ ကိုယ်တော်လက်ထဲကို ရောက်နေပြီ၊ ကိုယ်တော်ကပဲ စီမံအုပ်ချုပ်ရတော့မယ်၊ ဒီတော့ နောင်ဘယ်လိုစီမံအုပ်ချုပ် ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုတာကို အခုနေကပင် ကြိုတင်ပြောပြစမ်းပါးဦး"။

ဤသည်မှာ မြောင်းမြဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က မဟာဗောဓိကျောင်းတိုက်အတွင်း စာရေးသူနေထိုင်သော ကျောင်းရှေ့မြက်ခင်းပြင်နားမှာ လမ်းလျှောက်နေရင်း နောက်မှလိုက်ပါနေသော စာရေးသူအား အမိန့်ရှိလိုက်သော စကားဖြစ်ပါသည်။

ကျောင်းတိုက်နှစ်တိုက်ဟူသည်မှာ ရန်ကုန်မြို့ မဟာဗောဓိကျောင်းတိုက်နှင့် မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်တို့ပင် ဖြစ်ပါသည်။

"ဘုရားတပည့်တော်က ထွေထွေထူးထူးတော့ ဘာမှမလုပ်တတ်ပါ၊ ဘုရားတပည့်တော်တို့ မြောင်းမြမြို့ကို ရောက်ခါစ ဆရာတော်ဘုရား အုပ်ချုပ်နေစဉ်ကပဇ္ဇောတာရုံသံဃာတော်များ၏ အနေအထိုင်မျိုးဖြစ်လာအောင် ပြန်လည်ပုံဖော်လိုပါတယ်"။

ဤစကားကိုကြားရသည့်အခါ မြောင်းမြဆရာတော်ဘုရားက "ဒါလိုရင်းပဲ၊ ဒီလိုလုပ်နိုင်ရင် တို့က ကျေနပ်ပါတယ်"ဟု အမိန့်ရှိတော်မူပါသည်။

နောင်တစ်ချိန်မှာ မြောင်းမြဆရာတော်ဘုရားသည် မဟာဗောဓိကျောင်းတိုက်အတွင်းမှာပင် ပျံလွန်တော်မူသွားပါသည်၊ မဟာဗောဓိကျောင်းတိုက်ကိုလည်း အကြောင်းအားလျော်စွာ စွန့်လွှတ်ထားခဲ့ရပါသည်။

စာရေးသူလည်း ရန်ကုန်မြို့ ကန်ပဲ့ ရွှေဟင်္သာတိုက်သစ်မှာ နှစ်ဝါခန့် အပန်းဖြေနားနေခဲ့သည်၊ ထို့နောက် မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်ကို ပြန်လာ၍ စီမံအုပ်ချုပ်နေထိုင်ခဲ့သည်။

ထိုစဉ် ၁၃၄၇-ခု၊ နယုန်လဆန်း ၈-ရက်နေ့မှာ ကိစ္စတစ်ခုဖြင့် ရန်ကုန်သို့ ထွက်လာခဲ့သည်၊ ၉-ရက်နေ့ နံနက် ၉-နာရီလောက် ရန်ကုန်ဆိပ်ကမ်းကိုရောက်သည်၊ နောက်ပါကပ္ပိယကျောင်းသားကလေးတစ်ယောက်နှင့်အတူ ဆိပ်ကမ်းမှ ခြေလျင်လျှောက်ကာ ဒါယကာဦးထိန်ဝင်းတို့အိမ်သို့ ကြွလာခဲ့သည်။

"ဆရာတော် ကြွလာတာနဲ့ အတော်ပဲဟော့၊ ပြန်မယ်လုပ်နေတဲ့ လူတွေကိုလဲ ပြန်ခေါ်ထားကြဦး"။

အိမ်ရှေ့လမ်းအပေါ်သို့ ရောက်သွားသောအခါ ဒါယကာဦးထိန်ဝင်းက အိမ်အပေါ်ထပ်မှ နေ၍ လှမ်းပြောလိုက်သည်၊ စာရေးသူကိုလည်း အိမ်အပေါ်ထပ်ကို အပင့်ခိုင်းသည့်အတွက် လိုက်ပါသွားရသည်။

"ရန်ကုန်ရဲ့ အနီးပတ်ဝန်းကျင်မှာ မြောင်းမြဆရာတော်ဘုရားရဲ့ မူဝါဒအတိုင်း ကျောင်းတိုက်တစ်တိုက် တည်ထောင်လိုတဲ့အတွက် စည်းဝေးတိုင်ပင်နေကြပါတယ်၊ ပစ္စည်းလေးပါးအတွက် တပည့်တော်တို့က တာဝန်ယူပါ့မယ်၊ သံဃာတော်များကို ထိန်းသိမ်းအုပ်ချုပ်ရန် ဆရာတော်ကတာဝန်ယူပါ၊ မြောင်းမြဆရာတော်ဘုရားရဲ့ မူဝါဒ အတိုင်း ထိန်းသိမ်းအုပ်ချုပ်ရန် ဆရာတော်မှတစ်ပါး အခြားပုဂ္ဂိုလ်များကိုလဲ မတွေ့ရတော့ပါ၊ ဆရာတော်က တာဝန်ယူရင် တပည့်တော်တို့က ဖြစ်အောင်လုပ်ပါတော့မယ်"။

အပေါ်ထပ်မှာ နေသားတကျထိုင်မိသည့်အခါ ဒါယကာဦးထိန်ဝင်းကပင် ဆီးကြိုလျှောက်ထားလာပါတော့သည်၊ အစည်းအဝေးမှ ပြန်လာသူများက ငြိမ်သက်စွာနားထောင်နေကြသည်။

"ကျောင်းတိုက်ဖြစ်ပေါ်လာလို့ရှိရင် ဂေါပကအဖွဲ့ဖွဲ့ပြီး ဒကာတွေလက်ထဲမှာပဲထားရမယ်၊ ဘုန်းကြီးကို မလှူရဘူး၊ ဒီလိုလုပ်နိုင်လို့ရှိရင် ဘုန်းကြီးက ထိန်းသိမ်းစောင့်ရှောက်ပေးပါ့မယ်"။

"ဆရာတော်အမိန့်ရှိတဲ့အတိုင်း တပည့်တော်တို့ကလဲ လိုက်နာဆောင်ရွက်ပါ့မယ်၊ အစစအရာရာ တာဝန်ယူပါ့မယ်"။

"ဒါဖြင့်-ကျောင်းနေရာကောတွေ့ထားကြပြီလား?၊ ရရှိထားကြပြီလား?"။

"နေရာဌာနကတော့ မရှိသေးပါဘုရား၊ ပြန်မကြွခင် ဆရာတော်လဲ စုံစမ်းကြည့်ပါ၊ တပည့်တော်တို့လဲ စုံစမ်းရှာဖွေပါ့မယ်"။

အဆိုပါလျှောက်ထားချက်အရ ဘုန်းကြီးကလည်းစုံစမ်းသည်၊ ဒါယကာများကလည်း စုံစမ်းကြသည်၊ သို့ဖြစ်စေကာမူ စိတ်ကြိုက်နေရာဌာနကိုကား မတွေ့ရှိကြပါ။

"ရန်ကုန်ထဲကိုချည်း အာရုံမစိုက်ကြပါနဲ့၊ အပြင်ကိုလဲအာရုံစိုက်ကြပါ၊ ရန်ကုန်နဲ့ ထောက်ကြံ့ကြားလို နေရာမျိုးမှာ ရှာဖွေကြပါ၊ တောကျချင်သလောက် ကျပါစေ၊ ဂေါစရဂါမ်ဆွမ်းခံရွာရှိက တော်လောက်ပါပြီ"။

စိတ်ကြိုက်နေရာဌာန မတွေ့ရသည့်အဆုံးမှာ ဒါယကာများကို ပြောဆိုမှာထားခဲ့၍ မြောင်းမြကို ပြန်လာခဲ့သည်။

၁၃၄၇-ခု၊ တော်သလင်းလအတွင်းမှာ ကျောင်းနေရာတွေ့ထားကြောင်း၊ ၇-ဧက ကျယ်ဝန်းကြောင်း၊ စရန်ငွေပေးချေပြီးဖြစ်ကြောင်း၊ ဝါကျွတ်က ခေတ္တာကြွရောက်ကြည့်ရှု စီမံပေးပါမည့်အကြောင်း ဒါယကာထိန်ဝင်းထံမှစာကို ရရှိပါသည်။

သို့ဖြင့် ၁၃၄၈(၁၉၈၆)ခုနှစ်မှစ၍ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဖြစ်ပေါ်လာခဲ့သည်၊ စာရေးသူအနေဖြင့် မဟာဗောဓိကျောင်းတိုက်အတွက် အစားရရှိသည်၊ မြောင်းမြဆရာတော်ဘုရားထံ ဝန်ခံခဲ့သည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရတော့မည်ဟုပင် ခံယူလာခဲ့ပါသည်။

သို့ဖြစ်၍ မြောင်းမြ တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်နှင့် မော်ဘီသာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏ သက်ဆိုင်ရာ ဒါယကာဒါယိကာမများ, ရဟန်းသာမဏေများအတွက် သာသနာရေးကို ဆောင်ရွက်ကြရာ၌ အခြေခံမူဝါဒဖြစ်စေရန်, သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လုပ်ကိုင်ဆောင်ရွက်နေသူများအတွက်လည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ဤဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး" ကျမ်းစာကို ပြုစုရေးသားလာခဲ့ပါသည်၊ ၁၃၅၀-ပြည့် ဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက်နေ့ကပင် ပြီးစီးနေပါသည်၊ သို့ဖြစ်စေကာမူ အကြောင်းအမျိုးမျိုးကြောင့် ယခုမှသာ မိမိ၏အသက် ၇၅-နှစ်မြောက် အထိမ်းအမှတ်ကျမ်းစာအဖြစ် စက်တင်ပုံနှိပ်ရပါတော့သည်။

ထို့ပြင် ဤကျမ်းစာကိုရိုက်နှိပ်ရန် စီစဉ်နေစဉ်အတွင်းမှာပင် သာသနာ့ရောင်ခြည် စာစောင်၌* ထည့်သွင်းဖော်ပြထားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့, တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏသိရီ၏ ရှင်းလင်းလျှောက်ထားလွှာ၌-

"သာသနာတော် တည်တဲ့နေရာမှာ ဝိနည်းဟာ အဓိကပဲဖြစ်နေတယ်ဆိုတော့ ဝိနည်းတည်မှ သာသနာတည်တယ်၊ ဝိနည်းသိက္ခာပုဒ်တွေရှိလို့ သာသနာတော်ကြီး ရှိနေခြင်းပဲဖြစ်ပါတယ်၊ ထေရဝါဒ ၅-နိုင်ငံဆိုပေမယ့် ဝိနည်းသိက္ခာပုဒ်တွေကို အပြည့်အစုံကျင့်ကြံအားထုတ်တာ မြန်မာနိုင်ငံတစ်ခုပဲ ရှိတယ်ဆိုတာ ဆရာတော်တို့ သတိပြုမိကြမှာဖြစ်ပါတယ်။ နှာ-၈၈။

---

* အတွဲ ၁၃၊ အမှတ် ၁၃။ (၂၈-၁၁-၉၃)

ဒီတော့ မြန်မာနိုင်ငံမှာ ဆရာတော်တို့တာဝန်ယူပြီး ထိန်းသိမ်းနေတဲ့ ဒီသာသနာတော်ကြီးဟာ ဘာနဲ့ထိန်းမလဲ၊ ဝိနည်းသိက္ခာပုဒ်စည်းကမ်းတွေနဲ့ပဲ ထိန်းတာပါ၊ ဝိနည်းစည်းကမ်းအတိုင်း လိုက်နာကျင့်ကြံအားထုတ်လို့ သာသနာတော်ကြီးတည်နေပါတယ်ဘုရား။ နှာ- ၈၈။

သာသနာတော်၌ သမဏသာရုပ္ပမဖြစ်၊ ကြည်ညိုဖွယ်မကောင်း၊ သံဃာတော်များအားလုံးကို အထင်အမြင်သေးစေမည့် အလှူခံနည်းများဖြင့် အချို့သောရဟန်းသာမဏေများကိုယ်တိုင် အိမ်တိုင်ရာရောက် လှည့်လည်သွားလာပြီး ရွှေ, ငွေကို အလှူခံခြင်း၊ ကားဆိပ်, ရထားဆိပ်, သင်္ဘောဆိပ်နှင့် စျေးများအတွင်း၌လည်းကောင်း၊ လမ်းဆုံ လမ်းခွ လမ်းမများ၌လည်းကောင်း၊ သင်္ဘော, ရထားပေါ်များ၌လည်းကောင်း၊ ခရီးသွားမော်တော်ယာဉ်များကို တားဆီး၍လည်းကောင်း ရဟန်းသာမဏေများကိုယ်တိုင် ငွေကြေးအလှူခံခြင်း၊ စျေးစသည့် လူစည်ကားရာအရပ်ဒေသများ၌ ရဟန်းသာမဏေများကိုယ်တိုင် အလှူခံခြင်း၊ ကျောင်းသားငယ်များကို အလှူခံစေခြင်းတို့ကို တားဆီးဆုံးမ သြဝါဒပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၅-၂-၈၁ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် (၁၃)ဖြင့်လည်းကောင်း၊ ၂၀-၆-၈၆ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် (၇၂)ဖြင့်လည်းကောင်း ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ နှာ- ၉၀။

ယခု လျှောက်ထားတဲ့စကားမှာ မလုံလောက်ပါဘူးဘုရား၊ နောက်ထပ်ဖောက်ပြန်နေတာကတော့ (မွန်းလွဲအချိန်၌) ဆိုင်တွေမှာ ပြောင်ထိုင်ပြီး စားနေတာ၊ ဒါလဲဖောက်ပြန်နေတာပဲ၊ ရန်ကုန်မှာလဲ ရှိပါတယ်၊ မန္တလေးမှာလဲ ရှိပါတယ်။ နှာ- ၉၀။

ရဟန်းသာမဏေများကိုယ်တိုင် စျေးများ, စားသောက်ဆိုင်များနှင့် လူစည်ကားရာနေရာများ၌ ငွေကြေးအလှူခံနေမှုကို တွေ့မြင်သိရှိရပါကြောင်းကို သာသနာရေးဦးစီးဌာနမှ လျှောက်ထားလာပါတယ်။ နှာ-၉၀။

အဲဒီမှာ အရက်သေစာ သောက်စားတာကတော့ အချို့နေရာမှာ ဝိုင်းတွေနဲ့ဖြစ်နေတယ်၊ (၅)ပါးတစ်ဝိုင်း၊ (၆)ပါးတစ်ဝိုင်း၊ ဒါတွေကို တပည့်တော်တို့ လျစ်လျူရှုနေမယ်ဆိုရင် ဘယ်သူနစ်နာမလဲ၊ တပည့်တော်တို့သာသနာပဲ နစ်နာမယ်၊ သာသနာနစ်နာရင် ဘယ်သူ့မှာတာဝန်ရှိသလဲ၊ တပည့်တော်တို့မှာလဲ တာဝန်ရှိတယ်၊ အရှင်ဘုရားတို့မှာလဲ တာဝန်ရှိတယ်၊ အာဏာပိုင်အဖွဲ့တွေမှာလဲ တာဝန်ရှိတယ်၊ ဒါ ကျကျနန တားမြစ်ဖို့လိုတယ်။ နှာ- ၉၁။

လောင်းကစားဝိုင်း၊ ဒါလဲဝိုင်းတွေနဲ့ရှိတယ်၊ ကြေးကြီးနဲ့တောင်ချနေတယ်၊ အဲဒီ(၂)ချက်ကတော့ တော်တော့ကို အရေးကြီးနေပါတယ်၊ အဲဒါကိုတော့ တပည့်တော်တို့ ပိုင်ပိုင်နိုင်နိုင် လုပ်ကြဖို့လိုပါတယ်။ နှာ- ၉၁။

နောက် ဒီမှာမပါတဲ့ ရဟန်းသာမဏေများကိုယ်တိုင် နေလွဲညစာ ထမင်းဆိုင်မှာ နေ့ခင်း ပြောင်စားနေတဲ့ကိစ္စ၊ ရောင်းတဲ့သူကလည်း ကြောက်လို့ရောင်းရတာ ဖြစ်မှာပါပဲ၊ အချို့ကတော့ လပေးနဲ့ ဘုန်းကြီတွေမှာတဲ့အခါ ထမင်းထုပ်နဲ့ ကျွေးတယ်လို့ ကြားရတယ်၊ အမျိုးမျိုးပဲ။ နှာ- ၉၁။

ထမင်းဆိုင်က ကျွပ်တို့ကို ညဘက်ကျ ဆွမ်းအုပ်ပို့ပေးပါ၊ ထမင်းထုပ်ပို့ပေးပါ၊ တစ်လဘယ်လောက်ပေးမယ်၊ အဲသလို စားသောက်နေတဲ့အထိ အတင့်ရဲတာတွေကို တပည့်တော်တို့ ခိုင်ခိုင်လုံလုံသိရပါတယ်၊ ဒါ့ကြောင့်မို့လို့ ရှေ့ကို တိတိကျကျ လုပ်သွားရမယ့် ကိစ္စတွေဖြစ်ကြောင်းကို ရှင်းလင်းလျှောက်ထားပါတယ်ဘုရား။ နှာ- ၉၁။

နောက် တပည့်တော်တို့ကြားရတာ ဟုတ်လား မဟုတ်လားတော့ မသိပါဘူး၊ ကိုရင်လေးတွေမွေး, ပဉ္စင်းလေးတွေမွေး သပိတ်ပေးပြီးတော့ အလှူခံခိုင်းစားနေတဲ့ ဘုန်းကြီးတွေရှိပါတယ်၊ ဒီဘုန်းကြီးတွေဟာ သာသနာတော်မှာ မရှိထိုက်ပါဘူး၊ ဒါ အရေးယူမှု ဖြစ်မှာပါ၊ ဒါတွေ သိလျက်သားနဲ့ လုပ်နေတာဖြစ်တယ်”။ နှာ-၉၁။

ဤအကြောင်းအရာများကို တွေ့ရှိဖတ်ရှုရပါသည်၊ ဤအကြောင်းအရာများကို သာသနာ့ဝန်ဆောင်များဖြစ်ကြသော ရဟန်းသာမဏေများနှင့် ဒါယကာဒါယိကာမများက ဗုဒ္ဓအလိုတော်ကျ မည်သို့ပြုပြင်သင့်ကြောင်းကိုလည်း ဤကျမ်းစာက လမ်းညွှန်သွားပါလိမ့်မည်။

ဤကျမ်းစာ၌ ရေးရမည့်အကြောင်းအရာများသည် အများအားဖြင့် လေးနက်သော အကြောင်းများသာ ဖြစ်ကြပါသည်၊ သို့ဖြစ်၍ “ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း” ကျမ်းစာကဲ့သို့ ရေးသားမှုကို မပြုဘဲ စာဟန်ကိုလည်း တစ်မျိုးပြုပြင်ရေးသားထားပါသည်၊ လေးလေးနက်နက်ဖတ်၍ လေလေးနက်တွေးတောဆင်ခြင်စဉ်းစားပြီး လေးလေးနက်နက် လိုက်နာကျင့်ကြစေလိုပါသည်။

ဤကျမ်း၌ -

“၁။ သာသနာ့ဝန်ဆောင်,

၂။ သာသနာတော်သန့်ရှင်းတည်တံ့ရေး,

၃။ သာသနာတော်သန့်ရှင်းပြန့်ပွားရေး”

ဤသို့ အခန်း ၃-ခန်း ပါဝင်နေပါသည်။

သာသနာတော်သန့်ရှင်းရေးဟူသည် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်သီလ ပြည့်ဝစင်ကြယ်မှုသာ ဖြစ်ပါသည်၊ သို့ဖြစ်၍ သာသနာတော်သန့်ရှင်းရေးကိုပင် သာသနာ့ဝန်ဆောင်-ဟု တည်ရာပုဂ္ဂိုလ်အားဖြင့် ညွှန်ပြအခန်းဖွဲ့ထားပါသည်။

ဤကျမ်းဌ် အကိုးသာဓကအဖြစ် ပါဠိတော်, အဋ္ဌကထာ, ဋီကာနှင့် ပျို့ကဗျာများကို တွေ့ရပါလိမ့်မည်၊ ထိုတွင် ပါဠိတော်, အဋ္ဌကထာ, ဋီကာများမှာ ဆဋ္ဌမုတစ်မျိုးတည်းသာ ဖြစ်၍ လူသိများပြားထင်ရှားသောကြောင့် အထူးညွှန်ကြားရန် လိုမည်မထင်ပါ၊ သို့ဖြစ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာများအတွက် ညွှန်ကြားချက်ကို မထည့်သွင်းတော့ဘဲ ပျို့ကဗျာအတွက် ညွှန်ကြားချက်မျှကိုသာ ထည့်သွင်းပြဆိုလိုက်ရပါသည်။

ပျို့ကဗျာအတွက် ညွှန်ကြားချက်

သင်္ကေတ	ကျမ်းအမည်	ကျမ်းပြုပုဂ္ဂိုလ်	ပုံနှိပ်တိုက်	ခုနှစ်
ဥတိန်	ဥတိန္နပျို့.	မုံရွေးဇေတဝန်ဆရာတော် အရှင်အာဒိစ္စရံသီ	ပြည်ကြီးမဏ္ဍိုင်	၁၉၃၆
ဥမွာ	ဥမ္မာဒန္တီပျို့.	မဟာမင်းလှမင်းခေါင်	ပြည်ကြီးမဏ္ဍိုင်	၁၉၃၆
ကိုး	ကိုးခန်းပျို့.	ရှင်မဟာရဋ္ဌသာရ	နိုင်ငံတော်ဗုဒ္ဓသာသန	၁၉၅၇
ဂါထာ	ဂါထာခြောက်ဆယ်ပျို့.	ရှင်အုန်းညို	ဟံသာဝတီသတင်းစာ	၁၉၂၀
ဆု	ဆုတော်းခန်းပျို့.	ရှင်မဟာသီလဝံသ	နိုင်ငံတော်ဗုဒ္ဓသာသန	၁၉၅၉
ဇန	မဟာဇနကပျို့.	မဟာစည်သူအမတ်	ဟံသာဝတီ	၁၉၂၈
ဌေး	သုဝဏ္ဏသို့ သူဌေးခန်းပျို့.	ရှင်အဂ္ဂသမာဓိ	မ	မ
ဓမ္မ	ဓမ္မရာသီပျို့.	အရှင်ကုမာရကဿပ	မန္တလေး ဟံသာဝတီ	မ
နာ	နာရဒပျို့.	မုံရွေးဇေတဝန်ဆရာတော် အရှင်အာဒိစ္စရံသီ	ဟံသာဝတီ ပိဋကတ်တိုက်	မ
ဘူပေါင်း	ဘူရိဒတ်ဇာတ်ပေါင်းပျို့.	ရှင်မဟာရဋ္ဌသာရ	ပိဋကတ်တော်ပြန့်ပွားရေး	မ
မဃ	မဃဒေဝလင်္ကာသစ်	မန်လည်ဆရာတော်	သာသနာရေးဦးစီးဌာန	၁၉၈၃
ရွေ	ရွှေဟင်္သာမင်းပျို့.	ရှင်တေဇောသာရ	ဟံသာဝတီ	၁၉၆၅
သံဝေ	ပရမတ္ထသံဝေခန်းလင်္ကာ	ရှင်သီလဝံသ	သုခမ္မဝတီ	၁၃၂၂
သုခါ	သုခါဝဟန္တုပျို့.	မ	ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန	၁၉၆၀

မှာထားချက်။ ။ပျို့ကဗျာများဌ် ရှေ့နောက်ဂဏန်း ၂-မျိုးစီပါရှိရာ ရှေ့ဂဏန်းမှာ ပိုဒ်ရေနံပါတ်ဖြစ်၍ နောက်ဂဏန်းမှာ စာမျက်နှာနံပါတ်ဖြစ်ပါသည်။

အရှင်ကုမာရ

မာတိကာ

အခန်း-၁၊
သာသနာ့ဝန်ဆောင်

နံပါတ် ၊	၊အကြောင်းအရာ	၊စာမျက်နှာ
	ဥယျောဧည်	က
	မာတိကာ	ဆ
၁။	ကြိုတင်ပြုပြင်ပါ	၁
၃။	ရဟန်းဂုဏ်ထူး	၇
	ရောဟိနီ	၉
	စူဠသုဘဒ္ဒါ	၁၂
၄။	ရည်မှန်းချက်ပန်းတိုင်	၁၅
၅။	သစ်တုံးအသွင် ရဟန်းရှင်	၁၈
	အကျဉ်းမှတ်ဖွယ်	၂၁
	ရှင်းလင်းချက်	၂၁
	အပြစ်တစ်မျိုးမျိုး ရှိနေလျှင်	၂၃
	အကျဉ်းမှတ်ဖွယ်	၄၃
၆။	သမဏဘဒြ-ရဟန်းကောင်းရှစ်မျိုး	၄၄
	သုဒ္ဓိလေးပါး	၄၉
	ပရိဘောဂလေးမျိုး	၅၃
	ကပ်ငြိမတွယ် ပဉ္စင်းငယ်.....	၆၀
	တွယ်တာကင်းစင် ထေရ်အရှင်	၆၈
	အကျဉ်းမှတ်ရန်	၇၁
၇။	သမဏသုခ ရှစ်ပါး	၇၁
၈။	သမဏပဋိရူပ	၈၀
	အဓိသိက္ခာ	၈၂
	ရိုသေလေးစားမှု	၈၃
	အာစာရဂေါစရသမ္ပန္နေ	၈၄
	အာဇီဝပါရိသုဒ္ဓိ	၈၇
	ကုဟနာ	၈၉

နံပါတ် ၊ ၊အကြောင်းအရာ ၊စာမျက်နှာ

လပနာ ၉၀
နေမိတ္တိကတာ ၉၀
နိပ္ပေသိကတာ ၉၂
လာဘေနလာဘံနိဒ္ဓိသနတာ ၉၃
ဣန္ဒြိယေသု ဂုတ္တဒွါရတာ ၉၄
စတုပါရိသုဒ္ဓိသီလ ၉၈
အကြားအမြင်များမှု ၉၈
အဓိပညာဓမ္မဝိပဿနာ ၉၉
သစ္စာဘိသမယ ၁၀၀
အနိစ္စသညာ ၁၀၀
အနတ္တသညာ ၁၀၀
အသုဘသညာ ၁၀၀
အနာဘိရတိသညာ ၁၀၁
ဗောဓိပက္ခိယဓွားပုံ ၁၀၁
၉။ ခိုးသူကြီးငါးယောက် ၁၀၄
၁၀။ ပစ္စည်းလေးတန် ရဟန်းရန် ၁၁၀
၁၁။ လာဘသက္ကာရ ဆိုးဝါးလှ ၁၁၃
၁၂။ ထင်းကလားနှင့်တူသူ မဖြစ်ပါစေနှင့် ၁၁၄
ပြောင်းလဲဖောက်ပြန် ၁၁၆
ချီးမြှောက်မှု ၁၁၇
၁၃။ ရဟန်းများ၏ အညစ်အကြေး ၁၂၀
ဖုံးဖိပြစ်ဆာ ၁၂၁
ကွယ်ရာစစ်မှု ၁၂၂
တူသူစစ်ခံ ၁၂၃
မေးခံရန်နှင့် ၁၂၃
ပြုရန်ရှေ့သွား ၁၂၅
ဦးဖျားရမှု ၁၂၅
အနုမောဒနာ ဟောလိုပါ၏ ၁၂၆
သံဃာတော်အား တရားဟောမှု ၁၂၇
ဘိက္ခုနီကို ဟောလိုတရား ၁၂၈
ရဟန်းများတို့ လေးစားရိုသေ ၁၃၀
ကျန်နေပရိသတ် လေးမြတ်ရန်မှန်း ၁၃၁

နံပါတ် ၊ ၊အကြောင်းအရာ ၊စာမျက်နှာ

သင်္ကန်းအကောင်း ၁၃၁
ဆွမ်းကျောင်း ။ပ။ ဆေးကောင်းရရန် ၁၃၁
စိတ်မှာပူပင် ဒေါသထင်က ၁၃၂
စိတ်နေချောမှ ရိုသေကြ ၁၃၃
၁၄။ တဏှာဖြစ်ကြောင်း ၁၃၄
၁၅။ အိမ်သို့ချဉ်းကပ်ရပါလျှင် ၁၃၆
မထေရ်နှစ်ပါး ၁၃၈
ချီးမွမ်းခံလို ၁၄၀
ဦးစီးလိုလား ၁၄၀
ပိုင်လိုကျောင်းကန် ၁၄၁
ပူဇော်ခံချင် ၁၄၁
များလူရှင်၏ အထင်ကြီးအောင် ၁၄၁
လိုလိုက်အောင် ကြံဆောင်..... .... ၁၄၁
၁၆။ အိမ်သို့ချဉ်းကပ်ရာဝယ် နှလုံးသွင်းမှန်ပါစေ ၁၄၆
၁၇။ အလှူကို အကျိုးမကြီးစေ, ကြီးစေသောရဟန်း ၁၄၈
၁၈။ အလှူစင်ကြယ်မှု, မစင်ကြယ်မှု ၁၅၂
၁၉။ အင်္ဂါခြောက်ရပ် အလှူမြတ် ၁၅၅
၂၀။ ရဟန်းကောင်းများကို ဆည်းကပ်ရကျိုး ၁၅၈
၂၁။ ကျောင်းထိုင်ရဟန်းကောင်း ၁၆၀
၂၂။ ရဟန်းယုတ်တို့အင်အား ၁၆၁
၂၃။ အင်အားနှစ်ခု သတိပြု ၁၆၃
၂၄။ သမဏသညာ အရေးပါ ၁၆၅
၂၅။ သီလရှိသူ၏ဂုဏ် ၁၆၅
၂၆။ ဗြဟ္မစရိယ ကျိုးဖလ ၁၆၆
၂၇။ လက်ဦးဆရာ အရေးပါ ၁၆၇
၂၈။ ဩဝါဒဆရာ ဆည်းကပ်ပါ ၁၆၉
၂၉။ ဆရာ့ကျေးဇူး ဆပ်မကုန် ၁၇၄

အခန်း- ၂

သာသနာတော် သန့်ရှင်းတည်တံ့ရေး

၁။ ဒုဿီလ၏အပြစ်ငါးပါး ၁၇၇
ဥစ္စာပျက်ပြား ၁၇၈
ဆိုးဝါးသတင်း ၁၇၈

နံပါတ် ။	။အကြောင်းအရာ	။စာမျက်နှာ
	လူစုတွင်းကို ရဲတင်းမဝင်	..... ၁၇၉
	ကြည်လင်ကင်းကွာ သေရပါ	..... ၁၈၀
	ပါယ်ရွာဖြောင့်တန်း၏	..... ၁၈၀
၂။	သီလရှိသူ၏အကျိုး ငါးပါး	..... ၁၈၃
၃။	သီလအကျိုး ဆယ့်ခုနစ်မျိုး	..... ၁၈၃
၄။	ဒုဿီလနှင့်သီလဝန္တ ကွာဟချက်	..... ၁၈၄
၅။	ဒုဿီလသဘော	..... ၁၈၉
၆။	မဆည်းကပ်သင့်သူ ဆည်းကပ်သင့်သူ	..... ၁၉၀
၇။	အဂ်ိုက္ခန္ဓောပမသုတ် နိဒါန်း	..... ၁၉၁
၈။	ဗုဒ္ဓကိစ္စ ငါးပါး	..... ၁၉၁
	ပုရေဘတ်တကိစ္စ	..... ၁၉၂
	ပစ္ဆာဘတ်တကိစ္စ	..... ၁၉၆
	ပုရိမယာမကိစ္စ	..... ၁၉၉
	မစ္ဈိမယာမကိစ္စ	..... ၂၀၀
	ပစ္ဆိမယာမကိစ္စ	..... ၂၀၁
၉။	အဂ်ိုက္ခန္ဓောပမသုတ်	..... ၂၀၄
၁၀။	မေတ္တာဘာဝနာ	..... ၂၁၇
	မေတ္တာပွားကာ အလှူခံပါ	..... ၂၂၀
၁၁။	သာသနာသန့်ရှင်းရန် ဘုရားညွှန်	..... ၂၂၁
၁၂။	သာသနာသန့်ရှင်းတည်တံ့ရန် တစ်မျိုးညွှန်	..... ၂၂၃
၁၃။	ဒုဿီလနှင့် ရောနှောယှက်တင် မနေရ	..... ၂၂၅
	အထင်သေးသူ	..... ၂၂၈
	အထင်မသေးသူ	..... ၂၂၈
၁၄။	သာသနာကွယ်ပျောက်ပုံ	..... ၂၂၉
	အဓိဂမအန္တရာန	..... ၂၃၀
	ပဋိပတ္တိအန္တရာန	..... ၂၃၀
	ပရိယတ္တိအန္တရာန	..... ၂၃၁
	လိင်္ဂအန္တရာန	..... ၂၃၃
	ဓာတုအန္တရာန	..... ၂၃၄
	ပရိယတ္တိသာလိုရင်း	..... ၂၃၅
၁၅။	သာသနာတော်ကွယ်ကြောင်းတရားများ	..... ၂၃၈
၁၆။	သဒ္ဓမ္မပဋိရူပက	..... ၂၄၀

နံပါတ် ၊	၊အကြောင်းအရာ	၊စာမျက်နှာ
	ဖုသဆေရအပဒါန်	..... ၂၄၇
	နောက်ပိုင်းအချိန်ဟူသည် အဘယ်နည်း	..... ၂၅၂
၁၇။	သာသနာတော်ဆုတ်ယုတ်ကြောင်း	..... ၂၅၃
၁၈။	စည်းလုံးညီညွတ်ရေး သာရဏီယဓမ္မ	..... ၂၅၅
၁၉။	သာရဏီယဓမ္မအဖွင့်	..... ၂၅၇
	မျက်မှောက်မျက်ကွယ်	..... ၂၅၈
	ကန့်သတ်ခွဲခြားမှုမပြု	..... ၂၆၀
	ဝေဌသုံးစွဲပုံ	..... ၂၆၀
	သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ပုံ	..... ၂၆၀
	ဖြည့်ကျင့်ရကျိုး	..... ၂၆၂
	တိသဆေရ်	..... ၂၆၂
	နာဂဆေရီ	..... ၂၆၅
	မကျိုးမပေါက် မကျားမပြောက်	..... ၂၆၇
၂၀။	ဘုရားရှင်၏ မျော်မှန်းချက်	..... ၂၆၈
၂၁။	သာသနာတော် ကြာမြင့်စွာ မတည်ခြင်း, တည်ခြင်း	..... ၂၇၀
	ရှေးဘုရားသုံးဆူတို့၏သာသနာ	..... ၂၇၁
	ဓမ္မဝိနယနည်းရခြင်း	..... ၂၇၁
	အာဏာပါတိမောက်အစ	..... ၂၇၄
	ကြာမြင့်စွာမတည်	..... ၂၇၆
	နောက်ဘုရားသုံးဆူတို့၏သာသနာ	..... ၂၇၆
	ကြာမြင့်စွာတည်	..... ၂၇၇
၂၂။	သိင်္ဂါလပုဒ်ပညတ်ရခြင်း	..... ၂၇၈
	သံဃာလက်ခံ	..... ၂၇၈
	ချမ်းသာရန်နှင့်	..... ၂၇၉
	ဖောက်ပြန်နိပ်ကွပ်	..... ၂၇၉
	ကောင်းမြတ်ချမ်းသာ	..... ၂၈၀
	ခုဘေးကွာ၍	..... ၂၈၀
	နောင်ခါဘေးလွတ်	..... ၂၈၀
	လေးမြတ်ကြည်ညို	..... ၂၈၁
	တိုးကြည်ညိုသင့်	..... ၂၈၁
	ပိုမိုသဒ္ဓမ္မ တည်တံ့ရဖို့	..... ၂၈၂
	ဝိနယလေးတန် ချီးမြှောက်ရန်	..... ၂၈၂

နံပါတ် ၊ ၊အကြောင်းအရာ ၊စာမျက်နှာ

သံဝရဝိနည်း ၂၈၂
ပဟာနဝိနည်း ၂၈၃
သမထဝိနည်း ၂၈၄
ပညတ္တိဝိနည်း ၂၈၆
၂၃။ ပထမသံဂါယနာ ၂၈၆
ပဌသတိကခန္ဓက ၂၈၇
သိက္ခာပုဒ်များကို အတည်ပြုခြင်း ၂၉၆
ဘုရားရှင်၏အလို ၂၉၇
သိက္ခာပုဒ်ကို မပညတ်, မပယ်ဖျက်သင့် ၂၉၈
ပရိယတ်တာဝန်ခွဲဝေခြင်း ၃၀၁
၂၄။ ဒုတိယသံဂါယနာ ၃၀၂
အနာဂတ်သာသနာအတွက် ကြိုတင်စီမံချက် ၃၀၆
၂၅။ တတိယသံဂါယနာ ၃၀၈
၂၆။ စတုတ္ထသံဂါယနာ ၃၁၅
အသက်စွန့်သွား မထေရ်များ ၃၁၆
မဟာသောဏထေရ် ၃၁၇
ဝတ္တဖုကနိဂြောဓထေရ် ၃၂၃
ပရိယတ္တိကို ခဲရင်းစွာထိန်းလာရပုံ ၃၂၈
ပျောက်ခါနီးကျမ်း ၃၂၉
နှုတ်ဖြင့်ဆောင်ရန် ခက်ခဲပုံ ၃၂၉
ပေထက်အက္ခရာတင် ၃၃၀
၂၇။ မြန်မာပြည်နှင့် သံဂါယနာ ၃၃၄

အခန်း- ၃

သာသနာတော် သန့်ရှင်းပြန့်ပွားရေး

၁။ သာသနာပြုလုပ်ငန်းအစ ၃၃၉
၂။ ကိုယ်တိုင်လည်းကျင့် သူ့ကိုလည်းဟော ၃၄၆
ပဓာနိကတသထေရ် ၃၄၈
ပုဏ္ဏထေရ် ၃၅၀
မေးတော်မူရခြင်း ၃၅၁
ကထာဝတ္ထုဆယ်ပါး ၃၅၇
တဏှာလည်းကင်း ၃၅၇

နံပါတ် ၊ ၊အကြောင်းအရာ ၊စာမျက်နှာ

ရောင့်ရဲခြင်းနှင့် ၃၆၂
ကင်းရှင်း ၃၆၃
မရော ၃၆၄
ထက်သောလုံ့လ ၃၈၀
သီလသမာ ။ပ။ ဝိမုတ်ဉာဏာ ၃၈၀
၃။ သုံးပါးသိက္ခာ ၃၈၁
သီလ+အဓိသီလ ၃၈၁
စိတ္တ+အဓိစိတ္တ ၃၈၂
ပညာ+အဓိပညာ ၃၈၃
မမေ့လျော့ မပေါ့ဆသင့် ၃၈၄
ပမာဒ ၃၈၇
အပွမာဒ ၃၈၇
လူမိုက်, လူကောင်း ၃၈၉
၄။ မည်သူမပြု မိမိမှု ၃၉၂
၅။ ဥဒ္ဒာနသုတ် ၃၉၃
၆။ သေခြင်းသည် ကြောက်စရာမဟုတ် ၄၀၀
၇။ သာသနာပြုလက်နက် ၄၀၁
၈။ သာသနာပြုပုဂ္ဂိုလ်တို့၏အလုပ် ၄၀၄
၉။ ပညာရှိခေါ်သင့်သူ ၄၀၅
၁၀။ မမေ့လျော့မှ နိဗ္ဗာန်ရ ၄၀၇
၁၁။ ခြွေရံပေါများ ကျော်စောထင်ရှားရန်အကျင့်များ ၄၁၂
၁၂။ ခိုကိုးမှီရာ ကျွန်းသာယာ ၄၁၃
၁၃။ အပေါ်စီးကြည့်လျှင် အောက်လူမြင်
၁၄။ မေ့သူချန်ထား နိဗ္ဗာန်သွား ၄၁၅
၁၅။ သိကြားဖြစ်ရန် အခြေခံ ၄၁၇
၁၆။ သံယောဇဉ်တောကြီး ရှို့ရန်မီး ၄၁၉
၁၇။ အေးငြိမ်းနိဗ္ဗာန် နီးကပ်သူ ၄၂၀
၁၈။ ကိမိလသုတ် ၄၂၀

မာတိကာ ပြီး၏။

ဗုဒ္ဓအလိုဇောတ်ကျ

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခန်း - ၁

သာသနာ့ဝန်ဆောင်

ကြိုတင် ပြုပြင်ပါ

ဤဘဒ္ဒကမ္ပာဝယ် ကကုသန်ဘုရားရှင်သည် အနှစ်လေးသောင်းတမ်းမှာ ပွင့်တော်မူသည်၊ ကောဏာဂုံဘုရားရှင်သည် အနှစ်သုံးသောင်းတမ်းမှာ ပွင့်တော်မူသည်၊ ကဿပဘုရားရှင်သည် အနှစ်နှစ်သောင်းတမ်းမှာ ပွင့်တော်မူခဲ့သည်။

ဂေါတမဘုရားရှင်မူကား ကဿပဘုရားရှင်ပွင့်တော်မူရာ အသက်တမ်းတစ်ဝက် ဖြစ်သည့် အနှစ်တစ်သောင်းတမ်းမှာ ပွင့်တော်မူသင့်ပါသည်၊ တစ်သောင်းတမ်းကို မမီပါလျှင် ငါးထောင်တမ်းမှာ ပွင့်တော်မူသင့်ပါသည်၊ ငါးထောင်တမ်းကို မမီပါလျှင် တစ်ထောင်တမ်းမှာ ပွင့်တော်မူသင့်ပါသည်၊ တစ်ထောင်တမ်းကို မမီပါလျှင် ငါးရာတမ်းမှာသော်လည်း ပွင့်တော်မူသင့်ပါသည်။ ပါရာဇိကဏ်-၄- ၁၊ ၁၅၈။

သို့ဖြစ်စေကာမူ ဘုရားဖြစ်စေနိုင်သော ပါရမီတရားတို့ကို ဖြည့်ကျင့်တော်မူရင်း ဉာဏ်တော်တည်းဟူသောကိုယ်ဝန်ကို ယူစေရင်း(ဉာဏ်တော်ကိုရင့်ကျက် လာအောင် လုပ်ရင်း)အနှစ်တစ်ရာတမ်း အသက်ရှိရာ အခါကျမှသာ ပါရမီပြည့် လာခဲ့သည်၊ ဉာဏ်တော်ရင့်ကျက်လာခဲ့သည်၊ ထို့ကြောင့်ပင် အလွန်အသက်တမ်း နည်းရာအခါမှာ ပွင့်တော်မူလာရပါသည်။ ပါရာဇိကဏ်-၄-၁၊ ၁၅၈။

အသက်တမ်း တိုသလောက် သတ္တဝါတို့၏ သန္တာန်မှာ ရာဂများလာသည်၊ ဒေါသများလာသည်၊ မောဟများလာသည်၊ ကိလေသာတွေ တိုးပွားလာသည်၊ အသိဉာဏ်ဘက်က အားနည်းလာသည်၊ သို့ဖြင့်-ဘုရားရှင်သည် လေးဆယ့်ငါးဝါ ကာလပတ်လုံး မနေမနား တရားဟောတော်မူရသည်။ လေးဆယ့်ငါးဝါစေ့၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အခါမှာ ကိုယ်စားတော်အနေဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကျန်ရှိနေခဲ့သည်၊ ယင်း ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကပင် ဘုရားအရာမှာ တည်ရှိနေပေသည်၊ ယနေ့တိုင်အောင် ဘုရားကိစ္စကို ဆောင်ရွက်နေသည်။

ဤသည်ကိုပင် ရည်ရွယ်တော်မူ၍ ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကို ပြဆိုပါဦးမည်။

"မ။ ဘုရားရှင်တော်, ချွတ်အံ့မျော်လည်း, သုံးဘော်အမြဲ, ကိလေဝဲ၌, ချဉ်းတွဲ
မချွတ်, တဏှာဝင့်တွင်, မလွတ်ကြင်ငား, လူသုံးပါးတို့, တရားယွင်းပျက်, သနားလျက်နှင့်, ရွေလက်မဖော်, မြတ်ဓိနော်သည်, မခေါ်ဟိ, ဉာဏ်တော်ညို၍, မရှိတရား, လူနတ်များတို့, အမှားလွတ်ကင်း,ကိလေရှင်း၍,လက်ငင်းမမီ,ငါ့ညီဗုဒ္ဓ, မေတ္တေယျမှာ,ဆက်သလက်ဆောင်, ရှိကြအောင်ဟု,ငါးထောင်ပညပ်,ဘဒ္ဒကပ်မှာ, မြတ်လှသာသနာ,ဓမ္မာပိဋကတ်,အရပ်ရပ်ကို,လူနတ်တို့အား,ကိုယ်တော်စား-ဟု, မိန့်ထားခဲ့မှာ"။ သံဝေ-၈၇။

၅၇၅။ "ဗျာဒိတ်ရွေခွန်း, ညွှန်း၍ပိုင်းခြား,ကိုယ်တော်ပွားတိ, တရားရှစ်သောင်း,
ဓာတ်ပေါင်းရှစ်စိတ်,ပရိက္ခရာ,မဟာဗောဓိ,ပရိဘောဂ,ဆံတော်စသား,ဤမျှ များမြောင်, မွေကုန်အောင်ကို ,ငါးထောင်နှစ်ပေါင်း,နောင်ကြာညောင်းအောင်, ခါကောင်း ပညပ်, ထားခဲ့အပ်လျက်, လူ့ရပ်နတ်ဌာန်, နိဗ္ဗာန်ပြည်ကြီး, ခရီးမဆိတ်, စည်မတိတ်ဘဲ, မပိတ်ဟင်းလင်း,ထွန်းဝင်းသာသနာ, ထိန်ထိန်ဖြာ၍, သာယာစည်ကား, လွန်ပြန့် ပွား၏"။ မဃ-၄၃၀။

တစ်နည်းအားဖြင့် ဆိုရပါမူ- ယင်းဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည်ပင် 'ဓမ္မဝိနယ' မည်ပြန်သည်၊ အဋ္ဌကထာနှင့်တကွ ယင်းဓမ္မဝိနယသည်ပင် 'ပရိယတ္တိသာသနာ'မည်သည်၊ ယင်းဓမ္မဝိနယ(ပရိယတ္တိ)က ညွှန်ပြထားသမျှကို လိုက်နာကျင့်သုံးမှုသည် 'ပဋိပတ္တိသာသနာ'မည်သည် ၊ ယင်းပဋိပတ္တိအကျင့်ဖြင့် ရအပ်သိအပ်သော မဂ်ဖိုလ်စသော တရားထူးသည် 'အဓိဂမသာသနာ'မည်သည်၊ ဤသည်ကိုပင် "သာသနာတော် သုံးရပ်" ဟု သတ်မှတ်ခေါ်ဝေါ် ပြောဆိုနေကြပါသည်။

ယင်း သာသနာတော်သုံးရပ်တွင် ပဋိဝေဓသာသနာသည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာရသော အကျိုးသာသနာမျှသာ ဖြစ်သည်၊ ပြုပြင်ဖန်တီး၍ ရစကောင်းသော သာသနာမျိုး မဟုတ်ပါ၊ သို့ဖြစ်၍ ပြုပြင်ရန်လည်း မလိုပါ။

ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာများလည်း ဗုဒ္ဓမြတ်စွာ၏ သိမြင်နှံ့စပ်သဗ္ဗညုတဉာဏ်တော်မြတ်ကို အကြောင်းပြုကာ ဖြစ်ပေါ်လာရသောကြောင့် ပင်ကိုသဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်ပြီးပင် ဖြစ်ပါသည်၊ အညစ်အကြေး ကင်းစင်ပြီးပင် ဖြစ်ပါသည်။

သို့သော်-သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်အချို့တို့က ဓမ္မဝိနယကို လိုက်နာကျင့်သုံးမှုနည်းလာကြသည်၊ ကိုယ်ကျင့်သိလ ယိုယွင်းလာကြသည်၊ မလုပ်သင့်သည်ကို လုပ်လာကြသည်၊ မပြောသင့်သည်ကို ပြောလာကြသည်၊ မကြံသင့်သည်ကို ကြံလာကြသည်၊ လုပ်သင့်,ပြောသင့်, ကြံသင့်သည်ကိုကား လျစ်လျူ ရှုထားကြသည်၊ ပြုလုပ်ပြောဆိုကြံစည်မှုပင် မပြုကြတော့ပါ၊ သို့ဖြင့်-သာသနာတော်မှာ အမည်းကွက် ထင်လာရသည်၊ သာသနာတော် မသန့်ရှင်းသည့်သဘောသို့ ရောက်လာရပေသည်။

သို့ဖြစ်၍ သာသနာတော် သန့်ရှင်းစေလိုပါလျှင် သာသနာ့တာဝန်ကို အတွင်းကျကျထမ်းဆောင်နေကြသော ရဟန်းသာမဏေများနှင့် အပြင်ဘက်က အားပေးကူညီနေကြသော ဒါယကာဒါယိကာကာမများပါ မိမိတို့ဆိုင်ရာ ကျင့်ဝတ်သီလကို ပရိယတ်(ဓမ္မဝိနယ)က လမ်းညွှန် ထားသည့်အတိုင်း လိုက်နာကျင့်သုံးရံသာ ဖြစ်ပါတော့သည်၊ ယင်းသို့အသီးသီး ပြုပြင်ကြသည်နှင့် တစ်ပြိုင်နက် သာသနာ့ အမည်းကွက်တွေ ကင်းပျောက်ပြီး သာသနာတော် သန့်ရှင်းစင်ကြယ်သည့်သဘောသို့ သက်ရောက်လာပါလိမ့်မည်။

ရဟန်းနှင့်လူ-ကိုယ့်ကျင့်ဝတ်ကို , မယွင်းမချွတ်-ကျင့်နေလျှင်၊
သာသနာတော်-ပြောင်ပြောင်ဝင်းလို့ , အမြဲသန့်ရှင်း--နေမည်ပင်၊
ဒါ့ကြောင့်သာသနာ-သန့်ရှင်းရေးကို , တကယ်အားပေး-လိုကြလျှင်၊
ကျင့်ဝတ်ကိုယ်စီ-ရှင်လူများတို့ , လေးလေးစားစား-ကျင့်ရုံပင်။

သို့သော်-ဤသာသနာ့သန့်ရှင်းရေးကိစ္စ၌ အတွင်းဝန်ဆောင်များဖြစ်ကြသော ရဟန်းသာမဏေများက ပို၍အဓိကကျပါသည်၊ ရဟန်းသာမဏေများက အရေးတကြီး ပြုပြင်သင့်ပါသည်၊ သာသနာ့ကျက်သရေသည် ရဟန်းသာမဏေများအပေါ်မှာ တည်နေပါသည်၊ ရဟန်းသာမဏေများက ကျင့်ဝတ်သီလကို ဖြည့်ကျင့်သလောက် သာသနာ့အရှိန်အဝါလည်း ထွန်းတောက်လာရမည်သာ ဖြစ်ပါသည်၊ သို့ဖြစ်၍ ရဟန်းသာမဏေများ၏ ကိုယ်ကျင့်သီလနှင့်ပတ်သက်သော အကြောင်းအရာများကို အထိုက်အလျောက် သိနားလည်ထားသင့်သည်၊ ယင်းသို့ သိနားလည်ထားမှသာ ပြုပြင်ရာ၌ လွယ်ကူမှုရှိပါလိမ့်မည်။

သာသနာ့ဝန်ဆောင်ဖြစ်ကြသော ရဟန်းသာမဏေများသည်-

၁။ သဒ္ဓါပဗ္ဗဇိတ မဟုတ်သူ၊
၂။ သဒ္ဓါပဗ္ဗဇိတ ဟုတ်သူ၊

ဤသို့ နှစ်မျိုးနှစ်စား ရှိနေပါသည်။

သဒ္ဓါပဗ္ဓိတမဟုတ်သူမျိုးကို ဘုရားရှင်ကပင် လက်လျှော့လိုသည်၊ သဒ္ဓါပဗ္ဓိတဟုတ်သူမျိုးကိုကား ဘုရားရှင်ကိုယ်တော်တိုင် အရေးပေးလိုပါသည်၊ သို့ဖြစ်၍ ဘုရားရှင်က လက်လျှော့ရသူမျိုးမဖြစ်ရအောင်, ဘုရား ရှင်က အရေးပေးလိုသူမျိုးဖြစ်ရအောင် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တိုင်း မဖြစ်မနေ ပြုပြင်သင့်လှပေသည်၊ ဘုရားရှင်ကိုယ်တော်တိုင် ရှင်သာရိပုတ္တရာအား အမိန့်ရှိထားဖူးသည်ကိုလည်း ဆက်လက်ပြဆိုပါဦးမည်။

"သာရိပုတ္တရာ ! အချို့သူတွေဟာ ယုံကြည်မှုသဒ္ဓါတရား မရှိကြဘူး၊ ယုံကြည်မှုမရှိဘဲ ဝမ်းရေးအတွက် ရဟန်းပြုလာကြတယ်၊ စဉ်းလဲတတ် ကြတယ်၊ လှည့်ပတ်တတ်ကြတယ်၊ (ဟန်ဆောင်တတ်ကြတယ်၊) ကောက်ကျစ်ကြတယ်၊ ပျံ့လွင့်ကြတယ်၊ ထောင်လွှားကြတယ်၊ လျှပ်ပေါ်(လော်မာ)ကြတယ်၊ အထင်ကြီး(ဘဝင်မြင့်)ကြတယ်၊ နှုတ်ထွက်ကြမ်းကြတယ်၊ တောင်စဉ်ရေမရ(ရောက်တတ်ရာရာ) ပြောတတ်ကြတယ်၊ ဣန္ဒြေစောင့်စည်းမှုလဲ မရှိကြ၊ အစားအစာမှာလဲ အတိုင်းအရှည် (ပမာဏ)ကို မသိကြ၊ နိုးကြားထကြွမှုလဲ မရှိကြ၊ ရဟန်းအဖြစ်မှာ ငဲ့ကွက်မှုလဲ မရှိကြ၊ သိက္ခာ(ကျင့်ဝတ်)မှာ ထက်သန်ရှိသေမှုလဲ မရှိကြ၊ ပစ္စည်းလေးပါးပေါများအောင်သာကျင့်ကြတယ်၊ ပေါ့ပေါ့တန်တန် ကျင့်ကြတယ်၊ အောက်ကို ဆွဲဆောင်သွားမယ့် နိဝရဏတရားတွေကို ရှေ့တန်းတင်ကြတယ်၊ ဆိတ်ငြိမ်မှု (ဝိဝေက)မှာ တာဝန်မဲ့ဖြစ်နေကြတယ်၊ ပျင်းရိကြတယ်၊ ယုတ်လျော့နေတဲ့ လုံ့လဝီရိယရှိကြတယ်၊ (အားထုတ်ရမယ့် နေရာမှာ လျော့တိလျော့ရဲ့ဖြစ်နေကြတယ်၊) သတိလက်လွတ်ဖြစ်နေကြတယ်၊ ဆင်ခြင်ဉာဏ် မရှိကြဘူး၊ တည်ကြည်မှုလဲ မရှိကြဘူး၊ ပျံ့လွင့်တဲ့စိတ်ရှိနေကြတယ်၊ ပညာလဲ မရှိကြဘူး၊ သွားရည်တမျှားမျှား ဖြစ်နေကြတယ်၊ (ဇင်မူဂါ၊) (မက်မောမှု ဖြစ်နေကြတယ်၊) ဒီလိုရဟန်းမျိုးတွေကိုတော့ ထားပါတော့။

သာရိပုတ္တရာ ! အမျိုးကောင်းသားတွေဟာ ယုံကြည်မှု(သဒ္ဓါတရား)နဲ့ရဟန်းပြုလာကြတယ်၊ စဉ်းလဲမှုလဲကင်းကြတယ်၊ လှည့်ပတ်မှုလဲကင်းကြတယ်၊ (ကောက်ကျစ်မှုလဲ မရှိကြဘူး၊) တည်ကြည်ကြတယ်၊ မာန်မာနလဲ မရှိကြ၊ လျှပ်ပေါ်လော်မာမှုလဲ မရှိကြ၊ (တည်ကြည်လေးနက်ကြတယ်၊) နှုတ်ထွက်လဲ မကြမ်းကြ၊ တောင်စဉ်ရေမရ(ပရမ်းပတာ)စကားမျိုးကိုလဲ မပြောဆိုကြ၊ ဣန္ဒြေစောင့်စည်းမှုလဲ ရှိကြတယ်၊ စားရာမှာလဲ အတိုင်းအရှည် (ပမာဏ)ကို သိနားလည်ကြတယ်၊ နိုးကြားထကြွမှုလဲ ရှိကြတယ်၊ ရဟန်းအဖြစ်မှာလဲ ငဲ့ကွက်မှုရှိကြတယ်၊ အကျင့်(သိက္ခာ)မှာလဲ ထက်မြက်လေးစားမှု ရှိကြတယ်၊ ပစ္စည်းလေးပါး ပေါများအောင်လဲ မကျင့်ကြ၊ ပေါ့လျော့မှုလဲ မရှိကြ၊ အောက်ကို ဆွဲဆောင်သွားမယ့် နိဝရဏတရားတွေကိုလဲ ရှေ့တန်းမတင်ကြ၊ ဆိတ်ငြိမ်မှု(ဝိဝေက)မှာ ရှေ့သွားခေါင်းဆောင် ဖြစ်ကြတယ်၊ အားထုတ်လုံ့လ ဝီရိယ ရှိကြတယ်၊ နိဗ္ဗာန်ကို စိတ်ဝင်စားနေကြတယ်၊ တည်တံ့တဲ့သတိလဲ ရှိကြတယ်၊ ဆင်ခြင်ဉာဏ်လဲရှိကြတယ်၊ တည်ကြည်ကြတယ်၊ စိတ်တည်ငြိမ်

ကြတယ်၊ ပညာရှိကြတယ်၊ သွားရည်တမျှားမျှားလဲ မဖြစ်ကြ၊ (ပစ္စည်းမက်မောမှု မရှိကြ။)

သာရိပုတ္တရာ ! ဒီလိုသဘောရှိတဲ့ရဟန်းမျိုးတွေကို သင်က ပြောဆိုစမ်းပါ၊ သီတင်းသုံးဖော်တွေကို မသူတော်တရားမှ ထစေပြီး သူတော်ကောင်းတရားမှာ တည်စေမယ်ဆိုတဲ့ စိတ်စေတနာမျိုးနဲ့ သီတင်းသုံးဖော်တွေကို ဆုံးမရမယ်၊ သွန်သင်ရမယ်၊ သာရိပုတ္တရာ ! သင်က ဒီလိုပဲကျင့်ရမယ်"။ အံ-ပါ-၃၊ ၁၇၅။

သဒ္ဓါပဗ္ဗဇိတ၏ ရည်မှန်းချက်

သဒ္ဓါပဗ္ဗဇိတဖြစ်သူ၏ ဦးတည်ရည်မှန်းချက်မှာ ပဋိသန္ဓေတည်နေရမှု,အိုရမှု,နာရမှု, သေရမှုစသော ဒုက္ခတို့၏ ကင်းရာငြိမ်းရာ အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်သာ ဖြစ်သည်၊ ထို့ကြောင့် သဒ္ဓါပဗ္ဗဇိတဖြစ်သူ အမျိုးကောင်းသားများသည် မိမိတို့၏ ကာယကံမှု, ဝစီကံမှုတို့ကို အစွမ်းကုန် သန့်ရှင်းစင်ကြယ်စေသည့်အပြင် မနောကံမှုပါ စင်ကြယ်လာအောင် ကမ္မဋ္ဌာန်းတစ်ခုခုကို စွဲစွဲမြဲမြဲ အားထုတ်သင့်ပါသည်။

ဆောင်။ ။ယုံကြည်သဒ္ဓါ, သာသနာသို့, ဝင်လာသူများ, ရည်မှန်းထား, ထင်ရှား နိဗ္ဗာန်ဓာတ်။

ဘုရားရှင်သည် ကောသလတိုင်း နဋ္ဌပါနကရွာမှာ သီတင်းသုံးနေတော်မူသည်၊ တစ်နေ့မှာ ရဟန်းများခြံရံလျက် လဟာပြင်မှာ ထိုင်နေတော်မူသည်။.

"ရဟန်းတို့ !ဘယ့်နယ်လဲ၊ ငါဘုရားကိုရည်စူးပြီး ယုံကြည်မှု(သဒ္ဓါတရား)နဲ့ ရဟန်းပြုလာကြတဲ့ အမျိုးကောင်းသားတွေဟာ သာသနာတော်မှာ မွေ့လျော်ကြရဲ့လား?။"

ဘုရားရှင်က မေးတော်မူသည့်အခါမှာ မည်သည့်ရဟန်းကမျှ ဖြေဆိုလျှောက်ထားမှုကို မပြုကြပါ၊ ဘုရားရှင်က သုံးကြိမ်တိုင်အောင် ထပ်ကာထပ်ကာ မေးပါသော်လည်း ဟိုရဟန်းက ဖြေနိုးနိုး, ဒီရဟန်းက ဖြေနိုးနိုးဖြင့် တိုးတိုးတိတ်တိတ် ဆိတ်ဆိတ်သာ နေကြသည်။

"ဒီအမျိုးကောင်းသားတွေကို ငါဘုရားက ဓမ္မဓိဋ္ဌာန်အနေနဲ့ မမေးဘဲ ပုဂ္ဂလ ဓိဋ္ဌာန်အနေနဲ့ (တိုက်ရိုက်) မေးဦးမှပဲ"။

ဤသို့ ကြံစည်စဉ်းစားတော်မူပြီး ဘုရားရှင်က ရှင်အနုရုဒ္ဓါကို မေးတော်မူပါတော့သည်။

"အနုရုဒ္ဓါ ! ဘယ့်နယ်လဲ၊ သင်တို့တစ်တွေဟာ သာသနာတော်မှာ မွေ့လျော်ကြရဲ့လား?"။

"တပည့်တော်တို့တစ်တွေဟာ သာသနာတော်မှာ တကယ်ပဲ မွေ့လျော်ကြပါတယ် ရှင်တော်မြတ်ဘုရား"။

"အနုရဒ္ဓါ ! ကောင်းပေစွ၊ ကောင်းပေစွ၊ ယုံကြည်မှု(သဒ္ဓါတရား)နဲ့ ရဟန်းပြုလာကြတဲ့ သင်တို့ အမျိုးကောင်းသားတွေရဲ့ သာသနာတော်မှာ မွေ့လျော်တာဟာ သင့်တော်လှပါပေတယ်၊ အနုရဒ္ဓါ ! သင်တို့လို အရွယ်ကောင်းလေးတွေ, နုပျိုငယ်ရွယ်သူတွေ, ဆံပင်တွေနက်ပြောင်ပြီး ပထမအရွယ်မျှသာ ရှိသေးသူတွေဟာ ကာမဂုဏ်တွေကို ခံစားသင့်တာပါပဲ၊ ဒါပေမဲ့ သင်တို့တစ်တွေဟာ ဒီလို အရွယ်ကောင်းတုန်းမှာပဲ လူ့စည်းစိမ်တွေကို စွန့်ပစ်ထားခဲ့ကြပြီး ရဟန်းပြုလာကြပေတယ်။

သင်တို့ဟာ မင်းနှိပ်စက်ပို့ဆောင်လို့ ရဟန်းပြုလာကြတာ မဟုတ်ဘူး၊ ခိုးသား-ဓားပြ နှိပ်စက်ပို့ဆောင်လို့ ရဟန်းပြုလာကြတာလဲ မဟုတ်ဘူး၊ ကြွေးမြီနှိပ်စက်လို့ ရဟန်းပြုလာကြရတာလဲ မဟုတ်ဘူး၊ ဘေးရန်နှိပ်စက်လို့ ရဟန်းပြုလာကြရတာလဲ မဟုတ်ဘူး၊ အသက်မွေးကြပ်လို့ ရဟန်းပြုလာကြ ရတာလဲ မဟုတ်ဘူး။

အမှန်ကတော့- ငါဟာ ပဋိသန္ဓေနေရခြင်း,အိုရခြင်း,သေရခြင်း,ပူဆွေးရခြင်း, ငိုကြွေးရခြင်း,ကိုယ်ဆင်းရဲရခြင်း,စိတ်ဆင်းရဲရခြင်း,ပြင်းစွာပင်ပန်းရခြင်းတွေထဲမှာပဲ နစ်မြုပ်နေရတယ်၊ ဒုက္ခတွင်းမှာ နစ်မြုပ်နေရတယ်၊ ဒုက္ခရဲ့ ညှဉ်းပန်း နှိပ်စက်မှုကို ခံနေရတယ်၊ ချမ်းသာဆိုလို့ ဘာမျှမရှိတဲ့ (ဘာတစ်ခုမျှ ရှာမရတဲ့) ဒီဆင်းရဲထုကြီးကို ဖျက်ဆီးနိုင်တန်ရာရဲ့၊ ဒီဆင်းရဲထုကြီး ကုန်ဆုံး နိုင်တန်ရာရဲ့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ သင်တို့တစ်တွေဟာ ရဟန်းပြုလာကြတာ မဟုတ်လား"။

"မှန်လှပါ၊ ဟုတ်ပါတယ် ရှင်တော်မြတ်ဘုရား"။

အနုရဒ္ဓါ၏ စကားအဆုံးမှာပင် ဘုရားရှင်က သဒ္ဓါပဗ္ဗဇိတရဟန်းသည် အဘိဇ္ဈာ ဗျာပါဒ စသောတရားဆိုးတို့၏နှိပ်စက်ခံရမှုမှ လွတ်ကင်းရန် အနည်းဆုံး ပထမစျာန်, ဒုတိယစျာန်လောက်ရအောင် အားထုတ်ထားသင့်ကြောင်းကိုလည်း ဆက်လက်၍ မိန့်တော်မူပြန်သည်။ မ၌ပဏ္ဏ-ပါ၊၁၂၅။ ၄-၁၂၄။ ဋီ-၈၁။

ဤသည်ကိုပင် အထောက်အထားပြု၍ ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကိုလည်း ထုတ်ပြပါဦးမည်။

၄၃၅။" ငတ်မွတ်ဝမ်းရေး,မြီကြွေးနောင့်ယှက်,မင်းနှိပ်စက်၍,အသက်လွတ်ရုံ ရဟန်းပုံတွင်, ခိုလှုံသည်သာ, မဟုတ်စွာသား, သဒ္ဓါပဗ္ဗဇိ, ဖြစ်ဘိသော့လျောက်, မဖောက်ဝမ်းတွင်, မနောစင်၏၊ ကိုယ်လျှင်ဝတ်ခြုံ, ဝမ်းဝရုံမှ, တစ်စုံဝယ်ရာ, ဘယ်ဥစ္စာကို, တဏှာလောလုပ်, မှုမရှင်ဘဲ, ရှင်လုပ်ဖြောင့်တန်း, ကမ္မဋ္ဌာန်းနှင့်, စီးဖြန်းယှဉ်မှီ, ရှင်ယောဂီတို့"။ မဃ-၃၃၈။

သို့ဖြစ်သည်အား‌လျော်စွာ သာသနာ့ကျက်သရေဆောင်များ ဖြစ်ကြသည့် ရဟန်းသာမဏေများက နေ့ဘက်မှာ ပရိယတ်, ညဘက်မှာ ပဋိပတ်ကို မပြတ်မလပ် ကြိုးစားအားထုတ်သင့်ပါသည်၊ ယင်းသို့ကြိုးစားအားထုတ်ကြသည်နှင့်အမျှ သာသနာ့ကျက်သရေလည်း ရွှန်းဝေတိုးတက်လာရမည်သာ ဖြစ်ပါသည်။

ရဟန်း ဂုဏ်ထူး

ယခုခေတ်၌ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ထမ်းဆောင်ကြရာဝယ် ရဟန်းသာမဏေဟူသော အဓိကဝန်ဆောင်အုပ်စုကတစ်မျိုး, ဒါယကာဒါယိကာမဟူသော အထောက်အကူပြု ဝန်ဆောင်အုပ်စုကတစ်မျိုး၊ ဤသို့ အုပ်စုနှစ်မျိုး ရှိနေပါသည်၊ ယင်းအုပ်စုနှစ်မျိုးတို့သည် တစ်စုနှင့်တစ်စု ကင်းကွာ၍ မရစကောင်းပါ၊ အချင်းချင်း အပြန်အလှန် မှီခိုနေကြရပါသည်၊ ကိုယ့်တာဝန်ကို ကိုယ်ထမ်းဆောင်နေကြရသည်။

ယင်းသို့ ရဟန်းနှင့်လူ လက်တွဲမဖြုတ်ဘဲ ထမ်းဆောင်လာကြသည့်အတွက် ယနေ့တိုင်အောင် သာသနာတော် ထင်ရှားနေပါသည်၊ မြန်မာနိုင်ငံအတွင်းမှာ ထွန်းလင်းတောက်ပြောင်နေပါသည်၊ တစ်ဖက်ဖက်မှ လက်တွဲဖြုတ်လိုက်လျှင်ကား သာသနာတော်၏ အခြေအနေ မည်သို့ဖြစ်လာမည်ကို မတွေးရဲလောက်အောင် ဖြစ်နေပါတော့သည်။

ရဟန်းနှင့်လူ-မကွာကင်းဘဲ, ညီညာယိုင်းပင်း-လက်တွဲကာ၊
ရဟန်းကျမ်းဂန်-လမ်းမှန်ကျင့်လို့, လူပစ္စည်းဖြင့်-ချီးပင့်ကာ၊
တာဝန်ကိုယ်စီ-ထမ်းလာကြလို့, ခုတိုင်ထွန်းပ-သာသနာ၊
နောင်လည်း ထို့တူ-ဦးပဲ့ထမ်းလျှင်, ရောင်ဝါမနွမ်း-တည်နေမှာ။

ဤ၌ ဆိုဖွယ်ရှိသည်ကို ဆက်လက်ပြဆိုပါဦးမည်၊-ရဟန်းသာမဏေတို့သည် ဆိုခဲ့ပြီးသည့်အတိုင်း ပရိယတ်, ပဋိပတ်တာဝန်ကို အဓိကအားဖြင့် ထမ်းဆောင်နေကြရသည်၊ သူတို့မှာ ပရိယတ်,ပဋိပတ်မှတစ်ပါး အခြားလုပ်ငန်းတစ်စုံတစ်ရာ မရှိပါချေ၊ အခြားလုပ်ငန်းကို ကျွမ်းကျင်တတ်မြောက်စေကာမူ ဘုရားရှင်က ရဟန်းသာမဏေများအား ကိုယ်တိုင်လုပ်ကိုင်စားသောက်ရန် ခွင့်မပြုခဲ့ချေ၊ သို့ဖြစ်၍ ပစ္စည်းလေးပါး(စား,ဝတ်,နေရေး,ဆေးပစ္စည်း)အတွက် ဒါယကာဒါယိကာမတို့ကို မှီခိုနေကြရပေသည်၊ ဒါယကာ ဒါယိကာမတို့ထံမှ အပ်စပ်သောနည်းဖြင့် ခံယူစားသုံးနေကြရပေသည်။

ဒါယကာဒါယိကာမတို့မှကား မိမိတို့၏ စားရေးဝတ်ရေး နေထိုင်ရေးနှင့် ကျန်းမာရေးအတွက်လည်း ရှာရဖွေရ လုပ်ကိုင်နေကြရသည်၊ ရဟန်းသာမဏေများ ပရိယတ်တာဝန်, ပဋိပတ်တာဝန်ကို ထမ်းဆောင်နိုင်အောင် အထောက်အကူလည်း ပြုနေကြရသည်၊ မိမိတို့စွမ်းအားအလျောက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းမှုတာဝန် ကိုလည်း ယူနေကြရသည်။

သို့ဖြင့်-သူတို့သည် အချိန်ရှိသမျှ ပစ္စည်းဥစ္စာ ရှာဖွေနေကြရသည်၊ ပရိယတ်ကို လေ့လာခွင့် မရကြတော့ချေ၊ ပရိယတ်ကို နားမလည်လျှင် ပဋိပတ်ကျင့်စဉ်မှန်ကိုလည်း

နားလည်နိုင်စရာ မရှိတော့ချေ၊ ပရိယတ်, ပဋိပတ်အတွက် ရဟန်းသာမဏေတို့ကို လုံးဝ မှီခိုနေကြရပေသည်၊ ရဟန်းသာမဏေတို့ ဟောပြောပြသပေးသည့်အတိုင်း လိုက်နာ ကျင့်သုံးနေကြရပေသည်။

ယင်းသို့ တာဝန်ကိုယ်စီထမ်းဆောင်ကြရာ၌ ဒါယကာဒါယိကာမများက မှီခို ဆည်းကပ် ကိုးကွယ်မှုမမှားရန် အထူးသတိပြုသင့်ပါသည်။

၁၄၁။ “ လူ့.ရွာကျင်လည်, လူတို့သည်မူ, ဝတ်ထည်နီမြန်း, ကြာသက်ိန်းနှင့်, ရဟန်း
တို့ကို, ကြည်ညိုလန်းရွှင်, ချစ်ခင်လေငြား, ဆိုစကားကို, မှတ်သားယူနာ,
ကျင့်တတ်စွာ၏ ”။ နာ-၁၅၇။

ဤသို့ ရှေးဆရာကျော်များ မိန့်ဆိုထားသည့်အတိုင်း လွယ်လွယ်ကူကူ မနာယူ မကျင့်သုံး သင့်ပါ၊ အစစ်ရှိက အတုလည်း ရှိနေတတ်သည်၊ ဤသည်မှာ လောကသဘာဝပင်ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့ မှီခိုဆည်းကပ် ကိုးကွယ်ရမည့် ရဟန်းသာမဏေများသည် သဒ္ဓါ ပဗ္ဗဇိတ ဟုတ်သလား၊ မဟုတ်ဘူးလား၊ ပရိယတ်ပဋိပတ်နှင့် ပြည့်စုံသလား၊ မပြည့်စုံ ဘူးလား၊ ရဟန်းဂုဏ်ထူးနှင့် အထိုက်အလျောက် ပြည့်စုံရဲ့.လား၊ မပြည့်စုံဘူးလား စသည်ဖြင့် ကျနသေချာစွာ စိစစ်ပြီးမှ မှီခိုဆည်းကပ် ကိုးကွယ်သင့်ပါသည်။

ယင်းသို့ ဝေဖန်စိစစ်ရန်မှာလည်း လွယ်ကူလှသည် မဟုတ်ပါ၊ မိမိတို့ကိုယ်တိုင် အထိုက်အလျောက် အသိဉာဏ်ရှိရမည်၊ သတိထားရမည်၊ သဒ္ဓါစစ်သဒ္ဓါမှန် ရှိရမည်၊ သို့မှသာ အစစ်အမှန်ကို ရွေးချယ်မှီခို ဆည်းကပ်ကိုးကွယ်နိုင်စရာ ရှိပါသည်၊ ယင်းသို့ အစစ်အမှန်ကို မှီခိုဆည်းကပ် ကိုးကွယ်ရမှသာ မိမိအတွက်လည်းအကျိုးများ သာသ နာတော်အတွက်လည်း အကျိုးများပါလိမ့်မည်။

အထိုက်အလျောက် အသိဉာဏ်နှင့် သတိပညာ မပြည့်ကြွယ်ပါက အမှားကို ဆည်းကပ်ကိုးကွယ်မိတတ်ပါသည်၊ ယင်းသို့ အလွဲအမှားကို မှီခိုဆည်းကပ် ကိုးကွယ် မိပါက မိမိကိုယ်တိုင်လည်း ဒုက္ခရောက်ရသည့်အပြင် သာသနာတော်လည်း ထွန်းလင်း တောက်ပနိုင်စရာ မရှိတော့ပါ။

သည်ကိုရည်၍ ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကိုလည်း ဆက်လက်လေ့လာ မှတ်သားသင့်ပါသည်။

၅၄၈။ “ခပင်းထိုမျှ, လူ့.လောကဌ်,အန္ဓပုထုဇဉ်, ဉာဏ်မယှဉ်ကား, အစဉ်မှားလေ့,
ထင်သရွေ့.ဖြင့်, လျော့မှေ့သတိ, မရှိပညာ, သဒ္ဓါနည်းပါး, အမိုက်အားဖြင့်,
တရားမတည့်, မကျည်မခိုင်, ယိမ်းယိုင်စောင်းငဲ့, အယူယွဲ့၏၊ ဂုဏ်မဲ့တက္ကတွန်း,
ရဟန်းအလဓိ, ကျင့်ဒုဿီနှင့်, မညီတရား, သူတို့အားလည်း, ဘုရား ရဟန္တာ,

အရိယာဟု, မိစ္ဆာစွဲငြို, မှိဝဲမိက, အသိကျင့်ဆျတ်, သုနက္ခတ်သို့, မမြတ်အောက်လျှိုး, ဂတိဆိုး၍, မြန်းညှိုးမယော်ဘိမူကား"။ မဃ-၄၁၃။

ယင်းသို့ ဒါယကာဒါယိကာမများဘက်က မှန်မှန်ကန်ကန် ရွေးချယ်စိစစ်လျက် အလွဲအမှားကို ရှောင်ခွာ၍ အစစ်အမှန်ကို မှီခိုကိုးကွယ် ဆည်းကပ်ကြမှသာ သာသနာ့တာဝန်ကို ကူညီထမ်းဆောင်ရာ ရောက်ပါလိမ့်မည်၊ သာသနာတော် သန့်ရှင်းအောင် ကူညီရာ ရောက်ပါလိမ့်မည်။

ရဟန်းသာမဏေများဘက်ကလည်း အမှုမဲ့အမှတ်မဲ့ မနေသင့်ပါ၊ ငါဟာ သဒ္ဓါပဗ္ဗဇိတ ဟုတ်သလား၊ မဟုတ်ဘူးလား၊ ငါ့မှာ ပရိယတ်နှင့်ပဋိပတ် ပြည့်စုံရဲ့လား၊ မပြည့်စုံသေးဘူးလား၊ ရဟန်းဂုဏ်တွေ အထိုက်အလျောက် ပြည့်စုံရဲ့လား၊ မပြည့်စုံသေးဘူးလား စသည်ဖြင့် ကိုယ့်ကို ကိုယ်စစ်ဆေးကြည့်ရှုသင့်သည်၊ လိုနေမှု, ဟာနေမှု ရှိနေပါက မိမိအတွက်လည်း အကျိုးများ မိမိကို မှီခိုဆည်းကပ် ကိုးကွယ်နေ ကြသော ဒါယကာဒါယိကာမတွေလည်း အကျိုးများအောင် ပြုပြင်ဖြည့်စွက်သင့်ပါသည်၊ ယင်းသို့ ပြုပြင်ဖြည့်စွက်လိုက်ရုံမျှဖြင့်ပင် သာသနာတော်သန့်ရှင်းလာအောင် တစ်တပ်တစ်အား အနေဖြင့် ကူညီမြှင့်တင်ပြီး ဖြစ်လာပါလိမ့်မည်။

ရောဟိနီ

ဝေသာလီမြို့၌ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ပုဏ္ဏား တစ်ယောက် ရှိသည်၊ ထိုပုဏ္ဏားမှာ ရောဟိနီမည်သော သမီးကလေးတစ်ယောက် ရှိနေသည်၊ ယင်းအမျိုးသမီး ကလေးသည် နီဗွာန်ရောက်ကြောင်း ကောင်းမှုကုသိုလ်များကို ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာမှာ ဆည်းပူးလာခဲ့သူ ဖြစ်သည်၊ ယင်းအမျိုးသမီးကလေး အရွယ်ရောက်လာချိန်မှာ ဘုရားရှင် ဝေသာလီမြို့ကို ကြွရောက်လာခဲ့သည်၊ ဘုရားရှင်၏ တရားကို ကြားနာရသည့် အခါမှာ အမျိုးသမီးကလေးက သောတာပန်ဖြစ်လာခဲ့သည်။

ရောဟိနီသည် ရဟန်းတော်များကို ကြည်ညိုလှသည့်အတွက် အိပ်ခါနီးမှာလည်း ရဟန်းရဟန်း၊ အိပ်ရာကနိုးလာသည့်အခါမှာလည်း ရဟန်းရဟန်း၊ ရဟန်းသံချင်း ထပ်နေအောင် ရဟန်းတော်တို့၏ ဂုဏ်ကျေးဇူးကိုသာ ပြောနေတတ်ပါသည်၊ သမီးဖြစ်သူ၏စကားကို ကြားရဖန်များလာသည့်အခါ အဖေဖြစ်သူက မမေးဘဲ မနေနိုင်တော့ပါ။

"သမီးရယ် ! သမီးက အိပ်ခါနီးမှာလဲ ရဟန်းရဟန်းဆိုတဲ့စကားကို ပြောပြီးမှ အိပ်တယ်၊ နိုးလာတဲ့အခါမှာလဲပဲ ရဟန်းရဟန်းဆိုတဲ့စကားကို ပြောပြီး နိုးလာတယ်၊ သမီးက ရဟန်းတွေရဲ့ ဂုဏ်ကျေးဇူးတွေကိုချည်း ချီးမွမ်းပြောဆိုနေတာကို ထောက်တော့ လူ့ဘဝနဲ့နေပေမယ့် စိုက်ကတော့ ရဟန်းမပဲ ဖြစ်နေပုံရတယ်။

သမီးက ရဟန်းတွေကို ထမင်းဆိုရင်လဲ အများကြီးပေးနေတာပဲ၊ အဖျော်ဆိုရင်လဲ အများကြီးပေးနေတာပဲ၊ သမီးကို အဖေက မေးချင်တယ်၊ ဘာကြောင့်

သမီးက ရဟန်းတွေကို ချစ်ခင်မြတ်နိုးနေရသလဲ?။

ဒီရဟန်းတွေဆိုတာဟာ အလုပ်လဲ မလုပ်ချင်ကြဘူး၊ အင်မတန် ပျင်းကြတယ်၊ သူများရဲ့ ပေးစာကမ်းစာနဲ့ပဲ အသက်ရှင်နေကြရတယ်၊ သူများဆီကပဲ အဝတ်အစားတွေကို မျှော်လင့်နေကြတာပဲ၊ ပြီးတော့ အစားဆိုရင်လဲ အကောင်းကိုမှ လိုချင်ကြတယ်၊ ဘာ့ကြောင့် သမီးက (ဒီလို)ရဟန်းမျိုးတွေကို ချစ်ခင် မြတ်နိုးနေရသလဲ?"။

ရဟန်းတော်များ၏ ဂုဏ်ကျေးဇူးကို မသိနားမလည်သည့်အတွက် အဖေဖြစ်သူက မိမိကြုံစည်စိတ်ကူးထားသမျှ အပြစ်တွေကို အန်ထုတ်ကာ သမီးဖြစ်သူအား မေးပါတော့သည်။

အဖေ့စကားကို ကြားရသောအခါ ရောဟိနီက "အရှင်မြတ်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို အခုမှ ပြောခွင့်ရတော့တာပဲ"ဟူသော အတွေးဖြင့် အလွန်နှစ်သက်ကျေနပ်သွားသည်၊ သူ့အဖေ ပြောဆိုသမျှ အပြစ်တွေကို ဖြေရှင်းပြီး ရဟန်းတော်များ၏ ဂုဏ်တွေကို တသီတတန်းကြီး ဖွင့်ဖော်ပြောပြပါတော့သည်။

"အဖေရယ် ! အချိန်ကြာမှ ရဟန်းတော်တွေရဲ့အပေါ်မှာ သမီးက ချစ်ခင်နေရတာကို မေးပါဘိတယ်၊ အဲဒီရဟန်းတော်တွေရဲ့ ပညာ, သီလ, လုံ့လဝီရိယကို အဖေ့အား ပြောပြပါတော့မယ်၊ ရဟန်းတွေဟာ ဝတ်ကြီးဝတ်ငယ်စတဲ့ ရဟန်းအလုပ်ကို လုပ်ချင်ကြပါတယ်၊ မပျင်းကြပါဘူး၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အလုပ်တွေကို လုပ်နေကြပါတယ်၊ တပ်မက်မှု(ရာဂ)ကိုရော စိတ်ဆိုးမှု (ဒေါသ)ကိုရော စွန့်ပယ်ထားကြပါတယ်၊ ဒါ့ကြောင့် သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲ"။

[ဤသို့စကားတစ်ရပ်ဆုံးတိုင်းဆုံးတိုင်း ရဟန်းသာမဏေများက "ဒီဂုဏ်ထူးတွေ ငါတို့သန္တာန်မှာ ရှိရဲ့လား"ဟု စစ်ဆေးကြည့်ရှုတော်မူကြပါ၊ မရှိသေးက ရှိလာအောင် ကြိုးစားတော်မူကြပါ၊ ဒါယကာဒါယိကာမများကလည်း "ငါတို့မှီခိုဆည်းကပ် ကိုးကွယ်နေကြတဲ့ရဟန်းသာမဏေတွေဟာ ဒီဂုဏ်ထူးတွေနဲ့ ပြည့်စုံကြရဲ့လား"ဟု နှိုင်းချိန်စဉ်းစားပါ၊ လိုနေတာကို တွေ့ရပါက ဖြည့်စွက်ပြုပြင်နိုင်အောင် ရှိသေလေးစားစွာ လျှောက်ထားကြပါ၊ ယင်းသို့ ကြိုးစားပြုပြင်ကြပါလျှင် သာသနာတော် ညစ်နွမ်းနိုင်စရာ မရှိနိုင်တော့ပါ။]

"အဖေရယ် ! ရဟန်းတော်တွေဟာ (လောဘ,ဒေါသ,မောဟဆိုတဲ့) မကောင်းမှုရဲ့ မြစ်ရင်းသုံးခုကိုလဲ နုတ်ပယ်ထားကြပါတယ်၊ စင်ကြယ်တဲ့ (အပြစ်မရှိတဲ့) အလုပ်ကိုသာ လုပ်တတ်ကြပါတယ်၊ သူတို့တစ်တွေဟာ မကောင်းမှု အကုန်လုံးကိုလဲ ပယ်ထားပြီး ဖြစ်ကြပါတယ်၊ ဒါ့ကြောင့်မို့လဲ သမီးက ရဟန်းတော်တွေကို

ချစ်ခင်နေရတာပါပဲ"။

"အဖေရယ် ! ဒီရဟန်းတော်တွေရဲ့ ကိုယ်အမှုလဲစင်ကြယ်ပါတယ်၊ နှုတ်အမှုလဲ စင်ကြယ်ပါတယ်၊ စိတ်အမှုလဲ စင်ကြယ်ပါတယ်၊ ဒါ့ကြောင့်မို့လဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲ"။

"အဖေရယ် ! ရဟန်းတော်တွေဟာ ပွတ်တိုက်ထားတဲ့ ခရုသင်းလို, သွေးပြီး ခါစ ပုလဲလို (ရောဂစတဲ့)အညစ်အကြေး ကင်းကြပါတယ်၊ သူတို့ရဲ့ အတွင်း အလိုဆန္ဒလဲ စင်ကြယ်ပါတယ်၊ အပြင်အပအား‌ထုတ်မှုလဲ စင်ကြယ်ပါတယ်၊ သူတို့တစ်တွေဟာ တကယ့်တကယ် ဖြူစင်သန့်ရှင်း အပြစ်ကင်းတဲ့ တရားတွေနဲ့ ပြည့်စုံနေကြပါတယ်၊ ဒါကြောင့်မို့လဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရ တာပါပဲ"။

"အဖေရယ် ! ရဟန်းတော်တွေဟာ အကြားအမြင်လဲများကြပါတယ်၊ ပရိယတ်, ပဋိဝေဓတရားတွေကိုလဲ ဆောင်ကြပါတယ်၊ လူများအား အကျင့်ကောင်းတွေကိုလဲ သင်ပေးတတ်ကြပါတယ်၊ တရားအားလျော်တဲ့ အကျင့်နဲ့လဲ အသက်မွေးကြပါတယ်၊ အနက်(အဓိပ္ပာယ်)ကိုရော, ပါဠိကိုရော ဟောပြောတတ်ကြပါတယ်၊ စိတ်လဲတည် ကြည်ကြပါတယ်၊ သတိလဲကောင်းကြပါတယ်၊ (အပွမာဒတရားနဲ့လဲ ပြည့်စုံ ကြပါတယ်၊) ဒါကြောင့်မို့လဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရ တာပါပဲ"။

"ရဟန်းတော်တွေဟာ ဝေးတဲ့အရပ်ကိုလဲ ကြွသွားတတ်ကြပါတယ်၊ သတိလဲ ရှိကြပါတယ်၊ ဉာဏ်နဲ့ချင့်ချိန်ပြီးမှ စကားပြောတတ်ကြပါတယ်။ ပျံ့လွင့်မှုလဲ မရှိကြပါဘူး၊ နိဗ္ဗာန်ကိုလဲ သိမြင်ထားကြပါတယ်၊ ဒါ့ကြောင့်မို့လဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲအဖေရယ်"။

"ရဟန်းတော်တွေဟာ သူတို့ ထွက်ခွာကြွလာကြတဲ့ ရွာထဲမှာ ရှိနေတဲ့ ဘာကိုပဲ ဖြစ်ဖြစ် စောင်းငဲ့လို့တောင် မကြည့်ကြတော့ပါဘူး၊ ငဲ့ကွက် တယ်တာမှ လုံးဝမရှိကြပဲ ထွက်ခွာကြွသွားပါတော့တယ်၊ ဒါကြောင့်လဲပဲ သမီးက ရဟန်းတော် တွေကို ချစ်ခင်နေရတာပါပဲ အဖေရယ်"။

"ရဟန်းတော်တွေဆိုတာဟာ သူတို့ရဲ့ ပစ္စည်းဥစ္စာကို ဂိုဒေါင်ထဲမှာလဲ သိမ်းမ ထားကြပါဘူး၊ အိုးထဲမှာလဲ သိမ်းမထားကြပါဘူး၊ တောင်းထဲမှာလဲ သိမ်းမထား ကြပါဘူး၊ ကျက်ပြီးသား အစာကိုပဲ ရှာနေတတ်ကြပါတယ်၊ ဒါ့ကြောင့်လဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲ အဖေရယ်"။

"ရဟန်းတော်တွေဟာ ပိုက်ဆံကြေးငွေတွေကိုလဲ အလှူမခံကြပါဘူး၊ ရွှေကိုလဲ အလှူမခံကြပါဘူး၊ ငွေကိုလဲ အလှူမခံကြပါဘူး၊ လောလောဆယ်ရှိနေတဲ့ ပစ္စည်း

နဲ့ပဲ မျှတနေကြပါတယ်၊ ဒါ့ကြောင့်လဲပဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲ အဖေရယ်"။

"ရဟန်းတော်တွေဟာ အမျိုးအနွယ်လဲမတူကြပါဘူး၊ ဇာတိ-နေရပ်ချင်းလဲမတူကြပါဘူး၊ ဒါပေမဲ့ အချင်းချင်း ခင်ခင်မင်မင် နေထိုင်ကြပါတယ်၊ ဒါ့ကြောင့်လဲပဲ သမီးက ရဟန်းတော်တွေကို ချစ်ခင်နေရတာပါပဲအဖေရယ်"။

သမီးကလေးထံမှ ရဟန်းတော်များ၏ ဂုဏ်ကျေးဇူးကို ကြားရသည့်အခါ ပုဏ္ဏားမှာ သဒ္ဓါကြည်ညိုစိတ် ဖြစ်ပေါ်လာခဲ့သည်၊ သူသည် သမီးကလေးကိုလည်း ချီးကျူး ဂုဏ်တင် တိုးရှပင် ချစ်ခင်လာပါတော့သည်။

ထို့နောက် ရောဟိနီက အဖေအမေတို့အား သာသနာ့စိတ်ဓာတ် ပြည့်ဝလာအောင် သာသနာတော်ကို ကြည်ညိုလာအောင် တရားစကားပြောကြားပြီး အဖေအမေတို့ထံမှာ ခွင့်တောင်းလျက် ဘိက္ခုနီ လုပ်သွားသည်၊ မကြာမီမှာပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်သွားပါတော့သည်။ ထေရီ-၄၊ ၂၂၂။

ထို့ပြင် စူဠသုဘဒ္ဒါပြောပြသော ရဟန်းတော်များ၏ ဂုဏ်ကိုလည်း ဆက်လက် ပြဆိုပါဦးမည်။

စူဠသုဘဒ္ဒါ အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါကို ဥဂ္ဂမြို့နေ ဥဂ္ဂသူဌေး၏ သားနှင့် ထိမ်းမြားလက်ထပ်ပေးကြသည်၊ ဥဂ္ဂ သူဌေးသည် မိစ္ဆာအယူရှိသူ ဖြစ်သည်၊ အစေလက (အဝတ် မဝတ်သော) တိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်နေသူ ဖြစ်သည်။

စူဠသုဘဒ္ဒါလည်း ဥဂ္ဂမြို့ ယောကျ္ခမအိမ်ကို လိုက်ပါသွားရသည်၊ ယောကျ္ခမဖြစ်သူ ဥဂ္ဂသူဌေးက မင်္ဂလာနေ့စသည်တို့၌ အစေလက တိတ္ထိတို့အား ပူဇော်သက္ကာရ ပြုလုပ်နေသည်။

"သမီးရေ! ဒီကိုလာပါဦး၊ အဖေတို့ရဲ့ရဟန်းတွေကို ရှိခိုးလှည့်ပါဦး"။

ယောကျ္ခမဖြစ်သူက အခေါ်ခိုင်းပါသော်လည်း အဝတ်မပါ ဗလာကျင်းနေသော တိတ္ထိတို့နှင့် တွေ့ရမည်ကို ရှက်လှသည့်အတွက် စူဠသုဘဒ္ဒါက လာခြင်းငှါ အလိုမရှိ ပါပေ၊ ဥဂ္ဂသူဌေးလည်း ထပ်ကာထပ်ကာသာ အခေါ်ခိုင်းနေသည်၊ စူဠသုဘဒ္ဒါက အကြိမ်ကြိမ် ငြင်းပယ်သည့်အခါ စိတ်ဆိုးအမျက်ထွက်လာသည်၊ သို့တစေ-ဆွေကြီး,မျိုးကြီး အမျိုးသမီး တစ်ဦး ဖြစ်နေသည့်အတွက် မိမိ၏ဒေါသကို မျိုသိပ်ထိန်းချုပ်ကာသာ နေရပါတော့သည်၊ မတတ်သာသည့်အဆုံးမှာ သူဌေးကတော်ကို တိုင်တန်းပြောဆို ပြန်သည်။

"ဒီကလေးမက ဒို့ရဟန်းတွေကို အရှက်မရှိတဲ့သူတွေပဲဆိုပြီး ရှိမခိုးလိုဘူးကွဲ့"။

ယင်းစကားကို ကြားရသည့်အခါ သူဌေးကတော်က စူဠသုဘဒ္ဒါကို အခေါ်ခိုင်းလိုက်သည်။

"သမီးရယ် ! သမီးရဲ့ရဟန်းတွေဟာ ဘယ်လိုသဘောရှိသလဲ?၊ သမီးကတော့ သူတို့ကို သိပ်ချီးမွမ်းနေတာပဲ၊ သူတို့တစ်တွေဟာ ဘယ်လိုသီလရှိကြတယ်၊ ဘယ်လိုအကျင့် ရှိကြတယ်ဆိုတာကို အမေ့အား တစ်ဆိတ်လောက် ပြောပြစမ်းပါဦး"။

စူဠသုဘဒ္ဒါ အနားကိုရောက်လာသည့်အခါမှာ သူဌေးကတော်က ဆီးမေးပါတော့သည်၊ စူဠသုဘဒ္ဒါကလည်း ဘုရားရှင်နှင့် တပည့်သာဝကတို့၏ဂုဏ်ကို မိမိ သိရှိနားလည် ထားသလောက် သူဌေးကတော်အား ထုတ်ဖော်ပြောပြရပါတော့သည်။

"အမေရယ် ! သူတို့တစ်တွေဟာ ငြိမ်သက်တဲ့ ဣန္ဒြေလဲ ရှိကြပါတယ်၊ ငြိမ်သက်တဲ့စိတ်လဲ ရှိကြပါတယ်၊ သူတို့ရဲ့ သွားပုံလာပုံကလဲ အင်မတန်ညင်သာပါတယ်၊ ရပ်တာလဲ ငြိမ်သက်လှပါတယ်၊ မျက်လွှာကလေးတွေ ချပြီး သွားလာကြနေထိုင်ကြပါတယ်၊ နှိုင်းနှိုင်းချိန်ချိန် ပြောဆိုတတ်ကြပါတယ်၊ သမီးရဲ့ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ်"။

"သူတို့ရဲ့ ကိုယ်အမှုလဲ စင်ကြယ်ပါတယ်၊ နှုတ်အမှုလဲ စင်ကြယ်ပါတယ်၊ စိတ်အမှု(စိတ်အကြံ)လဲ စင်ကြယ်ပါတယ်၊ သမီးရဲ့ရဟန်းတွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်"။

"သူတို့တစ်တွေဟာ အညစ်အကြေး ကင်းကြတယ်၊ ပွတ်တိုက်ဆေးကြော ထားတဲ့ ခရုသင်း, သွေးထားတဲ့ ပုလဲလုံးကလေးတွေနဲ့ တူကြပါတယ်၊ အတွင်းရော အပြင်ရော စင်ကြယ်ကြပါတယ်၊ စင်ကြယ်တဲ့ တရားတွေနဲ့လဲ ပြည့်စုံကြပါတယ်၊ သမီးရဲ့ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်"။

"လောကလူသားတွေဆိုရင် လာဘ်ရတဲ့ အခါမှာ ထောင်လွှားတက်ကြွ (စိတ်ကြီးဝင်) နေတတ်ကြပါတယ်၊ လာဘ်မရတဲ့ အခါမှာ အောက်ကျညှိုးမှိန်စိုးရိမ်ပူပန်နေကြပါတယ်၊ ရဟန်းတော်တွေကတော့ လာဘ်မရတဲ့ အခါမှာရော, လာဘ်ရတဲ့ အခါမှာရော ထူးခြားမှု မရှိကြပါဘူး၊ တည်တံ့တဲ့သဘော ရှိကြပါတယ်၊ သမီးရဲ့ ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်"။

"လောကလူသားတွေဟာ အခြံအရံများတဲ့အခါမှာ ထောင်လွှားတက်ကြွ (ဘဝင်မြင့်)နေတတ်ကြပါတယ်၊ အခြံအရံမရှိတဲ့အခါကျတော့ အောက်ကျညှိုးမှိန်စိုးရိမ်ပူပန်နေတတ်ကြပါတယ်၊ ရဟန်းတော်တွေကတော့ အခြံအရံများတဲ့ အခါမှာရော, အခြံအရံနည်းတဲ့ အခါမှာရော ခြားနားမှု မရှိကြပါဘူး၊ တည်ငြိမ်တဲ့

သဘော ရှိနေကြပါတယ်၊ သမီးရဲ့ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်”။

“လောကလူသားတွေဆိုရင် ချီးမွမ်းခံရတဲ့အခါမှာ ထောင်လွှားတက်ကြွ (မာန အလံထူ) နေတတ်ကြပါတယ်၊ အကဲ့ရဲ့ခံရတဲ့ အခါကျတော့ အောက်ကျ ညှိုးမှိန် စိုးရိမ်ပူပန်(စိတ်ဓာတ်ကျဆင်း) နေတတ်ကြပါတယ်၊ ရဟန်းတော်တွေကတော့ ချီးမွမ်းခံရတဲ့အခါမှာရော ကဲ့ရဲ့ခံရတဲ့အခါမှာရော ဘာတစ်ခုမျှ ထူးခြားကွဲပြားမှု မရှိကြပါဘူး၊ တည်တံ့တဲ့သဘော (မဖောက်ပြန်တဲ့သဘော) ရှိနေကြပါတယ်၊ သမီးရဲ့ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်”။

“လောကလူသားတွေဆိုရင် ချမ်းသာတဲ့ အခါမှာ စိတ်ဓာတ်တက်ကြွလာတတ်ကြပါတယ်၊ ဆင်းရဲဒုက္ခရောက်တဲ့အခါမှာတော့ စိတ်ဓာတ်ကျဆင်း လာတတ်ကြပါတယ်၊ ရဟန်းတော်တွေကတော့ ချမ်းသာတဲ့ အခါမှာရော ဆင်းရဲတဲ့ အခါမှာရော မူမပျက်ကြပါဘူး၊ သမီးရဲ့ရဟန်းတော်တွေဟာ ဒီလိုသဘော ရှိနေကြပါတယ် အမေရယ်”။

စူဠသုဘဒ္ဒါက မိမိ သိရှိနားလည်ထားသော ရဟန်းတော်များ၏ ဂုဏ်တစ်စိတ်တစ်ဒေသကို အားရဝမ်းသာပြောပြီး ရပ်နားလိုက်ပါသည်။

“အမေတို့လဲတွေ့ရအောင် သမီးရဲ့ရဟန်းတွေကို ပင့်ဆောင်ပေးစမ်းပါဦး”။

စူဠသုဘဒ္ဒါ၏ စကားအဆုံးမှာပင် သူငြေးကတော်က တောင်းပန် ပြောကြားလာပါတော့သည်။

စူဠသုဘဒ္ဒါ၏ ပင့်လျှောက်ချက်ကို လက်ခံသောအားဖြင့် ဘုရားရှင်က ရဟန္တာ ငါးရာနှင့်အတူ ကြွလာတော်မူသည်။

ဥဂ္ဂသူငြေးလည်း ကျက်သရေမျိုးစုံ လွှမ်းခြုံကြွရောက်လာသော ဘုရားရှင်ကို ဖူးမြင်ရသည့်အခါမှာ ကြည်ညိုသဒ္ဓါ ဖြစ်ပွားလာသည်၊ ထပ်ဖန်တလဲလဲ ပင့်ဖိတ်လျှောက်ထားပြီး ခုနစ်ရက်လုံးလုံး အလှူကြီး ပေးလှူသည်၊ ဘုရားရှင်၏ တရားတော်ကို ကြားနာရသည့်အခါမှာ ဥဂ္ဂသူငြေး သောတာပန် ဖြစ်သွားပါတော့သည်။ ခံ-ဌ-၃၊၂၉၀။

“ယခုခေတ်မှာလည်း “ရောဟိနီနှင့် စူဠသုဘဒ္ဒါ”တို့ကဲ့သို့ ရဟန်းသာမဏေတို့၏ အကြောင်းကို ကောင်းကောင်းနားလည်၍ သာသနာသွေး,သာသနာစိတ်ဓာတ် ပြည့်ဝသော သာသနာပြုအမျိုးသမီး သူရဲကောင်းတွေ အများအပြား ပေါထွက်လာပါစေ”ဟု မျှော်လင့်တောင့်တလျက်သာ နေရပါတော့သည်။

အမျိုးသမီးများကလည်း ချက်ရေး, ပြုတ်ရေး, အိမ်ထောင်ရေး, သာရေး, နာရေး,နိုင်ငံရေးစသော လူမှုကိစ္စမျှဖြင့်သာ တင်းတိမ်အားရ မနေကြဘဲ သာသနာ့ကိစ္စ

သာသနာရေးကိုလည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းအားထုတ်စေလိုပါသည်၊ ယင်းသို့ ကြိုးပမ်းအားထုတ်ရာ၌ ဘာသာရေးဗဟုသုတ ကြွယ်ဝလာအောင် သင့်တော်သော ဘာသာရေးစာပေတို့ကို များများဖတ်၍ သင့်တော်သော ဆရာသမားကို ဆည်းကပ် လျှောက်ထားသင့်ပေသည်။

ရည်မှန်းချက် ပန်းတိုင်

သတ္တဝါတို့မည်သည် သံသရာရေစီးကြောင်းမှာ ကျင်လည်မျောပါနေရသူများ ဖြစ်သည်၊ ထိုသို့ ကျင်လည်မျောပါရင်း မိမိတို့ပြုလုပ်ထားသော ကံအားလျော်စွာ ဘဝ အမျိုးမျိုးကို ရရှိတတ်ကြပေသည်၊ ရံခါ သေးငယ်သောဘဝကို ရရှိ၍, ရံခါ ကြီးကျယ်သော ဘဝကို ရရှိတတ်ကြသည်၊ ရံခါ ယုတ်နိမ့်သော ဘဝကို ရရှိ၍, ရံခါ မြင့်မြတ်သော ဘဝကို ရရှိတတ်ကြသည်၊ ရံခါ ကာလချိန်တာ မရှည်ကြာသော ဘဝကို ရရှိ၍, ရံခါ ကာလချိန်တာ ရှည်မြင့်ကြာသောဘဝကို ရရှိတတ်ကြသည်၊ ရံခါ ဆင်းရဲသော ဘဝကို ရရှိ၍, ရံခါ ချမ်းသာသောဘဝကို ရရှိတတ်ကြသည်၊ သံသရာရေစီးကြောင်းမှာ မျောပါနေရသူများကား ဤနည်းနှင်နှင်ချည်းသာ ဖြစ်ကြပါတော့သည်။

ယင်းသို့ နိမ့်မြင့်ဆူကြွဲ ဘဝမျိုးစုံ ရှိနေကြစေကာမူ ကောင်းကောင်းဆိုးဆိုး မည်သည့်ဘဝမျိုးကိုမျှ ဘုရားရှင်က မြတ်နိုးချီးမွမ်းတော်မမူပါ၊ “ဘဝဟူသမျှ ဆင်းရဲအတိ ဖြစ်သည်”ဟုသာ ကဲ့ရဲ့ရှုတ်ချတော်မူပါသည်၊ အဓိကအားဖြင့် ဘဝကင်းပြတ်ရန်သာ လမ်းညွှန်တော်မူပါသည်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူပါသည်၊ ထိုအချိန်မှာပင် ရဟန်းတော်အများစုက မိမိတို့လက်ရှိ ကျင့်နေ, အားထုတ်နေသောတရား, ရရှိထားသောတရားထူးမျှဖြင့် နှစ်သက်ကျေနပ်နေကြသည်၊ တင်းတိမ်အားရ နေကြသည်၊ ရှေ့ကို ဆက်လက်၍ အားမထုတ်တော့ဘဲ မေ့လျော့ပေါ့ဆ နေထိုင်ကြသည်။

> “ငါတို့က အကျင့်သီလ ပြည့်စုံကြတယ်၊ ငါတို့က ဓုတင်ဆောင်ကြတယ်၊ ငါတို့က စာပေပရိယတ် ကျွမ်းကျင်တတ်မြောက်ကြတယ်၊ ငါတို့က ဆိတ်ငြိမ်တဲ့ တောရကျောင်းမှာ နေကြတယ်၊ ငါတို့က စျာန်ရထားသူတွေ ဖြစ်ကြတယ်၊ ငါတို့အတွက် အရဟတ္တဖိုလ်ဟာ မခဲယဉ်းတော့ပါဘူး၊ အလိုရှိတဲ့အချိန်မှာ ရနိုင်ပါလိမ့်မယ်”။

ရဟန်းတော်အချို့က ဤသို့ စိတ်ကူးကြံစည်နေကြသည်၊ ထင်မြင်ယူဆနေကြသည်။

> “အခုအနေမှာ ငါတို့အတွက် အရဟတ္တဖိုလ်ဟာ မခဲယဉ်းတော့ပါဘူး၊ လက်တစ်လှမ်းမှာပဲ ရှိနေတော့တယ်”။

အနာဂါမိဖိုလ်ထိ ရရှိထားသော ရဟန်းတော်အချို့က ဤသို့ ကြံစည်စဉ်းစားနေကြသည်၊ ထင်မြင်ယူဆနေကြသည်။

တစ်နေ့မှာ ယင်းရဟန်းတော်များအကုန်လုံးပင် ဘုရားရှင် ထံတော်မှောက်သို့ ချဉ်းကပ်ရောက်လာကြသည်၊ ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးလျက် သင့်လျော်ရာကထိုင်နေကြသည်။

"ရဟန်းတို့ ! သင်တို့ရဲ့ ရဟန်းကိစ္စဟာ အထွတ်အထိပ်သို့ ရောက်ပြီလား?၊ (သင်တို့တစ်တွေဟာ အရဟတ္တဖိုလ်ကို ရရှိထားကြပြီလား?"။)

ဘုရားရှင်က မေးတော်မူသည့်အခါမှာ ရဟန်းတော်များက မိမိတို့၏ ထင်မြင်ယူဆချက်နှင့် စိတ်ထဲက ကြံစည်မိပုံတို့ကို မထိမ်မချန် အမှန်အတိုင်း လျှောက်ထားကြသည်။

"ဘိက္ခုတို့ ! ရဟန်းမည်သည် သီလစင်ကြယ်ရုံ စသည်မျှနဲ့ပဲဖြစ်ဖြစ်, အနာဂါမိ ဖိုလ်ချမ်းသာကို ရရုံမျှနဲ့ပဲဖြစ်ဖြစ် ငါတို့ရဲ့ ဘဝဆင်းရဲဟာ နည်းသွားပြီလို့ မဆိုသင့်ဘူး၊ အမှန်မှာ အရဟတ္တဖိုလ်ကိုမရောက်ဘဲ ငါချမ်းသာလှပေတယ်လို့ စိတ်တောင်မှ မကူးသင့်သေးဘူး"။

ရဟန်းများ၏ စကားအဆုံးမှာ ဘုရားရှင်က ဩဝါဒစကား မိန့်ကြားတော်မူပြီး တရားစကား ဆက်လက် မိန့်ကြားတော်မူပြန်သည်။

နံ သီလဗ္ဗတမတ္တေန , ဗာဟုသစ္စေန ဝါ ပန၊
အထဝါ သမာဓိလာဘေန , ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မသုခံ , အပုထုဇ္ဇနသေဝိတံ၊
ဘိက္ခု ဝိဿာသမာပါဒိ , အပ္ပတ္တော အာသဝက္ခယံ။

ရဟန်းပိပိ-သီလမြတ်နှင့် , ဓုတင်ကျင့်ဝတ်-မချွတ်စေ၊
သုတပြည့်စုံ-ဈာန်ကုန်ရလို့ , ဆိတ်ငြိမ်ဌာန-ကြွကာနေ၊
အနာဂါမ်စစ်-ဖြစ်ပါစေ , ကျနကျင့်နေ-ဤမျှလောက်ဖြင့်၊
မဖြစ်သေးပါ-ရဟန္တာ , တိုးကာ မကျင့်-မနေသင့်။

ရဟန်းဟူသည် ရဟန္တာ မဖြစ်သေးဘဲ စတုပါရိသုဒ္ဓိသီလ ပြည့်စုံရုံမျှ , ဓုတင်အကျင့်တွေကို ကျင့်သုံးရုံမျှ, ပိဋကတ်သုံးပုံကို သင်ယူတတ်ကျွမ်းရုံမျှ , သမာပတ်ရှစ်ပါး (လောကီဈာန်ကိုးပါး)ကို ရရှိထားရုံမျှ, ဆိတ်ငြိမ်ရာဌာနမှာ နေရုံမျှ, ပုထုဇဉ်တို့၏ အရာမဟုတ်သော (သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်) အနာဂါမိဖိုလ်ချမ်းသာကို ခံစားရရုံမျှဖြင့် ယုံကြည်အားထားခြင်းသို့ မရောက်သင့်၊ ဆက်လက်အားမထုတ်ဘဲ မေ့လျော့ပေါ့ဆစွာ မနေသင့်။

မစင်မည်သည် နည်းပင်နည်းစေကာမူ အနှံ့ဆိုးဝါးသည်သာ ဖြစ်သကဲ့သို့ ဘဝမည်သည် နည်းပင်နည်းစေကာမူ ဆင်းရဲလှသည်သာ ဖြစ်သောကြောင့် "ရဟန်းမည်သည် သီလစသည် ပြည့်စုံရုံမျှဖြင့် ငါ့ဘဝဟာ နည်းသွားပြီ၊ တိုသွားပြီ"ဟု အရဟတ္တဖိုလ်ကို မရပါဘဲ(ရဟန္တာမဖြစ်ပါဘဲ) ယုံကြည်အားထားခြင်းသို့ မရောက်သင့်ဟု ဆိုလိုသည်။ မံ-၄-၂၊ ၂၅၂။

ရဟန်းတို့ ! အနည်းငယ်မျှသော ကျင်ကြီး, (ကျင်ငယ်,တံတွေး, နှပ်,ပြည်, သွေး)သည် မကောင်းသောအနံ့ ရှိသကဲ့သို့ ထို့အတူ အနည်းငယ်မျှသော ဘဝကို သော်မှ ချီးမွမ်းတော်မမူပေ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တစ်တီးမျှ ကြာတဲ့ ဘဝကိုသော်မှ ငါဘုရားက ချီးမွမ်းတော်မမူပေ"။ အံ-ပါ-၁၊ ၃၆။

ဤသို့လည်း ဘုရားရှင်က ဟောထားတော်မူပါသေး၏သည်၊ ထို့ပြင် ဤသုတ်၏ နောက်ခံကားသဖွယ်ဖြစ်သော သဉ္ဇပါဒိသေသသုတ်(အံ-ပါ-၃၊ ၁၈၄၊)ကိုလည်း ဆက်လက် လေ့လာကြည့်ရှုသင့်ပါသေး၏သည်။

ဤသို့လျှင် ဘုရားရှင်သည် ထိုထိုဘဝ၌ ခဏတစ်ဖြုတ်မျှ သတ္တဝါတို့၏ ပဋိသန္ဓေနေရခြင်းကိုပင် အလိုရှိတော်မမူပါ၊ ဘဝကင်းပြတ်မှုကိုသာ အလိုရှိတော်မူပါသည်၊ သို့ဖြစ်သည်အား လျော်စွာ ရှေးဆရာများကလည်း အောက်ပါစကားရပ်များကို မိန့်ဆိုထားခဲ့ကြပေသည်။

၂၃။ "မဟေသိနော်, ဘဝဂ်ကျော်၍, ဂုဏ်တော်ကိုးပါး, အံ့ဘွယ်များလျက်,ဘုရား
ရတနာ,မြတ်လှစွာသား, သစ္စာလေးမည်, ရောင်ခြည်ထွန်းလှဲ့,ကိုယ်ဟန်ပလင်း, ပြောင်ပြောင်ဝင်းမျှ,သတင်းအပေါင်း, ကျေးဇူးကောင်းတိ, တစ်သောင်းလောကဓာတ်, လှုနတ်ဗြဟ္မာ, သတ္တဝါကို, ပြည်သာနိဗ္ဗာန်, ခရီးညွှန်လျက်, သုံးတန်ဘုံကြီး, ရှေ့ကဆီးလည်း, လမ်းသီးထုတ်ချင်း, စိုးပိုင်နင်း၍, သေမင်းမျှော်ကာ, မဖြစ်သာသား, ခေမာသုခ, အမတသို့, ရောက်ရကုန်စေ, ပို့တတ်ပေသည်, မြို့တေတမွတ်,သုံးလှူ့နတ်"။ ဂါထာ-၁၃။

၂၄။ "သုံးပါးဘူမိ, ဆင်းရဲရှိလျက်,မထိစေငှါ,ကိုယ့်ကိုတာမူ,တဏှာကုန်ခန်း, နိဗ္ဗာန်
ကျွန်းသို့, စွန်းစွန်းရောက်မှု, မင်္ဂလေးခုနှင့်, စတုဖလ, ရစိမ့်သောကြောင်း, ကောင်းသားဆန္ဒ, ဥဿာဟဖြင့်, နိစ္စမပျင်း, ကြိုးကုန်မင်း"။ ဘူ-ပေါင်း၊ ၅၂။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာလည်း ' နိဗ္ဗာန် ' တည်းဟူသော သမုဒ္ဒရာသာ ဖြစ်သင့်ပါသည်၊ သို့ဖြစ်သည်အားလျော်စွာ နိဗ္ဗာန်သို့ရောက်နိုင့်သောသူမျိုး, မရောက်နိုင်သောသူမျိုးတို့ကိုလည်း ခွဲခြားနားလည်ထားရန် လိုလာပြန်သည်။

သစ်တုံးအသွင် ရဟန်းရှင်

အပြစ်ရှစ်မျိုးမှကင်းလွတ်သော သစ်တုံးသည် သမုဒ္ဒရာသို့ ဝင်ရောက်နိုင်သကဲ့သို့ အပြစ်ရှစ်မျိုးမှ ကင်းလွတ်သော ရဟန်းသည်လည်း 'နိဗ္ဗာန်'တည်းဟူသော သမုဒ္ဒရာသို့ ဝင်ရောက်နိုင်ပေသည်။

အပြစ်ရှစ်မျိုးအနက် တစ်မျိုးမျိုးရှိနေသော သစ်တုံးမူကား သမုဒ္ဒရာသို့ မဝင်ရောက်နိုင်တော့သကဲ့သို့ ထို့အတူ အပြစ်ရှစ်မျိုးအနက် တစ်မျိုးမျိုးရှိနေသော ရဟန်းသည်လည်း 'နိဗ္ဗာန်'တည်းဟူသော သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

သို့ဖြစ်၍ သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများသည် ဘုရားရှင်က မိန့်မှာ ညွှန်ကြားထားခဲ့သော အပြစ်ရှစ်မျိုးအနက် တစ်စုံတစ်ခုသောအပြစ်မျှ မိမိတို့သန္တာန်သို့ ဝင်ရောက်မလာရအောင် ကြိုးစားစောင့်ထိန်းသင့်ပါသည်၊ သို့စောင့်ထိန်းမှသာ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်)" ဟူသော မိမိတို့၏ ရည်မှန်းချက်နှင့် ညီညွတ်ပါလိမ့်မည်။

သာသနာတော်၏ အပြင်အပဝန်ဆောင်များ ဖြစ်ကြသည့် ဒါယကာဒါယိကာမများကလည်း မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာအပြစ်များ မိမိတို့သန္တာန်သို့ မဝင်ရောက်အောင် စောင့်ထိန်းနိုင်သည့်အပြင် အပြစ်ရှိနေသောရဟန်း, အပြစ်ကင်းလွတ်သောရဟန်းတို့ကိုလည်း ခွဲခြားသိမြင်နိုင်ပါလိမ့်မည်၊ ယင်းသို့ ကွဲကွဲပြားပြား နားလည်ထားမှသာ အထောက်အကူသဘောဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ရာ၌ နည်းမှန်လမ်းမှန် ထမ်းဆောင်နိုင်ကြပါလိမ့်မည်၊ ရဟန်းတော်များ အပြစ်ကင်းအောင်လည်း ကူညီနိုင်ကြပါလိမ့်မည်။

ဘုရားရှင်သည် ကောသမ္မီပြို့ ဂင်္ဂါမြစ်ကမ်းနား ခင်းထားသော ဘုရားနေရာမှာ ထိုင်နေတော်မူသည်၊ ထိုစဉ် ဂင်္ဂါမြစ်ရေစီးကြောင်းမှာ မျောပါလာသော သစ်တုံးကြီးတစ်တုံးကို မြင်တော်မူသည်။

ယင်းသစ်တုံးသည် လေးထောင့်ရွေချော၍ တောင်ကြားမှာ လူတို့ထားပစ်ခဲ့သော သစ်တုံးဖြစ်သည်၊ လေ, နေပူကြောင့် ကောင်းစွာသွေခြောက်နေသည်၊ မိုးဥတုရောက်၍ မိုးရွာလာသည့်အခါမှာ ရေဖြင့်မျောပါလာခဲ့သည်၊ ထိုသို့ မျောပါလာရင်း ဂင်္ဂါမြစ်ထဲသို့ ရောက်လာခဲ့သည်။

"ဒီသစ်တုံးကို ဥပမာပြုလုပ်ပြီး ငါဘုရားရဲ့သာသနာမှာ ယုံကြည်မှု (သဒ္ဓါတရား)နဲ့ ရဟန်းပြုလာတဲ့ အမျိုးကောင်းသားကို ပြရတော့မယ်"။

---

* သံ-ပါ-၂၊ ၃၈၆။ ဋ္ဌ-၃၊ ၇၄။

ထိုခဏမှာ ဖြစ်ပေါ်လာသော အကြံအာဲလျော်စွာ ဘုရားရှင်က သစ်တုံးကြီးကို ညွှန်ပြလျက် ရဟန်းတို့ကို မေးတော်မူသည်။

"ရဟန်းတို့ ! ဂင်္ဂါမြစ်ရေစီးကြောင်းမှာ မျောပါလာတဲ့ ဟို-သစ်တုံးကြီးကို သင်တို့ မြင်ကြရဲ့လား"။

"မြင်ကြပါတယ် ရှင်တော်မြတ်ဘုရား"။

"ရဟန်းတို့ ! အဲဒီသစ်တုံးကြီးဟာ တကယ်လို့သာ ဒီဘက်ကမ်းကိုလဲ မကပ်ဘူး၊ ဟိုဘက်ကမ်းကိုလဲမကပ်ဘူး၊ မြစ်လယ်မှာလဲ နစ်မသွားဘူး၊ သောင်လဲ မတင်ဘူး၊ လူတွေလဲ ဆယ်မယူဘူး၊ နတ်တွေလဲ ဆယ်မယူဘူး၊ ဝဲလဲ မစုပ်ဘူး၊ အတွင်းဆွေးလဲ ဆွေးမသွားဘူး-ဆိုရင် သမုဒ္ဒရာသို့ ရောက်သွားပေလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဂင်္ဂါမြစ်ရေဟာ သမုဒ္ဒရာသို့ စီးဝင်နေတဲ့အတွက် ကြောင့်ပဲ ဖြစ်တယ်"။

ရဟန်းတို့ ထို့အတူ သင်တို့လဲပဲ အကယ်၍သာ ဒီဘက်ကမ်းကိုလဲ မကပ်ဘူး၊ ဟိုဘက်ကမ်းကိုလဲ မကပ်ဘူး၊ အလယ်မှာလဲ နစ်မသွားဘူး၊ သောင်လဲ မတင်ဘူး၊ လူတွေကလဲ ဖမ်းမယူဘူး၊ နတ်တွေကလဲ ဖမ်းမယူဘူး၊ ဝဲလဲ မစုပ်ဘူး၊ အတွင်းဆွေးလဲ ဆွေးမသွားဘူးဆိုရင် နိဗ္ဗာန်ကို ဝင်ရောက်ကြပေလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ အမြင်မှန်မှု(သမ္မာဒိဋ္ဌိ)ဆိုတာဟာ နိဗ္ဗာန်ကို စီးဝင်နေတဲ့ အတွက် (နိဗ္ဗာန်သို့ ဦးလှည့်နေတဲ့အတွက်)ကြောင့်ပဲ ဖြစ်တယ်"။

ဘုရားရှင်က "ဒီပရိသတ်မှာ စကားစပ်ကို နားလည်နေတဲ့ ရဟန်းတစ်ပါး ပါရှိနေသည်၊ အဲဒီရဟန်းက ငါဘုရားကို လျှောက်ထားလာလိမ့်မည်"ဟူသော ရည်ရွယ်ချက်ဖြင့် တရားတော်ကို ရပ်နားထားလိုက်သည်၊ ထိုစဉ် ယင်းရဟန်းကပင် ဘုရားရှင်ကို လျှောက်ထားလာပါတော့သည်။

၁။ "ဒီဘက်ကမ်းဆိုတာ ဘာပါလဲဘုရား?၊
၂။ ဟိုဘက်ကမ်းဆိုတာ ဘာပါလဲဘုရား?၊
၃။ အလယ်မှာ နစ်သွားတယ်ဆိုတာ ဘာပါလဲဘုရား?၊
၄။ သောင်တင်တယ်ဆိုတာ ဘာပါလဲဘုရား?၊
၅။ လူတွေက ဖမ်းယူထားတယ်ဆိုတာ ဘာပါလဲဘုရား?၊
၆။ နတ်တွေက ဖမ်းယူထားတယ်ဆိုတာ ဘာပါလဲဘုရား?၊
၇။ ဝဲစုပ်တယ်ဆိုတာ ဘာပါလဲဘုရား?၊
၈။ အတွင်းဆွေး ဆွေးသွားတယ်ဆိုတာကော ဘာပါလဲဘုရား?"။

၁။ "ရဟန်း ! ဒီဘက်ကမ်းဆိုတာဟာ 'စက္ခု,သောတ,ဃာန,ဇိဝှါ, ကာယ, မန'ဆိုတဲ့ အတွင်းအာယတနခြောက်ပါးဖြစ်တယ်၊

၂။ ဟိဘက်ကမ်းဆိုတာက 'ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ'ဆိုတဲ့ အပြင်အာယတန ခြောက်ပါးဖြစ်တယ်၊

၃။ အလယ်မှာ နစ်သွားတယ်ဆိုတာက နှစ်သက်တပ်စွဲမှု(နန္ဒီရာဂ)ဖြစ်တယ်၊

၄။ သောင်တင်တယ်ဆိုတာက ထောင်လွှားတက်ကြွ 'ဧါ' ဆိုတဲ့မာန်(မာန)ပဲဖြစ်သတယ်၊

၅။ ပြီးတော့ ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ လူတွေနဲ့ အရောတဝင်နေတယ်၊ နှစ်သက်ဝမ်းသာစရာရှိရင်လဲ အတူတူပဲ၊ စိုးရိမ်စရာ,စိတ်ညစ်စရာရှိရင်လဲ အတူတူပဲ၊ လူတွေက ချမ်းသာရင်သူလဲ ချမ်းသာတယ်၊ လူတွေက ဆင်းရဲရင် သူလဲ ဆင်းရဲတယ်၊ လုပ်စရာကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာ ရင်လဲ ကိုယ်တိုင်ကိုယ်ကြပ် ဒီကိစ္စမှာ ပါဝင်ကြိုးစားနေတယ်၊ ဒီလို လူတွေနဲ့ အေးအတူ ပူအမျှ အရောတဝင် နေထိုင်တာကိုပဲ 'လူတွေက ဖမ်းယူထားတယ်'လို့ ဆိုတယ်။

၆။ ပြီးတော့ ဒီသာသနာတော်မှာ ရဟန်းတစ်ပါးက 'ဧါဟာ ဒီသီလ, ဒီကျင့်ဝတ်, ဒီခြိုးခြံမှု, ဒီမြင့်မြတ်တဲ့ အကျင့်တွေကြောင့် ထင်ရှားတဲ့နတ်ပဲဖြစ်ဖြစ်, မထင်ရှားတဲ့ နတ်ပဲဖြစ်ဖြစ် နတ်တစ်မျိုးမျိုးတော့ ဖြစ်ရလိမ့်မယ်'လို့ နတ်ဘဝတစ်မျိုးမျိုးကို မျှော်လင့်တောင့်တပြီး ရဟန်းကျင့်ဝတ်ကို ကျင့်နေတတ်တယ်၊ အဲဒီလို နတ်ဘဝကို တောင့်တတာကိုပဲ 'နတ်တွေက ဖမ်းယူထားတယ်'လို့ ဆိုတယ်။

၇။ ဝဲစုပ်တယ်ဆိုတာက ကာမဂုဏ်ဧါးပါးပဲ ဖြစ်တယ်။

၈။ ပြီးတော့ ဒီသာသနာတော်မှာ အချို့အချို့သော ပုဂ္ဂိုလ်တွေဟာ သီလကလဲ မရှိဘူး၊ သဘောထားကလဲ ယုတ်မာတယ်၊ ကိုယ်မှု, နှုတ်မှုကလဲ မစင်ကြယ်ဘူး၊ တစ်ဖက်သားတွေ ယုံမှားတွေးထင်စရာ အကျင့်မျိုးတွေ ရှိနေတယ်၊ မိမိကိုယ်တိုင်က ယုံမှားတွေးထင်စရာအကျင့်မျိုးလဲရှိနေတယ်၊ ဖုံးကွယ်ထားရမယ့် အလုပ် ရှိနေတယ်၊ ရဟန်းမဟုတ်တော့ဘဲ 'ရဟန်း'လို့ မဟုတ်မတရားဝန်ခံနေတယ်၊ ရဟန်းကျင့်ဝတ်ကို မကျင့်ဘဲနဲ့ 'ကျင့်နေတယ်'လို့ မဟုတ်မမှန် ဝန်ခံနေတယ်၊ အတွင်းမှာ သီလစတဲ့ ဂုဏ်တွေကလဲ ပုပ်ဆွေးနေတယ်၊ ရာဂနဲ့ စိုစွတ်နေတယ်၊ (ရာဂအစေးနဲ့ စေးကပ် စိုထိုင်း နေတယ်၊) သာသနာတော်မှာ အမှိုက်သရိုက်သဖွယ် ဖြစ်နေတယ်၊ ဒီလို သီလပျက်စီးနေတာကိုပဲ 'အတွင်းဆွေးဆွေးတယ်' လို့ ဆိုတယ်"။

ထိုအချိန်မှာ နန္ဒနွားကျောင်းသားသည် ဘုရားရှင်နှင့် မနီးမဝေးမှာ ရပ်နေသည်၊ တရားဆုံးသွားသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်ကို လက်အုပ်ချီမိုး လျှောက်ထား ပါတော့သည်။

"ရှင်တော်မြတ်ဘုရား! တပည့်တော်က ဟိဘက်ကမ်းကိုလဲ မကပ်ပါ၊ ဒီဘက်ကမ်းကိုလဲ မကပ်ပါ၊ အလယ်မှာလဲ မနစ်စေရပါ၊ သောင်လဲ မတင်စေရပါ၊ လူတွေရဲ့ဆယ်ယူမှုကိုလဲ မခံပါ၊ နတ်တွေရဲ့ ဆယ်ယူမှုကိုလဲ မခံပါ၊ ဝဲစုပ်လဲ

မခံပါ၊ အတွင်းဆွေးလဲ မဆွေးစေရပါ၊ ဘုရားတပည့်တော်က ရှင်တော်ဘုရားထံမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါတယ်"။

"နန္ဒ ! ဒီလိုဆိုရင် သင်က နွားတွေကို နွားရှင်တို့ထံ ပြန်အပ်ပေတော့"။

"ရှင်တော်မြတ်ဘုရား ! နွားမတွေဟာ နွားကလေးတွေကို အင်မတန် ခင်တွယ်ကြပါတယ်၊ သူတို့အလိုအလျောက်ပဲ ပြန်သွားကြပါလိမ့်မယ်"။

"နန္ဒ ! သင်က နွားတွေကို နွားရှင်တို့ထံ အပ်မှာသာ သွားအပ်စမ်းပါဦး"။

နန္ဒနွားကျောင်းသားက ဘုရားရှင်၏ အမိန့်အာဏာကို လိုက်နာလျက် နွားတွေကို နွားရှင်တို့ထံ ပြန်အပ်ထားခဲ့သည်၊ ထို့နောက် ဘုရားရှင်ထံ ပြန်လာခဲ့သည်၊ နွားများကို အပ်ထားခဲ့ပြီးဖြစ်ကြောင်း, ရဟန်းပြုပေးပါမည့်အကြောင်း လျှောက်ထားသည်၊ သို့ဖြင့် နန္ဒနွားကျောင်းသားသည် ဘုရားရှင်ထံမှာ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရသည်၊ ဝန်ခံချက်အတိုင်း လိုက်နာအားထုတ်သည့်အတွက် ရဟန်းဖြစ်၍ မကြာမီမှာပင် အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားပါသည်။

အကျဉ်း မှတ်ဖွယ်

"ရဟန်းတစ်ပါးဟာ အဇ္ဈတ္တိကာယတနခြောက်ပါး, ဗာဟိရာယတနခြောက်ပါးကို ဝိပဿနာ ရှုနေမယ်၊ နှစ်သက်စွဲလမ်းမှု ကင်းမယ်၊ မာန်မာနလဲ ကင်းမယ်၊ လူတွေနဲ့ ရောနှောမှုလဲ ကင်းမယ်၊ မည်သည့်ဘဝကိုမျှ မတောင့်တဘဲ ရဟန်းကျင့်ဝတ်ကို ကျင့်နေမယ်၊ ကာမဂုဏ်ငါးပါးကို စွန့်ပယ်ထားမယ်၊ သီလကလဲ စင်ကြယ်မယ်ဆိုရင် နိဗ္ဗာန်ကို ဝင်ရောက်ရလိမ့်မယ်"ဟု ဆိုလိုပေသည်။

ဆောင်။ ။အဇ္ဈတ်-ဗာဟိ, ရှာဘိဝိပသ်,ကင်းလွတ်နှစ်သက်, မာန်မတက်ဘဲ, ရောယှက်ကင်းကွာ, ဘဝါဘဝ, မတောင့်တနှင့်, ကာမစွန့်ပယ်, စင်ကြယ်သီလ, ပြည့်စုံက, ဝင်ရနိဗ္ဗာန် မျက်မှောက်တည်း။

ရှင်းလင်း ချက်

"ငါ့မျက်လုံးကလေးဟာ အင်မတန် ကြည်လင်တယ်၊ သိပ်သေးငယ်တဲ့ အရာဝတ္ထုကိုတောင်မှ မြင်နိုင်တယ်"ဟု မိမိ၏မျက်လုံးကို သာယာသောသူသည် "စက္ခု"ဟူသော ဤမှာဘက်ကမ်းကို ကပ်ရောက်သည်မည်၏။

"ငါဟာ မျက်စိရောဂါဖြစ်နေတယ်၊ ငါ့မျက်လုံးဟာ နှစ်သက်ကျေနပ်စရာ မရှိတော့ဘူး၊ သိပ်ကြီးတာတွေကိုတောင်မှ မမြင်နိုင်တော့ဘူး"စသည်ဖြင့် နှလုံးမသာမယာဖြစ်သူသည်လည်း "စက္ခု"ဟူသော ဤမှာဘက်ကမ်းကို ကပ်ရောက်သူပင် မည်သည်။

"ငါ့စက္ခုဟာမမြဘူး အနိစ္စ၊ ဆင်းရဲတယ် ဒုက္ခ၊ အလိုသို့မလိုက်ပါ အနတ္တ" ဤသို့ ရှုသောပုဂ္ဂိုလ်မူကား "စက္ခု"ဟူသော ဤမှာဘက်ကမ်းကို ကပ်ရောက်သည် မမည်ပါ။

သောတ,ဃာန,ဇိဝှါ,ကာယတို့၌လည်း ဆိုခဲ့ပြီ.သည့်အတိုင်း ထိုက်သည် အားလျော်စွာ ရှုမှတ်သင့်ပါသည်။

မနာယတန၌မူကား "ငါ့စိတ်ကလေးဟာ သိပ်ကျေနပ်စရာကောင်းတာပဲ၊ အမှား ဆိုလို့ နည်းနည်းကလေးမှ မတွေးခေါ် မစဉ်းစားဘူး၊ မှန်တာကိုချည်း တွေးခေါ် စဉ်းစားတတ်တယ်"ဟုဖြစ်စေ,"ငါ့စိတ်နဲ့ ကြံလိုက်သမျှ မရတာရယ်လို့ မရှိတော့ပါဘူး" ဟုဖြစ်စေ သာယာသော သူသည် "မနာယတန" ဟူသော ဤဘက်ကမ်းကို ကပ်ရောက်သည် မည်၏။

"မကောင်းတဲ့အကြံအစည်တွေကို ကြံစည်နေတဲ့ ငါ့စိတ်ဟာ ယုတ်ယုတ်ညံ့ညံ့ တွေးခေါ်စဉ်းစားတတ်ပါပေတယ်၊"စသည်ဖြင့် နှလုံးမသာယာမှုကို ဖြစ်စေသောသူ သည်လည်း "မနာယတန"တည်းဟူသော ဤဘက်ကမ်းကို ကပ်ရောက်သည်ပင် မည်တော့သည်။

ဣဋ္ဌာရုံ(လှပသောအဆင်း)၌ တပ်မက်မှုကို ဖြစ်စေသောရဟန်း, အနိဋ္ဌာရုံ(မလှ ပသောအဆင်း)၌ ဒေါသဖြစ်စေသောရဟန်းများသည် "ရူပါယတန"ဟူသော ဤဘက်ကမ်းကို ကပ်ရောက်သည် မည်၏၊ သဒ္ဒါယတနစသည်တို့၌လည်း ရူပါယတန၌ ဆိုခဲ့ပြီးသည့်အတိုင်း ထိုက်သည်အားလျော်စွာ မှတ်သင့်သည်။

ရေလယ်၌ နစ်သွား၍ အောက်ခြေကို ရောက်သွားသော သစ်တုံးကို သဲနဲသဲကြမ်း တွေက ဖုံးလွှမ်းထားတော့သည်၊ သို့ဖြင့် ယင်းသစ်တုံးသည် အပေါ်ကို တက်မလာ နိုင်ကော့ချေ။

ထို့အတူနှစ်သက်တပ်စွဲသော ပုဂ္ဂိုလ်သည် အပါယ်လေးဘုံ၌ ကျရောက်ရသည်ဖြစ်၍ ကြီးမားသောဆင်းရဲဒုက္ခတို့၏ ဖုံးလွှမ်းထားမှုကို ခံနေရသည်၊ ထိုပုဂ္ဂိုလ် နှစ်ထောင်ပေါင်း များစွာကြာပါသော်လည်း အပါယ်ဘုံမှ ပေါ်တက်ခြင်းငှါ မစွမ်းနိုင်တော့ချေ၊ ထို့ကြောင့် "အလယ်မှာ နစ်သွားတယ်ဆိုတာက နှစ်သက် တပ်စွဲမှု(နန္ဒီရာဂ)ဖြစ်တယ်"ဟု မိန့်တော်မူ ရပေသည်။

သောင်တင်နေသော သစ်တုံးမူကား အောက်ဘက်ကလည်း မြစ်ရေဖြင့်စိုစွတ်သည်၊ အထက်ဘက်ကလည်း မိုးရေဖြင့်စိုစွတ်သည်၊ သို့ဖြင့် တစ်စတစ်စ ရေညှိတွေ ဖုံးလွှမ်း လာတော့သည်၊ "ဒါဟာ ကျောက်များ ဖြစ်လေသလား၊ သစ်ငုတ်များ ဖြစ်လေသလား"ဟု တွေးတောပြောဆိုစရာ ဖြစ်လာပါတော့သည်။

ထို့အတူ 'ငါ' ဟူသော မာန်မာနဖြင့် မောက်မာတက်ကြွနေသူ (နေရာတကာမှာ ထင်ပေါ်လိုသူ)သည် ပဲသကူဓုတင်ဆောင်ပုဂ္ဂိုလ်တို့၏ နေရာကို ရောက်သွားသည့်အခါ ပဲသကူဓုတင်ဆောင် ဖြစ်နေသည်၊ ဓမ္မကထိကတို့ နေရာကို ရောက်သွားသည့် အခါမှာ

ဓမ္မကထိက ဖြစ်နေသည်၊ ရန်ဖြစ်တတ်သူတို့၏နေရာကို ရောက်သွားသည့် အခါမှာ ရန်လိုသူ ဖြစ်နေသည်၊ ဆေးကုသပေးသူတို့၏ နေရာကို ရောက်သွားသည့် အခါမှာ ဆေးဆရာ ဖြစ်နေသည်၊ ကုန်းတိုက်တတ်သူတို့၏ နေရာကို ရောက်သွားသည့် အခါမှာ ကုန်းတိုက်တတ်သူ ဖြစ်နေသည်၊ သူသည် အမျိုးမျိုးသော မသင့်မတင့် ရာဖွေမှု (အနေသန)ကို ပြုလုပ်လာပါတော့သည်၊ သို့ဖြင့် အာပတ်မျိုးစုံ လွှမ်းခြုံမှုကို ခံနေရပါ တော့သည်၊ "ဒီပုဂ္ဂိုလ်ရဲ့ ကိုယ်တွင်းမှာ သီလအကပ်အသပ်ကလေးများ ရှိမှရှိသေးရဲ့လား၊ သို့မဟုတ် လုံးလုံးလျားလျား မရှိတော့ဘူးလား" ဟု ပြောဆိုစရာ ဖြစ်လာပါတော့သည်၊ ထို့ကြောင့် "သောင်တင်တယ်ဆိုတာက ထောင်လွှားတက်ကြွ 'ငါ'ဆိုတဲ့မာန်(မာန)ပဲ ဖြစ်တယ်" ဟု မိန့်တော်မူရပါသည်။

ထို့ပြင် မာန်မာန၏ လွှမ်းမိုးနှိပ်စက်မှုကို ခံနေရသူတို့သည် ကိုယ့်ကိုကိုယ် အထင်ကြီးလာတတ်သည်၊ ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်များကိုသော်မှ ရှိသေရမှန်း, လေးစား ရမှန်း မသိကြတော့ချေ၊ သို့ဖြင့် "လူလား, တောသားသတ္တဝါလား" ဟု တွေးတော ပြောဆိုစရာ ဖြစ်လာပါတော့သည်၊ ဤပုဂ္ဂိုလ်မျိုးကိုပင် ရည်ရွယ်တော်မူ၍ ရှေးဆရာ များက အောက်ပါစကားကို မိန့်ကြားခဲ့ဟန် တူပါသည်။

၄၂၇။ "တချို့ကမူ, မာနတောင်နိုး, တက်ဖိစီး၍, ထေရ်ကြီး-ဝါကြီး, သိက္ခာ ကြီးအား, ခရီးလမ်းကြား, တွေ့ကြုံငြားလည်း, လေးစားမဲ့ဘိ, အတိမာန်, မချိုလက်အုပ်, မတုပ်မကွ, ဦးမချဘဲ, ဝေးကြဉ်ဖဲ, တိမ်းရှောင်လွှဲ၍, တစ်ပွဲ ထွက်ဝင်, ငါ့ပြင်မရှိ, ဟူဘိဝါဝင့်, မလျော့ကျင့်၏၊ သမင့်အလား, တောသစ် ကျားနှင့်, တောသားတို့သွင်, ဘယ်ကျိုးထင်လိမ့်, ရှင်ပင်တစ်ပဲ, ငရဲပြိတ္တာ, ဖြစ်တတ်စွာရှင့်"။ မဃ-၃၂၉။

ဝဲထဲမှာကျရောက်သော သစ်တုံးသည် ဝဲအတွင်းမှာရှိနေသော ကျောက်အစရှိ သည်တို့၌ ထပ်ဖန်တလဲလဲ ပြင်းထန်စွာ ထိခိုက်တိုက်မိသည့်အတွက် အစိတ်စိတ် အမြွာမြွာ ကွဲပြတ်သွားရတော့သည်။

ထို့အတူ ကာမဂုဏ်ငါးပါးတည်းဟူသော ဝဲထဲမှာ ကျရောက်နစ်မြုပ်နေသော ပုဂ္ဂိုလ်သည် အပါယ်လေးဘုံတို့၌ ညှဉ်းပန်းနှိပ်စက်ခံရမှု မွတ်သိပ်ဆာလောင်မှုစသော ဒုက္ခတို့က ထပ်ဖန်တလဲလဲ ပြင်းထန်စွာ ထိခိုက်လာသည့်အတွက် ကြာရှည်လေးမြင့် အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးနေရတော့သည်၊ ထို့ကြောင့် "ဝဲစုပ်တယ်ဆိုတာက ကာမဂုဏ်ငါးပါးပဲ ဖြစ်တယ်" ဟု မိန့်တော်မူရပေသည်။

အပြစ်တစ်မျိုးမျိုး ရှိနေလျှင် ဘုရားရှင် ညွှန်ပြသောသစ်တုံးသည် အပြစ်ရှစ်မျိုးမှ လွတ်ကင်းသည့်အတွက် ဂင်္ဂါမြစ်ရေစီးကြောင်းကို ရောက်လာရသည်၊ အပြစ်ရှစ်မျိုးအနက် တစ်မျိုးမျိုး ရှိနေပါလျှင် ရေစီးကြောင်း

သို့ပင် ရောက်လာနိုင်စရာ မရှိတော့ချေ၊ သို့ဖြစ်သည်အား‌လျော်စွာ အပြစ်မလွတ်သော သစ်တုံး ရှစ်မျိုးနှင့် နိဗ္ဗာန်မရောက်နိုင်သော ရဟန်းရှစ်မျိုးတို့ကို အသီးအသီး ယှဉ်တွဲစပ်ဟပ် ပြပါဦး‌မည်။

၁။ သစ်ပင်တစ်ပင်သည် ဂင်္ဂါမြစ်နှင့် အလှမ်း‌ကွာဝေး‌သော တောင်ပေါ်မှာ ပေါက်နေသည်၊ နွယ်မျိုးစုံတို့၏ လွှမ်းခြုံမှုကို ခံနေရသည့်အပြင် သစ်ရွက်တွေကလည်း အနားပတ်ဝန်းကျင်မှာ ရှုပ်ထွေးပြည့်ကြပ်နေသည်၊ သို့ဖြင့်-ခြစာဖြစ်၍ ထိုနေရာမှာပင် ပျက်စီးသွားရပါတော့သည်။

ဤသစ်တုံးသည် ဂင်္ဂါမြစ်သို့ ကျရောက်သက်ဝင်ပြီး မြစ်ကွေ့များမှာ ကွန့်မြူးလျက် (တင့်တယ်စွာ လူးလိမ့်လှုပ်ရှားလျက်) သမုဒ္ဒရာသို့ရောက်၍ ပတ္တမြား အဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရတော့ချေ။

'ပေးလှူအပ်သော ဒါန၀တ္ထု၊ ဒါနစေတနာ၏အကျိုးသည် မရှိ' စသော မိစ္ဆာအယူရှိနေသည့်ပုဂ္ဂိုလ်သည် ယင်းသစ်ပင်နှင့်တူသည်၊ ဤပုဂ္ဂိုလ်သည် သာသနာတော်မှ ဝေးကွာလှသည့်အတွက် အရိယမဂ်အလျဉ်သို့ သက်ဆင်း၍ သမာဓိတည်းဟူသော ဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ရောက်နိုင်စရာ မရှိတော့ချေ။

ဤဒြဿ ဘယ်လိုအယူမျိုးကို မိစ္ဆာအယူခေါ်ကြောင်း အရိပ်အမြွက်မျှ သိနား‌လည်စေရန် ဆက်လက် ပြဆိုပါဦး‌မည်။

၁၂၂။ "ဤလူတို့တွင်, မိခင်ဆရာ,ပုတ္တာဒါသ, စသည်ဟူဘို, ဘယ်မှာရှိလိမ့်၊ မိမိတို့အား, ကျေးဇူးများကို, ထောက်ထား‌သိမ်း‌မွေး, လုပ်ကျွေး‌စရာ, ဘယ်မှာကျင့်ဝတ်, ရှိလေတတ်လိမ့်၊ ကဲမြတ်ဝိရိယ, ဥဿာဟကို, ပြကြလေငြား, ပြုသူအား‌ကား,စီးပွားဘယ်မှာ, ရှိလေပါအံ့၊, ချမ်းသာစွဲယူ, အလှူပေး‌လည်း, နောင်ရေးချမ်းသာ, ဘယ်လိုက်ပါအံ့၊ သိက္ခာကာမ, သီလကျင့်ဝတ်, ဆောက်တည်လတ်လည်း, အမြတ်နောင်လျှင်, ဘယ်ကျိုးထင်အံ့၊ မျက်မြင်အလှူ, ပေးသည်မူ၏၊ ထိုသူအမိုက်, မိမိနှိုက်သာ, ဥစ္စာခပင်း,ကုန်လေယွင်း၏၊ ကုန်ခြင်း‌စင်စစ်, ဖြစ်ဘိမှန်စွာ, သည်ခြင်း‌ရာကြောင့်, သဒ္ဓါကြည်ဖြူ, ပေးလှူဒါန,ပြုကြသူ, ဟူဟူသမျှ, မောဟ ချုပ်တည်း, အမိုက်ချည်း‌တည့်၊ သိပ်သည်း‌ပညာ, လိမ္မာပြည့်လျှံ, အလှူခံကား:, စံစံပယ်ပယ်, ခွင်ရယ်လျစ်လျူ, ယူရလေကာ, ပညာရှိချည်း, လိပ်လည်း‌မပြု, စောင့်မှုသီတင်း, ဆောက်တည်ခြင်းကား, ထမင်းမွတ်ကာ, ဆင်းရဲစွာ၍, မဟာဇာလ မှန်မောလှသည် ..... လူများ‌ဘောင်တွင် နောက်ပိတ်တည်း" ။ နာ-၁၃၅။

ဤသည်မှာ အစေလကကဿပက အင်္ဂတိမင်း‌အား ပြောကြား‌သော မိစ္ဆာဝါဒ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သည်၊ ယင်းဝါဒကို ပြောကြားလိုက်သည့်အတွက် သူ့ထံသို့

ယခုမျက်မှောက်မှာပင် ရောက်ရှိလာသော မကောင်းကျိုးကိုလည်း ဆက်လက် ပြပါဦးမည်။

၁၂၉။ "ခုလျှင်မူကား, ရှင့်တရားကို, ပိုင်းခြားစိစိ, ငါမှတ်မိပြီ၊ ခုသိသည့်တိုင်း, ကိုင်းရှိမပယ်, ဖြောင့်ဖြောင့်ရွယ်လိမ့်၊ သင့်ဝယ်တွင်မျှ, ဆွမ်းပန်းစသည်, မဌကျင့်ဘိ, အမိုက်ငြိချိမ့်, ရှိလည်းရိုကျိုး, မခိုးချင်ပြီ၊ နန်းသီဂီမှာ, ဝန်းညီပတ်ရံ, စည်းစိမ်ခံရှိ, ပျော်စံလျက်သာ, နေအံ့ငါတည့်၊ ခုလာသည်မျှ, ကြာလွန်းစွဟု, စိတ်က ထင်ပြီ၊ ရှင်ဆရာချစ်, နေရာရစ်တော့, တစ်တစ်ခွခွ, ဆိုပြီးမှလျှင်, ရှိမျှမခိုး, မြတ်နိုးမမူ, မလှူမကမ်း, ကွမ်းတစ်ရွက်မျှ, မဌဘဲသာ, ထွက်ခွာမနေ, ပြန်သွားလေ၏၊ အစေလက,ကသဃပမှာ, ဘဝနောင်ခါ, နွမ်းမည့် တာကို, ဆိုရာမရှိ, မိမိသွန်သင်, မိမိတွင်ပင်, လျှင်လျှင်ထုတ်ချောက်, ချက်ချင်းရောက်သည်..... မျက်မှောက်ပြပြီ နိမိတ်တည်း"။ နာ-၁၄၄။

၂။ အခြားသစ်ပင်တစ်ပင်သည် ဂင်္ဂါမြစ်ပေါ်တွင် အကိုင်းများ အုပ်ဆိုင်းနေပါသော်လည်း အမြစ်များမူကား ဂင်္ဂါမြစ်၏ အပြင်ဘက်ကမ်းမှာ တွယ်နေသည်၊ ဤသစ်ပင်သည် တစ်ခါတစ်ရံ တွဲလျားကျနေသော သစ်ကိုင်းများဖြင့် ရေကိုထိတွေ့နေပါသော်လည်း အပြင်ဘက်မှာ အမြစ်တွယ်ထားသည့်အတွက် ဂင်္ဂါမြစ်သို့ ကျရောက်၍ မြစ်ကွေ့များမှာ တင့်တယ်စွာ လှုပ်ရှားလျက် သမုဒ္ဒရာသို့ရောက်ပြီး ပတ္တမြားအဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရတော့ချေ။

လူ့အနောင်အဖွဲ့ကို မဖြတ်တောက်နိုင်သော ရဟန်းသူကြွယ်သည် ဤသစ်ပင်နှင့် တူသည်၊ ဤရဟန်းမျိုးသည် "ဒီစိတ်ဆိုတာ ခိုင်မြဲတာမျိုး မဟုတ်ဘူး၊ 'ငါရဟန်း'လို့ ပြောနေရင်းပဲ လူဖြစ်လာတတ်တယ်၊'ငါလူ'လို့ ပြောနေရင်းပဲ ရဟန်းဖြစ်လာတတ်တယ်၊ ဒီတော့ နောင်ဘယ်လိုဖြစ်လာမယ်ဆိုတာကို ဘယ်သူက သိနိုင်ပါ့မလဲ" ဟူသော တွေးခေါ်ချက်ဖြင့် အသက်အရွယ်ကြီးရင့်မှ ရဟန်း ပြုလာပါသော်လည်း လူ့အနောင်အဖွဲ့ကိုမူကား မစွန့်လွှတ်နိုင်ပေ။

သက်ကြီးရွယ်အို (တောထွက်)ရဟန်းတို့၏ ပြည့်စုံမှုမည်သည် မရှိနိုင်တော့သည်သာ၊ ယင်းတောထွက်ရဟန်းသည် သံဃာ့ထံမှ အနားစုတ်ပြတ်နေသော သင်္ကန်းမျိုးကို ဖြစ်စေ, ဟောင်နွမ်းဆွေးမြေ့နေသော သင်္ကန်းမျိုးကိုဖြစ်စေ ရရှိတတ်သည်၊ ကျောင်းနှင့် ပတ်သက်လာပြန်လျှင်လည်း ကျောင်းတိုက်အစွန်အဖျား သစ်ရွက်မိုးကျောင်းမှာဖြစ်စေ, မဏ္ဍပ်မှာဖြစ်စေ နေရတတ်သည်၊ ဆွမ်းခံသွားပြန်လျှင်လည်း သားမြေးအရွယ်မျှရှိသော ရဟန်းငယ်တို့၏နောက်မှ လိုက်ပါရတတ်သည်၊ သံဃာစည်းဝေးသည့် အခါမှာလည်း အစွန်အဖျားမှာသာ ထိုင်နေရတော့သည်။

ထို့ကြောင့် သူသည် ဆင်းရဲဒုက္ခရောက်လာသည်၊ စိတ်မချမ်းမသာ ဖြစ်လာသည်၊ မျက်ရည်စက်လက်ဖြင့် "ငါ့မှာ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်လာတဲ့ ပစ္စည်းဥစ္စာတွေ ရှိနေသားပဲ၊

ယင်းပစ္စည်းတွေကို သုံးစွဲစားသောက်အသက်မွေးမှုဟာ အပ်ပါ့မလား"စသည်ဖြင့် စဉ်းစားလာသည်၊ဆင်ခြင်စပြုလာသည်၊ ထွေထွေထူးထူး စိတ်ကူးလာသည်၊ သို့ဖြင့်- ဝိနည်းဓိုရ်တစ်ပါးထံ သွားရောက်လျက် မေးမြန်းလျှောက်ထားပါတော့သည်။

"ကိုယ်ပိုင်ပစ္စည်းဥစ္စာကို စီမံခန့်ခွဲ စားသောက်မှုဟာ အပ်ပါသလား၊ မအပ်ပါသလားဘုရား?"။

"ဒါဟာ အပြစ်မရှိနိုင်ပါဘူး၊ အအပ်သားပဲ"။

သူသည် ဝိနည်းဓိုရ်က သဘောရိုးဖြင့် မေးလာသည်ထင်၍ မိန့်ကြားလိုက်သော စကားကို အထောက်အထားပြုလျက် မိမိ၏ အသင်းအပင်းဖြစ်သည့် ရဟန်းငယ်တို့ကို ခေါ်၍ ညနေစောင်းအချိန်မှာ ရွာထဲကို ဝင်သွားပါတော့သည်၊ သူ၏အသင်းအပင်းများလည်း ဆိုဆုံးမခက်သူ ကိုယ်ကျင့်မကောင်းသူများသာ ဖြစ်ကြသည်။

သူသည် ရွာလယ်ကိုရောက်သွားသည့်အခါ ရွာသားများကို အခေါ်ခိုင်းလိုက်သည်၊ ရောက်လာသူတို့အား မိမိ၏ဆန္ဒကို ဖွင့်ဟပြောပြပါတော့သည်။

"တို့လယ်ယာက ဖြစ်ပွားတဲ့ အခွန်အတုတ် (လယ်ခယာခ)တွေကို ဘယ်သူ့အား ပေးကြသလဲ?"။

"အရှင်ဘုရားတို့က ရဟန်းပြုနေမှပဲ၊ တပည့်တော်တို့က ဘယ်သူ့ကို ပေးရဦးမှာတဲ့လဲ?"။

"မင်းတို့က ဘယ်လိုစကားမျိုးကို ပြောနေကြတာလဲ၊ ရဟန်းတွေအတွက် ကိုယ့်ပစ္စည်းဟာ မအပ်ဘူးတဲ့လား"။

သူသည် ဒါယကာတွေကို ပြောဆိုပြီး ပေါက်တူးနှင့်တောင်းကို ယူလျက် လယ်ထဲယာထဲကို ဆင်း၍ ကန်သင်းဆယ်သည်၊ ပေါင်းမြက်ကို ရှင်းလင်းသည်၊ သစ်ငုတ်ကို ခုတ်ထွင်သည်၊ သို့ဖြင့် ကိုယ့်လယ် ကိုယ့်ယာကို ကိုယ်တိုင်ပင် လုပ်လာပါတော့သည်။

လယ်ယာမှထွက်သမျှ ကောက်စပါးမျိုးစုံ ပဲမျိုးစုံ သစ်သီးမျိုးစုံတို့ကို စုဆောင်းသိုလှောင်ထားသည်၊ ဆောင်း,နွေ,မိုးဥတုများမှာ စားလိုသောအစာများကို အချက်ခိုင်းစားသောက်လျက် ရဟန်းသူကြွယ်ကြီးလုပ်ပြီး အသက်မွေးမှု ပြုနေပါတော့သည်၊ သူ့မှာ နှပ်ချေးတွဲလောင်း မြင်မကောင်းသော ကလေးငယ်နှင့် ဇနီးမယား တစ်ယောက်မရှိရုံတစ်မယ်သာ ကျန်ပါတော့သည်၊ အခြား လူနှင့်ကွဲပြားခြားနားမှု ဘာတစ်ခုမျှ မရှိတော့ပါ။

မြစ်အတွင်းသို့ တွဲလောင်းကျနေသော သစ်ကိုင်းရှိနေ၍ ယင်းသစ်ကိုင်းတို့ဖြင့် ရေကိုထိနေသော သစ်ပင်ကဲ့သို့ ဤပုဂ္ဂိုလ်မျိုးသည် စေတီရင်ပြင်, ဗောဓိရင်ပြင် စသည်

တို့၌ ပါဝင်(လုပ်ကိုင်ညီညွတ်မှုကိုပေး)သော်လည်း လူ့အနှောင်အဖွဲ့ကို မဖြတ်ဘဲ အပြင်ဘက်မှာ အမြစ်တွယ်ထားသည့်အတွက် 'အရိယမဂ်'တည်းဟူသော ရေလျဉ်ကြောသို့ သက်ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

ဤဥလည်း အဆိုပါရဟန်းမျိုးကို ရည်ရွယ်၍ ရေးဆရာများ မိန့်ဆိုထားခဲ့သည်ကို ဦးစွာပြ၍ ရဟန်းတော်များ လိုက်နာသင့်သည့် သဘောတရားကိုလည်း ဆက်လက် ပြဆိုပါဦးမည်။

၄၂၅။ "ဂန္ဆဝိပဿနာ,နှစ်ဖြာဓုရ, မလုံ့လဘဲ,ကိစ္စမနည်း,အလိုသည်း၍, အရည်းမပိ,
အလဇ္ဇီဖြင့်, ဒုဿီကျင့်ဆန်း, ရှင်ပေါက်ပန်းတို့, ရဟန်းတမင့်, တဝင့်ဝင့်နှင့်,
မင်းကျင့်စိုးကျင့်, လူကျင့်ကျင့်က, ပျောက်လွင့်သီတင်း, သီလကင်း၏"။ မဃ-၃၂၇။

၆၈။ "ကိုယ့်ကိုကိုယ်ရှင်, ငါပဉ္စင်ဟု, ဝန်လျှင်ခံငြား, ဘုရားသားသည်, ဟောကြား
ရွေနှုတ်, သိက္ခာပုဒ်ကို, မယုတ်စေရက်, စောင့်စည်း လျက်ပင်, အသက်
ကိုသာ, သေခံရာ၏"။ သုခါ-၄၂။

၃။ သစ်ပင်တစ်ပင်မှကား ဂင်္ဂါမြစ်လယ်မှာ ပေါက်နေသည်၊ ခိုင်မြဲသောအမြစ်ဖြင့် မယိမ်းမယိုင် တည်နေသည်၊ ယင်းသစ်ပင်၏ အပြင်ဘက်သို့ ဖြာထွက်နေသည့် ကောက်ကွေ့သော သစ်ကိုင်းများကို နွယ်မျိုးစုံတို့က လွှမ်းခြုံဖွဲ့ယှက် ထားသည်၊ ဤသစ်ပင်သည်လည်း ခိုင်မြဲသောအမြစ် ရှိနေသည်ကတစ်ကြောင်း, အပြင်အပမှာ နွယ်များက လွှမ်းခြုံဖွဲ့ယှက်ထားသည်ကတစ်ကြောင်း ဤအကြောင်းနှစ်ပါးတို့ကြောင့်ပင် ဂင်္ဂါမြစ်သို့ ကျရောက်၍ မြစ်ကွေ့များမှာ ကွန့်မြူးလျက် သမုဒ္ဒရာသို့ရောက်ပြီး ပတ္တမြား အဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်လွန့်လူး ကွန့်မြူးခွင့်ကို မရနိုင်တော့ချေ။

သံဃာ့ဥစ္စာကိုမှီ၍ အသက်မွေးပါလျက် အသက်မွေးမှု ပျက်စီးနေသော ပုဂ္ဂိုလ်သည် ဤသစ်ပင်မျိုးနှင့် တူသည်။

အချို့သောပုဂ္ဂိုလ်သည် လူ့အနှောင်အဖွဲ့ကို ပယ်စွန့်၍ ရဟန်းပြုလာခဲ့ပါသော်လည်း သင့်တော်ရာဌာနဌာန ရဟန်းပြုခွင့်ကို မရခဲ့ပေ၊ ရှင့်အဖြစ် ရဟန်းအဖြစ်မည်သည်မှာလည်း ပဋိသန္ဓေ တည်နေရသည်နှင့် တူလှပေသည်။

လူများသည် မိမိတို့ ပဋိသန္ဓေ နေလာခဲ့သော အမျိုးအနွယ်၏ အမူအကျင့်အတိုင်း ပြုကျင့်ကြသကဲ့သို့ ရှင်ရဟန်းတို့လည်း မိမိတို့ကို ရှင်ရဟန်းပြုပေးသော ပုဂ္ဂိုလ် (လက်ဦးဆရာ)တို့၏ အကျင့်အတိုင်းပင် (များသောအားဖြင့်) ယူကြကျင့်ကြသည်၊ လက်ဦးဆရာ၏အတုကို လိုက်တတ်ကြသည်။

ထို့ကြောင့် အချို့သောပုဂ္ဂိုလ်သည် မသင့်တော်ရာဌာနဌ၌ ရှင်ရဟန်းဖြစ်လာခဲ့သည်၊ သူသည် ဆုံးမသြဝါဒကိုလည်း မရ၊ နည်းပေးညွှန်ကြားမှုကိုလည်း မရ၊ ပါဠိသင်ကြားမှုကိုလည်း မရ၊ တရားဆွေးနွေးမှု (အနက်အဓိပ္ပာယ်ကြားနာမှု) စသည်တို့ကိုလည်း မရရှိခဲ့ပေ၊ ယင်းသို့ ဆုံးမသြဝါဒစသည်တို့မှ ကင်းကွာနေရကား စိတ်ထင်တိုင်း ပြုကျင့်နေပါတော့သည်။

သူသည် နံနက်စောစောကပင် အိုးနားတိုကို ယူ၍ ရေဆိပ်သို့ သွားသည်၊ အပြောခက် အဆိုခက်သော သာမဏေငယ်တို့နှင့်အတူ ကစားမျိုးပေါင်းစုံအောင် ကစားနေတော့သည်၊ အာရာမ်စောင့်တို့၏ ကလေးများနှင့်လည်း ဒွေးရောယှက်တင် (ရောနှောယှက်တင်) နေထိုင်သည်။

သူသည် ရဟန်းငယ်ဘဝကပင် မိမိနှင့်အလွမ်းသင့်သော ရဟန်းငယ်များ အာရာမ်စောင့်များနှင့်အတူ သံဃာ့ဥစ္စာဖြစ်သော ကျေးရွာသို့ သွားသည်။

"ဒီရွာဟာ ရဟန္တာတွေက ဘယ်မင်းဆီက အလှူခံထားခဲ့တဲ့ သံဃာ့ဥစ္စာဖြစ်တဲ့ ရွာပဲ၊ (ဒါဟာ ဘယ်မင်းက ရဟန္တာတွေကို လှူထားခဲ့တဲ့ သံဃာ့ဥစ္စာဖြစ်တဲ့ ရွာပဲ၊) ဒကာတို့က သံဃာတော်အား ဒါတွေဒါတွေကို မပေးကြဘူး၊ ဒကာတို့ရဲ့ သတင်းစကားကို ကြားသိရတဲ့အခါ မင်းနဲ့ အမတ်တွေက စိတ်ချမ်းသာကြမယ် မဟုတ်တော့ဘူး၊ လာကြစမ်းပါဦး၊ ဒါတွေဒါတွေကို လုပ်ကြစမ်းပါဦး"။

သူသည် ရွာသူရွာသားများကိုလည်း ခေါ်ယူပြောဆိုသည်၊ ပေါက်တူးနှင့်ခြင်းတောင်းတို့ကို အယူခိုင်းပြီး တစ်ဘက်ဆည်ကန်၏ အောက်ဘက်မြောင်းတို့၌ လုပ်သင့်သည်ကိုလည်း အလုပ်ခိုင်းသည်၊ ရလာသော စပါး, ပဲ, ပြောင်း အများအပြားကို ကျောင်းတိုက်ထဲသို့ အပို့ခိုင်းသည်၊ မိမိ၏ ကျေးဇူးများကြောင်းကို အာရာမ်စောင့်များမှ တစ်ဆင့် သံဃာအား လျှောက်ထားသိစေသည်။

"ဒီရဟန်းကလေးဟာ သံဃာအတွက် ကျေးဇူးများလှပေတယ်၊ သူ့ကိုလဲ တစ်ရာနှစ်ရာလောက်တော့ ပေးကြဦးမှပဲ"။

အာရာမ်စောင့်များထံမှ တစ်ဆင့်စကား ကြားသိရသောအခါ သံဃာတော်က ညှိနှိုင်းတိုင်ပင်၍ သဘောတူ ဆုံးဖြတ်ထားသည့်အတိုင်း အပေးခိုင်းသည်။

ဤသို့လျှင် သူသည် ဟိုကဒီက သံဃာ့ဥစ္စာနှင့်ပင် ကြီးပွားလာခဲ့ရသည်၊ အပြင် အပဋ္ဌ အနေသနနှစ်ဆယ့်တစ်ပါးတို့၏ လွှမ်းခြုံထားမှုကို ခံနေရသည်၊ သို့ဖြင့် ဤရဟန်းမျိုးသည်လည်း 'အရိယမဂ်'တည်းဟူသော ရေစီးကြောင်းသို့ သက်ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

ဤသည်ကိုပင်ရည်၍ ရှေးဆရာများကလည်း အောက်ပါစကားကို မိန့်ဆိုထားခဲ့ကြပေသည်။

၈၁။ "ဆရာအဆက်, ယွင်းကွက်ဖောက်ပြန်, ကျင့်မမှန်မူ, နောင်ဖန်အဆက်,ဆက်၍ လည်းကောင်း, အပေါင်းတပည့်, မတည့်တရား, အကျင့်မှားလိမ့်၊ ရှိသားဆရာ, ကျင့်ယုတ်မာကို, မှီကာသဖြင့်, နောင်းဆင့်အတု, ရဟန်းပြု၍, ဆေးကုဗေဒင်, အိမ်ဆင်အိမ်ဆောက်, လုလင်အောက်သို့, မလျောက်မပတ်,လူဝတ်လူစား,,ကဲလား ထရံ, စိမ်ခြမ်းဝက်, ရက်ကွက်ပြေပြစ်, ရွေခြစ်သစ်ဝါး, တောသွားအုံနေ, အစေအပါ, ယုတ်မာအမှု, အကောင်းပြုလျက်, မရှုဓမ္မ, ကုလဒူသနာ, မာယာလှည့်ပတ်, ဝိညတ် တောင်းရမ်း, ရောပြွမ်းလူနှင့်, မသင့်ယှက်တင်, သဘင်ခင်းခြင်း, ရောင်းခြင်းဝယ်ရာ, ဥစ္စာရွှေငွေ,,ကျွန်ခြကျွဲနွား, လယ်ယာသွား၍,(ပြစ်များပြည့်လျှံ)* ထိုသည့်ကဲ့ကြောင့်, လူ့ထံနတ်ခွင်, မတင်တစ်ချက်, ပါယ်ရွာသက်လိမ့်"။ သုခါ-၅၁။

၄။ သစ်တုံးတစ်တုံးမူကား ကျရာအရပ်၌ပင် သဲမျှားက ဖုံးလွှမ်းထားသည့်အတွက် ဆွေးမြည့်ပျက်စီးသွားရသည်၊ ထို့ကြောင့် ယင်းသစ်တုံးသည် ဂင်္ဂါမြစ်သို့ သက်ဝင်၍ မြစ်ကွေ့များမှာ တင့်တယ်စွာ လှုပ်ရှားလျက် သမုဒ္ဒရာသို့ ဝင်ရောက်ပြီး ပတ္တမြားအဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရနိုင်တော့ချေ။

အပျင်းထူ၍ အစားကြီးသော ရဟန်းသည် ကျရာအရပ်မှာပင် သဲဖုံးလွှမ်း၍ ဆွေးမြည့်ပျက်စီးသွားရသော သစ်တုံးနှင့်တူသည်။

ဤပုဂ္ဂိုလ်မျိုးသည် စားသောက်ဖွယ်ကိုသာ ကြည့်နေတတ်သည်၊ ပစ္စည်း အသုံးအဆောင်ကို မက်မောသည်၊ ဆရာဥပဇ္ဈာယ်များအပေါ်၌ ပြုလုပ်ရမည့် ဝတ္တရားများကို စွန့်လွှတ်ဘေးဖယ်ထားသည်၊ စာပေသင်ကြားမှု,တရားဆွေးနွေးမှု, အသင့်အတင့်နှလုံးသွင်းမှု (ယောနိသောမနသိကာရ)မှလည်း ကင်းကွာနေသည်။

ဤပုဂ္ဂိုလ်မျိုးကို ရည်ညွှန်း၍ နိဝရဏတရား ငါး(ခြောက်)ပါးတို့က အစည်းအဝေးလုပ်ကာ ဆွေးနွေး ပြောဆိုကြသလို ဖြစ်နေပါသည်။

"မိတ်ဆွေတို့! ယခု တို့တစ်တွေ ဘယ်သူ့ဆီကို သွားကြရမလဲ?"။

အမှတ်မထင် တစ်ဦးက ထပြောလိုက်သည်၊ အသံတိတ်သွားသည်နှင့် တစ်ပြိုင်နက် ထိုနမိဒ္ဓက သူများထက်ဦးအောင် ထပြောလိုက်ပါတော့သည်။

"ခင်ဗျားတို့ မတွေ့ကြဘူးလား?၊ ဟိုနားကကျောင်းမှာနေတဲ့ ငပျင်းကြီးဟာ ဟိုနားကရွာထဲကို ရောက်နေတယ်၊ အိမ်တစ်အိမ်က ယာဂုကို သောက်ပြီးတဲ့နောက် အဲဒီယာဂုက အစာကြေမှာ နေနေသာသာ သူ့ဝမ်းထဲမှာ နေသားတကျတောင် ဖြစ်မှာမဟုတ်သေးဘူး၊ နောက်တစ်အိမ်က ယာဂုကို ထပ်သောက်ပြန်တာပဲ၊

( )* ဤကွင်းအတွင်း ရှိ စကားမှာ သင့်ငြားဒုက္ကဋ်၊ တစ်ရပ်ပါစိတ်နိသဂ္ဂိ သံဃာဒိနှင့်၊ ရန်းဘိပါရာဇိက ၊ ရောက်ထအမှန်-ဟူသောစကားအစား ထည့်ထားသည်။

မုန့်ဆိုပြန်ရင်လဲ ဒီအတိုင်း တစ်အိမ်တက်ဆင်း စားနေတာပဲ၊ ဆွမ်းဆိုပြန်ရင်လဲ မထူးပါဘူး၊ စားပြီးရင် စားရင်းပါပဲ၊ ကျောင်းကို ပြန်ရောက်လာတော့လဲ သူ့မှာ ဘာတာဝန်မှ မရှိဘူး၊ ဝတ္တရားအကုန်လုံးကို ဘေးဖယ်ထားတယ်၊ စာပေပရိယတ်သင်ကြားမှာတော့ ဝေးပါသေးရဲ့၊ ဟာ-ဟာ ဟိုမှာ-ဟိုမှာ အခုပဲပြန်ရောက်လာတယ်၊ ခုတင်နားကို ရောက်သွားပြီ၊ ကျုပ်ကို ခွင့်ပြုနေတာပဲ၊ ကျုပ်ကို လက်ယပ်ခေါ်နေတာပဲ။

ထိုနမိဒ္ဓ၏ စကားအဆုံးမှာပင် ကာမစ္ဆန္ဒနီဝရဏက မိမိ၏အထင်ကို ပြောဆိုတင်ပြသည်။

"မိတ်ဆွေ ! ခင်ဗျားတို့ အမွှာညီနောင်ကို ခွင့်ပြုလို့ရှိရင် ကျုပ်ကိုလဲ ခွင့်ပြုပြီးသားပါပဲ၊ အခုပဲ သူအိပ်ပျော်သွားမှာပါ၊ ပြီးတော့ ကိုလေသာတွေ ထက်ကြပ်မကွာလိုက်ပါနေတဲ့စိတ်နဲ့ နိုးလာတဲ့အခါမှာ ကာမဝိတက် (ကာမနဲ့ပတ်သက်တဲ့ အကြံအစည်)ကို ကြံစည်တော့မှာပါပဲ"။

ကာမစ္ဆန္ဒနီဝရဏစကား ဆုံးသွားသည်နှင့်တစ်ပြိုင်နက် ဗျာပါဒနီဝရဏက မိမိ၏အမြင်ကို တင်ပြလာပြန်သည်။

"ခင်ဗျားတို့ကို ခွင့်ပြုလို့ရှိရင် ကျုပ်ကိုလဲ ခွင့်ပြုပြီးသားပါပဲ၊ အခုပဲ သူအိပ်ရာက နိုးတော့မယ်၊ အဲဒီ နိုးလာတဲ့အချိန်မှာ 'အိပ်လှချည်လား ကိုယ်တော်၊ ဝတ္တရားလေး,ဘာလေး တစ်ခုတလေမှ မလုပ်တော့ဘူးလား'၊ ဒီလို သူ့ကို အခြားကိုယ်တော်တွေက ပြောကြလိမ့်မယ်၊ ဒီတော့ သူက 'အလို- ဒီကိုယ်တော်တွေဟာ ကိုယ့်အလုပ်ကိုတော့ မလုပ်ကြဘဲ ငါ့ကိုပဲ ကြောင့်ကြစိုက်နေ ကြတာပဲ'လို့ ကြမ်းတမ်းတဲ့စကား အမျိုးမျိုးကို ပြောဆိုရင်း မျက်စောင်း တထိုးထိုးနဲ့ လှည့်လည်နေလိမ့်မယ်"။

ဗျာပါဒနီဝရဏက တင်ပြပြီးသည်နှင့်တစ်ပြိုင်နက် ဥဒ္ဓစ္စနီဝရဏက မိမိ၏ အခွင့်အရေးကို ဆွေးနွေးတင်ပြလာပြန်သည်။

"ခင်ဗျားတို့တစ်တွေကို ခွင့်ပြုနေမှပဲ ကျုပ်ကိုတော့ ခွင့်မပြုပဲ နေမှာတဲ့လား၊ ပျင်းရိတဲ့ပုဂ္ဂိုလ်ဆိုတာဟာ လေတိုက်ခံရတဲ့ မီးပုံကြီး (ပြာပုံကြီး)လို ပျံ့လွင့်နေတာပဲ၊ ငြိမ်သက်တည်ကြည်မှုဆိုတာ မရှိနိုင်ပါဘူး"။

ဥဒ္ဓစ္စနီဝရဏဆွေးနွေးပြီးသည့်အခါ နှစ်ကိုယ်တစ်စိတ် တစ်အိပ်ထဲငွေ-ဆိုသလို အရင်းနှီးဆုံး မိတ်ဆွေဖြစ်သူကုက္ကုစ္စနီဝရဏကလည်း မနေသာတော့ဘဲ ထပြောရပြန်သည်။

"ခင်ဗျားတို့ကို ခွင့်ပြုလို့ရှိရင် ကျုပ်ကိုလဲ ခွင့်ပြုပြီးသားသာ မှတ်ကြပေတော့၊ ပျင်းရိတဲ့ပုဂ္ဂိုလ်ဆိုတာဟာ အမြဲတမ်း ယုံမှားသံသယ နှိပ်စက်မှုကို ခံနေရတာပဲ၊

မအပ်တာကိုလဲ အပ်တယ်လို့ ထင်တတ်တယ်၊ အပ်တာကိုလဲ မအပ်ဘူးလို့ ထင်တတ်တယ်”။

နောက်ဆုံး အစည်းအဝေးသိမ်းခါနီးကျမှ ဝိစိကိစ္ဆာနီဝရဏက မိမိ၏သဘောထားကို တင်ပြပြောကြားလာသည်၊ ပါဝင်ဆွေးနွေးလာသည်။

“ခင်ဗျားတို့ကို ခွင့်ပြုလို့ရှိရင်ကျုပ်ကိုလဲ ချန်ထားလို့ မရပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့- ဒီလိုပုဂ္ဂိုလ်မျိုးဟာ (ကျုပ်ရဲ့နယ်ပယ်ဖြစ်တဲ့) ရှစ်နေရာ (ရှစ်ဌာန)တို့မှာ အကြီးအကျယ်ယုံမှားမှုကို ဖြစ်စေတတ်တဲ့ အတွက်ကြောင့်ပါပဲ”။

ဤသို့လျှင် ကြမ်းတမ်းသော ခွေးစသည်တို့က ဦးချိုကျိုးနေသော နွားအိုကြီးကို သွမ်းမိုး(ဖိစီး) နှိပ်စက်ကြသကဲ့သို့ နီဝရဏတရား ငါးပါးတို့က အပျင်းထူ၍ အစားကြီးသော ရဟန်းကို လွှမ်းမိုးဖိစီး နှိပ်စက်ကြလေတော့သည်၊ သို့ဖြင့်-သူသည် အရိယမဂ်သို့ ဉာက်ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

ဤဒွ်လည်း ရှေးဆရာများ မိန့်ဆိုထားခဲ့သည့် အစားအစာနှင့်ပတ်သက်၍ ရှောင်သင့်ဆောင်သင့်သော အချက်များကို သိသာရုံမျှ တင်ပြပါဦးမည်။

၁၇၆။ “ပိတ္ထပါတ်လောင်း, လူအပေါင်းတို့, ဆွမ်းကောင်းဟင်းလေး, ရွေးကချယ်ချယ်, မြိန်ဘွယ်ဘွယ်တို, ဆယ်နှင့်ခြောက်ပါး, လှူသည်များကို, သောက်စားတုံလစ်, ဆွမ်းဆီယစ်၍, နွမ်းညစ်မျက်နှာ, ရှုရာဟောက်ဟက်, ခင်းနှိုးထက်ဝယ်, မျဉ်းစက်မွေ့လျော်, ပျော်တစင်းစင်း, နိုးတုံလှုင်းလည်း, အပျင်း ခိုခို, ကိုယ်တလွန့်လွန့်, ဆန့်တငင်ငင်, ဘယ်တင်ညာပြောင်း, တောင်စောင်း မြောက်လူး, မူးတူးရမ်းတမ်း, သမ်းတဝေဝေ, မပြေအိပ်မှုန်, အုန်တမှိန်းမှိန်း, ကိုယ်လက်ဖိန်းလျက်, အာရုံကွက်၍, ဝိတက်ဖောက်ပြား, ကြိုးတကြားမျှ, မပွား ဘာဝနာ, ဆိတ်ညံရာရှင့်။

ပညာသတိ, ရှိနှိုင်းလစေ, စိတ်မသွေလင့်, အထွေအထွေ, ဤသို့ရေသား, ထဲမွှေကိုယ်တွင်း, ရန်မကင်း၍,ထမင်းရေစာ,ဖြည့်တင်းခါ၌, လျှာတတောက်တောက်, မစွန်းမြောက်ဘဲ, ရေသောက်ခန့်သင့်, ချင့်လေ၍သာ, သုံးဆောင်ရာ၏၊..... လွန်စွာမစား၊စကောင်းဘူး”။ ဇန-၈၂။

၅။ သစ်ပင်တစ်ပင်မှကား ကျောက်ဖျာနှစ်ခုတို့၏ အလယ်၌ ပေါက်နေသည့်အတွက် ကောင်းစွာမြှုပ်စိုက်ထားသကဲ့သို့ မတုန်မလှုပ် တည်နေသည်၊ လာသမျှသောရေကို နှစ်ဖြာခွဲသွားစေသည်၊ ဤသစ်ပင်သည် ကျောက်ဖျာနှစ်ခုတို့၏ အကြား၌ ကောင်းစွာတည်နေသောကြောင့် ဂင်္ဂါမြစ်သို့ သက်ရောက်၍ မြစ်ကွေ့များမှာ တင့်တယ်စွာလှုပ်ရှားလျက် သမုဒ္ဒရာသို့ သက်ရောက်ပြီး ပတ္တမြားအဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရတော့ချေ။

ပုဂ္ဂိုလ်တစ်ဦးသည် မိစ္ဆာအယူကိုဖြစ်စေ၍ ယင်းမိစ္ဆာအယူမှာ တည်နေသည်၊ သာသနာတွင်းမှာ နေသူဖြစ်ပါလျက် အရိဋ္ဌရဟန်းကဲ့သို့ သာသနာတော်နှင့် ဆန့်ကျင်ဘက် ပြုလုပ်နေသည်။

ဤမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်မျိုးသည် ကျောက်ဖျာနှစ်ခုတို့၏အလယ်မှာ ခိုင်မြဲစွာ စိုက်ထားသလို မလှုပ်မယိုင်တည်နေသော သစ်ပင်နှင့် တူသည်၊ ထို့ကြောင့် ဤပုဂ္ဂိုလ်မျိုးသည်လည်း အရိယမဂ်ရေစီးကြောင်းသို့ ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

မိစ္ဆာအယူနှင့်စပ်လျဉ်း၍ အထိုက်အလျောက် နားလည်ကြစေရန် ရည်သန်၍ ရှေးဆရာများ၏ အဆိုအမိန့်ကိုလည်း တင်ပြပါဦးမည်။

၁၄၈။ "ဆယ်ပါးထွက်ဆို, အကုသိုလ်လည်း, ငြိုသည်ဝိပါက်, အကျိုးစက်နှင့်,
နရက်ပါယ်ရွာ, လားတတ်စွာ၏၊ ဆယ်ဖြာပုည, ကုသလလည်း, သုခကျိုးရှိ,
သုဂတိသို့, မငြိဖြောင့်စွာ, ထားတတ်စွာ၏၊ နှစ်ဖြာဂတိ, ရှိသည်ချည်းသာ, မှတ်လေ
ရှာလော့၊ သေခါပျောက်မည်, အယူသည်လည်း, အတည်မကျ, ဥစ္ဆေဒတည့်၊ သတ္တ
ဝါပေါင်း, တိမ်းစောင်းမကွဲ, မြဲသည်ချည်းသာ, ယူတုံပါလည်း, မိစ္ဆာဒဿန,
သဿတတည့်၊ ကမ္မသကာ, ကံသာစီရင်, တဖြင်ဖြင်နှင့်, အောက်ခွင်သက်တုံ,
ထက်ဘုံတက်ကာ, ပုညာပုည, သန်းခေါရကြောင့်, သုခဒုက္ခံ, မြဲမြံမတည့်, တလည်
လည်သာ, တဏှာကုန်မှ, နိရောဓသို့, ရောက်ရချိမ့်မည့်, စိတ်ကောင်းတည်လော့၊
လည်လည်ယွင်းပါး, အယူမှားမူ, လားလိမ့်ပါယ်ရွာ"။ နာ-၁၆၅။

၁၄၈။ "တက္ကဒွန်းကြီး, အချည်းနှီးလျှင်, မတီးမရာ, မိစ္ဆာဒိဋ္ဌိ, ယူမှားမိ၍, မငြိ
မစွန်း, စုန်းစုန်းမွန်းလျက်, အမှန်းမထင်,နရက်ခွင်၌, အကြင်မျှလောက်,
ယူမပျောက်ခဲ့၊ တတောက်ပတ်ပတ်, သံသာဝဋ်မှ, မကျွတ်သစ်၍တ်, ခလုတ်တံသင်း,
တံစုန်းဆင်းသို့, ပေါခြင်းမဖြစ်"။ ဆု-၁၂၃။

၆။ နောက် သစ်ပင်တစ်ပင်ကား လဟာပြင်၌ ခက်လက်ဝေဆာ စည်ကားလျက် မိုးကောင်းကင်တစ်ခလုံး ပြည့်လုမတတ် တည်ရှိနေသည်၊ နွယ်တွေကလည်း နှောင်ဖွဲ့ထားလိုက်သေးသည်၊ တစ်နှစ်-နှစ်နှစ်ကြာမှ တစ်ကြိမ်နှစ်ကြိမ်မျှသာ ရေစိုသည်။

ဤသစ်ပင်သည်လည်း မိုးကောင်းကင်တစ်ခလုံး ပြည့်လုမတတ် စည်ပင်နေသော ကြောင့်လည်းကောင်း, တစ်နှစ်-နှစ်နှစ် လွန်မှ တစ်ကြိမ်နှစ်ကြိမ် ရေစိုသောကြောင့် လည်းကောင်း ဂင်္ဂါမြစ်သို့ သက်ဆင်း၍ မြစ်ကွေ့များမှာ တင့်တယ်စွာ လှုပ်ရှားလျက် သမုဒ္ဒရာသို့ရောက်ပြီး ပတ္တမြားအဆင်းရှိသော လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရတော့ချေ။

အသက်အရွယ်ကြီးရင့်မှ ရဟန်းပြု၍ ကျေးတောမှာ နေသည့်အတွက် သံဃာတော်ကို ဖူးမြော်ခွင့် တရားနာခွင့် လွယ်ကူစွာ မရနိုင်သောပုဂ္ဂိုလ်သည် ဤသစ်ပင်နှင့်တူသည်။

အချို့သောပုဂ္ဂိုလ်သည် အသက်အရွယ်ကြီးရင့်မှ ရှင်ပြုသည်၊ ရက်အနည်းငယ်ကြာသည့်အခါ ရဟန်းအဖြစ်ကို ရလာသည်၊ သူသည် ငါးဝါရသည်အထိ ပါတိမောက်ကို လေ့ကျင့်သည်၊ ဝိနည်းပို့ချချိန်၌ ဝိနည်းဓိရ်အနားမှာ အိပ်ငိုက်နေသည်၊ မျက်နှာကိုမူ ယပ်ဖြင့်ကွယ်ထားသည်၊ ပါးစပ်မှာလည်း ငရုတ်ကောင်း, ဖန်ခါးသီးပိုင်း တစ်ခုခုကို ငုံထားလိုက်သေးသည်၊ ဤနည်းနှင်နှင် ဆယ်ဝါရသည်အထိ ဟန်ဆောင်ဝိနည်းကို သင်ယူသည်၊ ထို့နောက် သပိတ်သင်္ကန်းကို ယူလျက် ကျေးလက်တောရွာသို့ ထွက်သွားတော့သည်။

ကျေးတောသူကျေးတောသားများက သူ့ကို ရိုသေကြသည်၊ လေးစားကြသည်၊ ရဟန်းတော်များကို ဖူးတွေ့ရရန် ခဲယဉ်းလှသည့်အတွက် "အရှင်ဘုရား ဒီမှာပဲ သီတင်းသုံးတော်မူပါ"ဟု လျှောက်ထားကြသည်၊ သူ့အတွက် ကျောင်းဆောက်ကြသည်၊ ကျောင်းဝင်း အတွင်း၌ ပန်းပင်, သီးပင်, စားပင်များကို စိုက်ပျိုးကြသည်၊ ကျောင်းပြီးသည့် အခါမှာ သူ့ကို ပင့်တင်ကိုးကွယ်ထားကြသည်။

ထိုအချိန်မှာ မဟာဝိဟာရကျောင်းတိုက်လို ကျောင်းတိုက်မျိုးမှ ပရိယတ္တိဗဟုသုတ, ပဋိပတ္တိဗဟုသုတပြည့်ဝသော ရဟန်းတော်များ သင်္ကန်းဆိုးမှုစသော ကိစ္စဖြင့် ထိုရွာကို ကြွရောက်လာကြသည်၊ ကျောင်းနေရဟန်းက ဧည့်သည်ရဟန်းတော်များကို တွေ့ရသည့် အခါ ဝမ်းပန်းတသာ ဝတ်ကြီးဝတ်ငယ် ပြုသည်၊ နောက်တစ်နေ့မှာ ရဟန်းတော်များကို ပင့်၍ ရွာထဲသို့ ဆွမ်းခံ ဝင်သည်။

> "ဒကာတို့ ! ဟိုနားကဆရာတော်က သုတ္တန်ဆောင် ပုဂ္ဂိုလ်ပဲ၊ ဟိုဆရာတော်ကတော့ အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ဖြစ်တယ်၊ ဟိုကိုယ်တော်ကတော့ တိပိဋကဓရဖြစ်တယ်၊ ဒီလိုရဟန်းတော်မျိုးကို ဘယ်တော့ ဖူးတွေ့ခွင့် ရပါ့မလဲ၊ တရားနာရအောင် ပြင်ဆင်ထားကြပေတော့"။

ကျောင်းနေရဟန်း၏ စကားကို ကြားရသည့်အခါ ဒါယကာများက "တရားပွဲကျင်းပမည်" ဟု ကျောင်းလမ်းကို ရှင်းကြသည်၊ ထောပတ်,ဆီ စသည်တို့ကို ယူ၍ မထေရ်များထံ သွားရောက်ပြီး "အရှင်ဘုရားတို့ ! တရားနာလိုကြပါတယ်၊ ဓမ္မကထိကစီစဉ်ပေးတော် မူပါ"ဟုလည်း လျှောက်ထားကြသည်၊ မထေရ်များက စီစဉ်ပေးသဖြင့် နောက်တစ်နေ့မှာ ကျောင်းကို လာရောက်လျက် တရားနာကြသည်။

ကျောင်းထိုင်ကိုယ်တော်ကြီးမူကား အာဂန္တုကရဟန်းတော်များ၏ သပိတ်သင်္ကန်းစသည်တို့ကို သိမ်းဆည်းရင်း အခန်းထဲမှာ တစ်နေ့ကုန်သွားခဲ့သည်။

နေ့ဘက်ဓမ္မကထိကက ထသွားပြီး အသံနေအသံထားဖြင့် ပါဠိတော်ကို ရွတ်ဖတ်တတ်သော (သရဘာဏက)ရဟန်းက အိုးထဲကရေကို သွန်ချလိုက်ဘိသကဲ့သို့ ပါဠို

တော်ကို ရွတ်ပြီး ထလာခဲ့သည်၊ ဒါတွေကို သူက (ကျောင်းထိုင်ကိုယ်တော်ကြီးက) ဘာမျှ မသိလိုက်ပါ။

ညဘက် ဓမ္မကထိကသည် သမုဒ္ဒရာရေကို ချောက်ချားစေဘိသကဲ့သို့ တစ်ညဉ့်လုံး တရားဟောပြီး ထသွားခဲ့သည်၊ ဒါကိုလည်း သူက မသိလိုက်ပါ။

မိုးလင်းခါနီး ဟောသော ဓမ္မကထိကသည် တရားပွဲသိမ်း၍ ထလာခဲ့သည်၊ ဒါကိုလည်း သူက မသိလိုက်ပါ။

သူသည် နံနက်စောစောပင် အိပ်ရာက ထသည်၊ မျက်နှာသစ်ပြီးလျှင် မထေရ်များ၏ သပိတ်သင်္ကန်းကို ယူဆောင်ဆက်ကပ်သည်၊ ဆွမ်းခံဝင်ရင်း မထေရ်ကြီးအနားကို ချဉ်းကပ်လျှောက်ထား မေးမြန်းပါတော့သည်။

"အရှင်ဘုရား! နေ့ဘက်ဓမ္မကထိကက ဘာဇာတ်ကို ဟောပါသလဲ?၊ သရဘာဏကကိုယ်တော်က ဘာသုတ်ကို ရွတ်ပါသလဲ?၊ ညဘက်ဓမ္မကထိကက ဘာတရားကို ဟောပါသလဲ?၊ မိုးလင်းခါနီးဟောတဲ့ ဓမ္မကထိကက ဘာဇာတ်ကို ဟောပါသလဲ?၊ ခန္ဓာတွေဆိုတာ ဘယ်လောက်ရှိပါသလဲ?၊ ဓာတ်ဆိုတာကော ဘယ်လောက်ရှိပါသလဲ?၊ အာယတနဆိုတာ ဘယ်လောက်ရှိပါသလဲ?"။

ဤရဟန်းမျိုးသည် တစ်နှစ်-နှစ်နှစ်ကြာမှ ရဟန်းတို့ကို ဖူးတွေ့ခွင့် တရားနာခွင့် ရစေကာမူ (တရားကို ကောင်းစွာမနာသည့်အတွက်) ရေကြီးမှ တစ်ကြိမ်နှစ်ကြိမ် မဖြစ်စလောက် ရေစိုသော သစ်ပင်နှင့်တူသည်၊ သူသည် ဤသို့ သံဃာတော်ကို ဖူးတွေ့ရခြင်း, တရားနာခြင်းတို့မှ ဖဲခွာ၍ အဝေးမှာ နေသည့်အတွက် အရိယမဂ်သို့ ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မသက်ရောက်နိုင်တော့ချေ။

ဤဥ္စ တရားနာသဖြင့် ရလာသော ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးကို ရေးဆရာများ မိန့်ဆိုထားသည့်အတိုင်း ဆက်လက်ပြပါဦးမည်။

၂၃၈။ "အနုတ္တရ, ဓမ္မကိုးသွယ်, မှတ်ချူ ရွယ်လျက်, ရောင်ဖွယ်ကျင့်ရေး,ဆုံးမ ပေးသော်, နက်လေးတရား, နာသောအား‌ဖြင့်, မကြာ‌ဘူးတောင်း, ထုံးကောင်းကြား‌ရ, ကြား‌စကြား‌ဆုံး, နှလုံး‌စင်စွာ,သင်္ကာပျောက်ကင်း, ဖြောင့်စင်း အယူ, ကြည်ခြင်း‌ဟူသား, ငါး‌ဆူမှန်ချက်,ကျိုး‌ဆက်မျက်မှောက်,ထင်ထင်ရောက်၏၊ လဲ့ဖောက်ဘဝ, ခန္ဓာကြွလည်း, ဒုက္ခမထိ, လောကီ စည်း‌စိမ်, အကြိမ်ကြိမ်လျှင်, မသိမ်မနွဲ့, စံငြီး‌ခဲ့မှ, တစ်ဆဲ့တစ်ဖြာ, မီးငြိမ်း‌ရာ၌, မနာမကျင်, မပင်မပူ, ဘယ်သူ နှိပ်စက်, မပျက်မပြို, မအိုမသေ, ဘေး‌မဲ့နေအံ့"။ ကိုး-၁၄၅၅။

၇။ အခြားသစ်ပင်တစ်ပင်မှကား ဂင်္ဂါမြစ် ရေလယ်ကျွန်းမှာ ပေါက်နေသည်၊ ပျော့ပျောင်းသော ပင်စည်အကိုင်းအခက်ရှိသည်၊ (ပင်စည်ရော အကိုင်းအခက်ပါ

ပျော့ပျောင်းသည်၊ နူးညံ့သည်၊) ရေအလွန်လာသည့်အခါ (ရေကြီးလာသည့်အခါ) ရေအလိုက် ရေမှာ ပြားပြားဝပ်နေသည်၊ ရေကျသွားသည့်အခါမှာ အဖျားများ ထောင်မတ်လာပြီး ယိမ်းနွဲ့.က-ပြ နေသကဲ့သို့ တည်ရှိနေသည်၊ ယင်းသစ်ပင်မျိုးအတွက် သမုဒ္ဒရာက ဂင်္ဂါမြစ်ကို တကယ်မပြောသော်လည်း ပြောဆိုတောင်းဆိုသလို ဖြစ်နေပါတော့သည်။

"သမီးလေး ဂင်္ဂါရယ်! သမီးက အဖေ့အတွက် စန္ဒကူးနှစ်, ထင်းရှူးနှစ်စတဲ့ သစ်သားမျိုးစုံကိုတော့ ဆောင်ယူပေးနေပါတယ်၊ ဟို-ထင်းတုံးကလေးကို (ဟို-မင်းသားကလေး ငနွဲ့.ကို)တော့ ဆောင်ယူမပေးတော့ဘူးလား?"။

"ဒါကတော့ လွယ်ပါတယ် အဖေရယ်၊ နောက်တစ်ကြိမ်တော့ (ဒီငနွဲ့.လေး) သိစေရမှာပေါ့"။

ဂင်္ဂါမြစ်က ပြန်လည်ဝန်ခံ ပြောဆိုထားခဲ့သည့်ပမာ နောက်တစ်ကြိမ်မှာ နီသောအဆင်းရှိသည့်ရေက ပွေ့.ဖက်ထားသလို လာနေပါတော့သည်၊ ယင်း သစ်ပင်ကမူ ရှေးနည်းအတိုင်းပင် ရေစီးအလိုက် ရေပေါ်မှာ ပြားပြားဝပ်နေပြန်သည်၊ ရေကျသွားသည့်အခါမှာ အဖျားတွေ ထောင်မတ်လာပြီး ယိမ်းနွဲ့.လျက် က-ပြနေသလို တည်ရှိနေပြန်သည်။ ယင်း အပင်သည်-

၃၁။ "ရေဒ္ဒကျွမ်းဝင်, ယင်းရဲပင်ကား, ရေတွင်မြင့်ရှည်, အမြဲတည်လျက်, နှစ်လည်တစ်ခါ, ရေကြီးလာ၍, မသာပစ်ညှစ်, ပင်လုံးနှစ်လည်း, ပုဆစ်နှိမ့်ချ, မင်းတွင်ခသို့, နိမ့်ကျရေလို, လိုက်သားကိုယ်ဖြင့်, ထိုထိုသီးရွက်, အခက်စသည်, တစ်မည်မျက်, မနှောင့်ယှက်တည့်"။ ရွေ-၃၃။

ဤသို့ ရှေးဆရာများ စပ်ဆိုထားသော အပင်မျိုးပင် ဖြစ်ဖွယ်ရာ ရှိပါသည်။

ဤသစ်ပင်သည် ပင်ကိုယ်သဘာဝအားဖြင့် နူးညံ့ပျော့ပျောင်းလှသည့်အတွက် ဂင်္ဂါမြစ်ရေလျှည်ကြောသို့ သက်ရောက်၍ မြစ်ကွေ့များမှာ တင့်တယ်စံပယ်လျက် သမုဒ္ဒရာသို့ရောက်ပြီး ပတ္တမြားအဆင်းနှင့်တူသောအဆင်းရှိသည့် လှိုင်းပေါ်မှာ တင့်တယ်ခွင့်ကို မရတော့ချေ။

သာယာသောအသံဖြင့် ရွတ်ဖတ်ဟောပြောတတ် (သည့်အပြင် ငဲ့ကွက်မှုများ, စိတ်ထားပျော့ညံ့)သောပုဂ္ဂိုလ်သည် ဂင်္ဂါမြစ်လယ်၌ ပေါက်နေသည့် ယင်း ပျော့ပျောင်းသော သစ်ပင်နှင့်တူသည်။

သူသည် ထင်ရှားကုန် ထင်ရှားကုန်သော ဝေဿန္တရာဇာတ်စသည်တို့ကို သင်ယူလျက် ရဟန်းရှားပါးသော ကျေးလက်တောရွာသို့ သွားသည်၊ သူ.တရားကို ကြားနာရသည့်

အခါ ရွာသူရွာသားများမှာ ကြည်ညိုသဒ္ဓါ ဖြစ်ပွားလာသည်၊ သို့ဖြင့် သူသည် ရွာသူရွာသားများ၏ ပြုစုလုပ်ကျွေးမှုကို ခံယူလျက် မိမိကို ရည်ညွှန်းဆောက်လုပ်ပေးသော ကျောင်းတိုက်မှာ နေထိုင်သည်၊ ယင်း ကျောင်းတိုက်သည် ပန်းပင်အမျိုးမျိုး, သီးပင်အမျိုးမျိုးတို့ဖြင့် တင့်တယ်ဝေဆာနေသော ကျောင်းတိုက်မျိုး ဖြစ်သည်၊ နန္ဒဝန်ဥယျာဉ်သဖွယ် မွေ့လျော်ဖွယ်ဖြစ်နေသည်။

"ဒီကိုယ်တော်ကလေးဟာ အလုပ်အကျွေး ဒကာဒကာမတွေအပေါ်မှာ ငြိကပ်တွယ်တာနေတယ် ဆိုပါလား၊ ရဟန်းကလေးဟာ ပညာရှိတယ်၊ ဘုရားဟာ ပါဠိတော်ကို သင်ယူဖို့လဲ စွမ်းအားရှိတယ်၊ ကမ္မဋ္ဌာန်းနှလုံးသွင်းဖို့လဲ စွမ်းအားရှိတယ်၊ သူ့ကို အရခေါ်ပြီး ဘယ်မထေရ်ဆီမှာ အတူတကွ စာပေသင်ကြမယ်၊ ဘယ်မထေရ်ဆီမှာ ကမ္မဋ္ဌာန်း သင်ယူကြမယ်"။

ယင်း ကျောင်းထိုင်ရဟန်းကလေးအတွက် တာဝန်ရှိနေကြသော (ဆရာဥပဇ္ဈာယ်စသည့်) ရဟန်းတော်များက သူ့သတင်းကို ကြားသိရသောအခါ ဆွေးနွေးတိုင်ပင်၍ သူ့ထံကို သွားကြသည်။

ရဟန်းတော်များ ရောက်လာသည့်အခါ ကျောင်းနေရဟန်းကလေးက မိမိထံ ရောက်လာသော ရဟန်းတော်များကို ကြိုဆိုဝတ်ပြုလျက် နေရာထိုင်ခင်း ပြင်ပေးထားသည်၊ ညနေချမ်းအချိန်မှာ ကျောင်းတိုက်ကို လှည့်လည်ပြသရန် ဧည့်သည် ရဟန်းတော်များနှင့် အတူ ထွက်လာသည်၊ ဧည့်သည်ရဟန်းတော်များ မေးသမျှကို ဖြေဆိုရင်း နောက်မှ လိုက်ပါနေသည်။

"ငါ့ရှင်! ဒီစေတီတော်ကို ငါ့ရှင်ကိုယ်တိုင် စိမ်ထားသလား?"။

"မှန်ပါတယ် အရှင်ဘုရား"။

"ဒီဗောဓိပင်, ဒီမဏ္ဍပ်, ဒီဥပုသ်ကျောင်းဆောင်, ဒီမီးတင်းကုပ်, ဒီစင်္ကြံတွေဟာ ငါ့ရှင်စိမ်ထားတာချည်းပဲလား ?၊ ဒီသစ်ပင်တွေကို အစိုက်ခိုင်းပြီး ကျောင်းတိုက်ကြီး တစ်ခုလုံး နန္ဒဝန်ဥယျာဉ်လို မွေ့လျော်ဖွယ်ကောင်းအောင် ငါ့ရှင်က အလုပ်ခိုင်းထားသလား?"။

"မှန်လှပါ အရှင်ဘုရား"။

ညအချိန် ရောက်လာသည့်အခါ သူသည် မထေရ်များကို ဆည်းကပ်ရန်သွားသည်၊ လက်အုပ်ချီမိုး ရှိခိုးလျက် မထေရ်များကို လျှောက်ထားသည်။

"ဒီကို ဘာကိစ္စအတွက် ကြွလာပါသလဲဘုရား?"။

"ငါ့ရှင်ကို ခေါ်သွားပြီး ဘယ်မထေရ်ဆီမှာ ကမ္မဋ္ဌာန်းသင်ယူကြမယ်၊ ပြီးတော့

ဘယ်တောအုပ်မှာ ညီညီညွတ်ညွတ် ရဟန်းတရား အားထုတ်ကြမယ်ဆိုတဲ့ ကိစ္စနဲ့ လာကြတာပဲ ငါ့ရှင်"။

"သိပ်ကောင်းတာပေါ့ဘုရား၊ အရှင်ဘုရားများက တပည့်တော်ရဲ့အကျိုးကို မျှော်ကိုးပြီး ကြွလာကြတာပဲ၊ တပည့်တော်လဲ ဒီမှာ အနေကြာလာတဲ့အတွက် ပျင်းနေပါပြီဘုရား၊ တပည့်တော်လိုက်ဖို့ အဆင်သင့်ပါပဲဘုရား၊ သပိတ်သင်္ကန်း သွားယူပါရစေဦး"။

"ကိုရင်တွေ, ရဟန်းလေးတွေ ခရီးပင်ပန်းလာကြတယ် ငါ့ရှင်၊ ဒီနေ့ တစ်နေ့လောက် နေပြီး နက်ဖြန်ဆွမ်းစားပြီးမှ သွားကြတာပေါ့"။

"ဒါဖြင့်လဲ ကောင်းပါပြီ ဘုရား"။

နောက်တစ်နေ့မှာ ကျောင်းနေရဟန်းကလေးသည် မထေရ်ကြီးများနှင့်အတူ ဆွမ်းခံဝင်သည်၊ ရွာသူရွာသားများက "တို့ကိုယ်တော်လေးက ဧည့်သည်ရဟန်းတွေအများကြီး ပင့်လာတာပဲ"ဟု အားရဝမ်းသာ နေရာခင်းကြသည်၊ ယာဂု ကပ်ကြသည်၊ သူတို့သည် အနီးသို့ ချဉ်းကပ်ရောက်လာသူတို့အား ဟောကြားသော သာသနာ့ မိတ်ဆက်တရားကို နာကြား ကြပြီးသည့်နောက် ဆွမ်းလောင်းလှူကြသည်။

"ငါ့ရှင်က အနုမောဒနာတရား ဟောပြီးမှ ကြွလာခဲ့တာပေါ့၊ တို့က ရေမိုးအဆင်ပြေတဲ့ တစ်နေရာမှာ ဆွမ်းဘုဉ်းပေးကြရလိမ့်မယ်"။

မထေရ်များက ကျောင်းနေရဟန်းကလေးကို ပြောဆိုမှာထားခဲ့ကြပြီး ထွက်ကြွ လာခဲ့ကြသည်၊ အနုမောဒနာတရား နာကြားပြီးသည့်အချိန်မှာ ဒါယကာများက သူတို့၏ ကျောင်းနေရဟန်းကလေးကို လျှောက်ထားကြသည်။

"ဆရာတော်တွေ ဘယ်ကကြွလာကြပါသလဲဘုရား?"။

"ဆရာတော်တွေက ဦးပဉ္စင်းရဲ့ ဆရာဉပဇ္ဈာယ်တွေဖြစ်ပြီး ရဟန်းငယ်တွေက ဦးပဉ္စင်းရဲ့ ဆရာတူတပည့်တွေ မိတ်ဆွေသူငယ်ချင်းတွေပါပဲ၊ ဦးပဉ္စင်းရဲ့ မွေးရပ်မြေကပဲ ကြွလာကြတယ်"။

"ဒါဖြင့်ရင် ဒီကို ဘာကိစ္စနဲ့ ကြွလာကြပါသလဲဘုရား?"။

"ဦးပဉ္စင်းကို ခေါ်သွားကြမယ်လို့ လာကြတာပဲ"။

"ဒါဖြင့် အရှင်ဘုရားတို့က လိုက်သွားလိုပါသလား?"။

"အေး ၊ လိုက်သွားမှ ကောင်းမယ်ထင်ပါရဲ့"။

"ဘယ်လို ပြောလိုက်တာလဲဘုရား?၊ တပည့်တော်တို့က ဘယ်သူ့အတွက် ဥပုသ်ကျောင်းဆောင်ကိုဆောက်ထားပါသလဲ?၊ ဘယ်သူ့အတွက် ဆွမ်းစားကျောင်းကို ဆောက်ထားပါသလဲ?၊ ဘယ်သူ့အတွက် မီးတင်းကုပ်စတဲ့ အဆောက်အအုံတွေကို ဆောက်ထားပါသလဲ?၊ သုမင်္ဂလ, ဒုမင်္ဂလကိစ္စတွေ ရှိလာတဲ့ အခါမှာ ဘပည့်တော်တို့က ဘယ်သူ့ဆီကို သွားရတော့မလဲဘုရား?"။

ဤသို့ လျှောက်ထားနေသော ဒါယကာများ၏ အနားမှပင် ဥပါသိကာ ဒါယိကာမကြီးများကလည်း (နှပ်တရှုပ်ရှုပ်နှင့် မျက်ရည်သုတ်ကာ) ထိုင်ငိုနေကြပါတော့သည်၊ ထိုစဉ် ကျောင်းနေရဟန်းကလေးက ဒါယကာဒါယိကာမများကို ငဲ့ကွက်တွယ်တာ ကြင်နာသနားလာသည်။

"ဒကာကြီးတွေ ဒကာမကြီးတွေက ဒီလိုဆင်းရဲဒုက္ခ ရောက်နေကြမယ်ဆိုရင် ဦးပဉ္စင်း လိုက်သွားလို့ တော်မယ်မထင်တော့ပါဘူး၊ ဆရာတော်တွေကိုပဲ ပြန်လွှတ်လိုက်ရတော့မယ်"။

သူသည် ဒါယကာဒါယိကာမများကို လိုက်လျောပြောဆိုထားခဲ့ပြီး ကျောင်းကို ပြန်လာခဲ့သည်၊ မထေရ်များကမူကား ဆွမ်းဘုဉ်းပေးပြီးသည့်နောက် သပိတ်သင်္ကန်း ကိုယ်စီယူလျက် ထိုင်စောင့်နေနှင့်ကြသည်။

"ဘယ့်နယ်လဲ ငါ့ရှင်?၊ ကြာလှချည်လား?၊ နေတောင် အတော်မြင့်သွားပြီ၊ လာ ၊ သွားကြစို့ရဲ့"။

သူပြန်လာသည်ကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ခရီးစတင်ထွက်ခွာကြမည့်အကြောင်းကို မထေရ်များက မိန့်တော်မူကြသည်။

"မှန်ပါ၊ အရှင်ဘုရားများကတော့ သိပ်လွယ်တာပဲ၊ တပည့်တော်မှာတော့ ဟိုကျောင်းဆောင်အတွက် အုတ်ဖိုးပေးစရာ ရှိနေသေးတယ်၊ ဟိုနားက ကျောင်းဆောင်စတဲ့ အဆောက်အအုံတွေရဲ့ ပန်းချီဆေးရေးခစတဲ့ ပေးစရာတွေကလဲ ကျန်နေသေးတာပဲ၊ တပည့်တော် လိုက်လာရပေမဲ့ နောက်ပိုင်းအေးမှာ မဟုတ်သေးပါဘူး၊ အရှင်ဘုရားတို့ကပဲ ရှေ့ကကြွနှင့်ကြပြီး ဟိုနားကကျောင်းမှာ သင်္ကန်းလျှော်စရာ ဆိုးစရာကိစ္စတွေကို လုပ်နေနှင့်ကြပါ၊ တပည့်တော်က အဲဒီမှာ အရှင်ဘုရားတို့ကို အမီလိုက်လာခဲ့ပါ့မယ်"။

"အေး အေး ဒီလိုဆို ငါ့ရှင်က နောက်မှ လိုက်ချင်လဲ လိုက်ခဲ့တာပေါ့!"။

ပရိယာယ်ဉာဏ်ဆင်လျက် လွှဲဖယ်လျှောက်ထားသော သူ့စကားကို ကြားရသည့်အခါ မထေရ်များက မလိုက်ပါလိုကြောင်းကို ရိပ်မိ သိရှိကြသည့်အတွက် အလိုက်သင့်စွာ ပြောဆိုမှာထားခဲ့ပြီး ထွက်ခွာလာကြရတော့သည်။

ကျောင်းနေရဟန်းကလေးက မထေရ်များကို လမ်းတစ်ဝက်လောက် လိုက်ပို့ပြီး မိမိကျောင်းကိုပင် ပြန်လာခဲ့သည်။

"ငါ လိုက်မသွားတာ သိပ်ကောင်းတာပဲ၊ ငါ လိုက်သွားလို့ရှိရင် ဓမ္မကထိက တစ်ပါးက လာရောက်ပြီး ရွာသူရွာသားတွေက သဘောမတူပေမဲ့ ကျောင်းတိုက်ကြီး တစ်ခုလုံးကို သူတို့ရဲ့ကိုယ်ပိုင် လုပ်တော့မှာပဲ၊ ဒီတော့ ငါက နောက်ပိုင်းမှာ ပြန်လာတောင်မှ သူတို့ရဲ့လက်ဝေခံဆွမ်းကို စားနေရပေလိမ့်မယ်"။

သူသည် ပန်းပင် သီးပင်များ, အဆောက်အအုံများဖြင့် တင့်တယ်ဝေဆာ သာယာမွေ့လျော်ဖွယ် ကောင်းသော ကျောင်းတိုက်ကို ကြည့်ရှုလျက် အတွေးရေလျဉ်ကြောမှာ မျောပါနေပါတော့သည်၊ သူသည် ယင်းကျောင်းတိုက်မှာပင် မွေ့လျော်ပျော်ပိုက်စွာ ဆက်လက်နေထိုင်ပါတော့သည်။

"သူ့ကို ခေါ်မရလို့ ပြန်သွားကြတဲ့ ရဟန်းတော်တွေကတော့ ရောက်တဲ့ နေရာမှာ နိကာယ်တစ်ခုနှစ်ခု, ပိဋကတ်တစ်ပုံနှစ်ပုံ စသည်ဖြင့် ဘုရားဟော ပါဠိတော်တွေကို သင်ယူထားကြတယ်၊ ဒါနဲ့ စာချဆရာတွေ ဖြစ်နေကြတယ်၊ ဝိနည်းဓိရ်တွေ ဖြစ်နေကြတယ်၊ တပည့်ပရိသတ် တစ်ရာရှိသူ ရှိနေကြတယ်၊ တစ်ထောင်ရှိသူ ရှိနေကြတယ်၊ သူတို့ထဲက တရားအားထုတ်ရအောင်လို့ သွားတဲ့ သူတွေကတော့ သူတို့ကြိုးစားသလောက် သောတာပန်ဖြစ်သူ ဖြစ်ကြတယ်၊ သကဒါဂါမ်ဖြစ်သူ ဖြစ်ကြတယ်၊ အနာဂါမ်ဖြစ်သူ ဖြစ်ကြတယ်၊ ရဟန္တာဖြစ်သူ ဖြစ်ကြတယ်၊ အချို့ကျတော့ ကြီးမားတဲ့ ပူဇော်သက္ကာရတွေနဲ့ ပရိနိဗ္ဗာန်ဟောင်မှ ဝင်စံသွားကြတယ်"။

ဤသတင်းစကားကို ကြားလာရသည့် အချိန်မှာကား သူသည် နောင်တပူပန်မှု ဖြစ်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့ပါ။

"သူတို့နှင့်လိုက်သွားလို့ရှိရင် ငါ့မှာလဲပဲ ဒီပြည့်စုံမှုတွေ တစ်ခုခုတော့ ဖြစ်လာရမှာပါပဲ၊ ငါဟာ ဒီနေရာဒီဌာနကို မစွန့်လွှတ်နိုင်တဲ့အတွက် အတိုင်းထက် အလွန် အကျိုးယုတ်သွားရတော့တာပါပဲ"။

သူသည် ဤနောင်တပူပန်မှုကို ရင်ဝယ်ပိုက်လျက်သာ ဘဝတစ်ပါးသို့ ကူးပြောင်း သွားရပါတော့သည်။

ဤပုဂ္ဂိုလ်သည် မိမိ၏ စိတ်နှလုံးပျော့ညံ့မှု (ငဲ့ကွက်တွယ်တာမှု)ကြောင့်ပင် ထိုနေရာဌာနကို မစွန့်လွှတ်နိုင်သည့်အတွက် အရိယမဂ်သို့ သက်ရောက်၍ သမာဓိ ဖောင်ပေါ်မှာ ထိုင်လျက် နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

ဤရဟန်းမျိုးကို ရည်ရွယ်လျက် ရှေးဆရာတော်များကလည်း အောက်ပါစကားကို မိန့်ဆိုထားခဲ့ပေသည်။

၄၃၂။ "ငါ့ကျောင်းငါ့ကန်,ငါ့ဗိမာန်က,လေးတန်ပစ္စယ,ရိုခမြတ်လေး,သဒ္ဓါရှေး၍,
လုပ်ကျွေးတတ်စွာ, ငါ့ဒကာဟု, တွယ်တာတတ်ငြား, ရဟန်းများတို့, တရားကွာလွင့်, တဏှာဖြင့်သာ, လူနှင့်ဒွေးဘော်, လွန်မွေ့လျော်လျက်, စိုးဖော်ပျော်ဖက်, တသက်သက်နှင့်, စုံမက်စွန်းမက်, မခွာရက်"။ မဃ-၃၃၅။

၈။ အခြားသစ်တုံးတစ်ခုသည် ဂင်္ဂါမြစ်လယ်၌ ကန့်လန့်ကျနေသည်၊ သဲများ၏ ငြိတွယ်ဝန်းရံမှုကိုလည်း ခံနေရသည်၊ မြစ်တွင်းတံတားကဲ့သို့ လူအများ၏ အထောက်အကူဖြစ်နေသည်၊ ကမ်းနှစ်ဖက်မှာ(ပေါက်သော) ဝါး,ကျူ,သင်းဝင်,ခတက်စသည်တို့ မျောပါလာ၍ ယင်းသစ်တုံးမှာပင် ငြိတွယ်နေကြသည်၊ မျောပါလာသမျှသောချဲ့အမျိုးမျိုးနှင့် ကျည်ပွေ့,ကျိုး,,ဆန်ကောပျက်, မြွေကောင်ပုပ်, ခွေးကောင်ပုပ်, ဆင်ကောင်ပုပ်, မြင်းကောင်ပုပ်စသည်တို့လည်း ယင်းတုံးမှာပင် ငြိတွယ်နေကြသည်၊ ဂင်္ဂါမြစ်လည်း ယင်းသစ်တုံးသို့ရောက်လျှင် နှစ်ဖြာခွဲ၍ စီးသွားရသည်၊ ငါး, လိပ်, မိကျောင်း, မကန်း(မကရ)စသည်တို့လည်း ယင်းတုံးကိုပင် မှီခိုနေကြသည်။

["မကရ"ကို လင်းပိုင်,မိကျောင်း,,ငါးမန်းဟိုင်းစသည်ဖြင့် ပါဠိအဂ်လိပ်အဘိဓာန်များ သက္ကတအဂ်လိပ်အဘိဓာန်များ ဟိန္ဒီအဘိဓာန်များမှာ ဖွင့်ပြထားပါသည်၊ "မိကျောင်းနှင့် ပုံသဏ္ဌာန်တူသော ပင်လယ်ငါးတစ်မျိုး"ဟုလည်း ဆိုကြပါသေးသည်၊ မြန်-ဘီ အကျဉ်းချုပ်ဋ္ဌကား "ဆူးရှိသော ကိုယ်ခွံအထပ်ထပ်ရှိ၍ အမြီးလက်ခြောက်ဖက်နှင့် လက်မကြီးနှစ်ခု ပါရှိသည့် မြေတွင်းအောင်း ပင်လယ်သတ္တဝါတစ်မျိုး၊ (ပင်လယ်ပိုင်းတွင် အသားကိုစားကြသည်၊) ဒဏ္ဍာရီများနှင့် ဇာတ်တော်များတွင် ဖော်ပြလေ့ရှိသည့် နာမောင်း, ကိုယ်အကြေးခွံ, ခြေလေးဖက်, အမြီးစသည်ပါရှိသော ရေနေသတ္တဝါတစ်မျိုး"ဟု နှစ်မျိုးဖွင့်ပြထားသည်။]

ဤတုံးသည် မြစ်ထဲမှာ ကန့်လန့်ခံနေ၍ လူများ၏ အထောက်အကူ ဖြစ်နေသည့် အတွက် ဂင်္ဂါမြစ်သို့သက်ရောက်၍ မြစ်ကွေ့များမှာ တင့်တယ်စံပယ်လျက် သမုဒ္ဒရာသို့ ရောက်ပြီး ပတ္တမြားအဆင်းရှိသော လှိုင်းလုံးပေါ်ဝယ် တင့်တယ်ခွင့် မရတော့ချေ၊ ရထဝိနီတ, မဟာအရိယဝံသ, စန္ဒောပမစသော (သမထဝိပဿနာ)အကျင့်ကို သင်ရုံသာ သင်ထားပြီး ယုတ်ညံ့စွာ အသက်မွေးသော ရဟန်းသည် ပြဆိုခဲ့သော သစ်တုံးနှင့်တူသည်။

သူသည် ထို(သမထဝိပဿနာ)အကျင့်နှင့် စပ်လျဉ်းသော တရားတော်ကို ဟောတတ်ပြောတတ်ရုံမျှ သင်ထားသည်၊ ပင်ကိုယ်သဘာဝအားဖြင့် နှစ်လိုဖွယ်ရာ သာယာသော အသံလည်း ရှိသည်၊ နောက်တစ်ချိန်မှာ သူသည် စိတ္တလတောင် စသည်တို့ကဲ့သို့

အထွတ်အမြတ် နေရာဌာနတစ်ခုခုသို့ သွားရောက်လျက် စေတီယင်္ကာဝတ် စသည်တို့ကို ပြုလုပ်နေသည်။

ထိုစဉ် တရားနာတန်ဆောင်းသို့ ရောက်လာသော ထိုရဟန်းကို အာဂန္တုရဟန်းငယ်များက တရားဟောရန် ပြောဆိုတောင်းပန်ကြသည်၊ သူသည် ကောင်းစွာသင်ယူထားသော တရားကို (သမထဝိပဿနာ)အကျင့် ပေါ်လွင်လာအောင် ဟောပြောပြသသည်၊ ကြားနာရသမျှ ပံသုကူဓုတင်ဆောင် ပိဏ္ဍပါတ်ဓုတင်ဆောင်စသော ထေရ,နဝ,မဇ္ဈိမရဟန်းအကုန်လုံးတို့က နှစ်သက်ကျေနပ်ကြသည်။

သူသည် ဤသို့ သံပြားဖြင့် နှောင်ဖွဲ့ထားသကဲ့သို့ ရဟန်းငယ် သာမဏေငယ်တို့ကို သိမ်းသွင်းထားပြီးနောက် မထေရ်ကြီးများထံ သွားရောက်လျှောက်ထားသည်။

"အရှင်ဘုရား ! ဒါဟာရွေးကျောင်းဟောင်းကြီး ဖြစ်ပါတယ်၊ ဒီကျောင်းတိုက်မှာ ဝတ္တကမြေ တစ်စုံတစ်ရာ ရှိပါသလား?"။

"ဘယ့်နယ် ပြောလိုက်ပါလိမ့် ငါ့ရှင်ရယ်၊ ဒီကျောင်းတိုက်ရဲ့ဝတ္တကမြေဟာ ပယ်(ကရီသ)* နှစ်သောင်းလေးထောင်လောက် ရှိတယ်"။

"အရှင်ဘုရားတို့ကတော့ ဒီလိုပြောနေတာပါပဲဘုရား၊ ဖိုခနောက်ကြားမှာတော့ မီးတောင်မှ မတောက်ပါလား၊ (ဆွမ်းအိုးတွေကတော့ ပိုးမျှင်တန်းနေပါပေါ့လား"။)

"ကျောင်းတိုက်ကြီးမှာနေတဲ့ ပုဂ္ဂိုလ်များ ရ,ထားတဲ့ ပစ္စည်းတွေ ဆိုတာဟာ ဒီလို ပျက်စီးတတ်တာပါပဲ ငါ့ရှင်ရယ်၊ ဘယ်သူတစ်ဦးတစ်ယောက်မျှ တည်တန့်အောင် မလုပ်ကြပါဘူး"။

"အရှင်ဘုရား ! ရွေးမင်းတွေက ပေးလှူတာကို ရဟန္တာတွေက ခံယူထားခဲ့တာပဲ၊ ဘာ့ကြောင့် ဒါတွေ ပျက်စီးရမလဲ"။

"ငါ့ရှင်တို့လို ဓမ္မကထိကတွေကတော့ ရအောင်လုပ်နိုင်ကြမှာပါပဲငါ့ရှင်ရယ်"။

"အရှင်ဘုရား ! ဒီလိုတော့အမိန့်မရှိလိုက်ပါနဲ့၊ တပည့်တော်ကတော့ ဝိပဿနာဓမ္မကထိကမျှသာ ဖြစ်ပါတယ်၊ အရှင်ဘုရားများက တပည့်တော်ကို သံဃာ့ပစ္စည်းထိန်းသိမ်းပေးတဲ့ ကျောင်းအလုပ်အကျွေးရဟန်း ထင်ပြီး ခိုင်းလိုကြပါသလားဘုရား"။

"ဒီအလုပ်ဟာ ငါ့ရှင်နဲ့ မတော်ဘူးလား?၊ ငါ့ရှင်လိုပုဂ္ဂိုလ်မျိုးက ဟောပြောမယ် ဆိုရင် အဲဒီ ကျောင်းတိုက်ပစ္စည်းတွေဟာ နဂိုအတိုင်း ပြန်ဖြစ်လာရမှာပေါ့"။

---

* ကရီသ-ပယ်=၁၁-တင်း မျိုးကြဲနိုင်လောက်သောအရပ်၊ ၇-တောင်တာဖြင့် စတုရန်း၂၅-တာကို ဆင်းရဲသားပယ်ခေါ်၍ စတုရန်းတာ ၅၀-ကို မင်းပယ်ခေါ်သည်။

"ဒီလိုဆိုရင်လဲ အာရာမ်စောင့်များ လာတဲ့အချိန်မှာ တပည့်တော်ကို တာဝန်ပေးတော်မူပါ၊ အပ်စပ်တဲ့ အကြောင်းတွေကို ဟောပြောပြပါ့မယ်"။

သူသည် (မထေရ်ကြီးများထံမှာ ပရိယာယ်ဉာဏ်ဆင်ကာ ခွင့်တောင်းလာ၍) နံနက်စောစော ထွက်လာခဲ့သည်၊ စည်းဝေးရာဓမ္မာရုံမှာ နေရာယူထားသည်၊ အာရာမ်စောင့်များ ရောက်လာချိန်မှာ "ဒကာတို့! ဟိုလယ်က သီးစားခဟာ ဘယ်မှာလဲ?၊ ဟိုနားလယ်က ရတဲ့ငွေတွေ ဘယ်မှာတုံး?" စသော စကားမျိုးကို ပြောဆို၍ တစ်ဦးထံမှ လယ်ကိုသိမ်းယူပြီး အခြားတစ်ဦးကို ပေးသည်။

ဤသို့ တစ်ဦးပြီးတစ်ဦး ထိုထိုပုဂ္ဂိုလ်အား တားမြစ်လျက် ထိုထိုပုဂ္ဂိုလ်အား ပေးရင်း ယာဂုယူလာသူ, မုန့်ယူလာသူ, ဆွမ်းယူလာသူ, ဆီ,ပျား,တင်လဲ,ထောပတ်စသည် ယူလာသူတို့ကို မိမိထံသို့ချည်း ချဉ်းကပ်လာအောင် လုပ်ပါတော့သည်၊ သို့ဖြင့် ကျောင်းတိုက်ကြီးတစ်ခုလုံး ပွက်လောရိုက်နေပါတော့သည်၊ သီလကို ချစ်ခင်မြတ်နိုးသော ရဟန်းတော်များက ငြီးငွေ့စိတ်ပျက် ထွက်သွားကြရတော့သည်။

ဤရဟန်းသည်လည်း (နောက်ပိုင်းမှာ) ဆရာဥပဇ္ဈာယ်တို့က စွန့်ထားရလောက်အောင် ဆိုဆုံးမခက်သူ အများအပြားအား ဥပဇ္ဈာယ်ပေးလျက် ကျောင်းတိုက်ကို ပြည့်စေပါတော့သည်။

ခရီးသွား ရဟန်းတော်များက ကျောင်းတိုက်တံခါးဝနားမှာ ရပ်ရင်းပင်"ကျောင်းတိုက်ထဲမှာ ဘယ်လိုပုဂ္ဂိုလ်တွေ နေကြသလဲ"ဟု မေးကြသည်၊ "ဒီလို ရဟန်းမျိုးတွေ နေကြတာပါပဲဘုရား"ဟူသောစကားသံကို ကြားရသည့်အခါမှာ ရှောင်ခွာထွက်သွားကြတော့သည်။

ဤပုဂ္ဂိုလ်သည် သာသနာတော်မှာ ကန့်လန့်လဲလျောင်းနေသည့်အတွက် လူအများ၏ အထောက်အကူဖြစ်လျက် အရိယမဂ်သို့ သက်ရောက်၍ သမာဓိဖောင်ပေါ်မှာ ထိုင်ကာ နိဗ္ဗာန်သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ။

ဤပုဂ္ဂိုလ်မျိုးကို ရည်၍ ရှေးဆရာတော်များက အောက်ပါစကားရပ်များကို မိန့်ဆိုထားခဲ့ဟန် တူပေသည်။

၄၂၇။ "တမော့ကြွားကြွား, တလွှားလွှားနှင့်, တရားဟောယောင်, ချို့ရှင်ပြောင်လည်း, တောင်တောင်မြောက်မြောက်, ပင့်မြောက်ချနှိပ်,ရောင်ရိပ်ဝဲရစ်, လာဘ်ကိုညစ်လျက်, ဗလစ်ဗလစ်, နှုတ်မထစ်ဘူး၊ မဆစ်မဆိတ်, မတိတ်အသံ, တည်ညံဖြင့်, တစ်ရံမစဲ, ဘွာစီကြဲ၍, နှုတ်ရဲလျှာရွ"။ မဃ-၃၂၉။

၄၃၄။ "လူ့လောကိဘောင်, အိမ်ရာထောင်နှင့်, စွန့်ရှောင်ခွာဆန်း, ဝတ်သင်္ကန်းဖြင့်, ရဟန်းမည်ကာ, ပြုကြလာ၍, ဣစ္ဆာပကတ, ပါပဝိတက်, လိုရမှုက်ကို,

နှစ်သက်အမြဲ, ခွာမရဲဘူး၊ ကိုယ်ထဲမကင်း, တည်စေခြင်းဖြင့်, အဖျင်းလေဘင်, ထိုလူရှင်ကား, သသံရာကာလ, ဘဝဝက, လက်ချလုံးလုံး, စစ်ကြီးရှုံး၍, ပျက်ဆုံး ဤကိုယ်, ငြင်တငြိုဖြင့်, အိုအိုသေသေ, သန္ဓေမပြီး, ထိပ်ထက်စီးလျက်, ဘေးကြီး နှိပ်စက်, ဆင်းရဲနက်၏"။ မဃ-၃၃၇။

အကျဉ်းမှတ်ဖွယ်

၁။ မိစ္ဆာအယူရှိသောရဟန်း၊

၂။ လူ့အနှောင်အဖွဲ့ကို မဖြတ်တောက်နိုင်သောရဟန်း၊

၃။ အသက်မွေးမှု ပျက်စီးနေသောရဟန်း၊

၄။ အပျင်းထူ၍ အစားကြီးသောရဟန်း၊

၅။ အယူဖောက်ပြန်သောရဟန်း၊

၆။ တောရွာ၌ ကျောင်းထိုင်၍ တရားနာခွင့် မရသည့် အသက်ကြီးမှ သာသနာတွင်းသို့ ဝင်ရောက်လာသော တောထွက်ရဟန်း၊

၇။ ငဲ့ကွက်မှုများ စိတ်ထားပျော့ညံ့သောရဟန်း၊

၈။ သမထဝိသနာကို ပြောဟောရုံမျှ သင်ထားပြီး ယုတ်ညံ့စွာ အသက်မွေးသောရဟန်း၊

ဤရဟန်းရှစ်မျိုးတို့သည် နိဗ္ဗာန်သမုဒ္ဒရာသို့ မဝင်ရောက်နိုင်၊ နိဗ္ဗာန်နှင့် ဝေးကွာသူများ ဖြစ်ကြသည်-ဟု ဆိုလိုသည်။

ဆောင်။ ။မိစ္ဆာစွဲယူ, လူ့မှုမဖျက်, သက်မွေးပျက်စီး, စားကြီးပျင်းထူ, အယူလွဲပယိုင်, ကျောင်းထိုင်တောထွက်, ငဲ့ကွက်မှုများ, ပေါကြားရုံသာ, ဘာဝနာကို, လေ့လာထားလျက်,သက်မွေးဖျက်သူ, ရှစ်ဦးလူ, နိဗ္ဗာန်မနီး, အဝေးကြီး။

ဤသို့လျှင် ဘုရားရှင်ကိုယ်တိုင်က အပြစ်ရှစ်မျိုးမှ ကင်းလွတ်သည့်သစ်တုံးနှင့် နှိုင်းခိုင်းလျက် အပြစ်ရှစ်မျိုးမှ ကင်းလွတ်သည့် နိဗ္ဗာန်ဝင်စံနိုင်သော ရဟန်းမျိုးကို ညွှန်ပြတော်မူသည်၊ အဋ္ဌကထာဆရာများကလည်း အပြစ်မလွတ်သော သစ်တုံးရှစ်မျိုးနှင့် အသီးအသီး နှိုင်းခိုင်းလျက် နိဗ္ဗာန်မဝင်စံနိုင်သော ရဟန်းရှစ်မျိုးတို့ကို ညွှန်ပြတော်မူကြသည်။

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများက မိမိတို့ကိုယ်တိုင် ယင်းရဟန်းများအနက် မည်သည့်ရဟန်းအမျိုးအစားထဲမှာ ပါဝင်နေကြောင်း သုံးသပ်ဆင်ခြင်စေလိုပါသည်၊ ထို့နောက် မိမိတို့မှာ ပြုပြင်စရာ ရှိလျှင်လည်း ပြုပြင်စေလိုပါသည်။

သာသနာတော်ကို အထောက်အကူ ပြုနေကြသော ဒါယကာ ဒါယိကာမများကလည်း မိမိတို့ ကိုယ်တိုင် ဘယ်သို့ပြုမူလုပ်ကိုင်သင့်ကြောင်း, ဘယ်လိုရဟန်းမျိုးကို

ကူညီထောက်ပံ့မှ သာသနာအတွက် အမြတ်ထွက်နိုင်ကြောင်းကို သဘောပေါက်နားလည်ကာ သာသနာ ရေးကို အလေးဂရုပြုလျက် ကူညီထောက်ပံ့ အားပေးစေလိုပါသည်။

ယင်းသို့သာသနာရေးတစ်ခုတည်းကိုသာ ကြည့်ရှုလျက် ဆရာဒကာလက်တွဲမဖြုတ်ဘဲ ပြုမူလုပ်ကိုင် နေထိုင်ကျင့်သုံးသွားကြပါလျှင် သာသနာ့အရှိန်အဝါသည် လက်ရှိအခြေအနေထက် နိမ့်ကျမသွားနိုင်သည့်အပြင် ကြီးပွားတိုးတက်လာစရာသာ ရှိပါတော့သည်။

*သမဏဘဒြ-ရဟန်းကောင်း ရှစ်မျိုး

သမဏဘဒြ-ဟူသည် ရဟန်း၏ကောင်းခြင်း, ရဟန်း၏ကောင်းဂုဏ်ပင် ဖြစ်ပါသည်၊ သို့ဖြစ်၍ ယင်းကောင်းဂုဏ်နှင့်ပြည့်စုံသော ရဟန်းကိုလည်း "သမဏဘဒြ-ရဟန်းကောင်း" ဟုပင် ခေါ်ဆိုသင့်ပါသည်။

"သမဏဘဒြ ရှစ်မျိုး"ဟု သင်္ချာတပ်ကာ ပြဆိုထားသည့်အတွက် "သမဏဘဒြ ရှစ်မျိုးမျှသာရှိသည်"ဟုကား အထင်မှား အမြင်မှား မဖြစ်သင့်ပါ၊ ရှစ်မျိုးထက် အပိုအလွန်အရာအထောင် ရေတွက်၍မကုန်နိုင်အောင် ဟောပြစရာ ရှိသေးသည်၊ သို့တစေ-အခြေအနေအရ ရှစ်မျိုးမျှသာ ဟောထားရကြောင်းကို အဋ္ဌကထာဆရာများက မိန့်ဆိုထားပါသေးသည်။

သို့ဖြစ်၍ အခြေအနေအရ ဟောပြထားသော ဤသမဏဘဒြ ရှစ်မျိုးနှင့် အခြားသင့်လျော်သော သမဏဘဒြများကိုပါ ကျနဖွေရှာ လေ့လာမှတ်သားလျက် သာသနာ့မျိုးဆက်များဖြစ်ကြသည့် ရှင်ငယ်ရဟန်းငယ်များက ရဟန်းကောင်းစာရင်းဝင် ပုဂ္ဂိုလ်များ ဖြစ်လာအောင် နည်းယူလိုက်နာ ပြုကျင့်သင့်ပါသည်၊ သာသနာ့မျိုးနွယ်များ ဖြစ်ကြသော သာသနာပြု ဒါယကာဒါယိကာမများကလည်း ရှင်ကောင်းရဟန်းကောင်းတို့ကို စစ်ဆေးရွေးချယ်လျက် အားပေးကူညီ လှူဒါန်းထောက်ပံ့မှုကို ပြုသင့်ပါသည်။

ဤသို့ ရှင်ဘက်လူဘက် နှစ်ဦးနှစ်ဖက်လုံးက ပြုပြင်သွားကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ရောင်ဝါမညှိုး တိုးကာတိုးကာ ပြောင်လက်လာစရာသာ ရှိပါသည်၊ မည်သည့်နည်းနှင့်မျှ ညစ်ကြေးတင်ကာ ညစ်နွမ်းလာစရာ မရှိနိုင်တော့ပါ။

၁။ သဒါပိ ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
နတေသံ ကောဋ္ဌေ ဩပေန္တိ , နကုမ္ဘိံ နကဋ္ဌောပိယံ၊
ပရနိဋ္ဌိတမေသာနာ , တေန ယာပေန္တိ သုဗ္ဗတာ။

ကျီ,အိုး,တောင်းတွင်-သိမ်းမထားဘဲ , သိက္ခာသုံးပါး-ကျင့်နေတာ၊
သူများအိမ်မှာ-ကျက်ပြီးသားကို , ခံယူသုံးစား-မျှတကာ၊
မစုဥစ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-မရှိပါ၊
ရဟန်းတို့မှာ-မြဲမချွတ်ပင် , ကြောင့်ကြကင်းလွတ်-ကောင်းမြတ်တာ။

---

* ဇာတ်-၄-၅၊ ၂၆၆။

ရဟန်းတော်တို့သည် ဥစ္စာစပါးကို ကျို(စည့်,ဂိုဒေါင်)၌လည်း သိမ်းမထားကြ၊ အိုး၌လည်း သိမ်းမထားကြပါ၊ တောင်း၌လည်း သိမ်းမထားကြ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ-သိက္ခာသုံးပါးကို ကောင်းစွာကျင့်နေကြသော ထိုရဟန်းတော်များသည် သူတစ်ပါးအိမ်မှာ ကျက်ပြီးသား အစာကို သင့်တော်သော အချိန်ဝယ် သင်္ကန်းရုံပြီး သပိတ်ကို ပွေ့ပိုက်လျက် အိမ်စဉ်အတိုင်းရပ်ကာ လိုက်လံရှာဖွေကြသည်၊ ရလာသောအစာဖြင့်ပင် မျှတနေကြသည်၊ (ယင်းရလာသော အစာအာဟာရကို ကိုးပါးသော စက်ဆုပ်ဖွယ်သဘောဖြင့် ဆင်ခြင်သုံးစွဲလျက် အသက်မွေးမှု ပြုနေကြသည်၊) ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ, အိမ်ထောင်သားမွေး ရှုပ်ထွေးမှုလည်းမရှိသော ရဟန်း၏ ဆွမ်းခံစားခြင်းအကျင့်သည် အခါခပ်သိမ်းကောင်းသည်သာ။

အဘယ့်ကြောင့်နည်းဟူမူ- ဆွမ်းခံစားသောရဟန်းမှာ ခုရောနောင်ပါ ချမ်းသာသုခပြည့်ဝနိုင်သောကြောင့်ပင် ဖြစ်သည်၊ ဤအဆိုပြုချက်ကို အောက်ပါဘုရားစကားတော်ကလည်း ထောက်ခံပြီးဖြစ်ပါသည်။

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ , ဓမ္မံ သုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ , အသ္မိံ လောကေ ပရမှိ စ။

ဆွမ်းခံစားမှာ-မမေ့ပါ , ဆွမ်းခံကျင့်ဝတ်-မပြတ်သာ၊
စွဲမြဲကောင်းစွာ-ကျင့်သူများ , ခုရောနောင်ပါ-ချမ်းသာပွား။

ဤသည်ကိုပင် ရည်ရွယ်၍ ရှေးဆရာများ မိန့်ဆိုထားသည်ကိုလည်း ဆက်လက်ပြပါဦးမည်။

၂၁၁။ "ငါတို့သူငါ, ရဟန်းမှာကား, နေအရုဏ်တက်, ထွန်းလှုံပြက်က, နံနက်ခင်းဝယ်, ကြီးငယ်ကိစ္စ,ကျန်ရမကြွင်း, ပြီးစေလျင်း၍, ရွာတွင်းရပ်ခွင်, ဝင်ချိန်တိုင်သော်,သင်းပိုင်ခေါက်ဖြန့်:, ချက်ထက်လွန့်လျက်,တိုင်းမှန့်းပုဆစ်, အောက်ရှစ်သစ်နှင့်, နစ်ခဲ့ဒုကုဋ်, ဆုတ်ခဲ့မိုက်ဝက်, လေးသစ်ထက်ဝယ်, ပတ်ယှက်သေသတ်, ကမွတ်ဘွဲ့ချည်, လည်လက်ကောက်ဝတ်, ဖုံးလွှမ်းပတ်ပြီး ကောင်းမြတ်အာရုံ, ရေလုပ်ငုံသို့, လေဟုံငြိမ်သက်, ကိုယ်လက်ဦးနား, လူပ်ရှားမမူ, တူရူတည့်နိုး, ကြည့်မြော်ရိုးလည်း, ထမ်းပိုးတိုင်းမှန်, တာတစ်ပြန်ထက်, မလွန်စေရ, သီလမြဲသို့, ထီးရိပ်ခိုလျက်, အိမ်ကြိုအိမ်ကြား, သွားလာခြိုးခြံ, ဆွမ်းရပ်ခံသော်, ခွက်သံဇွန်းသံ, နာခံနားပါး, စွာန်ဝင်စားသို့, ဘဝါးရပ်တန့်, ရဟန့်းတရား, မှတ်သားရှေးရှု, သူလျှင်လူသား, ညဉ့်ဦယာမ်ကျော်, နံစော်ချစ်တူး, ပြောင်းလူးပဲဆပ်, ပိစပ်မုယော, ရောနှောစိမ်းဆပ်,နဲ့ထပ်ထပ်နှင့်, ဟင်းဖတ်ဟင်းရွက်, ပြုတ်ချက်စိမ်းဘန်, ချဉ်ငန်စပ်ရှား, အပြားပြားကို, ဝမ်းအားမျှတတ်, ဇကဘတ်ဖြင့်, မပြတ်ဆောက်တည်, ရည်ရသော့အား, ရှင်စောများတို့, မိုးဖျားထက်ဆန်, ကောင်းကြီးထွန်၏, ဇကန်ကြိုက်ကြ စမြဲတည်း"။ ဇန-၉၄။

၂။ ဒုတိယမြို ဘဒြ္ဓမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
အနဝဇ္ဇပိဏ္ဍော ဘောတ္တုဇ္ဇော , နံ စ ကောစုပရောဓတိ။

အပ်စပ်ဖွေရှာ-ဆင်ခြင်ပွားလို့ , ပြစ်လွတ်ဆွမ်းများ-စားနေတာ၊
နည်းပါးလှပေ-ကိလေများပင် , နှိပ်စက်မှာထား-နားမလာ၊
မစုဉ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-ဝေးဝေးခွာ၊
ဤရဟန်းမှာ-ဒုတိယလည်း , ပူပင်ကင်းပ-ကောင်းလှတာ။

အပြစ်မရှိသောဆွမ်းကို စားသုံးသောရဟန်းအား ရာဂ,ဒေါသ စသည်ဆယ်ဖြာ အနည်းငယ်မျှသော ကိလေသာကသော်မှ မနှိပ်စက်နိုင်ပေ၊ ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ, အိမ်ထောင်သားမွေး ရှုပ်ထွေးမှုလည်းမရှိသောရဟန်း၏ အပြစ်မရှိသော ဆွမ်းကိုစားခြင်း (တရားသဖြင့်ရလာသောဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်လျက် စားသုံးခြင်း)သည် နှစ်ကြိမ်မြောက် ကောင်းသည်သာ။

ဤ၌ 'အနဝဇ္ဇပိဏ္ဍော'ဟု ဆွမ်းမျှကိုသာ ပြဆိုထားပါသော်လည်း ယင်းဆွမ်းနှင့် ရဟန်းအသုံးအဆောင် ပစ္စည်းချင်းတူသည့် ညွှန်ပြမထားသော သင်္ကန်း,ကျောင်း,ဆေးတို့ကိုလည်း ယူရသည်၊ ဤသို့ယူရသောနည်းကို ကျမ်းဂန်များမှာ 'နိဒဿနနည်း'ဟုအဆို ပြုကြသည်၊ ထို့ကြောင့် နောက်သမဏဘဒြတို့မှာလည်း 'ဆွမ်း'ဟု ဆိုထားသမျှကို 'သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါး'ဟုသာ မှတ်ယူစေလိုပါသည်။

ရဟန်းတို့ သုံးဆောင်နေသောဆွမ်းသည်-
၁။ သာဝဇ္ဇပိဏ္ဍော=အပြစ်ရှိသောဆွမ်း၊
၂။ အနဝဇ္ဇပိဏ္ဍော=အပြစ်မရှိသောဆွမ်း၊
ဤသို့ နှစ်မျိုးရှိနေပါသည်။

ထိုတွင် ဆေးဝါးကုသမှု(ဝေဇ္ဇကမ္မ)အစရှိသည့် မအပ်သောရှာဖွေခြင်း(အနေသန) ဖြင့်သော်လည်းကောင်း, အုံ့သြဖွယ်ဖြစ်အောင် သုံးစွဲနေထိုင်ခြင်း(ကုဟန),ပစ္စည်းလာဘ်လာဘရအောင်ဆွယ်၍ပြောဆိုခြင်း(လပန), ပေးလှူခြင်းနှင့်စပ်၍ အရိပ်နိမိတ်ကို ပြုခြင်း (နေမိတ္တိကတာ), သူတစ်ပါး၏အပြစ်ကိုပြောပြီး လာဘ်ကိုရှာခြင်း (နိပ္ပေသိကတာ), နည်းသောလာဘ်ဖြင့် များသောလာဘ်ကိုရှာခြင်း(လာဘေနလာဘံ နိဇိဂိသနတာ) ဤသို့ သဘောရှိသည့် မှားယွင်းသောအသက်မွေးမှု(မိစ္ဆာဇီဝ)ဖြင့်သော်လည်းကောင်း ဖြစ်စေ အပ်သော ဆွမ်းနှင့် တရားနှင့်လျော်စွာပင် ရရှိပါသော်လည်း ပစ္စဝေက္ခဏာ ဆင်ခြင်မှု မပြုဘဲ သုံးဆောင်သောဆွမ်းတို့သည် သာဝဇ္ဇပိဏ္ဍော-အပြစ်ရှိသောဆွမ်း မည်သည်။
[အနေသနအကျယ်ကို ဗုဒ္ဓအလိုတော်ကျကျင့်သုံးနေထိုင်နည်း ၁၀၁-၌ ပြဆိုထားခဲ့ပါပြီ၊ သမဏပတိရူပ ၈၉-နှင့်လည်း တိုက်ဆိုင် ကြည့်ရှုသင့်ပါသည်။]

ဤသို့ အပြစ်ရှိသောဆွမ်းကို စားသုံးပါလျှင် ကိလေသာတို့၏ နှိပ်စက်မှုကို ခံနေရသောကြောင့် သမဏဘဒြ မဖြစ်နိုင်ပါ။

မအပ်သောရှာဖွေခြင်း အနေသနကိုပယ်ကာ မှားသောအသက်မွေးမှု မိစ္ဆာဇီဝကို ရှောင်ခွာ၍ တရားနှင့်အညီ ရှာဖွေရလာသည့်အပြင် ပစ္စဝေက္ခဏာဆင်ခြင်လျက် သုံးစားသောဆွမ်းသည် အနဝဇ္ဇပိဏ္ဍ-အပြစ်မရှိသောဆွမ်း မည်၏။

ဤအပြစ်မရှိသောဆွမ်းကို စားသုံးပါလျှင် ကိလေသာတို့၏ နှိပ်စက်မှုကို မခံရသောကြောင့် သမဏဘဒြ ဖြစ်သည်။

ဤအနဝဇ္ဇပိဏ္ဍနှင့် စပ်လျဉ်း၍ ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကိုလည်း ဆက်လက်တင်ပြပါဦးမည်။

၉၇။ "သားများသေဌ်နင်း,ခြသေ့်မင်းလျှင်, မွတ်ခြင်းသည်းစွာ, ဖြစ်သောခါလည်း, ရသာချိုခါး,မြက်ပန်းပြားကို, မစားလှည့်မြို့, သဘောတို့ဖြင့်, နွားနို့အတူ, ဆဒ္ဒန်ဖြူ၏, တူရှဦးကင်း,ခြေစုံနင်း၍, ရှင်းရှင်းထုတ်ချီ, ဦးနှောက်ဆီကို, စားဤသရွေ့, အဓလေ့သို့, ခြသေ့်တူလျော်, ကြင်သူတော်တို့, မွတ်သော်မွတ်ကာ ,ဝမ်းတစ်ထွာကြောင့်, လယ်ယာပန့်ဘက်,ကုန်စယ်ရှက်၍,အသက်ရှင်ကြောင်း,မပြုကောင်း"။ ဌေး-၅၂။

၄၂၅။ "ရှင်နှင့်မတော်, ပစ္စည်းမျှော်၍, မလျော်လျောက်ပတ်, မြေကြန်တတ်က, နက္ခတ်ပညာ, စေပါဒူတ, အင်္ဂဝိဇ္ဇာ, တိရစ္ဆာဖြင့်, ယုတ်မာဝမ်းရေး, သက်မွေးကြင်ငြား, လေ့ကျက်မှားသည့်, ငုံ့စားမော်စား, အမြော်စားနှင့်, ထောင့်စားခေါ်ရိုး, ရဟန်းဆိုးတို့, စားမျိုးလေးဖြာ, မိစ္ဆာဇီဝ, နေသနလည်း, စိတ်မျှတစ်ရံ, အကြံမဆန်း, မဲ့မစွမ်းတည့်"။ မဃ-၃၂၇။

၂၈။ "အရည်းဘွယ်ရာ, ဓမ္မတာဖြင့်, စဉ်လာဝံသ, အဘတရိုး, အဘိုးအဘေး, အဖွေးမကွဲ, အဘဲစဉ်စီ, အဘီရောနှော, အဘောနွယ်ရှက်, ကိုယ်မှတက်၍, အထက်ခုနစ်ပါး, အောက်သို့သွားမူ, သားမြေးမြစ်တီ, မျှော့ကျွတ်စီလျက်, နောက်ကျွတ်ဆက်ဟု, မယှက်ဝေးကွာ, အညာတက, ယာဝသတ္တမာ, အပ္ပဝါရိတ, လူထိုမျှဉ်, သမဏဘာသာ, ဩဘာတစ်သွယ်, ပရိယာယ်အမြိတ်, နိမိတ်ပြကာ, ဝါစာဝိညတ်,မလွှတ်စေရာ, ခန္ဓာရုပ်ပေါင်း, သက်တစ်ချောင်းကို, စွန့်ကောင်းစွန့်ရာ, စွန့်ထိုက်စွာဟု, မိန့်မှာဝိနည်း, ကမ္မည်းရွှေပေ, ရှိပချေရှင့်"။ ဥတိန်-၃၃။

၃။ တတိယမ္ပိ ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
နိဗ္ဗုတော ပိဏ္ဍော ဘောတ္တဗ္ဗော , နစ ကောစူပရောဓတိ။

အပ်စပ်ဖွေရှာ-ဆင်ခြင်ပွားလို့ , အေးပြီးဆွမ်းများ-စားနေတာ၊
နည်းပါးလှပေ-ကိလေများပင် , နှိပ်စက်မှာထား-နားမလာ၊

မစုဥစ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-ဝေးဝေးခွာ၊
ထိုရဟန်းမှာ-တတိယလည်း , ချမ်းသာအေးမြ-ကောင်းလှတာ။

အေးပြီးဆွမ်းကို စားသုံးသောရဟန်းအား အနည်းငယ်မျှသော ကိလေသာကသော်မှ မနှိပ်စက်နိုင်ချေ၊ ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ, အိမ်ထောင်သားမွေးမှုလည်းမရှိသော ရဟန်း၏ အေးပြီးဆွမ်းကို စားသုံးခြင်းသည် သုံးကြိမ်မြောက်အကောင်းပင် ဖြစ်သည်။

ဤဥဒါန်းလည်း ရဟန်းတော်တို့ စားသုံးသောဆွမ်းကို -

၁။ အနိဗ္ဗုတပိဏ္ဍာ=ဆွမ်းပူဆွမ်းလောင်၊
၂။ နိဗ္ဗုတပိဏ္ဍာ=ဆွမ်းအေးဆွမ်းချမ်း၊

ဤသို့ နှစ်မျိုးပင် ခွဲခြားမှတ်သားသင့်သည်။

ထိုတွင် အနေသန မိစ္ဆာဇီဝဖြင့် ဖြစ်ပေါ်လာသော ဆွမ်းနှင့် တရားအားလျော်စွာ ဖြစ်ပေါ်လာစေကာမူ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ စားသုံးသောဆွမ်းများသည် ပင်ကိုယ်သဘာဝအားဖြင့် မည်မျှပင် အေးစက်နေစေကာမူ ဆွမ်းပူဆွမ်းလောင်သာ ဖြစ်ရပါတော့သည်။

၄၃၆။ “နွားလှည်းပေါ်ပျက်, သွမ်းသော့သွက်နှင့်, မကျက်နည်းပါး, အကျက်များသည့်, ကြိုးကြားကျန်ကြွင်း, ပဲနောက်ဟင်းသို့, ချွတ်ယွင်းဖောက်ပြန်, လျှာနှုတ်မြန်တိုင်း, အမှန်ကနည်း, မမှန်ပည်းလျက်, စောင့်စည်းမပြု, ဝစီမှုနှင့်, အနိဗ္ဗုတ, ပိဏ္ဍာဟူသည့်, ဆွမ်းပူမအေး, အသက်မွေးဖြင့်, ဝမ်းရေးမိစ္ဆာ, မယုတ်မာဘဲ, စားကာ အိပ်မွေ့, လျော့မေ့ကျော့ကျည်း, ရွှင်ကြည်းကြည်းနှင့်, ပစ္စည်းလာဘ်မျှော်, တမော်မော်ကို, လိုတော်မည်တ်, လွတ်ကြိုးလွတ်၏”။ မဃ-၃၃၈။

ဤသို့လည်း ရှေးဆရာတော်များ မိန့်ဆိုထားခဲ့ပါသေးသည်။

“အေးစက်နေတဲ့ သလေးဆွမ်းကို စားနေတဲ့ တပည့်တော်ကို (ဦးရီးတော်)ဥပဇ္ဈာယ်ဆရာက ‘ကိုရင်ရယ် ! ကိုရင်က ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ လျှာကိုလောင်ကျွမ်းအောင် လုပ်မနေနဲ့’ ဒီလိုသြဝါဒစကား မိန့်ကြားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဥပဇ္ဈာယ်ဆရာရဲ့စကားကို ကြားရတာနဲ့ တပည့်တော်က ထိတ်လန့်မှုသံဝေဂ ရလာခဲ့ပါတယ်၊ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ်ကို ရောက်ခဲ့ရပါတယ်။

(အဲဒီလိုအရဟတ္တဖိုလ်ကို ရရှိထားတဲ့)တပည့်တော်မှာ လဆန်း ၁၅-ရက်မှာပေါ်လာတဲ့လ,လိုပဲ စိတ်အကြံ ပြည့်ဝလာခဲ့ပါတယ်၊ အာသဝခယ်သိမ်း ကုန်ငြိမ်းသွားခဲ့ပါတယ်၊ အခု နောက်ထပ်ဖြစ်စရာဘဝ မရှိတော့ပါဘူး”။

ဤသို့ မဟာသံဃရက္ခိတထေရ်၏ တူဖြစ်သော သံဃရက္ခိတ သာမဏေကလည်း မြွက်ကြားပြောဆိုခဲ့ဖူးပါသည်။ ဝိသုဒ္ဓိ-၄-၁၊ ၄၃။

ပုထုဇဉ်ရဟန်း၏ တရားနှင့်လျော်စွာ ဖြစ်ပေါ်လာသည့်အပြင် ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲသော ဆွမ်းသည်ကား ပင်ကိုယ်သဘာဝအားဖြင့် မည်မျှပင်ပူနေစေကာမူ ဆွမ်းအေးသာ ဖြစ်ရပါတော့သည်။

ဤ"ဆွမ်းအေး"ဟူသောစကားသည် ကြောင်းဆိုကျိုးရ (ကာရကဟူပစာရ) စကားမျိုးသာ ဖြစ်ပါသည်၊ ဆိုထားသည့်အတိုင်း ယူရသော (မုချ)စကားမျိုးကား မဟုတ်ပါ၊ ဆွမ်းက ပင်ကိုယ်သဘာဝအားဖြင့် အေးအေးပူပူ ဘယ်လိုပင်ဖြစ်နေနေ လိုရင်းမဟုတ်ပါ။

ဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင် သုံးစွဲလျှင် တဏှာတည်းဟူသောမီး, တဏှာတည်းဟူသော အပူအလောင် ငြိမ်းအေးသွားရသည်၊ ယင်း ဆွမ်းနှင့်တဏှာ နှစ်မျိုးတို့တွင် ဆွမ်းသည် အဘိဓမ္မာ သဘောအားဖြင့် အာရုံအကြောင်း ဖြစ်သည်၊ တဏှာသည် အာရမဏိကအကျိုးဖြစ်သည်၊ ထို့ကြောင့် အကြောင်းဖြစ်သောဆွမ်း၏ အေးမှုဂုဏ်ကို ဆိုထားစေကာမူ အကျိုးဖြစ်သော တဏှာအပူ၏ အေးမှုဂုဏ်ကိုသာ ယူရပါသည်။

ရဟန္တာပုဂ္ဂိုလ်မူကား ပရိဘောဂလေးပါးတို့တွင် သာမိပရိဘောဂဖြင့်သာ စားသုံးသည်၊ တဏှာ၏ကျွန်သဘောကိုလည်း ကျော်လွန်ပြီး ဖြစ်သည်၊ သို့ဖြင့် အနည်းငယ်မျှသော ကိလေသာ၏ နိပ်စက်မှုကိုမျှ မခံရတော့ပါ၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ် စားသုံးသော ဆွမ်းကသာ ဆွမ်းအေးအစစ် ဖြစ်ရပါတော့သည်။

ဤ၌ ပရိဘောဂလေးပါးကို ပြခွင့်ကြိုလာပြန်သည်၊ သို့သော် သုဒ္ဓိလေးပါးတို့ကို အထိုက်အလျောက်လေ့လာထားမှ မရှိပါက ပရိဘောဂလေးပါး သဘောသွားကို အပြည့်အဝ နားလည်နိုင်ကြမည်မထင်ပါ၊ ထို့ကြောင့် သုဒ္ဓိလေးပါးတို့ကို ဦးစွာပြပြီးမှ ပရိဘောဂလေးပါးတို့ကို ဆက်လက်ပြဆိုသွားပါမည်။

သုဒ္ဓိ လေးပါး

ရဟန်းသာမဏေများသည် မိမိတို့နှင့် သက်ဆိုင်ရာသီလများကို စောင့်ထိန်းဖြည့်ကျင့် နေကြရသူများ ဖြစ်သည်၊ သို့ဖြစ်၍ မိမိတို့စောင့်ထိန်းဖြည့်ကျင့်နေရသော သီလ၏ ညစ်နွမ်းမှု, စင်ကြယ်မှုတို့ကို အမြဲတစေ သတိပြု ဆင်ခြင်သင့်ပေသည်၊ ပုထုဇဉ်ဖြစ်သည်အားလျော်စွာ ရံခါ သီလညစ်နွမ်းလာခဲ့လျှင်လည်း စင်ကြယ်သွားအောင် ကုစားမှုကို ပြုလုပ်သင့်ပါသည်၊ သို့ဖြစ်သည်အားလျော်စွာ အမှတ်မထင် ညစ်နွမ်းသွားသော မိမိသီလကို စင်ကြယ်အောင် ကုစားလိုပါလျှင် အောက်၌ ပြဆိုထားသည်ကို ဆက်လက်ကြည့်ရှု လေ့လာမှုကို ပြုစေလိုပါသည်။

၁။ ပါတိမောက္ခသံဝရသီလ= ဒေသနာသုဒ္ဓိ၊
၂။ ဣန္ဒြိယသံဝရသီလ= သံဝရသုဒ္ဓိ၊
၃။ အာဇီဝပါရိသုဒ္ဓိသီလ= ပရိယေဋ္ဌိသုဒ္ဓိ၊
၄။ ပစ္စယသန္နိဿိတသီလ= ပစ္စဝေက္ခဏသုဒ္ဓိ၊

၁။ စောင့်ရောက်သူကို အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲမှ လွတ်စေတတ်သည့် ကိုယ်နှုတ်ကို စောင့်စည်းကြောင်းဖြစ်သော ဝိနည်းပါဠိတော်လာ သီလကို "ပါတိမောက္ခသံဝရသီလ"ဟုခေါ်သည်၊ ဤပါတိမောက္ခသံဝရသီလသည် သဒ္ဓါပြဋ္ဌာန်း၏၊ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်ကသာ ဘုရားရှင်ကို ကြည်ညိုသောအားဖြင့် ဤသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်သည်။

ဒေသနာကြားခြင်းဖြင့် စင်ကြယ်သောကြောင့် ယင်းပါတိမောက္ခသံဝရသီလကိုပင် "ဒေသနာသုဒ္ဓိ"ဟု ခေါ်သည်၊ သံဃာဒိသေသ်အာပတ်မှစင်ကြယ်ရန် ပရိဝတ် မာနတ် ဆောက်တည်၍ ဝုဋ္ဌာနကံပြုခြင်း, ပါရာဇိကအာပတ်မှစင်ကြယ်ရန် ရဟန်းအဖြစ် (ရဟန်းဘဝ)ကို စွန့်လွှတ်ခြင်းတို့လည်း ဒေသနာသုဒ္ဓိမှာပင် အတွင်းဝင်သည်။

၆၈။ "အပေါင်းထက်ဝန်း, ရှင်ရဟန်းတို့, ဖြောင့်တန်းအဟုတ်, သိက္ခာပုဒ်ကို, ကိုယ်နှုတ်မလွန်, ရိကျိုးနွံလျက်, ရှေးကံအလျောက်, သေးဘေးရောက်လည်း, စောင့်ရောက်လျက်သာ, စုတေရာဇ၏၊ ရံခါတစိ, လွန်ကျူးမိလည်း, မီးထိယောက်ျား, မနေအားသို့, လျင်လျားစင်မှ, ဆေးကြောကုလော့"။ သုခါ-၄၃။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေး၏။

ပါတိမောက္ခံ ဝိသောဓေန္တော , အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန , န ဘိန္ဒေ သီလသံဝရံ။ [ဝိသုဒ္ဓိ-၄-၁၊ ၃၅]

ပါတိမောက်ခေါ်-သိက္ခာပုဒ်ကို , ရိသေကြိုးကုတ်-ကျင့်ရာဝယ်၊
သေချင်သေစေ-ကိုယ့်အသက်ကို , မငဲ့မကွက်-စွန့်လို့ရယ်၊
ကိုးစားနတ်လူ-ဘုရားမြတ်က , ဟောကြားပညတ်-ထားခဲ့တယ်၊
စောင့်စည်းကြောင်းခေါ်-မြတ်သီလကို , မပျက်စေရ-စောင့်ပါ့ကွယ်။

ဤသို့လည်း အဋ္ဌကထာဆရာမြတ်များက မိန့်မှာထားခဲ့ကြပါသေး၏။

၂။ "မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်"ဟူသော ဣန္ဒြေခြောက်ပါး (ဒွါရခြောက်ပါး) တို့ကို စောင့်စည်းကြောင်းသီလကို "ဣန္ဒြိယသံဝရသီလ"ဟု ခေါ်သည်၊ ဤသီလ၌ သတိ ပြဋ္ဌာန်းသည်၊ မျက်စိ(စက္ခု)စသော တံခါးခြောက်ပေါက်တို့ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ထားလိုက်မှ အကုသိုလ်တရားတို့ ဝင်မလာဘဲ ရှောင်ရှားသွားရသည်။ အကျယ်ကို သမဏပတိရူပ ၉၄-၌ရှုပါ။

မျက်မြင်,နားကြားစသည်တို့နှင့် ပတ်သက်၍ အဘိဓမ္မာ ဒေါမနဿစသော အကုသိုလ်တရားဆိုးများ ဝင်လာလျှင် ဣန္ဒြိယသံဝရသီလပျက်သည်၊ ယင်းသို့ ပျက်မှန်းသိလျှင် "နောင် ဒီလို မဖြစ်စေရတော့ပါ"ဟု စိတ်ထဲက မိဋ္ဌာန်ထားလိုက်ရသည်၊ ယင်းသို့

ဓိဋ္ဌာန်လျက် မျက်စိ, နား, နှာစသည်တို့ကို စောင့်စည်းနေခြင်းကြောင့် ဤသီလ စင်ကြယ်သည်၊ ထို့ကြောင့် ဣန္ဒြိယသံဝရသီလကို "သံဝရသုဒ္ဓိ"ဟု ခေါ်သည်။

ဤသံဝရသုဒ္ဓိနှင့် စပ်လျဉ်း၍ ရှေးဆရာများ၏ အဆိုအမိန့်နှင့် ဘုရားဟောစကားတော်ကိုလည်း ထုတ်နှုတ်ပြဆိုပါဦး့မည်။

၆၉။ "ခြောက်ထွေဣန္ဒြေ, မလုံဘိသော်,ပါတိမောက္ခ, သံဝရလည်း, ကာလမြင့်ကြာ,

မတည်ရာခဲ့၊ မြတ်စွာဘုရား, လိုတော်အားကား, ခြောက်ပါးပေါင်းယှဉ်, ခြောက်ဝိညာဉ်ကို, ခြောက်စဉ်အာရုံ, တောမီးကြုံလည်း,လုံးစုံတံခါး,ပိတ်သောအားဖြင့်, ယောက်ျားမိန်းမ, ကောင်းခြင်းစသည်, သုဘအရာ, နိမိတ်မှာလည်း, ဆံလွှာမမှတ်, မတပ်မမက်, ခြေလက်အင်္ဂါ, မျက်နှာသဏ္ဌာန်, ပြုံးရယ်ဟန်နှင့်, သို့သံစကား, မျက်ပါးစောင်းလှည့်,ကြည့်သည်ကစ, အာကာရကို, စိတ်ကအလိုက်, ယူမပိုက်လင့်"။ သုခါ-၄၃။

"မီးသားအဆင်း, ဝင်းဝင်းရဲရဲ, မစဲတောက်ဘိ, အလျှံညိသား, မထိစကောင်း, သံပြားချောင်းဖြင့်, ထောင်းထောင်းညက်ညက်, စဉ်းခုတ်လျက်လျှင်, နှစ်ဖက်မျက်စိ, ထိုးဘိထုတ်ယူ, ထိုအမှုကြောင့်, လေးဆူပါယ်ခွင်, မဝင်ရလေ, ဤလူ့ပြေတွင်, မသေမခင်, မျက်မြင်သမျှ, ဆင်းရဲရှာ၏၊ မိန်းမတို့ဝယ်, ပြုံးရယ်ဆိုသံ, ဦးဆံမျက်နှာ, အင်္ဂါလက်ခြေ, ကောင်းထွေနိမိတ်, မြင်သောစိတ်ဖြင့်, ဆိုပိတ်မဲ့မှာ, ကြည့်မိပါကား, ရေငှါမရ, ပါယ်လေးဝဋ်, ကြီးလှဆင်းရဲ, ခံရမြဲချိမ့်"။ သုခါ-၄၄။

စက္ခုနှာ သံဝရော သာဓု , သာဓု သောတေန သံဝရော၊
ဃာနေန သံဝရော သာဓု , သာဓု ဇိဝှါယ သံဝရော၊
ကာယေန သံဝရော သာဓု , သာဓု ဝါစာယ သံဝရော၊
မနသာ သံဝရော သာဓု , သာဓု သဗ္ဗတ္ထ သံဝရော၊
သဗ္ဗတ္ထ သံဝုတော ဘိက္ခု , သဗ္ဗဒုက္ခာ ပမုစ္စတိ။

ခြောက်ပါးဣန္ဒြေ-လိုမလိုက်ဘဲ , သတိစူးစိုက်-စောင့်ကလျှင်၊
တပ်မက်လွန်စွာ-စိတ်ပျက်မှုတို့ , ဝင်လာမပြု-ဖဲရှောင်ကြဉ်၊
ခုရောနောင်ပါ-ဘေးမသန်းဘဲ, အလွန်အေးချမ်း-အကျိုးထင်၊
ထို့ကြောင့်သေချာ-သတိကပ်လို့ , ဣန္ဒြေခြောက်ရပ်-စောင့်စေချင်။

၃။ ထက်ဝန်းကျင် စင်ကြယ်သော အသက်မွေးဝမ်းကျောင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ" မည်၏၊ ဤသီလ၌ ဝီရိယပြဋ္ဌာန်းသည်၊ ဝီရိယကင်း ဆွမ်းခံပျင်း၍ အစားချောင်အောင် အနေသန, မိစ္ဆာဇီဝအမှုတို့ကို ပြုမိပါလျှင် ဤသီလ ပျက်စီးရတော့သည်။ အကျယ်ကို သမဏပတိရူပ ၈၇-၌ ရှုပါ။

မသင့်လျော်သော ရာဖွေမှုကို ပယ်စွန့်ပြီး တရားနှင့်အညီ ပစ္စည်းလေးပါးကို ရာဖွေခဲ့ပါလျှင် ယင်း ရာဖွေမှုဖြင့်ပင် စင်ကြယ်သောကြောင့် ဤအာဇီဝပါရိသုဒ္ဓိသီလကို "ပရိယေဋ္ဌိသုဒ္ဓိ"ဟု ခေါ်သည်။

ဤဋ္ဌိလည်း ရှေးဆရာတို့၏ အဆိုအမိန့်နှင့် အဋ္ဌကထာဆရာများ မိန့်ဆိုထားသည်ကို ဆက်လက်ပြပါဦးမည်။

၇၃။ "ကုဟနာလပန, စသည်အနေသနာ, မအပ်ဌာကို, အာသာစိတ်မျှ, မဖြစ်
ရအောင်, ဖဲကြဉ်ရှောင်၍, ရှေ့ဆောင်ဝိရိယ, အာဇီဝသည်, သီလကိုသာ,
စင်စေရာ၏၊ မိန့်မှာပြီးငြား, ခြောက်ပါးသိကွာ, ကုဟနာက, စသည်ဖြင့်အား,
တရားမရှာ, ဖြစ်သောဌါကို, ပစ်ခွာမရှောင်, သုံးဆောင်ချေက, အာဇီဝသည်,
သီလပျက်လေ၊ ဤသို့သေသော်, ပါယ်မြေလေးပါး, အမှန်သွားချိမ့်"။သုခါ-၄၆။

အနေသနာယ စိတ္တာမိ , အဇနေတွာ ဝိစက္ခဏော၊
အာဇီဝံ ပရိသောဓေယျ , သဒ္ဓါပဗ္ဗဇိတော ယတိ။ [ဝိသုဒ္ဓိ-၄-၁၊ ၄၁။]

မဖက်ဘယာ- သဒ္ဓါတွက်ကြောင့် , ရန်းကန်ခွာထွက်-လာခဲ့တာ၊
ကြောင်းကျိုးဆင်ခြင်-သိမြင်တတ်တဲ့ , ရဟန်းရှင်မြတ်-ပညဝါ၊
မအပ်မရာ-ဖွေရှာရေးကို , စိတ်ကြံမတွေး-ဝေးဝေးခွာ၊
ခုတစ်သက်တာ-သက်မွေးခြင်းကို , ဝန်းကျင်သန့်ရှင်း-သုတ်သင်ပါ။

၄။ ပစ္စည်းလေးပါးတို့ကို ကောင်းစွာမှီသော သီလသည် "ပစ္စယသန္နိဿိတသီလ" မည်၏၊ ဤပစ္စယသန္နိဿိတသီလ၌ ဆင်ခြင်မှု ပစ္စဝေက္ခဏာဉာဏ် ပြဋ္ဌာန်းသည်၊ သို့ဖြစ်၍ အနက်အဓိပ္ပာယ်ကို နားမလည်ဘဲ ပစ္စဝေက္ခဏာပါဠိကို အံနေမည့်အစား သေချာကျန မြန်မာလိုဆင်ခြင်ခြင်းကသာ ဉာဏ်ဖြင့်ဆင်ခြင်ရာ ရောက်ပါလိမ့်မည်။

ပစ္စည်းအလိုက် ဟောတော်မူထားသော ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းဖြင့် စင်ကြယ်သောကြောင့် ဤပစ္စယသန္နိဿိတသီလသည် "ပစ္စဝေက္ခဏာသုဒ္ဓိ" မည်ပါသည်။ (ပစ္စည်းအလိုက် ပစ္စဝေက္ခဏာဆင်ခြင်ပုံ အပြည်အစုံကို ရုပ်ပုံရှင်ကျင့်ဝတ် စသည်တို့မှာ ရှုပါ။)

ဤလေးပါးတို့တွင် "ဒေသနာပြောခြင်း"ဟူသည် ဝစီဘေဒ သဒ္ဒ ဖြစ်သောကြောင့် နှုတ်မြွက်မှုကို မပြုနိုင်သောရဟန်းနှင့် ဒေသနာခံရဟန်းကို မရနိုင်သော ရဟန်းအတွက် မပြီးမြောက်နိုင်ပေ၊ ကြွင်းသောသုဒ္ဓိများမှကား စိတ်ဖြစ်ရုံမျှ၏အဖြစ်ကြောင့် နှုတ်မြွက်မှုကို မပြုနိုင်သော ရဟန်းအတွက်လည်း ပြီးမြောက်နိုင်သည်၊ ထို့ကြောင့် မကျန်းမမာဖျားနာရာစသော အခါမျိုး၌ ပစ္စဝေက္ခဏာပါဠိကို နှုတ်မှမြွက်ဆို၍ မဆင်ခြင်နိုင်သော ရဟန်းသည်လည်း အနက်သဘော အဓိပ္ပာယ်ကို နှလုံးသွင်းလျက် စိတ်ဖြင့်ပင် ဆင်ခြင်မှုကို ပြုသင့်သည်။ ဝိနယာလင်္ကာရဋီ-၁၊ ၁၄၆။

ပရိဘောဂ လေးမျိုး ယခုခေတ်၌ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတို့ကို ဒါယကာဒါယိကာမများက သဒ္ဓါကြည်ဖြူ ပေးလှူနေကြသည်၊ ရဟန်း, သာမဏေများက ခံယူသုံးစွဲနေကြသည်၊ လှူသူမှာလည်း အကျိုးများ, သုံးစွဲသူမှာလည်း အကျိုးများအောင်ပြုကျင့်မှသည် ရဟန်းသာမဏေများအပေါ်မှာ လုံးလုံးလျားလျား တည်နေပေသည်၊ ရဟန်းသာမဏေများ၏တာဝန်ဖြစ်နေပေသည်။

ရဟန်းသာမဏေများ၏ ပစ္စည်းလေးပါးကို သုံးစွဲခြင်းသည် –

၁။ ထေယျပရိဘောဂ= ခိုးကြောင်ခိုးဝှက်သဘောဖြင့် သုံးစွဲခြင်း၊
၂။ ဇ္ဈာပရိဘောဂ= ကြွေးမကင်းသောသဘောဖြင့် သုံးစွဲခြင်း၊
၃။ ဒါယဒ္ဓပရိဘောဂ= အမွေစားအမွေခံသဘောဖြင့် သုံးစွဲခြင်း၊
၄။ သာမိပရိဘောဂ= ပိုင်ရှင်သဘောဖြင့် သုံးစွဲခြင်း။

ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ လေးမျိုးလေးစား ကွဲပြားနေပါသည်၊ ထိုတွင်–

၁။ ထေယျပရိဘောဂ သံဃာ့အလယ်မှာနေ၍ သုံးစွဲပါသော်လည်း သီလမရှိသော ရဟန်းသာမဏေ(ဒုဿီလပုဂ္ဂိုလ်)၏ သုံးစွဲခြင်းသည် ခိုးကြောင်ခိုးဝှက် သုံးစွဲခြင်း (ထေယျပရိဘောဂ)မည်သည်၊ မသုံးစွဲထိုက်သူ၏ သုံးစွဲခြင်းမျိုးပင်ဖြစ်သည်။

ဘုရားရှင်သည် မိမိတည်ထောင်လာသော သာသနာတော်၌ သီလရှိသော ရဟန်းသာမဏေအတွက်သာ ပစ္စည်းလေးပါးကို ခွင့်ပြုထားခဲ့ပေသည်၊ သီလမရှိသော (ဒုဿီလ) ရဟန်းသာမဏေအတွက် ခွင့်ပြုထားခဲ့သည် မဟုတ်ချေ။

ဒါယကာဒါယိကာမတို့ ပစ္စည်းလေးပါးကို စွန့်လွှတ်လှူဒါန်းခြင်းသည်လည်း မိမိတို့ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုတို့၏ အကျိုးကြီးမှုကို မျှော်လင့်တောင့်တကြသည်သာဖြစ်သောကြောင့် သီလရှိသော (သီလဝန္တ)ရဟန်းသာမဏေအတွက်သာ ဖြစ်ပေသည်၊ သီလမရှိသော (ဒုဿီလ)ရဟန်းသာမဏေအတွက် မဟုတ်ချေ။

ဤသို့ ဘုရားရှင်ကိုယ်တိုင်ကလည်း ခွင့်ပြုအပ်သည်မဟုတ်, ဒါယကာဒါယိကာမတို့ကလည်း သီလမရှိသော (ဒုဿီလ)ရဟန်းသာမဏေအတွက် စွန့်လွှတ်လှူဒါန်းအပ်သည်မဟုတ်သောကြောင့် သီလမရှိသော(ဒုဿီလ)ရဟန်းသာမဏေ၏ သုံးစွဲခြင်းသည် သံဃာ့အလယ်မှာ နေ၍ သုံးစွဲပါသော်လည်း ခိုးကြောင်ခိုးဝှက် သုံးစွဲခြင်းမျိုး, မသုံးစွဲထိုက်သူ၏ သုံးစွဲခြင်းမျိုးသာ ဖြစ်ရပါတော့သည်။

၇၇။ "သံဃာအလယ်, သူတော်နွယ်သို့, မကွယ်နေထ, ဒုဿီလ၏, ထိုမျှခပင်း,
သုံးဆောင်ခြင်းကား,ရှင်ရင်းဘုရား,သုံးလှူဖွားလည်း,ဟောထားမိန့်နှုတ်,
မယုတ်စေရ, ကျင့်ပေကြသား, သီလစင်ဖြူ, မြတ်သူအားသာ, လေးဖြာပစ္စယ,
မိန့်တော်ဟု၏၊ ဓမ္မမလျော်, ရှင်ညီစော်အား, ကျူးကျော်သိက္ခာ, လိုရှိရာလျှင်,

စားကာအိပ်နေ, သုံးဆောင်စေဟု, သုံးဆွေဘုန်းထူ, ခွင့်မမူတည့်၊ အလူပေးခါ, ဒါယကာလည်း,ချမ်းသာလိုအင်, ပြည့်စုံချင်၏၊ ငြိုငြင်ဒုက္ခ,ရှာ၍ရသား, ကောင်းလှ အထွတ်,ပစ္စည်းမြတ်ကို,ဖြောင့်မတ်ကျင့်သူ,သူတော်ဟူရွေ့,ပေးလူကုန်ကြ၊ဒုဿီလဟု, စိတ်ကရည်မှတ်, မပေးလတ်သည့်, များမြတ်ထိုထို, ပစ္စည်းကိုလျှင်, ခိုးလိုစဟန်, သုံးဆောင်ထွန်ကြောင့်,အမှန်မယွင်း,ခိုးခြင်းတိသာ,မည်လေပါ၏"။ သုခါ-၄၈။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေးသည်၊

၂။ ဣဏာပရိဘောဂ သီလရှိသော(သီလဝန္တ)ရဟန်းသာမဏေပင် ဖြစ်စေကာမူ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲမှုကို မပြုသင့်၊ ပြုခဲ့ပါလျှင် ကြွေးမကင်းသောသဘောဖြင့်သုံးစွဲခြင်း(ဣဏာပရိဘောဂ) ဖြစ်သည်၊ ပစ္စယသန္နိဿိတ သီလပျက်သွားရကား "အလူခံပုဂ္ဂိုလ်က သီလပြည့်စုံရမယ်၊ ကိုယ်ကျင့်ကောင်းရမယ်"၊ (ပဋိဂ္ဂါဟကာ ဟောန္တိ သီလဝန္တော ကလျာဏဓမ္မာ*)ဟု ဘုရားရှင် ဟောတော်မူထားသော အလူခံပုဂ္ဂိုလ်ဘက်မှ အလူစင်ကြယ်ကြောင်း မရှိသောကြောင့် ကြွေးမြီယူ၍ သုံးစွဲခြင်းနှင့် အလားတူသည်။

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဝယ် ရဟန်းတော်တို့သည် အများအားဖြင့် "ငါတို့အား အမေက လူတာပဲ၊ အဖေက လူတာပဲ၊ အစ်ကို-ညီက လူတာပဲ၊ အစ်မ-နှမက လူတာပဲ၊ ဒေါ်လေးက လူတာပဲ၊ ဦလေးက လူတာပဲ၊ ဒေါ်ကြီးက လူတာပဲ၊ ဦးကြီးက လူတာပဲ၊ ဒီလူတွေဟာ လူ့ဘဝမှာရော ရဟန်းဘဝမှာရော ငါတို့အား ပေးသင့်တာချည်းပဲ"ဟု သဘောထားကြလျက် ဆွေမျိုးများက ပေးလူသော ပစ္စည်းလေးပါးတို့ကို သံသယကုက္ကုစ္စကင်း ရဲတင်းစွာ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲနေကြသည်။

ထိုအကြောင်းကို ဘုရားရှင်က သိတော်မူ၍ ရဟန်းများကို စည်းဝေးလာရောက်ကြရန် အမိန့်ရှိတော်မူသည်။

"ရဟန်းတို့ ! ရဟန်းဆိုတာမျိုးဟာ ဆွေးမျိုးတော်သူကပဲဖြစ်ဖြစ်, ဆွေမျိုးမတော်သူကပဲဖြစ်ဖြစ် ပေးလူထားတဲ့ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်ပြီးမှ သုံးဆောင်သင့်တယ်၊ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးစွဲတဲ့ရဟန်းအတွက် သေသွားတဲ့အခါမှာ အဲဒီပစ္စဝေက္ခဏာ မဆင်ခြင်တဲ့ ရဟန်း(သာမဏေ)ဟာ ဘီလူးပြိတ္တာဘဝက မလွတ်နိုင်ဘူး၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲတယ်ဆိုတာဟာ အဆိပ်ကို သုံးစွဲတာ, စားသောက်တာနှင့် တူတယ်၊ အဆိပ်ဆိုတာဟာ ချစ်ကျွမ်းဝင်တဲ့သူက ပေးတဲ့အဆိပ်ပဲဖြစ်ဖြစ်, ချစ်ကျွမ်းမဝင်တဲ့သူက ပေးတဲ့အဆိပ်ပဲဖြစ်ဖြစ် သေစေတတ်တာချည်းပဲ"။

ဘုရားရှင်က ရောက်လာသော ရဟန်းတို့အား ဩဝါဒစကား မိန့်ကြားတော်မူပြီးသည့်နောက် ဝိဿာသဘောဇနဇာတ်ကို ဟောတော်မူသည်။ ဇာတ်-၄-၁၊ ၄၁၁။

---

* အံ-ပါ-၁၊ ၃၉၃။

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူချိန်မှာပင် ရဟန်းများသည် သင်္ကန်းစသည်တို့ကို ရ၍ အများအားဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲနေကြသည်၊ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲနေကြသော ယင်း ရဟန်းများသည် အများအားဖြင့် ငရဲတိရစ္ဆာန်တို့မှ မလွတ်ကြကုန်။

ဘုရားရှင်က ထိုအကြောင်းကို သိတော်မူ၍ အကြောင်းပေါင်းများစွာဖြင့် တရားဟောတော်မူသည်၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲမှု၌ အပြစ်ကို ပြတော်မူသည်၊ "ရဟန်းတို့ ပစ္စည်းလေးပါးကို ရပြီးတဲ့နောက် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ မသုံးစွဲသင့်၊ ဒီနေ့ဒီရက်ကစပြီး ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင် သုံးစွဲရမယ်"ဟု မိန့်တော်မူပြီး ပစ္စဝေက္ခဏာဆင်ခြင်ပုံ အစီအစဉ်ကို မိန့်တော်မူသည်။

ထို့နောက် ဆက်လက်၍ "ရဟန်းတို့ ! ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင် သုံးစွဲသင့်တယ်၊ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲသုံးစွဲမှုကို ပြုတာဟာ လတ်တလော သေစေနိုင်တဲ့ အဆိပ်ကို သုံးစွဲ(စားသောက်)တာနှင့် အတူတူပဲ ဖြစ်တယ်"စသည်ဖြင့်လည်း မိန့်တော်မူသည်၊ ဇာတ်-၄-၁၊ ၄၀၂။

ဤ၌ အမှတ်ရလွယ်ကူစေရန် ကဗျာတစ်ပုဒ်ကို ဆက်လက်ပြဆိုပါဦးမည်။

အခြားသူကို-မဆိုထား နှင့် , မိဘရင်းများ-ပေးလှူစေ၊
မဆင်မခြင်-ပစ္စည်းများကို , မေ့လျော့သုံးစား-ပြုသူတွေ၊
တိရစ္ဆာန်ပြိတ္တာ-ငရဲများမှာ , ဆင့်ကဲတိုးပွား-ဒုက္ခပွေ၊
ထို့ကြောင့်ဆင်ခြင်-သတိထား လို့ , ပစ္စည်းသုံးစား-ပြုပါလေ။

၄၂၈။ "ဓမ္မိယာလဒ္ဓ, လိုလိုရနှင့်, မိဘမျိုးစစ်,လှူသည်ဖြစ်လည်း, ပစ္စဝေက္ခဏာ, ပညာသုတ်သင်,မဆင်ခြင်ဘဲ,ရှင်ရဟန်းများ, သုံးဆောင်စားမူ, လေးပါး ပါယ်ထဲ, ငရဲပြိတ္တာ, မလွတ်ရာ"။ မဃ-၃၃၀။
ရွေးဆရာများကလည်း ဤသို့ မိန့်ဆိုထားကြပါသေးသည်။

ပစ္စဝေက္ခဏာ ဆင်ခြင်မှုကို ပြုရာ၌လည်း သင်္ကန်းကို ကိုယ်မှဆွာ၍ ဝတ်ရုံသုံးစွဲတိုင်း သုံးစွဲတိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်၊ ဆွမ်းကို ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်၊ ကျောင်းကို သုံးစွဲတိုင်းသုံးစွဲတိုင်း (ဝင်တိုင်း ထွက်တိုင်း) ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်၊ ယင်းသို့ မဆင်ခြင်နိုင်ပါလျှင် အနည်းဆုံး တစ်နေ့မှာ တစ်ကြိမ်ဆင်ခြင်ရမည်၊ မဆင်ခြင်ဘဲ အရဏ်တက်သွားပါမူ ဣဏပရိဘောဂ ဖြစ်သည်၊ ပစ္စယသန္နိဿိတသီလ ပျက်သည်။

ဆေးပစ္စည်းကိုမူ အကပ်ခံချိန်၌လည်း ဆင်ခြင်သင့်သည်၊ သုံးဆောင်ချိန်၌လည်း ဆင်ခြင်သင့်သည်၊ သို့သော် အကပ်ခံချိန်၌ ဆင်ခြင်ပြီး သုံးဆောင်ချိန်၌ မဆင်ခြင်မှသာ

အာပတ်သင့်သည်၊ အကပ်ခံချိန်၌ မဆင်ခြင်မှု၍ သုံးဆောင်ချိန်၌ ဆင်ခြင်လျှင်ကား အာပတ်မသင့်ပါ။

သုံးဆောင်စားသောက်ချိန်၌ မဆင်ခြင်လျှင် အာဟာရအတွက် စားသုံးရာရောက် သောကြောင့် ဒုက္ကဋ်အာပတ် သင့်သည်၊ ပါတိမောက္ခသံဝရသီလ ပျက်သည်၊ သို့သော် အရဏ်မတက်မီ ပစ္စဝေက္ခဏာ ဆင်ခြင်ပါလျှင် ပစ္စယသန္နိဿိတသီလ မပျက်ပါ၊ အရဏ်တက်သည်အထိ မဆင်ခြင်ပါမူကား ပစ္စယသန္နိဿိတသီလလည်း ပျက်သည်၊ သုံးဆောင်စားသောက်ချိန်မှာ ပစ္စဝေက္ခဏာ ဆင်ခြင်မှုကို ပြုလိုက်လျှင်ကား ပါတိမောက္ခ သံဝရသီလလည်း လုံသည်၊ ပစ္စယသန္နိဿိတသီလလည်း လုံပြီး ဖြစ်တော့သည်။

ဤ၌ ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကိုလည်း ဆက်လက်ပြပါဦးမည်။

၇၇။ "ကောင်းစွာကျင့်ထွန်,သီလဝန်တို့, ဝဏ္ဏဂန္ဓ,စသည်ပဋိကူလာ,ဝဝတ္ထာနှင့်,
ပစ္စဝေက္ခဏာမတင်, ဆင်ခြင်မဲ့လျှင်း, သုံးဆောင်ခြင်းကား, နှိုင်းခင်းပုံတူ,
လုပြီးယူသို့, ပေးလှူဖြစ်စေ, မထိုက်ပေတည့်၊ မှတ်လေထို့ကြောင့်, ဖြောင့်ဖြောင့်
ကောင်းစွာ, ကျင့်ပြီးခါမှ, ဆွမ်းမှာလုတ်ရေ, အိပ်နေကျောင်းတွင်, ထွက်ဝင်သမျှ,
သင်္ကန်းမှလည်း, ဝတ်ထ ရုံတိုင်း, မဆိုင်းဆင်ခြင်, သညာတင်လော့၊ သို့ပင်ပိုင်ပိုင်,
မတတ်နိုင်လည်း, မတိုင်ရောင်လင်း, အရဏ်တွင်းဝယ်, မပျင်းနေ့ည, ညဉ့်မှသုံးယာမ်,
ကြိမ်ဖန်များစွာ, ဆင်ခြင်ရာ၏၊ သညာမတင်, ဆင်ခြင်မရှိ, သုံးဆောင်မိ၍,
ထိုပြီးတစ်ရက်, အရဏ်တက်မူ, လုပြီးယူနှင့်, တူပေသောခါ, ဣဏာပရိဘောဂ,
မည်ပေထသည် ..... ဒေါသအပြစ် ကပ်သတည်း"။ သုခါ-၄၉။

၇၈။ "ဆေးတွင်သောက်မူ, ခံယူကာလ, ရှေးဦကလည်း, ပြုထသတိ, လိုအပ်ဘိစွာ,
ပရိဘုတ္တာ,သုံးဆောင်ခါလည်း, မှန်စွာမဆိုင်း, မျိုတိုင်းလုတ်ရေ, ဆင်ခြင်
လေလော့၊ လျော့လေသတိ,သုံးဆောင်မိမူ, သင့်ဘိအာပတ်, ပြစ်မလွတ်တည့်၊
စိတ်ချတ်သညာ, နေ့ည့်ခါတွင်, မဆင်ခြင်၍, ထို့ပြင်တစ်ရက်, အရဏ်တက်မူ,
ဆောင်ရွက်ဣဏာ, မည်လေပါ၏"။ သုခါ-၄၉။

"ခုခါထင်ရှား, တချို့အားကား, တရားအယူ, ကျင့်အံ့ဟူ၍, လူမှပဉ္စင်,
ရှင်သာမဏော, ပြုတုံလေသော်, ရွေ့ွေကြေးသား, စပါးကောက်ပဲ, ကျွန်ကျွဲလယ်ယာ,
ဘဏ္ဍာသိမ်းဆည်း, ပစ္စည်းဖွေရာ, လူပမာသို့, (.....)အာစာသီလ, မရှိကြလျက်,
စောရတစ်ဆူ, ကောင်းကောင်းတူဟု, ခံယူသောအား, ခိုး၍စားသို့, တခြားထိုပြီး,
သီလရှိလည်း, ပဋိကူလာ, သညာမတင်,ဆင်ခြင်မဲ့လျှင်း, အပျင်းကိုးစွာ,ဝမ်းဝကာတိ,
ပမာကြီးထူ, သုံးဆောင်မူခဲ့၊ ထိုသူတို့အား, မြတ်ဘုရားလျှင်, ပြစ်တော်တင်၍,
ဤတွင်ခြိုက်ခြိုက်, နှလုံးပိုက်၍, အထိုက်လျင်းအောင်, သုံးဆောင်ထိုက်ကြောင်း,
ကျင့်ကောင်းအာစာရ, သီလအနေ, ပြည့်စုံစေလျက်, လေးထွေပစ္စယ, သုံးသမျှကို,
ကုလသညာ, ဝဝတ္ထာနှင့်, ပစ္စဝေက္ခဏာမူ, ဆင်ခြင်ယူလော့"။ သုခါ-၄၉။

၃။ ဒါယဇ္ဈပရိဘောဂ

"မဂ္ဂင်္ဘာန်လေးယောက်, အောက်ဖလင်္ဘာန်ပုဂ္ဂိုလ်သုံးယောက်" ဟူသော သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ပစ္စည်းလေးပါးကို သုံးဆောင် ခြင်းသည် ဒါယဇ္ဈပရိဘောဂမည်၏၊ "သေက္ခပုဂ္ဂိုလ်တို့ဟူသည် ဘုရားရှင်၏ သားတော်များပင် ဖြစ်ကြသည်၊ သူတို့သည် ဘဘုရား၏ အမွေခံအနေဖြင့် ပစ္စည်း လေးပါးကို သုံးစွဲနေကြသည်"ဟု ဆိုလိုသည်။

ဘုရားသားတော်တို့သည် ဘုရားရှင်က ခွင့်မပြုသော ပစ္စည်းများကို မသုံးစွဲထိုက်ပေ၊ ဘုရားရှင်က ခွင့်ပြုသော ပစ္စည်းများကိုသာ သုံးစွဲထိုက်ပေသည်၊ ထို့ကြောင့် ဒါယကာ ဒါယိကာမတို့ ပေးလှူသမျှ (ဘုရားခွင့်ပြုထားသော) ပစ္စည်းလေးပါးလုံးပင် ဘုရားရှင်၏ ပစ္စည်းဥစ္စာများသာ ဖြစ်ကြရတော့သည်။

၇၈။ "သုံးလူထွတ်ဖျား, မြတ်ဘုရား၏, ရင်သားအစစ်, ဖြစ်တုံလစ်၍, ခုနစ် ယောက်သား, သေက္ခအားကား, ဘုရားမြတ်ကျော်, ခမည်းတော်၏, လေးဖော်ပစ္စယ, ဟူသမျှကို, ထိုက်လှမ္မေခံ, သုံးဆောင်ထွန်ကြောင့်, စင်လွန်ဒေါသ, ဒါယဇ္ဇလျှင်, မည်လကျင်၏"။ သုခါ-၄၉။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေးသည်။

၄။ သာမိပရိဘောဂ

ရဟန္တာပုဂ္ဂိုလ်၏သုံးစွဲခြင်းသည် သာမိပရိဘောဂ(ပိုင်ရှင်သဘောဖြင့် သုံးစွဲခြင်း)မည်၏၊ ရာဂမကင်းသေးသော ပုဂ္ဂိုလ် များသည် တဏှာသခင်၏ ကျေးကျွန်များ ဖြစ်နေကြသည်၊ တဏှာအလိုသို့ လိုက်ပါနေကြရသည်၊ ထို့ကြောင့် ပစ္စည်းလေးပါးကို သုံးဆောင်ရာဝယ် ရာဂမကင်း သေးသော ပုဂ္ဂိုလ်များမှာ အရှင်သခင်၏ သဘောမျိုး မရှိနိုင်ချေ၊ တဏှာသခင်၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါနေကြရပေသည်။

ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်မူကား တဏှာ၏ကျွန်အဖြစ်မှ လုံးဝလွတ်ကင်းပြီး ဖြစ်သည်၊ တဏှာ၏အလိုသို့ လိုက်ပါရန် မလိုတော့ချေ၊ ထို့ကြောင့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ရဟန္တာပုဂ္ဂိုလ်များမှာ မိမိစိတ် အလိုရှိသလို (မိမိစိတ်တိုင်းကျ) သုံးဆောင်နိုင်ကြသည်၊ အရှင်သခင်၏ သဘောမျိုး ရှိနေကြသည်၊ သာမိပရိဘောဂ ဖြစ်သည်။ (သာမိ-ပိုင်ရှင်+ပရိဘောဂ-သုံးစွဲခြင်း။)

၇၈။ "သန့်စင်ကိလေသာ, ရဟန္တာအား, တဏှာညွှန်မှ, လွတ်နိုင်ကြ၍, စိုးရ အရှင်, ဖြစ်ကျင်တုံဘိ, သာမိပရိဘောဂါ, မည်တို့ပါ၏"။ သုခါ-၄၉။

ဤသို့ ရှေးဆရာများလည်း မိန့်ဆိုထားကြပါသေးသည်။

ထိုရဟန္တာအရှင်မြတ်များသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပစ္စည်းကို စက်ဆုပ်ရွံရှာဖွယ် မဟုတ်သော သဘောလက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်၊

စက်ဆုပ်ရွံရှာဖွယ်မကောင်းသော ပစ္စည်းကို စက်ဆုပ်ရွံရှာဖွယ် သဘောလက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်၊ ရွံရှာဖွယ်, မရွံရှာဖွယ် နှစ်မျိုးကို ဖယ်ကြဉ်၍ ကြားနေသဘော (လျစ်လျူရှုမှု)လက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်၊ ကြည်ညိုသဒ္ဓါ ပေးလှူလာသော ဒါယကာတို့၏ စိတ်အလိုကိုလည်း ပြည့်ဝစေနိုင်သည်၊ ဤသဘောကလည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်မှုကသာ သာမိပရိဘောဂ ဖြစ်ကြောင်းကို ဖော်ညွှန်းနေပါသည်။

အာဏာဏျပရိဘောဂ ကြွေးရိုနေသော (ကြွေးတင် ကျန်ဖြစ်နေသော) ပုဂ္ဂိုလ်သည် မိမိသွားလိုရာအရပ်သို့ သွားခွင့်မရသကဲ့သို့ ထို့အတူ ဤဏာပရိဘောဂဖြင့် ပစ္စည်းလေးပါးကို သုံးဆောင်ထားသော ရဟန်းသာမဏေသည်လည်း မိမိသွားလိုရာ နိဗ္ဗာန်သို့ သွားခွင့်မရတော့ချေ၊ သို့ဖြင့်- လောကမှ လွတ်မြောက်ခွင့်ကို မရနိုင်တော့ပါ။

ကြွေးကင်းသော ပုဂ္ဂိုလ်မူကား မိမိသွားလိုရာ အရပ်သို့ လွတ်လွတ်ကျတ်ကျတ် သွားလာခွင့် ရသကဲ့သို့ ထို့အတူ ဤဏာပရိဘောဂမှ လွတ်ကင်းသန့်ရှင်းသော ရဟန်းသာမဏေသည်လည်း မိမိသွားလိုရာ နိဗ္ဗာန်သို့ လွတ်လွတ်ကျတ်ကျတ် သွားလာခွင့် ရနိုင်သည်၊ လောကမှ လွတ်မြောက်ခွင့် ရနိုင်သည်။

ဤသို့လျှင် ဤဏာပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သီလရှိသော ပုထုဇဉ်ရဟန်းသာမဏေ၏ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင် သုံးစွဲမှုသည် အာဏာဏျပရိဘောဂ (ကြွေးမည်ကင်းသော သုံးစွဲခြင်း) မည်ပေသည်၊ ထို့ကြောင့် ဤအာဏာဏျ ပရိဘောဂသည် မုချအားဖြင့် ဆိုခဲ့ပြီးသော ပရိဘောဂ လေးမျိုးတို့မှ အလွတ်သီးခြား ပရိဘောဂတစ်မျိုးပင် ဖြစ်နေပါတော့သည်၊ သို့သော် ဤအာဏာဏျ ပရိဘောဂကို သီးခြားပြဆိုမှုကိုကား မပြုခဲ့ပါ။

သီလရှိသော ပုထုဇဉ်ရဟန်းကိုလည်း သီလသိက္ခာနှင့် ပြည့်စုံသောကြောင့် "သေက္ခပုဂ္ဂိုလ် (ကျင့်ဆဲပုဂ္ဂိုလ်)" ဟုပင် ခေါ်ဆိုနိုင်ခွင့် ရှိပေသည်၊ ထို့ကြောင့် "ဤအာဏာဏျပရိဘောဂကို ဒါယဇ္ဇပရိဘောဂ၌ ထည့်သွင်း ရေတွက်ထားသည်"ဟုလည်း မှတ်သင့်ပါသည်။

၇၉။ "တရားလျော်စွာ,အာစာသီလ, ရှိပေကြသား,ကလျာဏဝန်,ပုထုဇန်၏, ရွတ်အံ
ဆင်ခြင်,သညာတင်၍,လေးအင်ပစ္စယ,ထိုမျှခပင်:,သုံးဆောင်ခြင်းလည်:,
ရှင်ရင်းဘုရား, သုံးလူ့ဖျား၏, ရင်သားဖြစ်ထွေ, အမွေခံသာ, မည်တော့ပါ၏"။
သုခါ-၄၉။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားခဲ့ကြပါသေးသည်။

ပြဆိုခဲ့ပြီးသော ပရိဘောဂလေးမျိုးတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂ နှစ်ပါးတို့သည် အရိယာနှင့်ပုထုဇဉ် နှစ်မျိုးလုံးအတွက် အပ်သည်၊ ဤဏာပရိဘောဂမူ

မအပ်ပေ၊ ထေယျပရိဘောဂဋ္ဌမှကား "မအပ်"ဟု ပြောဆိုဖွယ်ပင် လိုမည်မထင်တော့ပါ။

၇၉။ "ခုခါကာလ, ရှေးဦးစလျှင်, ကုလ သညာ, ဝဝတ္ထာဖြင့်, ကောင်းစွာရှုကျင့်, နောင်ခါတွင်၌, ဆင်ခြင်မ ရှိ, သုံးဆောင်မိလည်း, မထိဒေါသ, ပြစ်မရတည့်၊ ပထမခါ, ခံယူခါ၌, သညာမတင်, သုံးဆောင်ချင်လည်း, ဆင်ခြင်ပစ္စဝေစ်, သုံးဆောင်လစ်က, အပြစ်မကပ်, သုံးဆောင်အပ်၍, လေးရပ်ပရိဘောဂ, ထိုထိုမျှတွင်, ထေယျဂ္ဂဏာ, နှစ်ပါးသာတိ, အပြစ်ရှိ၏၊ ထိုပြီးနှစ်ဖြာ, ဒါယဇ္ဇာသာမိ, ပြစ်မရှိတည့်"။

သုခါ-၄၉။

ရှေးဆရာများကလည်း ဤသို့ မိန့်ဆိုထားခဲ့ကြပါသေးသည်။

သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂ နှစ်ပါးတို့သည် အရိယာပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်နိုင်သည် မဟုတ်ပါ၊ ပုထုဇဉ်တို့အတွက်လည်း ပရိယာယ်အားဖြင့် ဖြစ်နိုင်သေးသည်သာ။

သံလေခ(ကိလေသာနည်းပါးစေခြင်း) အကျင့်၌တည်သော ပုထုဇဉ်ရဟန်းသာမဏေ၏ ပစ္စည်း၌ တပ်မက်မှုကို ပယ်ခွာ၍ ပစ္စည်း၌ မငြိကပ်သောစိတ်ဖြင့် သုံးဆောင်ခြင်းသည်လည်း သာမိပရိဘောဂနှင့် အလားတူပါသည်။

ထို့ပြင်-သီလရှိသော ပုထုဇဉ်ရဟန်းသာမဏေ၏ ပစ္စဝေက္ခဏာဆင်ခြင်၍ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည်လည်း ဒါယကာတို့၏စိတ်အလိုကို မချို့ယွင်းမပျက်ကွက်စေသောကြောင့် ဒါယဇ္ဇပရိဘောဂနှင့် အလားတူပါသည်။

ဤသို့လျှင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂတို့သည် ပုထုဇဉ်အတွက်လည်း သဒိသူပစာအားဖြင့် ဖြစ်နိုင်ပါသည်။ အံ-ဋီ-၁၊ ၁၀၉။

ဤမျှဖြင့်ပင် "ဆွမ်းအေးဖြစ်အောင် ပစ္စည်းလေးပါးကို မည်သို့ သုံးစွဲသင့်ကြောင်း သဘောညာဏ် သက်ဝင်လောက်ပြီ"ဟု မျှော်လင့်ပါသည်။

၄။ စတုတ္ထမို ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
မုတ္တဿ ရဇ္ဇေ စရတော , သင်္ကေါ ယဿ န ဝိဇ္ဇတိ။
လုပ်ကျွေးဒကာ-စသည်များမှာ , ငြိတွယ်မထား-လွတ်ကျွတ်ခွာ၊
ပြည်ရွာတွင်းဝယ်-လှည့်လည်သွားလည်း , ငြိကပ်ဆိုးဝါး-မရှိပါ၊
မစုဉစ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-ဝေးကခွာ၊
ထိုရဟန်းမှာ-စတုတ္ထလည်း , မရှိသင်္ကာ-ကောင်းလှပါ။

မြူခိုးတိမ်စင် ထက်ကောင်းကင်ကဲ့သို့လည်းကောင်း, ရာဟုခံတွင်းမှ ကင်းလွတ်ရှင်းရှင်းအညစ်အကြေးကင်းသော လမင်းကဲ့သို့လည်းကောင်း အလုပ်အကျွေးဒါယကာစသည်တို့၌ ငြိကပ်တွယ်တာစိတ်မရှိဘဲ နိုင်ငံအတွင်းဝယ် လွတ်လွတ်ကျွတ်ကျွတ် လှည့်ပတ်သွား

လာနေသောရဟန်းမှာ ရာဂသင်္ကေတ စသည်ခုနစ်ပါး လွန်ဆိုးဝါးသော ငြိကပ်တွယ်တာခြင်းများအနက် တစ်ပါးတလေမျှပင် မရှိနိုင်တော့ချေ၊ ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ အိမ်ထောင်သားမွေး ရွှပ်ထွေးမှုလည်း မရှိသော ရဟန်း၏ အလုပ်အကျွေးဒါယကာစသည်တို့၌ ငြိကပ်တွယ်တာစိတ် မရှိခြင်းသည်လည်း လေးကြီးမြောက်ကောင်းခြင်းပင် ဖြစ်ပါသည်။

ရာဂသင်္ကေတ စသည်ခုနစ်ပါး လွန်ဆိုးဝါးသော ငြိကပ်တွယ်တာခြင်းများဟူသည်မှာ ရာဂသင်္ကေတ(ရာဂဟူသောငြိခြင်း, ကပ်ငြိတတ်သောရာဂ), ဒေါသသင်္ကေတ, မောဟသင်္ကေတ, မာနသင်္ကေတ, ဒိဋ္ဌိသင်္ကေတ, ကိလေသသင်္ကေတ, ဒုစ္စရိတသင်္ကေတ(ဒုစရိုက်ဟူသောကပ်ငြိခြင်း, ကပ်ငြိတတ်သော ဒုစရိုက်)တို့ပင် ဖြစ်ပါသည်။ မဟာနိဒ်-ပါ၊ ၇၀။ ၌၊ ၁၉၀။

ဆောင်။ ။ရာဒေါမောဟ, မာနဒိဋ္ဌိကိ, ဒုစ္စရိ, ကပ်ငြိတရား ခုနစ်ပါး။

အချို့သောပုဂ္ဂိုလ်သည် အိမ်နေသူ လူဝတ်ကြောင်တို့နှင့် ကျွမ်းဝင်ရောနှောလျက် ဆင်းရဲအတူ ချမ်းသာအမျှ (သဟသောကီ, သဟနန္ဒီ)ဖြစ်ကာ နေထိုင်သည်၊ ယင်းသို့နေထိုင်သည့်အတွက် ဖြစ်ပေါ်လာမည့် အပြစ်များမှာ မနည်းလှ (မသေးငယ်လှ)ပါ၊ ရှေးဆရာတို့၏ အဆိုအမိန့်ကိုသာ ရှုစေလိုပါသည်။

၁၃၂။ "တရားကြိုင်မွန်း, တို့ရဟန်းသည်, ငါးခန်းကာမာ, ကိလေသာကို, မခွာမလွှင့်, လူတို့နှင့်မှု, လိုက်သင့်နှီးနော, ဆီရေရောသို့, သဘောမတူ, ဖြစ်ပါမူလည်း, ပျူပျူဟာဟာ, နူတ်လျှာစပ်စား, ပြောများလတ်က, ဝိဿာသဖြင့်, နေ့ညယှက်တင်,ကျင်ကျင်ကျွမ်းကျွမ်း, ရောပြွမ်းချိမ့်မည်၊ မတည်သဘော, ရောနှော ဖန်များ, ကာလလှားသော်, တရားကျင့်ဝတ်, သိက္ခာမြဲတ်သည်, လတ်လတ်အညွှန့်, နေခြည်ဟန့်သို့, မကွန့်စိတ်စော, ကျလျှာချိမ့်မည်၊ အရှည်ကာလ, လျှာများကလည်း, သီလဗျသနံ,အကြံယွင်းဖောက်, မီးရှိန်တောက်က, ပင်ယောက်သွယ်သွယ်, ပန်းစံပယ်သည်, ညှိုးငယ်သောနည်း, သီလစည်းမှ, ပြင်အပသို့, ရောက်ရချိမ့်မည်၊ မတည်သီလ, ယွင်းပြန်ကလည်း, လေးဝအပါယ်, သုံးသွယ်ဝဋ္ဋ, သုံးဘဝတွင်, နေ့ညပြောင်းပြန်, စုန်ဆန်ဟောဟော, တမောမောတည့်, မျောရချိမ့်မည်။ ဥတိန်-၂၀၈။

အချို့သောရဟန်းမူကား ကုရုနဂရရွာ (ကောရဏ္ဍကရွာ)သား ရဟန်းငယ်ကဲ့သို့ အမိအဘတို့၌သော်မှ ငြိကပ်တွယ်တာစိတ် မရှိဘဲ လိုရာအရပ်သို့ သွားလာလှည့်ပတ်နေနိုင်သည်။

ကပ်ငြိမတွယ် ပဉ္စင်းငယ် ကောရဏ္ဍကကျောင်းနေ ဆရာတော်၏ တူဖြစ်သော ဦးပဉ္စင်းကလေးတစ်ပါးသည် စာပေသင်ရန် ရောဟဏသို့ ထွက်သွားသည်၊ ယင်းရောဟဏမှာပင် နှစ်ရှည်လများ နေထိုင်သည်၊ ဆရာတော်၏

နှမဖြစ်သူ ဦးပဉ္စင်းမယ်တော်က ဆရာတော်အား သားဦးပဉ္စင်းငယ် အကြောင်းကို အမြဲတစေ မေးလျှောက်နေသည်။

တစ်နေ့မှာ ဆရာတော်က ဦးပဉ္စင်းကို သွားခေါ်မည့်အကြောင်း နှမဖြစ်သူအား ပြောဆို မှာထားခဲ့၍ ရောဟဏသို့ ထွက်ကြွလာခဲ့သည်။

ဦးပဉ္စင်းကလေးကလည်း "ငါ ဒီမှာ နေလာတာ အတော်ကြာသွားပြီ၊ ဥပဇ္ဈာယ်ဆရာ တော်ကိုလည်း ဖူးတွေ့ရအောင် မယ်တော်ဒါယိကာမကြီးရဲ့အကြောင်းကိုလည်း သိရအောင် ရွာကို ခဏပြန်ဦးမှပဲ၊ ပြီးတော့ ဒီကိုပဲ ပြန်လာမယ်"ဟူသော ရည်ရွယ်ချက်ဖြင့် ရောဟဏမှ ထွက်ကြွလာခဲ့သည်။

ဆရာတပည့် နှစ်ပါးတို့သည် (မဟာဝေလိ)ဂင်္ဂါမြစ်နားမှာ တွေ့ဆုံကြသည်၊ ထိုစဉ် ရဟန်းငယ်က သစ်တစ်ပင်ရင်းမှာ ဆရာတော်ကို ဝတ်ပြုနေသည်၊ "ဦးပဉ္စင်းက ဘယ်ကို သွားဦးမလို့လဲ"ဟု ဆရာတော်က မေးသည့်အခါ ရည်ရွယ်ထွက်လာခဲ့ရင်း အဖြစ်မှန်ကို လျှောက်ထားသည်။

"ဦးပဉ္စင်း ပြန်လာတာ အကောင်းသားပဲ၊ ဦးပဉ္စင်းရဲ့မယ်တော်ကလဲ တို့ကို တမေးထဲ မေးနေတယ်၊ ဒါနဲ့ တို့ကလဲ ဒီကိစ္စအတွက်ပဲ လာခဲ့ရတယ်၊ ဦးပဉ္စင်း သွားတော့၊ တို့က ဒီမှာပဲ ဝါကပ်တော့မယ်"။

ဆရာတော်က အကြောင်းစုံကို ပြောဆိုမှာထားပြီး ဦးပဉ္စင်းကလေးကို လွှတ်လိုက်သည်။

ဦးပဉ္စင်းကလေးလည်း ဝါကပ်မည့် နေ့မှာပင် ကောရဏ္ဍကကျောင်းတိုက်ကို ရောက်သွားသည်၊ ကျောင်းနေ ရဟန်းတော်များက ဦးပဉ္စင်းကလေးကို သူ့အဖေက ဆောက်လုပ်လှူဒါန်းထားသော ကျောင်းမှာပင် နေရာချထားကြသည်။

ဦးပဉ္စင်းကလေး၏ ခမည်းတော်က နောက်တစ်နေ့မှာ ကျောင်းတိုက်ကို လာရောက်လျက် ရဟန်းတော်များကို မေးမြန်း လျှောက်ထားသည်။

"တပည့်တော်တို့ရဲ့ကျောင်းမှာ ဘယ်ကိုယ်တော်ကို နေရာချထားကြပါသလဲ ဘုရား"။

"အာဂန္တုကိုယ်တော်ကလေးတစ်ပါးကို နေရာချထားကြတယ် ဒကာကြီး"။

ရဟန်းတော်များ မိန့်ကြားသော စကားကို ကြားရလျှင်ကြား၍ ဦးပဉ္စင်းကလေး၏ ခမည်းတော်က သားဦးပဉ္စင်းကလေးအနားကို သွားလျက် ရိုသေလေးစားစွာ ရှိခိုး လျှောက်ထားပြန်သည်။

"တပည့်တော်တို့ရဲ့ကျောင်းမှာ ဝါကပ်တဲ့ ရဟန်းဇော်များမှာ တာဝန် ဝတ္တရားတော့ ရှိနေပါတယ်ဘုရား"။

"ဘယ်လို တာဝန်ဝတ္တရားလဲ ဒကာကြီး?"။

"တပည့်တော်တို့ကျောင်းမှာ ဝါကပ်တဲ့ ရဟန်းဟာ ဝါတွင်းသုံးလလုံးလုံး တပည့်တော်တို့ရဲ့အိမ်မှာချည်း ဆွမ်းကို ခံယူရပါ့မယ်၊ ပဝါရဏာပြုပြီး ပြန်ကြွတဲ့ အခါမှာလဲပဲ တပည့်တော်တို့ကို ပြောဆိုမိန့်ကြားပြီးမှ ပြန်ကြွရပါ့မယ်"။

ရဟန်းငယ်ကလေး၏ အထူးအထွေ ပြန်လည်မိန့်ကြားသောစကားကို မကြားရသည့် အတွက် ခမည်းတော်(ဒကာကြီး)က ကျေနပ်လက်ခံကြောင်း သိရှိနားလည်၍ အိမ်ကို ပြန်လာပြီး ဦးပဉ္စင်းကလေး၏ မယ်တော်(ဒကာမကြီး)ကို ပြောဆိုမှာထားပြန်သည်။

"တို့ကျောင်းမှာ အာဂန္တုကိုယ်တော်ကလေးတစ်ပါး ဝါကပ်နေတယ်၊ ရိုရိုသေသေ လေးလေးစားစား ပြုစုလုပ်ကျွေးကြရမယ်"။

ဦးပဉ္စင်းခမည်းတော်၏ စကားကိုကြားရလျှင် ဦးပဉ္စင်းမယ်တော်ကလည်း ဝမ်းမြောက် ဝမ်းသာ သဘောတူကြောင်းကို ပြောဆိုပြီး ဆွမ်းကောင်းဟင်းကောင်း မုန့်ပဲသရေစာ (သွားရည်စာ)ကောင်းတွေကို စီမံချက်ပြုတ်ထားသည်။

ဦးပဉ္စင်းကလေးလည်း ဆွမ်းစားချိန်မှာ ခမည်းတော်မယ်တော်တို့အိမ်ကို ကြွသွားသည်၊ သူ့ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မမှတ်မိတော့ပါ၊"ဧည့်သည် ဦးပဉ္စင်းတစ်ပါး"ဟုပင် မှတ်ထင်နေကြသည်။

ဦးပဉ္စင်းကလေးလည်း ဝါတွင်းသုံးလလုံးလုံး ခမည်းတော်မယ်တော်တို့၏ အိမ်မှာပင် ဆွမ်းဘဉ်းပေးလာခဲ့သည်၊ ဝါကျွတ်သည့်အခါ တာဝန်ဝတ္တရား ရှိသည့်အတိုင်း ခမည်းတော် မယ်တော်တို့ကို မိန့်မြွက်ပြောဆိုသည်။

"ဦးပဉ္စင်း သွားတော့မယ်"။

"နက်ဖြန်မှ ကြွတာပေါ့ဘုရား"။

ဦးပဉ္စင်းကလေး၏ စကားကို ကြားရသည့်အခါ ခမည်းတော်မယ်တော်တို့က တောင်းပန်လျှောက်ထား၍ နောက်တစ်နေ့တွင် အိမ်မှာပင်ဆွမ်းကပ်ကြသည်၊ ဆီ-တစ်ကျည်တောက်, ထန်းလျက်တစ်လုံးနှင့် ကိုးတောင်ရှိ အဝတ်ပိုင်းတစ်ခုတို့ကိုလည်း ပေးလှူကြသည်၊ ထို့နောက် "ကြွလိုက ကြွပါတော့ဘုရား"ဟု လျှောက်ထားကြသည်၊ ဦးပဉ္စင်းကလေးက အနုမောဒနာတရား ဟောကြားခဲ့ပြီး ရောဟဏသို့ ထွက်ကြွလာခဲ့သည်။

ဦးပဉ္စင်းကလေး၏ ဥပဇ္ဈာယ်(ဦးကြီး)ဆရာတော်လည်း ပဝါရဏာပြုပြီး ဦးပဉ္စင်း ကလေး ကြွလာနေသော လမ်းအတိုင်းပင် ပြန်ကြွလာနေသည်၊ အသွားတုန်းက တွေ့ဆုံခဲ့သော နေရာမှာပင် ဦပဉ္စင်းကလေးကို တွေ့ရပြန်သည်၊ ဦပဉ္စင်းကလေးက သစ်တစ်ပင် အောက်မှာ ဆရာတော်ကို ဝတ်ပြုနေသည်။

"ဦပဉ္စင်း ! ဦပဉ္စင်းရဲ့ ဒကာမကြီးကို တွေ့ခဲ့ရဲ့လား?"။

"မှန်ပါ ! တွေ့ခဲ့ပါတယ် ဘုရား"။

ဆရာတော် မေးသည်ကို ဖြေဆိုပြီးသည့်နောက် ဦပဉ္စင်းကလေးက အခြားအကြောင်းစုံကိုလည်း ဆက်လက်လျှောက်ထားသည်၊ ခမည်းတော်မယ်တော်တို့က လှူလိုက်သော ဆီဖြင့်ပင် ဥပဇ္ဈာယ်ဆရာ၏ ခြေတို့ကို သုတ်လိမ်းပေးသည်၊ ထန်းလျက်ခဲကိုလည်း အဖျော်ရည်လုပ် ကပ်သည်၊ အဝတ်ပိုင်းကိုလည်း ဥပဇ္ဈာယ်ဆရာအား ပင် ပေးလှူလိုက်သည်။

"တပည့်တော်အတွက် ရောဟဏအရပ်ကသာ သပွာယ ဖြစ်ပါတယ်ဘုရား"။

ဥပဇ္ဈာယ်ဆရာတော်အား ရှိခိုးလျှောက်ထားခဲ့ပြီး ဦပဉ္စင်းကလေးက ခရီးဆက်လက် ထွက်ကြွသွားပါတော့သည်။

ဦပဉ္စင်းကလေး၏ မယ်တော်ကလည်း သားဦးပဉ္စင်းကို လွမ်းဆွတ်နေသည်၊ တွေလိုစိတ်က ပြင်းပြနေသည်၊ "အခုပဲ ငါ့အစ်ကိုဆရာတော်က ငါ့သားဦးပဉ္စင်း ကလေးကို ခေါ်ပြီး ပြန်လာတော့မှာပါပဲ" ဟု ကြံစည်တွေးတောလျက် တစ်နေ့လာနိုးနိုးဖြင့် အစ်ကို ဆရာတော် ကြွလာမည့်လမ်းကို လှမ်းမျှော်ကြည့်ရှုလျက်သာ အချိန်ကို ကုန်လွန်စေခဲ့သည်။

ဆရာတော်တစ်ပါးတည်း ကြွလာသည်ကို တွေ့ရသည့်အခါမှာကား "ငါ့သားဦးပဉ္စင်း ကလေး သေပြီထင်တယ်၊ ငါ့အစ်ကိုတစ်ပါးတည်းသာ ကြွလာတော့တယ်" ဟူသော အထင်ဖြင့် အတိုင်းထက်အလွန် စိုးရိမ်ပူပန်သွားသည်၊ ဆရာတော်၏ ခြေတော်ရင်းမှာ ဝပ်စင်းလူးလိမ့်လျက် ဖွဖွလိုက်ဖို တမ်းတငိုယိုနေပါတော့သည်။

"တယ်.... နင်တို့က ထိတ်ခနဲဆို ငိုဖို့ပဲ တတ်တယ်၊ နင်တို့ကျောင်းမှာ ဝါတွင်းသုံးလပတ်လုံး နေသွားတဲ့ ဦးပဉ္စင်းဟာ တခြားသူ မဟုတ်ဘူးကွဲ့၊ နင်တို့သား ဦပဉ္စင်းပဲ ဖြစ်တယ်၊ ဦးပဉ္စင်းကလေးက အလိုနည်းတဲ့အတွက် သူက နင်တို့သား ဖြစ်တယ်ဆိုတာကို အသိမပေးဘဲ ထွက်သွားတာ ဖြစ်မှာပဲ"။

ဆရာတော်၏ စကားကို ကြားရမှ ဦးပဉ္စင်းကလေး၏ မယ်တော်မှာ အနည်းငယ် စိတ်သက်သာရာ ရလာသည်၊ စိုးရိမ်သောက တစ်ဝက်လောက် လျော့ပါးသွားသည်။

ဆရာတော်က ဆက်လက်၍ အဖြစ်သနစ်စုံကိုလည်း ပြောပြသည်၊ သားဦးပဉ္စင်း ကလေးအား သူတို့က လှူဒါန်းလိုက်သော အဝတ်ပိုင်းကိုလည်း သက်သေ သာဓကအနေဖြင့် သပိတ်အိပ်ထဲမှ ထုတ်ယူပြလိုက်သည်။

ယင်းအဝတ်ပိုင်းကို တွေ့ရမှ စိတ်ချယုံကြည်လာသည်၊ သောကကင်းကွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လာသည်၊ မယ်တော်ကြီး၏ ပီတိလွမ်းခြုံ၍ သားဦးပဉ္စင်းကလေးအား ကြည်ညိုလာပုံကိုကား ပြောပြ၍ပင် ကုန်နိုင်စရာ မရှိတော့ပါ၊ သား ထွက်ကြွသွားရာ

ဘက်ကို မျက်နှာမူပြီး မြေမှာ ပြားပြားဝပ်လျက် လက်အုပ်ကလေး ချီကာချီကာ ချီကျူးပြောဆို နေပါတော့သည်။

"ဘုရားရှင်က ငါ့သားလို ရဟန်းမျိုးကို ရှေ့တော်မှောက်မှာ သက်သေသာဓက ပြုပြီး ရထဝိနီတသုတ်မှာလာတဲ့အကျင့်, နာလက-ရဟန်းအား ဟောကြားထားတဲ့ မောနေယျအကျင့်, တုဝဋ္ဋကသုတ်မှာလာတဲ့အကျင့်, ပစ္စည်းလေးပါးမှာ ရောင့်ရဲ တင်းတိမ်မှု, ဘာဝနာမှာ မွေ့လျော်ပျော်ပိုက်မှုကိုပြတဲ့ မဟာအရိယဝံသအကျင့် စတဲ့ အကျင့်မျိုးတွေကို ဟောထားခဲ့တာ ဖြစ်မှာပါပဲ၊ မွေးတဲ့မိခင်, အိမ်တွင် ဝါလုံး, သုံးလဆုံးအောင်, ဘုဉ်းပေးဆွမ်းစား, နေခဲ့ငြားလည်း, ငါကားသင့်သား, သင်ကားငါ့မိ, စိုးတစိမျှ, မိန့်ဟခွန်းချို, မမြွက်ဆိုဘဲ, နေနိုင်ပါပေတယ်၊ အံ့ဖွယ် ဆန်းပြား, တကယ့်ယောက်ျား မွေးရကျိုးနပ်တဲ့ သားကောင်းသားမြတ်ပါတကား"။ ဝိသုဒ္ဓိ-၄-၁၊ ၈၈။

ဤသို့ အမိအဖတို့၌သော်မှ ကပ်ငြိတွယ်တာခြင်းကင်းသော ပုထုဇဉ်ရဟန်း၏လည်း သမဏဘဒြ ဖြစ်သည်သာ။

ဤဝတ္ထုကြောင်း ကို ဖတ်ရှုလေ့လာပြီးသည့်နောက် မိဘရပ်ထံ ခဏခဏ ပြန်လိုသော စာသင်သား ရဟန်းသာမဏေများနှင့် အားအားရှိတိုင်း အလည်အပတ်ခရီး ထွက်လိုသော စာသင်သား ရဟန်းသာမဏေများက အောက်ပါ ကဗျာကလေးကို ထပ်ကာထပ်ကာဖတ်၍ မိမိ၏စိတ်ဓာတ်ကို ပြုပြင်လျက် ခိုင်မြဲစွာ မိဋ္ဌာန်ထားစေလိုပါသည်။

ကောရဏ္ဍာရာ-ရဟန်းလေးက , တို့ကိုနည်းပေး-ညွှန်သွားတယ်၊
မိဘဆွေဥာ-တကာများရဲ့ , သံယောဇဉ်များ-ဖြတ်လို့ရယ်၊
နေ့အချိန်တွင်-စာသင်ခန်းနှင့် , ညကမဋ္ဌာန်း-အားထုတ်မယ်၊
ကိုယ်နှင့်စိတ်ကို-လိမလိုက်ဘဲ , သာသနာ၌-မြုပ်နှံမယ်။

၅။ ပဋ္ဌမမို့ ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
နဂရမို့ ဒယ္ဟမာနမို့ , နာဿ ကိဉ္စိ အဒယ္ဟထ။

မြို့ပြပြည်ရွာ-မီးလောင်ငြားလည်း , ပစ္စည်းမများ-ရဟန်းမှာ၊
ပဲတန်ဥစ္စာ-နည်းငယ်မျှပင် , မီးလောင်ခံရ-မရှိပါ၊
မစုဥစ္စာ-လွန်ရွှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-မပြုပါ၊
ထိုရဟန်းမှာ-ပဋ္ဌမလဲ , စိုးရိမ်မခ-ကောင်းလှတာ။

ပရိက္ခရာ ဘဏ္ဍာခမ်းနား ပစ္စည်းများသော ရဟန်းသည် ဓားပြ, သူပုန်, လူဆိုး, သူဆိုးတို့ လုယူခံရမည်ကို စိတ်က တထင့်ထင့်ဖြင့် အမြဲစိုးရိမ်နေရသည်၊ သို့ဖြင့်-ပိုလျှံနေသော သင်္ကန်းစသည်တို့ကို မြို့တွင်းရွာတွင်း အလုပ်အကျွေးဒါယကာရင်းတို့

ထံမှာ အပ်နှံထားရသည်၊ "ဘယ်မြို့ဘယ်ရွာကို မီးလောင်တယ်၊ ဘယ်သူ့အိမ် ဘယ်သူ့အိမ်တွေ မီးထဲပါသွားတယ်"ဟု ကြားရလျှင် စိုးရိမ်ပင်ပန်းရသည်၊ ဤသို့လျှင် ပရိက္ခရာဘဏ္ဍာခမ်းနား ပစ္စည်းများသောရဟန်း၏ အကောင်းမည်သည် မရှိနိုင်တော့ချေ။

ဝမ်းဖြင့်သာ လွယ်ဆောင်၍ အတောင်မျှသာ ဝန်ရှိသော ငှက်တို့၏ အကျင့်မျိုးကို ဖြည့်ကျင့်နေလျက် ကိုယ်နှင့်စပ်သော ပရိက္ခရာမျှသာရှိနေသော ရဟန်းမျိုးမှာ ဘာပစ္စည်းမျှ မီးလောင်ခံရစရာ မရှိတော့ချေ၊ ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ အိမ်ထောင်သားမွေးရွှပ်ထွေးမှုလည်းမရှိသော ရဟန်း၏ မည်သည့်ပစ္စည်းမျှ မီးလောင်မခံရခြင်းသည်လည်း ငါးကြိမ်မြောက် ကောင်းသည်သာတည်း။

၄၂၆။ "ရသေ့ရဟန်း,ကျင့်ခန်းသိမ်မွေ့,ပြကတော့ကား, ရှင်လေ့ရှင်မှု,ကိုယ်တစ်ခုပြင်,
ဝတ္ထုပစ္စည်း,သိမ်းဆည်းကြွက်လို, စုမသိဘူး၊ တစ်ကိုယ်တစ်ဝမ်း, ဖုံးလွှမ်း
ကာမျှ, နည်းကိစ္စဖြင့်, အဌနဝ, ဒသတစ်ဖြာ,ဧကာဒသ, ဒွါဒသဟု, ဤမျှပရိက္ခရာ,
ကိုယ်တွင်ပါ၍,သွားရာဆောင်လျက်, ငှက်၏ပမာ, ဝန်ပေါ့စွာနှင့်, တဏှာလော့လမ်း,
မျှော့နယ်လှမ်း၍, တောင်းယမ်းဖွေရှာ, မလေ့ရာတည့်"။ မဃ-၃၂၈။

ဤသို့လည်း ရဟန်းများ နည်းယူကျင့်သုံးဖွယ်ရာ ရှေးဆရာများ မိန့်ဆိုထားပါသေးသည်။

၆။ ဆဋ္ဌမို ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
ရဋ္ဌေ ဝိလုမ္ပမာနမို , နဿ ကိဉ္စိ အဟီရထ။

တိုင်ကားပြည်ရွာ-ခိုးသူလုလည်း , ဥစ္စာမစု-ရဟန်းမှာ၊
ပစ္စည်းဥစ္စာ-နည်းအပါးပင် , ခိုးယူလုသွား-မရှိပါ၊
မစုဥစ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-ဝေးကွာ၊
ထိုရဟန်းမှာ-ဆဋ္ဌမလည်း , စိုးရိမ်ကင်းပ-ကောင်းလှပါ။

တောတောင်စသည်တို့မှထွက်၍ သူပုန်ဓားပြတို့က တိုင်းနိုင်ငံကို လုယူတိုက်ဖျက်သည့်အခါမှာ ပစ္စည်းပရိက္ခရာ ဘဏ္ဍာများပြား သိမ်းသိုထားသော ရဟန်း၏ ရပ်ထဲရွာထဲ၌ အပ်နှံထားသော ပစ္စည်းဥစ္စာ ပရိက္ခရာများကို လုယက်ယူဆောင်သွားတတ်ကြသည်၊ ထို့ကြောင့် ဤရဟန်းမျိုးမှာ အကောင်းမည်သည် မရှိနိုင်တော့ပါ။

ယင်းသို့ ပစ္စည်းဥစ္စာ ပရိက္ခရာ များများစားစားမရှိဘဲ ကိုယ်နှင့်ဆက်စပ်နေသော ပရိက္ခရာမျှသာရှိသော ရဟန်းမျိုးမှာကား တစ်စုံတစ်ရာမျှ လုယက်ယူဆောင်သွားမှုကို မခံရပေ၊ ထို့ကြောင့် ဥစ္စာစပါးလည်းမရှိ, အိမ်ထောင်သားမွေး ရွှပ်ထွေးမှုလည်းမရှိသော ရဟန်း၏ သူပုန်ဓားပြလက်သို့ ပစ္စည်းဥ စ္စာ ပါမသွားခြင်းသည်လည်း ခြောက်ကြိမ်မြောက် ကောင်းသည်သာတည်း။

၈၃။ "နည်းသည်ကိစ္စ, သမဏတို့, လူ့ဖဘုရား, ပညတ်ထားသည်, တရားသိက္ခာ,
လျော်လှစွာလျှင်, ဥစ္စာမဆည်း, ပစ္စည်းမစု, အမှုနည်းအောင်, လုပ်ဆောင်

ပြစ်လွတ်, ကြောင့်ကြဖြတ်၍, သူမြတ်ပီပီ, ဆိတ်ညံမှိလျက်, လိုက္ခါရှိမူ, ပြည်စွာသူဋ္ဌ, မူစကာလျှင်, စင်စွာသီလ, ကျင့်ပါကြလော့"။ သုခါ-၅၂။

ဤသို့လည်း ရှေးဆရာများက ပစ္စည်းမစုကြရန် ရဟန်းတော်များကို တိုက်တွန်းနှိုးဆော်ထားပါသေးသည်။

၉၃။ "လယ်လုပ်ကုန်သွယ်, ရောင်းဝယ်ဖောက်ကား, လူ့အလားသို့, စီးပွားမရှာ, ရေစာလွယ်ကူ, သူ့လှူခံဆန်း, လိုပန်းမကြီး, ဖျက်ဆီးနိုင်ထက်, လုယက်စလွယ်, ဖုံးကွယ်မထား, ပျောက်ရှင်ငြားလည်း, လေးစားမမူ"။ ကိုး-၆၆။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေးသည်။

၇။ သတ္တာမမွိ ဘဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
စောရေဟိ ရက္ခိတံ မဂ္ဂံ , ယေ စညေ ပရိပန္ထိကာ၊
ပတ္တာစီဝရမာဒါယ , သောတ္ထိံ ဂစ္ဆတိ သုဗ္ဗတော။

ဓားပြသူပုန်-ကင်းစောင့်များတို့ , စောင့်ရှောက်ထားတဲ့-လမ်းမျိုးမှာ၊
သပိတ်လွယ်ကာ-ဝတ်သင်္ကန်းကို , ယူကာအေးချမ်း-သွားနိုင်ပါ၊
မစုဥစ္စာ-လွန်ရှုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-ကင်းဝေးပါ၊
မြတ်ရဟန်းမှာ-သတ္တာမလဲ , နှောင့်ယှက်ကင်းပ-ကောင်းလှတာ။

သူပုန်ဓားပြတွေအတွက်လည်း အသုံးမကျ, အကောက်ခွန်ရုံး အမှုထမ်းတို့အားလည်း အကောက်ခွန်ပေးရန်မလိုသော မြေသပိတ်, ခိုင်ခန့်အောင် ထပ်ကာထပ်ကာချုပ်ထားရသော ပဲသုကသင်္ကန်း(သုံးထည်), တန်ဖိုးနည်းပါးသော ခါးပန်းကြိုး, ရေစစ်, အပ်, ဓားငယ်, (တိစီဝရိတ်၊ သပိတ်အပ်ဓား၊ ခါးပန်းရေစစ်၊ ယူသွားဖြစ်၊ ရှစ်ပါးပရိက္ခရာ။)ဟူသော ပရိက္ခရာရှစ်ပါးနှင့် သပိတ်အိတ်တို့ကို ကိုယ်ဖြင့် တပါတည်း ဆောင်ယူလျက် ဓားပြသူပုန်တို့ စောင့်ရှောက်ထားသောလမ်းနှင့် အကောက်ခွန်ရုံးအမှုထမ်းများ စောင့်ရှောက်ထားသော လမ်းများကို သွားလာရသော ရဟန်းသည် မည်သူတစ်ဦး တစ်ယောက်၏ နှိပ်စက်မှုကိုမျှ မခံရဘဲ ချမ်းသာစွာ သွားရသည်။

ယင်းသို့ မဟုတ်မူ၍ တွေ့မြင်ရသူတို့ လိုချင်မက်မောစရာဖြစ်သည့် အကောင်းစား သင်္ကန်းစသည်တို့ကို ဝတ်ရုံသုံးဆောင်လာသည်ကို တွေ့ရပါလျှင် သူပုန်ဓားပြတို့ကလည်း လုယက်ယူဆောင်သွားတတ်ကြသည်၊ အကောက်ခွန်ရုံး အမှုထမ်းတို့ကလည်း "ဒီရဟန်းမှာ ဒီပြင် ဘာများ ပါလာဦးမလဲ"ဟု သပိတ်အိတ်စသည်တို့ကို မွှေနှောက်ရှာဖွေတတ်ကြသည်။

ကောင်းစွာ ကျင့်သည်ဖြစ်၍ ပေါ့ပါးသော အသက်မွေးမှုရှိသော (သလွဟုကဝုတ္တို) ရဟန်းမူကား ထိုသူများကြည့်နေစဉ်မှာပင် ချမ်းသာစွာသွားရသည်၊ ထို့ကြောင့် အနောင့်အယှက်ကင်း ချမ်းသာစွာသွားရခြင်းသည်လည်း ပစ္စည်းဥစ္စာလည်းမရှိ အိမ်ထောင်သားမွေး ရှုပ်ထွေးမှုလည်းမရှိသော ရဟန်း၏ ခုနစ်ကြိမ်မြောက် ကောင်းသည်သာတည်း။

၁၈၁။ "အာပတ်မပြောက်, ပါတိမောက်နှင့်, စောင့်ရောက်ကွန်ဒြေ, ရာဖွေပစ္စည်း,
လိပ်လည်းမတွန့်, သက်မွေးသန့်သား, ရဟန့်းအလား, ကြည်ဖွယ်သားနှင့်,
ရှစ်ပါးပရိက္ခရာ, ကိုယ်ကြပ်ပါလျက်"။ ဇန-၈၄။

ဤသို့ ရှေးဆရာများ မိန့်ဆိုထားသော ရဟန်းမျိုးမှာလည်း ကောင်းခြင်းဖြစ်နိုင်သည်သာ။

၈။ အဋ္ဌမမ္မိ ဘဒ္ဒြမဓနဿ , အနာဂါရဿ ဘိက္ခုနော၊
ယံယံ ဒိသံ ပက္ကမတိ , အနပေက္ခော၀ ဂစ္ဆတိ။

ကိုယ်နှင့်မပါ-သိမ်းဆည်းထားတဲ့ , ပစ္စည်းထွေပြား-မရှိပါ၊
ထွက်သွားလိုရာ-ထိုထိုဘက်သို့ , မငဲ့မကွက်-သွားနိုင်တာ၊
မစုဉစ္စာ-လွန်ရုပ်ထွေးတဲ့ , အိမ်ထောင်သားမွေး-မပြုပါ၊
မြတ်ရဟန်းမှာ-အဋ္ဌမလည်း , ရှုငဲ့ကင်း၀-ကောင်းသည်သာ။

ကိုယ်မှာ ဝတ်ရုံသုံးစွဲနေသည်ထက် ပစ္စည်းဥစ္စာ ပရိက္ခရာ တစ်စုံတစ်ခုကိုမျှ ကျောင်းမှာ စုဆောင်းသိမ်းဆည်း မထားသော ရဟန်းသည် အရပ်တစ်ပါးသို့ ကြွသွားလိုပါလျှင် နေခဲ့ရာအရပ်ကို ငဲ့စောင်းပြန်လှည့် ရှုကြည့်မှုကိုပင် မပြုရတော့ပါ၊ တပ်ငြိစုံမက် ငဲ့ကွက်မှု ကင်းရှင်းစွာဖြင့် ကြွလိုရာအရပ်သို့ ကြွသွားနိုင်သည်၊ ထို့ကြောင့် မငဲ့မကွက် သွားလိုရာဘက်ကို ထွက်ကြွသွားနိုင်ခြင်းသည်လည်း ပစ္စည်းဥစ္စာလည်းမရှိ, အိမ်ထောင်သားမွေး ရုပ်ထွေးမှုလည်းမရှိသော ရဟန်း၏ ရှစ်ကြိမ်မြောက် ကောင်းသည်သာတည်း။

ဤရဟန်းမျိုးကိုပင် ရည်ရွယ်တော်မူ၍ ရှေးဆရာများကလည်း အောက်ပါစကားကို မိန့်ဆိုထားကြပါသည်။

၄၃၂။ "ငါ့ကျောင်း ငါ့ကန်, ငါ့ဗိမာန်က, လေးတန်ပစ္စယ, ရိုခမြတ်လေး,သဒ္ဓါရှေး၍,
လုပ်ကျွေးတတ်စွာ, ငါ့တကာဟု, တွယ်တာတတ်ငြား, ရဟန်းများတို့,
တရားကွာလွှင့်, တဏှာဖြင့်သာ, လူနှင့်ဒွေးဘော်, လွန်မွေ့လျော်လျက်, စိုးဘော်
ပျော်ဘက်, တသက်သက်နှင့်, စုံမက်စွန်းမက်, မခွာရက်သို့, ငဲ့ကွက်မရှိ,ကပ်မငြိဘူး,
ရွယ်မိရာသွား, ညှို့လွတ်မြားသို့, ဖ၀ါးခြေဦး, စူးစူး လှည့်ကာ, ရည်တိုင်းသာလျှင်,
လိုရာရပ်သို့, ကြွနိုင်တို့လျက်, ကြဲ့ချို့ပမည်း, တစ်ကိုယ်ချည်းမျှ, ဖော်နည်း
ပျော်မွေ့, ရှင်တို့လေ့ဌ, ညနေ့မလစ်, အားတော်သစ်၍, နောက်နစ်၀မ်းတွင်း,
ကြံတော်ကင်း၏"။ မဃ-၃၃၅။

ဤဌ ကြည်ညိုနည်းယူဖွယ်ရာ ရှေးဆရာတော်များ ကျင့်သုံးနေထိုင်သွားပုံ တစ်ခုမျှကို ဆက်လက် ပြဆိုပါဦးမည်။

တွယ်တာကင်းစင် ထေရ်အရှင် အမျိုးသားနှစ်ဦးတို့သည် အနုရာဓမြို့မှ ထွက်လာကြပြီး မိမိတို့ ရည်ရွယ်မှန်းထားရင်း အတိုင်း (အနုပဗ္ဗေန) ထူပါရုံကျောင်းတိုက်မှာ ရဟန်းပြုနေကြသည်။

ရဟန်းတစ်ပါးသည် ဒွေမာတိကာတို့ကို အရအမိ သိရှိနားလည်အောင် လေ့လာသင်ယူသည်၊ ငါးဝါရှိ ပဝါရဏာ ပြုပြီးသည့်အချိန်မှာ ပါစိနခဏ္ဍရာဇိမည်သော အရပ်သို့ ကြွသွားသည်၊ တစ်ပါးမူကား ထူပါရုံကျောင်းတိုက်မှာပင် သီတင်းသုံးနေထိုင်သည်။

ပါစိနခဏ္ဍရာဇိအရပ်သို့ ကြွသွားသောရဟန်းသည် ယင်းအရပ်မှာပင် ကြာရှည်လေးမြင့် နေထိုင်သည်၊ (ဆယ်ဝါကျော်၍) ဆရာတော်ဖြစ်လာသည့်အခါ "ဒီနေရာဒီဌာနဟာ တရားအားထုတ်ရန် သင့်လျော်တဲ့ နေရာဌာန ဖြစ်တယ်၊ ဒီအကြောင်းကို အခုပဲ သွားပြီး သူငယ်ချင်းကို ပြောဦးမှပဲ"ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်ကြွလာခဲ့သည်၊ မျှော်မှန်းလာခဲ့သည့်အတိုင်း ထူပါရုံကျောင်းတိုက်သို့ ဝင်ရောက်လာခဲ့သည်။

အတူရဟန်းပြုလာသော ကျောင်းနေ(အာဝါသိက)ဆရာတော်က မိတ်ဆွေဆရာတော်ကျောင်းတိုက်သို့ ဝင်ရောက်လာသည်ကို တွေ့ရသောအခါ နေရာမှထ၍ ဆီးကြိုနေနှင့်သည်၊ အနားကို ရောက်လာသည့်အခါ သပိတ်သင်္ကန်းကို လှမ်းယူသည်၊ အာဂန္တုကရဟန်းအပေါ်မှာ ပြုလုပ်ရမည့် အာဝါသိကကျင့်ဝတ်ကို မယွင်းမချွတ်ရအောင် ပြုလုပ်သည်။

အာဂန္တုကဆရာတော်မူကား ကျောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ပါးတည်း အပန်းဖြေ အနားယူနေသည့်အချိန်မှာ မျှော်လင့်ချက်ကြီးစွာဖြင့် ကြဲစည်စဉ်းစားနေသည်။

"အခုပဲ ငါ့သူငယ်ချင်းက ထောပတ်, တင်လဲ, အဖျော်, ယမကာ တစ်ခုခု ငါ့ဆီကို လာပို့လိမ့်မယ်၊ သူ ဒီမြို့မှာ ဒီလောက်ကြာကြာနေလာတာကို ထောက်တော့ မပို့နိုင်စရာ မရှိပါဘူး"။

တရွေ့ရွေ့ဖြင့် ညဉ့်အချိန်ကသာ ကုန်ဆုံးလာခဲ့သည်၊ သူမျှော်လင့်တောင့်တနေသည့် အရာဝတ္ထုများကိုကား အရိပ်အရောင်မျှပင် မတွေ့မမြင်ရပါ၊ သို့ဖြင့် သူသည် နံနက်စောစော အချိန်ဆိုက်ရောက်လာသည့်အခါမှာ ကြဲစည်တောင့်တနေပြန်သည်။

"အခုနေအချိန်မှာ သူ့ရဲ့အလုပ်အကျွေး ဒကာများက လာရောက်လှူဒါန်းတဲ့ မုန့်ပဲသရေစာ(သွားရည်စာ)တွေကို ငါ့ဆီသို့ ပို့လာလိမ့်မယ်"။

တဖြည်းဖြည်း နေကသာ မြင့်တက်လာခဲ့ပြန်သည်၊ သူတောင့်တကြဲစည်နေသော မုန့်ပဲသရေစာတို့ကိုကား စားရသောက်ရမှာ အသာထား, မျက်ဝါးထင်ထင် မြင်ပင် မမြင်ရပါ၊ သို့ဖြင့် သူသည် ဆွမ်းခံချိန်နီးလာသည့်အခါ တွေးမြော်စဉ်းစားနေပြန်သည်။

"လာပို့တဲ့ အလုပ်အကျွေး ဒကာတွေက ရှိဟန်မတူဘူး၊ ရွာထဲကို ဆွမ်းခံဝင်သွားတဲ့အခါမှာ လှူကြတန်းကြလိမ့်မယ် ထင်တယ်"။

ဆွမ်းခံချိန်ရောက်လာသည့်အခါမှာ သူသည် ခပ်စောစောပင် အာဝါသိကဆရာတော်၏ နောက်မှလိုက်ပါလျက် ရွာတွင်းသို့ ဆွမ်းခံဝင်လာသည်။

ဆရာတော်နှစ်ပါးက တစ်လမ်းတည်းမှာပင် တစ်ပါးနောက်က တစ်ပါးလိုက်ပါလျက် ဆွမ်းခံ လှည့်လည်ကြသည်၊ ရလာသော ယာဂုတစ်မှုတ်လောက်ကို ရွာတွင်း ဆွမ်းစားဧရပ်မှာ ထိုင်သောက်ကြသည်၊ ထိုအချိန်မှာလည်း အာဂန္တုဆရာတော်က တွေးတောစဉ်းစားနေပြန်သည်။

"အမြဲဝတ်ထား လှူဒါန်းနေတဲ့ ယာဂုကတော့ ရှိဟန်မတူဘူး၊ အတော်လေးကြာသွားလို့ ဆွမ်းစားချိန် ရောက်လာတဲ့အခါမှာ လူတွေက ဆွမ်းကောင်းဟင်းကောင်းတွေကို လာရောက် လှူဒါန်းကြလိမ့်မယ်"။

"မှန်းချက်နှင့် နှမ်းထွက်မကိုက်"ဆိုသလို ဆွမ်းစားချိန် ရောက်လာသည့်အခါမှာလည်း ဆွမ်းခံ၍ရလာသည့် ဆွမ်းကိုပင် ဘဉ်းပေးကြရသည်၊ ဆွမ်းဘဉ်းပေးပြီးသည့် အချိန်မှာကား အာဂန္တုဆရာတော်က မိမိစိတ်ထဲမှာ ရှိနေသည်ကို မျိုသိပ်မထားနိုင်တော့ပါ၊ အာဝါသိကဆရာတော်ကို မေးမြန်းလျှောက်ထားလာပါတော့သည်။

"အမြိတမ်း ဒီလိုချည်း မျှတနေရပါသလားဘုရား?"။

"အေး ..... ဟုတ်တယ် ငါ့ရှင်ရယ်"။

"ပါစိနခဏ္ဍာအရပ်ကတော့ ချမ်းသာလှပါတယ်၊ အဲဒီ ပါစိနခဏ္ဍာအရပ်ကိုပဲ သွားကြပါစို့ဘုရား"။

အာဂန္တုဆရာတော်၏ စကားအဆုံးမှာပင် အာဝါသိကဆရာတော်က တောင်ဘက်တံခါးဖြင့် မြို့မှထွက်လျက် အိုးထိန်းသည်ရွာ (အိုးလုပ်သမားရွာ) လမ်းအတိုင်း ကြွသွားနေပါတော့သည်။

ထိုစဉ် နောက်မှ လိုက်ပါလာသော အာဂန္တုဆရာတော်က "မျက်စိလည် လမ်းမှားလာပြီ"ဟူသော အထင်ဖြင့် တိုးတိုးသာသာ လျှောက်ထားပါတော့သည်။

"အရှင်ဘုရား ! ဒီလမ်းကို ဘာကြောင့် ကြွနေရပါသလဲ?"။

"ငါ့ရှင်က ပါစိနခဏ္ဍာရာဇအရပ်ရဲ့ 'ချမ်းသာတယ်'ဆိုတဲ့ ဂုဏ်ကို ပြောခဲ့တယ်မဟုတ်လား?၊ အဲဒီ ပါစိနခဏ္ဍာရာဇအရပ်ကို သွားမလို့ပဲ ငါ့ရှင်ရယ်"။

"ဒါဖြင့်ရင်-ဒီလောက်ကြာအောင်နေလာတဲ့ နေရာဌာနမှာ အရှင်ဘုရားရဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာ တစ်စုံတစ်ရာမျှ မရှိတော့ဘူးလားဘုရား?"။

"အေး –ဟုတ်တယ်၊ မရှိဘူး ငါ့ရှင်၊ သံဃာပိုင်ဖြစ်တဲ့ ခုတင်ကုလားထိုင်တွေလဲ သိမ်းထားပြီးဖြစ်တယ်၊ အခြားဘာပစ္စည်းမျှ မရှိပါဘူး"။

"တပည့်တော်ရဲ့တောင်ဝှေး, ဆီကျည်တောက်, ဖိနပ်အိပ်တွေကတော့ ထူပါရုံကျောင်းတိုက်မှာပဲ ကျန်ရှိနေပါသေးတယ်ဘုရား"။

"အလို..... ငါ့ရှင်ရယ်၊ ငါ့ရှင်က တစ်နေ့လေးနေပြီး ဒီလောက်များတဲ့ပစ္စည်းဥစ္စာတွေကို ချန်ထားခဲ့ရပေသကိုး"။

အာဝါသိကဆရာတော်၏ စကားအဆုံးမှာပင် အာဂန္တုဆရာတော်က 'မှန်လှပါဘုရား"ဟု လျှောက်ထားဝန်ခံပြီး ကြည်ညိုလေးစားလှသည့်အတွက် အာဝါသိကဆရာတော်ကို လက်အုပ်ချီမိုး ရှိခိုးလျက် ဆက်လက် လျှောက်ထားပြန်သည်။

"အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးအတွက် ဘယ်လိုနေရာမှာပဲနေနေ တောမှာနေရာရောက်ပါတော့တယ်ဘုရား၊ ပြီးတော့ကာ ထူပါရုံစေတီတော်က ဘုရားရှင်လေးဆူတို့ရဲ့ ဓာတ်တော်များကို ဌာပနာထားတဲ့ နေရာဌာန ဖြစ်ပါတယ်၊ လောဟပါသာဒမှာလဲ သင့်လျော်တဲ့ တရားစကား ကြားနာမှုကို ရနိုင်ပါတယ်၊ မဟာစေတီတော်ကိုလဲ ဖူးမြော်နိုင်ပါသေးတယ်၊ ဒ့ဲပြင်– ထေရ်ကြီးဝါကြီးဆရာတော်တွေကိုလဲ ဖူးတွေ့နိုင်ပါသေးတယ်၊ ဒီတော့ ဒီနေရာ ဒီဌာနဟာ ဘုရားရှင်လက်ထက်တော်ကနှင့်မထူးတော့ပါဘူး၊ ဘုရားရှင်လက်ထက်တော်ကလိုပဲဖြစ်နေပါတော့တယ်၊ အရှင်မြတ်တို့က ဒီနေရာဒီဌာနမှာပဲ သီတင်းသုံး နေတော်မူကြပါတော့ဘုရား"။

ယင်းစကားကို ကြားရသည့်အခါ အာဝါသိကဆရာတော်လည်း ရောက်ရာအရပ်မှပင် ထူပါရုံကျောင်းတိုက်သို့ ပြန်ကြွလာခဲ့သည်။

အာဂန္တုဆရာတော်လည်း ထူပါရုံကျောင်းတိုက်ကို လိုက်ပါလာပြီး နောက်ထပ်တစ်ညကျိန်းစက်သည်၊ နောက်တစ်နေ့မှာသပိတ်သင်္ကန်းကို ယူလျက် မိမိနေရာ ပါစိနခဏ္ဍရာဇိအရပ်သို့ တစ်ပါးတည်းသာ ပြန်ကြွသွားပါတော့သည်။ ဝိသုဒ္ဓိ-၄-၁၊ ၈၇။

ဤအာဝါသိက ဆရာတော်ကဲ့သို့ ကိုယ်မှာဝတ်ရုံ သုံးစွဲနေသည်ထက် ပစ္စည်းဥစ္စာတစ်စုံတစ်ရာ အပိုအလွန်မရှိသော ရဟန်းသည် အလိုရှိရာ အရပ်မျက်နှာသို့ ထွက်ခွာရည်စူးခြေဦးလှည့်ကာ မတွယ်တာဘဲ ရောက်ရာအရပ်မှပင် ဆောလျှင်စွာ ထွက်သွားနိုင်သည်၊ ထိုရဟန်းမျိုးအား အမြဲ သမဏဘဒ္ဒ ဖြစ်သည်သာတည်း။

ပစ္စည်းဥစ္စာ–မျှော်တောင့်တလို့ , ဒကာဒကာမ–ကျွမ်းမဝင်၊
ကိုယ်မှာပါလာ–ပစ္စည်းများထက် , သိုမှီးသိမ်းထား–မရှိလျှင်၊
မိမိရောက်ရာ–မြို့.ရွာများမှ , လိုရာထွက်သွား–ဆောလျှင်၊
ရဟန်းဆိုတာ–ဒီလိုကျင့်မှ , ဂုဏ်သိန်တိုးမြင့်–ပူကင်းစင်။

ယခုကာလ သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများသည်လည်း ဤကဗျာကလေးဖြင့် မိမိစိတ်ဓာတ်ကို မြှင့်တင်ပေးပြီး အာဝါသိကဆရာတော်ကို အတုယူလိုက်နာကျင့်သုံးပါလျှင် ဂုဏ်သိန်ကျက်သရေ ဖြိုးဝေတိုးတက် လာပါလိမ့်မည်၊ ယခုဘဝမှာလည်း မပူပင် နောင်ဘဝမှာလည်း အပူကင်းစင် နိဗ္ဗာန်ဝင်နိုင်ကြပါလိမ့်မည်။

အကျဉ်း မှတ်ရန်

၁။ ဥစ္စာစပါး‌ကို မသိမ်းဆည်းဘဲ ဆွမ်းခံစား‌ခြင်း။
၂။ အပြစ်မရှိသောဆွမ်း‌ကို (တရား‌သဖြင့် ရလာသောဆွမ်း‌ကို ပစ္စဝေက္ခဏာဆင်ခြင်) စား‌သုံး‌ခြင်း၊
၃။ အေး‌ပြီး‌သောဆွမ်း‌ကို စား‌သုံး‌ခြင်း၊ (ရာဂအပူငြိမ်း‌အောင် ဆင်ခြင်သုံး‌စွဲခြင်း၊)
၄။ အလုပ်အကျွေး ဒါယကာစသည်တို့၌ ငြိကပ်တွယ်တာစိတ် မရှိခြင်း၊
၅။ ပစ္စည်း‌ပရိက္ခာရာနှင့်စပ်၍ မီး‌ဘေး‌ကို မစိုး‌ရိမ်ရခြင်း၊
၆။ ခိုး‌သား‌ဓား‌ပြတို့ ခိုး‌ယူ လုယက်မည်‌ကို မစိုး‌ရိမ်ရခြင်း၊
၇။ သွား‌လိုရာအရပ်သို့ အနှောင့်အယှက်မရှိ သွား‌နိုင်ခြင်း၊
၈။ နေရာဟောင်း၌ မငဲ့မကွက် သွား‌လိုရာဘက်‌ကို သွား‌နိုင်ခြင်း၊-

ဟူသော ဤရှစ်ပါး‌တို့သည် ရဟန်း‌တို့၏ ကောင်း‌ကုဏ်များ ဖြစ်သည်၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ‌က ဤကောင်း‌ကုဏ်များ ပြည့်ဝလာအောင် အမြဲတစေ ကြို‌း‌စား အား‌ထုတ်သင့်ပေသည်။

တကယ်တန်း ကြို‌း‌စား‌အား‌ထုတ်‌ကြပါလျှင် အခြေအနေများလည်း သိသိသာသာ တို‌း‌တက်ပြောင်း‌လဲလာမည့်အပြင် ရဟန်း‌တို့၏ ချမ်း‌သာသုခကိုလည်း အပြည့်အဝ ရရှိလာကြပါလိမ့်မည်။

ထို့‌ကြောင့် ဤသမဏဘဒ္ဒ ရှစ်ပါး‌တို့‌ကိုပင် 'သမဏသုခ ရှစ်ပါး' ဟူ၍ အဋ္ဌကထာဆရာများ မိန့်ဆိုထား‌ခဲ့ဟန် တူပါသည်။

သမဏသုခ ရှစ်ပါး

၁။ ဥစ္စာစပါး‌ကို သိမ်း‌ဆည်း‌မှု မရှိခြင်း၊
၂။ အပြစ်မရှိသော ဆွမ်း‌ကို ရှာဖွေခြင်း၊
၃။ ငြိမ်း‌အေး‌ပြီး‌သော ဆွမ်း‌ကို စား‌သုံး‌ခြင်း၊
၄။ နိုင်ငံတော်အစို‌း‌ရများ‌က အခွန်အကောက်စသည်‌ကို မပေး‌မနေရ ကောက်ခံရာအခါ၌ မပူပန်ရခြင်း၊
၅။ ပစ္စည်း‌အသုံး‌အဆောင်တို့၌ ဆန္ဒရာဂ(တပ်စွဲမှု) ကင်း‌ခြင်း၊
၆။ ခိုး‌သား‌ဓား‌ပြတို့ ခိုး‌ယူတိုက်ဖျက်ရာအခါ၌ ဘေး‌မရှိခြင်း၊
၇။ မင်း‌, မင်း‌၏အမတ်များနှင့် မရောနှောခြင်း၊

၈။ အရပ်မျက်နှာတို့၌ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း။

ဗုဒ္ဓဝံသ- ၄၊ ၉၈။ အပ-၄-၁၊ ၉။ ဇာတက-၄-၁၊ ၉။ အဋ္ဌသာ-၄၊ ၁၇။

သမဏအမည်ရသော ရသေ့ရဟန်း၏ ချမ်းသာကြောင်း အကျိုးအာနိသင်တို့ကို "သမဏသုခ"ဟု ခေါ်သည်။

၄၂၅။ "(၁)ဓနဓညေ, ဆန်ရေတစ်သီး, သိုမှီးမဲ့ခြင်း, (၂)ပြစ်ကင်းဆွမ်းရှာ, (၃)တစ်ဖြာမှတ်ရေး, ဆွမ်းအေးမျိုးစား, (၄)ပြည်တိုင်းကားနှိုက်, လျှပ်ဝါးကလူ, မမူဝေးစွာ, (၅)ပရိက္ခရာမမက်, (၆)လုယက်ဘေးကင်း, (၇)မင်း-မင်းအမတ်, ပူးပွတ်မကပ်, (၈)လေးရပ်မျက်နှာ, လေ့ပမာလျှင်, လိုရာမတွန့်, သွားမတန့်တည့်, ရဟန်းသုခ, ဟူတုံစွသား, အဋ္ဌသမဏ, ဘဒြဖြင့်"။ မဃ-၃၂၈။

ဤသို့ မန်လည်ဆရာတော်ဘုရားကလည်း သမဏဘဒြနှင့် သမဏသုခတို့ကို ထပ်တူပင် မိန့်ဆိုထားပြန်သည်၊ သို့သော် ဤသမဏသုခရှစ်ပါးသည် ပြဆိုခဲ့ပြီးသော သမဏဘဒြရှစ်ပါးနှင့် တစ်ထပ်တည်း တူညီသည်ကား မဟုတ်ပါ၊ အနည်းငယ်မျှ ကွဲပြားနေပါသေးသည်၊ ယင်းကွဲပြားချက်မျှကိုသာ ဤနေရာ၌ ဖွင့်ပြပါမည်။

၁။ ဥစ္စာစပါးကို သိမ်းပိုက်ထားမှု မရှိသည့်အတွက် သိမ်းဆည်းရသောဒုက္ခ, ထိန်းသိမ်းစောင့်ရှောက်ရသောဒုက္ခ, စိုးရိမ်ကြောင့်ကြရသောဒုက္ခတို့မှ ကင်းလွတ်ရခြင်းသည် သမဏသုခ(ရဟန်းချမ်းသာ)တစ်မျိုးပင် ဖြစ်ပေသည်၊ သမဏဘဒြ၌လည်း "ရဟန်းတော်တို့သည် ဥစ္စာစပါးကို ကျို၌လည်း သိမ်းမထားကြ၊ အိုး၌လည်းသိမ်းမထားကြ၊ တောင်း၌လည်း သိမ်းမထားကြ"ဟု ဟောတော်မူထားသည်။

၁၃၁။ "ပြည်းစည်းဦးခေါင်း, သင်္ကန်းမောင်းနှင့်, မစောင်းမလှည့်, မြော်ကြည့်ရှုမိန်း, စောင့်ထိမ်းဣန္ဒြေ, စွေခုနစ်ရက်, ဖြည်းသက်ဖြောက်ဖြောက်, လေဖြင့်လှောက်လျက်, တတောက်ရက်ရက်, မိုးရည်စက်ကို, သုံးလက်သပ်လိုက်, သပိတ်ပိုက်၍, မငိုက်မညှာ, ချမျက်လွှာနှင့်, သဒ္ဓါကြည်ဖြူ, သူလူသရွေ့,မလွေ့မရမ်း, ပဲလွမ်းပဲကြီး, ရောရီးဖြစ်ဆန်း, ကြိတ်လမန်းလည်း, စိတ်မှန်းတပ်တပ်, ရှင်နှင့်စပ်ဟု, မနပ်တစ်ချို့, နပ်တစ်ချို့နှင့်, ပို့ဘိမတတ်, ထပ်ထပ်နဲနဲ,ဆန်ကွဲဆန်ညှာ, ဆန်နှာဆန်ဖြုန်း,ပအုန်းဟင်းညို, ချဉ်ချိုမရွေး, ပေးပေးသမျှ, ဝမဝကို, ဆဏမကြဲ, ဆက်ဆံမပြတ်, ပိဏ္ဍပါတ်အား, အမြတ်ထင်ရည်း, သူတော်နည်းဖြင့်, ပစ္စည်းမတပ်, လပ်ကိုမခင်, တောချောက်ဝင်၍, နှစ်အင်ခြိုက်ရ, တတ်ဘိမူ"။ ၉၅-၆၆။

ရဟန်းဟူက ပစ္စည်းလာဘ်လာဘနှင့် ပတ်သက်၍ ဤသို့သာ ကျင့်သင့်ပါသည်။

၄၂၅။ "ကိုယ်တွင်းယုတ်မာ, ပါပိစ္ဆာဖြင့်, တဏှာအထည်း, လောဘသည်း၍, ပစ္စည်းလာဘ်သပ်, အပ်မအပ်က, ရသမျှကို, ပြိတ္တာ့မျိုးစေ့, တပွေ့ပွေ့နှင့်,

တပ်ပြွေ့ခင်မက်, (တသက်သက်တည့်၊ မသုံးရက်ဟူ, မလှူရက်ရေး, မပေးရက်အား, မစားရက်နိုး, တစိုးစိုးဖြင့်, သူခိုးကပင်, ဥစ္စာရှင်ထက်,ခင်မင်နှစ်သက်, နမြောခက်သို့, ရမ္မက်ငြိစွန်း, ဝတ်သက််န်းနှင့်, ရဟန်းဖြစ်လျက်,) ကျင့်လွဲလက်သော်, ကုမ္မဂ္ဂဆိုး, လမ်းရိုးမမှန်, တိရစ္ဆာန်သို့, နိဗ္ဗာန်မပေါက်, အပါယ်ရောက်၍, လမ်းကောက်တိမ်းပင်း, ချွတ်ခဲ့ယွင်း၏"။ မဃ-၃၂၇။

ဤသို့ကား မကျင့်သင့်ပါ။

၄။ နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ အရာရှိများက အကောက်ခွန်စသည်တို့ကို ကောက်ခံကြရသည်၊ တိုင်းသူပြည်သားများက မိမိတို့နှင့်သက်ဆိုင်ရာ အကောက်ခွန်များကို ပေးဆောင်ကြရသည်၊ ဤသည်မှာ ထူးဆန်းလှသည်ကား မဟုတ်ပါ၊ ကမ္ဘာဦးမှစ၍ လူသားတို့၏ ဘဝပေးတာဝန် တစ်ခုမျှသာ ဖြစ်ဖွယ်ရာရှိပါသည်။

နိုင်ငံတော်အစိုးရက တိုင်းသူပြည်သားများထံမှ ကောက်ခံရရှိသော အကောက်အခွန်များဖြင့်ပင် နိုင်ငံတော်၏ ကြီးပွားတိုးတက်ရေး, လုံခြုံရေး, ငြိမ်ဝပ်ပိပြားရေး စသော ကိစ္စများကို ဆောင်ရွက်ပေးနေကြရသည်၊ အကောက်အခွန်ကို မရရှိပါက မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။

သို့ဖြင့်-နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ အရာရှိများက အကောက်အခွန်စသည်တို့ကို အရေးတကြီး ကောက်ခံလာသည့်အခါ တိုင်းသူပြည်သားများက မရှိသေးလျှင်လည်း ရှာဖွေကြရသည်၊ ရှိနေပြန်လျှင်လည်း အချို့အမြင်ကျဉ်းသူများက ကိုယ့်ပစ္စည်းဥစ္စာကို စွန့်လွှတ်ပေးကမ်းရန် ဝန်လေးနေကြသည်၊ နမြောတွန့်တိုနေကြသည်၊ သို့ဖြင့် အနည်းနှင့် အများ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရသည်၊ ကချို့လည်း ပုန်းကွယ်ရောင်တိမ်းနေကြသည်။

၈၀။ "တဏှာနစ်မျော, လူ့သဘောကား, နမြောစုံမက်, ကိုယ်နှစ်သက်လျှင်, သူ့လက်ရောက်ရေး, သဒ္ဓါနှေး၍, ပေးမည်အကြောင်း, ဝေးပေကောင်း၏၊ တောင်းရုံကိုမျှ, စိတ်ကတုံ့တုံ့, မခံဝံ့၍, ကြောက်ရွံ့အာဏာ, ပုန်းရှောင်ရာ၏"။ ဥမ္မာ-၄၆။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေးသည်။

ဝိနည်းတရားတော်အတိုင်း ကျင့်သုံးနေထိုင်ကြသော ရဟန်းတော်များမူကား အကောက်အခွန် တစ်စုံတစ်ရာပေးဆောင်ရန် မလိုသည့်အတွက် အကောက်အခွန်နှင့် စပ်လျဉ်း၍ အနှံ့ဦးငယ်မျှပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ကြရတော့ချေ၊ ဤသည်လည်း သမဏသုခ တစ်မျိုးပင် ဖြစ်ပါပေသည်။

၈၂။ “ရဟန်းမှာကား, ပိုင်စွာမိဘ, မင်းကမလွတ်, အာမည္ဆတ်၍, လူ့ရပ်လူ့ရွာ,
လူ့ဘာသာဖြင့်, လုပ်တာကိုင်ခင်း, ရောင်းခြင်းဝယ်မှု, (ဘယ်တစ်ခုမျှ,)
မပြုတော့ပါ၊ ဥစ္စာပစ္စည်း, မဆည်းတစ်ကျပ်, ပညတ်သိက္ခာ, လျော်စွာတရား, ကျင့်အံ့
သားဟု, တိုင်းကားလုပ်ခွန်, ရရန်ဖြစ်မှု, တစ်ခုမဲ့ပါ, လိုရိုရာကို, သူ့မှာအလှူ,
ခံယူကာမျှ, သုံးဆောင်ရသည်,..... ကိစ္စနည်းချင်း စပ်သတည်း”။ သုခါ-၅၁။
ရေးဆရာများလည်း ဤသို့ မိန့်ဆိုထားခဲ့ကြပါသည်။

၅။ ပစ္စည်းအသုံးအဆောင်တို့၌ ဆန္ဒရာဂကင်းခြင်းဟူသည်မှာ အလိုနည်းမှု
(ရှိသည့်ပစ္စည်းဖြင့်ရောင့်ရဲမှု)ပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်ကလည်း-
၁။ “ရတတ်သမျှသော သင်္ကန်းဖြင့် မရောင့်ရဲခြင်း၊
၂။ ရတတ်သမျှသော ဆွမ်းဖြင့် မရောင့်ရဲခြင်း၊
၃။ ရတတ်သမျှသော ကျောင်း အိပ်ရာနေရာဖြင့် မရောင့်ရဲခြင်း၊
၄။ ရတတ်သမျှသော ဆေးပစ္စည်းဖြင့် မရောင့်ရဲခြင်း၊
၅။ မမွေ့လျော်ဘဲ မြတ်သောအကျင့်ကို ကျင့်ခြင်း၊
ဤငါးပါးတို့သည် ရဟန်း၏ ဆင်းရဲခြင်းတို့ပေတည်း။

၁။ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊
၂။ ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၊
၃။ ရတတ်သမျှသော ကျောင်း အိပ်ရာနေရာဖြင့် ရောင့်ရဲခြင်း၊
၄။ ရတတ်သမျှသော ဆေးပစ္စည်းဖြင့် ရောင့်ရဲခြင်း၊
၅။ မွေ့လျော်ပျော်ပိုက်စွာ မြတ်သောအကျင့်ကို ကျင့်ခြင်း။
ဤငါးပါးတို့သည် ရဟန်း၏ ချမ်းသာခြင်းတို့ပေတည်း”။

ဤသို့ ဟောထားတော်မူသည်။ အံ-ပါ-၂၊ ၁၂၉။

ဆောင်။ ။ပစ္စည်းလေးသင်း, ရောင့်ရဲကင်း၍, ပျင်းရိလွန်စွာ,ကျင့်တုံပါ,ငါးဖြာရဟန်း
ဆင်းရဲတည်း။ (ငါးဖြာသာမဏော ဆင်းရဲတည်း။)
ပစ္စည်းလေးတန်,ရောင့်ရဲပြန်၍, မှန်ကန်ပျော်စွာ,ကျင့်နေပါ ,ငါးဖြာရဟန်း
ချမ်းသာတည်း။ (ငါးဖြာသာမဏော ချမ်းသာတည်း။)

အတိတ် နာနသောစာမိ , နပွဓပွါမိ နာဂတံ၊
ပစ္စုပ္ပန္နေန ယာပေမိ , တေန ဝဏ္ဏော ပသီဒတိ။

ဖြစ်ပြီးသား-ကြံစဉ်းစား မပူပါ၊
နောင်အခါ-ဖြစ်လာရေးကို၊ မြော်တွေး-ကင်းကွာ၊
ကိုယ့်ထံမှာ-ရှိတာဖြင့်မျှတ၊
ထို့ကြောင့်ပင်-ကိုယ်အဆင်းငယ်၊ ပြောင်ဝင်းကြည်လှ။

အနာဂတပ္ပဓေပ္ပါယ , အတီတသာနုသောစနာ၊
ဧတေန ဇာလာ သုဿန္တိ , နဇ္ဇောဝ ဟရိတော လုတော။

မဖြစ်သေး-မြော်ခေါ်တွေး စိတ်ပူပင်၊
နောက်ကြောင်းပြန်-ဖန်ဖန်တွေးလို့ရယ်၊ ပူဆွေးအစဉ်၊
ထို့ကြောင့်ပင်၊ လိုဆိုးဝင်သူများ၊
နုတ်ပြီးကျူး-နေရောင်သန်းသလို၊ ခြောက်ခန်းသွေးသား။
ဤသို့လည်း မူဂပက္ခဇာတ်ပါဠိတော်၌ ဟောတော်မူထားပါသေးသည်။

မန်လည်ဆရာတော်ဘုရားက-

၄၂၆။ "အတြိစ္ဆာ, မဟိစ္ဆာတိ, အဘိစ္ဆာဓာတ်, ဒေါမနဿ်ဖြင့်, မပြတ်ဖိစီး, အလိုကြီး၍, ဖြစ်ပြီးကိုတွေး, မဖြစ်သေးကို,ရေးရေးမြော်ဆ, တတောင့်တနှင့်, ကြောင့်ကြစိုးပူ, တတ်သောသူတို့, မီးတူပြောင်ပြောင်, နေ့တိုင်းလောင်လျက်, သားချောင်သွေးခန်း, ကိုယ်မလန်းဘဲ, မကျန်းမမာ, လူသေနာသို့, ရုပ်ဝါမလှ, ဆိုးတတ်ကြ၏၊ ကာလဝတ္တမာန်, ပစ္စုပ္ပန်၌, တော်တန်ရုံစွ, ရသမျှနှင့်, အားရအမြဲ, ရောင့်ရဲတတ်သူ, ထိုရှင်လူကား, မပူမပင်, လွန်ကြည်လင်ရှင့်"။ မဃ-၃၂၈။

ဤသို့ အလက်ံာဂုဏ်မြောက်အောင် မိန့်ဆိုထားပါသည်။

မရောင့်ရဲသောရဟန်းမှာ ပစ္စည်းရနိုင်သောနေရာကို သွားရခြင်းကြောင့်လည်း ပင်ပန်းဆင်းရဲရသည်၊ "ဒါကတပည့်တော်ဝေစုပဲ၊ အရှင်ဘုရားဝေစု မဟုတ်ဘူး" စသည်ဖြင့် ငြင်းခုံရခြင်းကြောင့်လည်း ပင်ပန်းဆင်းရဲရသည်၊ ဖြစ်ပေါ်လာသမျှသော လုပ်ငန်းကိစ္စတို့ကို လုပ်ကိုင်နေရခြင်း စသည်တို့ကြောင့်လည်း ပင်ပန်းဆင်းရဲရသည်၊ မျှော်လင့်တောင့်တထားသည့်အတိုင်း မရခြင်း စသည်တို့ကြောင့်လည်း စိတ်ပင်ပန်းဆင်းရဲမှုပါ ထပ်ဆင့်ဖြစ်ပွားလာရပြန်သည်။

ရောင့်ရဲသော ရဟန်းမှာမူကား ယင်းသို့ ပင်ပန်းဆင်းရဲရမှုမျိုး တစိုးတစိမျှ ဖြစ်လာစရာမရှိသည့်အပြင် စတုပါရိသုဒ္ဓိသီလလည်း ကောင်းစွာ ပြည့်စုံနိုင်သည်၊ သမထဝိပဿနာပွားများရှုမှတ်မှုလည်း ပြည့်စုံနိုင်သည်။

ထို့ပြင် တင်းတိမ်ရောင့်ရဲမှုသည် ရဟန်းအဖြစ်၏ အကြောင်းအင်္ဂါဖြစ်သည်၊ ရဟန်းအဖြစ်ဟူသည်မှာလည်း အရိယမဂ်ပင်ဖြစ်သည်၊ ယင်းအရိယမဂ်ကို ရရှိရန်-

၁။ "သပ္ပုရိသူပနိဿယ-သူတော်ကောင်းကို မှီခိုဆည်းကပ်ရခြင်း၊
၂။ သဒ္ဓမ္မသဝန-သူတော်ကောင်းတရားကို ကြားနာရခြင်း"၊

ဟူသော အပြင်အင်္ဂါ နှစ်ပါး၊

၃။ "ယောနိသော မနသိကာရ-သင့်လျော်စွာ နှလုံးသွင်းခြင်း၊
၄။ ဓမ္မာနုဓမ္မပဋိပတ္တိ-လောကုတ္တရာတရားအားလျော်သောအကျင့်ကို ကျင့်ခြင်း"၊

ဟူသော အတွင်းအင်္ဂါ နှစ်ပါး၊

ဤသို့ အင်္ဂါလေးပါးရှိသည့်အနက် "အလိုနည်းမှု, ရရသမျှဖြင့် တင်းတိမ်ရောင့်ရဲမှု, ကင်းဆိတ်မှု, မရောနှောမှု, အားထုတ်လုံ့လဝီရိယရှိမှု"စသော တရားတို့သည် ထိုက်သည်အားလျော်စွာ လောကုတ္တရာ တရားအားလျော်သော ကျင့်ဝတ်ပဋိပတ်များ ဖြစ်နေကြသည်။

ယင်းသို့ အလိုနည်းမှုစသည်တို့က လောကုတ္တရာ (မဂ် ဖိုလ်)တရားအားလျော်သော အကျင့်များ ဖြစ်နေကြသည့်အတွက် ယင်းအလိုနည်းမှုစသော တရားများ၌ ပါဝင်နေသော တင်းတိမ်ရောင့်ရဲမှုကိုလည်း "ရဟန်းအဖြစ်(အရိယမဂ်)၏ အကြောင်းအင်္ဂါဖြစ်သည်"ဟု ဆိုထားရပေသည်။

ထို့ပြင် တင်းတိမ်ရောင့်ရဲမှု၏ အရပ်လေးမျက်နှာရှိခြင်းကြောင့် တင်းတိမ်ရောင့်ရဲသော ရဟန်းသည် အရပ်လေးမျက်နှာတို့ကိုလည်း မည်ဉ်းပန်း မနှိပ်စက်ပေ။

"စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ သန္တုဿမာနော ဣတရီတရေန၊ ရရသမျှဖြင့် ရောင့်ရဲသောသူသည် အရပ်လေးမျက်နှာရှိသည်၊ ညှဉ်းပန်းနှိပ်စက်မှု မရှိ"။ သုတ္တနိ-ပါ၊ ၂၈၆။

ဤသို့ ဘုရားရှင်ကလည်း ဟောတော်မူထားပါသေးသည်။

"ဘယ်နေရာကို သွားလိုက်လို့ရှိရင် သင်္ကန်းစသည် ရမှာပဲ"ဟု စိတ်ကူးကြံစည်နေသောရဟန်းသည် အရပ်မျက်နှာကို ညှဉ်းပန်းနှိပ်စက်သည်မည်၏၊ ယင်းသို့ ကြံစည်စိတ်ကူးမှု မရှိသောရဟန်းသည် အရပ်မျက်နှာကို ညှဉ်းပန်းနှိပ်စက်သည် မမည်ပေ။ အံ-၄-၂၊ ၂၇၆။ ဋီ-၂၊ ၂၆၂။

ရဟန်းသာမဏေများသည် ပစ္စည်းလေးပါးနှင့် ကင်းကွာ၍ မနေနိုင်ကြပါ၊ ရဟန်းသာမဏေတိုင်းပင် ပစ္စည်းလေးပါးကို သုံးစွဲကြရမည်သာ ဖြစ်ပါသည်၊ ယင်းသို့ သုံးစွဲကြရသည့်အခါမှာ ပစ္စည်းလေးပါးတို့၌ ဆန္ဒရာဂမရှိခြင်း (လောလောဆယ် သင့်လျော်ရုံ ရသမျှသောပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ် ကျေနပ်စွာ စားသုံးနေထိုင်မှုကို ပြုခြင်း)သည် သမဏဘဒြ(ရဟန်း၏ကောင်းကုဏ်), သမဏသုခ(ရဟန်းချမ်းသာ)တစ်မျိုးဖြစ်နေပေသည်။

သို့ဖြစ်သည်အားလျော်စွာ ရှေးမထေရ်ကျော်များ သုံးစွဲပုံ သုံးစွဲနည်းကို နည်းယူသုံးစွဲကျင့်သုံးနေထိုင်နိုင်ကြစေရန် ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူသော ရှင်မဟာကဿပ သုံးစွဲပုံ သုံးစွဲနည်းကို ဆက်လက်ပြပါဦးမည်။

"ရဟန်းတို့! ကဿပဟာ ကောင်းကောင်းဆိုးဆိုး တစ်မျိုးမျိုးသောသင်္ကန်းနဲ့ ရောင့်ရဲနေတယ်၊ (ကိုယ့်မှာ ရှိနေတဲ့ သင်္ကန်းနဲ့ပဲ နှစ်သိမ့်ကျေနပ်နေတယ်၊) ရှိတာလေးနဲ့ ကျေနပ်မှုရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောဆိုတတ်တယ်၊သင်္ကန်းမရတဲ့အခါမှာလဲပဲ တောင့်တမှု

စိုးရိမ်ပူပန်မှု မရှိဘူး၊ ရတဲ့အခါမှာလဲပဲ မက်မောတွေဝေမှု ကင်းရှင်းစွာနဲ့ တဏှာရဲ့ လွမ်းမိုးမှုကို မခံဘဲ အပြစ်တွေကို ရှုမြင်ပြီး ပစ္စဝေက္ခဏာဆင်ခြင် သုံးစွဲနေတယ်။

ဆွမ်းဆိုရင်လဲအကောင်းအဆိုး ရွေးမနေဘူး၊ ရတာနဲ့ ကျေနပ်နေတယ်၊ အဲဒီလို ကျေနပ်မှုရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောဆိုနေတယ်၊ ဆွမ်းအတွက် မသင့်လျော်တဲ့ ရာဖွေမှုမျိုးကိုလဲ ရှောင်ကြဉ်တယ်၊ ဆွမ်းမရတဲ့အခါမှာလဲ တောင့်တမှု စိုးရိမ်ပူပန်မှု မရှိဘူး၊ ရတဲ့အခါမှာလဲ မက်မောတွေဝေမှု ကင်းကင်းရှင်းရှင်းနဲ့ တဏှာရဲ့ လွမ်းမိုးနှိပ်စက်မှုကို မခံဘဲ အပြစ်ကိုရှုကာ ပစ္စဝေက္ခဏာဆင်ခြင် သုံးဆောင်တတ်တယ်။

ကျောင်းဆိုရင်လဲ အကောင်းအဆိုးရွေးမနေဘဲ ရတာနဲ့ ကျေနပ်နေတယ်၊ အဲဒီလို ကျေနပ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောဆိုတတ်တယ်၊ ကျောင်းအတွက် မသင့်လျော်တဲ့ ရာဖွေမှုမျိုးကိုလဲ ပယ်စွန့်ထားတယ်၊ ကျောင်းမရတဲ့အခါမှာလဲပဲ တောင့်တမှု စိုးရိမ်မှု မရှိဘူး၊ ရတဲ့အခါမှာလဲပဲ မက်မောတွေဝေမှု ကင်းရှင်းစွာနဲ့ တဏှာရဲ့ လွမ်းမိုးနှိပ်စက်မှုကို မခံဘဲ အပြစ်ရှုကာ ပစ္စဝေက္ခဏာဆင်ခြင် သုံးဆောင်နေတယ်။

ဆေးပစ္စည်းဆိုရင်လဲအကောင်းအဆိုးရွေးမနေဘဲ ရတာလေးနဲ့ ကျေနပ်နေတတ်တယ်၊ အဲဒီလို ကျေနပ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောဆိုတတ်တယ်၊ ဆေးပစ္စည်းအတွက် မသင့်လျော်တဲ့ ရာဖွေမှုမျိုးကိုလဲ ပယ်ထားတယ်၊ ဆေးပစ္စည်း မရတဲ့အခါမှာလဲပဲ မျော်လင့်တောင့်တ မနေဘူး၊ ရတဲ့အခါမှာလဲပဲ မက်မောတွေဝေမှု ကင်းရှင်းစွာနဲ့ တဏှာရဲ့ လွမ်းမိုးမှုကို မခံဘဲ အပြစ်ကိုမြင်အောင်ရှုပြီး ပစ္စဝေက္ခဏာဆင်ခြင် သုံးဆောင်နေတယ်။

ရဟန်းတို့ ! သင်တို့လဲပဲ ကဿပကိုအတုယူပြီး ဒီအတိုင်း လိုက်နာကျင့်သုံးကြရမယ်၊ ရဟန်းတို့ ! ကဿပကိုပဲဖြစ်ဖြစ်, ကဿပနဲ့အလားတူတဲ့ မထေရ်တစ်ပါးပါးကိုပဲ ဖြစ်ဖြစ် စံနမူနာထားပြီး သင်တို့ကို ငါဘုရား ဆုံးမမယ်၊ ဆုံးမခံရတဲ့ သင်တို့က တိတိကျကျ လိုက်နာကျင့်သုံးကြရမယ်”။ သံ-ပါ-၁၊ ၃၉၉။

၇။ မင်း, မင်း၏အမတ်များနှင့် ရောနှောနေထိုင်သူတို့သည် ဂုဏ်ကို လိုလားသူ, လာဘ်လာဘကို လိုလားသူတွေကသာ များတတ်တယ်၊ ဤ၌ “မင်း, မင်း၏အမတ်”ဟု ပဓာနကို ဆိုထားစေကာမူ အပဓာနကိုပါ ယူရသည်၊ ဤသည်ကိုပင် ကျမ်းဂန်များ၌ “ပဓာနနည်း”ဟုဆိုသည်၊ ထို့ကြောင့် “လူပုဂ္ဂိုလ်များနှင့် ရောနှောနေသူတို့သည် ဂုဏ်ကို လိုလားသူ, လာဘ်လာဘကို လိုလားသူတွေကသာ များတတ်သည်”ဟု ဆိုလိုပါသည်။

“ရောနှောနေသူ”ဟူသည်မှာလည်း ဆရာဒါယကာ ဖြစ်ရုံမျှသာမက မိမိ၏ဒါယကာဖြစ်သူတို့ ရာထူးကျလျှင် (ဆင်းရဲဒုက္ခရောက်လျှင်) ဝမ်းနည်းခြင်း, ရာထူးတက်လျှင်

(ချမ်းသာနေလျှင်) ဝမ်းသာခြင်း, (သူတို့ချမ်းသာလျှင် မိမိလည်းချမ်းသာခြင်း, သူတို့ဆင်းရဲလျှင် မိမိလည်းဆင်းရဲခြင်း)အားဖြင့် အေးအတူ-ပူအမျှ ဖြစ်နေခြင်းမျိုးပင်တည်း။

ဂုဏ်ကို မမက်မောသူ, လာဘ်လာဘကို မလိုလားသူတို့မှာ ယင်းသို့ ရောနှောစရာမရှိတော့ချေ၊ သာမန် ဆရာဒါယကာ အဖြစ်မျှမှာသာ ရပ်တန့်နေပါလိမ့်မည်။

ယင်းသို့ လူတို့နှင့် အေးအတူ ပူအမျှ အရောတဝင် နေထိုင်မှုကို "လူတွေက ဖမ်းယူထားသည်"ဟု ဘုရားရှင်က ဟောတော်မူကြောင်း ဆိုခဲ့ပါပြီ၊ ထိုသို့ လူတွေ၏ ဖမ်းယူမှုကို ခံနေရသည့်အပြင် ဒါယကာဒါယိကာမအသိုင်းအဝိုင်းဖြင့် ထင်ရာစိုင်းနေသော ရဟန်းမျိုးသည် နိဗ္ဗာန်သို့ မဝင်ရောက်နိုင်သည့်အပြင် ပစ္စုပ္ပန်တမလွန် ဘဝနှစ်တန်လုံးမှာပင် အပြစ်လည်း ထူပြောလှပါသည်၊ ယင်းတို့ကို သိသာရုံမျှ ရှေးဆရာတို့၏ အဆိုအမိန့်များကို တင်ပြပါဦးမည်။

၄၂၇။ "တကာတကာမ, ဒုပ္ပညတို့, မြှောက်ကြအုံလှည့်, ကူညီဖြည့်လျက်, သူ၏ဆရာ,ငါ့ဆရာဟု,တဏှာရောရှက်, မာနတက်၍,သူ့ဘက်ငါ့ဘက်, တီးလက်ဆော်ရိုက်, နွားကိုတိုက်သို့, အမိုက်ပွဲခံ, ပါပက်ဖြင့်, အုန်းညံဝိုင်းညာ, ပြုကြခါဝယ်, ဆရာကြက်ဖျင်း, ပညာကင်းတို့, အတင်းစောင်၍, နွားနှယ်ဝှေ့၏၊ ဝှေ့သည်အလိုက်, အပြင်းတိုက်သော်, နွားမိုက်ကဲ့ဆိုး, ဦးချိုကျိုးက, တံပိုးမှုတ်ကာ,ကြမ္မာခွတ်လွဲ, ဥက္ခောင်းကွဲက, အမဲစားကာ, ဘယ်သူနာလိမ့်၊ လွန်စွာမိုက်လှ, နွားဗာလသာ, သေရုံတိ, ကျိုးမရှိဘူး၊ စုတိပျက်စီး, သေခါနီးနှိုက်, တွတ်တီးတွတ်တာ, ထိတ်လန့်စွာဖြင့်, သိက္ခာစွန့်ယောင်, ဝါစွန့်ယောင်နှင့်, ကတောင်ကချောက်, ပတောက်ပရစ်, မိုးကြိုးပစ်ခါ, လက်ဆီးကာသို့, ထွေရာစွဲလမ်း, ဆိုယောင်ယမ်း၍, မြည်တမ်းဟိန်းဟဲ, တညဲညဲတည့်၊ ငရဲမီးပူ, အမွေယူလျက်, ရောရှဝီစိ, အောက်သို့ထိအောင်, ကျဘိခြုတ်ခြုတ်, ခံကြမ်းကြုတ်ပြီး၊ ဂိဇ္ဈကုဋ်တောင်, မှိုင်းမှောင်ညို့ညို့, ပြိတ္တာမြို့ဝယ်, ရှင်တို့စံခန်း, ကြိုးခါးပန်းက, သင်္ကန်းပြောင်ပြောင်, မီးအရောင်နှင့်, ကျီးကောင်လင်းတ,သိမ်းစွန်စသည်,ဆိတ်ဆွဆွေငင်, ကောင်းကင်ထက်ဝန်း, ပြေးပျံသန်း၍, ရဟန်းပြိတ္တာ, တဝါဝါလျှင်, မဟာဒုက္ခ, တွင်းဆုံးကျလျက်, ပြင်းပြကြွက်ဆူ, ဟစ်ကြွေးဦ၍, ကယ်သူမမြင်, ပူပင်နွမ်းညှိုး, ထိုရှင်ဆိုးတို့, ကိုးရိုးကားယား အပါယ်လားသည်..... မမှားမှတ်နာ အိမ်းအိမ်းတည်း"။ မဃ-၃၃၀။

၈။ ကျောင်းစသည်တို့၌ ကပ်ငြိတွယ်တာမှုမရှိဘဲ ပစ္စည်းပရိက္ခရာများကို ကိုယ်နှင့် တပါတည်း ယူဆောင်လျက် လွတ်လွတ်လပ်လပ် သွားနိုင်သော ရဟန်းမျိုးသည် အရပ်မျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိဘဲ လှည့်လည်နိုင်သည်။

၂၀၁။ "သစ်ကားအရေ,တစ်ထွေထို့ပြင်,ဆင်ကားအစွယ်, လူဝယ်ဥစ္စာ, လို၍သာလျှင်, ခန္ဓာဆုံးစေ, သတ်သွစ်လေ၏၊ မှိုနေထိုင်လျောင်း, ကျောင်းမရှိတည်း,

တလင်းချည်းဖြင့်, ဟည်းဟည်းမဆီး, လွင်တီးကောင်နှယ်, မငြိတွယ်၍, ခန့်ရွယ်တိုင်းပေါက်, သွားတိုင်းရောက်(၏)"။ ဇန-၉၁။
ဤသို့ ရှေးဆရာများကလည်း မိန့်ဆိုထားကြပါသည်။

ထို့ပြင် ဘုရားရှင်က ရဟန်းတော်များအား ဟောပြည့်နှန်ကြားထားချက်ကိုလည်း ဆက်လက် ပြဆိုပါဦးမည်။

၁။ အဏုမြူသဖွယ် သေးငယ်သော အပြစ်များကိုပင် ဘေးကြီးတစ်ခုအနေဖြင့် ရှုလျက် စတုပါရိသုဒ္ဓိသီလကို စောင့်ထိန်းခြင်း၊
၂။ ဘုရားဟောပါဠိတော်ကို ကောင်းစွာနာယူ သင်ကြားထားခြင်း၊
၃။ ရရသမျှ (သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး)ပစ္စည်း အသုံးအဆောင်ဖြင့် ရောင့်ရဲခြင်း၊
၄။ ရူပါဝစရစျာန်လေးပါး (ဒါးပါး)တို့ကို အလိုရှိတိုင်း ရခြင်း၊
၅။ အာသဝက္ခယဉာဏ်ကို ရရှိခြင်း၊

ဤတရား ဒါးပါးနှင့်ပြည့်စုံသော ရဟန်းသည် အရပ်မျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိဘဲ လှည့်လည်နိုင်သည်။ အံ-ပါ-၂၊ ၁၁၉။

ထိုတွင် အစတရားသုံးပါးကို မိမိသန္တာန်မှာ ပြည့်စုံစေ၍ နောက်တရားနှစ်ပါးကို ရရှိအောင် ရဟန်းသာမဏေတိုင်း ကြိုးစားအားထုတ်သင့်ပါသည်။ ပထမတရား, တတိယတရားနှင့်စပ်လျဉ်း၍ ရှေးဆရာများ မိန့်ဆိုထားသည်ကိုလည်း ဆက်လက်ပြဆိုပါဦးမည်။

၈၂။ "ကိုယ်မှာတုံလည်း,အနည်းအကျိုး,တက်တိုးစိမ့်ငှာ, ဒါယကာလည်း, လှူဒါပုည, ပြုသမျှ၌, တောင့်တအပ်ရာ, မြတ်ချမ်းသာကို, ရပါစေရောင်း, ဤနှစ်ကြောင်းဖြင့်, ကျင့်ကောင်းအာစာ, လေးဖြာသီတင်း, သန့်ရှင်းစေမူ, ဆေးကြောပြု၍, အဏုမြူရှိ, ပြစ်မြင်သိလည်း, ဂိရိဗဟို, မြင်းမိုရ်တောင်လျှင်, ဖိမည်ထင်သို့, ကြောက်ငြင်ခွံရာ, ရိသေစွာတိ, သိက္ခာကျင့်မြတ်, ပဋိပတ်ကို, မချုတ်စေငေါ, အမိန့်တော်နှင့်, လျော်အောင်ကျင့်လေ"။ သုခါ-၅၁။

၄၃၅။ "ကိုယ်လျှင်ဝတ်ခြုံ, ဝမ်းမျှရုံမျှ, တစ်စုံတစ်ရာ, ဘယ်ဥစ္စာကို, တဏှာလောလုပ်, မှုမရှုပ်ဘဲ, ရှင်လုပ်ဖြောင့်တန်း, ကမ္မဋ္ဌာန်းနှင့်, စီးဖြန်းယှဉ်မှီ, ရှင်ယောဂီတို့, တိစီဝရိတ်, သပိတ် ရေစစ်, တစ်ဆစ်ပဲကွပ်, အပ်နှင့်ခါးပန်း, ရှစ်ခန်းပရိက္ခရာ, လျောက်ပတ်စွာတည့်၊ တစ်ဖြာထိုမှ, နဝဒသ, ဧကာဒနှင့်, ဒွါဒသဟူ, မှတ်ယူအသီး, အစဉ်မှီးလျက်, ခင်းနှီး သံ့ကောက်, ထို့နောက်တစ်လီ, နိသီစမ္မခဏ်, တစ်ဖန်မှတ်ရေး, တောင်ဝှေးဆီကျည်, တစ်မည်မှတ်အပ်, ထီးဖိနပ်တည့်၊

ဝိကပ်နက်ပြ, ကျမ်းအရတိုင်း, ရှေးကလမ်းကြောင်း, သူတော်ကောင်းတို့, ကျင့်ဟောင်း ဧကန်, နည်းရိုးမှန်ရှင့်၊ အသန္တုဋ္ဌ, မဟူရဘူး"။ မဃ-၃၃၈။

ဤသို့ သမဏဘဒြနှင့် သမဏသုခတို့ကို သိနားလည်ထားပြီးသည့်နောက် သမဏပတိရူပ (ရှင်ရဟန်းနှင့် သင့်လျော်လျောက်ပတ်သည့်အကျင့်သဘော)များကိုလည်း သိနားလည်ထားသင့်ပါသည်။

ယင်းသို့ သမဏပတိရူပကို သိနားလည်ထားမှသာ ရှင်ရဟန်းများကလည်း "တို့တစ်တွေ ပြုကျင့်နေသော အကျင့်များသည် ရဟန်းသာမဏေများနှင့် သင့်လျော်သလား၊ မသင့်လျော်ဘူးလား"ဟု ညှိနှိုင်းဆင်ခြင် ပြုပြင်နိုင်စရာ ရှိပါသည်။

သာသနာတော်ကို အားပေးကူညီ ထောက်ပံ့နေကြသော ဒါယကာ,ဒါယိကာမများကလည်း "ငါတို့ ကူညီထောက်ပံ့နေတဲ့ ရဟန်းသာမဏေတွေဟာ ရှင်ရဟန်းများနှင့် သင့်လျော် လျောက်ပတ်တဲ့ အကျင့်တွေကို ပြုကျင့်နေကြပါပေတယ်"ဟု တိုးကာတိုးကာ သဒ္ဓါတရား ဖြစ်ပွားလာစရာ ရှိပါသည်။

သို့ဖြစ်၍ အောက်ပါ သမဏပတိရူပများကိုလည်း ဆက်လက်လေ့လာထားစေလိုပါသည်။

*သမဏပတိရူပ

ရှင်ဂေါတမထေရ်သည်လည်း ရှေးရှေးသော ဘုရားရှင်များ၏ သာသနာတော်၌ ပါရမီကုသိုလ်ကောင်းမှုများကို ပြုလုပ်လာခဲ့သူ ဖြစ်သည်၊ ဖြစ်ရာဘဝမှာ နိဗ္ဗာန်ကို ရည်မှန်း၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လာခဲ့သည်၊ ဘုရားရှင် ပွင့်တော်မမူခင်ကပင် သာဝတ္ထိမြို့ဝယ် ဥဒိစ္စဗြာဟ္မဏပုဏ္ဏားမျိုးမှာ ဖြစ်လာခဲ့သည်၊ အရွယ်ရောက်လာသည့်အခါ ဗေဒင်သုံးပုံကို ပါရဂူမြောက်အောင် တတ်ကျွမ်း လာခဲ့သည်၊ ထို့နောက် ဝါဒလမ်းစဉ်ကို သင်ယူပြန်သည်၊ အယူဝါဒရေးရာနှင့် စပ်လျဉ်း၍ မိမိထက် သာလွန်အောင် ပြောဆိုနိုင်သူကို မတွေ့ရသည့်အခါ တွေ့ရသမျှ, မြင်ရသမျှသော ပညာရှင်များနှင့် ငြင်းခုံပြောဆိုလျက်သာ လှည့်လည်နေခဲ့ပါသည်။

ထိုအချိန်မှာ အနာထပိဏ်သူဌေး၏ လျှောက်ထားပင့်ဖိတ်မှုဖြင့် ဘုရားရှင်က သာဝတ္ထိမြို့ကို ကြွရောက်လာခဲ့သည်၊ ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူသည်၊ ထိုစဉ် ဂေါတမဟူသော ပုဂ္ဂိုလ်သည် ဘုရားရှင်နှင့် ဘုရားရှင်၏ အဆုံးအမတော်ကို ယုံကြည်ကိုးစားလာသည်၊ ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး တရားစကား ဆွေးနွေးနာကြားရသည့် အခါမှာကား တိုး၍ တိုး၍သာ ကြည်ညိုလာပါတော့သည်၊ သို့ဖြင့် ဘုရားရှင်ထံမှာ ရှင်ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားသည်။

"ဒီ ဒကာကို ရဟန်းပြုပေးလိုက်တော့"။

---

* ထေရဂါထာ-၄-၂၊ ၂၀၇။

ဘုရားရှင်၏ အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်သောအားဖြင့် ပိဏ္ဍပါတ်ခုတင် ဆောင်ရဟန်းတစ်ပါးက ရှင်ရဟန်းပြုပေးသည်၊ ဂေါတမသည် ဆံချပြီးသည့်အချိန်မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်၊ ရဟန္တာဖြစ်သွားသည်။

ရဟန်းအဖြစ်ကို ရပြီးသည့်နောက် အရှင်ဂေါတမသည် ကောသလဇနပုဒ်သို့ ကြွသွားသည်၊ အချိန်ကာလကြာမြင့်မှ သာဝတ္ထိမြို့ကို ပြန်ကြွလာခဲ့သည်၊ "ဂေါတမထေရ်ပြန်ကြွလာပြီ"ဟူသော သတင်းစကားကို ကြားရသည့်အခါ ဆွေမျိုးသားချင်း ဗြာဟ္မဏမဟာသာလ အများအပြားတို့က ဂေါတမထေရ်အနားကို ချဉ်းကပ်ရောက်လာကြသည်၊ သင့်တော်ရာက ထိုင်လျက် မေးမြန်းလျှောက်ထားနေကြသည်။-

"ဒီလောကမှာ သံသရာဝယ် စင်ကြယ်ကြောင်း* အယူဝါဒ အမျိုးမျိုးကို ပြောဟောနေကြတဲ့ သမဏဗြာဟ္မဏတွေ အများအပြား ရှိနေကြပါတယ်၊ သူတို့ထဲက ဘယ်သူတွေရဲ့ ဝါဒဟာ သံသရာက ကျွတ်လွတ်ကြောင်း ဖြစ်ပါသလဲ၊ ဘယ်လို ကျင့်လို့ရှိရင် သံသရာက စင်ကြယ်နိုင်ပါသလဲ"။

သူတို့၏ အမေးကို ဂေါတမထေရ်က အောက်၌ပြဆိုထားသော ဆယ်ဂါထာတို့ဖြင့် ဖြေဆိုတော်မူသည်။

၁။ ဝိဇာနေယျ သက် အတ္ထံ , အဝလောကေယျာထ ပါဝစနံ၊
ယဉ္စေတ္ထ အသ ပတိရူပံ , သာမည် အဇ္ဈုပဂတာသ။

ကိုယ်ကျိုးစီးပွား-နားလည်ပါ , အယူကုန်လုံး-ကျုံးလေ့လာ၊
ရဟန်းဖြစ်ကာ-လာသူအား , သင့်လျော်မှုများ-ရှုကြည့်ထား။

ပညာရှိဆိုတာဟာ ကိုယ်ကျိုးစီးပွားကို စိစစ်ရမယ်၊ ဆင်ခြင်ရမယ်၊ အမှန်အကန် သိမြင်အောင်လုပ်ရမယ်၊ အဲဒီလို စိစစ်ဆင်ခြင်တဲ့ အခါမှာလဲပဲ သမဏဗြာဟ္မဏအမျိုးမျိုးတွေက ဟောပြောနေကြတဲ့ အယူဝါဒတွေ, ဘုရားရှင်က ဟောပြောပြသထားတဲ့ အယူဝါဒတွေ ရှိနေကြပါတယ်၊ အဲဒီအယူဝါဒတွေထဲက "ဘယ်အယူဝါဒဟာဖြင့် ထွက်မြောက်ကြောင်းဖြစ်တယ်"ဆိုတာကို ကိုယ်ပိုင်ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်သင့်တယ်။

အယူဝါဒ အမျိုးမျိုး ရှိနေကြတဲ့ သမဏဗြာဟ္မဏတွေက မမြဲတာကိုဘဲ 'မြဲတယ်'လို့လဲ မမှန်မကန် ယူဆနေကြတယ်၊ အတ္တမဟုတ်တာကို 'အတ္တ'လို့လဲ တလွဲတချော် ယူနေကြတယ်၊ မစင်ကြယ်ကြောင်းလမ်းစဉ် (အသုဒ္ဓိမဂ္ဂ)ကို 'စင်ကြယ်ကြောင်း လမ်းစဉ်'လို့လဲ လွဲလွဲမှားမှား ယူနေကြတယ်၊ အချင်းချင်း ဆန့်ကျင်တဲ့ အယူဝါဒလဲ ရှိနေကြတယ်၊ ဒါကြောင့် သူတို့ရဲ့ အယူဝါဒတွေဟာ ထွက်မြောက်ကြောင်း လမ်းမှန်မဟုတ်နိုင်ပါဘူး။

---

* ယင်းအယူဝါဒ်မျိုးစုံကို မူလပဏ္ဏာသ မဟာသီဟနာဒသုတ်မှာ ရှုပါ။

ဘုရားရှင်ကတော့ "သခ်ၤါရအကုန်လုံးဟာ မမြဲဘူး၊ တရား(ဓမ္မ) အကုန်လုံးဟာ အတ္တ မဟုတ်ဘူး၊ ငြိမ်းအေးတဲ့ သဘောတရားကတော့ နိဗ္ဗာန်ပဲ"လို့ ကိုယ်ပိုင်ဉာဏ်နဲ့ အမှန်တကယ် သိမြင်ဟောပြော ပြသနေတယ်၊ ဒါ့ကြောင့် ဘုရားရှင်ရဲ့ အယူဝါဒကသာ ထွက်မြောက်ကြောင်း လမ်းမှန်ဖြစ်တယ်၊ ဒီလို ဘုရားရှင်သာသနာတော်ရဲ့ မြင့်မြတ် အထက်တန်းကျပုံကို ကိုယ်ပိုင်ဉာဏ်မျက်စိနဲ့ မြင်အောင် ကြည့်ကြရမယ်။

ပြီးတော့ သာသနာအတွင်းမှာ ရှင်ရဟန်းပြုလာတဲ့ အမျိုးကောင်းသားတွေရဲ့ ဒီသာသနာတော်မှာ (ရှင်ရဟန်းဘဝမှာ) သင့်တော်လျောက်ပတ်တဲ့ အကျင့်ကိုလဲ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်အောင်ကြည့်ကြရမယ်၊ ဒါနဲ့ အဲဒီ ရှင်ရဟန်းဘဝမှာ သင့်တော်တဲ့အကျင့်တွေကို ပြောပြပါဦးမယ်။

၂။ မိတ္တံ ဣဓ စ ကလ္យာဏံ , သိက္ခာဝိပုလံ သမာဒါနံ၊
သုသ္သူသာ စ ဂရုနံ , ဧတံ သမဏာသ ပတိရူပံ။

သာသနာဝယ်-မိတ်ဆွေမြတ်ကို , မှီခိုဆည်းကပ်-နေနိုင်တယ်၊
အဓိသိက္ခာ-မြတ်သုံးပါးကို , ရိသေလေးစား-ဆောက်တည်လွယ်၊
ဆရာ့ဆရာ-သြဝါဒကို , မြေဝယ်မကျ-နာရတယ်၊
ဒီဟာတွေဟာ-ငြိမ်းအောင်ကျင့်တဲ့ , ရှင်ရဟန်းနှင့်-သင့်တော်တယ်။

ဒီသာသနာတော်မှာ အဆွေခင်ပွန်းကောင်းကို မှီခိုဆည်းကပ် နေနိုင်တယ်၊ ကြီးကြယ်မြင့်မြတ် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်တဲ့ "အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ"ဆိုတဲ့ သိက္ခာသုံးပါးကို လွယ်လွယ်ကူကူ ခံယူ ဆောက်တည်နိုင်တယ်၊ နိပ်ကပ်ဆုံးမတတ်တဲ့ ဆရာဥပဇ္ဈာယ်စသူတို့ရဲ့ ဆုံးမစကားကို လိုလိုချင်ချင် မှတ်သားနာယူနိုင်တယ်၊ (ဆရာဥပဇ္ဈာယ်တို့အား ခစားလုပ်ကျွေးနေနိုင်တယ်၊) ဒါတွေဟာ ကိလေသာငြိမ်းအောင်ကျင့်နေတဲ့ ရှင်ရဟန်းနှင့် သင့်လျော်လျောက်ပတ်တဲ့ အကျင့်သဘောတွေပဲဖြစ်တယ်။

အဓိသိက္ခာ ခုနက ပြောတဲ့အထဲမှာ ပါသွားတဲ့ အဓိသီလသိက္ခာဆိုတာက ပါတိမောက္ခသံဝရသီလပဲ ဖြစ်တယ်၊ အဓိစိတ္တသိက္ခာဆိုတာကတော့ စျာန်သမာဓိနဲ့ယှဉ်တဲ့စိတ်ပဲ ဖြစ်တယ်၊ အဓိပညာသိက္ခာဆိုတာကတော့ ဝိပဿနာမဂ်ပညာပဲ ဖြစ်တယ်၊ အဲဒီ သိက္ခာသုံးပါးကို မဖြစ်သေးရင်လဲ ဖြစ်အောင်, မပြည့်သေးရင်လဲ ပြည့်အောင် ဆောက်တည် အားထုတ်တာကိုပဲ "သိက္ခာသုံးပါးကို ဖြည့်ကျင့်တယ်"လို့ ဆိုရတယ်၊ အဲဒီ သိက္ခာသုံးပါးကို ဖြည့်ကျင့်တာကသာ သမဏာကိစ္စ, သမဏာအမှု, သမဏာအလုပ်ဖြစ်တယ်။

စီးပွားရေးလုပ်တာ လူမှုဆောင်ရွက် လှေတက်လှည်းနွား ဆေးဝါးခါးလှည့် လက်ဖွဲ့စီရင် ဗေဒင်လုပ်ရပ် စတဲ့ဟာတွေကို ပြုလုပ်လေ့လာကြတာကတော့ သမဏာအလုပ် မဟုတ်ဘူး၊ ဗာဟိရအလုပ် အသာရပွအကျင့်မျိုးသာဖြစ်တယ်။

၃။ ဗုဒ္ဓေသု သဂါရဝတာ , ဓမ္မေ အပစိတိ ယထာဘူတံ၊
သံယေ စ စိတ္တီကာရော , ဧတံ သမဏာသ ပတိရူပံ။

သုံးလူ့ထိပ်ပန်-မြတ်ဘုရားကို , ရိုသေလေးစား-ချဉ်းကပ်လွယ်၊
ဆယ်တန်အကျော်-မြတ်တရားကို , နာယူဟောကြား-သရဏ်ချာယ်၊
သံဃာတော်ကို-ကြိုဉီးညွတ်လို့ , ရိုသေလေးမြတ်-ပူဇော်ဖွယ်၊
ဒီဟာတွေဟာ-ငြိမ်းအောင်ကျင့်တဲ့ , ရှင်ရဟန်းနှင့်-သင့်တော်တယ်။

ဒီသာသနာတော်မှာ "ဘုရားကို ရိုသေလေးစားမှု, တရားတော်ကို ဟုတ်တိုင်းမှန်စွာ ပူဇော်မှု, သံဃာတော်ကို မြတ်နိုးကော်ရော် ပူဇော်မှု"ဆိုတဲ့ ရတနာသုံးပါးကို အလေးဂရ ပြုခြင်းဟာ ရဟန်းဘဝနှင့် သင့်တော်လျောက်ပတ်တဲ့ အကျင့်သဘော ဖြစ်ပေတယ်။

ရိုသေလေးစားမှု ဘုရားရှင်ကို ရိုသေလေးစားမှုဆိုတာက ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်တုံးက ထံတော်ပါးသို့ သွားရောက်ခစားတာ, ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို အာရုံပြုကြည်ညိုနေတာ, ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်သွားပြီးတဲ့ ယခုလို အချိန်မျိုးမှာ စေတီတော်တွေ ဗောဓိပင်တွေကို သွားရောက် ပူဇော်ရှိခိုးတာ, စေတီရင်ပြင်တော်မှာ ဖိနပ်မစီး ထီးမဆောင်းတာ စတဲ့အလုပ်မျိုးတွေပဲ ဖြစ်ပါတယ်။

တရားတော်ကို ပူဇော်မှုဆိုတာကတော့ တရားနာ ကိုယ်တိုင်သွားတာ, တရားကျမ်းဂန်ကို ပြန်လှန်သရဏ်ချာယ်တာ, တခြားသူတွေကို တရားစကား ဟောပြောတာ, တရားနာ အပျက်မခံဘဲ မပျံ့မလွင့် တည်တည်ကြည်ကြည် ရိုသေလေးမြတ်စွာ ကြားနာတာတွေပဲ ဖြစ်တယ်။

သံဃာတော်ကို မြတ်နိုးကော်ရော်ပူဇော်မှုဆိုတာကတော့ ရဟန်းကြီး-ရဟန်းလတ်-ရဟန်းငယ်တွေကို အရိုအသေ ခရီးဦးကြိုဆိုတာ, ဥပသံကျောင်းဆောင် ကမ္မဋ္ဌာန်းကျောင်းဆောင်စတဲ့ နေရာဌာနတွေမှာ ကြမ်းတမ်းတဲ့ကိုယ်အမူအရာ နူတ်အမူအရာတွေကို မပြုလုပ်တာ, ကြီးစဉ်ငယ်လိုက် ရှိခိုးဦးချတာတွေပဲ ဖြစ်တယ်။

ဒီလိုမပြုကျင့်ဘဲ ဖောက်ပြန်ယွင်းချွတ်စွာ ပြုကျင့်လို့ရှိရင် ရတနာသုံးပါးကို အရိုအသေ ပြုရာ မရောက်တော့ပါဘူး၊ သမဏာအပ္ပတိရူပ(ရှင်ရဟန်းနှင့် မသင့်တော် မလျောက်ပတ်တဲ့ အကျင့်သဘော)သာ ဖြစ်ရပါတော့တယ်။

၄။ အာစာရ ဂေါစရယုတ္တော , အာဇီဝေါသောဓိတော အဂါရယှော၊
စိတ္တသ စ သဏ္ဌာပနံ , ဧတံ သမဏာသ ပတိရူပံ။

အကျင့်ကျက်စားရာ-မတိမ်းစောင်းအောင် , ဆင်ခြင်ထိန်းကျောင်း-ဖြည့်လို့ရယ်၊
ဖြူဖွေးသန့်စင်-ကဲ့ရဲ့ကင်းတဲ့ , အသက်မွေးခြင်း-လွဲမဖယ်၊
အကုသိုလ်တွေ-ဝင်မညှဉ်းအောင် , စိတ်ကိုဖြောင့်စင်း-ထားရတယ်၊
ဒီဟာတွေဟာ-ငြိမ်းအောင်ကျင့်တဲ့ ,ရှင်ရဟန်းနှင့်-သင့်လျော်တယ်။

ဒီသာသနာတော်မှာ အကျင့်ကျက်စားရာနှင့်လဲ ပြည့်စုံရပါတယ်၊ (ဒါကို 'အာစာရကေါစရသမ္မန္ဒ' လို့ခေါ်ပါတယ်၊) အလွန်သန့်စင် ပညာရှင်တို့ ပြစ်တင်စရာမရှိအောင် အသက်မွေးမှုလဲ စင်ကြယ်ရပါတယ်၊ (ဒါကိုတော့ "အာဇီဝပါရိသုဒ္ဓိ" လို့ ခေါ်ပါတယ်၊) စက္ခုစတဲ့ တံခါးခြောက်ပေါက်က အကုသိုလ်တွေ မဝင်ရောက်နိုင်အောင် စိတ်ကိုလဲ ကောင်းစွာထားရပါတယ်၊ (ဒါကိုတော့ 'ဣန္ဒြိယေသု ဂုတ္တဒ္ဝါရတာ' လို့ ခေါ်ပါတယ်၊) အဲဒီ (အာစာရ ကေါစရသမ္မန္ဒ, အာဇီဝပါရိသုဒ္ဓိ, ဣန္ဒြိယေသု ဂုတ္တဒ္ဝါရတာ ဆိုတဲ့) တရားသုံးပါးဟာ ရှင်ရဟန်းနှင့် သင့်လျော်လျောက်ပတ်တဲ့ အကျင့်သဘောတွေ ဖြစ်ပါတယ်။

အာစာရကေါစရသမ္မန္ဒ အာစာရကေါစရသမ္မန္ဒဆိုတဲ့ အထဲမှာ ပါလာတဲ့ အာစာရ(အကျင့်) ဆိုတာဟာ သင့်လျော်တဲ့အကျင့်, မသင့်လျော်တဲ့အကျင့်လို့ နှစ်မျိုး ရှိနေပါတယ်။

အဲဒီ နှစ်မျိုးထဲက 'ကိုယ်နဲ့လွန်ကျူးမှု, နှုတ်နဲ့လွန်ကျူးမှု'ဆိုတဲ့ အကျင့်ဆိုးတွေကို 'မသင့်လျော်တဲ့အကျင့်'လို့ ဆိုရပါတယ်၊ သီလပျက်စရာ အကျင့်မျိုးစုံကိုလဲပဲ 'မသင့်လျော်တဲ့အကျင့်'လို့ပဲ ဆိုရပါတယ်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်လျက်သားနဲ့ ဒါယကာဒါယိကာမတွေအား ဝါးပေးခြင်း, သစ်ရွက်ပေးခြင်း, ပန်းပေးခြင်း, သစ်သီးပေးခြင်း, ဆပ်ပြာပေးခြင်း, ဒန်ပူ(သွားပွတ်တန်) ပေးခြင်း, အောက်ကျို့ကာကျို့ကာ ဒါယကာဒါယိကာမတွေကို ပြောခြင်း, ပဲနောက်ဟင်းပမာ မမှန်တချို့ မှန်တချို့ ပြောဆိုခြင်း, ကလေးထိန်းပေးခြင်း, ဒါယကာဒါယိကာမတွေ ခိုင်းသမျှ စေသမျှ သွားလာပေးခြင်း-စတဲ့ အကျင့်ဆိုးတွေနဲ့ ပဲဖြစ်ဖြစ်, အခြား ဘုရားရှင်က မြစ်တားထားတဲ့ မှားမှားယွင်းယွင်း အသက်မွေးခြင်း တစ်မျိုးမျိုးနဲ့ပဲဖြစ်ဖြစ် အသက်မွေးတာကိုလဲပဲ 'မသင့်လျော်တဲ့အကျင့်'လို့ ဆိုရပါတယ်။

အဲဒီလို အကျင့်မျိုးတွေကို မပြုကျင့်ဘဲ ရှောင်ကြဉ်တာကိုတော့ "သင့်လျော်တဲ့အကျင့်" လို့ ဆိုရပါတယ်။

ပြီးတော့ ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာ ဝင်ထွက်နေတာကိုပဲ "ကေါစရ (ကျက်စားရာ)" လို့ ဆိုပါတယ်၊ အဲဒီကျက်စားရာလဲပဲ သင့်လျော်တဲ့ ကျက်စားရာက တစ်မျိုး, မသင့်လျော်တဲ့ ကျက်စားရာကတစ်မျိုး၊ ဒီလို နှစ်မျိုးရှိနေပါတယ်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဖြစ်ပါလျက်ကယ်နှင့် ပြည့်တန်ဆာမဆိုကိုပဲဖြစ်ဖြစ်, မုဆိုးမဆိုကိုပဲဖြစ်ဖြစ်, အပျိုကြီးဆိုကိုပဲဖြစ်ဖြစ်, ပဏ္ဍာက်ဆိုကိုပဲဖြစ်ဖြစ်, ဘိက္ခုနီမဆိုကိုပဲဖြစ်ဖြစ်, အရက်ဆိုင်ကိုပဲဖြစ်ဖြစ် ရင်းရင်းနှီးနှီး ချဉ်းကပ်ဝင်ထွက်သွားလာနေမယ်။

မင်း, မင်းရဲ့အမတ်တွေ, ဘာသာခြား ပုဂ္ဂိုလ်တွေ, သူတို့ရဲ့ တပည့်တွေနှင့် မသင့်မလျော် ရောနှောဆက်ဆံနေမယ်။

ပြီးတော့ အချို့အိမ်ထောင်စုတွေဟာ သဒ္ဓါတရားလဲမရှိ၊ ရတနာသုံးပါးကိုလဲ မကြည်ညိုပေးကမ်းလှူဒါန်းမှာ နေနေသာသာ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတွေကို ဆဲရေးကြိမ်းမောင်းနေကြတယ်၊ အကျိုးစီးပွားမဲ့ကို အလိုရှိနေကြတယ်၊ ဗုဒ္ဓမြတ်စွာတပည့်သာဝကတွေရဲ့ ချမ်းသာတာကို မလိုလားကြဘူး၊ ဘေးကင်းတာကို အလိုမရှိကြဘူး၊ ဒီလို အိမ်ထောင်စုမျိုးတွေကို သွားလာဝင်ထွက်နေမယ်။

အဲဒီလို ရင်းရင်းနှီးနှီး ချဉ်းကပ်ဝင်ထွက် သွားလာမှုကို မပြုသင့်တဲ့ ပြည့်တန်ဆာမ-စတဲ့ သူတွေကိုပဲ "မသင့်လျော်တဲ့ ကျက်စားရာ"လို့ ဆိုရပါတယ်၊ အဲဒီနေရာဌာနတွေမှာ ကျက်စားတဲ့ ရဟန်းရဲ့ အကျင့်သိက္ခာဟာ ညှိုးနွမ်းပျက်စီးနိုင်တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

အဲဒီ ပြည့်တန်ဆာမ-စတဲ့ သူတွေမှတစ်ပါး အခြားသူတွေကိုတော့ "သင့်လျော်တဲ့ ကျက်စားရာ"လို့ပဲ ဆိုသင့်ပါတယ်။

ပြောပြလာခဲ့တဲ့ သင့်လျော်တဲ့အကျင့်တွေ, သင့်လျော်တဲ့ကျက်စားရာတွေ ရှိနေတာကိုပဲ "အကျင့် ကျက်စားရာနဲ့ ပြည့်စုံတယ်"လို့ ဆိုရပါတယ်။

နောက်တစ်နည်း ပြောရမယ်ဆိုရင်-မသင့်လျော်တဲ့အကျင့်ဆိုတာဟာ "ကိုယ်ကျင့်, နှုတ်ကျင့်ရယ်"လို့ နှစ်ပါးရှိနေပါတယ်။

အဲဒါတွေကို သိသာရုံ နည်းနည်းချဲ့ထွင် ပြောပြပါဦးမယ်၊=သာသနာ့ဝန်ထမ်းရှင်ရဟန်းဖြစ်လျက်သားနဲ့ သံဃာ့အစည်းအဝေးသို့ ရောက်လာပေမယ့် ရဟန်းကြီးတွေကို ရိုသေ လေးစားမှုမပြုဘဲ တိုးဝှေ့ထိပါးလို့ ရပ်နေမယ်၊ ထိုင်နေမယ်၊ ရှေ့တည့်တည့်မှာလဲ ရပ်နေမယ်၊ ထိုင်နေမယ်၊ မြင့်တဲ့နေရာမှာလဲ ထိုင်နေမယ်၊ ခေါင်းကိုခြုံလို့လဲ (ပခုံးနှစ်ဘက်ကိုခြုံလို့လဲ) ထိုင်နေမယ်၊ ရပ်လို့လဲ ပြောမယ်၊ လက်ရုံးလက်မောင်းဆန့်တန်းလို့လဲ ပြောမယ်၊ ရဟန်းကြီးတွေက ဖိနပ်မစီးဘဲ လမ်းလျှောက်နေတုန်း ဖိနပ်စီးလို့ လမ်းလျှောက်မယ်၊ ရဟန်းကြီးတွေ နိမ့်တဲ့နေရာမှာ လမ်းလျှောက်နေတုန်း မြင့်တဲ့နေရာမှာ လမ်းလျှောက်မယ်၊ ရဟန်းကြီးတွေက မြေပြင်မှာ လမ်းလျှောက်နေတုန်း နီးနီးကပ်ကပ် စကြံ့ပေါ်မှာ လမ်းလျှောက်မယ်၊ ရဟန်းငယ်တွေကိုလဲ နေရာနဲ့ တားမြစ်မယ်၊ ချွေးဇရုံးအိမ်မှာလဲ ရဟန်းကြီးတွေကို မပန်ပြောဘဲ မီးထည့်မယ်၊ တံခါးကို ပိတ်မယ်၊ ရေချိုးဆိပ်မှာလဲ ရဟန်းကြီးတွေကို တိုးဝှေ့ထိပါးလို့ ဆင်းမယ်၊ ရှေ့ကလဲ ဆင်းမယ်၊ တိုးဝှေ့ထိခိုက်လို့လဲ ရေချိုးမယ်၊ ရှေ့တည့်တည့်မှာလဲ ရေချိုးမယ်၊ တိုးဝှေ့ထိပါးလို့လဲ တက်မယ်၊ ရှေ့ကလဲ တက်မယ်၊ ရွာတွင်းကို ဝင်တဲ့အခါမှာလဲပဲ ရဟန်းကြီးတွေကို တိုးဝှေ့ထိပါးလို့ သွားမယ်၊ ရှေ့ကလဲ သွားမယ်၊ ဘေးကကျော်တက်ပြီး ရဟန်းကြီးတွေရဲ့ ရှေ့က,ရှေ့ကလဲ သွားနေမယ်၊ အိမ်တွေမှာ အမျိုးသမီးကြီး, အမျိုးသမီးပျိုကလေးတွေ နေရအောင် လုံလုံခြုံခြုံ ကာထားတဲ့

အခန်းများသို့လဲ အဆောတလျင် ဝင်မယ်၊ ကလေးသူငယ်တို့ရဲ့ ဦးခေါင်းကိုလဲ ပွတ်သပ်ကိုင်တွယ်မယ်၊ ဒါတွေဟာ မသင့်လျော်တဲ့ ကိုယ်ကျင့်တွေပါပဲ။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်လျက်သားနဲ့ သံဃာ့အစည်းအဝေးကို ရောက်လာပေမဲ့ ရိုသေလေးစားမှု မရှိဘဲ ရဟန်းကြီးတွေကို မပန်ပြောဘဲ တရားဟောမယ်၊ ပြဿနာဖြေမယ်၊ ပါတိမောက် ပြမယ်၊ ရပ်လို့လဲ ပြောမယ်၊ လက်ရုံးလက်မောင်း ဆန့်တန်းလို့လဲ ပြောမယ်၊ ရွာတွင်းကို ဝင်သွားတဲ့အခါမှာလဲ အမျိုးသမီးကြီးကိုပဲဖြစ်ဖြစ်, မိန်းမပျိုကလေးကိုပဲ ဖြစ်ဖြစ် "ဟေ့-ဒကာမကြီး ! ဟေ့-ခင်ခင် ! ဘာများ ရှိကြသလဲ၊ ယာဂု ရှိသလား၊ ဆွမ်း ရှိသလား၊ မုန့်ပဲသရေစာတွေ ရှိသလား၊ တို့က ဘာ သောက်ရမလဲ၊ ဘာ လွှးရမလဲ၊ ဘာ စားရမလဲ၊ ငါ့ကို ဘာ ပေးကြဦးမလဲ"၊ ဒီလို ပရမ်းပတာ ပြောမယ်၊ ဒါတွေကတော့ မသင့်လျော်တဲ့ နှုတ်အကျင့်တွေ ဖြစ်ပါတယ်။

ဒီလို မသင့်လျော်တဲ့ ကိုယ်ကျင့်နှုတ်ကျင့်တွေကို မပြုလုပ် မပြောဆိုဘဲ ရှောင်ကြဉ်တာကိုတော့ "သင့်လျော်တဲ့ အကျင့်"လို့ ဆိုရပါတယ်။

ပြီးတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဆိုတာဟာ လေးစားရိုသေမှု ရှိရပါတယ်၊ ကျိုးနွံမှု ရှိရပါတယ်၊ အရှက်အကြောက်နှင့်လဲ ပြည့်စုံရပါတယ်၊ သေခိယသိက္ခာပုဒ်တွေနှင့် အညီ သင်းပိုင်ကိုလဲကျကျနန ညီညီညာညာ ဝတ်ရပါတယ်၊ သင်္ကန်းကိုလဲ ကောင်းကောင်းရုံရပါတယ်၊ရေကို ကြည့်ပုံ, နောက်ကို ဆုတ်ပုံ, တည့်တည့်ကြည့်ပုံ, စောင်းကြည့်ပုံ,ကွေးပုံ, ဆန့်ပုံတွေကလဲ ကြည့်ညှိစရာ ဖြစ်စေရပါတယ်၊ မျက်လွှာကလေးတွေကိုလဲ ချထားရပါတယ်၊ (ပြူးကလူးပြာကလာ ထောင်ကြည့်မြောက်ကြည့် မလုပ်ရဘူး၊) လျှောင်းထိုင်ရပ်သွားကွရိယာပုထ်များကလဲ ကြည့်ညှိဖွယ်ရာ ညင်သာငြိမ်သက် ရပါတယ်၊ စက္ခုစတဲ့ကွန်ဒြေတွေကိုလဲ သတိဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ထားရပါတယ်၊ ပစ္စည်းလေးပါးကို ရှာဖွေခံယူသုံးစွဲတာမှာလဲပဲ အတိုင်းအရှည်(ပမာဏ)ကို သိနားလည်ရပါတယ်၊ နိုးနိုးကြားကြား ရဟန်းတရားကိုလဲ ကြိုးစားအားထုတ်နေရပါတယ်၊ သတိနှင့်လဲပြည့်စုံ သမ္မဇဉ်ညာဏ်ပညာနှင့်လဲ ပြည့်စုံရပါတယ်၊ အလိုနည်းမှုလဲ ရှိရပါတယ်၊ ကိုယ့်မှာရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်(ကျေနပ်) နေရပါတယ်၊အားထုတ်လုံ့လ ဝီရိယလဲ ရှိရပါတယ်၊ ခန္ဓကလာ ကျင့်ဝတ်တွေကိုလဲ ရိုရိုသေသေ ပြုကျင့်နေရပါတယ်၊လေးစားရိုသေမှုလဲ များရပါတယ်၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းဆိုတာဟာ ဒီလိုပဲ နေထိုင်ရပါတယ်၊ "ဒီလိုပြုကျင့်နေထိုင် တာကိုလဲပဲ (သင့်လျော်တဲ့) အကျင့်"လို့ ဆိုရပါတယ်။

ကျက်စားရာ ဆိုတာကတော့-

၁။ "ဥပနိဿယဂေါစရ=အမှီသဟဲကောင်းဖြစ်တဲ့ကျက်စားရာ၊

၂။ အာရက္ခဂေါစရ=စိတ်ရဲ့ အစောင့်အရှောက်ဖြစ်တဲ့ ကျက်စားရာ၊

၃။ ဥပနိဗန္ဓဂေါစရ=စိတ်ကိုဖွဲ့ချည်ရာဖြစ်တဲ့ ကျက်စားရာ"၊

ဒီလို သုံးပါး ရှိနေပါတယ်။

အဲဒီသုံးပါးထဲက “အမှီသဟဲကောင်းဖြစ်တဲ့ ကျက်စားရာ”ဆိုတာက ကထာဝတ္ထုဂုဏ် ဆယ်ခုနှင့်ပြည့်စုံတဲ့ မိတ်ဆွေကောင်း(ကလျာဏမိတ္တ)ပဲ ဖြစ်ပါတယ်၊ အဲဒီမိတ်ဆွေကောင်းကို အမှီသဟဲပြုပြီး မကြားဘူးသေးတဲ့ တရားစကားကိုလဲ ကြားနာရပါတယ်၊ ကြားဖူး ပြီးတဲ့ တရားကိုလဲ ရှင်းရှင်းလင်းလင်း သိနားလည်ရပါတယ်၊ ယုံမှားသံသယကိုလဲ ပယ်ပျောက်စေနိုင်ပါတယ်၊ ဉာဏ်အမြင်ကိုလဲ ဖြောင့်မတ်စေနိုင်ပါတယ်၊ စိတ်ကိုလဲ ကြည်လင်စေနိုင်ပါတယ်။

ပြီးတော့ “သဒ္ဓါတိုးပွားအောင်, သီလတိုးပွားအောင်,သုတတိုးပွားအောင်, စာဂတိုးပွားအောင်, ပညာတိုးပွားအောင် အတုယူကာ လိုက်နာကျင့်သုံးသင့်တဲ့ ပုဂ္ဂလ်မျိုးကိုလဲပဲ အမှီသဟဲကောင်းဖြစ်တဲ့ကျက်စားရာ”လို့ပဲ ဆိုသင့်ပါတယ်။

“စိတ်ရဲ့ အစောင့်အရှောက်ဖြစ်တဲ့ ကျက်စားရာ”ဆိုတာကတော့ သာသနာ့ဝန်ထမ်းရှင်ရဟန်းဆိုတာဟာ မြို့ထဲရွာထဲကို ကြွတဲ့အခါ မျက်လွှာကလေးတွေ ချကာ လေးတောင်လောက်သာ ကြည့်ပြီး ဣန္ဒြေစောင့်စည်းရင်း ကြွရပါတယ်၊ ဆင်ကိုကြည့်ရင်း မကြွရဘူး၊ မြင်းကိုကြည့်ရင်း မကြွရဘူး၊ ရထားကိုကြည့်ရင်း မကြွရဘူး၊ ခြေလျင်စစ်သားကိုကြည့်ရင်း မကြွရဘူး၊ မိန်းမကိုကြည့်ရင်း မကြွရဘူး၊ ယောကျ်ားကိုကြည့်ရင်း မကြွရဘူး၊ အထက်ကိုမော့ကြည့်ရင်း မကြွရဘူး၊ အောက်ကိုငုံ့ကြည့်ရင်း မကြွရဘူး၊ ဟိုဟိုဒီဒီ အရပ်ရှစ်မျက်နှာကို ကြည့်ရင်း မကြွရဘူး၊ “ဒါကိုပဲ (ဒီလိုစက္ခုန္ဒြေစသည်တို့ကို စောင့်ထိန်းတဲ့ သတိကိုပဲ) စိတ်ရဲ့ အစောင့်အရှောက်ဖြစ်တဲ့ ကျက်စားရာ”လို့ ဆိုရပါတယ်။

ပြီးတော့“စိတ်ကို ဖွဲ့ချည်ရာဖြစ်တဲ့ကျက်စားရာ”လို့ ဘာကိုခေါ်သလဲဆိုတော့“ဘာဝနာစိတ်ကို ကပ်လို့ဖွဲ့ချည်စရာ သတိပဋ္ဌာန်လေးပါးကိုပဲ စိတ်ကိုဖွဲ့ချည်ရာ ဖြစ်တဲ့ကျက်စားရာ” လို့ ခေါ်ရပါတယ်။

အခု ပြောလာခဲ့တဲ့ အကျင့်တွေ ကျက်စားရာတွေနှင့် ပြည့်စုံတာကိုလဲပဲ အကျင့်ကျက်စားရာနှင့် ပြည့်စုံတယ်လို့ ဆိုရပါတယ်။

အာဇီဝပါရိသုဒ္ဓိ

အသက်မွေးမှုကို အကြောင်းပြုပြီး ပညတ်ထားတဲ့ သိက္ခာပုဒ်ခြောက်ခု ရှိနေပါတယ်၊ အဲဒီ သိက္ခာပုဒ်တွေကို ကျူးလွန်ပြီး အသက်မွေးတာကိုလဲ“မှားယွင်းတဲ့ အသက်မွေးမှု (မိစ္ဆာဇီဝ)”လို့ ခေါ်ပါတယ်။

ပြီးတော့တစ်ခါ ကုဟနာ=သူများအထင်ကြီးအောင် ပလွှားဟန်ဆောင်ခြင်း၊ လပနာ=ပစ္စည်းရရေး လမ်းကြောင်းပေးကာ ပြောဆိုခြင်း၊ နေမိတ္တိကတာ=လှူလိုတဲ့အမှတ်သညာဖြစ်ပေါ်လာအောင် အရိပ်နိမိတ်ပြုခြင်း၊ နိပ္ပေသိကတာ= မလှူဘဲမနေရဲအောင် ဖိနှိပ်ပြောဆိုခြင်း၊ လာဘေနလာဘံနိဇိဂီသနတာ= ရပြီးလာဘ်နဲ့ မရသေးတဲ့လာဘ်ကို ရင်းနှီးရာဖွေခြင်း-စတဲ့ အကျင့်ယုတ်တွေနဲ့ အသက်မွေးတာကိုလဲပဲ “မှားယွင်းတဲ့အသက်မွေးမှု” လို့ပဲ ခေါ်ရပါတယ်။

ဒီလို မှားယွင်းတဲ့ အသက်မွေးမှုတွေကို ရှောင်ကြဉ်ပြီး တရားနှင့်အညီ အသက်မွေးမယ် ဆိုရင် "အသက်မွေးမှု စင်ကြယ်တယ်"လို့ ဆိုရပါတယ်၊ အာဇီဝပါရိသုဒ္ဓိလဲ ဖြစ်ပါတယ်။

အသက်မွေးမှု, အကြောင်းပြု၍, ခြောက်ခုပညတ်, သိက္ခာမြတ်ကို, ယွင်းချွတ်ကျင့်ငြား, သက်မွေးမှားနှင့်, ပလွှားဟန်ဆောင်, လှူအောင်ပြောဆို, လှူလိုသညာ, ဖြစ်စိမ့်ငှာလျှင်, ပြုပါနိမိတ်, ဖိနှိပ်ပြောဆို, လာဘ်ကိုလာဘ်ချင်း, ရှာဖွေခြင်းဟု, မှားယွင်းသက်မွေး, ကင်းစင်ဝေးသော်, သက်မွေးသန့်ရှင်း စင်ကြယ်၏။

အဲဒီအထဲမှာပါလာတဲ့ အသက်မွေးမှုကို အကြောင်းပြုပြီး ပညတ်ထားတဲ့ သိက္ခာပုဒ် ခြောက်ခုဆိုတာက -

၁။ အသက်မွေးမှုကို အကြောင်းပြုပြီး ယုတ်ညံ့တဲ့အလိုနဲ့ မိမိမှာ ရှိလဲမရှိ ရလဲမရကူးတဲ့ စျာန်, မဂ်, ဖိုလ်တရားတွေကို ဝါကြွားပလွှား ပြောဆိုတဲ့ ရဟန်းဟာ ပါရာဇိကကျပါတယ်၊

၂။ မိန်းမယောကျ်ားး နှစ်ဦးသားတွေရဲ့ကြားမှာ အောင်သွယ်မှုကို ပြုလုပ်မယ်ဆိုရင် သံဃာဒိဿေသ်အာပတ်သင့်ပါတယ်၊

၃။ "ဒကာ့ကျောင်းမှာ နေတဲ့ရဟန်းဟာ ရဟန္တာပဲ"လို့ မိမိကို ရည်ညွှန်းပြောဆိုမယ်၊ ဒကာကလဲသိနားလည်သွားမယ်ဆိုရင် ထုလ္လစ္စဉ်းအာပတ်သင့်ပါတယ်၊

၄။ ကျန်းမာလျက်သားနဲ့ အမွှန်အမြိတ်လို့ သတ်မှတ်ထားတဲ့ (ပဏီတ)ဘောဇဉ်ကို ကိုယ့်အတွက် တောင်းစားတဲ့ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါတယ်၊

၅။ ကျန်းမာပါလျက် ပဏီတဘောဇဉ်ကို ကိုယ့်အတွက် တောင်းစားတဲ့ ရဟန်းမှာ ပါဋိဒေသနီအာပတ် သင့်ပါတယ်၊

၆။ ကျန်းမာပါလျက် ဟင်းကိုပဲဖြစ်ဖြစ်, ထမင်းကိုပဲဖြစ်ဖြစ် ကိုယ့်အတွက် တောင်းစားတဲ့ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါတယ်။

ဒီသိက္ခာပုဒ် ခြောက်ခုပဲ ဖြစ်ပါတယ်။

အသက်မွေးခြင်း, အကြောင်းရင်းကြောင့်, ညှဉ်ဖျင်းအလို, ဝမ်းတွင်းသိုလျှော်, မဂ်ဖိုလ်နှင့်စျာန်, တရားမွန်ကို, ရဟန်ပလွှား, လာဘ်ပေါများအောင်, ပြောကြား ပါရာ၊ အောင်သွယ်ပါက, သံဃာဒိသေ, သင့်ရောက်ပေ၏၊ မှီနေသင့်ကျောင်း, ထေရ်ကောင်းဆရာ, ရဟန္တာဟု, လှည့်ကာပတ်ကာ, ပြောဆိုပါလျှင်, နာသူစင်စစ်, သိသ်ည်ဖြစ်က, ထုလ္လစ္စယာ၊ ရဟန်းမှာလျှင်, မြတ်ရာသွင်းထား, ဘောဇဉ်များကို, နာဖျားကင်းလျက်, ကိုယ့်တွက်တောင်းကာ, စားသောက်ပါလျှင်, ပါစိတ္တိယ၊ ရဟန်းမမှာ, ရောက်ရာပါဋိ, ဒေသနိယာ၊ ကိုယ့်တွက်သာပင်, ဖျားနာလွတ်ကင်း, ထမင်းဟင်းများ, တောင်းစားဒုက္ကဋ်, သင့်ရောက်တတ်သည်..... ပညတ်သက်မွေး အကြောင်းတည်း။

ဤကဏ္ဍ၌ ပါသော ဆောင်ပုဒ်ကဗျာများမှာ ရှေးဆရာတို့၏ အဆိုအမိန့်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ညှိ၍ ပြုပြင်ရေးသားထားရုံမျှသာ ဖြစ်ပါသည်။

ကုဟနာ “သူများအထင်ကြီးအောင် ပလွှားဟန်ဆောင်ခြင်း”ဆိုတဲ့ ကုဟနာကို “ပစ္စယပဋိသေဝနကုဟနာ, သာမန္တဇပ္ပနကုဟနာ, ဣရိယာပထသန္ဓိသိတကုဟနာ”လို့ သုံးမျိုးခွဲခြား မိန့်တော်မူထားပါတယ်၊ အဲဒီသုံးပါးကို အစဉ်အတိုင်း တစ်ပါးချင်း ပြောပြပါဦးမယ်။

လာဘ်ပူဇော်သကာ အကျော်အစောကိုဟောင့်တ ယုတ်မာတဲ့သဘော နှိပ်စက်ခံနေရတဲ့အတွက် ဒါယကာတွေက ပစ္စည်းတွေနဲ့ ဖိတ်မန်လှူဒါန်းလာတဲ့အခါ အလိုနည်းဟန် ပယ်လှန်ပြုလျက် လှည်းထက်တင်ဆောင် လှူအောင်တစ်ခု အံ့ဖွယ်ပြုတာက “ပစ္စယပဋိသေဝနကုဟနာ”မည်ပါတယ်။

လေးသွယ်ပစ္စယ, လှူသမျှကို, စိတ်ကခုံမင်,လိုရိုကျင်လျက်,ပုံယင်များစွာ, ရစိမ့်ငှာဟု, ဝမ်းမှာကြွစည်, အမှတ်တည်၍,ဖိတ်မည်ရောက်လာ, ဒါယကာကို, တို့မှာများပို, အလိုမဲ့ပါ, တန်ပြီစွာဟု, ပယ်ယောင်ပြု၍, ယခုပြီးနှောင်း, မထေရ်ကောင်းကို, ကံဟောင်းကြောင့်သာ, တို့တွေပါ၏၊ နည်းစွာအလို, ဘယ်ဟာကိုမျှ,မဆိုခံမည်, ပယ်ပြီးသည်ဟု, ယုံကြည်သဒ္ဓါ, ဒါယကာတို့, ခံပါစေကြောင်း, အကောင်းအမွန်, စီရင်ဖန်လျက်, အလွန်များလှ, သက်နံ့စသည်, ထိုမှပစ္စည်း, အပည်းပည်းကို, လှေလှည်းထောက်ကူ, အလွေ့ယူ၍, ကပ်လှူမှသာ, ဒါယကာအား, ကျိုးကြီးမားစွာ, ရစိမ့်ငှာလျှင်, တစ်ခါတစ်လည်, ခံရမည်ဟု, ယုံကြည်ဆိုပြီး, ယူလေသိုး၏၊ ထုံးမိုးမပြား, ဤသို့အားဖြင့်, များများရမှု, မြတ်ယောင်ပြု၍, လှူသူ့ပစ္စည်း, , အပည်းပည်းကို, သိမ်းဆည်းသည်မူ, လေးဆူပစ္စယ, သေဝနသင်္ခါတာ, ကုဟနာသည် ..... မှန်စွာမည်တုံ လေသတည်း။

စျာန်မဂ်ဖိုလ်ရ, အနိုးပြလျက်, မြွက်ဟထိုထို, ပြောဆိုသမှု, အံ့ဖွယ်ပြုတာကတော့ “သာမန္တဇပ္ပနကုဟနာ”မည်ပါတယ်။

မကောင်းယုတ်မာ, ပါပိစ္ဆာကြောင့်, နှုတ်လျှာကောင်းဆန်း, ထက်ဝှမ်းကြားချောက်, ချီးမြှောက်ထောမနာ, သူ့အရာကို, ငဲ့မှာဆိုမှ, ရတုံထဟု, မြွက်ဟစကား, လှုတို့အားလျှင်, ညွှန်ကြားသမြို့, ဤသို့သောကျောင်း, လိုဏ်ခေါင်းဥမင်, သစ်ပင်မဏ္ဍပ်, ဇရပ်တန်ဆောင်း, ကျိန်းအောင်းသောသူ, သို့မှဆရာ, သို့သာတပည့်, သို့သည့်ဖော်ရွေ, ရှိနေတုံလတ်, အဝတ်သက်နံ့, ခါးပန်းရေစစ်, ကညစ်ပဲခွပ်, သပိတ်အပ်က, စသည်ပရိက္ခရာ, ဤသည်မှာကို, မှန်စွာဆောင်သူ, စင်ဖြူသိလ, မြတ်လှတေဇာ, ဘုန်းကြီးစွာဟု, ချင်းရာကိုယ်နှင့်, နှိုင်းချင့်သောအား, ပြောပလွှား၍, မပြားဤသို့, သဘောတို့ဖြင့်, သမ်းမို့မျက်လွှာ, မျက်နှာတွန့်တို့, နှိမ့်ကျိုးခွန်းလှယ်, အံ့ဖွယ်ပြုထ, ထိုထိုမျှကား, သာမန္တဇပ္ပနာ, ကုဟနာသည် ..... သေချာခွဲဝေ မှတ်လေလော့။

ချီးမွမ်းခံလိုတဲ့ အလိုဆိုးနဲ့ ဣရိယာပုထ်ကို ပြုပြင်ထိန်းချုပ် မျက်မှောင်ကုတ်ပြီး အဟုတ်သဖွယ် ညာဘယ်မရှု အံ့ဖွယ်ပြုတာကတော့ “ဣရိယာပထသန္ဓိသိတကုဟနာ” မည်ပါတယ်။

မကောင်းကျ စ္ဆာ, နိပ်စက်ငှါဖြင့်, သမ္ဘာဝန, ပသဲ့သကို, လိုကျသောအား, လေးပါးကျရိယာ, သွားလာရပ်နေ, အိပ်ပျော်လေလည်း, ထွေထွေစီရင်, ပြုစုပြင်၍, ကယ်ပင်မြတ်ယောင်, မှောင်တကြုတ်ကြုတ်, နှုတ်ခမ်းလှုပ်လျက်, စောင့်ချုပ်သူ့ထက်, ငြိမ်သက်အသာ, အင်္ဂါ လက်ခြေ, ရိုသေမြတ်လေး, အကွေးအဆန့်, ထူးအံ့ဖွယ်သာ, ပြုကျင့်ရာကား, ကျရိယပထ, ဆိုအပ်လှသည် ..... ကုဟနာပင် မည်သတည်း။

လပနာ "ပစ္စည်းလှူရေး, လမ်းကြောင်းပေးကာ, ပြောဆိုခြင်း" ဆိုတဲ့လပနာကိုလဲပဲ အာလပနအစ, ပါရိဘဋ္ဌတာအဆုံး, တစ်ဆယ့်သုံးပါးခွဲကာ ဖွင့်ပြထားပါတယ်၊ အဲဒီတစ်ဆယ့်သုံးပါးကိုလဲပဲ ဆက်လက်ပြောပြပါဦးမယ်၊-

၁။ ကျောင်းတိုက်ကို လာရောက်ကြတဲ့ လူဒါယကာတွေကို "ပင့်လာသလော, ပစ္စာလော"ဟု, သဘောစခြေ, စကားမြွေခြင်း၊ မင်းကြီးမူးမတ်, လေးမြတ်တဲ့ငါ, မင်းဆရာလို့, ကြွားကာမောက်မို, မိမိကိုယ်ကို, တင်ဆိုပြောကြားခြင်း၊ ဒါမျိုးတွေကိုပဲ "အာလပန"လို့ ခေါ်ပါတယ်။

၂။ သူများတကာ မေးလာတဲ့အတွက် ပြောဆိုတာကိုတော့ "လပန"လို့ ခေါ်ပါတယ်။

၃။ ခွင့်လမ်းပေးကာ ညှာလို့ပြောဆိုတာကိုတော့ "သလ္လပန"လို့ ခေါ်ပါတယ်။

၄။ မြှောက်ပင့်ခေါ်ဝေါ် ပြောဆိုတာကိုတော့ "ဥလ္လပန"လို့ ခေါ်ပါတယ်။

၅။ ဘက်စုံ မြှောက်ကာပင့်ကာ ပြောဆိုတာကိုတော့"သမုလ္လပန"လို့ ခေါ်ပါတယ်။

၆။ တုပ်ပြီး နှောင်ပြီးဖြစ်အောင် ပြောဆိုတာက "ဥန္နဟန" မည်ပါတယ်။

၇။ တုပ်ပြီးနှောင်ပြီးဖြစ်အောင် ဘက်စုံထပ်ဖန်တလဲလဲပြောဆိုတာကတော့ "သမုန္နဟနာ" မည်ပါတယ်။

၈။ ဒါယကာ့ဂုဏ်ကို မြှောက်ပင့်ဖော်ပြ ပြောဆိုတာကတော့"ဥက္ကာစန"မည်ပါတယ်။

၉။ ဘက်စုံ မြှောက်ပင့်ဖော်ပြ ထပ်ဖန်တလဲလဲပြောဆိုတာကတော့ "သမုက္ကာစနာ" မည်ပါတယ်။

၁၀။ အမှန်ကိုလဲမငဲ့ တရားသဘောကိုလဲမငဲ့ဘဲ ချစ်ဖွယ်မှုကိုသာ ပြောဆိုတာကတော့ "အနုပိယဘာဏိတာ"မည်ပါတယ်။

၁၁။ အောက်ကျို့ကာ အောက်ကျို့ကာ ပြောဆိုတာကိုတော့ "စာတုကမျတာ"လို့ ခေါ်ပါတယ်။

၁၂။ မနပ်တချို့ နပ်တချို့ ပဲနောက်ဟင်းလို မမှန်တချို့ မှန်တချို့ ပြောဆိုတာက "မုဂ္ဂသူပျတာ"မည်ပါတယ်။

၁၃။ ထိန်းယအတူ ရွာသူသားငယ်တွေကို ချီပိုးထိန်းယတာကတော့ "ပါရိဘဋ္ဌတာ"မည်ပါတယ်။

ဒီ တစ်ဆယ့်သုံးပါးတို့ကိုပဲ "လပနဝတ္ထု"လို့ ဆိုရပါတယ်။

ရောက်လာပြောထူ,ထိုထိုလူကို, တူရူအလျင်, မျက်နှာတင်၍, သင်ဒါယကာ, ဘယ်ခြင်းရာကြောင့်, ရောက်လာတုံ့မြို့, ရဟန်းတို့ကို, လှူဖို့လှူရာ, ဖိတ်လာသလော၊ သဘောကယ်ပင်, ဖိတ်တုံကျင်က, အလျင်သွားနှင့်, မမြင့်ငါမူ , သပိတ်ယူ၍, ရှေးရှုလာမည်, စတည်ဦးစွာ,ဆိုခြင်းရာကား,အာလပန,မည်လေထ၏၊ ထိုမှတစ်ပါး, မိမိအား၊ကို, ငါ့အားတိသ,ထိုမျှမင်းသား, မူးမတ်များတို့, ငါ့အားသဒ္ဓါ, ကြည်ညိုစွာဟု, သာယာသံမြို့, ဤကဲ့သို့လျှင်, ကိုယ့်ဖို့ဆောင်လို, ကိုယ့်ကိုချီးပ, ပြောဟောစသည်, အာလပနလည်းကောင်း, မည်လတ်ရောင်း၏၊ တစ်ကြောင်းထိမှ, လပနကား, မိန့်ဟ သို့သွင်, မေးလာလျှင်တည့်, ထို့ပြင်တစ်ဖြာ, ဒါယကာအား, မသာမကြည်, ငြီးငွေ့မည်ကို, မတည်ကြောက်လန့်, ခံခဲ့လေးလေး, ခွင့်လမ်းပေး၍, လိုရေးလိုက်ထ, ဆိုသမျှကား, သလွှပနာ, မည်လေပါ၏၊ ဒကာတို့အား, မြင့်ရာထား၍, မြှောက်စားချီးပ,* ပိန်းမသခင်, လေ့ရှင်ပဲ့စီး, လှုကြိုးဒကာ, ဥစ္စာပေါဖြင်, ဓနရှင်ဟု, မြှင့်တင်ဖုံဖုံ, ပြောလတ်တုံက, ဥလ္လပနာ၊ ဒကာတို့အား, မြင့်ရာထား၍, ဆိုငြားဘက်စုံ, သမုလ္လပန၊ ရှေးကာလဝယ်,ဒါနအထူး, အလှူဦးကို, ပေးဖူးမှန်စွာ, ခုမှသာလျှင်, ဒကာဘယ်မြို့, မလှူတို့ဟု, ဤသို့ဆိုမှ, အိုအိုဘုရား, မအားမလပ်,လှူရပ်လှူစွာ, ခွင့်မသာ၍, ကြာနှင့်လေသည်,လှူပါ့မည်ဟု,ချီနှောင်မြစွာ, ဝန်ခံလာအောင်,ထက်မှာထက်မှာ,ရစ်ကာလွှမ်းခြုံ,ဆိုလေတုံက, ဥန္နဟနာ၊ ထပ်ကာထပ်ကာ, ရစ်ပတ်ကာဖြင့်, ဆိုပါဘက်စုံ, သမုန္နဟန၊ ဤအိမ်မှကား, ငါ့ကိုတိသာ, ကြည်သဒ္ဓါ၏၊ လှူငှာရှိမြောက်, ငါသို့ရောက်ဟု, မြှောက်ပင့်ဖော်ကာ, ပြောဆိုပါက, ဥက္ကာစနာ၊ ဘက်စုံသာလျှင်, ထပ်ကာထပ်ကာ, မြှောက်ပင့်ပါက , သမုက္ကာစန, အမည်ရ၏၊ ဟုတ်မှန်လှငြား, သဘောသွားကို, လားလားမရှူ, ခုခုပင်လျှင်, ချစ်ခင်ဖွယ်မှ, ပြောဆိုပြုက, အနုပိယဘာဏိတာ၊ နှိမ့်ကာကိုယ့်ကို, လူဗိုလ်တို့အား, ခစားစရုတ်, ကျွန်ုပ်အကျွန်, တော်မွန်စွာ, အရှင်ပါလျှင်, ပြုငှါပြောမှ, အစုစုမှာ, စာတုကမျှတာ၊ ပမာပုံခင်း, ပဲနောက်ဟင်းဟန်, မမှန်တချို့, မှန်တချို့မျှ, ပြောဆိုကမူ, မုဂ္ဂသူပျှတာ၊ ဒါယကာ၏, ငယ်စွာသားမျိုး, ချီပိုးရင်ခွင်, တင်တုံကာတိ, ထိန်းယဘိက, ပါရိဘဋ္ဌတာ၊ ဤသို့လာသား, ဆယ့်သုံးပါးကား, ယွင်းမှားအာဇီဝ, လပနသည် ..... ရောင်မှသက်မွေး ကောင်းမည်တည်း။

နေမိတ္တိကတာ

"လှူလိုသော အမှတ်သညာ ဖြစ်ပေါ်လာအောင် အရိပ်နိမိတ် ပြုခြင်း"ဆိုတဲ့ နေမိတ္တိကတာကိုလဲပဲ ခြောက်မျိုးခွဲကာ ဖွင့်ပြထားပါတယ်၊ အဲဒီခြောက်မျိုးတို့ကိုလဲပဲ တစ်ခုချင်း ရှင်းလင်းပြပါဦးမယ်၊ -

၁။ ပစ္စည်းဝတ္ထုကို ပေးလှူရန် ဒါယကာများမှာ အမှတ်သညာဖြစ်ပေါ်လာအောင် ကိုယ်အမူအရာနဲ့ပဲဖြစ်ဖြစ်, နှုတ်အမူအရာနဲ့ပဲဖြစ်ဖြစ် အရိပ်နိမိတ် ပြုလုပ်တာကို "နိမိတ္တ"လို့ ခေါ်တယ်။

---

* ပိန်းမ= ပိန်းကောမ- လုံးထွင်းလေ၊

၂။ စားစရာကိုင်ယူသွားသူကို တွေ့ရတဲ့အခါ "ဘယ်လိုလဲဟော့၊ စားစရာရခဲ့သလား" စတဲ့ စကားမျိုးနဲ့ အမှတ်နိမိတ်ပြုလုပ်တာကိုတော့ "နိမိတ္တကမ္မ"လို့ ခေါ်ပါတယ်။
၃။ ပစ္စည်းနှင့်စပ်တဲ့ စကားမျိုးကို ပြောတာကိုတော့ "သြဘာသ"လို့ ခေါ်ပါတယ်။
၄။ တစ်ဆင့်စကားနဲ့ မိမိရဲ့အလိုကို အရိပ်အမြွက်ပြုတာကိုတော့ "သြဘာသကရဏ" လို့ ခေါ်ပါတယ်။
၅။ မိမိအလိုရှိတဲ့ ဝတ္ထုကို ပွတ်ကာသီကာ မလှူဘဲမနေသာအောင် ပြောတာကိုတော့ "သာမန္တ ၈ပွန"လို့ ခေါ်ပါတယ်။
၆။ အလိုရှိတဲ့ပစ္စည်းကို မရ,ရအောင် တလည်လည် ပြောခြင်းမျိုးကိုတော့ "ပရိကထာ" လို့ ခေါ်ပါတယ်။

ဒီခြောက်ပါးကိုတော့ "နေမိတ္တိကတာဝတ္ထု"လို့ ခေါ်ပါတယ်။

ဒါယကာတို့, လှူဖို့သည်ာ, ဖြစ်ပေါ်လာအောင်, ကြဲဆောင်ကိုယ်မှု, နှုတ်မှုဟူက, နိမိတ္တနှင့်၊ စားရအောင်သာ, သူယူလာသည့်, မြင်ခါစားဖွယ်, ကိုယ့်ဘက်ဆွယ်၍, ဘယ်ကဲ့သို့သာ, ရခဲ့ပါဟု, လှူငှါအရိပ်, နိမိတ်ပြုပြ, နိမိတ္တကမ္မာ၊ စပ်ကာပစ္စယ, ရှားပါးလှဟု, ပြောကြသြဘာ၊ ရောက်လာနီးနား, သူတစ်ပါးကို, ရိပ်မြွက်ဆို၍, ကိုယ့်ကိုလှူရန်, ပြုလုပ်ဖန်က, မှတ်ရန်သြဘာ, ကရဏာတည့်၊ လိုရာဝတ္ထု, နီးနားပြု၍, တစ်ခုမလွတ်, ရောင်မလွတ်အောင်, ပြောလတ်သာမန္တ, ၈ပွနပေ၊ မရ ရရန်, ပြန်ကာလှည့်ကာ, ပြောပါပရိ, ကထာသိလော့၊ နေမိတ္တိကတာ, ဤခြောက်ဖြာကို ..... ပယ်ခွာသက်မွေး ဖြောင့်စေလော့။

နိပ္ပေသိကတာ "မလှူဘဲမနေရဲအောင် ဖိနှိပ်ပြောဆိုခြင်း"ဆိုတဲ့ နိပ္ပေသိကတာကိုလဲပဲ တစ်ဆယ့်တစ်ပါး ခွဲခြား ဖွင့်ပြထားပါတယ်၊ အဲဒီ တစ်ဆယ့်တစ်ပါးတို့ရဲ့ အဓိပ္ပာယ်ကိုလဲပဲ ရှင်ရှင်းလင်းလင်း သိနားလည်ထားသင့်ပါတယ်။

၁။ မလှူဘဲမနေရဲအောင် ဆဲရေးတာကို "အက္ကောသ"လို့ ခေါ်ပါတယ်။
၂။ ရှုတ်ချပြောဆိုတာ နှိပ်နှိပ်စက်စက် ချိုးဖဲ့ပြောဆိုတာကိုတော့ "ဝမ္ဘန" လို့ ခေါ်ပါတယ်။
၃။ ကဲ့ရဲ့ပြစ်တင်တာကိုတော့ "ဂရဟာ"လို့ ခေါ်ပါတယ်။
၄။ စကားဖြင့် လှူသူအဖြစ် စသည်မှ ထုတ်ပယ်ခြင်း(ဝိုင်းပယ်ခြင်း)အလို ! အလှူရှင်ကြီးပါလား စတဲ့စကားမျိုးကို ပြောပြီး မြှောက်သလိုလုပ်ကာ ကဲ့ရဲ့ရှုတ်ချတာကိုတော့ "ဥက္ခေပန"လို့ ခေါ်ပါတယ်။
၅။ ဘက်စုံ အကြောင်းပြပြီး ဝိုင်းပယ်တာ, အတိုင်းထက်အလွန် ချီးမွမ်းခြေကျောက်သဘော ပြောဆိုတာကိုတော့ "သမုက္ခေပန"လို့ ခေါ်ပါတယ်။
၆။ ပြက်ရယ်ပြောင်လှောင် သရော်တာကိုတော့ "ခီပန"လို့ ခေါ်ပါတယ်။
၇။ ပြင်းစွာ ပြက်ရယ်ပြောင်လှောင် သရော်တာကိုတော့ "သံခီပန"လို့ ခေါ်ပါတယ်။

၈။ ကျေးဇူးမဲ့သို့ ရောက်စေတာ မကောင်းသတင်း လွှင့်တာကိုတော့ "ပါပန"လို့ ခေါ်ပါတယ်။

၉။ ဘက်စုံ မကောင်းသတင်း လွှင့်တာကိုတော့ "သမ္မာပန"လို့ ခေါ်ပါတယ်။

၁၀။ အရပ်တစ်ပါးသို့ ကျေးဇူးမဲ့ကို ဆောင်တာ, မကောင်းသတင်းလွှင့်တာကိုတော့ "အဝဏ္ဏဟာရိတာ"လို့ ခေါ်ပါတယ်။

၁၁။ မျက်မှောက်နာဖွယ် မျက်ကွယ်ကျေးဇူးမဲ့ အတင်းပြောတာကိုတော့ "ပရပိဋ္ဌိမံသိကတာ"လို့ ခေါ်ပါတယ်။

ဒီတစ်ဆယ့်တစ်ပါးကိုတော့ "နိပ္ပေသိကတာ"လို့ ခေါ်ပါတယ်။

ကြောက်ရွံ့လာကာ, ပေးတန်ရာဟု, ကြံကာဆဲက, အကြောသတည့်၊ ရှုတ်ချကဲတက်, နှိပ်စက်ဆိုကာ, သမ္ဘာဝနာနှင့်၊ သဒ္ဓါတွန့်တို, မကြည်ညိုဟု, သူ့ကိုပြစ်တင်, မည်တွင်ဂရဟာ၊ လှူကြရာဝယ်, စကားဆွယ်၍, ဝိုင်းပယ်ထုတ်ခြင်း, ဒါနကင်းသူ, ထိုထိုလူကို, အလှူရေစက်, လက်နှင့်မကွာ, လှူရှင်ပါဟု, မြှောက်ကာနင်းခြေ, ရှုတ်ချလေက, ဥက္ခေပနာ၊ထို့ထက်သာ၍, ပယ်ခွာထုတ်ခြင်း, မြှောက်ချခြင်းမှာ, မှတ်ရာသမုက္ခေ၊ အဟောင်းတွေသာ, စားနေပါသည့်,သူ့မှာသက်ရှင်, ဘယ်ကျိုးထင်ဟု, လှူရှင်သိအောင်,စသည်ပြောင်က, ခီပနတည့်၊ဒကာ့ဣဿူသူ,မရှိဟူသား, စကားများကို, ခံစားတောင်းစား, သူတို့အားလျှင်, မခြားနဲ့ည, လှူထရက်ရော, မဟုတ်လောဟု, ဆိုပြောတစ်ဖန်,အပြောင်လွန်က, သံခိပနာ၊လူဒကာကို, ဒါနကင်းသူ, ဂုဏ်ကင်းသူဟု, ရှင်လူတကာ, သိစေပါက, ပါပနတည့်၊ လွန်စွလွန်စွာ, သိစေပါလျှင်, သမ္ဘာပန၊ ရှုတ်ချပြောကြား, ပြုတုံငြားက, ဆင့်ပွားပြောမှာ, ကြောက်ရွံ့လာ၍, ပေးပါလိမ့်မည်, လှူလိမ့်မည်ဟု, ရည်ရွယ်အိမ်စုံ,ရွာပေါင်းစုံနှင့်, လုံးစုံကျေးလက်,လှည့်လည်လျက်သာ, ပြစ်ပြောပါက, အဝဏ္ဏဟာရိတာ၊ ရှေ့မှာချိုသာ, ကွယ်ရာအပြစ်, ဖော်လှစ်ထုတ်ပြ, ပရပိဋ္ဌိ, မံသိကတာ၊ ဤသို့လာသား, ဧကာဒသ, ဟူသမျှကား, ရှိကြကုန်စင်, သူ့ဂုဏ်အင်ကို, စင်အောင်ပွတ်ခြင်း, ကြိတ်ချေခြင်းဟု, မယွင်းသတ္တိ, ရှိလေဘိ၍, နိပ္ပေသိကတာ, မည်လေပါသည် ..... မိစ္ဆာသက်မွေး ရောင်ဖွယ်တည်း။

လာဘေနလာဘံ နိဇိဂိသနတာ ဒီအိမ်က ရတဲ့ပစ္စည်းကို ဟိုအိမ်သို့, ဟိုအိမ်က ရတဲ့ပစ္စည်းကို ဒီအိမ်သို့ ယူဆောင်လာပြီး ပစ္စည်းနည်းနည်းနဲ့ ပစ္စည်းများများကို လှည့်ကာပတ်ကာ အဆင့်ဆင့် အတန်တန် တစ်ဖန် ရာဖွေတာမျိုးကိုပဲ "လာဘေနလာဘံ နိဇိဂိသနတာ"လို့ ဆိုပါတယ်။

ဒီလို ပြောပြလာခဲ့တဲ့ မိစ္ဆာဇီဝတွေ အနေသနတွေကိုရောင်ကြဉ်ပြီး တရားနည်းလမ်းအတိုင်း ရာဖွေလာတဲ့ အပြစ်မရှိတဲ့ပစ္စည်းမျိုးကို မှီဝဲသုံးဆောင်ရင် အသက်မွေးစင်ကြယ်ပါတယ်၊ ဒီလို အသက်မွေးစင်ကြယ်တာကိုပဲ "အာဇီဝပါရိသုဒ္ဓိ"လို့ ခေါ်ပါတယ်။

ဤအိမ်ကရ, အာမိသကို, ဟိုကအိမ်သို့, ဆောင်ပေးပို့၏၊ ဟိုအိမ်တို့က, ရသမျှလည်း, ဤကအိမ်သို့, ဆောင်ပေးပို့၏၊ ဤသို့များစွာ, ရစိမ့်ငှါလျှင်, မျက်နှာလုပ်ကို, လာဘ်ကိုလာဘ်ချင်း, နှီးရင်းရာဖွေ, ပြုတုံလေက, လာဘေနလာဘံ, နိဓီဂိသနတာ, မည်လေပါ၏၊တစ်ဖြာထိုမှ, ဆက်ကာပြုပိမ့်, အစအစ, အိမ်တို့မှလျှင်, ရရတိုင်းကို, ထိုထိုအိမ်သား, သူငယ်အားလျှင်, ပေးထားခဲ့ပါ, အဆုံးမှာကား, မတိုးပွားဘဲ, နွားနို့ယာဂု, ဆောင်ယူပြုသည့်, ဘိက္ခုကြောင်းရာ, ပြောသင့်ပါသည် ..... ဤမှာမှတ်ဖွယ် တစ်မျိုးတည်း။

မိစ္ဆာဇီဝ, နေသနကို,လုံးဝရှောင်ခွာ,လျော်စွာတရား, ရရှိထားသည့်, လေးပါး ပစ္စယ, မှီဝဲကလျှင်, သက်မွေးစင်သည် ..... ဤလျှင် သူတော်လမ်းစဉ်တည်း။

ဣန္ဒြိယေသု ဂုတ္တဒ္ဝါရတာ "အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘော"ဆိုတဲ့ အာရုံတွေမှာ "မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်"ဆိုတဲ့ တံခါးခြောက်ပေါက် (ဒွါရခြောက်ပါး)ကနေပြီး အဘိဇ္ဈာ,ဒေါမနဿစတဲ့ အကုသိုလ် တရားဆိုးတွေ ဝင်မလာအောင် (မဖြစ်ရအောင်) မြင်ရင် မြင်ရုံ, ကြားရင် ကြားရုံ, နံရင် နံရုံ, လျက်ရင် လျက်ရုံ, ထိရင် ထိရုံ, သိရင် သိရုံ- စိတ်ကို ထားရပါတယ်။

ဒီတော့ "အာရုံခြောက်ပါးမှာ စိတ်ကို ဘယ်လိုထားရမယ်"ဆိုတာကို သိသာရုံ ရှင်းလင်းပြပါဦးမယ်၊ မျက်စိနဲ့ အဆင်းကို မြင်တဲ့အခါမှာ အပေါင်းအစု အနေနဲ့ "မိန်းမပဲ, ယောကျ်ားပဲလို့ မှတ်ယူမယ်၊ အသေးစိတ်အနေနဲ့ လက်,ခြေ,မျက်နှာ, ပြုံးပုံ,ရယ်ပုံ,ကြည့်ရှုပုံ စတဲ့ဟာတွေကို မှတ်ယူမယ်ဆိုရင် မျက်စိဆိုတဲ့ တံခါးကနေပြီး မောဟ ဝင်လာလိမ့်မယ်၊ ဒါ့ကြောင့် ဒီလို မမှန်မကန် မှတ်ယူတာကိုပဲ မောဟဖြစ်စရာ "ဥပေက္ခာနိမိတ်"လို့ ဆိုရပါတယ်။

"ချောတယ်,လှတယ်,တင့်တယ်တယ်,နှစ်သက်စရာကောင်းတယ်"လို့ မှတ်ယူပြန်ရင်လဲ 'မျက်စိ'ဆိုတဲ့ တံခါးပေါက်ကနေပြီး ရာဂ ဝင်လာလိမ့်မယ်၊ ဒါ့ကြောင့် ဒီလို မှတ်ယူတာမျိုးကိုတော့ ရာဂဖြစ်စရာ "သုဘနိမိတ်"လို့ ခေါ်ပါတယ်။

"မချောဘူး, မလှဘူး, အရုပ်ဆိုးတယ်, အကျည်းတန်တယ်, ရွံစရာကောင်းတယ်"လို့ မှတ်ယူပြန်ရင်လဲ မျက်စိဆိုတဲ့ တံခါးပေါက်ကနေပြီး ဒေါသ ဝင်လာတတ်တယ်၊ ဒါ့ကြောင့် ဒီလိုမှတ်တာမျိုးကိုတော့ ဒေါသဖြစ်စရာ"ပဋိဃနိမိတ်"လို့ ခေါ်ရပါတယ်။

အဲဒီလို မောဟဖြစ်စရာ ဥပေက္ခာနိမိတ်အနေနဲ့ မှတ်ယူမှု, ရာဂဖြစ်စရာ သုဘနိမိတ်အနေနဲ့ မှတ်ယူမှု, ဒေါသဖြစ်စရာ ပဋိဃနိမိတ်အနေနဲ့ မှတ်ယူမှုတွေကို မပြုလုပ်သင့်ပါဘူး၊ ရှောင်ကြဉ်သင့်ပါတယ်။

အမှန်မှာ= ရေ, ဆီ, ပေါင်ဒါ, ဝတ်စားတန်ဆာ, ရတနာတွေနဲ့ မဆေးကြော မသုတ်သင် မလိမ်းကျံ မဖုံးလွှမ်း မဆင်ယင်ဘဲ ပကတိ မိမွေးတိုင်းဖမွေးတိုင်းကတော့

နှစ်သက်ရှုချင်စရာ မရှိ၊ ရွံရှာစက်ဆုပ်ဖွယ်အတိမျှသာ ဖြစ်တယ်။ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီအစရှိတဲ့ ရှုမြင်မလှ သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘမျိုးတွေသာ ဖြစ်တယ်၊ ဒီလို အသုဘအနေနဲ့သာ အမှတ်အသား ပြုရမယ်၊ ယူရမယ်။

ပြီးတော့-ခက်ထန်ခိုင်မာ မြေဓာတ်မျှသာဖြစ်တဲ့ ပထဝီဓာတ်, အရည်သွက်သွက် စက်စက်ယိုစွာ ရေမျှသာဖြစ်တဲ့ အာပေါဓာတ်, ပူရှိန်ချမ်းမြေ့ အငွေ့မျှသာဖြစ်တဲ့ တေဇောဓာတ်, လှုပ်ရှားတောင့်တင်းစွာ လေမျှသာဖြစ်တဲ့ ဝါယောဓာတ်။ (ဘူတရုပ်-၄၊)

အဲဒီ "မြေ, ရေ, မီး, လေ"ဆိုတဲ့ ဓာတ်ကြီးလေးပါး တို့ရဲ့အဆင်းမျှသာဖြစ်တဲ့ ဝဏ္ဏ၊ ဓာတ်ကြီးလေးပါး တို့ရဲ့ အနံ့မျှသာဖြစ်တဲ့ ဂန္ဓ၊ ဓာတ်ကြီးလေးပါး တို့ရဲ့ အရသာမျှသာဖြစ်တဲ့ ရသ၊ ဓာတ်ကြီးလေးပါး တို့ရဲ့ ပျံ့နှံ့ခြင်းမျှသာ (အဆီအနှစ် အစေးမျှသာ) ဖြစ်တဲ့ ဩဇာ။ (ဥပါဒါရုပ်-၄၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး။)

ဒီဘူတရုပ်, ဥပါဒါရုပ်တွေသာ ရှိနေတယ်၊ ဒီဘူတရုပ်, ဥပါဒါရုပ်မှတစ်ပါး မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ, လက်, ခြေ, မျက်နှာတွေဆိုတာ မရှိ၊ အမည်သညာပညတ် ဝေါဟာရမျှသာ ဖြစ်တယ်၊ အသီးအခြား တင်စားခေါ်ရုံမျှသာ ဖြစ်တယ်။

ဒီလို ဘူတရုပ် ဥပါဒါရုပ်တွေကို သိမ်းဆည်းပိုင်းခြား မှတ်သားပြီး မိန်းမ ယောကျ်ား စတဲ့ ပညတ်နိမိတ်, လက် ခြေ မျက်နှာ ပြိုးဟန် ရယ်ဟန်စတဲ့ အသေးစိတ် အမှတ်အသားတွေကို ပယ်ခွာယူရမယ်။

အဲဒီလို အဆင်းကို မြင်တဲ့အခါ အညာဏုပေက္ခာအဆင်းမှာ မောဟ မဖြစ်ရအောင် သတိဆောင်ပြီး အသုဘအနေနဲ့ပဲဖြစ်ဖြစ်, ဓာတ်အနေနဲ့ပဲဖြစ်ဖြစ် ဆင်ခြင်ရမယ်၊ တင့်တယ်လှပတဲ့ အဆင်းမှာ တပ်မက်မှု မဖြစ်အောင် သတိဆောင်ပြီး အသုဘအနေနဲ့ ဆင်ခြင်ရမယ်၊ မတင့်တယ် မလှပတဲ့ အဆင်းမှာ ဒေါသမဖြစ်ရအောင် သတိဆောင်ပြီး ဓာတ်အနေနဲ့ ဆင်ခြင်ရမယ်၊ ဒီလိုဆင်ခြင်တာကိုပဲ "မြင်ရင် မြင်ရုံ စိတ်ကို ထားတယ်"လို့ ဆိုရပါတယ်။

နား နဲ့ အသံကို ကြားရတဲ့ အခါမှာ မိန်းမသံ, ယောကျ်ားသံ, စည်သံ, စောင်းသံစတဲ့ တစုတရုံးတည်း အနေနဲ့ပဲဖြစ်ဖြစ်, သံသာ, သံညှင်း, သံပြင်း,သံပြတ်စတဲ့အသေးစိတ် အနေနဲ့ပဲဖြစ်ဖြစ် မောဟ၏အာရုံဖြစ်တဲ့ ဥပေက္ခာနိမိတ်ကိုလဲ မယူ၊ ရာဂဖြစ်စရာ သာယာတဲ့အသံစတဲ့ သုဘနိမိတ်ကိုလဲ မယူ၊ ဒေါသဖြစ်စရာ ကျယ်လောင်ဆိုးဝါး မကောင်းတဲ့အသံ, ကြမ်းတမ်းတဲ့အသံစတဲ့ ပဋိဃနိမိတ်ကိုလဲ မယူ၊ "စက်ဆုပ်ရွံရှာဖွယ်အတိဖြစ်တဲ့ အသုဘကာရ, ဓာတ်လေးပါး တို့ရဲ့ စက်ဆုပ်ရွံရှာဖွယ်ဖြစ်တဲ့ အသံ"လို့သာ ယူရမယ်။

နာခေါင်းတွင်းကို အနံ့ရောက်လာတဲ့ အခါမှာလဲ "တစ်လုံးတစ်ခဲတည်း ယောကျ်ားနံ့ မိန်းမနံ့"လို့ပဲဖြစ်ဖြစ် "အသေးစိတ် ရေမွှေး, နံ့သာ, ပေါင်ဒါနံ့, ချွေးနံ့, သေးနံ့"လို့ပဲ ဖြစ်ဖြစ်, မောဟဖြစ်စရာဥပေက္ခာနိမိတ်ကိုလဲ မယူ၊ ရာဂဖြစ်စရာ မွှေးတယ်, သင်းပျံ့တယ် စတဲ့ သုဘနိမိတ်ကိုလဲ မယူ၊ ဒေါသဖြစ်စရာ ပုပ်တယ်, နံစော်တယ်စတဲ့ပဋိဃနိမိတ်ကိုလဲ မယူ၊ "စက်ဆုပ်ဖွယ်အတိုင်းဖြစ်တဲ့ အသုဘာကာရ ဓာတ်လေးပါး တို့ရဲ့ စက်ဆုပ်ရွံရှာဖွယ်ရာ အနံ့မျှသာ ဖြစ်တယ်"လို့ ယူရပါတယ်။

လျှာပေါ်ကို အရသာ ရောက်လာတဲ့ အခါမှာလဲပဲ "မိန်းမအရသာ (မိန်းမက ချက်, ပြုတ်, ဖုတ်, ကင်, ကြော်, လှော်ထားတဲ့ အစားအစာရဲ့ အရသာ), ယောကျ်ားအရသာ" လို့လဲ တလုံးတခဲတည်း မယူ၊ ချို, ချဉ်, စပ်, ငန်စတဲ့ အသေးစိတ်အနေနဲ့လဲ မယူ၊ "ကောင်းတယ်"လို့လဲ မယူ၊ "ဆိုးတယ်"လို့လဲ မယူ၊ "စက်ဆုပ်ဖွယ်အတိုင်းဖြစ်တဲ့ အသုဘာကာရ ဓာတ်ကြီးလေးပါး တို့ရဲ့ စက်ဆုပ်ဖွယ်အရသာ"လို့သာ ယူရပါတယ်။

ကိုယ်ကိုတွေ့ထိလာတဲ့ အခါမှာလဲ "မိန်းမအတွေ့,ယောကျ်ားအတွေ့"လို့ တစုတရုံးတည်း အနေနဲ့ပဲဖြစ်ဖြစ် "နူးနူးညံ့ညံ့ ခဲ့ခဲ့မာမာ မြမြအေးအေး နွေးနွေးရှိန်းရှိန်း" လို့ အသေးစိတ်အနေနဲ့ပဲဖြစ်ဖြစ် မမှတ်ယူ၊ "ကောင်းတဲ့အတွေ့အထိ"လို့လဲ မမှတ်ယူ၊ "ကြမ်းတမ်းတဲ့အတွေ့အထိ"လို့လဲ မမှတ်ယူ၊ "စက်ဆုပ်ဖွယ်အတိုင်းဖြစ်တဲ့ အသုဘာကာရ ဓာတ်လေးပါး တို့ရဲ့ စက်ဆုပ်ဖွယ်ရာဖြစ်တဲ့ အတွေ့မျှသာ ဖြစ်တယ်"လို့သာ မှတ်ယူရပါတယ်။

စိတ်နဲ့သဘောတွေကို ကြုံတွေ့နေတဲ့အခါ(သိနေတဲ့အခါ)မှာ "မိန်းမသဘော ယောကျ်ားသဘော"လို့ အလုံးအခဲအနေနဲ့ပဲဖြစ်ဖြစ်၊ သိမ်မွေ့တယ်, ရှုန့်ရင်းတယ်, ယုတ်တယ်, မြတ်တယ်စတဲ့ အသေးစိတ် အနေနဲ့ပဲဖြစ်ဖြစ် မမှတ်ယူ၊ "တယ်ကောင်းတဲ့ သဘောပဲ"လို့လဲ မမှတ်ယူ၊ ဟန်မရတဲ့ သဘောပဲ"လို့လဲ မမှတ်ယူ၊ စက်ဆုပ်ရွံရှာဖွယ် အတိုင်းဖြစ်တဲ့ အသုဘာကာရ ဓာတ်လေးပါး တို့ရဲ့ စက်ဆုပ်ဖွယ်ရာ သဘောမျှသာ ဖြစ်တယ်"လို့သာ မှတ်ယူရပါတယ်။

ဒီလို အာရုံခြောက်ပါးမှာ တံခါးခြောက်ပေါက်က နေပြီးတော့ အကုသိုလ်တရားဆိုးတွေ မဝင်ရအောင် (မဖြစ်ရအောင်) သတိထား ဆင်ခြင်ကာ မြင်ရင် မြင်ရုံစတဲ့အနေနဲ့ စိတ်ကို ထိန်းချုပ်ထားရတာကိုပဲ "ဣန္ဒြိယသု ဂုတ္တဒ္ဝါရတာ"လို့ ဆိုရပါတယ်။

သတိချွတ်ယွင်း နှလုံးသွင်း ပျက်ခဲ့ပါလျှင် "နောင် ဒီလို မလုပ်တော့ပါ"ဟု စိတ်ကို ပြန်လည်ဆောက်တည်မှုဖြင့် စင်ကြယ်ရတဲ့အတွက် "ဣန္ဒြိယပါရိသုဒ္ဓိ"လို့လဲ ခေါ်ပါသေးတယ်။ (သမဏဘဒြ ၅၀-၌လည်း အကျဉ်း ပြခဲ့ပါပြီ၊ တိုက်ဆိုင်ကြည့်ပါ။)

[ဤဂါထာမှာ သီလသုံးပါးသာ လာစေကာမူ လက္ခဏာတူရာ ပစ္စယသန္နိဿိတ-သီလကိုပါ ယူသင့်ပါသည်၊ "ယင်း သီလလေးပါးကို ပြည့်စုံစေခြင်း

ကသာ သမဏပတိရူပ ဖြစ်သည်”ဟု ဆိုလိုပါသည်၊ “ပစ္စယသန္နိဿိတသီလ” သဘောကို သမဏဘဒြ ၅၂-၌ ပြထားခဲ့ပါပြီ။]

၅။ စာရိတ္တံ အထ ဝါရိတ္တံ , ဣရိယာပထိယံ ပသာဒနိယံ၊
အဓိစိတ္တေ စ အာယောဂေါ , ဧတံ သမဏာသ ပတိရူပံ။

ခွင့်ပြုထားတာ-လိုက်နာပြုလို့ , မြစ်တားသည်မှု-ကြဉ်ရှောင်ဖယ်၊
ကြည်ညိုဖွယ်ရာ-ရိယာပုထ်ကို , ဆင်ခြင်ထိန်းချုပ်-ပြုလုပ်ဖွယ်၊
ဘာဝနာတွင်-စိတ်ဝင်စားလို့ , နေ့ရက်မခြား-အားထုတ်လွယ်၊
ဒီဟာတွေဟာ-ကောင်းစွာကျင့်တဲ့ , ရှင်ရဟန်းနှင့်-သင့်လျော်တယ်။

ဒီသာသနာတော်မှာ ဘုရားရှင်က “ပြုလုပ်ရမယ်”လို့ ပညတ်ထားတဲ့ စာရိတ္တသီလလဲ ရှိပါတယ်၊ “ဒါတွေ ဒါတွေကိုတော့ မလုပ်ရ”လို့ ပညတ်ထားတဲ့(တားမြစ်ထားတဲ့) ဝါရိတ္တသီလလဲရှိပါတယ်၊ အဲဒီ သီလနှစ်မျိုးအနက် စာရိတ္တသီလကို သဒ္ဓါဝိရိယနဲ့ ပြီးစေရပါတယ်၊ သဒ္ဓါရှိသူ, ဝီရိယရှိသူကသာ ဖြည့်ကျင့်နိုင်ပါတယ်၊ ဝါရိတ္တသီလကိုတော့ သဒ္ဓါသတိနဲ့ ပြီးစေရပါတယ်၊ သဒ္ဓါရှိသူ, သတိရှိသူကသာ ပြည့်စေနိုင်ပါတယ်၊ သူတစ်ပါးတို့ရဲ့ ကြည်ညိုဖွယ်ရာကိုဆောင်တဲ့ ရဟန်းရဲ့ အသွင်အပြင်မျိုးနှင့် ပြည့်စုံအောင် ဉာဏ်နဲ့ ဆင်ခြင်ပြီး ဣရိယာပုထ်တွေကို ထိန်းချုပ်နေရပါတယ်၊ သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးကိုလဲ အမြဲတန်း ကြိုးစားအားထုတ်နေရပါတယ်၊ ဒီ“စာရိတ္တသီလ, ဝါရိတ္တသီလ, ဣရိယာပထသမ္ပဇဉ်, ဘာဝနာဉာဏ်နှင့်ယှဉ်ခြင်း”ဆိုတဲ့ တရားတွေဟာ ရှင်ရဟန်းနှင့် သင့်လျော်လျောက်ပတ်တဲ့ အကျင့်သဘောတွေ ဖြစ်ပါတယ်။

၆။ အာရညကာနိ သေနာ-သနာနိ ပန္တာနိ အပ္ပသဒ္ဒါနိ၊
ဘဇိတဗ္ဗာနိ မုနိနာ , ဧတံ သမဏာသ ပတိရူပံ။

အနည်းဆုံးမှာ-တစ်ဂါဝုတ်နှင့် , များနှစ်ဂါဝုတ်-ကွာရမယ်၊
ကားသံ လူသံ-ဆူညံဝေးလို့ , ဆိတ်ငြိမ်အေးဆေး-ရှိရမယ်၊
ရဟန်းဆိုတာ-ယင်း တောကျောင်းမှာ , မှီခိုကိန်းအောင်း-နေသင့်တယ်၊
ဤအရညကင်-ဓုတင်ကျင့်ဟာ , ရှင်ရဟန်းနှင့်-သင့်လျော်တယ်။

ဒီ သာသနာတော်မှာ “ရဟန်း”ဆိုတာဟာ တောကျောင်းမှာ နေသင့်ပါတယ်၊ အဲဒီ တောကျောင်းဆိုတာဟာလဲပဲ ရွာဥပစာနှင့် အနည်းဆုံး တစ်ကောသ(တစ်မိုင်နှစ်ဖာလုံခန့်) ဝေးရပါတယ်၊ နှစ်ကောသထက်လဲ ပိုပြီး မဝေးရပါဘူး၊ ပြီးတော့ လူသံယာဉ်ရထားသံ ကင်းရှင်းတဲ့ နေရာမျိုး, ဆိတ်ငြိမ်အေးဆေးတဲ့ နေရာမျိုးလဲဖြစ်ရပါ့မယ်၊ အဲဒီ အရညကင် ဓုတင်တောရပ် ကိန်းဝပ်နေထိုင်ခြင်းဟာ ရှင်ရဟန်းအား လျောက်ပတ်တဲ့ အကျင့်သဘော ဖြစ်ပါတယ်။

ရွာနီးကျောင်းမှာ တစ်နေ့လုံး ဈာန်ဝင်စားနေတဲ့ ရဟန်းမျိုးကိုထက် တောမှာ အိပ်နေတဲ့ ရဟန်းမျိုးကို ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့- ရွာနီးကျောင်းမှာ တစ်နေ့လုံး ဈာန်ဝင်စားနေပေမယ့် ဈာန်ကထလာတဲ့အခါ မိန်းမသံ, ယောကျ်ားသံ, ကလေးသူငယ်တွေရဲ့အသံကို ကြားရတတ်ပါတယ်၊ ဒါနဲ့ ရပြီးဖြစ်တဲ့ ဈာန်သမာဓိဟာ ဆုတ်ယုတ်ရပါတယ်။

တောမှာ အိပ်ရာကနိုးလာတယ်ဆိုရင်ပဲ ခြသေ့သံ, ကျားသံ, ဒေါင်းသံတို့ကို ကြားရပါတယ်၊ ဒါနဲ့ တောမှာမွေ့လျော်တဲ့ ပီတိကို ရပါတယ်၊ အဲဒီပီတိကို ဝိပဿနာရှုမှတ်ပွားများပြီး အရဟတ္တဖိုလ်ကို ရောက်နိုင်ပါတယ်။ အံ-၄-၃၊ ၁၅၉။

ဒါပေမဲ့ အိပ်ရာကထပြီး သမဏဓမ္မကို ဖြစ်စေတတ်တဲ့ ရဟန်းမျိုးကိုသာ ချီးမွမ်းတော်မူတာပါ၊ မိုက်လို့နေခြင်း, ချီးမွမ်းခံရလို့နေခြင်းမျိုးတွေနဲ့ တောမှာ နေရုံမျှနေတဲ့ ရဟန်းမျိုးကိုတော့ ချီးမွမ်းတော်မမူပါဘူး။

၇။ သီလဥ္စ ဗာဟုသစ္စဥ္စ , ဓမ္မာနံ ပဝိစယော ယထာဘူတံ၊
သစ္စာနံ အဘိသမယော , ဧတံ သမဏသ ပတိရူပံ။

သုဒ္ဓိလေးဖြာ-သီလမြတ်တို့ , တစ်ပါးမချွတ်-ဖြူစင်ကြယ်၊
အကြားအမြင်-များအောင်စုလို့ , ရုပ်နာမ်နှစ်ခု-ဆင်ခြင်ဖွယ်၊
သစ္စာလေးတန်-မြတ်တရားကို , ဟုတ်မှန်ပိုင်းခြား-သိရမယ်၊
ဒီဟာတွေဟာ-ကောင်းစွာကျင့်တဲ့ , ရှင်ရဟန်းနှင့်-သင့်လျော်တယ်။

"စတုပါရိသုဒ္ဓိသီလ, အကြားအမြင်များမှု(စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်မှု), ရုပ်တရားနာမ်တရားတွေကို ဟုတ်ရာမှန်တိုင်း စိစစ်ဆင်ခြင်မှု(အဓိပညာဓမ္မဝိပဿနာ), သစ္စာလေးပါးတရားတို့ကို အမှန်အတိုင်း ပိုင်းခြားသိမြင်မှု(သစ္စာဘိသမယ)" ဒီတရားတွေဟာ ရှင်ရဟန်းအား သင့်လျော်လျောက်ပတ်တဲ့ အကျင့်သဘောတွေဖြစ်တယ်။

စတုပါရိသုဒ္ဓိသီလ အာစာရဂေါစရယုတ္တောစတဲ့ ၄-နံပါတ်ဂါထာနဲ့ စတုပါရိသုဒ္ဓိသီလကို တစ်ပါးစီ ခွဲခြားပြထားပြီး ဖြစ်ပါတယ်၊ ဒီမှာတော့ တစ်ပေါင်းတည်း ပြထားပြန်တယ်၊ ဒီလို တစ်ပေါင်းတည်းပြရတာက "တစ်ပါးစီစင်ကြယ်ရုံ လောက်နဲ့ သမဏပတိရူပ မဖြစ်ဘူး၊ လေးပါးလုံး အညီအညွတ်စင်ကြယ်မှသာ သမဏ ပတိရူပဖြစ်တယ်"လို့ သိစေလိုတဲ့ အတွက်ကြောင့်ပါဘဲ။

အကြားအမြင် များမှု ဗဟုသုတရှိမှု(ပရိယတ်ကျွမ်းကျင်မှုကတော့ ဘာဝနာပွားများအားထုတ်တဲ့နေရာမှာ အများကြီး ကျေးဇူးပြုနိုင်ပါတယ်၊ မဂ်ဉာဏ်ရဲ့အကြောင်းအင်္ဂါမှာ လိမ်မာကျွမ်းကျင်မှု, အတိုင်းထက်အလွန် ငြိမ်အေးမှု, သမထဝိပဿနာနှင့်ယှဉ်မှုဆိုတဲ့ ကိစ္စတွေမှာ အမှန်အကန် စိစစ်ဆင်ခြင် သိမြင်မှုများတဲ့

ပုဂ္ဂိုလ်မှာသာ သမထဝိပဿနာ အားထုတ်မှု ပြည့်စုံနိုင်ပါတယ်၊ ဒါ့ကြောင့် ဗဟုသုတ ရှိမှုကသာ သမဏပတိရူပ ဖြစ်ရပါတယ်။

ပရိယတ်မကျွမ်းကျင်တဲ့ ရဟန္တာထဲမှာ ကမ္မဋ္ဌာန်းနည်းခံတာထက် ပရိယတ် ကျွမ်းကျင်တဲ့ ပုထုဇဉ်ရဟန်းဆီမှာ ကမ္မဋ္ဌာန်းနည်းခံတာကို အဋ္ဌကထာဆရာကလဲ ချီးကျူး ဂုဏ်တင်ထားပါတယ်။ ဝိသုဒ္ဓိ-၄-၁၊ ၉၅။

ဒါ့ကြောင့်မို့-သူလဲရဟန်း, ငါလဲရဟန်းဆိုပြီး အိပ်ကာစားကာ မနေကြရပါဘူး၊ ရဟန်းကျင့်နည်း နိဿယည်းကို ထုံးနည်းခံပြီး စာပေကျမ်းဂန် ကြံကြံကြည့်ကြည့် ပညာ ပြည့်အောင် ဖြည့်နေကြရပါတယ်။

အဓိပညာဓမ္မဝိပဿနာ

"ပထဝီဓာတ်ရဲ့ ခက်မာခြင်းလက္ခဏာ, အာပေါဓာတ်ရဲ့ ယိုစီးခြင်းလက္ခဏာ, တေဇောဓာတ်ရဲ့ အငွေ့သဘောဆိုတဲ့ လက္ခဏာ, ဝါယောဓာတ်ရဲ့ တောင့်မာစေခြင်းလက္ခဏာ" အစရှိတဲ့ဟာတွေကတော့ ရုပ်တွေရဲ့ အသီးအသီး ကိုယ်ပိုင်လက္ခဏာတွေပဲ ဖြစ်ပါတယ်။

"ဝေဒနာရဲ့ အာရုံကိုခံစားခြင်းလက္ခဏာ, သညာရဲ့ အာရုံကို မှတ်သားခြင်းလက္ခဏာ, ဖဿရဲ့ အာရုံကိုတွေ့ထိခြင်းလက္ခဏာ, စေတနာရဲ့ စေ့ဆော်ခြင်းလက္ခဏာ, စိတ်ရဲ့ အာရုံကိုသိခြင်းလက္ခဏာ" စသည်ကတော့ နာမ်တွေရဲ့ အသီးအသီး ကိုယ်ပိုင်လက္ခဏာတွေ ဖြစ်ပါတယ်။

ဒီလို အသီးအသီး ကိုယ်ပိုင်လက္ခဏာ ရှိနေကြတဲ့ ရုပ်နာမ်နှစ်ပါးတို့ရဲ့ ဖြစ်ပျက်မစဲ မမြဲတဲ့အနိစ္စလက္ခဏာ, ဖြစ်ပျက်နှစ်ဝ နှိပ်စက်ခံနေရတဲ့ ဒုက္ခလက္ခဏာ, ကိုယ်လိုသလိုမဖြစ် သူဖြစ်ချင်သလိုဖြစ်နေတဲ့ အနတ္တလက္ခဏာ၊ ဒီသုံးပါးကတော့ အများဆိုင်လက္ခဏာ (သာမညလက္ခဏာ)တွေ ဖြစ်ပါတယ်။

ဒီလက္ခဏာတွေနဲ့ ဒါက ဒီလိုလက္ခဏာရှိတဲ့ ရုပ်ပဲ၊ ဒါကတော့ ဒီလိုလက္ခဏာရှိတဲ့ နာမ်ပဲ၊ ဒီလို အာရုံဖြစ်တဲ့ ရုပ်တရားတွေရဲ့ ဖြစ်ပျက်ပုံ၊ အာရုံပြုတတ်တဲ့ စိတ်ရဲ့ ဖြစ်ပျက်ပုံ တွေကို ရှုဆင်ခြင်ပြီး ဒီရုပ်တရား နာမ်တရားတွေဟာ ပျက်ပြီးရင်း ပျက်နေတာပဲ၊ သတ္တဝါဆိုတာ ဘာတစ်ခုမျှ မရှိပါလား၊ ဒီလို သတ္တဝါသဘောက ကင်းဆိတ်တဲ့ အနေနဲ့ ထင်မြင်တာ စိစစ်ဆင်ခြင်တာကိုပဲ "အဓိပညာဓမ္မဝိပဿနာ"လို့ ဆိုရပါတယ်။

သစ္စာဘိသမယ

ပြီးတော့ ဒုက္ခသစ္စာကို ဒါက ဒုက္ခပဲ၊ ဒါလဲ ဒုက္ခပဲ၊ ဒီလို ပိုင်းခြားသိမြင်တတ်တဲ့ ဉာဏ်နဲ့ ထိုးထွင်းသိမှု ပရိညာဘိသမယ၊ ဒုက္ခရဲ့ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာကို ထိုးထွင်းသိမြင်မှု ပဟာနာဘိသမယ၊ ဒုက္ခချုပ်ခြင်းနိရောဓသစ္စာကို မျက်မှောက်ပြုတဲ့ဉာဏ်နဲ့ ထိုးထွင်းသိမြင်မှု သစ္ဆိကြိယာဘိသမယ၊ မဂ္ဂသစ္စာကို ပွားများတတ်တဲ့ဉာဏ်နဲ့ ထိုးထွင်းသိမြင်မှု ဘာဝနာဘိသမယ၊ ဒီလေးပါးကိုတော့ "သစ္စာဘိသမယ"လို့ ဆိုရပါတယ်။

၈။ ဘာဝေယျ အနိစ္စန္တိ , အနတ္တသည် အသုဘသည်ဥ၊
လောကမှိ စ အနဘိရတိ , ဧတံ သမဏသ ပတိရူပံ။

သင်္ခါရဝယ်-အနိစ္စလို့ , လုံးစုံဓမ္မ အနတ္တာ၊
ရုပ်ကိုယ်ခန္ဓာ-သင်္ခါရမူ , ကိလေယိုချ-အသုဘာ၊
လောကဆိုတာ-ဘေးပါလားလို့ , ဆင်ခြင်ပွားများ-နေရတာ၊
လေးပါးဘာဝနာ-ဤတရားလဲ , ရှင်ရဟန်းအား-လျောက်ပတ်ပါ။

ဒီသာသနာတော်ဝယ် အနိစ္စသညာ ဝိပဿနာဉာဏ်ကိုလဲ ပွားများရပါတယ်၊ အနတ္တသညာ ဝိပဿနာဉာဏ်ကိုလဲ ပွားများရပါတယ်၊ အသုဘသညာ ဒုက္ခဝိပဿနာဉာဏ်ကိုလဲ ပွားများရပါတယ်၊လောကမှာ မွေ့လျော်ဖွယ်ရာ မရှိ, ဘေးအတိ ဖြစ်တယ်လို့ အနဘိရတိသညာ အာဒီနဝါနုပဿနာ နိဗ္ဗိဒါနုပဿနာတွေကိုလဲ ပွားများရပါတယ်၊ ဒီအနိစ္စ, အနတ္တ, အသုဘ, အနဘိရတိသညာတွေကို ဖြစ်ပွားစေတာဟာ ရဟန်းတွေအတွက် သင့်လျော်လျောက်ပတ်တဲ့ အကျင့်ပဲ ဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်လို့ သစ္စာဘိမယဖြစ်ပုံကို ပြောပြပါဦးမယ်။-

အနိစ္စသညာ

"အနိစ္စ"ဆိုတာဟာ ဘုံသုံးပါးမှာဖြစ်နေတဲ့ တရားတွေပါပဲ၊ အဲဒီ ဘုံသုံးပါးမှာ ဖြစ်နေသမျှ သင်္ခါရတရားတွေကို ကလာပသမ္မသန-စတဲ့နည်းတွေနဲ့ "အနိစ္စ"လို့ ရှုမှတ်နေတာကိုပဲ "အနိစ္စသညာ, အနိစ္စာနုပဿနာ"လို့ ခေါ်ပါတယ်။

အနတ္တသညာ

"အနတ္တ"ဆိုတာကတော့ တရားသဘောတွေ အကုန်လုံးပဲ ဖြစ်ပါတယ်၊ အဲဒီ သဘောတရားတွေကို "အတ္တမဟုတ်"လို့ ရှုမှတ်နေတာကိုပဲ "အနတ္တသညာ, အနတ္တာနုပဿနာ"လို့ ခေါ်ပါတယ်၊ တရားသဘော အကုန်လုံးကို "အနတ္တ"လို့ ခေါ်နိုင်ပေမယ့် ရှုမှတ်တဲ့အခါမှာတော့ လောကီတရားမျှကိုသာ ရှုမှတ်ရပါတယ်။

အသုဘသညာ

မိန်းမ ယောက်ျားတွေရဲ့ ရုပ်အစုဖြစ်တဲ့ ကိုယ်ခန္ဓာကိုလဲ "အသုဘ"လို့ ခေါ်ပါတယ်၊ ဘုံသုံးပါးမှာ ဖြစ်နေသမျှ သင်္ခါရတရားတွေကိုလဲ "အသုဘ"လို့ ခေါ်နိုင်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ တရားတွေက ကိလေသာအညစ်အကြေးတွေကို စီးယိုဖြစ်ပွားစေတတ်တဲ့ အတွက်ကြောင့် ပါပဲ။

ဒါ့ကြောင့်မို့ "မိန်းမ ယောက်ျားတွေရဲ့ ရုပ်ဝတ္ထုဖြစ်တဲ့ ကိုယ်ခန္ဓာနှင့် ဘုံသုံးပါးမှာ ဖြစ်နေသမျှ သင်္ခါရတရားတွေကို အသုဘ"လို့ ရှုမှတ်နေတာကိုပဲ "အသုဘသညာ"လို့ ဆိုရပါတယ်၊ ဒီအသုဘသညာဟာ ဒုက္ခသညာရဲ့ အခြံအရံပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီအသုဘသညာကိုပဲ "ဒုက္ခသညာ, ဒုက္ခာနုပဿနာ"လို့လဲ ယူသင့်ပါတယ်။

အနဘိရတိသညာ

"လောက"ဆိုတာကတော့ ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှ သခ်ၤါရတရားတွေပါပဲ၊ ဒီသခ်ၤါရတရားတွေဟာ "မွေ့လျော်ဖွယ် မရှိ၊ ဘေးအတိသာ ဖြစ်တယ်"လို့ ထင်မှတ်လာတဲ့ သညာကိုတော့ "အနဘိရတိသညာ" လို့ ခေါ်ရပါတယ်၊ ဒီအနဘိရတိသညာနဲ့ပဲ "အာဒီနဝါနုပဿနာနှင့် နိဗ္ဗိဒါနုပဿနာတွေကိုလဲ ပြောပြထားတယ်"လို့ မှတ်သင့်ပါတယ်။

၉။ ဘာဝေယျ စ ဗောဇ္ဈင်္ဂေ , ကုဒ္ဒိပါဒါနိ ကုန္ဒြိယာနိ ဗလာနိ၊
အဌင်္ဂိမဂ္ဂမရိယံ , ဧတံ သမဏသ ပတိရူပံ။

ဗောဇ္ဈင်ခုနစ်ဖြာ-လေးကုဒ္ဒိနှင့် , ငါးပါးကုန္ဒြိ-ဗိုလ်ငါးဖြာ၊
ရှစ်ပါးအင်္ဂါ-ရိယာမင်္ဂနှင့် ,သတိလေးချက်-သံလေးပါ၊
သုံးဆယ့်ခုနစ်ဖြာ-ဗောဓိပက်ကို , မှန်မှန်ပွားလျက်-နေရတာ၊
ဤအကျင့်မှာ-အေးအောင်ကျင့်တဲ့ , ရှင်ရဟန်းနှင့်-သင့်လျော်တာ။

ဒီသာသနာတော်ဝယ် ဗောဇ္ဈင်ခုနစ်ပါးကိုလဲ ပွားရပါတယ်၊ ကုဒ္ဒိပါဒ်လေးပါးကိုလဲ ပွားရပါတယ်၊ ကုန္ဒြေငါးပါးကိုလဲ ပွားရပါတယ်၊ ဗိုလ်ငါးပါးကိုလဲ ပွားရပါတယ်၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းတဲ့ မဂ္ဂင်ရှစ်ပါးကိုလဲ ပွားရပါတယ်၊ (သတိပဋ္ဌာန်လေးပါးကိုလဲ ပွားရပါတယ်၊သမ္မပ္ပဓာန်လေးပါးကိုလဲပွားရပါတယ်။) "ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးလုံးကို ဖြစ်လဲ ဖြစ်စေရပါမယ်၊ ပွားလဲ ပွားစေရပါမယ်"လို့ ဆိုလိုတာပါပဲ၊ အဲဒီ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ဖြစ်စေတာ ပွားစေတာဟာ ရှင်ရဟန်းတို့အား သင့်လျော်လျောက်ပတ်တဲ့ အကျင့်သဘောတွေ ဖြစ်ပါတယ်။

ဗောဓိပက္ခိယ ပွားပုံ

အဲဒီလို ပွားတာဟာလဲပဲ ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာခဏမှာ ပွားတာလဲ သင့်ပါတယ်၊ လောကုတ္တရာမဂ်ခဏမှာ ပွားတာလဲ သင့်ပါတယ်၊ ဝိပဿနာခဏမှာ ပွားလို့ရှိရင် သခ်ၤါရကို အာရုံပြုမယ်၊ မဂ်ခဏမှာပွားလို့ရှိရင် နိဗ္ဗာန်ကို အာရုံပြုမယ်၊ ဒီမျှလောက်သာ ထူးပါလိမ့်မယ်။

သခ်ၤါရတရားတွေရဲ့ "အနိစ္စ, ဒုက္ခ, အနတ္တ"ဆိုတဲ့ လက္ခဏာ၊ ဖြစ်ပျက်နှစ်ခုဥဒယဗ္ဗယသဘော၊ အပျက်သက်သက် ညက်ညက်ကြေမွ ပျက်ပျက်ကျသလိုနေတဲ့ ဘင်္ဂအခြင်းအရာ၊ ပျက်ခြင်းမဆိတ် နှိပ်စက်မစဲ စစ်ပွဲဥဒယ် ကြောက်မက်ဖွယ်သို့ကိုးကွယ်မရ သခ်ၤါရတွေရဲ့ ဘယအခြင်းအရာ၊ "အပြစ်အတိ တောဘုမိတွေရဲ့ မရှိမှိရာအပြစ်သာ"ဆိုတဲ့ အာဒီနဝအခြင်းအရာ၊ သခ်ၤါရတောဘုမိတို့ဝယ် မပျော်မမွေ့ငြီးငွေ့လွန်စွာနိဗ္ဗိဒါအခြင်းအရာတွေနှင့် သခ်ၤါရပေကွာ အနုလောမဉာဏ်တိုင်အောင် မပြတ်ထင်ထင်ဆင်ခြင်အောက်မေ့နိုင်အောင် ဖြစ်စေတာဟာ "ဝိပဿနာခဏမှာ သတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်၊ အဲဒီ ဆိုခဲ့ပြီးတဲ့လက္ခဏာ အခြင်းအရာတွေကို

ကောင်းကောင်းစီစစ် ဆင်ခြင်ပိုင်းခြားနိုင်အောင် ဖြစ်စေတာကတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်။

"မဆုတ်မနစ် အသစ်တိုးပွားအောင် ဖြစ်စေနိုင်တာကတော့ ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်။

"နှစ်သက်ရွင်မြို့.စွာ ဖြစ်စေနိုင်တာကတော့ ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်။

ဥဒ္ဒစ္စ, ကုက္ကုစ္စ-ပူပန်မှုတွေ ကင်းပြီးတော့ စိတ်စေတသိက်တွေ ငြိမ်းချမ်းသာယာအောင် ဖြစ်စေတာကတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်။

"အလိုရှိအပ်တဲ့ ဈာန်ရဲ့, အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံတွေမှာ လျစ်လျူမြူတအောင် စိတ်ကို ဖြစ်စေတာကတော့ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတယ်"လို့ ဆိုရပါတယ်၊

ဒါဟာ လောကီ ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာခဏမှာ ဗောဇ္ဈင်ပွားများပုံ ဖြစ်ပါတယ်၊ ဈာန်ဝိပါဒ် ပွားများပုံ စသည်တို့ကိုလဲပဲ နည်းယူဆင်ခြင် မှတ်သားသင့်ပါတယ်။

မဂ်ခဏမှာတော့ နိဗ္ဗာန်တစ်ခုကိုသာ အာရုံပြုတဲ့အတွက် တစ်ချက်တည်း ဖြစ်နိုင်ကြပါတယ်။ ဒါပေမဲ့ သောတာပတ္တိမဂ်ခဏမှာ နိဗ္ဗာန်ကို အာရုံပြုပြီး မဖြစ်ဖူးသေးတဲ့ ဗောဓိပက္ခိယတရားတွေကို ဖြစ်စေရတဲ့အတွက် "ဖြစ်စေတယ်"လို့ ဆိုရပါတယ်၊ အထက်မဂ်ခဏတွေမှာတော့ ပထမမဂ်က ဖြစ်ဖူးပြီးတဲ့ ဗောဓိပက္ခိယတရားတွေကို ပွားများစေရုံမျှ ဖြစ်တဲ့အတွက် "ပွားစေတယ်"လို့ ဆိုရပါတယ်။

၁၀။ တဏှံ ပဇဟေယျ မုနီ , သမ္မူလကေ အာသဝေ ပဒါလေယျ၊
ဝိဟရေယျ ဝိပွမုတ္တော , ဧတံ သမဏသ ပတိရူပံ။

ရဟန်းဆိုတာ-ကိလေရှုပ်ကို , မဂ်ဖြင့်ထွင်ခုတ်-ပယ်ရမယ်၊
လေးအာသဝါ-မြစ်ပါကင်းအောင် , ဖြတ်တောက်ဖြိုခွင်း-ရှင်းလို့ရယ်၊
ဥပဓိကွာ-နိဗ္ဗာန်မြို့.ကို , မျက်မှောက်ပြုလို့-နေသင့်တယ်၊
ထိပ်ဖျားရောက်ပြီ-ဤအကျင့်လဲ , ရှင်ရဟန်းနှင့်-သင့်လျော်တယ်။

ဒီသာသနာတော်မှာ ရဟန်းဆိုတာဟာ တဏှာကို ပယ်ရှင်းရပါတယ်၊ အမြစ်အရင်းတွေပါ မကျန်ရအောင် အာသဝတွေကို ဖြိုခွဲဖျက်ဆီးပစ်ရပါတယ်၊ ဥပဓိကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ နေရပါတယ်၊ ဒီလို(ပဟာနာဘိသမယ, သစ္ဆိကြိုယာဘိသမယ နှစ်ပါးနဲ့) အထွတ်အထိပ်သို့ ရောက်နေတာဟာ မကောင်းမှုကို ငြိမ်းအေးစေတတ်တဲ့ ရဟန်းအားသင့်လျော်လျောက်ပတ်လှပါပေတယ်။

ဤသို့ ဂေါတမထေရ်က ရဟန်းတို့နှင့် သင့်လျော်လျောက်ပတ်သောအကျင့်ကို အဓိကထားကာ ပြောကြားရုံမျှဖြင့်ပင် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ နိယျာနိက ဖြစ်ကြောင်းနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ဆန့်ကျင်နေသည့်အတွက် သာသနာ့ပြင်ပ အယူဝါဒတွေ၏ အနိယျာနိက ဖြစ်ကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း ညွှန်ကြားပြသပြီးပင် ဖြစ်နေပါတော့သည်။

ဂေါတမထေရ်၏ ရှင်းလင်းညွှန်ကြား ယင်းစကားများကို ကြားနာရသည့်အခါ သင့်လျော်ရာက ထိုင်လျက် မေးမြန်းလျှောက်ထားကြသော ဗြာဟ္မဏမဟာသာလများမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ဝယ် ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာကြသည်၊ သို့ဖြင့် သူတို့သည် သရဏဂုံစသည်တို့ကို ဆောက်တည်သွားကြသည်။

ရဟန်းအား‌လျော်-အကျင့်များကို , ဝေဖန်စဉ်းစား-ပြုသင့်တယ်၊
ကိုယ့်သန္တာန်ဝယ်-ဘယ်မျှရှိလို့ , ဘယ်မျှမရှိ-ဆင်ခြင်ဖွယ်၊
မရှိသေးတာ-နောက်မဆုတ်ဘဲ , ရှိအောင်အား‌ထုတ်-ဖြည့်သင့်တယ်၊
သို့မှမိဠာန် နိဗ္ဗာန်နန်းကို , ဖြောင့်ဖြောင့်တန်းတန်း-လှမ်းနိုင်မယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ အပေါ်မှာ တည်နေသည်၊ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသည်၊ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ ကောင်းလျှင် ကောင်းသလောက် သာသနာတော်လည်း ကောင်းနိုင်သည်၊ ဖွံ့ဖြိုးတိုးတက်နိုင်သည်၊ သန့်ရှင်းတည်တံ့နိုင်သည်။

သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ ညံ့လာလျှင် ညံ့လာသလောက် သာသနာတော်လည်း ညံ့လာတတ်သည်၊ ဆုတ်ယုတ်ပျက်ပြား နိမ့်ကျသွားတတ်သည်၊ သန့်ရှင်းတည်တံ့မှုလည်း ရှိနိုင်မည် မဟုတ်တော့ပါ။

သို့ဖြစ်သည်အား‌လျော်စွာ သာသနာ့မျိုးဆက်များ ဖြစ်ကြသည့် ရှင်ငယ် ရဟန်းငယ်များ သာသနာ့ဝန်ဆောင်ကောင်း ဖြစ်လာအောင် နည်းယူကျင့်သုံးနိုင်ကြစေရန် အုပြင်အပဝန်ဆောင်များ ဖြစ်ကြသည့် ဒါယကာဒါယိကာမများကလည်း သာသနာ့ဝန်ဆောင်ကောင်းများ များများစားစား ပေါ်တွက်လာအောင် နည်းမှန်လမ်းမှန် ကူညီနိုင်ထောက်ပံ့နိုင်ကြစေရန် ရဟန်းဂုဏ်ထူး, သမဏဘဒ္ဒြ, သမဏသုခ, သမဏပတိရူပ-စသည်တို့ကို အထိုက်အလျောက် ပြဆိုထား‌ခဲ့ပါပြီ။

သို့သော် ယင်းသို့ ကျင့်ဆောင်သင့်သည်ကို သိနား‌လည်ရုံမျှဖြင့် ပြည့်စုံလုံလောက်မည် မထင်သေးပါ၊ ရှောင်ကြဉ်သင့်သည်ကိုပါ သိမြင်နား‌လည်ထားမှသာ ပြည့်စုံလုံလောက်လိမ့်မည် ထင်ပါသည်၊ သို့ဖြင့် ရှောင်သင့်သော အချက်အလက်များကိုလည်း ထိုက်သည်အား‌လျော်စွာ ပြဆိုပါဦးမည်။

ခိုးသူကြီး ငါးယောက်

၁။ ရဟန်းတို့ ! လောကမှာ ခိုးသူကြီးငါးယောက် ရှိသည်၊ (ငါးယောက်ဟူသည်ကား)

ရဟန်းတို့ ! ဤလောက၌ ခိုးသူကြီးတစ်ဦးသည် "ငါဟာ တပည့်လက်သား အရာအထောင်ခြံရံပြီး ရွာ,နိဂုံး,မင်းနေပြည်များမှာ ကိုယ်တိုင် သတ်ဖြတ်ညှဉ်းဆဲရင်း, တပည့်တွေကို သတ်ဖြတ်ညှဉ်းဆဲစေရင်း ဘယ်တော့များ လှည့်လည်နိုင်ပါ့မလဲ"ဟု ကြံစည်စဉ်းစားနေသည်၊ နောက်တစ်ချိန်တွင် သူကြံစည်ထားသည့်အတိုင်းပင် ဖြစ်လာပါတော့သည်။

ဤသူခိုးကြီးသည် မိမိ ကြံစည်ထားသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် နောက်လိုက်ငယ်သား တိုးပွားအောင်လုပ်သည်၊ လမ်းသွားလမ်းလာတွေကို လုယက်ဖျက်ဆီးမှု, ကျေးလက်တောရွာများကို လုယက်ဖျက်ဆီးမှု စသည်တို့ကိုလည်း ပြုလုပ်သည်၊ သို့ဖြင့် အင်အားတောင့်တင်းလာသည့်အခါ ရွာကိုလည်း ရွာမဟုတ်အောင် လုပ်သည်၊ ဧနပုဒ်ကိုလည်း ဧနပုဒ်မဟုတ်အောင် လုပ်သည်။

ဤစကားရပ်ဖြင့် သာသနာပြင်ပ ခိုးသူကို ဥပမာအနေဖြင့် ပြတော်မူသည်။

ရဟန်းတို့ ! ထို့အတူပင် ငါဘုရားသာသနာတော်၌ ယုတ်မာသော ရဟန်းတစ်ပါးက "ငါဟာ တပည့်ပရိသတ် အရာအထောင်ခြံရံပြီး ရွာ,နိဂုံး,မင်းနေပြည်တို့မှာ ဘယ်တော့မှ လှည့်လည်နိုင်ပါ့မလဲ၊ ဘယ်တော့မှ ရဟန်းရှင်လူတို့ရဲ့ မြတ်နိုးကော်ရော် ပူဇော်မှုကို ခံယူရပါ့မလဲ၊ ဘယ်တော့မှ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ရပါ့မလဲ"ဟု ကြံစည်စဉ်းစားနေသည်၊ နောက်တစ်ချိန်မှာ သူကြံစည်စဉ်းစားထားသည့်အတိုင်း ဖြစ်လာခဲ့သည်၊ ဤသည်ပင်လျှင် လောက၌ ရှိတတ်သည့် ပထမဆုံး ခိုးသူကြီးပေတည်း။

အခြားနေရာ၌ "ရဟန်းသိက္ခာ မြစ်ရင်းပြတ်ပြီးသည့် ပါရာဇိကကျပြီးသော ဒုဿီလ ရဟန်းကို ယုတ်မာသော ရဟန်း"ဟု ဟောတော်မူသည်၊ ဤ၌ကား "ပါရာဇိက မကျသေးဘဲ အလိုဆိုး၌တည်ကာ သေးငယ်သော သိက္ခာပုဒ်များကို လွန်ကျူးလျက် လှည့်လည်နေသော အလဇ္ဇီရဟန်းကိုသာ ယုတ်မာသောရဟန်း"ဟု ဟောတော်မူသည်။

၇၀။ "ခုခါကာလ, ယေဘုယျကား, ဘုရား့သား့စစ်, ရဟန်းဖြစ်လျက်,ကျင့်ညစ်တစ်ထွေ, ဣန္ဒြေကို စောင့်လေမရှိ, ဣတ္ထိပုရိသ, မိန်းမယောကျ်ား, အသားအရေ, လက်ခြေအင်္ဂါ, ခြင်းရာမှတ်လတ်, အဝတ်တန်ဆာ, စိမ်းဝါနီညို့, စသည်တို့၌, မြင်လို့မအပ်, မချပ်မျက်လွှာ,ကြည့်လေကာတိ, အသာအချို့, အဆိုရတု, ရွှင်မှသိချင်း, စောင်းငြင်းပတ်ဗုံ, လုံးစုံအသံ, နာခံကုန်ကြ, လျှာမှရသာ, စားသောက်ရာလည်း, ဤငှာမအပ်, စောင့်ကြပ်မဲ့ထွေး, မမေးမမြန်း, အစွန်းသုံးထွေ,

---

* ပါ-ပါ၊ ၁၁၄။ ဌ-၂၊ ၇၅။ သာရတ္ထဒီ-၂၊ ၂၇၉။ ဝိမတိဒီ-၁၊ ၂၄၁။

စောင့်လေမရှိ, နိသဿဂ်ယတ်, ဝိညတ်ဝါစာ, ကိုယ်သာပြုတ်ချက်, ကပ်ဖျက်ရောနှော, အန္တောဝုတ္ထ, စသည်ထိုထို, မအပ်ကိုလျှင်, အလိုတိုင်းပင်, ပုံပြင်နှိုင်းသွေး, ဝက်ခွေးဘီလူး, သူရဲတန္ခုန်း, စုန်းနှင့်အတူ, စားသောက်မှု၏၊ မဖြူမထွား, ထိုရှင်များကား ..... မည်ငြားနာမ ပါပတည်း"။ သုခါ-၄၄။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေးသည်။

ဤရဟန်းသည် မိမိအကြံအစည်ကို အကောင်အထည်ဖော်ရအောင် နောက်ပိုင်းမှာ ရဟန်းများကို စည်းရုံးသိမ်းသွင်းသည်၊ သူစည်းရုံးသိမ်းသွင်းထားသော ရဟန်းများသည်လည်း သူ့လို သိက္ခာသုံးပါး၌ ထက်သန်လေးစားမှုမရှိဘဲ အာပတ်အထပ်ထပ် သင့်နေသူတွေ, တည်ကြည်ငြိမ်သက်မှု မရှိဘဲ ယောက်ယက်ခတ်နေသူတွေ, မာနကြီး၍ ကြွစောင်းစောင်း လုပ်တတ်သူတွေ, သပိတ်ကို အလှပြုပြင်မှု သင်္ကန်းကို အလှပြုပြင်မှု စသည်ဖြင့် ချစ်ခင်ဖွယ်ရာ ပြုမှုလုပ်ကိုင်နေသူတွေ, နှုတ်ထွက်ကြမ်းသူတွေ, စကားဖွာတတ်သူတွေ, သတိလွတ်ကင်း အသိဉာဏ်ချွတ်ယွင်းသူတွေ, ကြည့်ချင်ရာကြည့် နားထောင်ချင်ရာနားထောင် စသည်ဖြင့် လူဝတ်တုန်းကလို ဣန္ဒြေမစောင့်စည်းသူတွေ, ဆရာဥပဇ္ဈာယ်တို့က စွန့်ပစ်ထားသည့်အတွက် ခိုကိုးရာမဲ့ ထောက်တည်ရာမဲ့ ဖြစ်နေသူတွေ, လာဘ်လာဘကို အလေးဂရု ပြုနေကြသည့် ရဟန်းယုတ်တွေချည်းသာ ဖြစ်နေပါတော့သည်။

သူသည် ယင်းရဟန်းယုတ်များကို ဣရိယာပုထ်ကို မည်သို့မည်ပုံ ထားရမည်၊ စသည်ဖြင့် သူများအထင်ကြီးအောင် ပလွှားဟန်ဆောင်နည်း ကုဟက-အကျင့် မျိုးစုံကို သင်ပေးထားသည်။

ယင်းရဟန်းယုတ်များသည် အသံလည်း ကောင်းကြသည်၊ ဇာတ်,နိပါတ်စသည်တို့ကိုလည်း သင်ယူထားကြသည်၊ "ဒီဆရာတော်ဟာ ဟိုကျောင်းတိုက်မှာ ဝါကပ်လာခဲ့ပါတယ်၊ ဝတ်အကျင့်တွေကိုလဲ ဖြည့်ကျင့်လာခဲ့ပါတယ်၊ အခု ဝါကျွတ်လို့ ဒီကို ကြွလာခဲ့တာပဲ" စသည်ဖြင့် လူအများက အသိအမှတ်ပြုထားသည့် ပရိယတ်,ပဋိပတ် အဆင့်အတန်းမြင့်သော ကျောင်းတိုက်မျိုးကိုညွှန်ပြကာ သူတို့ဆရာကို ချီးမွမ်း ဂုဏ်တင်နေကြသည်၊ လူတွေ ကိုယ့်ဘက်ကို ညွှတ်ပါလာအောင် ဆွဲဆောင်ကြသည်။

ဤသို့လျှင် သူသည် မိမိရည်ရွယ်ချက်အတိုင်း မိမိကို ချီးမွမ်းပြောဆိုနေကြသော ရဟန်းအရာအထောင် ခြံရုံပြီး ရွာ, နိဂုံး, မင်းနေပြည်တို့မှာ လှည့်လည်နေပါတော့သည်၊ ရဟန်းရှင်လူတို့၏ မြတ်နိုးကော်ရော် ပူဇော်မှုကိုလည်း ခံနေရသည်၊ ပစ္စည်းလေးပါးတို့ကိုလည်း အလျှံပယ် ရရှိနေပါတော့သည်၊ ဤသို့လျှင် သီလ,သမာဓိ,ပညာ သိက္ခာပြည့်ဝသော သူတော်ကောင်းများနှင့်သာ ထိုက်တန်သည့် မြတ်နိုးကော်ရော် ပူဇော်ခံရမှုစသည်တို့ကို အုပ်စုဖွဲ့က လုယူတိုက်ခိုက် စားသောက်နေပါတော့သည်။

ဤရဟန်းသည် အိမ်ခြံစပ်ကို ဖောက်ဖျက်ခြင်းစသည်ဖြင့် ခိုးတတ်သူကဲ့သို့ တစ်အိမ်နှစ်အိမ်သာမက လူပေါင်းများစွာကို လှည့်ပတ်ကာ ပစ္စည်းလေးပါးကို ခံယူ ခြင်းကြောင့် ပထမခိုးသူမည်ပေသည်။

သုတ္တန်ဆောင်ရဟန်း, အဘိဓမ္မာဆောင်ရဟန်း,ဝိနည်းဆောင်ရဟန်းတို့သည် ပါဠိတော်ကို ပို့ချကြသည်၊ အဋ္ဌကထာကို ပြောပြကြသည်၊ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရားစကားဖြင့်လည်းကောင်း, သွားလာနေထိုင်ပုံစသော ဣရိယာပုထ်ဖြင့်လည်းကောင်း လူများကို ကြည်ညိုစေကြသည်၊ ဆွမ်းခံမှုဖြင့် ဆွမ်းမပြည့်စုံခဲ့ပါလျှင် လာဘ်ကိုမငဲ့ဘဲ ဝတ်ကိုအဦး ပြုကာ ဇနပုဒ်ခရီး လှည့်လည်တတ်ကြသည်၊ ထိုအခါ ဒါယကာဒါယိကာမများက အလေးအမြတ် ပြုကြသည်၊ မြတ်နိုးကြသည်၊ ပူဇော်ကြသည်၊ ရိုသေကြသည်၊ ထိုရဟန်းမျိုးကိုကား "သာသနာတော် အဆက်မပြတ်အောင် ဆက်စပ်ပေးနေသောရဟန်း, သာသနာတော်ကို တည်စေသောရဟန်း, သာသနာတော်ကို ထွန်းလင်းတောက်ပြောင်စေသော ရဟန်း"ဟုသာ သိမှတ်နားလည်သင့်ပါသည်။

ဤပထမခိုးသူနှင့် စပ်လျဉ်း၍ ရှေးဆရာတော်များ မိန့်ဆိုထားသည်ကိုလည်း ဆက်လက်မှတ်သားသင့်ပါသေး၏-

၄၂၇။ ရှင်ဆိုးရှင်ညစ်,ရဟန်းဖြစ်လည်း, စင်စစ်ယုတ်မာ,ပါပိဆွာဖြင့်, တကာလူဗိုလ်, ချီးမွမ်းဆိုနှင့်,ထိုထိုဖြင်ပည်း, ပစ္စည်းလာဘ်ကို,တောင့်တလို၏၊လိုသည့်ရမ္မက်, ကြံဝိတက်ကြောင့်, အုတ်ကျက်အုန်းအင်း, ကြော်ငြာလျှင်း၍, သတင်းပေးကာ, ဒေသစာဖြင့်, မြို့.ရွာဇနပိုဒ်, နယ်တိုက်တိုက်ကို, လိုက်၍ဖျက်ဆီး, ခိုးသူကြီးသို့, ရံသီးများစွာ, ပရိဝါနှင့်, မလိမ္မာသူ, ရှင်လူဗာလ, အပွသုတ, မိန်းမယောကျ်ား, သူတို့အားလျှင်, လှည့်ဖြားသမှု, သက်မွေးပြု၏၊ ရှင်တုရှင်ဝါ, ရှင်ယုတ်မာနှင့်, မဟာစောရ, ရှင်ဓားပြတို့, ပါပကျင့်မျိုး, အလိုဆိုးဖြင့်, အကျိုးမဟဲ့, မိုက်သင်းဖွဲ့၍, ငရဲ့စီးပွား, ရှာသောလားသို့, တရားတရား, တဟားဟားနှင့်, ပြစ်များပြောဟုံ့, တောင့်နှယ်ပုံ၏"။ မဃ-၃၂၉။

၂။ ရဟန်းတို့ ! ထို့ပြင် ငါဘုရားသာသနာတော်၌ ယုတ်မာသောရဟန်းသည် ငါဘုရား ဟောကြားထားသည့် သုတ်,အဘိဓမ္မာ,ဝိနည်းကို တတ်ကျွမ်းအောင်သင်ယူပြီး သည့်နောက် သူ့မူပိုင် လုပ်ထားသည်၊ ဤသည်ပင်လျှင် လောက၌ ရှိတတ်သည့် နှစ်ယောက်မြောက် ခိုးသူကြီးပေတည်း။

ဘုရားရှင် ကိုယ်တော်တိုင် ထိုးထွင်းသိမြင်ထားသောတရား, မျက်မှောက်ပြုထားသော တရား, ဝေနေယျတို့အား ဟောကြားထားသော တရားတော်များမှာ "သုတ်,အဘိဓမ္မာ, ဝိနည်း"အားဖြင့် သုံးပါးရှိနေပါသည်။

ရဟန်းယုတ်တစ်ပါးက ယင်း သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်ယူထားပြီး သည့်နောက် ပရိသတ်အလယ်မှာ ပါဠိတော်နှင့်အဋ္ဌကထာကို စပ်ကာစပ်ကာ ချိုသာသော အသံဖြင့် ကြည်ညိုဖွယ်ကောင်းသော သုတ္တန်ကို ဟောပြောသည်၊ တရားဆုံးသွားသည့် အခါ အသိဉာဏ်ရှိသူ ဒါယကာတစ်ဦးက " အရှင်ဘုရား ! ပါဠိရော အနက်ပါ (အဋ္ဌကထာပါ) အလွန်သန့်ရှင်းလှပါပေတယ်၊ ဘယ်ဆရာ့ထံမှာ သင်ယူခဲ့ ပါသလဲ?"ဟု တအံ့တသြ လျှောက်ထားလာသည့်အခါ တို့လိုပုဂ္ဂိုလ်မျိုးကို ဘယ်ပုဂ္ဂိုလ်က သင်ပေး နိုင်မှာတဲ့လဲ?"ဟု ဆရာကိုညွှန်ပြမှု မပြုဘဲ "မိမိကိုယ်တိုင် ထိုးထွင်းသိထားတဲ့, ကိုယ်ပိုင်ဉာဏ်ဖြင့် ရထားတဲ့ ဓမ္မဝိနယတွေပဲ"ဟု ပြောပြပါတော့သည်။

ဤရဟန်းသည် ဘုရားရှင်က လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ တော်တို့ကို ဖြည့်ကျင့်၍ အပင်ပန်းခံကာ ထိုးထွင်းသိမြင်လာသည့်တရားကို ခိုးသော နှစ်ယောက်မြောက် (ဒုတိယ)ခိုးသူကြီးပေတည်း။

၃။ ရဟန်းတို့ ! ထို့ပြင် ငါဘုရားသာသနာတော်၌ ယုတ်မာသော ရဟန်းသည် အပြစ် ကင်းစင်သည့် အတူနေ သီတင်းသုံးဖော် ရဟန်းကို အခြေအမြစ်မရှိသော မေထုန်မှု(ပါရာဇိကအာပတ်)ဖြင့် စွပ်စွဲသည်။ ဤသည်ပင်လျှင် လောက၌ ရှိတတ်သည့် သုံးယောက်မြောက် ခိုးသူကြီးပေတည်း။

အပြစ်ကင်းစင်သည့် သီတင်းဖော်ဟူသည် ရဟန္တာပင် ဖြစ်ပေသည်၊ အနာဂါမ်စသော ကျန်အရိယာများနှင့် အကျင့်မြတ်ကို ကျင့်နေသည့် သီလဝန္တ ကလျာဏ ပုထုဇဉ်များလည်း အပြစ်ကင်းစင်သည့် သီးတင်းသုံးဖော်များပင် ဖြစ်ကြသည်။

ယင်းသီတင်းသုံးဖော်များကို အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်းသည် ထင်ရှားရှိသောဂုဏ်ကို ချေဖျက်လျက် အရိယာတို့၏ဂုဏ်ကို ခိုးယူတတ်သော သုံးယောက်မြောက် ခိုးသူဖြစ်ပေသည်။

၄။ ရဟန်းတို့ ! ထို့ပြင် ငါဘုရားသာသနာတော်၌ ရဟန်းယုတ်သည် သံဃာပိုင်ဖြစ်၍ ဝေဖန်မှုကိုသော်မှ မပြုကောင်းသည့် အာရာမ်, အာရာမ်မြေစသော ဂရဘဏ် ပစ္စည်းတို့ဖြင့် လူ(ဒကာဒကာမ)တို့ကို ချီးမြှောက်သည်၊ ဖြားယောင်းသွေးဆောင်သည်၊ ဤသည်ပင်လျှင် လောက၌ရှိတတ်သည့် လေးယောက်မြောက် ခိုးသူကြီးပေတည်း။

သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ် မည်သူကမျှ မစွန့်လွှတ် မပေးကမ်းကောင်းသော သံဃာ့ ဥစ္စာဖြစ်သည့် ဥယျာဉ်ခြံမြေ, ကျောင်း, ခုတင်, ဓား, လွှ, ပုဆိန်, အိုးခွက် စသောပစ္စည်းများကို "ဂရဘဏ်(လေးလေးစားစား သုံးစွဲရမည့်ပစ္စည်း") ဟု ခေါ်သည်၊ ယင်းပစ္စည်းများကို ပေးစွန့်သော်လည်း ပေးစွန့်ရာမရောက်၊ (အပေးခံရသူမပိုင်ဆိုင်၊) ပေးသောရဟန်းမှာ ထုလ္လစ္စဉ်းအာပတ် သင့်သည်။

ရဟန်းယုတ်သည် ယင်းပစ္စည်းများကို ပေးစွန့်၍ လူများကို စည်းရုံးသည်၊ "တို့ကိုယ်တော် တော်ပါပေတယ်"ဟု သတင်းဖြန့်ပေးအောင် မိမိဘက် ပါလာအောင် မိမိကို ချစ်ခင်လာအောင် ပြုလုပ်သည်။

ဤရဟန်းသည် မပေးစွန့်ကောင်း မဝေဖန်ကောင်းသည့် လေးလေးစားစားပြုလုပ် ရမည့် ဂရုဘဏ် ဂရုပရိက္ခရာကို ထိုသို့ မပေးစွန့် မဝေဖန်ကောင်းသည့် သဘောမှ ခိုးယူကာ လူတို့ကို ချီးမြှောက်ခြင်းကြောင့် လေးယောက်မြောက် ခိုးသူကြီး မည်ပေသည်။

လေးလေးစားစား သုံးစွဲရမည့် ဤဂရုဘဏ် ပစ္စည်းများကို ဒါယကာဒါယိကာမ တို့အား ချီးမြှောက်သည့်အနေဖြင့် ပေးစွန့်သောရဟန်းမှာ ကုလဒူသနဒုက္ကဋ်အာပတ် သင့်သည်၊ ပဗ္ဘာဇနိယကံလည်း အပြုခံထိုက်သည်၊ သံဃာကို အရေးမစိုက်ဘဲ ပိုင်စိုးပိုင်နင်း သဘောဖြင့် ပေးစွန့်ပါလျှင် ထုလ္လစ္စဋ်းအာပတ်သင့်သည်၊ ဘဏ္ဍာစားလည်း ပေးထိုက်သည်၊ ခိုးလိုသော စိတ်ဖြင့် ပေးစွန့်လျှင် ဘဏ္ဍာတန်ဖိုးအလိုက် ဒုက္ကဋ်, ထုလ္လစ္စဋ်း, ပါရာဇိက အာပတ်များ ဖြစ်နိုင်သည်။

၅။ ရဟန်းတို့ ! ရဟန်းယုတ်တစ်ပါးကတော့ မိမိမှာ တကယ်မရှိတဲ့ ဈာန်တရား မဂ်တရား ဖိုလ်တရားတွေကို ရရှိဟန်ဆောင်ကာ ဝါကြွားပလွား ပြောကြား တတ်တယ်၊ အဲဒီရဟန်းယုတ်ကတော့ လူနတ်ဗြဟ္မာ သတ္တဝါအကုန်လုံးထဲမှာ အကြီးဆုံး ခိုးသူဖြစ်ပေတယ်၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရဟန်းယုတ်က ဒါယကာဒါယိကာမတွေ သဒ္ဓါ တရား‌နဲ့ လူဒါန်းထားတဲ့ ဆွမ်းကို ခိုးစားနေတဲ့ အတွက်ကြောင့်ပါပဲ။

စက္ခုစသည့် ပကတိလူနွှေဂါးပါးတို့ဖြင့် မယူနိုင်သော အလွန်သိမ်မွေ့ နက်နဲသည့် လောကုတ္တရာတရားကို ခိုးသောရဟန်းနှင့် တူသောသူမည်သည် မရှိတော့ချေ၊ ထို့ကြောင့် ခိုးသူငါးယောက်တို့တွင် ဤနောက်ဆုံးခိုးသူသည် အကြီးဆုံးခိုးသူ မည်ပေသည်။

"ရွှေငွေစသည်တို့ကဲ့သို့ လောကုတ္တရာတရားကို လှည့်ပတ်ခိုးယူနိုင်ပါသလား?"ဟု စဉ်းစားဖွယ်ရာ ရှိနေပါသည်၊ လောကုတ္တရာတရားကို လှည့်ပတ်ခိုးယူ၍ ရရိုးမရှိပါချေ၊ ထို့ကြောင့်ပင် မိမိမှာ တကယ်မရှိတဲ့ ဈာန်တရား မဂ်တရား ဖိုလ်တရားတွေကို ရှိဟန်ဆောင်ကာ ဝါကြွားပလွား ပြောကြားတတ်တယ်"ဟု ဆိုထားခဲ့ရပေသည်။

ဤရဟန်းသည် "မိမိမှာ ထင်ရှားမရှိသော လောကုတ္တရာတရားကို ငါ့မှာ လောကုတ္တရာတရား ရှိတယ်"ဟုသာ ဝါကြွားပလွား ပြောဆိုနိုင်သည်၊ လောကုတ္တရာတရားကို ရွေ့ရှားသွားအောင် မိမိမှာ ရှိလာအောင်ကား မလုပ်နိုင်ပါပေ။

"သို့ဖြစ်လျှင် ဘာ့ကြောင့် 'ခိုးသူ'ဟု ဟောတော်မူရပါသလဲ?"ဟု တွေးတောစရာ ရှိလာပြန်သည်၊ လောကုတ္တရာတရားကို ဝါကြွားပလွား ပြောဆိုကာ မိမိမှာ ထင်ရှား မရှိသောဂုဏ်ဖြင့် ချီးမွမ်းပြောဆိုသည့်အတွက် ဖြစ်ပေါ်လာသည့် ပစ္စည်းလေးပါးကို

ခံယူသောကြောင့် 'ခိုးသူ' ဟု ဟောတော်မူရပါသည်၊ အမှန်ကို ဆိုရပါမူ-လောကုတ္တရာတရားကို ပြောကာ ပစ္စည်းလေးပါးကို ခံယူသောရဟန်းသည် သိမ်မွေ့သောနည်းဖြင့် လှည့်ပတ်ခိုးယူသူပင် ဖြစ်ရပါတော့သည်။

ဆောင်။ ။မြတ်နိုးကော်ရော်, ပူဇော်ခံမူ, ပစ္စည်းစုကို, ရမူတောင့်တ, စည်းရုံးကလျှင်, အစခိုးသူ၊ ဘုရားမူကို ,ကိုယ့်မူလုပ်က, ဒုတိယတည့်၊ ကင်းပမူလာ, ပြစ်ပါရာဖြင့်, ပြစ်ကွာသူအား, စွပ်စွဲငြားက, မှတ်သားတတိ၊ တွေ့ရှိဒကာ, ကိုယ့်ဘက်ပါအောင်, ဘဏ္ဍာဂရ, ချီးမြှောက်ပြုက, စတုတ္ထတည့်၊ မရရှိစွာန်, မဂ်ဖိုလ်မွန်ကို, ရဟန်ဝါကြွား, လွန်ဆိုးဝါးသည် ..... ခိုးသားဗိုလ်ချုပ်သူပင်တည်း။

အညထာ သန္တ မတ္တာနံ , အညထာ ယော ပဝေဒယေ၊
နိကစ္စ ကိတဝသေဝ , ဘုတ္တံ ထေယျေန တသ တံ။

တရားမရှိ-မိမိမှာ , ရှိဟန်ဝါကြွား-ပြောကြားလာ၊
ငှက်မုဆိုးပမာ-ထိုသူများ , ပြည်သူလှူဒါန်း-ဆွမ်းကိုစား။

ရိုးရိုးကုတ်ကုတ်,ကိုယ့်အလုပ်ကို ,လုပ်နေသူမျိုးကို အများအားဖြင့် ဒါယကာဒါယိကာမတွေကလည်း ဆည်းကပ်ကိုးကွယ်မှု, ထောက်ပံ့လှူဒါန်းမှု နည်းတတ်ပါသည်၊ သီတင်းသုံးဖော် ရဟန်းတော်များကလည်း အရေးမပေးတတ်ကြပါ။

ကျော်စောထင်ရှား လာဘ်လာဘပေါများသူမျိုးကိုကား ဒါယကာဒါယိကာမတွေကလည်း ဆည်းကပ်ကြသည်၊ကိုးကွယ်ကြသည်၊ထောက်ပံ့လှူဒါန်းကြသည်၊ ကူညီကြသည်၊ သီတင်းသုံးဖော် ရဟန်းတော်များကလည်း အရေးပေးတတ်ကြပါသည်။

ဤအကြောင်းအရာကို တွေ့မြင်သိရှိရသည့်အခါ နောင်သာသနာ့မျိုးဆက်ဖြစ်ကြသည့် ရဟန်းငယ်, ရှင်သာမဏေများကလည်း ကျော်စောထင်ရှား လာဘ်ပေါများလာအောင် ပြုလုပ်လာကြသည်၊ သို့ဖြင့် သူတို့သည် တဏှာ၏ လွှမ်းဖိမှုကို ခံကြရပါတော့သည်၊ လာဘ်လာဘကို အကြောင်းပြု၍ အချို့က သေခြင်းသို့ ရောက်ကြရသည်၊ အချို့က သေလောက်သော ဆင်းရဲသို့ ရောက်ကြရသည်။

ထေရ်ကြီးဝါကြီးရဟန်းတစ်ပါးသည် နံနက်အချိန်၌ သင်္ကန်းရုံ သပိတ်ကိုယူပြီး မြို့တွင်းရွာတွင်းသို့ ဆွမ်းခံဝင်သည်၊ သူသည် မြို့ထဲရွာထဲမှာ မူရင်းမပျက်သောအသံဖြင့် (အသံမလုပ်ဘဲ) တရားဟောသည်၊ လူများက ကြည်ညိုကြသည့်အတွက် ပစ္စည်းများကို ပေးလှူကြသည်။

ထိုရဟန်းက ယင်းပစ္စည်းများကို မက်မောမှုမရှိဘဲ အပြစ်ကိုရှုလျက် ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲသည်၊ ထိုရဟန်း၏ ယင်းသို့သုံးစွဲမှုသည် အဆင်းလှရန်လည်းဖြစ်သည်၊

အားရှိရန်လည်း ဖြစ်သည်၊ လာဘ်ဟူသောအကြောင်းကြောင့် သေခြင်းသို့လည်း မရောက်၊ သေလောက်သောဆင်းရဲသို့လည်း မရောက်ချေ။

ထိုရဟန်းကို အတုလိုက်၍ ကျင့်သော ရဟန်းငယ်တစ်ပါးက နံနက်အချိန်မှာ မြို့ထဲရွာထဲသို့ ဆွမ်းခံဝင်သည်၊ မြို့ထဲရွာထဲ၌ တရားဟောသည်၊ လူများက ကြည်ညိုကြသည့်အတွက် ပစ္စည်းများကို ပေးလှူကြသည်။

ထိုရဟန်းမူကား လာဘ်လာဘကို မက်မောသည်၊ တဏှာ၏ လွှမ်းခြုံမှုကို ခံနေရသည်၊ အပြစ်ကို မရှုနိုင်တော့ပေ၊ ပေစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ပါတော့သည်၊ ယင်းသို့ သုံးဆောင်သည့်အတွက် ထိုရဟန်းသည် ဂုဏ်အဆင်းလည်း မလှ၊ ဉာဏ်အားလည်း မရှိတော့ပေ၊ ထိုရဟန်းသည် လာဘ်ကိုအကြောင်းပြု၍ သေခြင်းသို့လည်း ရောက်နိုင်သည်၊ သေလောက်သောဆင်းရဲသို့လည်း ရောက်နိုင်သည်။

ဘုရားရှင်သာသနာတော်၌ သိက္ခာချ၍ လူထွက်ခြင်းသည် သေသည်ပင် မည်သည်၊ (ပါရာဇိကကျသူလည်း သေသူပင် မည်သင့်ပါသည်၊) သံဃာဒိသေသ် အာပတ်တစ်မျိုးမျိုး သင့်ရောက်ခြင်းသည် သေလောက်သောဆင်းရဲပင် မည်သည်။

ဂုဏ်အဆင်းယုတ်လျှင် ကိုယ်အဆင်းနှင့် ကိုယ်အားလည်း ဆုတ်ယုတ်သည်၊ ထို့ကြောင့် ကိုယ်အဆင်းလည်း မလှနိုင်တော့ပါ၊ ကိုယ်အားလည်း မရှိနိုင်တော့ပါ။ သံ-ပါ-၁၊ ၄၅၉ ။ ဋ-၂၊ ၂၁၂ ။

* ပစ္စည်းလေးတန် ရဟန်းရန်

ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူသည်၊ ရှင်မဟာကဿပက ဘုရားရှင့်အနားကို ဆည်းကပ်ခစားရန် ရောက်လာခဲ့သည်၊ သင့်လျော်ရာက လက်အုပ်ချီမိုး ရှိခိုးထိုင်နေသည်၊ ထိုစဉ် ဘုရားရှင်က ဆင်ခြင်စဉ်းစားတော်မူသည်။

“သာရိပုတ္တရာ,မောဂ္ဂလာန်တို့က ကြာရှည်လေးမြင့် တည်နေကြမယ် မဟုတ်ဘူး၊ ကဿပကတော့ အသက်တစ်ရာ့နှစ်ဆယ် ရှည်မယ့်သူ ဖြစ်ပေတယ်၊ သူက ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သတ္တပဏ္ဏိလိုဏ်ဂုဟာ ဓမ္မဝိနယကို သံဂါယနာတင်ကာ ငါဘုရား၏သာသနာ နှစ်ပေါင်းငါးထောင် တည်အောင် လုပ်ပေလိမ့်မယ်၊ ကဿပကို ငါဘုရားအရာမှာ ထားပေးသင့်တယ်၊ အဲဒီလို ထားပေးလိုက်လို့ရှိရင် ရဟန်းတွေက ကဿပရဲ့စကားကို နားထောင်သင့်တယ်လို့ မှတ်ထင်ကြပေလိမ့်မယ်”။

---

* သံ-ပါ-၁ ၊ ၄၁၀။ ဋ-၂၊ ၁၆၂။ ဋီ-၂ ၊ ၁၆၂။

ယင်းသို့ ဆင်ခြင်စဉ်းစားတော်မူပြီးသည့်နောက် ကဿပကို မိမိအရာမှာ ထားလိုသည့် အတွက် မိန့်မြွက်တော်မူပါသည်။ -

"ကဿပ ! သင်က ရဟန်းတွေကို ဆုံးမရမယ်၊ ရဟန်းတွေကို တရားဟောရမယ်၊ ငါဘုရားကလဲ ရဟန်းတွေကို ဆုံးမမယ်၊ သင်ကလဲ ဆုံးမရမယ်၊ ငါဘုရားကလဲ ရဟန်းတွေကို တရားဟောမယ်၊ သင်ကလဲ ရဟန်းတွေကို တရားဟောရမယ်"။

"ရှင်တော်မြတ်ဘုရား ! အခု ရဟန်းတွေဟာ အဆိုအဆုံးမ ခက်လှပါတယ်၊ အပြောအဆိုခက်မှုကို လှုံ့ဆော်နေတဲ့ သဘောဆိုးတွေ ရှိနေကြပါတယ်၊ သည်းခံမှု မရှိကြပါ၊ အဆုံးအမကို ရိုသေစွာ မခံယူကြပါ"။

"ကဿပ ! ဒါအမှန်ပဲပေါ့၊ ရှေး(ပထမဗောဓိ)တုန်းက ထေရ်ကြီးဝါကြီး ရဟန်းတွေဟာ အရည်ကင်ဓုတင် ဆောက်တည်ကြတယ်၊ အရည်ကင်ဓုတင် ဆောက်တည်မှုရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြပါတယ်၊ ပိဏ္ဍပါတ်ဓုတင်လဲ ဆောက်တည်ကြပါတယ်၊ ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြ ပါတယ်၊ ပံသုကူဓုတင်လဲ ဆောင်ကြပါတယ်၊ ပံသုကူဓုတင်ဆောင်ခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြပါတယ်၊ တိစီဝရိတ်ဓုတင်လဲ ဆောင်ကြယ်၊ တိစီဝရိတ်ဓုတင် ဆောင်ခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြပါတယ်၊ အလိုလဲ နည်းကြတယ်၊ အလိုနည်း ခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြတယ်၊ ကိုယ့်မှာရှိတဲ့ ပစ္စည်းနဲ့လဲ ရောင့်ရဲနေကြတယ်၊ ရောင့်ရဲခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြတယ်၊ ဆိတ်ငြိမ်ရာမှာလဲ နေကြတယ်၊ ဆိတ်ငြိမ်ရာမှာနေခြင်းရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြတယ်၊ လူတွေနှင့်လဲ မရောနှောကြဘူး၊ လူတွေနှင့် မရောနှောခြင်းရဲ့ ဂုဏ်ကိုလဲပြောဆိုကြတယ်၊ အားထုတ်လုံ့လ ဝီရိယလဲ ရှိကြတယ်၊ အားထုတ်လုံ့လ ဝီရိယ(ရှိခြင်း)ရဲ့ ဂုဏ်ကိုလဲ ပြောဆိုကြတယ်။

အဲဒီလို ကျင့်သုံးနေထိုင်တဲ့ ရဟန်းတွေထဲက တစ်ပါးပါးကို တွေ့ရတဲ့အခါမှာ ရဟန်း ! ကြွစမ်းပါဦး၊ ဒီရဟန်းဟာ ဘယ်သူလဲ၊ ဒီရဟန်းဟာ တယ်တော်တယ်၊ ဒီရဟန်းဟာ တယ်အကျင့်သိက္ခာကို လိုလားတယ်၊ ရဟန်း ! ကြွပါ၊ ဟောဒီမှာနေရာ၊ ထိုင်စမ်းပါဦး၊ ဒီလိုပြောဆိုပြီး ထေရ်ကြီးဝါကြီးရဟန်းတွေက နေရာနဲ့ ဖိတ်ကြတယ်၊ အရေး ပေးကြတယ်။

ဒီလိုအရေးပေးတာကို တွေ့ရတဲ့အခါ ရဟန်းငယ်တွေက အရည်ကင်ဓုတင် ဆောက်တည်မှု စသည်ကို ပြုကျင့်နေတဲ့ ရဟန်းကို ထေရ်ကြီးဝါကြီးရဟန်းတွေက တောင်မှ နေရာနဲ့ ဖိတ်မန်နေကြရ, အရေးပေးနေကြရတာပဲ၊ ဒီလို ဆင်ခြင်စဉ်းစားလာကြတယ်၊ သူတို့လဲ အရည်ကင်ဓုတင်ဆောင်စတဲ့ ပုဂ္ဂိုလ်များတွေ ဖြစ်အောင် ကျင့်လာကြတယ်၊ အဲဒီလို ကျင့်တာဟာ သူတို့အတွက် ကြာရှည်လေးမြင့် ကောင်းကျိုးတွေ တိုးတက်ဖို့, ချမ်းသာဖို့ ဖြစ်ပေတယ်။

ကဿပ ! ယခု(ပထမဗောဓိမှနောက်)အခါမှာတော့ ထေရ်ကြီးဝါကြီး ရဟန်းတွေဟာ အရည်ကင်ဓုတင် မဆောက်တည်ကြတော့ဘူး၊ အရည်ကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ ပိဏ္ဍာပါတ်ဓုတင်လဲ မဆောက်တည်ကြတော့ဘူး၊ ပိဏ္ဍာပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ ပံသုကူဓုတင်လဲ မဆောက်တည်ကြတော့ဘူး၊ ပံသုကူဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ တိစီဝရိုက်ဓုတင်လဲ မဆောက်တည်ကြတော့ဘူး၊ တိစီဝရိုက်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ အလိုနည်းအောင်လဲမကျင့်ကြတော့ဘူး၊ အလိုနည်းခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ ရောင့်ရဲမှုလဲ မရှိကြတော့ဘူး၊ ရောင့်ရဲမှု၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ ဆိတ်ငြိမ်ရာမှာလဲ မနေကြတော့ဘူး၊ ဆိတ်ငြိမ်ရာမှာ နေခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ လူတွေနှင့် ရောနှောမှုကင်းအောင်လဲ မနေကြတော့ဘူး၊ လူတွေနဲ့ မရောနှောခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး၊ အားထုတ်လုံ့လ ဝီရိယလဲ မရှိကြတော့ဘူး၊ အားထုတ်လုံ့လ ဝီရိယရှိခြင်း၏ ဂုဏ်ကိုလဲ မပြောဆိုကြတော့ဘူး။

အဲဒီရဟန်းတွေထဲက တစ်ပါး၊ပါးဟာ ကျော်စောထင်ရှားမယ်၊ အခြံအရံ ပရိသတ် များမယ်၊ ပစ္စည်းလေးပါး ပေါများမယ်ဆိုရင် အဲဒီရဟန်းကို 'ကိုယ်တော် ! ကြွစမ်းပါဦး၊ ဒီကိုယ်တော်ဟာ ဘယ်သူတုန်း၊ ဒီကိုယ်တော်ဟာ တယ်တော်တယ်၊ ဒီကိုယ်တော်ဟာ သီတင်းသုံးဖော်တွေကို သိပ်လိုလားတာပဲ၊ ဒီအနားကို လာစမ်းပါဦး၊ ဟာဒီမှာနေရာ၊ ထိုင်စမ်းပါဦး'ဆိုပြီး ထေရ်ကြီးဝါကြီးရဟန်းတွေက (ပျာပျာသလဲ) နေရာ ပေးကြတော့တယ်။

ဒါမျိုးတွေကို တွေ့ရတဲ့အခါ ရဟန်းငယ်တွေမှာ 'ထင်ရှားတဲ့ရဟန်း, အခြံအရံပရိသတ်များတဲ့ရဟန်း, ပစ္စည်းလာဘ်လာဘ ပေါများတဲ့ရဟန်းမျိုးကို ထေရ်ကြီးဝါကြီးရဟန်းတွေက နေရာပေးနေကြပါပေါ့လား'ဆိုတဲ့ အတွေးအခေါ်တွေ ဖြစ်ပေါ်လာတော့တယ်၊ ဒါနဲ့ လာဘ်ပူဇော်သကာ ဖြစ်ပေါ် လာအောင် ကျင့်ကြပါတော့တယ်၊ ဒီလိုကျင့်တာဟာ သူတို့အတွက် ကြာရှည်လေးမြင့် မကောင်းကျိုးတွေ တိုးတက်ဖို့, ဆင်းရဲဖို့ပဲ ဖြစ်တော့တယ်။

'ရဟန်း ! (ဗြဟ္မစာရီ)တွေဟာ ပစ္စည်းလေးပါးကို လွန်စွာ လိုချင်မက်မောမှု (ငန်းငန်းတက် လိုချင်မက်မောမှု)ဆိုတဲ့ ရဟန်းဘေးရန်ရဲ့ နှိပ်စက်မှုကို ခံနေကြရပြီ၊ရဟန်းတွေဟာ ပစ္စည်းလေးပါးကို လွန်လွန်ကဲကဲ (မထိန်းနိုင်, မသိမ်းနိုင်လောက်အောင်) တောင့်တနေကြပြီ'ဆိုတဲ့ စကားမျိုးကို အခုနေအချိန်မှာ ပြောမယ်ဆိုရင် ကောင်းစွာပြောဆိုရာ ရောက်မှာပဲ"။

ဘုရားရှင်လက်ထက် ပထမဗောဓိ(ဝါတော်နှစ်ဆယ်)အတွင်းက ရဟန်းတော်များနှင့် ဒုတိယဗောဓိ(ဝါတော်နှစ်ဆယ်နောက်ပိုင်း)က ရဟန်းတော်များ၏ အနေအကျင့် ကွာခြားလာပုံကို သတိပြု လေ့လာစေလိုပါသည်။

ဆက်လက်၍ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် နှစ်ပေါင်းနှစ်ထောင်ကျော် သုံးထောင်အတွင်း ယခုထင်ရှားရှိနေကြသော သာသနာ့ဝန်ဆောင် ရဟန်းတော်များ၏ အနေအကျင့်ကို အကဲခတ်ကြည့်ရှုစေလိုပါသည်။

ယင်းသို့ အကဲခတ် ကြည့်ရှုသည့်အခါ အနာဂတ်သာသနာတော်အတွက် အားတက်စရာ အချက်အလက်အများအပြားကိုပင် တွေ့ကြရ မြင်ကြရပါလိမ့်မည်၊ သာသနာ့ဦးသျှောင် ဆရာတော်များနှင့် သာသနာပြု ဒါယကာဒါယိကာမများတို့က အရေးပေးမမှားရန်, အားပေးကူ ညီမှုမမှားရန်မျှသာ လိုပါလိမ့်မည်။

လာဘသက္ကာရ ဆိုးဝါးလှ

လောကဌ် လာဘ်ပူဇော်သကာ အကျော်အစောကို မကြိုက်သော ပုထုဇဉ်လူသားဟူ၍ ရှိမည်မထင်ပါ၊ ပုထုဇဉ်လူသားမှန်က လာဘ်ပူဇော်သကာ အကျော်အစောကို အနည်းနှင့် အများ ကြိုက်ကြမည်သာ ဖြစ်ပါသည်။

ထိုအထဲတွင် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များလည်း မပါဝင်ဘဲ နေကြမည် မဟုတ်၊ ပါဝင်ကြမည်သာ ဖြစ်ပါသည်၊ သို့သော် ယင်းလာဘ်ပူဇော်သကာ အကျော်အစောသည် ကောင်းလှသည်ကား မဟုတ်ပါ၊ ရဟန်းအဖြစ်၏ အန္တရာယ်ကို ပြုနိုင်သည်အထိ ဆိုးဝါးလှပါသည်၊ သို့ဖြင့်-ဘုရားရှင်က မိမိ၏ တပည့်သာဝကများ လာဘ်ပူဇော်သကာ အကျော်အစောနောက်ကို လိုက်ပါမှုမှ သက်သာခွင့်ရအောင် လာဘသက္ကာရသံယုတ်ကို ဟောတော်မူခဲ့ပါသည်၊ ယင်း သံယုတ်ပါဠိတော်မှ သိသာရုံမျှ ထုတ်ပြပါဦးမည်။-

"ရဟန်းတို့ !လာဘ်ပူဇော်သကာအကျော်အစောဆိုတာဟာ အာသဝကုန်ပြီးတဲ့ ရဟန္တာကိုတောင်မှ အန္တရာယ် ပြုနိုင်သေးတယ်"။

ဘုရားရှင်၏စကားတော်ကို ကြားရသည့်အခါ အရှင်အာနန္ဒာမှာ သံသယဖြစ်လာသည်၊ သို့ဖြင့် ဘုရားရှင်ကို တောင်းပန်လျှောက်ထားပါတော့သည်။-

ရှင်တော်မြတ်ဘုရား ! လာဘ်ပူဇော်သကာ အကျော်အစောက ရဟန္တာပုဂ္ဂိုလ်ကို အဘယ်သို့ အဘယ်ပုံ အန္တရာယ် ပြုနိုင်ပါသလဲ?"။

"အာနန္ဒာ ! ရဟန္တာပုဂ္ဂိုလ်ရဲ့ အရတ္တဖိုလ်သမာဓိဟာ မပျက်စီးနိုင်တော့ပါဘူး၊ 'လာဘ်ပူဇော်သကာ အကျော်အစောက အဲဒီရဟန္တာပုဂ္ဂိုလ်ရဲ့သမာဓိကို အန္တရာယ် ပြုနိုင်တယ်'လို့ ငါဘုရား ဆိုလိုတာမဟုတ်၊ 'ရဟန္တာပုဂ္ဂိုလ်များရထားတဲ့ အခုဘဝ

မှာပဲ ချမ်းချမ်းသာသာ နေရမှု ဖလသမာပတ်ရဲ့ အန္တရာယ်ဖြစ်တယ်' လို့သာ ငါဘုရားဆိုလိုတယ်"။

[ရဟန္တာပုဂ္ဂိုလ်သည် ဘုန်းကံကြီးမား ပစ္စည်းလာဘ်လာဘ ပေါများလာသည့်အခါ ယာဂု, မုန့်,ပဲ,သရေစာတို့ကို ယူ၍ လာသမျှသူတို့အား အနုမောဒနာပြုရင်း, တရားဟောရင်း, ပြဿနာဖြေဆိုရင်း အချိန်ကို ကုန်လွန်စေတတ်သည်၊ ဖလသမာပတ် ဝင်စားနေထိုင်ခွင့် မရတော့ချေ၊ ဤသည်ကိုပင် ရည်ရွယ်တော်မူ၍ "ဖလသမာပတ်ရဲ့ အန္တရာယ်ဖြစ်တယ်"ဟု ဟောတော်မူရသည်။]

"အာနန္ဒာ ! လာဘ်ပူဇော်သကာ အကျော်အစောဆိုတာဟာ သို့ကလောက် ခက်ထန်တယ်၊ အစွမ်းထက်မြက်တယ်၊ ကြမ်းတမ်းတယ်၊ အမြတ်ဆုံး အရဟတ္တဖိုလ် ထိအောင် အန္တရာယ်ပြုနိုင်တယ်၊ အာနန္ဒာ ! ဒါကြောင့် ငါတို့တစ်တွေဟာ ဖြစ်ပေါ်လာတဲ့ လာဘ်ပူဇော်သကာ အကျော်အစော(တွေမှာ မက်မောခင်တွယ်မှု)ကို ပယ်စွန့်မယ်၊ တို့စိတ်ကို ဖြစ်ပေါ်လာတဲ့ လာဘ်ပူဇော်သကာ အကျော်အစော (တွေမှာ တပ်မက်မှုတဏှာ)က မလွှမ်းမိုးစေရဘူး၊ မနှိပ်စက် မဖျက်ဆီးစေရဘူး၊ ဒီလိုသာ သင်တို့က ကျင့်ရမယ်၊ စိတ်ကို ဆောက်တည်ထားရမယ်"။ သံ-ပါ-၁၊ ၄၃၄။ ဌ-၂၊ ၁၉၄။

*ထင်းကလားနှင့်တူသူ မဖြစ်စေသင့်

သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများသည် "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်)"ဟူသော ဦးတည်ရည်မှန်းချက်ဖြင့် လူများ၏အသုံးအဆောင် စည်းစိမ်ဥစ္စာအကုန်လုံးကို စွန့်လွှတ်၍ ရဟန်းတို့၏ အသုံးအဆောင် ပစ္စည်းဥစ္စာဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို အရယူရန် စိတ်အားထက်သန်နေသူများ ဖြစ်ကြပါသည်။

သို့ပါလျက် လာဘ်ပူဇော်သကာ စသည်တို့ကို မက်မောနေသူ, အကုသိုလ်တရားဆိုးတွေကို လက်ခံထားသူမျိုး ဖြစ်နေခဲ့ပါလျှင် လူတို့၏အသုံးအဆောင် စည်းစိမ်ဥစ္စာကိုလည်း မခံစားရ, ရဟန်းတို့၏ စည်းစိမ်ဥစ္စာကိုလည်း မခံစားရဘဲ နှစ်ဖက်ရှုံးသူမျိုးသာ ဖြစ်ရပေလိမ့်မည်၊ ထို့ပြင် ရှေးဆရာများကလည်း -

၈၀။ သုသာန်ပြင်ထင်း, ဖုတ်စကြွင်းသား, ထင်းကလားမူ, မီးစားပြီးစွာ,
မဲရုပ်ဝါကြောင့်, ထင်းမှာမဝင်, မကျွမ်းခင်ကြောင့်, များဖြင်ဖိုလ်လေး,
မီးသွေးမဆို၊ နှစ်ပါးထိုမှ, လွတ်လေထသို့, သီလမဲ့ကျင်, ပဉ္စင်္ဂရင်လည်း, ရှင်ပင်
ဟောထား, တရားမစောင့်, မဖြောင့်မတန်း, ရှင်ဖြစ်ဆန်းလျှင်, ရဟန်းတရား,
ကင်းသောအားဖြင့်, ဘုရားမိန့်တော်, ရှင်ဖော်မဝင်၊ ချင်းကိုယ်တွင်လည်း,

*သံ-ပါ-၂၊ ၇၅။ ဌ-၂၊ ၂၇၄။ ဋီ-၂၊ ၂၃၉။

ခေါင်းလျှင်ပြည်းထ, ဝတ်နီစနှင့်, တကွသပိတ်, ပရိက္ခရာ, မကွာရှိပြန် လိင်သဏ္ဌာန်ကြောင့်, (လူဟန်ကင်းကွာ), နှစ်ဖြာမုတ္တာ, ဆိုအပ်လှ၏။ သုခါ-၅၀။
ဤသို့ မိန့်ဆိုထားကြပါသေးသည်။

ထို့ကြောင့် နှစ်ဖက်ရှုံးပုဂ္ဂိုလ်မျိုး, နှစ်ဖက်စုံမှ လွတ်သောပုဂ္ဂိုလ်မျိုး မဖြစ်ကြရအောင် သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများသည် မိမိတို့၏ ကိုယ်ကျင့်သီလကို လုံခြုံစေသည့်အပြင် သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ် နေသင့်ပါသည်၊ သို့မှသာ မိမိတို့၏ ဦးတည်ချက် ရည်မှန်းချက်သို့ ဆိုက်ရောက်နိုင်ကြပေလိမ့်မည်။

ဘုရားရှင်သည် သာဝတ္ထိမြို့မှာ ဝါကပ်တော်မူသည်၊ ပဝါရဏာ ပြုပြီးသည့်အခါ ရဟန်းများခြံရံလျက် သာဝတ္ထိမြို့မှ ထွက်ကြွလာခဲ့သည်၊ ဇနပုဒ်ဒေသစာရီလှည့်လည်တော်မူရင်း ကပိလဝတ်မြို့ နိဂြောဓရုံကျောင်းတော်သို့ ရောက်လာခဲ့သည်။

ဘုရားရှင် ကြွလာတော်မူကြောင်း ကြားသိရသည့်အခါ သာကီဝင်မင်းများကညနေဘက်မှာ(အကြောင်းအားလျော်စွာ) သုံးဆောင်ကောင်းသော ဆီ,ပျား,တင်လဲစသည်နှင့် အဖျော်များကို အထမ်းသမားတစ်ရာတို့ကို အထမ်းခိုင်းလျက် ယူလာခဲ့ကြသည်၊ ကျောင်းကို ရောက်သည့်အခါ သံဃာတော်များအား အပ်နှင်းလှူဒါန်းထားခဲ့ကြသည်၊ ဘုရားရှင်ကို ရှိခိုးဦးချကြပြီးသည့်နောက် နှုတ်ဆက်စကား ပြောကြားလျက် သင့်လျော်ရာက ထိုင်နေကြသည်၊ ဘုရားရှင်က သူတို့အား သာယာချိုသာသော စကားကို ပြောဟော ထိုင်နေတော်မူသည်။

ထိုအချိန်မှာ အချို့သောရဟန်းတော်များသည် ကျောင်းအိပ်ရာနေရာကို သုတ်သင်ရှင်းလင်းနေကြသည်၊ အချို့သောရဟန်းတော်များက ခုတင်ကုလားထိုင် စသည်တို့ကို ခင်းကျင်းပြင်ဆင်နေကြသည်၊ သာမဏေများက မြက်ရှင်းနေကြသည်။

ပစ္စည်းဝေဖန်ရာဌာနသို့ ရောက်လာသော ရဟန်းများရှိသလို မရောက်လာသော ရဟန်းများလည်း ရှိနေသည်၊ ရောက်လာသော ရဟန်းများက မရောက်လာသော ရဟန်းများအတွက် ဝေစုကို ယူကြသည့်အခါ “တပည့်တော်အတွက် ပေးပါဦး၊ တပည့်တော်တို့ရဲ့ဆရာအတွက် ပေးပါဦး၊ ဥပဇ္ဈာယ်အတွက် ပေးပါဦး”စသည်ဖြင့် ကျယ်လောင်ဆူညံစွာ ပြောဆိုနေကြသည်။

ယင်းအသံကို ကြားရသည့်အခါ ဘုရားရှင်က “အာနန္ဒာ ! ကျယ်လောင်ကျယ်လောင် လုပ်နေတာ ဘယ်သူတွေလဲ?၊ ငါးလုနေတဲ့ တံငါတွေနှင့် တူလှချည်လား”ဟု ရှင်အာနန္ဒာကို မေးတော်မူသည်၊ ရှင်အာနန္ဒာကလည်း ယင်းအကြောင်းအရာကို မထိန်မချန် အမှန်အတိုင်းပင် လျှောက်ထားသည်။

“အာနန္ဒာ ! ရဟန်းတွေဟာ ပစ္စည်းလေးပါးကို အကြောင်းပြုပြီး ကျယ်လောင်ကျယ်လောင် လုပ်နေကြသလား?”။

ရှင်အာနန္ဒာ၏ စကားအဆုံးမှာပင် ဘုရားရှင်က မေးတော်မူပြန်သည်။

"မှန်ပါတယ် ရှင်တော်မြတ်ဘုရား"။

"အာနန္ဒာ! ငါဘုရားက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်တွေကို ဖြည့်လာခဲ့တာဟာ သင်္ကန်းစတဲ့ ပစ္စည်းလေးပါးကို အကြောင်းပြုပြီး ဖြည့်လာခဲ့တာမဟုတ်ဘူး၊ ဒီရဟန်းတွေကလဲပဲ သင်္ကန်းစတဲ့ ပစ္စည်းလေးပါးကို အကြောင်း ပြုပြီး ရဟန်းပြုလာကြတာ မဟုတ်ဘူး၊ အရဟတ္တဖိုလ်ကို အကြောင်းပြုပြီး ရဟန်းပြုလာကြတာပဲ၊ ဒါပေမဲ့ အကျိုးမရှိတဲ့ ပစ္စည်းလေးပါးကို အကျိုးစီးပွားလို လုပ်နေကြတယ်၊ အနှစ်သာရမရှိတဲ့ ပစ္စည်းလေးပါးကို အနှစ်သာရလို လုပ်နေကြတယ်၊ ဒါ့ကြောင့် ဒီအပြုအမူဟာ မသင့်တော်ဘူး၊ မလျောက်ပတ်ဘူး၊ အာနန္ဒာ! သွားစမ်း၊ ဒီရဟန်းတွေကို နှင်ထုတ်လိုက်ပေတော့"။

ဘုရားရှင်က အမိန့်ရှိလိုက်သည့်အတိုင်း အရှင်အာနန္ဒာကလည်း ရဟန်းတွေကို နှင်ထုတ်လိုက်ပါတော့သည်၊ သို့သော် ကျောင်းတိုက်ထဲမှ နှင်ထုတ်လိုက်သည်ကား မဟုတ်ပါ၊ ဘုရားရှင်၏အနားသို့ ချဉ်းကပ်သွားလာခွင့်မှ နှင်ထုတ်ရုံမျှသာ ဖြစ်ပါသည်၊ ယင်းသို့ နှင်ထုတ်ခြင်းမှာလည်း "ဒီလိုနှင်ထုတ်လိုက်လို့ရှိရင် ဒီရဟန်းတွေဟာ ဒီလိုမသင့်တော်တဲ့ အမှုအရာကလေးကို လုပ်ပြီးတဲ့နောက် တစ်ချိန်မှာ ကောင်းစွာကျင့်လာကြလိမ့်မယ်" ဟူသော အကျိုးလိုလားသည့် သဘောကြောင့်သာ ဖြစ်ပေသည်။

ဘုရားရှင်သည် ယင်းသို့ ရဟန်းများကို နှင်ထုတ်ခိုင်းပြီး နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာ ကပိလဝတ်မြို့တော်တွင်းကို ဆွမ်းခံဝင်တော်မူသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် ဆွမ်းခံရွာမှ ပြန်ကြွလာခဲ့သည်၊ မဟာဝုန်တောသို့ ဝင်၍ ဥသျှစ်ပင်ပျိုအောက်၌ နေ့သန့်စင် ထိုင်နေတော်မူသည်၊ ယင်းသို့ထိုင်နေတော်မူရင်း ကြံစည်စဉ်းစားတော်မူသည်။

"ငါဘုရားက ရဟန်းတွေကို နှင်ထုတ်ခိုင်းထားခဲ့တယ်၊ အဲဒီရဟန်းတွေထဲမှာ သာသနာတွင်းကို ဝင်ရောက်ကာစ ရဟန်းသစ်ကလေးတွေလဲ ပါဝင်နေတယ်၊ နို့စို့နွားကလေးဟာ အမိကို မတွေ့ရလို့ရှိရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသလို, ဖောက်ပြန်ပျက်စီးသွားသလို, ပြီးတော့တစ်ခါ အပင်ပေါက်ကာစ ပျိုးပင်ကလေးတွေဟာ ရေကိုမရလို့ရှိရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသလို, ဖောက်ပြန်ပျက်စီးသွားသလို, အဲဒီရဟန်းကလေးတွေဟာလဲပဲ ငါဘုရားကို မတွေ့ရလို့ရှိရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစရာ ရှိတယ်၊ ဖောက်ပြန်ပျက်စီးသွားစရာ ရှိတယ်၊ ရဟန်းတွေကို ရှေးက ချီးမြှောက်လာခဲ့သလို ယခုလဲ ဆက်လက်ချီးမြှောက်ရရင် ကောင်းမှာပဲ"။

ပြောင်းလဲ ဖောက်ပြန်

'နို့စို့နွားကလေး၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှု 'ဟူသည် ညှိုးမှိုင်နေမှုပင် ဖြစ်သည်၊ နို့စို့နွားကလေးသည် အမိနွားမ

ကြီးကို မတွေ့ရသည့်အတွက် နို့မစို့ရလျှင် ညှိုးမှိုင်နေတော့သည်၊ ကတုန်ကယင် ဖြစ်နေပေတော့သည်။

'ဖောက်ပြန်ပျက်စီးမှု'ဟူသည်မှာ သေဆုံးသွားမှုပင် ဖြစ်သည်၊ ယင်းနို့စို့နွားကလေးသည် နို့မစို့ရလျှင် နို့ဆာသည့်အတွက် အသားအရေခြောက်ကပ် သေဆုံးသွားတတ်သည်။

'ပျိုးပင်ကလေး၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှု'ဟူသည် ညှိုးနွမ်းသွားမှုပင် ဖြစ်သည်၊ ရေလောင်းပေးရမည့် ပေါက်ကာစ ပျိုးပင်ကလေးတို့သည် ရေလိုချိန်မှာ ရေကို မရကြလျှင် ညှိုးနွမ်းသွားကြရတော့သည်။

'ဖောက်ပြန်ပျက်စီးမှု'ဟူသည် ပျက်စီးသွားမှုပင် ဖြစ်သည်၊ ထိုပျိုးပင်ကလေးတို့သည် ရေကို မရကြလျှင် ခြောက်သွေ့ပျက်စီးသွားကြရသည်၊ ကောက်ရိုးမျှသာ ဖြစ်ကြရတော့သည်။

'ရဟန်းသစ်ကလေး၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှု'ဟူသည် "ကြည်ညိုခြင်း ပြောင်းလဲမှု, မူလသဘောပြောင်းလဲမှု"ဟူသော နှစ်မျိုးအနက် တစ်မျိုးမျိုး ဖြစ်ပေသည်၊ "ဘုရားရှင်က တို့ကို ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့ နှင်ထုတ်တာပဲ"ဟု ကြည်ညိုမှုလျော့ပါးလာခြင်းသည် ကြည်ညိုခြင်း ပြောင်းလဲမှု မည်၏၊ ရဟန်းအသွင်ဖြင့်ပင် တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားခြင်းသည် မူလသဘော ပြောင်းလဲမှု မည်၏။

ချီးမြှောက်မှု

"အာမိသဖြင့် ချီးမြှောက်မှု, ဓမ္မဖြင့် ချီးမြှောက်မှု"အားဖြင့် ချီးမြှောက်မှု နှစ်မျိုးရှိသည်၊ သာသနာတွင်းသို့ ဝင်ရောက်ကာစ သာမဏေများနှင့် ရဟန်းငယ်များသည် သင်္ကန်းစသော ပစ္စည်းချို့တဲ့မှု, ရောဂါဝေဒနာစွဲကပ်မှု ရှိနေခဲ့ပါလျှင် ဘုရားရှင်ထံမှဖြစ်စေ, ဆရာဥပဇ္ဈာယ်တို့ထံမှဖြစ်စေ အာမိသဖြင့် ချီးမြှောက်မှုကို မရကြသည့်အခါ ပင်ပမ်းနွမ်းနယ်ကြသည့်အတွက် ရွတ်အံ့သရဇ္ဈာယ်မှု(စာအံ့မှု)ကိုလည်း မပြုနိုင်၊ တရားနှလုံးသွင်းမှုကိုလည်း မပြုနိုင်ကြတော့ချေ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်မှုကို မရကြသည့်အခါမှာမူကား စာပေသင်ကြားမှုနှင့် ဆုံးမသြဝါဒများမှ ဆုတ်ယုတ်ကြသည့်အတွက် အကုသိုလ်ကိုရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ်ကို မဖြစ်ပွားစေနိုင်ကြတော့ချေ။

ဤအနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှောက်မှုကို ရကြသည့်အခါမှာမူကား ကိုယ်ပင်ပမ်းမှုမရှိကြသည့်အတွက် ရွတ်အံ့သရဇ္ဈာယ်မှု(စာအံ့မှု), ကမ္မဋ္ဌာန်းနှလုံးသွင်းမှုကိုလည်း ဖြစ်စေနိုင်ကြသည်၊ ဆုံးမသြဝါဒအတိုင်းလည်း ကျင့်နိုင်ကြတော့သည်။

နောက်ပိုင်းအခါနှစ်မှာမူ ယင်းသို့ ချီးမြှောက်မှုကို မရကြပါသော်လည်း ရှေ့ပိုင်းထောက်ပံ့ကူညီမှုဖြင့်ပင် စွမ်းအင်ပြည့်ဝလာကြသည့်အတွက် သာသနာတော်မှာ ထောက်တည်ရာရနိုင်ကြတော့သည်၊ ထို့ကြောင့်ပင် ဘုရားရှင်က ဤသို့ ကြံစည်စဉ်းစားတော်မူရပေသည်။

ဘုရားရှင်က ယင်းသို့ ကြံစည်စဉ်းစားတော်မူနေချိန်မှာပင် သဟမ္မတိ ဗြဟ္မာက ဘုရားရှင်၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိသည်နှင့်တစ်ပြိုင်နက် "ဘုရားရှင်က နှင်ထုတ်ခိုင်းထားတဲ့ ရဟန်းတွေကို ချီးမြှောက်တော်မူလိုတဲ့အတွက် ဒီလိုကြံစည်နေတာဟာ နည်းမှန်လမ်းမှန် ကြံစည်မှုပဲ ဖြစ်တယ်၊ ဒီကိစ္စမှာ အားတက်သရော ဖြစ်လာအောင် ငါလဲ ဘုရားရှင်ကို လျှောက်ထားဦးမှပဲ"ဟု ကြံစည်လျက် ဗလကောင်းသော ယောကျ်ားက ကွေးထားသောလက်ကို ဆန့်လိုက်သလို, ဆန့်ထားသောလက်ကို ကွေးလိုက်သလို ခဏချင်း ဗြဟ္မာ့ပြည်မှ ကိုယ်ရောင်ဖျောက်ပြီး ဘုရားရှင်၏ ရှေတော်မှောက်ကို ရောက်လာခဲ့သည်။

ရောက်လာသည်နှင့်တစ်ပြိုင်နက် အပေါ်ရုံတဘက်ကို လက်ဝဲဘက်ပခုံးပေါ်မှာ တင်ထားပြီး မြှောက်ချီထားသော လက်အုပ်ကို ဘုရားရှင်ရှိတော်မူရာဘက်သို့ ညွှတ်စေလျက် ဘုရားရှင်အား လျှောက်ထားပါတော့သည်။

"ရှင်တော်မြတ်ဘုရား၏ ဒီအကြံအစည်ဟာ မှန်လှပါတယ်၊ သင့်တော်လှပါတယ်၊ ရဟန်းတော်များ ရှင်တော်ဘုရားဆီ ကြွလာတာကို နှစ်သက်ကျေနပ်တော်မူပါ၊ ရဟန်းတော်များကို ဆုံးမတော်မူပါ၊ ရှေးက ချီးမြှောက်တော်မူသလို ယခုလဲပဲ ရဟန်းတော်တွေကို ချီးမြှောက်တော်မူပါ"။

သဟမ္မတိဗြဟ္မာ၏ တောင်းပန်လျှောက်ထားချက်ကို ဘုရားရှင်က ဆိတ်ဆိတ်နေတော်မူသောအားဖြင့် လက်ခံတော်မူသည်၊ သဟမ္မတိဗြဟ္မာကလည်း ဘုရားရှင် လက်ခံကြောင်းကို သိနားလည်သည့်အတွက် ဘုရားရှင်ကို ရှိခိုးအရိုအသေပေးကာ ထိုနေရာမှာပင် ကွယ်ပျောက်သွားပါတော့သည်။

ညနေချမ်းအချိန်၌ ဘုရားရှင်သည် တစ်ပါးတည်းကိန်းအောင်းတော်မူရာမှ ထလာခဲ့သည်၊ နိကြောဓရုံကျောင်းတော်သို့ရောက်သည့်အခါ ခင်းထားပြီးဖြစ်သော ဘုရားနေရာမှာ ထိုင်တော်မူသည်။

"ဒီရဟန်းတွေဟာ တစ်ပါးချင်းနှစ်ပါးချင်း ထိတ်လန့်ကြောက်ရွံ့တဲ့ သဘောမျိုးနဲ့ ငါဘုရားထဲ ချဉ်းကပ်လာရောက်ကြရမယ်"။

ထိုခဏမှာ ဘုရားရှင်က ဤသို့ မိန့်ဒေါန်တော်မူလိုက်သည်၊ တန်ခိုးဖန်ဆင်းမှုကို ပြုတော်မူသည်၊ အဘယ့်ကြောင့် ယင်းသို့ မိန့်ဒေါန်မှု, တန်ခိုးဖန်ဆင်းမှုကို ပြုတော်မူရပါသနည်း။

ထိုရဟန်းတော်များသည် အုပ်စုလိုက်အုပ်စုလိုက် လာကြပါလျှင် "ဘုရားရှင်က ရဟန်းတွေကို နှင်ထုတ်ပြီးတဲ့နောက် တောထဲကို ဝင်သွားတာပဲ၊ တောထဲမှာ တစ်နေ့လေးတောင်မှ မနေနိုင်ခဲ့ဘူး၊ အလျင်စလို ပြန်လာခဲ့တာပဲ"ဟု ပြောင်လှောင်ပြောဆိုမှုကို ပြုကြရာ၏၊ ဤသည်မှာ ပုထုဇဉ်များ စုဝေးမိသည့်အခါ ဖြစ်တတ်သော သဘောပင်

ဖြစ်ပါသည်၊ ယင်းသို့ ပြောင်လှောင်ပြောဆိုမှုကို ပြုမိခဲ့ပါလျှင် သူတို့မှာ ဘုရားရှင်အပေါ်၌ ရိုသေလေးစားမှုလည်း၊ ကင်းကွာ, တရားတော်ကိုလည်း လက်ခံနိုင်စရာ မရှိတော့ချေ။

"ကြောက်ရွံ့ထိတ်လန့်မှုရှိပြီး တစ်ပါးချင်း နှစ်ပါးချင်း လာကြပါလျှင် ဘုရားရှင့် အပေါ်၌လည်း ရိုသေလေးစားမှု ရှိလာပေလိမ့်မည်၊ တရားတော်ကိုလည်း လက်ခံနိုင်ကြပေလိမ့်မည်"ဟု ကြံစည်တော်မူလျက် သူတို့၏ အကျိုးစီးပွားကို မျှော်လင့်တောင့်တတော်မူသောကြောင့် ဤသို့ ဓိဋ္ဌာန်မှု, တန်ခိုးဖန်ဆင်းမှုကို ပြုတော်မူရပါသည်။

ထိုရဟန်းတို့သည်လည်း တစ်ပါးချင်း နှစ်ပါးချင်း ကြောက်ရွံ့ထိတ်လန့်သောသဘော ရှိကုန်လျက် ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ် ရောက်လာကြသည်၊ ယင်းသို့ စိတ်တထင့်ထင့်ဖြင့် ရောက်လာကြသော ရဟန်းများအနက် "ရဟန်းတစ်ပါးက ဘုရားရှင်ဟာ ငါ့ကိုပဲ ကြည့်နေတာပဲ၊ ငါ့ကိုနှိပ်ကွပ်လိုဟန်တူတယ်"ဟု ထင်မှတ်လျက် ဖြည်းညှင်းစွာလာ၍ ရှိခိုး ထိုင်နေသည်၊ ထို့နောက် တစ်ပါးပြီးတစ်ပါး ဤနည်းအတိုင်းကြွလာ၍ ရဟန်းငါးရာလုံး ထိုင်နေလာကြသည်။

ယုဂန္ဓိုရ်စသော တောင်စဉ်ခုနစ်ထပ်တို့၏ အကြား၌ ငြိမ်သက်စွာ တည်နေသော သီဒန္တရ သမုဒ္ဒရာကဲ့သို့လည်းကောင်း, လေငြိမ်ရာအရပ်၌ ထွန်းထားသော ဆီမီးကဲ့သို့လည်းကောင်း မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသော ရဟန်းတော်များကို တွေ့ရသည့် အခါ ဘုရားရှင်က ကြံစည်စဉ်းစားတော်မူပြီး ရဟန်းတော်များနှင့် သင့်တော်မည့်တရားကို ဟောကြားတော်မူသည်။-

"ရဟန်းတို့ ! အသက်မွေးမှု အမျိုးမျိုးရှိတဲ့အနက် ထမင်းတောင်းစား အသက်မွေးရမှုဟာ အောက်တန်းအကျဆုံး ဖြစ်တယ်၊ 'ထမင်းရှာဖွေရင်း ခွက်လက်စွဲကာ လှည့်လည်နေရပါစေ'ဆိုတဲ့စကားဟာ လူ့လောကမှာ ကျိန်ဆဲတဲ့ စကားပဲ ဖြစ်တယ်၊ ဒါပေသည့် အကျိုးထူးကို အလိုရှိနေကြတဲ့ အမျိုးကောင်းသားတွေဟာ အကျိုးထူးကိုပဲ အကြောင်းပြုပြီး အဲဒီ ထမင်းတောင်းစား အသက်မွေးရတဲ့ ငါဘုရား၏ သာသနာမှာ ဝင်ရောက်လာကြတယ်။

မင်းပြစ်မင်းဒဏ်သင့်လို့ ဝင်ရောက်လာကြတာလဲ မဟုတ်၊ ခိုးသားဓားပြတွေရဲ့ ဖမ်းယူနှိပ်စက်မှုကို ခံရလို့ ဝင်ရောက်လာကြတာလဲ မဟုတ်၊ ကြွေးမြီနှိပ်စက်လို့ ဝင်ရောက်လာကြတာလဲ မဟုတ်၊ အသက်မွေးမှုနှိပ်စက်လို့ (သားမယားကို မကျွေးမွေးနိုင်လို့) ဝင်ရောက်လာကြတာလဲ မဟုတ်။

အမှန်ကတော့ 'ပဋိသန္ဓေ နေရတဲ့ဆင်းရဲ, အိုရတဲ့ဆင်းရဲ, သေရတဲ့ဆင်းရဲ, စိုးရိမ်ပူဆွေးရတဲ့ဆင်းရဲ, ငိုကြွေးမြည်တမ်းရတဲ့ဆင်းရဲ, ကိုယ်ပင်ပမ်းရတဲ့ဆင်းရဲ, စိတ်ပင်ပမ်းရတဲ့ဆင်းရဲ, အပြင်းအထန်ပင်ပမ်းရတဲ့ဆင်းရဲတွေက တို့တစ်တွေကို ဝင်ရောက်နှိပ်စက်နေတယ်၊ တို့တစ်တွေဟာ ဆင်းရဲတွင်းကို သက်ဆင်းနေကြ

ရတယ်၊ ဆင်းရဲတွင်း နက်နေကြတယ်၊ တို့တစ်တွေဟာ ဆင်းရဲဒုက္ခရဲ့ လွမ်းမိုး နှိပ်စက်မှုကို ခံနေကြရတယ်၊ ချမ်းသာမဖက် ဒီဆင်းရဲသက်သက် ကုန်ဆုံးသွားအောင် လုပ်နိုင် တန်ကောင်းရဲ့'ဆိုတဲ့ ရည်ရွယ်ချက် (ဦးတည်ရည်မှန်းချက်)နဲ့ ဝင်ရောက်လာကြတာ ဖြစ်တယ်။

ဒီလိုရည်ရွယ်ချက်မျိုးနဲ့ ရဟန်းပြုလာတဲ့အမျိုးကောင်းသားက မက်မောမှုများသူ, ကာမဂုဏ်တွေမှာ ထက်ထက်သန်သန် တပ်စွဲနေသူ, သူတစ်ပါးကို ဖျက်လိုဖျက်ဆီး စိတ်ရှိနေသူ, ပျက်စီးတဲ့စိတ်အကြံရှိနေသူ, သတိကင်းလွတ်သူ(မေ့လျော့ ပေါ့ဆသူ), ဆင်ခြင်တိုင်းတာဉာဏ် မရှိသူ, မတည်ကြည်သူ(သမာဓိ မရှိသူ), စိတ်ဓာတ် မခိုင်မြဲသူ(စိတ်လှုပ်ရှားသူ), ဣန္ဒြေမဲ့သူ(ဂနာမငြိမ် ဣန္ဒြေမရသူ)မျိုး ဖြစ်နေခဲ့ရင် အစွန်းနှစ်ဖက်မှာလဲ မီးရှိနေ, အလယ်မှာလဲ မစင်ပေနေတဲ့(အပြင်, အရှည်လက်ရှစ်သစ်မျှသာ ရှိတဲ့)ထင်းကလားဟာ (လူသေကောင်ကို မီးသင်္ဂြိဟ်ရာမှာ မီးသွေးမဖြစ်ဘဲ ကျန်ရစ်နေတဲ့ မီးလောင်ထင်းစဟာ) သစ်သားတစ်ခုအနေနဲ့ ရွာမှာလဲအသုံးမဝင်၊ တောမှာလဲအသုံးမဝင်တော့သလို အဲဒီပုဂ္ဂိုလ်မျိုးဟာ 'လူတွေရဲ့ ပစ္စည်းဥစ္စာကလဲ ဆုတ်ယုတ်သူ, ရဟန်းကိစ္စကိုလဲ မပြီးစီးစေနိုင်သူ'လို့ပဲ ဆိုစရာ ရှိတော့တယ်"။

ထို့နောက် 'ဤပုဂ္ဂိုလ်မျိုး၏ ထင်းကလားနှင့် တူသောသဘောကို အမိအဘတို့က လုပ်ပေးလိုက်သည်လည်း မဟုတ်၊ ဆရာဥပဇ္ဈာယ်တို့က ပြုလုပ်ပေးလိုက်သည်လည်း မဟုတ်၊ အမှန်မှာ ဤကာမဝိတက် စသည်တို့ကပင် ပြုလုပ်ပေးနေကြောင်း' စသည်တို့ကိုလည်း ဘုရားရှင်က ဆက်လက် ဟောတော်မူပြန်သည်၊ တရားတော်၏အဆုံးမှာ ရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြတော့သည်။

ရဟန်းများ၏ အညစ်အကြေး*

၁။ မိမိမှာ အပြစ်ရှိနေသည်ကို မသိစေလိုခြင်း၊
၂။ အပြစ်ပေါ်လာသည့်အခါ ဆိတ်ကွယ်ရာမှာ စစ်ဆေးစေလိုခြင်း၊
၃။ မိမိနှင့်အဆင့်အတန်းတူသောပုဂ္ဂိုလ်၏ စစ်ဆေးမှုကို ခံလိုခြင်း၊
၄။ ဘုရားရှင် တရားဟောရာမှာ အမေးခံလိုခြင်း၊
၅။ ဦးစီးခေါင်းဆောင် လုပ်လိုခြင်း၊
၆။ နေရာဦး ဆွမ်းဦးကို ရလိုခြင်း၊
၇။ အနုမောဒနာတရား ဟောလိုခြင်း၊
၈။ သံဃာအား တရားဟောလိုခြင်း၊
၉။ ဘိက္ခုနီအား တရားဟောလိုခြင်း၊
၁၀။ ရဟန်းများ၏ ရိုသေမြတ်နိုးမှုကို ခံလိုခြင်း၊

* မူပဏ္ဏာ-ပါ ၊ ၃၂။ ၄-၁ ၊ ၁၄၇။ ဋီ-၁ ၊ ၂၄၈။

၁၁။ ဘိက္ခုနီဒါယကာဒါယိကာမများ၏ ရိုသေမြတ်နိုးမှုကို ခံလိုခြင်း၊
၁၂။ သင်္ကန်းကောင်း ရလိုခြင်း၊
၁၃။ ဆွမ်းကောင်း, ကျောင်းကောင်း, ဆေးကောင်း ရလိုခြင်း။

သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများမှာ ဤအလိုဆိုးများ ထိုက်သည်အား‌လျော်စွာ ဖြစ်ပေါ်လာတတ်ပါသည်၊ မိမိအလိုရှိတိုင်း ဖြစ်မလာသည့်အခါ ဒေါသထွက်မှု, စိတ်မချမ်းမြေ့မှုများ ဖြစ်လာတတ်သည်၊ အလိုဆိုးကြောင့် အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုများ ရှိနေကြောင်းကို သိရသည့်အခါ ယင်းရဟန်းသည် သီတင်းသုံးဖော်များ၏ ရိုသေလေးစားမှုကို မခံရတော့ချေ။

အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှု မရှိကြောင်းကို သိရမှသာ သီတင်းသုံးဖော်များ၏ ရိုသေလေးစားမှုကို ခံရတတ်ပေသည်၊ သို့ဖြစ်၍ သာသနာ့ဝန်ဆောင်ရဟန်းတော်များသည် ရဟန်းလောကတစ်ခုလုံးကို ဝင်ရောက်နှိပ်စက်နေသော အလိုဆိုးများ မိမိထံသို့ မလာမရောက်နိုင်အောင် စောင့်ရှောက်ကာကွယ်သင့်ပါသည်။

ဆောင်။ ။ဖုံးဖိပြစ်ဆာ, ကွယ်ရာစစ်မှု, တူသူ့စစ်ခံ, မေးခံရန်နှင့်, ပြုရန်ရှေ့ဆွား, ဦးဖျားရမှု, အနုမောဒနာ, ဟောလိုပါ၏၊ သံဃာတော်အား, တရားဟောမှု, ဘိက္ခုနီကို, ဟောလိုတရား, ရဟန်းများတို့, လေးစားရိုသေ, ကျန်နေ ပရိသတ်, လေးမြတ်ရန်မှန်း, သင်္ကန်းအကောင်း, ဆွမ်းကျောင်းကောင်းနှင့်, ဆေးကောင်းရရန်, လိုရှိပြန်လည်း, ရည်သန်တိုင်းသာ, ဖြစ်မလာသော, စိတ်မှာပူပင်, ဒေါသထင်က, လူရှင်ရိုသေ, မရှိပေတည့်၊ စိတ်နေချောမှ, ရိုသေကြသည် ..... ပယ်ကြလိုဆိုး အကုန်တည်း။

ဖုံးဖိပြစ်ဆာ သာသနာတော်၌ အချို့သောရဟန်းမှာ "ငါ အာပတ်သင့်နေတာကို ရဟန်းများ မသိရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ထိုရဟန်း အာပတ်သင့်နေကြောင်းကို အခြားရဟန်းများ သိရန်အင့်ကြောင်းလည်း ရှိနေပြန်သည်၊ (ယင်းသို့ သိသွားသည့်အခါ) "ငါ အာပတ်သင့်နေတာကို ရဟန်းများ သိနေကြတယ်"ဟု ထိုရဟန်းသည် အမျက်ထွက်၏၊ စိတ်မချမ်းမြေ့တော့ပေ၊ ဤအမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုနှစ်ပါးသည် အညစ်အကြေး (အင်္ဂ)မည်၏။

ရဟန်းတစ်ပါး အာပတ်သင့်နေကြောင်းကို ရဟန်းကြီးများ သိသွားလျှင် ရဟန်းလတ်အား ပြောတတ်သည်၊ ရဟန်းလတ်များက ရဟန်းငယ်များကို ပြောတတ်သည်၊ ရဟန်းငယ်များက ကျောင်းမှာ မှီခိုစားသောက်နေသူများကို ပြောတတ်သည်၊ သူတို့က တစ်ဆင့် သြဝါဒအလို့ငှါ လာကြသော ဘိက္ခုနီများကို ပြောတတ်သည်၊ ဤသို့လျှင် အဆင့်ဆင့် ပရိသတ်လေးပါးလုံး သိသွားကြတော့သည်၊ ယင်းသို့ မကောင်းသတင်း

ကျယ်ပြန့်သွားခြင်းသည် ထိုရဟန်းအတွက် လာဘ်လာဘရမှု၏ အနှောင့်အယှက် အန္တရာယ် ဖြစ်လာတော့သည်။

ထို့ကြောင့် ပင်ကိုယ်က ဘုန်းကံအထိုက်အလျောက်ရှိ၍ လူတို့၏ ရိုသေလေးစားမှုကို ခံနေရသည့်အပြင် ပစ္စည်းလာဘ်လာဘကို လိုလားမက်မောသော ရဟန်းမျိုးသည် မိမိ အာပတ်သင့်ကြောင်းကို မသိစေလိုပေ၊ ဖုံးဖိနိုင်သမျှ ဖုံးဖိထားတတ်သည်။

သို့သော် 'အပြစ်'ဟူသည် တစ်သက်လုံး ဖုံးဖိထား၍ ရရိုး မရှိပါ၊ တစ်နေ့မဟုတ် တစ်နေ့မှာ ဘူးပေါ်သလို ပေါ်လာတတ်ပါသည်၊ လူရောရှင်ပါ သိလာတတ်ပါသည်၊ တောမီးလောင်သလို မကောင်းသတင်း ခဏချင်း ပျံ့နှံ့သွားတတ်သည်။

'ဂုဏ်တို့'မည်သည် ဖြည်းဖြည်းချင်း ရောက်လာတတ်သည်၊ 'အပြစ်တို့'မည်သည် မှာကား တစ်နေ့တည်းဖြင့်ပင် ပျံ့နှံ့သွားတတ်သည်၊ ဤသို့လည်း အဋ္ဌကထာဆရာများ မိန့်ဆိုထားပါသေးသည်။ မူပဏ္ဏ-၄-၂၊ ၅။

ဤအခြေအနေမျိုး ဖြစ်ပေါ်လာပါက ရွာတစ်ရာလောက်သို့ဝင်၍ တံခါးပေါက် သောင်းကိုးထောင်လောက်မှာ ဆွမ်းခံရပ်စေကာမူ ဆွမ်းတစ်ဇွန်းမျှ မရဘဲ ဆေးမြိတိုင်းသော သပိတ်ဖြင့်ပင် ပြန်လာရတတ်ပေသည်။

သို့ဖြစ်ရကား အဆိုပါရဟန်းမျိုးသည် မိမိအလိုရှိသည့်အတိုင်း ဖြစ်မလာခဲ့ပါလျှင် "ငါဟာ ရဟန်းတွေရဲ့ ဖျက်ဆီးမှုကို ခံနေရတာပဲ"ဟု ဒေါသဖြစ်လာပါတော့သည်၊ စိတ်ချမ်းမြေ့မှုလည်း မရှိနိုင်တော့ချေ။

ကျယ်ရာစစ်မှု အချို့သော ရဟန်းမှာ "အာပတ်သင့်နေတဲ့ ငါ့ကို သံဃာ့အလယ်မှာ မစစ်ဆေးဘဲ သင့်လျော်တဲ့ ဆိတ်ကွယ်ရာမှာ စစ်ဆေးလျှင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ယင်းရဟန်းကို ရဟန်းများက ဆိတ်ကွယ်ရာမှာ မစစ်ဆေးဘဲ သံဃာ့အလယ်မှာ စစ်ဆေးရန်အကြောင်းလည်း ရှိနေပြန်သည်၊ (ယင်းသို့ စစ်ဆေးခဲ့ပါလျှင်) "ရဟန်းများက ငါ့ကို သံဃာ့အလယ်မှာ စစ်ဆေးနေကြတာပဲ၊ သင့်တော်တဲ့ ဆိတ်ကွယ်ရာမှာ စစ်ဆေးဖော်မရဘူး"ဟု ထိုရဟန်း အမျက်ထွက်လာတော့သည်၊ စိတ်ချမ်းမြေ့မှုလည်း မရှိနိုင်တော့ချေ။

ထိုရဟန်းသည် မလွဲသာမရှောင်သာ အစစ်အဆေး ခံရသည့်အခါ မိမိကို ကျောင်းတိုက်အစွန်အဖျား ကျောင်းတစ်ကျောင်းသို့ ခေါ်သွားပြီး တံခါးပိတ်စစ်ဆေးမှုကို အလိုရှိနေသည်၊ သို့သော် သူ့အလိုကား မပြည့်ဝတော့ချေ၊ သူ့ကို ပရိသတ်အလယ်သို့ ခေါ်ကြသည်၊ ဝိနည်းကျွမ်းကျင်သောရဟန်း, ခေါင်းဆောင်ရဟန်းများက 'ငါ့ရှင်ဟာ ဟိုနေရာဟိုဌာနမှာ ဆေးကုမှုကို လုပ်ခဲ့တယ်မဟုတ်လား' စသောနည်းဖြင့် စစ်မေးကြတော့သည်၊ သို့ဖြင့် ပရိသတ်အလယ်မှာ အပြစ်ရှိနေကြောင်း ထင်ရှားလာပါတော့သည်၊

သူ၏ မကောင်းသတင်းလည်း ခဏချင်း ကျယ်ပြန့်သွားတော့သည်၊ ထိုရဟန်းသည်လည်း ဆွမ်းတစ်ဇွန်းမျှ မရဘဲ ဆေးမြိတိုင်းသော သပိတ်ဖြင့်ပင် ပြန်လာရမည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရပေတော့သည်။

တူသူ့စစ်ခံ

ဤသာသနာတော်၌ အချို့သောရဟန်းမှာ "အာပတ်သင့်နေတဲ့ငါ့ကို အဆင့်အတန်း မတူတဲ့ပုဂ္ဂိုလ်က မစစ်ဆေးဘဲ အဆင့်အတန်း တူမျှတဲ့ ပုဂ္ဂိုလ်က စစ်ဆေးရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန်အကြောင်း ရှိသည်၊ ထိုရဟန်းကို အဆင့်အတန်း တူသောပုဂ္ဂိုလ်က မစစ်ဆေးဘဲ ဆင့်အတန်းမတူသော ပုဂ္ဂိုလ်က စစ်ဆေးရန်အကြောင်းလည်း ရှိနေပြန်သည်၊ (ယင်းသို့ သူမျှော်မှန်း ထားသည့်အတိုင်း ဖြစ်မလာသောအခါ) အဆင့်အတန်း မတူတဲ့ပုဂ္ဂိုလ်ကသာ ငါ့ကို စစ်ဆေးနေတာပဲ၊ အဆင့်အတန်းတူတဲ့ပုဂ္ဂိုလ်ကတော့ မစစ်ဆေးဘူး"ဟု ထိုရဟန်း အမျက်ထွက်လာတော့သည်၊ စိတ်မချမ်းမြေ့တော့ချေ။

'အဆင့်အတန်းတူသောပုဂ္ဂိုလ်'ဟူသည် မိမိကဲ့သို့ အာပတ်သင့်နေသော ပုဂ္ဂိုလ်မျိုးပင် ဖြစ်သည်၊ ထိုသို့အာပတ်သင့်နေသည့်ရဟန်းက စစ်ဆေးလာသည့်အခါမှာ "အရှင်ဘုရား ကလဲ ဒီအာပတ် ဒီအာပတ်တွေ သင့်နေတယ် မဟုတ်လား၊ အဲဒီ ကိုယ့်အာပတ်တွေကိုပဲ စင်ကြယ်အောင် လုပ်စမ်းပါဦး၊ ပြီးမှ တပည့်တော်ကိုလဲ စစ်လိုရင် စစ်တာပေါ့"ဟု ပြောဆိုနိုင်သည်- ဟူသောအမှတ်ဖြင့် ဤရဟန်းသည် အာပတ်သင့်နေသောပုဂ္ဂိုလ်၏ စစ်ဆေးခံရမှုကို အလိုရှိနေသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ 'အဆင့်အတန်းတူသောပုဂ္ဂိုလ်'ဟူသည် ဇာတ်စသည်ဖြင့် တူသောပုဂ္ဂိုလ်မျိုးပင် ဖြစ်သည်၊ "မိမိနှင့် အမျိုးဇာတ်, ဗဟုသုတရှိမှု, ထက်မြက်မှု, ဓုတင်စသည်တို့ဖြင့် အဆင့်အတန်းတူတဲ့ ပုဂ္ဂိုလ်က ပြောဆိုတဲ့စကားဟာ သိပ်နာကျည်းစရာ မရှိဘူး"ဟူသော အမှတ်ဖြင့် ဤရဟန်းသည် မိမိနှင့် အမျိုးဇာတ်စသည်ဖြင့် အဆင့်အတန်းတူသူ၏ စစ်ဆေးမှုကိုသာ အလိုရှိနေပေသည်။

'အဆင့်အတန်း မတူသောပုဂ္ဂိုလ်'ဟူသည် မိမိနှင့် အာပတ်သင့်မှုစသောအားဖြင့် မတူသည့် စင်ကြယ်သော ပုဂ္ဂိုလ်ပင် ဖြစ်သည်၊ ဤသို့ အဆင့်အတန်းမတူသူကား ဆန့်ကျင်ဘက် ရန်သူပင်ဖြစ်သည်၊ ဆူးငြောင့်သဖွယ် ဖြစ်သည်၊ မိမိကို မစစ်ဆေးသင့်၊ ဤသို့ ယူဆထားသည်၊ သို့ဖြင့် မိမိအလိုအတိုင်း ဖြစ်မလာဘဲ ထိုစင်ကြယ်သော ပုဂ္ဂိုလ်မျိုး၏ စစ်ဆေးမှုကို ခံရသည့်အတွက် အမျက်ထွက်လာတော့သည်၊ စိတ်ချမ်းမြေ့မှုကား အဘယ်မှာလျှင် ရှိနိုင်ပါတော့မည်နည်း။

မေးခံရန်နှင့်

အချို့သောရဟန်းမှာ "ဘုရားရှင်က အခြားရဟန်းကို မေးမြေးမြေး တရားမဟောဘဲ ငါ့ကိုသာ မေးမြေးမြေး ရဟန်းတော်တို့အား တရားဟောရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ဘုရားရှင်က ထိုရဟန်းကို

မေး၍မေး၍ တရားမဟောဘဲ အခြားရဟန်းကို မေး၍မေး၍ တရားဟောရန် အကြောင်းလည်း ရှိနေပြန်သည်၊ (သို့ ဖြစ်လာခဲ့ ပါလျှင်) "ဘုရားရှင်က အခြားရဟန်းကို မေးကာမေးကာ ရဟန်းတွေအား တရားဟောနေတာပဲ၊ ငါ့ကိုတော့ မေးဖော်မရဘူး"ဟု ထိုရဟန်း အမျက်ထွက်လာပါတော့သည်၊ စိတ်မချမ်းမြေ့တော့ချေ။

ဤရဟန်းသည် လာဘ်ကိုမက်မောသည်ဖြစ်၍ ဘုရားရှင်၏ မေးမြန်းမှုကို အလိုရှိနေသည်၊ မေးသည့်အခါမှာလည်း အနုမတိပုစ္ဆာ (သဘောတူညီမှုကိုရရန် မေးခြင်းမျိုး)ဖြင့်သာ မေးစေလိုသည်၊ 'ရဟန်း! သင်ဟာ ဘယ်အပြစ်ကို ကျူးလွန်ထားတယ်ဆိုတာ မှန်ရဲ့လား'စသည်ဖြင့် တိုက်ရိုက် မမေးစေလို၊ မဂ်ကိုပွားများပုံ အကြောင်းကိုလည်း မမေးစေလို၊ ဖိုလ်ကို မျက်မှောက်ပြုပုံ အကြောင်းကိုလည်း မမေးစေလို၊ အထွတ်အထိပ်သို့ရောက်သော ဝိပဿနာကို အားထုတ်ပုံ အကြောင်းကိုလည်း မမေးစေလို၊ နိရောဓသမာပတ် ဝင်စားပုံ အကြောင်းကိုလည်း မမေးစေလို၊ 'နိစ္စလား၊ အနိစ္စလား'စသော သဘောတူညီမှုကို ရခြင်းနှင့်စပ်သော မေးခွန်းမျိုးကိုသာ မေးစေလိုသည်၊ ပေါ်လွင်ထင်ရှားသော မေးခွန်းကိုသာ မေးစေလိုသည်။

ဤရဟန်းသည် ဘုရားရှင်က သာရိပုတ္တရာ-စသော မထေရ်များကို "သာရိပုတ္တရာ! (မောဂ္ဂလာန်! ကဿပ! ရာဟုလာ!) ယခုအခါ ငါပြောမယ့်ဟာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ စက္ခုဟာ နိစ္စလား၊အနိစ္စလား"ဟု ပရိသတ်အလယ်မှာ မေး၍မေး၍ တရားဟောတော်မူသည်ကိုလည်း တွေ့ရသည်၊ "မထေရ်တွေက ပညာရှိပါပေတယ်၊ ဘုရားရှင်ရဲ့စိတ်ကို နှစ်သိမ့်ကျေနပ်စေနိုင်ကြပါပေတယ်"ဟု မထေရ်တို့၏ ဂုဏ်ကျေးဇူးကို လူများက ပြောဆိုနေကြသည်ကိုလည်း တွေ့နေရသည်၊ လာဘ်ပူဇော်သက္ကာရကို ဆောင်ယူလှူဒါန်းနေကြသည်ကိုလည်း တွေ့နေရသည်၊ သို့ဖြင့် ယင်းပူဇော်သက္ကာရ လာဘ်လာဘကို လိုချင်မက်မောသည့်အတွက် "ဘုရားရှင်က ငါ့ကို မေး၍မေး၍ တရားဟောရင် ကောင်းမှာပဲ"ဟု စဉ်းစားမြော်တွေးလျက် မြုပ်စိုက်ထားသောငုတ်ကဲ့သို့ ဘုရားရှင်၏ ရှေတော်မှောက်မှာပင် ရှိနေတော့သည်။

ထိုစဉ် ဘုရားရှင်က သူ့ကို ထည့်သွင်းစဉ်းစားမှုမျှကိုပင် မပြုဘဲ (ရှိနေသည်ဟူ၍ပင် သဘောမထားဘဲ) အနားမှာရှိနေသော မထေရ်တစ်ပါးကို မေး၍မေး၍ တရားဟောပါတော့သည်၊ ထို့ကြောင့် သူသည် "ငါဟာ ရဟန်းပြုချိန်ကစပြီး ဂန္ဓကုဋိပရိဝုဏ်မှ အပြင်သို့ ထွက်ရမှန်းတောင် မသိခဲ့ဘူး၊ အခါခပ်သိမ်း အရိပ်သဖွယ် စွန့်တယ်လို့ပင် မရှိခဲ့ပါဘူး၊ (ဒီလိုနေပါလျက်နဲ့) ငါ့ကို မေးပြီး တရားဟောရုံမျှပင် မရှိခဲ့ပါဘူး၊ အခုခဏလေး အတွင်းမှာတွေ့ရတဲ့ မထေရ်ကို မေးပြီး တရားဟောရက်ပလေတယ်"ဟု ဘုရားရှင်ကိုလည်း စိတ်ဆိုးအမျက်ထွက်တော့သည်။

"ဒီမထေရ်ကြီးဟာ ဘုရားရှင်ရဲ့မှာ သစ်ငုတ်ကြီးလို ထိုင်နေခဲ့တယ်၊ တရားမျှတမှုကို လိုလားသူတွေက ဒီနေရာနှင့် မတော်ဘူး, မတန်ဘူး-ဆိုပြီး ဘယ်တော့များ နှင်ထုတ်

ကြပါ့မလဲ၊ ဒီမထေရ်အိုကြီးက ဒီနေရာမှာ မရှိခဲ့ရင် တကယ်ပဲ ဘုရားရှင်က ငါနှင့် စကားပြောရတော့မှာပဲ”ဟု မထေရ်ကြီးကိုလည်း စိတ်ဆိုးအမျက်ထွက်ပါတော့သည်။

ပြုရန်ရှိသွား

အချို့သော ရဟန်းများမှာ “အခြားရဟန်းတွေကို ရွေကမထားဘဲ ငါ့ကိုသာ ရွေကထားပြီး ရွာထဲကို ဆွမ်းခံဝင်ကြရင် ကောင်းမှာပဲ”ဟု အလိုဆိုးဖြစ်ရန်အကြောင်းရှိသည်၊ ရဟန်းတွေက ထိုရဟန်းကို ရွေကမထားဘဲ အခြားရဟန်းကို ရွေကထား၍ ရွေကထား၍ ဆွမ်းခံဝင်ရန်အကြောင်းလည်း ရှိနေပြန်သည်၊ (သို့ဖြစ်လာပါလျှင်) “ရဟန်းတွေက အခြားရဟန်းကို ရွေကထားပြီး ရွေကထားပြီး ရွာထဲကိုဆွမ်းခံဝင်နေကြတာပဲ၊ ငါ့ကိုတော့ ရွေကထားပြီး ရွေကထားပြီး ဆွမ်းခံမဝင်ကြဘူး”ဟု ထိုရဟန်း အမျက်ထွက်လာပါတော့သည်၊ စိတ်မချမ်းမြေ့တော့ချေ။

ဤရဟန်းသည်လည်း ပစ္စည်းလာဘ်လာဘကို မက်မောသူပင် ဖြစ်သည်၊ သူသည် ဗဟုသုတပြည့်ဝသော ရဟန်းများက အခြံအရံ အများအပြားဖြင့် ရွာထဲသို့ ဝင်ကြသည်ကိုလည်း တွေ့ရသည်၊ ဘုရားဝတ်ပြုနေကြသည်ကိုလည်း တွေ့ရသည်၊ အခြံအရံ ပရိသတ်နှင့်ပြည့်စုံမှု တပည့်ရဟန်းများ၏ ရိုသေလေးစားမှုကို တွေ့ကြရ မြင်ကြရသည့် အတွက် ထိုရဟန်းကို ဒါယကာဒါယိကာမများက ကြည်ညိုလာကြသည်ကိုလည်း တွေ့ရသည်၊ ထို့ကြောင့် သူက ဦးစီးခေါင်းဆောင်လုပ်ပြီး ဆွမ်းခံဝင်ရန် လိုလားလာသည်။

မိမိအလိုအတိုင်း ဖြစ်မလာသည့်အခါမှာ “ဒီရဟန်းတွေဟာ ငါရမယ့် သင်္ကန်းတွေကိုရော ဆွမ်းကိုရော ခံယူနေကြတယ်၊ သုံးဆောင်နေကြတယ်၊ သပိတ်ကိုယူပြီး နောက်ကလိုက်လာပေမဲ့ ငါ့မှာတော့ ဘာတစ်ခုမျှ မရတော့ဘူး”ဟု ရဟန်းများကိုလည်း စိတ်ဆိုးအမျက်ထွက်သည်။

“ဒီမထေရ်အိုကြီးဟာ ဟိုနေရာမှာလဲသူ, ဒီနေရာမှာလဲသူ, နေရာတကာ သူချည်းပဲ၊ တရားမျှတမှုကို လိုလားသူတွေက ဘယ်တော့များ နှင်ထုတ်ပစ်ကြပါ့မလဲ၊ ဒီမထေရ်အိုကြီး မရှိရင် အမှန်တကယ် ငါ့ကိုသာ ခြံရံလာကြရတော့မှာပဲ”ဟု မထေရ်ကြီးကိုလည်း စိတ်ဆိုးအမျက်ထွက်သည်။

ဦးဖျားရမှု

အချို့သောရဟန်းမှာ “ဆွမ်းစားရာဌာနရောက်တော့ နေရာဦး, ရေဦး, ဆွမ်းဦးကို အခြားရဟန်းမရဘဲ ငါကသာရရင် ကောင်းမှာပဲ”ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ဆွမ်းစားရာဌာနကို ရောက်သည့်အခါ နေရာဦး, ရေဦး, ဆွမ်းဦးကို ထိုရဟန်း မရဘဲ အခြားရဟန်းကသာ ရရန်အကြောင်းလည်း ရှိနေပြန်သည်၊ (ယင်းသို့ မှန်းခြေမကိုက်သည့်အခါ) “ဆွမ်းစားရာဌာနရောက်တော့ နေရာဦး, ရေဦး, ဆွမ်းဦးကို အခြားရဟန်းတွေကသာ ရသွားတယ်၊ ငါကတော့ မရလိုက်ဘူး”ဟု ထိုရဟန်း အမျက်ထွက်လာတော့သည်၊ စိတ် မချမ်းမြေ့တော့ချေ။

'နေရာဦး'ဟူသည်မှာ သံဃာ့ထေရ်၏ နေရာဖြစ်သည်၊ 'ရှေဦး'ဟူသည်မှာ အလှူရှေ(လှူဖွယ်ဝတ္ထုအစားကပ်လှူသောရှေ)ဖြစ်သည်၊ 'ဆွမ်းဦး'ဟူသည်မှာ သံဃာ့ထေရ် အတွက် ဆွမ်းပင်ဖြစ်သည်။

"ငါရသင့်တာပဲ"ဟူသောအလိုဆိုးသည် အလွန်အပြစ်မကြီးလှပေ၊ "အခြားရဟန်းတွေ မရရင် ကောင်းမှာပဲ"ဟူသော အလိုဆိုးမူကား အလွန်အပြစ်ကြီးလေးလှပေသည်။

ဤရဟန်းသည်လည်း ပစ္စည်းလာဘ်လာဘကို လိုချင်မက်မောသူပင် ဖြစ်သည်၊ သင်္ကန်းဆောင်မှု(သင်္ကန်းကိုင်ပုံ) စသည်ဖြင့် ကြည့်ညှိဖွယ်ကို ဆောင်သည်၊ ရံခါ ရဟန်းပြုသည်၊ ရံခါ လူဝတ်လဲသည်။

ထိုကြောင့် သူသည် ရှေးကရဖူးသော နေရာဦးစသည်ကို နောက်ပိုင်းမှာ မရတော့သည့် အတွက် နေရာဦးစသည်ကို ကြံစည်ရပေသည်၊ သို့သော် သူကြံစည်သည့်အတိုင်း ဖြစ်မလာဘဲ ရံခါ တော်စွလျော်စွ အညံ့ဆုံးနေရာကိုသာ ရတတ်သည်။

ထိုအခါ "ဒီအကောင်တွေက မင်္ဂလာအခမ်းအနားစသည်မှာ ငါ့ကိုအကြောင်းပြုပြီး ရဟန်းတွေကို ရနေကြတာပဲ၊ "အရှင်ဘုရား ရဟန်းဘယ်နှစ်ပါးပင့်လာပြီး တပည့်တော်တို့ကို ချီးမြှင့်ပါဦး"လို့ ငါ့ကို လျှောက်ထားကြတာပဲ၊ အခုတော့ ခဏလေး တွေ့ရမြင်ရတဲ့ မထေရ်အိုကြီးကို ပင့်သွားကြပြီ၊ အခု ရှိစေတော့၊ နောင်တစ်ချိန် သူတို့မှာ ကိစ္စပေါ်လာတဲ့ အခါ သိကြရော့ပေါ့"ဟု လူတို့အား လည်း စိတ်ဆိုးအမျက်ထွက်တတ်သည်။

"ဒီမထေရ်အိုကြီးတွေ မရှိရင် လူတွေက ငါ့ကိုသာ ပင့်ကြမှာပါ"ဟု မထေရ်များအား လည်း အမျက်ထွက်တတ်သည်။

အနုမောဒနာ ဟောလိုပါ၏

အချို့သောရဟန်းမှာ "ဆွမ်းစားရာဌာနရောက်တော့ ဆွမ်းစားပြီးတဲ့အခါ အခြားရဟန်းက အနုမောဒနာတရား မဟောရဘဲ ငါကသာ အနုမောဒနာတရား ဟောရရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ဆွမ်းစားရာဌာနမှာ ဆွမ်းစားပြီးတဲ့အခါ ထိုရဟန်းက အနုမောဒနာတရား မဟောရဘဲ အခြားရဟန်းကသာ ဟောရရန် အကြောင်းရှိနေပြန်သည်၊ (ယင်းသို့ အကြောင်းမညီညွတ်သည့်အခါ) "ဆွမ်းစားရာဌာနရောက်တော့ ဆွမ်းစားပြီးတဲ့အခါမှာ အခြားရဟန်းကသာ အနုမောဒနာတရား ဟောရတယ်။ ငါကတော့ မဟောလိုက်ရဘူး"ဟု ထိုရဟန်း အမျက်ထွက်တော့သည်၊ စိတ်ချမ်းမြေ့မှု မရှိတော့ချေ။

'အနုမောဒနာတရား"ဟူသည်မှာ သုမင်္ဂလ, ဒုမင်္ဂလကိစ္စတို့၌ ဝမ်းမြောက်ဖွယ် ဟောပြောသင့်သော တရားမျိုးဖြစ်သည်။

ဤရဟန်းသည်လည်း ပစ္စည်းလာဘ်လာဘကို လိုချင်မက်မောသူပင် ဖြစ်သည်၊ တော်စွလျော်စွ အနုမောဒနာတရား တစ်ပိုင်းတစ်စမျှကိုသာ လေ့ကျက်ထားသည်၊

သူသည် "အနုမောဒနာတရား ဟောကြားတဲ့နေရာမှာ ဒါယကာဒါယိကာမတွေ အများအပြား လာတတ်တယ်၊ အဲဒီဒါယကာဒါယိကာမတွေက ငါ တရားဟောရလို့ရှိရင် ငါ့ကို သိသွားကြ လိမ့်မယ်၊ အဲဒီလို သိသွားကြတဲ့ အချိန်ကစပြီး ဆွမ်းအုပ်လိုက် ပေးလှူလာကြလိမ့်မယ်"ဟု မျှော်လင့်ချက်ကြီးစွာဖြင့် "ငါကသာ အနုမောဒနာတရား ဟောရရင် ကောင်းမှာပဲ"ဟု စိတ်ကူးကြံစည်နေတော့သည်။

သို့သော် သူ့မျှော်လင့်ချက်ကား အကောင်အထည် ပေါ်လာခွင့် မရတော့ပါ၊ အနုမောဒနာတရား ဟောခြင်းမည်သည် ဗဟုသုတပြည့်ဝသော မထေရ်များ၏ တာဝန်ပင် ဖြစ်သည်၊ ထို့ကြောင့် ဗဟုသုတပြည့်ဝသော မထေရ်တစ်ပါးပါးက အနုမောဒနာတရား ဟောကြားသွားပါတော့သည်။

ယင်းသို့ အခြေအနေမပေးသည့်အခါမှာ သူသည် "ရှေးတုန်းကတော့ ဒီလူတွေဟာ 'တပည့်တော်တို့ရဲ့ နာဂထေရ်ကပဲ အနုမောဒနာတရား ဟောတော်မူပါဘုရား'ဆိုပြီး ငါ့ကို ဆည်းကပ်တောင်းပန်ကြတာပဲ၊ အခုကျတော့ ဘာမှ မလျှောက်ထားကြတော့ဘူး" ဟု လူများအားလည်း စိတ်ဆိုးအမျက်ထွက်လာသည်။

"ဒီသံဃာ့ထေရ်ဟာ 'ဒကာတို့ ဆည်းကပ်ကိုးကွယ်နေတဲ့ နာဂထေရ်ကို ဆည်းကပ် လျှောက်ထားကြတာပေါ့၊ သူကပဲ အနုမောဒနာတရား ဟောကြားလိမ့်မယ်'လို့ စကားလေးတစ်ခွန်းမှ ပြောဖော်မရဘူး"ဟု မထေရ်အားလည်း စိတ်ဆိုးအမျက်ထွက်ပါတော့သည်။

"မထေရ်ကြီးက ခိုင်းလိုက်တယ်ဆိုရင်ပဲ ဒီကိုယ်တော်ဟာ အရိုက်ခံရတဲ့ ကြက်ကြီးလို ကမန်းကတန်း ထ-ဟဲလိုက်တော့တာပဲ၊ ဒီကိုယ်တော်ကို ဆွဲထုတ်ပစ်မဲ့သူ တောင်မှ မရှိဘူး၊ ဒီကိုယ်တော်မရှိရင် ငါပဲ အနုမောဒနာတရား ဟောရမှာပဲ၊"ဟု ဓမ္မကထိက အားလည်း စိတ်ဆိုးအမျက်ထွက်ပါတော့သည်။

သံဃာတော်အား တရားဟောမှု

အချို့သောရဟန်းမှာ "ကျောင်းတွင်းသို့ ရောက်လာတဲ့ ရဟန်းတွေကို အခြားရဟန်းက တရားမဟောရဘဲ ငါကသာ တရားဟောရရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ကျောင်းတိုက်တွင်းသို့ ရောက်လာသော ရဟန်းများကို ထိုရဟန်းက တရားမဟောရဘဲ အခြားရဟန်းက တရားဟောရရန်လည်း အကြောင်းရှိနေပြန်သည်၊ (သို့ဖြစ်လာသည့်အခါ) "အခြားရဟန်းကသာ ကျောင်းတိုက်တွင်းသို့ ရောက်လာတဲ့ ရဟန်းတွေကို တရားဟောနေတယ်၊ ငါကတော့ မဟောရဘူး"ဟု ထိုရဟန်း အမျက်ထွက်တော့သည်၊ စိတ်ချမ်းမြေ့မှု မရှိတော့ချေ။

ဤရဟန်းသည်လည်း ပစ္စည်းလာဘ်လာဘကို လိုချင်မက်မောသူပင် ဖြစ်သည်၊ တော်စွလျော်စွ တရားတစ်ပိုင်းတစ်စကို လေ့ကျက်ထားသူဖြစ်သည်၊ သူသည် သီလဝန္တ

ဗဟုသုတပုဂ္ဂိုလ်တို့၏ နေရာဌာနမျိုးမှာ တစ်ယူဇနာ နှစ်ယူဇနာလောက် ဝေးကွာသော အရပ်မှ ရဟန်းတော်များ ကြွလာစုဝေးပြီး ညလုံးပေါက် တရားနာကြသည်ကိုလည်း တွေ့နေရသည်၊ နှစ်သက်ကျေနပ်မှု ရရှိကြသော ရဟန်းငယ်များနှင့် သာမဏေတွေက ကျယ်လောင်သော အသံဖြင့် သာဓုခေါ်နေကြသည်ကိုလည်း တွေ့နေရသည်၊ နောက် တစ်နေ့မှာ ရွာတွင်းသို့ ဆွမ်းခံဝင်လာကြသော ရဟန်းတော်များအား "အရှင်ဘုရား မနေ့က ဘယ်ကိုယ်တော်တွေ တရားဟောပါသလဲ"ဟု ဒါယကာများက လျှောက်ထား တတ်ကြသည်၊ "ဘယ်ကိုယ်တော်တွေ ဘယ်ကိုယ်တော်တွေ ဟောတာပဲ"ဟု ကြားရသည့် အခါ ဓမ္မကထိကကို ကြည်ညိုလာကြသည်၊ ကြီးမားသော ပူဇော်သက္ကာရကို ပြုကြသည်။

သူသည် ယင်းပူဇော်သက္ကာရမျိုးကို လိုလားတောင့်တသည့်အတွက် ဤသို့ ကြံကြီးစည်ရာ (မဟုတ်မဟတ်) ကြံစည်ပါတော့သည်၊ သို့သော် သူ့ကြံစည်ချက်သည် လေထဲမှာ တိုက်အိမ်ဆောက်သကဲ့သို့သာ ဖြစ်လာပါတော့သည်၊ တရားဟောခြင်းသည် ဗဟုသုတပြည့်ဝသည့်အပြင် ယုံမှားသံသယ ဖြစ်ဖွယ်ရာဌာနတွေမှာ ယုံမှားသံသယ ကင်းပျောက်ရန် မေးလာသမျှ ပြဿနာပေါင်းစုံကို ဖြေရှင်းဆုံးဖြတ်မှုမှာ ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့၏ တာဝန်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ဗဟုသုတပြည့်ဝသော ပုဂ္ဂိုလ်တွေကသာ တရားဟောနေပါတော့သည်။

ဘိက္ခုနီကို ဟောလိုတရား

ဤသာသနာတော်ဝယ် အချို့သောရဟန်းမှာ "ကျောင်းတိုက်ထဲကို ရောက်လာတဲ့ ရဟန်းမတွေကို အခြားရဟန်းတွေက တရားမဟောရဘဲ ငါကသာ တရားဟောရရင် ကောင်းမှာပဲ"။

"ကျောင်းတိုက်ထဲကို ရောက်လာတဲ့ ဥပါသကာတွေကို အခြားရဟန်းတွေက တရားမဟောရဘဲ ငါကသာ ဟောရရင် ကောင်းမှာပဲ"။

ကျောင်းတိုက်ထဲကို ရောက်လာတဲ့ ဥပါသိကာမတွေကို အခြားရဟန်းက တရားမဟောရဘဲ ငါကသာ တရားဟောရရင် ကောင်းမှာပဲ"၊ ဤသို့ အလိုဆိုးဖြစ်လာရန် အကြောင်း ရှိသည်၊ ကျောင်းတိုက်ထဲသို့ ရောက်လာသော ရဟန်းမကိုဖြစ်စေ, ဥပါသကာကိုဖြစ်စေ, ဥပါသိကာမကိုဖြစ်စေ ထိုရဟန်းက တရားမဟောရဘဲ အခြားရဟန်း တစ်ပါးပါးကသာ တရားဟောရရန်လည်း အကြောင်းရှိနေပြန်သည်။

သို့ဖြစ်လာသည့်အခါ "ကျောင်းတိုက်ထဲကို ရောက်လာသမျှ ရဟန်းမတွေကိုပဲ ဖြစ်ဖြစ်, ဥပါသကာတွေကိုပဲဖြစ်ဖြစ်, ဥပါသိကာမတွေကိုပဲဖြစ်ဖြစ် အခြားရဟန်း

တွေကချည်း တရားဟောနေကြရတာပဲ၊ ငါကတော့ မဟောရဘူး”ဟု ထိုရဟန်း အမျက်ထွက်လာတော့သည်၊ စိတ်ချမ်းမြေ့မှုလည်း မရှိတော့ချေ။

ရဟန်းမတို့သည် ကျောင်းတိုက်ထဲသို့ ဩဝါဒခံယူမှုကိစ္စဖြင့်လည်း လာရောက်တတ်ကြသည်၊ ပါဠိသင်ယူမှုကိစ္စဖြင့်လည်း လာရောက်တတ်ကြသည်၊ အနက်အဓိပ္ပာယ်ကြားနာမှုကိစ္စဖြင့်လည်း လာရောက်တတ်ကြသည်၊ ပူဇော်မှုကိစ္စဖြင့်လည်း လာရောက်တတ်ကြသည်၊ ယင်းသို့ ကိစ္စမျိုးစုံဖြင့် လာရောက်စုဝေးကြသော ရဟန်းမများကိုပင် “ကျောင်းတိုက်ထဲသို့ ရောက်လာတဲ့ ရဟန်းမ”ဟု ဆိုထားသည်။

ဤရဟန်းသည်လည်း ပစ္စည်းလာဘ်လာဘကို လိုချင်မက်မောသူပင် ဖြစ်သည်၊ “ဒီရဟန်းမတွေဟာ အထက်တန်းစား အမျိုးအနွယ်ထဲက ရဟန်းပြုလာကြသူတွေဖြစ်တယ်၊ ‘ဆွေမျိုးတွေက ပင့်လို့ အိမ်ကိုရောက်သွားတဲ့အခါ လူတွေက ဘယ်ရဟန်းဆီမှာ ဩဝါဒခံယူကြပါသလဲ၊ ပါဠိသင်ကြပါသလဲ၊ အနက်အဓိပ္ပာယ် ကြားနာကြပါသလဲ’လို့ မေးကြလိမ့်မယ်၊ ဒီတော့ ဘယ်ကိုယ်တော်ဆီမှာပါပဲ၊ အဲဒီကိုယ်တော်ဟာ သိပ်တော်တယ်၊ ဗဟုသုတကလဲ ပြည့်ဝတယ်၊ အဲဒီကိုယ်တော်ကို ပေးလှူကြပါ၊ ပူဇော်ကြပါ’ ပြောဆိုကြလိမ့်မယ်”ဟူသောအထင်ဖြင့် ဤသို့ ကြံစည်ရခြင်း ဖြစ်သည်၊ သို့သော် သူကြံစည်တိုင်းကား ဖြစ်မလာတော့ပါ။

ရဟန်းမတို့အား ဩဝါဒပေးမှုကိစ္စမှာ ဗဟုသုတပြည့်ဝသော မထေရ်များ၏ တာဝန်မျှသာ ဖြစ်ပါသည်၊ ယင်းကိစ္စကို ဗဟုသုတပြည့်ဝသော မထေရ်များကသာ ရွက်ဆောင်နေကြပါတော့သည်။

ယင်းသို့ ကြံစည်တိုင်း ဖြစ်မလာသည့်အခါမှာ သူသည် “ဒီရဟန်းမတွေဟာ ရှေးတုံးကတော့ ငါ့ကိုပဲအကြောင်းပြုပြီး ဥပုသ်,ပဝါရဏာ စသည်တို့ကို ရကြတာပဲ၊ အခုတော့ ဒီရဟန်းမတွေဟာ ခု-ခဏလေး တွေ့ရ,မြင်ရတဲ့ မထေရ်ကြီးဆီကို သွားကုန်ပြီ” ဟု ရဟန်းမများကိုလည်း စိတ်ဆိုးအမျက်ထွက်တတ်သည်။

ဒီဓမ္မကထိကဟာ “ ရဟန်းမတွေကို ‘တွေ့လျှင်တွေ့ချင်း ဆောက်နဲ့ထွင်း’ဆိုသလို ကမန်းကတန်း ဩဝါဒ ပေးတော့တာပဲ”ဟု ဓမ္မကထိက အားလည်း စိတ်ဆိုးအမျက်ထွက်တတ်သည်။

‘ကျောင်းတိုက်ထဲသို့ ရောက်လာသော ဥပါသကာ’ဟူသည်မှာ အလုပ်အကိုင်မရှိ ကြသော သက်ကြီးရွယ်အို ဥပါသကာများ ဖြစ်ကြသည်၊ သူတို့သည် သားသမီးများအား အလုပ်ကို လွှဲအပ်ခဲ့ကြပြီး တရားနာရင်း လှည့်လည်သွားလာနေကြသည်၊ ဤရဟန်းသည် သူတို့အား တရားဟောလိုသည်၊ အဘယ့်ကြောင့်နည်းဟူမူ= “ဒီလူတွေက ငါ့ကို ကြည်ညိုသွားတဲ့အခါ ဥပါသိကာ (ဒါယိကာမကြီး)တွေကိုလဲ ပြောကြလိမ့်မယ်၊ ဒီတော့

ဥပါသကာတွေနှင့်အတူ ငါ့အတွက် သီးသန့် လာဘ်ပူဇော်သက္ကာရတွေကို ဆောင်ယူလာကြလိမ့်မယ်”ဟူသော မျှော်လင့်တောင့်တမှုကြောင့်ပင် ဖြစ်သည်။

ယင်းမျှော်လင့်ချက် ပျက်ပြားသွားသည့်အခါ သူက “ဒီဒကာတွေဟာ အခြားမှာ တရားနာနေကြတာပဲ၊ တို့ကိုယ်တော်ဆီမှာ တရားနာကြစို့ဆိုပြီး မလာကြတော့ဘူး၊ အခု ရှိစေဦးတော့၊ သူတို့မှာ အကြောင်းကိစ္စ တစ်စုံတစ်ရာ ဖြစ်ပေါ်လာတဲ့အခါ သိကြရော့ပေါ့”ဟု ဥပါသကာများကိုလည်း စိတ်ဆိုးအမျက်ထွက်သည်။

“ဒီကိုယ်တော်ဟာ ငါ့ဒကာတွေကို တရားဟောနေတာပဲ”ဟု ဓမ္မကထိကအား လည်း အမျက်ထွက်တော့သည်။

‘ကျောင်းတိုက်ထဲကို ရောက်လာတဲ့ ဥပါသိကာမတွေ’ဟူသည်မှာ စေတီရင်ပြင်မှာ ပန်းပူဇော်မှုစသောကိစ္စ, ဥပုသ်နေ့မှာ တရားနာရန်ကိစ္စတို့ဖြင့် စုဝေးရောက်လာကြသော ဥပါသိကာမများ ဖြစ်ကြသည်၊ သူတို့နှင့် ပတ်သက်၍ မျှော်မှန်းထားချက်ကိုလည်း ဥပါသကာများနှင့်ပတ်သက်၍ မျှော်မှန်းထားချက်နှင့် ချိန်ထိုးစဉ်းစားကာ ကိုယ်ပိုင်ဉာဏ် ဖြင့်သာ ကြည့်စေလိုပါသည်။

ရဟန်းများတို့ လေးစားရိုသေ

အချို့သောရဟန်းမှာ “ရဟန်းတွေက အခြားရဟန်းအား ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှုကို မပြုဘဲ ငါ့ကိုသာ ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်ကြရင် ကောင်းမှာပဲ”ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ရဟန်းများက ထိုရဟန်းကို ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှုကို မပြုကြဘဲ အခြားရဟန်းကိုသာ ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှုကို ပြုရန်အကြောင်းလည်း ရှိနေပြန်သည်။

သို့ဖြစ်လာသည့်အခါ “ရဟန်းတွေက အခြားရဟန်းကို ရိုသေလေးစား မြတ်နိုး ကော်ရော် ပူဇော်မှုကို ပြုနေကြတာပဲ၊ ငါ့ကိုတော့ ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှုကို ပြုဖော်မရကြဘူး”ဟု ထိုရဟန်းသည် စိတ်ဆိုးအမျက်ထွက် လာတော့သည်၊ စိတ်ချမ်းမြေ့မှု မရှိတော့ချေ။

ဤ၌လည်း “ရဟန်းတွေက ငါ့ကို ရိုသေလေးစားပြီး ဝတ္ထုပစ္စည်းများဖြင့် မြတ်နိုးကော်ရော်ပူဇော်ကြရင် ကောင်းမှာပဲ”ဟုပစ္စည်းဝတ္ထုဖြင့် ပူဇော်မှုကိုပင် မျှော်လင့် တောင့်တနေသည်။

သို့သော် သီတင်းသုံးဖော်တို့ ချစ်ခင်မြတ်နိုးထိုက်သောဂုဏ်, ကျောက်ထီးတန်တူ အလေးပြုထိုက်သောဂုဏ်, ‘ဒီအရှင်ဘုရားဟာ တကယ်ပဲ သိထိုက်တာကို သိတာပဲ’ဟု ချီးကျူးထိုက်သောဂုဏ်တို့နှင့် ပြည့်စုံသော ဗဟုသုတပြည့်ဝသောရဟန်း, သီလဝန္တ ရဟန်း မျိုးကသာ ရဟန်းတို့၏ ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှုကို ခံထိုက်ပေသည်၊ ထို့ကြောင့် ရဟန်းများက ယင်းသို့ ဂုဏ်အရည်အချင်း ပြည့်ဝသောရဟန်းကိုသာ

ရိုသေလေးစား မြတ်နိုးပူဇော်မှုကို ပြုကြသည်၊ ထိုရဟန်းကိုမူ အရေအတွက်ထဲမှာပင် ထည့်သွင်း မထားကြတော့ချေ။

ယင်းသို့ မျှော်လင့်ချက် ပျက်ပြားလာသောအခါ (ဤရဟန်းသည်လည်း) "ဒီရဟန်းတွေဟာ ဟိုရဟန်းကိုပဲ ပူဇော်နေကြတာပဲ"ဟု ရဟန်းများအား လည်း စိတ်ဆိုးအမျက်ထွက်သည်၊ "ဒီရဟန်းမရှိရင် ငါ့ကိုပဲ ပူဇော်ကြမှာပါ"ဟု မထေရ်မြတ်အား လည်း စိတ်ဆိုး အမျက်ထွက်ပါတော့သည်။

ကျန်နေပရိသတ် လေးမြတ်ရန်မှန်း

သာသနာ့ဝန်ထမ်း အချို့သော ရဟန်းမှာ "ရဟန်းမတွေ, ဥပါသကာတွေ, ဥပါသိကာမတွေက အခြားရဟန်းကို ရိုသေလေးစား မြတ်နိုးပူဇော်မှုမပြုဘဲ ငါ့ကိုသာ ရိုသေလေးစား မြတ်နိုးပူဇော်မှုပြုရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ ရဟန်းမများ, ဥပါသကာများ, ဥပါသိကာမများက ထိုရဟန်းကို ရိုသေလေးစား မြတ်နိုးပူဇော်မှုမပြုဘဲ အခြားရဟန်းကို ရိုသေလေးစား မြတ်နိုးပူဇော်ရန် အကြောင်းလည်း ရှိနေပြန်သည်။

ယင်းသို့ အခြေအနေက ဖန်တီးလာသည့်အခါ "ရဟန်းမတွေ, ဥပါသကာတွေ, ဥပါသိကာမတွေက အခြားရဟန်းကိုပဲ ရိုသေလေးစား မြတ်နိုးပူဇော်နေကြတာပဲ၊ ငါ့ကိုတော့ ရိုသေလေးစား မြတ်နိုးပူဇော်မှု ပြုဖော်မရကြဘူး"ဟု ထိုရဟန်း စိတ်ဆိုးအမျက်ထွက်တော့သည်၊ စိတ်ချမ်းမြေ့မှု မရှိတော့ချေ။

သင်္ကန်းအကောင်း

အချို့သောရဟန်းမှာ"အကောင်းဆုံးသင်္ကန်းကို အခြားရဟန်းတွေက မရဘဲ ငါကသာ ရလို့ရှိရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ပေါ်ရန်အကြောင်း ရှိသည်၊ အကောင်းဆုံးသင်္ကန်းကို ထိုရဟန်းက မရလိုက်ဘဲ အခြားရဟန်းများ ရသွားရန်လည်း အကြောင်းရှိနေပြန်သည်။

ယင်းသို့ အခြေအနေက မပေးသည့်အခါ "အကောင်းဆုံးသင်္ကန်းကို အခြားရဟန်းတွေကသာ ရသွားကြတာပဲ၊ ငါကတော့ မရလိုက်ဘူး"ဟု ထိုရဟန်း စိတ်ဆိုးအမျက်ထွက်တော့သည်၊ စိတ်ချမ်းမြေ့မှုလည်း မရှိတော့ချေ။

ဆွမ်းကျောင်း။ ပ ။ ဆေးကောင်းရရန်

ဤသာသနာတော်၌ အချို့သောရဟန်းမှာ "အကောင်းဆုံးဆွမ်း, အကောင်းဆုံးကျောင်း, အကောင်းဆုံး ဆေးပစ္စည်းကို အခြားရဟန်းတွေ မရဘဲ ငါကသာရရင် ကောင်းမှာပဲ"ဟု အလိုဆိုးဖြစ်ရန် အကြောင်းရှိသည်၊ အကောင်းဆုံး ဆွမ်း,ကျောင်း,ဆေးပစ္စည်းကို ထိုရဟန်းက မရဘဲ အခြားရဟန်းကသာ ရရန်လည်း အကြောင်းရှိနေပြန်သည်။

ယင်းသို့ အကြောင်းမညီညွတ်သည့်အခါ "အခြားရဟန်းတွေကသာ အကောင်းဆုံးဆွမ်း, အကောင်းဆုံးကျောင်း,အကောင်းဆုံးဆေးပစ္စည်းတွေကို ရနေကြတာပဲ၊ ငါကတော့

မရလိုက်ဘူး”ဟု ထိုရဟန်း စိတ်ဆိုးအမျက်ထွက်တော့သည်၊ စိတ်ချမ်းမြေ့မှုလည်း မရှိတော့ချေ၊ ဤအမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုနှစ်ပါးသည် အညစ်အကြေး (အင်္ဂ) မည်၏။

အကောင်းဆုံး သင်္ကန်း,ဆွမ်း,ကျောင်း,ဆေးပစ္စည်း (ပစ္စည်းလေးပါး) တို့ကိုလည်း ရှေးဘုန်းရှေးကံရှိကြသော ဗဟုသုတပြည့်ဝကြသော ရဟန်းများကသာ ရတတ်ကြသည်။

ယင်းသို့ အခြေအနေက မပေးသည့်အခါ “ဒီလူတွေမှာ လေ့လာမှုကလေးတောင်မှ မရှိကြဘူး၊ ကြာရှည်လေးမြင့် တစ်ပါးတည်း နေထိုင်ပြီး ပံသုကူကိစ္စအတွက်ပဲဖြစ်ဖြစ်, ဆွမ်းကိစ္စအတွက်ပဲဖြစ်ဖြစ်, ထောပတ် ဆီစသည်တို့အကြောင်းကြောင့်ပဲဖြစ်ဖြစ် အိမ်ပေါက်စေ့ သွားလာလှည့်လည်နေပေမဲ့ ငါ့ကိုကျတော့ ဘယ်တုန်းကမှ ကောင်းတဲ့ ပစ္စည်းဆိုလို့ ဘာတစ်ခုမှ လှူဖော်မရကြဘူး၊ ဒီအာဂန္တုရဟန်းအိုကြီးကျတော့ တွေ့လျှင်တွေ့ချင်း အကောင်းဆုံးကိုမှ လှူလိုကြတာပဲ”ဟု သူသည် လူများအားလည်း စိတ်ဆိုးအမျက်ထွက်တော့သည်။

“ဒီရဟန်းအိုကြီးဟာ ဒကာဒကာမတွေ မတွေ့-တွေ့အောင် ကိုယ်ရောင်ပြသွားနေတာပဲ၊ တရားမျှတမှုကို လိုလားတဲ့သူတွေက ဘယ်တော့များ ဆွဲထုတ်ပစ်ကြပါ့မလဲ၊ ဒီလို ကိုယ်ရောင်တပြပြ သွားလာနေတဲ့ ဒီရဟန်းအိုကြီး မရှိရင် (ဒီပစ္စည်းကောင်းတွေဟာ) ငါ့လက်က မလွတ်နိုင်ပါဘူး၊ ငါကသာ ရရမှာပါပဲ”ဟု မထေရ်အားလည်း စိတ်ဆိုးအမျက်ထွက်တော့သည်။

စိတ်မှာပူပင် ဒေါသထင်က ရဟန်းတစ်ပါးမှာ ယုတ်ညံ့ဆိုးဝါး အကုသိုလ်တရားဖြစ်သည့် အလိုဆိုး ကြောင့်ဖြစ်သော ဤဒေါသထွက်မှု (ကောပ), စိတ်မချမ်းမြေ့မှု(အပ္ပစ္စယ)တို့ရှိနေသည်ကို မြင်ရကြားရပါလျှင် ထိုရဟန်းသည် တောကျောင်းနေ၍ အရည်ကင်ဓုတင်ဆောင်သူ, ပိဏ္ဍပါတ်ဓုတင်ဆောင်သူ, အိမ်စဉ်မပြတ် ဆွမ်းခံရပ်သူ, ပံသုကူသင်္ကန်းဆောင်သူ , ကြမ်းတမ်းသောသင်္ကန်းကိုဆောင်သူပင် ဖြစ်စေဦးတော့၊ ထိုရဟန်းကို သီတင်းသုံးဖော်တို့က မရှိသေ မလေးစားကြ၊ မမြတ်နိုးကြ၊ မပူဇော်ကြတော့ချေ။

ယင်းသို့ ဖြစ်လာရသည်မှာ အဘယ့်ကြောင့်နည်းဟူမူ=ထိုရဟန်းမှာ ယုတ်ညံ့ဆိုးဝါး အကုသိုလ်တရားဖြစ်သည့် အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ ရှိနေသည်ကို ရဟန်းများက မြင်လည်းမြင်ရ, ကြားလည်းကြားရသောကြောင့်ပင် ဖြစ်ပေသည်။

အလိုဆိုး၏အရှိန်ကြောင့် ဖြစ်ပေါ်လာရသော ‘ဒေါသထွက်မှု, စိတ်မချမ်းမြေ့မှုတို့’ ဟူသည် မနောဝိညာဉ်၏ အာရုံများဖြစ်နေကြသောကြောင့် (မနောဝိညာဉ်ဖြင့် သိနိုင်သည့်အတွက်) မျက်စိဖြင့် မြင်ရရိုး မရှိပေ၊ နားဖြင့် ကြားရရိုးလည်း မရှိပေ၊သို့သော်-

အလိုဆိုး၏အရိုန်ကြောင့် ဖြစ်ပေါ်လာသော ဒေါသထွက်မှု, စိတ်မချမ်းမြေ့မှုရှိနေသော ပုဂ္ဂိုလ်၏ ယင်းဒေါသထွက်မှု, စိတ်မချမ်းမြေ့မှုအရိုန်ကြောင့် ဖြစ်ပေါ်လာရသော ကိုယ်အမူအရာ, နှုတ်အမူအရာတွေကို တွေ့ရ ကြားရသည့်အခါမှာ တပ်အပ်မြင်ရသလို ကြားရသလို ဖြစ်နေပေတော့သည်၊ ထို့ကြောင့် "မြင်ရ, ကြားရခဲ့ပါလျှင်"ဟု ဆိုထားခဲ့ရပေသည်။

စင်ကြယ်ပြောင်လက်နေသော ကြေးခွက်တစ်ခုကို တစ်နေရာမှ ဆောင်ယူခဲ့ရာ၏၊ ပိုင်ရှင်များက ယင်းကြေးခွက်မှာ မြွေကောင်ပုပ်ကိုဖြစ်စေ, ခွေးကောင်ပုပ်ကိုဖြစ်စေ, လူကောင်ပုပ်ကိုဖြစ်စေ ထည့်ရာ၏၊ ယင်းကြေးခွက်ကို အခြားကြေးခွက်တစ်ခုဖြင့် ဖုံးအုပ်၍ ဈေးအတွင်းသို့ ယူသွားရာ၏၊ ယင်းခွက်ကို တွေ့ရ,မြင်ရသူများက "မိတ်ဆွေ ! ဘာကိုများ ယူလာပါသလဲ၊ နှစ်လိုဖွယ်ရာ လက်ဆောင်ကောင်းဖြစ်ပုံရတယ်"ဟု ပြောဆို ဖွင့်ကြည့်ရာ၏၊ (ယင်းအကောင်ပုပ်ကို) မြင်ရသည်နှင့်တစ်ပြိုင်နက် ထိုသူများမှာ မနှစ်မြို့မှု, ရွံရှာစက်ဆုတ်မှု ဖြစ်လာရာ၏၊ ဆာလောင်နေသူများပင် စားလိုမည် မဟုတ်ချေ၊ ဝအောင်စားထားသူများ အတွက်မူ ပြောဖွယ်ပင် လိုမည်မထင်တော့ပါ။

အဆိုပါရဟန်းသည် ဤဥပမာနှင့် ထပ်တူထပ်မျှပင် ဖြစ်နေပါတော့သည်၊ ယင်းရဟန်း၏ ရှင်ရဟန်းအသွင်သည် စင်ကြယ်သောကြေးခွက်နှင့်တူသည်၊ အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ ရှိနေခြင်းသည် မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ်ကို ထည့်ထားသည်နှင့် တူသည်၊ အရည်ကင်ဓုတင်ဆောက်တည်ခြင်း စသည်တို့ဖြင့် အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ကို ဖုံးကွယ်ထားခြင်းသည် အခြားကြေးခွက်တစ်ခုဖြင့် ဖုံးအုပ်ထားဘသည်နှင့် တူသည်၊ အရည်ကင်ဓုတင်ဆောက်တည်မှု စသည်တို့ကို အရေး မပေးတော့ဘဲ အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ကို မြင်ရ ကြားရခြင်းကြောင့် သီတင်းသုံးဖော်တို့၏ ရိုသေလေးစားမှု, မြတ်နိုးမှု, ပူဇော်မှုတွေကို မပြုခြင်းသည် ကြေးခွက်ကို ဖွင့်ကြည့်သည့်အခါမှာ မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ်ကို တွေ့မြင်ရခြင်းကြောင့် လူများ၏ မနှစ်မြို့မှု, ရွံရှာစက်ဆုပ်မှုနှင့်တူသည်။

စိတ်နေချောမှု ရိုသေကြ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးမှာ ယုတ်ညံ့ဆိုးဝါးအကုသိုလ်တရားဖြစ်သည့် အလိုဆိုးကြောင့်ဖြစ်သော ဤအမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ မရှိသည်ကို မြင်ရ ကြားရပါလျှင် ထိုရဟန်းသည် ရွာကျောင်းနေသူ, ပင့်ဖိတ်ဆွမ်းကိုခံယူသူ, ဒါယကာလူသောသင်္ကန်းကို ဝတ်ရုံသုံးဆောင်သူပင်ဖြစ်နေစေဦးတော့ ထိုရဟန်းကို သီတင်းသုံးဖော်တို့က ရိုသေကြသည်၊ လေးစားကြသည်၊ မြတ်နိုးကြသည်၊ ပူဇော်ကြသည်။

ယင်းသို့ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်နည်းဟူမူ=ထိုရဟန်းမှာ ယုတ်ညံ့ဆိုးဝါး အကုသိုလ်တရားဖြစ်သည့် အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့

မရှိသည်ကို ရဟန်းများက မြင်လည်းမြင်ရ ကြားလည်းကြားရသောကြောင့်ပင် ဖြစ်ပေသည်။

စင်ကြယ်ပြောင်လက်နေသော ကြေးခွက်တစ်ခုကို တစ်နေရာမှ ယူဆောင်ခဲ့ရာ၏၊ ယင်းကြေးခွက်မှာ ပိုင်ရှင်များက အညစ်အကြေးကို ရွေးချယ်ဖယ်ရှားထားသော ကောက်ကြိုးထမင်း, သားငါးနှင့်ရောချက်ထားသော လက်ကော်ရပဲဟင်း, သားဟင်း အများအပြားတို့ကို အပြည့်ထည့်ရာ၏၊ ယင်းကြေးခွက်ကို အခြားကြေးခွက်တစ်ခုဖြင့် ဖုံးအုပ်၍ ဈေးတွင်းသို့ ယူသွားရာ၏၊ ယင်းခွက်ကို တွေ့မြင်ရသူများက "မိတ်ဆွေ ! ဘာတွေများ ယူလာခဲ့သလဲ၊ နှစ်လိုဖွယ်ရာ လက်ဆောင်ဖြစ်ပုံရတယ်"ဟု ပြောဆိုဖွင့်ကြည့်ရာ၏၊ (ယင်းကောက်ကြိုးထမင်းကို) မြင်ရသည်နှင့်တစ်ပြိုင်နက် ထိုသူများမှာ နှစ်သက်ကျေနပ်မှု, မရွံရှာ မစက်ဆုပ်မှု ဖြစ်ရာ၏၊ ဝအောင်စားပြီးသူများပင် စားချင်လာရာ၏၊ ဆာလောင်နေသူအတွက်မူ ပြောဆိုဖွယ်ပင် လိုမည်မထင်တော့ပါ။

ပြဆိုခဲ့သောရဟန်းသည် ဤဥပမာနှင့် (သဘောအားဖြင့်) ထပ်တူထပ်မျှပင် ဖြစ်နေပါတော့သည်။ အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုတို့ မရှိခြင်းသည် စားချင်ဖွယ်ကောင်းသော ကောက်ကြိုးထမင်းကို ထည့်ထားသည်နှင့် တူသည်၊ အလိုနည်းမှု၏ဖြစ်ရာ ရွာနီးကျောင်းဌာနေမှု စသည်တို့ဖြင့် အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှုများ မရှိသည်ကို ဖုံးကွယ်ထားခြင်းသည် အခြားကြေးခွက်တစ်ခုဖြင့် ဖုံးအုပ်ထားသည်နှင့် တူသည်၊ ရွာနီးကျောင်းနေမှုစသည်တို့ကို ထည့်သွင်းစဉ်းစားမှု မပြုဘဲ အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု, စိတ်မချမ်းမြေ့မှု မရှိသည်ကို တွေ့ရခြင်းကြောင့် သီတင်းသုံးဖော်တို့ ရိုသေလေးစား မြတ်နိုးပူဇော်မှုကို ပြုခြင်းသည် ကြေးခွက်ကို ဖွင့်ကြည့်သည့်အခါမှာ စားချင်ဖွယ်ကောင်းသော ထမင်းကို တွေ့ရခြင်းကြောင့် လူများ၏ နှစ်သက်ကျေနပ်မှု, မရွံရှာမစက်ဆုပ်မှုနှင့်တူသည်။

တဏှာဖြစ်ကြောင်း

"သင်္ကန်းအကောင်း, ဆွမ်းကျောင်းကောင်းနှင့်, ဆေးကောင်းရရန်, လိုရှိပြန်"ဟူသော စကားရပ်နှင့်စပ်၍ အနည်းငယ် ဆက်လက်မှတ်သားစေလိုပါသေးသည်။

သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများမှာ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါးကို အကြောင်းပြု၍ တဏှာဖြစ်တတ်သည်၊ တဏှာမဖြစ်ရအောင် စောင့်ထိန်းကြရမည်၊ ရှိတာလေး ရတာလေးနှင့် ကျေနပ်နှစ်သက်နေရမည်၊ တဏှာမဖြစ်အောင် မစောင့်ထိန်းနိုင်က သံသရာက လွတ်နိုင်မည် မဟုတ်။

သံသရာဝဋ်ဆင်းရဲက မလွတ်နိုင်အောင် သတ္တဝါများကို ဒုက္ခပေးနေသူမှာ တဏှာပင် ဖြစ်သည်၊ တဏှာမှာ အပြစ်မြင်အောင် ရှုရမည်၊ တဏှာကင်းက ဘာဆင်းရဲမှ မရှိတော့၊ မလိုချင်မတောင့်တလျှင် လောလောဆယ် အခိုက်အတန့်မှာပင် မည်မျှချမ်းသာကြောင်း သဘောပေါက်ပါစေ။

ရဟန်းတော်များမှာ-

၁။ "ဘယ်နေရာက သင်္ကန်းကောင်းကို ရပါလိမ့်မလဲ"ဟု 'သင်္ကန်း'ဟူသော အကြောင်းကြောင့်လည်း တဏှာဖြစ်တတ်သည်။

၂။ "ဘယ်နေရာက ဆွမ်းကောင်းကို ရပါလိမ့်မလဲ"ဟု 'ဆွမ်း'ဟူသောအကြောင်းကြောင့်လည်း တဏှာဖြစ်တတ်သည်။

၃။ "ဘယ်နေရာက ကျောင်းကောင်းကို ရပါလိမ့်မလဲ"ဟု 'ကျောင်း'ဟူသော အကြောင်းကြောင့်လည်း တဏှာဖြစ်တတ်သည်။

၄။ "အကောင်းဆုံးဖြစ်တဲ့ ထောပတ်, ဆီစသည်တို့ကို ဘယ်ကရပါလိမ့်မလဲ"ဟု 'ဆေးပစ္စည်း'ဟူသော အကြောင်းကြောင့်လည်း တဏှာဖြစ်တတ်သည်။

တဏှာ ဒုတိယော ပုရိသော , ဒီဃမဒ္ဓါန သံသရံ၊
ဣတ္ထဘာဝညထာဘာဝံ , သံသာရံ နာတိဝတ္တတိ။

အဖော်တဏှာ-ရှိသူမှာ ,ကျင်လည်ပြေးလွှား-ရှည်လျားစွာ၊
ဘဝများစွာ-သံသာဝဋ် , ကျင်လည်လှည့်ပတ်-မကျွတ်လွတ်။

တဏှာလျှင်အဖော်ရှိသော ပုဂ္ဂိုလ်သည် ရှည်ကြာသောကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ လူ့ဘဝ, အခြားဘဝဟူသော သံသရာကို မလွန်မြောက်နိုင်ပေ။

အစမထင်သောသံသရာ၌ ကျင်လည်နေသောသတ္တဝါသည် အဖော်မပါ တစ်ဦးတည်း ကျင်လည်နေရသည် မဟုတ်၊ တဏှာဟူသော အဖော်သဟဲကို ရမှသာ ကျင်လည်နိုင်သည်၊ ထို့ကြောင့်ပင် ကမ်းပါးပြတ်သို့ ကျမည့်အရေးကို မတွေးတော မဝံ့စားဘဲပျားအုံကိုသာ အတင်းလှမ်းကိုင်သော ပျားဖွပ်မုဆိုးကဲ့သို့ အပြစ်ပေါင်းများစွာတို့ဖြင့် ရွုပ်ထွေးပြည့်နှက်နေသောဘဝတို့၌သော်မှလည်း အကျိုးကိုသာမြင်စေလျက် အကျိုးမဲ့ ကွန်ရက်၌ တလည်လည် လှည့်ပတ်စေသည်။

ဧတမာဒီနဝံ ဥတ္တာ , တဏှံ ဒုက္ခဿ သမ္ဘဝံ၊
ဝီတတဏှော အနာဒါနော , သတော ဘိက္ခု ပရိဗ္ဗဇေ။

သတိပဋ္ဌာန်-ကိုယ့်အလုပ်ကို , တကယ်ကြိုးကုတ်-အားထုတ်လာ၊
ထိုရဟန်းမှာ-ရှုမှတ်ပွားက , အပြစ်ပေါများ-ဤတဏှာ၊
ဒုက္ခဖြစ်ရန်-အကြောင်းရင်းလို့ , အမှန်ထိုးထွင်း-သိမြင်ကာ၊
တဏှာကင်းကွာ-ဘဝပြတ်လို့ , နိဗ္ဗာန်ပြည်မြတ်-ရောက်ရပါ။

သတိရှိသောရဟန်းသည် ဤသို့ အပြစ်ရှိသောတဏှာကို "ဆင်းရဲကြောင်းတရား"ဟု အမှန်အတိုင်းသိ၍ တဏှာကင်းသောကြောင့် ပဋိသန္ဓေမယူတော့ဘဲ နိဗ္ဗာန်သို့ သွားရလေတော့သည်။

ဤစကားရပ်ဖြင့် ဝိပဿနာပွားများ၍ အရဟတ္တဖိုလ်ဖြစ်လာရပုံနှင့် ရဟန္တာပုဂ္ဂိုလ်၏ ဓာတ်သိမ်းပုံကို ပြထားပါသည်။ ဣတိ-ပါ၊ ၂၆၈။ ၌၊ ၃၁၇။

*အိမ်သို့ ချဉ်းကပ်ရပါလျှင်

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ဒါယကာဒါယိကာမများနှင့် လုံးဝကင်းကွာ၍ မရပါ၊ အကြောင်းအား‌လျော်စွာ ဒါယကာဒါယိကာမများနှင့် ဆက်ဆံနေကြရသည်၊ ဒါယကာဒါယိကာမ တို့၏အိမ်သို့ သွားလာဝင်ထွက်နေကြရသည်၊ ယင်းသို့ သွားလာ ဝင်ထွက်ရပါလျှင် ဒါယကာဒါယိကာမများနှင့် ရင်းနှီးကျွမ်းဝင်လွန်းမှ, ငြိကပ်စွဲလမ်းမှုတို့ကို မပြုသင့်ပါ၊ မိမိ လာဘ်ရသည့်အတွက် ဝမ်းသာသလို အခြားရဟန်းများ လာဘ်ရသည့် အတွက်လည်း ဝမ်းသာတတ်သူမျိုး ဖြစ်ရပါမည်။

တရားဟောသည့် အခါမှာလည်း ပစ္စည်းလေးပါး‌ကို မျှော်လင့်တောင့်တသော စိတ်မျိုးဖြင့် မဟောသင့်၊ "တရားသဘော‌ကို နားလည်ကြပါစေ၊ နားလည်သည့်အတိုင်း အမှန်တကယ် ကျင့်နိုင်ကြပါစေ"ဟူသော စိတ်မျိုးဖြင့်သာ ဟောသင့်ပါသည်။

သာဝတ္ထိမြို့၌ သီတင်းသုံးနေစဉ် ဘုရားရှင်က ရဟန်းများကို မိန့်တော်မူသည်။

"ရဟန်းတို့ ! သင်တို့တစ်တွေဟာ လ,ရဲ့ ပုံဟန်အတိုင်း အိမ်များ(ဒကာဒကာမများ)သို့ ချဉ်းကပ်ကြရမယ်၊ ကိုယ်ကိုလဲ‌ခွာထား‌ရမယ်၊ စိတ်ကိုလဲ‌ခွာထား‌ရမယ်၊ အိမ်တွေမှာ အမြဲအသစ်(ဧည့်သည်) ဖြစ်နေစေရမယ်၊ မကြမ်းတမ်းရဘူး၊ (မရင်းနှီးလွန်းရဘူး။)"

ဆောင်။ ။ကိုယ်စိတ်ကိုခွာ, အိမ်တွေမှာ, မြဲစွာ လ-လိုကျင့်နိုင်စေ။

'လ,ရဲ့ပုံဟန်အတိုင်း' ဟူသည်မှာ "လပြည့်ဝန်းကဲ့သို့ ဝိုင်းစက်နေရမည်"ဟု ဆိုလိုသည် မဟုတ်ပါ၊ ထက်ကောင်းကင်အပြင်မှာ သွားလာနေသော လ,သည် မည်သူတစ်ဦးတစ်ယောက် (မည်သည့်အရာဝတ္ထု)ကိုမျှ မိတ်ကျွမ်းဝင်အောင်လည်း မလုပ်၊ ခင်မင်တွယ်တာအောင်လည်း မလုပ်၊ နှစ်သက်အောင်လည်း မလုပ်၊ ထင်ကြအောင်လည်း မလုပ်ပါ‌ချေ၊ သို့တစေ-လူအပေါင်း၏ ချစ်ခင်မြတ်နိုးမှုကိုကား ခံရသည်သာ၊ ထို့အတူ သင်တို့သည်လည်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မိတ်ဖွဲ့မှုစသည်ကို မပြုလုပ်ဘဲ(ချစ်ခြင်းမုန်းခြင်း မရှိဘဲ,လောဘ ဒေါသမရှိဘဲ၊) လူအပေါင်း၏ ချစ်ခင်မြတ်နိုးမှုကို ခံယူလျက် လ,နှင့် တူကုန်သည်ဖြစ်၍ အမျိုးလေးပါး (ဒါယကာဒါယိကာမ)တို့သို့ ချဉ်းကပ်ကြရမည်"ဟု ဆိုလိုပေသည်။

ထို့ပြင် လ,သည် အမိုက်မှောင်‌ကို ပယ်ဖျောက်တတ်သည်၊ အလင်းရောင်‌ကို ပျံ့နှံ့စေတတ်သည်၊ ထို့အတူ ကိုလေသာတည်းဟူသော အမိုက်မှောင်‌ကို ပယ်ဖျောက်ခြင်း

* သံ-ပါ-၁၊ ၄၀၁။ ၌-၂၊ ၁၅၄။ ဋီ-၂၊ ၁၅၇။

ဉာဏ်တည်းဟူသောအလင်းရောင်ကို ဖြန့်ပေးခြင်းဖြင့်လည်း လ,နှင့်အလားတူစွာ အိမ်သို့ ချဉ်းကပ်ကြရမည်။

လ,သည် လူများကို ချီးမြှောက်ခြင်းဖြင့် လမ်းကြောင်းအမျိုးမျိုး ပြောင်းရွေ့သွား သကဲ့သို့ ရဟန်းသည်လည်း သနားစောင့်ရှောက် ချီးမြှောက်ရန် ထိုထိုအရပ်သို့ ကပ်ရောက်သည်။

လ,သည် လဆုတ်ပက္ခမှ လဆန်းပက္ခသို့ ကပ်ရောက်လာ၍ အစိတ်အပိုင်း(ကလာ)များ တိုးပွားလာလျက် အမြဲအသစ် ဖြစ်နေသကဲ့သို့ ရဟန်းသည်လည်း ညစ်သော အကုသိုလ် အဖို့ကို ပယ်စွန့်၍ ဖြူစင်သောကုသိုလ်အဖို့သို့ ကပ်ရောက်လျက် ဂုဏ်များဖြင့် တိုးပွားလာသည့်အခါ လူအပေါင်း၏ နှစ်သက်ကျေနပ်မှုကိုလည်း ရရှိသည်၊ ချီးကျူးမှုကိုလည်း ခံရသည်၊ သို့ဖြစ်၍ အမြဲတမ်းအသစ်သဘောဖြင့် လ,နှင့်တူသော စိတ်ရှိအောင် ကျင့်နေရမည်၊ ရဟန်းဖြစ်ကာစပုဂ္ဂိုလ်ကဲ့သို့ အမြဲတမ်းအသစ်ဖြစ်အောင် ကျင့်နေရမည်။

"ကိုယ်ကိုလဲ ခွာထားရမယ်၊ စိတ်ကိုလဲခွာထားရမယ်'ဟူသည်='မိတ်ဖွဲ့မှုစသည်ကို မလုပ်ဘဲ (ချစ်ခြင်းမုန်းခြင်းမရှိဘဲ=လောဘ ဒေါသမရှိဘဲ) ကိုယ်ရောစိတ်ပါ ခပ်ကွာကွာ နေရမယ်"ဟု ဆိုလိုပါသည်။

၁။ တောမှာလည်း မနေ, ကာမဝိတက်စသည်တို့ကိုလည်း ကြံစည်နေသော ရဟန်းသည် ကိုယ်ကိုလည်း ခွာသည်မမည်၊ စိတ်ကိုလည်း ခွာသည်မမည်ပေ။

၂။ တောမှာနေစေကာမူ ကာမဝိတက်စသည်တို့ကို ကြံစည်နေသော ရဟန်းသည် ကိုယ်ကိုသာခွာ၍ စိတ်ကိုကား ခွာသည်မမည်ပေ။

၃။ ရွာနီးကျောင်းမှာနေစေကာမူ ကာမဝိတက်စသည်တို့ကို .မကြံစည်သော ရဟန်းသည် စိတ်ကိုသာခွာသည် ကိုယ်ကိုကား ခွာရာမရောက်ပေ။

၄။ တောကျောင်းနေသည့်အပြင် ကာမဝိတက်စသည်တို့ကိုလည်း မကြံစည်သော ရဟန်းမူကား ကိုယ်ရောစိတ်ပါ (နှစ်ပါးလုံးကိုပင်) ခွာသည်မည်၏။

ဤနောက်ဆုံးရဟန်းကဲ့သို့ "ကိုယ်ရောစိတ်ပါခွာပြီး ဒါယကာဒါယိကာမများအိမ်ကို ချဉ်းကပ်ရမယ်"ဟု မိန့်တော်မူလိုပါသည်။

'အမြဲအသစ် ဖြစ်နေစေရမယ်'ဟူသည်မှာ "ဧည့်သည်သဖွယ်သာ ဖြစ်နေစေရမယ်" ဟု ဆိုလိုပါသည်။ ဧည့်သည်အာဂန္တု ရဟန်းသည် အစဉ်အားဖြင့် ရောက်လာသောအိမ်ကို ဝင်သွားသည်၊ အိမ်သူအိမ်သားများက သူ့ကိုတွေ့ရသည့်အခါ "ငါတို့ရဲ့သားတွေညီတွေ ဟာလဲပဲ အခြားအရပ်ကို ရောက်သွားလို့ရှိရင် ဒီလိုလှည့်လည် နေကြရမှာပဲ"ဟု သနားကြင်နာလျက် အထိုင်ခိုင်း၍ ဆွမ်းကျွေးကြသည်၊ ထိုရဟန်းက စားပြီးလျှင်စားပြီးချင်း "ဒကာတို့ရဲ့ခွက်တွေကို သိမ်းကြပေတော့"ဟု ပြောဆိုထွက်သွားသည်၊ ထိုသူတို့နှင့် အသိအကျွမ်း ဖွဲ့မှုကိုလည်း မလုပ်၊ ပြုစုရာကိစ္စများကိုလည်း မစီမံ၊ ယင်းသို့ပင် "သင်တို့ကလဲပဲ ရောက်လာသောအိမ်သို့ဝင်၍ ဣရိယာပုထ်၌ ကြည်ညိုသူများက

ပေးလှူသောဝတ္ထုကို ခံယူပြီး အသိအကျွမ်းဖွဲ့မှုကို ဖြတ်လျက် သူတို့၏ ပြုဖွယ်ကိစ္စများကို အားမထုတ်ဘဲ ထွက်လာကြရမည်”ဟု ဆိုလိုပါသည်။

မထေရ် နှစ်ပါး

အမြဲအသစ်ဖြစ်မှု ထင်ရှားလာအောင် မထေရ်ညီနောင် နှစ်ပါး၏ ဝတ္ထုကို ဆက်လက်ပြပါဦးမည်၊ ဝသာဠနဂရရွာသား ညီနောင် နှစ်ယောက်တို့သည် ရဟန်းပြုကြသည်၊ “စူဠနာဂထေရ်, မဟာနာဂထေရ်”ဟု ထင်ရှားကြသည်၊ သူတို့သည် စိတ္တလတောင်မှာ နှစ်ပေါင်းသုံးဆယ်ကြာအောင် နေခဲ့ကြသည်၊ ရဟန္တာဖြစ်ပြီးသည့်နောက် ‘အမေ့ကိုတွေ့ရအောင်’ဟူသော ရည်ရွယ်ချက်ဖြင့် ပြန်လာခဲ့ကြသည်၊ ဝသာဠနဂရရွာကျောင်းမှာပင် တည်းခိုနေထိုင်ကြသည်၊ နောက်တစ်နေ့မှာ အမေ့ရွာကို ဆွမ်းခံဝင်လာကြသည်။

အမေဖြစ်သူကလည်း မထေရ်နှစ်ပါးအတွက် မှုတ်ဖြင့် ယာဂုကိုယူလာ၍ မထေရ်တစ်ပါး၏ သပိတ်၌ လောင်းထည့်လိုက်သည်၊ မထေရ်ကိုတွေ့ရသည့်အခါမှာ သားဌဖြစ်သောချစ်ခင်မှု ဖြစ်လာခဲ့သည်၊ “အရှင်ဘုရားဟာ တပည့်တော်ရဲ့သား မဟာနာဂလား?”ဟု လျှောက်ထားသည်၊ “နောက်ကမထေရ်ကို မေးတာပေါ့ ဒကာမကြီးရယ်”ဟု ပြော၍ မထေရ်က ထွက်ခွာသွားသည်၊ ယာဂုလောင်းလှူပြီးလျှင် နောက်ကမထေရ်ကိုလည်း “အရှင်ဘုရားဟာ တပည့်တော်ရဲ့သား စူဠနာဂလား?”ဟု မေးလျှောက်ပြန်သည်၊ “ရှေ့ကမထေရ်ကို မမေးလိုက်ဘူးလား ဒကာမကြီး?”ဟု ပြောပြောဆိုဆို နောက်ကမထေရ်လည်း ထွက်ခွာသွားပြန်သည်။

ဤသို့ အမေနှင့်သော်မှ မိတ်ဖွဲ့မှုကိုဖြတ်ထားသော ရဟန်းသည် အမြဲပင် အသစ်ဖြစ်နေပေတော့သည်။

‘မကြမ်းတမ်းရဘူး’ဟူသည်မှာ ‘ကိုယ်အမှုအရာ ကြမ်းတမ်းခြင်း, နှုတ်အမှုအရာ ကြမ်းတမ်းခြင်း, စိတ်ကြမ်းတမ်းခြင်း မရှိစေရ’ဟု ဆိုလိုသည်။

“သံဃာ, ဂိဏ်း, ပုဂ္ဂိုလ်, ဆွမ်းစားကျောင်း, ချွေးဇရုံးအိမ်, ရေချိုးဆိပ်, ဆွမ်းခံလမ်း, ရွာဝင်ခြင်း”ဟု ကိုယ်အမှုအရာ ကြမ်းတမ်းမှုဆိုင်ရာဌာန ၅စ်မျိုးရှိသည်။

၁။ သံဃာ့အလယ်၌ လက်အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့လျက် (လက်နှစ်ဘက်ဖြင့် ဒူးကိုပိုက်လျက်, သို့မဟုတ် အဝတ်ရှည်ဖြင့် ဒူးကိုသိုင်းလျက်) ထိုင်ခြင်း ဒူးတင်ပေါင်တင်ထိုင်ခြင်းစသည်ဖြင့် မသင့်လျော် မလျောက်ပတ်သော အမှုကိုပြုခြင်း။

၂။ ပရိသတ်လေးပါးအစည်းအဝေး, (သို့မဟုတ်) သုတ္တန်တိကဂိဏ်းစသည်တို့၏ အစည်းအဝေး (ဂိဏ်း)၌ သံဃာ့အလယ်၌ကဲ့သို့ မဖွယ်မရာ ပြုလုပ်ခြင်း။

၃။ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်၌လည်း အလားတူ မတော်မလျော် ပြုလုပ်ခြင်း။

၄။ ဆွမ်းစားကျောင်း၌ မိမိထက်ကြီးသောရဟန်းတို့အား နေရာမပေးခြင်း၊ ဝါငယ်သော ရဟန်းတို့၏ နေရာကို တားမြစ်ခြင်း။

၅။ ချွေးဇရုံးအိမ်၌ အလားတူပြုလုပ်သည့်အပြင် ဝါကြီးသောရဟန်းတို့ကို မပန်ပြောဘဲ မီးထည့်မှု စသည်တို့ကို ပြုလုပ်ခြင်း ။

၆။ "ရေချိုးဆိပ်၌ 'ငယ်သည်, ကြီးသည်'ဟု ပမာဏမပြုဘဲ ရောက်လာသောအစဉ်ဖြင့် ရေချိုးရမည်"ဟု ဟောတော်မူထားသော ကျင့်ဝတ်ကိုလည်း မလိုက်နာဘဲ နောက်မှ ရောက်လာပါလျှက် ရေသို့ဆင်းပြီး ဝါကြီးသူတွေကိုရော, ဝါငယ်သူတွေကိုရော တားမြစ်နှောင့်ယှက်ခြင်း။

၇။ ဆွမ်းခံလမ်း၌ နေရာဦး, ရေဦး, ဆွမ်းဦးအလို့ငှါလက်မောင်းချင်းတိုးဝှေ့ပွတ် တိုက်လျက် ရှေ့ကိုကျော်တက်ခြင်း။

၈။ ရွာတွင်းသို့ဝင်သည့်အခါ ဝါကြီးသူတို့ထက် ဦးအောင်ဝင်ခြင်း၊ ရှင်ငယ်, ရဟန်းငယ် များနှင့်အတူ ဆော့နေခြင်း။-

အစရှိသည်တို့ပင် ဌာနရှစ်မျိုး၌ ကိုယ်အမှုအရာ ကြမ်းတမ်းခြင်း မည်ပေသည်။

ဆောင်။ ။သံဃဂဏ, ပုဂ္ဂလနှင့်, အာသနသာလာ, ဇန္တာဃရ, နှာနတိတ္ထံ, ဆွမ်းခံလမ်းမှာ, ရွာဝင်ခါ, ရှစ်ဖြာကိုယ်ကြမ်းပယ်။

သံဃာ, ဂိဏီး, ပုဂ္ဂိုလ်, ရွာထဲရပ်ထဲ၌ မသင့်တင့် မလျောက်ပတ်သော စကားကို ပြောဆိုခြင်းသည် နှုတ်အမှုအရာ ကြမ်းတမ်းမှုမည်ပေသည်။

သံဃာ့အလယ်၌လည်ကောင်း, ဂိဏီးအလယ်၌လည်းကောင်း, ပုဂ္ဂိုလ်အနီး၌ လည်ကောင်း မထေရ်ကြီးကို မပန်ပြောဘဲ တရားဟောခြင်း, လူများက ပြဿနာ မေးလျှောက်လာသည်ရှိသော် မထေရ်ကြီးကို မပန်ပြောဘဲ ဖြေဆိုခြင်း၊ ရပ်ထဲရွာထဲ၌ "ဟေ့ အကောင်မတွေ ! ဘာများရှိကြသလဲ၊ ယာဂုရှိသလား၊ ဒါမှမဟုတ် မုန့်ပဲသရေစာတွေ ရှိသလား၊ ဆွမ်းဟင်းများ ရှိသလား၊ တို့ကို ဘာလှူကြဦးမလဲ၊ ဦးပဉ္စင်းက ဘာခဲရ (ဘာဝါးမျိုရ)ဦးမလဲ၊ ဘာစားရဦးမလဲ၊ ဘာသောက်ရဦးမလဲ"ဟူသော စကားမျိုးကို ပြောဆိုခြင်းစသည်တို့သည် နှုတ်အမှုအရာ ကြမ်းတမ်းမှုဖြစ်ပေသည်။

ဆောင်။ ။သံဃဂဏ, ပုဂ္ဂလနှင့်, ဂါမတွင်းဝယ်, မဖွယ်မရာ, ပြောဆိုပါ, နှုတ်လျှာ ကြမ်းမှုပယ်။

ထိုထိုဌာနတို့၌ ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်ခြင်းသို့ မရောက်မူ၍လည်း စိတ်ဖြင့် ကာမဝိတက်စသည်တို့ကို ကြံစည်ခြင်းသည် စိတ်ကြမ်းတမ်းခြင်းမည်၏။

ဆောင်။ ။စိတ်ထဲကသာ, ကာမဝိတက်, စသည်တွက်, ကြံပျက်-စိတ်ကြမ်းပယ်။

ထို့ပြင်- ရဟန်းတစ်ပါးမှာ

၁။ “မိမိမှာ မရှိသောဂုဏ်ဖြင့် ချီးမွမ်းခံလိုခြင်း၊

၂။ ခေါင်းဆောင် လုပ်လိုခြင်း၊

၃။ သံဃိကကျောင်းများကို လွှမ်းမိုးအုပ်စိုးလိုခြင်း၊

၄။ ဒါယကာဒါယိကာမများ၏ အပူဇော်ကိုခံလိုခြင်း”ဟူသောအလိုဆိုးများနှင့်

၅။ “ရှင်လူအများ အထင်ကြီးအောင်ကြံစည်ခြင်း၊

၆။ ကိစ္စမျိုးစုံကို ကိုယ့်အလိုအတိုင်း ဖြစ်အောင်ကြံစည်ခြင်း”ဟူသော အကြံအစည်များ ဖြစ်ပေါ်လာတတ်သည်၊ ယင်းအလိုဆိုးများ အကြံအစည်များဖြင့် မိမိမှာ ရဟန်းတရား တိုးပွားမလာဘဲ တဏှာ, မာနတို့သာ တိုးပွားလာစရာ ရှိပေသည်၊ သို့ဖြင့်- ဤယုတ်ညံ့(အောက်တန်းကျ)သော အလိုနှင့် အကြံအစည်တို့သည်လည်း စိတ်ကြမ်းတမ်းမှုပင်မည်ပေသည်။

ဆောင်။ ။ချီးမွမ်းခံလို, ဦးစီးလိုလား, ပိုင်လိုကျောင်းကန်, ပူဇော်ခံချင်, များလူရှင်၏, အထင်ကြီးအောင်, လိုလိုက်အောင်, ကြံဆောင် စိတ်ကြမ်းပယ်။

ချီးမွမ်းခံလို ရဟန်းဆိုးရဟန်းညံ့သည် မိမိမှာ မရှိသောဂုဏ်ဖြင့် ချီးမွမ်းခံလိုသည်၊ သဒ္ဓါတရားမရှိသူဖြစ်လျက် “ဒီကိုယ်တော်ဟာ ‘သဒ္ဓါတရားရှိတယ်’လို့ ငါ့ကို လူတွေက အသိအမှတ်ပြုကြရင် ကောင်းမှာပဲ”ဟု အလိုရှိတတ်သည်၊ သီလမရှိသူ(ဒုဿီလ)ဖြစ်ပါလျက် “ဒီကိုယ်တော်ဟာ ‘သီလရှိတယ်’လို့ ငါ့ကို လူတွေက အသိအမှတ်ပြုကြရင် ကောင်းမှာပဲ”ဟု အလိုရှိတတ်သည်၊ ဗဟုသုတမရှိသူဖြစ်ပါလျက် “ဒီကိုယ်တော်ဟာ ‘ဗဟုသုတရှိတယ်’လို့ ငါ့ကို လူတွေက အသိအမှတ်ပြုကြရင် ကောင်းမှာပဲ” ဟုလည်း အလိုရှိတတ်သည်၊ လူတွေနှင့် ကင်းရှင်းသူမဟုတ်ပါဘဲလျက် “ဒီကိုယ်တော်ဟာ ‘လူတွေနှင့် ကင်းကင်း ရှင်းရှင်းနေတယ်’လို့ ငါ့ကို လူတွေက အသိအမှတ်ပြုကြပါစေ” ဟုလည်း အလိုရှိတတ်သည်၊ ပျင်းရိသူဖြစ်လျက် “အားထုတ်လုံ့လ ဝီရိယရှိသူလို့ လူတွေက အသိအမှတ်ပြုကြပါစေ”ဟုလည်း အလိုရှိတတ်သည်၊ သတိမရှိသူဖြစ်လျက် “သတိရှိသူ(တည်တံ့သူ)ဖြစ်တယ်လို့ လူတွေက ငါ့ကို အသိအမှတ်ပြုကြရင် ကောင်းမှာပဲ” ဟုလည်း လိုလားတတ်သည်၊ မတည်ကြည်သူဖြစ်ပါလျက် “တည်ကြည်သူဖြစ်တယ်လို့ လူတွေက ငါ့ကို အသိအမှတ်ပြုကြရင် ကောင်းမှာပဲ”ဟုလည်း လိုလား တတ်သည်၊ ပညာမရှိသူဖြစ်ပါလျက် “ပညာရှိလို့ လူတွေက ငါ့ကိုအသိအမှတ် ပြုကြရင် ကောင်းမှာပဲ” ဟုလည်း လိုလားတတ်သည်၊ ရဟန္တာ မဟုတ်ပါဘဲလျက် “လူတွေက ငါ့ကို ရဟန္တာလို့ အသိအမှတ်ပြုကြရင် ကောင်းမှာပဲ”ဟုလည်း လိုလားတတ်သည်၊ ဤသို့ မိမိမှာ မရှိသော ဂုဏ်ဖြင့် ချီးမွမ်းခံလိုတတ်သည်။

ဦးစီးလိုလား ရဟန်းလောကမှာ ဦးစီးခေါင်းဆောင် လုပ်လိုသည်၊ “ကျောင်းတိုက်တစ်ခုလုံးမှာ ရှိနေတဲ့ ရဟန်းတွေက ငါ့ကို ခြံရုံပြီး ပြဿနာ မေးနေ

ကြရင် ကောင်းမှာပဲ"ဟု အလိုဆိုးဌ္ဌ တည်လျက် ခေါင်းဆောင်အရာထားမှုကို အလိုရှိနေတတ်သည်။

ပိုင်လို ကျောင်းကန် ရဟန်းဆိုးရဟန်းညံ့သည် ကျောင်းတိုက်များကို လွမ်းမိုးအုပ်စိုးလိုသည်၊ သံဃိကကျောင်းတိုက်များဝယ် ကျောင်းတိုက် အလယ်မှာ တည်ရှိနေသော ကျောင်းကောင်းများကို မိမိနှင့်အလွမ်းသင့်သောရဟန်းများအား "အရှင်ဘုရားတို့က ဒီကျောင်းမှာ နေကြတာပေါ့"ဟု စိမ်ပေးနေသည်၊ မိမိကိုယ်တိုင်လည်း အကောင်းဆုံးကျောင်းကို ကြောင့်ကြစိုက်နေသည်၊ ကြွင်းသောဧည့်သည်ရဟန်းတို့အား ကျောင်းတိုက်အစွန်အဖျားရောက်နေသည့် (ချောင်ကျနေသည့်) အညံ့ဆုံးကျောင်းများကို ဖြစ်စေ, မကောင်းဆိုးဝါးရှိသော ကျောင်းများကိုဖြစ်စေ "အရှင်ဘုရားတို့က ဒီကျောင်း ဒီကျောင်းမှာ နေကြတာပေါ့"ဟု စိမ်ပေးတတ်သည်၊ ဤသို့ ကျောင်းတိုက်များဌ္ဌ စိုးရပိုင်ဆိုင်မှုကို အလိုရှိနေသည်၊ ပိုင်စိုးပိုင်နင်း လုပ်လိုသည်။

ပူဇော်ခံချင် ရဟန်းယုတ် ရဟန်းညံ့သည်အခြားအိမ်တို့ဌ္ဌလည်း သူ့ကိုသာ ပူဇော်စေလိုသည်၊ မိအိမ်ဖအိမ် ဆွေမျိုးဉာတိအိမ်များမှာသာမဟုတ် အခြားအိမ်များမှာလည်း "အိမ်သူအိမ်သားတွေက ငါတစ်ဦးတည်းကိုသာ လှူဒါန်းကြပြီး အခြားသူတွေကို မလှူဒါန်းရင် ကောင်းမှာပဲ"ဟု ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်မှုကို အလိုရှိနေသည်။

မျှားလှူရှင်၏ အထင်ကြီးအောင် ရဟန်းဆိုးသည် "လူရောရှင်ပါ နှစ်ဦးသောသူတွေက ကျောင်းမှာ လုပ်စရာကိစ္စတွေကို ငါတစ်ဦးတည်းကသာ လုပ်ထားတယ်"လို့ ထင်မှတ်ကြပါစေ-ဟု ကြံစည်တတ်သည်၊ 'ကျောင်းမှာ ဥပုသ်ကျောင်းဆောင်စသည်နှင့် ဆက်စပ်နေတဲ့ လုပ်စရာကိစ္စအကုန်လုံးဟာ တို့ဆရာတော်ကြီး လုပ်ထားတာချည်းပဲ'ဆိုပြီး လူနှင့်ရဟန်း နှစ်ဦးလုံးကပဲ ငါကဦးအောင်လုပ်မှ 'လုပ်ငန်းကိစ္စတွေ ပြီးပြေနိုင်တယ်'လို့ မှတ်ထင်ကြပါစေ"ဟု ကြံစည်တတ်သည်။

လိုလိုက်အောင် ကြံဆောင် ရဟန်းယုတ်သည် ကိစ္စကြီးငယ် ဖြစ်ပေါ်လာတဲ့အခါ "မည်သည့်ကိစ္စမျိုးမှာမဆို ငါ့အလိုအတိုင်းသာ ဖြစ်ကြပါစေ"ဟုလည်း ကြံစည်တတ်သည်၊ "ရှင်ရောလူပါ အကုန်လုံးကပဲ ငါ့အလိုဌ္ဌသာ ဖြစ်ကြပါစေ၊ လှည်း, နွား, ပဲခွပ်, ပုဆိန်စသည်တို့ လိုနေတာပဲဖြစ်ဖြစ်, ယုတ်စွအဆုံး ယာဂုနွေးပြီးသောက်မှုပဲဖြစ်ဖြစ် ဒီလိုကိစ္စကြီးငယ်တွေ ဖြစ်ပေါ်လာတဲ့အခါ မည်သည့် ကိစ္စမှာမဆို ငါ့အလိုအတိုင်းပဲ ဖြစ်ကြပါစေ၊ ငါ့ကိုတိုင်ပင်ပြီးမှ လုပ်ကြပါစေ"ဟုလည်း ကြံစည်တတ်ကြသည်။

ထိုရဟန်းဆိုးရဟန်းယုတ်မှာ တပ်မက်မှုတဏှာနှင့် မာန်မာနတို့သာ တိုးပွားလာရတော့သည်၊ အဆိုပါအလိုမျိုး, အကြံအစည်မျိုးဖြစ်နေသော ရဟန်းယုတ်မှာ ဝိပဿ

နာလည်း မတိုးပွား၊ မင်္ဂိုလ်လည်း မတိုးပွားဘဲ လ,တင်္လာသည့်အခါ သမုဒ္ဒရာရေ တိုးပွားလာသကဲ့သို့ ဒွါရခြောက်ပါးမှာ ဖြစ်သောတဏှာနှင့်မာနကိုးမျိုးတို့ကသာ တိုးပွားလာရတော့သည်။ ခံ-၄-၁၊ ၃၂၈။

ဤအလိုဆိုးများနှင့် အကြံအစည်များသည် အနည်းနှင့်အများ ပုထုဇဉ်လူသားတိုင်းမှာ လိုလိုပင် ရှိနေတတ်သည်၊ ပုထုဇဉ်လူသားတို့၏ နောက်ကို မသိမသာ လိုက်ပါနေတတ်သည်၊ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ကောင်းလှသည်ကား မဟုတ်လှပါ၊ နည်းလျှင်လည်း နည်းသည့်အလိုက် , များလျှင်လည်း များသည့်အလိုက် လက်ခံထားသော ပုဂ္ဂိုလ်ကို ဒုက္ခပေးတတ်ပါသည်၊ အကျိုးစီးပွား ပျက်ပြားစေတတ်ပါသည်။

သို့ဖြစ်၍ နည်းသည်ကို ပျောက်အောင်, များသည်ကို တစ်စတစ်စနည်းလာအောင် ရဟန်းရှင်လူတိုင်းပင် သတိပြုသင့်ပါသည်၊ ယင်းသို့ ပြုပြင်သွားပါလျှင် လ,တင်္လာသည့်အခါ သမုဒ္ဒရာရေ တိုးသလို ဂုဏ်သိက္ခာများလည်း တိုးတက်လာရမည်သာ ဖြစ်ပါသည်။

ဤသို့လျှင် "ကြမ်းတမ်းမှု အကုန်လုံးကို ပယ်ခွာပြီး ဒကာဒကာမတွေရဲ့အိမ်ကို ချဉ်းကပ်ရမယ်"ဟု မိန့်တော်မူလိုပေသည်။

"ရဟန်းတို့ ! လူတစ်ယောက်ဟာ ရေတွင်းဟောင်းကိုပဲဖြစ်ဖြစ်, တောင်ကမ်းပါးပြတ်ကိုပဲဖြစ်ဖြစ်, မြစ်ကမ်းပါးစောက်ကိုပဲဖြစ်ဖြစ် ကြည့်လိုရင် ကိုယ်ကိုလဲခွာပြီး ကြည့်ရမယ်၊ စိတ်ကိုလဲခွာပြီးကြည့်ရမယ်၊ (နိုးနိုးကပ်ကပ် ရဲရဲတင်းတင်း ငုံ့မကြည့်ရဘူး။)

ရဟန်းတို့ ! ထို့အတူ သင်တို့ဟာလဲပဲ လ,ရဲ့ပုံဟန်အတိုင်း အိမ်များသို့ ချဉ်းကပ်ကြရမယ်၊ ကိုယ်ကိုလဲ ခွာထားရမယ်၊ စိတ်ကိုလဲခွာထားရမယ်၊ အိမ်တွေမှာ အမြဲအသစ်ဖြစ်နေစေရမယ်၊ မကြမ်းတမ်းရဘူး၊ (မရင်းနှီးလွန်းရဘူး၊) ကဿပဟာ ဒီအတိုင်းပဲ အိမ်တွေကို ချဉ်းကပ်နေတယ်။

'ကိုယ်ခွာစိတ်ခွာ ကြည့်ရမယ်'ဆိုရာဝယ် ရေတွင်းဟောင်းစသည်တို့ကို ပြက်ရယ်ပြောင်လှောင်မှုပြုလျက် ခပ်လှမ်းလှမ်းမှ ခါးကော့ ကိုယ်မော့မထားဘဲ စိတ်ထိတ်လန့်မှုလည်း မရှိဘဲ(ရဲရဲတင်းတင်း) အလေ့တကြီး အနားကပ်၍ ငုံ့ကြည့်သောသူသည် လိမ့်ကျ၍ လက်ကျိုးမှု, ခြေကျိုးမှုစသောအကျိုးမဲ့သို့ ရောက်တတ်သည်။

ရေအတွက်ဖြစ်စေ, အခြားကိစ္စတစ်စုံတစ်ရာအတွက်ဖြစ်စေ ကြည့်လိုသည့်အခါမှာ ကိုယ်ကို အနည်းငယ်ခွာထားပြီး အပြစ်ကို တွေ့မြင်သည့်အတွက် ခါးကော့ကိုယ်ဖော့လျက် စိတ်တထင့်ထင့်ဖြင့် ကြည့်သောသူမှကား လိမ့်ကျဖွယ်ရာ မရှိပါချေ၊ အလိုရှိသလို ကြည့်ပြီး ချမ်းချမ်းသာသာ လိုရာအရပ်သို့ ထွက်ခွာသွားနိုင်ပေသည်။

ဥပမာ ဥပမေယျနှစ်ရပ် နှီးနှောစပ်ဟပ် ပြုပါဦးမည်၊ -ရေတွင်းဟောင်းစသည်နှင့် ဒါယကာဒါယိကာမ တို့သည်၊ ရေတွင်းဟောင်းစသည်ကို ကြည့်သူနှင့် ဒါယကာဒါယိကာမ အိမ်သို့ ကပ်ရောက်သောရဟန်း တို့သည်၊ ခပ်လှမ်းလှမ်းမှ ရပ်လျက် ခါးကော့ကိုယ်ဖော့မှုကို မပြုဘဲ စိတ်ရဲတင်းစွာဖြင့် ရေတွင်းဟောင်းစသည်ကို ကြည့်သောယောက်ျား၏ လိမ့်ကျခြင်းနှင့် ကိုယ်စသည်တို့ကို မစောင့်ရောက်ဘဲ ဒါယကာဒါယိကာမများအိမ်သို့ ချဉ်းကပ်သော ရဟန်း၏ ဒါယကာဒါယိကာမများ၌ ငြိတွယ်ခြင်း, ထိုသို့ငြိတွယ်ခြင်းကြောင့် သီလခြေကျိုးခြင်းစသော အကျိုးမဲ့အမျိုးမျိုးသို့ ရောက်ရခြင်း တို့သည်၊ ထို့ကြောင့်ပင် ရှေးဆရာများကလည်း အောက်ပါစကားကို မိန့်ဆိုထားကြပါသည်။

၄၂။ "ဝမ်းတွင်းသတိ,မရှိဆင်ခြင်, ယောက်ျားပင်လျှင်, မမြင်တိမ်းစောင်း, သွားတုံ
ရောင်းက,တွင်းဟောင်းနက်စောက်, ကျလေမြောက်၍, ဝမ်းပေါက်ခေါင်းကွဲ, ဆက်လွဲအရိုး, ခြေကျိုးလက်ဆတ်, ဥပဒ်ကြီးစွာ, ပျက်စီးရာသို့, ပမာနှင်းပန်း, ဖြစ်တတ်ဆန်းမျှ, ရဟန်းမည်ကာ, ရှင်တို့မှာလည်း, ပညာသတိ, ကင်းမရှိဘဲ, ကပ်မိကပ်ရာ, ဒါယကာသို့, တဏှာဒိဋ္ဌိ, စွဲငြိကပ်ကြ, တွင်းဆိုးကျ၍, သီလပါဒ, စသည်ကျိုးလျက်, ပေါက်ပျက်ယွင်းချွတ်, ဖြစ်တို့တတ်၏"။ မဃ-၃၂၅။

ယင်းသို့ သီလခြေကျိုးခြင်းစသော အကျိုးမဲ့သို့ ရောက်ရခြင်း၏ အကြောင်းကိုလည်း ရှေးဆရာများ မိန့်ဆိုထားခဲ့သည်ကိုပင် ဆက်လက်ရှုစေလိုပါသည်။

၃၅။ "မိန်းမတို့တွင်,တချို့လျှင်လည်း,ပဉ္စင်သာမဏော, ဖြစ်ချေပြီးသော်, မလျော်
တို့နှင့်, မသင့်ချေပါ,ပြစ်ကြီးရာဟု, ဝမ်းမှာမထား, ရာဂအားဖြင့်, ရှောင်ရှားမရှိ, တပ်စွမ်းဘိ၍, မျက်စိကွယ်မြင်, ဆွဲငင်ပြယ်ပြယ်, မောင်ငယ်မောင်ပု, ညုကာပြုလျက်, ချစ်မှုခင်ရာ,ခေါင်ကာတိ,ချိန်ခါမဲ့ပင်,အိမ်ထက်တင်မှ, မမြင်လေအပ်, နီးကပ်ယှဉ်နွဲ, နွားကျွဲတွဲသို့, အမြဲတစေ, အိပ်နေရကြောင်း, စိတ်ထဲချောင်းနှင့်, ဖြားယောင်းတတ်စွာ,တချို့မှာလည်း,မျက်နှာကွယ်ပျက်,စိတ်ရမက်ကြောင့်, ကိုယ်လက်ထိပါး, လွန်ပျော်ပါး၍, လင်သားတစ်ဖန်, ပြုလေပြန်၏၊ ကြောက်ရွံမဲ့ငြား, အချို့အားလည်း,အဖျားအနာ,ရှိလခါသော်,ကုပါဆေးဝါး, ဆေးသမားနှင့်, လင်သား
အသွင်,ဝင်စေခန်းတွင်း, ခေါင်သွင်း၍, နယ်ချင်းခုတင်, ထိလေကျင်၏၊ မမြင်အပ်ရာ, မြင်အပ်ရာကို, စာနာမမူ, ဆဲမြူမရှက်, တိုးဝှေ့လျက်ပင်, ပိုက်ဖက်ယှဉ်ပါး, ဝတ်စားထဘီ, အင်္ကျီသင်္ကန်း, ရောပြွမ်းစပ်ထိ, နေစေဘိလျက်, သတိမိုက်မှား, လှည့်ဖျက်ဖြား၍, စောင်နားကွယ်မြောင်, အိမ်ရာထောင်၏"။ သုခါ-၂၃။

ထို့ပြင် ခပ်လှမ်းလှမ်းမှရပ်ပြီး ခါးကော့ကိုယ်ဖော့လျက် စိတ်တထင့်ထင့်ဖြင့် ကြည့်သော ယောက်ျား၏ ယင်းရေတွင်းဟောင်း စသည်သို့ မကျခြင်းနှင့် ကိုယ်ကို စောင့်ထိန်းမှု, နှုတ်ကိုစောင့်ထိန်းမှု, စိတ်ကိုစောင့်ထိန်းမှုဖြင့် သတိမကင်းလွတ်ဘဲ ကိုယ်စိတ်ကို ခွာပြီး

ဒါယကာဒါယိကာမအိမ်သို့ ချဉ်းကပ်သောရဟန်း၏ ဒါယကာဒါယိကာမများ၌ မငြိတွယ်ခြင်း တူသည်၊ ထို့ပြင်ရေတွင်းဟောင်းစသည်သို့ မကျသော ယောကျ်ား၏ခြေမကျိုးခြင်းနှင့် ဒါယကာဒါယိကာမများ၌ မငြိတွယ်သောရဟန်း၏သီလခြေ မကျိုးပျက်ခြင်း တူသည်၊ ယောကျ်ား၏ လက်, မကျိုးခြင်းနှင့် ရဟန်း၏သဒ္ဓါလက်, မကျိုးခြင်း တူသည်၊ ယောကျ်ား၏ဝမ်း, မပျက်စီးခြင်းနှင့် ရဟန်း၏သမာဓိဝမ်း, မပျက် စီးခြင်း တူသည်၊ ယောကျ်ား၏ခေါင်း, မကွဲခြင်းနှင့် ရဟန်း၏ ဉာဏ်တည်းဟူသောခေါင်း, မပြိုကွဲမပျက်စီးခြင်း တူသည်၊ ထိုယောကျ်ားကို ငုတ်ဆူးစသည်တို့ မစူးခြင်းနှင့် ရဟန်းကို ရာဂဆူးစသည်တို့ မစူးဝင်ခြင်း တူသည်၊ ထိုယောကျ်ားသည် ဘေးရန်ကင်းကွာ အလိုရှိသလို ကြည့်ရှုပြီး ချမ်းချမ်းသာသာ အလိုရှိရာအရပ်သို့ ထွက်ခွာသွားခြင်းနှင့် ရဟန်း၏ဒါယကာဒါယိကာမတို့ကို အမှီပြုပြီး သက််န်းစသော ပစ္စည်းလေးပါးတို့ကို မှီဝဲသုံးဆောင်လျက် ကမ္မဋ္ဌာန်းပွားများပြီး သခ်ၤါရတို့ကို သုံးသပ်ကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် လောကုတ္တရာချမ်းသာဖြင့် ချမ်းသာအေးမြစွာ မရောက်ဘူးသေးသော ‘နိဗ္ဗာန်အရပ်’ဟု ဆိုအပ်သော သွားလိုရာအရပ်သို့ သွားရောက်နိုင်ခြင်း တူသည်။

ဤသည်ကိုပင်ရည်၍ ရှေးဆရာများလည်း အောက်ပါစကားကို မိန့်ဆိုထားခဲ့ပါသည်။

၄၂၃။ “မကျတွင်းဟောင်း,မှန်လမ်းကြောင်းဖြင့်,မစောင်းဖြောင့်စွာ,လိုက်၍ သာလျှင်,သမာဓိဝမ်း,ဆန်နှမ်းမြူလောက်,မပေါက်စေရ, သီလခြေမျိုး, မကျိုး ခိုင်စွာ, လက်သဒ္ဓါလည်း, မနာင့်င်း, ဉာဏ်ဥက္ခောင်းကို, မတောင်းစေဘိ, စောင့်သတိဖြင့်,ဒိဋ္ဌိတဏှာ,ဒါယကာဋ္ဌ,ဂါဟာဂါဟ,ကင်းစေမှတည့်။ မဃ-၃၂၅။

“ကဿပဟာ ဒီအတိုင်းပဲ အိမ်တွေကို ချဉ်းကပ်နေတယ်”ဟု အဘယ့်ကြောင့် မိန့်ဆိုထားရပါသနည်း၊ ‘ကိုယ်ကြမ်း,နှုတ်ကြမ်း,စိတ်ကြမ်း သုံးမျိုးကိုပယ်ပြီး အမြတမ်း အသစ်အနေနဲ့ လ,ရဲ့ပုံဟန်အတိုင်း ဒါယကာဒါယိကာမတွေ အိမ်ကို ချဉ်းကပ်ရမယ်’လို့ ပြောဆိုတဲ့ ဘုရားရှင်ဟာ မဟုတ်တဲ့နေရာမှာ ထားတာပဲ၊ မနိုင်ဝန်ကို အထမ်းခိုင်းတာပဲ၊ မလုပ်နိုင်တာကို အလုပ်ခိုင်းတာပဲ’ဟု ယုတ်ညံ့သောနှလုံးသွင်းရှိသူ(ယုတ်ယုတ်ညံ့ညံ့စဉ်းစားဆင်ခြင်သူ), မမှန်မကန်ကျင့်နေသူ တစ်ဦးတစ်ယောက်က (အဆိုပါစကားမျိုးကို) ပြောကြားလာခဲ့ပါလျှင် ပြောဆိုခြင်း၏အကြောင်းကို ဖြတ်တောက်ပြီး ‘ဒီလိုလုပ်နိုင်ပါတယ်၊ ဒီလိုလုပ်တဲ့ရဟန်းမျိုးလဲ ရှိနေတယ် ’ဟု သက်သေသာဓကအနေဖြင့် ပြတော်မူလိုသောကြောင့် “ကဿပဟာ ဒီအတိုင်းပဲ အိမ်တွေကို ချဉ်းကပ်နေတယ်”ဟု မိန့်ဆိုထားရပါသည်၊အရှင်မဟာကဿပကို သာဓကတင်ကာ ပြထားသမျှ စကားရပ်တွေကို အရာဌာနအားလျော်စွာ ဤနည်းအတိုင်းပင် မှတ်သင့်သည်။

“ရဟန်းတို့ ! သင်တို့ကို မေးရဦးမယ်၊ သင်တို့ထင်တဲ့အတိုင်းပဲ ဖြေကြ၊ ဘယ်လို ရဟန်းမျိုးက အိမ်တွေကို ချဉ်းကပ်သင့်သလဲ?”။

"ရှင်တော်မြတ်ဘုရား ! တရားတော်တွေဟာ ရှင်တော်မြတ်ဘုရားအပေါ်မှာပဲ အခြေတည်နေပါတယ်၊ တပည့်တော်များ တောင်းပန်ပါရစေ၊ ဒီပြဿနာရဲ့ သဘော အဓိပ္ပာယ်ကို ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင်ပဲ ဖြေရှင်းပေးတော်မူပါ၊ ရှင်တော်မြတ်ဘုရားဆီက ကြားရတဲ့အခါမှာ ရဟန်းတော်တွေက ဆောင်ရွက်မှတ်သားကြရပါလိမ့်မယ်"။

ရဟန်းတော်များ၏ စကားအဆုံးမှာပင် ဘုရားရှင်က ညီမြွှိုင်းနေသော ကောင်းကင်အလယ်မှာ လျှပ်စီးအစုံကို ဖြစ်စေဘိသကဲ့သို့ လက်တော်ကို ဘယ်ပြန်ညာပြန် ဝှေ့ရမ်းပြတော်မူသည်။

"ရဟန်းတို့ ! ဒီလက်ဟာ ကောင်းကင်မှာ မငြိကပ် မစွဲလမ်း မဖွဲ့ယှက် (မငြိတွယ်) သလို သူတို့အလိုရှိတဲ့ မင်္ဂလာကို ရကြပါစေ၊ ကုသိုလ်လိုချင်သူတွေက ကုသိုလ်ကောင်းမှု ပြုကြပါစေ၊ ဒီလိုသဘောထားပြီး အိမ်တွေကို ချဉ်းကပ်တဲ့ ရဟန်းရဲ့စိတ်ဟာ အိမ်(နေသူ)တွေမှာ မငြိကပ်, မစွဲလမ်း, မငြိတွယ်၊ မိမိ လာဘ်ရတဲ့ အတွက် နှစ်သက်ဝမ်းသာသလို အခြားသူများ လာဘ်ရသည့် အတွက်လည်း နှစ်သက်ဝမ်းသာတတ်တယ်၊ ဒီလို - ရဟန်းမျိုးက ^ ဘ အိမ်များကို သွားလာဝင်ထွက်သင့်ပေတယ်၊ ရဟန်းတို့ ! ကသဃဟာ ဒီလို စိတ်မျိုးနဲ့ အိမ်တွေကို ချဉ်းကပ်နေတာပဲ"။

ဆောင်။ ။စွဲလမ်းဖယ်ရှား, ကုသိုလ်ပွား, စိတ်ထားအိမ်သို့ ချဉ်းကပ်လေ။

"ရဟန်းတို့ ! သင်တို့ကို မေးရဦးမယ်၊ သင်တို့ စိတ်ထင်တိုင်းပဲ ဖြေကြ၊ ဘယ်လိုရဟန်းမျိုးရဲ့တရားဟောခြင်းဟာ မစင်ကြယ်သလဲ?၊ ဘယ်လိုရဟန်းမျိုးရဲ့ တရားဟောခြင်းဟာ စင်ကြယ်သလဲ?"။

"ရှင်တော်မြတ်ဘုရား ! တရားတော်တွေဟာ ရှင်တော်မြတ်ဘုရားအပါ်မှာပဲ အခြေတည်နေပါတယ်၊ တပည့်တော်များ တောင်းပန်ပါရစေ၊ ဒီပြဿနာရဲ့ သဘော အဓိပ္ပာယ်ကိုလဲ ရှင်တော်မြတ်ဘုရားကိုယ်တိုင်ပဲ ဖြေရှင်းပေးတော်မူပါ၊ ရှင်တော်မြတ်ဘုရားထံက ကြားနာရတဲ့အခါ ရဟန်းတွေက ဆောင်ရွက်မှတ်သားကြရပါလိမ့်မယ်"။

"ရဟန်းတို့ ! သို့ဖြစ်ခဲ့ရင် နားထောင်ကြပေတော့၊ စိတ်ထဲမှာ စွဲမြဲနေအောင် မှတ်သားကြပေတော့၊ ငါဘုရား ဟောပြရတော့မယ်"။

"မှန်လှပါ ရှင်တော်မြတ်ဘုရား"။

"ရဟန်းတို့ ! ရဟန်းတစ်ပါးဟာ 'ငါ့တရားကို နာကြရင် နာတဲ့အခါမှာလဲပဲ ကြည်လင်နှစ်သက်ကြမယ်၊ ကြည်ညိုတဲ့ သူတွေက ငါ့ကို ပစ္စည်းလေးပါးနဲ့

တုံ့ပြန်ကြမယ်ဆိုရင် ကောင်းမှာပဲ'ဆိုတဲ့စိတ်ထားမျိုးနဲ့ တရားဟောမယ်ဆိုရင် အဲဒီ ရဟန်းရဲ့ တရားဟောခြင်းဟာ မစင်ကြယ်တော့ဘူး"။

ဆောင်။ ။ပစ္စည်းလာဘ်များ, မျှော်မှန်းထား, ဟောကြားမသင့်ပေ။

"ရဟန်းတို့ ! ရဟန်းတစ်ပါးက "ဘုရားရှင်ဟောထားတဲ့ တရားတော်ဟာ ကောင်းစွာဟောထားတဲ့ တရားတော် ဖြစ်တယ်၊ ကိုယ်တိုင်သိမြင်သင့်တဲ့ တရားတော် ဖြစ်တယ်၊ အချိန်ဆိုင်းငံ့မထားဘဲ(အချိန်ဆွဲမထားဘဲ) လက်ငင်းအကျိုးပေးတတ်တဲ့ တရားတော် ဖြစ်တယ်၊ 'လာကြစမ်းပါ၊ ကြည့်ကြစမ်းပါ'လို့ ခေါ်ယူပြထိုက်တဲ့ တရားတော် ဖြစ်တယ်၊ မိမိရဲ့စိတ်မှာ ဆောင်ထားထိုက်တဲ့ တရားတော် ဖြစ်တယ်၊ အရိယာပညာရှိတွေက ကိုယ်စီကိုယ်ငင သိမြင်ထိုက်တဲ့ တရားတော် ဖြစ်တယ် " ဒီလို စဉ်းစားဆင်ခြင်ပြီး ငါ့တရားကို နာကြရင် နာတဲ့အခါမှာလဲပဲ တရားသဘောကို နားလည်ကြမယ်၊ နားလည်တဲ့အတိုင်းလဲ အမှန်တကယ် ကျင့်ကြမယ်ဆိုရင် ကောင်းမှာပဲ၊ ဒီလို စိတ်ထားမျိုးနဲ့ အခြားသူတွေကို တရားဟောမယ်၊ အဲဒီလို တရားတော်ရဲ့ မြင်မြတ်တဲ့ သဘောကို အကြောင်းပြုပြီး အခြားသူတွေကို တရားဟောမယ်၊ သနားတဲ့အတွက်, စောင့်ရှောက်လိုတဲ့အတွက်, ချီးမြှောက်လိုတဲ့အတွက် အခြားသူတွေကို တရားဟောမယ်၊ ရဟန်းတို့ !ဒီလိုရဟန်းမျိုးရဲ့တရားဟောခြင်းဟာ စင်ကြယ်ပေတယ်"။

ဆောင်။ ။တရားဂုဏ်တော်, ရည်မှန်းမျှော်၍, သူတော်ကောင်းများ, ကျင့်စေသား, ဟောကြားသင့်လှပေ။

"ရဟန်းတို့ !ကဿပဟာ ဒီလိုစိတ်ထားမျိုးနဲ့ အခြားသူတွေကို တရားဟောနေတယ်၊ ရဟန်းတို့ ! ကဿပကိုပဲဖြစ်ဖြစ်, ကဿပနဲ့အလားတူ မထေရ်တစ်ပါးပါး ကိုပဲဖြစ်ဖြစ် (စံနမူနာထားပြီး) သင်တို့ကို ငါဘုရား ဆုံးမမယ်၊ ဆုံးမခံရတဲ့ သင်တို့က တိတိကျကျ လိုက်နာကျင့်သုံးကြရမယ်"။

တပည့်သာဝကတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူတတ်သော 'ဘုရားရှင်၏တာဝန် (ကိစ္စ)'ဟူသည်မှာ မှန်ကန်တိမတ်သော တရားတော်ကို ဟောပြောရုံမျှသာ ဖြစ်ပေသည်။

တရားတော်ကို ကြားနာရပြီးသည့်နောက် လိုက်နာပြုကျင့်ခြင်းမည်သည်ကား သာဝကတို့၏တာဝန်, သာဝကတို့၏ကိစ္စ ဖြစ်ပေသည်။ မူပဏ္ဏ-၄-၁၊ ၁၉၉။

အိမ်သို့ချဉ်းကပ်ရာဝယ် နှလုံးသွင်း မှန်ပါစေ

ရဟန်းတော်များ၏ အသက်မွေးမှုသည် သူတစ်ပါးနှင့်ဆက်စပ်နေသည်၊ သူများပေးစာကမ်းစာဖြင့် မျှတနေရသည်၊ ကိုယ့်လက်ကိုယ့်ခြေဖြင့် လုပ်ကိုင်စားသောက်ရသော ဘဝမျိုး မဟုတ်၊ လုပ်ကိုင်စားသောက်ရန်လည်း ဘုရားရှင်က ခွင့်ပြုတော်မမူခဲ့ပါ။

သို့ဖြစ်၍ သူများက ပေးကမ်းလှူဒါန်းသည်ကို ခံယူရသည့်အခါမှာ ရဟန်းတော်များ၏ နှလုံးသွင်းမှန်ကန်ရန် အရေးကြီးလှပါသည်၊ "နှလုံးသွင်း မမှန်ကန်ပါက ပေးကမ်းလှူဒါန်းသည်ကို ခံယူရန်မဆိုထားဘိ ဒါယကာဒါယိကာမများအိမ်သို့ပင် မချဉ်းကပ်သင့်"ဟု ဘုရားရှင်က မြစ်တားတော်မူပါသည်။

ထို့ကြောင့် ဒါယကာဒါယိကာမများ၏ အလှူကိုခံယူရာ၌ နှလုံးသွင်း မှန်ကန်အောင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တိုင်းက ပြုပြင်သင့်ပေသည်။

"ရဟန်းတို့ ! ငါ့ကိုသာ လှူကြပါစေ၊ မလှူဘဲ မနေကြပါစေနဲ့၊ များများစားစားသာ လှူကြပါစေ၊ နည်းနည်းပါးပါး မလှူကြပါစေနဲ့၊အကောင်းကိုသာ လှူကြပါစေ၊ အကြမ်းကို မလှူကို မလှူကြပါစေနဲ့၊ မြန်မြန်ဆန်ဆန်သာ လှူကြပါစေ၊ ဖြည်းနှေးလေးကန်စွာ မလှူကြပါစေနဲ့၊ ရိုသေစွာသာ လှူကြပါစေ၊ မရိုမသေ မလှူကြပါစေနဲ့။

ဒီလို စိတ်နေသဘောထားမျိုးနဲ့ အိမ်ကို ကပ်ရောက်လာတဲ့ ရဟန်းဟာ မလှူတဲ့အခါမှာ အဲဒီလို မလှူတဲ့ အတွက်ကြောင့်ပဲ နာကျည်းလာတော့တယ်၊ ဒါနဲ့ပဲ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုလဲ ဖြစ်ရတော့တယ်၊ (မှန်းခြေမကိုက်က စိတ်ဆင်းရဲရတော့တယ်။)

နည်းနည်းပါးပါးသာလှူပြီး များများစားစား မလှူတဲ့အခါမျိုး, အကြမ်းကိုသာလှူပြီး အကောင်းကို မလှူတဲ့အခါမျိုး, ဖြည်းနှေးလေးကန်စွာလှူပြီး မြန်မြန်ဆန်ဆန် မလှူတဲ့ အခါမျိုး, မရိုမသေလှူပြီး ရိုရိုသေသေမလှူတဲ့ အခါမျိုးတွေမှာလဲ အလားတူပင် နာကျည်းလာပြီး ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဖြစ်ရတော့တယ်။

ဒီလို ရဟန်းမျိုးဟာ အိမ်ကိုချဉ်းကပ်တတ်တဲ့ (ကုလူပက)ရဟန်း မဖြစ်သင့်ဘူး"။

ဆောင်။ ။များကောင်းမြန်သာ, ရိုသေစွာဖြင့်, လှူပါငါ့အား, စိတ်မှန်းထား, အိမ်နားကပ်ရန် မသင့်တန်။

"ဒီလို သူများအိမ်တွေမှာ ကိုယ်တောင့်တတိုင်း ဘယ်ရနိုင်ပါ့မလဲ"ဆိုတဲ့ စိတ်နေစိတ်ထားမျိုးနဲ့ အိမ်ကိုကပ်ရောက်လာတဲ့ ရဟန်းကျတော့ မပေးလှူတဲ့အခါမှာ နာကျည်းမှုလဲ မရှိဘူး၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲလဲ မဖြစ်ဘူး၊ (လှူသည်ဖြစ်စေ, မလှူသည်ဖြစ်စေ မထူးတော့ဘူး။)

နည်းနည်းပါးပါးလှူပြီး များများစားစား မလှူတဲ့အခါမျိုး, အကြမ်းကိုသာလှူပြီး အကောင်းကို မလှူတဲ့အခါမျိုး, ဖြည်းနှေးလေးကန်စွာလှူပြီး မြန်မြန်ဆန်ဆန် မလှူတဲ့ အခါမျိုး, မရိုမသေလှူပြီး ရိုရိုသေသေ မလှူတဲ့ အခါမျိုးတွေမှာလဲပဲ နာကျည်းမှုလဲ မရှိတော့ဘူး၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲလဲ မဖြစ်တော့ဘူး။

ဒီလိုရဟန်းမျိုးကသာ ဒါယကာဒါယိကာမတွေရဲ့အိမ်ကို ချဉ်းကပ်တတ်တဲ့ (ကုလူပက)ရဟန်း ဖြစ်သင့်တယ်"။

ဆောင်။ ။သူများအိမ်မှာ,မှန်းတိုင်းသာလျှင်,ဘယ်မှာရပါ့,စိတ်ထားက,သင့်လှချဉ်းကပ်ရန်။

"ရဟန်းတို့ !ကဿပဟာ ဒီလိုစိတ်ထားမျိုးနဲ့ အိမ်တွေကို ချဉ်းကပ်နေတာပဲ၊ ရဟန်းတို့ !ကဿပကိုပဲဖြစ်ဖြစ်, ကဿပနှင့်အလားတူ မထေရ်တစ်ပါးပါးကိုပဲ ဖြစ်ဖြစ် စံနမူနာထားပြီး သင်တို့ကို ငါဘုရား ဆုံးမရပေလိမ့်မယ်၊ဆုံးမခံရတဲ့ သင်တို့တစ်တွေက မှန်မှန်ကန်ကန် လိုက်နာကျင့်သုံးကြရမယ်"။ သံ-ပါ-၁၊ ၄၀၃။ ၄-၂၊ ၁၅၈။ ဋီ-၂၊ ၁၅၉။

အလှူကို အကျိုးမကြီးစေ, ကြီးစေသောရဟန်း

ဘုရားရှင်သာသနာတော်၌ ပျင်းရိပေါ့ဆစွာနေသော ရဟန်းသည် မိမိ၏အကျိုးစီးပွားကို ပျက်စီးစေရုံမျှသာ မဟုတ်ပါ၊ မိမိကို ကိုးကွယ်ဆည်းကပ်သော ဒါယကာဒါယိကာမတို့၏ အကျိုးစီးပွားကိုလည်း ပျက်စီးစေတတ်ပါသည်၊ ထိုပုဂ္ဂိုလ်မျိုးကို ပေးလှူသော ဒါယကာဒါယိကာမ များ၏ အလှူဒါနသည် အကျိုးပေး နည်းတတ်ပါသည်။

အားထုတ်လုံ့လ ဝီရိယရှိသော ရဟန်းမှုကား ဘုရားရှင်ကိုလည်း နှစ်သိမ့်ကျေနပ်စေနိုင်သည်၊ မိမိအတွက်လည်း အကျိုးရှိစေသည်၊ မိမိကိုဆည်းကပ်သော ဒါယကာဒါယိကာမတို့ကိုလည်း အကျိုးရှိစေသည်၊ ထိုပုဂ္ဂိုလ်မျိုးကို ပေးလှူသောအလှူသည် အကျိုးကြီးမားလှပေသည်၊ ထို့ကြောင့်ပင် အဌကထာဆရာများကလည်း အောက်ပါစကားကို မိန့်ဆိုထားကြပါသည်။

"ဘုရားရှင်သာသနာတော်၌ ပျင်းသောပုဂ္ဂိုလ်သည် ဆင်းဆင်းရဲရဲ နေရ၏၊ သာသနာပအယူ၌ ပျင်းသောပုဂ္ဂိုလ်သည် ချမ်းသာစွာနေရ၏။

ပျင်းရိသောပုဂ္ဂိုလ်၏ ဒွါရခြောက်ပါးတို့သည် မလုံခြုံပေ၊ ကံသုံးပါးတို့လည်း မစင်ကြယ်၊ အာဇီဝဌမကသီလလည်း မသန့်ရှင်း၊ ပျက်သောအသက်မွေးမှု ရှိသည်ဖြစ်၍ အိမ်သို့ ချဉ်းကပ်နေတော့သည်၊ သီတင်းသုံးဖော်တို့၏ မျက်စိ၌ကျသော မြူမှုန်ကဲ့သို့ ညှဉ်းဆဲမှုကိုပြုလျက် ဆင်းရဲစွာနေရ၏၊ နေရာအတွက် တာဝန်တက်နေသူ, ကုဋီကျင်းကို ကျင်ကြီးဖြင့် ပြည့်စေသူ ဖြစ်တော့သည်၊ ဘုရားရှင်ကိုလည်း မနှစ်သက်ကျေနပ်စေနိုင်ပေ၊ ရခဲသောဗုဒ္ဓုပ္ပါဒနဝမခဏကိုလည်း ချွတ်ယွင်းစေ၏၊ ထိုပျင်းရိသောပုဂ္ဂိုလ်က စားအပ်သော တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းသည်လည်း ကြီးမားသော အကျိုး မရှိချေ"၊ (ထိုပုဂ္ဂိုလ်မျိုးကို ပေးလှူသောအလှူသည် အကျိုးရနည်းလှပေသည်။)

ဆောင်။ ။ပျင်းရိသူအား, ပေးလှူငြား, နည်းပါးအကျိုးထင်။

အားထုတ်လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်သည် ဤသာသနာတော်မှာ ချမ်းသာစွာနေရ၏၊ သာသနာပအယူ၌မူ အားထုတ်လုံ့လဝီရိယရှိသူသည် ဆင်းရဲစွာနေရ၏။

အားထုတ်လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်၏ ဒွါရခြောက်ပါးတို့သည် လုံခြုံ၏၊ ကံသုံးပါးလည်း စင်ကြယ်၏၊ အာဇီဝဋ္ဌမကသီလလည်း သန့်ရှင်း၏၊ သီတင်းသုံးဖော်တို့၏ မျက်လုံး၌ အလွန်အေးသော မျက်စဉ်းကဲ့သို့လည်းကောင်း, မျက်စဉ်းဓာတ်သဘောသို့ ရောက်သော စန္ဒကူးကဲ့သို့လည်းကောင်း ချစ်ခင်မြတ်နိုးအပ်သည်ဖြစ်၍ ချမ်းသာစွာ နေရ၏၊ ဘုရားရှင်ကိုလည်း နှစ်သိမ့်ကျေနပ်စေနိုင်၏။

ထို့ကြောင့်ပင် ဘုရားရှင်က "ရှင်တော်မြတ်ဘုရား ! အရှင်မြတ်သည် သက်တော်ရှည်ပါစေ၊ ရှင်တော်မြတ်ဘုရား ! အရှင်မြတ်သည် ကမ္ဘာပတ်လုံး တည်တော်မူပါစေ"ဟု ဂေါတမီက ရှိခိုးလာသည့်အခါ "ဂေါတမီ ! ဘုရားရှင်ကို ဤသို့ ရှိမခိုးလင့်"ဟု ပယ်တော်မူသည်၊ ဂေါတမီက တောင်းပန်သည့်အတွက် ရှိခိုးပုံရှိခိုးနည်းကို ညွှန်ကြားတော် မူသည်။

> "ငါဘုရား၏ တပည့်သာဝကတွေဟာ အားထုတ်လုံ့လဝီရိယ ရှိကြတယ်၊ နိဗ္ဗာန်သို့ စိတ်ညွှတ်နေကြတယ်၊ အမြဲတမ်း ပြင်းထန်စွာ အားထုတ်နေကြတယ်၊ ညီညွတ်မှုလဲ ရှိကြတယ်၊ အဲဒီ ငါဘုရား၏ တပည့်သာဝကတွေကို အမှန်အတိုင်း မြင်အောင် ရှုပေတော့၊ ဒီလို ဂုဏ်ကိုမြင်အောင် ကြည့်ရှုခြင်းဟာ ငါဘုရားကိုရော, ငါဘုရား၏ တပည့်သာဝကတွေကိုရော ရှိခိုးရာ ရောက်တယ်"။

ဤသို့လျှင် အားထုတ်လုံ့လဝီရိယရှိသော ရဟန်းသည် ဘုရားရှင်ကိုလည်း နှစ်သိမ့်ကျေနပ်စေနိုင်သည်၊ ရခဲလှသော ဗုဒ္ဓပူဇဒနဝမခဏကိုလည်း မချွတ်ယွင်းစေ။

> "ဘုရားရှင်ပွင့်တော်မူလာခြင်း, တရားဟောတော်မူခြင်း, သံဃာတော်၏ကောင်းသော အကျင့်သည် ထိုရဟန်းအတွက် အကျိုးရှိလှပေသည်၊ တိုးတက်မှု ရှိလှပေသည်၊ ထိုရဟန်းက သုံးဆောင်အပ်သော တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းသည်လည်း အကျိုးကြီးလှပေသည်"။ သံ-၄-၂၊ ၄၇။ ဋီ-၂၊ ၆၁။

ဆောင်။ ။နိဗ္ဗာန်စိတ်ညွှတ်, အားထုတ်တတ်သား, ညီညွတ်ကြိုးပမ်း, မြတ်ရဟန်း, လှူဒါန်းကျိုးများဖြင့်။

ထို့ပြင် ဒါယကာဒါယိကာမများ လှူဒါန်းသောဆွမ်းကို အာသာဆန္ဒ ပြင်းထန်မက်မောစွာဖြင့် ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်သောရဟန်း, မိမိမှီခိုနေထိုင်ရာ မြို့.ရွာ၌ မကောင်းသော အကြံအစည်ကို ကြံစည်သော ရဟန်းအား ပေးလှူသော အလှူသည် အကျိုးမကြီးလှပေ။

ဒါယကာဒါယိကာမများ လှူဒါန်းသောဆွမ်းကို မက်မောတွေဝေမှု မရှိဘဲ ပစ္စဝေက္ခဏာ ဆင်ခြင်သုံးဆောင်သောရဟန်း, မိမိမှီခိုနေထိုင်ရာမြို့.ရွာ၌ ကောင်းသောအကြံအစည်ကို ကြံစည်သောရဟန်းအား ပေးလှူသောအလှူသည် အကျိုးကြီးမားလှပေသည်။

ဘုရားရှင် ကုသိနာရုံမြို့. ဗလိကရဏတောအုပ်ဝယ် သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့ကို မိန့်တော်မူဖူးသည်။

“ရဟန်းတို့ ! ဤသာသနာတော်၌ ရဟန်းသည် တစ်စုံတစ်ခုသော ရွာကိုဖြစ်စေ, နိဂုံးကိုဖြစ်စေ မှီခိုနေထိုင်၏၊ ထိုရဟန်းကို အိမ်ထောင်ဦးစီး ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ, သူ၏သားသမီးကဖြစ်စေ ‘နက်ဖြန် တပည့်တော်တို့အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါ’ဟု ဆွမ်းစားပင့်ထား၏၊ ထိုရဟန်းသည် နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာ သင်းပိုင်ကို ပြင်ဝတ်သည်၊ သင်္ကန်းကို ရုံသည်၊ ထို့နောက် သပိတ်ကို ပွေ့ပိုက်ယူဆောင်လျက် ဆွမ်းစားပင့်ထားသောအိမ်သို့ ကြွရောက်၍ ခင်းထားသော နေရာမှာ ထိုင်နေသည်၊ (ရှေးက ရဟန်းများ ဆွမ်းစားကြွပုံကို သတိပြုပါ၊) ထိုရဟန်းကို အိမ်ထောင်ဦးစီး ပုဂ္ဂိုလ်ကဖြစ်စေ, သူ၏သားသမီးကဖြစ်စေ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် နှစ်သိမ့်ကျေနပ်သည့်တိုင်အောင်, တားမြစ်ထားရသည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးနေသည်။

ရဟန်းက ‘သိပ်ကောင်းတာပဲ၊ သိပ်တော်တာပဲ၊ ဒီသူဟာ ငါ့ကို အင်မတန်ကောင်းတဲ့ စားဖွယ်သောက်ဖွယ်တွေနဲ့ နှစ်သိမ့်ကျေနပ်အောင်, တားမြစ်ထားရလောက်အောင် ကိုယ်တိုင် ကိုယ်ကြပ် လုပ်ကျွေးပါပေတယ်’ဟု စဉ်းစားနေတော့သည်။

‘နောက်လဲ ဒီလူက ငါ့အား ဒီလို အင်မတန်ကောင်းတဲ့ စားဖွယ်သောက်ဖွယ်တွေနဲ့ နှစ်သိမ့်ကျေနပ်အောင်, တားမြစ်ထားရလောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လုပ်ကျွေးလို့ရှိရင် ကောင်းမှာပဲ’ဟု ဆက်လက်စဉ်းစားပြန်သည်။

ရဟန်းသည် ယင်းဆွမ်းကို မက်မက်မောမော တွေတွေဝေဝေ အာသာဆန္ဒပြင်းပြစွာ အပြစ်ကို မရှာဘဲ တဏှာမှ ထွက်မြောက်ကြောင်း ပစ္စဝေက္ခဏာဉာဏ် ကင်းကွာလျက် သုံးဆောင်၏၊ ထိုရဟန်းသည် ယင်းရွာ, နိဂုံး၌ ကာမဂုဏ်နှင့်စပ်သော အကြံကိုလည်းကြံ၏၊ ပျက်စီးခြင်းနှင့်စပ်သော အကြံကိုလည်းကြံ၏၊ ညှဉ်းဆဲခြင်းနှင့်စပ်သော အကြံကိုလည်း ကြံ၏။

ရဟန်းတို့ ! ဤသို့ သဘောရှိသော ရဟန်းမျိုးအား ပေးလှူခြင်းသည် အကျိုးမကြီးလှပေ ၊ ထိုသို့ အကျိုးမကြီးခြင်းမှာ ယင်းရဟန်း၏ မေ့မေ့လျော့လျော့ နေထိုင်မှုကြောင့်ပင် ဖြစ်ပေသည်”။

ဆောင်။ ။မေ့လျော့ပေါ့ဆ, နေထိုင်က, ဒါနကျိုးနည်းစေ။

“ရဟန်းတို့ ! ဤသာသနာတော်၌ ရဟန်းသည် တစ်စုံတစ်ခုသော ရွာကိုဖြစ်စေ, နိဂုံးကိုဖြစ်စေ မှီခိုနေထိုင်၏၊ ထိုရဟန်းကို တစ်ယောက်သောသူက ‘နက်ဖြန် တပည့်တော်တို့အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါ’ဟု ဆွမ်းစားပင့်ထား၏၊ ရဟန်းက လက်ခံထားလိုက်သည်၊ နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာ သင်းပိုင်ကို ပြင်ဝတ်သည်၊ သင်္ကန်းကို ရုံသည်၊ ထို့နောက် သပိတ်ကို ယူလျက် ဆွမ်းစားပင့်ထားသည့်အိမ်သို့ ကြွသွားသည်၊ ခင်းထားသောနေရာမှာ ထိုင်နေသည်။

ထိုရဟန်းကို ဆွမ်းစားပင့်ထားသူက ကောင်းမွန်လှသော စားဖွယ်သောက်ဖွယ်တို့ဖြင့် နှစ်သိမ့်ကျေနပ်အောင်, တားထားရလောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လုပ်ကျွေးသည်။

ထိုရဟန်းက 'သိပ်တော်တာပဲ၊ ဒီလူဟာ ငါ့ကို အင်မတန်ကောင်းမွန်တဲ့စားဖွယ် သောက်ဖွယ် တွေနဲ့ နှစ်သိမ့်ကျေနပ်အောင်, တားထားရလောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လုပ်ကျွေးပါပေတယ်'ဟု တွေးခေါ်စဉ်းစားနေမှုကိုလည်း မပြုပေ။

'နောင်အခါလဲ ဒီလူဟာ ငါ့ကို ဒီလိုအင်မတန်ကောင်းမွန်လှတဲ့ စားဖွယ်သောက်ဖွယ် တွေနဲ့ နှစ်သိမ့်ကျေနပ်လောက်အောင်, တားထားရလောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လုပ်ကျွေးလို့ရှိရင် ကောင်းမှာပဲ'ဟုလည်း မျှော်ခေါ်တွေးတောမှုကိုလည်း မပြုပေ။

ထိုရဟန်းသည် ယင်းဆွမ်းကို မက်မောတွေဝေမှု, ဆန္ဒပြင်းပြမှု မရှိဘဲ အပြစ်ကိုရှုကာ တဏှာမှထွက်မြောက်ကြောင်း ပစ္စဝေက္ခဏာဉာဏ် မကင်းကွာဘဲ သုံးဆောင်၏။

ထိုရဟန်းသည် ယင်းရွာ, နိဂုံး၌ ကာမမှ ထွက်မြောက်ကြောင်းအကြံကို ကြံ၏၊ မပျက်စီးစေလိုခြင်း (မေတ္တာ)နှင့်စပ်သော အကြံကိုလည်း ကြံ၏၊ မညှဉ်းဆဲခြင်းနှင့်စပ်သော အကြံကိုလည်း ကြံ၏။

ရဟန်းတို့ ! ဤသို့သဘောရှိသောရဟန်းအား ပေးလှူသော အလ္လသည် အကျိုးကြီးလှပေသည်၊ ထိုသို့ အကျိုးကြီးခြင်းမှာလည်း ထိုရဟန်း၏ မမေ့မလျော့ နေထိုင်မှုကြောင့်ပင် ဖြစ်ပေသည်"။ အံ-ပါ-၁ ၊ ၂၇၇။ ၌-၂၊ ၂၃၆။

ဆောင်။ ။မေ့လျော့ကင်းကွာ, နေထိုင်ပါ, လှူရာကျိုးကြီးစေ။

ထို့ပြင် "သေက္ခ, အသေက္ခ"အားဖြင့် အလ္လခံပုဂ္ဂိုလ် နှစ်မျိုးသာ ရှိကြောင်း ဘုရားရှင် ညွှန်ကြားထားသည်ကိုလည်း ဆက်လက် လေ့လာစေလိုပါသေးသည်။

တစ်ချိန်မှာ အနာထပိဏ်သူဌေးသည် ဘုရားရှင်ထံ ဆည်းကပ်ရောက်လာသည်၊ ဘုရားရှင်ကိုရှိခိုးပြီး သင့်တင့်လျောက်ပတ်စွာ ထိုင်နေခဲ့သည်၊ ထို့နောက် ဘုရားရှင်ကို လက်အုပ်ချီမုံ ရှခိုးလျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား ! လောကမှာ အလ္လကို ခံယူသင့်သော ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသနည်း?"။

"ဒါယကာ ! လောကမှာ 'သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်'အားဖြင့် အလ္လခံသင့်သော ပုဂ္ဂိုလ် နှစ်မျိုးရှိသည်၊ ထိုပုဂ္ဂိုလ်တို့၌ အလ္လကို ပေးလှူသင့်သည်"။

အနာထပိဏ်သူဌေး မေးလျှောက်လာသော ပြဿနာကို ဖြေဆိုပြီးသည့်နောက် ဘုရားရှင်က ဆက်လက်မိန့်တော်မူပြန်သည်။

"ဤလောက၌ ပေးလှူဖွယ်တတ်သူတို့၏ အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်နှင့် အသေက္ခပုဂ္ဂိုလ်တို့ပင် ဖြစ်ကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် ကိုယ်အားဖြင့်လည်း ဖြောင့်မတ်ကြသည်၊ နှုတ်အားဖြင့်လည်း ဖြောင့်မတ်ကြသည်၊ စိတ်အားဖြင့်လည်း ဖြောင့်မတ်ကြသည်၊ အလှူရှင်တို့၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်၊ ဤပုဂ္ဂိုလ်အား ပေးလှူသော အလှူသည် များမြတ်သောအကျိုးရှိသည်"၊ (အကျိုးကြီးမားသည်။)

တစ်ချိန်မှာ ရဟန်းတစ်ပါးက ဘုရားရှင်ထံ ရောက်လာသည်၊ ရှိခိုးပြီး သင့်တင့်လျောက်ပတ်စွာ ထိုင်နေလျက် ဘုရားရှင်ကို လျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား ! 'သေက္ခ, သေက္ခ'လို့ ပြောဆိုနေကြပါတယ်၊ ဘယ်မျှလောက်ဖြင့် 'သေက္ခ' ဖြစ်ပါသနည်း?"။

"ရဟန်း ! ကျင့်ဆဲဖြစ်သောကြောင့် 'သေက္ခ'ဟု ဆိုရသည်၊ အဘယ်ကို ကျင့်သနည်း?၊ အဓိသီလကိုလဲ ကျင့်သည်၊ အဓိစိတ္တကိုလဲကျင့်သည်၊ အဓိပညာကိုလဲ ကျင့်သည်၊ ရဟန်း ! ထိုသို့ ကျင့်ဆဲဖြစ်သောကြောင့် 'သေက္ခ'ဟု ခေါ်ဝေါ်ပြောဆို ရတော့သည်"။ အံ-ပါ-၁၊ ၂၃၃။ ၄-၂၊ ၂၁၅။

ဆောင်။ ။ကိုယ်နှုတ်စိတ်ပါ, ဖြောင့်မတ်လာသည့်, သေက္ခာသေက္ခ, ပေးလှူက, များလှအကျိုးတွေ။

ဤသို့လျှင် "ရဟန္တာမှတစ်ပါး အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တို့ကို သေက္ခပုဂ္ဂိုလ်"ဟု ခေါ်သည်၊ သီလရှိသော ပုထုဇဉ်သည်လည်း သောတာပန်ထဲမှာ ပါဝင်သည်၊ (သို့ဖြစ်၍ သေက္ခပင်မည်သည်၊) ရဟန္တာပုဂ္ဂိုလ်ကိုကား 'အသေက္ခ'ဟု ခေါ်သည်။ အံ-ပါ-၁၊ ၆၄။ ၄-၂၊ ၂၈။ ၎-၂၊ ၂၉။

ထို့ကြောင့်ပင် ရှေးဆရာများကလည်း အောက်ပါစကားကို မိန့်ဆိုထားကြပါသည်။

၈၄။ ညစ်ကြေးမတင်, စင်သည့်သီလ,ပြည့်စုံကြမှု,ထိုရှင်လူကား,,ကြီးသူငယ်သား, မျိုးလေးပါး၏,လက်ဝါးဦးတင်,များဖြင်ပူဇော်,လေးဖော်ပစ္စယ,လှူဒါန၏, နေကျမှန်စွာ,ခံထိုက်ရာ၏၊ လှူဒါပေးသူ, အကြင်လူလည်း, စင်ဖြူသီလ, သုံးကြပေလတ်,သူတော်မြတ်၌,လျှောက်ပတ်သဟာယ်,သုံးဆောင်ဖွယ်ကို, နည်းငယ်မျှတို, လှူရဘိလည်း,မသိနိုင်အောင်,ဆောင်သည်အကျိုး,ကြီးမြတ်နိုး၏။ သုခါ-၅၃။

အလှူစင်ကြယ်မှု, မစင်ကြယ်မှု

အလှူဒါန ပြုလုပ်ကြသည့်အခါမှာ "ပြီးလျှင် ပြီးရော"ဟူသော သဘောမျိုးဖြင့် ပေါ့ပေါ့ဆဆ မလုပ်သင့်ချေ၊ အလှူပေး အလှူခံ နှစ်ဦးနှစ်ဖက်စင်ကြယ်သော အလှူမျိုး ဖြစ်အောင် ကြိုးစားသင့်ပေသည်။

အလ္ကာခံဘက်က ပုဂ္ဂိုလ်အနေဖြင့် စိတ်မချရပါလျှင် သံဃိက လှူသင့်ပါသည်၊ လှူသူဘက်မှ စင်ကြယ်ရန်မှာမူ မိမိ၏ တာဝန်သာ ဖြစ်ပေသည်၊ အောက်၌ ပြဆိုထားသော ဒေသနာတော်ကို ကြည့်ရှုလေ့လာ၍ ပြုပြင်ရန် လိုကောင်းလိုလာပါလိမ့်မည်။

ပေးလှူသူသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ အလ္ကာခံပုဂ္ဂိုလ်မူကား သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ဤအလ္ကာသည် လှူသူဘက်မှ စင်ကြယ်၏၊ အလ္ကာခံဘက်မှ မစင်ကြယ်။

ပေးလှူသူသည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ အလ္ကာခံပုဂ္ဂိုလ်မူကား သီလရှိ၏၊ ယုတ်ညံ့သော သဘောမရှိ၊ ဤအလ္ကာသည် အလ္ကာခံဘက်မှ စင်ကြယ်၏၊ လှူသူဘက်မှ မစင်ကြယ်။

ပေးလှူသောသူသည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ အလ္ကာခံပုဂ္ဂိုလ်လည်း သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ဤအလ္ကာသည် လှူသူဘက်မှလည်း မစင်ကြယ်၊ အလ္ကာခံဘက်မှလည်း မစင်ကြယ်။

ပေးလှူသူသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ အလ္ကာခံပုဂ္ဂိုလ်လည်း သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊ ဤအလ္ကာသည် လှူသူဘက်မှလည်း စင်ကြယ်၏၊ အလ္ကာခံဘက်မှလည်း စင်ကြယ်၏၊

ဤသည်မှာ အလ္ကာစင်ကြယ်ကြောင်း လေးမျိုးတို့ ဖြစ်ပေသည်။

'အလ္ကာ၏ စင်ကြယ်ကြောင်း' ဟူသည်မှာ အကျိုးပေး ကြီးကျယ်ကြောင်းပင် ဖြစ်ပါသည်၊ သို့ဖြစ်၍ မည်သို့လှူမှ အကျိုးကြီးနိုင်ကြောင်းကို ကိုယ်တိုင် ဝေဖန်စဉ်းစား စေလိုပါသည်။

'လှူသူဘက်မှ စင်ကြယ်၏' ဆိုရာ၌ ဝေဿန္တရာမင်းမြတ်ကို စံထားသင့်သည်၊ ဝေဿန္တရာမင်းမြတ်က သားတော် သမီးတော်တို့ကို ဂူဇကာပုဏ္ဏားအား ပေးလှူသည့်အခါ ဂူဇကာပုဏ္ဏားသည် သီလရှိသူ ကောင်းသောသဘောရှိသူ မဟုတ်ချေ၊ သို့ဖြစ်စေကာမူ ဝေဿန္တရာမင်းကြီးသည် မိမိ၏ သားငယ် သမီးငယ်တို့ကို ဂူဇကာပုဏ္ဏားအား ပေးလှူသည့်အတွက် မြေကြီးကို တုန်လှုပ်စေနိုင်ခဲ့သည်၊ ဤသည်မှာ ပေးလှူသူ၏ ဂုဏ်, ပေးလှူသူ၏ စင်ကြယ်မှု(ကြောင့်)ပင် ဖြစ်သည်။

(ပါထိကဝဂ္ဂအဋ္ဌကထာ၌ကား တရားသဖြင့်ဖြစ်ပေါ်သော လှူဖွယ်ဝတ္ထု,မတရားသဖြင့်ဖြစ်ပေါ်လာသော လှူဖွယ်ဝတ္ထုတို့ကို ပုဂ္ဂိုလ်အလိုက် ထည့်ပြထားသည်၊ သာဓကဝတ္ထုကွဲလွဲချက် အနည်းငယ်ပါရှိနေသည်။)

'အလ္ကာခံဘက်မှစင်ကြယ်' ဆိုရာ၌ ကလျာဏီမြစ်ဝတံခါး၌ နေသော တံငါ (ရေလုပ်သား)ကို ညွှန်ပြရပေမည်၊ သူသည် ဒီဃသုမ-ထေရ်အား သုံးကြိမ် ဆွမ်းလှူခဲ့သည်၊

သေခါနီး အိပ်ရာပေါ် ရောက်နေသည့်အခါမှာ “အရှင်ဒီဃသုမ-ထေရ်အား ပေးလှူသော ဆွမ်းက ငါ့ကို ကယ်တင်တာပဲ”ဟု ပြောသည်၊ ငါဟာ များစွာပြုလုပ်ထားတဲ့ မကောင်းမှု အကုသိုလ်ကံကြောင့် အပါယ်မကျပါဘူး၊ ဒါ့ကြောင့် ကျုပ်မှာ စိတ်စနောင့်စနင်းဖြစ်စရာ တစိုးတစိမျှ မရှိတော့ပါဘူး”ဟု ဆိုလိုသည်။

‘လှူသူဘက်မှလည်း စင်ကြယ်၊အလှူခံဘက်မှလည်း စင်ကြယ်’ဟုရာ၌ ဝမှုမာန အရပ်၌နေသော မုဆိုးအကြောင်းကို သာဓက တင်သင့်သည်၊ သူသည် သေဆုံးသွားသူအား ရည်စူး၍ ဆွမ်းလှူရာ၌ ဒုဿီလ(သီလမရှိသူ)တစ်ဦးတည်းကိုချည်း သုံးကြိမ်တိတိ လှူခဲ့သည်၊ သုံးကြိမ်မြောက်၌ “ငါစား:ရမယ့်ဟာကို ဒုဿီလက လုနေတယ်”ဟု ပြိတ္တာက အော်ခဲ့သည်၊ သီလရှိသော ရဟန်းတစ်ပါး:အား ပေးလှူ၍ “ဤဒါနသည် ကွယ်လွန်သွားသော မည်သူ့အတွက် ဖြစ်ပါစေ”ဟု သူ့.ကိုရည်စူး အမျှပေးဝေမှသာ ယင်းပြိတ္တာက ဒါန၏အကျိုးကို ခံစား:ခွင့် ရရှိခဲ့သည်။

‘လှူသူဘက်မှလည်း စင်ကြယ်၊အလှူခံဘက်မှလည်း စင်ကြယ်’ဟုရာ၌ အသဒိသ ဒါနကို ပြောပြသင့်သည်၊ ယင်း အသဒိသဒါနကို ပေးလှူချိန်၌ ကောသလမင်းကြီးမှာ စွန့်လွှတ်လှူဒါန်းခြင်းနှင့်စပ်၍ အတိုင်းထက်အလွန် မြင့်မြတ်သော အလိုဆန္ဒ ရှိနေသည်၊ ဘုရား:အမှူးရှိသော သံဃာတော်မှာလည်း လွန်မြတ်သောဂုဏ်ထူးသည် ထိပ်ဆုံးသို့ ရောက်နေခဲ့သည်၊ ဤသည်ကိုပင် ရည်၍ “အသဒိသဒါနကို ပြောပြသင့်သည်”ဟု ဆိုခဲ့ရပေသည်။

လုပ်ငန်းကျွမ်းကျင်သော လယ်သမား:တစ်ဦးသည် မြေဆီမြေဩကုန်ခန်း နေသော အောက်တန်း:စား:လယ်ကို ရ၍ ထွန်သင့်သောအချိန်မှာ ထွန်ပြီး:လျှင် မြေဆီ ကုန်ခန်း:နေသော မြေမှုန့်များကို ပယ်ရှား:လျက် (သဘာဝမြေဩ, ဓာတ်မြေဩများကို အချို:အစား: ကျအောင်ထည့်ကာ) ပင်ကိုယ်သဘာဝအား:ဖြင့်ဖြစ်စေ, ပြုပြင်ထား:သော အား:ဖြင့်ဖြစ်စေ အကောင်း:ဆုံး:သော မျိုး:စေ့များကို စိုက်ပျို:ထား:လိုက်တော့်သည်၊ ထို့နောက် နေ့ရောညဉ့်ပါ ဂရုတစိုက်စောင့်ရှောက်ထား:သည်၊ သို့ဖြင့် အခြား:သူများ၏ အထက်တန်း:စား: လယ်ထက်ပင် စပါး:ပိုထွက်လာပါတော့်သည်။

လယ်သမား:သည် မိမိ၏ အရည်အချင်း:ပြည့်ဝမှုကြောင့် အောက်တန်း:စား:လယ်၌ သော်မှလည်း စပါး:ပိုရသကဲ့သို့ သီလရှိသောပုဂ္ဂိုလ်သည် မိမိ၏အရည်အချင်း ပြည့်ဝ မှုကြောင့် ဒုဿီလအား: ပေးလှူရပါသော်လည်း အကျိုး:များစွာ ရရှိတတ်ပါသည်၊ ဤနည်း:ဖြင့် အလုံး:စုံသောအဖို့အစု၌ စင်ကြယ်မှုကို နား:လည်သင့်သည်။ ဥပဏ်-ပါ၊ ၂၉၉။ ဌ၊ ၂၂၆။ ဋီ၊ ၄၁၃။ အံ-ပါ-၁၊ ၃၉၂။ ဌ-၂၊ ၃၂၀။ ဋီ၊ ၃၁ ၅။ ပါထိက-ပါ၊ ၁၉၃၊ ဌ၊ ၂၀၇။

အင်္ဂါခြောက်ရပ် အလှူမြတ်

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် "အလှူရေစက် လက်နှင့်မကွာ"ဆိုသလို အလှူအတန်း၌ ဝါသနာ ထုံကြသည်၊ ရက်ရောကြသည်၊ သို့ဖြစ်စေကာမူ ပေါ့ပေါ့ဆဆ အလှူဒါန ပြုသူကသာ များတတ်ပါသည်၊ အကျိုးကြီးမားအောင် ဂရုတစိုက် လှူဒါန်းသူကား နည်းပါးလိမ့်မည် ထင်ပါသည်။

မိမိတို့ ကုန်ကျသလောက် အကျိုးရအောင် ဘုရားရှင်က နည်းပေးထားသည့်အတိုင်း လှူဒါန်းကြစေလိုပါသည်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍကီမြို့နေ နန္ဒမာတာဥပါသိကာမသည် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်အမှူး ရှိသော ရဟန်းသံဃာအား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူကို ပေးလှူနေသည်၊ ဘုရားရှင်က ယင်းအကြောင်းကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ ရဟန်းတို့ကို မိန့်တော်မူသည်။

"ရဟန်းတို့ ! ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာဥပါသိကာမက သာရိပုတ္တရာ, မောဂ္ဂလာန်အမှူးရှိတဲ့ ရဟန်းသံဃာအား အင်္ဂါခြောက်းပါးနှင့် ပြည့်စုံတဲ့ အလှူကို ပေးလှူနေတယ်။

ပေးလှူတဲ့ ဒါယကာဟာ မပေးလှူခင်လဲ ဝမ်းမြောက်ရမယ်၊ ပေးလှူနေတဲ့ အခိုက်မှာလဲ စိတ်ကြည်လင်စေရမယ်၊ ပေးလှူပြီးတဲ့နောက်လဲ နှစ်သက်ကျေနပ်ရမယ်၊ ဒါဟာ ဒါယကာအတွက် အင်္ဂါသုံးပါး ဖြစ်တယ်။

အလှူခံပုဂ္ဂိုလ်ဟာလဲပဲ တပ်မက်မှုရာဂ ကင်းရမယ်၊ ဒါမှ မဟုတ်ရင် ရာဂ ကင်းအောင်ကျင့်သူ ဖြစ်ရမယ်၊ အမျက်ထွက်မှုဒေါသ ကင်းရမယ်၊ ဒါမှ မဟုတ်ရင် ဒေါသကင်းအောင်ကျင့်သူ ဖြစ်ရမယ်၊ တွေဝေမှုမောဟ ကင်းသူ ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင် မောဟကင်းအောင်ကျင့်သူ ဖြစ်ရမယ်၊ ဒါဟာ အလှူခံပုဂ္ဂိုလ်အတွက် အင်္ဂါသုံးပါး ဖြစ်တယ်။

ဒီလို အလှူ့ဒါယကာအတွက် အင်္ဂါသုံးပါး, အလှူခံပုဂ္ဂိုလ်အတွက် အင်္ဂါသုံးပါးနှင့် ပြည့်စုံညီညွတ်နေတာကိုပဲ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ အလှူလို့ ဆိုရပေတယ်။

သမုဒ္ဒရာရေဟာ 'ဘယ်နှစ်ပြည်ရှိတယ်၊ ပြည်ပေါင်း ဘယ်နှစ်ရာ ရှိတယ်'လို့ တိုင်းတာရေတွက်ဖို့ မလွယ်လှပါဘူး၊ အမှန်ကတော့ 'ကြီးမားတဲ့ ရေထု'လို့သာ ခေါ်ဝေါ်ရသလို 'အဲဒီ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့အလှူရဲ့ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာတဲ့ ကောင်းမှုကုသိုလ်စေတနာတွေဟာ ဘယ်လောက်ရှိတယ်၊

ဘယ်လောက် ကောင်းမြတ်လှပတဲ့အဆင်းစသည်ကို ပေးတတ်တယ်၊ ဘယ်လောက် ချမ်းသာတဲ့အကျိုးရှိတယ်၊ ဘယ်လောက်နတ်ပြည်မှာ ဖြစ်စေတတ်တယ်၊ ဘယ်လောက်အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်တဲ့ စီးပွားချမ်းသာကို ဖြစ်စေတတ်တယ်'လို့ ကသိုလ်ကောင်းမှုကို တိုင်းတာရန် မလွယ်လှဘူး၊ အမှန်ကတော့ 'မရေတွက် မနှိုင်းယှဉ် မတိုင်းတာနိုင်တဲ့ ကသိုလ် အစုအပုံကြီး'လို့ပဲ ခေါ်ဝေါ်ရတော့တာပဲ"။

ဆောင်။ ။ပုဗ္ဗ မုဉ္ဆ, ပရခိုက်ခါ, ကြည်လင်စွာဖြင့်, ရာဂဒေါသ, မောဟကင်းသူ, ကျင့်နေသူအား, ပေးလှူထားသည့်, ခြောက်ပါးအင်္ဂါ, ပြည့်လာဒါန, ကျိုးဖလ, ကြီးလှကုသိုလ်စု။

ပုဗ္ဗေဝ ဒါနာ သုမနော , ဒဒံ စိတ္တံ ပသာဒယေ၊
ဒတွာ အတ္တမနော ဟောတိ , ဧသာ ယညဿ သမ္ပဒါ။

မလှူသေးခင်-ဝမ်းသာလျှင် , လှူဆဲယိုဖိတ်-စိတ်ကြည်လင်၊
လှူပြီးနောက်တွင်-ရွှင်ဝမ်းမြောက် , ဤလျှင်ဒါန-ပြည့်ဝရောက်။

မလှူခင်က ဝမ်းသာနေရမယ်၊ လှူတုန်းလဲ စိတ်ကြည်လင်နေရမယ်၊ လှူပြီးတဲ့နောက်လဲ နှစ်သက်ကျေနပ်နေရမယ်၊ ဒါဟာ အလှူရဲ့ပြည့်စုံမှုဖြစ်တယ်။

ဝိတရာဂါ ဝိတဒေါသာ , ဝိတမောဟာ အနာသဝါ၊
ခေတ္တံ် ယညဿ သမ္ပန္နံ , သညတာ ဗြဟ္မစာရယော။

ရာဂ ဒေါသ-မောဟကွာ , အာသဝဝေး-ဖြူဖွေးစွာ၊
မြတ်အကျင့်သာ-ကျင့်နေတတ် , အလှူပြည့်ကြောင်း-လယ်ကောင်းမှတ်။

ရာဂ, ဒေါသ, မောဟကင်းစင်ပြီး အာသဝေါမရှိတော့ဘဲ သီလကိုစောင့်ရှောက်လျက် မြတ်တဲ့အကျင့်ကို ကျင့်နေသူတွေဟာ အလှူပြည့်စုံမှုရဲ့ လယ်ယာသဖွယ်ဖြစ်တယ်။

သယံ အာစမယိတ္ထာန , ဒတွာ သကေဟိ ပါဏိဘိ၊
အတ္တာနော ပရတော စေ သော , ယညော ဟောတိ မဟပ္ဖလော။

လက်ခြေပါး:စပ်-ဆေးချွတ်ကာ , ကိုယ်တိုင်လက်ဖြင့်-ပေးသင့်တာ၊
ကိုယ့်အလှူဟာ-နောင်ခါများ , လွန်စွာဖွံ့ဖြိုး-ကျိုးကြီးမား။

လက်ခြေပါး:စပ်တို့ကို ဆေးကြောပြီး ကိုယ်တိုင်လက်ဖြင့် ပေးလှူတဲ့အတွက် မိမိရဲ့အလှူဟာ တမလွန်လောကမှာ အကျိုးကြီးမားလှပေတယ်။

ဧဝံ ယဇိတ္ထာ မေဓာဝိ , သဒ္ဓေါ မုတ္တောန စေတသာ၊
အဗျာပေဇ္ဈံ သုခံ လောကံ , ပဏ္ဍိတော ဥပပဇ္ဇတိ။

သဒ္ဓာလွှမ်းဖိ-ဉာဏ်ရှိသူ , ဝန်တိုညစ်ကြေး-ကင်းဝေးလှူ၊
ဆင်းရဲမထူ-ချမ်းသာပွား , နတ်ပြည်ထုတ်ချောက်-အရောက်သွား။

သဒ္ဓါတရား အားကောင်းတဲ့ ပညာရှိဟာ ဝန်တိုမှု အညစ်အကြေးကင်းလွတ်တဲ့ စိတ်နဲ့ ဒီလို လှူဒါန်းတဲ့အတွက် ဆင်းရဲကင်းကွာ ချမ်းသာလှတဲ့ နတ်ပြည်မှာ ဖြစ်ရတော့တယ်။ အံ-ပါ-၂၊ ၂၉၅။ ၄-၃၊ ၁၀၇။ ဋီ-၃၊ ၁၀၇။

ဤတရားတော်သည် ဥက္ကဋ္ဌနည်းဖြင့် ဟောထားသော တရားတော် ဖြစ်သည်၊ ရဟန္တာမျှကိုသာ မဟုတ်ပါဘဲ အနာဂါမ်, သကဒါဂါမ်, သောတာပန်ပုဂ္ဂိုလ်တို့အား လည်း ပေးလှူအပ်သောအလှူသည် ဆဋ္ဌံသမန္နာဂတ(အင်္ဂါခြောက်ပါး နှင့် ပြည့်စုံသော) အလှူပင် ဖြစ်ပါသည်၊ ယုတ်စွအဆုံး ထိုနေ့မှ ရှင်ပြုသော သာမဏေအားသော်မှလည်း ပေးလှူအပ်သော အ့လှူသည် ဆဋ္ဌံသမန္နာဂတပင် ဖြစ်ပါသည်၊ အဘယ်ကြောင့်နည်းဟူမူ ထိုသာမဏေသည်လည်း သောတာပတ္တိမဂ်အလို့ငှါသာ ရှင်ပြုလာသူ ဖြစ်နေသောကြောင့် ပင်တည်း။ ၄။

မဉ္ဇုစေတနာ၏ရှေ့က လှူဖွယ်ဝတ္ထုကို စုဆောင်းချိန်ကစပြီး "စည်းစိမ်ချမ်းသာ၏ အကြောင်းဖြစ်သည့် သွားရာဘဝသို့ အစဉ်တစိုက် လိုက်ပါတတ်သော အလှူကို ပေးလှူရတော့မယ်"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစေရမည်။ ဋီ။

"အလှူဒါန လုပ်ရတော့မယ်"ဟု လခွဲ,တစ်လမှစ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာကို "မပေးခင်လဲ ဝမ်းမြောက်ရမယ်"ဟု ဟောထားသည်။ ၄။

မှန်၏=အလှူဒါန ပြုလုပ်ရာဝယ် "ပေးလှူတော့မယ်"ဟု စိတ်ဖြစ်ချိန်ကစပြီး "ဒီလယ်က ဖြစ်ပေါ်လာတဲ့ ပစ္စည်းနဲ့ အလှူဒါန ပြုလုပ်မယ်"ဟု လယ်ကိုသိမ်းယူခြင်းကို အစပြု၍ ကြံစည်စိတ်ကူးနေသော ပုဂ္ဂိုလ်၏ သန္တာန်မှာ ပုဗ္ဗစေတနာကို ရအပ်၏၊ မဉ္ဇုစေတနာကိုမူ ပေးလှူနေချိန်မှာသာ ရသင့်သည်။ ၄။

လှူဖွယ်ဝတ္ထုကို အလှူခံလက်ထဲ ပေးလှူနေစဉ် "အနှစ်မရှိတဲ့ ပစ္စည်းဥစ္စာနဲ့ အနှစ်အသားဖြစ်တဲ့ အလှူဒါနကို ပေးလှူရပါပေတယ်"ဟု မိမိစိတ်ကို ကြည်လင်စေ ရမည်။ ဋီ။

အပရစေတနာကိုမူ ထပ်ကာ ထပ်ကာ အောက်မေ့နေသူ၏ သန္တာန်မှာ ရနိုင်သည်။ ၄ ။

"အလှူခံပုဂ္ဂိုလ်တို့အား လှူဖွယ်ဝတ္ထုကို စွန့်လွှတ်လှူဒါန်းပြီးသည့်နောက် "ပညာရှိ တွေရဲ့ အလုပ်လို့"ဆိုအပ်တဲ့ အလှူဒါနကို ငါ ပေးလှူရပြီ၊ ဖြစ်စေခဲ့ပြီ၊ ကောင်းလှပါ ပေတယ်၊ ကောင်းလှပါပေတယ်"ဟု နှစ်သက်ဝမ်းမြောက်လျှင် အပရစေတနာ ဖြစ်နိုင် ပါသည်။ ဋီ။

ရဟန်းကောင်းများကို ဆည်းကပ်ရကျိုး

ဆိုခဲ့ပြီးသည်အား‌လျော်စွာ ရဟန်းများ၏ သီလပြည့်ဝမှုသည် မိမိအတွက်သာ အကျိုးရှိလှသည် မဟုတ်ချေ၊ မိမိကို ဆည်းကပ်ကိုးကွယ်နေကြသော ဒါယကာ ဒါယိကာမများ အတွက်လည်း အကျိုးရှိလှပေသည်၊ ထို့ကြောင့် ရဟန်းတော်များ၏ အစွမ်းကုန် သီလစောင့်ထိန်းမှုနှင့် ဒါယကာဒါယိကာမများ၏ သီလစောင့်ထိန်းသော ရဟန်းတော်များကို ထောက်ပံ့ကူညီမှုသည် သာသနာတော် သန့်ရှင်းရေးအတွက် အဓိက လိုအပ်သော အချက်တစ်ခုပင် ဖြစ်ပေသည်။

> "ရဟန်းတို့ ! သီလဝန္တ (သီလနှင့်ပြည့်စုံသော) ရဟန်းသာမဏေတို့ သီတင်းသုံးနေထိုင်သော မြို့, ရွာ, နိဂုံး၌ နေထိုင်ကြသူတို့သည် ကိုယ်, နှုတ်, စိတ်ဟူသော အကြောင်း သုံးပါး‌တို့ဖြင့် များသော ကုသိုလ်ကောင်းမှုတို့ကို ဖြစ်ပွားစေကြကုန်၏"။ အံ-ပါ-၁၊ ၁၅၀။

ဤသို့လည်း ဘုရားရှင်က ဟောတော်မူထား‌ပါသေး‌သည်။

ဆောင်။ ။သီလဖြူစင်,ရဟန်းရှင်ကို, ကြည်လင်ဝမ်းသာ,ကိုးကွယ်ပါက,သုံးဖြာကမ္ဘ, ကုသလ, မုချပွား‌တိုး‌သည်။

ရဟန်းများ ကြွလာသည့်အခါ ကြိုဆိုသူ, လိုက်ပို့သူ, ဆွမ်းစား‌ရပ်၌ တံမြက်လှည်းမှု မြေညက်လိမ်းမှုစသည်တို့ကို ပြုလုပ်သူ, နေရာခင်းပေး‌သူ, သောက်ရေ-သုံးရေ တည်ထား‌သူတို့သည် ကိုယ်ဖြင့် ကုသိုလ်ကောင်းမှုကို တိုးပွား‌စေသူတို့ မည်ကုန်၏။

ရဟန်းသံဃာများ ဆွမ်းခံဝင်လာသည်ကို တွေ့ရသည့်အခါ ယာဂုလှူကြ,ဆွမ်းလှူကြ, ထောပတ်ဆီဦး‌စသည်တို့ကို ပေး‌လှူကြ, နံ့သာ, ပန်း‌စသည်တို့ဖြင့် ပူဇော်ကြ, ဥပုသ်စောင့်ကြ, တရား‌နာကြ, စေတီကို ရှိခိုး‌ကြ စသည်ဖြင့် ဆော်သြပြောဆိုသူတို့သည် နှုတ်ဖြင့် ကုသိုလ်ကောင်းမှုကို ပွား‌စေသူတို့မည်၏။

ဆွမ်းခံဝင်လာသော ရဟန်းတော်တို့ကို တွေ့ရသည့်အခါမှာ "ပြည့်ပြည့်ဝဝ ရကြပါစေ"ဟု စိတ်ထဲက ကြံတွေး‌နေသူတို့သည် စိတ်ဖြင့် ကုသိုလ်ကောင်းမှုကို ပွား‌စေသူတို့မည်၏။ အံ-၄-၂၊ ၁၃၇။

ထို့ပြင် သီလရှိသော ရဟန်းတော်များ အိမ်ကို ဝင်ရောက်လာပါလျှင် အိမ်နေသူတို့က ကြည်ညိုသဒ္ဓါ ဖြစ်စေသင့်သည်၊ ကြိုဆိုသင့်သည်၊ ရှိခိုး‌သင့်သည်၊ နေရာ ခင်းပေး‌သင့်သည်၊ ဝန်တိုမှု ကင်းရှင်း‌ရမည်၊ စွမ်းအား‌အလျောက် လှူဒါန်း‌ရမည်၊ ဘာသာရေးနှင့်ပတ်သက်၍ သိလိုသော အချက်အလက်များကို မေးမြန်း‌လျှောက်ထား‌ရမည်၊ ဤသည်မှာ ရဟန်းကောင်း‌များကို ဆည်းကပ် ကိုးကွယ်ခွင့်ရသော ဒါယကာဒါယိကာမများ၏ ရတောင့်ရခဲ ကုသိုလ်မျိုး‌ပင် ဖြစ်ပေသည်။

"သီလရှိသောရဟန်း အိမ်ကိုဝင်ရောက်လာခဲ့ပါလျှင် အိမ်နေသူလူများက တွေ့ရ မြင်ရ၍ စိတ်ထဲက ကြည်ညိုသဒ္ဓါ ဖြစ်ပွားနေချိန်မှာ ထိုအိမ်၌နေသူ လူအပေါင်းသည် နတ်ပြည်၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

သီလရှိသောရဟန်း အိမ်ကိုဝင်ရောက်လာလျှင် ကြိုဆိုချိန်, ရှိခိုးချိန်, နေရာခင်းပေးချိန်မှာ ထိုအိမ်၌နေသူ လူအပေါင်းသည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

သီလရှိသောရဟန်း အိမ်သို့ဝင်ရောက်လာခဲ့ပါလျှင် လူအများက ဆွမ်းအား ရှိသလောက် ခွဲစိတ်ဝေဖန်လှူဒါန်းချိန်မှာ ထိုအိမ်၌နေသူ လူအပေါင်းသည် ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

သီလရှိသောရဟန်း အိမ်သို့ဝင်ရောက်လာပါလျှင် လူများက ပုစ္ဆာမေးမြန်းလျှောက်ထားချိန်, တရားနာချိန်မှာ ထိုအိမ်၌နေသူ လူအပေါင်းသည် ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့! သီလဝန္တ ရဟန်းတို့ ဝင်ရောက်လာတတ်သည့်အိမ်မှာ နေထိုင်သူ လူပုဂ္ဂိုလ်တို့သည် ဤအကြောင်းငါးပါးတို့ဖြင့် ကောင်းမှုကုသိုလ် အများအပြားကို တိုးပွားစေကြကုန်၏"။ အံ-ပါ -၂၊ ၂၁၃။

က။ သီလဖြူစင်-ရှင်ရဟန်းတို့ , အိမ်ကိုဖြောင့်တန်း-ဝင်လာလျှင်၊
ကြည်ညိုသဒ္ဓာ-စိတ်ပေါ်ပေါက်က , နတ်ပြည်ဆိုက်ရောက်-အကျိုးထင်၊
ကြိုဆိုရှိခိုး-နေရာပြင် , အမျိုးမြတ်တွင်-ဖြစ်လေသင့်၊
ဝန်တိုမစ္ဆေ-ပယ်ဖျောက်နေ , ထူးထွေ တန်ခိုးမြင့်။

ခ။ သီလဖြူစင်-ရှင်ရဟန်းတို့ , အိမ်ကိုရည်ညွှန်း-ဝင်ရောက်လာ၊
ခွဲစိတ်ဝေဖန်-ပေးလှူထားက , ဥစ္စာပေါများ-ကျိုးပေးမှာ၊
မေးမြန်းလျှောက်ထား-တရားနာ , ကြီးမြတ်ပညာ-ဖြစ်လာသင့်၊
အကြောင်းငါးဖြာ-ကုသလာ , လွန်စွာ-ပွားတိုးမြင့်။

ထို့ပြင် ကိုယ်ကျိုး ကိုယ်စီးပွားကို အလိုရှိသော အမျိုးကောင်းသားသည် သီလရှိသော ရဟန်းတော်များ အိမ်တံခါးသို့ ကြွရောက်လာသည်ကို တွေ့မြင်ရသည့်အခါ လှူဖွယ်ဝတ္ထု ရှိနေခဲ့ပါလျှင် တတ်နိုင်သလောက် လှူဖွယ်ဝတ္ထုဖြင့် ပူဇော်သင့်သည်၊ လှူစရာ တန်းစရာ မရှိခဲ့ပါလျှင် တည်ခြင်းငါးပါးဖြင့် ရှိခိုးသင့်သည်၊ ရှိခိုးရန်လည်း

အခွင့်မသာခဲ့ ပါလျှင် ကြည်ညိုမှုကြောင့် မေတ္တာရည်လွှမ်း အေးချမ်းသော မျက်လုံးတို့ဖြင့် ကြည့်ရှုသင့်, ဖူးမြင်သင့်ပါသည်။

ဤသို့ ဖူးမြင်ရရုံမျှဖြစ်သော ကုသိုလ်ကြောင့် ဘဝထောင်ပေါင်းများစွာ မျက်စိရောဂါလည်း မဖြစ်၊ မျက်စိကျိန်းစပ်ခြင်းလည်း မဖြစ်၊ မျက်သားတက်ခြင်းလည်း မဖြစ်၊ မျက်စိစွန်ခြင်းလည်း မဖြစ်တော့ချေ ၊ မျက်လုံးများသည် အလွန်ကြည်လင်သည့် အပြင် အဆင်းငါးမျိုးဖြင့် လွန်စွာ ကျက်သရေ ရှိနေပေသည်၊ ရတနာဗိမာန်မှာ ဖွင့်လှစ်ထားသော ပတ္တမြားတံခါးရွက်သဖွယ် ဖြစ်နေကြပေသည်၊ ကမ္ဘာတစ်သိန်းမျှ လူ၌ဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ရနိုင်ပေသည်။

အသိဉာဏ်ရှိသော လူသားတစ်ဦးတစ်ယောက်၏ ရဟန်းတို့ကို ကောင်းစွာ ဖူးမျှော်ခြင်းကုသိုလ်ကြောင့် ဤသို့သဘောရှိသောအကျိုးကို ခံစားရသည်မှာ အံ့သြဖွယ်ရာ မဟုတ်သေးပါ၊ မထူးဆန်းလှပါ၊ တိရစ္ဆာန်များ၏ ကြည်ညိုရုံမျှဖြင့် ပြုလုပ်သော ရဟန်းတို့ကို ဖူးမြင်ခြင်းကုသိုလ်၏အကျိုးက သာ၍အံ့ဖွယ်သရဲဖြစ်ပါသည်၊ ထူးဆန်းလှပါသည်။

ဘုရားရှင် ဝေဒိသကတောင် ဣန္ဒသာလဂုမှာ သီတင်းသုံးတော်မူချိန်က ဇီးကွက်တစ်ကောင်သည် ဘုရားရှင် ရွှာသို့ ဝင်တော်မူသည့်အခါမှာ လမ်းတစ်ဝက်အထိ လိုက်လာသည်၊ ဆွမ်းခံပြန်လာသည့်အခါမှာ လမ်းတစ်ဝက်ကပင် ဆီးကြိုနေခဲ့သည်။

တစ်နေ့ ညနေစောင်းအချိန်မှာ ရဟန်းအပေါင်း ခြံရံထိုင်နေတော်မူသော ဘုရားရှင်ကို ယင်းဇီးကွက်က တောင်မှဆင်းလာ၍ ရှိခိုးသည်၊ အတောင်နှစ်ဖက်တို့ကို ညွှတ်စေပြီး လက်အုပ်ချီမှုကို ပြုလျက် ခေါင်းငုံ့၍ ဘုရားရှင်ကို ရှိခိုးနေသည်၊ ဘုရားရှင်က ယင်းဇီးကွက်ကို တွေ့ရသည့်အခါမှာ ပြုံးတော်မူသည်။

"ရှင်တော်မြတ်ဘုရား ! ဘာကြောင့် ပြုံးတော်မူရပါသလဲ?"။

ယင်းသို့ ပြုံးတော်မူရခြင်း၏ အကြောင်းကို ရှင်အာနန္ဒာက လျှောက်ထားသည်။

"အာနန္ဒာ ! ဒီဇီးကွက်ကိုကြည့်စမ်း၊ ဒီဇီးကွက်ဟာ ငါဘုရားနှင့် ရဟန်းသံဃာ အပေါ်မှာ စိတ်ကြည်ညိုတဲ့အတွက် ကမ္ဘာတစ်သိန်း နတ်ဘဝ, လူ့ဘဝမှာ ကျင်လည်ရလိမ့်မယ်၊ အဲဒီလို ကျင်လည်ပြီးတဲ့နောက် သောမနဿဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လာလိမ့်မယ်"။

ဘုရားရှင်က ဤသို့ မိန့်ကြား ဖြေဆိုတော်မူသည်။ခုဒ္ဒက-၄၊၁၂၆။ သုတ္တနိ-၄-၂၊ ၃၂။ မူပဏ္ဏ-၄-၁၊ ၃၂၂။

ကျောင်းထိုင် ရဟန်းကောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းဝယ် ကျေးရွာပေါင်း အများအပြား ရှိနေသည်၊ ယင်းကျေးရွာများအနက် ဗုဒ္ဓဘာသာဝင်များ နေထိုင်သော ရွာမျိုးသာ ဖြစ်နေခဲ့ပါလျှင်

အနည်းဆုံး တစ်ရွာတစ်ကျောင်း ရှိနေတတ်ပါသည်၊ ကျောင်းမရှိသော ရွာဟူ၍ကား မရှိသလောက်ပင်၊ ကျောင်းရှိနေက ကျောင်းထိုင်ဘုန်းကြီးလည်း ရှိနေပေလိမ့်မည်။

သို့ဖြစ်ရာ "မိမိတို့၏ ဘုန်းကြီးသည် ဒါယကာဒါယိကာမများကို သနားစောင့်ရှောက်သော ဘုန်းကြီးဖြစ်သလား၊ မဖြစ်ဘူးလား" ဘုရားစကားတော်နှင့် တိုက်ဆိုင်ညှိနှိုင်း ကြည့်သင့်ပါသည်။

၁။ ငါးပါးသီလ ဆောက်တည်စေခြင်း၊

၂။ သစ္စာလေးပါးတရားကို ရှုမြင်မှုဌဿ တည်စေခြင်း၊

၃။ မကျွန်းမာသူတို့ထံသွားရောက်၍ 'ရတနာသုံးပါး၌ လေးစားရိုသေမှု သတိဖြစ်စေကြပါ'ဟု သတိပေးခြင်း၊

၄။ အာဂန္တုရဟန်းတော် အများအပြား ကြွလာသည့်အခါ လူဒါယကာတို့ထံသွား၍ 'ဒကာတို့! ဒေသအသီးသီးက ရဟန်းတော်တွေ ကြွလာကြတယ်၊ ကုသိုလ်ကောင်းမှု ပြုကြ၊ ကုသိုလ်ကောင်းမှုပြုရန် အခွင့်အခါကောင်းပဲ'ဟု ပြောကြားခြင်း၊

၅။ အဆိုးအကောင်းမရွေး ပေးလှူလာသောဆွမ်းကို ကိုယ်တိုင်ဘဉ်းပေးခြင်း၊ သဒ္ဓါဖြင့်လှူသောဆွမ်းကို မဖျက်ဆီးခြင်း၊

ဤတရားငါးမျိုးနှင့် ပြည့်စုံသောကျောင်းထိုင်ရဟန်းသည် လူတို့အား သနားစောင့်ရှောက်ရာရောက်သည်။ အံ-ပါ-၂၊ ၂၃၀။ ဋ-၃၊ ၈၃။

ဆောင်။ ။သီလတည်စေ, မှတ်စေတရား, လူနာနား၌, ကြွသွားလျက်သာ, ရတနာသုံးပါး, ဂုဏ်တော်များကို,လေးစားရိုသေ, ပွားများစေ၍, ပြုလေကုသိုလ်, ညွှန်ပြဆိုလျက်, ဆွမ်းကိုလေးစား, ရဟန်းများ, မှတ်သားကျောင်းထိုင်မြတ်။

ရဟန်းယုတ်တို့ အင်အား

လောက၌ လူဆိုးလူမိုက်တို့သည် ခိုကိုးအားထားရာ ရှိမှသာ လုယူတိုက်ဖျက်မှုကို ပြုလုပ်နိုင်ကြသည်၊ ထို့အတူ ရဟန်းယုတ်တို့သည်လည်း ခိုကိုးအားထားရာ ရှိမှသာ ဆိုးနိုင် ယုတ်နိုင်ကြသည်။

သို့ဖြစ်၍ လူမိုက်အားပေး မဖြစ်ရအောင် သာသနာပြု ဒါယကာဒါယိကာမများကလည်း အထူးသတိပြုသင့်လှပေသည်။

၁။ အသွားအလာခက်သော မြစ်ကြီးမြစ်ကြား, တောကြီးတောင်ကြားဟူသော မည်ညွတ်သည်ကို မှီခိုရခြင်း၊

၂။ မြက်တော, သစ်တော, ထူထဲသောတောအုပ်, တောအုပ်ကြီးဟူသော တောအုပ်ချုံရုပ်ကို မှီခိုရခြင်း၊

၃။ တစ်ဦးတစ်ယောက်က တစ်စုံတစ်ရာကို ပြောလာလျှင် ဒီမင်း, အမတ်စသူတို့က အပြစ်ကို ကာကွယ်ပြီး အကျိုးကို ပြောကြားကြလိမ့်မယ်' ဟု ကြံစည်ထားသည့် အတိုင်း မင်း,အမတ်စသူတို့က အပြစ်ကိုကာကွယ်၍ အကျိုးကို ပြောကြားခြင်း ဟူသော ရာထူးအာဏာရှိသူများကို မှီခိုရခြင်း၊

၄။ တစ်ဦးတစ်ယောက်သောသူက တစ်စုံတစ်ရာကို ပြောကြားလာလျှင် စုဆောင်းထားသော ပစ္စည်းဥစ္စာဖြင့် နှစ်ဦးကြားမှာ ကွာဟမှုကို ပိတ်ဆို့ခြင်း၊ပစ္စည်းဥစ္စာ ပေးကမ်းခြင်း၊(လာဘ်ထိုးခြင်း၊)

၅။ လှို့ဝှက်တိုင်ပင်မှု မပေါက်ကြားရန် ရည်ရွယ်၍ တစ်ယောက်ထည်းသွားလာတတ်ခြင်း၊-

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကိုလည်း ဖောက်ထွင်း၏၊ တစ်ရွာလုံးကိုလည်း တိုက်ခိုက်လုယူ၏၊ တစ်အိမ်တည်းကိုလည်း တိုက်ခိုက်လုယူ၏၊ လမ်းသွားလမ်းလာ(ခရီးသွား)များကိုလည်း လုယူတိုက်ခိုက်မှုကို ပြုလုပ်၏။

ဆောင်။ ။မည်မည္ဆုတ်,မြေအရပ်နှင့်, ထူထပ်တောအုပ်, အုပ်ချုပ်သူတွေ,မှီရနေ၍, ပေးလေဥစ္စာ, ဖော်မပါ, သွားလာလူများ ဆိုးယုတ်ကြောင်း။

ထို့အတူ-

၁။ 'တရားလမ်းကြောင်းမှ ချွတ်ချော်သော ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့နှင့် ပြည့်စုံခြင်း' ဟူသော မည်မည္ဆုတ်သည်ကို မှီခိုရခြင်း၊

၂။ 'မှားသောအယူရှိခြင်း၊ သဿတစသော အဖို့အစု၌ စွဲလမ်းသော မိစ္ဆာအယူနှင့် ပြည့်စုံခြင်း'ဟု ဆိုအပ်သော တောအုပ်ချုပ်ရှုပ်ကို မှီခိုရခြင်း၊

၃။ 'တစ်ဦးတစ်ယောက်သောသူက တစ်စုံတစ်ရာ ပြောကြားလာခဲ့ပါလျှင် ဒီမင်း, အမတ်တွေက အပြစ်ကိုကာကွယ်ပြီး အကျိုးကို ပြောကြလိမ့်မယ်' ဟု ကြံရွယ်ထားသည့်အတိုင်း 'မင်း, အမတ်တို့က အပြစ်ကိုကာကွယ်၍ အကျိုးကို ပြောကြားခြင်း'ဟူသော သြဇာအာဏာရှိသူများကို မှီခိုရခြင်း၊

၄။ ပစ္စည်းလေးပါး အများအပြား ရရှိထားသည့်အတွက် 'တစ်ဦးတစ်ယောက်က တစ်စုံတစ်ခုကို ပြောကြားလာလျှင် ပစ္စည်းလာဘ်လာဘဖြင့် အစေ့အစပ်ပြုမယ်' ဟု ကြံစည်ထားသည့်အတိုင်း တစ်ဦးတစ်ယောက်က တစ်စုံတစ်ခုကို ပြောကြားလာလျှင် ပစ္စည်းလာဘ်လာဘဖြင့် အစေ့အစပ် ပြုလုပ်ခြင်း၊ (လာဘ်ပေးခြင်း၊ တံစိုးလက်ဆောင် ပေးခြင်း။)

၅။ တစ်ဦးတည်း ကျေးလက်တောရွာမှာ နေထိုင်ပြီး ယင်းကျေးလက်တောရွာရှိ အိမ်များမှ လာဘ်လာဘရအောင် တစ်ဦးတည်း သွားလာတတ်ခြင်း၊

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းယုတ်သည် မိမိ၏ ဂုဏ်ကျေးဇူးကို တူးဖြိုဖျက်ဆီး၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့ ကဲ့ရဲ့ခြင်းကိုလည်း ခံရ၏၊ မကောင်းမှု

ကိုလည်း အများအပြား ဖြစ်ပွားစေ၏။ အံ-ပါ-၁၊ ၁၅၂။ ဌ-၂၊ ၁၃၉။ ဋီ-၂၊ ၁၂၆။ အံ-ပါ-၂၊ ၁၁၃။ ဌ-၃၊ ၄၃။

ဆောင်။ ။မည်သို့တပါ, ယူမိစ္ဆာနှင့်, အာဏာရှိကို, ကပ်မှီခိုလျက်, ပေးလိုဥစ္စာ, ဧကစာ, ငါးဖြာရဟန်း ဆိုးယုတ်ကြောင်း။

ရဟန်းယုတ်၏ အင်အား ငါးခုရှိသည့်အနက် နောက်သုံးခုတို့သည် ကူညီ ပြုပြင်၍ ရစကောင်းသော အချက်များ ဖြစ်သည်၊ သက်ဆိုင်သူများက အားပေးကူညီ မမှားအောင် သတိပြု ရှောင်ကြဉ်ကြရုံမျှသာ ဖြစ်ပါသည်၊ ပုဂ္ဂိုလ်ရေးကို မငဲ့ဘဲ ဘုရားရှင်၏ သာသနာရေးနှင့် လူများ၏ စီးပွားချမ်းသာ တိုးတက်ရေးတို့ကိုသာ ငဲ့ညှာပြုပြင် သွားကြမည်ဆိုပါက 'ရဟန်းယုတ်'ဟု ရှိနိုင်တော့မည် မထင်တော့ပါ။

အင်အားနှစ်ခု သတိပြု

ရဟန်းယုတ်တို့ အင်အားကောင်းနေချိန်မှာ ရဟန်းကောင်းတို့က သံဃာ့အလယ်မှာ ဘာမျှ မပြောဆိုနိုင်ကြတော့ချေ၊ ကျေးလက်တောရွာသို့ ရောင်တိမ်းထွက်ခွာ နေကြရပေသည်၊ ယင်းသို့ ဖြစ်လာပါက လူများမှာ ချမ်းသာသုခကင်းကွာခြင်းသာ ဖြစ်လာစရာ ရှိပါတော့သည်။

ရဟန်းကောင်းတို့ အင်အားကောင်းလာသည့်အခါမှာမူကား ရဟန်းယုတ်တို့က သံဃာ့အလယ်၌ မပြောနိုင်ကြတော့ပေ၊ ကစဉ့်ကရဲ တိမ်းရောင်ထွက်သွားကြရပေသည်၊ ယင်းသို့ဖြစ်လာပါက လူများမှာ စီးပွားချမ်းသာ တိုးတက်ခြင်း, ချမ်းသာသုခရခြင်းတို့သာ ဖြစ်ပွားလာရပါတော့သည်။

သို့ဖြစ်၍ ရဟန်းကောင်းတို့ အင်အားကောင်းလာအောင် အားပေးကူညီရန်မှာ စီးပွားချမ်းသာကို လိုလားသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ တာဝန်မျှသာ ဖြစ်ပါတော့သည်။

ရဟန်းတို့ ! ခိုးသားဓားပြတို့ အင်အားကောင်းနေချိန်မှာ မင်းတို့သည် အားနည်းကုန်၏၊ ထိုအချိန်အခါမျိုးမှာ အပြင်ဘက်ကို ရောက်နေသောမင်းတို့ မြို့တွင်းသို့ဝင်ရန်, မြို့တွင်း၌ ရှိနေသောမင်းတို့ မြို့ပြင်သို့ထွက်ရန် မလွယ်ကူလှပေ၊ တိုင်းစွန်ပြည်နားသို့ လှည့်လည်သွားလာရန်လည်း မလွယ်ကူလှပေ၊ ထိုအချိန်အခါမျိုးမှာ မြို့တွင်း၌ နေထိုင်ကြသော အိမ်ထောင်ဦးစီး လုပ်ငန်းရှင်တို့လည်း မြို့တွင်းသို့ဝင်ရန် မလွယ်ကူလှပေ၊ မြို့ပြင်လုပ်ငန်းကိစ္စကို ကြည့်ရှုစီမံရန်လည်း မလွယ်ကူလှပေ။

(အသင်းအပင်းနှင့်ပြည့်စုံ, အခြံအရံနှင့်ပြည့်စုံ, ပစ္စည်းဥစ္စာနှင့်လည်းပြည့်စုံ, နေရာဌာနနှင့်လည်းပြည့်စုံ, ဆင်ယာဉ် မြင်းယာဉ်စသည်တို့နှင့်လည်း ပြည့်စုံသောကြောင့် အားကောင်းသည်-ဟု ဆိုရသည်။)

ရဟန်းတို့ ! ထို့အတူပင် ရဟန်းယုတ်တို့ အား‌ကောင်း‌နေချိန်မှာ သီလကို ချစ်ခင်မြတ်နိုး‌ကြသော ရဟန်း‌ကောင်းတို့ အား‌နည်း‌တတ်ကြသည်၊ ထိုအချိန်အခါမျိုး၌ ရဟန်း‌ကောင်းတို့သည် သံဃာ့အလယ်၌ စကား‌လေး တစ်ခွန်း‌ကိုမျှ ဖွင့်ဟမပြောနိုင်ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နေကြရသည်၊ တွေဝေ‌ငေး‌မော နေသကဲ့သို့ ထိုင်နေကြရသည်၊ အစွန်အဖျား ကျေး‌လက်တောရွာများ၌သော်လည်း နေကြရသည်။

ရဟန်းတို့ ! ထိုသို့ ရဟန်း‌ကောင်းတို့ ငေး‌မော‌ထိုင်နေရခြင်း, ကျေး‌လက်တောရွာသို့ သွား‌ရောက်နေထိုင်ရခြင်း‌သည် လူအများ‌၏ စီး‌ပွား‌ချမ်း‌သာ ကင်း‌ကွာရန်, အကျိုး‌မရှိရန်, နတ်လူတို့၏ အစီး‌အပွား ကင်း‌မဲ့ရန်, ဆင်း‌ရဲရန်‌ပင် ဖြစ်ပေသည်။

[အသင်း‌အပင်း‌များ‌ခြင်း, အခြံအရံ(အကျော်အစော)များ‌ခြင်း, ဘုန်း‌ကံရှိခြင်း (ဘုန်း‌ကြီး‌ခြင်း), များ‌ပြား‌သော ဒါယကာဒါယိကာမ အလုပ်အကျွေး‌တို့နှင့် ပြည့်စုံခြင်း, မင်းနှင့်မင်း‌၏ အမတ်(ဩဇာအာဏာ အရှိန်အဝါရှိသူ)များ‌ကို မှီခိုရခြင်း‌ကြောင့် အား‌ရှိသည်။]

ဆောင်။ ။ယုတ်ညံ့ရဟန်း, အား‌ကောင်း‌လွန်း‌က, ရဟန်း‌ကောင်း‌မှာ, အား‌နည်း‌လာ၍, သံဃာအတွင်း, ပြောခြင်း‌ကင်း‌ကွာ, ငြိမ်စွာနေရ, ထွက်ကြွတောရွာ, လူများ‌မှာ, ချမ်း‌သာစီး‌ပွား ယုတ်လျော့မည်။

ရဟန်းတို့ ! မင်းတို့ အင်အား‌တောင့်တင်း၍ ခိုး‌သား‌ဓား‌ပြတို့ အင်အား‌နည်း‌နေချိန်မှာ မင်းတို့က အလွယ်တကူ မြို့တွင်း‌သို့လည်း ဝင်နိုင်သည်၊ မြို့ပြင်သို့လည်း ထွက်နိုင်သည်၊ တိုင်း‌စွန်ပြည်နား‌သို့လည်း သွား‌လာလှည့်လည်နိုင်သည်၊ ထိုအချိန်အခါမျိုး‌ဝယ် မြို့တွင်း‌မှာ နေထိုင်ကြသော အိမ်ထောင်‌ဦး‌စီး လုပ်ငန်း‌ရှင်တို့‌ကလည်း လွယ်ကူချောမောစွာ မြို့တွင်း‌သို့လည်း ဝင်နိုင်သည်၊ မြို့ပြင်သို့လည်း ထွက်နိုင်သည်၊ မြို့ပြင်ဘက်ရှိ လုပ်ငန်း‌ကိစ္စတို့‌ကိုလည်း ကြည့်ရှုစီမံနိုင်သည်။

ရဟန်းတို့ ! ထို့အတူပင်လျှင် သီလကိုချစ်ခင်မြတ်နိုး‌သော ရဟန်း‌ကောင်း‌တို့ အင်အား‌ကောင်း၍ ရဟန်းယုတ်တို့ အင်အား‌နည်း‌ချိန်မှာ ရဟန်းယုတ်တို့သည် သံဃာ့အလယ်၌ စကား‌ကလေး တစ်ခွန်း‌မျှ ဖွင့်ဟမပြောနိုင်ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နေကြရသည်၊ ထိုထို‌အရပ်သို့လည်း ထွက်သွား‌ကြရသည်။

ဤသည်မှာ လူအများ‌၏ စီး‌ပွား‌တိုး‌တက်‌ကြောင်း, ချမ်း‌သာ‌ကြောင်း, အကျိုး‌ဖြစ်ထွန်း‌ကြောင်း၊ နတ်လူတို့၏ စီး‌ပွား‌တိုး‌တက်‌ကြောင်း, ချမ်း‌သာ‌ကြောင်း ဖြစ်ပေသည်။
အံ-ပါ-၁၊ ၆၉။ ဌ-၂၊ ၄၄။ ဋီ-၂၊ ၃၉။

ဆောင်။ ။‌ကောင်း‌လှရဟန်း, အား‌ရှိလွန်း‌က, ရဟန်းယုတ်မှာ, အား‌နည်း‌လာလျက်, ပြောဌါမရ, ခွန်း‌မဟာဘဲ, ထွက်ကြွသင့်ရာ, နတ်လူမှာ, ချမ်း‌သာစီး‌ပွား ဖွံ့ဖြိုး‌မည်။

သမဏသညာ အရေးပါ

ဤဒြ ရှင်ကောင်းရဟန်းကောင်းများဖြစ်ရန် အလွယ်ကူဆုံး နည်းလမ်းတစ်ခုကို ညွှန်ပြလိုပါသည်၊ တကယ်တန်း လက်တွေ့လိုက်နာ ကျင့်သုံးကြည့်ပါက မိုင်းဝနေသော မီးပုံးပျံကို အပေါ်သို့ လွှတ်တင်လိုက်သလို မိမိ၏ ဘဝအခြေအနေမှာ ခဏချင်း တစ်ရှိန်ထိုး တိုးတက်လာရမည်သာ ဖြစ်ပါသည်။

ရဟန်းသာမဏေများသည် မိမိ၏ဘဝ, မိမိ၏အခြေအနေကို ထပ်ကာထပ်ကာ ပြန်လည်သုံးသပ်သင့်ပါသည်၊ အမြင်မှန်ရအောင် ဆင်ခြင်သင့်ပါသည်၊ တကယ်သာ အမြင်မှန်ရလာပါက ဖြစ်ပေါ်လာမည့်အကျိုးမှာ အံ့မခန်းပင် ဖြစ်ပါသည်။

ရဟန်းသာမဏေများသည်-

၁။ ငါဟာ အဆင်းဖောက်ပြန်ခြင်းသို့ ရောက်ခဲ့ပြီ၊
၂။ ငါ့ရဲ့အသက်မွေးမှုဟာ သူများနှင့် ဆက်စပ်နေတယ်၊
၃။ ငါဟာ လူ့ပုံပန်းသဏ္ဌာန်နှင့် မတူတဲ့ ရဟန်းပုံပန်းသဏ္ဌာန်ကို ပြုလုပ်သင့်တယ်၊

ဤသမဏသညာ(ရဟန်းဟူ၍ဖြစ်သော အမှတ်သညာ)တို့ကို ထပ်ကာထပ်ကာ ပွားများဆင်ခြင်လျှင် ၊-

၁။ သီလကို မပြတ်ဖြည့်ကျင့်တတ်သည်၊
၂။ အဘိဇ္ဈာမများတော့ချေ၊
၃။ ဆင်းရဲခြင်း ကင်း၏၊
၄။ အလွန်မာန်မူခြင်း မရှိ၊
၅။ သိက္ခာကို လိုလား၏၊
၆။ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲ၏၊
၇။ အားထုတ်လုံ့လဝီရိယ ရှိ၏၊

ဤတရား ခုနစ်မျိုးတို့ကို ပြည့်စုံစေနိုင်သည်။ အံ-ပါ-၃၊ ၄၂၇။ ဒ-၃၊ ၃၃၄။

ဆောင်။ ။အဆင်းဖောက်ပြန်, သက်မွေးဟန်နှင့်, ပုံဟန်ခြားမှု, ထပ်ထပ်ရှုသော်, ဖြည့်မှုသီလ,လိုနည်းလှလျက်, ဒုက္ခလည်းကွာ, မာန်လည်းကွာ၍, သိက္ခာခုံမင်, ပစ္စည်းတွင်လည်း, ဆင်ခြင်သုံးစား, လုံ့လပွားသည်..... တရားခုနစ်ဖြစ်စေ၏။

သီလရှိသူ၏ ဂုဏ်

ယင်းသို့ သမဏသညာကို အကြောင်းပြုကာ ရလာသော သီလပြည့်စုံမှုစသော ဂုဏ်သည် မိမိအတွက်မျှသာ မဟုတ်ပါချေ၊ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုမြတ်နိုးကြသော ရဟန်းရှင်လူတို့အတွက်လည်း အကျိုးများလှပေသည်၊ ယင်းအကြောင်းနှင့်စပ်၍ မိလိန္ဒပဉှာက ညွှန်ပြထားချက်ကိုလည်း ဆက်လက်ပြပါဦးမည်။

"ဒကာတော်မင်းမြတ် ! သီလရှိသောပုဂ္ဂိုလ်, သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ ကိလေသာအဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့် တူသည်၊ သတ္တဝါတို့၏ ကိလေသာအနာကို ငြိမ်းစေရာ၌ ဗိန္ဒောဆေးဝါးနှင့် တူသည်၊ သတ္တဝါတို့၏ ကိလေသာမြူအညစ်အကြေးကို ပယ်ရှားရာ၌ ရေနှင့်အလား တူသည်၊ သတ္တဝါတို့အား အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးရာ၌ ပတ္တမြားရတနာနှင့် တူသည်၊ သတ္တဝါတို့ ဩဃလေးပါး၏ တစ်ဖက်ကမ်းကို သွားရာ၌ လှေသဘော်နှင့် တူသည်၊ သတ္တဝါတို့၏ ဇာတိတည်းဟူသော ခရီးခဲကို ကျော်လွန်ရာ၌ လှည်းအုပ်ခေါင်းဆောင်နှင့် တူသည်၊ သတ္တဝါတို့ သုံးပါးသော မီးပူကို ငြိမ်းစေရာ၌ လေနှင့် တူသည်၊ သတ္တဝါတို့၏ စိတ်နှလုံးကို ပြည့်ဝစေရာ၌ မိုးကြိုးနှင့် တူသည်၊ သတ္တဝါတို့အား ကုသိုလ်ကိုကျင့်စေရာ၌ ဆရာနှင့် တူသည်၊ သတ္တဝါတို့အား ဘေးကင်းရာခရီးကို ပြောကြားရာ၌ လိမ်မာကျွမ်းကျင်သော ခရီးလမ်းညွှန်သဖွယ်ဖြစ်သည်။

မင်းမြတ် ! သီလရှိသော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိ၏၊ များသောဂုဏ် ရှိ၏၊ ပေါကြွယ်သော ကျေးဇူးရှိ၏၊ အတိုင်းမသိသော ကျေးဇူးရှိ၏၊ ဂုဏ်ကျေးဇူးတို့၏ စုဝေးရာဖြစ်၏၊ သတ္တဝါတို့ကို ကြီးပွားတိုးတက်အောင်ပြုတတ်၏"။ မိ-ပါ၊ ၁၉၃။

ဗြဟ္မစရိယ ကျိုးဖလ

သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များသည် မိမိတို့ရလာသော ရဟန်းဘဝ၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးများကိုလည်း သိနားလည်ထားသင့်ပါသေး၏၊ ယင်းသို့ သိနားလည်ထားပြီးသည့်နောက် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မြတ်သော ဂုဏ်ထူးများကို မရမနေ ကြိုးစားအားထုတ်သင့်ပေသည်။

သာသနာတော်ဝယ် ရဟန်းအဖြစ်မှာ ကြီးကျယ်မြင့်မြတ် ရအပ်သောဂုဏ်ထူးများ ရှိနေပေသည်၊ သာသနာတွင်း ရဟန်းအဖြစ်မှာ မဂ်လေးပါး, ဖိုလ်လေးပါး,နိဗ္ဗာန်ဟူသော ရသင့်ရထိုက်သည့် ဂုဏ်ထူးများ ရှိနေပေသည်။

မိဘက်ဖဘက် နှစ်ပါးစုံဖြင့် မျိုးရိုးသန့်စင်သော မင်းသားတစ်ယောက်သည် ဆင်စီးလျက် မြို့တွင်းမှာလှည့်လည်ရင်း ဆင်ပေါ်မှကျခဲ့ပါလျှင် အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ သာသနာတော်မှ ဆုတ်ယုတ်သောသူသည်လည်း လောကုတ္တရာတရားကိုးပါးမှ ဆုတ်ယုတ်ရတော့သည်။ ဥပဏ္ဏ-၄၊ ၁၁၈။

ဟိနေန ဗြဟ္မစရိယေန , ခတ္တိယေ ဥပပဇ္ဇတိ၊
မဇ္ဈိမေန စ ဒေဝတ္တံ , ဥတ္တမေန ဝိသုဇ္ဈတိ။

အောက်တန်းဗြဟ္မ-စရိယာ , မင်းမျိုးအစစ်-ဖြစ်စေပါ၊
လတ်စားသေချာ-နတ်ရွာပို့ , မြတ်မူလွန်မင်း-သန့်ရှင်းဖို့။

ဗုဒ္ဓသာသနာ့ပြင်ပ တိတ္ထိယသာသနာဌ် မေထုန်မှ ရှောင်ကြဉ်ရုံဖြစ်သော သီလသည် အောက်တန်းစား ဗြဟ္မစရိယမည်၏၊ ထိုအောက်တန်းစားဗြဟ္မစရိယကြောင့် မင်းမျိုးဌ် ဖြစ်ရသည်။

စျာန်၏ ဥပစာရသမာဓိမျှသည် အလတ်တန်းစား ဗြဟ္မစရိယမည်၏၊ ယင်း အလတ်တန်းစား ဗြဟ္မစရိယကြောင့် နတ်ပြည်ဌ်ဖြစ်ရသည်။

သမာပတ်ရှစ်ပါး(စျာန်ကိုးပါး)သည် မြင့်မြတ်သောဗြဟ္မစရိယမည်၏၊ ယင်း မြင့်မြတ်သောဗြဟ္မစရိယကြောင့် ဗြဟ္မပြည်မှာ ဖြစ်သောသူသည် စင်ကြယ်သည်မည်၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်ဌ်ကား သီလနှင့်ပြည့်စုံသော ရဟန်း၏ပင် နတ်တစ်မျိုးမျိုးကို ရည်မှန်း၍ ကျင့်သောဗြဟ္မစရိယသည် အောက်တန်းစားမည်၏။

စင်ကြယ်သောသီလရှိသော ရဟန်း၏သာလျှင် သမာပတ်ရှစ်ပါးကို ဖြစ်စေခြင်းသည် အလတ်စားဗြဟ္မစရိယမည်၏။

သန့်ရှင်းစင်ကြယ်သော သီလဌ်တည်၍ ဝိပဿနာကိုပွားများလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခြင်းသည် မြင့်မြတ်သော ဗြဟ္မစရိယမည်၏။ ဇာတ်-၄-၃၊ ၄၄၉။

လက်ဦးဆရာ အရေးပါ

ရဟန်းကောင်း ရဟန်းမြတ်ဖြစ်မှု, ရဟန်းယုတ် ရဟန်းညံ့ဖြစ်မှုသည် ဆရာ့အပေါ်မှာလည်း အခြေတည်နေတတ်ပါသေးသည်၊ အများအားဖြင့် ဆရာကောင်းကို မှီခိုရမှသာ ရဟန်းကောင်းရဟန်းမြတ် ဖြစ်လာတတ်ပါသည်၊ဆရာကောင်းကို မမှီခိုရဘဲ ရဟန်းကောင်း ရဟန်းမြတ်ဖြစ်လာသူများမှာ ရှိပင်ရှိနိုင်သော်လည်း အရေအတွက်အားဖြင့် အလွန်နည်းပါလိမ့်မည်။

သို့ဖြစ်၍ သာသနာတော်ဌ် ဆရာတပည့် ဆက်ဆံမှုသည် အရေးပါလှပေသည်၊ ကျမ်းတစ်စောင်တစ်ဖွဲ့, ရေးသားမှ ပြည့်စုံဖွယ်ရာ ရှိနေပါသည်၊ ဤဌ်ကား လိုရင်းသဘောကို အမြွက်မျှသာ ပြဆိုရပါတော့မည်။

သာသနာတွင်းသို့ ဝင်ရောက်လာသူများအတွက် လက်ဦးဆရာက အရေးကြီးလှပေသည်၊လက်ဦးဆရာညံ့လျှင် တပည့်လည်းညံ့လာတတ်သည်၊လက်ဦးဆရာ ကောင်းလျှင် တပည့်လည်း ကောင်းလာတတ်သည်၊ သို့ဖြင့်-မသင့်တော်သော ဆရာကို ရှောင်ကြဉ်၍ သင့်တော်သော ဆရာကို ဆည်းကပ်ရန်မှာ မိမိတို့၏ ဘဝပေးတာဝန်မျှသာ ဖြစ်ပါတော့သည်၊ ဆရာအရွေးမှားက သံသရာတစ်လျှောက်လုံး ဒုက္ခဆုံးတော့မည် မဟုတ်ပါ။

အိမ်မှထွက်လာသော ပုဂ္ဂိုလ်သည် ရှင်အဖြစ်, ရဟန်းအဖြစ်၏ ရသင့်သော စင်ကြယ်မှုကို မရခြင်းကြောင့် အဆင့်ဆင့် ပိုပြီးညစ်နွမ်းလာတတ်သည်၊ ရဟန်း၏

ပိုမို ညစ်နွမ်းမှုမည်သည် အသက်မွေးမှု ပျက်စီးခြင်းကြောင့်လည်း ဖြစ်နိုင်သည်၊ အကျင့် အယူ သီလစသည်တို့တွင် တစ်ပါးပါး (ပျက်စီးခြင်း)ကြောင့်လည်း ဖြစ်နိုင်သည်။ ပဏ်- ဋီ၊ ၂၄၇။

ပုဂ္ဂိုလ်တစ်ဦးသည် ဆေးကုသမှု စသည်တို့ကို ပြုလုပ်နေသော ပုဂ္ဂိုလ်၏အထံ၌ ရှင့်အဖြစ်, ရဟန်းအဖြစ်ကို ရလာခဲ့သည်၊ ထိုပုဂ္ဂိုလ်သည် မကြာမီမှာပင် ဆရာဥပဇ္ဈာယ်တို့နည်းတူ ဆေးကုသမှု စသည်တို့ကို ပြုလုပ်လာပါတော့သည်၊ သူသည် ဤအသက်မွေးပျက်စီးမှုမှာတည်လျက် ရာဂစသော ကိလေသာနှင့်တကွ သေသွားရတော့သည်။

သူသည် တစ်ဆင့်တက်၍ တခြားဒုက္ကဋ်, ဒုဗ္ဘာသိတို့ကိုလည်း ကျူးလွန်လာပြန်သည်၊ ဤအကျင့်ပျက်မှုမှာတည်လျက် ရာဂစသော ကိလေသာနှင့်တကွပင် သေသွားရတော့သည်။

သူသည် နောက်အဆင့်ဆင့် ပါစိတ်ထုလွှစ္စဉ်းတို့ကို ကျူးလွန်လာတတ်သည်၊ သံဃာဒိသေသ်ကိုလည်း ကျူးလွန်လာတတ်သည်၊ ပါရာဇိကကိုလည်း ကျူးလွန်လာတတ်သည်၊ မာတုဃာတကစသော အာနန္တရိယကံကိုလည်း ပြုလုပ်လာတတ်သည်၊ ဤအယူသီလပျက်စီးမှုမှာတည်လျက် ရာဂစသောကိလေသာနှင့်တကွပင် သေသွားရတော့သည်။ မူပဏ်-၄-၁၊ ၁၄၆။

အကြောင်း ပြည့်စုံလုံလောက်မှု စသည်တို့ကြောင့် ထိုဘဝမှာပင် စင်ကြယ်မည့် ပုဂ္ဂိုလ်တစ်ဦးသည် သီလကို အသက်အသွင် ခင်မင်မြတ်နိုးသော သီလဝန္တ(သီလပြည့်စုံသော) ပုဂ္ဂိုလ်တို့၏အထံ၌ ရှင့်အဖြစ်, ရဟန်းအဖြစ်ကို ရလာခဲ့သည်။

ယင်း သီလဝန္တပုဂ္ဂိုလ်တို့က သူ့ကို ဆုံးမကြသည်၊ သွန်သင်ကြသည်၊ အနည်းငယ်မျှသော မေ့လျော့ပေါ့ဆမှုကို တွေ့ရသည့်အခါမှာပင် 'ရေဇင် ဘယ်နှစ်ခေါက်ထမ်းရမယ်၊ သဲဒဏ် ဘယ်နှစ်ခေါက်ထမ်းရမယ်' စသည်ဖြင့် ဒဏ်ပေးမှုကို ပြုကြသည်။

သူသည် ဆရာဥပဇ္ဈာယ်တို့ကို အတုယူကာ ကျင့်သုံးလာပါတော့သည်၊ မကြာမီမှာပင် ဝတ်အကျင့်နှင့် ကောင်းစွာပြည့်စုံလာပါတော့သည်၊ သူသည် ဤစင်ကြယ်သောသီလမှာတည်လျက် ရာဂစသော ကိလေသာမရှိဘဲ သေဆုံးသွားရပါတော့သည်။

သူသည် နောက်အဆင့်ဆင့် သီလ၌တည်၍ မိမိနှင့်သင့်လျော်သော ဘုရားဟောပါဠိတော်ကို သင်ယူသည်၊ ဓုတင်ကို ဆောက်တည်သည်၊ မိမိနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို ယူသည်၊ ထို့နောက် ရွာဦးကျောင်းမှာ နေခြင်းကို စွန့်လွှတ်၍ အစွန်အဖျား အနားကျသော အရပ်၌ နေထိုင်သည်၊ (တောရကျောင်း၌ နေထိုင်သည်၊) ဤအတွင်းမှာ သေသွားလျှင်လည်း သူ့အတွက် ကိလေသာမရှိသော သေဆုံးခြင်းပင် ဖြစ်ပါတော့သည်။

ထို့ပြင်– အဆင့်ဆင့် ကသိဏ်းပရိကမ်ကို ပြုလုပ်၍ သမာပတ်ရှစ်ပါး(စျာန်ကိုးပါး)ကို ဖြစ်စေခြင်းဖြင့် ကိလေသာကို ပယ်ခွာသည်၊ ဝိပဿနာ၏ အခြေခံဖြစ်သော စျာန်မှထ၍ ဝိပဿနာဖြင့် ကိလေသာတို့ကို အခိုက်အတန့် တားမြစ်သည်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနေသည်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနေသည်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနေသည်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနေသည်၊ ဤအရဟတ္တဖိုလ်မှာ တည်လျက် အစစ်အမှန် ရာဂစသော ကိလေသာမရှိဘဲ သေဆုံးသွားရတော့သည်သာ၊ ပရိနိဗ္ဗာန် ဝင်စံရတော့သည်သာ။ မူပဏ္ဏ-၌-၁၊ ၁၄၆။ ဋီ၊ ၂၄၇။

ဆောင်။ ။အသက်အသွင်,သီလခင်သည့်,ထေရ်ရှင်မြတ်ကို,ကပ်မှီခိုသော်ပြောဆိုကျန်, မပေါ့ဆအောင်, ဆုံးမတိုင်းသာ, မလိုက်နာက, ဆရာရှင်မြတ်, ဒဏ်သတ်မှတ်၍, နှိပ်ကွပ်သည့်ခါ, လေးစားစွာဖြင့်, ကျင့်လာတပည့်, သီလပြည့်သည်..... ထပ်ဖြည့် ပရိယတ်စသည်ကို။

ရဟန်း၏စင်ကြယ်မှုသည် အောက်ထစ်ဆုံးအားဖြင့် သီလစင်ကြယ်မှုကြောင့် ဖြစ်သည်၊ ကမ္မဋ္ဌာန်းအားထုတ်မှုကြောင့်လည်း ဖြစ်သည်၊ ဆိတ်ငြိမ်ရာ၌ နေခြင်းကြောင့်လည်း ဖြစ်သည်၊ စျာန်ကိုရခြင်းကြောင့်လည်း ဖြစ်သည်၊ ဝိပဿနာကို ပွားများ ခြင်းကြောင့်လည်း ဖြစ်သည်၊ ရဟန်းပြုခြင်း၏အကျိုးဖြစ်သော ဖိုလ်ကို ရခြင်းကြောင့်လည်း ဖြစ်သည်။ မူပဏ္ဏ-ဋီ၊ ၂၄၇။

သို့ဖြင့်-စင်ကြယ်လိုသော ရဟန်းသည် အောက်ထစ်ဆုံးအားဖြင့် မိမိ၏သီလကို စင်ကြယ်အောင် စောင့်ထိန်းရမည်၊ ကမ္မဋ္ဌာန်း အားထုတ်ရမည်၊ ဆိတ်ငြိမ်ရာမှာ နေရမည်၊ တတ်နိုင်လျှင် စျာန်ကို ဖြစ်စေရမည်၊ စျာန်ကိုအခြေခံကာ ဝိပဿနာပွားများ၍ မဂ်ဖိုလ်ကို အရယူရမည်။

ဆောင်။ ။စင်ကြယ်လိုလတ်, ရဟန်းမြတ်ကား, ဖြူဆွတ်သီလ, ဝိဝေကဝယ်, စျာန်ရ ကျင့်ကြံ, အခြေခံ၍, မြဲမြံဝိပဿ်, ရှုတုံလတ်, မြင့်မြတ်မဂ်ဖိုလ်ဆိုက်။

ဩဝါဒဆရာ ဆည်းကပ်ပါ

သာသနာ၌ ဆရာနှင့်တပည့်တို့သည် ကိုယ့်တာဝန်ကို ကိုယ်ကျေအောင် လုပ်ဆောင်သင့်သည်၊ ဆရာက တပည့်၏ ကြီးပွားရာကြီးပွားကြောင်း နည်းလမ်းကောင်းများကို ညွှန်ပြရမည်၊ ဆိုဆုံးမရမည်၊ ဩဝါဒပေးရမည်၊ မကောင်းမှုမှ ရှောင်ကြဉ်စေရမည်၊ ကောင်းမှုကိုပြုလုပ်ရန် လမ်းညွှန်ရမည်။

တပည့်ကလည်း ဆရာကောင်း၏ လမ်းညွှန်မှုကို လိုလိုချင်ချင် နာယူရမည်၊ နားထောင်ရမည်၊ သိနားလည်အောင် စူးစိုက်ရမည်၊ စိတ်ပါဝင်စားရမည်၊ ဆရာ့အဆုံးအမမှ သွေဖည်၍ မကျင့်သင့်ချေ၊ မသွေမဖည် ရိုသေလေးစားစွာ လိုက်နာပြုကျင့်ရပေမည်။

ဤသို့ ပြုကျင့်သော တပည့်သည် ဆရာကို မိတ်ဆွေအရာမှာထား၍ ကျင့်ရာရောက်သည်၊ ရန်သူအရာထား၍ ကျင့်ရာမရောက်ပေ၊ ယင်းပုဂ္ဂိုလ်မျိုးမှာသာ ကောင်းကျိုးအမျိုးမျိုး တိုးပွားလာနိုင်သည်၊ ချမ်းသာသုခ ရရှိနိုင်သည်။

ဆောင်။ ။ဆရာဆုံးမ, လမ်းညွှန်ကလျှင်, တုပ်ကွလိုက်နာ, ထိုသူ့မှာ, ချမ်းသာပွားတိုးမည်။

သြဝါဒပေးခြင်းသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝက, ဘုရားအလောင်းတော်တို့၏ အစဉ်အလာ ဖြစ်ပေသည်၊ ထိုပုဂ္ဂိုလ်တို့က ပေးသောသြဝါဒကို လူမိုက်များက မနာယူလိုကြကုန်၊ သို့သော် သြဝါဒပေးသောပုဂ္ဂိုလ်မှာ အပြစ်မရှိပါ၊ မကောင်းမှု မဖြစ်ပါ။ ဇာတ်-၄-၃၊ ၃၄၇။

တပည့်သာဝကတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူတတ်သော ဘုရားရှင်၏ တာဝန်ကိစ္စဟူသည်မှာ မှန်ကန်တိမတ်သော တရားတော်ကို ဟောပြောရုံမျှသာ ဖြစ်ပေသည်။

တရားတော်ကို ကြားနာရပြီးသည့်နောက် လိုက်နာပြုကျင့်ခြင်း မည်သည်ကား တပည့်သာဝကတို့၏ တာဝန်ကိစ္စ ဖြစ်ပေသည်။ မူပဏ္ဏ-၄-၁၊ ၁၉၉။

နော စေ အဿ သကာ ဗုဒ္ဓိ , ဝိနယော ဝါ သုသိက္ခိတော၊
ဝနေ အန္ဓမဟိ်သော၀ , စရေယျ ဗဟုကော ဇနော။
ယသ္မာ စ ပနိမေကစ္စေ , အာစေရမှိ သုသိက္ခိတာ၊
တသ္မာ ဝိနီတဝိနယာ , စရန္တိ သုသမာဟိတာ။

သိဂ္ဂာဏ်ကင်းကွာ-စည်းကမ်းများကို , မသင်မကြား-နေသူတွေ၊
တောရွှပ်အလယ်-ကွဲကန်းလား သို့ , စမ်းတဝါးဝါး-ပြုကျင့်နေ၊
တချို့ကမူ-ဆရာနားမှာ , ဆည်းကပ်ခစား-သင်ထားပေ၊
ထို့ကြောင့်လိမ်မာ-လွန်ယဉ်ကျေးလို့ , စိတ်ပါငြိမ်အေး-ကျင့်နိုင်လေ။

လူသားသတ္တဝါ အများအပြားပင် ကိုယ်ပိုင်ဉာဏ်လည်း မရှိ၊ သြဝါဒပေးတတ်သော ပညာရှိကိုမှီ၍ ကျင့်ဝတ်စည်းမျဉ်း ဥပဒေသတို့ကိုလည်း ကောင်းစွာ မသင်ယူရပါလျှင် မြက်နွယ်စသည်တို့ဖြင့် ရှုပ်ထွေးထူပျစ်နေသော တောထဲ၌ ကွဲကန်းကြီးသည် စားကျက်အရပ်, စားကျက်မဟုတ်သောအရပ်, ဘေးရန်ရှိသောအရပ်, ဘေးရန်မရှိသော အရပ်တို့ကို မသိနိုင်ဘဲ စမ်းတဝါးဝါး သွားလာလှည့်လည်နေရသကဲ့သို့ ဖောက်လွဲဖောက်ပြန် ကျင့်တတ်သည်။

ဤသတ္တဝါအပေါင်းသည် လူဖြစ်လျှင်လည်း မိမိတို့ အမျိုးအနွယ်အား လျော်သော အကျင့်ကို သင်ယူရမည်၊ ရှင်ရဟန်းဖြစ်လျှင်လည်း ရှင်ရဟန်းအား လျော်သော အကျင့်ကို သင်ယူရမည်။

လူများသည်လည်း မိမိတို့အမျိုးအနွယ်အားလျော်သော လယ်ထွန်မှု, နွားကျောင်းမှု စသည်တို့ကို သင်ယူတတ်မြောက်ထားမှသာ သမ္မာအာဇီဝ(မှန်ကန်သောအသက်မွေးမှု) ဖြစ်အောင် တည်တံ့စွာ ဆောင်ရွက်ပြုကျင့်နိုင်ပေသည်။

ရှင်ရဟန်းသည်လည်း ရှင်ရဟန်းအားလျော်သော ကြည်ညိုဖွယ်ရာ သွားလာမှု စသည်နှင့် အဓိသီလ, အဓိစိတ္တ, အဓိပညာတို့ကို သင်ကြားတတ်မြောက်ထားမှသာ ပျံ့လွင့်ခြင်းကင်း တည်ကြည်ခြင်း အပြည့်အဝဖြင့် ကျင့်နိုင်ကြပေသည်။ ဇာတ်-၄-၃၊ ၃၄၈။

နိဓိနံ ဝ ပဝတ္တာရံ , ယံ ပဿေ ဝဇ္ဇဒဿိနံ၊
နိဂ္ဂယှဝါဒိံ မေဓာဝိံ , တာဒိသံ ပဏ္ဍိတံ ဘဇေ၊
တာဒိသံ ဘဇမာနဿ , သေယျော ဟောတိ န ပါပိယော။

ရွှေအိုးညွန်ကြား-သူများလို , ပြစ်တင်ထပ်ထပ်-နှိပ်ကွပ်ဆို၊
ပညာရှင်ကို-တွေ့မြင်ငြား , အမြဲမပြတ်-ဆည်းကပ်ထား၊
ထိုသူများကို-ဆည်းကပ်ခို , ပိုမိုတိုးပွား-မဆိုးဝါး။

ရွှေအိုးကို ညွန်ကြားပြောပြတတ်သူအလား ဓမ္မစွမ်းရည် ပညာပြည့်ဝသော အပြစ်ကိုပြ ဆုံးမတတ်သူ, ဖိနှိပ်ပြောဆိုတတ်သူမျိုးကို တွေ့ရပါလျှင် ပညာအမြော် အမြင်ရှိသူသည် ထိုပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ရမည်။

ထိုဆရာမျိုးကို ဆည်းကပ်သောတပည့်၏ ကောင်းမြတ်တိုးတက်မှုသာ ဖြစ်ပေသည်၊ ယုတ်ညံ့အောက်ကျမှု မရှိတော့ချေ၊ တစ်နေ့တခြား ကြီးပွားတိုးတက်လာစရာသာ ရှိပေသည်၊ ဆုတ်ယုတ်ပျက်ပြားလာစရာ မရှိတော့ချေ။

၁။ "သူ့ကို ဤမသင့်တော် မလျောက်ပတ်မှုကြောင့်ဖြစ်စေ, ဤဆုတ်ချော်မှုကြောင့် ဖြစ်စေ သံဃာ့အလယ်မှာ နှိပ်ကွပ်ရမည်"ဟု အပေါက်အကြား ရှာနေသော ပုဂ္ဂိုလ်၊

၂။ မသိသေးသည်ကို သိစေရန်, သိပြီးဖြစ်လျှင်လည်း ချီးမြှောက်ရန် သိလ စသည်ဖြင့် တပည့်၏ ကြီးပွားတိုးတက်မှုကို လိုလားသည့်အတွက် ထိုထိုအပြစ်ကို ကြည့်ရှုရခြင်းဖြင့် ချီးမြှောက်ပြောဆိုတတ်သော ပုဂ္ဂိုလ်။

ဤသို့ အပြစ်ကိုပြတတ်သော ပုဂ္ဂိုလ်နှစ်မျိုး ရှိနေပါသည်၊ ဤဒွိကား နောက်ပုဂ္ဂိုလ်မျိုးကိုသာ ယူသင့်ပါသည်။

ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်တစ်ယောက်သည် ကြိမ်းမောင်းခြင်းခံစေ, ထုထောင်းရိုက်နှက်ခြင်းခံစေ 'ရော့-ဒါကို ယူသွားတော့'ဟု ရွှေအိုးကို ညွှန်ပြသော ပုဂ္ဂိုလ်အား

အမျက်မထွက်သည့် အပြင် ကျေးဇူးတင်ကာ ရွှင်လန်းဝမ်းသာသကဲ့သို့ မသင့်လျော်တာကိုပဲ ဖြစ်ဖြစ်, ချွတ်ယွင်းချက်ကိုပဲဖြစ်ဖြစ် တွေ့မြင်သည့်အခါ ပြောကြားတတ်သော ပုဂ္ဂိုလ်မျိုးကို စိတ်ဆိုးအမျက်မထွက်သင့်၊ နှစ်သက်ကျေနပ်ရမည်သာ ဖြစ်ပါသည်။

"အရှင်ဘုရားဟာ မွန်မြတ်တဲ့ အလုပ်ကို လုပ်တာပဲ၊ တပည့်တော်ရဲ့ ဆရာဥပဇ္ဈာယ် အရာမှာတည်ပြီး နောက်လဲ တပည့်တော်ကို ပြောတော်မူပါ၊ ဆုံးမတော်မူပါ၊ သွန်သင်တော်မူပါ"ဟု ဖိတ်ထားသင့်သည်သာ ဖြစ်ပါသည်။

အချို့သော ပုဂ္ဂိုလ်သည် အတူနေတပည့်၏ မသင့်လျော်သော အမှုကိုဖြစ်စေ, ချွတ်ချော်ချက်ကိုဖြစ်စေ တွေ့ရသည့်အခါမှာ "ဒီသူက ငါ့ကို မျက်နှာသစ်ရေစသည်တို့နဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးနေတယ်၊ သူ့ကိုပြောလိုက်ရင် ငါ့ကို ပြုစုလုပ်ကျွေးမှာ မဟုတ်တော့ဘူး၊ ယင်းသို့ မလုပ်ကျွေးရင် ငါ့မှာ ဆုတ်ယုတ်လာလိမ့်မယ်"ဟူသော တွေးထင်ချက်ဖြင့် မပြောရဲ, မဆိုရဲ ဖြစ်တတ်သည်၊ ထိုသူမျိုးသည် ဖိနှိပ်ပြောဆိုသူ မမည်တော့ပေ၊ သာသနာတော်၌ အမှိုက်ကို ကြဲဖြန့်လောင်းထည့်စေသူသာ မည်ပါတော့သည်။

ဆောင်။ ။တပည့်ကျင့်ပျက်, ကိုယ်ကျိုးဖက်၍, မပြောရက်ပါ, သာသနာ, မှိုက်လာဖြန့်.ကြဲသူ။

ပုဂ္ဂိုလ်တစ်ဦးမှကား ထိုအပြစ်မျိုးကို တွေ့မြင်ရသည့်အခါ "ဒီသူဟာ ငါ့ရဲ့ အတူနေ တပည့်ပဲ၊ အနီးနေ တပည့်ပဲ၊ ငါ့အတွက် ကျေးဇူးများသူ ဖြစ်ပေတယ်"ဟု ထည့်သွင်းစဉ်းစားမှကိုမပြုဘဲ အပြစ်အား‌လျော်စွာ ကြိမ်းမောင်းလျက်ဖြစ်စေ, နှင်ထုတ်လျက်ဖြစ်စေ, ဒဏ်ပေးလျက်ဖြစ်စေ အတင်းအကြပ် မကျင့်မနေရအောင် ပြုလုပ်တတ်သည်၊ ဤပုဂ္ဂိုလ်မျိုးကသာ ဖိနှိပ်ပြောဆိုသူ မည်သည်၊ ဘုရားသဖွယ်ပင် ဖြစ်ပါတော့သည်။

ဆောင်။ ။တပည့်ကျင့်ပျက်, မငဲ့ကွက်ဘဲ, ရက်စက်မည်သာ, ဆုံးမလာ, မြတ်စွာလားတူသူ။

သြဝဒေယျာနုသာသေယျ , အသဇ္ဇာ စ နိဝါရယေ၊
သတံ ဟိ သော ပိယော ဟောတိ , အသတံ ဟောတိ အပ္ပိယော။

သွန်သင်ညွှန်ပြ-ဆုံးမကာ , မလျော်တရား-မြစ်တားရာ၊
သူ့ကိုချစ်လာ-သူတော်များ , မကောင်းလူပျက်-အမျက်ပွား။

သြဝါဒပေးရမည်၊ ဆုံးမရမည်၊ မလျော်သောသဘောတရားမှ တားမြစ်၍ သင့်လျော်သောသဘောတရားမှာ တည်စေရမည်၊ ဤပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းတွေက ချစ်ခင်မြတ်နိုးကြသည်၊ တရားသဘောကို မသိနားမလည်သေးသူ, တမလွန်လောကကို မလွန်မြောက်သေးသူ, ပစ္စည်း(လေးပါး)ကိုသာ ကြည့်တတ်သူ, အသက်မွေး

ဝမ်းကျောင်းအတွက် ရဟန်းပြုလာသူ-ဟူသော သူတော်ကောင်းအတုအယောင်များကမူ သြဝါဒပေးတတ် ဆုံးမတတ်သော ပုဂ္ဂိုလ်ကို "အရှင်ဘုရားဟာ တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ် မဟုတ်ပါဘူး၊ ဆရာလဲ မဟုတ်ပါဘူး၊ ဘာ့ကြောင့် တပည့်တော်တို့ကို ဆုံးမ သြဝါဒပေးရပါသလဲ?"ဟု နှုတ်လုံထိုးကာ အာခံလျက် ချစ်ခင်မြတ်နိုးမှု မပြုနိုင်ကြချေ၊ မဟာနိ-ပါ၊ ၄၀၄။ ၅၊ ၄၁၅။ ထေရ-၅-၂၊ ၄၀၁။

အာနန္ဒာ ! ဤသာသနာတော်၌ ဆရာ(ဘုရား)ဟူသည် တပည့်(သာဝက)များကို သနားကြင်နာသည်၊ အစီးအပွားကို ရှာတတ်သည်၊ (ကောင်းကျိုး တိုးပွားအောင် လုပ်ဆောင်ပေးတတ်သည်၊) သနားကြင်နာသည့်အတွက်ကြောင့်ပင် သင်တို့ဟာ ဒီအကျင့်ကိုကျင့်ရင် ကောင်းကျိုးအမျိုးမျိုး တိုးပွားမည်၊ ဒီအကျင့်ကိုကျင့်ရင် ချမ်းသာမည်၊ ဤသို့ တပည့်(သာဝက)တို့အား တရားဟောတတ်သည်။

ယင်းတရားကို တပည့်များက လိုလိုချင်ချင်မနာကြ၊ နားမထောင်ကြ၊ သိနားလည်အောင် စူးစိုက်မှုမရှိကြ၊ ဆရာ့အဆုံးအမမှ သွေဖည်ကျင့်သုံးကြသည်။

ဤသို့ကျင့်ပါလျှင် တပည့်များက ဆရာကို ရန်သူအရာထား၍ ကျင့်ရာရောက်သည်၊ မိတ်ဆွေအရာထား၍ ကျင့်ရာမရောက်ပေ။

ဆရာကဟောသောတရားကို တပည့်များက လိုလိုချင်ချင်နာကြသည်၊ နားထောင်ကြသည်၊ သိနားလည်အောင် စူးစိုက်ကြသည်၊ (စိတ်ပါဝင်စားကြသည်၊) ဆရာ့အဆုံးအမမှ သွေဖည်၍ မကျင့်ကြကုန်။

ဤသို့ ပြုကျင့်လျှင် တပည့်များက ဆရာကို မိတ်ဆွေအရာမှာထား၍ ကျင့်ရာရောက်သည်၊ ရန်သူအရာမှာထား၍ မကျင့်ရာမရောက်ပေ။

အာနန္ဒာ ! ထို့ကြောင့် ငါဘုရားကို မိတ်ဆွေအရာမှာထား၍ ကျင့်ကြကုန်လော့၊ ရန်သူအရာမှာထား၍ မကျင့်ကြကုန်နှင့်၊ ငါဘုရားကို မိတ်ဆွေအရာမှာထား၍ ကျင့်ခဲ့ပါလျှင် သင်တို့မှာ ကြာရှည်လေးမြင့် ကောင်းကျိုးအမျိုးမျိုး တိုးပွားလာပေလိမ့်မည်၊ ချမ်းသာသုခ ရရှိကြပေလိမ့်မည်။

အာနန္ဒာ ! အိုးထိန်းသည်(အိုးလုပ်သမား)က အိုးစိမ်းတွေကို ကြောင့်ကြစိုက်သက့ဲသို့ ငါဘုရားက သင်တို့ကို (သင်တို့အပေါ်မှာ) ကြောင့်ကြစိုက်မယ် မဟုတ်၊ ငါဘုရားက နှိပ်ကွပ်၍ ပြောရပေလိမ့်မယ်၊ (ထပ်ကာ ထပ်ကာ ဆုံးမသြဝါဒ ပေးရပေလိမ့်မယ်၊) အပြစ်တွေကို ပယ်စွန့်စေ, ပယ်စွန့်စေ၍ (မစွန့်မချင်း) ပြောရပေလိမ့်မယ်၊ (လောကီ), လောကုတ္တရာ အနှစ်သာရသည် (သင်တို့သန္တာန်မှာ) တည်ရှိပေလိမ့်မယ်၊ ကျန်နေပေလိမ့်မယ်။

(ဒုက္ကဋ်, ဒုဗ္ဘာသိမျှကိုပင် စေတနာဖြင့် လွန်ကျူးသူသည် ဆရာ့အဆုံးအမမှ သွေဖည်ကျင့်သည်မည်၏၊ ယင်းအာပတ်ကိုမျှ မလွန်ကျူးသူသည် ဆရာ့အဆုံးအမမှ

သွေဖည်ကျင့်ရာ မရောက်ပေ၊ အခြား ပါစိတ်စသော အာပတ်များနှင့်စပ်၍ကား ပြောဖွယ်ပင် လိုမည်မထင်တော့ပါ။)

အိုးလုပ်သမားသည် ကောင်းစွာမခြောက်သေး, မဖုတ်ရသေးသောအိုးစိမ်းကို ပဲ့မှာစိုးသည့်အတွက် အသာအယာကိုင်တွယ်ရသည်၊ ဤသို့ အိုးလုပ်သမားက အိုးစိမ်းတွေ အပေါ်မှာ ပြုကျင့်သကဲ့သို့ ငါဘုရားက သင်တို့အပေါ်မှာ ပြုကျင့်မည် မဟုတ်၊ တစ်ကြိမ်လောက် ဆုံးမပြီးသည့်နောက် တိတ်တိတ်နေမည်မဟုတ်၊ နှိပ်ကွပ်၍, နှိပ်ကွပ်၍ အထပ်ထပ်ဆုံးမ ဩဝါဒပေးရလိမ့်မယ်၊ အပြစ်များ ကင်းစင်သွားအောင် ပြောဆိုဆုံးမရပေလိမ့်မယ်။

အိုးလုပ်သမားသည် ဖုတ်ထားသော အိုးများထဲက ကွဲသောအိုး, ပေါက်သောအိုး, အက်နေ နာနေသော အိုးများကို ပယ်စွန့်၍ တစ်နေရာမှာ ထားလိုက်သည်၊ ထို့နောက် အကျက်ညီသော အိုးတို့ကိုသာ ခေါက်၍ခေါက်၍ ယူသည်။

ထို့အတူ ငါဘုရားသည်လည်း ပယ်စွန့်စေ, ပယ်စွန့်စေ၍ (မစွန့်မချင်း) ထပ်ကာထပ်ကာ ဆုံးမမြစ်တားရပေလိမ့်မယ်၊ ဆုံးမခံနေကြရတဲ့ သင်တို့၏သန္တာန်မှာ မဂ်ဖိုလ်ဟူသော အနှစ်သာရ တည်ရှိနေပေလိမ့်မယ်၊ စင်စစ်သော်ကား လောကီဂုဏ်များကိုလည်း ဤအရာဝယ် အနှစ်ဟူ၍ပင် ယူသင့်ပါသည်။ ဥပဏ္ဏ-ပါ၊၁၅၉။ ဌ၊ ၁၁၈။ ဋီ၊ ၃၂၉။

ဆရာ့ကျေးဇူး ဆပ်မကုန်

ယင်းဆရာများ၏ ကျေးဇူးမှာ ကြီးမားလှပေသည်၊ ဆရာများအပေါ်၌ တပည့်ဖြစ်သူက အကြိမ်ရာပေါင်းများစွာ,ထောင်ပေါင်းများစွာ (အကြိမ်ပေါင်း မရေတွက်နိုင်လောက်အောင်) တည်ခြင်းငါးပါးဖြင့် တုပ်ဝပ်ရှိခိုးသော်လည်းကောင်း, နေရာမှထ၍ ခရီးဦး ကြိုဆိုသော်လည်းကောင်း, တွေ့ရသမျှ, မြင်ရသမျှသောခဏမှာ လက်အုပ်ချီမိုးရှိခိုးသော်လည်းကောင်း, ဆရာအား သင့်လျော်သော ရိယမှုကို ပြုသော်လည်းကောင်း, နေ့တိုင်းနေ့တိုင်း သင်္ကန်းရာပေါင်းများစွာ, ထောင်ပေါင်းများစွာ ပေးလှူသော်လည်းကောင်း, ဆွမ်းရာပေါင်းများစွာ, ထောင်ပေါင်းများစွာ ပေးလှူသော်လည်းကောင်း, စကြဝဠာတိုက်၏ အဆုံးအပိုင်းအခြားဖြင့် ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော ကျောင်းကိုပြုလုပ်ပေးသော်လည်းကောင်း, ထောပတ်, ဆီဦးစသော ဆေးအမျိုးမျိုးကို ပေးလှူသော်လည်းကောင်း ဆရာကပြုလုပ်ထားသော ကျေးဇူးကို တုံ့ပြန်ဆပ်ရာ မရောက်နိုင်ချေ။ အံ-ပါ-၁၊ ၁၂၁။ ဌ-၂၊ ၉၁။ ဋီ-၂၊ ၉၂။

အာနန္ဒာ ! ဆရာတစ်ဦးကိုအကြောင်းပြု၍ တပည့်ဖြစ်သောပုဂ္ဂိုလ်သည် သရဏဂုံတည်၏၊ ငါးပါးသီလ စောင့်ထိန်း၏၊ ရတနာသုံးပါးကို နှစ်ခြိုက်ယုံကြည် လက်ခံ၏၊ အရိယာတို့နှစ်သက်အပ်သော သီလနှင့်ပြည့်စုံ၏၊ သစ္စာလေးပါးကို အမှန်အတိုင်းသိမြင်၏။

ယင်းဆရာမျိုးကို တပည့်ဖြစ်သောပုဂ္ဂိုလ်က ရှိခိုးမှု, ခရီးဦးကြိုဆိုမှု, လက်အုပ်ချီမှု, အရိုအသေပြုမှု,(သင်္ကန်း, ဆွမ်း, ကျောင်း,ဆေး) ပစ္စည်းလေးပါး လှူဒါန်းမှုတို့ဖြင့် ကျေးဇူးတုံ့ပြန်မှုကို ပြုသော်လည်း 'ဆရာအား သင့်လျော်လျောက်ပတ်သော ကျေးဇူးတုံ့ပြန်မှုကို ပြုနိုင်သည်'ဟု ငါဘုရား မပြောလိုပေ၊ (ဆရာ့ကျေးဇူးကား တုံ့ပြန်ပေးဆပ်၍ မကုန်နိုင်လောက်အောင် များလှပေသည်၊ ကြီးကျယ်လှပေသည်၊) သင့်လျော်လျောက်ပတ်သော အမှုကိုပြုခြင်းငှါ မစွမ်းနိုင်သောကြောင့်ပင်ဖြစ်သည်။

ဆရာကို တွေ့မြင်ရသည့်အခါ ရှိခိုးခြင်း, ဆရာရှိရာဘက်သို့ ကိုယ်ကို ကိုင်းညွှတ်လျက် လက်အုပ်ချီသွားခြင်း, ရှိခိုး၍အိပ်ခြင်း, ရှိခိုး၍ထိုင်ခြင်းတို့ကို ပြုလုပ်သူသည် ရှိခိုးမှုဖြင့် ဆရာကို ကျေးဇူးတုံ့ပြန်ရာရောက်သည်။

ဆရာကြွလာနေသည်ကို အဝေးမှပင် တွေ့မြင်ရသည့်အခါ နေရာမှထ၍ ခရီးဦးကြိုဆိုမှုကို ပြုခြင်းသည် ခရီးဦးကြိုဆိုမှုဖြင့် ကျေးဇူးတုံ့ပြန်ရာရောက်သည်။

ဆရာကိုတွေ့ရသည့်အခါ လက်အုပ်ချီးမြှောက်၍ ခေါင်းပေါမှာတင်ထားလျက် ဆရာကို ဦးညွှတ်၏၊ ထိုင်ရင်းလည်း လက်အုပ်ချီ ဦးညွှတ်၏၊ ဤသို့ ပြုလုပ်သူသည် လက်အုပ်ချီမှုဖြင့် ဆရာကို ကျေးဇူးတုံ့ပြန်ရာရောက်သည်။

ဆရာအတွက် သင့်လျော်သောအလုပ်ကို ပြုလုပ်ပေးသူ, ဝတ်ကြီးဝတ်ငယ် ပြုလုပ်နေသူတို့သည် အရိုအသေပြုခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရာရောက်သည်။

သင်္ကန်းစသည်တို့တွင် သင်္ကန်းကို ပေးလှူသည့်အခါ တော်အောင်လျော်အောင် (ဖြစ်ကတတ်ဆန်း)သင်္ကန်းမျိုးကို ပေးလှူသည် မဟုတ်ချေ၊ တန်ဖိုးကြီးသင်္ကန်းများကိုသာ ပေးလှူသည်၊ တစ်ရာတန်သင်္ကန်းကိုလည်း ပေးလှူသည်သာ၊ ငါးရာတန်သင်္ကန်းကိုလည်း ပေးလှူသည်သာ၊ တစ်ထောင်တန်သင်္ကန်းကိုလည်း ပေးလှူသည်သာ၊ ဤနည်းအတိုင်း ဆွမ်းစသည်တို့၌လည်း တန်ဖိုးအများဆုံး အကောင်းဆုံးကိုသာ ရွေးချယ်လှူဒါန်းသည်၊ ယင်းသို့ လှူဒါန်းသောသူသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် တုံ့ပြန်ကျေးဇူးပြုရာရောက်သည်။

အကုန်လုံးကို ခြုံ၍ငုံ၍ ဆိုရပါမူ အကောင်းစား ပစ္စည်းလေးပါးတို့ကို စကြဝဠာတိုက် တစ်ခုလုံးပြည့်အောင်ထည့်၍ မြင့်မိုရ်တောင်ကို အထွတ်တင်ပြီး လှူစေကာမူ ဆရာအား လျော်သောအမှုကို မလုပ်နိုင်၊ ဆရာ့ကျေးဇူး မကျေနိုင်၊ မကုန်နိုင်သည်သာ။ ဥပဏ္ဏ-ပါ၊၂၉၇။ ဌ၊ ၂၂၂။ ဋီ၊ ၄၀၈။

ဤ၌ ဝိသုဒ္ဓိမဂ်လာ ဂါထာများကို ဆိုလျော်အောင် ပြန်ဆိုထားသော ကဗျာများဖြင့် နိဂုံးအုပ်ပုံတော့မည်။

၁။ သာသနာတော်-သန့်ရှင်းရေးကို , တကယ်အားပေး-နေသူမှာ၊
သီလကိုသာ-ဖယ်ကာထားလျှင် , ထောက်တည်ကိုးစား-မရှိပါ၊
ယင်းသီလဂုဏ်-အကျိုးများကို , တကယ်ကြိုးစား-ပိုင်းခြားကာ၊
ပြောသူတွေမှာ-နှုတ်အာခြောက်လို့ , အဆုံးမရောက်-ပန်းရံသာ။

၂။ မြစ်ချောင်းအင်းအိုင်-ဘေးဖယ်ထားလို့ ,သမုဒ္ဒရာများ-ခန်းခြောက်စေ၊
များသတ္တဝါ-ညစ်အကြေးကို , ဘယ်လိုဆေးဆေး-မစင်ပေ၊
သီလရေစင်-ဆွတ်ကာဖြန်းလို့ , တကယ်ကြိုးပမ်း-ဆေးကြောလေ၊
ညစ်ကြေးကိလေ-စင်ကြယ်ရိုးမို့ , ချမ်းသာပွား-ဖြိုးဖြိုးဝေ။

၃။ လောကတစ်ခွင်-ရှင်လူများကို , ကိလေမီးပွား-ပူအိုက်စေ၊
မိုးသက်လေလာ-ပန်ကာဖွင့်လည်း , ပူအိုက်ပျောက်လွင့်-မသွားပေ၊
ကျနကောင်းစွာ-မြစောင့်ရောက်လို့ , ညစ်ကြေးကင်းပျောက်-ဖြူဖွေးနေ၊
သီလလေသာ-လွန်စွာအေးလို့ , ပူအိုက်ကင်းဝေး-လွင့်ပျောက်စေ။

၄။ လေအောက်လေညာ-နှီးဝေးဖြန့်လို့ , သီလအနံ့-သင်းပျံ့ကြွယ်၊
သီလနှင့်တူ-နံ့တစ်ပါးတော့ , ဘယ်မှာထင်ရှား-ရှိပါ့မယ်၊
နတ်ရွာတက်ရန်-တွေးကြံထားက , သီလလှေကား-ထောင်ပါကွယ်၊
မြို့ရွေနိဗ္ဗာန်-ဝင်လိုကလည်း , တံခါးသီလ-ဖွင့်ရမယ်။

၅။ ပုလဲကျောက်စိန်-ထိန်ထိန်တောက်အောင် , မြင်သူငဲလောက်-ဆန်းတကြယ်၊
ကိုယ်ခန္ဓာတွင်-ဆင်ယင်ထားလည်း , တကယ်ထူးခြား-မတင့်တယ်၊
ကြီးလတ်ငယ်သူ-လူမရွေးတဲ့ , သီလဖြူဖွေး-ပုလဲသွယ်၊
စောင့်ထိန်းအစဉ်-ဆင်ယင်ပြုမှ , တင့်တယ်မျိုးစု-နယဉ်မယ်။

၆။ သီလဖြူစင်-ဆင်ယင်ထားက , ဘေးရန်အများ-ရောင်ရှားဖယ်၊
ကျော်စောလန်းဆွင်-ကြည်လင်မြဲလို့ , သည်းခံအားခဲ-ဇွဲပြည့်ကြွယ်၊
ရရှိမြဲမြံ-စွာန်ကြောင်းဟိတ်ကြောင့် , ရောင်တဖိတ်ဖိတ်-စိတ်စင်ကြယ်၊
မဂ်ဝရဇိန်-လေးကြိမ်ခွင်းတော့ , ကိလေရန်ရှင်း-ကင်းပျောက်ကွယ်။
(ညှဉ်းမယ် ၊ ခွင်းမယ်။)

အခန်း -၁ ပြီးပါပြီ။

အခန်း-၂

သာသနာတော် သန့်ရှင်းတည်တံ့ရေး

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုရာ၌ သန့်ရှင်းရေးက လိုရင်းအဓိက ဖြစ်ပေသည်၊ သန့်ရှင်ရေးမပါလျှင် မဖြစ်ချေ၊ သန့်ရှင်းရေးမပါသော တည်တံ့ပြန့်ပွားရေး မျိုးသည် ဗုဒ္ဓအလိုတော်ကျ ဖြစ်နိုင်စရာ မရှိပါ၊ ထို့ကြောင့် သန့်ရှင်းရေးကို သီးသန့် ခွဲခြား မယူဘဲ-

၁။ သာသနာတော် သန့်ရှင်းတည်တံ့ရေး၊

၂။ သာသနာတော် သန့်ရှင်းပြန့်ပွားရေး၊

ဤသို့ တည်တံ့ပြန့်ပွားရေးတို့နှင့် အသီးအသီး စပ်ဟပ်လျက် နှစ်မျိုးမျှသာ ခွဲယူပါက ပိုပြီးပြည့်စုံမည်၊ ဗုဒ္ဓအလိုတော်ကျ ဖြစ်မည်ဟု ထင်မြင်သဘောရရှိပါသည်။

ထိုတွင် သာသနာတော် သန့်ရှင်းတည်တံ့ရေးဟူသည်မှာ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ (ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာများ)၏ သီလသန့်ရှင်းစင်ကြယ် ရေးပင် ဖြစ်ပါသည်၊ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၏ သီလသန့်ရှင်းစင်ကြယ်နေခဲ့ပါလျှင် သာသနာတော်လည်း သန့်ရှင်းစင်ကြယ်ပြီးပင် ဖြစ်ပါတော့သည်၊ ယင်းသို့ သီလသန့်ရှင်း စင်ကြယ်နေသော ပုဂ္ဂိုလ်တို့၏ သန္တာန်မှာသာ သာသနာတော် ကောင်းစွာတည်တံ့ နိုင်ပါသည်။

၁။ သီလပျက်စီးခြင်း၏ အပြစ်ကို မြင်ခြင်း၊

၂။ သီလပြည့်စုံမှု၏ အကျိုးကို မြင်ခြင်း၊

ဤအကြောင်းနှစ်ပါးတို့ကြောင့် သီလစင်ကြယ်မှု ဖြစ်နိုင်သည်။ ဝိသုဒ္ဓိ-၄-၁၊ ၅၁။

အဋ္ဌကထာဆရာများ၏ မိန့်မှာချက်ကို ဦးထိပ်ရွက် ပန်ဆင်သောအားဖြင့် သာသနာ့ ဝန်ဆောင်ပုဂ္ဂိုလ်များ သီလသန့်ရှင်းစင်ကြယ်မှု၌ အလေးဂရု ပြုနိုင်ကြစေရန် သီလပျက်စီး ခြင်း၏ အပြစ်နှင့် သီလပြည့်စုံခြင်း၏ အကျိုးတို့ကို ပါဠိတော်အဋ္ဌကထာများမှ သင့်လျော်ရုံ ထုတ်နှုတ်ပြပါမည်။

၃သီလ၏ အပြစ်ငါးပါး *

၁။ စီးပွားဥစ္စာ ပျက်စီးခြင်း၊

၂။ မကောင်းသတင်း ထွက်ပေါ်ခြင်း၊

---

* ဥဒါ-ပါ၊ ၁၈၅။ ၄-၁၃၅။ ဒီ-ပါ-၂၊ ၃၁။ ၄-၁၁၈။ အံ-ပါ-၂၊၂၂၁။ ၄-၃၊၇၉။ ဋီ-၃၊ ၇။

၃။ လူစုလူဝေးသို့ မရဲမဝံ့ မကြည်မသာ သွားလာဝင်ထွက်ရခြင်း၊
၄။ မိန်းမောတွေဝေ ကယောင်ကတမ်းပြောဆို သေဆုံးရခြင်း၊
၅။ ခန္ဓာပျက်ကြွေ သေပြီးသည့်နောက် အပါယ်ဘုံမှာ ဖြစ်ရခြင်း၊

ဤသည်တို့ကား ဒုဿီလပုဂ္ဂိုလ်၏ သီလပျက်စီးခြင်းကြောင့် ဖြစ်ပွားလာရသော အပြစ်များပင် ဖြစ်ပါတော့သည်။

ဆောင်။ ။သီလကင်းကွာ, ပြစ်များမှာကား, ဥစ္စာပျက်ပြား, ဆိုးဝါးသတင်း, လူစုတွင်းကို, ရဲတင်းမဝင်, ကြည်လင်ကင်းကွာ, သေရပါ, ပါယ်ရွာဖြောင့်တန်း၏။

လူများအတွက် ဟာထားသော ဒေသနာတော် ဖြစ်ပါသော်လည်း ရဟန်းများအတွက်လည်း သဘောသက်ရောက်နေပေသည်၊ သို့ဖြင့်-လူ့အတွက်ရော ရဟန်းအတွက်ပါ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်တွဲရှင်းလင်း ပြဆိုပါမည်။

ဥစ္စာပျက်ပြား အိမ်နေသူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုကို လုပ်နေရတတ်သည်၊ လယ်ယာလုပ်ငန်းကိုသော်လည်း လုပ်ရတတ်သည်၊ စာရေးစာချီ ကူးသန်းရောင်းဝယ်မှု စသောလုပ်ငန်းကိုသော်လည်း လုပ်ရတတ်သည်၊ များသောအားဖြင့် အလုပ်လက်မဲ့ နေ၍ မဖြစ်ပါ။

ယုန်ထောင်, ငါးဖမ်းစသောကိစ္စဖြင့် အချိန်ဖြုန်းကာ မေ့လျော့ပေါ့ဆစွာ နေခဲ့ပါလျှင် မိမိ၏ အသက်မွေးလုပ်ငန်းကို အချိန်မီ ပြီးစေနိုင်မည် မဟုတ်ပါ၊ ပြည့်စုံစေနိုင်မည် မဟုတ်ပါ၊ သို့ဖြစ်လာခဲ့ပါလျှင် အရင်းအနှီးပါ ပျက်စီးဆုံးပါးသွားနိုင်စရာ ရှိပါသည်။

ထို့ပြင်- သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်မှု, သူ့ဥစ္စာကို တိုက်ခိုက်ခိုးယူမှု, ကာမသောင်းကျန်းမှု, မုသားသက်သေထွက်ဆိုမှု စသည်တို့ကို ပြုလုပ်ခဲ့ပါလျှင် ထောင်ဒဏ်ကိုသော်လည်း ခံရတတ်သည်၊ ငွေဒဏ်ကိုသော်လည်း ခံရတတ်သည်၊ သို့ဖြင့် စီးပွားဥစ္စာ ပျက်စီးဆုံးပါးခြင်းသို့ ရောက်ရတတ်ပေသည်။

သီလမရှိသော (ဒုဿီလ)ရဟန်းသာမဏေသည် မေ့လျော့ဆမှုကြောင့် သီလမှလည်း ဆုံးရှုံးရသည်၊ ဘုရားဟောပါဠိတော်ကို သိနားလည်မှုမှလည်း ဆုံးရှုံးရသည်၊ စျာန်တရားမှလည်း ဆုံးရှုံးရသည်၊ "သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ"ဟူသော အရိယာတို့၏ဥစ္စာ ခုနစ်ပါးမှလည်း ဆုံးရှုံးရသည်၊ ဤသည်မှာ ဒုဿီလရဟန်းသာမဏေတို့၏ စီးပွားဥစ္စာ ပျက်စီးခြင်းပင် ဖြစ်ပေသည်။

ဆိုးဝါးသတင်း မည်သူ့သားမြေးဖြစ်တဲ့ မည်သူဟာဖြင့် သီလလဲ မရှိဘူး၊ သဘောထားလဲ ဆိုးဝါးလှတယ်၊ ဒီဘဝကိုရော, နောက်ဘဝကိုရော မျက်ကွယ်ပြုနေတာပဲ၊ သံယာတော်များအား ဆွမ်းလေးတောင်မှ လောင်းလှူဖော် မရဘူး-

စသည်ဖြင့် ပရိသတ်လေးပါးအလယ်မှာ အိမ်၌တည်သူ လူဒုဿီလ၏ မကောင်းသတင်း ထွက်ပေါ်လာတတ်သည်။

ဘယ်ကိုရင် ဘယ်ဦးပဉ္စင်းဟာဖြင့် သီလကိုလဲ မစောင့်နိုင်ဘူး၊ စာပေပရိယတ်ကိုလဲ မသင်နိုင်ဘူး၊ ဆေးကုသမှု-စသည်နဲ့ပဲ အသက်မွေးနေတော့တယ်၊ "ဘုရား၌မရိုသေမှု, တရား၌မရိုသေမှု, သံဃာ၌မရိုသေမှု, အကျင့်သိက္ခာ၌ မရိုသေမှု, အပွမာဒ၌ မရိုသေမှု, အာမိသဓမ္မတို့ဖြင့် စေ့စပ်ညီညွတ်အောင်ပြုခြင်းတို့၌ မရိုသေမှု" ဆိုတဲ့ အဂါရဝတရားခြောက်ပါးနှင့် ပြည့်စုံနေပေတယ်-စသည်ဖြင့် သီလမရှိသော ရဟန်းသာမဏေ၏ မကောင်းသတင်း ထွက်ပေါ်လာတတ်ပေသည်။

ရဟန်းတို့ ! ကိုယ်ခန္ဓာ၌ မှည့်ရင့်ပေါက်ပြုနေသော အနာရှိသူတစ်ယောက်သည် ဆူးတောသို့ ဝင်ရောက်၏၊ ထိုသူ၏ခြေတို့ကို ဆူးတို့သည် စူးကုန်ရာ၏၊ သမန်းမြက်တို့သည်လည်း အနာရှိနေသောကိုယ်ကို ရှကုန်ရာ၏၊ ရဟန်းတို့ ! ဤသို့လျှင် ထိုသူသည် ယင်းဆူးစူးမှု, သမန်းမြက်ရှမှုဟူသော အကြောင်းကြောင့် အတိုင်းထက် အလွန် ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို ခံစားရရာ၏။

ရဟန်းတို့ !ထို့အတူပင်လျှင် ဤသာသနာတော်၌ ဒုဿီလရဟန်းသည် ရွာသို့ ရောက်သည်ဖြစ်စေ, တောသို့ရောက်သည်ဖြစ်စေ (ရောက်ရာအရပ်တိုင်းမှာ) "ဒီကိုယ်တော်ဟာ ဒီလို ဆေးကုသမှု, တမန်တို့ရဲ့အမှုစသည်ကို ပြုလုပ်တတ်တယ်၊ မုဆိုးမအိမ်စတဲ့ ဒီလို ကျက်စားရာ ရှိတယ်၊ သီလစင်ကြယ်မှု မရှိ၊ မထိုက်တန်ဘဲနဲ့ ရွာသူရွာသားတွေရဲ့ အလှူကို ခံယူနေတဲ့အတွက် ရွာသူရွာသားတွေကို စူးဝင်နှိပ်စက်နေတဲ့ ဆူးသဖွယ်ဖြစ်တယ်" ဟူသော ပြစ်တင်စကား ပြောကြားမှုကို ခံရတတ်သည်။

ဤသို့လည်း သဋ္ဌာယတနဝဂ္ဂသံယုတ် ဆဗ္ဘာဏကောပမသုတ်မှာ ဟောတော်မူထားပါသေးသည်။ ပါ၊ ၄၀၁။ ၌-၃၊ ၁၁၀။ ဋီ-၂၊ ၃၄၇။

လူစုတွင်းကို ရဲတင်းမဝင်

လူအများ စုဝေးနေတဲ့ နေရာမှာ အချို့အချို့သော ပုဂ္ဂိုလ်များက ငါ့အလုပ်ကို အမှန်အတိုင်း သိကြမှာပဲ၊ ဒါနဲ့ ငါ့ကိုနှိပ်ကွပ် ကြလိမ့်မယ်၊ ကဲ့ရဲ့ကြလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ ရုံးကို, ရဲဌာနကို ဖမ်းပို့ကြလိမ့်မယ်၊ ဤသို့ သီလမရှိသောပုဂ္ဂိုလ်က မလုံမလဲ ဖြစ်လာတတ်သည်၊ ကိုယ့်လိပ်ပြာကို ကိုယ်လန့်လာတတ်သည်၊ ကြောက်ကြောက်လန့်လန့် လူစုလူဝေးသို့ ချဉ်းကပ်ဝင်ရောက်ရသည်၊ မျက်နှာအောက်သိုး ခေါင်းငုံ့လျှိုးဖြင့် မြေကြီးကို ရေးခြစ်ထိုင်နေရတော့သည်၊ ရဲရဲ တင်းတင်း ပြောဆိုခြင်းငှာ မစွမ်းနိုင်တော့ချေ။

သီလမရှိသော (ဒုဿီလ)ရဟန်းသာမဏေသည်လည်း ဒီအစည်းအဝေးမှာ ရဟန်းတွေ များလှချည်လား၊ တစ်ပါးပါးက ငါ့ရဲ့အပြုအမူကို အမှန်အတိုင်း သိနေမှာပါပဲ၊

ဒီတော့ ငါ့အတွက် ဥပုသ်ကိုပဲဖြစ်ဖြစ်, ပဝါရဏာကိုပဲဖြစ်ဖြစ် ရပ်တန့်ထားကြလိမ့်မယ်၊ ပြီးတော့ ငါ့ကို လူဝတ်လဲ, ဆွဲထုတ်ပစ်ကြလိမ့်မယ်၊ ဤသို့ မိမိသိက္ခာကို စိတ်မချနိုင်ဖြစ်လာတတ်သည်၊ ကြောက်ကြောက်လန့်လန့် သံဃာ့အစည်းအဝေးသို့ ဝင်ရောက်ရတော့သည်၊ ရဲရဲတင်းတင်းလည်း မပြောနိုင်တော့ချေ။

သို့သော် အချို့အချို့သော ရဟန်းသာမဏေများသည် သီလမရှိသော(ဒုဿီလ) ပုဂ္ဂိုလ်များဖြစ်နေကြပါသော်လည်း ကြည်လင်ရွှင်လန်းသကဲ့သို့ လှည့်လည်သွားလာ နေတံ့တ်ကြသည်၊ မည်သို့ပင်ဖြစ်နေကြစေကာမူ ထိုသူများလည်း နှလုံးမသာယာကြသည့်အတွက် မကြည်လင်သူများသာ ဖြစ်ကြရပေတော့သည်။

ကြည်လင်ကင်းကွာ သေရပါ

သေခါနီး လဲလျောင်းနေချိန်မှာ ဒုဿီလ ပုဂ္ဂိုလ်၏ တက်တက်ကြွကြွ ပြုလုပ်လာခဲ့သမျှသော အကြောင်းအာရုံသည် (ဒွါရ တစ်ပါးပါးမှာ) ထင်လာတတ်သည်၊ သူသည် မျက်စိကိုဖွင့်လိုက်လျှင် ဤလောကကို တွေ့နေရသည်၊ မျက်စိကိုမှိတ်လိုက်လျှင် တမလွန်လောကကို တွေ့နေရသည်၊အပါယ်လေးပါး အာရုံများက ထင်လာကြသည်၊ လုံပေါင်းတစ်ရာဖြင့် ခေါင်းကိုအထိုးခံနေရသကဲ့သို့ ဖြစ်နေသည်၊ “ကူကြပါ၊ ကယ်ကြပါ၊ တားမြစ်ပေးကြပါ” ဟု တစာစာမြည်တမ်းရင်း သေဆုံးသွားရတော့သည်။

ပါယ်ရွာဖြောင့်တန်း၏

ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေထိုင်တော်မူချိန် ဖြစ်သည်၊ ရဟန်းတစ်ပါးက စေတနာမရှိဘဲ (အမှတ်တမဲ့) မြက်တစ်ပင်ကို ဖြတ်မိသည်၊ သံသယကုက္ကုစ္စ ဖြစ်ပေါ်လာသည့်အတွက် ရဟန်းတစ်ပါးထံသွားလျှက် “ငါ့ရှင် ! မြက်ကိုဖြတ်မိတဲ့ ရဟန်းမှာ ဘာအပြစ်ဖြစ်ပါသလဲ”ဟု မိမိလုပ်မိသည်ကို အမှန်အကန် ပြောပြလျှောက်ထားမေးမြန်းသည်။

ယင်းစကားကို ကြားရသောအခါ အမေးခံရသည့် ရဟန်းက “ငါ့ရှင်က မြက်ကို ဖြတ်တဲ့အတွက် အပြစ်တစ်စုံတစ်ရာ ရှိတယ်လို့ မှတ်ထင်ပါဘိတယ်၊ ဒီမြက်ကိုဖြတ်တဲ့အတွက် ဘာအပြစ်မှ မရှိပါဘူး၊ ရှိတောင်မှ ဒေသနာပြောကြားလိုက်ရင် လွတ်ကင်းပြေပျောက်သွားတာပဲ”ဟု ပြောပြောဆိုဆို ကိုယ်တိုင်လည်း လက်နှစ်ဖက်တို့ဖြင့် မြက်ကို ဆွဲငင်နုတ်ယူ ပြလိုက်ပါတော့သည်။

ရဟန်းတော်များက ယင်းအကြောင်းကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြသည်၊ ဘုရားရှင်က ထိုရဟန်းကို အကြောင်းပေါင်းများစွာဖြင့် ကဲ့ရဲ့တော်မူသည်၊ တရားစကားလည်း ဆက်လက်ဟောပြောတော်မူသည်။

ကုသော ယထာ ဒုဂ္ဂဟိတော , ဟတ္ထမေဝါနုကန္တတိ၊
သာမညံ ဒုပ္ပရာမဋ္ဌံ , နိရယာယုပကမ္ပတိ။

သမန်းမြက်လို-အသွားထက်တဲ့ , မည်သည့်အရွက်-ဖြစ်ပါစေ၊
တော်စွလျော်စွာ-ဆွဲကိုင်ကလျှင် , လက်ကိုခွဲရှ-လိုးဖြတ်လေ၊
မကောင်းထို့တူ-သုံးသပ်အပ်တဲ့ , ရဟန်းကျင့်ဝတ်-အထွေထွေ၊
ကျင့်မကောင်းသူ-ရှင်ရဟန်းကို , ငရဲဖြောင့်တန်း-ဆွဲချပေ။

သမန်းမြက်ပမာ အသွားထက်သော မြက်အကုန်လုံးသည် အယုတ်ဆုံးအားဖြင့် ထန်းရွက်ပင် ဖြစ်စေဦးတော့ မကောင်းသဖြင့် (တော်အောင်လျော်အောင်) ကိုင်သူ၏ လက်ကို ခွဲရှလိုးဖြတ်သကဲ့သို့ ရဟန်းတရားသည်လည်း မကောင်းသဖြင့် သုံးသပ်အပ်ခဲ့ပါလျှင် (တော်စွလျော်စွ ပြုကျင့်ခဲ့ပါလျှင်) ယင်းသို့ သုံးသပ်ပြုကျင့်သော ရဟန်းယုတ်ကို ငရဲသို့ ဆွဲဆောင်သွားတတ်သည်၊ ငရဲမှာ ဖြစ်စေတတ်သည်။

ယဲ့ကိဋ္ဌိ သိထိလဲ့ ကမ္မံ , သဲ့ကိလိဋ္ဌဋ္ဌ ယဲ့ ဝတဲ့၊
သင်္ကံသရဲ့ ဗြဟ္မစရိယဲ့ , နံ တဲ့ ဟောတိ မဟပ္ဖလဲ့။

လျော့ရဲတွန့်တို-ပြုလုပ်မှုနှင့် , မကောင်းညစ်ကျု-ကျင့်တစ်ဖြာ၊
စည်းဝေးမြင်လျှင်-ရင်ဖိုသင့်တဲ့ , ရဟန်းအကျင့်-မရေရာ၊
ဤအကျင့်တွေ-လက်ခံထားလျှင် , အကျိုးမမျှား-ထိုသူမှာ၊
သူ့ကိုကြည်ဖြူ-လှူသူအားလည်း , ကျိုးမကြီးမား-ဖြစ်စေပါ။

လျော့လျော့ပြုအပ်သော အလုံးစုံသောအမှု (ပြည့်တန်ဆာမ စသည်တို့၌ ကျက်စား ခြင်းဖြင့်) ညစ်နွမ်းသောအကျင့် (သဲယဉ့်အစည်းအဝေးသို့ မဝင်ရဲလောက်အောင်) သဲထိတ်ရင်ဖို ဖြစ်နေရသော ရဟန်းတရားမျိုးသည် ထိုပုဂ္ဂိုလ်အတွက် အကျိုးမများလှပေ၊ (ထိုပုဂ္ဂိုလ်အတွက် အကျိုးမများမှကြောင့်ပင် ထိုရဟန်းအား ပေးလှူသော ဒါယကာများ အတွက်လည်း အကျိုးမများလှပေ။)

ကယိရာ စေ ကယိရာထေနံ , ဒဠ္ဍမေနံ ပရက္ကမေ၊
သိထိလော ဟိ ပရိဗ္ဗာဇော , ဘိယျော အာကိရတေ ရဇံ။

ဝတ်ကျေတမ်းကျေ-စိတ်မထားဘဲ , ကိုယ့်လုပ်ငန်းများ-လုပ်ရမှာ၊
တွန့်ဆုတ်မနေ-ကိုယ့်အလုပ်ကို , ခိုင်မြဲကြိုးကုတ်-လုပ်သင့်တာ၊
လျော့လျော့ပြုကာ-ကျိုးပြောက်ကျားတဲ့ , ရဟန်းတရား-ရှိသူမှာ၊
ကိလေသာမြူ-လျော့မသွားဘဲ , နောက်ထပ်တိုးပွား-လာမည်သာ။

မိမိလုပ်ရမည့် အလုပ်ကို ဝတ်ကျေတမ်းကျေ သဘောမထားဘဲ မရှောင်မလွဲ ပြုလုပ်ရမည်၊ ယင်း (ကိုယ့်)အလုပ်ကို နောက်တွန့်မကြဲ မြဲမြံကြိုးကုတ် အားထုတ်ရမည်၊ မှန်၏= လျော့ကိလျော့ရဲပြုအပ်သော ရဟန်းအကျင့်သည် လွန်စွာ ကိလေသာမြူကို လောင်းထည့်တတ်သည်။

ဤကဲ့သို့ ရဟန်းအကျင့်မျိုးသည် ကိုယ်တွင်းမှာရှိနေသည့် ရာဂစသောမြူကို မပယ်ရှားနိုင်သည့်အပြင် ယင်းရှိရင်းစွဲ ရာဂစသော မြူအပေါ်မှာ အခြားရာဂစသောမြူကို လောင်းထည့်တတ်သေးသည်။ ဓံ-၄-၂၊ ၃၀၂။

ပါရာဇိကကျပြီးသော ရဟန်းသည် ရဟန်းအဖြစ်၌တည်၍ စျာန်စသည်တို့ကို မရထိုက်တော့ချေ၊ ပါရာဇိကကျပြီးသော ရဟန်း၏ ရဟန်းယောင်ဆောင်၍ နေခြင်းသည် နတ်ပြည်၏ အန္တရာယ်လည်း ဖြစ်သည်၊ မင်္ဂလာ၏ အန္တရာယ်လည်း ဖြစ်သည်၊ ထို့ကြောင့်ပင် "ရဟန်းတရားသည်လည်း မကောင်းသဖြင့် သုံးသပ်အပ်ခဲ့ပါလျှင် ယင်းသို့ သုံးသပ်ပြုကျင့်သော ရဟန်းကို ငရဲသို့ ဆွဲဆောင်သွားတတ်သည်"ဟုလည်းကောင်း, "လျော့တိလျော့ရဲ ပြုအပ်သော ရဟန်းအကျင့်သည် လွန်စွာ ကိလေသာမြူကို လောင်းထည့် တတ်သည်"ဟုလည်းကောင်း ဟောတော်မူထားပေသည်။

ဤသို့လျှင် ပါရာဇိကကျပြီးသော (ဒုဿီလ)ရဟန်း၏ ရဟန်းယောင်ဆောင်နေခြင်းသည် စင်ကြယ်ကြောင်း မဖြစ်တော့ချေ၊ လူ့အဖြစ် သာမဏေအဖြစ်ဖြင့် အလှူပေးခြင်း, သရဏဂုံဆောက်တည်ခြင်း, သီလစောင့်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လျှင်ကား နတ်ပြည်လမ်းကိုလည်း ပြီးစေနိုင်သည်၊ စျာန်ဝိမောက္ခ စသည်တို့ဖြင့် နိဗ္ဗာန်လမ်းကိုလည်း ပြီးစေနိုင်သည်။

ထို့ကြောင့် ပါရာဇိကကျပြီးသော (ဒုဿီလ)ရဟန်း၏ လူ့အဖြစ်, သာမဏေအဖြစ်သည် စင်ကြယ်ကြောင်း မည်၏၊ ပဒဘာဇနီဠ္ဍလည်း ဂိဟီ ဝါ ဟောတုကာမော စသည်ဖြင့် ဘုရားရှင် ဟောထားတော်မူပါသည်။ ပါရာ-၄-၂၊ ၈၃။

ထို့ပြင်- "ရဟန်းတို့ ! သီလမရှိသော (ဒုဿီလ)ပုဂ္ဂိုလ်ကို ငရဲနှင့်တိရစ္ဆာန်ဟူသော ဒွာနနှစ်ခုတို့က လက်ခံသိမ်းပိုက်ကြသည်"ဟုလည်း ဟောတော်မူထားပါသေး၏။ အံ-ပါ-၁၊ ၆၂။ ၄-၂၊ ၂၆။

၁။ မြတ်သောအကျင့်ကို မကျင့်ဘဲ "ကျင့်၏"ဟု ဝန်ခံသူ (ရဟန်းတု ရဟန်းယောင် ပုဂ္ဂိုလ်၊)

၂။ သီလစင်ကြယ်ကြောင်း သိပါလျက် သီလဝန္တ ရဟန်းကို ပါရာဇိကဝတ္ထုဖြင့် စွပ်စွဲ ဆဲရေးသူ၊

ဤသူနှစ်ယောက်တို့သည် မိမိတို့၏ ယုတ်မာသောတရားကို မပယ်စွန့်ပါလျှင် အပါယ်သို့ ရောက်ရပေလိမ့်မည်။

သင်္ကန်းကို လည်ပင်း၌ ပတ်ထားကြသည့် ရဟန်းယုတ် အများတို့သည် ယုတ်မာသောသဘော ရှိကြကုန်၏၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းကြကုန်၊ ထိုသူတို့သည် မိမိတို့၏ မကောင်းမှုများကြောင့် ငရဲ၌ ဖြစ်ကြရကုန်၏။

စောင့်စည်းမှု မရှိသည့် ဒုဿီလပုဂ္ဂိုလ်အတွက် တိုင်းသူပြည်သားတို့က သဒ္ဓါကြည်ဖြူ ပေးလှူသောဆွမ်းကို စားရသည်ထက် မီးလျှံကဲ့သို့ ပူလောင်နေသော သံလုံးကို စားရခြင်းက မြတ်ပေသေးသည်။

ဤတရားတော်ကို ထိုနေရာ၌ ထိုင်နေကြသော ရဟန်းယုတ်အများတို့၏ မကောင်းသဖြင့် ပြုလုပ်ထားသော အကုသိုလ်ကံ၏ အကျိုးကိုပြခြင်းဖြင့် ထိတ်လန့်မှုဖြစ်စေရန်, သံဝေဂ ရစေရန် ဟောတော်မူသည်၊ ဘုရားရှင်ကိုယ်တော်တိုင် သာသနာ့သန့်ရှင်းရေး လုပ်တော်မူသည်။ ဣတိ-ပါ၊ ၂၂၃။ ဌ-၊၁၆၇။

သီလရှိသူ၏ အကျိုးငါးပါး*

၁။ စီပွားဥစ္စာ အများအပြား ရရှိခြင်း၊

၂။ ကောင်းသောဂုဏ်သတင်း ပျံ့သင်းထွက်ပေါ်ခြင်း၊

၃။ ပရိသတ်ထဲကို ရဲတင်းစွာ ဝင်ရောက်နိုင်ခြင်း၊

၄။ မတွေမဝေ သေရခြင်း၊

၅။ သေပြီးသည့်နောက် လူ့ပြည်နတ်ရပ် သုဂတိဘုံဘဝမှာ ဖြစ်ရခြင်း၊

ဤသည်တို့ကား သီလရှိသော (သီလဝန္တ)ပုဂ္ဂိုလ်၏ သီလပြည့်စုံခြင်းကြောင့် ရရှိမည့် အကျိုးများ ဖြစ်ပေသည်။

ဆောင်။ ။သီလစင်စစ်မှာ, စောင့်ကျိုးမှာကား, ဥစ္စာပြည့်တင်း, ဂုဏ်ပျံ့သင်း၍, ရဲတင်း သွားလာ, သေသည့်ခါလည်း, ကြည်သာရွှင်ပျ, နောက်ဘဝ, ဖြစ်ရလူ့နတ်ဌာန်။

ဆိုခဲ့ပြီးသည်ကို နည်းယူ၍ အဓိပ္ပာယ်အကျယ်ကို သိမြင်နားလည်နိုင်လောက်ပါပြီ။

သီလရှိသောပုဂ္ဂိုလ်ကို နတ်နှင့်လူဟူသော ဌာနနှစ်ခုတို့က လက်ခံသိမ်းပိုက်ကြသည် ဟုလည်း ဘုရားရှင် မိန့်တော်မူထားပါသေးသည်။ အံ-ပါ-၁၊ ၆၂။ ဌ-၂၊ ၂၆။

သီလအကျိုး ဆယ့်ခုနစ်မျိုး

ထို့ပြင် ယခုဘဝမှာပင် ရရှိနိုင်သော သီလ၏အကျိုးစုကိုလည်း ဆက်လက်ရှုစေလို ပါသေးသည်။-

သီလနှင့်ပြည့်စုံ (သည့်ပြင် သမထဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နေ)သော ရဟန်းသည်-

၁။ သီတင်းသုံးဖော်များ၏ ချစ်ခင်မြတ်နိုးမှု စသည်ကို ခံရသည်၊

၂။ ပစ္စည်းလာဘ်လာဘ ပေါများသည်၊

၃။ ပစ္စယဒါယကာတို့၏ အလှူဒါနကို အကျိုးကြီးမားစေတတ်သည်၊

---

* ဥဒါ-ပါ၊ ၁၈၅။ ဌ-၊ ၃၇၅။ ဒီ-ပါ-၂၊ ၃၁။ ဌ-၊ ၁၂၈။ အံ-ပါ-၂၊ ၂၂၁။ ဌ-၃၊ ၇၉။ ဋီ-၃၊ ၇၈။

၄။ ဆွေဟောင်းမျိုးဟောင်းတို့က အောက်မေ့သော စေတနာကို အကျိုးများစေသည်၊
၅။ မမွေ့လျော်မှု, မွေ့လျော်မှုကို သည်းခံနိုင်သည်၊
၆။ ကြောက်ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံတို့ကို သည်းခံနိုင်သည်၊
၇။ ရူပါဝစရစျာန်လေးပါးကို အလိုရှိတိုင်း အလွယ်တကူရနိုင်သည်၊
၈။ အရူပါဝစရစျာန်ကိုလည်း ရနိုင်သည်၊
၉။ သောတာပတ္တိဖိုလ်ကိုလည်း ရနိုင်သည်၊
၁၀။ သကဒါဂါမိဖိုလ်ကိုလည်း ရနိုင်သည်၊
၁၁။ အနာဂါမိဖိုလ်ကိုလည်း ရနိုင်သည်၊
၁၂။ ဣဒ္ဓိဝိဓအဘိညာဉ်ကိုလည်း ရနိုင်သည်၊
၁၃။ ဒိဗ္ဗသောတအဘိညာဉ်ကိုလည်း ရနိုင်သည်၊
၁၄။ ပရစိတ္တဝိဇာနနအဘိညာဉ်ကိုလည်း ရနိုင်သည်၊
၁၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကိုလည်း ရနိုင်သည်၊
၁၆။ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလည်း ရနိုင်သည်၊
၁၇။ အာသဝက္ခယညာဏ်(အရဟတ္တဖိုလ်)ကိုလည်း ရနိုင်သည်။
မူပဏ္ဏာ-ပါ၊ ၃၉။ ၄-၁၊ ၁၇၈။

ဆောင်။ ။ပေါများခင်သူ, လာဘ်ပြောထူ၍, လူသူကျိုးများ, အောက်မေ့ငြားလည်း, ကျိုးများသည်သာ, ခံနိုင်ပါ၍, သမာပတ်စျာန်, မဂ်ဖိုလ်ဉာဏ်နှင့်, ဘိညာဏ် ခြောက်ဝ, အပြည့်ရသည်, သီလပြည့်စုံအကျိုးတည်း။

ဒုဿီလနှင့်သီလဝန္တ ကွာဟချက်

ထို့ပြင် ဒုဿီလပုဂ္ဂိုလ်သည် သီလမရှိခြင်းကြောင့် နတ်လူတို့၏ နှစ်သက်မြတ်နိုးမှုကို မခံရ၊ သီတင်းသုံးဖော်တို့၏ ဆုံးဩဝါဒကိုလည်း မခံရ၊ ဒုဿီလကို ကဲ့ရဲ့ခြင်းကြောင့် လွန်စွာဆင်းရဲရသည်၊ သီလဝန္တ ပုဂ္ဂိုလ်တို့အား ချီးမွမ်းခြင်းကြောင့် (ငါကား ကောင်းကောင်း မကျင့်မိခဲ့ဘူး စသည်ဖြင့် တွေးမိတိုင်း) စိတ်နလုံး မသာမယာ ဖြစ်ရသည်။

ဒုဿီပုဂ္ဂိုလ်သည် သီလမရှိသည့်အတွက်ကြောင့်ပင် ပိုက်ဆံလျှော်အဝတ်ကဲ့သို့ အဆင်းလည်း မလှပေ၊ အတုယူကာ လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်တို့၏ ကြာရှည်လေးမြင့် အပါယ်ဆင်းရဲကိုသာ ဆောင်တတ်သောကြောင့် ဆင်းရဲသော အတွေ့လည်း ရှိသည်၊ မိမိအား လူဖွယ်ဝတ္ထုကို ပေးလူသော ပစ္စည်းလေးပါးဒါယကာများအတွက် များသော အကျိုးရှိအောင် မစွမ်းဆောင်နိုင်သောကြောင့် အဖိုးလည်း အနည်းငယ်သာ ထိုက်တန်သည်။

ပိုက်ဆံလျှော်အဝတ်သည် အသစ်ဖြစ်စေ, တစ်ပတ်ရစ်ဖြစ်စေ, အဟောင်းဖြစ်စေ (ဘယ်လိုဟာမျိုးပဲဖြစ်ဖြစ်) မကောင်းသော အသွေးအရောင်လည်း ရှိသည်၊ မကောင်းသော

အတွေ့အထိလည်းရှိသည်၊ တန်ဖိုးလည်းနည်းသည်၊ ယင်းပိုက်ဆံလျှော်အဝတ် ဟောင်းနွမ်းလာသည့်အခါ လက်နှီး(လက်ခု)သော်လည်း လုပ်ကြသည်၊ အမှိုက်ပုံမှာသော်လည်း စွန့်ပစ်ကြသည်။

ထို့အတူ ရဟန်းဟူသည် အငယ်ဖြစ်စေ, အလတ်ဖြစ်စေ, အကြီးဖြစ်စေ (ဘယ်လို အတန်းအစားမျိုးထဲကပဲဖြစ်ဖြစ်) ယုတ်ညံ့သော အကျင့်ရှိနေသည့် ဒုဿီလ ပုဂ္ဂိုလ်သာ ဖြစ်နေခဲ့ပါလျှင် ယင်းသို့ ယုတ်ညံ့သောအကျင့်ရှိမှု သီလမရှိမှုသည် ထိုဒုဿီလပုဂ္ဂိုလ်၏ မကောင်းသော အသွေးအရောင် ရှိနေခြင်းပင် ဖြစ်ပေသည်၊ ပရိသတ်အလယ်၌ ထိုင်နေသည့်အခါမှာ အရှိန်အဝါ မရှိသည့်အတွက် ကိုယ်အဆင်းမျှပင် မပြည့်စုံပေ၊ ဂုဏ်အဆင်းနှင့် ပတ်သက်၍ကား ပြောစရာပင် လိုမည်မထင်တော့ပါ။

ယင်းဒုဿီလပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှု, အတုယူလိုက်နာပြုကျင့်မှု မှန်သမျှသည် မှီဝဲဆည်းကပ်သူ လိုက်နာပြုကျင့်သူ ရဟန်းရှင်လူတို့အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာရန်, ဆင်းရဲဒုက္ခရောက်ရန်သာ ဖြစ်ပေသည်၊ ဤသို့ မှီဝဲဆည်းကပ်သူ အတုယူလိုက်နာပြုကျင့်သူတို့၏ စီးပွားချမ်းသာ ကင်းကွာရခြင်း, ဆင်းရဲဒုက္ခရောက်ရခြင်းသည် ထိုဒုဿီလပုဂ္ဂိုလ်၏ မကောင်းသော အတွေ့အထိရှိမှုပင် ဖြစ်ပေသည်။

တိတ္ထိဆရာကြီး ခြောက်ယောက်တို့ကို မှီဝဲဆည်းကပ်သော မိစ္ဆာဒိဋ္ဌိတို့ ကဲ့သို့လည်းကောင်း, ဒေဝဒတ်ကို မှီဝဲဆည်းကပ်ကြသော ကောကာလိက စသူတို့ကဲ့သို့လည်းကောင်း ဒုဿီလကို မှီဝဲဆည်းကပ်သောပုဂ္ဂိုလ်တို့၏ ထိုမှီဝဲဆည်းကပ်မှုသည် ကြာရှည်သော ညဉ့်နေ့ပတ်လုံး အစီးအပွားကင်းမဲ့ခြင်းငှါ, ဆင်းရဲခြင်းငှါ ဖြစ်ပေသည်။

ထိုဒုဿီလပုဂ္ဂိုလ်အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသော ဒါယကာတို့၏ အလှူဒါနသည် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင် မရှိပေ၊ ယင်းသို့ ပေးလှူအပ်သော အလှူဒါန၏ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင် မရှိခြင်းသည် ဒုဿီလပုဂ္ဂိုလ်၏ တန်ဖိုးနည်းပါးမှုပင် ဖြစ်ပေသည်။

ဤသို့သဘောရှိသော ဒုဿီလရဟန်းကြီးတစ်ပါးက သံဃာ့ပရိသတ်အလယ်မှာ ပြောဟောခဲ့ပါလျှင် ထိုရဟန်းကြီးကို ရဟန်းများက "အရှင်ဘုရားဟာ ဝိနည်းနှင့် ပတ်သက်လို့ ကျွမ်းကျင်မှုလဲမရှိ၊ နားလည်မှုလဲမရှိ၊ ထက်မြက်မှုလဲမရှိပါဘူး၊ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးရဲ့ ဟောပြောမှုဟာ ဘာအကျိုးရှိမှာတဲ့လဲ၊ အရှင်ဘုရားလို ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ပရိသတ်အလယ်မှာ ဟောပြောသင့်တယ်လို့ ထင်မှထင်ရက်ပလေတယ်" ဟု ပြောဆိုကြပေတော့သည်။

ထိုအချိန်မှာ ရဟန်းကြီးက စိတ်ဆိုးလာပါတော့သည်၊ အမျက်ထွက်လာပါတော့သည်၊ ပိုက်ဆံလျှော် အဝတ်ဟောင်းကို အမှိုက်ပုံမှာ စွန့်ပစ်ရသည့်အလား

သံဃာတော်က မိမိအား (ဥက္ခေပနိယကံပြု၍) နှင်ထုတ်စွန့်ပစ်ရမည့် စကားမျိုးကို မြွက်ဆိုပါတော့သည်။

ကာသိတိုင်းဖြစ် အဝတ်ဟူသည် အသစ်ဖြစ်စေ, တစ်ပတ်ရစ်ဖြစ်စေ, အဟောင်းဖြစ်စေ (ဘယ်လိုအမျိုးအစားပင် ဖြစ်နေစေကာမူ) အရောင်အသွေးလည်း ကောင်းသည်၊ အတွေ့လည်း ကောင်းသည်၊ အဖိုးလည်း ထိုက်တန်သည်၊ ဟောင်းနွမ်းသွားသည့် အခါမှာလည်း ရတနာထုပ်ရာ၌သော်လည်း အသုံးချကြသည်၊ နံ့သာကြုတ်၌သော်လည်း ထည့်ကြသည်။

ထိုအတူ ရဟန်းဟူသည် အငယ်ဖြစ်စေ, အလတ်ဖြစ်စေ, အကြီးဖြစ်စေ (ဘယ်လို အတန်းအစားမျိုးပင် ဖြစ်နေစေကာမူ) သီလရှိသူ, ကောင်းသောသဘော ရှိသူ ဖြစ်နေခဲ့ပါလျှင် ယင်းသီလရှိမှု, ကောင်းသောသဘောရှိမှုသည်ပင်လျှင် ထိုသီလဝန္ဓ ပုဂ္ဂိုလ်၏ အသွေးအရောင်ကောင်းမှုပင် ဖြစ်ပေသည်။

ထိုသီလဝန္ဓ ပုဂ္ဂိုလ်အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသော ဒါယကာတို့၏ အလှူဒါနသည် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင် ရှိသည်၊ ထိုသို့ ဒါယကာတို့ ပေးလှူသမျှ အလှူဒါန၏ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင်ရှိမှုသည် ထိုသီလဝန္ဓ ပုဂ္ဂိုလ်၏ အဖိုးထိုက်တန်မှုပင် ဖြစ်ပေသည်။

ဘုရားစသော ပုဂ္ဂိုလ်တို့ကို မိုဝဲသောသူတို့၏ ထိုမိုဝဲဆည်းကပ်မှုသည် ကြာရှည်လေးမြင့် စီးပွားအလို့ငှါ, ချမ်းသာအလို့ငှါ ဖြစ်သကဲ့သို့ ထိုသီလရှိသောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သူတို့၏ ထိုမှီဝဲဆည်းကပ်မှုသည် ကြာရှည်လေးမြင့် အစီးအပွားအလို့ငှါ, ချမ်းသာသုခအလို့ငှါ ဖြစ်ပေသည်။

ဘုရားတည်းဟူသော ပုဂ္ဂိုလ်မြတ်တစ်ပါးကို အမှီပြု၍ ယနေ့အချိန်အထိ သံသရာမှ လွတ်မြောက်သော ပုဂ္ဂိုလ်(သတ္တဝါ)တို့၏ အတိုင်းအရှည် ပမာဏပင် မရှိတော့ချေ။

ထို့ပြင်-ရှင်သာရိပုတ္တရာထေရ်, ရှင်မဟာမောဂ္ဂလာန်ထေရ်နှင့် ကြွင်းသော မဟာသာဝက ရှစ်ကျိပ်တို့ကို အမှီပြု၍ နတ်ပြည်သို့ရောက်သော သတ္တဝါတို့၏ အတိုင်းအရှည် ပမာဏလည်း မရှိချေ၊ ယနေ့တိုင်အောင် ရှင်သာရိပုတ္တရာ စသောပုဂ္ဂိုလ် တို့ကို အတုယူကာ ကျင့်သောသတ္တဝါတို့၏ ပမာဏလည်း မရှိသည်သာ။

ထိုသို့သဘောရှိသော သီလဝန္ဓ မထေရ်ကြီးတစ်ပါးက ပရိသတ်အလယ်မှာ ပြောဟောခဲ့ပါလျှင် "အရှင်ဘုရားတို့ ! တိတ်တိတ်နေကြပါ၊ မထေရ်ကြီးရဟန်းက ဓမ္မဝိနယ (သုတ်,အဘိဓမ္မာ, ဝိနည်း)ကို ဟောပြောနေပါတယ်"ဟု ရဟန်းများက ပြောဆိုနေကြရပါတော့သည်။

ကာသိတိုင်းဖြစ် အဝတ်ကို နံ့သာကြုတ်ထဲ၌ ထည့်ထားလိုက်သကဲ့သို့ မထေရ်ကြီး၏ အကျိုးစီးပွားကိုမှီသော ထိုစကားကို အမြတ်ဆုံးအင်္ဂါဖြစ်သည့် ဦးခေါင်းဖြင့်ခံယူ၍

နလုံးအိမ်အတွင်း ထည့်သွင်းသိမ်းထားကြရပါတော့သည်။ ပုဂ္ဂလ-ပါ၊ ၁၁၇။ ဌ-၊ ၆၆။ အံ-ပါ-၁၊ ၂၄၉။ ဌ-၂၊ ၂၂၄။ ဋီ-၂၊ ၁၉၆။

ထို့ပြင် ဒုဿီလပုဂ္ဂိုလ်သည် နှစ်ပေါင်းများစွာ စုဝေးအပ်သည့် မစင်တို့ဖြင့် ပြည့်သော တွင်းကဲ့သို့ သုတ်သင်ခြင်းငှါ မတတ်ကောင်း၊ တံစူးဝါးကဲ့သို့ နှစ်ပါးသော လူ့စည်းစိမ်, ရဟန်းစည်းစိမ်တို့မှ အပ-ဖြစ်၏၊ 'ရဟန်း'ဟု ဝန်ခံနေပါသော်လည်း နွားအုပ်နောက်ကို လိုက်နေသော မြည်းကဲ့သို့ 'ရဟန်း' မဟုတ်သည်သာ၊ လူတိုင်းနှင့် ရန်ဖြစ်နေသော ယောကျ်ားကဲ့သို့ အမြဲမပြတ် ထိတ်လန့်နေရ၏၊ လူထုအလယ်ဝယ် လူသေကောင်ကဲ့သို့ ရဟန်းတို့အလယ်၌ သံဝါသသုံးမျိုး (ပေါင်းသင်းဆက်ဆံမှု သုံးမျိုး)ကို မထိုက်၊ သူကောင်ဖုတ်သော သုသာန်မီးသည် ပုဏ္ဏားတို့၏ ပူဇော်ခြင်းကို မထိုက်သကဲ့သို့ အကြားအမြင် (သုတ)စသော ဂုဏ်ကျေးဇူးတို့ ရှိနေပါသော်လည်း သီတင်းသုံးဖော် သံဃာတော်တို့ ပူဇော်ခြင်းငှါ မထိုက်၊ မျက်စိနှစ်ဖက်ကန်းသောသူသည် အဖြူအနီစသော ရုပါရုံကို မြင်ခြင်းငှါ မထိုက်တန်သကဲ့သို့ စျာန်မဂ်ဖိုလ် တရားထူးကို ရခြင်းငှါ မထိုက်တန်၊ ဒွန်းစဏ္ဍားသားငယ်သည် မင်းအဖြစ်၌ အလိုအာသာ ကင်းသကဲ့သို့ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၌ အလိုအာသာကင်း၏။

အိမ်ထောင်စုတစ်ခုသည် အောက်တန်းကျလှ၏၊ ဆင်းရဲနွမ်းပါးလှ၏၊ စားရေး, သောက်ရေး မဖူလုံမပြည့်စုံပေ၊ ဆင်းဆင်းရဲရဲ အသက်မွေးနေရ၏၊ ပင်ပန်းခဲ လုပ်ကိုင်နိုင်မှ စားလောက်ရုံ ဝတ်လောက်ရုံ မပြည့်မစုံ ဖြစ်နေ၏၊ ယင်းအိမ်ထောင်စုမှ မွေးဖွားလာသူ တစ်ဦးသည် အရုပ်ဆိုး အကျည်းတန်၏၊ ပုကွ၏၊ အနာရောဂါ များ၏၊ မျက်စိလည်းကန်း၏၊ လက်လည်းကောက်၏၊ ခြေလည်းခွင်၏၊ ကိုယ်လည်းတစ်ခြမ်းသေနေ၏၊ သူ့မှာ လူ့အသုံးအဆောင် ပစ္စည်းများလည်း ဘာတစ်ခုမျှ မရှိချေ။

ထိုပုဂ္ဂိုလ်မျိုးသည် "ဘယ်မင်းသားကလေးကို မင်းအဖြစ်၌ အဘိသိက်သွန်းအပ်ပြီ" ဟုကြားရစေကာမူ "ငါလဲ ဘယ်တော့ အဘိသိက်အသွန်းခံ မင်းဖြစ်ရပါ့ မလဲ"ဟု စိတ်ကူးကြံစည်မိမည်ပင် မဟုတ်ချေ။

ထို့အတူ-အချို့ပုဂ္ဂိုလ်သည် သီလ မရှိ၊ ယုတ်မာသောသဘော ရှိ၏၊ သူတစ်ပါးတို့ ယုံမှားတွေးထင်အပ်, မိမိကိုယ်တိုင်လည်း ယုံမှားတွေးထင်အပ်သော အကျင့် ရှိ၏၊ ဖုံးကွယ်ထိုက်သော မကောင်းမှု ရှိ၏၊ ရဟန်းမဟုတ်တော့ဘဲ 'ရဟန်း'ဟု မဟုတ်မတရား ဝန်ခံ၏၊ မမြတ်သောအကျင့်ကို ကျင့်နေပါလျက် "မြတ်သောအကျင့်ကို ကျင့်နေတယ်"ဟု မဟုတ်မဟတ် ဝန်ခံ၏၊ အတွင်း၌ သီလပျက်စီးခြင်း ဟူသော အပုပ်အသိုး ရှိနေ၏၊ ဒွါရခြောက်ပါးတို့မှ ရာဂစသော ကိလေသာ ယိုစီးမှုဖြင့် စိုစွတ်နေ၏၊ ရာဂစသော ကိလေသာ အပြစ်များလှသည့်အတွက် သီလရှိသော ပုဂ္ဂိုလ်တို့၏ စွန့်ပယ်မှုကို ခံနေရ၏။

ထိုဒုဿီလပုဂ္ဂိုလ်မျိုးသည် "ဘယ်ရဟန်းဟာဖြင့် ရဟန္တာဖြစ်သွားပြီ"ဟု ကြားရ၏၊ သို့တစေ "ငါလဲ ဘယ်တော့ ရဟန္တာဖြစ်ပါ့မလဲ"ဟု ကြံစည်စိတ်ကူးမိမည်ပင် မဟုတ်ချေ၊ ဤပုဂ္ဂိုလ်မျိုးကို "မျှော်လင့်ချက် မရှိသူ"ဟု ဆိုသင့်သည်။

မင်းသားတစ်ယောက်သည် မင်းမျိုးမင်းနွယ် စစ်မှန်၏၊ အဘိသိက်သွန်းထိုက်သောသားကြီးဖြစ်၏၊ အဘိသိက်ကား မသွန်းရသေးချေ၊ အရွယ်ရောက်ပြီးဖြစ်၏၊ ထိုမင်းသားသည် "ဘယ်မင်းသားကို အဘိသိက်သွန်း မင်းမြှောက်ပြီ"ဟု ကြားသိရသောအခါ "ငါ့ကိုလဲ ဘယ်တော့ အဘိသိက်သွန်းပြီး မင်းမြှောက်ကြပါ့မလဲ"ဟု ကြံစည်စိတ်ကူးတတ်၏၊ မျှော်လင့်တောင့်တတတ်၏၊

ထို့အတူ- သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးသည် သီလရှိ၏၊ ကောင်းသောကိုယ်ကျင့်တရားရှိ၏၊ ထိုရဟန်းသည် "ဘယ်ရဟန်းဟာ ရဟန္တာဖြစ်သွားပြီ"ဟု သတင်းစကား ကြားရသည့်အခါ "ငါလဲ ဘယ်တော့ ရဟန္တာဖြစ်ပါ့မလဲ"ဟု ကြံစည်စိတ်ကူးတတ်၏၊ မျှော်လင့် တောင့်တတတ်၏၊ ဤပုဂ္ဂိုလ်မျိုးကို "အရဟတ္တဖိုလ်ကို တောင့်တသောပုဂ္ဂိုလ်မျိုး"ဟု ဆိုသင့်ပေသည်။ အံ-ပါ-၁၊ ၁၀၆။ ဌ-၂၊ ၇၇။ ဋီ-၂၊ ၈၀။ ပုဂ္ဂလ-ပ၊ ၂၉။ ဌ၊ ၅၇။ သာ-ဋီ-၃၊ ၄၂၇။

ဒုဿီလပုဂ္ဂိုလ်၏ ရဟန္တာဖြစ်ရန် မကြံစည်ရခြင်းအကြောင်း, သီလဝန္တပုဂ္ဂိုလ်ကသာ ရဟန္တာဖြစ်ရန် ကြံစည်ရခြင်း၏အကြောင်းကို ဆက်လက်ပြပါဦးမည်။

ရဟန်းတို့ ! အခက်အရွက်ပျက်စီးနေသော သစ်ပင်မှာ အပွေးလည်းပြည့်စုံမှုမရှိ၊ အခေါက်, အကာလည်း မပြည့်စုံနိုင်၊ အနှစ်လည်း မပြည့်စုံနိုင်ချေ။

အလားတူပင်-

၁။ သီလပျက်စီးသော ဒုဿီလပုဂ္ဂိုလ်မှာ စိတ်နှလုံး ကြည်လင်အေးမြရန် အကြောင်းမရှိ၊

၂။ စိတ်နှလုံး ကြည်လင်အေးမြမှုမရှိသောသူမှာ ဝမ်းမြောက်ဝမ်းသာဖြစ်မှု (နုသောပီတိ) ဖြစ်ရန်အကြောင်းမရှိ၊

၃။ နုသောပီတိ မဖြစ်သူမှာ နှစ်သက်ကျေနပ်မှု (အားကောင်းသောပီတိ) ဖြစ်ရန်အကြောင်းမရှိ၊

၄။ အားကောင်းသောပီတိမဖြစ်သူမှာ ကိုယ်စိတ်ငြိမ်းအေးမှု ဖြစ်ရန် အကြောင်းမရှိ၊

၅။ ကိုယ်စိတ်ငြိမ်းအေးမှုမရှိသူမှာ ကိုယ်စိတ်ချမ်းသာမှုဖြစ်ရန် အကြောင်းမရှိ၊

၆။ ကိုယ်စိတ်ချမ်းသာမှု မရှိသူမှာ စိတ်တည်ကြည်မှု (သမာဓိ)ဖြစ်ရန် အကြောင်းမရှိ၊

၇။ စိတ်တည်ကြည်မှု သမာဓိမရှိသူမှာ နုသောဝိပဿနာ (ဉဒယဗ္ဗယ)ဉာဏ် ဖြစ်ရန် အကြောင်းမရှိ၊

၈။ နုသောဝိပဿနာဉာဏ် မရှိသူမှာ (ဝင့်ဆင်းရဲ၌ ငြီးငွေ့နိုင်ကြောင်း အားအကောင်းဆုံး) ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်နှင့် (တပ်ခြင်းကင်းကြောင်း) အရိယမဂ်တို့ ဖြစ်ရန်အကြောင်းမရှိ၊

၉။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်နှင့် အရိယမဂ် မဖြစ်သူမှာ (ကိလေသာတို့မှ လုံးဝလွတ်မြောက်သော) အရဟတ္တဖိုလ်နှင့် (ယင်းအရဟတ္တဖိုလ်ကို သိမြင်တတ်သော) ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ရန် အကြောင်းမရှိတော့ချေ။

ရဟန်းတို့ ! အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်မှာ အပွေးလည်း ပြည့်စုံနိုင်သည်၊ အခေါက်, အခွံလည်း ပြည့်စုံနိုင်သည်၊ အကာလည်း ပြည့်စုံနိုင်သည်၊ အနှစ်လည်း ပြည့်စုံနိုင်သည်။

ထို့အတူပင်-

၁။ သီလနှင့်ပြည့်စုံ သော သီလဝန္တပုဂ္ဂိုလ်မှာ စိတ်နှလုံး ကြည်လင်အေးမြမှုလည်း ဖြစ်နိုင်သည်၊

၂။ ဝမ်းသာမှုလည်း ဖြစ်နိုင်သည်၊

၃။ နှစ်သက်မှုလည်း ဖြစ်နိုင်သည်၊

၄။ ကိုယ်စိတ်ငြိမ်းအေးမှုလည်း ဖြစ်နိုင်သည်၊

၅။ ဟုတ်တိုင်းသိမှု နုသောဝိပဿနာဉာဏ်လည်း ဖြစ်နိုင်သည်၊

၆။ ဝင့်ဆင်းရဲ၌ ငြီးငွေ့နိုင်ကြောင်း အားအကောင်းဆုံး ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်နှင့် ဝင့်ဆင်းရဲ၌ တပ်ခြင်းကင်းကြောင်း အရိယမဂ်တို့လည်း ဖြစ်နိုင်သည်၊

၇။ ကိလေသာတို့မှ လုံးဝလွတ်မြောက်သော အရဟတ္တဖိုလ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့လည်း ဖြစ်နိုင်ပေသည်။ အံ-ပါ-၃၊ ၂၅၉။ ဌ-၃၊၂၈၇။

ထို့ပြင် ဟိရိသြတ္တပ္ပပျက်သူမှာ ကုန်ဆုံးယဲ့ဝရသိလ ပျက်စီးနိုင်သည်၊ ကုန်ဆုံးယဲ့ဝရသိလ ပျက်စီးသောရဟန်းမှာ ပါတိမောက္ခသံဝရသိလ ပျက်စီးနိုင်သည်။

ဟိရိသြတ္တပ္ပနှင့်ပြည့်စုံသောရဟန်းမှာ ကုန်ဆုံးယဲ့ဝရသိလ ပြည့်စုံနိုင်သည်၊ ကုန်ဆုံးယဲ့ဝရသိလပြည့်စုံသောရဟန်းမှာသာ ပါတိမောက္ခသံဝရသိလ ပြည့်စုံနိုင်သည်။

ဒုဿီလ သဘော

တစ်ယောက်သောသူသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝက-ဟူကုန်သော ကောင်းသောအကျင့်ရှိသူတို့၏ အသွင်အပြင်ကိုယူ၍ ရဟန်းတို့၏အတွင်းသို့ ဝင်ရောက်၏၊ ဒါယကာတို့၏ ကြည်ညိုမှုကို (အသွင်အား မလျော်သောအကျင့်ဖြင့်) ဖျက်ဆီးတတ်၏၊ ကိုယ်နှုတ်နှလုံး ကြမ်းတမ်း၏၊ မိမိအပြစ်ကို ဖုံးလွှမ်းလှည့်ပတ် တတ်၏၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်း၊ စပါးအဖျင်းနှင့် တူ၏၊ အယောင်ဆောင်လျက် လှည့်ပတ်သွားလာနေ၏၊

ထိုသူသည် မိမိ၏ လောကုတ္တရာမဂ္ဂ, သူတစ်ပါး၏ သုဂတိမဂ္ဂ လမ်းခရီးကို ဖျက်ဆီးသူ မည်၏။ သုတ္တနိ-ပါ၊ ၂၉၄။

မစင်ကို မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးအုပ်ရသကဲ့သို့ ဒုဿီလပုဂ္ဂိုလ်သည် မိမိ၏ဒုဿီလသဘောကို ဖုံးအုပ်ရန် ရဟန်းကောင်းတို့ကို အကာအကွယ်ယူရသည်၊ ငါလဲ "ရဟန်းပါပဲ"ဟု ရဟန်းကောင်းတို့၏အလယ်သို့ ဝင်ရောက်သည်၊ "ဒီပစ္စည်းကို ဘယ်နှစ်ဝါရ ရဟန်းက ခံယူရမယ်"ဟုပစ္စည်းလာဘ်လာဘကို ပေးဝေရာ၌ "ငါ ဘယ်နှစ်ဝါရပြီ"ဟု ပြောဆို၍ ခံယူရန် ဝင်ရောက်လာတတ်သည်။ သုတ္တနိ-ဋ၊ ၁၄၇။

စပါးအဖျင်းသည် အတွင်း၌ အဆန်မရှိပါသော်လည်း အပြင်ပန်း စပါးခွံဖြင့် ကောက်စပါးကဲ့သို့ ထင်ရသည်၊ ထို့အတူ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အတွင်း၌သီလစသောဂုဏ်အနှစ်သာရ မရှိပါသော်လည်း ရဟန်းကောင်းတို့၏အသွင်အပြင်ကို ယူလျက် ရဟန်းကောင်းကဲ့သို့ပင် ထင်ရသည်။ သုတ္တနိ-ဋ၊ ၂၄၈။

ကျီးမှာ "ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း, ရဲတင်းခြင်း, တဏှာနှင့်ပြည့်စုံခြင်း, အစားကြီးခြင်း, ကြမ်းကြုတ်ခြင်း,သနားကြင်နာမှုမရှိခြင်း, အားနည်းခြင်း, မြည်တွန်တတ်ခြင်း, သတိမေ့ခြင်း, မစုဆောင်းတတ်ခြင်း"ဟူသော မသူတော်တရား ဆယ်မျိုး ရှိသကဲ့သို့ ရဟန်းယုတ်မာလည်း မသူတော်တရား ဆယ်မျိုး ရှိနေပေသည်။ အံ-ပါ-၃၊ ၂၇၅။ ဋ-၃၊ ၃၂၄။

မဆည်းကပ်သင့်သူ ဆည်းကပ်သင့်သူ

မစင်တွင်း၌ကျနေသော ငန်းစောင်း(ဓမ္မနိ)*ကို မစင်တွင်းမှ ထုတ်ဆယ်သူသည် မြွေကိုက်မခံရပါသော်လည်း မစင်ပေကျံမှုကို ခံရသကဲ့သို့ ယုတ်မာသောသဘောရှိသော ဒုဿီလပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်း ဆည်းကပ်သူသည် ဒုဿီလ၏အပြုအမူကို အတုလိုက်ကာ မကျင့်ပါသော်လည်း "ဒီသူ့မှာ မကောင်းတဲ့မိတ်ဆွေရှိတယ်၊ မကောင်းတဲ့သူငယ်ချင်းရှိတယ်၊ မကောင်းတဲ့သူတွေနှင့် ရောနှောယှက်တင် နေထိုင်တယ်"ဟု မကောင်းသတင်းကို ဖြစ်ပေါ်စေတတ်သည်။

ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်ကို မစင်ကျင်ကြီးကဲ့သို့ စက်ဆုပ်သင့်သည်၊ မမှီခို မပေါင်းသင်းသင့်၊ မဆည်းကပ် မကိုးကွယ်သင့်။ ပုဂ္ဂလ-ပါ၊ ၁၄၁။ အံ-ပါ-၁၊ ၁၂၄။

မစင်တွင်းနှင့် သီလမရှိခြင်း တူသည်၊ မစင်တွင်း၌ ကျနေသော ငန်းစောင်းနှင့် ဒုဿီလ တူသည်၊ မစင်တွင်းမှ ထုတ်ဆယ်ယူလိုက်သော ငန်းစောင်းက ထုတ်ဆယ်သူ၏

---

* ဓမ္မနိကို အဘယာနှင့်တောင်ပေါက်အဘိဓာန်နိဿယသစ်များက လင်းမြွေဟု ပြန်ဆိုကြသည်၊ ပါဠိအင်္ဂလိပ်အဘိဓာန်များက (Arat snake) ကြွက်စားငန်း (ငန်းစောင်း)ဟု ပြန်ဆိုကြသည်၊ ကြွက်စားငန်း(ငန်းစောင်း)က ပို၍ လူနှင့်နီးစပ်မှု ရှိသည်၊ လူကိုလည်း ရန်မရှာတတ်၊ ထို့ကြောင့် ဤ၌ ငန်းစောင်း (ကြွက်စားငန်း)ဟုပင် ပြန်ဆိုလိုက်ပါသည်၊

ကိုယ်ပေါ်သို့ တက်ပါသော်လည်း မကိုက်ခြင်းနှင့် ဒုဿီလကို မှီခိုဆည်းကပ် ပေါင်းသင်းပါသော်လည်း ထိုဒုဿီလပုဂ္ဂိုလ်၏ အပြုအမူကိုလိုက်၍ မပြုလုပ်ခြင်း တူသည်၊ ကိုယ်ကို မစင်ပေကျံစေ၍ ငန်းစောင်း၏ ထွက်သွားရာအခါနှင့် ဒုဿီလကို မှီခိုဆည်းကပ် ပေါင်းသင်းသူ၏ မကောင်းသတင်း ထွက်လာရာအခါ တူသည်။ ပုဂ္ဂလ-၌၊ ၆၉။ အံ-၌-၂၊ ၉၄။ အံ-ဋီ- ၊ ၉၄။

ကောင်းသောကိုယ်ကျင့်ရှိသော သီလဝန္တ ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်း ဆည်းကပ် ကိုးကွယ်သူသည် သီလဝန္တ ပုဂ္ဂိုလ်၏ အပြုအမူကို အတုလိုက်၍ မကျင့်နိုင်ပါသော်လည်း "ဒီပုဂ္ဂိုလ်ဟာ ကောင်းတဲ့မိတ်ဆွေ ရှိတယ်၊ ကောင်းတဲ့ သူငယ်ချင်း ရှိတယ်၊ ကောင်းတဲ့ သူတွေနှင့်သာ ရောနှောယှက်တင် ကျွမ်းဝင်နေထိုင်တယ်"ဟု ကောင်းသောသတင်း ဖြစ်ပေါ်မှုကို ရရှိတတ်သည်၊ အချီးမွမ်းခံရတတ်သည်။

ထို့ကြောင့် ကောင်းသောကိုယ်ကျင့်ရှိသော သီလဝန္တ ပုဂ္ဂိုလ်မျိုးကို သာ မှီခိုဆည်းကပ်သင့်သည်၊ ပေါင်းသင်း ကိုးကွယ်သင့်သည်။ ပုဂ္ဂလ-ပါ၊ ၁၆၁။ ၌၊ ၇၉။ အံ-ပါ-၁၊ ၁၂၄။ ၌-၂၊ ၉၄။

အဂ္ဂိက္ခန္ဓောပမသုတ်နိဒါန်း

ဒုဿီလပုဂ္ဂိုလ်သည် မိမိ၏ဘဝကို ချမ်းသာသည်-ဟု ထင်မှတ်ပါသော်လည်း အဂ္ဂိက္ခန္ဓဒေသနာတော်၌ ဘုရားရှင် ဟောတော်မူထားသည့် ကြီးမားသော ဆင်းရဲအဖို့ ရှိနေသည်၏အဖြစ်ကြောင့် ဆင်းရဲဒုက္ခရောက်ရသည်သာ။

ကာမဂုဏ်ငါးပါးကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော သုခ, သူတစ်ပါးတို့ ပြုအပ်သော ရှိခိုးမြတ်နိုး ပူဇော်မှု စသည်တို့ကြောင့်ဖြစ်သော သုခ၌ သာယာမက်မောသော စိတ်ရှိနေကြသည့် ဒုဿီလပုဂ္ဂိုလ်တို့၏ အဆိုပါသုခ၌ သာယာခြင်းကြောင့် ဖြစ်ပေါ်လာရသော အောက်မေ့ရုံမျှဖြင့်သော်မှ စိတ်နှလုံး ပူပန်မှုကို ဖြစ်စေပြီး သွေးအန်ခြင်းကို ဖြစ်စေနိုင်သော အလွန်ဆိုးဝါးသော ဒုက္ခကို ပြတော်မူလိုသည့်အတွက် အလုံးစုံသော အခြင်းအရာအားဖြင့် ကံ၏အကျိုးကို မြင်တော်မူသော ဘုရားရှင်က အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောတော်မူရပါသည်။ အကျယ်ချဲ့ကာ ပြဆိုရပါလျှင်=

ဗုဒ္ဓကိစ္စ ငါးပါး ဘုရားရှင်တို့မည်သည် အမြဲတည်တံ့သော သတိပညာ ရှိတော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြသည်၊ ထို့ကြောင့်ပင် သီတင်းသုံး နေထိုင်ရသည့် နေရာဌာနတိုင်းမှာ -

၁။ ပုရေဘတ္တကိစ္စ= ဆွမ်းမစားမီ နံနက်ပိုင်း ပြုဖွယ်ကိစ္စ၊
၂။ ပစ္ဆာဘတ္တကိစ္စ= ဆွမ်းစားပြီးနောက် ညနေပိုင်း ပြုဖွယ်ကိစ္စ၊
၃။ ပုရိမယာမကိစ္စ= ညဉ့်ဦးယာမ် ပြုဖွယ်ကိစ္စ၊
၄။ မဇ္ဈိမယာမကိစ္စ= သန်းခေါင်ယာမ် ပြုဖွယ်ကိစ္စ၊

၅။ ပစ္ဆိမယာမကိစ္စ= မိုးသောက်ယာမ် ပြုဖွယ်ကိစ္စ၊
ဤကိစ္စ ငါးမျိုးကို စွန့်ရိုးမရှိချေ။

ကိစ္စငါးပါးကို ပြဆိုရာ၌ နေ့ဘက်အချိန်ကို နှစ်ပိုင်း, ညဘက်အချိန်ကို သုံးပိုင်း ပိုင်းထားသည်၊ ထိုတွင် -

၁။ နံနက် ၆-နာရီမှ နေ့ ၁၂-နာရီထိ= ပုရေဘတ္တ- နံနက်ပိုင်း၊
၂။ နေ့ ၁၂-နာရီမှ ညနေ ၆-နာရီထိ= ပစ္ဆာဘတ္တ- ညနေပိုင်း၊
၃။ ညနေ ၆-နာရီမှ ည ၁၀-နာရီထိ= ပုရိမယာမ- ညဉ့်ဦးယာမ်၊
၄။ ည ၁၀-နာရီမှ ည ၂-နာရီထိ= မဇ္ဈိမယာမ- သန်းခေါင်ယာမ်၊
၅။ ည ၂-နာရီမှ နံနက် ၆-နာရီထိ= ပစ္ဆိမယာမ-မိုးသောက်ယာမ်။

ယင်းနောက်ဆုံးဖြစ်သော မိုးသောက်ယာမ်ကိုလည်း -

၂-နာရီမှ ၃-နာရီ မိနစ် ၂၀-ထိ= ပထမပိုင်း၊
၃-နာရီ မိနစ် ၂၀-မှ ၄-နာရီ မိနစ် ၄၀-ထိ= ဒုတိယပိုင်း၊
၄-နာရီ မိနစ် ၄၀-မှ နံနက် ၆-နာရီအထိ= တတိယပိုင်း။

ဤသို့ ဖြစ်သင့်သည်အား‌လျော်စွာ စက်နာရီဖြင့် ပိုင်းခြားမှတ်သားပါက သင့်လျော်လိမ့်မည်ထင်ပါသည်။

"ပစ္ဆာဘတ္တ (ညနေပိုင်း)ကိုလည်း ပထမပိုင်းအချိန်, ဒုတိယပိုင်းအချိန်,တတိယပိုင်း အချိန်အား‌ဖြင့် သုံးပိုင်း ပိုင်းထားသည်"ဟု အဆိုရှိပါသော်လည်း အချိန်တို့ရှည်ကွာဟမှု ရှိသင့်မည်ထင်ပါသည်၊ ထို့ကြောင့် စက်နာရီဖြင့် အတိအကျ ပိုင်းခြားပြသင့်မည် မထင်ပါ။

ဘုရားရှင်က ကိစ္စငါးပါးကို စွန့်ရိုးမရှိဆိုစေကာမူ ကိုယ်တော်တစ်ပါးတည်း လခွဲခန့် ကိန်းအောင်းတော်မူရာ စသောအခါမျိုးမှာကား အချို့ကိစ္စများကို စွန့်ထားရ ပေလိမ့်မည်၊ မစွန့်ဘဲ မဖြစ်နိုင်တော့ပါ၊ သို့ဖြစ်၍ အကြောင်းထူး မရှိသည့်အခါမျိုးမှာ ကိစ္စငါးပါးကို စွန့်ရိုးမရှိ၊ အကြောင်းထူး ရှိသည့်အခါမှာမူ အချို့ကိစ္စများကို စွန့်ထား ရပေသည်"ဟု ယူပါက သင့်မြတ်မည်ထင်ပါသည်။

"ပြုဖွယ်ကိစ္စ"ဟူသည်မှာလည်း အကျိုးရှိသော "ပြုဖွယ်ကိစ္စ, အကျိုးမရှိသော ပြုဖွယ် ကိစ္စ"ဟု နှစ်ပါး ရှိနိုင်သည်၊ သို့ဖြစ်စေကာမူ ဘုရားရှင်သည် ပထမဗောဓိပလ္လင်တော် တုန်းကပင် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သည်၊ ထို့ကြောင့် ဘုရားရှင်မှာ ကိလေသာတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသော အကျိုးမရှိသော ပြုဖွယ်ကိစ္စမျိုး မရှိတော့ချေ၊ အကျိုးရှိသော ပြုဖွယ်ကိစ္စ တစ်မျိုးတည်းသာ ရှိနေပေတော့သည်။

၁။ ပုရေဘတ္တကိစ္စ

ဘုရားရှင်သည် နံနက်စောစော ထတော်မူ၍ မျက်နှာသစ်တော်မူခြင်းစသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူသည်။

ကမ္ဘာပေါင်း မရေတွက်နိုင်လောက်အောင် ကောင်းစွာဆည်းပူး ပြုလုပ်လာသည့် ကုသိုလ်အပေါင်းအစုကြောင့်ဖြစ်လာရသော ဘုရားရှင်၏ ခံတွင်းတော်သည် မကောင်းသော အနံ့အသက်တို့မှ ကင်းစင်၍, ကြာညိုနံ့သင်းပျံ့နေသည်၊ ဘုရားရှင်၏ ကိုယ်တော် တစ်ခုလုံးသည်လည်း ပြင်ပအညစ်အကြေး, ကိုယ်တွင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်း ပေကျံမှုမရှိချေ၊ ကောင်းစွာသွေးထား, ဆေးကြောထားသော ပတ္တမြားစစ် သဖွယ်သာ ဖြစ်နေပါသည်၊ ထို့ကြောင့် မကောင်းသောအနံ့နှင့် ချွေးအညစ်အကြေးတို့ကို ပယ်ရှား လိုသည့်အတွက် မျက်နှာသစ်တော်မူရသည်မဟုတ်ပါ။

လက်ထက်တော်အခါ၌ အလုပ်အကျွေးရဟန်းက ဘုရားရှင်အတွက် မျက်နှာသစ်ရေ စသည်တို့ကို တည်ထားလေ့ရှိသည်၊ ယင်းမျက်နှာသစ်ရေစသည်ကို ဘုရားရှင်က အသုံးပြုတော်မမူခဲ့ပါလျှင် အလုပ်အကျွေးရဟန်းမှာ စိတ်မချမ်းမသာ ဖြစ်လာစရာ ရှိပါသည်၊ အသုံးပြုတော်မူခဲ့ပါလျှင် ဝမ်းမြောက်ဝမ်းသာ ကုသိုလ်စိတ် တိုးပွားလာစရာ ရှိပါသည်၊ ထို့ပြင်- ဘုရားရှင်၏ ကိုယ်ကာယတော်သည်လည်း ဓာတ်ကြီးလေးပါးအပေါ်မှာ အခြေတည်၍သာ နေရပါသည်၊ မည်မျှပင် ကြံ့ခိုင်တောင့်တင်းသည် ဆိုရစေကာမူ နေ့ရောညပါ နားချိန် မရှိသလောက် စေခိုင်းမှု များလာသည့်အခါ ညောင်းညာပင်ပန်း နွမ်းနယ်လာရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်၊ ထို့ကြောင့် အလုပ်အကျွေးရဟန်းတို့ကို ချီးမြောက်တော်မူလိုခြင်း, ကိုယ်ကာယတော်၏ ချမ်းသာခြင်းအလို့ငှါသာ မျက်နှာ သစ်တော်မူရပါသည်။

မျက်နှာသစ်တော်မူပြီးသည့်နောက် ဆွမ်းခံလှည့်လည်ချိန်တိုင်အောင် အချိန်ကို ပိုင်းခြားကန့်သတ်၍ ဆိတ်ငြိမ်ရာ၌ ဖလသမာပတ်များဖြင့် အချိန်ကို ကုန်လွန်စေသည်၊ ယင်းသို့ အချိန်ကို ကုန်လွန်စေခြင်းသည် ဖလသမာပတ်ချမ်းသာကို ခံစားတော်မူလိုခြင်း, အခြားသူများ အတုလိုက်၍ ကျင့်ခြင်းအကျိုးငှါသာ ဖြစ်ပါသည်။

ဆွမ်းခံလှည့်လည်ချိန် ရောက်လာသည့်အခါမှာ ဆိတ်ငြိမ်ရာမှ ထလာတော်မူ၍ သင်းပိုင်ကို ပြင်ဝတ်တော်မူသည်၊ ခါးပန်းကြိုးကို ဖွဲ့တော်မူသည်၊ သင်္ကန်းရုံတော်မူသည်၊ ထို့နောက် သပိတ်တော်ကို ယူတော်မူလျက် သီတင်းသုံးနေထိုင်တော်မူရာ မြို့, ရွာ, နိဂုံးသို့ ဆွမ်းခံဝင်တော်မူသည်။

ပိတုန်းသည် ပဒုမ္မာကြာနှစ်ခုအလယ်သို့ ရောက်နေသကဲ့သို့ နီလာအဆင်းရှိသော ကျောက်သပိတ်တော်သည် ဆွမ်းခံဝင်တော်မူလိုသော ဘုရားရှင်၏လက်နှစ်ဖက် အလယ်သို့ ရောက်လာသည်၊ ယင်းသို့ ရောက်လာသော သပိတ်တော်ကို လက်နှစ်ဖက်ဖြင့် ခံယူ တော်မူသည်၊ ဤသည်ကိုပင် "သပိတ်တော်ကို ယူတော်မူလျက်"ဟု ဆိုထားရပေသည်။

ယင်းသို့ ဆွမ်းခံဝင်တော်မူသည့် အခါမှာလည်း ဆုံးမသင့်သော (ဝေနေယျ)ပုဂ္ဂိုလ် တို့၏ အလိုအားလျော်စွာ နည်းမျိုးစုံဖြင့် ဝင်တော်မူတတ်ပါသည်၊ ရံခါ တစ်ပါးတည်း

ဝင်တော်မူသည်၊ ရံခါ နောက်လိုက်နောက်ပါ သံဃာတော်များနှင့်အတူ ဝင်တော်မူသည်၊ ရံခါ ဝင်ရိုးဝင်စဉ် သာမန်အားဖြင့် ဝင်တော်မူသည်၊ ရံခါ အမျိုးမျိုးသော တန်ခိုးပြာဋိဟာတို့ဖြင့် ဝင်တော်မူသည်။

ဘုရားရှင်တစ်ပါးတည်း တစ်စုံတစ်ခုသော အရပ်သို့ ကြွတော်မူလိုလျှင် ဆွမ်းခံချိန် ရောက်သည့်အထိ တံခါးပိတ်၍ ဂန္ဓကုဋိတိုက်တော်အတွင်းမှာ ထိုင်နေတော်မူသည်၊ ယင်းအမှတ်အသားဖြင့် ရဟန်းများက "ယနေ့ ဘုရားရှင်ဟာ တစ်ပါးတည်းပဲ ဆွမ်းခံကြွတော်မူလိုတယ်၊ အမှန်တကယ် ဆုံးမသင့်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တွေ့မြင်ထားတာ ဖြစ်မှာပါပဲ"ဟု သိနားလည်ကြသည်၊ ဂန္ဓကုဋိတိုက်တော်ကို လေးစားကြည်ညိုမှု ပြုကြသည်၊ လက်အုပ်ချီမိုး ရှိခိုးကြပြီး ဆွမ်းခံကြွတော်မူကြသည်။ သံ-၄၊ ၂၂၇။ သုတ္တနိ-၄-၁၊ ၁၂၆။ ၃၀၀။

လူအများကလည်း ဘုရားရှင်တစ်ပါးတည်း ဆွမ်းခံဝင်လာတာကို တွေ့ရပါလျှင် "ယနေ့ ဘုရားရှင်က ချီးမြှောက်ရမယ့် သတ္တဝါတစ်ဦးတစ်ယောက် အမှန်တကယ် ရှိနေပေလိမ့်မယ်၊ ဒါ့ကြောင့်မို့လို့ ဘုရားရှင်က တစ်ပါးတည်း ဆွမ်းခံဝင်လာတာပဲ"ဟု သိနားလည်ကြသည်၊ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ပင့်ဖိတ်ရန် ဘုရားရှင်ထံ မချဉ်းကပ်တော့ချေ။ သုတ္တနိ-၄-၁၊ ၂၅၇။

ဘုရားရှင် ဆွမ်းခံဝင်တော်မူလာသည့်အချိန်မှာ လေပြေလည်း (လေနအေး)တို့က ဘုရားရှင်၏ ရှေ့တော်ကသွား၍ မြေကို သုတ်သင်နှင့်ကြသည်၊ မိုးတိမ်တို့က ရေဖြန်းပေးလျက် ဆွမ်းခံလမ်းရှိ မြူမှုန်တို့ကို ငြိမ်ဝပ်စေပြီးမှ နေပူနှင့် နှင်းရည်နှင်းပေါက်တို့ကို အကာအကွယ်ပေးလျက် အပေါ်၌ မျက်နှာကြက်သဖွယ် တည်နေကြသည်။

လေပြင်းလေကြမ်းတို့က ထိုထိုအရပ်တို့၌ ဖုံးပွင့်နေသော သစ်ပင်ချုံနွယ်တို့မှ ပန်းတို့ကို တိုက်ခတ်ဆောင်ယူလာကြ၍ ဆွမ်းခံလမ်းမှာ ကြဲဖြန့်ထားနှင့်ကြသည်။

မြင့်သောမြေအရပ်တို့က မျက်နှာပြင်ညီရုံမျှ နိမ့်လာကြရသည်၊ နိမ့်သောမြေအရပ်တို့ကလည်း မျက်နှာပြင်ညီရုံမျှ မြင့်တက်လာကြရသည်၊ သို့ဖြင့် ခြေတော်ကို ချနင်းတော်မူချိန်မှာ မြေညီညွတ်ချောပြေပြီးပင် ဖြစ်နေရပါတော့သည်၊ ကျောက်စရစ်,အိုးခြမ်းကွဲ, ဆူးငြောင့်, ခွံ့နှံစသည်တို့လည်း ကင်းပြီးရှင်းပြီးပင် ဖြစ်နေကြရပါတော့သည်၊ ဤသို့ မြေညီညွတ်လာရမှု စသည်တို့ကား တန်ခိုးဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်လာရသည် မဟုတ်ပါ၊ သုပ္ပတိဋ္ဌိတပါဒတာ(ကောင်းစွာတည်သော ခြေတော်ရှိခြင်း)လက္ခဏာတော်ကို ရကြောင်းကံ၏ အကျိုးဆက်မျှသာဖြစ်ပါသည်။

ယင်းသို့ မြေညီညွတ်မှု မဖြစ်ခဲ့ပါလျှင် ကောင်းသောအတွေ့ရှိသည့်(နဖတ်ညံ့သက်သည့်) ပဒုမ္မာကြာတို့က ခြေတော်ကို ခံလာကြရသည်၊ ဤသို့ မြေညီညွတ်မှု, ပဒုမ္မာကြာပန်းခံမှုတို့မှာ ဘုရားရှင်၏ အလိုတော်အတိုင်းသာ ဖြစ်ကြရပါသည်။

'လက်ဦးဆုံး လက်ျာခြေတော်ကို ကြွချီခြင်း'ဟု ဆိုအပ်သော လက္ခဏာတော်ငယ်က ဘုရားရှင်ကြွတော်မူခြင်းကို အမြဲပင်တန်ဆာဆင်လျက် ရှိနေပေသည်၊ သို့ဖြင့် မြို့,ရွာ၏ တံခါးခုံအတွင်း၌ လက်ျာခြေတော်ကို ချနင်းမိသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူး လာကြသည်၊ ဟိုဟိုဒီဒီ ရွေ့ရှားပြေးလွှားနေကြသည်၊ သို့သော် ဘုရားရှင်၏ ကိုယ်တော်၌ ဝါရွှေသော အရောင်ကများနေသည်၊ သို့ဖြစ်၍ ဝါရွှေသော ရောင်ခြည်တော်က အထွက်များပေသည်၊ ဝါရွှေသောရောင်ခြည်တော်က အခြားရောင်ခြည်တော်များကို လွှမ်းခြုံသွားသည်၊ သို့ဖြင့် အရပ်မျက်နှာတို့သည် ရွှေရည်အလျဉ်စီးဆင်းနေသလို ဖြစ်နေကြသည်၊ ဆွမ်းခံကြွတော်မူရာ မြို့,ရွာ,နိဂုံးတို့၏ အတွင်းမှာ ရှိနေသမျှအဆောက်အအုံတို့သည်လည်း ဆန်းကြယ်သော အဝတ်ပုဆိုးဖြင့် ကာရံထားသကဲ့သို့ ဖြစ်နေကြပေသည်၊ တစ်မြို့လုံး, တစ်ရွာလုံးကို ဘုရားရှင်၏ ရောင်ခြည်တော်က လွှမ်းဖုံးတန်ဆာဆင်လျက်ရှိနေပေသည်။

ယင်းသို့ ရှုဖွယ်မငြီး အံ့ချီးဖွယ်ကောင်းသော ရောင်ခြည်တော်တို့ကို တွေ့ရသည့်အခါ ဆင်မြင်းကြက်ငှက် စသောသတ္တဝါတို့သည် မိမိတို့၏နေရာ၌ သာယာစွာအော်မြည် တွန်ကျူးနေကြသည်၊ စည်စောင်းစသော တူရိယာများနှင့် လူတို့ဝတ်ဆင်ထားသော အဆင်တန်ဆာတို့သည်လည်း ဖြစ်ရိုးဖြစ်စဉ်သဘောအနေဖြင့် သာယာစွာ အသံ မြည်နေကြသည်။

ယင်းအမှတ်အသားဖြင့်ပင် လူများက မိမိတို့ မြို့ရွာသို့ ဘုရားရှင် ဆွမ်းခံဝင်လာ ကြောင်းကို သိရှိသွားကြသည်၊ သူတို့သည် ကောင်းစွာဝတ်ကြသည်၊ ကောင်းစွာ ရုံကြသည်၊ ထို့နောက် အိမ်မှထွက်လာကြသည်။

ဘုရားရှင်တို့မည်သည် လျှပ်ပေါ်လော်လည်သော ဆွမ်းခံရဟန်းကဲ့သို့ ကောင်းနိုးရာရာ လမ်းကို ကြွတော်မူကြသည် မဟုတ်ပါ၊ အလယ်လမ်းမကြီးအတိုင်းသာ ကြွတော်မူကြသည်၊ ထို့ကြောင့် သူတို့သည် အလယ်လမ်းမကြီးသို့ သွားရောက်ဆီးကြိုနေနှင့်ကြသည်၊ မိမိတို့အနားသို့ ဘုရားရှင်ရောက်လာသည့်အခါ နံ့သာပန်းစသည်တို့ဖြင့် ရိုသေစွာ ပူဇော်ကြသည်။

> "ရှင်တော်မြတ်ဘုရား ! တပည့်တော်တို့အား ရဟန်းတစ်ကျိပ် ပေးသနားတော်မူပါ၊ တပည့်တော်တို့အား ရဟန်းနှစ်ကျိပ် ပေးသနားတော်မူပါ၊ တပည့်တော်တို့အား ရဟန်းငါးကျိပ် ပေးသနားတော်မူပါ"။

ဤသို့ စသည်ဖြင့် လက်အုပ်ချီမိုး ရှိခိုးကြလျက် လျှောက်ထားတောင်းဆိုကြသည်။

ဘုရားရှင်နားကို ရှေးဦးစွာရောက်သွားသူ, သို့မဟုတ် ဘုရားရှင်ချီးမြှောက်လိုသူ တို့က ဘုရားရှင်၏သပိတ်တော်ကို ရယူကြသည်၊ ထို့နောက် နေရာခင်း၍ "ဒီလို

မွန်မြတ်တဲ့ အစာအာဟာရမျိုးနဲ့ ဘုရားရှင်ကို လုပ်ကျွေးခွင့်ရကြတဲ့ တို့တစ်တွေဟာ အလွန်ရခဲတဲ့အရာကို ယနေ့ ရရှိကြပါပေတယ်"ဟု နှစ်သက်ကျေနပ်စွာ လေးမြတ်ကော်ရော်ပူဇော်ကြသည်။

ဆွမ်းဘုဉ်းပေးပြီးသည့်အခါမှာ ဘုရားရှင်က ဆွမ်းဒါယကာ ဒါယိကာမတို့၏ အကြောင်းအထောက်အပံ့ဖြစ်သော ရေးဘဝကဖြစ်ခဲ့သောစိတ်အစဉ်, ယခုဖြစ်ဆဲစိတ်အစဉ်တို့ကို ဉာဏ်ဖြင့်ဆင်ခြင် ကြည့်ရှုတော်မူသည်။

ထိုနောက် အချို့သောပုဂ္ဂိုလ်တို့က သရဏဂုံတည်သွားအောင်, အချို့သောပုဂ္ဂိုလ်တို့က ငါးပါးသီလတည်သွားအောင်, အချို့သောပုဂ္ဂိုလ်တို့က သောတာပန်ဖြစ်သွားအောင်, အချို့သောပုဂ္ဂိုလ်တို့က သကဒါဂါမ်ဖြစ်သွားအောင်, အချို့သောပုဂ္ဂိုလ်တို့က အနာဂါမ်ဖြစ်သွားအောင်, အချို့သောပုဂ္ဂိုလ်တို့က ရဟန်းပြုပြီး ·ရဟန္တာဖြစ်သွားအောင် နည်းမျိုးစုံဖြင့် တန်ဆာဆင်လျက် တရားဟောတော်မူသည်၊ ဤသည်မှာ တန်ခိုးပြာဋိဟာန့်တကွ ဝင်တော်မူပုံဖြစ်သည်။

·ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်များကို "ရဟန်း"ဟုပင် ခေါ်ဝေါ် ရေတွက်ရကြောင်းကို ပြရန်သာ "အချို့ရဟန်းပြု၍ ရဟန္တာဖြစ်သွားအောင်"ဟူသောစကားကို ဆိုထားရပေသည်၊ လူ့ဘဝဖြင့် ရဟန္တာမဖြစ်နိုင်ကြောင်းကို ပြရန်ဆိုထားသည်ကား မဟုတ်ပါချေ။

ဤသို့ လူအပေါင်းကို ချီးမြှောက်တော်မူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ကြွတော်မူသည်၊ ကျောင်းတော်သို့ ရောက်သည့်အခါ နံ့သာမျိုးလေးပါးဖြင့် ထုံမွှမ်းထားသော ဆည်းကပ်ရာတန်ဆောင်းဝန်း (တရားဟောဓမ္မာရုံ)၌ ရဟန်းတို့၏ ဆွမ်းကိစ္စပြီးဆုံးမှုကို ဆိုင်းငံ့တော်မူလျက် ထိုင်နေတော်မူသည်၊ အလုပ်အကျွေးရဟန်းက ရဟန်းများ ဆွမ်းကိစ္စပြီးပါကြောင်း လျှောက်ထားသည့်အခါ ဂန္ဓကုဋီကျောင်းတော်သို့ ကြွတော်မူသည်၊ ဤကား ပုရေဘတ္တကိစ္စ (နံနက်ပိုင်းပြုဖွယ်ကိစ္စ= နံနက်ပိုင်း၌ ပြုလုပ်နေကျ လုပ်ငန်း) ဖြစ်ပေသည်။

နံနက်ပိုင်းအချိန်မှာ ဘုရားကိုအာရုံပြုကြသော သူတော်ကောင်းတို့သည် အချိန်အလိုက် ဘုရားရှင် သမာပတ်ဝင်စားနေပုံ, မြို့ထဲရွာထဲဆွမ်းခံဝင်နေပုံ, ဆွမ်းဒါယကာဒါယိကာမတို့အား တရားဟောနေပုံ ကျောင်းတော်သို့ ပြန်ကြွလာပုံ, တန်ဆောင်းဝန်း၌ ရဟန်းတို့ကို စောင့်ဆိုင်းထိုင်နေပုံ, ဂန္ဓကုဋီကျောင်းတော်သို့ ကြွသွားတော်မူပုံတို့ကို စိတ်ဖြင့်မှန်းဆ အာရုံပြုကြပါလျှင် ဘုရားရှင်အပေါ်၌ ယုံကြည်အားထား ကြည်ညိုစိတ်တိုးပွား လာပါလိမ့်မည်။

၂။ ပစ္ဆာဘတ္တကိစ္စ ဂန္ဓကုဋီကျောင်းတော်၏ အနီးကိုရောက်သည့်အခါ ထိုင်တော်မူလျက် ခြေတော်တို့ကို ဆေးတော်မူသည်၊ ထို့နောက် ခြေဆေးခုံ၌ ရပ်တော်မူလျက် သြဝါဒစကား မိန့်ကြားတော်မူသည်။

"ရဟန်းတို့ ! လောကမှာ ဘုရားပွင့်တော်မူရာ အချိန်အခါကို ရနိုင်ခဲတယ်၊ (ဘုရားပွင့်တော်မူရာအချိန်အခါကို ရပေမယ့်) လူ့အဖြစ်(လူ့ဘဝ)ကို ရနိုင်ခဲတယ်၊ (မိမိက လူ့ဘဝကို ရပေမယ့်) ဘုရားရဟန္တာတို့ ရောက်နိုင်တဲ့ အရပ်ဒေသ တရားတော်ပြန့်နှံ့ရာ အရပ်ဒေသမှာ နေထိုင်ရခြင်း ပဋိရူပဒေသဝါသ, ဘုရားဖူး တရားနာနိုင်တဲ့ မျက်စိနားနှာစသည်တို့ မချို့ယွင်းခြင်း ဣန္ဒြိယာဝေကလ္လ, သဒ္ဓါ တရားကိုရခြင်း သဒ္ဓါပဋိလာဘ-စတဲ့သမ္ပတ္တိဂုဏ်တွေကို ရနိုင်ခဲတယ်၊ (အဲဒီ သမ္ပတ္တိဂုဏ်တွေကို ရပေမယ့်) ရှင့်အဖြစ်, ရဟန်းအဖြစ်ကို ရနိုင်ခဲတယ်၊ (ရှင့်အဖြစ်, ရဟန်းအဖြစ်ကို ရပေမယ့်) သူတော်ကောင်းတရား နာကြားရခြင်းကို ရနိုင်ခဲတယ်၊ ဒါ့ကြောင့် သင်တို့က မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ မေ့လျော့ခြင်း (ပမာဒ)ရဲ့ ဆန့်ကျင်ဘက် သတိ(အပ္ပမာဒ)နဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ပြီးစေကြရမယ်၊ ပြည့်စုံစေကြရမယ်"။

"သင်ရဟန်းများမှာ ဘုရားရှင်ပွင့်တော်မူရာ ခေတ်အခါကိုလည်း ရနေကြပြီ၊ (တစ်ဆင့်ပြီးတစ်ဆင့် တိုး၍တိုး၍) လူ့ဘဝကိုလည်း ရနေကြပြီ၊ သမ္ပတ္တိဂုဏ်ကိုလည်း ရနေကြပြီ၊ ရှင့်အဖြစ်, ရဟန်းအဖြစ်ကိုလည်း ရနေကြပြီ၊ သူတော်ကောင်းတရား နာကြားမှုကိုလည်း ရနေကြပြီ၊ ရဖို့ရန်မလွယ်ကူသော ဤအရာဌာန ငါးမျိုးလုံးကို ရှေးကံထောက်မ၍ အပြည့်အဝ ရရှိပြီးဖြစ်သည့်အတွက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဘဲ သတိတရားဖြင့် "သီလ, သမာဓိ, ပညာ" သိက္ခာသုံးပါးတို့ကို ပြီးစီးအောင် ကြိုးစားလိုက်ကြ"ဟု မိန့်တော်မူလိုရင်း ဖြစ်ပေသည်။

ထိုနေရာမှာပင် အချို့သောရဟန်းတော်များက ဘုရားရှင်ကို ကမ္မဋ္ဌာန်း မေးလျှောက်ကြသည်၊ ဘုရားရှင်ကလည်း ထိုရဟန်းတို့၏ အလိုစရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

ထို့နောက် ရဟန်းအကုန်လုံးပင် ဘုရားရှင်ကို ရှိးခိုဝပ်ချ၍ မိမိ မိမိတို့၏ ညဉ့်နေရာ အရပ်, နေ့နေရာအရပ်တို့သို့ အသီးအသီး ကြွသွားကြတော့သည်။

အချို့က တောကိုသွားကြသည်၊ အချို့က သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ကို သွားကြသည်၊ အချို့က တောင်ပေါ်ကို သွားကြသည်၊ အချို့က တောင်ကြားကို သွားကြသည်၊ အချို့က တောင်ခေါင်းလိုဏ်ဂူသို့ သွားကြသည်၊ အချို့က သုသာန်သို့ သွားကြသည်၊ အချို့က လူသူမနီး တောအုပ်ကြီးသို့ သွားကြသည်၊ အချို့က ကောက်ရိုးပုံသို့ သွားကြသည်၊ အချို့က ကွင်းပြင်(လဟာပြင်)သို့ သွားကြသည်၊ အချို့က စာတုမဟာရာဇ်ဘုံသို့ သွားကြသည်၊ အချို့က တာဝတိံသာဘုံသို့ သွားကြသည်၊ အချို့က ယာမာဘုံသို့ သွားကြသည်၊ အချို့က တုသိတာဘုံသို့ သွားကြသည်၊ အချို့က နိမ္မာနရတီဘုံသို့ သွားကြသည်၊ အချို့က ပရနိမ္မိတဝသဝတ္တီဘုံသို့ သွားကြသည်။ (ထိုဘုံများဝယ် ပိုင်ရှင်မရှိသေးသော အဆောက်အအုံ ဘုံဗိမာန်များမှာ သွားရောက်သီတင်းသုံးနေကြသည်။)

ရဟန်းများ ထွက်ခွာသွားပြီးသည့်အချိန်မှာ ဘုရားရှင်က ဂန္ဓကုဋိတိုက်တော်သို့ ဝင်တော်မူသည်၊ ပစ္ဆာဘတ္တကို သုံးပိုင်းပိုင်းပြီး ပထမပိုင်းအချိန်၌ အလိုတော်ရှိခဲ့ပါလျှင် လက်ျာနံဘေးဖြင့် သတိသမ္ပဇဉ် ဉာဏ်ယှဉ်လျက် ခေတ္တခဏမျှ မြတ်သောကျိန်းစက်မှုကို ပြုတော်မူသည်၊ ယင်းသို့ ကျိန်းစက်တော်မူခြင်းကိုလည်း အလွန်ပူအိုက်ရာ အချိန်အခါမျိုးမှာသာ ပြုတော်မူသည်။

အဂ္ဂိဝေဿန ! နွေဥတုအဆုံးလ ပစ္ဆာဘတ်အချိန်အခါမှာ ဆွမ်းခံပြန်လာတဲ့ ငါဘုရားဟာ လေးထပ်သင်္ကန်းကြီးကိုခင်းပြီး လက်ျာနံဘေးဖြင့် သတိသမ္ပဇဉ် ဉာဏ်ယှဉ်လျက် ကျိန်းစက်တယ်ဆိုတာကို အမှတ်ရရဲ့လား။ မူပဏ္ဏ-ပါ-၊၃၁၆။

ယင်းသို့ ကျိန်းစက်တော်မူခြင်းကိုလည်း ထိနမိဒ္ဓကြောင့် ပြုလုပ်ရသည်မဟုတ်ပါ၊ ရဟန္တာပုဂ္ဂိုလ်တိုင်းမှာ ထိနမိဒ္ဓကို အရဟတ္တမဂ်က ပယ်သတ်ပြီး ဖြစ်သည်၊ ကိုယ်ပူပန်မှု (ကာယဒရထ)မူကား သက်ရှိမှာလည်းရှိသည်၊ သက်မဲ့မှာလည်းရှိသည်။

ထို့ကြောင့်ပင် ကြာဖြူ ကြာညိုစသည်တို့သည် တစ်ချိန်မှာ ပွင့်ကြသည်၊ တစ်ချိန်မှာ ငုံကြသည်၊ အချို့သစ်ရွက်တို့သည် ညနေဘက်မှာ တွန့်လိပ်နေကြသည်၊ နံနက်ဘက်မှာ ပြန့်ကားလာကြသည်။

ထို့အတူ ကိုယ်ခန္ဓာ၏လည်း ပူလောင်ညှိုးနွမ်းမှု ဖြစ်လာရသည်သာ၊ ယင်းညှိုးနွမ်းမှု အရိန်ကြောင့် ဘဝင်စိတ်အစဉ် ကျရောက်လာရသည်၊ ယင်းသို့ ဘဝင်စိတ်အစဉ် ကျရောက်လာသည်ကိုပင် "အိပ်သည်(ကျိန်းစက်သည်)"ဟု ဆိုရသည်၊ ထို့သို့ ဘဝင်ကျရောက်အိပ်ပျော်ခြင်းသည်ရဟန္တာများမှာလည်း ရှိသည်သာ။ မူပဏ္ဏ-၄-၂၊ ၁၉၄။

ကျိန်းစက်ခြင်းငှါ အလိုတော်မရှိခဲ့ပါလျှင် ဘုရားရှင်၏ အလေ့အကျင့်တော် ဖြစ်သော ဖလသမာပတ်ကို ဝင်စားတော်မူသည်၊ ပိုင်းခြားကန့်သတ်ထားသော အချိန်စေ့ရောက်သည့်အခါမှာ သမာပတ်မှ ထတော်မူသည်။

ယင်းသို့ ခဏခေတ္တမျှ အနားယူလိုက်ရသဖြင့် နံနက်ပိုင်းတစ်ချိန်လုံး မနေမနား လှုပ်ရှားအသုံးပြုထားသော ကိုယ်ကာယတော်လည်း အနည်းငယ် သက်သာမှုကို ရရှိလာပေသည်။

ဒုတိယပိုင်းအချိန်၌ ဆုံးမထိုက်သော (ဝေနေယျ)သတ္တဝါတို့၏ ဉာဏ်ရင့်ကျက်မှုကို တွေ့မြင်ရန် (ရည်ရွယ်တော်မူလျက်) ဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်၍ လောကကို ကြည့်တော်မူသည်။

ဘုရားရှင်တို့မည်သည် နှစ်ကြိမ် လောကကိုကြည့်မှုကို စွန့်ရိုးမရှိပေ၊ အရဏ်တက်ချိန်၌ လောကကို ကြည့်တော်မူလျှင် စကြဝဠာနခမ်းရေးမှ ဂန္ဓကုဋိတိုက်တော်သို့ ရှေ့ရှု့ ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူသည်၊ ညနေဘက်၌ ကြည့်တော်မူလျှင်

ဂန္ဓကုဋိတိုက်တော်မှ စလျက် ဉာဏ်တော်ကိုပြု၍ (ဉာဏ်တော်ကို စေလွှတ်၍) ကြည့်တော်မူသည်။ ခံ-၄-၁၊ ၂၀၃။

တတိယပိုင်းအချိန်၌မူ ဘုရားရှင် သီတင်းသုံးနေထိုင်သော မြို့, ရွာ, နိုဂုံး၌ နေထိုင်သူလူအပေါင်းသည် ဆိုခဲ့ပြီးသည့်အတိုင်း နံနက်ပိုင်း (ပုရေဘတ္တ)အချိန်၌ အလှူဒါနကို ပြုလုပ်ကြသည်၊ ညနေပိုင်းအချိန် ဆိုက်ရောက်လာသည့် အခါမှာမူကား သူတို့သည် ခါးဝတ်ကို ကောင်းစွာဝတ်ကြသည်၊ အပေါ်ခြုံထည်ကို ကောင်းစွာခြုံကြသည်၊ ထို့နောက် ပန်းစသော ပူဇော်ဖွယ်ကို ယူ၍ ကျောင်းတိုက်ထဲကို လာရောက် စည်းဝေး ကြသည်။ (ယခု ကာလမှာကဲ့သို့ လက်တို, လည်ဟိုက် ခါးတစ်မိုက်မျှသာရှိသော အင်္ကျီပါးမျိုးကို ဝတ်လာကြသည်မဟုတ်၊ ဘုရားဝင်း, ကျောင်းဝင်းကို သွားရာ၌ နည်းယူဖွယ်ပင်။)

ထိုအချိန်မှာ ဘုရားရှင်က ပရိသတ်၏ စိတ်နေသဘောထားကို သိနားလည်ပြီးဖြစ်သည့်အတွက် ရောက်လာသောပရိသတ်နှင့် သင့်လျော်သော တန်ခိုးပြာဋိဟာဖြင့် ကြွလာတော်မူသည်၊ တရားဟောမဏ္ဍပ်ရံမှာ ခင်းကျင်းပြင်ဆင်ထားသော ဘုရားနေရာ၌ ထိုင်တော်မူလျက် အချိန်အခါနှင့်သင့်လျော်သော အကြောင်းအရာမကင်းကွာသော တရားကို ဟောတော်မူသည်။

ဘုရားရှင်သည် သင့်လျော်ရာအခါမှာ အကြောင်းနှင့် တကွဖြစ်သော တရားကိုသာ ဟောတော်မူပါသည်၊ တရားပွဲရုပ်သိမ်းရမည့် အချိန်အခါကိုလည်း သိနားလည်တော်မူသည်၊ သို့ဖြစ်၍ မှောင်မိုက်သည်တိုင်အောင် တရားဟောတော်မမူပါ၊ ခြေခင်းလက်ခင်းသာသော အချိန်မှာ (အသွားအလာ လွယ်ကူသည့်အချိန်မှာ)ပင် တရားပွဲကို ရုပ်သိမ်း၍ ပရိသတ်ကို ပြန်လွှတ်တော်မူသည်၊ လူများလည်း ဘုရားရှင်ကို ရှိခိုးဝပ်ချ ပြန်သွားကြသည်၊ ဤကား ညနေပိုင်း (ပစ္ဆာဘတ္တ)အချိန်မှာ ပြုထိုက်သော (ပြုနေကျဖြစ်သော) လုပ်ငန်းဖြစ်ပေသည်။

ညနေပိုင်း အချိန်မှာ ဘုရားရှင်ကို အာရုံပြုကြသော သူတော်ကောင်းတို့သည်-ဤအချိန်သည် ဘုရားရှင်က ရဟန်းတော်များအား ဩဝါဒပေးနေချိန် ဖြစ်သည်၊ ဤအချိန်ကား အညောင်းအညာပြေရုံ ခေတ္တခဏ ကျိန်းစက်တော်မူချိန်, သို့မဟုတ်-ဖလသမာပတ် ဝင်စားနေချိန်ဖြစ်သည်၊ ဤအချိန်ကား ဉာဏ်တော်ကွန်ရက် ဖြန့်ကြက်လျက် လောကကို ကြည့်တော်မူချိန်ဖြစ်သည်၊ ဤအချိန်ကား ရောက်လာသော ပရိသတ်အား တရားဟောတော်မူချိန်ဖြစ်သည်၊ ဤသို့ သတ္တဝါတို့၏အကျိုးစီးပွားကို လုပ်ကိုင်ဆောင်ရွက်နေသော ဘုရားရှင်၏ပုံတော် ပေါ်လာအောင် အာရုံပြုသင့်ပါသည်။

၃။ ပုရိမယာမကိစ္စ

ပစ္ဆာဘတ္တကိစ္စပြီးဆုံးချိန်မှာ ရေချိုးလိုသောဆန္ဒရှိခဲ့ပါလျှင် (ဘုရားရှင်၏) နေရာတော်မှထ၍ ရေချိုးခန်းသို့ဝင်တော်မူသည်၊ အလုပ်အကျွေးရဟန်းက ချိုးရေများကို အဆင်သင့်စီစဉ်ထားပြီး ဖြစ်သည်၊

ယင်းရေဖြင့်ပင် ကိုယ်ငွေ့ရလာအောင် ရေချိုးတော်မူသည်၊ ဘုရား ရှင်၏ကိုယ်တော်၌ ချေးအညစ်အကြေး ကပ်ငြိလိမ်းကျံနေသောကြောင့် ရေချိုးရသည်ကား မဟုတ်ပါ၊ အလုပ်အကျွေးရဟန်းကလည်း ဘုရားရှင့် နေရာတော်ကိုယူ၍ ဂန္ဓကုဋိပရဝုဏ်မှာ အဆင်သင့် ခင်းထားနှင့်ပြီး ဖြစ်သည်။

ရေချိုးပြီးသည့်အခါ ဘုရားရှင်သည် ကောင်းစွာဆိုးထားသော နှစ်ထပ်သင်းပိုင်ကို ဝတ်တော်မူသည်၊ ခါးပန်းကြိုး ပန်းတော်မူသည်၊ အပေါ်ရုံကသီကို လက်ဝဲတစ်ဖက် ပခုံးထက်၌ တင်ထားတော်မူသည်၊ (ယခုကာလ ရဟန်းတော်များ သင်္ကန်းရန်းသကဲ့သို့ ရန်းတော်မူသည်၊) ထို့နောက် ဂန္ဓကုဋိပရဝုဏ်မှာ အလုပ်အကျွေးရဟန်းက ခင်းထားသော ဘုရားနေရာသို့ ကြွလာတော်မူသည်၊တစ်ပါးတည်း ထိုင်တော်မူလျက် ဖလသမာပတ် ဝင်စားတော်မူသည်။

ယင်းသို့ ဘုရားရှင် ဖလသမာပတ် ဝင်စားနေချိန်မှာ ပစ္စာဘတ္တာ၏ ရှေ့ပိုင်းအချိန်က ဘုရားရှင်ထံမှကမ္မဋ္ဌာန်းယူသွားကြသော ရဟန်းတော်များသည် မိမိ မိမိတို့၏ ညဉ့်နေရာ နေ့နေရာအရပ်မှ ဘုရားရှင်ကို ဆည်းကပ်ခစားရန် ပြန်လာကြသည်၊ ထိုရဟန်းတော်များအနက် အချို့ကပြဿနာမေးကြသည်၊ အချို့ကကမ္မဋ္ဌာန်းမေးလျှောက်ကြသည်၊ အချို့ကတရားနာလိုပါကြောင်း လျှောက်ထားတောင်းဆိုကြသည်၊ ဘုရားရှင်လည်း ရဟန်းများ၏အလိုကို ဖြည့်ပေးတော်မူရင်း ညဉ့်ဦးယာမ်(ပုရိမယာမ်)ကို ကုန်လွန်စေခဲ့သည်၊ ဤကား ညဉ့်ဦးပိုင်းအချိန်၌ ပြုထိုက်သော(ပြုနေကျဖြစ်သော)ကိစ္စတော်တည်း။

သို့ဖြင့်- ညဉ့်ဦးပိုင်းအချိန်မှာ ဘုရားရှင်ကို အာရုံပြုကြသော သူတော်ကောင်းတို့သည် ဤအချိန်ကား ဘုရားရှင် ရေချိုးတော်မူချိန်ဖြစ်သည်၊ ဤအချိန်ကား ဖလသမာပတ် ဝင်စားနေချိန်ဖြစ်သည်၊ ဤအချိန်ကား ရဟန်းတော်များ လာရောက်ဆည်းကပ်နေချိန် ဖြစ်သည်၊ဤသို့ ထိုထိုအချိန်ပိုင်းအား လျော်စွာ ဘုရားရှင်က သတ္တဝါတို့၏အကျိုးစီးပွားအတွက် ဆောင်ရွက်လုပ်ကိုင်နေသော ပုံတော်ပေါ်လာအောင် စိတ်ထဲမှာ ထင်မြင်လာအောင် အာရုံပြုကြစေလိုပါသည်။

၄။ မဇ္ဈိမယာမကိစ္စ

ညဉ့်ဦးယံကိစ္စ ပြီးဆုံးချိန်မှာ ရဟန်းတော်များက ဘုရားရှင်ကို ရိုခိုးဦးချ ထွက်သွားကြသည်၊ ထိုစဉ် လောကဓာတ်တစ်သောင်းလုံးမှာ နေထိုင်ကြသော နတ်ဗြဟ္မာများက ဘုရားရှင်ထံ လာရောက်ဆည်းကပ်ကြသည်။

သူတို့သည် နံနက်ပိုင်း, ညနေပိုင်း, ညဉ့်ဦးယာမ်ပိုင်းအချိန်များ၌ လူပရိသတ်များလှသောကြောင့် အခွင့်မသာ ရှိခဲ့ကြသည်၊ သန်းခေါင်ယာမ်အချိန်၌ကား လူပရိသတ်စဲသွားပြီး ဖြစ်သည့်အတွက် အခွင့်ရရှိလာကြသည်၊ ဘုရားရှင်ဘက်မှ ကြည့်ပြန်လျှင်လည်း နံနက်ပိုင်း, ညနေပိုင်း, ညဉ့်ဦးယာမ်ပိုင်းအချိန်တို့၌ ရဟန်းရှင်လူများကို ချီးမြှောက်နေရသည့်အတွက် နတ်ဗြဟ္မာတို့အား ဆည်းကပ်ခွင့် မပေးနိုင်ခဲ့ချေ၊ ရဟန်းရှင်လူများ ရှင်းလင်း

သွားရာ သန်းခေါင်ယာမ်အချိန် ရောက်လာမှသာ ခွင့်ပြုနိုင်ပေသည်၊ ထို့ကြောင့် နတ်ဗြဟ္မာများက သန်းခေါင်ယာမ်အချိန် ရောက်မှသာ ဘုရားရှင်ထံသို့ လာရောက်ဆည်းကပ်ကြရပေသည်။

ယင်းသို့ ဆည်းကပ်ရောက်လာသော နတ်ဗြဟ္မာများက ဘုရားရှင်ထံသို့ မလာမီကပင် ကြိုတင်စီစဉ်လာခဲ့သော ပြဿနာများကို မေးလျှောက်ကြသည်၊ ဘုရားရှင်ကလည်း သူတို့မေးလျှောက်လာသမျှ ပြဿနာအရပ်ရပ်တို့ကို ဖြေဆိုနေရပေသည်၊ ထိုသို့ ပြဿနာဖြေဆိုရင်း သန်းခေါင်ယာမ်(မဇ္ဈိမယာမ်) ကုန်ဆုံးသွားခဲ့သည်၊ ဤကား သန်းခေါင်ယာမ်၌ ပြုထိုက်သော (ပြုနေကျဖြစ်သော) ကိစ္စပေတည်း။

သို့ဖြင့် သန်းခေါင်ယာမ်၌ ဘုရားရှင်ကို အာရုံပြုကြသော သူတော်ကောင်းတို့သည် နတ်ဗြဟ္မာများ မေးလျှောက်လာသမျှသော ပြဿနာအရပ်ရပ်ကို ဖြေဆိုနေသည့် ဘုရားရှင်၏ပုံတော် မိမိတို့၏မနောအကြည်ဓာတ်မှာ ထင်ဟပ်လာသည်အထိ မှန်းဆ အာရုံပြုသင့်ပါသည်။

၅။ ပစ္ဆိမယာမကိစ္စ

ဘုရားရှင်သည် နံနက်ကျိန်းစက်ရာက ထတော်မူသည်မှစ၍ သန်းခေါင်ယာမ် ကုန်ဆုံးသည်အထိ နတ်လူတို့၏အကျိုးစီးပွားကို မနေမနား ဆောင်ရွက်လာခဲ့သည်၊ ဘုရားရှင်အတွက် နားနေချိန်ဟူ၍ မရှိသလောက်ပင် ဖြစ်နေပေသည်၊ ထိုသို့ နတ်လူတို့၏အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ ထိုင်ခြင်းကျရိယာပုထ်က များနေသည့်အတွက် ကိုယ်ကာယတော် ညောင်းညာပင်ပန်းလာသည်၊ သို့ဖြင့် မိုးသောက်ယာမ်(ပစ္ဆိမယာမ်)ကို သုံးပိုင်း ပိုင်းလျက် ပထမပိုင်းအချိန်မှာ အညောင်းပြေအောင် စင်္ကြံ်ကွ(လမ်းလျှောက်)တော်မူသည်၊ တစ်နာရီ မိနစ်နှစ်ဆယ်ခန့် ကြာကောင်းကြာပါလိမ့်မည်။

ဒုတိယပိုင်းအချိန်မှာ ဂန္ဓကုဋိတိုက်တော်သို့ ဝင်တော်မူလာသည်၊ သတိသမ္ပဇဉ်ဉာဏ်ယှဉ်လျက် လက်ျာနံပါးဖြင့် ကျိန်းစက်မှုကို ပြုတော်မူသည်၊ ကျိန်းစက်တော်မူချိန်လည်း အလွန်ဆုံး တစ်နာရီ မိနစ်နှစ်ဆယ်မျှ ရှိကောင်းရှိပါလိမ့်မည်။

တတိယပိုင်းအချိန်မှာမူကျိန်းစက်ရာမှ ထတော်မူလျက် ဗုဒ္ဓစက္ခု (ဘုရားရှင်၏ဉာဏ်မျက်လုံးတော်ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်တော်)ဖြင့် ဿတ္တလောက(လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း)ကို ကြည့်တော်မူသည်။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်တို့ဖြင့် လောကကို အကြည့်များသောကြောင့် ယင်းဉာဏ်တော်နှစ်ပါးကိုသာ 'ဗုဒ္ဓစက္ခု (ဘုရားရှင်၏ ဉာဏ်မျက်လုံးတော်)'ဟု ဆိုရပေသည်၊ ထို့ပြင် 'ဗုဒ္ဓစက္ခု ဖြင့် လောကကို ကြည့်တော်မူသည်'ဟူသော စကားကိုလည်း ပစ္ဆိမယာမ်၌ ဘုရားရှင်၏အလေ့အလာများရာသို့လိုက်၍ ဆိုထားရခြင်းသာ

ဖြစ်ပေသည်၊ ရံခါ ကြွင်းသော(ဒသ)ဗလာဂျာတော်များနှင့် သဗ္ဗညုတာ ဉာဏ်တော် ဖြင့်လည်း ဘုရားရှင်က ယင်းကိစ္စကို ဆောင်ရွက်တော်မူပါသေးသည်။

သတ္တလောကအတွင်းဝယ် ရှေးရှေးသောဘုရားရှင်တို့၏ သာသနာတော်၌ နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်မှန်း၍ ဒါန, သီလစသော ကုသိုလ်ကောင်းမှုတို့ကို ထူးထူးချွန်ချွန် လွန်လွန်ကဲကဲ ပြုလုပ်လာသူများလည်း ပါဝင်နေပေသည်၊ ယင်းသို့ ထူးထူးချွန်ချွန် လွန်လွန်ကဲကဲပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုရှိသူတို့သည် ဆုံးမထိုက်သော (ဝေနေယျ) ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်များသည် ဘုရားရှင်၏တရားတော်ကို ကြားနာရသည်နှင့်တစ်ပြိုင်နက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြပေလိမ့်မည်၊ နေရောင်ခြည်အလာကို စောင့်ဆိုင်း (မျှော်ငံ့)နေသော ပဒုမ္မာကြာသဖွယ်ပင် ဖြစ်နေကြသည်၊ ထို့ကြောင့် ဘုရားရှင်သည် ယင်းဆုံးမထိုက်သော (ဝေနေယျ)ပုဂ္ဂိုလ်မျိုးကို တွေ့မြင်ရန်အလို့ငှါ သတ္တလောကကို ဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကြက်တော်မူလျက် ကြည့်ရှုတော်မူရပေသည်၊ ဤသည်မှာ မိုးသောက်ယာမ်၌ ပြုထိုက်သော (ပြုနေကျဖြစ်သော)ကိစ္စတော်ဖြစ်ပေသည်။

မိုးသောက်ယာမ်၌ ဘုရားရှင်ကိုအာရုံပြုကြသော သူတော်ကောင်းတို့သည် သတ်မှတ်ထားသော အချိန်ပိုင်းမှာ ဘုရားရှင်စကြံ ကွနေပုံ, လက်ျာနံပါးဖြင့်ကျိန်းစက်နေပုံ, ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူလျက် သတ္တလောကကိုကြည့်နေပုံများက မိမိတို့၏မနောအကြည်ဓာတ်မှာ ထင်ဟပ်လာအောင် စူးစူးစိုက်စိုက် အာရုံပြုကြပါလျှင် အလွန်အကျိုးများပါလိမ့်မည်။

ဘုရားရှင်သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်၊ ထိုစဉ် အချို့သောရဟန်းများသည် ဘုရားရှင်၏အာဏာဒေသနာတော်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တော်များကို ဖောက်ဖျက်ကျူးလွန်နေကြသည်၊ အချို့ရဟန်းများက အကြီးလေးဆုံးဖြစ်သော ပါရာဇိကသိက္ခာပုဒ်တော်များကို လွန်ကျူး၍ ဒုဿီလပုဂ္ဂိုလ်များ ဖြစ်နေကြသည်၊ အချို့ရဟန်းများက ခုဒ္ဒါနုခုဒ္ဒကမည်သော အပေါ့စားသိက္ခာပုဒ်များကို လွန်ကျူးကြသည့်အတွက် အလဇ္ဇီပုဂ္ဂိုလ်များဖြစ်နေကြသည်။

တစ်နေ့သ၌ ဘုရားရှင်သည် ဆိုခဲ့ပြီးသည့်အတိုင်း မိုးသောက်ယာမ်အချိန်၌ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်တော်မူသည်။

> "ငါဘုရားက ကောသလတိုင်းအတွင်း ဒေသစာရီလှည့်လည် ကြွချီရင်း မိုးပုံကြီးကိုဥပမာပြုပြီး တရားစကားဟောကြားလို့ရှိရင် ရဟန်းခြောက်ကျိပ် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ကြလိမ့်မယ်၊ ရဟန်းခြောက်ကျိပ် သွေးအန်ကြလိမ့်မယ်၊ ရဟန်းခြောက်ကျိပ် လူဝတ်လဲကြလိမ့်မယ်"။

ဤအကြောင်းအရာသည် ဘုရားရှင်၏ ဉာဏ်တော်ကွန်ရက်မှာ ထင်ဟပ်လာသည်။

"အဲဒီ ရဟန်းသုံးမျိုးထဲက အရဟတ္တဖိုလ်ကို ဆိုက်ရောက်ကြမယ့် ရဟန်းတွေဟာ တရားတစ်မျိုးမျိုးကို ကြားနာရလို့ရှိရင် မလွဲမသွေ အရဟတ္တဖိုလ်ကို ရရှိကြပေလိမ့်မယ်၊ ဒါ့ကြောင့် သူတို့အတွက် အထူးချီးမြှောက်ရန် မလို၊ သွေးအန်မယ့်ရဟန်း, လူဝတ်လဲကြမယ့် ရဟန်းတွေကတော့ ချီးမြှောက်ရမယ့်သူများ ဖြစ်နေကြတယ်၊ ငါဘုရားရဲ့ ချီးမြှောက်မှုကို မရရှိကြပါရင် (ဒီတရားတော်ကို မကြားနာကြရပါရင်) သူတို့တစ်တွေဟာ သံသရာမှာ နစ်မွမ်းကြရတော့မယ်"။

ဤသို့ သနားကြင်နာ မဟာကရုဏာတော်၏ လှုံ့ဆော်ချက်ဖြင့် ထိုရဟန်းတို့ကို ချီးမြှောက်ဖို့ရန် ခရီးဒေသစာရီ လှည့်လည်ကြွချီလိုသော ဆန္ဒတော် ဖြစ်ပေါ်လာသည်၊ သို့ဖြင့် "အာနန္ဒာ ! ငါဘုရား ဒေသစာရီ ကြွချီမယ်-ဆိုတဲ့အကြောင်းကို ရဟန်းတွေအားပြောကြားလိုက်တော့"ဟု ရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူသည်။

"ငါ့ရှင်တို့ !ရှင်တော်မြတ်ဘုရားဟာ လူအပေါင်းကိုချီးမြှောက်ဖို့ ခရီးဒေသစာရီ ကြွချီတော်မူလိုတယ်၊ လိုက်လိုတဲ့ပုဂ္ဂိုလ်များ လိုက်ခဲ့ကြပါ"။

ကျောင်းဝင်းတစ်ခုမှ တစ်ခုသို့ သွားရောက်လှည့်လည် ပြောဆိုနေသော အာနန္ဒာထေရ်၏ စကားကိုကြားရသည့်အခါ ရဟန်းတော်များကလည်း များပြားလွန်မြတ်သော လာဘ်လာဘကိုရရှိသူပမာ ရွှင်လန်းဝမ်းသာနေကြသည်။

"လူအပေါင်းအား တရားဟောနေတဲ့ ဘုရားရှင်ရဲ့ ရွှေအဆင်းလိုဝါဝင်းနေတဲ့ ကိုယ်တော်ကို ဖူးမျှော်ခွင့်, ချိုမြသာယာတဲ့ တရားတော်ကို ကြားနာခွင့် ရကြတော့မှာပါတကား"။

ဤသို့အစရှိသည့် မြော်မှန်းချက်ကိုယ်စီဖြင့် ဆံရှည်နေသူများက ခေါင်းရိတ်ကြသည်၊ သပိတ်ဖုတ်စရာရှိသူများက သပိတ်ဖုတ်ကြသည်၊ သင်္ကန်းညစ်နွမ်းနေသူများက သင်္ကန်းဖွပ်လျှော်ကြသည်၊ ယင်းသို့ ခရီးထွက်ရန်အဆင်သင့် အသီးသီး ပြင်ဆင်နေကြသည်။

ဘုရားရှင်သည် ကောသလတိုင်းအတွင်း ခရီးဒေသစာရီ လှည့်လည်ရန် ဇေတဝန်ကျောင်းတိုက်မှ ဖဲခွာထွက်ကြွလာခဲ့သည်၊ ရွာစဉ်(နိဂုံးစဉ်)အားဖြင့် တစ်နေ့မှာ တစ်ဂါဝုတ်, ယူဇနာဝက်, သုံးဂါဝုတ်, အလွန်ဆုံး တစ်ယူဇနာမျှသာ ကြွတော်မူသည်၊ ဘုရားရှင်နှင့် လိုက်ပါလာသောရဟန်းအပေါင်းကား ပိုင်းခြားကန့်သတ်၍ မရလောက်အောင် များပြားလှပေသည်။

"ယင်းသို့ ဒေသစာရီ ကြွချီတော်မူစဉ် တစ်နေရာမှာ ပတ်ဝန်းကျင် မီးစွဲလောင်နေသော အခေါင်းရှိသည့် သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်တော်မူသည်၊ "ဤမီးပုံကြီးကိုပင် အကြောင်းဝတ္ထုပြုလုပ်၍ အင်္ဂါခုနစ်ပါးတို့ဖြင့် တန်ဆာဆင်ပြီး တရားဟောကြားရပေတော့မည်"ဟု ကြံစည်စဉ်းစားတော်မူလျက် ခရီးဆက်လက်မကြွသေးဘဲ လမ်းခရီးမှ

ခွာ၍ သစ်တစ်ပင်အောက်သို့ ဝင်ရောက်တော်မူကာ ထိုင်လိုသောအမူအရာကို ပြတော်မူသည်။

ဘုရားရှင်က ထိုင်လိုသောအမူရာကို ပြတော်မူသည့်အခါ အာနန္ဒာမထေရ်က "အကြောင်းတစ်ခု အမှန်တကယ် ရှိပေလိမ့်မယ်၊ အကြောင်းမဲ့ ဘုရားရှင်က ခရီးဆက်လက် ကွတော်မမူဘဲ ထိုင်လိုတော်မူမယ် မဟုတ်" ဟု ကြံစည်တွေးတောလျက် အလိုက်သိစွာဖြင့် လေးထပ်သကဲ်နန်းကြီးကို ခင်းပေးလိုက်သည်။

*အဂ္ဂိကွန္ဓောပမသုတ်

ဘုရားရှင်လည်း အရှင်အာနန္ဒာထေရ်ခင်းပေးသောနေရာမှာ ထိုင်တော်မူသည်၊ နေသားတကျ ထိုင်တော်မူပြီးသည့်အခါ ရဟန်းတို့ကို မေးတော်မူပါတော့သည်။

"ရဟန်းတို့ ! ဟိုမီးပုံကြီးဟာ အလွန်တောက်လောင်နေတယ်၊ မီးလျှံမီးပွား တဖွားဖွားနဲ့ တောက်ပနေတယ်၊ မီးတောက်မီးညွှန့်များရဲ့ အရောင်တွေကလဲ တစုတရုံးတည်း ဖြစ်နေတယ်၊ အဲဒီ မီးပုံကြီးကို သင်တို့မြင်ကြရဲ့လား"။

"မှန်လှပါ မြင်ကြပါတယ် ရှင်တော်မြတ်ဘုရား"။

"ရဟန်းတို့ ! ယခု ငါဘုရားမိန့်တော်မူမယ့်အကြောင်းအရာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ ဘယ်လိုသဘောရကြသလဲ?"။

ဘုရားရှင်က ရဟန်းများ စိတ်ထဲရှိသည့်အတိုင်း စိတ်ရင်းအတိုင်း ဖွင့်ဟပြောဆိုလာအောင် ခွင့်ပေးလိုက်သည်၊ ရဲဆေးတင်ပေးလိုက်သည်၊ ရဟန်းများ၏အလိုကို အတိအကျ ရရှိအောင် လမ်းစဖွင့်ပေးလိုက်သည်၊ ထို့နောက် ဆက်လက်မေးတော်မူပြန်သည်။

"ရဟန်းတို့ ! (ငါဘုရားက သင်တို့ကိုညွှန်ပြတဲ့) အဲဒီမီးပုံကြီးကို ပွေ့ဖက် ထိုင်နေမယ်၊ သို့မဟုတ် ပွေ့ဖက်အိပ်နေမယ် ဆိုကြစို့ရဲ့'၊

နောက်တစ်မျိုးက-မိန်းမပျိုကလေးတစ်ဦးဟာ နူးညံ့နုဖပ်တဲ့ လက်ခြေရှိမယ်၊ (အမျိုးအနွယ်အားဖြင့်ဆိုရင်လဲ အထက်တန်းစားဖြစ်တဲ့) မင်းမျိုးမင်းနွယ်တို့ရဲ့ သမီးပျိုကလေး ဖြစ်ကောင်းဖြစ်မယ်၊ ပုဏ္ဏားမျိုးနွယ်တို့ရဲ့ သမီးပျိုကလေး ဖြစ်ကောင်း ဖြစ်မယ်၊ အိမ်ထောင်ဦးစီး ကြေးရှင်ငွေရှင်တို့ရဲ့ သမီးပျိုကလေး ဖြစ်ကောင်း ဖြစ်မယ်၊ အဲဒီလို မိန်းမပျိုကလေးတစ်ဦးကို ပွေ့ဖက်ထိုင်နေမယ်၊ သို့မဟုတ်-ပွေ့ဖက်အိပ်နေမယ်ဆိုကြစို့ရဲ့'၊

အဲဒီနှစ်မျိုးအနက် ဘယ်ဟာက ကောင်းမလဲ?၊ ဘယ်ဟာက မြတ်မလဲ?"။

"နူးညံ့နုဖပ်တဲ့ လက်ခြေရှိမယ်"ဟု တစ်စိတ်တစ်ပိုင်းကိုသာ သတ်မှတ် ဟောတော်မူထားပါသော်လည်း "တစ်ကိုယ်လုံး နူးညံ့နုဖပ်အိစက်နေမယ်"ဟု မှတ်သားရမည်၊

---

* အံ-ပါ-၂၊ ၄၉၅။ အံ-၆-၃၊ ၁၈၉။ အံ-၆-၁၊ ၄၆+၅၁၊ ၅၂၊ ၅၃။ ဋီ-၃၊ ၁၉၅။

သဘောဉာဏ် သက်ဝင်စေရမည်၊ ဤစကားမျိုးကို ကျမ်းဂန်များ၌ "ဥပလက္ခဏာနည်း" (အစိတ်ကို ဆိုသဖြင့် အပေါင်းကိုလည်းရသောနည်း)ဟု မိန့်မှာညွှန်ကြားလေ့ ရှိပါသည်။

"ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူတဲ့ မိန်းမပျိုကလေးမျိုးကို ပွေ့ဖက်ထိုင်နေရတာ, ဒါမှမဟုတ်ရင် ပွေ့ဖက်အိပ်နေရတာကသာ ကောင်းပါတယ်၊ မြတ်ပါတယ်၊ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ ဟိုမီးပုံကြီးကို ပွေ့ဖက်ထိုင်နေရတာ, ဒါမှမဟုတ်ရင် ပွေ့ဖက်အိပ်နေရတာကတော့ ကြောက်ဖွယ်လိလိ ဆင်းရဲအတိပဲဖြစ်ပါတယ် ရှင်တော်မြတ်ဘုရား"။

"ရဟန်းတို့ !သင်တို့ကို ပြောရဦးမယ်၊ သိမြင်နားလည်သွားအောင် ညွှန်ကြားရဦးမယ်၊ သီလမရှိတဲ့ဒုဿီလပုဂ္ဂိုလ်ဆိုတာဟာ ယုတ်ညံ့တဲ့သဘောရှိသူမျိုးဖြစ်တယ်၊ မစင်ကြယ်တဲ့အတွက် ယုံမှားသံသယဖြစ်စရာ အကျင့်ရှိသူမျိုးလဲဖြစ်တယ်[၁]၊ ဖုံးကွယ်ထားရမယ့် မကောင်းမှုရှိသူမျိုးလဲ ဖြစ်တယ်၊ မြတ်တဲ့အကျင့်ကို မကျင့်ဘဲ 'မြတ်တဲ့အကျင့်ကို ကျင့်နေတယ်'လို့ မဟုတ်မတရား ဝန်ခံနေသူမျိုးလဲ ဖြစ်တယ်[၂]၊ ကိုယ်တွင်းမှာ ကိလေသာအပုပ်အသိုးတွေ, သီလပျက်စီးခြင်းဆိုတဲ့ အပုပ်အသိုးတွေနှင့်

၁။ မသင့်တော်မလျော်ကန်သည့် ကိစ္စတစ်ခုခုကို တွေ့မြင်ရသည့်အခါမှာ "ဒါဟာ ဟိုသိလ မရှိတဲ့ အကောင်ရဲ့ လက်ချက်ဖြစ်မှာပဲ"ဟု အခြားသူများ ယုံမှားသံသယဖြစ်ဖွယ်ရာ ရှိနေသည်၊ ထို့ပြင် ကိစ္စတစ်ခုခုဖြင့် ဆွေးနွေးတိုင်ပင်နေကြသည့်သူတို့ကို တွေ့မြင်ရသည့်အခါမှာလည်း "ဘယ့်နယ်တုန်း၊ ဒီပုဂ္ဂိုလ်တွေဟာ ငါလုပ်ထားတဲ့အလုပ်ကိုသိသွားလို့ တိုင်ပင်နေကြတာလား"ဟု မိမိကိုယ်ကို မိမိလည်း ယုံမှားသံသယ ဖြစ်ဖွယ်ရာ ရှိနေပေသည်၊ မိမိကို မိမိစိတ်မချနိုင်ဘဲ(လိပ်ပြာမလုံဘဲ) တထိတ်ထိတ် တလန့်လန့်ဖြင့် နေထိုင်ရပေသည်၊ ယင်းသို့ဖြစ်ရသည်မှာ မိမိကိုယ်တိုင်က ကိုယ်မှု, နှုတ်မှု မစင်ကြယ်သည့်အတွက် (သီလမစင်ကြယ်သည့်အတွက်)ပင် ဖြစ်ရပေသည်၊ သီလစင်ကြယ်ပါမှု ယင်းသို့ဖြစ်စရာ တစိုးတစိမျှမရှိနိုင်ပါချေ။

၂။ "မြတ်သောအကျင့်ကို မကျင့်ဘဲ ကျင့်၏"ဟု ဝန်ခံသူ ဟူသည်မှာ ရဟန်းတု ရဟန်းယောင်ပင် ဖြစ်သည်၊ ရဟန်းကောင်းတို့၏ အသွင်အပြင်ကို မစွန့်ခြင်းဖြင့် "ငါလဲ ရဟန်းပါပဲ"ဟု ဝန်ခံရာ ရောက်သည်။ အံ-၄-၂၊ ၂၃၃။

ရဟန်းတော်တို့သည် ကောင်းစွာဝတ်ကြသည်၊ ကောင်းစွာရုံကြသည်၊ မြေသပိတ်ကို ဆောင်ကြသည်၊ မြို့ ရွာ နိဂုံးတို့၌ ဆွမ်းခံလှည့်လည် အသက်မွေးနေကြသည်၊ ယင်း ရဟန်းတော်များကို တွေ့ရသည့်အခါ မိမိကိုယ်တိုင်လည်း အလားတူ ဟန်ပန်အမူအရာဖြင့် ရဟန်းတော်များကဲ့သို့ ပြုကျင့်နေသောကြောင့် "ငါလဲ မြတ်တဲ့အကျင့်ကို ကျင့်သူပါပဲ"ဟု ဝန်ခံသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့်ပင် "မြတ်သောအကျင့်ကို မကျင့်ဘဲကျင့်၏-ဟု ဝန်ခံသူဟူသည်မှာ ရဟန်းတု ရဟန်းယောင်ပင် ဖြစ်သည်"ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားရပါသည်၊ "ငါလဲ ရဟန်းပါပဲ"ဟု ပြော၍ ဥပုသ်ကံစသည်တို့၌ ပါဝင်ပြန်လျှင်လည်း "မြတ်သောအကျင့်ကို ကျင့်သူ"ဟု ဝန်ခံရာ ရောက်သည်သာ။ သံဃိကလာဘ်ကို ခံယူပြန်လျှင်လည်း "မြတ်သောအကျင့်ကို ကျင့်သူ"ဟု ဝန်ခံရာရောက်သည်ပင်၊ ထို့ကြောင့် ရဟန်းကောင်းတို့၏အသွင်အပြင်ကို မစွန့်ခြင်းဖြင့် ငါလဲ ရဟန်း-ဟု ဝန်ခံရာ ရောက်သည်"ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပြန်သည်။ အံ-၎-၂၊ ၂၀၃။

ပြည့်နှက်နေသူမျိုးလဲဖြစ်တယ်၊ ကိလေသာဆိုတဲ့ မိုးရေ မိုးပေါက်တွေ စိုစွတ်နေသူ မျိုးလဲ ဖြစ်တယ်၊ (သီလ, သမာဓိ, ပညာ–ဆိုတဲ့ အနှစ်သာရ မရှိလို့ သီလရှိတဲ့ ရဟန်းတွေရဲ့ စွန့်ပစ်မှုကို ခံနေရတဲ့အတွက်) အမှိုက်နှင့်အလား တူတဲ့ ပုဂ္ဂိုလ်မျိုးလဲ ဖြစ်တယ်။

အဲဒီ ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် ဟိုမီးပုံကြီးကို ပွေ့ဖက်ထိုင်နေရတာ, ပွေ့ဖက်အိပ်နေရတာကပဲ ကောင်းပေလိမ့်မယ်၊ မြတ်ပေလိမ့်မယ်။

ရဟန်းတို့ ! မီးပုံကြီးကို ပွေ့ဖက်ထိုင်နေရ, အိပ်နေရတဲ့အတွက် အဲဒီဒုဿီလ ပုဂ္ဂိုလ်ဟာ သေရင်လဲသေသွားမယ်၊ မသေရင်လဲ သေလုမျောပါး ဒုက္ခရောက်ရုံပဲ ရှိမယ်၊ အဲဒီမီးပုံကြီးကို ပွေ့ဖက်ထိုင်နေရခြင်း, ပွေ့ဖက်အိပ်နေရခြင်းကြောင့် ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက် ဘယ်နည်းနှင့်မျှ ငရဲမှာဖြစ်ရစရာမရှိပါဘူး။

အမျိုးသမီးကလေးကို ပွေ့ဖက်ထိုင်နေတာ, ပွေ့ဖက်အိပ်နေတာကသာ အဲဒီ ဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာပျက်ပြားဖို့, ဆင်းရဲဒုက္ခရောက်ဖို့ဖြစ်တယ်၊ ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက်မှာလဲပဲ အဲဒီ ဒုဿီလပုဂ္ဂိုလ်ဟာ ငရဲမှာဖြစ်ရလေဦးမယ်။

အဲဒီငရဲဆိုတာဟာလဲပဲ ချမ်းသာသုခရယ်လို့ တစိုးတစိမျှ မရှိတဲ့ ဒုက္ခမျိုးဖြစ်တယ်၊ ဆင်းရဲအတိပြီးနေတဲ့ ဒုက္ခမျိုးလဲဖြစ်တယ်၊ မကောင်းမှုကို ပြုသူတို့ မကျရောက်ချင်ဘဲ ကျရောက်ရာ ဒုက္ခမျိုးလဲဖြစ်တယ်၊ အဲဒီငရဲမှာ သာယာမက်မောစရာဆိုလို့ ဘာတစ်ခုမှမရှိပါဘူး။

ဒါ့ကြောင့် ဒုဿီလပုဂ္ဂိုလ်တွေဆိုရင်ဖြင့် မီးပုံကြီးကို ပွေ့ဖက်ထိုင်နေရတာ, ပွေ့ဖက်အိပ်နေရတာကပဲ ကောင်းပေလိမ့်မယ်၊ မြတ်ပေလိမ့်မယ်၊ မိန်းမပျိုကလေးကို ပွေ့ဖက်ထိုင်နေရ , ပွေ့ဖက်အိပ်နေရတာကတော့ မကောင်းပါဘူး၊ မမြတ်ပါဘူး”။

၂။ “ရဟန်းတို့ ! ငါဘုရား မိန့်တော်မူမယ့် အကြောင်းအရာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ ဘယ်လိုသဘောရကြသလဲ?”။

ဘုရားရှင်က ရဟန်းများ စိတ်ထဲရှိသည့်အတိုင်း ဖြေဆိုရဲအောင် ခွင့်ပေးလိုက်ပြန်သည်၊ ရဟန်းများ၏အလိုကို အတိအကျရအောင် လမ်းစဖွင့်ပေးလိုက်ပြန်သည်၊ ထို့နောက် မေးတော်မူလိုသည့် အကြောင်းအရာကို ဆက်လက်မေးတော်မူသည်။

“ရဟန်းတို့ ဗလကောင်းတဲ့ ယောကျ်ားတစ်ယောက်က ခိုင်မာ(ကြမ်းတမ်းဆုံးဖြစ်)တဲ့ သားမြီးကြိုးနဲ့ ခြေသလုံးသားနှစ်ဖက်ကို ရစ်ပတ်ပွတ်တိုက်မယ်၊ အဲဒီ သားမြီးကြိုးက အပေါ်ယံအရေပါးကို လိုးဖြတ်မယ်၊ အရေပါးကို လိုးဖြတ်ပြီးတဲ့နောက် အတွင်းအရေထူကို လိုးဖြတ်မယ်၊ အရေထူကို လိုးဖြတ်ပြီးတဲ့နောက် အသားကို

လိုးဖြတ်မယ်၊ အသားကိုလိုးဖြတ်ပြီးတဲ့နောက် အကြောကိုလိုးဖြတ်မယ်၊ အကြောကို လိုးဖြတ်ပြီးတဲ့နောက် အရိုးကိုလိုးဖြတ်မယ်၊ အရိုးကိုလိုးဖြတ်ပြီးတဲ့နောက် ရိုးတွင်းခြင်ဆီကိုရောက်သွားမယ်- ဆိုကြစို့ရဲ့။

နောက်တစ်မျိုးကတော့ မင်းမျိုးမင်းနွယ်ထဲက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတွေရဲ့ရှိခိုးမှု, ပုဏ္ဏားမျိုးရိုးထဲက ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူတွေရဲ့ ရှိခိုးမှု, အိမ်ထောင်ဦးစီးပုဂ္ဂိုလ်တွေထဲက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတွေရဲ့ ရှိခိုးမှု* (ဒကာဒကာမတွေရဲ့ရှိခိုးမှု)ကို သာယာမယ်၊ ကျေနပ်မယ်၊နှစ်သက်မယ်-ဆိုကြစို့ရဲ့"။

* "မင်းမျိုးမင်းနွယ်ထဲက။ပ ။ရှိခိုးမှု"ဟူသော စကားအသုံးအနှုန်းမျိုးကိုလည်း "ပဓာနနည်း"ဟု ကျမ်းဂန်များမှာ ညွှန်ကြားပြဆိုထားပါသည်၊ ယင်းပဓာနနည်း-ဟူသည်မှာ ပဓာနမျှကိုသာ ဆိုထားပါသော်လည်း အပဓာနကိုပါ ယူရသောနည်းမျိုးဖြစ်သည်၊ ဥပမာအားဖြင့်- ရာဇာ အာဂစ္ဆတိ(မင်း လာတယ်၊)ဟုဆိုရာဝယ် 'ပဓာနဖြစ်သော မင်းမျှသာ မဟုတ်၊ အပဓာနဖြစ်သော နောက်လိုက်နောက်ပါ ခြွေရံပရိသတ်လည်း ပါလာသည်'ဟု ယူရသကဲ့သို့ပင်ဖြစ်ပါသည်။

ထို့ကြောင့် ဤနေရာ၌လည်း ချမ်းသာ-ဆင်းရဲ, ပဓာန-အပဓာန မခွဲခြားဘဲ "ဒကာဒကာမတွေရဲ့ ရှိခိုးမှုကို သာယာမယ်"ဟု မိန့်တော်မူလိုရင်း ဖြစ်ပေသည်၊ သို့ဖြစ်၍ နောက်၌လည်း ဤစကားမျိုးကို "ဒကာဒကာမများ"ဟုပင် ပြန်ဆိုသွားပါမည်။

"အဲဒီနှစ်မျိုးထဲက ဘယ်ဟာက မြတ်မလဲ?၊ ဘယ်ဟာက ကောင်းမလဲ?"။

"ဒကာဒကာမတွေရဲ့ရှိခိုးမှုကို သာယာကျေနပ်နှစ်သက်တာက ကောင်းပါတယ် ရှင်တော်မြတ်ဘုရား၊ အားကောင်းတဲ့ ယောကျ်ားရဲ့ ခြေသလုံးနှစ်ဖက်ကို သားမြီးကြိုးနဲ့ရစ်ပတ်ပြီး ရိုးတွင်းခြင်ဆီထိအောင် ပွတ်တိုက်မှုကို ခံရတာကတော့ ကြောက်ဖွယ်လိလိ ဆင်းရဲအတိပါပဲဘုရား"။

"ရဟန်းတို့ ! သင်တို့ကို ပြောရဦးမယ်၊ နားလည်မှုရအောင် ညွှန်ကြားရဦးမယ်။

ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် အားကောင်းတဲ့ယောကျ်ားက သားမြီးကြိုးနဲ့ ခြေသလုံးနှစ်ဖက်ကိုရစ်ပတ်ပြီး ရိုးတွင်းခြင်ဆီထိအောင် ပွတ်တိုက်ခံရတာကပဲ မြတ်ပါသေးတယ်၊ ကောင်းပါသေးတယ်။

ဒီလိုပွတ်တိုက်ခံရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲသေသွားမယ်၊ မသေရင်လဲ သေလုမျောပါးဆင်းရဲဝေဒနာကို ခံစားရမယ်၊ အဲဒီလို သားမြီးကြိုးနဲ့ ပွတ်တိုက်ခံရတဲ့အတွက် ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက် ငရဲကိုတော့ လားရောက်စရာ မရှိပါဘူး။

ဒကာဒကာမတွေရဲ့ ရိုခိုးခြင်းကို သာယာကျေနပ် နှစ်သက်နေတာကတော့ အဲဒီဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာဖို့, ဆင်းရဲဖို့ပဲ ဖြစ်တယ်၊ ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက်မှာလဲပဲ အဲဒီဒုဿီလ ပုဂ္ဂိုလ်ဟာ ငရဲကိုရောက်ရလေဦးမယ်။

ဒါ့ကြောင့် ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင် ဗလကောင်းတဲ့ယောက်ျားက သားမြီးကြိုးနဲ့ ခြေသလုံးနှစ်ဖက်ကိုရစ်ပတ်ပြီး ရိုးတွင်းခြင်ဆီထိအောင် ပွတ်တိုက် ခံရတာကပဲ မြတ်ပေသေးတယ်၊ ကောင်းပေသေးတယ်၊ ဒကာဒကာမတွေရဲ့ ရိုခိုးမှုကို သာယာကျေနပ် နှစ်သက်နေတာကတော့ မကောင်းလှပါဘူး၊ မမြတ်လှပါဘူး”။

၃။ “ရဟန်းတို့ ! ငါဘုရား မိန့်တော်မူမယ့်အကြောင်းအရာကို သင်တို့ ဘယ်လိုထင်ကြသလဲ?၊ ဘယ်လိုသဘောရကြသလဲ?။

အားကောင်းတဲ့ ယောက်ျားတစ်ယောက်က (ရေနဲ့ မသွေးဘဲ) ဆီနဲ့သွေးထားတဲ့ အတွက် အင်မတန်အသွားထက်နေတဲ့လုံနဲ့ ရင်ညွန့်ကို ထိုးမယ်ဆိုပါတော့။

နောက်တစ်မျိုးက ဒကာဒကာမတွေရဲ့ လက်အုပ်ချီမှုကို သာယာကျေနပ် နှစ်သက်နေမယ်ဆိုပါတော့။

အဲဒီ နှစ်မျိုးအနက် ဘယ်ဟာက ကောင်းမယ်လဲ?၊ ဘယ်ဟာက မြတ်မယ်လဲ?”။

“ဒကာဒကာမတွေရဲ့ လက်အုပ်ချီမှုကို သာယာကျေနပ် နှစ်သက်တာကသာ ကောင်းပါတယ်ဘုရား၊ မြတ်ပါတယ်ဘုရား၊ အားကောင်းတဲ့ယောက်ျားရဲ့ အသွားထက်လှတဲ့လုံနဲ့ ရင်ညွန့်တည့်တည့်ကို အထိုးခံရတာကတော့ ကြောက်ဖွယ်လိလိ ဆင်းရဲအတိပါပဲဘုရား”။

“ရဟန်းတို့ !သင်တို့ကို ပြောရဦးမယ်၊ နားလည်မှုရအောင် ညွှန်ကြားရဦးမယ်၊

ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် အားကောင်းလှတဲ့ယောက်ျားရဲ့ အသွား ထက်လှတဲ့လုံနဲ့ ရင်ညွန့်တည့်တည့်ကို အထိုးခံရတာကပဲ ကောင်းပါသေးတယ်၊ မြတ်ပါသေးတယ်။

အဲဒီလို လုံနဲ့အထိုးခံရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲ ဆေးသွားမယ်၊ မသေရင်လဲ သေလုမျောပါး ဆင်းရဲဝေဒနာကို ခံစားရမယ်၊ ဒီလို လုံနဲ့အထိုးခံရတဲ့အတွက် ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက် ငရဲမှာတော့ ဖြစ်ရစရာ မရှိဘူး။

ဒကာဒကာမတွေရဲ့လက်အုပ်ချီမှုကို သာယာကျေနပ် နှစ်သက်နေတာကတော့ အဲဒီဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ကင်းကွာဖို့, ဆင်းရဲ

ဒုက္ခ ရောက်ဖို့ပဲဖြစ်တယ်၊ အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ ခန္ဓာပျက်ကြွေ သေပြီးတဲ့ နောက်မှာလဲ ငရဲမှာဖြစ်ရလေဦးမယ်။

ဒါ့ကြောင့် ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင် အားကောင်းတဲ့ယောက်ျားရဲ့ ထက်လှတဲ့လုံနဲ့ ရင်ညွန့်တည့်တည့်ကို အထိုးခံရတာကပဲ မြတ်ပေသေးတယ်၊ ကောင်းပေသေးတယ်၊ ဒကာဒကာမတွေရဲ့လက်အုပ်ချီမှုကို သာယာကျေနပ် နှစ်သက်နေတာကတော့ မကောင်းပါဘူး၊ မမြတ်ပါဘူး”။

၄။ “ရဟန်းတို့ ! ငါဘုရား မိန့်တော်မူမယ့်အကြောင်းအရာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ ဘယ်လိုသဘောရကြသလဲ?။

သံပြားတစ်ခုဟာ အင်မတန်ပူနေမယ်၊ နီရဲနေမယ်၊ မီးလျှံမီးပွား တဖွားဖွားနဲ့ တောက်ပနေမယ်၊ အရောင်တွေကလဲ တစ်စုတရုံးတည်းဖြစ်နေမယ်၊ အဲဒီလို အဆမတန် ပူနေတဲ့သံပြားနဲ့ အားကောင်းတဲ့ယောက်ျားက တစ်ကိုယ်လုံးကို ရစ်ပတ်မယ်ဆိုကြပါစို့။

ပြီးတော့- နောက်တစ်မျိုးက ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ ပေးလှူတဲ့ သင်္ကန်းကို ဝတ်ရုံသုံးစွဲမယ်ဆိုကြပါစို့။

အဲဒီနှစ်မျိုးအနက် ဘယ်ဟာကကောင်းမလဲ?၊ ဘယ်ဟာကမြတ်မလဲ?”။

“ဒကာဒကာမတွေက သဒ္ဓါတရားနဲ့ ပေးလှူတဲ့သင်္ကန်းကို ဝတ်ရုံသုံးစွဲခြင်းကသာ မြတ်ပါတယ် ရှင်တော်မြတ်ဘုရား၊ အားကောင်းတဲ့ယောက်ျားက အတိုင်းထက်အလွန် ပူလောင်နေတဲ့သံပြားနဲ့ တစ်ကိုယ်လုံးကို ရစ်ပတ်ခံရတာကတော့ ကြောက်စရာ, လန့်စရာ ဆင်းရဲဒုက္ခကြီးပါ ရှင်တော်မြတ်ဘုရား”။

ရဟန်းတို့ !သင်တို့ကို ပြောရဦးမယ်၊ နားလည်မှုရသွားအောင် ညွှန်ကြားရဦးမယ်။

ဒုဿီလပုဂ္ဂိုလ်အတွက် ဆိုရင်ဖြင့် အားကောင်းတဲ့ ယောက်ျားက အလွန်အလွန် ပူလောင်နေတဲ့ သံပြားနဲ့ တစ်ကိုယ်လုံးကို ရစ်ပတ်ခံရတာပဲ ကောင်းပေလိမ့်မယ်။

ဒီလို သံပြားပူကြီးနဲ့ ရစ်ပတ်ခံရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲ သေသွားမယ်၊ မသေရင်လဲ သေလုမျောပါး ဆင်းရဲဝေဒနာကို ခံစားရမယ်၊ ဒီလို အတိုင်းထက်အလွန် ပူလောင်နေတဲ့ သံပြားနဲ့ တစ်ကိုယ်လုံးကို ရစ်ပတ်ခံရတဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက်မှာ ငရဲကို ရောက်ရစရာမရှိပါဘူး၊ ဒကာဒကာမ တွေက သဒ္ဓါတရားနဲ့လှူဒါန်းတဲ့သင်္ကန်းကို ဝတ်ရုံသုံးစွဲတာကတော့ အဲဒီဒုဿီလ

ပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာဖို့, ဆင်းရဲဒုက္ခရောက်ဖို့ပဲ ဖြစ်တယ်၊ အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက်မှာလဲပဲ အပါယ်ငရဲမှာ ဖြစ်ရလေဦးမယ်။

ဒါ့ကြောင့်မို့ ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် အားကောင်းတဲ့ယောကျ်ားက အလွန်အကျွံပူလောင်နေတဲ့ သံပြားနဲ့ ရစ်ပတ်မှုကို ခံရတာကဘဲ ကောင်းပေလိမ့်မယ်၊ သက်သာရာ ရပေလိမ့်မယ်၊ ဒကာဒကာမတွေက သဒ္ဓါတရားနဲ့ လှူဒါန်းတဲ့ သင်္ဃန်းကို ဝတ်ရုံသုံးဆောင်တာကတော့ မကောင်းပါဘူး၊ သက်သာခွင့် ရစရာ မရှိပါဘူး”။

၅။ “ရဟန်းတို့ ! ငါဘုရားမိန့်တော်မူမယ့်အကြောင်းအရာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ ဘယ်လိုသဘောရကြသလဲ?။

သံလုံးတစ်ခုဟာ အလွန့်အလွန် ပူလောင်နေမယ်၊ နီရဲနေမယ်၊ မီးလျှံမီးပွား တဖွားဖွားနဲ့ တောက်ပနေမယ်၊ အရောင်တွေကလဲ တစုတရုံးတည်း ဖြစ်နေမယ်၊ ဗလကောင်းတဲ့ ယောကျ်ားတစ်ယောက်က အဆမတန် ပူလောင်နေတဲ့ သံချိတ်နဲ့ ပါးစပ်ကိုဖွင့်ပြီး အဲဒီအလွန်အကျွံပူလောင်နေတဲ့ သံလုံးကို ပါးစပ်ထဲမှာ ထည့်မယ်၊ အဲဒီသံလုံးဟာ အထည့်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ နှုတ်ခမ်းကိုလဲ လောင်မယ်၊ ပါးစပ်ကိုလဲ လောင်မယ်၊ လျှာကိုလဲ လောင်မယ်၊ လည်ချောင်းကိုလဲ လောင်မယ်၊ ရင်ကို (ဝမ်းကို)လဲ လောင်မယ်၊ အူမနှင့်အူသိမ်ကို ယူပြီး အောက်ကထွက်သွားမယ် ဆိုကြစို့ရဲ့။

ပြီးတော့-နောက်တစ်မျိုးက ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ ပေးကမ်း လှူဒါန်းတဲ့ဆွမ်းကို စားမယ်ဆိုကြစို့ရဲ့။

အဲဒီနှစ်မျိုးအနက် ဘယ်ဟာကကောင်းမလဲ?၊ ဘယ်ဟာကမြတ်မလဲ?”။

“ဒကာဒကာမတွေက သဒ္ဓါကြည်ဖြူ ပေးလှူတဲ့ဆွမ်းကို စားရတာကသာ မြတ်ပါတယ်ဘုရား၊ ကောင်းပါတယ်ဘုရား”။

“ရဟန်းတို့ ! သင်တို့ကို ပြောရဦးမယ်၊ သိမြင်နားလည်သွားအောင် ထပ်ဆင့် ညွှန်ကြားရဦးမယ်။

ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် ဗလကောင်းတဲ့ယောကျ်ားက အလွန်အကျွံ ပူလောင်နေတဲ့သံချိတ်နဲ့ ပါးစပ်ကိုဖြဲပြီး အရည်ပျော်လုနီးပါး အတိုင်းထက်အလွန် ပူလောင်နေတဲ့သံလုံးကို ပါးစပ်ထဲမှာ အထည့်ခံရတာကပဲ ပိုကောင်းပေလိမ့်မယ်၊ ပိုမြတ်ပေလိမ့်မယ်၊ သင့်လျော်လေဦးမယ်။

ဘာ့ကြောင့်လဲဆိုတော့- အတိုင်းထက်အလွန် ပူလောင်နေတဲ့ သံလုံးကို ပါးစပ်ထဲမှာ အထည့်ခံရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲ သေသွားမယ်၊ မသေရင်လဲ သေလုမျောပါး ဆင်းရဲဒုက္ခရောက်ရုံ ရှိမယ်၊ အတိုင်းထက်အလွန် ပူလောင်နေတဲ့ သံလုံးကို ပါးစပ်ထဲမှာ အထည့်ခံရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် ဘယ်နည်းနဲ့မှ ငရဲမှာ ဖြစ်ရစရာ မရှိပါဘူး၊ ဒကာဒကာမတွေက သဒ္ဓါကြည်ဖြူ ပေးလှူတဲ့ ဆွမ်းကို စားတာကတော့ အဲဒီဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ကင်းကွာဖို့, ဆင်းရဲဒုက္ခရောက်ရဖို့သာ ဖြစ်ပေတယ်၊ သေပြီးတဲ့နောက်မှာလဲပဲ အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ ငရဲမှာ ဖြစ်ရလေဦးမယ်၊- ဒါကြောင့်ပါပဲ"။

၆။ "ရဟန်းတို့ ! ငါဘုရားမိန့်တော်မူမယ့်အကြောင်းအရာကို သင်တို့ ဘယ်လို ထင်ကြသလဲ?၊ ဘယ်လို သဘောရကြသလဲ?။

အားကောင်းတဲ့ ယောကျ်ားတစ်ယောက်က ခေါင်းကိုကိုင်လို့ပဲဖြစ်ဖြစ်, ပခုံးကို ကိုင်လို့ပဲဖြစ်ဖြစ် အလွန်အလွန်ပူလောင်နေတဲ့သံခုတင်နှင့် အလွန်အလွန် ပူလောင်နေတဲ့သံထိုင်ခုံပေါ်မှာ အအိပ်ခိုင်းမယ်၊ ဒါမှမဟုတ်ရင်လဲ အထိုင်ခိုင်းမယ် ဆိုကြစို့ရဲ့။

နောက်တစ်မျိုးက ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ ပေးကမ်းလှူဒါန်းထားတဲ့ ခုတင်နှင့်ထိုင်ခုံ(ကုလားထိုင်)ကို သုံးစွဲနေကြမယ်ဆိုကြစို့ရဲ့။

အဲဒီနှစ်မျိုးထဲက ဘယ်ဟာကကောင်းမလဲ?၊ ဘယ်ဟာကမြတ်မလဲ?"။

"ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ ပေးကမ်းလှူဒါန်းထားတဲ့ ခုတင်နှင့် ထိုင်ခုံကို သုံးစွဲနေရတာကသာ ကောင်းပါတယ်၊ မြတ်ပါတယ် ရှင်တော်မြတ်ဘုရား၊ အားကောင်းတဲ့ယောကျ်ားက အလွန်အလွန်ပူလောင်နေတဲ့ သံခုတင်နှင့် အလွန်အလွန်ပူလောင်နေတဲ့သံထိုင်ခုံပေါ်မှာ အတင်းအကြပ်အထိုင်ခိုင်းလို့ ထိုင်ရတာ, အအိပ်ခိုင်းလို့ အိပ်ရတာကတော့ ဆင်းရဲလှပါလိမ့်မယ်ဘုရား"။

"ရဟန်းတို့ !သင်တို့ကို ပြောရဦးမယ်၊ အမြင်မှန်ရလာအောင် ထပ်ဆင့် ညွှန်ကြားရဦးမယ်။

ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် အားကောင်းတဲ့ယောကျ်ားက ခေါင်းကို ကိုင်လို့ပဲဖြစ်ဖြစ်, ပခုံးကိုကိုင်လို့ပဲဖြစ်ဖြစ် အတင်းအကြပ် အထိုင်ခိုင်း, အအိပ်ခိုင်းတဲ့အတွက် အလွန်အလွန်ပူလောင်နေတဲ့ သံခုတင်နှင့် အလွန်အလွန်ပူလောင်နေတဲ့သံထိုင်ခုံပေါ်မှာ ထိုင်ရအိပ်ရတာကပဲ ကောင်းပေလိမ့်မယ်၊ မြတ်ပေလိမ့်မယ်၊ သက်သာလေဦးမယ်။

ဘာ့ကြောင့်လဲဆိုတော့- အလွန်အလွန်ပူလောင်နေတဲ့သံခုတင်နှင့် အလွန်အလွန်ပူလောင်နေတဲ့သံထိုင်ခုံပေါ်မှာ ထိုင်နေရ, အိပ်နေရတဲ့အတွက် အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲသေသွားမယ်၊ မသေရင်လဲ သေလုမျောပါးဒုက္ခခံရမယ်၊ ဒီလိုပူလောင်နေတဲ့သံခုတင်နှင့် သံထိုင်ခုံပေါ်မှာ ထိုင်နေရ, အိပ်နေရတဲ့အတွက် သေပြီးတဲ့နောက် ငရဲမှာတော့မဖြစ်ရပါဘူး၊ ဒကာဒကာမတွေရဲ့ သဒ္ဓါကြည်ဖြူပေးစွန့်လှူဒါန်းထားတဲ့ ခုတင်နှင့်ထိုင်ခုံကို အသုံးပြုနေတာကသာ အဲဒီဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာဖို့, ဆင်းရဲဒုက္ခ ရောက်ဖို့ဖြစ်တယ်၊ သေပြီးတဲ့နောက်မှာလဲပဲ အဲဒီဒုဿီလပုဂ္ဂိုလ်ဟာ ငရဲမှာဖြစ်ရလေဦးမယ်၊ ဒါ့ကြောင့်ပဲဖြစ်တယ်”။

၇။ “ရဟန်းတို့ ! ငါဘုရား မိန့်တော်မူမယ့်အရာကို သင်တို့ ဘယ်လိုထင်မြင်ကြသလဲ?၊ ဘယ်လို သဘောရကြသလဲ?။

သံအိုးကြီးတစ်လုံးဟာ အရည်ပျော်လုမတတ် နီရဲနေမယ်၊ မီးလျှံမီးပွားတဖွားဖွားနဲ့ တောက်ပနေမယ်၊ အရောင်တွေကလဲ တစုတရုံးတည်းဖြစ်နေမယ်၊ အားကောင်းတဲ့ယောက်ျားတစ်ယောက်က ခြေနှစ်ချောင်းကိုအပေါ်ထောင်, ခေါင်းကို စောက်ထိုးထားကိုင်ပြီး အဲဒီအလွန်အလွန်ပူနေတဲ့သံအိုးထဲမှာ ပစ်ထည့်မယ်၊ အဲဒီအထည့်ခံရတဲ့သူလဲပဲ သံအိုးကြီးမှာ အမြှုပ်တစီစီနဲ့ ဆူပွက်ကျက်နေမယ်၊ အဲဒီလိုကျက်နေရင်းနဲ့ အပေါ်ကိုရောက်လိုက်, အောက်ကိုရောက်လိုက်, ဘေးကိုရောက်လိုက်ဖြစ်နေမယ် ဆိုကြစို့ရဲ့။

ပြီးတော့- နောက်တစ်မျိုးက ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့လှူဒါန်းထားတဲ့ကျောင်းကိုအသုံးပြုနေထိုင်မယ် ဆိုကြစို့ရဲ့။

အဲဒီနှစ်မျိုးထဲက ဘယ်ဟာကကောင်းမလဲ?၊ ဘယ်ဟာကမြတ်မလဲ?”။

“ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းကို အသုံးပြုနေထိုင်ရတာကသာ ကောင်းပါတယ်၊ မြတ်ပါတယ်၊ အလွန်အလွန်ပူလောင်နေတဲ့သံအိုးထဲမှာ ပစ်ထည့်ခံရလို့ အမြှုပ်တစီစီနဲ့ ဆူပွက်ကျက်နေတာကတော့ ကြောက်ဖွယ်လိလိဆင်းရဲအတိပဲဖြစ်ပါတယ် ရှင်တော်မြတ်ဘုရား”။

“ရဟန်းတို့ ! သင်တို့ကို ငါဘုရားပြောရဦးမယ်၊ အမြင်မှန်ရသွားအောင် ထပ်ဆင့်ညွှန်ကြားရဦးမယ်။

ဒုဿီလပုဂ္ဂိုလ်အတွက်ဆိုရင်ဖြင့် အလွန်အလွန်ပူလောင်နေတဲ့သံအိုးထဲမှာ ပစ်ထည့်ခံရလို့ အမြှုပ်တစီစီနဲ့ဆူပွက်ကျက်နေရတာကပဲ ကောင်းလေဦးမယ်၊ မြတ်လေဦးမယ်၊ သက်သာလေဦးမယ်။

အလွန့်အလွန်ပူလောင်နေတဲ့ သံအိုးထဲမှာ ဦးခေါင်းဇောက်ထိုး ခြေထောက်မိုးမျှော်ကိုင်ပြီး ပစ်ထည့်ခံရလို့ အမြုပ်တစီစီနဲ့ ဆူပွက်ကျက်နေရတဲ့အတွက် အဲဒီ ဒုဿီလပုဂ္ဂိုလ်ဟာ သေရင်လဲသေသွားမယ်၊ မသေရင်လဲ သေလုမျောပါး ဆင်းရဲဒုက္ခ ရောက်ရုံရှိမယ်၊ ဒီလိုအတိုင်းထက်အလွန် ပူလောင်နေတဲ့သံအိုးထဲမှာ ပစ်ထည့်ခံရလို့ အမြုပ်တစီစီနဲ့ ဆူပွက်ကျက်နေရတဲ့အတွက် ခန္ဓာပျက်ကြွေသေပြီးတဲ့နောက် ဘယ်နည်းနဲ့မှ အပါယ်ငရဲကိုကျရောက်စရာမရှိပါဘူး၊ ဒကာဒကာမတွေက သဒ္ဓါတရားနဲ့ ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းကို သုံးစွဲနေထိုင်တာကသာ အဲဒီ ဒုဿီလပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာကင်းကွာဖို့, ဆင်းရဲဒုက္ခရောက်ဖို့ဖြစ်ပေတယ်၊ ခန္ဓာပျက်ကြွေသေပြီးတဲ့ နောက်မှာလဲပဲ ငရဲမှာ ဖြစ်ရလေဦးမယ်၊ (အကြောင်းကတော့ ဒါပဲဖြစ်ပေတယ်)"။

ဆိုခဲ့ပြီးသမျှစကားရပ်များကို ဤနေရာမှာကောက်ချက်ချကာ ပြဆိုပါဦးမည်။=

၁။ ရဟန်းဖြစ်ပါလျက် မာတုဂါမ၏အတွေ့အထိကို သာယာခဲ့ပါလျှင် အစွမ်းကုန် တောက်လောင်နေသောမီးပုံကြီးကို ပွေ့ဖက်ထိုင်နေရ, အိပ်နေရသည်ထက် ဆိုးဝါးသောဆင်းရဲဒုက္ခကို ခံစားရပေမည်။

၂။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒါယိကာမများ၏ ရှိခိုးမှုကို သာယာကျေနပ်နှစ်သက်နေပါလျှင် သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်ကိုရစ်ပတ်ပြီး ရိုးတွင်းခြင်ဆီထိအောင် ပွတ်တိုက်ခံရသည်ထက်ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရပေမည်။

၃။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒါယိကာမများ၏ လက်အုပ်ချီမှုကို သာယာကျေနပ်နှစ်သက်နေပါလျှင် ရင်ဝတည့်တည့်ကို လှံထိုးခံရသည်ထက် ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရပေမည်။

၄။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒါယိကာမများကလှူဒါန်းသော သင်္ကန်းကို ဝတ်ရုံသုံးဆောင်ပါလျှင် သံပြားပူဖြင့် တစ်ကိုယ်လုံးကို ရစ်ပတ်ခံရ သည်ထက်ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရပေမည်။

၅။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒါယိကာမများလှူဒါန်းသော ဆွမ်းကိုစားပါလျှင် နီရဲအောင်မီးဖုတ်ထားသောသံလုံးကို ပါးစပ်ထဲမှာ အထည့်ခံရသည်ထက်ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရပေမည်။

၆။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒယိကာမများလှူဒါန်းသော ခုတင်ကုလားထိုင်ကိုသုံးစွဲပါလျှင် အလွန်အကျွံပူလောင်နေသော သံခုတင်နှင့် သံကုလားထိုင်ပေါ်မှာ အိပ်ရထိုင်ရသည်ထက်ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရ ပေမည်။

၇။ ရဟန်းဖြစ်ပါလျက် သီလမစင်ကြယ်ဘဲ ဒါယကာဒါယိကာမများ လှူဒါန်းထားသောကျောင်းမှာ နေထိုင်ပါလျှင် အရည်ပျော်လုနီးပါး ပူလောင်နိရဲနေသာသဲအိုးထဲမှာ ပစ်ထည့်ခံရသည်ထက်ဆိုးဝါးသော ဆင်းရဲဒုက္ခကို ခံစားရပေမည်။

ဆောင်။ ။မိန်းမတွေ့.ထိ, မီးပုံညိလော့၊ ခဲဘိရှိခိုး, သားမြီးကြိုးတည့်၊ ချိမိုးလက်အုပ်, ရင်အုပ်လုံထိုး၊ သင်္ကန်းမျိုးဟူ, သံပြားပူသာ၊ ဆွမ်းမူသံလုံး, အပူဆုံးပင်၊ ခုတင်သံပူ, ကျောင်းမူသံအိုး, ကြောက်ဖွယ်မျိုးသည်,.....ရွံ.စိုးသီလ ဖြည့်ပါမှ။

"ရဟန်းတို့ ! ဒီလို အကြောင်းကြောင်းကို ထောက်ထားပြီးတော့ သင်တို့တစ်တွေဟာ -

ငါတို့က ဒကာဒကာမတွေရဲ့ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး (ပစ္စည်းလေးပါးတို့ကို) သုံးစွဲနေကြရတယ်၊ (ငါတို့က သီလစင်ကြယ်ပါမှ) ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့မှုကိုပြုနေကြတဲ့ ဒကာဒကာမတွေရဲ့ အဲဒီကောင်းမှုတွေဟာ အကျိုးအာနိသင် (အကျိုးဆက်=ဆင့်ပွားအကျိုး) ကြီးမားပေလိမ့်မယ်၊ ငါတို့ရဲ့ ရဟန်းဘဝဟာလဲပဲ အချည်းနှီးအလကားမဖြစ်ဘဲ အကျိုးရှိလာလိမ့်မယ်၊ တိုးပွားလာလိမ့်မယ်၊ ဒီလိုနှလုံးသွင်းပြီး ကောင်းကောင်းမွန်မွန်သာ ကျင့်သင့်ပေတယ်၊ ဖောက်လွဲဖောက်ပြန်တော့ မကျင့်သင့်ပေဘူး။

ရဟန်းတို့ ! မိမိအကျိုးကို ကောင်းစွာမြင်တဲ့ (မိမိအကျိုးကို လိုလားတဲ့)သူဟာ အပပမာဒတရားနှင့် မလွဲမသွေ ပြည့်စုံသင့်ပေတယ်။

ရဟန်းတို့ ! သူတစ်ပါးအကျိုးကို ကောင်းစွာမြင်တဲ့ (သူတစ်ပါးအကျိုးကို လိုလားတဲ့)သူဟာ အပပမာဒတရားနှင့် မလွဲမသွေ ပြည့်စုံသင့်ပေတယ်။

ရဟန်းတို့ ! မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့အကျိုးကို ကောင်းစွာမြင်တဲ့သူဟာ အပပမာဒတရားနှင့် မလွဲမသွေ ပြည့်စုံသင့်ပေတယ်"။

ဤ၌ အကျိုးဟူသည်မှာ မျက်မှောက်အကျိုး, တမလွန်အကျိုး, လောကီအကျိုး, လောကုတ္တရာအကျိုးများပင် ဖြစ်ပေသည်။

ဘုရားရှင်က ဤ(အဂ္ဂိက္ခန္ဓောပမသုတ္တန်)တရားတော်ကို ဟောတော်မူလတ်သော် ခြောက်ကျိပ်မျှသော ရဟန်းတို့ သွေးအန်ကြသည်၊ ခြောက်ကျိပ်မျှသော ရဟန်းတို့က "လိုက်နာပြုကျင့်ရန် ခဲယဉ်းလှပါတယ်ဘုရား၊ လိုက်နာပြုကျင့်ရန် ခဲယဉ်းလှပါတယ်ဘုရား" ဟု လျှောက်ထားပြီး သိက္ခာချ၍ လူဝတ်လဲကြသည်၊ ခြောက်ကျိပ်မျှသောရဟန်းတို့က အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားကြသည်။

ထိုရဟန်းများအနက် သွေးအန်သောရဟန်းများမှာ ပါရာဇိကကျပြီးသူ(ဒုဿီလ)များ ဖြစ်ကြသည်၊ လူဝတ်လဲသောရဟန်းများမှာ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များ (အောက်သိက္ခာ ပုဒ်ကလေးများ)ကို ကျူးလွန်ဖောက်ဖျက်ကြသူ(အလဇ္ဇီ)များဖြစ်ကြသည်၊ ရဟန္တာ ဖြစ်တော်မူသွားသော ရဟန်းတော်များမူ သီလစင်ကြယ်သူများပင်ဖြစ်ကြသည်၊ ဘုရားရှင်၏တရားတော်သည် ဤရဟန်းသုံးမျိုးလုံးအတွက်ပင် အကျိုးသက်ရောက်မှု ရှိပေသည်။

ဤ၌ ရဟန္တာဖြစ်သွားသော ရဟန်းများအတွက် အကျိုးသက်ရောက်မှု ရှိသည်ဆို ရာဝယ် အငြင်းပွားဖွယ်ရာ မရှိပါ၊ စောဒကတက်စရာ မရှိပါ၊ 'သွေးအန်သောရဟန်း, လူဝတ်လဲသောရဟန်းများအတွက် ဘယ်လိုအကျိုးသက်ရောက်မှု ရှိပါသလဲ'ဟု အငြင်း ပွားဖွယ်ရာ, စောဒကတက်စရာ ရှိနေပါသည်။

သွေးအန်သောဒုဿီလရဟန်းတို့သည် ဤတရားတော်ကို မကြားနာရပါလျှင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပင် နေကြပေလိမ့်မည်၊ မိမိတို့ရရှိထားသော ရဟန်း ဘဝကို စွန့်လွှတ်နိုင်ကြမည် မဟုတ်၊ ယင်းသို့ သီလမရှိဘဲ ရဟန်းဘဝဖြင့်ပင် ဆက်လက် နေထိုင်ခဲ့ပါလျှင် 'နေမြင့်လေ အရူးရင့်လေ' ဆိုဘိသကဲ့သို့ သူတို့၏မကောင်းမှုအကု သိုလ်သည် ကြာလေကြာလေ တိုးပွားလေလေ ဖြစ်လာပါလိမ့်မည်၊ ယင်းမကောင်းမှု အကုသိုလ်က သူတို့ကို အပါယ်ဘုံမှာ ထပ်ဖန်တလဲလဲ နစ်မြုပ်စေလိမ့်မည်၊ သူတို့သည် အတော်နှင့် အပါယ်ဘုံမှ လွတ်လပ်ခွင့်ရကြတော့မည်မဟုတ်၊ ဤတရားတော်ကို ကြားနာရသည့်အခါမှာမူ သူတို့သည် ပြင်းစွာထိတ်လန့်လာကြသည်၊ သံဝေဂရလာ ကြသည်၊ သို့ဖြင့် ရဟန်းဘဝကို စွန့်လွှတ်ကြသည်၊ သာမဏေဘဝကို ခံယူကြသည်၊ သာမဏေဘဝဖြင့်ပင် သက်ဆိုင်ရာသီလကျင့်ဝတ်တို့ကို စောင့်ထိန်းဖြည့်ကျင့်ပြီး ကမ္မဋ္ဌာန်း တရား ကြိုးစားအားထုတ်ကြသည့် အခါမှာအချို့က သောတာပန်ဖြစ်သွား ကြသည်၊ အချို့က သကဒါဂါမ်ဖြစ်သွားကြသည်၊ အချို့က အနာဂါမ်ဖြစ်သွား ကြသည်၊ အချို့က နတ်ပြည်မှာဖြစ်ကြရသည်၊ ဤသို့လျှင် ပါရာဇိကကျပြီးသူ (ဒုဿီလ) များအတွက်လည်း အကျိုးသက်ရောက်မှု ရှိသွားပေသည်။

လူဝတ်လဲသွားသော ရဟန်းများသည်လည်း ဤတရားတော်ကိုသာ မကြားနာရ ပါလျှင်တစ်နေ့ကုန်တစ်နေ့ပြောင်း အချိန်ကာလကြာညောင်းလာသည့်အခါ သံဃာဒိသေသ် သိက္ခာပုဒ်များကိုလည်း လွန်ကျူးလာကြလိမ့်မည်၊ ပါရာဇိကသိက္ခာပုဒ်များကိုလည်း လွန်ကျူးလာကြလိမ့်မည်၊ ထို့ကြောင့် အပါယ်ဘုံမှာပင် ထပ်ကာထပ်ကာဖြစ်ပြီး ကြီးမား သောဆင်းရဲဒုက္ခကို ခံစားရဖွယ်ရာရှိနေပေသည်၊ ဤတရားတော်ကို ကြားနာရသည့် အခါမှာမူကား "ဘုရားရှင်ရဲ့သာသနာတော်ဟာ ကိလေသာနည်းပါးသည်ထက်နည်း ပါးအောင် ထူထောင်ထားတဲ့ သာသနာပါတကား၊ ဒီသာသနာတွင်းအကျင့်ကို ငါတို့ အသက်ထက်ဆုံး ပြည့်စုံအောင်ကျင့်နိုင်ကြမယ် မဟုတ်ပါဘူး၊ သိက္ခာချလူဝတ်လဲပြီး

ဥပါသကာတို့ရဲ့ကျင့်ဝတ်ကို ဖြည့်ကျင့်ရင်းနှင့်ပဲ ဆင်းရဲဒုက္ခမှ လွတ်အောင်လုပ်ကြစို့ရဲ့"ဟု စဉ်းစားဆင်ခြင် အသိဉာဏ်ဝင်လာကြသည်၊ ထို့နောက် သိက္ခာချ လူဝတ်လဲကြသည်၊ သူတို့သည် သရဏဂုံလည်းဆောက်တည်ကြသည်၊ ငါးပါးသီလကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြသည်၊ ဥပါသကာတို့၏ကျင့်ဝတ်တရားများကိုလည်း ဖြည့်ကျင့်ကြသည်၊ သို့ဖြင့် သောတာပန်ဖြစ်သူကဖြစ်သည်၊ သကဒါဂါမ်ဖြစ်သူဖြစ်သည်၊ အနာဂါမ်ဖြစ်သူ ဖြစ်သည်၊ နတ်ပြည်မှာဖြစ်သူဖြစ်သည်၊ ဤသို့လျှင် လူဝတ်လဲသွားသူများ အတွက်လည်း အကျိုးသက်ရောက်မှုရှိသည်သာဖြစ်ပေသည်။

ထို့ပြင်-ဘုရားရှင်ထံမှာ ဤတရားတော်ကို ကြားနာခဲ့ရသော နတ်အပေါင်းတို့က ကြားနာရသူများကိုရော မကြားနာသူများကိုရော တွေ့သမျှ မြင်သမျှ အကုန်လုံးကိုပင် လှည့်လည်ပြောကြားနေကြသည်၊ (ဤသည်မှာ ဘုရားရှင်၏ သာသနာသန့်ရှင်းရေး လုပ်ငန်း၌ နတ်များပါ ပါဝင်ကူညီမှု တစ်မျိုးပင်ဖြစ်ပါသည်။)

(သဒ္ဓါဓာတ်ခံနည်းပါးသော) ရဟန်းများလည်း ကြားပြီးရင်းကြားရင်း ကြားရဖန်များလာသည့်အခါ "ဘုရားရှင်ရဲ့သာသနာတော်မှာ တစ်သက်လုံး(တစ်သက်ပန်) ပြည့်စုံသန့်ရှင်းစွာ ရဟန်းတရားကိုကျင့်ရန် ခဲယဉ်းလှပါတယ်"ဟု ဆင်ခြင်စဉ်းစားအသိတရား ရလာကြသည်၊ အစုလိုက် အပြုံလိုက် လူဝတ်လဲကြသည်၊ တစ်စုတစ်စုမှာ ရဟန်းဆယ်ပါးလည်း ပါသည်၊ နှစ်ဆယ်လည်း ပါသည်၊ ခြောက်ဆယ်လည်း ပါသည်၊ တစ်ရာလည်း ပါသည်၊ တစ်ထောင်လည်း ပါသည်၊ သို့ဖြင့် လူဝတ်လဲသွားသော ရဟန်းအရေအတွက်မှာ မနည်းလှတော့ပါ။

ဘုရားရှင်လည်း အလိုတော်ရှိသလောက် ဒေသစာရီလှည့်လည်တော်မူပြီး ဧတဝဒန်ကျောင်းတိုက်သို့ပင် ပြန်ကြွလာခဲ့သည်၊

"ရဟန်းတို့ ! ငါဘုရားဟာ ခရီးဒေသစာရီ လှည့်လည်ကြွချီနေတုန်းက ကြာရှည်လေးမြင့် ရောနှောယှက်တင်နေလာခဲ့ရတယ်၊ လခွဲလုံးလုံး တစ်ပါးတည်း ကိန်းအောင်းလိုတယ်၊ (လခွဲကြာအောင် တစ်ပါးတည်း နေ့စဉ် ဖလသမာပတ်ဝင်စားနေလိုတယ်၊) ဆွမ်းလာပို့တဲ့ ရဟန်းတစ်ပါးအပြင် ဘယ်သူမှ (ဒီလခွဲအတွင်းမှာ) ငါဘုရားထံကို မလာကြနှင့်"။

ဧတဝဒန်ကျောင်းတိုက်ကို ပြန်ရောက်သည့်အချိန်မှာ ဘုရားရှင်က ရဟန်းတို့ကို မိန့်ကြားတော်မူသည်၊ ယင်းသို့မိန့်တော်မူပြီး လခွဲကြာအောင် တစ်ပါးတည်း ကိန်းအောင်း (တစ်ပါးတည်း နေ့စဉ် ဖလသမာပတ်ကို ခံစား) နေတော်မူသည်။

ဤလခွဲအတွင်း၌ ဘုရားရှင်အား ရဟန်းတော်များ ဖူးတွေ့ခွင့်ရကြပါလျှင် ရှင်တော်မြတ်ဘုရား ! ယနေ့ ရဟန်းဆယ်ပါး လူဝတ်လဲသွားကြပါပြီ၊ ယနေ့ ရဟန်းတစ်ရာ လူဝတ်လဲသွားကြပါပြီ၊ စသည်ဖြင့် ဘုရားရှင်ကို လာရောက်လျှောက်ထားကြပေလိမ့်မည်၊

ယင်းသို့ ရဟန်းတော်များလူဝတ်လဲသွားကြကြောင်းကို ကြားသိရသည့်အခါ ဘုရားရှင်အတွက် တားမြစ်ရန်လည်းမတော်၊ လျစ်လျူရှုရန်လည်းမလျော်ပါ၊ တားမြစ်ပါက ဘုရားရှင်သည် မိမိသာသနာမှာ အလဒ္ဓီ ဒုဿီလတို့ကို လက်ခံထားရာရောက်ပေလိမ့်မည်၊ လျစ်လျူရှုနေပြန်လျှင်လည်း မလိုသူတို့က တစ်မျိုးတစ်ဖုံ ပြစ်တင်ပြောဆိုစရာဖြစ်လာပါမည်၊ ထို့ကြောင့် ဘုရားရှင်သည် လခွဲကြာအောင် မည်သူတစ်ဦးတစ်ယောက်မျှ အတွေ့မခံဘဲ ဖလသမာပတ်ဝင်စားနေခြင်းဖြစ်တန်ရာပါသည်။

ယင်းလခွဲအတွင်းမှာပင် ဘုရားရှင်၏သာသနာတော်မှ ဒုဿီလရဟန်းများလည်းကင်းသွားခဲ့သည်၊ အလဒ္ဓီရဟန်းများလည်း ရှင်းသွားခဲ့သည်၊ သို့ဖြင့်– သာသနာတော်သန့်ရှင်းစင်ကြယ်သွားသလောက် ရဟန်းတော်များ နည်းပါးလာခဲ့သည်၊ ဤသည်မှာ ဘုရားရှင် ကိုယ်တော်တိုင် လုပ်ကိုင်ဆောင်ရွက်လာခဲ့ရသော သာသနာတော် သန့်ရှင်းရေးဖြစ်ပေသည်။

မေတ္တာ ဘာဝနာ

အချိန်စေ့သည့်အခါ ဘုရားရှင်သည် တစ်ပါးတည်းကိန်းအောင်းတော်မူရာမှ ထလာခဲ့သည်၊ အရှင်အာနန္ဒာနှင့်အတူ ကျောင်းတိုက်ကို လှည့်ပတ်ကြည့်ရှုတော်မူသည်၊ ရဟန်းတော်များ နည်းသွား(လျော့ပါးသွား)သည်ကို တွေ့မြင်တော်မူရသည်။

ဘုရားရှင်သည် ကျန်ရှိနေသော ရဟန်းတော်များကို တွေ့ရသည့်အခါ ယင်းရဟန်းများအပေါ်မှာလည်း သနားကြင်နာ ကရဏာသက်ရောက်လာသည်၊ ရဟန်းများအားဒါယကာဒါယိကာမများက သဒ္ဓါကြည်ဖြူ ပေးလှူစွန့်ကြဲထားသောပစ္စည်း လေးပါးကို မလွဲမရောင်သာသုံးဆောင်ရသည့်အခါ အပြစ်ကင်းသောသုံးဆောင်နည်းကိုလည်း ညွှန်ပြတော်မူလိုသည်၊ သို့ဖြင့် အကြောင်းစုံကိုသိပြီးဖြစ်စေကာမူ မသိသကဲ့သို့ (မသိကျိုးကျန်ပြု၍) စကားလက်စရအောင် အရှင်အာနန္ဒာကိုမေးတော်မူသည်။

"အာနန္ဒာ ! အခြားအချိန်များမှာဆိုရင် ငါဘုရား ခရီးဒေသစာရီ လှည့်လည်ကြွချီရာက ပြန်ရောက်လာတဲ့အခါ ဇေတဝန်ကျောင်းတိုက်ကြီးတစ်ခုလုံးဟာ သင်္ကန်းရောင်တွေနဲ့ ဝင်းထိန်နေခဲ့တယ်၊ ရဟန်းတွေရဲ့ဂုဏ်နဲ့တွေ, ဂုဏ်နဲ့နဲ့ ထုံထားတဲ့ကိုယ်နံ့တွေနဲ့ ထက်ဝန်းကျင်(အရပ်ရှစ်မျက်နှာလုံး) ပျံ့လွှင်နေတယ်၊ ရဟန်းတွေရဲ့ သွားလာလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ လေတွေကလဲ နေရာအနှံ့ရှိနေခဲ့တယ်၊ ယခုတော့ ရဟန်းတွေ နည်းနေတာကိုပဲ တွေ့နေရတော့တယ်၊ ပြီးတော့ "ရဟန်းတော်တွေဟာ အများအားဖြင့် ဖြူဖပ်ဖြူရော်ဖြစ်နေကြတယ်၊ ဒါဟာ ဘယ်လိုဖြစ်ကြတာလဲ?" ။

"ရှင်တော်မြတ်ဘုရား ! အရှင်ဘုရားတို့က အဂ်ိုက္ခနွောပမသုတ္တန်တရားတော်ကို ဟောပြီးချိန်ကစပြီး ရဟန်းတော်များဟာ ပြင်းစွာထိတ်လန့် တုန်လှုပ်လာကြပါတယ်၊

တို့တစ်တွေဟာ ဒီသာသနာတော်ကို အဖက်ဖက်မှ ပြည့်စုံအောင် ဖြည့်ကျင့်နိုင်ကြမယ် မဟုတ်ဘူး၊ ကောင်းကောင်းမကျင့်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်ဆိုရင်လဲပဲ ဒကာဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ ပေးလှူထားတဲ့ ပစ္စည်းလေးပါးကို မသုံးစွဲသင့်တော့ဘူး၊ ဒီလို သဘောပေါက်လာကြပါတယ်၊ ဒါနဲ့ လူဝတ်လဲကုန်ကြပါတယ်ဘုရား"။

ရှင်အာနန္ဒာ၏ လျှောက်ထားချက်ကို ကြားရသည့်အခါ ဘုရားရှင်မှာ ဓမ္မသံဝေဂ ဖြစ်လာသည်၊(ဤကဲ့သို့ ကိစ္စမျိုးမှာ ဖြစ်ရိုးဖြစ်စဉ်အနေဖြင့် ဖြစ်ပေါ်လာသည့် သြတ္တပ္ပနှင့် တကွဖြစ်သော ဉာဏ်တော်ကိုပင် 'ဓမ္မသံဝေဂ'ဟု ခေါ်သည်။)

"ငါဘုရား တစ်ပါးတည်းကိန်းအောင်းနေချိန်မှာ မည်သူတစ်ဦး တစ်ယောက်ကမျှ ငါ့သားတော်များအတွက် စိတ်သက်သာကြောင်း(ကမ္မဋ္ဌာန်း)တစ်ခုကိုမျှ မပြောခဲ့ကြဘူး၊ မဟာသမုဒ္ဒရာမှာ သက်ဆင်းရာဆိပ်ကမ်းတွေ အများကြီး ရှိသလို ငါဘုရားရဲ့သာသနာတော်မှာလဲပဲ စိတ်သက်သာစရာအချက်အလက်တွေ အများကြီး ရှိနေတာပဲ၊ အာနန္ဒာ! သွားစမ်း၊ ဂန္ဓကုဋိပရဝုဏ်မှာ ငါဘုရားအတွက် နေရာခင်းထားခဲ့ပြီး ရဟန်းတွေအား ဒီကိုလာရောက်စည်းဝေးကြရမယ်-ဆိုတဲ့ အကြောင်းပြောလိုက်တော့"။

ရှင်အာနန္ဒာက ဘုရားရှင်မိန့်တော်မူသည့်အတိုင်း နေရာလည်းခင်းထားခဲ့သည်၊ ရဟန်းတော်များကိုလည်း လိုက်လံပြောကြားသည်၊ ရဟန်းတော်များလည်း အစုံအညီ ရောက်လာကြသည်၊ ဘုရားရှင်က ရှင်အာနန္ဒာခင်းထားခဲ့သော ဘုရားနေရာမှာထိုင်နေတော်မူသည်။

"ရဟန်းတို့! လက်ဖျစ်တစ်တွက်လောက် မေတ္တာစိတ်ကိုမှီဝဲသောရဟန်း, ဖြစ်စေသောရဟန်း, နှလုံးသွင်းသောရဟန်းများကို စျာန်နှင့်မကင်းကွာဘဲနေသူ, ဘုရားရှင်၏အဆုံးအမကိုပြုကျင့်သူ, ဘုရားရှင်၏ဩဝါဒကို လိုက်နာသူ, တိုင်းသူပြည်သားလူအများက လေးစားကြည်ဖြူပေးလှူသောဆွမ်း(ရဋ္ဌပိဏ္ဍ)ကို အချည်းနှီးမဖြစ်စေဘဲသုံးဆောင်သူ(အကျိုးရှိအောင်သုံးဆောင်သူ)ဟု ဆိုသင့်သည်။

ယင်းမေတ္တာစိတ်ကို ကြိမ်ဖန်များစွာ ပွားများနေသူများအတွက်မူ အထူးပြောစရာပင်မလိုတော့ချေ"။ အံ-ပါ-၁၊ ၉။

ဤသို့ ဘုရားရှင်က အပြစ်ကင်းမဲ့သော ပစ္စည်းလေးပါးသုံးစွဲနည်းကို ညွှန်ကြားတော်မူသည်၊

[လူအများက လေးစားကြည်ဖြူပေးလှူသော ဆွမ်းဆိုသော်လည်း ဆွမ်းမျှသာမဟုတ်ပါ၊ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ (သဒ္ဓါတရားဖြင့်ပေးလှူသောဘောဇဉ်ကိုသုံးဆောင်၍)စသော စကားရပ်တို့ဖွဲ့ကဲ့သို့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်းလေးပါးလုံးကိုပင် ယူရသည်၊ ဤသို့ ယူရသောနည်းမျိုးကို

နိဒဿနနည်း (အထင်ကို ဆိုသဖြင့် အလုံးစုံကို ရသောနည်း)ဟု ကျမ်းဂန်များ၌ ပြဆိုလေ့ရှိသည်။]

ဤ၌ မေတ္တာဘာဝနာမျှကိုသာပြဆိုထားပါသော်လည်း "မေတ္တာမှတစ်ပါး သမထ ဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားများသောရဟန်းကိုလည်း ဒါယကာဒါယိကာမများ ပေးလှူသောပစ္စည်းလေးပါးကို အကျိုးရှိအောင်သုံးဆောင်သူ" ဟုပင်ဆိုသင့်ပါသည်။

ထို့ပြင် မေတ္တာဘာဝနာကို ပွားများသောရဟန်းကို မြေဖုတ်ဘီလူးများလည်း မနှိပ်စက်နိုင်ပါ။

"မိန်းမများ၍ ယောကျ်ားနည်းသော အိမ်ဟူသမျှကို မီးအုပ်ဆောင်းခိုးသူ* တို့က ဖျက်ဆီးရန်လွယ်ကူသကဲ့သို့ မေတ္တာတရား မပွားများမလေ့လာသော ရဟန်းကို မြေဖုတ်ဘီလူးတို့က လွယ်ကူစွာဖျက်ဆီးနိုင်သည်။

မိန်းမနည်း၍ ယောကျ်ားများသောအိမ်တို့ကို မီးအုပ်ဆောင်းခိုးသူတို့သည် ဖျက်ဆီးရန်မလွယ်ကူသကဲ့သို့ မေတ္တာတရားကို ပွားများလေ့လာသောရဟန်းကို မြေဖုတ်ဘီလူးတို့သည် လွယ်ကူစွာမဖျက်ဆီးနိုင်ပေ။

ထို့ကြောင့် မေတ္တာတရားကို ငါတို့ပွားများမယ်၊ ထပ်ဖန်တလဲလဲအားထုတ်မယ်၊ ယာဉ်သဖွယ်ပြုလုပ်မယ်၊ ဆောက်တည်မယ်၊ ကောင်းစွာပွားများမယ်၊ ကောင်းကောင်း အားထုတ်မယ်-ဟု ပြုကျင့်ရမည်၊ စိတ်ဆုံးဖြတ်ထားရမည်"။ သံ-ပါ-၁၊ ၄၅၄။ ၅၊ ၂၁၆။

ဤသည်မှာ ရဟန်းတော်များအတွက်ဖြစ်ပေသည်၊ လူများအတွက်လည်း မေတ္တာ တရားသည် အကျိုးကြီးမားလှပေသည်။

"တစ်ဦးသောသူသည် နံနက်တစ်ကြိမ်, နေ့တစ်ကြိမ်, ညတစ်ကြိမ် (တစ်နေ့မှာ သုံးကြိမ်) ဆွမ်းကောင်းဟင်းကောင်း အပြည့်ထည့်ထားသော အိုးတစ်ရာကို ပေးလှူရာ၏။

တစ်ဦးသောသူမူကား နွားနို့တစ်ညှစ်ခန့်မျှ (နွားမနို့ကို အရင်းမှကိုင်၍ အဖျားသို့ ဆွဲချရုံမျှ)မေတ္တာစိတ်ကို ပွားများရာ၏။

ဤသို့ နွားနို့တစ်ညှစ်ခန့်မျှ မေတ္တာပွားများခြင်းသည် တစ်နေ့မှာ သုံးကြိမ် လှူသည်ထက် အကျိုးကြီး၏"။ သံ-ပါ-၁၊ ၄၅၅။ ၅-၂၊ ၂၀၆။

သတ္တဝါများအပေါ်မှာ တကယ်သဘောမပါစေဘဲ စီးပွားချမ်းသာလိုလားသောသဘောကို 'မေတ္တာ'ဟုခေါ်သည်၊ယင်းမေတ္တာကို မိမိစိတ်အစဉ်၌ အဖန်ဖန်ဖြစ်စေခြင်း, တိုးပွား

* မီးအုပ်ဆောင်းခိုးသူဟူသည်မှာ လက်နှိပ်ဓာတ်မီး မရှိသေးသည့်အတွက် မီးအုပ်ဆောင်းကို အသုံးပြုကာ သူတစ်ပါးအိမ်မှာ ပစ္စည်းဥစ္စာ ရှာဖွေခိုးယူသူမျိုး ဖြစ်သည်။

စေခြင်းကို 'မေတ္တာဘာဝနာ'ဟု ခေါ်သည်၊ မေတ္တာဘာဝနာပွားများပုံကို ကျယ်အံ့စိုး သောကြောင့် လျစ်လျူရှုရတော့သည်။

ယင်းမေတ္တာဘာဝနာကို လက်ဖျစ်တစ်တွက်, မျက်စိတစ်မှိတ်လောက် ပွားများလျှင်ပင် ဒါယကာဒါယိကာမများ လှူဒါန်းသောပစ္စည်းလေးပါးကို သုံးဆောင်နိုင်သည်၊ လှူဒါန်းသော ဒါယကာဒါယိကာမများအတွက်လည်း အကျိုးရှိသည်။

ဤ၌ သုဒ္ဓိလေးပါးနှင့် ပရိဘောဂလေးမျိုးတို့ကိုလည်း ဆက်လက်လေ့လာသင့် ပါသည်၊ သမဏဘဒြ(၄၄)၌ အပြည့်အစုံပြဆိုထားခဲ့သည်ကို ပြန်လည်ကြည့်ရှုစေလို ပါသည်။

မေတ္တာပွားကာ အလှူခံပါ

မေတ္တာဘာဝနာ(သမထဝိပဿနာဘာဝနာ)ကို ပွားများသောရဟန်းသာမဏေ၏ပစ္စည်းလေးပါးကိုသုံးစွဲ ခြင်းသည် ပစ္စဝေက္ခဏာပင် မဆင်ခြင်မိသော်လည်း ဣဏာပရိဘောဂ (ကြွေးမကင်းသော သဘောဖြင့် သုံးဆောင်ခြင်း)မဖြစ်ချေ၊ သာမိပရိဘောဂ(ပိုင်ရှင်သဘောဖြင့်သုံးစွဲခြင်း), ဒါယဇ္ဇပရိ ဘောဂ(အမွေစားအမွေခံသဘောဖြင့်သုံးစွဲခြင်း)တို့သာဖြစ်ပေသည်၊ ထို့ကြောင့် မေတ္တာဘာဝနာပွားများသော ရဟန်းသာမဏေ၏ ပစ္စည်းလေးပါးကိုသုံးစွဲခြင်းသည် အပြစ်ကင်းသောသုံးစွဲခြင်းမျိုးပင်ဖြစ်ပေသည်။

ထို့ပြင် မေတ္တာဘာဝနာကိုပွားများသောရဟန်းအား ပေးလှူသောဒါနသည် အကျိုးကြီး၏၊ ကျယ်ပြန့်သောအကျိုးကို ဖြစ်စေနိုင်၏၊ ကြီးကျယ်သောအကျိုးဆက် ရှိ၏၊ ကြီးမားသော အာနုဘော်ရှိ၏၊ ကြီးမားကျယ်ပြန့်လှ၏၊ ထို့ကြောင့်လည်း မေတ္တာ ဘာဝနာကို ပွားများသော ရဟန်းသာမဏေ၏ ပစ္စည်းလေးပါးကို သုံးစွဲမှသည် အချည်းနှီးမဟုတ်ချေ၊ မိမိသူတစ်ပါး နှစ်ဦးသားအတွက် အကျိုးများလှပေသည်။

သို့ဖြစ်၍ ရဟန်းသာမဏေများသည် ဒါယကာဒါယိကာမများ ပေးလှူသောပစ္စည်းကို အလှူခံကာနီးမှာ မေတ္တာဘာဝနာကိုဖြစ်စေ, ဗုဒ္ဓါနုဿတိစသော ဘာဝနာတစ်ခုခုကိုဖြစ်စေ ပွားများပြီးမှ ခံယူပါက မိမိအတွက်လည်းအကျိုးများ, အလှူရှင်များအတွက်လည်း အကျိုးများပါလိမ့်မည်။

မေတ္တာဘာဝနာကို လက်ဖျစ်တစ်တွက်, မျက်စိတစ်မှိတ်လောက် ပွားများလျှင်ပင် ဒါယကာဒါယိကာမများ လှူဒါန်းသောပစ္စည်းလေးပါးကို သုံးဆောင်နိုင်သည်၊ လှူဒါန်းသော ဒါယကာဒါယိကာမများအတွက်လည်း အကျိုးရှိသည်၊ ထို့ကြောင့် "ရဟန်းသာမဏေ များသည် မေတ္တာပွားကာအလှူခံကြပါ"ဟု ဆိုလိုပါသည်၊ အခြားသမထဝိပဿနာ ဘာဝနာ တစ်ခုခုကိုနှလုံးသွင်းကာ အလှူခံပါလျှင်လည်း သင့်လျော်လျောက်ပတ်သည်သာ ဖြစ်ပေသည်။

သာသနာသန့်ရှင်းရန် ဘုရားညွှန်

စမွာမြို့ ဂဂ္ဂရာရေကန်နားဌိ ဘုရားရှင် သီတင်းသုံးနေတော်မူချိန်ဖြစ်သည်၊ ရဟန်းတော်များက ရဟန်းတစ်ပါးကို အာပတ်သင့်ကြောင်း (ဝိနည်းပြစ်ရှိနေကြောင်း) ပြောဆိုကြသည်၊ အပြောခံရသောရဟန်းက မိမိအပြစ်ကိုဝန်မခံဘဲ အမျိုးမျိုး ရှောင်လွဲပြောဆိုနေသည်၊ အမျက်ထွက်လာသည်၊ စိတ်ဆိုးလာသည်၊ မနှစ်သက် (မကျေနပ်မှု) ကိုလည်း ဖော်ပြနေတော့သည်။

"ရဟန်းတို့ ! ဒီပုဂ္ဂိုလ်ကို (သာသနာတော်က) နှင်ထုတ်ပစ်လိုက်ကြတော့၊ ရဟန်းတို့ ! ဒီပုဂ္ဂိုလ်ကို (သာသနာတော်က) နှင်ထုတ်ပစ်လိုက်ကြတော့၊ ဒီပုဂ္ဂိုလ်ဟာ (သာသနာတော်က) ထုတ်ပယ်သင့်သူဖြစ်တယ်၊ သူတစ်ပါး၏ တပည့်သားမြေးသဖွယ် ဖြစ်နေတဲ့ သုတ်သင်ရှင်းလင်းပစ်ရမယ့် ဒီလိုပုဂ္ဂိုလ်နဲ့ သင်တို့မှာ ဘာအကျိုးရှိတော့မှာလဲ?"။

ဤသို့ မိန့်တော်မူပြီးသည့်နောက် ဘုရားရှင်က ကြောင်းကျိုးဖော်ပြ ဆက်လက် မိန့်ဟတော်မူပြန်သည်။

ရဟန်းတို့ ! စပါးပုံကြီးကို လှေ့တဲ့အခါမှာ အနှစ်အဆန်ပြည့်ဝတဲ့စပါးတွေက တစ်နေရာမှာ စုပုံနေတယ်၊ အနှစ်အဆန်မရှိတဲ့ စပါးဖျင်းတွေကို လေက တစ်နေရာသို့ လွင့်စင်သွားစေတယ်၊ စပါးရှင်တွေဟာ အဲဒီစပါးဖျင်းတွေကို တမြှက်စည်းနဲ့ အားသွန်ခွန်စိုက် ဘေးကို လှေ့ထုတ်ပစ်ပြန်တယ်၊ အဲဒီလို လှေ့ထုတ်ပစ်ခြင်းဟာလဲပဲ စပါးကောင်းတွေကို မပျက်စီးစေလိုတဲ့ အတွက်ကြောင့်ပဲဖြစ်တယ်။

ရဟန်းတို့ ! ဒီဥပမာအတိုင်းပဲ ဒီသာသနာတော်မှာ ရဟန်းအချို့ရဲ့ သွားပုံ, လာပုံ, ရှေ့ကိုကြည့်ပုံ, သပိတ်သင်္ကန်းဆောင်ပုံတွေဟာ အခြားရဟန်းကောင်းတွေနဲ့ မခြားနားပါဘူး၊ သူ့အာပတ်(သူ့ဝိနည်းပြစ်)ကို မတွေ့ရ, မသိရသေးသမျှတော့ အတူတူလိုပဲ ဖြစ်နေတယ်၊သူ့အာပတ်(သူ့ဝိနည်းပြစ်)ကို ရဟန်းတွေက တွေ့ရှိသိမြင်ရတဲ့အခါကျမှ ဒီသူဟာ ရဟန်းလောကကို ဖျက်ဆီးနေသူပဲ၊ ရဟန်းအဖျင်းပဲ၊ ရဟန်းအမှိုက်ပဲဆိုတာ သိကြရတော့တယ်၊ ဒီလို သိရတဲ့အခါမှာ အဲဒီရဟန်းကို ဖယ်ထုတ်ဖျက်ဆီးကြရ တော့တယ်၊ အဲဒီလို ဖယ်ထုတ်ဖျက်ဆီး ကြရခြင်းဟာလဲပဲ အခြားရဟန်းကောင်းတွေ မပျက်စီးစေလိုတဲ့အတွက်ကြောင့်ပဲဖြစ်တယ်။

၁။ သံဝါသာ ယံ ဝိဇာနာထ , ပါပိစ္ဆော ကောဓနော ဇ္ဈတိ၊
မက္ခီ ထမ္ဘီ ပလာသီ စ , ဣဿုကီ မစ္ဆရီ သဋ္ဌော။
၂။ သန္တော်ဝါစော ဧနံဝတိ , သမဏော ဝိယ ဘာသတိ၊
ရဟော ကရောတိ ကရဏံ , ပါပဒိဋ္ဌိ အနာဒရော။
၃။ သံသပ္ပီ စ မုသာဝါဒီ , တံ ဝိဒိတွာ ယထာတထံ၊
သဗ္ဗေ သမဂ္ဂါ ဟုတွာန , အဘိနိဗ္ဗဇ္ဇယာထ နံ။

က။ လိုဆိုးရှိနေ-ထွက်အမျက်နှင့် , ကျေးဇူးချေဖျက်-စိတ်ခက်ထန်၊
အပြိုင်ပြုမူ-ငြူစူတတ်လို့ , သဝန်ကြောင်တတ်-ကောက်ကျစ်လွန်၊
ပရိသတ်လယ်-ရဟန်းစစ်လို , သိမ်မွေ့ကျစ်လစ်-ပြောဆိုပြန်၊
မကောင်းမှုကို-ကွယ်ရာလုပ်လို့ , ယုမှားညံ့ယုတ်-ရှိသေတန်။

ခ။ ဂနာမငြိမ်-လိမ်ညာပြောတဲ့ , သူ၏သဘော-မှန်အကန်၊
အတူနေထိုင်-သိနိုင်သားမို့ , ရဟန်းကောင်းများ-မကြွင်းကျန်၊
စုရုံးညီညာ-နောက်မဆုတ်ဘဲ , ယင်း ရဟန်းယုတ်-နှင်ထုတ်ရန်၊
သာသနာတော်-သန့်ရှင်းရေးကို , နောင်ပါမြော်တွေး-ဘုရားညွှန်။

အတူနေထိုင်တာနဲ့ပဲ ဒီရဟန်းဟာ အလိုဆိုးရှိတယ်၊ အမျက်ထွက်တတ်တယ်၊ ကျေးဇူးကန်းတယ်၊ စိတ်နှလုံးခက်ထန်တယ်၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်တတ်တယ်၊ ငြူစူတတ်တယ်၊ (သူတစ်ပါးရဲ့ဂုဏ်ကို မလိုလားမနှစ်သက်တတ်၊) ဝန်တိုတတ်တယ်၊ (နှမြောတွန့်တိုတယ်၊)ကောက်ကျစ်တယ်။

ပရိသတ်အလယ်မှာ အပြောအဆို သိမ်မွေ့တယ်၊ ရဟန်းကောင်းလို ပြောဆိုတတ်တယ်၊ကွယ်ရာမှာ မကောင်းမှုကို ပြုတတ်တယ်၊ ယုတ်ညံ့တဲ့အယူ ရှိနေတယ်၊ ရိုသေလေးစားမှု မရှိ၊ ဂနာမငြိမ်ဘဲ မုသားပြောတတ်တယ်-ဆိုတာကို သိနိုင်တာပဲ၊ အဲဒီလို အမှန်အကန် သိရတဲ့အခါမှာ ရဟန်းကောင်း အကုန်လုံးတို့က ညီညွတ် စုရုံးပြီး အဲဒီရဟန်းယုတ်ကို နှင်ထုတ်ပစ်ကြရမယ်။

၄။ ကာရဏ္ဍာဝံ နိဒ္ဓမထ , ကသမ္ဗုံ အပကဿထ၊
တတော ပလာပေ ဝါဟေထ , အဿမဏေ သမဏမာနိနေ။
၅။ နိဒ္ဓမိတွာန ပါပိစ္ဆေ , ပါပအာစာရဂေါစရေ၊
သုဒ္ဓါသုဒ္ဓေဟိ သံဝါသံ , ကပ္ပယဝှေါ ပတိဿတာ၊
တတော သမဂ္ဂါ နိပကာ , ဒုက္ခဿန္တံ် ကရိဿထ။

ဂ။ အမှိုက်သဖွယ်-ရဟန်းယုတ်ကို , သင်တို့နှင်ထုတ်-ပစ်ရမယ်၊
အပုပ်ကောင်နှယ်-ရဟန်းယုတ်နှင့် , အစစ်မဟုတ်-စစ်ထင်ဖွယ်၊
ရဟန်းဖျင်းတွေ-လွှင့်စင်သွားအောင် , လွှင့်ထုတ်ဖယ်ရှား-ပစ်လို့ရယ်၊
လိုဆိုးရှိနေ-အကျင့်ယုတ်နှင့် , ကျက်စားညံ့ယုတ်-စုံပြည့်ကြွယ်။

ဃ။ ရဟန်းယုတ်တွေ-နှင်ကာထုတ်လို့ , သီလအဟုတ်-ဖြူစင်ကြယ်၊
ရဟန်းမြတ်မွန်-အချင်းချင်းသာ , ကျိုးနွံပေါင်းသင်း-ပြုသင့်တယ်၊
ယင်းသို့ပြုလျှင်-တစ်ဆင့်တက်လို့ , ညီညွတ်ရင့်ကျက်-လာလို့ရယ်၊
ဒုက္ခဆုံးစွန်-နိဗ္ဗာန်ရောက်တော့ , ချမ်းသာလျှမ်းတောက်-ဖြိုးမောက်ကြွယ်။

(သီလပျက်စီးနေတဲ့အတွက်) အမှိုက်သဖွယ်ဖြစ်နေတဲ့ ရဟန်းယုတ်ကို (အမှိုက်ကိုကဲ့သို့ မငဲ့မကွက်ဖယ်ရှား) နှင်ထုတ်ကြရမယ်၊ နောက်နောက်ကျကျ

အပုပ်ရေတွေ[၁] ယိုထွက်နေတဲ့ အလောင်းကောင်သဖွယ်ဖြစ်တဲ့ ရဟန်းယုတ်, ရဟန်းအစစ်အမှန်မဟုတ်ဘဲ ရဟန်းလို့ ထင်မှတ်နေကြရတဲ့ ရဟန်းဖျင်း[၂] တွေကို လွှင့်စင်သွားအောင် လွှင့်ထုတ်ပစ်ကြရမယ်။

အလိုဆိုးလဲရှိ, ယုတ်ညံ့တဲ့အကျင့် ယုတ်ညံ့တဲ့ ကျက်စားရာလဲ ရှိကြတဲ့ ရဟန်းယုတ်တွေကို နှင်ထုတ်ပြီးတဲ့နောက် သီလစင်ကြယ်တဲ့ ရဟန်းတော်တွေ အချင်းချင်း ရိုသေကျိုးနွံစွာ ပေါင်းသင်းဆက်ဆံမှုကို ပြုကြရမယ်၊ ဒီလို ပေါင်းသင်းဆက်ဆံတဲ့အတွက် ညီညွတ်လာ ရင့်ကျက်လာပြီး ဝင့်ဒုက္ခရဲ့အဆုံးကို ပြုနိုင်ကြလိမ့်မယ်၊ နိဗ္ဗာန်ကို ရောက်နိုင်ကြလိမ့်မယ်။ အံ-ပါ-၃၊ ၁၆။ ဌ-၊၁၉၇။ ဋီ-၃၊ ၂၀၇။

ဤသုတ္တန်သည် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြရသည့် ရဟန်းသာမဏေများအတွက် သာသနာ့သန့်ရှင်းရေးကို မည်သို့ဆောင်ရွက်သင့်ကြောင်း ဘယ်လိုပုဂ္ဂိုလ်မျိုးနှင့် ပေါင်းသင်းဆက်ဆံလျက် သာသနာရေးလုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်ကိုင်သင့်ကြောင်း နည်းပေးညွှန်ကြားလျက် ရှိနေပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတိုင်းကသာ ဤသုတ္တန်လာတိုင်း လိုက်နာကျင့်သုံးကြပါလျှင် ဗုဒ္ဓမြတ်စွာက ကြိုးကြိုးစားစား တည်ထောင်ထားခဲ့သော သာသနာတော်မြတ်သည် အမြဲသန့်ရှင်းတည်တံ့ နေပေလိမ့်မည်။

သာသနာသန့်ရှင်းတည်တံ့ရန် တစ်မျိုးညွှန်

ဘုရားရှင်သည် ဒုဿီလပုဂ္ဂိုလ်များကို နှင်ထုတ်ခိုင်းရုံမျှသာ မဟုတ်သေးပါ၊ သီလဝန္တ(သီလရှိသော) ရဟန်းတော်များကို တွေ့ရသည့်အခါမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်တတ်ပါသည်၊ ချီးကျူးဂုဏ်တင်တတ်ပါသည်၊ ဤကဲ့သို့ ပြုကျင့်တော်မူခြင်းသည်လည်း သာသနာတော် သန့်ရှင်းတည်တံ့ရန် လမ်းညွှန်ခြင်းတစ်မျိုးပင် ဖြစ်ပါသည်၊ ဒုဿီလကို ဖယ်ရှား၍ သီလဝန္တ ရဟန်းတော်များကို သိမ်းသွင်းခြင်း ကူညီထောက်ပံ့ခြင်း ချီးကျူးဂုဏ်တင်ခြင်းသည်ပင် သာသနာတော် သန့်ရှင်းတည်တံ့ရေးမည်သည် မဟုတ်ပါလော။

၁။ နောက်ကျူသော, အပုပ်ရေများ ယိုစီးထွက်ကျနေသော အလောင်းကောင်(အသုဘ)သဖွယ်ဖြစ်နေတဲ့ ရဟန်းယုတ် ကိုလည်း (မင်းပရိသတ်တို့၏အလယ်ကို ဝင်ရောက်လာသော, ပေါက်ကွဲ၍ အရည်ယိုထွက်ကျနေသည့် အနာကြီးရောဂါစွဲကပ်နေသော ဒွန်းစက္ကားကဲ့သို့) မောင်းထုတ်ပစ်ရမည်၊ အကြောင်းမူကား= သံဃာ့အာရာမ်မည်သည် သီလရှိသောရဟန်းတော်များအတွက်သာ ပြုလုပ်ထားအပ်ပေသည်၊ ဒုဿီလများအတွက် ပြုလုပ်ထားအပ်သည်ကား မဟုတ်ချေ။

၂။ အတွင်းမှ အနှစ်အဆန်ကင်းမဲ့သော စပါးဖျင်းများကို အပြင်ပအခွံအားဖြင့် ကောက်စပါး(အစစ်)ဟု ထင်ရသကဲ့သို့ ထို့အတူ အတွင်း၌သီလမရှိသော ရဟန်းယုတ်တို့ကိုလည်း အပြင်အပ၌ သင်္ကန်းစသော ပရိက္ခရာဖြင့် ရဟန်းအစစ်ကဲ့သို့ ထင်ရပေသည်၊ ထို့ကြောင့် ရဟန်းဖျင်း-ဟု ဆိုရပေသည်။ဋီ-၊ ၂၀၈

တစ်ချိန်မှာ ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်၊ ဥပုသ်နေ့မှာ ရဟန်းအပေါင်း ခြံရံထိုင်နေတော်မူသည်၊ ဘုရားရှင်က ရဟန်းတော်များကို စောင်းငဲ့ကြည့်တော်မူသည်၊ ကြည့်တော်မူသမျှ အရပ်မျက်နှာတိုင်းမှာ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြသော ရဟန်းတော်များကိုသာ တွေ့နေရပါသည်။

ယင်းသို့ ဝတ်အကျင့်နှင့်ပြည့်စုံသော ရဟန်းများကို မြင်တော်မူသည့်အခါ ဘုရားရှင်မှာ တရားနှင့်စပ်ယှဉ်သော ဝမ်းမြောက်မှု ဖြစ်လာသည်၊ ရဟန်းများကို ချီးမွမ်း(ဂုဏ်တင်)ရန် အလိုဆန္ဒ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့်ပင် ရဟန်းတော်များအား ထုတ်ဖော် မိန့်ကြားတော်မူပါတော့သည်။

"ရဟန်းတို့ ! ဒီပရိသတ်ဟာ ဒုဿီလအဖျင်းမှ ကင်းစင်ပါပေတယ်၊ ဒုဿီလဆိုတဲ့ အညစ်အကြေးမှ စင်ကြယ်ပါပေတယ်၊ သီလစတဲ့ အနှစ်တွေနဲ့ ပြည့်ဝနေပါပေတယ်။

ဒီလိုသဘောရှိတဲ့ ရဟန်းသံဃာမျိုး, ပရိသတ်မျိုးဟာ ရပ်ဝေးက ဆောင်ယူလာတဲ့ အလှူကိုလဲ ခံယူထိုက်ပေတယ်၊ ဧည့်သည်တို့အလို့ငှါ စီမံထားတဲ့ ဝတ္ထုပစ္စည်းကိုလဲ ခံယူထိုက်ပေတယ်၊ ဘဝသံသရာအတွက် ရည်စွယ်လှူဒါန်းတဲ့ အလှူကိုလဲ ခံယူထိုက်ပေတယ်၊ လက်အုပ်ချီမိုး ရှိခိုးခြင်းငှာလဲ ထိုက်တန်လှပေတယ်၊ လောကသူလောကသား အပေါင်းရဲ့ကုသိုလ်မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်လဲ ဖြစ်ပေတယ်။

ဒီလိုသဘောရှိတဲ့ ရဟန်းသံဃာမျိုး,ပရိသတ်မျိုးအား နည်းနည်းပေးလှူတဲ့ အလှူဟာ များပြားတဲ့အကျိုး ရှိပေတယ်၊ များများပေးလှူတဲ့ အလှူကျတော့ သာလွန်များပြားတဲ့ အကျိုးရှိပေတယ်။

ဒီလိုသဘောရှိတဲ့ ရဟန်းသံဃာမျိုး, ပရိသတ်မျိုးကို ဖူးမြော်ဖို့ ယူဇနာအရာအထောင် ဝေးကွာတဲ့အရပ်ကိုလဲပဲ ရိက္ခာထုပ်ထမ်းကာ သွားသင့်ပေတယ်။

ရဟန်းတို့ !ရူပါဝစရပထမစျာန်,ဒုတိယစျာန်,တတိယစျာန် စတုတ္ထစျာန်တို့ကို ရရှိထားတဲ့ ရဟန်းကို ဥပပတ္တိနတ်အဖြစ်သို့ ရောက်တယ်လို့ ဆိုရမယ်၊ ဒီရဟန်းသံဃာထဲမှာ အဲဒီ ဥပပတ္တိနတ်အဖြစ်သို့ ရောက်နေတဲ့ ရဟန်းတွေလဲ ပါဝင်နေတယ်။

မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ-ဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးကို ပွားများနေတဲ့ ရဟန်းကို ဗြဟ္မာအဖြစ်သို့ ရောက်နေတယ်-လို့ ဆိုသင့်တယ်၊ ဒီရဟန်းသံဃာတွေထဲမှာ အဲဒီလို ဗြဟ္မာအဖြစ်သို့ ရောက်နေတဲ့ ရဟန်းတွေလဲ ပါဝင်နေတယ်။

အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန-ဆိုတဲ့ အရူပစျာန်လေးပါးကို အဆင့်ဆင့်ရရှိထားတဲ့ ရဟန်းမျိုးကို

မတုန်မလှုပ်ခြင်းသို့ ရောက်နေတယ်-လို့ ဆိုရမယ်၊ ဒီရဟန်းသဲဃာထဲမှာ အဲဒီလို မတုန်မလှုပ်ခြင်းသို့ ရောက်နေတဲ့ ရဟန်းတွေလဲ ပါဝင်နေတယ်။

ဒုက္ခ, သမုဒယ, နိရောဓ,မဂ္ဂ-ဆိုတဲ့သစ္စာလေးပါးကို အဟုတ်အမှန် သိမြင်ထားတဲ့ ရဟန်းမျိုးကို အရိယာအဖြစ်သို့ ရောက်တယ်-လို့ ဆိုရမယ်၊ ဒီရဟန်းသဲဃာထဲမှာ အဲဒီလိုအရိယာအဖြစ်သို့ ရောက်နေတဲ့ ရဟန်းတွေလဲ ပါဝင်နေတယ်"။
အံ-ပါ-၁၊ ၅၀၃။ ၄-၂၊ ၃၆၃။ ဋီ-၊ ၃၆၁။

၁။ ဒုဿီလအဖျင်း ကင်းစင်ပြီး သီလအနှစ် ပြည့်ဝရမည်၊
၂။ ဇြဟ္မဝိဟာရတရား လေးပါးကို ပွားများရမည်၊
၃။ တတ်နိုင်က စွာန်သမာပတ်ရသူ, သစ္စာသိမြင်သူ ဖြစ်ရမည်။

ဤဂုဏ်အရည်အခြင်းနှင့် ပြည့်စုံသော ပရိသတ်မျိုးကိုသာ ဘုရားရှင်က လိုလားနှစ်သက်တော်မူပါသည်၊ ချီးကျူးဂုဏ်တင်တော်မူပါသည်။

သို့ဖြစ်၍ ယခုခေတ်၌ ပရိသတ်လက်ခံမွေးမြူနေကြသော သာသနာ့ဦးသျှောင် ဆရာတော်များကလည်း ဘုရားရှင် လိုလားသော ပရိသတ်မျိုးဖြစ်လာအောင် အထူးကြိုးစား ပြုပြင်သင့်ပါသည်၊ ယင်းသို့သာ ခေါင်းဆောင်ဆရာတော်တိုင်းက ကြိုးစား အားထုတ် လုပ်ကိုင်ဆောင်ရွက်ကြမည် ဆိုပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အမြဲ သန့်ရှင်းတည်တံ့နေပေလိမ့်မည်။

ဒုဿီလနှင့် ရောနှောယှက်တင် မနေရ

ဒုဿီလနှင့် ရောနှောယှက်တင် အကျမ်းတဝင် နေခြင်းသည်လည်း သာသနာတော်ညစ်နွမ်းအောင်, ဆုတ်ယုတ်အောင်, ကွယ်ပျောက်အောင် ပြုလုပ်ရာရောက်ပါသည်။

ဒေဝဒတ်သည် အဇာတသတ်မင်းသားကို ကြည်ညိုအောင် လုပ်သည်၊ လာဘ်ပူဇော်သက္ကာရကို ဖြစ်စေသည်၊ အဇာတသတ်မင်းသားက ဒေဝဒတ်အတွက် ဂယာသီသအရပ်မှာ ကျောင်းဆောက်လုပ်စေသည်၊ ဖွယ်ဖွယ်ရာရာ အရသာနှင့်ပြည့်စုံသည့် ဆွမ်းအိုးငါးရာကို နေ့စဉ်နေ့တိုင်း ပို့စေသည်။

ယင်းဆွမ်းများသည် ထူးထွေမွန်မြတ် ရသဓာတ်နှင့် ပြည့်စုံသည်၊ သုံးနှစ်ပတ်လုံးထုံထားသည့် မွေးကြိုင်သော (ဆန်များဖြင့် ချက်ထားသည့်)ဆွမ်းများဖြစ်သည်၊ လာဘ်ပူဇော်သက္ကာရကို အကြောင်းပြု၍ ဒေဝဒတ်မှာ အခြံအရံ များလာသည်၊ အခြံအရံ ပရိသတ်နှင့်တကွ ဒေဝဒတ်သည် ကျောင်းမှာပင်နေသည်၊ (ဆွမ်းခံမှုကိုပင် မပြုတော့ပါ။)

ထိုအချိန်ဝယ် ရာဇဂြိုဟ်မြို့မှာ သူငယ်ချင်းနှစ်ယောက် ရှိနေသည်၊ တစ်ယောက်က ဘုရားရှင်ထံမှာ ရဟန်းပြုသည်၊ တစ်ယောက်က ဒေဝဒတ်ထံမှာ ရဟန်းပြုသည်၊ သူတို့

နှစ်ယောက်သည် ဟိုဟိုဒီဒီ အကြောင်းသင့်ရာမှာလည်း တွေ့ဆုံကြသည်၊ ကျောင်းကို သွား၍လည်း တွေ့ဆုံကြသည်။

"ငါ့ရှင် ! ချွေးတစိုစိုနဲ့ ဘာ့ကြောင့် နေ့တိုင်း ဆွမ်းခံသွားနေရပါသလဲ?၊ ဒေဝဒတ်ဟာ ဂယာသီသကျောင်းမှာ နေရင်းပဲ ဖွယ်ဖွယ်ရာရာ အရသာရှိတဲ့ ဘောဇဉ်တွေကိုချည်း စားသောက်နေတယ်၊ (ငါ့ရှင်မှာ) ဒီလိုနည်းပရိယာယ်ကလေး တစ်ခုမှ မရှိတော့ဘူးလား?၊ ငါ့ရှင်ဟာ ဘာ့ကြောင့် ဒုက္ခခံနေရသလဲ?၊ နံနက်စောစော ဂယာသီသကို ကြွလာရင် ငါ့ရှင်ဟာ ဟင်းလျာတွေပါတဲ့ ယာဂုကို သောက်ရမယ်၊ ပြီးတော့ အချိုပွဲအချဉ်ပွဲတွေ ၁၈-မျိုးလောက် ဘုဉ်းပေးရဦးမယ်၊ ပြီးတော့ ဖွယ်ဖွယ်ရာရာ အရသာပြည့်ဝတဲ့ ဆွမ်းကောင်းဟင်းကောင်းတွေကိုလဲ စားရဦးမယ်၊ ဒါဟာ ငါ့ရှင်အတွက် မတော်ဘူးလား?၊ မကောင်းဘူးလား?" ။

ဒေဝဒတ်၏ တပည့်ရဟန်းက ထပ်ကာထပ်ကာ ပြောဆိုလာသော စကားကို အကြားရ များလာသည့်အခါ ဘုရားရှင်၏တပည့် ရဟန်းကလေးမှာ ဂယာသီသကို သွားလိုစိတ် ဖြစ်ပေါ်လာသည်။

သို့ဖြင့် ထိုရဟန်းသည် ဂယာသီသကို သွားရောက်ဘုဉ်းပေးသည်၊ ထို့နောက် ခပ်စောစောပင် ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ကြွလာခဲ့သည်၊ မကောင်းသော အလုပ် မည်သည် အမြဲတစေ ဖုံးကွယ်၍ ရရိုးမရှိပါ၊ တစ်နေ့မဟုတ် တစ်နေ့မှာ ဘူးပေါ်သလို ပေါ်လာတတ်သည်၊ ဤသဘောအတိုင်းပင် ထိုရဟန်း၏ ဂယာသီသကို သွားပြီး ဒေဝဒတ်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်နေမှုသည်လည်း မကြာမီမှာပင် ပေါက်ကြား လာပါတော့သည်၊ ယင်းသို့ ပေါက်ကြားလာသည့်အခါ အတူနေရဟန်းများက ထိုရဟန်းကို မေးမြန်းစိစစ်ကြပါတော့သည်။

"ငါ့ရှင် ! ငါ့ရှင်ဟာ ဒေဝဒတ်အတွက် ဝတ်တည်ထားတဲ့ဆွမ်းကို စားနေတယ် ဆိုတာ မှန်ရဲ့လား?" ။

"ဒီလို ဘယ်သူက ပြောသလဲ?" ။

"ဘယ်သူဘယ်သူတွေက ပြောတာပဲ ငါ့ရှင်" ။

"ငါ့ရှင်တို့ ! တပည့်တော် ဂယာသီသကို သွားတာတော့ မှန်ပါတယ်၊ ဒါပေမယ့် တပည့်တော်ကို ဒေဝဒတ်က ဆွမ်းမပေးပါဘူး၊ အခြားသူတွေကသာ ပေးကြပါတယ်" ။

"ငါ့ရှင် ! ဒေဝဒတ်ဟာ ဘုရားရှင်ရဲ့ဆန့်ကျင်ဘက် ဆူးငြောင့်သဖွယ် ရန်သူပါ၊ ဒုဿီလပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်၊ အဇာတသတ်မင်းသားကို ကြည်ညိုအောင်လုပ်ပြီး တရားလမ်းကြောင်းနှင့် မညီဘဲ မိမိအတွက် လာဘ်ပူဇော်သက္ကာရကို ဖြစ်စေခဲ

ပါတယ်၊ ငါ့ရှင်ဟာ ဝဠုဆင်းရဲက ထွက်မြောက်စေတတ်တဲ့ ဒီလို နိယျာနိက သာသနာတော်မှာ ရဟန်းပြုလာပြီး တရားလမ်းကြောင်းနှင့် မညီဘဲ ဖြစ်ပေါ်လာတဲ့ ဒေဝဒတ်ရဲ့ ဘောဧည့်ကို စားမှစားရက်ပလေတယ်၊ လာ, လိုက်ခဲ့တော့၊ ငါ့ရှင်ကို ဘုရားရှင်ထံတော်သို့ ပို့ဆောင်ရတော့မှာပဲ”။

ရဟန်းများက ပြောပြောဆိုဆို ထိုရဟန်းကို ခေါ်၍ တရားသဘင်သို့ ရောက်လာကြသည်၊ ရှေတော်မှောက်ကို ရောက်လာသည့်အခါ ဘုရားရှင်က ရဟန်းတို့ကို မေးတော်မူသည်။

“ရဟန်းတို့ !(မလိုက်ပါလိုတဲ့) အဲဒီရဟန်းကို ဘာ့ကြောင့် ခေါ်လာကြရသလဲ?”။

“မှန်လှပါ ရှင်တော်မြတ်ဘုရား၊ ဒီရဟန်းဟာ ရှင်တော်မြတ်ဘုရားထံမှာ ရဟန်းပြုပြီး ဝိနည်းတရားတော်နှင့် မညီဘဲ ဖြစ်ပေါ်လာတဲ့ ဒေဝဒတ်ရဲ့ ဆွမ်းကို စားနေပါတယ်”။

ရဟန်းများ၏ လျှောက်ထားစကားကို ကြားရသည့်အခါ ဘုရားရှင်ကထိုရဟန်းကို မေးတော်မူပြန်သည်၊

“ရဟန်း !သင်ဟာ တရားနှင့်မလျော်ဘဲ ရထားတဲ့ ဒေဝဒတ်ဆွမ်းကို စားတယ်ဆိုတာ မှန်ရဲ့လား?”။

“ရှင်တော်မြတ်ဘုရား !ဒေဝဒတ်က တပည့်တော်ကို ပေးတာ မဟုတ်ပါ၊ အခြားသူတွေကသာ ပေးကြပါတယ်၊ အဲဒီ အခြားသူတွေက ပေးတဲ့ ဆွမ်းကိုသာ တပည့်တော်က စားပါတယ်”။

“ရဟန်း !သင်က ဒီဒေဝဒတ်ရဲ့ ဆွမ်းကို စားတဲ့ကိစ္စမှာ ရောင်လွှဲပြောဆိုမှုကို မပြုနှင့်တော့၊ ဒေဝဒတ်ဟာ မသင့်လျော်တာတွေကို ပြုကျင့်နေတဲ့ ဒုဿီလပုဂ္ဂိုလ် ဖြစ်တယ်၊ သင်ဟာ ဒီမှာ ရဟန်းပြုပြီး ငါဘုရားရဲ့ သာသနာတော်ကို ချဉ်းကပ်ဝင်ရောက်လာသူ ဖြစ်လျက်သားနဲ့ (ဒေဝဒတ်ရဲ့ဆွမ်းကို) စားမှစားရက်ပလေတယ်၊ သင်ဟာ အခါခပ်သိမ်း တွေ့ကရမြင်ကရသူတွေကို ဆည်းကပ်တတ်တာပဲ”။

ဘုရားရှင်က ထိုရဟန်းကို နှိပ်ကွပ်ပြောဆိုပြီးသည့် အဆုံးမှာပင် မဟိလာမုခဇာတ် (၄-၁၊ ၂၀၁။)ကို ဟောတော်မူသည်၊ ထို့နောက် သြဝါဒစကား မိန့်ကြားတော်မူပြန်သည်။

“ရဟန်းဆိုတာဟာ ကိုယ့်မှာ ရထားတဲ့ပစ္စည်းနဲ့ ရောင့်ရဲသူ (နှစ်သိမ့်ကျေနပ်နိုင်သူ) ဖြစ်ရမယ်၊ သူတစ်ပါး ရထားတဲ့ ပစ္စည်းကို မတောင့်တသင့်ဘူး၊ သူတစ်ပါး ရထားတဲ့ပစ္စည်းကို မျှော်လင့်တောင့်တတဲ့ ရဟန်းမှာ စျာန်, ဝိပဿနာ ,မဂ်,ဖိုလ် ဆိုတဲ့ တရားတွေ တစ်ခုတလေမှ မဖြစ်နိုင်ဘူး၊ အမှန် ကတော့ ကိုယ့်မှာရထားတဲ့ ပစ္စည်းနဲ့ ရောင့်ရဲနိုင်တဲ့ ရဟန်းမှာသာ စျာန်စတဲ့ တရားတွေ ဖြစ်နိုင်တယ်”။

ဩဝါဒစကားတော်၏ အဆုံးမှာ ဘုရားရှင်က တရားစကား ဆက်၍ မိန့်တော်မူပြန်သည်။

သလာဘံ နာတိမညေယျ , နာညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု , သမာဓိံ နာဓိဂစ္ဆတိ။

ဆွမ်းခံကြွကာ-ဖွေရှာထားတဲ့ , ကိုယ့်ပစ္စည်းများ-လေးစားပါ၊
သူများဥစ္စာ-လာဘ်လာဘကို , မျှော်လင့်တောင့်တ-မပြုရာ၊
သူများတကာ-ပစ္စည်းစုကို , မျှော်တောင့်တမှု-ပြုသူမှာ၊
စျာန်မဂ်ရမှာ-ဝေးကွာလှလို့ , သမာဓိမျှ-မရပါ။

ရဟန်းဆိုတာ မိမိရလာတဲ့ ပစ္စည်းကို အထင်မသေးရ၊ သူတစ်ပါး ရလာသော ပစ္စည်းကို မမျှော်လင့် မတောင့်တရ၊ သူတစ်ပါး ရလာသောပစ္စည်းကို မျှော်လင့်တောင့်တနေသော ရဟန်းသည် စိတ်တည်ကြည်မှု (သမာဓိ)ကိုမျှ မရနိုင်ပေ။

အထင်သေးသူ အိမ်စဉ်အတိုင်း ဆွမ်းခံရပ်သော အကျင့်ကို ပယ်စွန့်လျက် မအပ်မရာ ရှာဖွေခြင်းဖြင့် အသက်မွေးသောရဟန်းသည် မိမိရထားသော ပစ္စည်းကို အထင်သေးသူ မည်၏၊ ရှုတ်ချသူ မည်၏၊ ရွံရှာစက်ဆုတ်သူ မည်၏။

အပွလာဘော ပိ စေ ဘိက္ခု , သလာဘံ နာတိမညတိ၊
တံ ဝေ ဒေဝါ ပသံသန္တိ , သုဒ္ဓါဇီဝိံ အတန္ဒိတံ။

လာဘ်နည်းသူသာ-ဖြစ်ပါငြားလည်း , မိမိလာဘ်များ-လေးစားနေ၊
သက်မွေးမှန်ကန်-လွန်သန့်ရှင်းလို့ , တွန့်ဆုတ်မှုကင်း-မပျင်းချေ၊
ဤရဟန်းကို-မြတ်ဘုရားနှင့် , ရဟန္တာများ-ချီးမွမ်းပေ၊
ထို့ကြောင့်တင်းတိမ်-ရောင့်ရဲခြင်းနှင့် , သက်မွေးသန့်ရှင်း-ပြုပါလေ။

ရဟန်းတစ်ပါးသည် ပစ္စည်းလာဘ်လာဘ နည်းပါးစေကာမူ မိမိရထားသော ပစ္စည်းကို အထင်မသေးသူ, အသက်မွေးစင်ကြယ်သူ, ပျင်းရိခြင်း မရှိသူသာ ဖြစ်နေမည် ဆိုပါလျှင် ထိုရဟန်းကို ဘုရား ရဟန္တာများကသော်မှ ချီးမွမ်းထောမနာ ပြုကြရတော့သည်။

အထင်မသေးသူ ပစ္စည်းလာဘ်လာဘ နည်းပါးစေကာမူ အမြတ်အယုတ်မရွေး အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သော ရဟန်းသည် မိမိရထားသော ပစ္စည်းကို အထင်မသေးသူ မည်၏၊ ဤရဟန်းမျိုးသည် အနှစ်သာရပြည့်ဝသော အသက်မွေးမှု ရှိသည့်အတွက် စင်ကြယ်သော အသက်မွေးမှု ရှိသူလည်း မည်၏၊ ခြေသလုံးအားကိုး အသက်မွေးခြင်းမှ တွန့်တိုဆုတ်နစ်မှု ကင်းသည့်အတွက် ပျင်းရိခြင်း မရှိသူလည်းမည်၏၊ ထိုရဟန်းမျိုးကို ဘုရား, ရဟန္တာများကသော်မှ ချီးမွမ်းထောမနာကြရသည်-ဟု ဆိုလိုသည်။ မံ-၄-၂၊ ၃၆၆။

မိမိမှာ ရရှိသောပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲမှု မရှိသောရဟန်း, အသက်မွေးမှု မစင်ကြယ်သော ရဟန်းသည် စျာန်တရား မဂ်တရားကို မဆိုထား ဘီ သမာဓိမျှကိုပင် မရနိုင်၊ သို့ဖြစ်၍ ရှိတာလေးဖြင့် တင်းတိမ်ရောင့်ရဲသော ရဟန်း, အသက်မွေးမှု စင်ကြယ်သော ရဟန်းမျိုးဖြစ်အောင် ကြိုးစားအားထုတ်သင့်လှပေသည်။

ယင်းသို့ ကြိုးစားအားထုတ်ရန်မှာလည်း ခက်ခဲလှသည်ကား မဟုတ်ပါ၊ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်ရုံမျှသာ ဖြစ်ပေသည်၊ ထိုသို့ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်နေသော ရဟန်းသည် အသက်မွေးမှုလည်း သန့်ရှင်းစင်ကြယ်နိုင်သည်၊ ကိုယ့်မှာရှိတာလေးနှင့် တင်းတိမ်ရောင့်ရဲ ရာလည်းရောက်သည်။

သာသနာတော် ကွယ်ပျောက်ပုံ

သာသနာတော် ကွယ်ပျောက်ပုံကို သိနားလည်ထားပါမှ သာသနာတော် မကွယ်ပျောက်အောင် စောင့်ရှောက်နိုင်မည်၊ တည်တံ့အောင် ဆောင်ရွက်လုပ်ကိုင်နိုင်မည်၊ သို့ဖြစ်၍ အဘိဓမ္မာအဋ္ဌကထာလာ သာသနာကွယ်ပုံ သုံးမျိုးနှင့် သုတ္တန်အဋ္ဌကထာလာ သာသနာကွယ်ပုံ ငါးမျိုးတို့ကို ပြပါဦးမည်။

၁။ ပရိယတ္တိအန္တရဓာန= ပိဋကတ်တော် ကွယ်ခြင်း၊
၂။ ပဋိဝေဓအန္တရဓာန= မဂ်ဉာဏ် ဖိုလ်ဉာဏ်ကွယ်ခြင်း၊
၃။ ပဋိပတ္တိအန္တရဓာန= သီလစသောအကျင့် ကွယ်ခြင်း။

ဤသို့ ကွယ်ခြင်းသုံးမျိုးရှိသည်၊ ထိုတွင် ပရိယတ္တိဟူသည် ပိဋကတ်သုံးပုံပင် ဖြစ်သည်၊ ပဋိဝေဓဟူသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်တတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ပင် ဖြစ်သည်၊ ပဋိပတ္တိဟူသည် သစ္စာလေးပါးကို ထိုးထွင်း၍သိကြောင်း သီလစသောအကျင့်ပင် ဖြစ်သည်။

ထိုသုံးပါးတို့တွင် ပဋိဝေဓနှင့်ပဋိပတ္တိသည် ရှိသည့်အခါလည်း ရှိသည်၊ မရှိသည့် အခါလည်း မရှိပေ၊ အမြဲ မရှိ၊ ရံဖန်ရံခါသာ ရှိတတ်သည်ဟု ဆိုလိုသည်။

တစ်ခါတုန်းက သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော (အရိယာ)ရဟန်းတော်အများ အပြား ရှိခဲ့ဘူးသည်၊ အရိယာမဟုတ်ပါက "ဒီကိုယ်တော်ဟာ ပုထုဇဉ်ပါပဲ"ဟု အထူး အဆန်း လက်ညှိုးထိုးညွှန်ပြစရာ ဖြစ်ခဲ့ဘူးပါသည်၊ သီဟိုဠ်ကျွန်းမှာပင် တစ်ခါတုန်းက ပုထုဇဉ်ရဟန်းမည်သည် မရှိခဲ့ဘူး ဟူ၏။

ပဋိပတ်ကို ဖြည့်ကျင့်သော ရဟန်းတို့လည်း ရံခါ များကြသည်၊ ရံခါ နည်းကြသည်၊ ဤသို့လျှင် ပဋိဝေဓနှင့် ပဋိပတ္တိသည် ရှိသည့်အခါမှာလည်း ရှိသည်၊ မရှိသည့်အခါ မှာလည်း မရှိပေ။

ပဋိဝေဓနှင့် ပဋိပတ္တိတို့က မတည်မြဲကြပါသော်လည်း (ပရိယတ္တိက မတည် မြဲ၍ မဖြစ်ပါ၊ ပရိယတ္တိ မတည်မြဲလျှင် ပဋိပတ္တိနှင့် ပဋိဝေဓတို့ပါ မရှိနိုင်တော့ချေ၊

သို့ဖြင့်–) ပရိယတ္တိကသာ သာသနာတော် တည်တံ့ခြင်း၏ ပမာဏ (အဓိက) ဖြစ်ပါသည်၊ ပညာရှိရဟန်းသည် ပိဋကတ်သုံးပုံကို နာကြားသင်ယူ၍ ပဋိပတ္တိနှင့်ပဋိဝေဓ နှစ်ပါးလုံးကိုပင် ဖြည့်ကျင့်နိုင်သည်၊ ထို့ကြောင့် ပရိယတ်တည်လတ်သော် သာသနာတော် တည်နိုင်ပေသည်။ သမ္မော–၅၊ ၄၁၂။

၁။ အဓိဂမအန္တရဓာန= ရအပ်သိအပ်သော မဂ်ဖိုလ်၏ ကွယ်ပျောက်ခြင်း၊
၂။ ပဋိပတ္တိအန္တရဓာန= သံကွာပုဒ်ကို လိုက်နာကျင့်သုံးမှု၏ ကွယ်ပျောက်ခြင်း၊
၃။ ပရိယတ္တိအန္တရဓာန= ဘုရားဟောပါဠိတော်,အဋ္ဌကထာ ကွယ်ပျောက်ခြင်း၊
၄။ လိင်္ဂအန္တရဓာန= ရဟန်းအသွင်အပြင် ကွယ်ပျောက်ခြင်း၊
၅။ ဓာတုအန္တရဓာန= ဓာတ်တော်မွေတော်၏ ကွယ်ပျောက်ခြင်း၊
ဤသို့ ကွယ်ပျောက်မှု ငါးဆင့်ရှိနေပေသည်၊ ထိုတွင်–

၁။ အဓိဂမအန္တရဓာန် အဓိဂမဟူသည် မဂ်လေးပါး, ဖိုလ်လေးပါး, ပဋိသမ္ဘိဒါလေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါးတို့ပင် ဖြစ်ပေသည်၊ နိဗ္ဗာန်ကိုကား ကွယ်ပျောက်ရိုး မရှိသောကြောင့် ဤ၌ မယူသင့်ပါ။

အဓိဂမဆုတ်ယုတ်လာသည့်အခါမှာ ပဋိသမ္ဘိဒါမှစ၍ ဆုတ်ယုတ်လာသည်၊ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်းတစ်ထောင်အတွင်းမှာသာ ပဋိသမ္ဘိဒါကို ဖြစ်စေနိုင်ကြသည်၊ အနှစ်တစ်ထောင်မှနောက်၌ အဘိညာဉ်ခြောက်ပါးတို့ကို ဖြစ်စေနိုင်ကြသည်၊ (ပဋိသမ္ဘိဒါကို မဖြစ်စေနိုင်ကြတော့ပါ၊) ထို့နောက် အဘိညာဉ်ခြောက်ပါးတို့ကိုသော်မှ မဖြစ်စေနိုင်ကြတော့ဘဲ ဝိဇ္ဇာသုံးပါးတို့ကိုသာ ဖြစ်စေနိုင်ကြတော့သည်၊ တရွေ့ရွေ့ဖြင့် အချိန်ကာလ ကျော်လွန်လာသည့်အခါမှာ ဝိဇ္ဇာသုံးပါးတို့ကိုသော်မှ မဖြစ်စေနိုင်ကြတော့ဘဲ သုက္ခဝိပဿက ရဟန္တာမျှသာ ဖြစ်ကြပါတော့သည်။

ရှေးအဖို့၌ စျာန်အစေးမရှိဘဲ ဝိပဿနာသက်သက်မှာသာ တည်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သူများကို "သုက္ခဝိပဿက ရဟန္တာ"ဟု ဆိုရသည်၊ "သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ"ဟု (အံ–ပါ–၁၊ ၄၅၇။ ၌) ဟောတော်မူထားသောကြောင့် 'မဂ်ခဏ၌ကား စျာန်အစေးမရှိ'ဟု မဆိုသင့်ပါ။

ဤနည်းနှင်နှင် အနာဂါမ်, သကဒါဂါမ်, သောတာပန်များသာ ဖြစ်နိုင်ကြတော့သည်၊ ထိုပုဂ္ဂိုလ်များ (လူ့လောကအလယ်မှာ) အသက်ထင်ရှား ရှိနေခဲ့ပါလျှင် အဓိဂမကွယ်သည် မမည်သေးပါ၊ နောက်ဆုံးသောတာပန် ပုဂ္ဂိုလ် အသက်ကုန်ဆုံးခြင်းဖြင့် အဓိဂမ–ကွယ်သည် မည်ပါတော့သည်။

၂။ ပဋိပတ္တိအန္တရဓာန် ထို့နောက် စျာန်,ဝိပဿနာ,မဂ်,ဖိုလ်တို့ကို မဖြစ်စေနိုင်ကြတော့ပါ၊ စတုပါရိသုဒ္ဓိသီလမျှကိုသာ စောင့်ကြပါတော့သည်၊ တဖြည်းဖြည်း

အချိန်ကာလ ကျော်လွန်လာသည့်အခါ "ငါတို့က သီလကိုလဲ အပြည့်အဝစောင့်ကြတယ်၊ ကမ္မဋ္ဌာန်းလဲ အားထုတ်ကြတယ်၊ မဂ်ဖိုလ်ကိုတော့ မရနိုင်ကြတော့ဘူး၊ ခုနေအချိန်မှာ အရိယာတရားကို ထိုးထွင်းသိမြင်မှု မရှိနိုင်တော့ပါဘူး" ဟု စိတ်ပျက်လက်လျှော့လာကြတော့သည်၊ တွန့်ဆုတ်လာကြတော့သည်၊ သို့ဖြင့် -အချင်းချင်းတိုက်တွန်း နှိုးဆော်မှုကိုလည်း မပြုကြတော့ပေ၊ သတိလည်း မပေးကြတော့ပေ၊ (ကျူးလွန်ရာ၌) တွန့်ဆုတ်မှု (ကုက္ကုစ္စ)လည်း မရှိကြတော့ချေ။

ထိုအချိန်မှစ၍ ခုဒ္ဒ, အနုခုဒ္ဒက(ဒုက္ကင်္ခံ, ဒုဗ္ဘာသီ)သိက္ခာပုဒ်များကို ကျူးလွန်လာကြတော့သည်၊ တရွေ့ရွေ့ကြာလာသည့်အခါ ပါစိတ်,ထုလ္လစ္စဉ်းအာပတ်တို့သို့ ရောက်ကြသည်၊ ထို့နောက် သံဃာဒိသေသ်အာပတ်သို့ ရောက်လာကြသည်၊ ပါရာဇိက မျှသာ တည်ရှိနေတော့သည်၊ ပါရာဇိကလေးပါး:ကို စောင့်ရှောက်သောရဟန်း အရာအထောင် ရှိနေသေးပါက (တစ်ပါး တလေမျှ ရှိနေသေးပါက) ပဋိပတ္တိကွယ်သည် မမည်သေးပါ၊ နောက်ဆုံးရဟန်း သီလပျက်စီးသွားသည့်အခါ, သို့မဟုတ်-သေဆုံးသွားသည့်အခါမှာကား ပဋိပတ္တိ ကွယ်ပျောက်ပါတော့သည်။

၃။ ပရိယတ္တိအန္တရဓာန

ပရိယတ္တိ ဟူသည် ဘုရားဟောပါဠိတော် အဋ္ဌကထာပင် ဖြစ်ပါသည်၊ ယင်းဘုရားဟောပါဠိတော် အဋ္ဌကထာတည်ရှိနေသမျှ ပရိယတ္တိ ပြည့်စုံသည်မည်တော့သည်။

တရွေ့ရွေ့ဖြင့် အချိန်ကာလ ကျော်လွန်လာသည့်အခါ အုပ်ချုပ်သူလူတန်းစားများ (ရာဇယုဝရာဇာနော) တရားမစောင့်ကြတော့ပေ၊ အုပ်ချုပ်သူလူတန်းစားများ တရားမစောင့်လျှင် မင်းမှုထမ်းစသူများ (ရာဇာမစ္စာဒယော) တရား မစောင့်ကြတော့ပေ၊ ထို့ကြောင့်ပင် တိုင်းသူပြည်သား လူအများတို့လည်း တရားမစောင့်နိုင်ကြတော့ပေ၊ အကုန်လုံးပင် တရားပျက်နေကြပါတော့သည်။

ထိုသို့ လူအများ တရားမစောင့်သည့်အတွက် မိုးလည်း ကောင်းစွာမရွာတော့ပေ၊ မိုးမမှန်သည့်အတွက် ကောက်စပါးတို့လည်း မဖြစ်ထွန်းကြကုန်၊ ကောက်ပဲသီးနှံ မဖြစ်ထွန်းသည့်အတွက် ပစ္စည်းလေးပါး ဒါယကာတို့က ဘိက္ခုသံဃာအား ပစ္စည်းများကို မလှူဒါန်းနိုင်ကြတော့ပေ၊ သို့ဖြင့်-ပစ္စည်းလေးပါး ချို့တဲ့လာသည့်အခါ ရဟန်းတော်များက တပည့်များကို မချီးမြှောက် မထောက်ပံ့နိုင်ကြတော့ပေ။

အချိန်ကာလ ကြာညောင်းလာသည့်အခါ ပရိယတ္တိဆုတ်ယုတ်လာတော့သည်၊ အနက်သဘောအဓိပ္ပာယ်(အဋ္ဌကထာ)တို့ကို မဆောင်ရွက်နိုင်ကြတော့ချေ၊ ပါဠိတော်မျှကိုသာ ဆောင်ကြပေတော့သည်၊ အချိန်ကာလ ကြာလာပြန်သည့်အခါ ပါဠိတော် အကုန်လုံးကိုပင် မဆောင်ရွက်နိုင်ကြတော့ချေ။

လက်ဦးဆုံး အဘိဓမ္မာပိဋကတ်ယုတ်လျော့လာသည်၊ သို့သော် တစ်ပြိုင်နက် ယုတ်လျော့သွားသည်ကား မဟုတ်ပါ၊ ထိပ်ဆုံး(ခေါင်)မှစ၍ "ပဋ္ဌာန်း,ယမိုက်,ကထာဝတ္ထု,

ပုဂ္ဂလပညတ်,ဓာတုကထာ,ဝိဘင်း,ဓမ္မသင်္ဂဏီ"ဟု အစဉ်အတိုင်း တစ်ကျမ်းပြီးတစ်ကျမ်း ယုတ်လျော့ကွယ်ပျောက်သွားတော့သည်။

အဘိဓမ္မာပိဋကတ် ယုတ်လျော့ကွယ်ပျောက်သွားပြီးသည့်နောက် ထိပ်ဆုံး(ခေါင်)မှစ၍ သုတ္တန္တ ပိဋကတ် ကွယ်ပျောက်သွားသည်။

ရှေးဦးစွာ အင်္ဂုတ္တရနိကာယ် ယုတ်လျော့ကွယ်ပျောက်သည်၊ ယင်းအင်္ဂုတ္တရနိကာယ် ၌လည်း ထိပ်ဆုံးမှစ၍ ဧကာဒသကနိပါတ်, ဒသကနိပါတ်, နဝကနိပါတ်, အဋ္ဌကနိပါတ်, သတ္တကနိပါတ်, ဆက္ကနိပါတ်, ပဉ္စကနိပါတ်, စတုက္ကနိပါတ်, တိကနိပါတ်, ဒုက နိပါတ်, ဧကကနိပါတ်တို့ အစဉ်အတိုင်း တစ်ခုပြီးတစ်ခု ကွယ်ပျောက်သွားတော့သည်။

အင်္ဂုတ္တရနိကာယ် ယုတ်လျော့ကွယ်ပျောက်သွားပြီးသည့်နောက် သံယုတ္တနိကာယ် ယုတ်လျော့ကွယ်ပျောက်ပြန်သည်၊ ထိုသံယုတ္တနိကာယ် ကွယ်ပျောက်သည့်အခါမှာလည်း ထိပ်ဆုံးမှစ၍ မဟာဝဂ်, သင်္ဂာယတနဝဂ်, ခန္ဓဝဂ်, နိဒါနဝဂ်, သဂါထာဝဂ်တို့ အစဉ်အတိုင်း တစ်ခုပြီးတစ်ခု ယုတ်လျော့ကွယ်ပျောက်သွားတော့သည်။

ထို့နောက် မဇ္ဈိမနိကာယ် ယုတ်လျော့ကွယ်ပျောက်လာသည်၊ ယင်းမဇ္ဈိမနိကာယ် ၌လည်း ထိပ်ဆုံးမှစ၍ ဥပရိပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, မူလပဏ္ဏာသတို့ အစဉ်အတိုင်း တစ်ခုပြီးတစ်ခု ယုတ်လျော့ကွယ်ပျောက်သွားတော့သည်။

ထို့နောက် ဒီဃနိကာယ်အလှည့် ရောက်လာသည်၊ ယင်းဒီဃနိကာယ်၌လည်း ထိပ်ဆုံးမှစ၍ ပါထိကဝဂ်, မဟာဝဂ်, သီလက္ခန္ဓဝဂ်တို့ အစဉ်အတိုင်း ယုတ်လျော့ပျက်စီးသွားသည်၊ ဤသို့ ဒီဃနိကာယ် ယုတ်လျော့ပျက်စီးသွားသည့်အခါ "သုတ္တန္တ ပိဋကတ် ယုတ်လျော့ပျက်စီးပြီး ဖြစ်သည်"ဟု ဆိုရပါတော့သည်။

ထိုခေတ်ထိုအခါမှာ ရဟန်းများကား ဝိနည်းပိဋကတ်နှင့် ဇာတ်မျှကိုသာ ဆောင်နေကြပါတော့သည်၊ သို့သော် လဇ္ဇီရဟန်းတို့ကသာ ဝိနည်းပိဋကတ်ကို ဆောင်ကြသည်၊ လာဘ်ကိုလိုချင်မက်မောသော ရဟန်းများမူကား သုတ္တန်(ကြီးတွေ)ကို ဟောပေမယ့် မှတ်မှတ်သားသား နာကြားမယ့်သူ မရှိတော့ပါဘူး"ဟူသော ထင်မြင်ချက်ဖြင့် ဇာတ်မျှကိုသာ ဆောင်ကြဟောပြောနေကြတော့သည်၊ တဖြည်းဖြည်း အချိန်ကာလ ကြာညောင်းလာသည့်အခါမှာ ဇာတ်ကိုသော်မှ မဆောင်နိုင်ကြတော့ပေ။

ထိုအချိန်အခါမှာ ဝေဿန္တရာဇာတ်မှစ၍ အပဏ္ဏကဇာတ်တိုင်အောင် ပဋိလောမအစဉ်အားဖြင့် ဆုတ်ယုတ်သွားတော့သည်၊ ယင်းသို့ ဇာတ်ဆုတ်ယုတ် ပျောက်ကွယ်သွားသည့်အခါမှာ ဝိနည်းပိဋကတ်မျှကိုသာ ဆောင်ကြပါတော့သည်။

အချိန်ကာလ ကြာလာသည့်အခါမှာ ဝိနည်းပိဋကတ်သည်လည်း ထိပ်ဆုံးမှစ၍ "ပရိဝါ, ခန္ဓက, ဘိက္ခုနီဝိဘင်း, မဟာဝိဘင်း"ဟူသော အစဉ်အားဖြင့် ယုတ်လျော့

ကွယ်ပျောက်သွားပါတော့သည်၊ ဥပေါသထကွန္ဓက(ဒွေမာတိကာ)မျှကိုသာ ဆောင်ကြတော့သည်၊ ထိုအခါ၌သော်မှ "ပရိယတ္တိကွယ်သည်"ဟု မဆိုရသေးပါ၊ လူများက လေးပါဒရှိသော ဂါထာလေးတစ်ပုဒ်ကို နှုတ်တက်ရနေသမျှ ပရိယတ္တိ မကွယ်သေးသည်သာ ဖြစ်ပါတော့သည်။

သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသော မင်းစိုးရာဇာတစ်ဦးက အသပြာထောင်ထုပ် တင်ထားသည့် ရွှေကလပ်ကို ဆင့်ကျောပေါ်မှာ တင်လျက် "လေးပါဒရှိတဲ့ ဘုရားဟောဂါထာလေး တစ်ပုဒ်လောက် ရထားတဲ့လူက ဒီထောင်ထုပ်ကို ယူနိုင်တယ်"ဟု မြို့ထဲမှာ စည်လည်ခိုင်း၍ ယူမည့်လူကို မတွေ့ရသည့်အခါ စည်တစ်ကြိမ်လည်တာကို ကြားတဲ့လူလဲ ရှိနိုင်တယ်၊ မကြားတဲ့လူလဲ ရှိနိုင်တယ်"ဟု သဘောထား၍ သုံးကြိမ်စေ့အောင် နောက်ထပ်အလည်ခိုင်းပြန်သည်၊ ယူမည့်သူမရှိ၍ ယင်းအသပြာထောင်ထုပ်ကို မင်းဘဏ္ဍာတိုက်သို့ ပြန်သွင်းရသည့် အခါမျိုးမှာသာ ပရိယတ်ကွယ်ပျောက်သည်မည်ပါတော့သည်။

၄။ လိင်္ဂအန္တရဓာန တရွေ့ရွေ့ အချိန်ကာလ ကျော်လွန်လာသည့်အခါမှာ ရဟန်းများ၏ သင်္ကန်းကိုင်ပုံ,သပိတ်ကိုင်ပုံ,ကွေးပုံ,ဆန့်ပုံ, ရှေ့ကိုကြည့်ပုံ,စောင်းငဲ့ကြည့်ပုံများသည် ကြည့်ညီဖွယ်ကို မဆောင်တော့ပါ၊ နိဂဏ္ဌရဟန်းများက ဘူးအုံသပိတ်ကို ဆောင်ယူလှည့်လည်နေကြသလို ရဟန်းများကလည်း သပိတ်ကို လက်ဖြင့်ပွေ့ပိုက်ကိုင်ယူလှည့်လည်နေကြပါတော့သည်၊ ဤမျှဖြင့်လည်း "အသွင်ကွယ်သည်"ဟု မဆိုနိုင်သေးပါ။

အချိန်ကာလ ကြာလာသည့်အခါ ပွေ့ပိုက်ထားသော လက်မှချ၍ လက်ဖျားဖြင့် သပိတ်နခမ်းကို ဆွဲကိုင်လျက်ဖြစ်စေ, ဆိုင်းများဖြင့် ဆွဲချိတ်လျက်ဖြစ်စေ လှည့်လည်နေကြပါတော့သည်၊ သင်္ကန်းကိုလည်း သာရုပ္ပဖြစ်အောင် မဆိုးတော့ဘဲ ဆင်စွယ်ရောင်မျှဝါကြန့်ကြန့်ဆိုး၍ ဝတ်ရုံလှည့်လည်နေကြသည်၊ အချိန်ကာလကြာလာပြန်သည့်အခါမှာ ဆိုးမှု, အမြိတ်အဆာဖြတ်မှု, အနားလုံးမှုများပင် မရှိတော့ချေ၊ ကပ္ပဗိန္ဒုမျှ (အပ်သောအပြောက်အစက်ကလေးမျှ)ထိုး၍ ဝတ်ရုံသုံးဆောင်နေကြသည်၊ အနားလုံးပြန်လျှင်လည်း ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်ရုံသုံးဆောင်ကြသည်၊ ထို့နောက် နှစ်ခုလုံးကိုပင် မပြုတော့ဘဲ အမြိတ်အဆာကိုဖြတ်ပြီး ဝတ်ရုံမှုကိုပြုလျက် ပရိဗိုဇ်တို့ကဲ့သို့ လှည့်လည်နေကြတော့သည်။

အချိန်ကာလ ကြာညောင်းလာပြန်သည့်အခါမှာ "ဒါဟာ တို့အတွက် ဘာအသုံးကျတော့မလဲ"ဟူသောအမှတ်ဖြင့် အဝတ်သင်္ကန်းများကို စွန့်ပစ်လိုက်ကြပါတော့သည်၊ သင်္ကန်းစကလေးကို လက်မှာဖြစ်စေ, လည်ပင်းမှာဖြစ်စေ ဖွဲချည်ထားကြသည်၊ဆံပင်တို့၌သော်လည်း ငြိကပ်စည်းနှောင်ထားကြသည်၊ အိမ်ထောင်ပြုပြီး ထွန်ယက် စိုက်ပျိုးလျက် အသက်မွေးမှု ပြုနေကြပါတော့သည်။

အချိန်ကာလ ရွေ့လျောကြာညောင်းလာပြန်သည့်အခါ အလုပ်မျိုးစုံကို ပြုလုပ်ကြလျက် "ဒါဟာ ရှုပ်လှတယ်၊ တို့အတွက် အသုံးမကျတော့ပါဘူး"ဟု သင်္ကန်းစ

ကလေးကို ဖြုတ်ပြီး တောထဲမှာ လွှင့်ပစ်လိုက်ကြတော့သည်၊ ထိုအချိန်ကျမှ အသွင်ကွယ်ပျောက်သည် မည်ပါတော့သည်။

၅။ ဓာတုအန္တရဓာန ဤဒွိ ပရိနိဗ္ဗာန်သုံးမျိုးကို အခြေခံအနေဖြင့် ဦးစွာကြိုတင်မှတ်သားသင့်ပါသည်။

၁။ ကိလေသပရိနိဗ္ဗာန်= ကိလေသာတို့၏ ငြိမ်းအေးခြင်း၊
၂။ ခန္ဓပရိနိဗ္ဗာန်= ခန္ဓာတော်၏ ငြိမ်းအေးခြင်း၊
၃။ ဓာတုပရိနိဗ္ဗာန်= ဓာတ်တော်မွေတော်တို့၏ ငြိမ်းအေးခြင်း။

ဤသို့ ပရိနိဗ္ဗာန်(ငြိမ်းအေးခြင်း) သုံးမျိုးရှိပေသည်၊ ထိုသုံးမျိုးတို့တွင် ကိလေသပရိနိဗ္ဗာန်သည် ဗောဓိပလ္လင်၌ ဖြစ်ခဲ့ပါပြီ၊ ခန္ဓပရိနိဗ္ဗာန်လည်း ကုသိနာရုံမြို့၌ ဖြစ်ခဲ့ပါပြီ၊ ဓာတုပရိနိဗ္ဗာန်မူကား မဖြစ်သေးပါ၊ နောက်အခါမှ ဖြစ်လာပေလိမ့်မည်။

ထိုထိုအရပ်၌ ပူဇော်မြတ်နိုးမှုကို မရကြသော ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်စွမ်းအားကြောင့် ပူဇော်မြတ်နိုးမှုရရာ အရပ်သို့ ကြွတော်မူကြသည်၊ အချိန်ကာလကြာလာသည့် အခါမှာမူကား နေရာဌာန အကုန်လုံးမှာပင် ပူဇော်မြတ်နိုးမှု ရှိမည်မဟုတ်တော့ချေ။

သာသနာတော် ဆုတ်နစ်လာရာ အခါဝယ် သီဟိုဠ်ကျွန်း၌ ဓာတ်တော်အကုန်လုံးစုရုံး၍ မဟာစေတီသို့ ကြွလာတော်မူကြလိမ့်မည်၊ မဟာစေတီမှ နာဂကျွန်း၌ ရာဇာယတနစေတီတော်သို့ ကြွတော်မူကြလိမ့်မည်၊ ရာဇာယတနစေတီတော်မှ ဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်၊ နဂါးပြည်မှဓာတ်တော်များ, နတ်ပြည်မှဓာတ်တော်များ, ဗြဟ္မာပြည်မှ ဓာတ်တော်များတို့သည်လည်း မဟာဗောဓိပလ္လင်သို့ပင် ကြွတော်မူကြလိမ့်မည်၊ မုန်ညင်းစေ့မျှ ဓာတ်တော်ကလေးသော်မှ အကြွင်း၌ ပျောက်ပျက်လိမ့်မည်မဟုတ်ချေ။

ဓာတ်တော်အကုန်လုံးတို့သည် ဗောဓိမဏ္ဍိုင်၌ စုကြ၍ ဘုရား၏ သွင်ပြင်တော်ကိုယူပြီး ဗောဓိမဏ္ဍိုင်၌ ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေတော်မူသော ဘုရားကိုယ်တော်၏ ကျက်သရေကို ပြတော်မူကြလိမ့်မည်၊ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တစ်လဲမျှထင်ရသော ရောင်တော်ဝန်းစသော အလုံးစုံသည် အပြည့်အစုံပင် ဖြစ်နေပေသည်၊ ထို့နောက် တန်ခိုးပြာဋိဟာကို ပြတော်မူသော နေ့၌ကဲ့သို့ တန်ခိုးပြာဋိဟာကို ပြကြပေလိမ့်မည်၊ ထိုအချိန်ဝယ် ထိုနေရာသို့ ရောက်နိုင်သော လူပုဂ္ဂိုလ်မည်သည် မရှိတော့ချေ။

သမ္မောဟဝိနောဒနီအဋ္ဌကထာ ၄၁၄-၌ကား "ဓာတ်တော်အကုန်လုံးရွေတုံးကဲ့သို့ တခဲနက်ဖြစ်၍ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်သည်၊" ဟု ဆိုထားပါသေးသည်။

စကြဝဠာတစ်သောင်းဌ် နေကြသော နတ်ဗြဟ္မာများ စုဝေး၍ "ယနေ့မှ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပါပေတယ်၊ ဒီနေ့မှစပြီး အမိုက်တိုက် ဖြစ်တော့မှာ ပါတကား"ဟု ပြောဆိုငိုကြွေးနေကြပါတော့သည်။

ထိုစဉ် ဓာတ်တော်တည်းဟူသော ကိုယ်တော်မှတဏှာတ်ထ၍ ယင်းကိုယ်တော်ကို အကြင်းမဲ့ လောင်ကျွမ်းစေသည်၊ ယင်းဓာတ်တော်တည်းဟူသော ကိုယ်တော်မှ ထသောမီးလျှံသည် ဗြဟ္မပြည်တိုင်အောင် တက်ပေလိမ့်မည်၊ ဓာတ်တော်များ မုန်ညင်းစေ့မျှ ကြွင်းကျန်နေသေးလျှင် တစ်ခုတည်းသော မီးလျှံသည်သာ ဖြစ်နေပါလိမ့်မည်၊ ဓာတ်တော်တွေ ကုန်သွားမှ မီးလျှံပြတ်စဲ သွားပေလိမ့်မည်။

ဤသို့ ကြီးမားသောအာနုဘော်ကို ပြပြီးသည့်နောက် ဓာတ်တော်များ ကွယ်ပျောက်သွားကြသည်၊ ထိုစဉ် စည်းဝေးရောက်လာကြသော နတ်ဗြဟ္မာအပေါင်းသည် ဘုရားရှင်တို့၏ ပရိနိဗ္ဗာန် ဝင်စံတော်မူရာနေ့ အခါ၌ကဲ့သို့ နတ်ပန်းတူရိယာတို့ဖြင့် ပူဇော်မှုကိုပြု၍ သုံးကြိမ်တိုင်အောင် အရိအသေပေး ရှိခိုးကြလျက် "နောင်ပွင့်တော်မူမယ့် ဘုရားရှင်ကို ဖူးမြော်ခွင့် ရကြတော့မှာပါပဲ ရှင်တော်မြတ်ဘုရား"ဟု ပြောဆိုလျှောက်ထား၍ အသီးအသီး ကိုယ့်နေရာဌာနသို့ ပြန်သွားကြရတော့သည်။

ပရိယတ္တိသာသနာ လိုရင်း

ပရိယတ္တိကွယ်လျှင် ပဋိပတ်လည်း ကွယ်ရသည်၊ ပရိယတ်တည်လျှင် ပဋိပတ်လည်းတည်နိုင်သည်၊ ထို့ကြောင့် ဤကွယ်ခြင်း ငါးပါးတို့တွင် ပရိယတ္တိကွယ်ခြင်းကသာ ပဓာနအကြောင်းရင်း ဖြစ်ပေသည်။

အရောင်အလင်းကို ဖြန့်ဝေပေးတတ်သော နေထင်ရှားရှိနေပါလျှင် လိုအပ်သမျှ အလုပ်ကိစ္စတို့ကို ပြုရဘိသကဲ့သို့ ပရိယတ္တိသာသနာတော် ထင်ရှားရှိနေပါလျှင် လိုအပ်သမျှ ဒါန,သီလ,သမထ,ဝိပဿနာ-လုပ်ငန်းကိစ္စတို့ကို မှန်ကန်စွာ ပြုလုပ်နိုင်သည်။

ယင်းနေသည် "ဆီးနှင်း,မြူ,တိမ်,သူရိန်,အခိုး"ဟူသော ဘေးရန်ငါးမျိုးနှင့် ကြုံကြိုက်ရသည့်အခါမှာ အရောင်အလင်း ညှိုးလျော့နွမ်းပါးရသကဲ့သို့ ထို့အတူ ပရိယတ္တိသာသနာတော်သည်လည်း ပစ္စည်းလေးပါးတို့၌ တပ်မက်မောတတ်သော ပစ္စယလောလ တဏှာတို့ဖြင့် ပြွမ်းသည့် ပုဂ္ဂိုလ်တို့၏ကာလ၌လည်းကောင်း, အစားအသောက်မပြည့်စုံခြင်းတည်းဟူသော ဒုဗ္ဘိက္ခန္တရကာလတို့၌လည်းကောင်း, အနာရောဂါများစွာနှိပ်စက်သော ရောဂန္တရကာလတို့၌လည်းကောင်း, တိုင်းပြည်ချောက်ချား၍ ခိုးသားမောသောတို့ဖြင့် ပြွမ်းသောအခါကာလ၌လည်းကောင်း အရောင်အဝါ ညှိုးနွမ်းလာရသည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သီဟိုဠ်ကျွန်းဝယ် စဏ္ဍာလတိဿဘေးကြီး ဖြစ်ခါနီး၌ သိကြားနတ်မင်းက ဖောင်ကြီးတစ်ခုကို ဖန်ဆင်းထား၍ ရဟန်းတော်များအား လျှောက်ထားသည်။-

"အရှင်မြတ်တို့ဘုရား ! ဘေးကြီးဖြစ်လာပါလိမ့်မယ်၊ မိုးကောင်းကောင်းရွာမယ် မဟုတ်ပါ၊ ရဟန်းတော်များ ပစ္စည်းလေးပါး ဆွန့်ကြားကြသည့်အတွက် ပရိယတ်ကို

ဆောင်ထားနိုင်ကြမယ် မဟုတ်ပါ၊ တစ်ဖက်ကမ်း (အိန္ဒိယ)ကိုသွားပြီး အရှင်မြတ်များ အသက်ကို စောင့်ရှောက်သင့်ပါတယ်၊ ဒီဖောင်ကြီးပေါ်ကို တက်ပြီး ကြွတော်မူကြပါဘုရား၊ ဒီဖောင်ပေါ်မှာ နေရာမရတဲ့ ပုဂ္ဂိုလ်များက သစ်တုံးပိုင်း ကလေးကိုပဲဖြစ်ဖြစ် ရင်အောက်ကထားပြီး ကြွတော်မူကြပါဘုရား၊ အရှင်ဘုရားတို့ အကုန်လုံးပဲ ဘေးရန်ကင်းကြပါလိမ့်မယ်"။

သိကြားနတ်မင်း၏စကားကို ကြားရသည့်အခါ အချို့သောရဟန်းတော်များက ဖောင်ဖြင့် တစ်ဖက်ကမ်းသို့ ကူးသွားကြသည်၊ ရဟန်းခြောက်ကျိပ်တို့မူကား သမုဒ္ဒရာကမ်းနားကို ရောက်ပြီးမှ တိုင်ပင် ဆုံးဖြတ်ကြသည်။-

"ငါတို့က သမုဒ္ဒရာတစ်ဖက်ကမ်း(အိန္ဒိယ)ကို မလိုက်တော့ဘူး၊ ဒီမှာပဲ (သီဟိုဠ်ကျွန်းမှာပဲ) နေပြီး ပိဋကတ်သုံးပုံကို စောင့်ရှောက်ကြတော့မယ်"။

ယင်း ရဟန်းခြောက်ကျိပ်တို့သည် မိမိတို့ဆုံးဖြတ်ချက် အတိုင်းပင် သမုဒ္ဒရာနားမှ ပြန်လှည့်လာကြသည်၊ ဒက္ခိဏာမလယဇနပုဒ်သို့ ကြွတော်မူကြသည်၊ သစ်ဥ,သစ်မြစ်, သစ်ရွက်တို့ဖြင့် အသက်မွေးနေထိုင်ကြသည်။

ကိုယ်ကို ရွက်ဆောင်နိုင်(ထိန်းနိုင်)သည့်အချိန်မှာ ထိုင်လျက် ရွတ်အံသရဇ္ဈာယ်မှုကို ပြုကြသည်၊ ကိုယ်ကို မရွက်ဆောင်နိုင်(မထိန်းနိုင်)သည့်အချိန်မှာ သဲတို့ကို ယက်၍ ဝမ်းအောက်မှာထားကာ ခေါင်းချင်းဆိုင် စုရုံးလျက် ပရိယတ္တိကို ဆင်ခြင်နေကြသည်၊ ဤနည်းအတိုင်း တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အပြည့်အစုံ ဆောင်ရွက်လာကြသည်။

ရဟန်းခုနစ်ရာတို့လည်း ရောက်ရာအရပ်မှာ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို တစ်လုံးတစ်ပါဒမျှ မပျောက်ပျက်ရအောင် စောင့်ထိန်းနေထိုင်ခဲ့ကြသည်၊ ဘေးရန်ငြိမ်းအေးသည့်အခါ သီဟိုဠ်ကျွန်းသို့ပင် ပြန်ကြွလာကြသည်၊ ကလ္လဂါမဇနပုဒ် မဏ္ဍလာရာမကျောင်းတိုက်သို့ ဝင်ရောက်လာကြသည်။

သီဟိုဠ်ကျွန်း၌ ချန်နေရစ်သော ရဟန်းခြောက်ကျိပ်တို့လည်း မထေရ်များ ပြန်ကြွလာကြောင်း ကြားသိရသည့်အခါ မထေရ်များကို ဖူးမြော်ရန် သွားကြသည်၊ မထေရ်များနှင့် ပိဋကတ်သုံးပုံကို တိုက်ဆိုင်ညှိနှိုင်းကြသည်၊ တစ်လုံးတစ်ပါဒမျှ ကွဲလွဲနေသည်ကို မတွေ့ကြရပေ။

"သာသနာတော်၏ အရင်းအမြစ်သည် ပရိယတ္တိဖြစ်သလား?၊ ဒါမှမဟုတ်ရင်- ပဋိပတ္တိဖြစ်သလား?"။

ထိုအစည်းအဝေးမှာပင် မထေရ်ကြီးများ၏ ရှေ့မှောက်၌ ဤပြဿနာ ဖြစ်ပေါ်လာခဲ့သည်။

"ပဋိပတ္တိက အခြေအမြစ် ဖြစ်ပါတယ်"။

ဤသည်မှာ ပံသုကူဆောင် မထေရ်များ၏ အဆိုပြုချက်, တင်ပြချက် ဖြစ်ပါသည်။

"ပရိယတ္တိက အခြေအမြစ် ဖြစ်ပါတယ်"။

ဤသည်မှာ ဓမ္မကထိကများ၏ အဆိုပြုချက်, တင်ပြချက် ဖြစ်ပါသည်။

"အရှင်ဘုရားတို့ နှစ်ဖက်လုံးရဲ့ ပြောစကားမျှနဲ့အတည်မပြုနိုင်သေးပါဘူး၊ ဘုရားဟော ပါဠိတော်ကို ဆောင်ပြကြပါဦး"။

မထေရ်များ၏ ကြားဝင်ပြောကြားသော စကားကို ကြားရသည့်အခါ ပါဠိတော်ကို ဆောင်ပြရတာ ဝန်မလေးပါဘူး-ဆိုပြီး ပံသုကူဆောင် ရဟန်းများက သုတ္တန်နှစ်ရပ်ကို ဆောင်ပြကြသည်။

"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယ္యုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။ သုတ်မဟာဝါ-ပါ၊ ၁၂၅။

သုဘဒ္ဒ ! ဒီရဟန်းတော်တွေကသာ ကောင်းကောင်းနေကြရင် လောကကြီးဟာ ရဟန္တာတွေမှ မကင်းဆိတ်နိုင်ပါဘူး။

ပဋိပတ္တိမူလက် မဟာရာဇ သတ္ထုသာသနံ ပဋိပတ္တိကာရဏ် ပဋိပတ္တိယာ အနန္တ ရဟိတာယ တိဋ္ဌတိ။ မိလိန္ဒ-ပါ၊ ၁၃၆။

မဟာရာဇာ ! ဘုရားသာသနာတော်ဟာ ပဋိပတ်အကြောင်းရင်း ရှိတယ်၊ ပဋိပတ်ဆိုတဲ့ အနှစ်သာရ ရှိတယ်၊ ပဋိပတ်ထင်ရှားရှိနေမှ တည်နေနိုင်တယ်"။

ပံသုကူဆောင်မထေရ်များ ဆောင်ပြသော သုတ္တန်နှစ်ရပ်ကို ကြားရသည့်အခါ ဓမ္မကထိက တို့ကလည်း မိမိတို့ဝါဒ အတည်ဖြစ်အောင် သုတ်များကို ဆောင်ပြကြပြန်သည်။-

"ယာဝ တိဋ္ဌန္တိ သုတ္တန္တာ , ဝိနယော ယာဝ ဒိဗ္ဗတိ၊
တာဝ ဒက္ခန္တိ အာလောကံ , သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု , ပမုဋ္ဌေ ဝိနယမှိ စ၊
တမော ဘဝိဿတိ လောကေ , သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ်ဘိဓမ္မာ-တည်တဲ့ကြလို့ , ဝိနည်းထွန်းပ-နေချိန်ဝယ်၊
နေမင်းတက်လာ-ရောင်ဝါတွေ့သလို , မက်ဖိုလ်ရောင်ငွေ့-တွေ့နိုင်တယ်၊
သုတ်ဘိဓမ္မာ-မထင်ရှားဘဲ , ဝိနည်းပျောက်သွား-ချိန်ခါဝယ်၊
နေဝင်ချိန်မှာ-မိုက်မှောင်ဖုံးသလို , တစ်လောကလုံး-မှောင်အုံးမယ်။

သုတ်အဘိဓမ္မာတွေ တည်နေသမျှ ဝိနည်းထွန်းပြောင်နေသမျှ နေတက်လာသည့်အခါ အလင်းရောင်ကို တွေ့ရသလို မက်ရောင်, ဖိုလ်ရောင်, နိဗ္ဗာန်ရောင်ဆိုတဲ့ အရောင်အလင်းကို တွေ့ကြရပေလိမ့်မယ်။

သုတ်အဘိဓမ္မာများ မရှိခဲ့ပါရင် ဝိနည်းကွယ်ပျောက်သွားခဲ့ပါရင် နေဝင်သွားတဲ့အခါ အမိုက်မှောင် ဖြစ်လာသလို လောကမှာ အမိုက်မှောင် ဖြစ်လာပေလိမ့်မယ်။

သုတ္တန္တေ ရက္ခိတေ သန္တေ , ပဋိပတ္တိ ဟောတိ ရက္ခိတာ၊
ပဋိပတ္တိယံ ဌိတော ဓိရော , ယောဂက္ခေမာ န ဓံသတိ။

သုတ်ဘိဓမ္မာ-ဝိနယကို , မပ္ပေါက်စေရ-စောင့်ကလျှင်၊
ပဋိပတ်ခေါ်-အကျင့်များလည်း , စောင့်ရောက်ပြီးသား-ဖြစ်သည်ပင်၊
သီလဘာဝနာ-အကျင့်မြတ်မှာ , ခိုင်မြဲတည်လတ်-ပညာရှင်၊
ယောဂကုန်ရာ-မင်္ဂဖိုလ်မြတ်ကို , မယွင်းမချွတ်-ရမည်ပင်။

သုတ်,အဘိဓမ္မာ,ဝိနည်းကို စောင့်ရောက်ခဲ့ပါလျှင် ပဋိပတ္တိဟာ စောင့်ရောက်ပြီးဖြစ်တော့တယ်၊ ပဋိပတ္တိမှာတည်တဲ့ ပညာရှိဟာ ယောဂကုန်ရာ အရဟတ္တာမင်္ဂ အရဟတ္တဖိုလ်ကို မဖျက်ဆီး မလွဲချော်စေနိုင်။ (ပကိဏ္ဏကဒေသနာတော်။)

ဓမ္မကထိကတို့ ဆောင်ပြသော ပါဠိတော်ကို ကြားရသည့်အခါ ပံသုကူဆောင် ထေရ်တို့က ဆိတ်ဆိတ်နေကြရတော့သည်၊ နှုတ်ပိတ်သွားကြတော့သည်၊ ဓမ္မကထိကထေရ်တို့၏ စကားသာ ရှေ့တန်းသို့ရောက်လာခဲ့သည်၊ အတည်ဖြစ်လာခဲ့သည်။

နွားအရာအထောင်ထဲဝယ် အမျိုးအနွယ်ကို စောင့်ရောက်တတ်သော နွားမ-မရှိခဲ့ပါလျှင်အမျိုးအနွယ်ပြတ်သွားနိုင်သကဲ့သို့ ဝိပဿနာအားထုတ်သော ရဟန်း အရာအထောင်ရှိနေပါသော်လည်း ပရိယတ္တိမရှိခဲ့ပါလျှင် အရိယမဂ်ကို ထိုးထွင်းသိမြင်မှုမည်သည် မရှိနိုင်တော့ချေ။

ရွှေအိုးမြုပ်ထားရာ အရပ်ကို ညွှန်ပြသော ကျောက်စာများ ရှိနေသမျှ ရွှေအိုးပျောက်သည် မမည်သကဲ့သို့ ပရိယတ် ထင်ရှားရှိနေပါလျှင် သာသနာကွယ်သည် မမည်သေးပေ။ အံ-၄-၁၊ ၆၇။ သာရတ္ထဒီ-၃၊ ၉၁။

သာသနာတော်ကွယ်ကြောင်း တရားများ

ပရိယတ္တိဓမ္မကို ပို့ချသင်ပြကြသော မထေရ်ကြီးတို့၏ အားထုတ်ခြင်းဖြင့်လည်းကောင်း, ဇာတိကုလပုတ္တာ, အာစာရကုလပုတ္တာတို့၏ သင်ယူနာကြားမှု သရဇ္ဈာယ်မှုကို အားထုတ်ခြင်းဖြင့်လည်းကောင်း ပရိယတ္တိစည်ပင်ပြန့်ပွားနေပါသော်လည်း ရဟန်း, ရဟန်းမ, ဒါယကာ, ဒါယိကာမတို့က -

၁။ ဘုရားကို မရှိသေခြင်း။(စေတီရင်ပြင်စသည်တို့၌ ထီးဆောင်းမှု,ဖိနပ်စီးမှု, ဟိုဟိုဒီဒီကြည့်ကာ စကားတပြောပြော သွားလာမှု စသည်။)

၂။ တရားကို မရှိသေခြင်း။ (တရားနာချိန်ရောက်ကြောင်း အချက်ပေးသည့် အခါ ရှင်သာမဏေများနှင့် ဝိုင်းဖွဲ့ထိုင်နေမှု, အခြားအလုပ် တစ်ခုခုကို လုပ်နေမှု, တရားဟောမည်ဟု ဓမ္မာရုံမှာ ကိုးယိုးကားယား ထိုင်လျက် ငိုက်နေမှု, အကျိုးမရှိသော စကားကို ပြောဆိုနေမှု စသည်။)

၃။ သံဃာကို မရိုသေခြင်း။ (သံဃာ့အလယ်မှာ ထေရ်ကြီး,ထေရ်ငယ်,ထေရ်လတ်တို့ကို ရိုသေလေးစားမှု မပြုဘဲ လက်ရုံးလက်မောင်းတန်းပြီး ပြောဆိုမှု, မထေရ်ကြီးအနားကိုသွားပြီး ရှိမခိုးဘဲ ထိုင်နေမှု, လက်ချင်းယှက်၍ ဒူးကို ပွေ့ဖက်ထိုင်နေမှု, အဝတ်စဖြင့် ဒူးကိုသိုင်းလျက် ထိုင်နေမှု, လက်ဆော့ခြေဆော့ပြုလုပ်မှု, မထေရ်ကြီး၏ ခွင့်ပြုချက်မရဘဲ တရားဟောမှု စသည်။)

၄။ သိက္ခာကို မရိုသေခြင်း။ (လူဖြစ်လျှင်လည်း လူ့အလျောက်, ရှင်ဖြစ်လျှင်လည်း ရှင့်အလျောက် မိမိဖြည့်ကျင့်ရမည့် အကျင့်သိက္ခာကို မဖြည့်ကျင့်မှု။)

၅။ အချင်းချင်း မရိုသေမလေးစားခြင်း။ (ဒါယကာဒါယိကာမများနှင့် ရဟန်းတော်များဖြစ်စေ, ဒါယကာဒါယိကာမအချင်းချင်းဖြစ်စေ, ရဟန်းတော်အချင်းချင်းဖြစ်စေခိုက်ရန်ဖြစ်နေမှု စသည်။)

ဤအဂါရဝတရား ငါးပါးကို ပြုကျင့်နေကြပါလျှင် သာသနာတော် ကြာရှည်လေးမြင့်တည်တံ့နိုင်မည် မဟုတ်တော့ပါ၊ မကြာမြင့်မီမှာပင် ကွယ်ပျောက်ရပါလိမ့်မည်။ အံ-ပါ-၂ ၊ ၂၁၆။

ဤသာသနာကွယ်ပျောက်ကြောင်း တရားများသည်ပင် သာသနာ့အညစ်အကြေးမည်ပါသည်၊ ယင်းသာသနာ့အညစ်အကြေးများ ကင်းစင်သွားပါက သာသနာတော်လည်း သန့်ရှင်းလာပါလိမ့်မည်၊ ယင်းသို့ သာသနာသန့်ရှင်းလာမှသာ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့နိုင်ပါမည်။

သို့ဖြစ်၍ အနေအကျင့်မမှန်သောရဟန်းများအား လူဝတ်လဲပေးရုံမျှကိုသာ သာသနာ့သန့်ရှင်းရေးဟု မထင်မှတ်သင့်ပါ၊ သာသနာ့ဘေးရန်နှင့် သာသနာ့အညစ်အကြေးများကို တွန်းလှန်ဖယ်ရှင်းမှု မှန်သမျှသည်လည်း သာသနာ့သန့်ရှင်းရေးမည်ကြောင်း, ယင်းသန့်ရှင်းရေးသည်ပင် တည်တံ့ရေးလည်းဖြစ်ကြောင်း သတိပြုစေလိုပါသည်။

သို့ဖြင့်- သာသနာတော် သန့်ရှင်းတည်တံ့စေလိုက သာသနာကွယ်ခြင်း၏အကြောင်းဖြစ်သော အဂါရဝတရားများ ရဟန်းရှင်လူတို့၌ မရှိအောင်, သာသနာတော်တည်တံ့ခြင်း၏အကြောင်းဖြစ်သော ဂရုဂါရဝတရားများ ရဟန်းရှင်လူတို့၌ တိုးပွားလာအောင် ကြိုးစားအားထုတ်သင့်ပေသည်။

ဤသို့လျှင် သာသနာ့သန့်ရှင်းတည်တံ့ရေးသည် ရဟန်းတော်များနှင့်သာ သက်ဆိုင်နေသည်မဟုတ်ပါ၊ ဒါယကာဒါယိကာမများနှင့်လည်းသက်ဆိုင်နေသည်သာဖြစ်ပါသည်။

သဒ္ဓမ္မပဋိရူပက

တစ်နည်းအားဖြင့် ပြောရမည်ဆိုပါလျှင် သာသနာတော် သန့်ရှင်းတည်တံ့စေလိုပါက သာသနာ့ဝန်ဆောင်ရဟန်းသာမဏေများနှင့် ဒါယကာဒါယိကာမများတို့သည် မဂ်တရားဖိုလ်ယောင်တရားများ, ဘုရားဟောပါဠိတော်နှင့် ဆင်တူယိုးမှားအယူဝါဒကို ပြည့်နှန်သောစာပေများနှင့်ကင်းရှင်းပြီး ဘုရား,တရား,သံဃာ,သိက္ခာ,သမာဓိတို့ကို ရိုသေလေးစားရပါမည်။

သာသနာ့ဝန်ဆောင် ရဟန်းတော်များနှင့် ဒါယကာဒါယိကာမများက မဂ်တရားဖိုလ်ယောင်တရားများ, ဗုဒ္ဓဝါဒနှင့်ဆင်တူယိုးမှား အယူဝါဒကို ပြည့်နှန်ထားသည့် စာပေများကို လက်ခံနေကြသည့်အပြင် ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိတို့ကို မရိုသေမလေးစားပါလျှင် သာသနာတော် ညစ်နွမ်းနိမ့်ကျသွားနိုင်ပါသည်၊ တဖြည်းဖြည်းကွယ်ပျောက်သွားနိုင်ပါသည်။

သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများနှင့် ဒါယကာဒါယိကာမများက မဂ်တရားဖိုလ်ယောင် တရားများကိုလည်း လက်မခံ ဗုဒ္ဓဝါဒနှင့်ဆင်တူယိုးမှား အယူဝါဒကို ပြည့်နှန်သော စာပေများကိုလည်း လက်မခံသည့်အပြင် ဘုရား,တရား, သံဃာ,သိက္ခာ, သမာဓိတို့ကို ရိုသေလေးစားကြပါလျှင် ကြာရှည်လေးမြင့် သာသနာတော် သန့်ရှင်းတည်တံ့နိုင်ပါသည်၊ မကွယ်ပျောက်အောင် ထိန်းသိမ်းပြီးလည်း ဖြစ်နိုင်ပါသည်။

ထို့ကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ရေးကို လိုလားသော ရဟန်းရှင်လူများသည် မဂ်တုဖိုလ်ယောင်တရားများကိုလည်း လက်မခံသင့်ပါ၊ ဗုဒ္ဓဝါဒနှင့်ဆင်တူယိုးမှား အယူဝါဒကို ပြဲ့နှန်သော စာပေများကိုလည်း လက်မခံသင့်ပါ၊

ထို့ပြင်-

၁။ ဘုရားကို ရိုသေလေးစားခြင်း၊

၂။ တရားကို ရိုသေလေးစားခြင်း၊

၃။ သံဃာတော်ကို ရိုသေလေးစားခြင်း၊

၄။ သိက္ခာ(ရဟန်းကျင့်ဝတ်, လူ့ကျင့်ဝတ်)ကို ရိုသေလေးစားခြင်း၊

၅။ သမာဓိကို ရိုသေလေးစားခြင်း။

ဤတရားငါးပါးကို အရေးတကြီး လိုက်နာကျင့်သုံးသင့်ပေသည်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူချိန်ဖြစ်သည်၊ အရှင်မဟာကဿပက ဘုရားရှင်ထံ လာရောက်လျှောက်ထားသည်။-

"ရှင်တော်မြတ်ဘုရား ! ရှေးအခါက သိက္ခာပုဒ်တွေက ပိုနည်းပါတယ်၊ အရဟတ္တဖိုလ်မှာတည်တဲ့ရဟန်းတွေ (ရဟန္တာဖြစ်တဲ့ရဟန်းတွေ)က ပိုများပါတယ်။

အခုတော့ သိက္ခာပုဒ်တွေက ပိုများလာပါတယ်၊ အရဟတ္တဖိုလ်မှာတည်တဲ့ ရဟန်းတွေက ပိုပြီးနည်းလာပါတယ်၊ ဒီလိုဖြစ်ရတာဟာ ဘာကြောင့်ပါလဲ?"။

"ကဿပ ! ဒါဟာ ဖြစ်ရိုးဖြစ်စဉ် သဘောပါပဲ၊ သတ္တဝါတွေ ဆုတ်ယုတ်လာလို့ ကျင့်ဝတ်ပဋိပတ်ဘက်က အားနည်းလာတဲ့အခါမှာ သိက္ခာပုဒ်တွေက ပိုများလာရတယ်၊ အရဟတ္တဖိုလ်မှာတည်တဲ့ ရဟန်းတွေက ပိုနည်းလာရတယ်။

ကဿပ ! တရားအားထုတ်ကြတဲ့ ယောဂီတွေဟာ သြဘာသ(အရောင်အလင်း) စတဲ့တရားတွေ ထင်လာတဲ့အခါမှာ မဂ်ဖိုလ်ကို မရသေးဘဲ ရပြီလို့ အထင်အမြင်လွဲမှားသွားတတ်တယ်၊ ဒီလို ရသင့်ရထိုက်တဲ့ မဂ်တရား ဖိုလ်တရားတွေရဲ့ အတုအရောင်ဖြစ်တဲ့အတွက် အဲဒီ သြဘာသစတဲ့ တရားတွေဟာ အဓိဂမသဒ္ဓမ္မပဋိရူပက (အဓိဂမသာသနာအတုအယောင်) ဖြစ်ပေတယ်။

ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်တဲ့အတွက် ပဋိပတ္တိသဒ္ဓမ္မပဋိရူပက (ပဋိပတ္တိသာသနာအတုအယောင်)လို့လဲ ဆိုသင့်တာပဲ။

ဘုရားဟော ပါဠိတော်နှင့်ဆန့်ကျင်နေတဲ့, ဘုရားဟောပါဠိတော်နှင့် ဆင်တူယိုးမှားအယူဝါဒတွေကို ပြည့်နှန်ထားတဲ့ စာပေများကတော့ ပရိယတ္တိသဒ္ဓမ္မပဋိရူပက (ပရိယတ္တိသာသနာ အတုအယောင်) ဖြစ်ပေတယ်။

ကဿပ ! လောကမှာ ဒီလို သဒ္ဓမ္မအတုအယောင်တွေ မပေါ်မချင်း သဒ္ဓမ္မအစစ်မကွယ်ပျောက်နိုင်ပါဘူး၊ သဒ္ဓမ္မအတုအယောင်တွေ ပေါ်လာတဲ့အချိန်ကျတော့ စွာန်မဂ်ဖိုလ်ဆိုတဲ့ အဓိဂမသဒ္ဓမ္မ, တရားကျင့်စဉ်ဆိုတဲ့ပဋိပတ္တိသဒ္ဓမ္မ, သင်ယူမှတ်သားရမယ့် ဘုရားဟောစကားတော်ဖြစ်တဲ့ ပရိယတ္တိသဒ္ဓမ္မ- ဒီအစစ်အမှန်ဖြစ်တဲ့ သဒ္ဓမ္မသုံးဖြာ သာသနာတော်ဟာ လုံးဝကွယ်ပျောက်ရမှာပဲ။

အဲဒီလို ကွယ်ပျောက်တဲ့အခါမှာလဲပဲ အဓိဂမသဒ္ဓမ္မကစပြီး ကွယ်ပျောက်သွားပေလိမ့်မယ်၊ ပထမဗောဓိ(ဘုရားရှင် ဝါတော် ၂၀-အတွင်း)မှာ ရဟန်းတော်တွေဟာ ပဋိသမ္ဘိဒါထိအောင် ရနိုင်ကြသေးတယ်၊ အချိန်ကာလ ကြာလာတဲ့အခါ ပဋိသမ္ဘိဒါဉာဏ်ကို မရနိုင်ကြတော့ဘူး၊ အဘိညာဉ်လောက်ကိုပဲ ရနိုင်ကြပေလိမ့်မယ်၊ နောက်ပိုင်းမှာ အဘိညာဉ်တွေကိုမှ မရနိုင်ကြတော့ဘဲ ဝိဇ္ဇာသုံးပါးလောက်ကိုသာ ရနိုင်ကြပေလိမ့်မယ်၊ အချိန်ကာလ ကြာလာတဲ့အခါ ဝိဇ္ဇာသုံးပါးကိုတောင်မှ မရနိုင်ကြတော့ဘဲ အရဟတ္တဖိုလ်မျှကိုသာ ရနိုင်ကြပေလိမ့်မယ်၊ အရဟတ္တဖိုလ်ကိုတောင်မှ မရနိုင်တဲ့အခါမှာ အနာဂါမိဖိုလ်, အနာဂါမိဖိုလ်ကို မရနိုင်တဲ့အခါ သကဒါဂါမိဖိုလ်, သကဒါဂါမိဖိုလ်ကို မရနိုင်တဲ့အခါ သောတာပတ္တိဖိုလ်လောက်ကိုသာ ရနိုင်ကြပေလိမ့်မယ်၊ အချိန်ကာလ ကြာလာတဲ့အခါမှာ သောတာပတ္တိဖိုလ်ကိုတောင်မှ ရနိုင်ကြတော့မယ် မဟုတ်ဘူး၊ ဝိပဿနာဉာဏ်ရဲ့ ညစ်ညူးကြောင်း သြဘာသစတဲ့ တရားတွေကြောင့် ညစ်ညူးကာ ဝိပဿနာကို အားထုတ်ကာမတ္တ အခြေအနေမျိုးကို

ဆိုက်ရောက်လာလိမ့်မယ်၊ အဲဒီ အခြေအနေမျိုး ဆိုက်ရောက်လာတဲ့အခါ သူတို့ရဲ့ သန္တာန်မှာ အဓိဂမသဒ္ဓမ္မ ကွယ်ပျောက်သွားပေလိမ့်မယ်။

ပထမဗောဓိတုန်းက ရဟန်းတော်တွေဟာ ပဋိသမ္ဘိဒါအား‌လျော်တဲ့ ကျင့်ဝတ်ကို ဖြည့်ကျင့်ခဲ့ကြတယ်၊ အချိန်ကာလ ကြာလာသည့်အခါမှာ ပဋိသမ္ဘိဒါအား‌လျော်တဲ့ ကျင့်ဝတ်ကို မဖြည့်ကျင့်နိုင်ကြတော့ဘဲ အဘိညာဉ်ခြောက်ပါး‌အား လျော်တဲ့ ကျင့်ဝတ်ကို ဖြည့်ကျင့်လာကြလိမ့်မယ်၊ ယင်း ကျင့်ဝတ်ကိုမျှ မဖြည့်ကျင့်နိုင်တဲ့ အခါမှာ ဝိဇ္ဇာသုံးပါး‌အား‌လျော်တဲ့ကျင့်ဝတ်ကို ဖြည့်ကျင့်လာကြလိမ့်မယ်၊ ယင်း ကျင့်ဝတ်ကို မဖြည့်ကျင့်နိုင်ကြတဲ့အခါမှာ အရဟတ္တဖိုလ်‌အား‌လျော်တဲ့ ကျင့်ဝတ်ကို ဖြည့်ကျင့်လာကြလိမ့်မယ်၊ အချိန်ကာလ ကြာလာပြန်တဲ့အခါ အရဟတ္တဖိုလ်‌အား‌လျော်တဲ့ ကျင့်ဝတ်ကိုတောင်မှ မဖြည့်ကျင့်နိုင်ကြတော့ဘဲ အနာဂါမိဖိုလ်‌အား လျော်တဲ့ ကျင့်ဝတ်ကို ဖြည့်ကျင့်လာကြလိမ့်မယ်၊ ယင်းကျင့်ဝတ်ကို မဖြည့်ကျင့်နိုင်တဲ့ အခါမှာ သကဒါဂါမိဖိုလ်‌အား‌လျော်တဲ့ အကျင့်ကို ဖြည့်ကျင့်လာကြလိမ့်မယ်၊ ယင်းအကျင့်ကိုတောင်မှ မကျင့်နိုင်ကြတဲ့အခါမှာ သောတာပတ္တိဖိုလ်‌အား‌လျော်တဲ့ အကျင့်ကို ကျင့်လာကြလိမ့်မယ်၊ အဆုံးမှာ ယင်းအကျင့်ကလေးကိုတောင်မှ မကျင့် နိုင်ကြတော့ဘဲ သီလစင်ကြယ်ရုံမျှ ဖြည့်ကျင့်နိုင်တဲ့ အခြေအနေမျိုး ဆိုက်ရောက်လာ လိမ့်မယ်။ ယင်းအခြေအနေမျိုး ဆိုက်ရောက်လာသည့်အခါမှာ ပဋိပတ္တိသဒ္ဓမ္မ တဖြည်းဖြည်း ကွယ်ပျောက်သွားပေလိမ့်မယ်။ (ပဋိပတ္တိအန္တ ရဓာနကိုလည်း ပြန်ရှုပါ။)

ပြီးတော့ကာ-ပိဋကတ်သုံးပုံဆိုတဲ့ ဘုရားစကားတော် ရှိနေသမျှ သာသနာတော် ကွယ်တယ်လို့ မဆိုသင့်ဘူး၊ ပိဋကတ်သုံးပုံလုံးကို ထားပါဦး၊ အဘိဓမ္မာပိဋကတ် ကွယ်သွားပြီး အခြားပိဋကတ်နှစ်ပုံ ရှိနေသေးရင်လဲ သာသနာကွယ်တယ်လို့ မဆိုသင့်သေးပါဘူး၊ ပိဋကတ်နှစ်ပုံကို မဆိုထားပါနဲ့ ဝိနည်းပိဋကတ်လောက် ရှိနေတောင်မှ သာသနာကွယ်တယ်လို့ မဆိုသင့်သေးပါဘူး၊ ဝိနည်းပိဋကတ်မှာလဲပဲ ခန္ဓက, ပရိဝါတွေ ကွယ်သွားပြီး ဥဘတောဝိဘင်းလောက် ကျန်နေသေးရင်လဲ သာသနာ ကွယ်တယ်လို့ မဆိုသင့်ဘူး၊ ဥဘတောဝိဘင်းကွယ်သွားပြီး ပါတိမောက်နှစ်စောင်လောက် ရှိနေသေးတောင်မှ သာသနာတော်မကွယ်သေးပါဘူး၊ ပါတိမောက်နှစ်စောင်ပါ ကွယ်သွားတဲ့အခါမှာတော့ ပရိယတ္တိသဒ္ဓမ္မ ကွယ်သွားပေလိမ့်မယ်၊ အဲဒီလို ပရိယတ္တိသဒ္ဓမ္မ ကွယ်သွားတဲ့အခါမှာ သဒ္ဓမ္မသုံးပါး(သာသနာတော်သုံးပါး) လုံးဝကွယ်ပျောက်ရမှာပဲ။

ပရိယတ်ဟာ ပဋိပတ်ရဲ့အကြောင်းဖြစ်တယ်၊ ပဋိပတ်ဟာ အဓိဂမ(စျာန်, မဂ်, ဖိုလ်)ရဲ့ အကြောင်းဖြစ်တယ်၊ ဒါ့ကြောင့် ပရိယတ်ကွယ်တဲ့အခါမှာ ပဋိပတ်ကွယ်ရတော့တယ်၊ ပဋိပတ်ကွယ်တဲ့အခါမှာ အဓိဂမ(စျာန်မဂ်ဖိုလ်) ကွယ်ရပါတော့တယ်။

ရေကန်ကြီးတစ်ခုရဲ့ ကန်ဘောင်ရိုး ခိုင်ခဲ့နေပါရင် 'ရေတည်နေမယ်မဟုတ်'လို့ မဆိုသင့်၊ ရေတည်နေခဲ့ရင် 'ကြာပန်းအမျိုးမျိုးပွင့်မယ်မဟုတ်'လို့ မဆိုသင့်၊ အဲဒီလိုပဲ တစ်ဖက်ဆည်ကန်ကြီးရဲ့ ခိုင်ခဲ့တဲ့ ကန်ဘောင်ရိုးနှင့်တူတဲ့ ဘုရားဟောပါဠိတော် (ပိဋကတ်သုံးပုံ) ရှိနေခဲ့ရင် တစ်ဖက်ဆည်ကန်ထဲက ရေနှင့်တူတဲ့ ပဋိပတ်ကို ဖြည့်ကျင့်တတ်တဲ့ အမျိုးကောင်းသားတွေ မရှိလို့ မဆိုသင့်၊ ပဋိပတ်ကို ဖြည့်ကျင့်တဲ့ အမျိုးကောင်းသားတွေ ရှိနေခဲ့ရင် တစ်ဖက်ဆည်ကန်ကြီးထဲက ကြာပန်းအမျိုးမျိုးနှင့်တူတဲ့ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်များ မရှိလို့ မဆိုသင့်၊ ဒီလိုပဲ ပရိယတ္တိကသာ လိုရင်းဖြစ်ကြောင်း သတိပြုသင့်ပေတယ်။

ကဿပ ! လောကမှာ ရွှေရည်စိမ်ဝတ်စားတန်ဆာတွေ ကြေးဝါ (မိုးကြိုး)နဲ့ ပြုလုပ်ထားတဲ့ ဝတ်စားတန်ဆာတွေကိုပဲ 'ရွှေတု'လို့ ခေါ်နေကြတယ်၊ အဲဒီ ရွှေတုမပေါ်မချင်း ရွှေအစစ်ဟာ မကွယ်ပျောက်နိုင်ဘူး၊ အရပ်သူအရပ်သားတွေက ပွဲကြီးလမ်းကြီး ရှိတဲ့အခါမျိုးမှာ ဝတ်စားတန်ဆာဝယ်ရအောင် ဈေးကိုသွားတတ်ကြတယ်၊ သူတို့ကိုတွေ့ရတဲ့အခါမှာ ဈေးသည်တွေက– 'ဝတ်စားတန်ဆာများလိုချင်ကြရင် ဒါတွေကို ယူသွားကြတာပေါ့ရှင်၊ ဒါတွေက ကြီးလဲကြီးပါတယ်၊ အရောင်အဆင်းလဲလှပါတယ်၊ ဈေးလဲပေါပါတယ်'လို့ ဒီလို ပြောဆိုပြီး ရွှေတုကို ထုတ်ပြကြပါတော့တယ်၊ ဒီတော့ အရပ်သူအရပ်သားတွေကလဲ 'သူတို့ပြောတာ အဟုတ်သားပဲ၊ ဒါတွေကို ဝတ်စားဆင်ယင်ပြီး ပွဲလမ်းသဘင်ကို သွားနိုင်တာပဲ၊ လှလဲအလှသားပဲ၊ ဈေးလဲအချိုသားပဲ'ဆိုပြီး နှစ်ခြိုက်စွာပဲ ရွှေတုကို ဝယ်ယူသွားကြတော့တယ်၊ ရွှေစစ်နဲ့လုပ်ထားတဲ့ ဝတ်စားတန်ဆာတွေကတော့ ဝယ်မယ့်လူမရှိဘဲ သိမ်းထားရမယ့် အခြေအနေမျိုးကို ဆိုက်ရောက်သွားရတော့တယ်၊ ဒီလိုရွှေတုပေါလာတဲ့အခါကျတော့ ရွှေစစ်ဟာကွယ်ပျောက်ရတော့တယ်၊ ဒီဥပမာအတိုင်းပဲ သဒ္ဓမ္မအတုအယောင်မပေါ်မချင်း သဒ္ဓမ္မအစစ်က မကွယ်ပျောက်နိုင်ပါဘူး၊ သဒ္ဓမ္မအတုအယောင် ပေါ်လာတဲ့အခါမှာတော့ သဒ္ဓမ္မအစစ်လဲ ကွယ်ပျောက်ရတော့ မှာပဲ။

"ကဿပ ! ပထဝီဓာတ်ကလဲ သဒ္ဓမ္မကို မကွယ်ပျောက်စေနိုင်ဘူး၊ အာပေါဓာတ်ကလဲ မကွယ်ပျောက်စေနိုင်ဘူး၊ တေဇောဓာတ်ကလဲ မကွယ် ပျောက်စေနိုင်ဘူး၊ ဝါယောဓာတ်ကလဲ မကွယ်ပျောက်စေနိုင်ဘူး။

အဲဒီထဲမှာ ပါလာတဲ့ပထဝီဓာတ်ဆိုတာဟာ နှစ်သိန်းလေးသောင်း အထူရှိတဲ့ မဟာပထဝီမြေပဲ ဖြစ်တယ်၊ အာပေါဓာတ်ဆိုတာက မြေပြင်ကစပြီး သုဘကိဏ္ဍဇြဟ္မဘုံတိုင်အောင် တက်တဲ့ ကမ္ဘာဖျက်ရေ ဖြစ်တယ်၊ တေဇောဓာတ်ဆိုတာက မြေပြင်ကစပြီး အာဘဿရဇြဟ္မဘုံတိုင်အောင် ပေါ်တက်လောင်ကျွမ်းတဲ့ ကမ္ဘာဖျက်မီးဖြစ်တယ်၊ ဝါယောဓာတ်ဆိုတာက မြေအပြင်ကစပြီး ဝေဟပ္ဖလ်ဇြဟ္မဘုံအထိ တိုက်ခတ်ဖျက်ဆီးတဲ့ ကမ္ဘာဖျက်လေပဲ ဖြစ်တယ်၊ ဒီလို တစ်လောကလုံးကို

လွမ်းမိုးဖျက်ဆီးနိုင်တဲ့ ဘယ်ဓာတ်သဘောကမှ ငါဘုရား‌ရဲ့သာသနာကို မဖျက်ဆီးမကွယ်ပျောက်စေနိုင်ဘူး။

အမှန်ကတော့-သံကိုဖျက်ဆီးတတ်တဲ့ သံချေးဆိုတာဟာ သံမှပဲဖြစ်ပေါ်လာရသလို ဒီသာသနာတော်ကိုဖျက်ဆီးတတ်တဲ့ ယောကျ်ားဖျင်းတွေလဲပဲ ဒီသာသနာတော်အတွင်းမှာပဲ ဖြစ်ပေါ်နေကြတယ်၊ ရှိနေကြတယ်၊ လေ့ဆိုတာဟာ အဆမတန်ဝန်တွေကို တင်လိုက်တဲ့အခါမှာ နစ်မြုပ်သွားတတ်တယ်၊ သာသနာတော်(သဒ္ဓမ္မ)ကတော့ ဒီလိုမဟုတ်ပါဘူး၊ "ပရိယတ်,ပဋိပတ်,အဓိဂမ"ဆိုတဲ့ဝန်တွေကို အဆမတန်တင်လေလေ နစ်မြုပ်မသွားတဲ့အပြင် နဂိုကထက် ကြွလာ, ရွလာ, ပေါ်တက်လာလေလေ ဖြစ်တတ်ပါတယ်၊ နစ်မြုပ်ကွယ်ပျောက်သွားစရာ မရှိနိုင်ပါဘူး၊ ကြာရှည်လေးမြင့် တည်တံ့စရာသာ ရှိပါတယ်။

ကဿပ !နိမ့်ကျကြောင်း(အောက်အပါယ်လေးဘုံသို့ရောက်ကြောင်း)တရား ငါးပါးဟာ သဒ္ဓမ္မ(သာသနာတော်)ကို ကွယ်ပျောက်စေနိုင်တယ်၊ ဒီသာသနာတော်မှာ ရဟန်း,ရဟန်းမ, ဒါယကာ,ဒါယိကာမတွေ(ဆိုတဲ့ ပရိသတ်လေးပါး)က-

၁။ ဘုရားကို မလေးစားမရိုသေဘဲ နေမယ်၊
၂။ တရားကို မလေးစားမရိုသေဘဲ နေမယ်၊
၃။ သံဃာကို မလေးစားမရိုသေဘဲနေမယ်၊
၄။ အကျင့်သိက္ခာကို မလေးစားမရိုသေဘဲ နေမယ်၊
၅။ သမာဓိကို မလေးစားမရိုသေဘဲ နေမယ်။

ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိကို မလေးစားမရိုသေမှုဆိုတဲ့ ဒီနိမ့်ကျကြောင်းတရား ငါးပါးဟာ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ကွယ်ပျောက်စေနိုင်တယ်။

ကဿပ !ဒီတရားငါးပါးကတော့ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို တည်တံ့စေနိုင်တယ်၊ မကွယ်ပျောက်အောင် ထိန်းထားနိုင်တယ်၊ ဒီသာသနာတော်မှာ ရဟန်း, ရဟန်းမ, ဒကာ, ဒကာမတွေက-

၁။ ဘုရားကို လေးစားရိုသေမယ်၊
၂။ တရားကို လေးစားရိုသေမယ်၊
၃။ သံဃာကို လေးစားရိုသေမယ်၊
၄။ သိက္ခာကို လေးစားရိုသေမယ်၊
၅။ သမာဓိကို လေးစားရိုသေမယ်၊

ကဿပ !ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိကို လေးစားရိုသေမှုဆိုတဲ့ ဒီတရားငါးပါးဟာ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို တည်တံ့စေနိုင်တယ်၊ မကွယ်ပျောက်အောင် ထိန်းထားနိုင်တယ်"။သံ-ပါ-၁၊ ၄၂၂။ ဋ-၂၊ ၁၈၆။ ဋီ-၁၇၀။

ဆောင်။ ။ဘုရားတရား, ရှစ်ပါးသံဃာ, ကျင့်သိက္ခာနှင့်, သမာဓိဟု, ဤငါးခုကို, လေးပြုရိုသေ,ရှိတုံပေက, တည်နေသာသနာ, ကင်းကွာရိုသေ, ကွယ်ပျောက်စေသည့်,..... မှတ်လေ ရှင်တော့်မိန့်ခွန်းတည်း။

ဤသို့ ဘုရားရှင်က မိန့်ကြားတော်မူသည့် သာသနာတော်ကွယ်ခြင်း၏ အကြောင်းဖြစ်သော အဂါရဝတရားများ ရဟန်းရှင်လူတို့၌ မရှိအောင်, သာသနာတော် တည်ခြင်း၏ အကြောင်းဖြစ်သော ဂါရဝတရားများ ရဟန်းရှင်လူတို့၌ ရှိလာအောင် ဘုရားရှင်၏ သာသနာတော်ကို ယုံကြည်မြတ်နိုးသောပုဂ္ဂိုလ်တိုင်း အားထုတ်ကြိုးစားသင့်ပေသည်။

ထို့ပြင်= နတ်သားတစ်ဦးက လာရောက်လျှောက်ထားသွားသည့်အတွက် သာသနာတော်ကွယ်ကြောင်းတရားနှင့် သာသနာတော်တည်တံ့ကြောင်းတရား ခုနစ်ပါးစီကိုလည်း ဘုရားရှင်က ရဟန်းတော်များအား ပြန်လည်မိန့်ကြားတော်မူပါသည်။

ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်ပိုင်းအချိန်မှာ ရဟန်း, ရဟန်းမ ဒါယကာ, ဒါယိကာမတို့သည် ဘုရား, တရား, သံဃာ, သိက္ခာပုဒ်, သမာဓိတရား, အပွမာဒတရား, အချင်းချင်းအာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရပြုခြင်းတို့ကို မရှိသေခြင်းဟူသော အဂါရဝတရား ပေါများလာခဲ့ပါလျှင် ငါဘုရား၏ သာသနာတော် ကြာမြင့်စွာမတည်ရာ၊ ပျောက်ကွယ်တိမ်မြုပ်ခြင်းသို့သာ ရောက်ရာသည်။

ဤခုနစ်ပါးသောတရားတို့ကို ရှိသေစွာ ဆောင်ရွက်လျှင် ငါဘုရား၏ သာသနာတော် ကြာရှည်လေးမြင့် တည်ရာသည်။ အံ-ပါ-၂၊ ၄၁၈။

ဤ၌ အချင်းချင်းအာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရပြုခြင်းဟူသည်= ဒါယကာဒါယိကာမများက ရဟန်းများအား ပစ္စည်းလေးပါးဖြင့် ကူညီထောက်ပံ့မှု(အာမိသပဋိသန္ထာရ) ရဟန်းတော်များက ဒါယကာ ဒါယိကာမများအား တရားစကားဟောပြောညွှန်ကြားမှု(ဓမ္မပဋိသန္ထာရ) ရဟန်းတော်အချင်းချင်း မိမိတို့၏ ပစ္စည်းကိုဝေဖန်သုံးစွဲမှု, စာပေပို့ချ ဆုံးမသြဝါဒပေးမှု, ဒါယကာ ဒါယိကာမချင်း ပစ္စည်းဥစ္စာဖြင့် ကူညီထောက်ပံ့မှု, ပညာသင်ပေးမှု လောကရေးဓမ္မရေးတို့ဖြင့် သွန်သင်ညွှန်ကြားမှုများပင် ဖြစ်ပေသည်။

ဤသို့ ဘုရားရှင်ဟောတော်မူထားသည်အားလျော်စွာ ဤဂရုဂါရဝတရား ခုနစ်ပါးတို့၌ ရှိသေလေးစားစွာ ကျင့်ခြင်းကိုလည်း ရဟန်းရှင်လူတို့၌ ဖြစ်ပွားလာအောင် အားထုတ်သင့်သည်၊ ဤဂရုဂါရဝတရားများ ရဟန်းရှင်လူတို့သန္တာန်မှာ ပွားများလာခဲ့ပါလျှင် သာသနာတော် ကြာရှည်လေးမြင့် တည်တံ့နိုင်သည့်အပြင် တိုင်းသူပြည်သား ရဟန်းရှင်လူအများတို့မှာလည်း စီးပွားချမ်းသာ တိုးတက်လာပါလိမ့်မည်၊ မင်္ဂလာ, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးထူးကိုလည်း ရရှိနိုင်ကြပါလိမ့်မည်။

သာသနာ့ ဘေးရန်များ

ဤ၌ ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့သော သာသနာ့ဘေးရန်များနှင့် ဖုဿထေရ်က မိန့်ကြားခဲ့သော သာသနာ့ဘေးရန်များကို ပြဆိုပါဦးမည်။

၁။ ငါဘုရားရဲ့ သာသနာတော်မှာ ကာယဂတာသတိဘာဝနာကိုမပွားများတဲ့ရဟန်း, စတုပါရိသုဒ္ဓိသီလကိုမစောင့်ရှောက်တဲ့ရဟန်း, သမထကိုမပွားများတဲ့ရဟန်း, ဝိပဿနာကိုအားမထုတ်တဲ့ရဟန်းတွေ ဖြစ်ပေါ်လာကြလိမ့်မယ်။

အဲဒီရဟန်းတွေဟာ သူတို့ကိုယ်တိုင်က ကာယဂတာသတိဘာဝနာကိုလဲ မပွားများ, စတုပါရိသုဒ္ဓိသီလကိုလဲ မစောင့်ရှောက်, သမထကိုလဲမပွားများ, ဝိပဿနာကိုလဲ ရှုမှတ်မှုမပြုကြဘဲ ဥပဇ္ဈာယ်လုပ်ပြီး အခြားသူတွေကို (ရှင်ပြုပေးကြ)ရဟန်းခံပေးကြလိမ့်မယ်။

၂။ အဲဒီရဟန်းတွေဟာ နိသျည်းဆရာလုပ်ပြီး အခြားရဟန်းတွေကို နိသျည်းပေးကြလိမ့်မယ်၊ (အခြားနေရာမှ လာရောက်နေထိုင်ကြသောရဟန်းငယ်များ၏ အမှီပြုရာဆရာအနေဖြင့် လက်ခံမှုကို နိသျည်းပေးသည်ဟု ဆိုသည်။) အဲဒီရဟန်းတွေဟာ မိမိတို့ရဲ့ တပည့်ရဟန်းသာမဏေများကို အဓိသီလ, အဓိစိတ္တ, အဓိပညာ-သိက္ခာသုံးပါးမှာ ဆုံးမနိုင်ကြမယ် မဟုတ်၊ သူတို့ရဲ့တပည့်အဆက်ဆက်လဲ သူတို့ဆရာတွေလိုပဲ ဖြစ်လာကြလိမ့်မယ်။

၃။ အဲဒီရဟန်းတွေဟာ သီလစတဲ့ မြင့်မြတ်သောတရားစကား(အဘိဓမ္မကထံ), ဉာဏ်စဉ်တရား(ဝေဒလ္လကထံ)တွေကိုဟောရင်း ဖျက်လိုဖျက်ဆီး သူတစ်ပါးကို ပုတ်ခတ်ကြလိမ့်မယ်၊ လာဘ်လာဘကို လိုချင်မက်မော ဟောပြောကြလိမ့်မယ်။

၄။ အဲဒီရဟန်းတွေဟာ သူတို့ကိုယ်တိုင်ကလဲ နက်နဲတဲ့ သုတ္တန်တွေကို နာလိုကြမယ် မဟုတ်တော့ဘူး၊ သာသနာ့ပြင်ပစာရေးဆရာများ အဆန်းအကြယ် ဖွဲ့နွဲ့ထားတဲ့ သုတ္တန်တွေကိုတော့ နာလိုကြမယ်၊ သင်ယူသင့်တယ်လို့လဲ မှတ်ထင်ကြမယ်။

၅။ အဲဒီ(မထေရ်ကြီး)ရဟန်းတွေက ပစ္စည်းလာဘ်လာဘ ပေါများအောင်သာ ပြုကျင့်လာကြလိမ့်မယ်၊ အကျင့်သိက္ခာဘက်ကျတော့ လျော့တိလျော့ရဲ ကျင့်ကြလိမ့်မယ်၊ တရားထူးတစ်စုံတစ်ခုကိုရအောင် အားထုတ်ကြမယ် မဟုတ်တော့ဘူး၊ သူတို့ရဲ့ တပည့်အဆက်ဆက်လဲပဲ သူတို့ဆရာတွေလိုပဲ ကျင့်သုံးနေထိုင်လာကြလိမ့်မယ်။

ဒီလိုဘဲ တရားပျက်စီးတဲ့အတွက် ဝိနည်းပျက်စီးမယ်၊ ဝိနည်းပျက်စီးတဲ့အတွက် တရားပျက်စီးမယ်။

ဘုရားရှင်က ဤအနာဂတ်ဘေးရန်များကို တွေ့မြင်ဟောပြောပြီးသည့်နောက် ရဟန်းတော်များကို တိုက်တွန်းနှိုးဆော်တော်မူပြန်သည်။

ရဟန်းတို့ ! ဒီဘေးရန်တွေဟာ ငါဘုရားသာသနာတော်မှာ ဖြစ်ပေါ်လာလိမ့်မယ်၊ ဒီဘေးရန်တွေကို သင်တို့တစ်တွေ ကြိုတင်သိထားသင့်တယ်၊ သိနားလည်ပြီးတဲ့နောက် ဒီဘေးရန်တွေကိုပယ်ဖျက်ရအောင် ကြိုးစားအားထုတ်ရမယ်။ အံ-ပါ-၂၊ ၉၃။ ၄-၃၊ ၃၆။ ဌီ-၃၊ ၃၁။

ဘုရားရှင်တို့မည်သည် သိမြင်နှံ့စပ်သော ဉာဏ်တော်ထူးကို ပိုင်ဆိုင်ရရှိထားကြသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ သို့ဖြင့် အတိတ်အကြောင်းအရာကိုလည်း သိမြင်တော်မူသည်၊ ပစ္စုပ္ပန်ကြောင်းအရာကိုလည်း သိမြင်တော်မူသည်၊ အနာဂတ်အကြောင်းအရာကိုလည်း သိမြင်တော်မူသည်၊ ဘုရားရှင်တို့၏ ဉာဏ်တော်ကို ပိတ်ပင်ဆီးတား ကာကွယ်ထားနိုင်သော အရာဟူ၍ မရှိချေ။

ဤသို့လျှင် ကာလသုံးပါး၌ အပိတ်အပင်အဆီးအတားမရှိ သိမြင်တော်မူသော ဘုရားရှင်သည် အနာဂတ်သာသနာရေးကို လှမ်းမြော်ကြည့်ရှုတော်မူသည့်အခါ ဉာဏ်တော်မှာ ထင်လာသော သာသနာ့ဘေးရန်များကို ရဟန်းတော်များအား မိန့်ကြားတော်မူခဲ့ပါသည်။

ယင်း ဘေးရန်များသည် ယခုခေတ် ယခုအချိန်မှာ အဘယ်မျှဖြစ်ပွားနေသည်ကို သတိပြုလေ့လာ ကြည့်ရှုစေလိုပါသည်၊ ယင်းသို့ သတိပြုကြည့်ရှု၍ တွေ့ရှိရသမျှသော ဘေးရန်များကို ကိုယ်အားဉာဏ်အား ရှိသမျှ ပယ်ဖျက်သင့်ပါသည်၊ သို့မှသာ ဗုဒ္ဓအလိုတော်ကျ သာသနာ့သန့်ရှင်းတည်တံ့ရေး ဖြစ်နိုင်ပါလိမ့်မည်။

ဖုဿတ္ထေရအပဒါန် ထို့ပြင် သာသနာတော်၏ အနာဂတ်ဘေးရန်များကို ဖုဿထေရ်ကလည်း မိန့်ဆိုထားခဲ့ပါသေးသည်၊ ယခု ယင်း သာသနာ့ဘေးရန်များကို ဆက်လက်ပြဆိုပါဦးမည်။

ယင်း ဖုဿထေရ်သည် ရှေးဘုရားရှင်တို့ထံမှာ ပါရမီဖြည့်လာခဲ့သူ ဖြစ်သည်၊ ဖြစ်ရာဘဝမှာ နီဗွာန်ကိုရည်မှန်း၍ ကုသိုလ်ကောင်းမှု ပြုလာခဲ့သည်၊ သို့ဖြင့် လူ့ပြည်နတ်ပြည်တို့၌ တုံ့ခေါက်လူးလာ ကျင်လည်လာခဲ့ရသည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသည့်အချိန်မှာ ပဒေသရာဇ်မင်း(ဘုရင်ခံ)တစ်ဦး၏ သားဖြစ်လာခဲ့သည်၊ သူ၏အမည်မှာ ဖုဿဖြစ်ပါသည်။

ဖုဿမင်းသား အရွယ်ရောက်လာသည့်အခါ မင်းသားများသင်ယူရမည့် အတတ်များကို တတ်မြောက်လာခဲ့သည်၊ ရှေးပါရမီကုသိုလ်၏ ကူညီထောက်ပံ့မှုကြောင့် သူသည် ကာမဂုဏ်တို့၌ စိတ်ပါဝင်စားမှု မရှိချေ၊ မထေရ်ကြီးတစ်ပါးထံမှာ တရားနာရသည့်အခါ ကြည်ညိုသဒ္ဓါ ဖြစ်ပွားလာ၍ ရဟန်းပြုသည်။

သူသည် ရဟန်းပြုပြီးသည့်နောက် စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ယူသည်၊ သမထဘာဝနာကို ပွားများအားထုတ်သည့်အခါ ဈာန်ရလာခဲ့သည်၊ ယင်းရလာသောဈာန်ကို အခြေခံထားကာ ဝိပဿနာကို ရှုမှတ်ပွားများပြန်သည်၊ မကြာမီမှာပင် အဘိညာဉ်ခြောက်ပါးတို့ကို ရလာခဲ့သည်၊ ဈာန်အဘိညာဉ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လာခဲ့သည်။

တစ်နေ့သ၌ မိမိမျိုးနွယ်ရင်းဖြင့် 'ပဏ္ဍရ'မည်သော ရသေ့တစ်ဦးသည် ဖုဿထေရ်ထံမှာ တရားနာနေခဲ့သည်၊ ထိုစဉ် ရဟန်းတော်အများအပြားလည်း အနီးမှာထိုင်နေကြသည်။

ယင်းရဟန်းတော်များသည် သီလအကျင့်နှင့် ပြည့်စုံကြသည်၊ စက္ခုစသောဣန္ဒြေတို့ကိုလည်း ကောင်းစွာစောင့်စည်းကြသည်၊ ကာယဂတာသတိဘာဝနာကိုလည်း ပွားများထားကြသည်၊ သမထကိုလည်း ပွားများအားထုတ်ထားသူများ ဖြစ်ကြသည်။

ပဏ္ဍရရသေ့သည် ယင်း ရဟန်းတော်များကို တွေ့ရသည့်အခါ စိတ်ကြည်လင်လာသည်၊ "ဒီအကျင့်ဟာ လောကမှာ ကြာရှည်လေးမြင့် တည်နေခဲ့ရင် ကောင်းမှာပဲ"ဟု စိတ်ကူးကြံစည်မိသဖြင့် ဖုဿထေရ်ကို လျှောက်ထားသည်။

"အရှင်ဘုရား !နောင်အနာဂတ်ကာလမှာ ရဟန်းတော်တွေရဲ့ အလိုဆန္ဒနှင့် အသွင်အပြင်(အကျင့်)ဟာ ဘယ်လိုဖြစ်လာမှာပါလဲ?။

ရသေ့၏စကားကို ကြားရသည့်အခါ ဖုဿထေရ်က အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူသည်၊ ရဟန်းနှင့်ရဟန်းမများတို့ ဖြစ်ပေါ်လာမည့်အဖြစ်မှန်ကို တွေ့မြင်တော်မူသည်၊ သို့ဖြင့် ပဏ္ဍရရသေ့အား ယင်းအကြောင်းကို ပြောဟောမိန့်ကြားတော်မူသည်။

နောင်အခါမှာ အမျက်ထွက်လေ့ရှိတဲ့(စိတ်ဆိုးတဲ့)ရဟန်း, ရန်ငြိုးထားတတ်တဲ့ရဟန်း, သူတစ်ပါးရဲ့ဂုဏ်ကျေးဇူးကို ချေဖျက်တတ်တဲ့ရဟန်း, အလွန်ဆောင့်ကြွားကြွားနိုင်တဲ့ရဟန်း(ထန်ချင်မာန်ချင်တဲ့ရဟန်း), ဂုဏ်မရှိဘဲဂုဏ်ရှိဟန်ဆောင်ပြီးစဉ်းလဲကောက်ကျစ်တဲ့ရဟန်း, ရဟန်းအချင်းချင်း ကိုယ့်ထက်သာ မနာလိုတဲ့ရဟန်း, ဂိုဏ်းဂဏစွဲ ပုဂ္ဂိုလ်စွဲနဲ့ ဝါဒမျိုးစုံ ငြင်းခုံကြတဲ့ရဟန်း, ဒီလိုရဟန်းမျိုးတွေ အများအပြား ဖြစ်ပေါ်လာကြလိမ့်မယ်။

(ပြီးတော့- မိမိတို့ကိုယ်တိုင်က တကယ်နားမလည်ဘဲ) နက်နဲတဲ့ သူတော်ကောင်းတရား(သဒ္ဓမ္မသုံးဖြာ သာသနာ)ကို နားလည်တယ်လို့ ထင်တဲ့အတွက် သူတော်ကောင်းတရားရဲ့ ဒီဘက်ကမ်းမှာသာ ကျက်စားသူတွေ(သူတော်ကောင်းတရားမှာ မကျက်စားနိုင်သူတွေ), ပေါ့တီးပေါ့ဆနိုင်သူတွေ(လျှပ်ပေါ်လော်လည်တည်ကြည်လေးနက်မှု မရှိသူတွေ), သူတော်ကောင်းတရားမှာ ရိုသေလေးစားမှု

မရှိသူတွေ, သီတင်းသုံးဖော်အချင်းချင်း ရိုသေလေးစားမှု မရှိသူတွေ အများအပြား ဖြစ်ပေါ်လာ ကြလိမ့်မယ်။

နောင်အခါ လောက(သတ္တဝါအပေါင်း)မှာ အပြစ်တွေအများအပြား ဖြစ်ပေါ်လာ လိမ့်မယ်၊ ဘုရားရှင်က သေချာကျန ဟောပြထားတဲ့ ဒီပရိယတ်တရားတော်ကို ပညာမဲ့ ရဟန်းတွေက ညစ်နွမ်းအောင် လုပ်လာကြလိမ့်မယ်။

နောင်အခါ နှုတ်ကြမ်း, လျှာကြမ်း စာပေပရိယတ် မတတ်ကျွမ်းတဲ့ (အလဒ္ဓီ ဒုဿီလ)ရဟန်းတွေက သီလသုတစတဲ့ဂုဏ်မရှိပေမယ့် သံဃာ့အလယ်မှာ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ပြောဆိုကာ (အပေါင်းအသင်း)အင်အားကောင်းလာကြလိမ့်မယ်၊ (သံဃာ့ အလယ်မှာ ကိုယ်အလိုရှိသမျှကိစ္စကို အတည်ပြုပေးနိုင်လောက်အောင် အားရှိလာ ကြလိမ့်မယ်။)

နောင်အခါမှာ မကောင်းမှုမှ ရှက်ကြတဲ့အပြင် ဆန့်ကျင်ဘက်ကို အလိုမရှိကြတဲ့ (သီလဝန္တ)ရဟန်းတွေက သီလ, သုတစတဲ့ဂုဏ်တွေနှင့် ပြည့်စုံပေမယ့် သံဃာ့ အလယ်မှာ အမှန်အကန်(တရားလမ်းကြောင်းအတိုင်း) ပြောဆိုကြရင် (ပရိသတ်မှာ အလဒ္ဓီများနေတဲ့အတွက် ထောက်ခံမယ့်သူမရှိဘဲ) အားနည်းလာကြလိမ့်မယ်၊ (အောင်မြင်မှုရရှိကြမယ် မဟုတ်ကြတော့ဘူး။)

နောင်အခါမှာ ပညာမဲ့(အလဒ္ဓီ ဒုဿီလ) ရဟန်းတွေက (အပ်,မအပ် တော်,မတော်ကို နားမလည်ကြဘဲ) ရွှေ,ငွေ,လယ်,ယာ,ဆိတ်,သိုး , ကျွန်မိန်းမ, ကျွန်ယောကျ်ားတွေကို (ကိုယ့်အတွက်)သာယာ အလှူခံလာကြလိမ့်မယ်။

နောင်အခါမှာ သူတစ်ပါးကို အထင်သေးအမြင်သေး ကဲ့ရဲ့လေ့ရှိတဲ့ ရဟန်းတွေက သူတို့ရဲ့ မကောင်းတဲ့ကိုယ်မှု,နှုတ်မှု,စိတ်မှုကြောင့်ပဲ စတုပါရိသုဒ္ဓိ သီလမှာ မတည်နိုင်ကြတော့ဘဲ သားတိရစ္ဆာန်တွေလို မာနအလံထူကာ ငြင်းခုံမှုမှာသာ စိတ်ပါဝင်စားကြပြီး လှည့်လည်နေကြလိမ့်မယ်။

နောင်အခါမှာ စိတ်မတည်ငြိမ်တဲ့ ရဟန်းတွေ ဖြစ်ပေါ်လာလိမ့်မယ်၊ ပြီးတော့ကာ-(ကောဓ, မာနဖြင့်) စိတ်ခက်ထန်တဲ့ ရဟန်းတွေ, ပစ္စည်းလှူချင် လာအောင် မြှောက်ပင့်ပြောဆိုတတ်တဲ့ ရဟန်းတွေ, နွားချိုပမာ သိသာထင်ရှား ကိလေသာများတဲ့ ရဟန်းတွေက အရိယာများလို ဟန်ဆောင်ဝါကြွား သင်္ကန်း ညိုကြီးများကို ဝတ်ရုံပြီး လှည့်ပတ်သွားလာနေကြလိမ့်မယ်။

နောင်အခါမှာ လျှပ်ပေါ်လော်လည် တည်ကြည်လေးနက်မှုမရှိတဲ့ ရဟန်းဆိုး ရဟန်းပျက်တွေက ဆဲပင်တွေကို ခေါင်းလိမ်းဆီလူးကာ ကောင်းစွာဖြီးထားတဲ့အပြင် (ရဟန်းတော်များမှာ နှစ်လအတွင်း လက်နှစ်သစ်ရှိသည်အထိ ဆံပင်များကို မရိတ်ဘဲထားနိုင်သည်၊) ကုလားများလို မျက်ရေးကွင်းလျက် ဆင်စွယ်ရောင်မျ

ဆိုးထားတဲ့ (အဝါနု)သင်္ကန်းကို ဝတ်ရုံပြီး လမ်းမကြီးမှာ လှည့်လည်သွားလာနေကြလိမ့်မယ်။

နောင်အခါမှာ (ယင်းရဟန်ဆိုးရဟန်းပျက်တွေက) အဝတ်ဖြူတွေကို တပ်မက်နှစ်သက်ကြတဲ့အတွက် အရိယာပုဂ္ဂိုလ်တွေ မစက်ဆုပ်သင့်(မြတ်နိုးသင့်)တဲ့, အပ်စပ်အောင်ကျကျနနဆိုးထားတဲ့အတွက် ဘုရားရဟန္တာတွေရဲ့ အောင်လံသဖွယ် အလွန်တင့်တယ်တဲ့ သင်္ကန်းကို စက်ဆုပ်ရွံမုန်းလာကြလိမ့်မယ်။ (အဖြူ သက်သက်ကို ဝတ်ရုံရင် ရဟန်းအသွင်ကို စွန့်ရာရောက်လိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့. ဆင်စွယ်ရောင်ဆိုးပြီး ဝတ်နေကြလိမ့်မယ်-ဟု ဆိုလိုသည်၊ ဤစကား ရပ်သည် ရှေးစကားရပ်၏ အကြောင်းပြ ဖြစ်သည်။)

နောင်အခါမှာ (အဲဒီရဟန်းဆိုးရဟန်းယုတ်တွေဟာ) လာဘ်လာဘကို လိုချင်မက်မောလာကြလိမ့်မယ်၊ ဆွမ်းခံရတာကိုတောင်မှ ပျင်းလာကြလိမ့်မယ်၊ ရဟန်းတရားအားထုတ်ဖို့ လုံ့လဝီရိယ လျော့ပါးလာကြလိမ့်မယ်၊ တောကျောင်းနေရမှာ စိတ်ငြိုငြင်ပင်ပန်းပြီး ရွာနီးကျောင်းမှာပဲ နေကြလိမ့်မယ်။

နောင်အခါမှာ (ရဟန်းဆိုးရဟန်းပျက်တွေဟာ) အမြဲတမ်း မှားယွင်းတဲ့ အသက်မွေးမှုကို စိတ်ပါဝင်စားစွာ အားထုတ်လာကြတဲ့အတွက် လာဘ်လာဘပေါများနေကြတဲ့ ဒုဿီလရဟန်းကြီးတွေကို အတုယူကာ ကျင့်သုံးလာကြလျက် သီလကို မစောင့်ရှောက်ကြတော့ဘဲ လာဘ်လာဘ ဖြစ်ပေါ်လာအောင် မင်းစိုးရာဇာသြဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်နေကြလိမ့်မယ်။

နောင်အခါမှာ လာဘ်လာဘ(ပစ္စည်းလေးပါး) မပေါများတဲ့ ရဟန်းတွေဟာ အပူဇော်ခံကြရမယ် မဟုတ်တော့ဘူး၊ သီလကို အင်မတန်ချစ်မြတ်နိုးကြတဲ့ ပညာရှိရဟန်းတွေ ကိုတောင်မှ (ပစ္စည်းလေးပါး မပေါများတဲ့အတွက်) အဲဒီလာဘ်ကို လိုချင်မက်မော နေကြတဲ့ ရဟန်းသာမဏေတွေက မှီခိုဆည်းကပ်မှု ပြုကြတော့မယ် မဟုတ်တော့ဘူး။

နောင်အခါမှာ အချို့ရဟန်းတွေဟာ မိမိရဲ့ အလံသဖွယ်ဖြစ်တဲ့ ညောင်ခေါက်ဆိုးသင်္ကန်းကို ကဲ့ရဲ့ရွဲတ်ချ စက်ဆုပ်ကြလျက် တိတ္ထိတို့ရဲ့ အလံသဖွယ်ဖြစ်တဲ့ အဝတ်ဖြူ(ဆင်စွယ်ရောင်အဝတ်)ကို ဆောင်ကြလိမ့်မယ်၊ ဝတ်ရုံကြလိမ့်မယ်။

နောင်အခါမှာ အလဇ္ဇီရဟန်းတွေက ဖန်ရည်ဆိုးသင်္ကန်းကို ရိုသေလေးစားကြမယ် မဟုတ်တော့ဘူး၊ သင်္ကန်းမှာ ပစ္စဝေက္ခဏာဆင်ခြင်မှုကိုလဲပဲ ပြုကြမှာ မဟုတ်တော့ဘူး။

ဆိပ်လူးမြား စူးဝင်ခံရတဲ့အတွက် အလွန်အမင်း ဆင်းရဲဒုက္ခရောက်ပြီး ကိုယ်ဖောက်ပြန်ခြင်းသို့ ရောက်နေတဲ့ ဆဒ္ဒန်ဆင်မင်းမှာ မကြံစည်နိုင်လောက်အောင် ထက်မြက်ပြင်းထန်တဲ့ ဆင်ခြင်ဉာဏ်ဖြစ်ခဲ့ဖူးတယ်။

သီသာရုံလေး ပြောပြပါဦးမယ်၊ အဲဒီအခါတုန်းက ဆဒ္ဒန်ဆင်မင်းဟာ ကျနစ်စာဆိုးထားတဲ့အတွက် အရိယာတို့ရဲ့အလံသဖွယ်ဖြစ်နေတဲ့သင်္ကန်းကို တွေ့မြင်ရပါတယ်၊ ဒါနဲ့ အဲဒီခဏမှာပဲ အကျိုးစီးပွားနဲ့ စပ်ယှဉ်တဲ့ စကားတွေကို ပြောဆိုခဲ့ ပါတယ်။

ကိလေသာဖန်ရည်ရှိနေသူ, ဣန္ဒြေမစောင့်စည်းသူ, မှန်ကန်စွာမပြောဆိုသူ (ဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ) ဖန်ရည်ဆိုးအဝတ်ကို မဝတ်ရုံထိုက် မဝတ်ရုံသင့်ပါဖူး။

ကိလေသာဖန်ရည်ကို စွန့်ပြီးသူ, စတုပါရိသုဒ္ဓိသီလကို ကောင်းစွာစောင့်ထိန်းနေသူ, ဣန္ဒြေတွေကို စောင့်ရောက်သူ, မှန်ကန်စွာပြောဆိုသူ(ဒီလိုပုဂ္ဂိုလ်မျိုးတွေ) ကသာ ဖန်ရည်ဆိုးအဝတ်ကို တကယ်ဝတ်ရုံသင့်ဝတ်ရုံထိုက်ပါတယ်။

သီလပျက်စီးနေသူ, သီလကိုသုတ်သင်နိုင်တဲ့ပညာမရှိသူ, ဒုဿီလလို့ ထင်ရှားနေသူ, ဂနာမငြိမ် ဣန္ဒြေမရသူ, သီလပျက်စီးတဲ့အတွက် လုပ်ချင်ရာလုပ်နေသူ, စိတ်မတည်ငြိမ်သူ, အကုသိုလ်လုပ်ရမှာကို ရှက်ကြောက်မှု မရှိသူများဟာ ဖန်ရည်ဆိုးအဝတ်ကို မဝတ်ရုံထိုက်ဖူး။

စတုပါရိသုဒ္ဓိသီလပြည့်စုံသူ, ရာဂကင်းသူ, တည်ကြည်သူ, သန့်ရှင်း စင်ကြယ်တဲ့စိတ်အကြံရှိသူတွေဟာ ဖန်ရည်ဆိုးအဝတ်ကို အမှန်ပဲ ဝတ်ရုံထိုက်ပါတယ်။

သီလမရှိတဲ့အပြင် စိတ်မတည်ငြိမ်သူ မာန်မာနတက်ကြွနေသူ မိုက်မဲသူမျိုးဟာ အဝတ်ဖြူနှင့်သာ ထိုက်တန်တယ်၊ ဖန်ရည်ဆိုးအဝတ်ဟာ သူ့အတွက် ဘာလုပ်စရာတဲ့လဲ?။ (သူဟာ ဖန်ရည်ဆိုးအဝတ်နှင့် မထိုက်တန်ပါဘူး။)

(သင်္ကန်းကိုဆောင်သောပုဂ္ဂိုလ်, သင်္ကန်းကိုမြတ်နိုးသောပုဂ္ဂိုလ်သည် ဒုစရိုက်မှ ရှောင်ကြဉ်သင့်ပါသည်-ဟု သင်္ကန်းကို အလေးဂရပြုစေရန် ဖုဿထေရ်က ဆဒ္ဒန္တဇာတ်ကို သာဓကတင်ပြတော်မူသည်။)

နောင်အခါမှာ ရာဂစတဲ့ အပြစ်တွေရဲ့ ဖျက်ဆီးမှုကို ခံနေရတဲ့ စိတ်ရှိပြီး ဘုရားကိုလည်း မလေးစား၊ တရားကိုလည်း မလေးစား၊ သံဃာကိုလည်း မလေးစား၊ သိက္ခာကိုလည်း မလေးစား၊ အချင်းချင်းကိုလည်း မရိုသေမလေးစားကြတဲ့ အလဇ္ဇီရဟန်းနှင့် ရဟန်းမတွေက မေတ္တာဘာဝနာနဲ့ ထုံမွှမ်းထားတဲ့စိတ်ရှိနေကြတဲ့အတွက်ပဲ လောကဓံကြုံ မတုန်လှုပ်ကြတဲ့ သူတော်ကောင်းတွေကို ဖိနှိပ်လာကြလိမ့်မယ်။

(ရဟန်းဆိုးရဟန်းယုတ်တွေက) ဒီလို အကျင့်သီလပြည့်စုံသူတွေကို တွေ့မြင်ရတဲ့အခါမှာ (ဒကာဒကာမတွေက) သူတို့ကိုသာ ချီးမွမ်းမြှောက်စားကြပြီး ငါတို့တစ်တွေကိုအထင်ကြီးကြတော့မယ် မဟုတ်ဖူးလို့တွေးပြီး မိမိတို့အား မရိုသေမှာကို စိုးရိမ်တဲ့အတွက် တစ်နည်းနည်းနဲ့ သူတော်ကောင်းတွေ ထွက်ပြေးအောင် နှိပ်စက်ကြလိမ့်မယ်။ ၄။

နောင်ကာလမှာ ဥပဇ္ဈာယ်ဖြစ်တဲ့ မထေရ်များက သင်္ကန်းဝတ်ရုံမှစတဲ့ ရဟန်းကျင့်ဝတ်တွေကို သင်ပေးကြပေမယ့် ပညာကလဲမရှိ, ဒုဿီလလို့လဲ ထင်ရှားနေတဲ့အပြင် လုပ်လိုရာလုပ်နေကြတဲ့ တပည့်မိုက်ကလေးတွေက နာယူကြမယ် မဟုတ်တော့ဘူး။

မြင်းယုတ်မြင်းကြမ်းဟာ မြင်းလှည်းမောင်းသမား၏ စကားကို နားမထောင်သလို အချင်းချင်းရိုသေလေးစားမှု မရှိကြတဲ့အတွက် အဲဒီ သင်ပေးတိုင်း မကျင့်ကြတဲ့ ရဟန်းမိုက်လေးတွေဟာ ဆရာဥပဇ္ဈာယ်တို့ရဲ့စကားကို ရိုသေကျိုးနွံစွာ နာခံကြမယ် မဟုတ်တော့ဘူး။

ဒီနည်းအတိုင်း နောင်အနာဂတ်မှာ နောက်ပိုင်းအချိန်ရောက်လာလို့ရှိရင် ရဟန်းတွေနှင့် ရဟန်းမတွေမှာ မကောင်းတဲ့အကျင့်တွေ ဖြစ်ပေါ်လာလိမ့်မယ်”။

နောက်ပိုင်းအချိန်ဟူသည် အဘယ်နည်း?

တတိယသံဂါယနာတင်ရာ အခါကစပြီး နောက်ပိုင်းအချိန်ဟု အချို့က ဆိုကြသည်၊ ယင်းအဆိုကို အချို့က လက်မခံကြ၊ ယင်းလက်မခံသူတို့၏ ထောက်တည်ရာကို ပြပါဦးမည်။=

၁။ ဝိမုတ္တိယုဂ= အရိယာပုဂ္ဂိုလ်တို့၏ခေတ်၊

၂။ သမာဓိယုဂ= စျာနလာဘီ(စျာန်ရ)ပုဂ္ဂိုလ်တို့၏ခေတ်၊

၃။ သီလယုဂ= သီလဝန္တ(သီလရှိသော)ပုဂ္ဂိုလ်တို့၏ခေတ်၊

၄။ သုတယုဂ= သီလမရှိ, အကြားအမြင်မျှသာရှိသော ပုဂ္ဂိုလ်တို့၏ခေတ်၊

၅။ ဒါနယုဂ= အကြားအမြင်မရှိ, ပေးကမ်းလှူဒါန်းမှုသာရှိသောပုဂ္ဂိုလ်တို့၏ခေတ်။

ဤသို့ သာသနာတော်မှာ ခေတ်(ယုဂ) ငါးမျိုး ရှိနေပါသည်။

ယင်း ယုဂ်ငါးမျိုးတို့တွင် ဝိမုတ္တိယုဂသည် ရှေးဦးဆုံးဖြစ်သည်၊ ဝိမုတ္တိယုဂကွယ်လျှင် သမာဓိယုဂဖြစ်သည်၊ သမာဓိယုဂကွယ်လျှင် သီလယုဂဖြစ်သည်၊ သီလယုဂကွယ်လျှင် သုတယုဂ ဖြစ်သည်၊ သီလမစင်ကြယ်သောပုဂ္ဂိုလ်က လာဘ်လာဘစသည်ကို လိုလားသည့်အတွက် ပရိယတ်အကြားအမြင်များအောင် တစ်စိတ်တစ်ဒေသအားဖြင့် အားထုတ်သင်ကြားသည်၊ ဒွေမာတိကာအဆုံးရှိသော ပရိယတ်လုံးဝကွယ်ပျောက်ချိန်ကစပြီး အသွင်မျှသာ ကြွင်းကျန်ပေလိမ့်မည်၊ ထိုအချိန်၌ ရသည့်နည်းဖြင့် ပစ္စည်းဥစ္စာ စုဆောင်း၍ စွန့်လွှတ်လှူဒါန်းကြသည်၊ ယင်းသို့ စွန့်လွှတ်လှူဒါန်းခြင်း အကျင့်သည်ပင် သူတို့၏ နောက်ဆုံးအကျင့်ကောင်း မည်တော့သည်။

ထိုခေတ်(ယုဂ်)ငါးမျိုးတို့တွင် သုတယုဂမှစ၍ နောက်ပိုင်းအချိန် မည်တော့သည်ဟု ဆိုကြသည်။

ဆရာအသီးသီးတို့က ဝါဒကွဲပြား အမျိုးမျိုးဆိုထားစေကာမူ သာသနာမှာ ဖြစ်ပေါ်နေသော အခြေအနေနှင့် ညှိနှိုင်းတိုင်းတာ၍ နောက်ပိုင်းအချိန် ရောက်မရောက်ကို စာဖတ်သူများကိုယ်တိုင်ပင် စဉ်းစားဆုံးဖြတ်စေလိုပါသည်။

ဖုဿထေရ်က နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမည့်ဘေးကြီးကို ပဏ္ဏာရရသေ့အား ဟောပြပြီးသည့်နောက် ထိုနေရာမှာ စုဝေးထိုင်နေကြသည့် ရဟန်းတော်များအား ဆက်လက် ဩဝါဒပေးတော်မူပြန်သည်။

"ဒီ အနာဂတ်ဘေးကြီး မရောက်လာခင် ငါ့ရှင်တို့က ဆုံးမစကားကို နာခံကြပါ၊ စိတ်သဘောထား နူးညံ့ကြပါ၊ တစ်ဦးကိုတစ်ဦးက ရိုသေလေးစားကြပါ။

သတ္တဝါအကုန်လုံးအပေါ်မှာ မေတ္တာစိတ် ထားကြပါ၊ သနား ကြင်နာကြပါ၊ သီလစောင့်ကြပါ၊ အားထုတ်လုံ့လ ဝီရိယရှိကြပါ၊ စိတ်ထဲက နိဗ္ဗာန်ကို ရည်မှန်းပြီး အမြဲတမ်း ခိုင်ခိုင်မြဲမြဲ အားထုတ်ကြစမ်းပါ။

မေ့လျော့ပေါ့ဆမှုကို ဘေးကြီးလို့ မမေ့လျော့မပေါ့ဆမှုကို ဘေးကင်းကြောင်းလို့ သိမြင်ကြပြီး အင်္ဂါရုစ်ပါးရှိတဲ့ အရိယမဂ်ကို ပွားကြပါ၊ သေခြင်းကင်းပြတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ (မဂ်တရား, ဖိုလ်တရားတွေကို အဆင့်ဆင့်) ကိုယ်သန္တာန်မှာ ဖြစ်စေကြပါ"။

(သောတာပတ္တိမဂ်မျှနဲ့ ရပ်တန့်မနေကြဘဲ အထက်မဂ်သုံးပါးဖြစ်ပေါ်လာအောင် ပွားများအားထုတ်ကြပါ၊ ဒီလိုအားထုတ်ရင် ငါ့ရှင်တို့ရဲ့ အပွမာဒဘာဝနာဟာ ထိပ်ဆုံးသို့ ရောက်လာပါလိမ့်မယ်ဟု ဆိုလိုပါသည်။) ထေရ-၄-၂၊ ၃၅၈။

ယခုနေအချိန်၌ သာသနာပြုသီလဝန္တ ရဟန်းတော်များနှင့် သာသနာတော်ကို လေးစားကြည်ညိုနေကြသော ဒါယကာဒါယိကာမတို့သည် ဖြစ်ပေါ်နေ, တွေ့ကြုံနေရသမျှသော သာသနာ့ဘေးရန်များကို မျက်ခြေပြတ်မခံဘဲ ဖြစ်နိုင်သည့်နည်းဖြင့် တားဆီးကာကွယ်သင့်သည်၊ နှိမ်နင်းချေဖျက်သင့်သည်၊ ယင်းသို့ တက်တက်ကြွကြွ စုပေါင်းညီညာလုပ်ကိုင်ကြပါလျှင် သာသနာတော် ကြာရှည်လေးမြင့် သန့်ရှင်းတည်တံ့လာပါလိမ့်မည်။

သာသနာတော် ဆုတ်ယုတ်ကြောင်း

၁။ ဒုဿီလပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ သီလမရှိခြင်း၊
၂။ ယုံကြည်မှု(သဒ္ဓါ) မရှိခြင်း၊
၃။ အကြားအမြင်နည်း၍ မကျင့်သင့်သည်ကိုကျင့်ခြင်း၊
၄။ ဆိုဆုံးမခက်ခြင်း၊
၅။ မိတ်ဆွေယုတ်ရှိခြင်း၊
၆။ ပျင်းရိခြင်း၊

၇။ သတိမေ့ပျောက်ခြင်း၊ (ပမာဒ)
၈။ အဲ့သြဖွယ်ကို ဖြစ်စေခြင်း၊ (ကောဟည)
၉။ မွေးမြူရန်ခက်ခြင်း၊
၁၀။ ပညာမရှိခြင်း။

ဤတရားဆယ်ပါးသည် ဘုရားရှင်သာသနာတော်၌ ဆုတ်ယုတ်ကြောင်းသာ ဖြစ်ပေသည်၊ ရဟန်း(တစ်ပါးပါး)သည် ဤတရားဆယ်ပါးကို မပယ်ဘဲ ဘုရားရှင်သာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်စရာအကြောင်း မရှိ၊ ဤတရားဆယ်ပါးကို ပယ်လျှင် သာသနာတော်မှာ ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်စရာအကြောင်း ရှိပေသည်။ အံ-ပါ-၃၊ ၃၈၅။ ဌ-၊ ၃၂၅။

ဤသို့ ဘုရားရှင်က ဟောထားခဲ့ပါသည်၊ သို့ဖြင့် သာသနာ့ဝန်ဆောင် ရဟန်းတော်များ ဆုတ်ယုတ်လာလျှင် သာသနာတော်လည်း ဆုတ်ယုတ်ရာ ရောက်သည်သာ ဖြစ်သောကြောင့် သီလမရှိသော ဒုဿီလရဟန်း, ယုံကြည်မှုသဒ္ဓါ မရှိသောရဟန်း, အကြားအမြင်နည်း၍ မကျင့်သင့်သည်ကို ကျင့်နေသောရဟန်း, ဆိုဆုံးမခက်သောရဟန်း, မိတ်ဆွေယုတ်ရှိသောရဟန်း, ပျင်းရိသောရဟန်း, သတိမေ့လျော့သောရဟန်း, အဲ့သြဖွယ်ကို ဖြစ်စေတတ်သော(ကုဟက)ရဟန်း, အမွေးမြူရခက်သောရဟန်း, ပညာမရှိသောရဟန်း, ဤရဟန်းဆယ်မျိုးရှိနေသော သာသနာတော်သည်လည်း ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်စရာ, တည်တံ့နိုင်စရာ အကြောင်းမရှိချေ၊ ယင်းပုဂ္ဂိုလ်များ ကင်းရှင်းသော သာသနာတော်ကသာ ကြီးပွားစည်ပင်ပြန့်ပြောခြင်း တည်တံ့ခြင်းသို့ ရောက်စရာရှိပေသည်။

ထို့ပြင်--
၁။ အဘိဇ္ဈာလွန်းမိုးခြင်း၊
၂။ အမျက်ထွက်မှု(စိတ်တိုမှု)လွန်းမိုးခြင်း၊
၃။ ထိုင်းမှိုင်းမှု လွန်းမိုးခြင်း၊
၄။ ပျံ့လွင့်မှု လွန်းမိုးခြင်း၊
၅။ ယုံမှားမှု လွန်းမိုခြင်း၊
၆။ အမှုသစ်၌ မွေ့လျော်ခြင်း၊
၇။ စကားများမှု၌ မွေ့လျော်ခြင်း၊
၈။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊
၉။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊
၁၀။ အနည်းငယ်မျှသောတရားထူးကို ရရုံမျှဖြင့် လမ်းခုလတ်မှာ ဆုတ်နစ်ခြင်းသို့ ရောက်ခြင်း။

ဤတရားဆယ်မျိုးကို မပယ်သောရဟန်းသည် ဘုရားရှင်သာသနာတော်မှာ ကြီးပွားစည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်စရာအကြောင်း မရှိချေ၊ ဤတရားဆယ်ပါးကို

ပယ်မှသာ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်စရာအကြောင်း ရှိပေသည်။ အံ-ပါ-၃၊ ၃၈၆။

ဤဥလည်း အဘိဇ္ဈာလွမ်းမိုးမှုကို ခံနေရသောရဟန်း, အမျက်ထွက်မှု လွမ်းမိုးခြင်း ခံနေရသောရဟန်း, ထိုင်းမှိုင်းမှုလွမ်းမိုးခြင်း ခံနေရသော ရဟန်း, ပျံ့လွင့်မှုလွမ်းမိုးခြင်း ခံနေရသောရဟန်း, ယုံမှားမှုလွမ်းမိုးခြင်း ခံနေရသောရဟန်း, အမှုသစ်၌မွေ့လျော်သော ရဟန်း, စကားများမှု၌ မွေ့လျော်သော ရဟန်း, အိပ်ခြင်း၌ မွေ့လျော်သော ရဟန်း, အပေါင်းအဖော်၌ မွေ့လျော်သော ရဟန်း, အနည်းငယ်မျှသော တရားထူးကို ရရုံမျှဖြင့် လမ်းခုလတ်မှာ ဆုတ်နစ်ခြင်းသို့ ရောက်သောရဟန်း၊ ဤရဟန်းဆယ်မျိုးရှိနေသော ဘုရားရှင်သာသနာတော်သည် ကြီးပွားစည်ပင်ပြန့်ပြောခြင်း, တည်တံ့ခြင်းသို့ ရောက်စရာအကြောင်းမရှိချေ၊ ဤပုဂ္ဂိုလ်ဆယ်မျိုး ကင်းရှင်းမှသာ ကြီးပွားစည်ပင်ပြန့်ပြောခြင်း တည်တံ့ခြင်းသို့ ရောက်စရာအကြောင်း ရှိပေသည်၊ ဤသို့ မကင်းတတ်သည်ကို ဆိုသဖြင့် မကင်းရာကိုလည်းရသော (အဝိနာဘာဝ)နည်းအားလျော်စွာ ယူဆသင့်ပါသည်။

ထို့ကြောင့် သာသနာတော် ကြီးပွားစည်ပင် သန့်ရှင်းတည်တံ့မှုကို အလိုရှိနေကြသော သူတော်ကောင်းတို့က ဗုဒ္ဓမြတ်စွာ သာသနာတော်၌ အဆိုပါရဟန်းမျိုး နည်းနိုင်သမျှ နည်းအောင်, တတ်နိုင်ကြပါလျှင် လုံးဝကင်းစင်သွားအောင်, မိမိတို့ကိုယ်တိုင်လည်း ထိုပုဂ္ဂိုလ်မျိုးထဲ၌ မပါဝင်အောင် ကြိုးစားအားထုတ်ကြရန်သာ ရှိပါတော့သည်။

*စည်းလုံးညီညွတ်ရေး သာရဏီယဓမ္မ

ဗုဒ္ဓမြတ်စွာ သာသနာတော်၌ အဆိုပါရဟန်းမျိုး နည်းနိုင်သမျှနည်းအောင်, တတ်နိုင်ပါက လုံးဝကင်းစင်သွားအောင် ပြုလုပ်ရန်မှာ သီလဝန္တ သိက္ခာကာမ ရဟန်းတော်များ စည်းလုံးညီညွတ်ရေးသည် အရေးပါလှပေသည်၊ သို့ဖြစ်၍ သွေးစည်းညီညွတ်ရေးတရား (သာရဏီယဓမ္မ) ခြောက်ပါးကို ပြဆိုပါဦးမည်။

၁။ ဤသာသနာတော်၌ ရဟန်း၏ကာယကံမေတ္တာ(မေတ္တာစိတ်ကြောင့်ဖြစ်သော ကာယကံ= မေတ္တာစိတ်ဖြင့် လုပ်သင့်သောအလုပ်)သည် သီတင်းသုံးဖော်တို့ အပေါ်မှာ မျက်မှောက်မျက်ကွယ်မဟူ ရှေးရှုတည်၏၊ ဤကာယကံမေတ္တာဟူသော တရားသည်လည်း မပြတ်မလပ်အမှတ်ရထိုက်သော တရားဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန် (သီတင်းသုံးဖော်တို့၏ ချီးမြှောက်မှုကို ခံရရန်), သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန် စည်းလုံးညီညွတ်ရန် မကွဲမပြားတသားတည်းဖြစ်ရန် (အရေးပါသော တရားမျိုး)ဖြစ်ပေသည်။

---

* အံ-ပါ-၂၊ ၂၅၅။ ဌ- ၃၊ ၈၉။ ဋီ-၃၊ ၈၉။ ပရိ၀ါ-ပါ၊ ၁၆၇။ ဌ၊ ၁၅၃။

၂။ ထို့ပြင် ရဟန်း၏ ဝစီက်မေတ္တာ(မေတ္တာစိတ်ကြောင့်ဖြစ်သော ဝစီက်)သည် သီတင်းသုံးဖော်တို့အပေါ်မှာ မျက်မှောက်မျက်ကွယ်မဟူ ရှေးရှုတည်၏၊ ဤဝစီက် မေတ္တာဟူသောတရားသည်လည်း မပြတ်မလပ် အမှတ်ရထိုက်သောတရား ဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန် (သီတင်းသုံးဖော်တို့ ကိုယ့်အလိုသို့ လိုက်ပါလာစေရန်), သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန် စည်းလုံး ညီညွတ်ရန် မကွဲမပြားတသားတည်းဖြစ်ရန် (အရေးပါသောတရားမျိုး) ဖြစ်ပေသည်။

၃။ ထို့ပြင်=ရဟန်း၏ မနောက်မေတ္တာ(မေတ္တာစိတ်ဖြင့် ထုံးမွမ်းထားသောမနောက်) သည် သီတင်းသုံးဖော်တို့အပေါ်မှာ မျက်မှောက်မျက်ကွယ်မဟူ ရှေးရှုတည်၏၊ ဤမနောက်မေတ္တာဟူသောတရားသည်လည်း မပြတ်မလပ်အမှတ်ရထိုက်သောတရား ဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန်(သီတင်းသုံးဖော်တို့ ကိုယ့်အလိုသို့ လိုက်ပါလာစေရန်), သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန်, စည်းလုံးညီညွတ်ရန်, မကွဲမပြားတသားတည်းဖြစ်ရန် (အရေးပါသော တရားမျိုး) ဖြစ်ပေသည်။

၄။ ထို့ပြင် ရဟန်းသည် တရားသဖြင့် ဖြစ်လာသောပစ္စည်း တရားသဖြင့် ရထားသော ပစ္စည်းတို့ကို ယုတ်စွအဆုံး သပိတ်ထဲမှာရှိနေသော ဆွမ်းကလေး နှစ်ဂွန်း သုံးဂွန်းလောက်ကိုသော်မှ (ပစ္စည်းကိုရော ပုဂ္ဂိုလ်ကိုရော) ကန့်သတ်မှုမပြုဘဲ, ဘောင်ခတ် ခွဲခြားမှုမပြုဘဲ သုံးဆောင်၏၊ (သံဃိကပစ္စည်းကဲ့သို့ သဘောထား၍) သီလရှိသော သီတင်းသုံးဖော်တို့နှင့် ဝေငှသုံးစွဲ၏၊ ကိုယ့်ပစ္စည်းကို သီတင်းသုံးဖော်တို့နှင့် ဝေငှသုံးစွဲခြင်းဟူသော ဤတရားသည်လည်း မပြတ်အမှတ်ရထိုက်သောတရား ဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန်(သီတင်းသုံးဖော်တို့ ကိုယ့်ဘက်သို့ လိုက်ပါလာစေရန်), သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန်, စည်းလုံးညီညွတ်ရန် မကွဲမပြားတသားတည်းဖြစ်ရန် (အရေးပါသောတရားမျိုး) ဖြစ်ပေသည်။

၅။ ထို့ပြင် ရဟန်း= ရဟန်းသည် မကျိုးမပေါက် မကျားမပြောက်သည့်အပြင် တဏှာကျွန် အဖြစ်မှ လွတ်ကင်းကုန်, ပညာရှိတို့ချီးမွမ်းအပ်ကုန်, မှားသောအားဖြင့် မသုံးသပ် အပ်ကုန်သည်ဖြစ်၍ သမာဓိကို ဖြစ့်စေနိုင်သောသီလတို့ဌ မျက်မှောက်မျက်ကွယ်မဟူ သီတင်းသုံးဖော်တို့နှင့် သီလအားဖြင့် တူမျှခြင်းသို့ရောက်လျက် နေ၏၊ မကျိုးမပေါက် မကျားမပြောက်သော သီလဟူသောတရားသည်လည်း မပြတ်မလပ်အမှတ်ရထိုက်သော တရားဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန်(သီတင်းသုံးဖော်တို့ ကိုယ့်ဘက်သို့ လိုက်ပါလာစေရန်), သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန်, စည်းလုံးညီညွတ်ရန် မကွဲမပြားတသားတည်းဖြစ်ရန် (အရေးပါသောတရားမျိုး) ဖြစ်ပေသည်။

၆။ ထို့ပြင်= ရဟန်းသည် မကျိုးမပေါက် မကျားမပြောက်သည့်အပြင် တဏှာကျွန်အဖြစ်မှ လွတ်ကင်းကုန်, ပညာရှိတို့ချီးမွမ်းအပ်ကုန်, မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သည်ဖြစ်၍ သမာဓိကို ဖြစ့်စေနိုင်သောသီလတို့ဌ မျက်မှောက်မျက်ကွယ်မဟူ သီတင်းသုံးဖော်တို့နှင့် သီလအားဖြင့် တူမျှခြင်းသို့ရောက်လျက် နေ၏၊ မကျိုးမပေါက် မကျားမပြောက်သော သီလဟူသောတရားသည်လည်း မပြတ်မလပ်အမှတ်ရထိုက်သော တရားဖြစ်သည်၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန်(သီတင်းသုံးဖော်တို့

ကိုယ့်အလိုသို့လိုက်ပါစေရန်) သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက်မပြောဆိုရရန်, စည်းလုံးညီညွတ်ရန်, မကွဲမပြားတသားတည်းဖြစ်ရန် အရေးပါသောတရားမျိုးဖြစ်ပေသည်။

၆။ ထို့ပြင်= ရဟန်းသည် အပြစ်ကင်းလွတ် ဝဋ်ဒုက္ခမှလွတ်မြောက်စေတတ်သော, ကောင်းစွာ လိုက်နာ ပြုကျင့်သူတို့၏ ဝဋ်ဒုက္ခကို ကုန်စေတတ်သော (မဂ်နှင့် ယှဉ်သော) သမ္မာဒိဋ္ဌိ မျက်မှောက်မျက်ကွယ်မဟူ သီတင်းသုံးဖော်များနှင့် သမ္မာဒိဋ္ဌိအားဖြင့် တူမျှခြင်းသို့ ရောက်လျက်နေ၏၊ ဤအပြစ်ကင်းလွတ်, ဝဋ်ဒုက္ခမှလွတ်မြောက်စေတတ်သော သမ္မာဒိဋ္ဌိသည်လည်း မပြတ်မလပ် အမှတ်ရထိုက်သောတရားဖြစ်သည်၊ သီတင်းသုံးဖော် တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်သည်၊ လေးစားမှုကို ဖြစ်စေတတ်သည်၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန်, သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက်မပြောဆိုရရန်, စည်းလုံးညီညွတ်ရန်, မကွဲမပြားတသားတည်းဖြစ်ရန် အရေးပါသောတရားမျိုး ဖြစ်ပေသည်။

ရဟန်းတို့ ! မပြတ်မလပ် အမှတ်ရထိုက်သော ဤတရားခြောက်ပါးတို့သည် သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုကို ဖြစ်စေတတ်၏၊ လေးစားမှုကို ဖြစ်စေတတ်၏၊ သို့ဖြစ်၍ သီတင်းသုံးဖော်တို့ကို သိမ်းသွင်းရန် သီတင်းသုံးဖော်တို့နှင့် ဆန့်ကျင်ဘက် မပြောဆိုရရန် စည်းလုံးညီညွတ်ရန် မကွဲမပြားတသားတည်းဖြစ်ရန်အရေးပါသောတရားများ ဖြစ်ပေသည်။

ဆောင်။ ။မေတ္တာစိတ်ဖြင့်, လုပ်သင့်ကိုယ်မှု, နှုတ်အမှုနှင့်, စိတ်မှုတစ်ထွေ, မျှဝေပစ္စယ, သီလဖြူစင်, မှန်အမြင်, မြဲပင်မှတ်ရသင့်။

သာရဏီယဓမ္မ အဖွင့်

ရဟန်း,ရဟန်းမ, ဒါယကာ,ဒါယိကာမဟူသော ဗုဒ္ဓ၏ပရိသတ်လေးပါးတို့တွင် ရဟန်းပရိသတ်သည် အမြတ်ဆုံးဖြစ်၏၊ ထို့ကြောင့် "ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ"ဟူသော သာရဏီယဓမ္မသုံးပါးတို့ကို ရဟန်းတွေနှင့်စပ်လျဉ်း၍ ဟောထားရပါသည်၊ သို့ဖြစ်စေကာမူ ရဟန်းမများ ကျင့်သုံးခွင့်ရှိသကဲ့သို့ ဒါယကာ ဒါယိကာမများလည်း ကျင့်သုံးခွင့် ရှိပေသည်၊ သို့ဖြစ်၍ "အစဆုံး သာရဏီယဓမ္မသုံးပါးတို့ကို ပရိသတ်လေးပါးလုံးပင် ကျင့်သုံးသင့်သည်"ဟု မှတ်ယူသင့်ပေသည်။

မေတ္တာစိတ်ဖြင့် အာဘိသမာစာရိက အကျင့်ကို(ခန္ဓကဝတ်ကို) ဖြည့်ကျင့်ခြင်းသည် ရဟန်းတို့၏ မေတ္တာကာယကံမည်၏၊ ယင်းအာဘိသမာစာရိကအကျင့်ဟူသည်မှာလည်း မြတ်သောအကျင့်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်သောသီလ(ပါရာဇိကစသော သီလကဲ့သို့ ရောင်ကြဉ်ရမည့် ဝါရိတ္တသီလမဟုတ်ဘဲ ခန္ဓကဝတ်၌လာသော ဖြည့်ကျင့်ရမည့် စာရိတ္တသီလ)မျိုးပင် ဖြစ်ပေသည်။

ဘုရားဖူးသွားခြင်း, ဗောဓိပင်ကို ဝတ်ပြုရှိခိုးရန်သွားခြင်း, ဘုန်းကြီး(သံဃာ)ပင့်ရန်သွားခြင်း, ဆွမ်းခံဝင်လာသောရဟန်းတို့ကိုကြိုဆိုခြင်း, သပိတ်ကိုလှမ်းယူခြင်း, နေရာ

ခင်းပေးခြင်း, လိုက်ပို့ခြင်းစသောအလုပ်မျိုးကို ပြုလုပ်ခြင်းသည် လူတို့၏ မေတ္တာကာယကံမည်၏။

စည်းကမ်းသတ်မှတ်ထားသော အကျင့်သိက္ခာများကို မေတ္တာစိတ်ဖြင့်သင်ပေးခြင်း, ကမ္မဋ္ဌာန်းပေးခြင်း, တရားဟောခြင်း, ပိဋကတ်စာပေသင်ပေးခြင်းတို့သည် ရဟန်းတို့၏ မေတ္တာဝစီကံမည်၏။

ဘုရားဖူးသွားကြစို့၊ ဗောဓိပင်ကို ရှိခိုးရအောင် သွားကြစို့၊ တရားနာကြစို့၊ ဆီမီးပန်းခိုင် ပန်းကုံးပူဇော်ကြစို့၊ သုစရိုက်သုံးပါးကို ကျင့်ကြစို့၊ ဆွမ်းဆန် ပေးလှူကြစို့၊ ဝါဆိုသင်္ကန်း ပေးလှူကြစို့၊ ယနေ့ သံဃာတော်အား ပစ္စည်းလေးပါး လှူကြစို့၊ သံဃာတော်များကိုပင့်ပြီး မုန့်ပဲသရေစာ စသည်တို့ကို လှူကြပါ၊ နေရာခင်းကြပါ၊ သောက်ရေသုံးရေ တည်ထားကြပါ၊ ရဟန်းသံဃာကို ကြိုဆိုပင့်လာကြပါ၊ ခင်းထားတဲ့ နေရာပေါ်သို့ ပင့်ဆောင်ကြပါ၊ အားတက်သရော ဝေယျာဝစ္စ ဆောင်ရွက်ကြပါ၊ ဤသို့အစရှိသည့် စကားမျိုးကို ပြောဆိုခြင်းသည် လူတို့၏ မေတ္တာဝစီကံမည်၏။

နံနက်စောစောထ၍ ကိုယ်လက်သုတ်သင်မှု, စေတီရင်ပြင်၌ ဝတ်ပြုမှု စသည်တို့ကို လုပ်ပြီးသည့်နောက် ဆိတ်ငြိမ်ရာ၌ ထိုင်နေလျက် ဤကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်ကြသော ရဟန်းတော်များသည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်စုံကြပါစေ၊ ဤသို့ အစရှိသည်ဖြင့် စိတ်ထဲက ပွားများနေခြင်းသည် ရဟန်းတို့၏ မေတ္တာမနောကံမည်၏။

သံဃာတော်အရှင်မြတ်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်ဝစုံလင်ကြပါစေ၊ စသည်ဖြင့် စိတ်ထဲက ကြိုတွေးပွားများနေခြင်းသည် လူတို့၏ မေတ္တာမနောကံ မည်၏။

မျက်မှောက် မျက်ကွယ်

ရဟန်းငယ်တို့၏ သင်္ကန်းချုပ်ဆိုးမှုစသည်တို့မှာ ပါဝင်ကူညီလုပ်ကိုင်ပေးမှု, ထေရ်ကြီးဝါကြီးရဟန်းတို့၏ ခြေများကို ဆေးကြော်ပေးခြင်း ယပ်ခတ်ပေးခြင်းစသော အရိုအသေပြုမှုတို့သည် မျက်မှောက်မေတ္တာကာယကံမည်၏။

အခြားရဟန်းတို့က မတော်မလျော် မသပ်မရပ် မသေမချာထားခဲ့သော သစ်ဘဏ္ဍာစသည်တို့ကို ယင်း ရဟန်းများအပေါ်မှာ အထင်သေးမှုမရှိဘဲ, ကိုယ်တိုင် မတော်မလျော်ထားခဲ့သောဘဏ္ဍာတို့ကဲ့သို့ နေရာတကျ သိမ်းဆည်းပေးခြင်းသည်မျက်ကွယ်ကာယကံမည်၏။

ဒေဝဒေါရ်, တိဿဒေါရ် (ဆရာတော်ဒေဝ, ဆရာတော်တိဿ) စသည်ဖြင့် ချီးမြှောက်ဂုဏ်တင် ချစ်ခင်ဖွယ်ပြောဆိုခြင်းမျိုးသည် မျက်မှောက်မေတ္တာဝစီကံမည်၏။

ကျောင်းဌမတွေ့ရသည့်အတွက် မေးမြန်းစုံစမ်းသည့်အခါမျိုးမှာလည်း တပည့်တော်တို့ရဲ့ ဒေဝဒေါ့ရဲ့ ဘယ်မှာပါလဲ?၊ တပည့်တော်တို့ရဲ့ တိဿဒေါ့ရဲ့ ဘယ်မှာပါလဲ?၊ ဘယ်တော့ပြန်ကြွလာမှာလဲ?–စသည်ဖြင့် အမြတ်တနိုး ပြောဆိုသောစကားမျိုးသည် မျက်ကွယ်မေတ္တာဝစီကံမည်၏။

မေတ္တာတည်းဟူသော အစေးဓာတ်ဖြင့် စေးကပ်ပြေပြစ်နေသော မျက်လုံးတို့ကို ဖွင့်၍ ကြည်လင်သောမျက်နှာဖြင့် ကြည့်ခြင်းသည် မျက်မှောက်မေတ္တာမနောကံမည်၏။

(မနောကံမည်သည် မျက်ကွယ်တစ်မျိုးသာ ရှိသည်၊ ယင်းမျက်ကွယ်ဖြစ်သော မနောကံ၏ မျက်မှောက်သဘောသည် ဝိညတ်ကို ဖြစ်စေခြင်းနှင့် စပ်၍သာ ဖြစ်နိုင်သည်၊ ယင်းဝိညတ်ကိုဖြစ်စေသော မနောကံသည်လည်း လောက၌ 'ကာယကံ' ဟုထင်ရှားနေသည်၊ ထို့ကြောင့် ထင်ရှားသော လက်လှုပ်မှုစသည်တို့ကို မသုံးသပ်ဘဲ ပြလိုသည့်အတွက် မျက်လုံးတို့ကို ဖွင့်၍ စသည်ဖြင့် ဆိုထားရသည်။ ဋီ။)

ဒေဝဒေါ့ရောဂါကင်းပါစေ၊ အနာကင်းပါစေ၊ တိဿဒေါ့ရောဂါကင်းပါစေ၊ အနာကင်းပါစေ၊ ဤသို့ နှလုံးသွင်းခြင်းသည် မျက်ကွယ်မေတ္တာမနောကံ မည်၏။

ဤ၌ မဇ္ဈိမနိကာယ်အဋ္ဌကထာ (မူပဏ္ဏ-၄-၂၊ ၁၄၂)မှာ ပြဆိုထားသည်ကိုလည်း ဆက်လက်ဖြည့်စွက် ပြဆိုပါဦးမည်၊–မျက်မှောက်(သမ္မုခါ)ကာယကံ ,ဝစီကံတို့ကို အတူနေရာအခါ၌ ရသင့်သည်၊ မျက်ကွယ်(ပရမ္မုခါ)ကာယကံ ,ဝစီကံတို့ကို ခွဲခွာနေရာအခါ၌ ရသင့်သည်၊ မနောကံကိုကား အတူနေသည့်အခါမှာဖြစ်စေ, ခွဲခွာနေသည့် အခါမှာဖြစ်စေ အကုန်လုံးမှာပင် ရသင့်သည်။

အတူနေသူများအနက် တစ်ဦးဦးက မတော်မလျော်ထားပစ်ခဲ့သော ခုတင်, ကုလားထိုင်,သစ်ဘဏ္ဍာ, မြေဘဏ္ဍာ တစ်ခုခုကို တွေ့ရသည့်အခါမှာ 'ဒါကို ဘယ်သူက သုံးစွဲခဲ့သလဲ?'ဟု အထင်သေးမှုမရှိဘဲ, ကိုယ်တိုင် မသင့်မတော်ထားခဲ့သော ဘဏ္ဍာတို့ကိုကဲ့သို့ ယူငင်သိမ်းဆည်းပေးသော ရဟန်းမှာ မျက်မှောက်ကာယကံမေတ္တာဖြစ်သည်၊ ရှင်းလင်းသုတ်သင်သင့်သောနေရာကို ရှင်းလင်းသုတ်သင်ပေးသော ရဟန်းမှာလည်း မျက်မှောက်ကာယကံမေတ္တာဖြစ်သည်။

တစ်ပါးပါးက ထွက်သွားလျှင် ထွက်သွားသူက မသင့်မတော်ထားပစ်ခဲ့သော (ပစ်စလက်ခတ်ထားပစ်ခဲ့သော) ကျောင်းအသုံးအဆောင်ပစ္စည်းကို အလားတူပင် ကိုယ်တိုင် ထားခဲ့သော ဝတ္ထုကိုကဲ့သို့ ယူငင်သိမ်းဆည်းသော ရဟန်းနှင့် ရှင်းလင်းသင့်သည်ကို ရှင်းလင်းပေးသော ရဟန်းမှာ မျက်ကွယ်ကာယကံမေတ္တာဖြစ်သည်။

အတူနေသူများနှင့်အတူ ဝမ်းမြောက်စရာ ချိုသာသောစကား, ပျူငှါလောကဝတ် အစေ့အစပ်စကား, မှတ်သားဖွယ်ရာစကား, တရားစကား, ပါဠိတော်ကို ဌာန်ကရိဏ်း

ပီသစွာရွတ်ဆိုမှု, တရားဆွေးနွေးမှု, ပြဿနာမေးမှု, ဖြေဆိုမှုစသည်တို့ကို ပြုလုပ်ခြင်းသည် မျက်မှောက် မေတ္တာဝစီကံမည်၏။

ထို့ပြင်-မထေရ်များထွက်ခွာသွားလျှင် တပည့်တော်ရဲ့ ချစ်မိတ်ဆွေ နန္ဒိယ ထေရ်နှင့် ကိမိလထေရ်ဟာ ဒီလို သီလနှင့်ပြည့်စုံတယ်၊ ဒီလို အကျင့်နှင့်ပြည့်စုံတယ်-စသည်ဖြင့် ဂုဏ်တင်ပြောဆိုခြင်းသည် မျက်ကွယ်ဝစီကံမေတ္တာ မည်၏။

ငါ့ရဲ့ချစ်မိတ်ဆွေ နန္ဒိယထေရ်နှင့် ကိမိလထေရ်ဟာ ရန်ကင်းပါစေ၊ ဆင်းရဲကင်းပါစေ၊ ချမ်းသာပါစေ-ဟု နှလုံးသွင်းနေသောပုဂ္ဂိုလ်မှာ မျက်မှောက်မှာပဲဖြစ်ဖြစ်, မျက်ကွယ်မှာပဲဖြစ်ဖြစ် မနောကံမေတ္တာမည်သည်သာ။

ကန့်သတ်ခွဲခြားမှု မပြု

စတုတ္ထသာရဏီယမမ္မဋ္ဌ ပစ္စည်းကိုကန့်သတ်ခွဲခြားမှု ပုဂ္ဂိုလ်ကို ကန့်သတ်ခွဲခြားမှုအားဖြင့် ကန့်သတ်ခွဲခြားမှု နှစ်မျိုးရှိသည့်အနက် "ဤမျှသောပစ္စည်းကို ပေးမည်၊ဤမျှသောပစ္စည်းကိုကား မပေး"ဟု စိတ်ဖြင့် ကန့်သတ်ခွဲခြားဝေဖန်မှုသည် ပစ္စည်းကို ကန့်သတ်ခွဲခြားမှုမည်၏၊ "မည်သူ့ကို ပေးမည်၊ မည်သူ့ကို မပေး"ဟုစိတ်ဖြင့်ကန့်သတ်ခွဲခြားဝေဖန်မှု (စိတ်ထဲက မှန်းထားမှု)သည် ပုဂ္ဂိုလ်ကို ကန့်သတ်ခွဲခြားမှုမည်၏။

ဤသို့ကန့်သတ်ခွဲခြားဝေဖန်မှု နှစ်မျိုးလုံးကိုမပြုဘဲ ပစ္စည်းတိုင်းကို ပေးလှူနိုင်သူမျိုး, ရဟန်းသာမဏေတိုင်းအား ပေးလှူနိုင်သူမျိုးကိုပင် "(ပစ္စည်းကိုရော, ပုဂ္ဂိုလ်ကိုရော) ကန့်သတ်မှုမပြုဘဲ, ဘောင်ခတ်ခွဲခြားမှုမပြုဘဲ သုံးဆောင်သူ"ဟုဆိုလိုသည်၊ 'သူတစ်ပါးအား မဝေဖန်ဘဲ မိမိချည်း သုံးဆောင်သူ'ဟု ဆိုလိုသည်ကား မဟုတ်ပါ။

ဝေငှသုံးစွဲပုံ

ရလာသောပစ္စည်းအနည်းငယ်ဖြင့် များများစားစားရလာမည့် ပစ္စည်းလာဘ်လာဘရွာဖွေမှုမျိုးကို အရေးထား၍ ရရသမျှ မွန်မြတ်သော ဝတ္ထုပစ္စည်းကို လူတို့အား မပေးချေ၊ ကိုယ်တိုင်လည်း မသုံးဆောင်၊ ခံယူသည့်အခါမှာလည်း "သံဃာနှင့် သက်ဆိုင်ပါစေ"ဟု နှလုံးသွင်းလျက်သာ ခံယူ၏၊ ခေါင်းလောင်းထိုး၍ သုံးဆောင်ထိုက်သော သံဃိကပစ္စည်းကဲ့သို့ သဘောထား၏။

သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ပုံ

ဤစတုတ္ထသာရဏီယအကျင့်ကို ဒုဿီလရဟန်းက မဖြည့်ကျင့်နိုင်၊ ယင်းသို့ မဖြည့်ကျင့်နိုင်ခြင်းမှာလည်း ဒုဿီလရဟန်း၏ ဝတ္ထုပစ္စည်းကို သီလဝန္တ(သီလရှိသော)ရဟန်းများ မခံယူကြသောကြောင့်ပင် ဖြစ်ပေသည်၊ စင်ကြယ်သော သီလရှိသည့် ရဟန်းကသာ ဤစတုတ္ထသာရဏီယကျင့်ဝတ်ကို မကျိုးမပေါက်စေဘဲ ဖြည့်ကျင့်နိုင်သည်။

အမေအားဖြစ်စေ, အဖေအားဖြစ်စေ, ဆရာဥပဇ္ဈာယ်စသူတို့အားဖြစ်စေ ရည်ညွှန်းပေးကမ်းသော ရဟန်းသည် ပေးသင့်သောပစ္စည်းကို (ပေးထိုက်သူတို့အား) ပေးသည်

မည်၏၊ ထိုရဟန်းမှာ သာရဏီယဓမ္မ(မပြတ်မလပ် အမှတ်ရထိုက်သောအကျင့်) မဖြစ်ချေ၊ ပလိဗောဓ(အနှောင့်အယှက်)ကို သုတ်သင်ခြင်းသာ မည်ပေသည်။

သာရဏီယဓမ္မ-ဟူသည် ပလိဗောဓလွတ်ကင်းသောပုဂ္ဂိုလ်အတွက်သာ သင့်သည်၊ ရည်ညွှန်းလျက် ပေးသောရဟန်းသည် ဂိလာနရဟန်း, ဂိလာနကိုပြုစုနေသောရဟန်း, အာဂန္တုရဟန်း, ခရီးသွားမည့်ရဟန်း, သပိတ်သင်္ကန်းကို ကောင်းစွာ မကိုင်တွယ်မဝတ်ရုံတတ်သေးသော ရဟန်းသစ်တို့အား ပေးထိုက်သည်၊ ယင်း ဂိလာနစသူတို့အား ပေးပြီး သည့်နောက် ကြွင်းကျန်နေသော ခဲဖွယ်ဘောဇဉ်ကို မထေရ်ကြီးနေရာမှစ၍ နည်းနည်းချင်း မပေးဘဲ ယူသလောက် ပေးရမည်၊ မိမိအတွက်မကျန်လျှင် နောက်ထပ်ဆွမ်းခံရမည်၊ ရလာသောဆွမ်းကိုလည်း မထေရ်ကြီးနေရာမှစ၍ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ကို ပေးရမည်၊ ကျန်နေသော ခဲဖွယ်ဘောဇဉ်ကို စားသုံးနိုင်သည်။

'သီလရှိသော သီတင်းသုံးဖော်တို့နှင့် ဝေငှသုံးစွဲ၏'ဟု ဟောတော်မူထားသောကြောင့် ဒုဿီလအားမပေးဘဲလည်း စားသုံးနိုင်သည်၊ ပေးလိုလည်းပေးနိုင်သည်၊ ယင်းသို့ ပေးခြင်းမှာလည်း သနားကြင်နာသည့်အတွက်သာ ဖြစ်သည်၊ ကျင့်ဝတ်ပြည့်စေလိုသည့် အတွက် မဟုတ်ပါ၊ ထို့ကြောင့် လိုချင်နေသော ဒုဿီလအား ငြိကပ်တွယ်တာမှု မရှိလျှင် ပေးသင့်သည်၊ မှန်၏=၊ 'ဒါနမည်သည်ကို မည်သူ့အား မပေး၊ရ'ဟု မြစ်တားမှုမရှိပါ။

သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ပုံ အစီအစဉ်မှာ ကျွမ်းကျင်လိမ္မာသောပရိသတ်၌ ဤသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန်လွယ်ကူသည်၊ မကျွမ်းကျင်မလိမ္မာသော ပရိသတ်၌ကား ဖြည့်ကျင့်ရန် မလွယ်ကူလှပေ။

သာရဏီယဝတ်ဖြည့်ကျင့်ပုံ အစီအစဉ်ကို သိနားလည်သော ပရိသတ်၌ အခြားတစ်နေရာမှ ဆွမ်းရလာသော ရဟန်းသည် (သာရဏီယဝတ်ဖြည့်ကျင့်နေသော ရဟန်း၏ ဆွမ်းကို) မခံယူတော့ချေ၊ အခြားတစ်နေရာမှ ဆွမ်းမရခဲ့သော ရဟန်းသည်လည်း သင့်လျော်ရုံသာ ခံယူပေသည်၊ အပိုအလွန် မခံယူပေ။

ဤသာရဏီယကျင့်ဝတ်သည် ဤသို့ ထပ်ကာထပ်ကာ ဆွမ်းခံလှည့်လည်၍ ရလာသမျှသော ခဲဖွယ်ဘောဇဉ်ကို ပေးလှူနေပါသော်လည်း ၁၂-နှစ်ကြာမှ ပြည့်တော့သည်၊ ၁၂-နှစ်အတွင်း၌ မပြည့်ပေ။

၁၂-နှစ် ရောက်လာသည့်အခါ သာရဏီယကျင့်ဝတ် ဖြည့်ကျင့်နေသော ရဟန်းသည် ဆွမ်းပြည့်နေသောသပိတ်ကို ဆွမ်းစားဇရပ်မှာ ထားခဲ့၍ ရေချိုးသွားနေအံ့၊ ထိုအချိန်မှာ သံဃထေရ်က 'ဒါ ဘယ်သူ့သပိတ်လဲ?'ဟုမေး၍ 'ဒါဟာ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်နေတဲ့ ရဟန်းရဲ့သပိတ်ပါ အရှင်ဘုရား'ဟူသော ရဟန်းများ၏စကားကို ကြားရလျှင် 'အဲဒီသပိတ်ကို ယူခဲ့စမ်း'ဟု ပြောပြီး ဆွမ်းအကုန်လုံးကို စိစစ်ဝေဖန်သုံးစွဲ ပြီးသည့်နောက် အချည်းနှီးသော (ပြောင်တလင်းခါနေသော) သပိတ်ကို ပြန်ပေးလိုက်အံ့၊ သာရဏီယ

ကျင့်ဝတ်ကို ဖြည့်ကျင့်နေသောရဟန်းသည် ရေချိုးရာမှ ပြန်လာ၍ အချည်းနှီးသော သပိတ်ကို တွေ့ရသည့်အခါ 'ငါ့အတွက် ဘာမျှချန်မထားဘဲ ဘုဉ်းပေးသုံးဆောင်စား သောက်ပစ်လိုက်ကြတာပဲ'ဟု စိတ်မချမ်းမသာ ဖြစ်နေခဲ့ပါလျှင် သာရဏီယကျင့်ဝတ် ပျက်သွားရတော့သည်၊ နောက်ထပ် ၁၂-နှစ် ဖြည့်ကျင့်ထိုက်သည်၊ ဤသာရဏီယ ကျင့်ဝတ်သည် တိတ္ထိတို့၏ ပရိဝတ်နှင့်တူသည်၊ တစ်ကြိမ်ကျိုးပေါက်လျှင် နောက်ထပ် အစမှပြန်လည် ဖြည့်ကျင့်ရသည်ချည်း။

ယင်းသို့ အချည်းနှီးသောသပိတ်ကို တွေ့ရသည့်အခါ 'ငါ့သပိတ်ထဲမှာရှိနေတဲ့ ခဲဖွယ်ဘောဇဉ်ကို မပန်ပြောဘဲ သီတင်းသုံးဖော်တွေက ဘုဉ်းပေးသုံးဆောင်ကြပါပေတယ်၊ ငါ့အတွက် လာဘ်ကောင်းတာပဲ၊ ငါ လူဖြစ်ကျိုး နပ်တာပဲ'ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါလျှင် ထိုရဟန်း၏ သာရဏီယကျင့်ဝတ်သည် ပြည့်သည် မည်တော့၏။

ဤသာရဏီယကျင့်ဝတ်သည် ဖြည့်ကျင့်ဖို့ ခဲယဉ်းသလောက် အကျိုးအာနိသင် ကြီးမားလှပေသည်၊ အလွန်ကြီးမားသော မျက်မြင်အကျိုး, ဆင့်ပွားအကျိုး(အာနိသင်) များလည်း ထက်ကြပ်မကွာ လိုက်ပါနေသည်၊ထို့ကြောင့် သာရဏီယအကျင့်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း တရားထူးကို ရထားသော အရိယာပုဂ္ဂိုလ်ကဲ့သို့ လောက၌ အံ့ဖွယ်ဘနန်း ထူးဆန်းသော သဘောနှင့် ပြည့်စုံနေတော့သည်။

သာရဏီယအကျင့်ကို ဖြည့်ကျင့်ထားသော ရဟန်းသည် စွန့်လွှတ်(လှူဒါန်း)ရန် ခဲယဉ်းသည့် ဒါနမယကုသိုလ်, သီလမယကုသိုလ်၏ ဆန့်ကျင်ဘက်သဘောတရားကို အလွန်ဝေးကွာအောင် ပယ်ခွာပြီးသည့်အတွက် လောကမှာ ပေါ်လွင်ထင်ရှားပြီး သန့်ရှင်း စင်ကြယ်သောစိတ်ဖြင့် နေနိုင်သည်။

ဖြည့်ကျင့်ရကျိုး ဤသာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ပြီးသောရဟန်းမှာ ဣသာလည်း မဖြစ်၊ မစ္ဆရိယလည်း မဖြစ်တော့ချေ၊ ယင်းသာရဏီယကျင့်ဝတ် ပြည့်ပြီးသော ရဟန်းကို လူတွေကလည်း ချစ်ခင်ကြသည်၊ နတ်တွေလည်း ချစ်ခင်ကြသည်၊ ပစ္စည်းမျှားကိုလည်း လွယ်ကူစွာ (လွယ်လင့်တကူ) ရနိုင်သည်၊ သူ့သပိတ်ထဲမှာ ရှိနေသမျှ ခဲဖွယ်ဘောဇဉ်သည် (ဘယ်လိုပင်)ပေးလှူသော်လည်း မကုန်နိုင်တော့ပါ၊ ယင်းသာရဏီယကျင့်ဝတ် ပြည့်ပြီးသောရဟန်းသည် ပစ္စည်းဝေဖန်ရာမှာလည်း အကောင်းဆုံးကို ရတတ်သည်၊ ဆူပူသောင်းကျန်းမှုစသော ဘေးရန်ဖြစ်ပေါ်ခြိန်, အစားအစာရှားပါး ငတ်မွတ်မှုဘေးရန် ဖြစ်ပေါ်ခြိန်မျိုးမှာ နတ်များ၏ ဂရုတစိုက် ပြုစုလုပ်ကျွေးမှုကို ခံရတတ်သည်။

တိသဃထေရ် သေနဂိရိကျောင်းမှာ သီတင်းသုံးသော တိသဃထေရ်သည် မဟာဂိရိရွာကို မှီခိုနေထိုင်သည်၊ ထိုမဟာဂိရိရွာဟူသည် နာဂဒီပကျွန်းဘက်ရွာတစ်ရွာ ဖြစ်ပေသည်။

မထေရ်ကြီးငါးကျိပ်တို့သည် နာဂဒီပကျွန်းသို့ ဘုရားဖူးကြွရင်း မဟာဂိရိရွာ၌ ဆွမ်းခံကြသည်၊ ဆွမ်းလေးတစ်ဇွန်း, ယာဂုတစ်မှုတ်မျှ မရခဲ့ကြဘဲ (အချည်းနှီးသော သပိတ်ဖြင့်) ပြန်ကြွလာကြရသည်။

တိဿထေရ်သည် ဆွမ်းခံကြွရန် ကျောင်းမှထွက်လာခဲ့သည်၊ ယင်းငါးကျိပ်သော မထေရ်တို့ကို လမ်းမှာတွေ့ရသည်၊ "အရှင်ဘုရားများ ရခဲ့ကြပါရဲ့လား" ဟု လျှောက်ထားသည်၊ "လှည့်တော့လှည့်ခဲ့ကြတာပဲ ငါ့ရှင်ရယ်" ဟု မထေရ်ကြီး၏စကားကို ကြားရသည့် အခါ ဆွမ်းမရခဲ့ကြောင်းကို သိနားလည်သွားသည်။

သို့ဖြင့် "အရှင်ဘုရားတို့ တပည့်တော်ပြန်လာသည်အထိ ဒီနေရာမှာပဲ ခဏသည်းခံစောင့်ဆိုင်းတော်မူကြပါ" ဟု လျှောက်ထားပြန်သည်၊ "ငါ့ရှင် ! တို့ရဟန်းငါးကျိပ်လုံးက သပိတ်စိုလောက်ရုံ ယာဂုကလေးကိုတောင်မှ မရခဲ့ကြဘူး" ဟူသော မထေရ်ကြီး၏ စကားကို ကြားရ၍ "အရှင်ဘုရားတို့ ! ဌာနေပုဂ္ဂိုလ်တွေဆိုတာ စွမ်းရည်သတ္တိ ရှိတတ်ကြပါတယ်၊ တစ်နေရာမှာ မရပေမဲ့ ဆွမ်းခံလမ်းရဲ့အခြေအနေကို သိနားလည်ကြပါတယ်" ဟု ပြန်လည်လျှောက်ထား၍ ဆွမ်းခံဝင်သွားသည်၊ မထေရ်များကလည်း စောင့်ဆိုင်းနေနှင့်ကြသည်။

တိဿထေရ် ဆွမ်းခံဝင်လာသည့်အခါ ရွာဦးအိမ်မှာနေသည့် ဥပါသိကာမကြီးက နွားနို့ဆွမ်းကို စိမ်၍ တိဿထေရ်ကို စောင့်မျှော်နေခဲ့သည်၊ တိဿထေရ် အိမ်တံခါးနားကို ရောက်လာသည့်အခါ သပိတ်ပြည့်အောင် လောင်းလှူလိုက်သည်၊ တိဿထေရ်က သပိတ်ကိုယူ၍ မထေရ်များထံ ပြန်လာခဲ့သည်၊ သံဃာ့ထေရ်နားကို ချဉ်းကပ်လျှောက်ထားသည်၊ –

"အရှင်ဘုရားတို့ ! ခံယူတော်မူကြပါ"။

"အလို ! ဒီလောက်များတဲ့ ငါတို့လူစုက ဘာတစ်ခုကိုမျှမရခဲ့ကြဘူး၊ ဒီရဟန်းကတော့ မြန်မြန်ဆန်ဆန်ပဲ ယူပြီးပြန်လာခဲ့တယ်၊ ဘယ့်နယ်လဲ၊ အပ်မှအပ်ပါ့မလား၊ တောင်းလို့များ ယူလာတာလား"။

တိဿထေရ်၏ စကားကို ကြားရသည့်အခါ သံဃာ့ထေရ်မှာ ယုံမှားသံသယ ဖြစ်လာသည်၊ အခြားမထေရ်များ၏မျက်နှာကို လှမ်းကြည့်တော်မူလိုက်သည်။

တိဿထေရ်လည်း မထေရ်၏ကြည့်ပုံအမူအရာကို တွေ့ရရုံမျှဖြင့်ပင် နားလည်သွားသည်၊ "အရှင်ဘုရားတို့ ! ဝိနည်းတရားတော်နှင့်အညီ ရလာတဲ့ ဆွမ်း ဖြစ်ပါတယ်၊ ယုံမှားသံသယ ကုက္ကုစ္စ ရှိတော်မမူကြဘဲ ခံယူတော်မူကြပါ" ဟု လျှောက်ထားပြီး သံဃာ့ထေရ်မှစ၍ မထေရ်အားလုံးတို့အား သူတို့အလိုရှိသလောက် စေ့ငအောင် ပေးလှူသည်၊ ကိုယ်တိုင်လည်း အလိုရှိသလောက် ဘုဉ်းပေးသည်၊ ဆွမ်းကိစ္စပြီးသည့်အခါ မထေရ်များက တိဿထေရ်ကို မေးတော်မူကြသည်။–

"ငါ့ရှင် ! လောကုတ္တရာတရားကို ဘယ်အချိန်က ထိုးထွင်း သိမြင်ခဲ့ပါသလဲ?"။

"အရှင်ဘုရားတို့ ! တပည့်တော်မှာ လောကုတ္တရာတရား မရှိပါ"။

"ဒါဖြင့်ရင်-ငါ့ရှင်ဟာ စျာန်အဘိညာဉ် ရထားသူများ ဖြစ်ပါသလား?"။

"တပည့်တော်မှာ စျာန်အဘိညာဉ်လဲ မရှိပါအရှင်ဘုရား"။

"ငါ့ရှင် ! အံ့သြစရာ တန်ခိုးပြာဋိဟာ ဖြစ်နေတယ် မဟုတ်လား?"။

"တပည့်တော်ဟာ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ထားပါတယ်ဘုရား၊ အဲဒီကျင့်ဝတ်ကို ဖြည့်ပြီးတဲ့အချိန်ကစပြီး ရဟန်းတစ်သိန်းပင်ဖြစ်စေဦးတော့၊ တပည့်တော်ရဲ့ သပိတ်ထဲမှာရှိနေတဲ့ ခဲဖွယ်ဘောဇဉ်ဟာ မကုန်နိုင်တော့ပါဘုရား"။

တိသထေရ်၏စကားကို ကြားရသည့်အခါ မထေရ်များက "အိုသူတော်ကောင်း ! သင့်တော်လှပါပေတယ်၊ ကောင်းလှပါပေတယ်၊ ဒါဟာ ငါ့ရှင်အား သင့်တော်လျောက်ပတ်လှပါပေတယ်"ဟု ချီးကျူးစကား မိန့်ကြားတော်မူကြသည်။

ဤသည်မှာ "သူ့သပိတ်ထဲမှာ ရှိသမျှ ခဲဖွယ်ဘောဇဉ်သည် (ဘယ်လိုပင်) ပေးလှူသော်လည်း မကုန်နိုင်တော့ပေ"ဟူသော စကားရပ်၏ သက်သေသာဓက ဖြစ်ပေသည်။

ဤတိသထေရ်ကပင် စေတီယတောင်အပြင်ကို ဆီမီး, ပန်း, နံ့သာစသည်တို့ဖြင့် ကြီးကျယ်ခန်းနားစွာ ပူဇော်ချိန်၌ အလှူမဏ္ဍပ် သို့ကြွလာ၍ အမတ်တစ်ယောက်ကို မေးတော်မူသည်။-

"ဒီအလှူမဏ္ဍပ်မှာ အကောင်းဆုံးလှူဖွယ်ဝတ္ထုများဟာ ဘာတွေလဲ?"။

"အဝတ် နှစ်ထည်ပါပဲ ဘုရား"။

"အဲဒီ အဝတ်နှစ်ထည်ဟာ ဦးပဉ္စင်းဆီ ရောက်လာလိမ့်မယ်၊ ဦးပဉ္စင်း ရလိမ့်မယ်"။

ရဟန်းငယ်၏စကားကို ကြားရသည့်အခါ ယင်းအမတ်က "ရဟန်းငယ် တစ်ပါးက ဒီလိုပြောသွားကြောင်း" ပြည့်ရှင်မင်းမြတ်အား သံတော်ဦး တင်သည်။-

"ရဟန်းငယ်တွေဆိုတာဟာ ဒီလိုကြံစည်တတ်တာပါပဲ၊ ဒါပေမယ့် ဒီချောမွေ့နူးညံ့တဲ့ အဝတ်များကတော့ မထေရ်ကြီးတွေနှင့် တော်တာပဲ"၊ ပြည့်ရှင်မင်းက ယင်းအမတ်အား ပြန်ပြောလိုက်သည်၊ အဝတ်များကိုမူ မထေရ်ကြီးများအား ပေးလှူရန် ရည်မှန်းထားသည်။

ပြည့်ရှင်မင်းကိုယ်တိုင် ထေရ်စဉ်ဝါလိုက် ကြွလာသော သံဃာများအား ဆက်ကပ်လှူဒါန်းသည့်အခါ အဦးအဖျားထားစေကာမူ ယင်းချောမွေ့နူးညံ့သော အဝတ်နှစ်ထည်ကို မကောက်ယူမိဘဲ အခြားအဝတ်များကိုသာ ကောက်ယူလှူဒါန်းနေပါတော့သည်။

ရဟန်းငယ်အလှည့်ရောက်လာသည့် အခါမှာမူ ယင်းအဝတ်နှစ်ထည်ကို ကောက်ယူမိသား ဖြစ်နေပေတော့သည်၊ ယင်းအဝတ်များကိုပင် ပြည့်ရှင်မင်းက ရဟန်းငယ်အား ဆက်ကပ်လှူဒါန်းလိုက်ရပါတော့သည်၊ ထိုစဉ် အမတ်၏မျက်နှာကိုလည်း လှည့်ကြည့်လိုက်သည်၊ ရဟန်းငယ်ကို အထိုင်ခိုင်း၍ အလှူဒါန ပေးလှူပြီးသည့်နောက် သံဃာတော်များကို ပြန်လွှတ်လိုက်သည်၊ ထို့နောက် ရဟန်းငယ်အနားမှာ ထိုင်လျက် "ဒီတရားကို ဘယ်တုန်းက ရခဲ့ပါသလဲဘုရား?"ဟု လျှောက်ထားသည်။

ရဟန်းငယ်က မိမိမှာ ရထားသော တရားထူးမရှိကြောင်းကို သွယ်ဝိုက်၍သော်မှ မပြောလိုသည့်အတွက် "မဟာရာဇာ ! ဦးပဉ္စင်းမှာ ရထားတဲ့ လောကုတ္တရာတရား မရှိပါဘူး"ဟု တိုက်ရိုက်ပင် ပြောဆိုလိုက်သည်၊ ယင်းစကားကို ကြားရသည့်အခါ ပြည့်ရှင်မင်းမြတ်က ဆက်လက်လျှောက်ထားပြန်သည်။-

"ဒီအဝတ်နှစ်ထည်ကို ဦးပဉ္စင်းရလိမ့်မယ်လို့ အရှင်ဘုရားကပဲ ကြိုတင်ပြောခဲ့တယ် မဟုတ်လားဘုရား?"။

"မဟာရာဇာ ! ပြောခဲ့တာတော့ မှန်တယ်၊ ဒါပေမယ့် ဦးပဉ္စင်းဟာ လောကုတ္တရာ တရားထူးကို ရထားသူ မဟုတ်ပါဘူး၊ သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ထားသူ မျှသာ ဖြစ်ပါတယ်၊ အဲဒီအကျင့်ကို ဖြည့်ကျင့်ပြီးချိန်ကစပြီး ပစ္စည်းဝေဖန်တဲ့နေရာမှာ ဦးပဉ္စင်းက အကောင်းဆုံးပစ္စည်းကိုရတာချည်းပါပဲ"။

"သာဓု သာဓုပါဘုရား၊ ဒီလိုအမှန်အတိုင်း ပြောကြားတာဟာ လျှောက်ပတ်လှပါပေတယ်"။

ဘုရင်မင်းမြတ်က ရဟန်းငယ်ကို ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျှောက်ထားခဲ့၍ ထွက်ခွာသွားတော့သည်။

ဤသည်မှာ "ပစ္စည်းဝေဖန်ရာ၌ အကောင်းဆုံးကိုရတတ်သည်"ဟူသော စကားရပ်ဝယ် သက်သေသာဓကဖြစ်ပေသည်။

နာဂထေရီ ဗြာဟ္မဏတိသဿပုန်ဘေး ဖြစ်ပေါ်ချိန်၌ ဘာတရစွာသူမွာသားတို့သည် နာဂထေရီမအား မလျှောက်ထား မပန်ကြားဘဲ ထွက်ပြေးကြရသည်၊ နံနက်အိပ်ရာထချိန်မှာ ထေရီမက "တစ်ယွာလုံး တိတ်ဆိတ်ငြိမ်သက်လှချည်လား၊ သွားရောက် စုံစမ်းကြပါဦး"ဟု ရဟန်းမကလေးတွေကို ပြောဆိုစေခိုင်းလိုက်သည်။

ရဟန်းမကလေးများ သွားရောက်စုံစမ်းသည့်အခါ ရွာသူရွာသားအကုန်လုံး ထွက်ပြေးသွားကြကြောင်း သိရသည်၊ ပြန်လာ၍ ထေရီမအား အကြောင်းစုံကို လျှောက်ထားကြသည်၊ ထေရီမက ရဟန်းမကလေးတွေကို အားပေးစကားပြောကြားလျက် ဆုံးမသြဝါဒပေးသည်။-

"အရှင်မများက 'ရွာသူရွာသားတွေ အကုန်လုံး ထွက်ပြေးသွားကြပါပေါ့လား' ဆိုပြီး စိုးရိမ်ပူပန်မနေကြပါနဲ့၊ မိမိ မိမိတို့ရဲ့ စာပေသင်ကြားမှု, တရားနှလုံးသွင်းမှု တို့ကိုသာ မပျက်မကွက် ကြိုးစားအားထုတ်နေတော်မူကြပါ"။

ယင်းသို့ ညဝါဒပေးပြီးသည့်နောက် ရဟန်းမ ၁၁-ပါးကို ခေါ်ယူလျက် ဆွမ်းခံချိန် ရောက်လာသည့် အခါ သင်္ကန်းရုံ၍ ရွာတံခါးအနီးမှာ တည်ရှိနေသော ညောင်ပင် အောက်ကို သွားရောက်ရပ်နေခဲ့သည်။

ညောင်ပင်စောင့်နတ်က ရဟန်းမ ၁၂-ပါးတို့အား ဆွမ်းလည်း ပေးလှူသည်၊ "အရှင်မတို့ ! အခြားအရပ်သို့ မကြွကြပါနဲ့၊ ဒီကိုပဲ အမြဲကြွလာတော်မူကြပါ"ဟုလည်း လျှောက်ထားသည်။

ထေရီမမှာ နာဂထေရ်ခေါ်သော မောင်ငယ်တစ်ယောက် ရှိနေသည်၊ ယင်းနာဂ ထေရ်သည် "သူပုန်ဘေးရန်က တစ်နေ့တခြား ကြီးပွားလာတယ်၊ မျှတဖို့ မလွယ်လှဘူး၊ အိန္ဒိယဘက်ကို ကူးဦးမှပဲ"ဟူသော ရည်ရွယ်ချက်ဖြင့် နောက်လိုက်နောက်ပါ ရဟန်း ၁၁-ပါးတို့ကို ခေါ်ဆောင်လျက် နေရာအရပ်ကို စွန့်ခွာထွက်လာရင်း ထေရီမကို တွေ့ပြီးမှ သွားရတော့မယ်"ဟု ကြံစည်စဉ်းစားလျက် ဘာတရရွာသို့ ရောက်လာခဲ့သည်။

မထေရ်များ ကြွလာကြောင်း သိရသည့်အခါ ထေရီမက မထေရ်များထံသွား၍ "အရှင်ဘုရားတို့ ! ဘာကိစ္စထူးများ ရှိကြပါသလဲ?"ဟု မေးမြန်းလျှောက်ထားသည်၊ နာဂထေရ်က အကြောင်းစုံကို ပြောပြသည့်အခါ "ယနေ့တစ်နေ့လောက်တော့ ဒီကျောင်းမှာပဲ သီတင်းသုံးနေထိုင်ပြီး နက်ဖြန်မှ ကြွကြတာပေါ့ဘုရား"ဟု လျှောက်ထား ပြန်သည်၊ မထေရ်များလည်း ကျောင်းကိုပင် ကြွသွားကြသည်။

ထေရီမက နောက်တစ်နေ့မှာ ညောင်ပင်အောက်၌ပင် ဆွမ်းသွားရပ်သည်၊ ရလာသောဆွမ်းကို ယူဆောင်လျက် မထေရ်များထံ ရောက်လာသည်၊ "ဒီဆွမ်းကိုပဲ ဘုဉ်းပေးတော်မူကြပါဘုရား"ဟုလည်း လျှောက်ထားသည်၊ "အပ်ပါ့မလား ထေရီမရယ်" ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်ရပ်နေခဲ့သည်။

"မောင်လေးရေ ! ဝိနည်းတရားတော်နှင့်အညီ ရလာတဲ့ဆွမ်းပါ၊ သံသယ ကုက္ကု စိမရှိဘဲ သုံးဆောင်တော်မူကြပါ"။

"ဖြစ်ပါ့မလား ထေရီမရယ်?"။

ယင်းစကားကို ကြားရသည့်အခါ ထေရီမက သပိတ်ကို ကောက်ယူ၍ မိုးပေါ်ကို မြှောက်တင်လိုက်သည်၊ သပိတ်သည် မိုးကောင်းကင်၌ ရပ်တည်နေခဲ့သည်။

"ထန်းခုနစ်ဆင့်မြင့်တဲ့ အရပ်မှာ တည်နေတဲ့ ဆွမ်းဟာလဲ ဘိက္ခုနီရဲ့ဆွမ်းပါပဲ ထေရီမရယ်"။

ဤသို့ ပြောဆိုပြီးသည့်နောက် မထေရ်က ဆက်လက်ပြောဆိုမိန့်ကြားတော်မူပြန်သည်။

"ဘေးဆိုတာဟာ အမြဲတမ်း ဖြစ်ရိုးမရှိပါဘူး၊ ဘေးရန်ငြိမ်းအေးသွားတဲ့ အချိန်မှာ အရိယာတို့ရဲ့အနွယ်ကို ပြောပေါရလို့ရှိရင် 'အိုပိဏ္ဍာပါတ်ဓုတင်ဆောင်ကိုယ်တော်ကြီး ! ဘိက္ခုနီတို့ရဲ့ဆွမ်းကိုစားပြီး ခေတ်ဆိုးခေတ်ပျက်ကို ကျော်လွန်လာခဲ့ပါပေတယ်'၊ ဒီလို ကိုယ့်ကိုကိုယ် စိတ်ထဲကစွပ်စွဲမိလို့ရှိရင် ထောက်တည်ရာရမယ် မဟုတ်တော့ပါဘူး၊ ထေရီမတို့ ! မမေ့မလျော့ မပေါ့မဆ နေရစ်ကြပေတော့"။

ပြောလက်စ စကားဆုံးသွားသည်နှင့်တစ်ပြိုင်နက် မထေရ်က ကျောင်းမှ ထွက်ကြွလာခဲ့သည်။

ရက္ခစိုးနတ်ကလည်း "မထေရ်က ထေရီမရဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရင် မထေရ်ကို ပင့်မထားတော့ဘူး၊ မဘုဉ်းပေးမသုံးဆောင်ရင် ပင့်ထားမယ်" ဟူသော ရည်ရွယ်ချက်ဖြင့် သစ်ပင်ပေါ်က စောင့်ကြည့်နေခဲ့သည်၊ မထေရ် ကြွလာသည်ကို တွေ့ရသည့်အခါ သစ်ပင်ပေါ်မှ ဆင်းလာခဲ့သည်။

"သပိတ်ကို ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထား၍ သပိတ်ကို လှမ်းယူသည်၊ မထေရ်ကို သစ်ပင်အောက်သို့ ပင့်ဆောင်သွားသည်၊ နေရာခင်း၍ ဆွမ်းဆက်ကပ်သည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ မထေရ်ထံမှ ဝန်ခံချက်ရအောင် တောင်းပန်လျှောက်ထားသည်၊ ရဟန်း ၁၂-ပါးနှင့် ဘိက္ခုနီ ၁၂-ပါးတို့ကို ၇-နှစ်လုံးလုံး ပြုစုလုပ်ကျွေးထားသည်။

ဤသည်မှာ "နတ်များ၏ ဂရုတစိုက်ပြုစုလုပ်ကျွေးမှုကို ခံရတတ်သည်" ဟူသော စကားရပ်ဝယ် သက်သေသာဓက ဖြစ်ပေသည်၊ ဤဝတ္ထုဌ္ဌ ထေရီမသည် သာရဏီယ ဝတ်အကျင့်ကို ဖြည့်ကျင့်ပြီးသူဖြစ်သည်၊ မထေရ်ကိုကား သီလတန်ခိုးကြောင့်ပင် နတ်တွေက ဂရုတစိုက်ပြုစုလုပ်ကျွေးကြသည်။

မကျိုးမပေါက် မကျားမပြောက် ပဋ္ဌမသာရဏီယဓမ္မဌ္ဌ အာပတ်အဖို့အစု ခုနစ်ခုတို့ အနက် အစသိက္ခာပုဒ်ဖြစ်စေ, အဆုံးသိက္ခာပုဒ်ဖြစ်စေ ပျက်သောရဟန်း၏သီလသည် အစွန်အဖျားဌ္ဌ စုတ်ပြတ်သော အဝတ်ကဲ့သို့ ကျိုးပြတ်သည် မည်၏။

အလယ်သိက္ခာပုဒ်ပျက်သော ရဟန်း၏သီလသည် အလယ်ဌ္ဌပေါက်သော အဝတ်ကဲ့သို့ ပေါက်သည်ပင်မည်၏။

အစဉ်အားဖြင့် နှစ်ပါးသုံးပါးသော သိက္ခာပုဒ်များ ပျက်စီးသွားသော ရဟန်း၏ သီလသည် ကျောမှာဖြစ်စေ, ဝမ်းမှာဖြစ်စေ ဖြစ်ပေါ်လာသည့် မတူသောအဆင်းအားဖြင့် အနက်အနီစသော အဆင်းအမျိုးမျိုး ရှိနေသော နွားမကဲ့သို့ ကျားသောသိက္ခာပုဒ်ရှိသော သီလမည်၏။

အကြားအကြားသိက္ခာပုဒ်များ ပျက်စီးနေသော ရဟန်း၏သီလသည် သဘော မတူသော အပြောက်တို့ဖြင့် ဆန်းကြယ်သောနွားမကဲ့သို့ အပြောက်ထင်သော သိက္ခာပုဒ် ရှိသည့်သီလမည်၏။

သိက္ခာပုဒ်များ တချို့တလေမျှ ပျက်စီးမှုမရှိသော ရဟန်း၏သီလသည် မကျိုးမပေါက် မကျားမပြောက်သောသီလမည်၏၊ ဤသီလကသာ ဘုရားရဟန္တာ အရိယာတို့ ချီးမွမ်းအပ်သောသီလမျိုး, တဏှာဒိဋ္ဌိတို့က မှားသောအားဖြင့် မသုံးသပ် အပ်သည့်အပြင် တစ်ဦးတစ်ယောက်သောသူက အာပတ်ဖြင့် စွပ်စွဲခြင်းငှါ မတတ် ကောင်းသောကြောင့် မှားသောအားဖြင့် မသုံးသပ်အပ်သောသီလမျိုး, ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေနိုင်သောသီလမျိုးဖြစ်ပေသည်၊ အကြွင်းမှာ သိလွယ်ပါပြီ။

ဆိုခဲ့ပြီးသည့်အတိုင်း သီလဝန္တ သိက္ခာကာမရဟန်းတော်များက ကာယက်မေတ္တာ စသည်တို့ကို အကြောင်းအားလျော်စွာဖြည့်ကျင့်လျက် အချင်းချင်း စည်းလုံးညီညွတ်အောင်, အင်အားတောင့်တင်းလာအောင် ပြုလုပ်သင့်ပါသည်။

ယင်းသို့ သီလဝန္တ သိက္ခာကာမရဟန်းတော်များ စည်းလုံးညီညွတ်လာ အင်အား တောင့်တင်းလာခဲ့ပါလျှင် သာသနာ့ရန်သူဖြစ်သည့် ရဟန်းဆိုးရဟန်းယုတ်(အလဒ္ဓိ ဒုဿီလ)များ အလိုအလျောက် ကင်းစင်လွင့်ပျောက်သွားဖွယ်ရာ ရှိပါသည်၊ အကယ်၍သာ မကင်းစင်ခဲ့ပါလျှင်လည်း သိမ်းသွင်းပြုပြင်၍ ရမည့်သူများကို သိမ်းသွင်းပြုပြင်သင့်ပါသည်၊ သိမ်းသွင်းပြုပြင်၍ မရနိုင်သူများကိုမူ နှိပ်ကွပ်ရှင်းလင်းပစ်သင့်ပါသည်၊ သို့မှသာ သာသနာတော် ကြာရှည်လေးမြင့် သန့်ရှင်းတည်တံ့နိုင်ပါလိမ့်မည်။

*ဘုရားရှင်၏ မျှော်မှန်းချက်

ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် မိမိ၏ တပည့်သားသံဃာတော်များအပေါ်မှာ မျှော်မှန်းချက်ကြီးမားစွာ ထားခဲ့ကြောင်းကိုလည်း အမြွက်မျှ တင်ပြပါဦးမည်။

ဘုရားရှင်သည် အရဟတ္တဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးသည့်နောက် (ဘုရားဖြစ်တော်မူပြီးသည့်နောက်) အစဦးစွာ ကပိလဝတ်နေပြည်တော်သို့ ကြွလာခဲ့သည်၊ ထိုစဉ် ဆွမ်းခံဝင်လာသော ဘုရားရှင်ကို သုဒ္ဓောဒနမဟာရာဇာက နန်းတော်အပေါ်ထပ်သို့ ပင့်တင်လာခဲ့သည်။

ဘုရားရှင်၏ တင့်တယ်သပ်ယပ်လှသော ရုပ်ပုံတော်က မဟာပဇာပတဂေါတမီကို နှစ်သိမ့်ကျေနပ်စေခဲ့သည်၊ သို့ဖြင့် သင်္ကန်းဝတ်စုံ လှူလိုစိတ် ဖြစ်ပေါ်လာခဲ့သည်။

"ငါ့သားတော်ဟာ ၂၉-နှစ်လုံးလုံး လူ့ဘဝနဲ့နေခဲ့တုန်းကဆိုရင် ယုတ်စွအဆုံး ငှက်ပျောသီးကလေးကိုတောင်မှ ငါပေးတာကိုသာ စားလာခဲ့တာပဲ၊ အခုလဲ

---

* ဥပရိပဏ္ဏာ-ဒကွိဏာဝိဘင်္ဂသုတ်-ပါ။ ၄။ ဋီ-ကို မှီသည်။

ငါ့သားတော်ကို သင်္ကန်းဝတ်စုံ လှူရတော့မယ်၊ ဒီနန်းတော်ထဲမှာ အဖိုးထိုက်အဖိုးတန် အဝတ်တွေ အများကြီးရှိနေတာပဲ၊ ဒါပေမယ့် ငါက ဒီအဝတ်တွေကို လှူရရုံနဲ့ မကျေနပ်နိုင်ဘူး၊ ကိုယ်တိုင်ရက်လုပ်တဲ့ အဝတ်ကို လှူရမှ ကျေနပ်နိုင်မယ်၊ ကိုယ်တိုင်ရက်လုပ်ပြီး လှူဦးမှပဲ"။-

မိထွေးတော်ဂေါတမီသည် မိမိစိတ်ကူးကြဲစည်ထားသည့်အတိုင်း သင်္ကန်းဝတ်စုံ ရက်လုပ်သည်၊ ပြီးသည့်အခါ ယင်းသင်္ကန်းဝတ်စုံကို ယူ၍ နိဂြောဓရုံကျောင်းတိုက်သို့ လာခဲ့သည်။

"သားတော်ဘုရား ! ဒီသင်္ကန်းဝတ်စုံအသစ်ကို သားတော်ဘုရားအား ရည်စူးပြီး (သားတော်ဘုရားကို လှူချင်တာနဲ့) မိထွေးတော်ကိုယ်တိုင်ပဲ ချည်ငင်ပြီး မိထွေးတော်ကိုယ်တိုင်ပဲ ရက်လာခဲ့ပါတယ်၊ မိထွေးတော်ကို သနားသောအားဖြင့် ဒီသင်္ကန်းဝတ်စုံကို လက်ခံတော်မူပါ"။

"ဂေါတမီ ! သံဃာအား လှူပါ၊ သင်က သံဃာကိုလှူခဲ့ရင် ငါဘုရားကိုရော, သံဃာကိုရော ပေးလှူပူဇော်ပြီး ဖြစ်ပါလိမ့်မယ်"။

မိထွေးတော် ဂေါတမီက ဘုရားရှင်ကို ရှိခိုးလျှောက်ထားသည့်အခါ ဘုရားရှင်က သံဃာကိုလှူရန်သာ တိုက်တွန်းတော်မူသည်၊ ကိုယ်တော်တိုင်မူကား လက်ခံမှုကို မပြုပါ။

"သားတော်ဘုရား ! အဝတ်ကိုဒေါင်ထဲက ထုတ်ပြီး ရဟန်းအရာအထောင် အသိန်းတို့အား တောင်မှ သင်္ကန်းဝတ်စုံကို ပေးလှူနိုင်ပါတယ်၊ ဒါပေမယ့် ဒီသင်္ကန်းကတော့ သားတော်ဘုရားကိုပဲ ရည်စူးပြီး ကိုယ်တိုင်ချည်ငင် ကိုယ်တိုင် ရက်လာတဲ့ သင်္ကန်း ဖြစ်ပါတယ်၊ မိထွေးတော်ရဲ့ ဒီသင်္ကန်းကိုတော့ သားတော် ဘုရားပဲ အလှူခံတော်မူပါ"။

မိထွေးတော်ဂေါတမီက ထပ်မံလျှောက်ထားပြန်သည်၊ အကြောင်းမထူးလှပါ၊ ဘုရားရှင်က သုံးကြိမ်တိုင်အောင်ပင် ပယ်တော်မူသည်။

ဤသို့ သုံးကြိမ်သုံးခါ ပယ်တော်မူရာဝယ် ဘုရားရှင်မှာ ရည်ရွယ်ချက်တစ်ခု ရှိပါလိမ့်မည်၊ ဂေါတမီသည် ပစ္စိမဘဝိက အမျိုးသမီးတစ်ဦး ဖြစ်သည်၊ သူ့အတွက် နောက်ထပ် ဖြစ်စရာဘဝ မရှိတော့ချေ၊ ထို့ကြောင့် ဂေါတမီလှူသော သင်္ကန်းအလှူသည် ကြာရှည်လေးမြင့် စီးပွားချမ်းသာကို မဖြစ်စေနိုင်တော့ပါ၊ သို့ဖြင့် "ကြာရှည်လေးမြင့် စီးပွားချမ်းသာကို ဖြစ်စေရန်"ဟူသော ရည်ရွယ်မျှော်မှန်းချက်မျိုး ဘုရားရှင် ထားရှိမည် မဟုတ်ချေ။

"ငါဘုရားက ကြာရှည်လေးမြင့် တည်နေမယ် မဟုတ်၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့် နောက်ပိုင်းမှာ ငါဘုရားရဲ့သာသနာတော်ဟာ ဘိက္ခုသံဃာ

အပေါ်မှာ တည်နေလိမ့်မယ်၊ ဒီတော့ ငါဘုရားက သံဃာတော်ကို အလှူခိုင်းလိုက်တဲ့အတွက် ဘုရားရှင်ကတောင်မှ မိမိအားလှူဒါန်းတဲ့ သင်္ကန်းကို သံဃာအားပေးလှူခိုင်းခဲ့တာပဲ၊ သံဃာဆိုတာဟာ အလှူခံအစစ် ဖြစ်နေပါပေါ့လား၊ ဒီလိုနောင်လာနောက်သားတွေက သံဃာကို ကြည်ညိုလာကြလိမ့်မယ်၊ပစ္စည်းလေးပါးလှူဒါန်းသင့်တယ်လို့ အသိအမှတ် ပြုလာကြလိမ့်မယ်၊ သံဃာက ပစ္စည်းလေးပါးအံ့တွက် မပင်ပန်းတော့ဘဲ ငါဘုရား ဟောကြားထားတဲ့ တရားတော်တွေကို သင်ယူကြလိမ့်မယ်၊ ရဟန်းတရားကိုလဲပဲ ကြိုးစားအားထုတ်နိုင်ကြလိမ့်မယ်၊ ဒီအကျိုးတရားတွေ ဖြစ်ပေါ်လာတဲ့အခါ ငါဘုရားရဲ့ သာသနာတော်ဟာ နှစ်ပေါင်းငါးထောင်မက ကြာအောင် တည်နေပေလိမ့်မယ်”။

ဤရည်ရွယ်မျှော်မှန်းချက်မျိုးသာ ဘုရားရှင် ထားရှိမည် ဖြစ်ပေသည်။

ဤသို့လျှင် ဘုရားရှင်ကိုယ်တိုင်က ဘိက္ခုသံဃာအပေါ်မှာ မျှော်မှန်းချက်ကြီးမားစွာ ထားရှိခဲ့ပါသည်၊ သို့ဖြစ်သည်အားလျော်စွာ ဘိက္ခုသံဃာကလည်း ပစ္စည်းလေးပါးကို လွယ်လွယ်ကူကူ ရရှိရုံမျှဖြင့် ကျေနပ်နှစ်သိမ့် မနေကြပါဘဲ ဘုရားရှင်၏ မျှော်မှန်းချက်အတိုင်း သာသနာတော် နှစ်ပေါင်းငါးထောင် မကကြာအောင် သန့်ရှင်းတည်တံ့ရန် ဘုရားဟောတရားတော်ကို သင်ယူပို့ချမှု, ရဟန်းတရား ကြိုးစားအားထုတ်မှုတို့ကို ကြီးမားသော လုံ့လဝီရိယဖြင့် မနေမနား ပြုလုပ်သင့်လှပေသည်။

*သာသနာတော်ကြာမြင့်စွာ မတည်ခြင်း+တည်ခြင်း

ဆိုခဲ့ပြီးသည်အားလျော်စွာ ဘိက္ခုသံဃာမှာ ပါဝင်သော ရဟန်းတော်တိုင်း ဘုရားဟောတရားတော်ကို စနစ်တကျ သင်ယူပို့ချနေပါက ပရိယတ္တိသာသနာ သန့်ရှင်းတည်တံ့လာပါလိမ့်မည်၊ ယင်း ပရိယတ္တိကညွှန်ပြသမျှ (ရဟန်း)တရားများကို ရဟန်းတော်တိုင်း မှန်မှန်ကန်ကန် ကြိုးစားအားထုတ်နေပါက ပဋိပတ္တိသာသနာလည်း သန့်ရှင်းတည်တံ့လာပါလိမ့်မည်၊ အကြောင်းဖြစ်သော ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ သန့်ရှင်းတည်တံ့လာပါက အကျိုးဖြစ်သော ပဋိဝေဓသာသနာအတွက်မူ ပြောစရာပင်လိုမည် မထင်တော့ပါ။

ဤသို့လျှင် သာသနာတော်သုံးရပ်တွင် ပရိယတ္တိကသာ လိုရင်း ဖြစ်ပေသည်၊ ယင်းအကြောင်းကို ရှေးကလည်း ဆိုခဲ့ပြီးပါပြီ၊ သို့ဖြစ်စေကာမူ အတန်ငယ် ဆက်လက်ပြပါဦးမည်။

“ရှင်တော်မြတ်ဘုရား ! အဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ပါသနည်း? အဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့ပါသနည်း?”။

---

* ပါရာဇိကဏ်-ပါ၊ ၈။ ၄-၁၊ ၁၅၂။ သာ-ဋီ-၁၊ ၄၃၉။ ဝိ-ဋီ-၁၊ ၉၃။

ဘုရားရှင် ဝေရဉ္ဇာမြို့မှာ ဝါကပ်တော်မူချိန်က ဖြစ်သည်၊ ရှင်သာရိပုတ္တရာသည် နေ့လည်ပိုင်း တစ်ချိန်လုံး ဆိတ်ငြိမ်ရာမှာ တရားနှလုံးသွင်းကာ နေထိုင်လာခဲ့သည်၊ ညချမ်းအချိန်မှာ ဘုရားရှင်ထံ လာရောက်လျက် တရားနှလုံးသွင်းသည့်နေရာမှာ မိမိကြံစည်စဉ်းစားမိသော အကြောင်းအရာကို လျှောက်ထားသည်။

"သာရိပုတ္တရာ ! ဝိပဿီဘုရားရှင်, သိခီဘုရားရှင်နှင့် ဝေဿဘူဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ပေ၊ ကကုသန်ဘုရားရှင်, ကောဏာဂုံဘုရားရှင်နှင့် ကဿပဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့ပေသည်။

ရှေးဘုရားသုံးဆူတို့၏ သာသနာ

ယင်းစကားတော်ကို ကြားနာရသည့်အခါ သာနာတော် ကြာမြင့်စွာမတည်ခြင်း၏အကြောင်း, ကြာမြင့်စွာ တည်ခြင်း၏အကြောင်းကို သိလိုပြန်သည်၊ သို့ဖြင့် ရှင်သာရိပုတ္တရာက ဘုရားရှင်ကို ဆက်လက် လျှောက်ထားပြန်သည်။-

"ရှင်တော်မြတ်ဘုရား ! ဝိပဿီဘုရားရှင်, သိခီဘုရားရှင်နှင့် ဝေဿဘူဘုရားရှင်တို့၏ သာသနာတော်သည် အဘယ့်ကြောင့် ကြာမြင့်စွာ မတည်ခဲ့ပါသနည်း?"။

"သာရိပုတ္တရာ ! ဝိပဿီဘုရားရှင်, သိခီဘုရားရှင်နှင့် ဝေဿဘူဘုရားရှင်တို့သည် သာဝကတို့အား တရားအကျယ်ဟောရမှာကို ဝန်လေးစရာဟု ထင်မြင်ခဲ့ကြသည်၊ ထိုဘုရားရှင်တို့၏ (သုတ္တစသည့် အင်္ဂါကိုးပါးရှိသော)တရားတော်များမှာ အနည်းငယ်မျှသာ ဖြစ်ခဲ့ကြပေသည်၊ သာဝကများအတွက် သိက္ခာပုဒ်များကိုလည်း မပညတ်ကြရပေ၊ (သို့ဖြစ်၍ ထိုဘုရားရှင်တို့၏ သာဝကများသည်) လခွဲတစ်ကြိမ် အာဏာပါတိမောက်ကိုလည်း မပြကြရ၊ (ဘုရားရှင်များကိုယ်တော်တိုင် ဩဝါဒပါတိမောက်ကိုသာ ဟောပြတော်မူခဲ့ကြသည်၊) ထိုဘုရားရှင်သုံးဆူနှင့် မျက်မှောက်အရိယာသာဝကတို့ ပရိနိဗ္ဗာန် စံလွန်တော်မူသည့်အခါမှာ လူတန်းစားအသီးသီးမှ ရဟန်းပြုလာကြသည့် နောင်လာနောက်သား တပည့်များတို့က ထိုသာသနာတော်ကို လျှင်မြန်စွာပင် ကွယ်ပျောက်စေခဲ့ကြသည်၊ ကြိုးဖြင့်မသီကုံးဘဲ ပျဉ်ချပ်ပေါ်မှာ တင်ထားသော ပန်းအမျိုးမျိုးတို့ကို လေက ကြဲဖြန့်လွင့်မှုတ် ဖျက်ဆီးသလိုပင် ဖြစ်ပေသည်။

သာရိပုတ္တရာ ! ဤအကြောင်းကြောင့် ဝိပဿီ, သိခီ, ဝေဿဘူဘုရားရှင်သုံးဆူတို့၏သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ပေ"။

ဓမ္မဝိနယ နည်းရခြင်း

ဂေါတမဘုရားရှင်သည် မဟာသမုဒ္ဒရာကို ပြည့်သည့်သဖွယ် အကျယ်အားဖြင့် တရားဟောတော်မူသကဲ့သို့ ဝိပဿီစသော ဘုရားရှင်သုံးဆူတို့သည် အကျယ်အားဖြင့် တရားမဟောခဲ့ကြချေ၊ အဘယ့်ကြောင့်နည်း

ဟူမူ-ထိုစဉ်က သတ္တဝါတို့၏ ပညာမျက်စိ၌ ကိလေသာမြူအနည်းငယ်မျှသာ ရှိနေသောကြောင့်ပင် ဖြစ်ပေသည်။

ဝိပဿီဘုရားရှင်၏ လက်ထက်၌ အသက်ရှစ်သောင်းတန်းဖြစ်သည်၊ သိခီဘုရားရှင်၏ လက်ထက်၌ အနှစ်ခုနစ်သောင်းတန်း ဖြစ်သည်၊ ဝေဿဘူဘုရားရှင်၏ လက်ထက်၌ အနှစ်ခြောက်သောင်းတန်းဖြစ်သည်။

ဤသို့လျှင် ယင်းဘုရားရှင်သုံးဆူတို့၏ လက်ထက်တော်၌ အသက်ရှည်သော သတ္တဝါတို့မှာ ကိလေသာ နည်းခဲ့ကြပေသည်၊ ယင်းသတ္တဝါတို့သည် သစ္စာလေးပါးနှင့် စပ်ယှဉ်သော တစ်ဂါထာမျှကို ကြားနာရရုံမျှဖြင့်ပင် တရားထူးကို ထိုးထွင်းသိမြင်နိုင်ကြသည်၊ ထို့ကြောင့် တရားတော်ကို အကျယ်မဟောပြခဲ့ရပေ။

ယင်းသို့ တရားတော်ကို အကျယ်မဟောခဲ့ကြရသောကြောင့်ပင် ထိုဝိပဿီစသော ဘုရားရှင်သုံးဆူတို့၏ သုတ္တစသည်တို့သည် အနည်းငယ်မျှသာ ရှိခဲ့ကြပေသည်၊ထို့ပြင် သာဝကတို့၏ လွန်ကျူးမှုအပြစ်မရှိသောကြောင့် အပြစ်အားလျော်စွာ ပညတ်ထိုက်သော အာပတ်ခုနစ်ဖုံတို့နှင့် စပ်သဖြင့် အာဏာသိက္ခာပုဒ်တော်ကို ပညတ်တော်မမူကြရပေ။

သို့ဖြစ်၍ ရဟန်းတော်များက လခွဲတစ်ကြိမ် အာဏာပါတိမောက်ကို ရွတ်ပြမှုမပြုကြရချေ၊ ဘုရားရှင်များ ကိုယ်တော်တိုင်ပင် ဩဝါဒပါတိမောက်ကိုသာ ဟောပြတော်မူခဲ့ကြရပေသည်၊ ယင်း ဩဝါဒပါတိမောက်ကိုလည်း လခွဲတစ်ကြိမ် ဟောပြတော်မူကြခဲ့သည်ကား မဟုတ်ချေ။

ဝိပဿီဘုရားရှင်သည် ခြောက်နှစ်မှတစ်ကြိမ်သာ ဩဝါဒပါတိမောက်ကို ဟောပြတော်မူခဲ့ပေသည်၊ ယင်းဩဝါဒပါတိမောက်ကိုလည်း ကိုယ်တော်တိုင်သာ ဟောပြတော်မူခဲ့သည်၊ သာဝကတို့မူကား မိမိတို့၏ နေရာအရပ်၌ မရွတ်ကြရကုန်၊ ဧမ္မူဒိပ် တစ်ကျွန်းလုံးဝယ် ဗန္ဓုမတီနေပြည်တော် ခေမမိဂဒါယဟူသော ဝိပဿီဘုရားရှင်သီတင်းသုံးတော်မူရာ တစ်ခုတည်းမှာသာ ဘိက္ခုသံဃာအကုန်လုံး စုရုံး၍ ဥပုသ်ပြုခဲ့ကြရပေသည်။

ယင်းသို့ တစ်နေရာတည်းမှာ ပြုရသော ဥပုသ်သည်လည်း သံဃာ့ဥပုသ်သာ ဖြစ်ပါသည်၊ ဂဏဥပုသ်, ပုဂ္ဂလဥပုသ်လည်းမဟုတ်ပါ၊ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်လည်း မဟုတ်ပါ။

ဝိပဿီရှင်တော်မြတ်ဘုရား လက်ထက်တော်အခါ၌ ဧမ္မူဒိပ်မှာ ကျောင်းတိုက်ပေါင်းရှစ်သောင်းလေးထောင် ရှိနေသည်၊ ကျောင်းတိုက်တစ်တိုက်တစ်တိုက်မှာ ရဟန်းတော်ပေါင်းတစ်သောင်းနှစ်သောင်း သီတင်းသုံး နေထိုင်ကြသည်၊ ထို့ထက် သံဃာဦးရေများသော ကျောင်းတိုက်တွေလည်း ရှိသေးသည်။

"အရှင်ဘုရားတို့ ! ဥပုသ်ပြုပြီးတဲ့နောက် (တစ်နှစ်လွန်သွားပါပြီ၊ နှစ်နှစ်လွန်သွားပါပြီ၊ သုံးနှစ်လွန်သွားပါပြီ၊ လေးနှစ်လွန်သွားပါပြီ၊) ငါးနှစ်လွန်သွားပါပြီ၊

ဒီနှစ်ဟာ ခြောက်နှစ်မြောက်ဖြစ်ပါတယ်၊ လာမယ့်လပြည့်နေ့မှာ ဘုရားဖူးရအောင် ကြွကြရပါ့မယ်၊ အရှင်ဘုရားတို့ရဲ့ စည်းဝေးရမယ့်အခါ ရောက်လာပါပြီ”။

ဥပုသ်နေ့ကို လျှောက်ထားသောနတ်တို့၏ ကျောင်းတိုက်စေ့အောင် သွားရောက် လျှောက်ထားသောစကားကို ကြားရသည့်အခါ တန်ခိုးရှိသောရဟန်းတို့က မိမိတို့၏ တန်ခိုးဖြင့်ပင် ကြွလာကြသည်၊ တန်ခိုးမရှိသော ရဟန်းတို့က နတ်တို့၏တန်ခိုးဖြင့် ကြွလာကြသည်။

တန်ခိုးမရှိသော ရဟန်းတို့သည် အရှေ့သမုဒ္ဒရာနားမှာ နေသည်ဖြစ်စေ, အနောက် သမုဒ္ဒရာနားမှာဖြစ်စေ, မြောက်သမုဒ္ဒရာနားမှာနေသည်ဖြစ်စေ, တောင်သမုဒ္ဒရာနားမှာ နေသည်ဖြစ်စေ (ဘယ်နေရာမှာပင် နေနေ) ခရီးသွားမည့်ရဟန်းတို့၏ ကျင့်ဝတ်ကို ဖြည့်ကျင့်ပြီးသည့်နောက် “ဥပုသ်ပြုသွားတော့မယ်”ဟု စိတ်ကူးလိုက်, ကြံစည်လိုက်သည်နှင့် တစ်ပြိုင်နက် ဥပုသ်ကျောင်းဆောင်သို့ ရောက်ပြီးလျှက်သာ ဖြစ်ကြရပါတော့သည်၊ ထိုရဟန်းတို့သည် ဝိပဿီရှင်တော်မြတ်ဘုရားကို ရှိခိုးလျှက်သာ ထိုင်နေကြပါတော့သည်။

ဝိပဿီရှင်တော်မြတ်ဘုရားက အညီအညွတ် စည်းဝေးထိုင်နေပြီးသော ပရိသတ်၌ ဩဝါဒပါတိမောက်ကို ဟောပြတော်မူသည်။

၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ , နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
နဟိ ပဗ္ဗဇိတော ပရူပဃာတီ , န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

အရာရာမှာ အနာခံခြင်းဟူသော သည်းခံမှု(ခန္တီ)သည် မွန်မြတ်သောအကျင့် ဖြစ်ပေသည်၊ ဘုရားရှင်တို့က နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဟောတော်မူကြသည်၊ (သည်းခံမှုမရှိသည့်အတွက်) သူတစ်ပါးကို သတ်ဖြတ်သောပုဂ္ဂိုလ်သည် ရဟန်း(ပဗ္ဗဇိတ)အစစ် မဖြစ်နိုင်၊ သူတစ်ပါးကို ညှဉ်းဆဲတတ်သောပုဂ္ဂိုလ်သည် ရဟန်း(သမဏ)အစစ် မဖြစ်နိုင်။

၂။ သဗ္ဗပါပဿ အကရဏံ , ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ , ဧတံ ဗုဒ္ဓါန သာသနံ။

အကုသိုလ်အကုန်လုံးကို မပြုလုပ်ခြင်း, ကုသိုလ်ကို ပြည့်စုံစေခြင်း(ဖြစ်ပွားစေခြင်း), မိမိစိတ်ကို ဖြူစင်စေခြင်း, ဤတရားသုံးမျိုးသည် ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်ပေသည်။

၃။ အနုပဝါဒေါ အနုပဃာတော , ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ , ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ , ဧတံ ဗုဒ္ဓါန သာသနံ။

နှုတ်ဖြင့် မစွပ်စွဲခြင်း, ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲမနှိပ်စက်ခြင်း, ပါတိမောက္ခသီလ၌ စောင့်စည်ခြင်း, ဆွမ်းကိုခံယူသုံးဆောင်ခြင်း၌ အတိုင်းအရှည် ပမာဏကို

သိခြင်း, အစွန်အဖျား အနားကျ၍ ဆိတ်ငြိမ်သော ကျောင်း-အိပ်ရာနေရာ၌ ကိန်းအောင်းခြင်း, ဝိပဿနာ၏ အခြေခံဖြစ်သည့် လွန်ကဲသောသမာပတ်စိတ် မဂ်စိတ် ဖိုလ်စိတ်၌ လွန်စွာကြိုးကုတ် အားထုတ်ခြင်း၊ ဤတရားခြောက်မျိုးသည် ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်ပေသည်။

ဤနည်းဖြင့်ပင် ဝိပဿီမှတစ်ပါးသော ဘုရားရှင်တို့၏လည်း ပါတိမောက်ဟောပြခြင်းကို မှတ်သင့်သည်၊ ဘုရားရှင်အကုန်လုံးတို့မှာ ဩဝါဒပါတိမောက် ဤသုံးဂါထာတို့သာ ရှိကြပေသည်၊ ဤသုံးဂါထာကို သက်တော်ရှည်ဘုရားရှင်တို့သည် သက်တော်ထင်ရှားရှိသမျှ ရွတ်ပြသွားကြပေသည်။

> ၂၆။ "ပွဲပုံပေါင်းဖော်,သံဃာတော်တို့, ဥပေါသထ, ဆောက်တည်ရသား, နှစ်-လပြားလစ်, ကွဲသည်ဖြစ်၏၊ ကျင့်ဆစ်ဓမ္မ, ဝိနယနှင့်, သုတ္တာမည်သာ, ဘိဓမ္မာကား, သဘာဝတ္ထ, တူကုန်ကြ၏"။ ဓမ္မရာသီ-၃၀။

ဤသို့လည်း ရှေးဆရာများ မိန့်ဆိုထားကြပါသေး၏။

သက်တန်းတို ဘုရားရှင်တို့မူကား ပထမဗောဓိဉာဏ်သာ ရွတ်ပြတော်မူကြပေသည်၊ သိက္ခာပုဒ်ပညတ်ပြီးရာအခါမှစ၍ အာဏာပါတိမောက်ကိုသာ ရွတ်ပြကြရသည်၊ ယင်း ပါတိမောက်ကိုလည်း ရဟန်းတို့ကသာ ရွတ်ပြကြရသည်၊ ဘုရားရှင်တို့က ရွတ်ပြတော် မမူကြပေ။

အာဏာပါတိမောက်အစ ထို့ကြောင့်ပင် ဂေါတမဘုရားရှင်သည်လည်း ပထမဗောဓိ (ဝါတော်နှစ်ဆယ်အတွင်း)၌သာ ဩဝါဒပါတိမောက်ကို ဟောပြတော်မူခဲ့ပေသည်။

ဘုရားရှင်သည် သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်၊ ဥပုသ်နေ့ဝယ် ရဟန်းအပေါင်းခြံရံ ထိုင်နေတော်မူသည်၊ ပါတိမောက်ဟောပြမှုကိုကား ပြုတော်မမူပါ။

"ရှင်တော်မြတ်ဘုရား ! ညဉ့်ဦးယာမ် လွန်သွားပါပြီ၊ ရဟန်းတွေ ထိုင်နေရတာ ကြာလှပါပြီ၊ ရဟန်းတွေအတွက် ဩဝါဒပါတိမောက် ဟောပြတော်မူပါ"။

အရှင်အာနန္ဒာက နေရာမှထ၍ ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးလျှောက်ထားသည်၊ ဘုရားရှင်က ဆိတ်ဆိတ်သာ နေတော်မူသည်၊ ဘာမျှ အမိန့်မရှိသေးပါ။

"ရှင်တော်မြတ်ဘုရား !သန်းခေါင်ယာမ်လွန်သွားပါပြီ၊ ရဟန်းတွေထိုင်နေရတာ ကြာလှပါပြီ၊ ရဟန်းတွေအတွက် ဩဝါဒပါတိမောက် ရွတ်ပြတော်မူပါ"။

နှစ်ကြိမ်မြောက် အရှင်အာနန္ဒာက လျှောက်ထားသည့်အခါမှာလည်း ဘုရားရှင်က ဘာမျှ အမိန့်မရှိသေးပါ၊ ဆိတ်ဆိတ်သာ နေတော်မူပါသည်။

"ရှင်တော်မြတ်ဘုရား ! မိုးသောက်ယာမ်လွန်သွားပါပြီ၊ ရဟန်းတွေ ထိုင်နေရတာ ကြာလှပါပြီ၊ ရဟန်းတွေအတွက် သြဝါဒပါတိမောက် ရွတ်ပြတော်မူပါ"။

"အာနန္ဒာ ! ပရိသတ် မစင်ကြယ်ဘူး"။

သုံးကြိမ်မြောက် အရှင်အာနန္ဒာ လျှောက်ထားသည့် အခါမှာကား ဘုရားရှင်က ဆိတ်ဆိတ် မနေသာတော့ပါ၊ အဖြစ်မှန်ကို ဖွင့်ဖော်မိန့်ကြားလိုက်ပါတော့သည်။

ထိုစဉ် အရှင်မောဂ္ဂလာန်ထေရ်က စေတောပရိယအဘိညာဉ်ဖြင့် ရဟန်းများ၏ စိတ်အစဉ်ကို ကြည့်ရှုဆင်ခြင်တော်မူသည်၊ ရဟန်းတွေထဲမှာ ဒုဿီလတစ်ဦး ပါဝင်နေကြောင်း တွေ့ရှိရသည်။

"ငါ့ရှင် ! ထစမ်း၊ ငါ့ရှင်ကို ဘုရားရှင် မြင်သွားပြီ၊ သိသွားပြီ၊ ငါ့ရှင်ဟာ ရဟန်းတွေရဲ့ ကံကြီးကံငယ်ကိစ္စမှာ ပါဝင်ခွင့်ရှိသူ မဟုတ်ဘူး"။

ရှင်မောဂ္ဂလာန်က ယင်းဒုဿီလအနားကို သွားပြောသည်၊ ယင်း ဒုဿီလရဟန်းက အမူအရာမပျက် ဆိတ်ဆိတ်သာ ထိုင်နေသည်၊ ရှင်မောဂ္ဂလာန်က နှစ်ကြိမ်မြောက် ပြောပြန်သည်၊ အကြောင်း မထူးလှပါ၊ သုံးကြိမ်မြောက် ထပ်ပြောပြန်သည်၊ ဒုဿီလ ရဟန်းက အလားတူပင် ဆိတ်ဆိတ်ထိုင်နေသည်။

ထိုအခါ အရှင်မောဂ္ဂလာန်က ယင်းဒုဿီလရဟန်းကို တံခါးအပြင်ဘက်ရောက်အောင် လက်မောင်းကိုကိုင်၍ ဆွဲထုတ်ပစ်လိုက်သည်၊ တံခါးကိုလည်း အတွင်းမှ ချက်ထိုးထား လိုက်သည်။

"ရှင်တော်မြတ်ဘုရား ! ဒုဿီလရဟန်းကို တပည့်တော်က ဆွဲထုတ်ပစ်လိုက်ပါပြီ၊ ပရိသတ် စင်ကြယ်သွားပါပြီ၊ ရှင်တော်မြတ်ဘုရားက ရဟန်းတွေအတွက် သြဝါဒပါတိမောက် ဟောရွတ်တော်မူပါ"။

အရှင်မောဂ္ဂလာန်က ဘုရားရှင်အနားကို ပြန်လာ၍ လက်အုပ်ချီမိုး ရှိခိုးလျှောက်ထား လိုက်သည်။

"မောဂ္ဂလာန် ! အံ့သြစရာ ကောင်းလှပါဘိ၊ ထူးဆန်းလှပါဘိ၊ အဲဒီယောက်ျား ဖျင်းဟာ လက်မောင်းကို ကိုင်ဆွဲထုတ်ပစ်ရတဲ့အထိ နေရဲပါပေတယ်"။

ဘုရားရှင်က မောဂ္ဂလာန်အား ပြန်လည်မိန့်ကြားတော်မူပြီး မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်မျိုးနှင့် နှိုင်းယှဉ်၍ သာသနာတော်၏ အံ့ဖွယ်ရှစ်ပါးကို ဟောပြတော်မူပြီး သည့်နောက် ရဟန်းတို့ကို ဆက်လက်မိန့်တော်မူပြန်သည်။-

"ရဟန်းတို့ ! ငါဘုရားက ဒီနေ့မှနောက်မှာ သြဝါဒပါတိမောက်ကို ဟောပြတော့မယ် မဟုတ်၊ ဒီနေ့မှ နောက်ပိုင်းအချိန်မှာ သင်တို့ချည်းသာ ဥပုသ်ပြုကြ

ပေတော့၊ အာဏာပါတိမောက်ကို ရွတ်ကြပေတော့၊ မသန့်ရှင်း မစင်ကြယ်တဲ့ ပရိသတ်မှာ ဘုရားရှင်တို့ရဲ့ ဩဝါဒပါတိမောက်ကို ဟောပြမှဟာ မသင့်တော် မလျောက်ပတ်လှဘူး”။

ဘုရားရှင်က အမိန့်သတ်မှတ် ပေးတော်မူချိန်မှစ၍ ရဟန်းတော်များကသာ ရွတ်ပြကြရသည်၊ ဘုရားရှင်တို့မူကား ဤအာဏာပါတိမောက်ကို မရွတ်ပြကြပေ၊ ထို့ကြောင့်ပင် “အာဏာပါတိမောက်ကိုမဟောပြ”ဟု မိန့်တော်မူထားပေသည်။

ကြာမြင့်စွာ မတည်

“ကြာမြင့်စွာမတည်”ဟူသောစကားကို ဘုရားရှင်တို့၏ အသက်တန်းနှင့် သာဝက(အဆက်ဆက်)ဟူသော နှစ်ပါးအား ဖြင့် မိန့်တော်မူထားသည်၊ ဝိပဿီရှင်တော်မြတ်ဘုရား၏ သက်တော်ရှည်ရာကာလသည် အနှစ်ရှစ်သောင်းဖြစ်သည်၊ မျက်မှောက်သာဝကတို့၏ အသက်ရှည်ရာကာလသည်လည်း နှစ်ပေါင်းရှစ်သောင်းပင်ဖြစ်သည်၊ သို့ဖြင့် ဝိပဿီဘုရားရှင်၏ နောက်ဆုံးသာက (သုဘဒ္ဒကဲ့သို့ ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ ရဟန်းပြုသူ)နှင့် ပေါင်းစပ်ခဲ့ပါလျှင် နှစ်ပေါင်းတစ်သိန်းခြောက်သောင်း သာသနာ့ဇြဟ္မစရိယ တည်ခဲ့ပေသည်။

ဆိုခဲ့ပြီးသည်အားလျော်စွာ ပေါင်းစပ်ယူပါက သိခီဘုရားရှင်၏ သာသနာ့ဇြဟ္မစရိယ-သည် နှစ်ပေါင်း တစ်သိန်းလေးသောင်း တည်ခဲ့ပေသည်၊ ဝေဿဘူဘုရားရှင်၏ သာသနာ့ဇြဟ္မစရိယသည် နှစ်ပေါင်း တစ်သိန်းနှစ်သောင်း တည်ခဲ့ပေသည်။

ယင်းသို့ နှစ်ပေါင်း တစ်သိန်းခြောက်သောင်း, တစ်သိန်းလေးသောင်း, တစ်သိန်းနှစ်သောင်း အသီးသီးတည်ခဲ့စေကာမူ သာဝကအဆက်ဆက်မသွားဘဲ နှစ်ဆက်မျှသာတည်ခဲ့ပေသည်၊ ထို့ကြောင့်ပင် “ကြာမြင့်စွာ မတည်”ဟု ဆိုရပါသည်၊ နှစ်အရေအတွက်နည်းသောကြောင့် ဆိုရသည်ကား မဟုတ်ပါ။

နောက်ဘုရားသုံးဆူတို့၏ သာသနာ

ဝိပဿီစသော ဘုရားရှင်သုံးဆူတို့၏ သာသနာတော် ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းကို ကြားနာရပြီးသည့်နောက် ကကုသန်စသောဘုရားရှင်သုံးဆူတို့၏ သာသနာတော် ကြာမြင့်စွာ တည်ခြင်း၏အကြောင်းကို ကြားနာလိုသည့်အတွက် ရှင်သာရိပုတ္တရာက ဆက်လက် လျှောက်ထားပြန်သည်။-

“ရှင်တော်မြတ်ဘုရား ! ကကုသန်, ကောဏာဂုံ, ကဿပဘုရားသုံးဆူတို့၏ သာသနာတော်သည် အဘယ်ကြောင့် ကြာရှည်လေးမြင့်စွာ တည်ခဲ့ရပါသနည်း?”။

“သာရိပုတ္တရာ ! ကကုသန်, ကောဏာဂုံ, ကဿပဘုရားရှင်သုံးဆူတို့သည် သာဝကတို့အား တရားတော်ကို အကျယ်ဟောကြားရန် ဝန်လေးစရာဟု မထင်မြင်ခဲ့ကြပေ၊ ထိုဘုရားရှင်တို့၏ သုတ္တစသော အင်္ဂါကိုးဖြာ တရားဒေသနာတော်သည် အများအပြား ရှိခဲ့ပေသည်၊ သာဝကများအတွက် သိက္ခာပုဒ်တော်များကိုလည်း

ပညတ်ထားခဲ့ ကြပေသည်၊ သာဝကများက အာဏာပါတိမောက်ကိုလည်း ပြကြ ရပေသည်။

သာရိပုတ္တရာ ! ထိုဘုရားရှင်သုံးဆူနှင့် မျက်မှောက်သာဝကတို့ ပရိနိဗ္ဗာန် စံလွန်တော်မူကြသည့်အခါ ကြိုးဖြင့် ကောင်းစွာသီကုံးလျက် ပျဉ်ချပ်ပေါ်မှာ တင်ထားသော ပန်းအမျိုးမျိုးတို့ကို လေက မကြဲဖြန့် မမှုတ်လွှင့် မဖျက်ဆီးနိုင် သကဲ့သို့ လူတန်းစားအသီးသီးမှ ရဟန်းပြုလာကြသည့် နောင်လာနောက်သား တပည့် သာဝကများသည် အမည်အားဖြင့်လည်း ကွဲပြားကြသည်၊ အမျိုးအနွယ်အားဖြင့်လည်း ကွဲပြားကြသည်၊ ဇာတ်အားဖြင့်လည်း ကွဲပြားကြသည်၊ သို့တစေ- သူတို့သည် ကြာရှည်လေးမြင့် စည်းလုံးညီညွတ်စွာ ပရိယတ္တိဓမ္မကို ဆောင်ကြသည်၊ သို့ဖြင့် သူတို့သည် သာသနာတော်ကို ကြာမြင့်စွာ တည်စေခဲ့ကြသည်။

သာရိပုတ္တရာ ! ဤအကြောင်းကြောင့် ကကုသန်,ကောဏာဂုံ,ကဿပဘုရားရှင် သုံးဆူတို့၏ သာသနာတော်သည် ကြာရှည်လေးမြင့် တည်နေခဲ့ရပေသည်"။

ဤစကားရပ်ဖြင့် -

"တရားတော်ကို အများအပြား ဟောကြားထားခဲ့သည့်အပြင် သိက္ခာပုဒ်တော် များကိုလည်း ပညတ်ထားခဲ့သော ဘုရားရှင်တို့၏ သာသနာသည် ကြာရှည်လေးမြင့် တည်တံ့နိုင်သည်။

သာသနာတော် ကြာရှည်လေးမြင့် တည်စေလိုပါက ဘုရားရှင် ဟောကြားထား ခဲ့သော တရားတော်များနှင့် ဝိနည်းပညတ်တော်ဟူသော ပရိယတ်ကို မပျောက်ပျက် ရအောင် ထိန်းသိမ်းရမည်၊ ပို့ချသင်ယူရမည်၊ ပရိယတ်တည်မှ သာသနာတည်မည်" ဟူသောသဘောတရားမှာ ထင်ရှားနေပါသည်။

ကြာမြင့်စွာတည် ကြာမြင့်စွာတည်ခြင်းကိုလည်း "ဘုရားရှင်တို့၏ အသက်အတိုင်း အရှည်နှင့် သာဝက"ဟူသော နှစ်ပါးအားဖြင့် သိမှတ်သင့်သည်၊ ကကုသန်ဘုရားရှင်၏ အသက်တော်သည် အနှစ်-လေးသောင်း ဖြစ်သည်၊ ကောဏာဂုံ ဘုရားရှင်၏ အသက်တော်သည် အနှစ်-သုံးသောင်း ဖြစ်သည်၊ ကဿပဘုရားရှင်၏ အသက်တော်သည် နှစ်ပေါင်း-နှစ်သောင်း ဖြစ်သည်။

ထိုဘုရားရှင်တို့ မျက်မှောက်သာဝကများ၏ အသက်သည်လည်း အစဉ်အတိုင်း ထိုမျှလောက်ပင် ဖြစ်ခဲ့ပါသည်၊ ထိုဘုရားရှင်တို့၏သာဝကများသည် အဆက်ဆက်အားဖြင့် သာသနာ့ဌာပနာစရိယကို ဖြစ်စေခဲ့ကြသည်။

ဤသို့ ကကုသန်, ကောဏာဂုံ, ကဿပဘုရားရှင်တို့၏ သာသနာတော်သည် "အသက်အတိုင်းအရှည်နှင့် သာဝကအဆက်ဆက်"ဟူသော နှစ်မျိုးအားဖြင့် ကြာရှည် လေးမြင့် တည်ခဲ့ပေသည်။

ဂေါတမဘုရားရှင်မူကား အလွန်နည်းသော အသက်တန်းရှိရာ တစ်ရာတန်းအခါမှာသာ ပွင့်တော်မူခဲ့ရပေသည်၊ သို့ဖြင့်-ဂေါတမဘုရားရှင်၏ သာသနာတော်သည် သာဝကအဆက်ဆက်အားဖြင့် ကြာမြင့်စွာတည်ပါသော်လည်း နှစ်အရေအတွက်အားဖြင့် မူကား "ကြာမြင့်စွာ တည်တံ့မှုရှိသည်"ဟုပင် ဆိုသင့်မည် မထင်တော့ပါ။

*သိက္ခာပုဒ်ပညတ်ရခြင်း

သာဝကများအတွက် သိက္ခာပုဒ်တော်များကို ပညတ်ထားခဲ့ကြပေသည်-ဟူသော စကားရပ်နှင့် စပ်လျဉ်း၍ ဘုရားရှင်တို့ သိက္ခာပုဒ်ပညတ်ရခြင်း၏အကြောင်း (သိက္ခာပုဒ်ပညတ်ထားသည့်အတွက်ရဟန်းတော်များမှာ ရရှိလာသောအကျိုး)များကိုလည်း ဆက်လက် ပြဆိုပါဦးမည်။-

၁။ ကောင်းလှပါပေတယ်-ဟု သံဃာတော်များက လက်ခံနိုင်ရန်၊
၂။ သံဃာတော်များ ချမ်းသာရန်၊
၃။ အကျင့်သီလပျက်စီးနေသည့် ဒုဿီလရဟန်းများကို နှိပ်ကွပ်ရန်၊
၄။ ရဟန်းကောင်းများ ချမ်းသာစွာ နေနိုင်ရန်၊
၅။ ယခုဘဝ၌ဖြစ်နိုင်သည့် ဘေးအန္တရာယ်တို့ကို တားဆီးပိတ်ဆို့ရန်၊
၆။ နောက်ဘဝများ၌ ဖြစ်နိုင်သည့် ဘေးအန္တရာယ်တို့ကိုကာကွယ်ရန်၊
၇။ မကြည်ညိုသေးသူတို့ ကြည်ညိုလာရန်၊
၈။ ကြည်ညိုပြီးသူတို့ တိုးကာတိုးကာ ကြည်ညိုလာစေရန်၊
၉။ သာသနာတော်(သဒ္ဓမ္မ) တည်တံ့ခိုင်မြဲရန်၊
၁၀။ ဝိနည်းကို ချီးမြှောက်ရန်။

သိက္ခာပုဒ်တော်များကို ပညတ်သည့်အတွက် ရထိုက်သော အကြောင်းထူး, အစီးအပွားထူး ဆယ်မျိုးတို့ကို မြော်မြင်တော်မူ၍ ဘုရားရှင်တို့က သိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့ကြသည်။

ဆောင်။ ။သံဃာလက်ခံ, ချမ်းသာရန်နှင့်, ဖောက်ပြန်နှိပ်ကွပ်, ကောင်းမြတ်ချမ်းသာ, ခုဘေးကွာ၍, နောင်ခါဘေးလွတ်, လေးမြတ်ကြည်ညို, တိုးကြည်ညိုသင့်, ပိုမိုသဒ္ဓမ္မ, တည်တံ့ရဖို့, ဝိနယလေးတန်, ချီးမြှောက်ရန်-ဟောကြွန်သိက္ခာပုဒ်။

သံဃာလက်ခံ ဘုရားရှင်၏ စကားတော်ကို လိုက်နာကျင့်သုံးသောရဟန်းမှာ လောကီလောကုတ္တရာ စီးပွားချမ်းသာ ဖြစ်နိုင်သည့်အတွက် သံဃာတော်က "ကောင်းလှပါပေတယ်ဘုရား"ဟု လိုလိုချင်ချင် လက်ခံလာအောင် အကြည်အသာ လိုက်နာကျင့်သုံးလာအောင်သာ လက်မခံသည့်အတွက် ဖြစ်ပေါ်လာမည့် အပြစ်နှင့် လက်ခံလိုက်သည့်အတွက် ရရှိလာမည့် အကျိုးတို့ကို ပြတော်မူ၍ ဘုရားရှင်က

* ပါရာ-ပါ၊ ၂၄။ ၄-၁၊ ၁၈၉။ သာဋ္ဌ-၂၊ ၃၃။

သိက္ခာပုဒ်တော်များကို ပညတ်တော်မူသည်၊ အားရှိအားမဲ့ နိုင်ထက်စီးနင်း ပြုလုပ်လျက် တန်ခိုးအရှိန်အဝါကို အသုံးပြုပြီး အတင်းအကြပ် ပညတ်တော်မူသည်ကား မဟုတ်ပါ။

ချမ်းသာရန်နှင့် နေရပ်ဒေသချင်းမတူသော အညာသားရဟန်းနှင့် အောက်သား ရဟန်းပဲဖြစ်ဖြစ်, လူမျိုးချင်းမတူသော ကရင်ရဟန်းနှင့် ရှမ်းရဟန်းပဲဖြစ်ဖြစ်, ဘာသာစကားချင်း မတူသော ကုလားရဟန်းနှင့်ဗမာရဟန်းပဲဖြစ်ဖြစ်, နာမည်ချင်း မတူသော ဦးသုမနနှင့် ဦးနာဂပဲဖြစ်ဖြစ် မည်သည့်ရဟန်းမျိုးမဆို ဘုရားရှင် ပညတ်ထားသမျှ ပါရာဇိကစသော သိက္ခာပုဒ်များကို ညီညီညွတ်ညွတ် ကျင့်သုံးနေထိုင် ကြပါလျှင် 'လျောင်း,ထိုင်,ရပ်,သွား' ဣရိယာပုထ်လေးပါးလုံးမှာ ချမ်းသာစွာ နေထိုင်ရ ပေသည်၊ ယင်းသို့ သံဃာတော်များ ဣရိယာပုထ်လေးဖြာ ချမ်းသာစွာနေထိုင်ရရန် အလို့ငှါလည်း သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

ဖောက်ပြန်နိုပ်ကွပ် ဖောက်ပြန်ဟူသည်မှာ 'ဒုမ္မင်္ကံ'ခေါ် ဒုဿီလပုဂ္ဂိုလ်များပင် ဖြစ်ပေသည်၊ ထိုတွင် ပါရာဇိကသိက္ခာပုဒ်များကို ကျူးလွန်ထားသည့်အတွက် သီလလုံးဝမရှိသူမျိုးကို ဒုဿီလဟု ခေါ်သည်၊ ထို့ပြင် သံဃာဒိသေသ်စသော သိက္ခာပုဒ်များကို ကျူးလွန်ထားသည့်အတွက် ဖျက်ဆီးအပ်သော သီလရှိသူမျိုးကိုလည်း ဒုဿီလဟုပင် ခေါ်သည်၊ ယင်းဒုဿီလပုဂ္ဂိုလ်နှစ်မျိုးလုံးပင် အရှက်မရှိရကား အရှိန်အဝါမရှိအောင် နိုပ်ကွပ်အပ်ပါသော်လည်း မျက်နှာမပျက်ဘဲ မျက်နှာပြောင်တိုက်ကာ သံဃာထဲ၌ နေရဲသောကြောင့် အရှိန်အဝါမရှိအောင် လုပ်ရမည့် ဒုမ္မင်္ကံပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ယင်းဒုဿီလပုဂ္ဂိုလ်များသည် အနိုပ်အကွပ်ရ ခက်ခဲသူများ ဖြစ်ကြသည်၊ ခဲခဲယဉ်းယဉ်း နိုပ်ကွပ်ရသူများ ဖြစ်ကြသည်၊ သူတို့သည် အပြစ်ကျူးလွန်ရမှာကိုလည်း မရွက်ကြ၊ ကျူးလွန်ပြီးလျှင်လည်း မရွက်ကြချေ။

"အကယ်၍သာ သိက္ခာပုဒ်ပညတ်ပြီး မရှိခဲ့ပါလျှင် သံဃာတော်က နိုပ်ကွပ်ပြောဆိုသည့်အခါမှာ 'အရှင်ဘုရားတို့က ဘာကိုမြင်ကြသလဲ?၊ ဘာကြားကြသလဲ?၊ တပည့်တော်တို့က ဘာလုပ်သလဲ?၊ ဘယ်လိုအကြောင်းဝတ္ထုကြောင့် အာပတ်နဲ့စပ်စွဲပြီး တပည့်တော်တို့ကို နိုပ်ကွပ်ကြမှာတဲ့လဲ?'ဟု သူတို့က အတွန့်တက်လာကြလိမ့်မယ်၊ ကလန်ကဆန် လုပ်လာကြလိမ့်မယ်၊ သံဃာကို ညှဉ်းဆဲလာကြလိမ့်မယ်၊ သိက္ခာပုဒ်ပညတ်ပြီးရှိခဲ့ပါမူကား သံဃာက ယင်းသိက္ခာပုဒ်ကိုပြုပြီး ငါဘုရားက ညွှန်ကြားထားသည့် တရားနည်းလမ်းအတိုင်း သူတို့ကို နိုပ်ကွပ်နိုင်ကြလိမ့်မယ်"။

ဤသို့ ရည်ရွယ်တော်မူလျက် သီလပျက်စီးနေသော ဒုဿီလပုဂ္ဂိုလ်များကို နိုပ်ကွပ်ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပေသည်။

ကောင်းမြတ်ချမ်းသာ ကောင်းမြတ်ဟူသည် သီလကိုချစ်ခင်မြတ်နိုးကြသော သီလဝန္တ သိက္ခာကာမရဟန်းတော်များပင် ဖြစ်သည်၊ ယင်းသီလဝန္တ ရဟန်းတော်တို့သည် ပြုထိုက်သောအမှု, မပြုထိုက်သောအမှု, အပြစ်ရှိသောအမှု, အပြစ်မရှိသောအမှုစသော ဝိနည်းစည်းကမ်းကို မသိကြဘဲ သိက္ခာသုံးပါးပြည့်စုံရေးအတွက် ကျင့်နေရပါက ပင်ပန်းကြရသည်၊ ယုံမှားသံသယ၏ နှိပ်စက်မှုကို ခံရတတ်သည်၊ ပြုထိုက်-မပြုထိုက်, အပြစ်ရှိအပြစ်မရှိ စသော ဝိနည်းစည်းကမ်းကို သိနားလည်ပြီး ကျင့်ကြရပါမူကား ပင်ပန်းစရာလည်းမရှိ၊ သံသယလည်း ကင်းရှင်းကြရသည်၊ ဤသို့ သိက္ခာသုံးပါးကို ချစ်မြတ်နိုးသော ရဟန်းတော်များ ချမ်းချမ်းသာသာ နေနိုင်ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

တနည်းအားဖြင့်ဆိုရပါမူ=ဒုဿီလပုဂ္ဂိုလ်ကို နှိပ်ကွပ်ခြင်းသည်ပင် သိက္ခာကာမ သီလဝန္တ ရဟန်းတော်များအတွက် ချမ်းသာစွာ နေရခြင်း၏အကြောင်း ဖြစ်သည်၊ သီသာရုံ ရှင်းပြပါဦးမည်၊ ဒုဿီလရဟန်းကိုအကြောင်းပြု၍ ဥပုသ်ကံ, ပဝါရဏာကံ, အခြားသံဃာ့ကံများ မဖြစ်နိုင်၊ မတည်နိုင်၊ သံဃာညီညွတ်မှုလည်း မဖြစ်နိုင်၊ ရဟန်းများလည်း တည်ငြိမ်မှု မရကြ၊ သို့ဖြင့် ပါဠိသင်ယူခြင်း, အနက်သဘောကို မေးမြန်းဆွေးနွေးခြင်း, ကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသည်တို့ကို အားမထုတ်နိုင်ကြတော့ချေ၊ ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်လိုက်ပါမူကား အဆိုပါဘေးရန်များ ဖြစ်ခွင့်မရတော့သည့်အတွက် သီလဝန္တ သိက္ခာကာမရဟန်းတော်များ ချမ်းသာစွာ နေကြရပေသည်၊ ဤသို့ သိက္ခာကာမ သီလဝန္တ ရဟန်းတော်များ ချမ်းချမ်းသာသာနေနိုင်ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

ခုဘေးကွာ၍ ခုဘေးကွာ၍-ဟူသည်မှာ ယခုဘဝဖြစ်နိုင်သည့် ဘေးအန္တရာယ် ကင်းရှင်းရန်ပင် ဖြစ်သည်၊ ယခုဘဝ ဖြစ်နိုင်သည့်ဘေးအန္တရာယ် ဟူသည်မှာလည်း စောင့်စည်းမှုမရှိသောရဟန်း၏ ယခုဘဝမှာပင် ရနိုင်ရောက်နိုင်သည့် လက်ဖြင့်အရိုက်ခံရခြင်း, တုတ်ဖြင့်အရိုက်ခံရခြင်း, လက်ခြေတို့ကို အဖြတ်ခံရခြင်း, အရှိန်အစော်မဲ့ခြင်း, အခြံအရံကင်းခြင်း, စိတ်မချမ်းသာခြင်းစသော ဆင်းရဲအထူးတို့ပင် ဖြစ်ပေသည်။

ယခုဘဝမှာဖြစ်လာနိုင်သည့် အဆိုပါဘေးအန္တရာယ်တို့ ကျရောက်ရာလမ်းကြောင်းကို ကာကွယ်ပိတ်ဆို့ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

နောင်ခါဘေးလွတ် နောင်ခါဘေးလွတ်ဟူသည် နောင်ဘဝမှာဖြစ်နိုင်သည့် ဘေးကင်းရှင်းရန်ပင် ဖြစ်သည်၊ နောင်ဘဝမှာဖြစ်နိုင်သည့် ဘေးရန်ဟူသည်မှာလည်း စောင့်စည်းမှုမရှိသောရဟန်း၏ ကိုယ်တိုင်ပြုလုပ်ထားသည့် မကောင်းမှုကံအခြေခံကြောင့် တမလွန်ဘဝ၌ အပါယ်ငရဲ စသည်တို့သို့ ကျရောက်ရခြင်းဟူသော ဆင်းရဲအထူးတို့ပင် ဖြစ်ပေသည်။

နောင်ဘဝ၌ ဖြစ်နိုင်သည့် အဆိုပါ ဘေးအန္တရာယ်တို့ကို ပယ်ဖျောက်ငြိမ်းသတ် အအေးဓာတ် ရရန်အလို့ငှာလည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

လေးမြတ်ကြည်ညို

သိက္ခာပုဒ်ပညတ်လိုက်လျှင် ပညတ်ထားသော သိက္ခာပုဒ်ကို သိရ၍ ဖြစ်စေ, ပညတ်ထားသော သိက္ခာပုဒ်အတိုင်းကျင့်နေကြသည့် ရဟန်းတော်များကို တွေ့မြင်ရ၍ဖြစ်စေ အသိညာဏ်ရှိသူတို့က ရွေးကမကြည်ညို သေးသော်လည်း-

> "လောကမှာ လူသားတွေ တပ်မက်နှစ်သက်နေကြတဲ့ မေထုန်အကျင့်နှင့် အမျက်ထွက်ခြင်းရဲ့ တည်ရာဖြစ်တဲ့ ပါဏာတိပါတစတဲ့အမှု, တွေဝေခြင်းရဲ့ တည်ရာဖြစ်တဲ့ သေရည်သေရက်သောက်စားမှု (မူးယစ်ဆေးဝါးသုံးစွဲမှု) အစရှိတဲ့ ကိစ္စတွေကို ရှောင်ကြဉ်နိုင်ကြပါပေတယ်၊ တို့တစ်တွေမလုပ်နိုင်တဲ့ အလုပ်, လုပ်ရမှာအင်မတန်ဝန်လေးတဲ့ အလုပ်တွေကို ဒီရဟန်းတော်တွေ လုပ်နိုင်ကြပါပေတယ်"။

ဤသို့ ချီးကျူးပြောဆို ကြည်ညိုလာတတ်ကြသည်။

သို့ဖြင့် ယခုကာလမှာ သာသနာရေးကို ကြိုးစားအားထုတ်နေကြသော ဒါယကာဒါယိကာမများကလည်း ဝိနည်းကို လေ့လာသင့်ပါသည်၊ ဖတ်သင့်, မှတ်သင့်ပါသည်၊ မိမိတို့ကိုယ်တိုင် ဝိနည်းဥပဒေကို သိနားလည်ထားမှသာ ဝိနည်းသိက္ခာပုဒ်ကို လေးလေးစားစား ကျင့်သုံးနေထိုင်ကြသော သိက္ခာကာမ သီလဝန္တ ရဟန်းတော်များကို ကြည်ညိုတတ်ပါလိမ့်မည်၊ ယင်းသို့ သိက္ခာကာမ သီလဝန္တ ရဟန်းတော်များကို ကြည်ညိုအားပေးခြင်းသည်လည်း သာသနာတော် သန့်ရှင်းတည်တံ့ရေး တစ်မျိုးပင်ဖြစ်ပါသည်။

မိစ္ဆာအယူရှိသော ဗေဒင်သုံးပုံဆောင် (တိဝေဒီ)ပုဏ္ဏားတစ်ဦးသည် ဝိနည်းပိဋကတ်တော် ပေစာထုပ်ကို တွေ့မြင်ရ၍ သာသနာတော်ကို ကြည်ညိုခဲ့သည့်ထုံးလည်း ရှိခဲ့ဖူးပါသည်၊

ဤသို့ မကြည်ညိုသေးသူတို့ကို ကြည်ညိုစေရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

တိုးကြည်ညိုသင့်

သာသနာတော်ကို ကြည်ညိုသက်ဝင်ပြီးသူတို့ကလည်း ပညတ်ထားသော သိက္ခာပုဒ်ကို သိရ၍ဖြစ်စေ, ပညတ်ထားသောသိက္ခာပုဒ်အတိုင်း ကျင့်သုံးနေထိုင်ကြသည့် ရဟန်းတော်များကို တွေ့မြင်ရ၍ဖြစ်စေ တိုးကာတိုးကာ ကြည်ညိုလာတတ်ကြသည်၊ ရင်သပ်ရှုမော အံ့သြပြောဆိုလာတတ်ကြသည်။

> "သြ ..... အရှင်ကောင်းတွေဟာ ငါတို့တစ်တွေက မကျင့်နိုင်တဲ့အကျင့်ကို ကျင့်နိုင်ကြပါပေ့၊ တစ်ယောက်တည်း အိပ်နိုင်ကြပါပေ့၊ တစ်ထပ်တည်း စားနိုင်ကြ

ပါပေ့၊ မေထုန်အကျင့်မှ ရှောင်နိုင်ကြပါပေ့၊ စောင့်ရှောက်ရမယ့် ဝိနည်းစည်းမျဉ်းကို အမြဲစောင့်ရှောက်နိုင်ကြပါပေ့”။

ဤသို့လည်း ကြည်ညိုပြီးသူတို့ တိုး၍တိုး၍ကြည်ညိုရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

ပိုမိုသဒ္ဓမ္မ တည်တံ့ရဖို့ သူတော်ကောင်းတရား(သာသနာတော်)ဟု ဆိုအပ်သော သဒ္ဓမ္မသည် ပရိယတ္တိသဒ္ဓမ္မ,ပဋိပတ္တိသဒ္ဓမ္မ,အဓိဂမ(ပဋိဝေဓ) သဒ္ဓမ္မဟု သုံးပါးရှိသည်။

ထိုတွင် ပိဋကတ်သုံးပုံ-ဟု သတ်မှတ်ထားသည့် ဘုရားရှင်၏စကားတော် အကုန်လုံးသည် ပရိယတ္တိသဒ္ဓမ္မမည်သည်၊ ဓုတင် ၁၃-ပါး, ခန္ဓကဝတ် ၁၄-ပါး, မဟာဝတ် ၈၂-ပါး, သီလသမာဓိ ဝိပဿနာတရားများသည် ပဋိပတ္တိသဒ္ဓမ္မမည်သည်၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်သည် အဓိဂမသဒ္ဓမ္မမည်သည်။

သိက္ခာမှုဒ်တော်ကို ပညတ်ထားလိုက်လျှင် သိက္ခာပုဒ်တော်များနှင့်တကွ ထိုသိက္ခာပုဒ်တော်များကို အကျယ်ဖွင့်ပြသည့် ပဒဘာဇနီများအပြင် သိက္ခာပုဒ်နှင့် ပဒဘာဇနီတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပြသည့် ဘုရားရှင်၏ အခြားစကားတော်များကိုပါ သင်ယူခွင့်ရကြသည်၊ သည်မျှသာ မဟုတ်သေးပါ၊ ပညတ်ထားသည့်အတိုင်း ကျင့်ကြလျက် ပဋိပတ္တိကိုလည်း ဖြည့်ကျင့်ခွင့်ရကြသည်၊ ယင်းပဋိပတ်ကြောင့် ရထိုက်သည့် လောကုတ္တရာ ပဋိဝေဓသဒ္ဓမ္မကိုလည်း လက်ဆုပ်လက်ကိုင် ရရှိနိုင်ကြပေသည်။

ဆိုခဲ့ပြီးသည့်အတိုင်း သိက္ခာပုဒ်ကို ပညတ်လိုက်လျှင် သဒ္ဓမ္မသုံးပါးကို ရနိုင်သည့်အတွက် သိက္ခာပုဒ်ပညတ်ခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကြာမြင့်စွာ တည်တံ့လာရပါသည်။

ယင်းသို့ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကြာမြင့်စွာ တည်တံ့ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

ဝိနယလေးတန် ချီးမြှောက်ရန် သိက္ခာပုဒ်တော်ကို ပညတ်ထားလိုက်လျှင် “သံဝရဝိနည်း, ပဟာနဝိနည်း,သမထဝိနည်း,ပညတ္တိဝိနည်း” ဟူသော ဝိနည်းလေးမျိုးကို ချီးမြှောက်ပြီး ဖြစ်တော့သည်။

ထိုသို့ ဝိနည်းလေးမျိုးကို ချီးမြှောက်ရန်လည်း သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

သံဝရဝိနည်း စောင့်စည်းကြောင်း ဆုံးမကြောင်းဖြစ်သော တရားအပေါင်းကို “သံဝရဝိနည်း”ဟု ခေါ်သည်၊ ယင်းသံဝရဝိနည်းသည် သီလသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တီသံဝရ, ဝီရိယသံဝရအားဖြင့် ငါးပါးရှိသည်၊ ထိုတွင်-

၁။ စောင့်စည်းကြောင်း ပါတိမောက္ခသံဝရသီလသည်ပင် သီလသံဝရမည်သည်။

၂။ စက္ခုန္ဒြေစသည်တို့ကို စောင့်စည်းကြောင်းဖြစ်သော သတိသည် သတိသံဝရမည်သည်။ (ဣန္ဒြိယသံဝရသီလ၊)

၃။ မြစ်ရေအလျဉ်ကဲ့သို့ သတ္တဝါတို့သန္တာန်မှာ အစဉ်မပြတ် ဖြစ်နေတတ်သော တဏှာဒိဋ္ဌစသော ကိလေသာ ဒုစ္စရိတ အဝိဇ္ဇာတို့ကို မစီးသွားနိုင်အောင် အကြွင်းမဲ့ ပိတ်ဆို့တတ် တားဆီးတတ်သော မဂ်ဉာဏ်သည် ဉာဏသံဝရမည်သည်။

၄။ အေးလာလျှင်လည်း အေးရမယ့်အချိန်မို့ အေးတာပါ၊ ပူလာလျှင်လည်း ပူရမယ့်အချိန်မို့ ပူတာပဲ၊ ခြင်စသည်တို့ ကိုက်လာပြန်လျှင်လည်း သူတို့သွေးဆာနေလို့ ကိုက်တာဖြစ်မှာပေါ့၊ သူများက ဆဲဆိုငေါက်ငမ်း ကြမ်းတမ်းစွာ ပြောဆိုလာပြန်လျှင်လည်း သူတို့ နားမလည်လို့ပြောတာပါ၊ ဤသို့စသည်ဖြင့် သည်းခံနေခြင်းသည်ပင် (ဒေါသမဖြစ်အောင် စောင့်စည်းရာလည်း ရောက်သည်၊ ထို့ကြောင့်) ခန္တီသံဝရမည်သည်။

၅။ ဖြစ်ပေါ်လာသမျှ ကာမနှင့်ပတ်သက်သော အကြံအစည်-ကာမဝိတက်, ဖျက်ဆီးခြင်းနှင့်ပတ်သက်သော အကြံအစည်-ဗျာပါဒဝိတက်, ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ပတ်သက်သော အကြံအစည်-ဝိဟိံသာဝိတက်များနှင့် ဖြစ်ပေါ်လာသမျှ အကုသိုလ်တရားတို့ကို လက်မခံတတ်, ပယ်ရှားတွန်းလှန်တတ်, နောင်မဖြစ်အောင်လုပ်တတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယသည် ဝီရိယသံဝရမည်သည်။ မူပဏ်-၄-၁၊ ၂၃။

ပဟာနဝိနည်း ပယ်ရှားကြောင်းဆုံးမကြောင်းဖြစ်သော တရားအပေါင်းသည် ပဟာနဝိနည်းမည်သည်၊ ယင်းပဟာနဝိနည်းသည်လည်း "တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပဿဒ္ဓိပဟာန်, နိဿရဏပဟာန်"အားဖြင့် ငါးပါးရှိသည်၊ ထိုတွင်-

၁။ (တေန တေန အင်္ဂေန တသ္မာ တသ္မာ အင်္ဂသ္မာ ပဟာနံ-တဒင်္ဂပဟာနံ= ထိုထိုကုသိုလ်အစိတ်အပိုင်းဖြင့် ထိုထိုအကုသိုလ်အစိတ်အပိုင်းကို ပယ်ခြင်း၊) ဆီမီးရောင်ဖြင့် အမိုက်မှောင်ကိုပယ်သကဲ့သို့ ထိုထိုဝိပဿနာဉာဏ်ဖြင့် သက္ကာယဒိဋ္ဌစသည်တို့ကို ခဏခေတ္တပယ်ခြင်းသည် တဒင်္ဂပဟာန်မည်သည်။

၂။ (ဝိက္ခမ္ဘနံ ဧဝ ပဟာနံ-ဝိက္ခမ္ဘနပဟာနံ= ဖယ်ခွာခြင်းဟူသော ပယ်ခြင်း၊) အိုးဖြင့် ရေအပြင်၌ရှိသောမှော်ကို ပယ်ရှားသကဲ့သို့ ဥပစာရသမာဓိ အပ္ပနာသမာဓိဖြင့် ထိုထိုနီဝရဏစသော တရားတို့ကို အတော်ကြာကြာပယ်ခွာခြင်းသည် ဝိက္ခမ္ဘနပဟာန်မည်သည်။

၃။ သမုဒ္ဆေဒေါယေဝ ပဟာနံ-သမုဒ္ဆေဒပဟာနံ= အကြွင်းမဲ့ဖြတ်တောက်ခြင်း ဟူသော ပယ်ခြင်း၊) သမုဒယတဏှာ၏ ဘက်သားဖြစ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အပါယ်ရောက်ကြောင်း ဒေါသစသော ကိလေသာအပေါင်းကို နောက်ထပ် မဖြစ်အောင် ထိုထိုမဂ်ဖြင့် အကြွင်းမဲ့ပယ်ခြင်းသည် သမုဒ္ဆေဒပဟာန် မည်သည်။

၄။ (ပဋိပဿဒ္ဓိယေဝ ပဟာနံ-ပဋိပဿဒ္ဓိပဟာနံ= တစ်ဖန်ငြိမ်းအေးခြင်းဟူသော ပယ်ခြင်း၊) ဖိုလ်ခဏ၌ ကိလေသာတို့၏ တစ်ဖန်ငြိမ်းအေးမှုသည် ပဋိပဿဒ္ဓိ ပဟာန်မည်သည်။

၅။ (နိဿရဏံဓေဝ ပဟာနံ-. နိဿရဏပဟာနံ= လွတ်မြောက်ခြင်းဟူသော ပယ်ခြင်း၊) သင်္ခတဥသုံ အလုံးစုံကို ပယ်ပြီးသော နိဗ္ဗာန်သည် နိဿရဏပဟာန် မည်သည်။ မူပဏ်-၄-၁ ၊ ၂၄။

သမထဝိနည်း အဓိကရဏ်းငြိမ်းအေးကြောင်း, ပယ်ဖျောက်ကြောင်းတရားကို "သမထ ဝိနည်း" ဟု ခေါ်သည်၊ ထိုသမထဝိနည်းသည် "သမ္မုခါ ဝိနယသမထ, သတိဝိနယသမထ, အမူဠှဝိနယသမထ, ပဋိညာယကာရေတဗ္ဗသမထ, ယေဘုယျသိကာ သမထ,တဿပါပိယသိကာသမထ, တိဏဝတ္ထာရကသမထ," အားဖြင့် ခုနစ်ပါးရှိသည်။ ထိုတွင်-

၁။ သမ္မုခါဝိနယသမထ-ဟူသည် မျက်မှောက်၌ အဓိကရဏ်းကို ပယ်ဖျောက်ကြောင်း, ငြိမ်းအေးစေကြောင်းတရားပင် ဖြစ်သည်၊ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံမှု- ဝိဝါဒါဓိကရဏ်းဖြစ်နေကြသည့်အခါ သံဃာစည်းဝေး၍ နှစ်ဖက် ပုဂ္ဂိုလ်တို့၏ရှေ့မှာ ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်ငြိမ်းအေးသွားလျှင် သမ္မုခါ ဝိနယသမထမည်သည်။

၂။ သတိဝိနည်း-ဟူသည် သတိကောင်းသော ရဟန္တာပုဂ္ဂိုလ်အား ပေးသင့်သည့် သမထမျိုး ဖြစ်သည်၊ ရဟန္တာတစ်ပါးကို တစ်ဦးတစ်ယောက်သောသူက ပါရာဇိက, သံဃာဒိသေသ် တစ်ခုခုဖြင့် စွပ်စွဲလာလျှင် စစ်ဆေးကြည့်သည့် အခါမှာ အပြစ်ကင်းကြောင်း ထင်ရှားသဖြင့် နောင်မစွပ်စွဲနိုင်အောင် ဥ တို့ ဒုတိယကမ္မဝါစာဖြင့် ဤသတိဝိနယကို သံဃာက ပေးထားရသည်၊ ယင်းသို့ ပေးထားပြီးသည့်နောက် စွပ်စွဲသော်လည်း အရာမရောက်တော့ပေ။

၃။ ရဟန်းတစ်ပါးသည် ရူးသွပ်တွေဝေနေခိုက် အပြစ်များကို ကျူးလွန်မိအံ့၊ ထိုရဟန်းသတိရလာသည့်အခါ အခြားရဟန်းတို့က အာပတ်ဖြင့်စွပ်စွဲကြအံ့၊ ထိုစဉ် ရဟန်းရူးက "တပည့်တော် စိတ်ဖောက်ပြန်နေသဖြင့် ဘာလုပ်မိမှန်း မသိပါ" ဟု လျှောက်ထားပါသော်လည်း စွပ်စွဲမြဲ စွပ်စွဲအံ့၊ ယင်းစွပ်စွဲမှုများ

ငြိမ်းအေးစေရန် မရှုးသွပ် မတွေဝေသည့်အခါ ထိုရဟန်းအား ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် အမှုဥဝိနယကို ပေးရသည်၊ ထိုသို့ပေးပြီးနောက် စိတ်ဖောက်ပြန်၍ ပြုမိသမျှကိစ္စ၌ စွပ်စွဲသော်လည်း အထမမြောက်တော့ချေ။

၄။ ရဟန်းတစ်ပါးက မိမိမှာ အာပတ်သင့်နေသည့်အခါ ယင်းအာပတ္တာဓိကရဏ်း ငြိမ်းအေးစေရန် ပုဂ္ဂိုလ်, ဂိဏ်း, သံဃာတို့ထံမှာ ဒေသနာပြောကြားဝန်ခံချက် အတိုင်း ယင်းဒေသနာခံ ပုဂ္ဂိုလ်, ဂိဏ်း, သံဃာစသူတို့က ပြုလုပ်ပေးရသော သမထကို ပဋိညာယကာရေတဗ္ဗသမထခေါ်သည်။

၅။ တစ်ဖက်နှင့်တစ်ဖက်ငြင်းခုံမှု ဝိဝါဒါဓိကရဏ်းဖြစ်၍ သံဃာကွဲပြား နေသည့် အခါ သမ္မုခါဝိနယဖြင့် မငြိမ်းအေးစေနိုင်လျှင် သံဃာစည်းဝေး၍ မဲဆန္ဒယူမည့် ရဟန်းတစ်ပါးကို သမ္မုတိပေးရသည်၊ ယင်းသမ္မုတိရပြီးသောရဟန်းကို ရဟန်းပရိသတ်၌ ဓမ္မဝါဒီမဲဆန္ဒ, အဓမ္မဝါဒီမဲဆန္ဒကို ယူစေရမည်၊ ဓမ္မဝါဒီ မဲဆန္ဒကများလျှင် များရာလိုက်၍ ထိုဓမ္မဝါဒီတို့၏ အယူအတိုင်း အတည်ပြု ဆုံးဖြတ်ရမည်။

အကယ်၍ အဓမ္မဝါဒီဘက်က မဲများပုံပေါ်နေလျှင် ရက်ရွေ့ဆိုင်း၍ ဓမ္မဝါဒီဘက်သားများလာအောင် စုဆောင်းပြီးမှ ဓမ္မဝါဒီတို့အဆိုအတိုင်း အတည်ပြု ဆုံးဖြတ်ရမည်၊ မည်သည့်နည်းဖြင့်ဖြစ်ဖြစ် ဓမ္မဝါဒီဘက်သား အများချည်း ဖြစ်လာအောင် ပြုလုပ်ရမည်။

ဤသို့ ဓမ္မဝါဒီများရာသို့လိုက်၍ အဓိကရဏ်းငြိမ်းအေးအောင် ပြုခြင်း ကိုပင် ယေဘုယျသိကာသမထ-ဟုခေါ်သည်။

၆။ ပါရာဇိကဖြင့်ဖြစ်စေ, ပါရာဇိကအနီးအပါးဖြစ်သော ထုလ္လစ္စဉ်း ဒုက္ကဋ်ဖြင့်ဖြစ်စေ စောဒနာခံရသော ရဟန်းတစ်ပါးက အဆုံးအဖြတ်မခံလို၍ တောင်ပြော, မြောက်ပြော, ရောင်လွဲပြောဆိုနေခဲ့ပါလျှင် တသပါပိယသိကံကို ပြုလုပ်ကြရသည်။

ထိုကံ၏သဘောကား- အကယ်၍ ပါရာဇိကမကျသေးလျှင် ဆိုင်ရာ ကျင့်ဝတ်ကို ကျင့်၍ နောက်ထပ် သံဃာ့အလယ်၌ ထိုကံကို ငြိမ်းစေလိမ့်မည်၊ ပါရာဇိကကျသွားဖြစ်လျှင်လည်း နောက်ထပ်အဆုံးအဖြတ် ခံယူယ်မလို၊ ထိုကံဖြင့်ပင် ထိုရဟန်းကို နှိမ်နင်းပြီးဖြစ်၍ သာမဏေအဖြစ်ကို ဝန်ခံရုံ, လူဝတ်လဲရုံသာ ရှိတော့သည်။

ဤသို့လျှင် တသပါပိယသိကံကို ပြုလိုက်က 'စောဒနာခြင်း' ဟူသော အနုဝါဒါဓိကရဏ်းကို ငြိမ်းစေသောကြောင့် ဤတသပါပိယသိကံကိုပင် 'သမထတစ်မျိုး' ဟု ဆိုရပေသည်။

၇။ သံဃာနှစ်ဖက်ကွဲ၍ ဝိဝါဒါဓိကရဏ်းဖြစ်နေရာ၌ နှစ်ဖက်လုံးမှာပင် အာပတ်သင့်နေကြသည်၊ ထို့နောက် လဒ္ဓိသဘောသက်ရောက်၍ စိတ်ကောင်းဝင်လာကြသဖြင့် ထိုအာပတ်များကို ကုစားစေလိုသည့်အခါ တစ်ဖက်၏အပြစ်ကို အခြားတစ်ဖက်က ဖော်ပြနေလျှင် သာ၍ပင် မခံနိုင်ဖွယ်ရာရှိသောကြောင့် ဆွေးနွေးလေ့ဖြစ်သော ကျင်ကြီးကျင်ငယ်ကို မြက်ဖြင့်ဖုံးအုပ်ထားလိုက်သကဲ့သို့ တိဏဝတ္ထာရကခေါ်သော ကံတစ်မျိုးဖြင့် အာပတ်များကို ဖုံးဖိထားလိုက်ရတော့သည်။

ထိုကံကြောင့် အင်မတန်ကြီးလေးသော ပါရာဇိက, သံဃာဒိသေသ် အာပတ်နှင့် ဂိဟိပဋိသံယုတ္တ-လူနှင့်စပ်သော လူကိုဆဲဆိုမှုအာပတ်များမှ တစ်ပါး အခြားအာပတ်အားလုံးပင် ပြေပျောက်ရတော့သည်။

ဤသို့လျှင် တိဏဝတ္ထာရကကံသည် နှစ်ဖက်သောအာပတ်နှင့် ဝိဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သောကြောင့် သမထတစ်မျိုး ဖြစ်ရလေတော့သည်။

ပညတ္တိဝိနည်း သိက္ခာပုဒ်ပညတ်မှုရှိမှသာ သိက္ခာပုဒ်ပါဠိတော် ရှိသင့်သောကြောင့် ပညတ်ထားသော သိက္ခာပုဒ်ခေါ် ဝိနည်းတော်ကိုလည်း သိက္ခာပုဒ်ပညတ်ခြင်းဖြင့် ချီးမြှောက်ရာရောက်သည်၊ (ပညတ်ထားသောသိက္ခာပုဒ် ပါဠိတော်ကိုပင် ပညတ္တိဝိနည်းခေါ်သည်။)

ပထမသံဂါယနာ

လောကရေးရာမှာဖြစ်စေ, ဓမ္မရေးရာမှာဖြစ်စေ လုပ်ငန်းစဉ်က မှန်ကန်တိကျလေလေ အနှောင့်အယှက် အဖျက်အဆီး အမျိုးမျိုးနှင့် ကြုံရလေလေ ဖြစ်တတ်ပါသည်။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိစဉ်ကပင် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ အနှောင့်အယှက်အမျိုးမျိုး, ဘေးရန်အမျိုးမျိုး ဖြစ်ပေါ်ခဲ့ဖူးသည်၊ ယင်းအနှောင့်အယှက်များ, ဘေးရန်များကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်ပင် သုတ်သင်ရှင်းလင်းခဲ့ရပါသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့် နောက်ပိုင်းမှာလည်း အနှောင့်အယှက် အမျိုးမျိုး ဘေးရန်အမျိုးမျိုးတို့ လုံးဝကွယ်ပျောက်သွားသည်ကား မဟုတ်ချေ၊ တစ်မျိုး မဟုတ်တစ်မျိုး ဖြစ်ပေါ်လာခဲ့သည်သာ ဖြစ်ပေသည်၊ ယင်းအနှောင့်အယှက်များ ဘေးရန်များကိုမူ အရှင်မဟာကဿပ စသော သာသနာ့ဝန်ဆောင် တပည့်ကြီးများက ဖြေရှင်းသုတ်သင် လာခဲ့ကြပေသည်။

အရှင်မဟာကဿပသည်ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ၇-ရက်မြောက်နေ့မှာ မိမိနောက်က လိုက်ပါလာသည့် အလဒ္ဓိ ဒုဿီလ, ပါပဘိက္ခု

ဖြစ်သော သုဘဒ္ဒရဟန်းကြီးက ဘုရားရှင်ကိုလည်းစော်ကား, သာသနာတော်ကိုလည်း ထိပါးပြောဆိုလာသောစကားကို အမှတ်ရတိုင်း ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် စိတ်မချနိုင်လောက်အောင် ဖြစ်နေပါသည်။

"ဒီလိုရဟန်းယုတ်တွေက ဘုရားဟောတရားတော်ဟာ ဆရာ့အရာမှာ မတည်တော့ဘူး၊ ဘုရားမရှိတဲ့နောက် လိုက်နာကျင့်သုံးစရာမလိုတော့ဘူး၊ ဒီလို အထင်ရောက်ကာ အလွန်ဒီ အပင်းအသင်းကို ရလာရင် မကြာခင်မှာပဲ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ကွယ်ပျောက်အောင်လုပ်နိုင်စရာ အကြောင်းရှိနေတယ်။

အမှန်ကတော့-သုတ်, အဘိဓမ္မာ, ဝိနည်း(ပရိယတ်တရားတော်)က ရဟန်းကောင်းတွေရဲ့သန္တာန်မှာ တည်ရှိနေသမျှ ဘုရားဟာ တရားတော်ဟာ ဆရာ့အရာမှာ တည်နေတာပါပဲ။

ပြီးတော့-အာနန္ဒာ ! ငါဘုရားဟောကြား ပညတ်ထားတဲ့ သုတ်, အဘိဓမ္မာ, ဝိနည်းက ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည့်အခါ သင်တို့ရဲ့ဆရာ ဖြစ်ရစ်လိမ့်မယ်-လို့ ဘုရားရှင် ဟောထားခဲ့တာလဲ အရှိသားပဲ။

အဲဒီလို ပရိယတ်တရားတော် တည်နေသမျှ ဘုရားဟောတရားတော်က ဆရာ့အရာမှာ တည်နေတဲ့အတွက် သာသနာတော် ကြာရှည်လေးမြင့် တည်တံ့နိုင်အောင် သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ရရင် ကောင်းမယ်"။

ဤသို့ အရှင်မဟာကဿပက ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် စိတ်အချရဆုံးသောနည်းကို ကြံစည်စဉ်းစားမိသည်။

ထို့ပြင် ဘုရားရှင်သည် ရှင်မဟာကဿပအား မိမိဝတ်ရုံနေသော သင်္ကန်းတော်ကို (လဲလှယ်)ပေးခြင်းဖြင့်လည်း ချီးမြှောက်ဖူးသည်၊ စွာန်အဘိညာဉ်အရာမှာ မိမိနှင့်တန်းတူထားသဖြင့်လည်း ချီးမြှောက်ဖူးသည်၊ လ-နှင့်တူသောအကျင့်စသည်ဖြင့်လည်း ချီးကျူးဂုဏ်တင်ဖူးသည်၊ ယင်းသို့ မိမိအပေါ်မှာ တင်ရှိနေသော ဘုရားရှင်၏ ကျေးဇူးများကို အရှင်မဟာကဿပက တပည့်ကောင်းပီသစွာ သံဂါယနာတင်ပြီး ကျေးဇူးဆပ်ရန် လိုလားပြန်သည်။

ပဋ္ဌသတိကခန္ဓက ယင်းသို့ သုဘဒ္ဒရဟန်းကြီး၏ စော်ကားထိပါးပြောဆိုမှုကို အကြောင်းပြုပြီး သံဂါယနာတင်ရန် အကြံဖြစ်ပေါ်လာမှု, ဘုရားရှင်အား ကျေးဇူးဆပ်လိုမှုများကြောင့်ပင် အရှင်မဟာကဿပက-

၁။ ပရိယတ်အတုအယောင် ပေါ်ပေါက်မလာရအောင်၊

၂။ ပရိယတ်ကို မလိုက်နာမကျင့်သုံးလိုသူတို့ အားရှိမလာရအောင်-သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ရန် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာသို့ ကြွရောက်လာကြသည့်ရဟန်းတော်များကို အစည်းအဝေးခေါ်၍ မိန့်ကြားတော်မူသည်။

"ငါ့ရှင်တို့ ! တပည့်တော်ဟာ မကြာမီက ပါဝါမြို့က ကုသိနာရုံမြို့သို့ ခရီးရှည်ထွက်လာခဲ့ပါတယ်၊ တပည့်တော်နှင့်အတူ နောက်လိုက်နောက်ပါ ရဟန်း ငါးရာလဲပါလာပါတယ်၊ အဲဒီလို ခရီးသွားရင်း လမ်းဘေး သစ်ပင်တစ်ပင်ရင်းမှာ ဝင်ရောက်နားနေခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ အာဇီဝကတစ်ဦးဟာ ကုသိနာရုံမြို့က "မန္ဒာရဝ"ခေါ်တဲ့နတ်ပန်းကို ယူလာပြီး ထီးလုပ်ဆောင်းကာ ပါဝါမြို့ဘက်ကို ထွက်လာခဲ့ပါတယ်။

ဒီတော့ တပည့်တော်က 'ငါ့ရှင် ! ငါတို့ရဲ့ ဘုရားရှင်ကို သိရဲ့လား?'လို့ အဲဒီအာဇီဝကကို မေးပါတယ်၊ 'အေး သိတာပေါ့ ငါ့ရှင်ရေ၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံသွားတာ ဒီနေ့ပါဆိုရင် ခုနစ်ရက်တောင် ရှိနေမှပဲ၊ အဲဒီရဟန်းဂေါတမ ပရိနိဗ္ဗာန်စံတဲ့နေရာက ဒီမန္ဒာရဝနတ်ပန်းကို ကျုပ်ယူလာတာပဲ'။

ဒီလိုပြောလိုက်တဲ့ အာဇီဝကရဲ့ စကားကို ကြားရတဲ့အခါ တပည့်တော်နှင့်ပါလာတဲ့ ရဟန်းတွေထဲက ရာဂမကင်းသေးတဲ့ ရဟန်းတွေဟာ လက်မောင်းတွေကို မြှောက်ပြီး ငိုသူလဲ ငိုနေကြပါတယ်၊ ရုပ်သေးကြီးပြတ် မတ်တတ်ကလဲပြီး လူးလိမ့်သူလဲ လူးလိမ့်နေကြပါတယ်၊ 'ဘုန်းတော်ကြီးဘုရားဟာ သိပ်မြန်မြန်ဆန်ဆန် ပရိနိဗ္ဗာန် စံလွန်သွားပါပေါ့လား၊ လောကမှာ ဉာဏ်မျက်စိသဖွယ်ဖြစ်တဲ့ ဘုရားရှင်ဟာ အလွန်လျင်မြန်စွာ ကွယ်ပျောက်သွားပါပေါ့လား'၊ ဒီလို နှုတ်ကလဲမြည်တမ်းနေကြပါတော့တယ်။

ရာဂကင်းပြီးတဲ့ ရဟန်းတော်တွေကတော့ 'ရုပ်နာမ်ဓမ္မ သင်္ခါရတွေဆိုတာဟာမြဲတာမဟုတ်ဘူး၊ အဲဒီ မမြဲတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို မပျက်စီးအောင်တောင့်တလို့ဘယ်မှာ ရနိုင်ပါ့မလဲ'၊ ဒီလို သတိထားနိုင်ကြပါတယ်၊ နားလည်မှုလဲ ရှိကြပါတယ်၊ ဒါနဲ့ သည်းခံနိုင်ကြပါတယ်။

ရာဂမကင်းသေးတဲ့ ရဟန်းတွေ ငိုကြွေးလူးလိမ့် မြည်တမ်းနေတဲ့အချိန်မှာ တပည့်တော်က ငါ့ရှင်တို့ ! တော်လောက်ပါပြီ၊ ဝမ်းမနည်းကြပါနဲ့၊ မငိုကြွေးကြပါနဲ့၊ ချစ်ခင်မြတ်နိုးသူ အကုန်လုံးတို့နှင့် ရှင်ကွဲသေကွဲ တစ်နည်းနည်းနဲ့ ကွဲကွာရတတ်ပါတယ်၊ ဒါကြောင့် ဒီရုပ်နာမ်ခန္ဓာအစဉ်မှာ ဥပါဒ်အနေနဲ့ ဖြစ်ပေါ်လာပြီး ဌီအနေနဲ့ ထင်ရှားရှိတဲ့တရား, အကြောင်းတရားတွေက ပြုပြင်ထားတဲ့အတွက် ပျက်စီးခြင်းသဘောရှိတဲ့ တရားကို မပျက်စီးပါစေနဲ့လို့ ဘယ်နည်းဘယ်ပုံ

တောင့်တလို့ ရနိုင်ပါ့မလဲ၊ ဒီလို တောင့်တလို့ ရနိုင်စရာအကြောင်းလဲ မရှိပါဘူး၊ ဒီစကားကို ဘုရားရှင်ကိုယ်တော်တိုင် ကြိုတင်ဟောထားသားပဲ'၊ ဒီလို ပြောဆို ခဲ့ပါတယ်။

ငါ့ရှင်တို့ !အဲဒီအချိန်မှာ သုဘဒ္ဒဆိုတဲ့ တောထွက်ရဟန်းကြီးတစ်ပါးလဲပဲ အဲဒီသံဃာ့ပရိသတ်မှာ ပါဝင်နေပါတယ်။-

'ငါ့ရှင်တို့ !တော်ကြပါတော့၊ မစိုးရိမ်ကြပါနဲ့၊ မငိုကြွေးကြပါနဲ့၊ တို့တစ်တွေဟာ အဲဒီရဟန်းကြီးလက်အောက်က ကောင်းကောင်းလွတ်ကင်းကြပြီ၊ သင်တို့အတွက် ဒါအပ်တယ်၊ ဒါမအပ်ဘူး၊ ဒီလိုနည်းအမျိုးမျိုးနဲ့ တို့တစ်တွေဟာ သူ့ရဲ့ချုပ်ချယ်မှုကို ခံလာကြရတာပဲ၊ အခုတော့ ကိုယ်လုပ်ချင်တာကို လုပ်ကြရတော့မယ်၊ မလုပ်ချင်တာလဲ မလုပ်ဘဲ နေကြရတော့မယ်'။

အားရဝမ်းသာ ရဟန်းတွေကို ပြောကြားလာတဲ့ အဲဒီသုဘဒ္ဒဆိုတဲ့ တောထွက်ရဟန်းကြီးရဲ့ စကားကို ကြားရတဲ့အခါ တပည့်တော်ကိုယ်တိုင် စိတ်ထိခိုက်လာခဲ့ပါတယ်၊ ဓမ္မသံဝဂ ရလာခဲ့ပါတယ်။

ငါ့ရှင်တို့ !အကုသိုလ်တရား မထွန်းကားခင်, ကုသိုလ်တရား တားမြစ် မခံရခင်, ဝိနည်းရဲ့ဆန့်ကျင်ဘက်တရား မထွန်းကားခင်, ဝိနည်းတရား တားမြစ် မခံရခင်, အဓမ္မကို ပြောလေ့ပြောထရှိသူတွေ အားမရှိခင်, ဓမ္မကို ပြောလေ့ပြောထ ရှိသူတွေ အားမနည်းခင်, ဝိနည်းရဲ့ဆန့်ကျင်ဘက်ကို ပြောလေ့ ပြောထရှိသူတွေ အားမရှိခင်, ဝိနည်းကို ပြောလေ့ပြောထရှိသူတွေ အားမနည်းခင်, ယခုနေက ကြိုတင်ပြီး သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ကြစို့ရဲ့"။

ရှင်မဟာကဿပ၏ စကားအဆုံးမှာပင် ရဟန်းတော်များက သဘောတူကြောင်း ဆန္ဒပေးကြသည်၊ အရှင်မဟာကဿပကို လျှောက်ထားကြသည်။-

"အရှင်ဘုရားက သံဂါယနာတင်လိုပါလျှင် သံဂါယနာတင်ရာမှာ ပါဝင်သင့်တဲ့ ရဟန်းတွေကို ကိုယ်တော်တိုင်ပဲ ရွေးချယ်တော်မူပါ"။

ရဟန်းတော်များ၏ အလိုဆန္ဒကို ကြားသိရသောအခါ အရှင်မဟာကဿပက ရဟန္တာ ၄၉၉-ပါးတို့ကို ရွေးချယ်တော်မူခဲ့သည်။

ယင်းရဟန်းတော်များသည် ပိဋကတ်သုံးပုံ အလုံးစုံသော ပရိယတ်ကိုဆောင်သူများ, ပဋိသမ္ဘိဒါသို့ရောက်ပြီးသူများ ဖြစ်ကြသည်၊ တန်ခိုးအာနုဘော်လည်း ကြီးမားကြပေသည်၊ အများအားဖြင့် ဘုရားရှင်က ဇောဒက်ရာထူး(သာသနာ့လူရည်ချွန်ဘွဲ့ထူး) ပေးထားပြီးသူများဖြစ်ကြသည်။

ငါးရာအတိအကျမရွေးဘဲ တစ်ပါးချန်ထားခြင်းမှာလည်း အရှင်အာနန္ဒာကို ပါဝင်စေလို, နေရာပေးလိုသည့်အတွက်ကြောင့်ပင် ဖြစ်သည်၊ အရှင်အာနန္ဒာသည် ပဋိသမ္ဘိဒါပတ္တသောတာပန်(သေက္ခ)မျှသာ ဖြစ်သည်၊ အထက်မဂ်အတွက် ပြဿဂယ်ကိစ္စ ရှိနေသေးသည်၊ ပဋိဝေဓဂုဏ်ထူးအားဖြင့် အဆင့်အတန်း နိမ့်နေသည်၊ ထို့ကြောင့် သံဂါယနာအတွက် ရွေးချယ်ရန် မသင့်တော်ပေ။

သို့သော် အရှင်အာနန္ဒာသည် ဘုရားရှင် ဟောထားသမျှ တရားအကုန်လုံးကို ဘုရားရှင်ထံမှ နာကြားရသည့်ချည်းသာ ဖြစ်ပါသည်၊ သို့ဖြစ်၍ ပရိယတ်ဂုဏ်ထူးအားဖြင့် အထက်တန်းကျနေသည်၊ ထို့ကြောင့် သံဂါယနာတင်မည့်ကိစ္စမှာ အရှင်အာနန္ဒာကို မရွေးချယ်ဘဲ ချန်ထားရန်လည်း မသင့်တော်လှပေ၊ ဤသို့အစရှိသည့် အကြောင်း အမျိုးမျိုးဖြင့် ဘေးကျပ်နံကျပ်ဖြစ်နေသည့်အတွက် အရှင်မဟာကဿပက ၄၉၉-ပါး တို့ကိုသာ ရွေးချယ်တော်မူခဲ့ရပါသည်။

> "အရှင်မြတ်ဘုရား ! အရှင်အာနန္ဒာဟာ သေက္ခပုဂ္ဂိုလ်ဖြစ်နေပေမယ့် ချစ်လို့ဘဲဖြစ်ဖြစ်, မုန်းလို့ပဲဖြစ်ဖြစ်, မသိနားမလည်လို့ပဲဖြစ်ဖြစ်, ကြောက်လို့ပဲဖြစ်ဖြစ် အဂတိတရား လိုက်စားမယ့်ပုဂ္ဂိုလ်မျိုး မဟုတ်ပါ၊ ပြီးတော့-အရှင်အာနန္ဒာဟာ သုတ်, အဘိဓမ္မာ, ဝိနည်းကို ဘုရားရှင်ထံက အများအပြားသင်ယူထားသူဖြစ်ပါတယ်၊ အရှင်မြတ်ဘုရား ! တပည့်တော်များ တောင်းပန်ပါရစေ၊ အရှင်မြတ်က အရှင်အာနန္ဒာကိုလဲ ရွေးချယ်တော်မူပါ"။

ရဟန်းတော်များ တောင်းပန်လျှောက်ထားလာသော စကားကို ကြားရသည့်အခါ အရှင်မဟာကဿပက မနေသာတော့ပါ၊ အရှင်အာနန္ဒာကိုလည်း ရွေးချယ်ရပါတော့သည်၊ သို့ဖြင့် သံဂါယနာတင်မည့်မထေရ် "ငါးရာ" ဖြစ်လာခဲ့သည်၊

ဤသို့ သံဂါယနာတင်မည့် မထေရ်ငါးရာ အတိအကျ ရွေးချယ်ပြီးသည့်အခါ ယင်းမထေရ်များက "ဘုရားဟောစကားတော်ဖြစ်တဲ့ သုတ်, အဘိဓမ္မာ, ဝိနည်းကို ဘယ်မြို့, ဘယ်ရွာမှာ သံဂါယနာတင်ကြရရင် ကောင်းမလဲ"ဟု စဉ်းစားညှိနှိုင်း တိုင်ပင်တော်မူကြပြန်သည်။

> "ရာဇဂြိုဟ်မြို့ဟာ ဆွမ်းခံစရာအရပ်လဲ ကျယ်ပြန့်တယ်၊ ကျောင်းအိပ်ရာနေရာတွေလဲ ပေါများလုံလောက်မှု ရှိတယ်၊ ရာဇဂြိုဟ်မြို့မှာပဲ မိုးလပတ်လုံးနေပြီး သံဂါယနာတင်ကြရရင် ကောင်းမယ်၊ ပြီးတော့ကာ- တို့ရဲ့ သာသနာတော်အရှည်တည်တံ့အောင်လုပ်တဲ့ ဒီအလုပ်ကို သုဘဒ္ဒအလား သဘောထား ကွဲပြားတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးက သံဃာ့အလယ်သို့ ဝင်ရောက်တားမြစ် နှောင့်ယှက်နိုင်စရာ ရှိနေတယ်၊ ဒါ့ကြောင့် အခြားရဟန်းတွေ ရာဇဂြိုဟ်မြို့မှာ ဝါမဆိုကြရင် ကောင်းမယ်"။

သံဂါယနာတင်မည့် ရဟန်းတော်များက တညီတညွတ်တည်း ညှိနှိုင်းစဉ်းစားဆုံးဖြတ်တော်မူကြသည်၊ ထို့နောက် အရှင်မဟာကဿပက သံဃာတော်ကို အသိပေးကြေငြာလိုက်သည်။-

"ငါရှင်တို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူကြပါ၊ သံဃာတော်ရဲ့ (သံဂါယနာတင်မယ့်ဌာနကို ရွေးချယ်မှု, အခြားရဟန်းတွေကို မြစ်တားမှု)ကိစ္စဟာ အခါအခွင့် သင့်တင့်လျောက်ပတ်ခဲ့ပါရင် အခြားရဟန်းတော်များ ရာဇဂြိုဟ်မြို့မှာ မိုးလပတ်လုံး နေထိုင်တာ ဝါဆိုတာကို မြစ်တားပြီး ဒီရဟန်းငါးရာတို့အား ရာဇဂြိုဟ်မြို့မှာ မိုးလပတ်လုံး နေထိုင်လျက် သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ဖို့ သမ္မုတိ ပေးသင့်ပါတယ်၊ ဒါက သံဃာတော်ကို ကြိုတင်အသိပေးခြင်း ဖြစ်ပါတယ်။

ငါ့ရှင်တို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါဦး၊ အခြားရဟန်းတွေ ရာဇဂြိုဟ်မြို့မှာ မိုးလပတ်လုံးနေထိုင်တာ ဝါဆိုတာကို မြစ်တားပြီး ဒီရဟန်းငါးရာတို့အား ရာဇဂြိုဟ်မြို့မှာ မိုးလပတ်လုံး နေထိုင်လျက် သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ဖို့ သမ္မုတိပေးပါတယ်၊ အဲဒီလို သမ္မုတိပေးတာကို နှစ်သက်သဘောကျတဲ့အရှင်က ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမကျတဲ့အရှင်က အမိန့်ရှိတော်မူပါ။

သံဃာတော်က အခြားရဟန်းတွေ ရာဇဂြိုဟ်မြို့မှာ နေထိုင်တာကို မြစ်တားပြီး ဒီရဟန်းငါးရာတို့အား ရာဇဂြိုဟ်မြို့မှာ မိုးလပတ်လုံး နေထိုင်လျက် သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ဖို့ သမ္မုတိ ပေးပြီးပါပြီ၊ သံဃာတော်က နှစ်သက်သဘောကျပါတယ်၊ ဒါကြောင့်မို့လဲ ဆိတ်ဆိတ်နေပါတယ်၊ အဲဒီလို ဆိတ်ဆိတ်နေတဲ့အတွက်ပဲ သဘောကျတယ်ဆိုတာကို အသိအမှတ်ပြုရပါတော့တယ်။

အရှင်မဟာကဿပက သံဃာတော်ကို အသိပေးကြေညာပြီးသည့်အခါ သံဂါယနာတင်ရန် ရွေးချယ်ထားသည့် မထေရ်များက သုတ်,အဘိဓမ္မာ,ဝိနည်းကို သံဂါယနာတင်ရန် ရာဇဂြိုဟ်မြို့သို့ ကြွသွားတော်မူကြသည်၊ ရာဇဂြိုဟ်မြို့သို့ ရောက်သည့်အခါမှာ ညှိနှိုင်းတိုင်ပင်တော်မူကြပြန်သည်။-

"ငါရှင်တို့ ! ဘုရားရှင်က ပျက်စီးယိုးယွင်းနေတာကို ပြုပြင်မှုကို ချီးမွမ်းတော်မူပါတယ်၊ ယခု တပည့်တော်တို့ တစ်လလုံးလုံး ပျက်စီးယိုယွင်းနေတဲ့ကျောင်းတွေကို ပြုပြင်ကြစို့၊ ပြီးတော့ အလယ်လမှာ စည်းဝေးပြီး သုတ်,အဘိဓမ္မာ, ဝိနည်းကို သံဂါယနာ တင်ကြစို့ရဲ့"။

ယင်းသို့ တိုင်ပင်ညှိနှိုင်းထားကြသည့်အတိုင်း ပထမတစ်လလုံးလုံး ပျက်စီးယိုယွင်းနေသော ကျောင်းများကို ပြုပြင်တော်မူကြသည်။

ကျောင်းများလည်း ပြုပြင်ပြီးစီးသွားပြီ၊ အဏာတသတ်မင်း ဆောက်လုပ်ခိုင်းထားသော သံဂါယနာတင်မဏ္ဍပ်လည်း အသင့်ဖြစ်နေခဲ့ပြီ၊ သို့ဖြင့် သံဂါယနာတင်မည့် အချိန်မှာ အလွန်နီးကပ်လာပါတော့သည်၊ ထိုစဉ် အရှင်အာနန္ဒာသည် မိမိရထားသော မဂ်ဖိုလ်မျှဖြင့် ကျေနပ်အားရ၍ မနေနိုင်တော့ပါ။

"နက်ဖြန် ခီဏာသဝ(ရဟန္တာ)သံဃာ့အစည်းအဝေးပဲ၊ သေက္ခပုဂ္ဂိုလ်အနေနဲ့ အဲဒီ ခီဏာသဝ သံဃာ့အစည်းအဝေးသို့ သွားရတာဟာ ငါ့အတွက် မသင့်တော်လှပေဘူး"။

ဤသို့ မိမိ၏ အခြေအနေကို သုံးသပ်ဆင်ခြင်ပြီး တစ်ညဉ့်လုံး အများအားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်သည်၊ မိုးလင်းကာနီးမှာ လဲလျောင်းဦးမှပဲ-ဟု ကိုယ်ကိုစောင်းလဲလိုက်သည်၊ ဦးခေါင်းကလည်း ခေါင်းအုံးသို့ မရောက်သေး၊ ခြေများလည်း မြေမှ(တည်ရာမှ) လွတ်နေခဲ့ပြီ၊ ဤအခိုက်အတန့်မှာပင် အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားခဲ့သည်။

ဤသို့လျှင် အရှင်အာနန္ဒာသည် ရဟန္တာဖြစ်ပြီးမှ ခီဏာသဝသံဃာ့အစည်းအဝေးသို့ ကြွတော်မူသည်၊ အရှင်အာနန္ဒာ ရောက်လာသည့်အချိန်မှာ အရှင်မဟာကဿပက သံဃာတော်အား မိန့်ကြားတော်မူသည်။-

"ငါရှင်တို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ၊ သံဃာတော်မှာ အခွင့်အခါ သင့်လျော်ခဲ့ပါရင် တပည့်တော်က အရှင်ဥပါလိအား ဝိနည်းကို မေးရပါတော့မယ်"။

အရှင်မဟာကဿပ၏ စကားဆုံးသွားသည်နှင့်တစ်ပြိုင်နက် အရှင်ဥပါလိကလည်း သံဃာတော်အား လျှောက်ထားပြန်သည်။-

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူကြပါ၊ သံဃာတော်မှာ အခွင့်အခါသင့်လျော်ခဲ့ပါရင် အရှင်မဟာကဿပက ဝိနည်းကို မေးတဲ့အခါ တပည့်တော်က ဖြေဆိုပါ့မယ်"။

အရှင်ဥပါလိ၏ စကားအဆုံးမှာပင် အရှင်မဟာကဿပက အရှင်ဥပါလိကို စတင်မေးပါတော့သည်။-

"ငါ့ရှင်ဥပါလိ ! ဘုရားရှင်က ပထမပါရာဇိကကို အဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသနည်း?။

“ဝေသာလီမြို့မှာ ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား”။

“အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ပညတ်တော်မူခဲ့သနည်း?”။

“ကလန္ဒသူဌေးသား ရှင်သုဒိန်ကို အကြောင်းပြုပြီး ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား”။

“အဘယ်အကြောင်းကြောင့် ပညတ်တော်မူခဲ့ပါသနည်း?”။

“မေထုန်အကျင့်ကို ပြုခြင်းကြောင့် ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား”။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ပထမပါရာဇိက၏ဝတ္ထုကိုလည်း မေးသည်၊ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်၊ မူလပညတ်ကိုလည်း မေးသည်၊ အနုပညတ်ကိုလည်း မေးသည်၊ အာပတ်ကိုလည်း မေးသည်၊ အနာပတ်ကိုလည်း မေးသည်။

“ငါ့ရှင်ဥပါလိ ! ဒုတိယပါရာဇိကကိုတော့ ဘုရားရှင် အဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသနည်း?”။

“ရာဇဂြိုဟ်မြို့မှာ ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား”။

“အဘယ်ပုဂ္ဂိုလ် အကြောင်းပြုပြီး ပညတ်တော်မူခဲ့ပါသနည်း?”။

“အိုးထိန်းသည်ရဲ့သား ရှင်ဓနိယကို အကြောင်းပြုပြီး ပညတ်ကော်မူခဲ့ပါတယ် အရှင်ဘုရား”။

“အဘယ်အကြောင်းကြောင့် ပညတ်တော်မူခဲ့ပါသနည်း?”။

“မပေးအပ်တဲ့ သစ်တွေကို ခိုးယူခြင်းကြောင့် ပညတ်တော်မူပါတယ် အရှင်ဘုရား”။

ထိုစဉ် အရှင်မဟာကဿပက အရှင်ဥပါလိကို ဒုတိယပါရာဇိက၏ ဝတ္ထုကိုလည်း မေးသည်၊ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်၊ မူလပညတ်ကိုလည်း မေးသည်၊ အနုပညတ်ကိုလည်း မေးသည်၊ အာပတ်ကိုလည်း မေးသည်၊ အနာပတ်ကိုလည်း မေးသည်။

“ငါ့ရှင်ဥပါလိ ! တတိယပါရာဇိကကို အဘယ်အရပ်မှာ ဘုရားရှင် ပညတ်တော်မူခဲ့ပါသနည်း?”။

“ဝေသာလီမြို့မှာ ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား”။

“အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ပညတ်တော်မူခဲ့ပါသနည်း?”။

"ရဟန်းအများကို အကြောင်းပြုပြီး ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား"။

"အဘယ်အကြောင်းကြောင့် ပညတ်ခဲ့ပါသနည်း?"။

"လူသားပုဂ္ဂိုလ်ကိုသတ်ခြင်းကြောင့် ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား"။

ထိုစဉ် အရှင်မဟာကဿပသည် အရှင်ဥပါလိကို တတိယပါရာဇိက၏ ဝတ္ထုကိုလည်း မေးသည်၊ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်၊ မူလပညတ်ကိုလည်း မေးသည်၊ အနုပညတ်ကိုလည်း မေးသည်၊ အာပတ်ကိုလည်း မေးသည်၊ အနာပတ်ကိုလည်း မေးသည်။

"ငါ့ရှင်ဥပါလိ ! စတုတ္ထပါရာဇိကကိုကား အဘယ်အရပ်မှာ ဘုရားရှင် ပညတ်တော်မူခဲ့ ပါသနည်း?"။

"ဝေသာလီမြို့မှာ ပညတ်တော်မူခဲ့ပါတယ် အရှင်ဘုရား"။

"အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ပညတ်တော်မူခဲ့ပါသနည်း?"။

"စဂ္ဂမုဒါမြစ်ကမ်းနားမှာ နေကြတဲ့ ရဟန်းတွေကိုအကြောင်းပြုပြီး ပညတ်တော် မူခဲ့ပါတယ် အရှင်ဘုရား"။

"အဘယ်အကြောင်းကြောင့် ပညတ်တော်မူခဲ့ပါသနည်း?"။

"အထက်တန်းစားပုဂ္ဂိုလ်များရဲ့ ဥစ္စာဖြစ်တဲ့ စျာန်, မဂ်, ဖိုလ်တရား(ဥတ္တရိ မနုဿဓမ္မ)ကို ပြောဆိုခြင်းကြောင့် ပညတ်တော်မူပါတယ် အရှင်ဘုရား"။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို စတုတ္ထပါရာဇိက၏ ဝတ္ထုကိုလည်း မေးသည်၊ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်၊ မူလပညတ်ကိုလည်း မေးသည်၊ အနုပညတ်ကိုလည်း မေးသည်၊ အာပတ်ကိုလည်း မေးသည်၊ အနာပတ်ကိုလည်း မေးသည်။

ဤနည်းအတိုင်းပင် ဥဘတောဝိဘင်းကို မေးတော်မူသည်၊ အရှင်မဟာကဿပ မေးသမျှကို အရှင်ဥပါလိက ဖြေတော်မူသည်၊ အမေးအဖြေအဆုံးအဆုံးမှာ ရဟန္တာဝငါးရာ စုပေါင်းရွတ်ကာ ဝိနည်းပိဋကတ်ကို သံဂါယနာတင်ခဲ့ကြသည်။

ဝိနည်းပိဋကတ်ကို သံဂါယနာတင်ပြီးသည့်အချိန်မှာ အရှင်မဟာကဿပက သံဃာတော်ကို မိန့်ကြားတော်မူပြန်သည်။-

"ငါ့ရှင်တို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ၊ သံဃာတော်မှာ အခွင့်အခါ ညီညွတ်ခဲ့ပါရင် တပည့်တော်က အာနန္ဒာအား သုတ်, အဘိဓမ္မာကို မေးပါတော့မယ်"။

အရှင်မဟာကဿပ၏ စကားအဆုံးမှာ အရှင်အာနန္ဒာကလည်း သံဃာတော်အား လျှောက်ထားပြန်သည်။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော် မူကြပါ၊ သံဃာတော်မှာ အခါအခွင့်သင့်တင့်ညီညွတ်ခဲ့ပါလျှင် အရှင်မဟာ ကဿပက သုတ်အဘိဓမ္မာကို မေးတဲ့အခါမှာ တပည့်တော်က ဖြေဆိုပါ့မယ်"။

ယင်းသို့ အသီးအသီး ပြောကြားသိစေပြီးသည့်နောက် အရှင်မဟာကဿပက အရှင်အာနန္ဒာအား စတင်မေးပါတော့သည်။

"ငါ့ရှင်အာနန္ဒာ ! ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်မှာ ဘုရားရှင် ဟောတော် မူခဲ့ပါသနည်း?"။

"ရာဇဂြိုဟ်မြို့နှင့် နာလန္ဒမြို့ရဲ့အကြား အမွှေးလင်္ဂကာဥယျာဉ်ဝယ် မင်းကွန်းစံနန်း တော်မှာ ဟောကြားတော်မူခဲ့ပါတယ် အရှင်ဘုရား"။

"အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါသနည်း?"။

"သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်ကိုအကြောင်းပြုပြီး ဟောတော်မူခဲ့ပါတယ် အရှင်ဘုရား"။

ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား ဗြဟ္မဇာလသုတ်၏ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်။

"ငါ့ရှင်အာနန္ဒာ ! သာမညဖလသုတ်ကိုတော့ အဘယ်အရပ်မှာ ဟောတော် မူခဲ့ပါသနည်း?"။

"ရာဇဂြိုဟ်မြို့ ဇီဝကရဲ့ သရက်ဥယျာဉ်မှာ ဟောတော်မူခဲ့ပါတယ် အရှင်ဘုရား"။

"အဘယ်ပုဂ္ဂိုလ်နှင့်အတူ ဟောကြားခဲ့ပါသနည်း?"။

"ဝေဒေဟီမိဖုရားရဲ့သား အဇာတသတ်နှင့်အတူ ဟောကြားတော်မူခဲ့ပါတယ် အရှင်ဘုရား"။

ထိုစဉ် အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား သာမညဖလသုတ်၏ နိဒါန်းကိုလည်း မေးသည်၊ ပုဂ္ဂိုလ်ကိုလည်း မေးသည်။

ဤနည်းဖြင့်ပင်လျှင် နိကာယ်ငါးရပ်လုံးကိုလည်း မေးတော်မူသည်၊ အရှင်မဟာ ကဿပ မေးသမျှကို အရှင်အာနန္ဒာက ဖြေဆိုခဲ့သည်၊ အမေးအဖြေ၏အဆုံးအဆုံးမှာ ရဟန္တာငါးရာ စုပေါင်းရွတ်ကာ သံဂါယနာတင်ကြသည်။

သုတ်,အဘိဓမ္မာ,ဝိနည်းကို သံဂါယနာတင်ပြီးချိန်မှာ "အရှင်မဟာကဿပထေရ်က ဘုရားရှင်၏ သာသနာတော်ကိုနှစ်ပေါင်းငါးထောင် တည်နိုင်လောက်အောင် ပြုအပ်ပါပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးသကဲ့သို့ မဟာပထဝီမြေကြီးက အမျိုးမျိုး အဖုံဖုံ တုန်လှုပ်ခဲ့သည်၊ အံ့သြစရာတွေလည်း အများအပြား ဖြစ်ပေါ်လာခဲ့သည်။

သိက္ခာပုဒ်များကို အတည်ပြုခြင်း

သံဂါယနာတင်ပြီးသည့်အချိန်မှာပင် အရှင်အာနန္ဒာက သံဂါယနာတင်ရာမှာ ပါဝင်သော မထေရ်မြတ်များအား လျှောက်ထားသည်။-

"အရှင်ဘုရားတို့ ! ပရိနိဗ္ဗာန် စံလွန်တော်မူကာနီးမှာ ဘုရားရှင်က 'အာနန္ဒာ ! အလိုရှိခဲ့ရင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့အခါမှာ သံဃာတော်က ခုဒ္ဒ, အနုခုဒ္ဒကဖြစ်တဲ့(ငယ်ကုန်, ပိုပြီးငယ်ကုန်တဲ့) သိက္ခာပုဒ်တွေကို ပယ်နုတ်နိုင်တယ်' လို့ တပည့်တော်ကို မှာထားမိန့်ကြားခဲ့ပါတယ်"။

"ငါ့ရှင်အာနန္ဒာ ! ခုဒ္ဒ,အနုခုဒ္ဒကသိက္ခာပုဒ်တွေဆိုတာဟာဘာတွေပါလဲဘုရား? လို့ ငါ့ရှင်က ဘုရားရှင်ကို မေးလျှောက်ထားလိုက်ရဲ့လား?။

"ဒီလိုတော့ တပည့်တော်က မမေးမိ, မလျှောက်ထားမိပါ အရှင်ဘုရားတို့"။

ထိုစဉ် မထေရ်များက ယင်းခုဒ္ဒ, အနုခုဒ္ဒကသိက္ခာပုဒ်များနှင့် ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ပြောဆိုလာကြပါတော့သည်၊ ယင်းသို့ သူတစ်မျိုး, ငါတစ်ဖုံ အမျိုးမျိုး ပြောဆိုလာ ကြသည့်အခါ အရှင်မဟာကဿပက သံဃာတော်အား မိန့်ကြားတော်မူပြန်သည်။-

"ငါ့ရှင်တို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါဦး၊ တပည့်တော့်တို့မှာ လူများပါ သိနေကြတဲ့ သိက္ခာပုဒ်တွေ ရှိနေကြပါတယ်၊ 'ဒီအလုပ်ဟာ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်တဲ့ ရဟန်းတော်များအား အပ်တယ်၊ ဒီအလုပ်ကတော့ မအပ်ဘူး'လို့ လူတွေပါသိနေကြပါတယ်၊ တကယ်လို့သာ တပည့်တော်တို့က ခုဒ္ဒ,အနုခုဒ္ဒကသိက္ခာပုဒ်တွေကို ပယ်နုတ်လိုက်ကြမယ် ဆိုပါရင် 'ရဟန်းဂေါတမက တပည့်တွေအတွက် မိမိအလောင်းကို မီးသင်္ဂြိဟ်တဲ့နေရာမှာ မီးခိုးရှိနေတဲ့ အချိန်တိုင်ရုံသာ သိက္ခာပုဒ်တွေကို ပညတ်ထား ခဲ့တယ်၊ ဒီရဟန်းတွေကလဲပဲ သူတို့ရဲ့ဆရာ အသက်ထင်ရှားရှိနေတဲ့ ကာလတိုင်ရုံသာ သိက္ခာပုဒ်တွေကို ကျင့်ခဲ့ကြတယ်၊ သူတို့ရဲ့ဆရာ ပရိနိဗ္ဗာန်စံလွန်သွားပြီးတဲ့ အခုနေ အချိန်မှာ သိက္ခာပုဒ်တွေကို မကျင့်ကြတော့ဘူး၊' ဒီလို ပြောဆိုမဲ့သူတွေ ရှိလာလိမ့်မယ်၊ သံဃာတော်မှာ အခါအခွင့် သင့်တင့်ညီညွတ်ခဲ့ပါရင် သံဃာတော်က ဘုရားရှင် ဘုရားရှင်မပညတ်တဲ့ သိက္ခာပုဒ်ကို နောက်ထပ် မပညတ်သင့်ပါ၊ ပညတ်ပြီး သိက္ခာပုဒ်တွေကိုလဲ မပယ်ဖျက်သင့်ပါ၊ ပညတ်ထားခဲ့သမျှ သိက္ခာပုဒ်

တွေကို စိတ်ပါဝင်စားစွာ လေးလေးစားစား ကျင့်ရပါ့မယ်၊ ဒါက ကြိုတင်အသိပေးထားရုံ ဖြစ်ပါတယ်။

ငါ့ရှင်တို့ !သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါဦး၊ တပည့်တော်တို့မှာ လူများပါ သိနေကြတဲ့ သိက္ခာပုဒ်တွေ ရှိနေကြပါတယ်၊ 'ဒီအလုပ်ဟာ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်တဲ့ ရဟန်းများအားအပ်တယ်၊ ဒီအလုပ်ကတော့ မအပ်ဘူး'လို့ လူတွေကပါ သိနေကြပါတယ်၊ တကယ်လို့သာ တပည့်တော်တို့က ခုဒ္ဒ, အနုခုဒ္ဒကသိက္ခာပုဒ်တွေကို ပယ်နုတ်လိုက်ကြမယ်ဆိုပါရင် 'ရဟန်းဂေါတမက တပည့်တွေအတွက် သိက္ခာပုဒ်ကို တော်လောတော် လောင်ရာအရပ်မှာ မီးခိုးရှိနေတဲ့ အချိန်တိုင်ရုံသာ ပညတ်ထားခဲ့တယ်၊ ဒီရဟန်းတွေကလဲပဲ သူတို့ရဲ့ဆရာဘုရား သက်တော်ထင်ရှားရှိနေတဲ့ ကာလတိုင်ရုံသာ သိက္ခာပုဒ်တွေကို လေးလေးစားစား ကျင့်ခဲ့ကြတယ်၊ သူတို့ရဲ့ဆရာဘုရား ပရိနိဗ္ဗာန် စံလွန်သွားတဲ့ အခုနေအချိန်မှာ သိက္ခာပုဒ်တွေကို လေးလေးစားစား မကျင့်ကြတော့ဘူး၊' ဒီလိုပြောဆိုမယ့်သူတွေ ပေါ်ထွက်လာလိမ့်မယ်၊ ဒီတော့ သံဃာတော်က ဘုရားရှင် မပညတ်ခဲ့တာကို အသစ်မပညတ်သင့်ပါ၊ ပညတ်ခဲ့တာကိုလဲ မပယ်ဖျက်သင့်ပါ၊ ဘုရားရှင်က ပညတ်ထားခဲ့သမျှ သိက္ခာပုဒ်တွေကို လေးလေးစားစား ကျင့်ရပါ့မယ်၊ 'ဘုရားရှင်က မပညတ်ခဲ့တာကို အသစ်မပညတ်ခြင်း, ပညတ်ထားခဲ့တာကို မပယ်ဖျက်ခြင်း, ပညတ်ထားခဲ့သမျှ သိက္ခာပုဒ်တွေကို လေးလေးစားစား လိုက်နာကျင့်သုံးခြင်း'ဆိုတဲ့ ဒီသုံးမျိုးကို နှစ်သက်သဘောကျတဲ့ အရှင်က ဆိတ်ဆိတ်နေတော်မူပါ၊ မနှစ်သက် သဘော မကျတဲ့ အရှင်က အမိန့်ရှိတော်မူပါ။

သံဃာတော်က 'ဘုရားရှင် မပညတ်ခဲ့တာကို အသစ်မပညတ်ခြင်း, ပညတ်ခဲ့တာကို မပယ်ဖျက်ခြင်း, ဘုရားရှင် ပညတ်ထားခဲ့သမျှ သိက္ခာပုဒ်တွေကို လေးလေးစားစား လိုက်နာကျင့်သုံးခြင်း 'ဆိုတဲ့ ဒီသုံးမျိုးကို နှစ်သက်သဘောကျပါတယ်၊ ဒါ့ကြောင့် ဆိတ်ဆိတ်နေခဲ့ပါတယ်၊ အဲဒီလို ဆိတ်ဆိတ်နေတဲ့အတွက် သံဃာတော်က သဘောကျလက်ခံတယ်'ဆိုတာကို အသိအမှတ် ပြုရပါတော့တယ်"။

ဤသို့လျှင် ဘုရားရှင် ပညတ်ထားခဲ့သမျှ သိက္ခာပုဒ်တွေကို ဖြည့်စွက်ပယ်နုတ်မှု မပြုဘဲ အရှိအတိုင်း လေးလေးစားစား လိုက်နာကျင့်သုံးကြရန် အရှင်မဟာကဿပက သံဃာ့ဆန္ဒဖြင့် အတည်ပြုပေးလိုက်သည်။

ဘုရားရှင်၏အလို

"ငါဘုရားက 'အလိုရှိခဲ့ရင်'လို့ မိန့်ဆိုထားခဲ့တဲ့အတွက် ဓမ္မသင်္ဂါဟက ရဟန်းတွေက နုတ်သင့်တဲ့သိက္ခာပုဒ် တစ်စုံတစ်ခုကိုမျှ တွေ့ကြမယ် မဟုတ်၊ သိက္ခာပုဒ်ကို နုတ်လိုက်တဲ့အတွက် ဖြစ်ပေါ်လာမယ့် အပြစ်တွေကို တွေ့မြင်

ကြလိမ့်မယ်၊ ဒါ့ကြောင့် "ဘုရားရှင် မပညတ်ခဲ့တာကို အသစ်မပညတ်သင့်၊ ပညတ်ခဲ့တာကို မပယ်ဖျက်သင့်" စသည်ဖြင့် နောက်ထပ်ပညတ်တော်နှင့်တူစွာ ခိုင်မြဲအောင် ကမ္မဝါစာ ဖတ်ကာ ဆောက်တည်ကျင့်သုံးကြပေလိမ့်မယ်၊ သို့ဖြင့် သာသနာတော် ကွယ်ခါနီးအထိ သိက္ခာပုဒ်တော်များ တားမြစ်ဖျက်ဆီးမှု မခံရတော့ဘဲထင်ရှား တည်ရှိ နေပေလိမ့်မယ်" ဟူသောအလိုတော်ဖြင့် "အာနန္ဒာ ! အလိုရှိခဲ့ရင် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ အခါမှာ ခုဒ္ဒ, အနုခုဒ္ဒကဖြစ်တဲ့ သိက္ခာပုဒ်တွေကို ပယ်နုတ်နိုင်တယ်" ဟူသောစကားကို မိန့်ကြားခဲ့ရပေသည်။

ထို့ကြောင့် ဘုရားရှင်၏အလိုတော်ကိုသိတော်မူကြသော သံဂါယနာတင် မထေရ်များကလည်း ဘုရားရှင်၏ အလိုတော်အတိုင်းပင် ကျင့်သုံးလိုက်နာကြပေသည်။ ဝိ ဋီ-၂၊ ၂၆၆။

သိက္ခာပုဒ်ကို မပညတ် မပယ်ဖျက်သင့်

သိက္ခာပုဒ်အသစ်မပညတ်မှု, အဟောင်းကို မပယ်ဖျက်မှု, လက်ရှိအတိုင်း လိုက်နာကျင့်သုံးမှုနှင့်စပ်သော ပြဿနာသည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကလည်း ဖြစ်ပေါ်ခဲ့ဖူးပါသည်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့ကို အမိန့်ရှိတော်မူသည်။-

"ရဟန်းတို့ ! ငါဘုရား သုံးလလုံးလုံး တစ်ပါးတည်း ကိန်းအောင်းလိုတယ်၊ ဆွမ်းပို့ရဟန်းတစ်ပါးအပြင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ငါဘုရားရှင့် အနားကို မလာခဲ့ကြနဲ့"။

ရဟန်းများလည်း ဘုရားရှင့်အမိန့်တော်အတိုင်း လိုက်နာနေထိုင်ကြသည်၊ ထို့ပြင် သာဝတ္ထိမြို့၌ သီတင်းသုံးနေထိုင်သော သံဃာက ကတိကဝတ်ကိုလည်း ပြုလုပ်ထားကြပြန်သည်။-

"ငါ့ရှင်တို့ ! ဘုရားရှင်ဟာ သုံးလလုံးလုံး တစ်ပါးတည်း ကိန်းအောင်းတော်မူလိုတယ်၊ ဆွမ်းပို့ရဟန်းတစ်ပါးအပြင် မည်သူတစ်ဦးတစ်ယောက်မျှ ဘုရားရှင့် အနားကို မသွားကြစတမ်း၊ ဘုရားရှင့်အနားကို သွားတဲ့ရဟန်း ပါစိတ်အာပတ်ကို ဒေသနာ ပြောကြားရမယ်"။

ရဟန်းတော်များ ကတိကဝတ်လုပ်ထားပြီးသည့်အချိန်မှာပင် ဝက်နွာ၏သား အရှင်ဥပသေနသည် တပည့်များနှင့်အတူ ဘုရားရှင့်အနားကို ရောက်လာခဲ့သည်၊ ဘုရားရှင်ကို ရှိခိုးဝပ်ချပြီး သင့်လျော်ရာက ထိုင်နေခဲ့သည်။

ယင်းဥပသေနသည် -

ရဟန်းတို့ ! ဆယ်ဝါမပြည့်သေးတဲ့ရဟန်း ဥပဇ္ဈာယ်လုပ်လို့ ရဟန်းခံမပေးရ၊ ခံပေးတဲ့ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်စေ။ မဟာ-ပါ၊ ၇၄။

ဤသိက္ခာပုဒ်တော်ကို ပညတ်တော်မူသည့်အခါ-

"ယောက်ျားဖျင်း ! သင်ဟာ သူတစ်ပါးရဲ့ ဆုံးမဩဝါဒကို ခံယူနေထိုင်ရမယ့် သူမျိုးသာ ဖြစ်ပါလျက်နဲ့ ဘာ့ကြောင့် သူများကို ဆုံးမဩဝါဒ ပေးသင့်တယ်လို့ မှတ်ထင်ရဘိသလဲ?"။

စသည်ဖြင့် ဘုရားရှင်၏ ကဲ့ရဲ့ပြစ်တင်မှုကို ခံခဲ့ရဖူးသည်၊ ယင်းသို့ ကဲ့ရဲ့ခံရခြင်းသည်ပင် စိတ်ကောင်းနှလုံးကောင်း ရှိသူအတွက် တိုးတက်ရေးလမ်းစ ဖြစ်ပေသည်။

"ဘုရားရှင်က ပရိသတ်ကိုအကြောင်းပြုပြီး ငါ့ကို ကဲ့ရဲ့ခဲ့တာပဲ၊ အခု ငါဟာ လပြည့်ဝန်းလို ကျက်သရေရှိနေတဲ့အပြင် အစစအရာရာ ပြည့်စုံနေတဲ့ အဲဒီကဲ့ရဲ့တဲ့ ပါးစပ်တော်နဲ့ပဲ မြတ်တဲ့အသံတော်ကို မိန့်မြွက်ပြီး ပရိသတ်ကိုပဲ အကြောင်းပြုကာ ဘုရားရှင်က ကောင်းချီးပေးလာအောင် လုပ်ရတော့မယ်"။

စိတ်ကောင်းနှလုံးကောင်းရှိသူပီပီ ဥပသေနကလည်း စိတ်ထဲက ကြိုစည်ဆုံးဖြတ်ထားပြီးသည့်နောက် ယူဇနာတစ်ရာကျော်ဝေးကွာသော အရပ်သို့ ထွက်သွားခဲ့သည်၊ ပရိသတ်ကို စိစစ်ပြီး ရဟန်းငါးရာခြံရံလျက် ရောက်လာခဲ့ပေသည်။

ထိုစဉ် အရှင်ဥပသေန၏ အတူနေတပည့် ရဟန်းတစ်ပါးသည်လည်း ဘုရားရှင့် အနားမှာပင် ထိုင်နေသည်၊ ဘုရားရှင်က ထိုရဟန်းကလေးကို စကားစ ရအောင် မေးတော်မူသည်။-

"ရဟန်း ! ပံသုကူသင်္ကန်းတွေကို သင်ကကြိုက်ရဲ့လား?"။

"ပံသုကူသင်္ကန်းတွေကို တပည့်တော်က မကြိုက်လှပါဘုရား"။

"ဒါဖြင့်ရင်- သင်က ဘာ့ကြောင့် ပံသုကူဆောင်ရသလဲ?"။

"တပည့်တော်ရဲ့ဆရာက ပံသုကူဆောင်ပါတယ်၊ ဒါနဲ့ တပည့်တော်လဲ ပံသုကူဆောင်ရပါတယ် အရှင်ဘုရား"။

ရဟန်းငယ်၏ စကားအဆုံးမှာပင် ဘုရားရှင်က အရှင်ဥပသေနကို မေးတော်မူပြန်သည်။

"ဥပသေန ! သင်ရဲ့ ဒီပရိသတ်ဟာ ကြည်ညိုစရာ ကောင်းလှပါဘိတယ်၊ သင်က ပရိသတ်ကို ဘယ်လိုဆုံးမသလဲ?"။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်ထံမှာ ရဟန်းပြုခွင့် တောင်းလာတဲ့သူကို ငါ့ရှင် ! ငါက အရည်ကင်ဓုတင် ဆောင်တယ်၊ ပိဏ္ဍာပါတ်ဓုတင် ဆောင်တယ်၊ ပံသုကူဓုတင် ဆောင်တယ်၊ သင်က ငါ့လိုကျင့်နိုင်မယ်ဆိုရင် သင့်ကို ငါက ရဟန်းခံပေးပါ့မယ်၊ ဒီလို ကြိုတင်ပြောပြပါတယ်၊ တပည့်တော်ရဲ့စကားကို နာခံလိုက်နာမှ ရဟန်းခံပေးပါတယ်၊ မနာခံမလိုက်နာပါက ရဟန်းခံမပေးပါ။

တပည့်တော်ထံမှာ နိဿည်းတောင်းသူကိုလဲပဲ အလားတူပင် ပြောပြပါတယ်၊ တပည့်တော်ရဲ့စကားကို နာခံလိုက်နာမှ နိဿည်း ပေးပါတယ်၊ မနာခံမလိုက်နာပါက နိဿည်း မပေးပါ၊ ရှင်တော်မြတ်ဘုရား ! ဒီလိုပဲ တပည့်တော်က ပရိသတ်ကို ဆုံးမပါတယ်"။

"ဥပသေန ! ကောင်းပေစွ၊ ကောင်းပေစွ၊ သင်ဟာ ပရိသတ်ကို ကောင်းစွာ ဆုံးမပါပေတယ်၊ ဥပသေန ! သင်က သာဝတ္ထိမြို့သံဃာရဲ့ ကတိကဝတ်ကို သိရဲ့လား?"။

"တပည့်တော်က သာဝတ္ထိမြို့သံဃာရဲ့ ကတိကဝတ်ကို မသိသေးပါ အရှင်ဘုရား"။

"ဥပသေန ! သာဝတ္ထိမြို့သံဃာက ငါ့ရှင်တို့ ! ဘုရားရှင်ဟာ သုံးလလုံးလုံး တစ်ပါးတည်း ကိန်းအောင်းနေလိုတယ်၊ ဆွမ်းပို့ရဟန်းတစ်ပါးအပြင် မည်သူ့ တစ်ဦးတစ်ယောက်မျှ ဘုရားရှင့်အနားကို မသွားကြစတမ်း၊ သွားတဲ့ရဟန်း ပါစိတ် အာပတ်ကို ဒေသနာပြောကြားရမယ်၊ ဒီလိုကတိကဝတ် လုပ်ထားတယ်"။

"ရှင်တော်မြတ်ဘုရား ! သာဝတ္ထိမြို့သံဃာဟာ ကိုယ့်ကတိကဝတ်နှင့်ပဲ ကိုယ်ထင်ရှားလာပါလိမ့်မယ်၊ တပည့်တော်တို့ကတော့ မပညတ်သေးတာကိုလဲ အသစ်မပညတ်လိုပါ၊ ပညတ်ထားတာကိုလဲ မပယ်ဖျက်လိုပါ၊ ပညတ်ထားသမျှ သိက္ခာပုဒ်တွေကိုပဲ လေးလေးစားစား ကျင့်လိုပါတယ်"။

"ဥပသေန ! ကောင်းပေစွ၊ ကောင်းပေစွ၊ မပညတ်သေးတာကိုလဲ အသစ် မပညတ်သင့်၊ ပညတ်ပြီးတာကိုလဲ မပယ်ဖျက်သင့်၊ ပညတ်ထားသမျှသိက္ခာပုဒ်တွေကို လေးလေးစားစား ကျင့်သင့်တယ်၊ ဥပသေန ! ငါဘုရားက ခွင့်ပြုပေတယ်၊ တောကျောင်းနေရဟန်း ပိဏ္ဍာပါတ်ဓုတင်ဆောင်ရဟန်း ပံသုကူဓုတင်ဆောင် ရဟန်းတွေက အလိုရှိသလို ငါဘုရားကို ဖူးမြော်ရန် အနားကို လာကြပါစေ"။ ပါရာ-ပါ၊ ၃၃၆။

ဘုရားရှင်တို့ကို ဝတ်အကျင့်နှင့်ပြည့်စုံမှုဖြင့်သာ နှစ်သိမ့်စေနိုင်သည်၊ အခြားနည်းလမ်းဖြင့် (သူတော်ကောင်းယောင် ဟန်ပန်ဆောင်သောအားဖြင့်) ဘုရားရှင်တို့ကို နှစ်သက်ကျေနပ်အောင် မလုပ်နိုင်။

ထို့ကြောင့် ယခုခေတ် ဆရာကြီးသမားကြီး လူကြီးလူကောင်းလုပ်နေသူများလည်း ဟန်ဆောင်သမားတို့၏ လှည့်စားခြင်းမှ ကင်းလွတ်နိုင်သမျှ ကင်းလွတ်အောင် အမြဲတစေ သတိထားသင့်ပေသည်။

ပရိယတ်တာဝန် ခွဲဝေခြင်း

မထေရ်မြတ်များက သံဂါယနာတင်ပြီးသည့်အခါမှာ သာသနာတော် ကြာရှည်လေးမြင့်တည်တံ့အောင် သင့်ရာသင့်ရာ စွမ်းနိုင်သော မထေရ်တို့အား တာဝန်ခွဲဝေအပ်နှင်း၍ တပည့်အဆက်ဆက်တို့အား သင်ကြားပို့ချစေကြသည်။

ဝိနည်းပိဋကတ်ကို အရှင်ဥပါလိအား "ငါ့ရှင် ဤဝိနည်းကို ငါ့ရှင်ရဲ့ တပည့် အဆက်ဆက်တို့ကို ပို့ချသင်ကြားပေးရမယ်"ဟု ပြောကြားအပ်နှင်းကြသည်။

"ငါ့ရှင်အာနန္ဒာ ! ဒီ-ဒီဃနိကာယ်ကို ငါရှင်ရဲ့ တပည့်အဆက်ဆက်တို့က ပို့ချဆောင်ရွက် လေ့ကျက်သင်အံ့ကြရမယ်"။

"ဒီမဇ္ဈိမနိကာယ်ကို ရှင်သာရိပုတ္တရာရဲ့ တပည့်များဖြစ်ကြတဲ့ ငါ့ရှင်တို့က သင်အံ့ပို့ချ ဆောင်ရွက်ကြရမယ်"။

"အရှင်ဘုရားကသပ ! ဒီသံယုတ္တနိကာယ်ကိုတော့ အရှင်မြတ်ရဲ့ တပည့် အဆက်ဆက်တို့ကို သင်အံ့ပို့ချ ဆောင်ရွက်စေတော်မူကြပါ"။

"ငါ့ရှင်အနုရုဒ္ဓါ ! ဒီအင်္ဂုတ္တရနိကာယ်ကို ငါ့ရှင်ရဲ့ တပည့်အဆက်ဆက်တို့ကို ပို့ချဆောင်ရွက်စေကြပါ"။

ဤသို့လျှောက်ထား၍ အသီးအသီး တာဝန်ခွဲဝေပေးကြသည်။

'အဘိဓမ္မာ, ဇာတ်, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ္ဂ, အပဒါန, သုတ္တနိပါတ, ခုဒ္ဒကပါဋ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, စရိယာပိဋက, ဇာတ္တဝံသ-ဟူသော ခုဒ္ဒကနိကာယ်ဝင် ပါဠိတော်များကိုကား သီးသန့်တာဝန်ပေးထားသည်ကို မတွေ့ရပါ၊ မထေရ်အဆက်ဆက်တို့က သဒ္ဓါပညာစွမ်းအားအလျောက် ဆောင်ရွက်လာကြသည်"ဟုသာ မှတ်ယူရန် ရှိပါတော့သည်။

သို့သော်-အဘိဓမ္မာပိဋကတ်ကို အရှင်သာရိပုတ္တရာထေရ်နှင့် တပည့် အဆက်ဆက် ဖြစ်တော်မူကြသော ဘဒ္ဒဇိထေရ်, သောဘိတထေရ်, ပိယဇာလိထေရ်, ပိယပါလထေရ်, ပိယဒဿီထေရ်, ကောသိယပုတ္တထေရ်, သိဂ္ဂဝထေရ်, သန္နောဟထေရ်, မောဂ္ဂလိပုတ္တတိဿထေရ်, သုဒတ္တထေရ်, ဓမ္မိယထေရ်, ဒါသကထေရ်, သောဏကထေရ်, ရေဝတထေရ်-အစရှိသောမထေရ်မြတ်များက တတိယသံဂါယနာ

တိုင်အောင် ဆောင်ရွက်လာကြသည်၊ နောက်ကာလ၌လည်း ထိုမထေရ်တို့၏ တပည့်အဆက်ဆက်တို့က ဆောင်ရွက်လာခဲ့ကြသည်၊ အဋ္ဌသာ-ဋ၊ ၃၂။

ဤသို့လည်း အဋ္ဌကထာဆရာများ မိန့်ဆိုထားကြပါသေးသည်။

ဤသို့လျှင် အရှင်မဟာကဿပ ဦးဆောင်သော မထေရ်မြတ်ငါးရာတို့သည် ကိုယ်တော်တိုင် ဆွမ်းခံဘဉ်းပေးတော်မူကြလျက် ဗုဒ္ဓမြတ်စွာ၏ တရားတော်များ မလွင့်ပါး မတိမ်ကော မပျောက်ပျက်ရအောင် ၇-လပတ်လုံး စုပေါင်းရွတ်ကာ သံဂါယနာ တင်ခဲ့ကြပေသည်၊ နောင်အခါ တစ်ဦးတစ်ယောက်မျှ မပယ်ဖျက် မဖြည့်စွက် နိုင်အောင် သိက္ခာပုဒ်တော်များကိုလည်း ဥတ်ကမ္မဝါစာဖတ်ကာ အတည်ပြု ထားခဲ့ကြ ပေသည်၊ ပေါင်းစုရွတ်ကာ သံဂါယနာ တင်ပြီးသည့်အချိန်မှာလည်း တပည့်အဆက်ဆက်တို့အား သင်ကြားပို့ချ လေ့ကျက်ဆောင်ရွက်ကြစေရန် အသီးအသီး တာဝန်ခွဲဝေ ပေးအပ်ထား တော်မူခဲ့ကြပေသည်။

ထိုမထေရ်တို့မှ ဆင်းသက်လာကြသော တပည့်များကလည်း ဗုဒ္ဓမြတ်စွာ၏ ပရိယတ်တရားတော်များ မလွင့်ပါး မတိမ်ကော မပျောက်ပျက်ရအောင် ဆောင်ရွက်ပို့ချ သင်ကြားလာခဲ့ကြပေသည်၊ ထိုမထေရ်မြတ်များ၏ ကျေးဇူးကား ကြီးမားလှပေစွ၊ အကယ်၍သာ မထေရ်မြတ်များက ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို စုပေါင်းရွတ်ကာ သံဂါယနာတင်မှ သိက္ခာပုဒ်တော်များကို အတည်ပြုပေးမှ, အသီးအသီး တာဝန်ခွဲဝေ ပို့ချစေမှတို့ကိုသာ မပြုလုပ်ခဲ့ပါလျှင် ယခုအချိန်မှာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ပင် ရှိနိုင်တော့မည် မထင်ပါ၊ သုဘဒ္ဒအလား အလဇ္ဇီ ဒုဿီလ, ပါပဘိက္ခုရဟန်းများ၏ အောက်မှာ အသက်ပျောက်ပြီး ဖြစ်ပါလိမ့်မည်။

ထို့ပြင် မထေရ်မြတ်များက သံဂါယနာတင်မှုကို ပြုလုပ်လိုက်သဖြင့် အလဇ္ဇီ ဒုဿီလ ရဟန်းယုတ်များလည်း ငြိမ်ဝပ်ပိပြားသွားခဲ့သည်၊ ပရိယတ်တရားတော်လည်း ပေါ်လွင်ထင်ရှားလာခဲ့သည်၊ ပရိယတ်အတိုင်း လိုက်နာကျင့်သုံးမှုကိုလည်း ဆက်လက် လုပ်ကိုင်နေကြတော့သည်၊ သို့ဖြင့် သာသနာတော် သန့်ရှင်း တည်တံ့သွားရပါတော့သည်။

ထို့ကြောင့် ရှင်မဟာကဿပ ဦးဆောင်သော မထေရ်မြတ်ငါးရာတို့ကို အစဦးဆုံး သာသနာတော် သန့်ရှင်းတည်တံ့ရေးကို လုပ်ဆောင်ထားခဲ့ကြသော သာသနာ့ကျေးဇူး ရှင်များ-ဟူ၍လည်း ချီးကျူးဂုဏ်တင်ထိုက်လှပါသည်။

ဒုတိယသံဂါယနာ

ပထမသံဂါယနာတင်၍ သာသနာတော် သန့်ရှင်းတည်တံ့ရေးကို လုပ်ပြီးသည့်နောက် နှစ်ပေါင်းတစ်ရာအတွင်းမှာ ပြောပလောက်အောင် သာသနာ့ဘေးရန် မဖြစ်ပေါ်ခဲ့ပါ၊ မထေရ်မြတ်များက တာဝန်ခွဲဝေ အပ်နှင်းထားခဲ့သည့်အတိုင်း အဆက်ဆက်သော ရဟန်းတော်များက ပရိယတ်တာဝန်ကိုလည်း ထမ်းဆောင်နေကြသည်၊ ပဋိပတ်အလုပ်

ကိုလည်း ကြိုးစားအားထုတ်နေခဲ့ကြသည်၊ သို့ဖြင့် အစွန်းအထင်း မထင်ဘဲ သာသနာတော်သန့်ရှင်းတည်တံ့နေခဲ့ပါသည်။

နှစ်ပေါင်း တစ်ရာလောက် ရောက်လာသည့်အခါမှာမူ သာသနာ့ဘေးရန် စတင်ဖြစ်ပေါ်လာခဲ့သည်၊ သာသနာတော်မှာ အစွန်းအထင်း ထင်လာခဲ့သည်။

၁။ သားချို့ဖြင့် ဆားကိုဆောင်ယူ၍ အလိုရှိသောအခါ ယာဝကာလိကနှင့် ရောနှောစားသောက်ကောင်းသည်။

၂။ အရိပ်လက်နှစ်သစ်ထွက်အောင် နေမွန်းလွဲသွားသော်လည်း ယာဝကာလိကကို စားကောင်းသည်။

၃။ ပဝါရိတ်သင့်သော ရဟန်းက အခြားရွာသို့သွားလိုလျှင် အတိရိတ်ဝိနည်းကံ မပြုဘဲစားကောင်းသည်။

၄။ မဟာသိမ်ကြီးတစ်သိမ်တည်းဝယ် ကျောင်းအသီးသီးမှာ သံဃာ့ကံ ပြုကောင်းသည်။

၅။ ရောက်လာမှ ဆန္ဒယူမည်-ဟု နှလုံးသွင်း၍ သံဃာမစုံခင် ကြိုတင်ကံပြုပြီး နောက်မှ ဆန္ဒယူခြင်းငှါ အပ်သည်။

၆။ ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်ဖြစ်က အပ်တော့သည်သာ။

၇။ နို့ဓမ်းဖြစ်ကာနီး နို့ရည်ကို ပဝါရိတ်သင့်ပြီးသောရဟန်း အတိရိတ် ဝိနည်းကံ မပြုဘဲ သောက်ကောင်းသည်။

၈။ သေရည်အစစ် မဖြစ်သေးသော သေနု(စိမ်ရည်)ကို သောက်ကောင်းသည်။

၉။ အမြိတ်အဆာ မပါသော နိသီဒိုင် အပ်သည်။

၁၀။ ရွှေ, ငွေ အပ်သည်။

ဝဇ္ဇီတိုင်း ဝေသာလီမြို့နေ ရဟန်းများက ဤအဓမ္မဝတ္ထု ဆယ်ခုတို့ကို လူသိရှင်ကြား ကြေညာကျင့်သုံးလာကြသည်၊ ဝိနည်းသိကၡာပုဒ်တော်များကို ဖျက်ဆီးစပြုလာကြသည်၊ ကာလာသောကမင်းသည်ပင် အစပထမက သူတို့၏ဘက်သား ဖြစ်နေခဲ့သေးသည်၊ နောက်မှ မှားမှန်းသိ၍ ဒုတိယသံဂါယနာ တင်သည့်အခါမှာ အထောက်အကူ ပြုလာသည်။

ထိုအချိန်မှာ အရှင်ယသထေရ်သည် ပါဝေယျကတိုင်းမှ ဝဇ္ဇီတိုင်းဘက်ကို ကြွလာခဲ့သည်၊ ခရီးရောက်မဆိုက်ပင် ယင်းသတင်းဆိုးကြီးကို ကြားသိတော်မူရသည်၊ မထေရ်မြတ်က ဖြစ်ပေါ်လာသော သာသနာ့ဘေးရန်ကို ကိုယ့်ဘေးရန်အလား သဘောထားတော်မူသည်၊ မကြီးထွားခင် ကြိုတင်ဟန့်တားရန်လည်း ဆုံးဖြတ်ထားလိုက်သည်။-

"ဘုရားရှင်ရဲ့ သာသနာတော် ပျက်စီးနေတယ်-ဆိုတာကို ကြားသိရပါလျက် ငါက ကြောင့်ကြမဲ့ (အမှုမဲ့ အမှတ်မဲ့ မသိလိုက် မသိဘာသာ) နေခဲ့မယ်ဆိုရင် မတော်ဘူး၊ အခုဘဲ ငါက အဓမ္မဝါဒီ အလဒ္ဓိပုဂ္ဂိုလ်တွေကို နှိပ်ကွပ်ပြီး တရားလမ်းကြောင်း (ဓမ္မ)ကို ပြရတော့မယ်"။

အရှင်ယသထေရ်သည် မိမိ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် လက်တွေ့လုပ်ကိုင်ရန် ဝေသာလီမြို့သို့ ကြွလာခဲ့သည်၊ မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူသည်။

ထိုစဉ် ဥပုသ်နေ့မှာ ဝဇ္ဇီတိုင်းသား ရဟန်းများက ငွေကိုအလှူခံနေကြသည်၊ ရဟန်းများ ရွေငွေကို အလှူမခံကောင်းကြောင်း အရှင်ယသက ကြားဝင်တားမြစ် ပါသေးသည်၊ မရတော့ပါ၊ ဒါယကာများက လှူနေကျအတိုင်းပင် လှူသွားကြသည်။

ထို့နောက် ဝဇ္ဇီတိုင်းသား ရဟန်းများက အရှင်ယသ၏စကားကို မနာယူရုံမျှသာမက အရှင်ယသအပေါ် ပဋိသာရဏီယကံကိုပင် ပြုကြပါသေးသည်၊ သို့သော် ယင်းကံအပြုခံရသည့်အတွက် အရှင်ယသက ဝေသာလီမြို့သား ဒါယကာဒါယိကာမများ နားလည်မှုရအောင် ရှင်းပြခွင့် ရလာပါတော့သည်။

နောက်ထပ် ဝိုင်းဝန်း(ဝိုင်းအုံ) ဖိနှိပ်ကြရန် ပြုလုပ်လာသည့်အခါမှာမူ အရှင်ယသက ကောသမ္မီမြို့သို့ တန်ခိုးကျဒွိပါဒ်ဖြင့် ထွက်ကြွလာခဲ့ရသည်၊ ပါဝေယျကတိုင်းနှင့် အဝန္တီဒက္ခိဏာပထတိုင်းမှာ သီတင်းသုံးနေတော်မူကြသော ရဟန်းတော်များထံ တမန်စေလွှတ်၍ လျှောက်ထားသည်၊ အရှင်သမ္ဘူတ, အရှင်ရေဝတ-စသော မထေရ်ကြီးများထံ မိမိကိုယ်တိုင် ကြွရောက်လျှောက်ထားသည်။

သို့ဖြင့် ရဟန်းတော်များ သဟဇာတိအရပ်မှာ စုဆုံကြသည်၊ အရှင်ရေဝတ၏ အကြံပြု လျှောက်ထားချက်အရ ထေရ်ကြီးဝါကြီး ရဟန်းတော်များက အဓမ္မဝတ္ထုဆယ်ခုကို ဆုံးဖြတ်ရန် ဝေသာလီမြို့သို့ ကြွတော်မူကြသည်။

ဝေသာလီမြို့သို့ ရောက်သည့်အခါမှာ အဓိကရဏ်းကို ဆုံးဖြတ်ရန် သံဃာ့အစည်းအဝေး ပြုလုပ်တော်မူကြသည်၊ အစည်းအဝေး စလိုက်သည်နှင့် တစ်ပြိုင်နက် သူတစ်မျိုး, ငါတစ်ဖုံ အမျိုးမျိုး ပြောဆိုလာကြပါတော့သည်။

ထိုစဉ် အရှင်ရေဝတက သံဃာ့ကိုယ်စားလှယ် ရွေးချယ်ပေးပါမည့်အကြောင်း သံဃာတော်ကို လျှောက်ထားသည်၊ သံဃာတော်က အရှေ့အရပ်(ဝဇ္ဇီတိုင်း)မှာ နေထိုင်ကြသော ရဟန်းတော်များဘက်မှ အရှင်သဗ္ဘကာမီ, အရှင်သာဠ္ဠ, အရှင်ခုဇ္ဇသောဘိတ, အရှင်ဝါသဘဂါမိတို့ကို ရွေးချယ်တော်မူသည်။

အနောက်အရပ်(ပါဝေယျကတိုင်း)မှာ နေထိုင်တော်မူကြသည့်ရဟန်းတော်များဘက်မှ အရှင်ရေဝတ, အရှင်သမ္ဘူတ, အရှင်ယသ, အရှင်သုမနတို့ကို ရွေးချယ်တော်မူသည်။

ထို့နောက် သံဃာ့ကိုယ်စားလှယ် မထေရ်မြတ်များက ဝါလိကာရုံကျောင်းတိုက်သို့ ကြွတော်မူကြသည်၊ အဓမ္မဝတ္ထု ဆယ်ခုကို တစ်ခုပြီးတစ်ခု အရှင်ရေဝတက မေးသည်၊ အရှင်သဗ္ဘကာမိက ဖြေဆိုဆုံးဖြတ်သည်၊ သို့ဖြင့် အဓမ္မဝတ္ထု ဆယ်ခုလုံးကို ပယ်ဖျက်လိုက်ကြသည်၊ ထို့ပြင် ရဟန်းအကုန်လုံး ပါဝင်သော သံဃာ့အစည်အဝေးမှာလည်း အရှင်ရေဝတကမေး၍ အရှင်သဗ္ဘကာမိကပင် ဖြေဆိုဆုံးဖြတ်ပြန်သည်၊ သို့ဖြင့် ယင်းအဓမ္မဝတ္ထု ဆယ်ခုလုံး ကောင်းစွာငြိမ်းအေးရပါတော့သည်။

ထို့နောက် မထေရ်များက ဓမ္မဝိနယကို သံဂါယနာတင်ရန် တိုင်ပင်ကြသည်၊ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ခုနစ်ရာတို့ကို ရွေးချယ်တော်မူကြသည်၊ ဝေသာလီမြို့ ဝါလိကာရုံကျောင်းတိုက်မှာပင် ဓမ္မဝိနယကို သံဂါယနာတင်ကြပြန်သည်၊ ရှစ်လကြာမှ ပြီးဆုံးခြင်းသို့ ရောက်သည်။

ဤဒုတိယသံဂါယနာကို အရှင်ယသကြောင့်ကြစိုက်၍ အရှင်ရေဝတနှင့် အရှင်သဗ္ဘကာမိတို့က ကြီးကြပ်တော်မူကြသည်၊ ပထမသံဂါယနာတင်စဉ်ကကဲ့သို့ သာသနာ့အညစ်အကြေး အကုန်လုံးကိုလည်း သုတ်သင်ရှင်းလင်းကြသည်၊ ဘုရားဟောတရားတော်ကိုလည်း ပိဋကတ်, နိကာယ်, အင်္ဂါ, ဓမ္မက္ခန္ဓာ-စသည်တို့၏ အပြားအားဖြင့် အသီးအသီးခွဲဝေပိုင်းခြား သတ်မှတ်ထားတော်မူကြသည်။

ဝဇ္ဇီတိုင်းသား ရဟန်းများက ဝိနည်းသိက္ခာပုဒ်အချို့ကို ဖျက်ဆီးလျက် အဓမ္မဝတ္ထု ဆယ်ခုကို လူသိရှင်ကြား ကြေညာကျင့်သုံးလာကြသည့် အချိန်မှာ မထေရ်မြတ်များကသာ ကြောင့်ကြမစိုက်ဘဲ မသိလိုက်မသိဘာသာ အမှုမဲ့အမှတ်မဲ့ နေခဲ့ကြမည်ဆိုပါလျှင် အလဇ္ဇီရဟန်းယုတ်အဆက်ဆက်တို့က သိက္ခာပုဒ်တော်များကို တစ်ခုပြီးတစ်ခု ဖျက်ဆီးလာကြပေလိမ့်မည်၊ ဝိနည်းသိက္ခာပုဒ်တော်များ ပျက်စီးသွားပါက သာသနာတော်လည်း ရှိနိုင်မည်မဟုတ်တော့ပါ၊ သာသနာတော်ပါ အသက်ထွက်ပြီး ဖြစ်လာပါလိမ့်မည်။

ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု။
ဝိနည်းဆိုတာ သာသနာတော်ရဲ့ အသက်ပါ။

ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ။
ဝိနည်းတည်မှ တည်ရသာသနာ။

ဤသို့ ပထမသံဂါယနာ၌ ပါဝင်သော မထေရ်မြတ်များက အရှင်မဟာကဿပအား လျှောက်ထားသောစကားလည်း ရှိပေသည်။

မထေရ်မြတ်များက အမှုမဲ့အမှတ်မဲ့ မသိလိုက် မသိဘာသာ မနေကြဘဲ ဂရုတစိုက် အဓမ္မဝတ္ထုဆယ်ခုကို ရှင်းလင်းသုတ်သင်ဆုံးဖြတ်ပြီး ဒုတိယသံဂါယနာ တင်လိုက်ကြသည့် အတွက် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အလဒ္ဓိ အညစ်အကြေးမှ ကင်းဝေးသန့်စင် သွားရသည့်အပြင် သိက္ခာပုဒ်တော်များလည်း ဖျက်ဆီးမခံရတော့သည့်အတွက် တည်တံ့ ခိုင်မြဲမှုလည်း ရရှိလာပါတော့သည်။

ထို့ကြောင့် အရှင်အာနန္ဒာ၏ တပည့်များဖြစ်ကြသော -

၁။ အရှင်သဗ္ဗကာမီထေရ်၊

၂။ အရှင်သာဠ္ဟထေရ်၊

၃။ အရှင်ရေဝတထေရ်၊

၄။ အရှင်ခုဇ္ဇသောဘိတထေရ်၊

၅။ အရှင်ယသထေရ်၊

၆။ အရှင်သာဏသမ္ဘူတထေရ်-များနှင့်

အရှင်အနုရုဒ္ဓါ၏ တပည့်များဖြစ်ကြသော -

၁။ အရှင်သုမနထေရ်၊

၂။ အရှင်ဝါသဘဂါမီထေရ် -များသည် ဘုရားရှင်ကို မိလိုက်ကြသည်၊ ဟုရားရှင်လက်ထက်တော်မှ သက်ဆင်းလာကြသော မထေရ်ကြီးများ ဖြစ်သည်၊ ယင်းမထေရ်ကြီးရှစ်ဦးအပါအဝင် ရဟန္တာမထေရ်မြတ် ခုနစ်ရာတို့ကို ဒုတိယအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွာရေး လုပ်ဆောင်ခဲ့ကြသော သာသနာ့ ကျေးဇူးရှင်ကြီးများ-ဟု ချီးကျူးဂုဏ်တင်ရန် ထိုက်တန်လှပါပေသည်။

အနာဂတ်သာသနာအတွက် ကြိုတင်စီမံချက်

ဒုတိယသံဂါယနာ တင်ပြီးသည့်အခါ မထေရ်မြတ်များက "နောင်အခါမှာလဲပဲ သာသနာတော်မှာ ဒီလိုဘေးရန်မျိုး ဖြစ်ပေါ်လာဦးမှာလား"ဟု ရှုမြော်ကြည့်တော်မူကြပြန်သည်၊ နှစ်ပေါင်း တစ်ရာကျော်လာသည့်အခါမှာ အသောကမင်းက သာသနာတော်ကို အတိုင်းထက်အလွန် ထောက်ပံ့ကူညီ လှူဒါန်းလာမည့်အကြောင်း, တိတ္ထိများက လာဘ်လာဘကို မက်မောပြီး သာသနာတွင်းကို ဝင်ရောက်လာကြမည့်အကြောင်း, သူတို့၏မိစ္ဆာအယူကို ဟောပြောပြသလျက် သာသနာတော်မှာ ဘေးရန်ကြီးမားစွာ ဖြစ်ပေါ်လာအောင် ပြုလုပ်လာကြမည့် အကြောင်းများကို တွေ့မြင်တော်မူကြသည်၊ ထို့ပြင်-ယင်းဘေးရန် ဖြစ်ပေါ်လာချိန်မှာ မိမိတို့ကိုယ်တိုင် သက်တော်ထင်ရှားရှိနေကြတော့မည် မဟုတ်ကြောင်းကိုလည်း သိမြင်တော်မူကြပြန်သည်။

သို့ဖြင့် ဖြစ်ပေါ်လာမည့် သာသနာ့ဘေးရန် ငြိမ်းအေးအောင် စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်ကို ကြည့်ရှုရာဖွေကြရာ လူ့ပြည်နှင့်နတ်ပြည်မှာ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရပါ၊ ဗြဟ္မာပြည်မှာ တိဿမည်သောဗြဟ္မာကြီးကို တွေ့ကြရပါသည်၊ ယင်းဗြဟ္မာကြီးသည်

မိမိဖြစ်ရာဘုံ၌ သက်တန်းကုန်ခါနီး ဖြစ်နေသည်၊ အထက်ဗြဟ္မာပြည်မှာဖြစ်ရန် စျာန်ကို ပွားများအားထုတ်ထားပြီးလည်း ဖြစ်နေသည်၊ မထေရ်မြတ်များက ဗြဟ္မာပြည်သို့ ကြွရောက်တော်မူကြလျက် ယင်းတိသဗြဟ္မာကို တောင်းပန်စကား မိန့်ကြားတော်မူကြသည်။-

"ဒီနေ့ကစပြီး နှစ်ပေါင်း ၁၁၈-နှစ်ရောက်လာတဲ့အခါ သာသနာတော်မှာ ဘေးရန်ကြီးစွာဖြစ်ပေါ်လာစရာရှိနေပါတယ်၊ လူ့လောကတစ်ရပ်လုံးနှင့် နတ်လောက တစ်ရပ်လုံးကို ကြည့်ပေမယ့် သာသနာတော်ကို ချီးမြှောက်နိုင်မဲ့သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရဘူး၊ ဗြဟ္မာပြည်ကို ကြည့်ရှုစုံစမ်း ရှာဖွေကြတဲ့အခါမှာတော့ ငါ့ရှင်တစ်ဦးတည်းကိုသာ တွေ့ကြရပါတယ်၊ ဒါနဲ့ ငါ့ရှင်ကို တောင်းပန်လိုပါတယ်၊ လူ့ပြည်မှာဖြစ်ပြီး ဘုရားရှင်ရဲ့ သာသနာတော်ကို ချီးမြှောက်ရန် ဝန်ခံကတိပေးစမ်းပါ"။

မထေရ်မြတ်များ၏ တောင်းပန်စကားကို ကြားရသည့်အခါ မဟာဗြဟ္မာက အထက်ဗြဟ္မာပြည်မှာ ဖြစ်နိုင်သည့် မိမိ၏အခွင့်အရေးကို လက်လွှတ်လိုက်သည်၊ "ငါဟာ သာသနာတော်မှာ ဖြစ်ပွားလာမယ့်ဘေးရန်ကို သုတ်သင်ပြီး သာသနာတော်ကို ချီးမြှောက်နိုင်သူ ဖြစ်မယ်ဆိုပါလား"ဟု နောင်ရေးကိုတွေးပြီး အလွန်ရွှင်လန်းဝမ်းသာလာသည်၊ အလွန် စိတ်တက်ကြွလာသည်၊ သို့ဖြင့် "ကောင်းပါပြီဘုရား"ဟု လွယ်ကူစွာပင် ဝန်ခံကတိပေးလိုက်ပါတော့သည်။

အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇီ-ဟူသော ရဟန်းငယ်နှစ်ပါးတို့သည် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ ပဋိသမ္ဘိဒါပတ္တရဟန္တာများလည်း ဖြစ်ကြသည်၊ ဤအဓိကရဏ်းကို ဆုံးဖြတ်ရာ၌ကား သူတို့နှစ်ပါး မကြွရောက် မပါဝင်ခဲ့ကြပေ။

"တိသဗြဟ္မာက မောဂ္ဂလိပုဏ္ဏားအိမ်မှာ ဖြစ်လာတဲ့အခါ ငါ့ရှင်တို့နှစ်ပါး အနက် တစ်ပါးက အဲဒီကလေးကို ရှင်ပြုပေးရမယ်၊ တစ်ပါးက ဓမ္မဝိနယကို သင်ပေးရမယ်"။

လူ့ပြည်သို့ ပြန်ရောက်လာသည့်အခါ မထေရ်မြတ်များက သူတို့နှစ်ပါးအား ဒဏ်ပေးသည့် သဘောဖြင့် မှာကြား ပြောဆိုထားခဲ့ကြပြန်သည်။

ထိုမထေရ်မြတ်များကား ဒုတိယသံဂါယနာတင်၍ သာသနာတော် သန့်ရှင်းတည်တံ့အောင်လည်း လုပ်လာခဲ့ကြသည်၊ နောင်အနာဂတ်မှာ သာသနာတော် သန့်ရှင်းတည်တံ့ရေးအတွက်လည်း ကြိုတင်လုပ်ဆောင် စီမံထားခဲ့ကြပြန်သည်၊ သာသနာ့ဝန်ဆောင်ကောင်းပီသကြပါပေစွ။

နောင်လာနောက်သား အဆက်ဆက်သော မထေရ်များလည်း ဤသို့ ဝန်ဆောင်စိတ်ဓာတ် အပြည့်အဝထား၍ လုပ်ကိုင်ကြမည်ဆိုပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်၏

ဂုဏ်ရောင်သည် ဆန်းသစ်စ လ-ပမာ တစ်နေ့ထက်တစ်နေ့ တိုးတက်ပြောင်လက်လာစရာသာ ရှိပါတော့သည်။

တတိယသံဂါယနာ

ဒုတိယသံဂါယနာတင် မထေရ်မြတ်တို့၏ နှိပ်ကွပ်မှုကိုခံကြရသော အဓမ္မဝါဒီအလဋ္ဌိဖြစ်ကြသည့် ဝဇ္ဇီတိုင်းသား တစ်ထောင်မျှသော ရဟန်းယုတ်များသည် အသင်းအပင်းကို လိုက်လံရှာဖွေကြသည်၊ လူစုကြသည်၊ သူတို့နှင့်သင့်လျော်သည့် ဘာသာရေးအသိဉာဏ် အားနည်းသော အသင်းအပင်းကို ရရှိကြသည်၊ သံဃာတစ်သောင်းမျှဖြင့် ကောသမ္မီမြို့မှာ သံဂါယနာတင်ကြသည်၊ ဓမ္မဝိနယကိုလည်း ဗလောင်းဗလဲလုပ်ကြသည်၊ မလိုတာကိုပယ်ဖျက် လိုတာကိုဖြည့်စွက်ကြသည်၊ သူတို့၏ သံဂါယနာကို သံဃာ့ဦးရေများသောကြောင့် "မဟာသံဃိကသံဂါယနာ"ဟု သမုတ်ကြသည်။

သူတို့သည် ထေရဝါဒ(မဟာကဿပစသော မထေရ်မြတ်တို့၏ အယူဝါဒ)ကို မလိုက်နာကြ အသိ အမှတ်မပြုကြတော့ဘဲ "မဟာသံဃိတိုက်"ဟု ဂိုဏ်းသီးခြားခွဲကာ တည်ထောင်မှုကိုလည်း ပြုလုပ်လာကြပါတော့သည်။

ယင်းသို့ ကွဲပြားခြားနား ဂိုဏ်းသီးခြား တည်ထောင်လာကြသော ဝဇ္ဇီတိုင်းသား ရဟန်းယုတ်များသည် ပင်ကိုယ်ရိုးရာ ရဟန်းတို့၏အမည်ကိုလည်း ပယ်စွန့်ကြသည်၊ အသွင်သဏ္ဌာန်ကိုလည်း ပယ်စွန့်ကြသည်၊ ပရိက္ခရာကိုလည်း ပယ်စွန့်ကြသည်၊ လက်ခြေစသည်တို့ ထားပုံအမူအရာနှင့် သက်နှံးချုပ်ပုံစသော ကိစ္စအထူးတို့ကိုလည်း ပယ်စွန့်လိုက် ကြသည်၊ ထေရဝါဒမှ တစ်မျိုးတစ်ဖုံဖြစ်သော အမည်စသည်တို့ကို ပြုလုပ်လာကြသည်။

သူတို့၏ ကွဲပြားခြားနား ဂိုဏ်းသီးခြားတည်ထောင်မှုကို နောက်ပိုင်းမှာ အတုယူကာ ပြုလုပ်လာကြသည့်အတွက် သာသနာတော်နှစ်ပေါင်းနှစ်ရာအတွင်းဝယ် ဂိုဏ်း ၁၈-မျိုးအထိ ကွဲပြားလာတော့သည်။

ယင်းဂိုဏ်း ၁၈-မျိုးတို့တွင် ထေရဝါဒဂိုဏ်းကြီးတစ်ခုကသာ တည့်မတ်မှန်ကန်ဖြူစင်ဖြောင့်စင်းသော အကျင့်ရှိသည်၊ အယူဝါဒမှန်ကန်၍ ဝိနည်းပညတ်တော် သိက္ခာပုဒ်များကိုလည်း အတိအကျ လိုက်နာကျင့်သုံးသည်၊ သို့ဖြစ်၍ ပညောင်ပင်ကြီးသည် သစ်ပင်တို့တွင် အမြတ်ဆုံးဖြစ်သကဲ့သို့ ထေရဝါဒသည် ဝါဒဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်ပေသည်၊ မလိုတာကိုပယ်ဖျက်, လိုတာကိုဖြည့်စွက်မှုလည်း မရှိချေ၊ ဘုရားရှင်ဟောထားသည့် ဓမ္မဝိနယအတိုင်းသာ အတိအကျ လိုက်နာကျင့်သုံးနေပေသည်၊ အခြားအယူဝါဒ ရောနှောမှုကိုလည်း လက်မခံပါ။

ထေရဝါဒမှတစ်ပါး ၁၇-ပါးသော ဝါဒများမှာ ပညောင်ပင်ကြီးဝယ် တွယ်ကပ်ပေါက်ရောက်နေသော ကျိုးပေါင်းသဖွယ်သာ ဖြစ်နေကြပါတော့သည်။

ယင်းသို့ ဂိုဏ်းကြီး ၁၈-ရပ် ဖြစ်ပေါ်နေချိန်မှာ တိဿဗြဟ္မာက ဗြဟ္မပြည်မှ စုတေ့လာခဲ့သည်၊ မောဂ္ဂလိပုဏ္ဏားအိမ်မှာ ပဋိသန္ဓေ တည်နေသည်၊ ဖွားမြင်လာသည့် အခါမှာလည်း "တိဿလုလင်"ဟုပင် အမည်ပေးထားကြသည်။

တိဿလုလင် ၁၆-နှစ်အရွယ် ရောက်လာသည့်အခါ ဗေဒင်သုံးပုံကို ဆောင်သည်၊ တစ်ဖက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်သည်၊ သိဂ္ဂဝဆေရ်က ယင်းတိဿလုလင်ကို အိမ်မှထုတ်ဆောင်၍ ရှင်ပြုပေးသည်၊ ဒွတ္တိ သာကာရ(ဆံပင်,မွေးညင်း-စသော ၃၂-ခု အဖို့အစုရှိသော) ကမ္မဋ္ဌာန်းကိုလည်း ပြောပြထားသည်။

တိဿသာမဏေလည်း ဒွတ္တိ သာကာရကမ္မဋ္ဌာန်းကို အဖန်ဖန် ပွားများအားထုတ် နေသည်၊ ထိုသို့ ပွားများအားထုတ်ရင်း သောတာပတ္တိဖိုလ်မှာ တည်သည်၊ သာမဏေဘဝ ဖြင့်ပင် သောတာပန်ဖြစ်လာသည်၊ ခိုင်မြဲသောအကျင့်သို့ ရောက်လာခဲ့သည်၊ သာသနာ တော်မှ ရွေ့လျှောပျက်စီးသွားစရာ အကြောင်းမရှိတော့ချေ။

ယင်းအခြေအနေကိုရောက်မှ သိဂ္ဂဝဆေရ်က တိဿသာမဏေကို စက္ကဝဋ္ဌဆေရ်ထံသို့ ဘုရားဟောစကားတော်ကို သင်ယူရန် စေလွှတ်လိုက်သည်၊ တိဿသာမဏေလည်း စက္ကဝဋ္ဌဆေရ်ထံသို့ ရောက်သွားသည့်အခါ ရှိခိုးဝပ်ချ အရိုအသေပြု၍ သင့်လျော်ရာက ထိုင်နေသည်၊ ထိုစဉ် စက္ကဝဋ္ဌဆေရ်က တိဿသာမဏေကို မေးမြန်းစုံစမ်းတော်မူသည်။-

"ကိုရင် !ဘယ်က လာခဲ့သလဲ?"။

"ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို အရှင်ဘုရားထံသို့ လွှတ်လိုက်ပါတယ် ဘုရား"။

"ကိုရင့်ဥပဇ္ဈာယ်ဆရာက ဘယ်သူတဲ့လဲ?"။

"သိဂ္ဂဝဆေရ် ဖြစ်ပါတယ်ဘုရား"။

"ငါ့နာမည်ကော ဘယ်သူတဲ့တုန်း?"။

"ဘုရားတပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက အရှင်ဘုရားတို့ရဲ့ နာမည်ကို သိပါတယ်ဘုရား"။

(တိဿသာမဏေ၏ လျှောက်ထားပုံကို သတိပြုပါ၊ ရှေ့မှာ မထေရ်ကြီး နာမည်ကို မခေါ်ပြောသင့်၊ "အရှင်ဘုရားနာမည် အရှင်စက္ကဝဋ္ဌိပါတဲ့"ဟု တိုက်ရိုက် လျှောက်ထားက ရိုင်းရာကျပေလိမ့်မည်။)

"အခု ကိုရင့် သပိတ်သင်္ကန်းကို သိမ်းတော့"။

မေးမြန်းစုံစမ်းပြီးသည့်နောက် စက္ကဝဋ္ဌဆေရ်က အမိန့်ရှိလိုက်သည်၊ တိဿသာမဏေလည်း "ကောင်းပါပြီဘုရား"ဟု ဝန်ခံ၍ သပိတ်သင်္ကန်းကို သိမ်းသည်၊ နောက်တစ်နေ့မှာ ပရဝုဏ်ကို တံမြက်လှည်းထားသည်၊ ရေဒန်ပူတို့ကိုလည်း တည်ထားသည်။

စဏ္ဍဝဇ္ဇိထေရ်က တိဿသာမဏေ တံမြက်စည်းလှည်းထားသော နေရာကို ထပ်လှည်းသည်၊ သာမဏေတည်ထားသောရေကို သွန်ပစ်၍ အခြားရေကို သွားယူသည်၊ သာမဏေတည်ထားသော ဒန်ပူကို ဘေးဖယ်ထား၍ အခြားဒန်ပူကို ယူငင် အသုံးပြုတော်မူသည်။ (ယင်းသို့ ပြုလုပ်တော်မူခြင်းမှာ ခန္တိဂုဏ်, သောဝစဿတာဂုဏ် ရှိမရှိကို စုံစမ်းလိုသည့်အတွက်သာ ဖြစ်ပါသည်။)

ယင်းသို့ ခုနစ်ရက်ပြုလုပ်ပြီးသည့်နောက် တိဿသာမဏေကို မေးမြန်းစုံစမ်းတော်မူပြန်သည်၊ တိဿသာမဏေလည်း ရှေးနည်းတူပင် လျှောက်ထားသည်။

စဏ္ဍဝဇ္ဇိထေရ်က "ဒီပုဏ္ဏားကလေးဟာ တကယ်ပဲ ဟိုတိဿဗြဟ္မာအစစ် ဖြစ်ပါပေတယ်"ဟု မှန်ကန်စွာ သိရှိသွားသည်၊ မှတ်မိ သတိရသွားသည်၊ သို့ဖြင့် သာမဏေကို မေးတော်မူပြန်သည်။

"ကိုရင်က ဒီကိုဘာလုပ်ရအောင် လာခဲ့သလဲ?"။

"ဘုရားဟောစကားတော်ကို သင်ယူရအောင်လာခဲ့ပါတယ် အရှင်ဘုရား"။

တိဿသာမဏေ၏ လျှောက်ထားချက်ကို ကြားရသည့်အခါ မထေရ်က နောက်နေ့မှစတင်၍ ဘုရားဟောစကားတော်ကို သင်ယူစေသည်။

တိဿသာမဏေသည် သာမဏေဘဝဖြင့်ပင် ဝိနည်းပိဋကတ်မှတစ်ပါး ဘုရားဟောစကားတော်အကုန်လုံးကို အဌကထာနှင့်တကွ သင်ယူခဲ့သည်၊ ရဟန်းဖြစ်ပြီး သည့်နောက် ဝါမရမီမှာပင် ပိဋကတ်သုံးပုံဆောင် ဖြစ်လာပါတော့သည်။

ဆရာဥပဇ္ဈာယ်တို့လည်း အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ အထံမှာ အလုံးစုံသော ဘုရားဟောစကားတော်တို့ကို တည်စေပြီးသည့်နောက် ပရိနိဗ္ဗာန် စံဝင်တော်မူကြသည်။

အရှင်မောဂ္ဂပုတ္တတိဿထေရ်လည်း ကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်သည့်အခါ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လာခဲ့သည်၊ ထို့နောက် များစွာသော ရဟန်းတော်တို့အား ဓမ္မဝိနယကို ပို့ချနေခဲ့သည်။

အသောကမဟာရာဇာသည် ဘိသိက်ခံပြီးသည့်နောက် လေးနှစ်မြောက်မှာ နိကြောဓသာမဏေကို အကြောင်းပြု၍ သာသနာတော်မှာ သက်ဝင်ကြည်ညိုလာခဲ့သည်၊ အဘိသိက်ခံပြီးသည့်နောက် ခြောက်နှစ်မြောက်ဝယ် ကျောင်းပူဇော်ပွဲ ကျင်းပသည့်အချိန်၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်သောအားဖြင့် သားတော်မဟိန္ဒမင်းသားနှင့် သမီးတော်သံဃမိတ္တာတို့ကို သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်၍ သာသနာ့အမွေ ခံယူပြန်သည်။

အရှင်မဟိန္ဒထေရ်သည် ရဟန်းခံရာ သိမ်တန်ဆောင်းမှာပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လာခဲ့သည်၊ ရဟန်းဖြစ်လာသည့်အချိန်မှစ၍ မိမိ၏ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ထံမှာပင် ဓမ္မဝိနယကို သင်ယူသည်၊ သံဂါယနာနှစ်တန်တင်ပြီးဖြစ်သည့် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟူသော ထေရဝါဒအကုန်လုံးကို သုံးနှစ်အတွင်းမှာပင် သင်ယူသည်၊ မိမိဥပဇ္ဈာယ်၏တပည့် ရဟန်းတစ်ထောင်တို့၏ အကြီးအကဲလည်း ဖြစ်လာသည်။

အသောကမဟာရာဇာသည် အဘိသိက်ခံပြီးသည့်နောက် ကိုးနှစ်မြောက်မှာ တစ်နေ့တစ်နေ့၌-

၁။ ဘုရားကို ပူဇော်ရန် တစ်သိန်း၊
၂။ တရားတော်ကို ပူဇော်ရန် တစ်သိန်း၊
၃။ သံဃာတော်ကို ပူဇော်ရန် တစ်သိန်း၊
၄။ မိမိ၏ဆရာ နိဂြောဓသာမဏေအတွက် တစ်သိန်း၊
၅။ မြို့တံခါးလေးပေါက်တို့မှာ ဆေးအလို့ငှာ တစ်သိန်း၊

ဤသို့ ငါးသိန်းသော ငွေအသပြာတို့ကို စွန့်လွှတ်လှူဒါန်းလျက် သာသနာတော်၌ များပြားသော လာဘ်ပူဇော်သကာကို ဖြစ်စေနေပါတော့သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ လာဘ်လာဘပေါများလာသည်နှင့်အမျှ တိတ္ထိတို့မှာ လာဘ်လာဘ ယုတ်လျော့ပျက်စီးလာရတော့သည်၊ သူတို့သည် စားလောက်ရုံဝတ်လောက်ရုံကိုသော်မှ မရနိုင်ကြတော့ပါ၊ လာဘ်လာဘကို လိုလားမက်မောသည့်အတွက် သူတို့သည် သာသနာတော်တွင်းကို ဝင်ရောက်ကာ ရှင်ရဟန်း ပြုလုပ်လာကြပါတော့သည်။

ရှင်ရဟန်း ဖြစ်လာသည့်အခါမှာမူ ထေရဝါဒကို လိုက်နာကျင့်သုံးမှု မပြုကြတော့ဘဲ သူတို့၏မိစ္ဆာအယူများကိုသာ ဒါကမှ ဓမ္မအစစ်ဖြစ်တယ်၊ ဒါကမှ ဝိနယအစစ်ဖြစ်တယ်၊ ဒါဟာ ဘုရားရှင်ရဲ့ အဆုံးအမတော်(သတ္ထုသာသန) အစစ်ပါပဲ-စသည်ဖြင့် ဟောပြောနေကြသည်၊ ဝါဒဖြန့်မှု ပြုနေကြသည်။

ရဟန်းတော်များထံမှ ရှင်အဖြစ် ရဟန်းအဖြစ်ကို မရကြသော တိတ္ထိများမူကား ဆံမုတ်ဆိတ်ကိုပယ်ကာ သူတို့ကိုယ်တိုင် ဖန်ရည်ဆိုးအဝတ်များကို ရာဖွေဝတ်ရုံလာကြ၍ ကျောင်းတို့၌ လှည့်လည်နေကြသည်၊ ဥပုသ်စသော ကံကြီးကံငယ်ကို ပြုရာအခါမှာလည်း သံဃာ့အလယ်သို့ ဝင်ရောက်လာကြသည်၊ ရဟန်းတော်များက ယင်းရဟန်းတု, ရဟန်းယောင်များ သင်္ကန်းဝတ်များနှင့်အတူ ဥပုသ်မပြုကြတော့ပေ။

ထိုအချိန်၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်သာသနာတော်၏ နောင်ရေးကို မြော်ခေါ်တွေးတောတော်မူသည်၊ အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်တော်မူသည်။-

"ဒီအဓိကရဏ်းဟာ အခုပဲ စတင်ဖြစ်ပွားလာခဲ့တယ်၊ မကြာခင်မှာပဲ ကြမ်းတမ်းလာလိမ့်မယ်၊ ငါက ဒီရဟန်းတွေနှင့် ရောနှောနေထိုင်မယ်ဆိုရင် ဒီအဓိကရဏ်းကို ငြိမ်းအေးအောင်လုပ်နိုင်မယ် မဟုတ်တော့ဘူး"။

ဤသို့ သုံးသပ်ဆင်ခြင်တော်မူပြီးသည့်နောက် မိမိ၏တပည့် အရှင်မဟိန္ဒထေရ်အား ဂိုဏ်းကို လွှဲအပ်ထားခဲ့၍ ချမ်းချမ်းသာသာ သီတင်းသုံးနေထိုင်လိုသည့်အတွက် အဟောဂင်္ဂါတောင်သို့ ထွက်ခွာကြွသွားတော်မူသည်။

ဘိက္ခုသံဃာက ဝိနည်းဓမ္မကံဖြင့် နိုပ်ကွပ်စေကာမူ ယင်းအလဇ္ဇီဒုဿီလရဟန်းများနှင့် ရဟန်းတုရဟန်းယောင်များက ဓမ္မဝိနယနှင့်လျော်သော အကျင့်မှာ မတည်ကြတော့ချေ၊ များပြားလှစွာသော သာသနာတော်၏ ဘေးရန် အညစ်အကြေး ဆူးငြောင့်တို့ကို ဖြစ်ပွားလာအောင်သာ ပြုလုပ်နေကြပါတော့သည်။

ယင်းအလဇ္ဇီဒုဿီလ ရဟန်းတု, ရဟန်းယောင်များအနက် အချို့က မီးကို ပြုစုလုပ်ကျွေးနေကြသည်၊ အချို့က ငါးမျိုးသောအပူ(ပဉ္စာတပ)မှာ အပူခံကြသည်၊ (လေးဘက်လေးတန်က မီးလေးဖိုနှင့် အပေါ်ကနေပူအောက်ဖြင့် အပူငါးမျိုးတို့၏ အလယ်မှာနေလျက် မိမိကိုယ်ကို ပူစေကြသည်၊) အချို့က နေသွားရာဘက်သို့ လှည့်ကာပတ်ကာ လိုက်နေကြသည်၊ အချို့က "သင်တို့ရဲ့ ဓမ္မဝိနယကို ဖျက်ဆီးပစ်မယ်"ဟု ကြိုးဝါးပြီး နည်းအမျိုးမျိုးတို့ဖြင့် သူတို့အယူကို အမွှမ်းတင်နေကြသည်၊ မြှင့်တင်ပေးနေကြသည်၊ ထိပ်တန်းသို့ ရောက်အောင် အားထုတ်နေကြသည်။

ထိုအချိန်၌ ဘိက္ခုသံဃာသည် ယင်း ရဟန်းတုရဟန်းယောင်တို့နှင့် အတူဥပုသ်လည်းမပြု၊ ပဝါရဏာလည်း မပြုတော့ပါ၊ အသောကာရုံကျောင်းတိုက်ကြီး၌ ၇-နှစ်လုံးလုံး ဥပုသ်ပြတ်စဲသွားတော့သည်။

အသောက မဟာရာဇာက ယင်းအကြောင်းကို ကြားသိရသောအခါ မင်း၏အမိန့်အာဏာဖြင့် အဓိကရဏ်းငြိမ်းအောင် အားထုတ်ကြည့်ပါသေးသည်၊ သို့အားထုတ်စေကာမူ အောင်မြင်မှု မရသည့်အပြင် ထင်မိထင်ရာ မှတ်ယူလုပ်ကိုင်တတ်သည့် ညံ့ဖျင်းသော အမတ်တစ်ဦးက ရဟန်းတော် အများအပြားကို သတ်ဖြတ်လာခဲ့သည့်အတွက် အသောက မဟာရာဇာမှာ စိတ်နှလုံး မသာမယာ ဖြစ်ပွားမှုသာ ထပ်ဆင့်လာပါတော့သည်။

အသောကမဟာရာဇာသည် မိမိမှာ ဖြစ်ပွားနေသော စိတ်နှလုံးမသာယာမှုနှင့် သာသနာတော်မှာ ဖြစ်ပေါ်နေသော ဘေးရန်တို့၏ ငြိမ်းအေးမှုကို လိုလားနေသည်၊ သို့ဖြင့် အသောကာရုံကျောင်းတိုက်သို့ သွား၍ သံဃာတော်အား လျှောက်ထားသည်။-

"ဘယ်ပုဂ္ဂိုလ်က ဒီကိစ္စမှာ (တပည့်တော်မှာ ဖြစ်ပွားနေတဲ့ စိတ်နှလုံးမသာယာမှုနှင့် သာသနာတော်မှာ ဖြစ်ပေါ်နေတဲ့ ဘေးရန်တွေရဲ့ ငြိမ်းအေးမှုမှာ) စွမ်းဆောင်နိုင်ပါ့မလဲဘုရား?"။

"ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က စွမ်းဆောင်နိုင်ပါတယ် မဟာရာဇာ"။

သံဃာတော်၏ စကားကို ကြားရသည့်အခါ အသောက မဟာရာဇာက မထေရ်မြတ်ကို အဟောဂင်္ဂါတောင်မှ အပင့်ခိုင်းလိုက်သည်။

"ရှင်ဘုရင်က ခေါ်နေပါတယ် အရှင်ဘုရား"။

သွားပင့်သူများ၏ မတော်မလျော် လျှောက်ထားသောစကားကို ကြားရသည့်အခါ မထေရ်မြတ်က လိုက်ပါကြွလာတော်မမူပါ။

အသောကမဟာရာဇာက နောက်ထပ် အပင့်ခိုင်းပြန်သည်၊ သွားပင့်သူများက အလားတူပင် လျှောက်ထားကြသည်၊ ဒုတိယအကြိမ်မှာလည်း မထေရ်မြတ်က လိုက်ပါကြွလာတော်မမူပါ။

တတိယအကြိမ်မှာကား သွားပင့်သူများက သံဃာတော်များ သင်ပေးလိုက်သည့်အတိုင်း လျှောက်ထားကြသည်။-

"သာသနာတော် ဆုတ်နစ်နေပါတယ်ဘုရား၊ သာသနာတော်ကို မြှင့်တင်ရန် တပည့်တော်တို့ကို ကူညီမစတော်မူပါ"။

ယင်းစကားကို ကြားရသည့်အခါ မထေရ်မြတ်က ဝမ်းမြောက်ဝမ်းသာ သားရေနွယ် (နေရာထိုင်)ကို ယူလျက် လိုက်ပါကြွရောက်လာခဲ့သည်။

မထေရ်မြတ် ကြွရောက်လာသည့်အခါမှာ အသောကမဟာရာဇာက မိမိ တွေ့လို မြင်လိုသော တန်ခိုးပြာဋိဟာကို တွေ့ရမြင်ရသည့်အတွက် အကြွင်းမဲ့ ယုံကြည်စိတ်ချသွားသည်၊ မိမိ၏ နှလုံးမသာယာမှုကိုလည်း မေ့လျော့ကြိုမ်းအေးစေသည်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း မင်းဥယျာဉ်မှာပင် သီတင်းသုံး နေတော်မူလျက် အသောက မဟာရာဇာကို ၇-ရက်လုံးလုံး ဗုဒ္ဓမြတ်စွာ၏ အယူဝါဒကို သင်ယူစေသည်။

အသောက မဟာရာဇာလည်း ၇-ရက်မြောက်နေ့မှာပင် အသောကာရုံကျောင်းတိုက်၌ ဘိက္ခုသံဃာကို စည်းဝေးစေသည်၊ တစ်နေရာမှာ ကန့်လန့်ကာကိုလည်း ကာရံစေသည်၊ မိမိကိုယ်တိုင် ကန့်လန့်ကာအတွင်းမှာ နေရာယူထားသည်၊ အယူတူသူတို့ကို အုပ်စုလိုက်, အုပ်စုလိုက် ကိုယ့်အုပ်စုဖြင့်ကိုယ် နေစေသည်၊ အုပ်စုတစ်စုချင်း အခေါ်ခိုင်း၍ မေးစိစစ်သည်။-

"အရှင်ဘုရားတို့ ! ဘုရားရှင် အဘယ်အယူဝါဒ ရှိပါသလဲ?"။

အသောကမဟာရာဇာ၏ မေးခွန်းကို ကြားရသည့်အခါ တိတ္ထိများက မိမိတို့၏ အယူဝါဒ အတိုင်းပင် ဖြေဆိုလာကြပါတော့သည်။-

"ဘုရားရှင် သဿတအယူဝါဒရှိတယ် မဟာရာဇာ"။

"ဘုရားရှင် ဧကစ္စသဿတအယူဝါဒရှိတယ် မဟာရာဇာ"။

"ဘုရားရှင်ဟာ အန္တာနန္တိကအယူဝါဒရှိတယ် မဟာရာဇာ"။

အစရှိသော အဖြေအမျိုးမျိုးကို ကြားရသည့်အခါ အသောကမဟာရာဇာက မမေးမိကပင် အယူဝါဒမျိုးစုံကို သင်ယူပြီးဖြစ်သည့်အတွက် "ဒီပုဂ္ဂိုလ်တွေဟာ ရဟန်းအစစ် မဟုတ် ကြဘူး၊ သာသနာ့ပြင်ပ တိတ္ထိတွေဖြစ်တယ်"ဟု အမှန်အတိုင်း သိနားလည်သည်၊ သူတို့အား အဝတ်ဖြူကို ပေး၍ လူဝတ်လဲစေသည်၊ လူဝတ်လဲရသူအကုန်လုံး ခြောက်သောင်းမျှ ရှိနေပေတော့သည်။

ထို့နောက် ရဟန်းတော်များအလည့် ရောက်လာသည်၊ ရဟန်းတော်များကိုလည်း ပင့်ခေါ်မေးပြန်သည်။-

"အရှင်ဘုရားတို့ ! ဘုရားရှင် အဘယ်အယူဝါဒ ရှိပါသလဲ?"။

"ဘုရားရှင် ခွဲခြမ်းဝေဖန်၍ ဟောတော်မူလေ့ရှိတဲ့ ဝိဘဇ္ဇဝါဒီဖြစ်တယ် မဟာရာဇာ"။

ရဟန်းတော်များ၏ စကားကို ကြားရသည့်အခါ အသောက မဟာရာဇာက အရှင်မောဂ္ဂလိပုတ္တာတိသဿထေရ်ကို မေးလျှောက်ပြန်သည်။-

"ဘုရားရှင်ဟာ ခွဲခြားဝေဖန်၍ ဟောတော်မူလေ့ရှိတဲ့ ဝိဘဇ္ဇဝါဒီ ဟုတ်ပါသလား ဘုရား?"။

"အေး ဟုတ်တယ် မဟာရာဇာ"။

"အရှင်ဘုရားတို့ ! ယခု သာသနာတော် သန့်ရှင်းစင်ကြယ်သွားပါပြီ၊ ဘိက္ခုသံဃာက ဥပုသ်ပြုတော်မူပါတော့"။

အရှင်မောဂ္ဂလိပုတ္တာတိသဿထေရ်၏ စကားအဆုံးမှာပင် အသောကမဟာရာဇာက ရဟန်းတော်များကို လျှောက်ထားသည်၊ အစောင့်အရောက်လည်း လုံလောက်စွာ ချထားသည်၊ အစစအရာရာ စိတ်ချရအောင် စီမံပြီးမှ မြို့တွင်းသို့ ဝင်သွားသည်။

ဘိက္ခုသံဃာက ညီညွတ်စွာ စည်းဝေး၍ ဥပုသ်ပြုတော်မူသည်၊ ဥပုသ်ပြုရာတွင် ပါဝင်သော ရဟန်းတော်ပေါင်းမှာ ခြောက်သန်းခန့် ရှိနေသည်။

ယင်းသံဃာ့အစည်းအဝေးမှာပင် အရှင်မောဂ္ဂလိပုတ္တာတိသဿထေရ်က ဘုရားရှင် ပေးတော်မူသောနည်းဖြင့် ဘုရားရှင် ဟောထားတော်မူခဲ့သော အကျဉ်းဥဒ္ဒေသမာတိကာကို အကျယ်ဝေဖန်လျက် ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်။

ယင်းကထာဝတ္ထုကျမ်းသည် ထိုအချိန်အခါမှာ ဖြစ်ပေါ်နေသည့် မှားယွင်းသော အယူဝါဒများကိုလည်း တားမြစ်နိုင်သည်၊ ပယ်ဖျက်သုတ်သင်နိုင်သည်၊ နောင်အခါ ဖြစ်ပေါ်လာမည့် မှားယွင်းသော အယူဝါဒများကိုလည်း တားမြစ်နိုင်သည်၊ ပယ်ဖျက်သုတ်သင်နိုင်သည်၊ "အမှန်ဘက်မှ သုတ်ပေါင်းငါးရာ, မမှန်ဘက်မှ သုတ်ပေါင်းငါးရာ"ဟူသော သုတ်ပေါင်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်ကာ ဟောထားသော ကျမ်းမြတ်တစ်ဆူလည်း ဖြစ်ပါပေသည်။

ယင်းသို့ ဟောထားသောသုတ်များကို ထုတ်ဆောင်၍ တစ်ဖက်သား၏ အယူဝါဒ အမှားများကိုလည်း နှိမ်နင်းနိုင်သည်၊ နောင်အခါ ပေါ်ထွက်လာမည့် ဝါဒထူးဝါဒဆန်းများကိုလည်း တားမြစ်ဟန့်တား ပယ်ဖျက်သုတ်သင် ရှင်းလင်းနိုင်သည်၊ သို့ဖြင့် ဤကထာဝတ္ထုကျမ်းသည် အနာဂတ်သာသနာ သန့်ရှင်းတည်တံ့ရေးလုပ်ငန်းအတွက် ကြီးမားသော မော်ကွန်းမှတ်တိုင်ကြီးတစ်ခု ဖြစ်နေပါတော့သည်။

ထို့နောက် ယင်းခြောက်သန်းမျှသော ရဟန်းတော်များထဲမှ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံတော်မူသော ပိဋကတ်သုံးပုံဆောင် ရဟန္တာမထေရ်မြတ် တစ်ထောင်တို့ကို ရွေးချယ်တော်မူသည်။

အရှင်မဟာကဿပထေရ်, အရှင်ယသထေရ်တို့က ဓမ္မဝိနယကို သံဂါယနာတင်တော် မူကြသကဲ့သို့ သာသနာ့အညစ်အကြေးကို ရှင်းလင်းသုတ်သင်၍ တတိယသံဂါယနာ တင်တော်မူကြပြန်သည်၊ ယင်းသို့ သာသနာ့အညစ်အကြေးကို သုတ်သင်ရှင်းလင်းမှု ဓမ္မဝိနယကို သံဂါယနာတင်မှုတို့ဖြင့် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က တတိယအကြိမ် အားသစ်လောင်းပေးလိုက်သည့်အတွက် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် သန့်ရှင်းတည်တံ့ မှုကို ရလာပြန်သည်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဦးဆောင်သော သံဃာတော်များနှင့် အသောက ဓမ္မရာဇာတို့က တတိယအကြိမ် သာသနာသန့်ရှင်းတည်တံ့ရေးအပြင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်လျက် သာသနာတော်သန့်ရှင်းပြန့်ပွားရေးကိုလည်း လုပ်ဆောင်လာကြပေသည်၊ ထိုသို့ အမြော်အမြင်ကြီးမားစွာဖြင့် လုပ်ဆောင်ခဲ့ကြသည့် အတွက် သီရိလင်္ကာ, မြန်မာ-စသောအရပ်များသို့သာသနာတော် ပြန့်ပွားလာရပေသည်၊ သူတို့ကသာ ယင်းသို့ မလုပ်ဆောင်ခဲ့ကြပါလျှင် ယခုအချိန်၌ ကမ္ဘာပေါ်မှာ ဗုဒ္ဓသာသနာ အငွေ့အသက်မျှပင် ကျန်ရှိတော့မည် မထင်ပါ၊ သို့ဖြစ်၍ သူတို့ကို တကယ့်သာသနာ့ ကျေးဇူးရှင်ကြီးများ-ဟု မှတ်တမ်းတင်ထိုက်ပါတော့သည်။

စတုတ္ထသံဂါယနာ၊ (သီဟိုဠ်)၊

တတိယသံဂါယနာတင်ပြီးသည့်နောက် သီဟိုဠ်ကျွန်းသို့ ကြွရောက်သာသနာပြုရန် တာဝန်ပေးခံရသော အရှင်မဟိန္ဒထေရ်မြတ်သည် သာသနာတော် ၂၃၆-ခုနှစ်မှာ သီဟိုဠ် ကျွန်းသို့ ကြွရောက်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ခိုင်မြဲစွာ တည်နေစေခဲ့သည်။

ထိုအချိန်မှစ၍ သာသနာတော်သည် သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း လက်ထက်တိုင်အောင် သန့်ရှင်းစင်ကြယ်စွာ ကည်ရိုလာခဲ့သည်၊ ဝဋ္ဋဂါမဏိမင်းသည် သာသနာတော် ၄၃၀-ခုနှစ်မှာ မင်းဖြစ်လာခဲ့သည်၊ မင်းဖြစ်ပြီးနောက် ငါးလမျှကြာသောအခါ ဗြာဟ္မဏတိဿ(စတ္တာလတိဿ)သူပုန်ဘေး ဖြစ်ပေါ်လာခဲ့သည်၊ ဝဋ္ဋဂါမဏိမင်းသည် ၁၄-နှစ် ၇-လကြာအောင် ထွက်ပြေးတိမ်းရှောင် ပုန်းအောင်းနေခဲ့ရသည်။

ထိုစဉ် သီဟိုဠ်ကျွန်းသူကျွန်းသားများသည် သူပုန်သူခိုး လူဆိုးများ၏ဘေး, မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့၏ ဖိစီးနှိပ်စက်မှုဒဏ်ကို အလူးအလိမ့် ခံနေကြရသည်၊ လူဆိုးများက လူကို ဖမ်းယူသတ်စားနေကြသည်သည်အထိ ဆိုးဝါးနေကြသည်၊ အရပ်သူအရပ်သားများမှာ ဘေးကင်းမည်ထင်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်၊ ရတတ်သမျှသော သစ်ရွက်သစ်သီး သစ်ဥသစ်မြစ် သစ်ခေါက်တို့ဖြင့် မျှတနေကြရသည်၊ ရဟန်းသံဃာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းရန် မစွမ်းနိုင်ကြတော့ချေ။

အသက်စွန့်သွား မထေရ်များ

ထိုအချိန်ဝယ် စိတ္တာလတောင်၌ ရဟန်းတော်ပေါင်း တစ်သောင်းနှစ်ထောင်တို့ နေထိုင်ကြသည်၊ တိဿကျောင်းတိုက်ကြီး၌လည်း အလားတူပင် ရဟန်းတော်ပေါင်း တစ်သောင်း နှစ်ထောင်တို့ နေထိုင်လျက် ရှိကြပေသည်၊ ကျောင်းတိုက်ကြီးနှစ်တိုက်လုံးမှာပင် သုံးနှစ်စာအတွက် ဒါနဝတ်စပါးကို ကြွက်ကြီးများက တစ်နေ့တည်းဖြင့်ပင် စားပစ်လိုက်ကြသည်၊ ဖွဲမျှသာ ချန်ထားခဲ့ကြသည်။

စိတ္တာလတောင်မှ ရဟန်းတော်များက "တိဿကျောင်းတိုက်ကြီးမှာ အလှူဝတ်ရှိလေဦးမယ်၊ ယင်းကျောင်းတိုက်သို့ သွားရောက်နေထိုင်ကြစို့ရဲ့"ဟု တိုင်ပင်၍ မိမိတို့ကျောင်းတိုက်မှ ထွက်ခွာလာခဲ့ကြသည်။

တိဿကျောင်းတိုက်မှ ရဟန်းတော်များကလည်း "စိတ္တာလတောင်မှာ အလှူဝတ်ရှိလေဦးမယ်၊ အဲဒီကျောင်းတိုက်ကိုသွားပြီး နေကြစို့ရဲ့"ဟု တိုင်ပင်၍ မိမိတို့ကျောင်းတိုက်မှ ထွက်ခွာလာခဲ့ကြသည်။

ကျောင်းတိုက်ကြီးနှစ်တိုက်မှ သံဃာတော်များလည်း ချောက်နက်ကြီးတစ်ခု၏ကမ်းနားမှာ ပေါင်းဆုံမိကြသည်၊ အချင်းချင်း နှုတ်ဆက်မေးမြန်းကြသည်၊ ကျောင်းတိုက်နှစ်ခုလုံးမှာပင် ဒါနဝတ် ကုန်ဆုံးသွားကြောင်း သိကြရသည်၊ ထိုနေရာမှာပင် "ကျောင်းတိုက်ကို ပြန်သွားလို့ကော ဘာထူးတော့မလဲ"ဟု ဆုံးဖြတ်လိုက်ကြသည်။

ရဟန်းတော်ပေါင်း နှစ်သောင်းလေးထောင်လုံးပင် ချောက်နက်ကြီးရှိသော တောထဲသို့ ဝင်သွားကြသည်၊ ထိုင်လျက်ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူ သွားကြရသည်၊ နောက် ပြည်ရွာ

အေးချမ်းလာသည့်အခါ ဘိက္ခုသံဃာက သိကြားမင်းကိုခေါ်ပြီး ဓာတ်တော်တို့ကို စုဆောင်းယူလာ၍ စေတီတည်ထားခဲ့သည်-ဟု မဟာပစ္စရီအဋ္ဌကထာမှာ ဆိုထားသည်။

မဟာသောဏဒေရီ

ဗြာဟ္မဏတိဿသူပုန်လည်း ဇနပုဒ်ကို လုယက်ဖျက်ဆီးနေခဲ့သည်၊ ထိုစဉ် သံဃာတော်က စည်းဝေးတိုင်ပင်ကြသည်၊ သူပုန်ကို တားမြစ်ပေးပါမည့်အကြောင်း ပြောဆိုရန် သိကြားမင်းထံ မထေရ်ရှစ်ပါးတို့ကို စေလွှတ်လိုက်သည်။

"အရှင်ဘုရားတို့ ! ဒကာတော်သိကြားမင်းက ဖြစ်ပေါ်လာတဲ့သူပုန်ကို မတားမြစ်နိုင်ပါ၊ သံဃာတော်က သမုဒ္ဒရာတစ်ဖက်(အိန္ဒိယ)ကိုသာ ကြွသင့်ပါတယ်၊ ဒကာတော်က သမုဒ္ဒရာမှာ စောင့်ရောက်မှုကို ပြုပါ့မယ်"။

မထေရ်များ သွားရောက်ပြောဆို မေတ္တာရပ်ခံသည့်အခါ သိကြားမင်း၏ ဝန်ခံလျှောက်ထားချက်အရ ဒေသအသီးသီးမှ သံဃာတော်များက နာဂဒီပကျွန်းကို ကူးသွားကြသည်၊ ဇမ္ဗုကောလဆိပ်မှာ သုံးထပ်ဖောင်ကြီးကို အဖွဲ့ခိုင်းကြသည်၊ တစ်ထပ်က ရေထဲမှာမြုပ်နေသည်၊ တစ်ထပ်မှာ ရဟန်းတော်များ နေကြသည်၊ တစ်ထပ်မှာ သပိတ်သင်္ကန်းများထားကြသည်။

(သာသနာတော် ကွယ်ပျောက်ပုံအခန်း၌ သိကြားကိုယ်တိုင်က ဖောင်ဖန်ဆင်းပေးကြောင်း ဆိုခဲ့သည်၊ နိကာယ်ဆောင်ပုဂ္ဂိုလ်တို့၏ အမှတ်အသား ကွဲပြားမှုသာ ဖြစ်ဖွယ်ရာ ရှိပါသည်။)

ယင်းသံဃာပရိသတ်၏ ဦးစီးခေါင်းဆောင် မထေရ်များမှာ သံယုတ္တနိကာယ်ဆောင် စူဠသိဝထေရ်, ဣသိဒတ္တထေရ်နှင့် မဟာသောဏထေရ်တို့ ဖြစ်ကြသည်၊ ဖောင်ကြီးကမ်းမှခွာခါနီးမှာ မထေရ်သုံးပါးက အချင်းချင်း တိုက်တွန်းစကား ပြောကြားနေကြသည်။-

"ငါ့ရှင်သောဏ ! ဖောင်ကြီးပေါ်ကို တက်စမ်းပါ"။

"အရှင်ဘုရားတို့ကော- ။ (မတက်ဘူးလား?"။)

စူဠသိဝထေရ်နှင့် ဣသိဒတ္တထေရ်တို့က တိုက်တွန်းစကား ပြောကြားလာသည့်အခါ မဟာသောဏထေရ်က ပြန်လည်မေးမြန်းလျှောက်ထားလိုက်သည်။

"ငါ့ရှင် ရေမှာသေတာပဲဖြစ်ဖြစ်, ကုန်းမှာသေတာပဲဖြစ်ဖြစ် မထူးလှပါဘူး၊ တပည့်တော်တို့နှစ်ပါးကတော့ မလိုက်တော့ပါ၊ ဒါပေမယ့် ငါ့ရှင်ကို အမှီပြုပြီး နောင်အခါ သာသနာတော်ရဲ့အစဉ်အဆက် တည်လာပါလိမ့်မယ်၊ ဒါနဲ့ ငါ့ရှင်ကသာ လိုက်သွားပါတော့"။

"အရှင်ဘုရားတို့နှစ်ပါးက မလိုက်ရင် တပည့်တော်လဲ မလိုက်လိုတော့ပါဘူး"။

စူဠသိဝထေရ်နှင့် ဣသိဒတ္တထေရ်တို့က တိုက်တွန်းစကား ပြောကြားလာသည့်အခါ မဟာသောဏထေရ်က ပြန်လည်မေးမြန်းလျှောက်ထားလိုက်သည်။

"ငါ့ရှင် ရေမှာသေတာပဲဖြစ်ဖြစ်, ကုန်းမှာသေတာပဲဖြစ်ဖြစ် မထူးလှပါဘူး၊ တပည့်တော်တို့နှစ်ပါးကတော့ မလိုက်တော့ပါ၊ ဒါပေမယ့် ငါ့ရှင်ကို အမှီပြုပြီး နောင်အခါ သာသနာတော်ရဲ့အစဉ်အဆက် တည်လာပါလိမ့်မယ်၊ ဒါနဲ့ ငါ့ရှင်ကသာ လိုက်သွားပါတော့"။

"အရှင်ဘုရားတို့နှစ်ပါးက မလိုက်ရင် တပည့်တော်လဲ မလိုက်လိုတော့ပါဘူး"။

မထေရ်နှစ်ပါး၏ အလိုဆန္ဒကို ကြားရသည့်အခါ မဟာသောဏထေရ်ကလည်း မိမိ၏ ဆန္ဒကို ဖွင့်ဟပြောပြလိုက်ပါတော့သည်၊ မထေရ်နှစ်ပါးက မဟာသောဏထေရ်ကို ဖောင်ပေါ်တက်ရန် သုံးကြိမ်တိုင်အောင် တောင်းပန်ပြောဆိုကြပါသေးသည်၊ အကြောင်း မထူးတော့ပါ၊ ပြောမရသည့်အဆုံးမှာ သုံးပါးလုံးပင် ပြန်လာခဲ့ကြသည်။

"ငါ့ရှင်ကျွသိဒတ္တ ! နောင်အခါမှာ မဟာသောဏထေရ်ကို အမှီပြုပြီး သာသနာတော် အစဉ်အဆက် တည်လာလိမ့်မယ်၊ သူ့ကို လက်မလွတ်နဲ့၊ (သူ့နှင့် လက်တွဲမဖြုတ်နဲ့၊ မခွဲခွာနဲ့၊ သူ့ကိုစွန့်ပစ်ပြီး မသွားနဲ့"။)

"အရှင်ဘုရားတို့ကော ၊ (ဘယ်ကို ကြွဦးမလို့လဲ?"။)

စူဠသိဝထေရ်က သတိပေးစကား ပြောကြားလာသည့်အခါ ကျွသိဒတ္တထေရ်က ပြန်လည် မေးမြန်းလျှောက်ထားပြန်သည်။

"တပည့်တော်က မဟာစေတီကို သွားဖူးပါဦးမယ်"။

စူဠသိဝထေရ်က ကျွသိဒတ္တထေရ်အား ပြန်လည်ပြောကြားလိုက်သည်၊ ထို့နောက် မထေရ် နှစ်ပါးလုံးကို သြဝါဒစကား မိန့်ကြားခဲ့ပြီး ထွက်ကြွလာခဲ့သည်။

စူဠသိဝထေရ် မဟာစေတီတော်သို့ ရောက်သွားချိန်ဝယ် မဟာဝိဟာရကျောင်း တိုက်မှာ ရဟန်းတစ်ပါးမျှမရှိတော့ချေ၊ စေတီတော်ရင်ပြင်၌ ကြက်ဆူပင်များက မင်းမူ နေပေသည်၊ ကြက်ဆူတောကြီးဖြစ်နေသည်၊ ချုံနွယ်တို့ကလည်း စေတီတော် တစ်ခုလုံးကို လွှမ်းခြုံဖုံးအုပ်ထားကြသည်၊ ရေညှိများကလည်း တက်နေလိုက်သေးသည်။

စူဠသိဝထေရ်က သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၏အပေါ်မှာ ရှိသေပျှပ်ဝပ် ကျိုးနွံပုံမျိုးဖြင့် မဟာစေတီတော်ကို ရှိခိုးဝပ်ချသည်၊ ထို့နောက် စူဠသိဝထေရ်က အဲဒီနောက်ဘက်ဇရပ်သို့ ဝင်ရောက်ဖူးမြော်ရင်း ကြွတွေးငေးမှိုင်နေခဲ့သည်။

"ဒီမျှလောက်(အတိုင်းအတာ မရှိအောင်) လာဘ်လာဘပေါများ ကျော်စော ထင်ရှားတော်မူခဲ့တဲ့ ရှင်တော်မြတ်ဘုရား၏ သရီရဓာတ်တော်ကို ဌာပနာထားတဲ့ ဌာနကြီးဟာ ကိုးကွယ်ရာမဲ့ ဖြစ်နေပါပေါ့လား"။

စူဠသိဝထေရ်က ကြွတွေးငေးမှိုင်နေသည့်အချိန်မှာပင် အနီးအနား သစ်ပင်တစ်ပင်မှာ နေသည့် ရက္ခစိုးနတ်တစ်ဦးက ခရီးသွားအသွင်ဖြင့် ဆန်တစ်စလယ်နှင့် ထန်းလျက်ခဲကို ယူပြီး စူဠသိဝထေရ်၏အနီးသို့ လာရောက်လျက် ဦးချလျှောက်ထားသည်။

"အရှင်ဘုရားက ဘယ်ကို ကြွမလို့ပါလဲဘုရား?"။

"ဘုန်းကြီးက တောင်အရပ်ကို သွားမလို့ပဲ ဒကာရေ"။

"တပည့်တော်လဲပဲ အဲဒီတောင်အရပ်ကို သွားမလို့ပါပဲ၊ တပည့်တော်နှင့်ပဲ အတူသွားကြပါစို့ဘုရား"။

"ဒကာ ! ဘုန်းကြီးက အားမရှိဘူး၊ ဒါနဲ့ ဒကာကိုမိအောင် လိုက်နိုင်မယ် မဟုတ်ဘူး၊ ဒကာကသာ ရှေ့ကသွားနှင့်ပေတော့"။

"တပည့်တော်ကလဲ အရှင်ဘုရားကြွသလို ခပ်ဖြည်းဖြည်းပဲ သွားမှာပါဘုရား"။

ရက္ခစိုးနတ်က မိမိစကားအဆုံးမှာပင် စူဠသိဝထေရ်၏ သပိတ်ကို လှမ်းယူလိုက်သည်၊ စူဠသိဝထေရ်လည်း ရက္ခစိုးနတ်နှင့်အတူ ခရီးထွက်ကြွလာခဲ့သည်။

တိသဝါပီကန်ဘောင်ရိုးကို ရောက်လာသည့်အခါ ရက္ခစိုးနတ်က အဖျော်ရည် လုပ်သည်၊ သပိတ်ဖြင့်ပင် မထေရ်ကို ဆက်ကပ်သည်၊ မထေရ်လည်း အဖျော်ရည် သောက်ပြီးသည့်အချိန်မှာ အနည်းငယ်အားရှိလာသည်။

မကြာမီမှာပင် ရက္ခစိုးနတ်၏တန်ခိုးဖြင့် ဝေဏုမြစ်အနီး ရဟန်းတော်များ စွန့်ခွာထွက်သွား ထားပစ်ခဲ့သော ကျောင်းတစ်ကျောင်းသို့ ရောက်လာသည်၊ ရက္ခစိုးနတ်က စူဠသိဝထေရ်အတွက် အိပ်ရာနေရာကို ရှင်းလင်းသုတ်သင် ပြင်ဆင်ပေးသည်။

နောက်တစ်နေ့ မထေရ်က မျက်နှာသစ်ပြီးသည့်အခါ ရက္ခစိုးနတ်က ယာဂုကျို၍ ကပ်လှူသည်၊ ယာဂုသောက်ပြီးသည့်အချိန်မှာ ဆွမ်းချက်၍ မထေရ်အား ဆက်ကပ် လာပြန်သည်။

"ဒါယကာ သင့်အတွက် ချန်ထားဦး"။

မထေရ်က သပိတ်ကို လက်ဖြင့်ပိတ်ကာ ပြောဆိုတားမြစ်ပါသေးသည်။

"တပည့်တော်က ခရီးဝေးသွားရမှာ မဟုတ်တော့ပါဘုရား"။

ရက္ခစိုးနတ်က မထေရ်အား ပြန်လည်လျှောက်ထားလျက် ဆွမ်းအကုန်လုံးကိုပင် မထေရ်၏ သပိတ်ထဲမှာ လောင်းထည့်လိုက်သည်၊ ဆွမ်းဘဉ်းပေးပြီးသည့်အခါ ခရီးဆက်လက် ထွက်ကြွလာကြပြန်သည်။

"အရှင်ဘုရား ! ဒါဟာ သစ်ရွက်ကိုစားနေကြတဲ့ လူတွေရဲ့ နေရာအရပ် ဖြစ်ပါတယ်၊ မီးခိုးလဲ တွေ့နေရပါတယ်၊ တပည့်တော်က ရှေ့ကို ခရီးဆက်စရာ ရှိပါသေးတယ်"။

ရက္ခစိုးနတ်က မိမိတန်ခိုးဖြင့် ဓနုရမြစ်နားသို့ရောက်အောင် ပို့ဆောင်လျက် မထေရ်ကို ရှိခိုးဝပ်ချ လျှောက်ထားခဲ့ပြီး မိမိဘုံဗိမာန်သို့ ပြန်လာခဲ့သည်၊ မထေရ်လည်း ဘေးရန်

မငြိမ်းမချင်း သစ်ရွက်စားနေရသူ လူတို့ကို မှီခိုနေခဲ့ရသည်၊ ၁၂-နှစ်လုံးလုံး သစ်ရွက်ဘဉ်းပေးပြီး သံယုတ္တနိကာယ် မဟျောက်ဟျက်ရအောင် နှုတ်တက်အာဂုံ ဆောင်လာခဲ့သည်။

ဣသိဒတ္တထေရ်လည်း မဟာသောဏထေရ်နှင့်အတူ လှည့်လည်သွားလာရင်း အဋ္ဌနပုဒ်သို့ ချောမောစွာ ရောက်လာခဲ့သည်၊ တစ်နေရာမှာ လူများက ကောင်းကောင်း မမှည့်သေးသော သစ်မည်စည်သီးများကိုခွဲလျက် အစေ့များကို ယူသွားကြပြီး အခွံများကို စွန့်ပစ်ထားခဲ့ကြသည်။

"ငါ့ရှင်သောဏ ! ဆွမ်းအတွက် စားစရာတွေ့နေတယ်"။

ဣသိဒတ္တထေရ်က မဟာသောဏထေရ်ကို လှည့်ပြော၍ သပိတ်ကို တောင်းယူလိုက်သည်၊ သင်္ကန်းရုံပြီး သပိတ်ပိုက်ကာ ရပ်နေပါတော့သည်။

ကလေးသူငယ်များက သပိတ်ပိုက်ကာ ရပ်နေသော အရှင်ဣသိဒတ္တထေရ်ကို တွေ့ရသောအခါ "ဒီအခွံတွေကို တစ်နေရာရာမှာ အသုံးပြုလိုတာ ဖြစ်ပေလိမ့်မယ်" ဟူသောအထင်ဖြင့် သဲများကိုသုတ်၍ သစ်မည်စည်သီးအခွံများကို သပိတ်ထဲမှာ လောင်းထည့်လှူဒါန်းလိုက်ကြပါတော့သည်။

မထေရ်နှစ်ပါးလည်း ယင်းသစ်မည်စည်သီးအခွံများကို ဘဉ်းပေးသုံးဆောင်ကြသည်၊ ခုနစ်ရက်မျှ သစ်မည်စည်သီးခွံ အစာအာဟာရဖြင့်သာ မျှတနေကြရတော့သည်၊ နောက်ထပ် မည်သည့်အစာအာဟာရကိုမျှ မဘုဉ်းပေးကြရတော့ပါ။

ဆက်လက်ကြွတော်မူရင်း စောရိယအိုင်နားကို ရောက်သွားကြတော့သည်၊ လူများက ကုမုဒြာကြာတို့ကို ခူးယူသွားကြပြီး အရိုးတို့ကို စွန့်ပစ်ထားခဲ့ကြသည်။

"ငါ့ရှင်မဟာသောဏ ! ဆွမ်းအာဟာရ တွေ့နေပြန်ပြီ"။

အရှင်ဣသိဒတ္တထေရ်က မဟာသောဏထေရ်ကို ပြောကြားပြီး သပိတ်ကို တောင်းယူလိုက်သည်၊ သင်္ကန်းရုံပြီး သပိတ်ပိုက်ကာ ရပ်နေပြန်သည်။

ရွာသားကလေးသူငယ်တို့က ကုမုဒြာကြာရိုးတို့ကို သုတ်သင်၍ သပိတ်ထဲမှာ လောင်းထည့်လှူဒါန်းကြသည်၊ မထေရ်နှစ်ပါးလည်း ယင်းကုမုဒြာကြာရိုးတို့ကို ဘဉ်းပေးသုံးဆောင်ကြသည်၊ ခုနစ်ရက်မျှ ယင်းအာဟာရဖြင့်သာ မျှတနေခဲ့ကြရသည်၊ တဖြည်းဖြည်းရှေ့ကို ဆက်လက်ကြွတော်မူကြရင်း သစ်ရွက်စားနေရသူ လူတို့၏ နေရာ ရွာတံခါးတစ်ခုသို့ ရောက်သွားကြသည်။

"သမီးရေ ! အကယ်၍သာ အရှင်မြတ်တစ်ပါးပါး ကြွလာလို့ရှိရင် ဘယ်ကိုမျှ ကြွခွင့်မပေးပါနဲ့၊ အရှင်မြတ်အတွက် နေရာအရပ်ကိုလဲ ညွှန်ကြားလျှောက်ထားလိုက်ပါ"။

ယင်းရွာတံခါးနားမှာ နေထိုင်သော ဇနီးမောင်နှံနှစ်ဦးတို့က တောကိုသွားခါနီးမှာ သမီးကလေးအား ပြောဆိုမှာထားခဲ့ကြသည်။

ယင်းအမျိုးသမီးကလေးက မထေရ်များကို တွေ့ရသည့်အခါ သပိတ်ကို လှမ်းယူလိုက်သည်၊ မထေရ်များကိုလည်း အိမ်ပေါ်သို့ ပင့်တင်ထားသည်၊ အိမ်မှာလည်း ဆန်စပါးဟူသည် မူးလို့ပင်ရှုစရာ မရှိပါချေ၊ သို့ဖြင့် အမျိုးသမီးကလေးက ဓားကလေးတစ်ချောင်းကို ယူပြီး ချင်ရွေးပင်နှင့် တောင့်ကျောပင်အခွံတို့ကို ချင်ရွေးနွယ်, ချင်ရွေးရွက်တို့နှင့် ရောပြီး နုပ်နုပ်စဉ်းနေသည်၊ အဆုပ်သုံးဆုပ် ပြုလုပ်၍ မထေရ်များအား တစ်ပါးတစ်ဆုပ် ဆက်ကပ်ပေးလှူသည်၊ ကျန်တစ်ဆုပ်ကို ကျသိဒတ္တာထေရ်၏ သပိတ်ထဲကို လောင်းလှူမည်-ဟူသော ရည်ရွယ်ချက်ဖြင့် လက်ကိုဆန့်ပြီး လောင်းလှူလိုက်ရာ မဟာသောဏထေရ်၏ သပိတ်ထဲကို လောင်းလှူမိသား ဖြစ်နေပါတော့သည်၊ မထေရ်များလည်း ဘုဉ်းပေးမှုကိစ္စ ပြီးသည့်အခါ မိမိတို့ နေထိုင်ရမည့် ဌာနသို့ ကြွသွားကြသည်။

"အမေရေ ! မထေရ်နှစ်ပါး ကြွလာကြတယ်၊ အဲဒီ မထေရ်များအား သီတင်းသုံးနေထိုင်ရမယ့် နေရာဌာနကိုလဲ သမီးက လျှောက်ထား ညွှန်ကြားလိုက်ပါတယ်"။

တောမှ ပြန်လာကြသော ဇနီးမောင်နှံနှစ်ဦးတို့က သမီးကလေး၏ ဆီးကြိုပြောဆိုသော စကားကို ကြားရသည့်အခါ မထေရ်များထံ လိုက်သွားကြသည်။

"တပည့်တော်တို့ ရှာဖွေရရှိတဲ့ အစာအာဟာရနဲ့ပဲ အရှင်ဘုရားတို့ကို ပြုစုလုပ်ကျွေးပါ့မယ်၊ တပည့်တော်တို့ကို ချီးမြှောက်တဲ့အနေနဲ့ ဒီမှာပဲ သီတင်းသုံးတော်မူကြပါဘုရား"။

ဇနီးမောင်နှံနှစ်ယောက်တို့၏ ရိုသေကျိုးနွံစွာ ရှိခိုးဝပ်ချ တောင်းပန်လျှောက်ထားသော စကားကို မထေရ်များက ပယ်စွန့်၍ မဖြစ်တော့ပါ၊ ဝန်ခံကတိ ပေးလိုက်ကြရပါတော့သည်၊ ဘေးရန်ရှိနေသမျှ ယင်းဒါယကာဒါယိကာမတို့ကို မှီခိုနေထိုင်လာခဲ့ကြသည်။

ဗြာဟ္မဏတိဿသူပုန် သေသွားသည့်အခါ ပိတုရာဇာ(ဝဋ္ဋဂါမဏိမင်း)က ထီးဖြူးစိုက်ကာ မင်းလုပ်လာပါတော့သည်။

(နောင်တော် ခလွှာငုမင်း၏ မိဖုရား အနုဠာဒေဝီမှမွေးဖွားသော တူဖြစ်သူ မဟာစူဠိကမင်းသားက မိမိ၏ အဖေရင်းသဖွယ် စောင့်ရှောက်လာသောကြောင့် ဘထွေးတော် ဝဋ္ဋဂါမဏိမင်းအား "ပိတု(ခမည်းတော်)"ဟု ခေါ်သည်ကို အကြောင်းပြု၍ ဝဋ္ဋဂါမဏိမင်းကိုပင် "ပိတုရာဇာ"ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပါသည်။)

ဘေးရန်ခပ်သိမ်း အေးငြိမ်းနေပြီ၊ ဇနပုဒ် (နယ်ပယ်)လည်း သာယာဝပြောပြည့်စုံချမ်းသာနေပြီ။

ဤသတင်းစကားကို ကြားသိရသောအခါ အိန္ဒိယကျွန်းဆွယ်ဘက်ကို ကြွသွားကြသော ရဟန်းတော်များက ကြုံရာလေ,သဘော်ဖြင့် သီဟိုဠ်သို့ ပြန်ကြွလာကြ၍ မဟာတိတ္ထဆိပ်မှာ ဆင်းကြသည်။

"မဟာသောဏထေရ် ဘယ်မှာ သီတင်းသုံး နေထိုင်သလဲ?"။

ယင်းရဟန်းတော်များက မဟာသောဏထေရ်၏ နေရာအရပ်ကို မေး၍ မဟာသောဏ ထေရ်ထံသို့ သွားကြသည်၊ သို့ဖြင့်-မဟာသောဏထေရ်သည် နောက်လိုက်နောက်ပါ ရဟန်းငါးရာနှင့်အတူ ကာလကဏ္ဏာ မဟာမဏ္ဍလာရာမကျောင်းတိုက်သို့ ကြွရောက် လာခဲ့သည်။

ထိုစဉ် ကာလကဏ္ဏာမှာ အိမ်ခြေ ခုနစ်ရာရှိနေသည်၊ အိမ်ထောင်စုပေါင်း ခုနစ်ရာ နေထိုင်လျက် ရှိကြသည်။

"မဟာသောဏထေရ် ရဟန်းငါးရာနှင့်အတူ မဟာမဏ္ဍလာရာမကျောင်း တိုက်ကို ကြွရောက်လာပါတယ်၊ အိမ်ထောင်စု တစ်စုတစ်စုက ကိုးတောင်ရှိတဲ့ အဝတ်နှင့်တကွ တစ်ကျပ်တန်ဆွမ်းကို ပေးလှူကြရမယ်"။

ညအချိန်ကပင် နတ်များက ရွာထဲမှာ လှည့်လည်ကြေညာထားသည်၊ နောက်နေ့ နံနက်ဘက် အချိန်မှာ မထေရ်များက ကာလကဏ္ဏာသို့ ဆွမ်းခံဝင်ကြသည်၊ ထိုင်တော်မူကြပါမည့် အကြောင်း လျှောက်ထားတောင်းပန်၍ လူများက ယာဂုဆက်ကပ်ကြသည်၊ မဏ္ဍလာရာမ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော တိဿဘူထေရ်က သံဃာထေရ် နေရာမှာ ထိုင်နေတော်မူသည်။

"မဟာသောဏထေရ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲဘုရား?"။

ဥပါသကာကြီး တစ်ယောက်က တိဿဘူထေရ်နားကို လာရောက်လျက် ဝပ်ချ လျှောက်ထားသည်၊ ထိုအချိန်၌ မဟာသောဏထေရ်သည် သီတင်းငယ်မျှသာ ဖြစ်သည်၊ ပရိသတ်အစွန်မှာ ထိုင်နေတော်မူသည်။

"ဒါယကာ ! မဟာသောဏထေရ်ဆိုတာ ဒီပုဂ္ဂိုလ်ပါပဲ"။

တိဿဘူထေရ်က လက်ကိုဆန့်တန်းလျက် လက်ညှိုးထိုးကာ ညွှန်ပြလိုက်ပါတော့သည်၊ ဥပါသကာကြီးက မဟာသောဏထေရ်ကိုရှိခိုးလျက် သပိတ်ကိုတောင်းသည်၊ မဟာသောဏ ထေရ်က (ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဝစီဝိညတ်ပါနေသည် ထင်သဖြင့်) သပိတ်ကို မပေးဘဲနေသည်။

"ငါ့ရှင်မဟာသောဏ ! ငါ့ရှင်မသိသလို ငါတို့လဲ မသိနိုင်ကြပါ၊ ဘုန်းရှိသူတွေ အတွက် နတ်များက တိုက်တွန်းနှိုးဆော်ပေးတတ်ကြပါတယ်၊ သပိတ်ကို ပေးလိုက်ပါ၊ သီတင်းသုံးဖော်တို့အား ချီးမြှောက်မှုကို ပြုပါ"။

တိသဘူမထေရ်၏ အမိန့်ကို နာခံသောအားဖြင့် မဟာသောဏထေရ်က သပိတ်ကို ပေးလိုက်သည်၊ ဥပါသကာကြီးက သပိတ်ကို ယူသွားပြီး တစ်ကျပ်တန် ဆွမ်းဖြင့် ပြည့်စေသည်၊ ကိုးတောင်ရှိသော အဝတ်ကို သပိတ်ခြေလုပ်ကာ ယူလာလျက် မဟာသောဏထေရ်အား ဆက်ကပ်လှူဒါန်းသည်။

အခြားဒါယကာများကလည်း ရဟန်းတော်များ၏ သပိတ်ကို အသီးအသီး တောင်းယူသွားကြသည်၊ အလားတူပင် ပြုလုပ်လာကြ၍ မဟာသောဏထေရ်ကိုပင် ဆက်ကပ်လှူဒါန်းကြသည်။

ဤသို့လျှင် အဝတ်ခုနစ်ရာနှင့် ဆွမ်းခုနစ်ရာတို့ကို မဟာသောဏထေရ် တစ်ပါးတည်း အားသာ ပေးလှူကြသည်၊ မဟာသောဏထေရ်က ဘိက္ခုသံဃာအား ခွဲခြမ်းဝေဖန်ပေးလှူမှုကို ပြုလုပ်သုံးစွဲသည်။

မဟာဝိဟာရသို့ ရောက်သွားသည့် အခါမှာလည်း မဟာသောဏထေရ်သည် နံနက်စောစော မျက်နှာသစ်ပြီး မဟာဇောမိနှင့် မဟာစေတီကို ဝပ်ချ၍ ထူပါရာမ၌ ရပ်တန့်လျက် သင်္ကန်းရုံသည်၊ ရဟန်းတော်အပေါင်း ခြံရုံလျက် တောင်တံခါးဖြင့် မြို့တွင်းကို ဝင်လာသည်၊ ယင်းတံခါးနှင့် ဝဋ္ဋနကမည်သော ဇရပ်အကြားမှာ ငွေခြောက်ဆယ်တန် ဆွမ်းကိုရသည်။

ထိုအချိန်အခါမှစ၍ မဟာသောဏထေရ်မှာ အတိုင်းအရှည်ပမာဏမရှိအောင် လာဘ်ပူဇော်သကာ ပေါများလာခဲ့သည်၊ ထိုမျှ ဘုန်းကံရှိသော ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ခေတ်ဆိုးခေတ်ပျက်နှင့် ကြုံသည်အခါမျိုးမှာ သစ်မည်စည်သီးခွံနှင့် ကုမုဒြာကြာရိုးတို့ကိုပင် ခဲယဉ်းပင်ပန်းစွာ ရရှိလာခဲ့ရပေသည်။ သမ္မော-၄၊၄၂၆။

ဝတ္တဗ္ဗကနိက္ခေပထေရ်

ဗြာဟ္မဏတိသ သူပုန်ဘေးဖြစ်ပေါ်လာချိန်၌ ဝတ္တဗ္ဗကနိက္ခေပထေရ်သည် ရဟန်းမဖြစ်သေးပါ၊ သာမဏေဘဝဖြင့်သာ ရှိနေပါသေးသည်၊ ဝတ္တဗ္ဗကနိက္ခေပသာမဏေနှင့် သူ၏ဥပဇ္ဈာယ်ဆရာတို့သည် အိန္ဒိယဘက်ကို လိုက်ပါမသွားကြချေ၊ "သစ်ရွက်စားနေသူတို့ကို မှီခိုပြီး နေကြမယ်" ဟူသော ရည်ရွယ်ချက်ဖြင့် တိုင်းစွန်ပြည်ဖျားသို့ ထွက်ခွာလာခဲ့ကြပေသည်။

ဆရာတပည့် အစာမစားရသည်မှာ ခုနစ်ရက်မျှ ရှိလာခဲ့ပြီ၊ ရွာဆိုးကုန်း (လူမနေတော့ဘဲ စွန့်ပစ်ထားခဲ့သော ရွာဟောင်းရွာပျက်) တစ်နေရာမှာ ထန်းပင်ပေါ်က ထန်းသီးတွေကို တွေ့ရ၍ သာမဏေက ဥပဇ္ဈာယ်ဆရာကို လျှောက်ထားသည်။-

"အရှင်ဘုရား ! ခေတ္တခဏ ဆိုင်းငံ့တော်မူပါဦး၊ ထန်းသီးတွေကို ခူးချပေးပါရစေ"။

"ကိုရင်ရယ် ! ကိုရင်က အားနည်းလှတယ်၊ မတက်ချင်စမ်းပါနဲ့"။

"တက်နိုင်ပါလိမ့်မယ် အရှင်ဘုရား"။

သာမဏေက ခွင့်တောင်းလျှောက်ထားပြီး ဓားငယ်ကို ယူလျက် ထန်းပင်ပေါ်ကို တက်သွားသည်၊ "ထန်းသီးခိုင်ကို ဖြတ်မယ်"ဟု အားဖြင့်ခုတ်လိုက်သည်၊ ဓားက အရိုးမှ ကျွတ်ထွက်ပြီး မြေပေါ်ကို ရောက်လာပါတော့သည်။

"ဒီသာမဏေဟာ လူက အင်မတန်ပင်ပန်းနေပါလျက် ထန်းပင်ပေါ်ကို တက်နေခဲ့တယ်၊ အခု ဘာလုပ်နိုင်တော့မလဲ"။

မထေရ်က စဉ်းစားနေတုန်းမှာပင် သာမဏေက ထန်းရွက်တွေကို အစိတ်စိတ်အမြှာမြှာ ခွဲစိတ်ပြီး ဓားရိုးကို ချည်လိုက်သည်၊ ထန်းရွက်စိတ်တွေကို တစ်စနှင့်တစ်စ ဆက်လျက် မြေသို့ ချပေးလိုက်သည်။

"ဓားကလေးကို ဒီဓားအရိုးမှာ တပ်ပေးလိုက်ရင် ကောင်းပါလိမ့်မယ်ဘုရား"။

သာမဏော၏ လျှောက်ထားချက်အတိုင်းပင် မထေရ်ကလည်း ဓားကလေးကို အရိုးမှာ တပ်ပေးလိုက်သည်၊ သာမဏေက ဓားကိုဆွဲတင်ပြီး ထန်းသီးများကို ခုတ်ချလိုက်သည်။

သာမဏေက ထန်းသီးများကို ခုတ်ချပြီးသည့်အခါ မထေရ်က ဓားငယ်ကို အချိုင်းလိုက်သည်၊ လိမ့်သွားသောထန်းသီးများကို ကောက်ယူ၍ ခွဲထားနှင့်သည်၊ သာမဏေလည်း ထန်းပင်ပေါ်မှ ဆင်းလာခဲ့သည်။

"ကိုရင်ရယ် ! ကိုရင်က အားနည်းလှတယ်၊ ဒီထန်းသီးဆန်ကို စားစမ်းပါဦး"။

"တပည့်တော်က အရှင်ဘုရား မဘုဉ်းပေးခင် မစားလိုပါဘုရား"။

ဥပဇ္ဈာယ်ဆရာက ကြင်နာစွာ ပြောဆို အစားခိုင်းပါသော်လည်း သာမဏေက မစားသေးဘဲ ဓားငယ်ကိုယူပြီး ထန်းသီးကိုခွဲသည်၊ သပိတ်ထဲမှာ ထန်းသီးဆန်ကို ထည့်သည်၊ မထေရ်အား ဦးစွာ ဆက်ကပ်လိုက်သည်၊ မထေရ်ဘုဉ်းပေးပြီးမှ ကိုယ်တိုင်စားသည်။

ဆရာတပည့် နှစ်ဦးတို့သည် ထန်းသီးမကုန်မချင်း ထိုနေရာမှာပင် နေကြသည်၊ ထန်းသီးကုန်မှ ထွက်ကြွလာခဲ့ကြသည်၊ ခုနစ်ရက်ခန့် သွားမိသည့်အခါ သစ်ရွက်ကို စားနေသူတို့၏ နေရာအရပ်သို့ ရောက်သွားကြသည်၊ ရဟန်းများ စွန့်ခွာထွက်သွားထားပစ်ခဲ့သော ကျောင်းတစ်ကျောင်းကို တွေ့ကြသည်၊ သာမဏေက မထေရ်အတွက် အိပ်ရာနေရာကို သုတ်သင်ရှင်းလင်းသည်၊ မထေရ်က သာမဏေအား သြဝါဒပေးပြီး ကျောင်းတွင်းသို့ ဝင်သွားကြသည်။

"မသေသင့်တဲ့ နေရာမျိုးမှာ ပျက်စီးသေဆုံးရတဲ့ ဘဝတွေကို ရေတွက်လို့ပင် ရနိုင်စရာ မရှိတော့ပါဘူး၊ ငါ့အသက် သေချင်သေသွားပါစေ၊ ဘုရားရှင်ကိုတော့ မပြုစု မလုပ်ကျွေးဘဲ မနေနိုင်ဘူး၊ ပြုစုလုပ်ကျွေးဦးမှပဲ"။

သာမဏေက စိတ်အားတင်းလျက် စေတီရင်ပြင်ကိုသွား၍ ရှင်းလင်းသုတ်သင်နေသည်၊ ခုနစ်ရက်မျှ အစာမစားခဲ့ရသည့်အတွက် တုန်တုန်လှုပ်လှုပ်(ကတုန်ကယင်) လဲလျောင်းလျက်သာ မြက်များကို နုတ်နေရပါတော့သည်။

ထိုစဉ် လူများက တောထဲမှ ပျားရည်နှင့် ထင်း, သစ်ရွက်တို့ကို ယူပြီးပြန်လာကြသည်၊ စေတီရင်ပြင်မှာ မြက်ပင်များ လှုပ်နေသည်ကို တွေ့ရသည့်အတွက် သားကောင်ဟူသောအမှတ်ဖြင့် စေတီရင်ပြင်သို့ တက်ရောက်လာကြသည်၊ သာမဏေကို တွေ့ရသည့်အခါမှာ မေးမြန်းလျှောက်ထားကြသည်။-

"ကိုရင် ! ဘာလုပ်နေသလဲ?"။

"မြက်ဖုတ်ကြီးတွေကို နုတ်ယူနေတယ် ဒကာတို့"။

"ကိုရင့်အပြင် အခြားသူများ ရှိသေးသလား?"။

"အေး၊ ကိုရင့်ဥပဇ္ဈာယ်ဆရာ ကျောင်းခန်းတွင်းမှာ ရှိနေတယ်"။

"ဒါဖြင့် ဆရာတော်ကိုကပ်ပြီး အရှင်ဘုရားလဲ ဘုဉ်းပေးတာပေါ့ဘုရား၊ တပည့်တော်တို့က သစ်ခက်ကျိုးတွေကို ချကာချကာ လမ်းပြတဲ့အနေနဲ့ ရှေ့က သွားနှင့်ပါ့မယ်၊ အဲဒီသစ်ခက်ကျိုးအမှတ်အသားနဲ့ပဲ ဆရာတော်ကိုပါ ပင်ဆောင်ပြီး လိုက်လာခဲ့တာပေါ့ဘုရား"။

ဒါယကာများက ပြောပြောဆိုဆို သာမဏေအား ပျားရည်လှူသွားကြသည့်အပြင် မိမိတို့၏ နေရာအရပ်ကိုလည်း ညွှန်ကြားလျှောက်ထားသွားကြသည်။

သာမဏေလည်း ဒါယကာများလှူသွားသော ပျားရည်ကိုယူပြီး မထေရ်ဆီကို သွားသည်၊ အခန်းပြင်ဘက်က ရပ်လျက် "ရှိခိုးဦးချပါတယ် ဘုရား"ဟု လျှောက်ထားလိုက်သည်။

'သာမဏေက ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်တာနဲ့ လာတာဖြစ်မှာပါပဲ' ဟူသောအထင်ဖြင့် မထေရ်က တိတ်တိတ်နေလိုက်သည်။

"ရှိခိုးဦးချပါတယ် ဘုရား၊ ရှိခိုးဦးချပါတယ်ဘုရား"။

"ကိုရင်ရေ ! အားနည်းနေတဲ့ ရဟန်းကို ဘာ့ကြောင့် သက်တောင့်သက်သာလဲလျောင်းနေခွင့် မပေးရသလဲ?"။

သာမဏေ၏ နောက်ထပ်လျှောက်ထားသော စကားကို ကြားရသောအခါ မထေရ်က အိပ်ရာမှ လှမ်း၍ ပြောလိုက်သည်။

"တံခါးကို ဖွင့်ပေးရင် သင့်တော်လိမ့်မယ် ထင်ပါတဲ့ယ်ဘုရား"။

သာမဏေ၏ ပန်ကြားလျှောက်ထားချက်အရ မထေရ်က ထလာ၍ တံခါးဖွင့်ပေးပြီး သာမဏေကို မေးသည်။-

"ကိုရင်ရေ! ကိုရင်က ဘာတွေကို ရလာခဲ့သလဲ?"။

"ဒကာတွေက ဟူးရည် လူးသွားပါတယ် ဘုရား၊ ဘဉ်းပေးရန် အဆင်သင့်ပါပဲ"။

"ကိုရင်ရေ! ဒီအတိုင်းစား‌ရင် တို့ပင်ပန်းကြလိမ့်မယ်၊ အဖျော်လုပ်ပြီး သောက်ကြစို့ရဲ့"။

ဆရာ၏ အလိုဆန္ဒကို ကြားရသောအခါ သာမဏေက အဖျော်ရည်လုပ်ပြီး ဆက်ကပ်လိုက်သည်၊ အဖျော်ရည် သောက်ပြီးသည့်အခါ မထေရ်က သာမဏေကို မေးပြန်သည်။

"လူတွေရဲ့ နေရာအရပ်ကို မေးထားလိုက်ရဲ့လား ကိုရင်"။

"သူတို့ကိုယ်တိုင်ပဲ အလိုအလျောက် လမ်းညွှန်ပြောပြသွားကြပါတယ် ဘုရား"။

"ဒါဖြင့်- နံနက်စောစောမှ သွားနေရရင် တို့ပင်ပန်းကြလိမ့်မယ်၊ ဒီနေ့ပဲ သွားကြစို့ရဲ့"။

သာမဏေ၏ လျှောက်ထားချက်အရ မထေရ်က မိမိ၏ဆန္ဒကို ထုတ်ဖော်မိန့်ကြားလိုက်သည်၊ သပိတ်သင်္ကန်းကို အယူခိုင်းပြီး သာမဏေနှင့်အတူ ကျောင်းမှ ထွက်ခွာလာခဲ့သည်၊ လူတို့၏နေရာ ရွာအနီးကို ရောက်မှ ဆရာတပည့် အိပ်ကြသည်။

"ငါဟာ ရှင်ဖြစ်ချိန်ကစပြီး ရွာအနီးမှာ အရက်တက်အောင် တစ်ခါမှ မနေဖူးဘူး"။

ညဉ့်လယ်လောက် ရောက်လာသည့်အခါ သာမဏေက ကြံစည်စဉ်းစား သတိထားမိသဖြင့် သပိတ်ကိုယူပြီး အရက်ခံရန် တောထဲကို ဝင်သွားခဲ့သည်။

မထေရ်က သာမဏေကို အိပ်ရာမှာ မတွေ့ရသည့်အခါ "လူသားစားနေသူတို့ ဖမ်းယူသွားတာ ဖြစ်မှာပဲ"ဟု ထင်မှတ်နေခဲ့သည်၊ သာမဏေလည်း တောထဲမှာ အရက်ခံပြီး သပိတ်ဖြင့် ရေနှင့်ဒန်ပူကို ယူလျက် ပြန်လာခဲ့သည်။

"ကိုရင်! ဘယ်ကိုသွားနေခဲ့သလဲ?၊ ကိုရင်ဟာ သက်ကြီးရွယ်အို ရဟန်းတွေက တောင်တောင်ဂျိုင်ဂျို ကြံစည်နေရအောင် လုပ်နေတာပဲ၊ ဒဏ်ထမ်းရမယ်"။

"ထမ်းပါ့မယ် အရှင်ဘုရား"။

ရေနှင့်ဒန်ပူကို လာကပ်သည့်အခါ မထေရ်က အပြစ်တင်သော်လည်း သာမဏေက စိတ်မခုပါ၊ ရိုသေစွာပင် ပြန်လည်လျှောက်ထားလိုက်သည်၊ တပည့်ကောင်း ပီသပါပေစွ။

မထေရ်က သာမဏေယူလာသော ရေဖြင့်ပင် မျက်နှာသစ်၍ သက်နှံးရုံသည်၊ ထို့နောက် ဆရာတပည့် နှစ်ဦးလုံး လူတို့နေရာ အရပ်သို့ ကြွကြသည်။

လူများကလည်း မိမိတို့ သုံးဆောင်စားသောက်နေသော သစ်ဥ, သစ်မြစ်, သစ်သီး, သစ်ရွက်တို့ကို ပေးလှူကြသည်၊ မထေရ်လည်း ဆွမ်းကိစ္စပြီးမှ သာမဏေနှင့်အတူ ကျောင်းကို ကြွလာခဲ့သည်၊ သာမဏေက "ရဟန်း၍ ခြေတို့ကို ဆေးကြောပေးပါရစေဘုရား"ဟု လျှောက်ထားလျက် ရေခပ်၍ ခြေတို့ကို ဆေးကြောပေးနေသည်။

"ကိုရင် ! ညတုန်းက ဘယ်ကိုသွားနေခဲ့သလဲ?၊ ကိုရင်က တို့ - တောင်တောင် ဂျိုဂျို ကြီစည်ရအောင် လုပ်တာပဲ"။

"အရှင်ဘုရား ! တပည့်တော်ဟာ ရှင်ဖြစ်တဲ့အချိန်ကစပြီး တစ်ခါမျှ ရွာအနီးမှာ အရက်မတက်စေဖူးပါ၊ ဒါနဲ့ အရက်ခံရအောင် တောထဲကိုသွားနေခဲ့ပါတယ်"။

"ကိုရင်ရေ ! ဒဏ်ဟာ ကိုရင်နဲ့ မတော်တော့ပါဘူး"။

နေသားတကျ ထိုင်မိသည့်အခါ မထေရ်က ကိုရင် ညအိပ်ရာက ထွက်ပျောက်နေသည့် အကြောင်းကို စစ်ဆေးမေးမြန်းတော်မူသည်၊ ကိုရင်ကလည်း အမှန်အတိုင်းပင် လျှောက်ထားလိုက်သည်၊ မထေရ်က ကိုရင်ကို ဒဏ်မပေးသည့်အပြင် ချီးကျူးစကားပင် မြွက်ကြားလိုက်ပါသေးသည်။

"ကိုရင်ရေ ! တို့က အသက်အရွယ် ကြီးရင့်ကုန်ပြီ၊ နောင် ဘယ်လိုဖြစ်လာမယ် ဆိုတာကို ဘယ်သူကမှ ကြိုတင်သိနိုင်တာ မဟုတ်ဖူး"။

ထိုအရပ်မှာပင် ဆက်လက်နေထိုင်ကြရင်း မထေရ်က သာမဏေကို ကြိုတင် သတိပေးထားသည်၊ မထေရ်က အနာဂါမ်အရိယာဖြစ်သည်၊ နောက်ပိုင်းတစ်ချိန်မှာ လူသားစားသူတို့၏ ဖမ်းယူစားသောက်မှုကို ခံသွားရသည်-ဟူ၏။

(နောင်အခါ လူသားစားသူတို့ အစားခံရမည်ကို ကြိုတင်သိထားသောကြောင့် သာမဏေကို ဆုံးမထားနှင့်သည်။ မူ-ဋီ။)

သာမဏေလည်း မိမိကို မိမိစောင့်ရောက်လာခဲ့သည်၊ သင့်တော်ရာမှာ ဥပဇ္ဈာယ်ယူ၍ ရဟန်းဖြစ်လာခဲ့သည်၊ ဓမ္မဝိနယကိုလည်း သင်ယူသည်၊ ဗြာဟ္မဏတိဿသူပုန်ဘေးငြိမ်းအေးသွားသည့်အခါမှာ "တိပိဋကဝတ္တာဗွဂနိဂ္ဂြောဓထေရ်"ဟု ထင်ရှားလာခဲ့သည်။

ပိတုမဟာရာဇာလည်း မင်းဖြစ်လာခဲ့သည်၊ အိန္ဒိယဘက်မှ ကြွလာသမျှသော ရဟန်းတော်များက "ဝတ္တဗ္ဗကနိုကြောဓထေရ် ဘယ်မှာလဲ?၊ ဝတ္တဗ္ဗကနိုကြောဓထေရ် ဘယ်မှာလဲ?"ဟု တမေးတည်း မေးလာ၍ နိုကြောဓထေရ်အထံသို့ ရောက်လာကြလျက် ဝတ္တဗ္ဗကနိုကြောဓထေရ်ကို ခြံရံနေကြသည်။

ဝတ္တဗ္ဗကနိုကြောဓထေရ်သည် ရဟန်းတော်ပေါင်းများစွာ ခြံရံလျက် မဟာဝိဟာရသို့ ကြွလာခဲ့သည်၊ မဟာဇောဓိ, မဟာစေတိနှင့် ထူပါရာမစေတီတို့ကို ရှိခိုးဖူးမြော်ပြီး မြို့တွင်းကို ဝင်တော်မူသည်၊ တောင်တံခါးသို့ သွားနေစဉ်မှာပင် ကိုးနေရာ ကိုးဌာနတို့မှ တိစီဝရိက်သင်္ကန်း ရတော်မူသည်၊ မြို့တွင်းသို့ ဝင်ရောက်ရာအခါမှစ၍ များစွာသော လာဘ်ပူဇော်သကာ ဖြစ်ပေါ်လာခဲ့သည်။

ဤသို့ ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ခေတ်ဆိုးခေတ်ပျက်နှင့် တွေ့ကြုံလာရသည့်အခါမှာ ထန်းသီးနှင့် သစ်ဥသစ်မြစ် သစ်ရွက်တို့ကိုသော်မှ ခဲယဉ်းပင်ပန်းစွာ ရှာဖွေမျှတ လာခဲ့ရပေသည်။ သမ္မော-၄၊ ၄၂၀။

ပရိယတ္တိကို ခဲယဉ်းစွာ ထိန်းလာရပုံ

ဗြာဟ္မဏတိဿသူပုန်ဘေး ဖြစ်ချိန်မှာပင် သိကြားမင်း၏လျှောက်ထားချက်အရ ရဟန်းတော်အများအပြား အိန္ဒိယဘက်ကို ဖောင်ဖြင့်ကြွသွားတော်မူကြရသည်၊ ရဟန်းခြောက်ကျိပ်တို့မူကား မလိုက်ပါဘဲ နေရစ်ခဲ့ကြသည်၊ သင်္ဘောဆိပ်မှ မလယဇနပုဒ်(မာတလေ့)ဘက်သို့ ကြွသွားတော်မူကြသည်၊ ယင်းမလယဇနပုဒ်သည် တောတောင်ထူထပ်သော အရပ်ဒေသ ဖြစ်သည်၊ နောင်အခါ ပိဋကတ်တော်ကို ပေထက်အက္ခရာ တင်ကြရမည့်ဒေသလည်း ဖြစ်သည်။

ရဟန်းတော်ခြောက်ကျိပ်တို့သည် ယင်းမလယဇနပုဒ်၌ သစ်ဥ,သစ်မြစ်,သစ်ရွက်တို့ကို စားသောက်နေထိုင်ကြရသည်၊ ကိုယ်အားရှိသည့်အခါ ထိုင်လျက် ပရိယတ္တိတရားတော်ကို ရွတ်အံနေကြသည်၊ ကိုယ်အားမရှိသည့်အခါမှာမူ သဲတို့ကိုစု၍ ဝမ်းအောက်ကခုကာ ခေါင်းချင်းဆိုင်စုရုံးလျက် နှလုံးသွင်း ဆင်ခြင်နေကြသည်၊ ယင်းသို့ ခဲယဉ်းပင်ပန်းစွာ ပရိယတ္တိတရားတော်ကို ၁၂-နှစ်ကြာအောင် ဆောင်ရွက်ထိန်းသိမ်း လာခဲ့ကြရသည်။

အိန္ဒိယသို့ကြွသွားသော ရဟန်း ၇၀၀-တို့လည်း ရောက်ရာအရပ်မှာ ပရိယတ္တိတရားတော် မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်၊ ဘေးရန်ငြိမ်းအေး၍ သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာသည့်အခါ သီဟိုဠ်ကျွန်းမှာ ကျန်နေရစ်သော ရဟန်းခြောက်ကျိပ်တို့နှင့် ပိဋကတ်တော်ကို ညှိနှိုင်းတိုက်ဆိုင် တည်းဖြတ်ကြသည်၊ တစ်လုံးတစ်ပါဒမျှ တိမ်းယိမ်းကွဲပြားနေသည်ကို မတွေ့ကြရပေ။ (အကျယ်ကို သာသနာကွယ်ပျောက်ပုံ ခေါင်းစီးအောက်မှာ ပြန်ရှုပါ။)

ထိုအချိန်မှာပင် နာဂထေရီ ဦးဆောင်သော ဘိက္ခုနီ ၁၂-ပါးတို့နှင့် ထေရီမ၏ မောင်ငယ် နာဂထေရ်ဦးဆောင်သော ရဟန်းတော် ၁၂-ပါးတို့လည်း ဘာတရားကို

ရွာသားများ အကုန်လုံး ထွက်ပြေးသွားကြသည့်အခါ ရွာတံခါးအနီးက ညောင်ပင်စောင့်နတ် လူ့သောဆွမ်းဖြင့်သာ မျှတနေခဲ့ကြရသည်၊ ပရိယတ် ပဋိပတ်တာဝန်ကို ထမ်းဆောင်လာကြရသည်။ (အကျယ်ကို စည်းလုံးညီညွတ်ရေး ခေါင်းစီးအောက်မှာ ပြန်ရှုပါ။)

ပျောက်ခါနီးကျမ်း

ဗြာဟ္မဏတိသဿပုန်ဘေး ဖြစ်ချိန်မှာ မဟာနိဒ္ဒေသကျမ်းကို လေ့လာထားသော ရဟန်းတစ်ပါးမျှသာ ရှိနေပါတော့သည်၊ သို့ဖြစ်၍ မဟာတိပိဋကထေရ်က မဟာရက္ခိတထေရ်အား မဟာနိဒ္ဒေသကျမ်းကို သင်ယူထားရန် တိုက်တွန်းပြောဆိုသည်။

"ငါ့ရှင်မဟာရက္ခိတ ! အဲဒီရဟန်းထံမှာ မဟာနိဒ္ဒေသကို သင်ယူထားပါ"။ (အလဇ္ဇီဖြစ်၍ အမည်ကို မဖော်လိုသည့်အတွက် "အဲဒီရဟန်း"ဟုသာ ပြောဆိုသည်။)

"အရှင်ဘုရား ! အဲဒီရဟန်းဟာ ယုတ်မာသူဆိုပါလား၊ တပည့်တော်က သူ့ထံမှာ မသင်ချင်ပါ"။

"ငါ့ရှင်က သင်မှာသာ သင်ယူပါ၊ တပည့်တော်က ငါ့ရှင့်အနားမှာ ထိုင်နေပါ့မယ်"။

"ကောင်းပါပြီဘုရား၊ အရှင်ဘုရားတို့က အနီးမှာ ရှိနေရင် တပည့်တော် သင်ယူပါ့မယ်"။

မဟာရက္ခိတထေရ်က မဟာတိပိဋကထေရ်ကို ဝန်ခံလျှောက်ထား၍ စတင် သင်ကြားလာခဲ့သည်၊ ရက်အားမထားဘဲ ညဥ့်ရောနေ့ပါ သင်ကြားလာခဲ့ရာ ပြီးဆုံးသည့်နေ့၌ ခုတင်အောက်မှာ အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

"အရှင်ဘုရား ! ရှေးတုန်းကတော့ တပည့်တော် ကြားရံသာ ကြားဖူးပါတယ်၊ ဒီလို အမျိုးသမီးရှိနေတာကို သိရပါရင် အဲဒီ အလဇ္ဇီမျိုးထံမှာ တပည့်တော်က ဘယ်နည်းနဲ့မှ ဓမ္မကို သင်ယူမယ် မဟုတ်ပါဘူး"။

အပြင်ကို ရောက်လာသည့်အခါ မဟာရက္ခိတထေရ်က ကြေကွဲဝမ်းနည်းစွာဖြင့် မဟာတိပိဋကထေရ်ကို လျှောက်ထားသည်၊ မည်သို့ဖြစ်စေကာမူ သင်ယူလိုက်သည့်အတွက်ကား အကျိုးယုတ်လှသည် မဟုတ်ပါ၊ ထိုမဟာရက္ခိတထေရ်ထံမှာ ရဟန်းတော်ပေါင်း များစွာတို့က နောက်ထပ်တစ်ဆင့် သင်ယူကြ၍ မဟာနိဒ္ဒေသ ပြန်လည် ရှင်သန်ခွင့် ရလာပါသည်။ ပါရာ-၄-၂၊ ၂၇၄။

နှုတ်ဖြင့် ဆောင်ရန် ခက်ခဲပုံ

ပုနပ္ပသုသူကြွယ်သား တိဿထေရ်သည် သီဟိုဠ်ကျွန်း၌ ပိဋကတ်တော်ကို သင်ယူသည်၊ ထို့နောက်

အိန္ဒိယဘက်ကို ကူး၍ ယောနကဓမ္မရက္ခိတထေရ်ထံမှာ သင်ယူပြန်သည်၊ တစ်ချိန်မှာ တတ်သိနားလည်ပြီ ထင်၍ပြန်ကြွလာခဲ့သည်၊ သဘော်ဆိပ်ကို ရောက်မှ ပုဒ်တစ်ခုမှာ ယုံမှားသံ့သယ ဖြစ်လာသည်။

ဆရာဖြစ်သူ ယောနကဓမ္မရက္ခိတထေရ်၏ နေရာအရပ်ကား နီးလှသည်မဟုတ်ပါ၊ သဘော်ဆိပ်မှ ယူဇနာတစ်ရာဝေးကွာပါသည်၊ သို့ဖြစ်စေကာမူ တိသထေရ်က သီဟိုဠ်သို့ မကူးသေးဘဲ ပုဒ်ကလေးတစ်ခုအတွက် ဆရာ့ထံကို ပြန်လာခဲ့သည်။

လမ်းခရီးအကြားမှာ သူကြွယ်တစ်ဦးက တိသထေရ်ကို ပြဿနာမေးလျှောက်သည်၊ တိသထေရ်က သူကြွယ်မေးသော ပြဿနာကို ဖြေဆိုရှင်းလင်းပြသည်၊ သူကြွယ်က ကြည်ညိုလှ၍ တစ်သိန်းတန်ကမ္မလာကို ပေးလှူလိုက်သည်။

တိသထေရ်လည်း ယင်းကမ္မလာကို ယူလာ၍ ဆရာအား ပေးလှူပူဇော်သည်၊ ဆရာဖြစ်သော ယောနကဓမ္မရက္ခိတထေရ်က တိသထေရ် ပေးလှူသော တစ်သိန်းတန် ကမ္မလာကို ဓားငယ်ဖြင့် နှတ်နှတ်စဉ်းလိုက်သည်၊ စဉ်းထားပြီးသော အဝတ်စများကို နွားချေးဖြင့် ရောနယ်လျက် ထိုင်ရာမြေပြင်မှာ သုတ်လိမ်းထားစေသည်။

> "အဖိုးတစ်သိန်းတန်တဲ့ ကမ္မလာကိုတောင်မှ ဓားနဲ့နှတ်နှတ်စဉ်းလို့ နွားချေးနှင့်ရောနယ်ပြီး ထိုင်ရာမြေအပြင်မှာ ငါသုတ်လိမ်းထားတာကို တွေ့ရလို့ရှိရင် စာပေပရိယတ်ကျွမ်းကျင်တတ်မြောက်တဲ့ ပုဂ္ဂိုလ်များက လာဘ်လာဘကို အလေးဂရုပြုနေကြတဲ့ဓမ္မကထိကတွေချည်း လုပ်လိုကြတော့မယ် မဟုတ်ဘူး၊ ပဋိပတ်ကိုလဲ အလေးပြုလာကြလိမ့်မယ်"။

ယောနကဓမ္မရက္ခိတထေရ်က ရည်ရွယ်ချက်ကြီးမားစွာဖြင့် နောင်လာနောက်သား သီတင်းသုံးဖော်များကို ချီးမြှောက်ရန် ယင်းသို့ အလုပ်ခိုင်းတော်မူသည်။

တိသထေရ်လည်း ဆရာ့ထံမှာ ယုံမှားကို ပယ်ဖြတ်၍ ပြန်ကြွလာခဲ့သည်။ သမွော-၄၊ ၃၇၂။

မထေရ်မြတ်က ပဋိပတ်ကို အလေးပြုသူဖြစ်သောကြောင့် လာဘ်လာဘကို ရှုတ်ချလိုသည့်အထွက် ဆိုခဲ့ပြီးသည့်အတိုင်း ရည်ရွယ်ပြုလုပ်ထားသည်။ မူ ဋီ-၁၉၃။

ပေထက်အကွရာတင် ဤသို့လျှင် ဗြာဟ္မဏတိဿသူပုန်ဘေးဖြစ်ပေါ်နေချိန်မှာ ရဟန္တာ မထေရ်မြတ် နှစ်သောင်းလေးထောင်တို့ ပရိနိဗ္ဗာန် ဝင်စံသွားကြရသည်၊ အရင်းခံ သဒ္ဓါဓာတ်အား နည်းပါးကြသော ရဟန်းနှင့်ရဟန်းမ အချို့လည်း လူဝတ်လဲကြသည်။

မဟာသောဏထေရ်သည် အတိုင်းထက်အလွန် ရှေးဘုန်းရှေးကံရှိသူ ဖြစ်ပါလျက် သစ်မည်စည်သီးခွံနှင့် ကုမုဒြာကြာရိုးတို့ကိုပင် ခဲယဉ်းပင်ပန်းစွာ ရှာဖွေသုံးဆောင်လာခဲ့ရသည်။

ဝတ္တဗ္ဗကနိဂြောဓထေရ်လည်း ရှေးဘုန်းရှေးကံ ထူးချွန်သူပင် ဖြစ်သည်၊ သို့ဖြစ်စေကာမူ ထန်းသီးနှင့် သစ်ဥ, သစ်မြစ်, သစ်ရွက်တို့ကိုသော်မှ ခဲယဉ်းပင်ပန်းစွာ ရှာဖွေ၍ မသေရုံတမယ် သုံးဆောင်လာခဲ့ရသည့်အပြင် သူ၏ဥပဇ္ဈာယ်ဆရာလည်း လူသားစားသူတို့၏ သတ်စားမှုကို ခံသွားရသေးသည်။

ထို့ပြင် အိန္ဒိယဘက်ကို ဖောင်ဖြင့် ကူးကြသည့်အခါ လိုက်ပါမသွားဘဲ သီဟိုဠ်ကျွန်းမှာပင် နေရစ်ခဲ့ကြသော ရဟန်းတော်ခြောက်ကျိပ်တို့သည်လည်း သစ်သီးသစ်ရွက်တို့ကိုသော်မှ ဝမ်းဝအောင်မသုံးဆောင်ကြရဘဲ ၁၂-နှစ်ကြာအောင် ခဲယဉ်းပင်ပန်းစွာ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟုဆိုအပ်သော ပရိယတ္တိကို ဆောင်ရွက်လာကြရပေသည်။

နာဂထေရီ ဦးဆောင်သော ဘိက္ခုနီများနှင့် နာဂထေရ်ဦးဆောင်သော ရဟန်းတော်များမှကား အတော်အတန် သက်သာခွင့် ရခဲ့ကြပေသည်၊ ယင်းသို့ သက်သာခွင့်ရခြင်းမှာလည်း နာဂထေရီက သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ထားခြင်း, နာဂထေရ်က ရက္ခစိုးနတ် သဒ္ဓါကြည်ညိုဖြစ်လောက်အောင် ကိုယ်ကျင့်သိလ ပြည့်ဝခြင်းတို့ကြောင့်သာ ဖြစ်ပါသည်။

ကွယ်ပျောက်ခါနီး မဟာနိဒ္ဒေသကျမ်းကို မဟာရက္ခိတထေရ်က အလဇ္ဇီတစ်ဦးထံမှာ အချိန်မီ သင်ယူ ပို့ချလိုက်နိုင်သည့်အတွက်သာ ပြန်လည်ပြန့်ပွားခွင့် ရလာခဲ့ပေသည်။

တိသထေရ်ကလည်း ပုဒ်ကလေးတစ်ပုဒ်မှာ ယုံမှားသံသယ ရှိနေသည့်အတွက် ယူဇနာတစ်ရာဝေးကွာသော ခရီးကို ပြန်သွား၍ ဆရာကို လျှောက်ထားလျက် မိမိ၏ ယုံမှားသံသယကို ပယ်ဖျောက်ခဲ့ရသည်။

ဤအဖြစ်အပျက်များက နောင်အခါ သတ္တဝါတို့ ပညာ, သတိ, သမာဓိ, သဒ္ဓါ ယုတ်လျော့လာပါက ဓမ္မဝိနယ (အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ)ကို နှုတ်တက်အာဂုံဆောင်ရွက်ထိန်းသိမ်း စောင့်ရှောက်ရန် စွမ်းဆောင်နိုင်ကြတော့မည် မဟုတ်ကြောင်း, ပေထက်အက္ခရာတင်ထားမှ ဖြစ်တော့မည့်အကြောင်းကို သတိပေးနှိုးဆော်နေသလို ဖြစ်နေပါတော့သည်။

ထို့ကြောင့် ဆဠာဘိည ပဋိသမ္ဘိဒါပတ္တ ဖြစ်တော်မူကြသည့် မဟာဓမ္မရက္ခိတထေရ်ဦးဆောင်သော မဇ္ဈိမဒေသ၌ မထေရ်မြတ် ငါးရာတို့က အနုရာဓပြို့တော်မှ ၆၈-မိုင်ဝေးကွာသော မလယဇနပုဒ်သို့ ကြွတော်မူကြသည်၊ မာတုလမြို့အနီး အာလောကလိုဏ်မှာ သီတင်း

သုံးတော်မူကြလျက် ထိုနယ်ပယ်ကို ကြီးကြပ်အုပ်ချုပ်နေသူ၏ အစောင့်အရှောက်မျှဖြင့်သာ သာနာတော် ၄၅၀-ခုနှစ်မှာ ဓမ္မဝိနယကို ပေထက်အက္ခရာ တင်တော်မူကြသည်။

၁၄၃။ ဘုရား့သာသနာ, လေးရာမက, ငါးဆယ်မျှနှင့်, ဝဋ္ဌဂါမဏိ, မင်းကြီး့ လက်ထက်, အာဏာစက်တွင်, ထွန်းတက်ဘုန်းရောင်, ရွှေတောင်အက်ခြ, စက်နှယ်ရှသား, သောဏမည်ထူး, အမှူးပြုဆောင်, သောင်သီဟိုဠ်ပေါ်, ထေရ်ကျော်ငါးရာ, ရဟန္တာဝသီ, သမ္ဘီဒါဉာဏ်ရ, သဃ်ိန္ဒတို့, ဘုရား့မိန့်ရွတ်, ပိဋကတ်ကို, မွတ်မွတ်ဖြူဖွေး, ပေထက်ရေး၍, ဆေးလေးကြပ်ကြပ်, အထပ်တစ်ရာ, တည်းပြင့်ပါ၏။ ဥတိန်-၂၂၄။

ဤသို့ မုံရွေးဆရာတော်ဘုရားက ဥတိန္ဒပျို့မှာ စပ်ဆိုထားသည်ကိုလည်း တွေ့ရပါသေးသည်။

ပထမ ဒုတိယ တတိယသံဂါယနာတင် မထေရ်မြတ်များက သာသနာ့အညစ်အကြေး သုတ်သင်မှုကိုလည်း လုပ်ခဲ့ကြသည်၊ ညီညွတ်စုပေါင်းလျက် ဘုရားဟောစကားတော် (အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ)ကို ရွတ်ဆိုအတည်ပြုထားမှုကိုလည်း လုပ်လာခဲ့ကြသည်၊ သို့ဖြင့်-သာသနာတော် သန့်ရှင်းတည်တံ့သွားသည်။

ဤပေထက်အက္ခရာတင် မထေရ်မြတ်များကား သာသနာတော့် အညစ်အကြေးကို သုတ်သင်မှု ပြုလုပ်ခဲ့ကြောင်း မတွေ့ရှိရပါ၊ အဘယ်ကြောင့် မလုပ်ခဲ့ကြပါသနည်း၊ ထိုအချိန်မှာ သာသနာ့အညစ်အကြေး မရှိသည့်အတွက် မလုပ်ခဲ့လေသလော။

ဝဋ္ဌဂါမဏိမင်းသည် ဒုတိယအကြိမ်မင်းဖြစ်လာသည့်အခါ အဘယဂိရိကျောင်းတိုက်ကို ဆောက်လုပ်စေသည်၊ သူပုန်ဘေးကြောင့် တိမ်းရှောင်ပုန်းအောင်းနေရစဉ်က မိမိအား ကျွေးမွေးစောင့်ရှောက်ထားဘူးသော မဟာတိဿထေရ်အား လှူဒါန်းသည်။

ယင်းမဟာတိဿထေရ်သည် သီလဝန္တ သိက္ခာကာမပုဂ္ဂိုလ်မျိုးကား မဟုတ်ပါ၊ လူတို့နှင့် ရောနှောဆက်ဆံမှု(ကုလသံသဋ္ဌ) များသည့်အတွက် မဟာဝိဟာရဝါသီ(မဟာဝိဟာရကျောင်းတိုက်၌ နေထိုင်ကြသော) ရဟန်းတော်များက ပဗ္ဗာဇနိယကံပြု၍ နှင်ထုတ်ထားသော အလဇ္ဇီပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါသည်။

မဟာတိဿထေရ်၏တပည့် ဗဟလမဿုတိဿမည်သောရဟန်းက ယင်းကံကို ကန့်ကွက်တားမြစ်သည်၊ ထို့ကြောင့်ပင် ဗဟလမဿုတိဿရဟန်းကိုလည်း မဟာဝိဟာရဝါသီရဟန်းတော်များက ဥက္ခေပနိယကံပြု၍ ကြဉ်ထုတ်လိုက်ကြရပြန်သည်။

ဗဟလမဿုတိဿရဟန်းလည်း ရဟန်းငါးရာတို့ကို ခေါ်ယူလျက် အဘယဂိရိကျောင်းတိုက်သို့ ထွက်ခွာသွားသည်၊ မဟာတိဿထေရ်နှင့် ပူးပေါင်း၍ (သာသနာ

၄၅၄-ခုနှစ်ရောက်မှ) "အဘယဂိရိဝါသီ"ဟု ဂိုဏ်းသီးခြားတည်ထောင် ကြသည်၊ ထိုအချိန်မှအစပြု၍ သီဟိုဠ်ကျွန်းမှာ "မဟာဝိဟာရဝါသီဂိုဏ်း,အဘယဂိရိဝါသီ ဂိုဏ်း"ဟု ဂိုဏ်းနှစ်မျိုး ကွဲလာပါတော့သည်။

ဝဋ္ဋဂါမဏိမင်းသည် ဒုတိယအကြိမ် မင်းဖြစ်လာသည်မှစ၍ အဘယဂိရိဝါသီရဟန်းတို့ကိုသာ ကြည်ညိုနေသည်၊ ကိုးကွယ်ဆည်းကပ်နေသည်၊ ပစ္စည်းလေးပါး လှူဒါန်း ထောက်ပံ့နေသည်၊ မူးကြိုးမတ်ရာသေနာပတိစသော အထက်တန်းလွှာပုဂ္ဂိုလ်များနှင့် ဂုဏ်ရှိသရေရှိ လူကြီးလူကောင်းအမည်ခံ ပုဂ္ဂိုလ်များကလည်း အများအားဖြင့် မင်းကိုးကွယ်နေသော အဘယဂိရိဝါသီရဟန်းတို့ကိုပင် ဆည်းကပ်ကိုးကွယ်နေကြသည်၊ အားပေးလှူဒါန်းနေကြသည်။

ဤသို့လျှင် ပေထက်အက္ခရာတင် မထေရ်မြတ်များသည် လုံးဝမရှိသည့်အတွက် ထိုအချိန်မှာ သာသနာ့အညစ်အကြေး သုတ်သင်မှုကို မပြုလုပ်ခဲ့ကြသည် မဟုတ်ပါ၊ ရှိပင်ရှိနေစေကာမူ အညစ်အကြေးများက အုံနှင့်ကျင်းနှင့် ဖြစ်နေသည့်အတွက် (မိမိတို့ ထက်ပင် အင်အားသာနေသောကြောင့်) သာသနာ့အညစ်အကြေးသုတ်သင်မှုကို မပြုလုပ် နိုင်ခဲ့ကြပါ။

သာသနာတော် ၄၅၄-ခုနှစ်ရောက်မှ ဂိုဏ်းသီးခြားတည်ထောင်သည်ဟု ဆိုထား သော်လည်း မဟာတိဿထေရ်က ဂိုဏ်းမကွဲမီကပင် မင်းဆရာဖြစ်နေကြောင်း, ပေထက် အက္ခရာတင်မှုကိုသော်မှ အနုရာဓပြို့တော်၌ မလုပ်နိုင်ဘဲ ၆၈-မိုင်ဝေးကွာသော မလယ ဇနပုဒ်သို့ ကြွရောက်ပြုလုပ်ရကြောင်းများက သာသနာ့အညစ်အကြေးအင်အားစု မည်မျှ ခိုင်မာနေသည်ကို ထောက်ခံဖော်ညွှန်းပြီး ဖြစ်နေပါတော့သည်။

ဤသည်မှာ နိုင်ငံတော်၌ တာဝန်အရှိဆုံး မင်းဖြစ်သူကိုယ်တိုင်က လူမှုရေးနှင့် သာသနာရေးကို ခွဲခြားနားလည်မှု မရှိသည့်အပြင် မင်းကပ်စိုးမြောင်ပုဂ္ဂိုလ်အများစု ကလည်း သာသနာရေးကိုမငဲ့ဘဲ မင်းဖြစ်သူ၏ အလိုသို့သာ လိုက်ပါလျက် အားမပေးသင့် သူကို အားပေးမှားသောကြောင့် သာသနာသမိုင်းကြောင်းတလျှောက်မှာ ထင်လာရသော အမည်းစက်ဖြစ်ပေသည်။

သာသနာ့ဝန်ဆောင် ဒါယကာဒါယိကာမများက ရဟန်းတော်များထံမှ လောလော ဆယ်ပါး မိမိတို့၏ ကိုယ်ရေးကိုယ်တာ အကူအညီအထောက်အပံ့ကို အလိုရှိသောကြောင့် ရဟန်းတော်များကို ကိုးကွယ်ဆည်းကပ်နေကြရသည် မဟုတ်ပါ၊ အမှန်မှာ ယခုမျက်မှောက် ဘဝဝယ် သာသနာရေး ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု, နောင် ဘဝသံသရာ အဆက် ဆက်ဝယ် ဒုက္ခကင်းကွာ ချမ်းသာငြိမ်းအေးမှု, သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား စည်ကားထွန်းလင်းမှုတို့ကို အလိုရှိသောကြောင့်သာ ရဟန်းတော်များကို ကိုးကွယ် ဆည်းကပ်နေကြရပါသည်။

သို့ဖြစ်၍ သာလွန်မင်းတရားပြောကြားသကဲ့သို့ ပစ္စုပ္ပန်သံသရာဆရာနှစ်မျိုးလောက်မျှ ခွဲခြားသိနားလည်ကြပါလျှင် ယင်းအမည်းစက်မှာ ထင်လာစရာပင် ရှိနိုင်မည်မထင်ပါ။

သက္ကရာဇ် ၁၀၀၉-ခုနှစ်မှာ သားတော်အမြင့်မင်း ရှင်တလုပ်က လုပ်ကြံလာသည့် အခါ သာလွန်မင်းတရားသည် နန်းတော်ကို စွန့်ခွာ၍ လေးထပ်ကျောင်းတော်သို့ ရောင်တိမ်းထွက်ခွာလာခဲ့ရသည်၊ လူဆိုးလူသွမ်းတို့ မဝင်ရအောင် တုတ်တောင်ဝှေးကိုင်၍ ဆီးတားပေးပါရန် တောင်းပန်လျှောက်ထားပါသော်လည်း လေးထပ်ဆရာတော်က တာဝန်မယူပါ၊ စံကျောင်းဆရာတော်ကသာ တာဝန်ယူ၍ ရဟန်းတစ်ထောင်ကျော် စုရုံးစေပြီး တုတ်တောင်ဝှေး ကိုင်ဆောင်စေလျက် ကျောင်းတော်တံခါး လေးမျက်နှာကိုလည်း ပိတ်ဆို့ထားစေသည်၊ လမ်းကိုလည်း ပိတ်ဆို့ထားစေသည်။

သာလွန်မင်းတရားလည်း ရှင်တလုပ်ကျဆုံးသွားပြီးသည့်နောက် လေးထပ်ကျောင်းတော်မှာပင် ခုနစ်ရက်နေပြီးနောက် နန်းတော်သို့ ပြန်ဝင်သည်၊ လေးထပ်ဆရာတော် စံကျောင်းဆရာတော်တို့နှင့် အပေါင်းသံဃာတို့ကို နန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးသည်၊ တရားလည်းနာသည်။

"လေးထပ်ဆရာတော်သည် သံသရာဆရာတော် ဖြစ်သည်"။
"စံကျောင်းဆရာတော်သည် ပစ္စုပ္ပန်ဆရာတော် ဖြစ်သည်"။

ဤသည်မှာ တရားနာပြီးသည့်အခါ မြွက်ကြားပြောဆိုလိုက်သော သာလွန်မင်းတရား၏ စကားပင် ဖြစ်ပါတော့သည်။ (မှန်နန်း။)

ဤနေရာဝယ် သာလွန်မင်းတရား ပြောစကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကို စာရှုသူများ ကိုယ်တိုင်ပင် လေးလေးနက်နက် စဉ်းစားဆင်ခြင်စေလိုပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ပေထက်အက္ခရာတင်စဉ်က အဓမ္မဝါဒီ(သာသနာ့ အညစ်အကြေး) သန့်ရှင်းရေး မလုပ်နိုင်ဘဲ ဓမ္မမှန်ကန်တည်တံ့ရေးမျှကိုသာ လုပ်နိုင်ကြသောကြောင့် ဋီကာဆရာများက ယင်းပေထက်အက္ခရာ တင်မှုကို "စတုတ္ထသံဂါယနာ"ဟု အသိအမှတ် မပြုခဲ့ကြချေ၊ "စတုတ္ထသံဂါယနာအတု"ဟုသာ အသိအမှတ် ပြုခဲ့ကြပေသည်။ (ဝဇိ- ၅၄၃။ သာ-ဋီ-၃၊ ၄၅၆။ ဝိ-ဋီ-၂၊ ၂၇၂။ ပါထိက-ဋီ၊ ၁၀၆။

မြန်မာပြည်နှင့် သံဂါယနာ

မြန်မာနိုင်ငံဝယ် စဉ့်ကူးမင်းလက်ထက်၌ မင်းခုနစ်ဆက်တိုင် မပြီးပြတ်နိုင်ခဲ့သော အတင်, အရုံအဓိကရဏ်းတွင် အတင်အဓမ္မဝါဒီ(သာသနာ့အညစ်အကြေး)တို့ကို မင်း၏ အကူအညီဖြင့် အပြီးအပြတ် နှိမ်နင်းနိုင်ခဲ့သည်၊ ဓမ္မမှန်ကန်တိမတ်မှုကိုလည်း ပြုလုပ်နိုင်ခဲ့သည်၊ ထို့ကြောင့် ရှေးဆရာမြတ်တို့က ဤအတင်, အရုံဝိနိစ္ဆယကို "စတုတ္ထသံဂါယနာ" ဟုပင် အမည်ပေးထားခဲ့ပါသည်။

'နန်းစဉ်စာတော်'ဟု အမှတ်အသားပြုထားသော စတုတ္ထသံဂါယနာ(အတင်, အရုံ ဝိနိစ္ဆယ)ကို အပြည့်အစုံ ထည့်သွင်းဖော်ပြရန် ပေမူမှ ကူးယူပြီးဖြစ်ပါသော်လည်း စာမျက်နှာကို ငဲ့ညှာထောက်ထားရသောကြောင့် ချန်လှပ်ထားလိုက်ရပါသည်။

ထို့ပြင် ယခုပြည်ထောင်စု အစိုးရလက်ထက်၌လည်း ဂိုဏ်းပေါင်းစုံဆရာတော်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့၏ ကူညီထောက်ပံ့မှုဖြင့် အဓမ္မဝါဒီနိမ်နင်းရေးကို အခြေခံထားလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အသီးအသီး တာဝန်ခွဲဝေလျက် အားသွန်ခွန်စိုက် လုပ်ကိုင်နေကြပေသည်။

ယင်းသို့ အရေးတကြီး လုပ်ကိုင်နေကြသည့်အချိန်မှာ တာဝန်ရှိသူ အစိုးရနှင့် ပြည်သူပြည်သားတို့ကလည်း ဝဋ္ဋဂါမဏိမင်းကဲ့သို့ မပြုလုပ်ဘဲ သာလွန်မင်းတရားကဲ့သို့ နှလုံးသွင်း ပြုလုပ်နိုင်မှသာ သာသနာတော်အတွက် ပိုမိုအကျိုးသက်ရောက်မှု ရှိမည်ထင်ပါသည်။

အိန္ဒိယ၌ အရှင်မဟာကဿပ, အရှင်ယသ, အရှင်မောဂ္ဂလိပုတ္တတိဿစသော သာသနာ့ဦးသျှောင် ခေါင်းဆောင်မထေရ်မြတ်များသည် ပြည့်ရှင်မင်းများ၏ အကူအညီဖြင့် သုံးကြိမ်တိုင်အောင် အဓမ္မဝါဒီနိမ်နင်းရေးနှင့် ဓမ္မမှန်ကန်တည်တံ့ရေးတို့ကို လုပ်လာခဲ့ကြပေသည်၊ ယင်းသို့ သာသနာတော် သန့်ရှင်းတည်တံ့အောင် ပြုလုပ်မှုကိုပင် "သံဂါယနာတင်"ဟု ခေါ်ဝေါ် သတ်မှတ်ခဲ့ကြပေသည်။

သီဟိုဠ်၌ ပေထက်အက္ခရာတင်သည့်အခါမှာမူသန့်ရှင်းရေးမပါဘဲ တည်တံ့ရေးမျှကိုသာ လုပ်နိုင်ခဲ့ကြပေသည်၊ ထို့ကြောင့် "သံဂါယနာအတုမျှသာ ဖြစ်သည်၊ အစစ်မဟုတ်"ဟု သတ်မှတ်လာခဲ့ကြပေသည်။

သို့ဖြစ်၍ သန့်ရှင်းရေးနှင့် တည်တံ့ရေးတို့တွင် သန့်ရှင်းရေးကသာ လိုရင်းပဓာနအဓိကဖြစ်ကြောင်း ထင်ရှားပါသည်၊ ဤသည်မှာ ဆိုသင့်သော စကားပင်ဖြစ်ပါသည်၊ အဓမ္မဝါဒီတို့ကို နှိမ်နင်းမှုဟူသော သာသနာ့သန့်ရှင်းရေးကို ပြုလုပ်လိုက်ရုံမျှဖြင့်ပင် ဓမ္မမှန်ကန်တည်တံ့ရေးလည်း ထွန်နောက်ရေပါသဘောဖြင့် ပါလာပြီး ဖြစ်တော့သည်သာ။

ထို့ကြောင့် ဂိုဏ်းပေါင်းစုံဆရာတော်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့၏ ကူညီထောက်ပံ့မှုဖြင့် လုပ်ကိုင်လာခဲ့သော အဓမ္မဝါဒီနိမ်နင်းရေးကိုလည်း "သံဂါယနာ"ဟုပင် ခေါ်သင့်မည် ထင်ပါသည်။

အဓမ္မဝါဒီ-နိမ်နင်းရေးနှင့် , ဓမ္မမှန်ရေး-ဤနှစ်တန်၊
သံဂါယနာ-ခေါ်ပါကြလည်း , နိမ်နင်းရေးက-လိုရင်းမှန်၊
ဓမ္မမှန်ကန်-တစ်ခုမျှကို , တု အပလို့-ဦးကာညွှန်၊
ထို့ကြောင့်ခုခါ-နိမ်နင်းရေးကို , သံဂါမည်ပေး-ခေါ်ထိုက်တန်။

ထို့ပြင် မြန်မာနိုင်ငံတွင် ပုဂံခေတ်၌ အနော်ရထာမင်းက ရှင်အရဟံထံမှ ဝိနည်းသိက္ခာပုဒ်များကို ကြားနာသင်ယူသည်၊ အရည်းကြီးတို့၏ အယူမမှန်ကန်ကြောင်းကို သိရ၍ အရည်းကြီးတို့ကို နှိမ်နင်းသည်၊ အဝတ်လဲ၍ အဲမောင်းလှံကိုင်, ဆင်ချေးကျုံး, မြင်းချေးကျုံးထည့်သည်၊ ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် သထုံမှပိဋကတ်တော်များကို ဆောင်ယူစေပြန်သည်။

သထုံပိဋကတ်တော်ပေမူနှင့် သီဟိုဠ်ပိဋကတ်တော်ပေမူတို့ကို ရှင်အရဟံ ကိုယ်တော်တိုင် တိုက်ဆိုင်ကြည့်ရှုရာ မယုတ်မလွန် မှန်ကန်ညီညွတ်နေကြောင်း တွေ့ရသည်၊ သို့ဖြင့် ယင်းပေမူများမှ ရေးကူးစေ၍ အချို့ကို ပိဋကတ်တိုက်၌ သွင်းထားသည်၊ အချို့ကို ထိုထိုအရပ်သို့ ပျံ့နှံ့စေသည်။

ဤသို့လျှင် ရှင်အရဟံဦးဆောင်သော သံဃာတော်များသည်လည်း အနော်ရထာမင်း၏ ကူညီထောက်ပံ့မှုဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ရေးကို လုပ်လာခဲ့ကြသည်သာ ဖြစ်ပါသည်။

ထိုစဉ် အဓမ္မဝါဒီနှိမ်နင်းရေးနှင့် ဓမ္မမှန်ကန်ရေး နှစ်မျိုးပင် ပါဝင်နေပါသော်လည်း အဓမ္မဝါဒီ-အရည်းကြီးခေါ်သူတို့မှာ သိက္ခာမတင် သိမ်မဝင်သော သာသနာပဟိုက်လ်များသာ ဖြစ်ဖွယ်ရာ ရှိပါသည်၊ ထို့ကြောင့် ဆရာမြတ်တို့က ယင်းအဓမ္မဝါဒီနှိမ်နင်းရေးနှင့် ဓမ္မမှန်ကန်တည်တံ့ရေးကို "သံဂါယနာ"ဟု ခေါ်ဝေါ်မှုကို မပြုခဲ့ကြပါ။

မန္တလေးရတနာပုံခေတ်၌ မင်းတုန်းမင်းတရားက ပဉ္စမသံဂါယနာဒါယကာအမည်ကိုလည်း ခံယူခဲ့သည်၊ ဘုရားဟောပါဠိတော်များကိုလည်း ကျောက်ထက်အက္ခရာတင်စေခဲ့သည်၊ ရသေ့ကြီးဦးခန္တီက ဆက်လက်၍ အဋ္ဌကထာဋီကာများကို ကျောက်ထက်အက္ခရာ တင်စေပြန်သည်။

လွတ်လပ်ရေး ခေတ်ဦးအချိန်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆဋ္ဌသံဂါယနာဒါယကာလည်း လုပ်ခဲ့သည်၊ ပိဋကတ်တော် ပါဠိ အဋ္ဌကထာ ဋီကာများကို ပြည်တွင်းပြည်ပ မူအမျိုးမျိုးနှင့် ညှိနှိုင်းတည်းဖြတ်စေလျက် စက်တင်ပုံနှိပ်မှုကိုလည်း ပြုစေခဲ့သည်။

ယင်းပဉ္စမသံဂါယနာနှင့် ဆဋ္ဌသံဂါယနာတို့၌ကား အဓမ္မဝါဒီနှိမ်နင်းရေး(သာသနာ့အညစ်အကြေးသုတ်သင်ရေး)ကို ကြံစည်စိတ်ကူးခဲ့ကြဟန်ပင်မတူပါ၊ သို့ဖြစ်၍ သံဂါယနာအစစ်ဖြစ်သည် အတုဖြစ်သည်ကိုကား စာရှုသူများကိုယ်တိုင်ပင် ဆုံးဖြတ်စေလိုပါသည်။

ဤသို့လျှင် ပိဋကတ်တော်များသည် ရှေးရှေးသောမထေရ်မြတ်များ နှုတ်တက်အာဂုံဆောင်လာကြရာမှ ပေရွက်ပေါ်သို့ ရောက်လာကြသည်၊ ပေရွက်ပေါ်မှ ကျောက်ပြားနှင့် စက္ကူပေါ်သို့ ရောက်လာကြပြန်သည်။

ကျောက်ပြားပေါ်မှာ ရေးထွင်းထားသော ပိဋကတ်တော်များသည် ပေရွက်ပေါ်, စက္ကူပေါ်မှာ ရေးသားပုံနှိပ်ထားသော (ပေရေး, မင်ရေး)ပိဋကတ်တော်များထက် သဘာဝဘေးရန်ကြောင့် ပျက်စီးမှုဒဏ်ကို ခံနိုင်စရာ ရှိပါသည်၊ သို့သော် တစ်နေရာတည်းမှာ တည်နေရုံမျှသာဖြစ်၍ လေ့လာသင်ယူမှုကို ပြုလိုသူများ၏ လက်တွင်းသို့ ရောက်ရန်ကား မလွယ်ကူလှပါ။

ပေရွက်ပေါ် စက္ကူပေါ်မှာ ရေးသားပုံနှိပ်ထားသော (ပေရေး, မင်ရေး)ပိဋကတ် တော်များမူကား ကျောက်ပြားပေါ်မှာ ရေးထွင်းထားသော ပိဋကတ်တော်များလောက် သဘာဝဘေးရန်ကြောင့် ပျက်စီးမှုဒဏ်ကို မခံနိုင်ပါသော်လည်း အလုပ်ရလွယ်သည်၊ အကုန်အကျသက်သာသည်၊ အသိမ်းရ,အဆည်းရ လွယ်ကူသည်၊ လွယ်ကူစွာ သယ်ယူ ပို့ဆောင်နိုင်သည်၊ သို့ဖြင့် လေ့လာသူများ၏ လက်သို့ လွယ်ကူချောမောစွာ ရောက်နိုင်သည်။

ယင်းနှစ်မျိုးတို့တွင်လည်း ပေရေးပိဋကတ်တော်များမှာ စက္ကူပေါ်မှာ ပုံနှိပ်ထားသော (မင်ရေး)ပိဋကတ်တော်များလောက် အလုပ်ရမလွယ်ချေ၊ သို့ဖြစ်၍ ယခုအချိန်မှာ ကွယ်ပျောက်သလောက် ဖြစ်နေပေသည်၊ ခေတ်ဟောင်းပစ္စည်းတစ်မျိုးအနေဖြင့် ထိန်းသိမ်း ထားသော နေရာများမှာသာ အထိုက်အလျောက် ကျန်ရှိနေပါတော့သည်၊ ပေစာလုပ်ငန်း ဆိုင်ရာ အတတ်ပညာများလည်း ကွယ်ပျောက်သလောက် ဖြစ်နေပါပြီ။

စက္ကူပေါ်မှာ ပုံနှိပ်ထားသော (မင်ရေး)ပိဋကတ်တော်များကား အလုပ်ရ အကိုင်ရ လွယ်ကူသက်သာသလောက် အပျုံ့အနှံ့လည်း မြန်သည်၊ အထားရ အသိုရလည်း လွယ်ကူသည်၊ လေ့လာကြည့်ရှုကိုင်တွယ် သင်ယူရန်လည်း လွယ်ကူသည်၊ သို့ဖြင့်-ယခုအချိန်အထိ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးမှာ တစ်တပ်တစ်အား အနေဖြင့် ကူညီပါဝင်လျက် ရှိနေပေသည်။

ဤသို့လျှင် သာသနာတော် သန့်ရှင်းတည်တံ့ရေးအခန်း၌ သီလပျက်စီးခြင်းကြောင့် မည်သည့်အပြစ်များဖြစ်နိုင်ကြောင်း, သီလပြည့်စုံလျှင် မည်သည့်အကျိုးများ ရနိုင်ကြောင်း, သီလမရှိလျှင် တန်ဖိုးမရှိကြောင်း, သီလရှိမှ တန်ဖိုးရှိကြောင်း, ဘုရားရှင်ကိုယ်တော်တိုင် သာသနာ့သန့်ရှင်းရေး လုပ်ခဲ့ရကြောင်း, ရဟန်းများကိုလည်း သာသနာတော်သန့်ရှင်းရေး လုပ်ရန် လမ်းညွှန်ခဲ့ကြောင်း, ဒုဿီလပုဂ္ဂိုလ်နှင့် မပေါင်းသင်းဘဲ သီလဝန္တ ပုဂ္ဂိုလ်နှင့်သာ ပေါင်းသင်းသင့်ကြောင်း, သာသနာတော် ကွယ်ပျောက်ပုံနှင့် သာသနာတော်တည်တံ့ရေးမှာ ပရိယတ္တိကသာ ပဓာနဖြစ်ကြောင်း, သာသနာတော် ကြာရှည်မတည်နိုင်ကြောင်းနှင့် သာသနာတော် ကြာရှည်တည်နိုင်ကြောင်း, အနာဂတ်သာသနာတော်၏ ဘေးရန်များနှင့် ယင်းဘေးရန်များကို မည်သို့ နှိမ်နင်းသင့်ကြောင်း, ဘုရားရှင်က ဘိက္ခုသံဃာအပေါ်မှာ မည်သို့မည်ပုံ မျှော်မှန်းချက် ကြီးမားစွာထားခဲ့ကြောင်း, အချို့အချို့သော ဘုရားရှင်တို့၏ သာသနာတော် ကြာမြင့်စွာမတည်ဘဲ အချို့အချို့သော ဘုရားရှင်တို့၏ သာသနာတော်

ကသာ ကြာမြင့်စွာတည်ကြောင်း, သိက္ခာပုဒ်တော်များကို ပညတ်လိုက်သည့်အတွက် မည်သို့သောအကျိုးများ ပေါ်ထွက်လာကြောင်း, ရှေးရှေးသော မထေရ်မြတ်များက သာသနာပြုမင်းများ၏ အကူအညီဖြင့် သံဂါယနာတင်၍ သာသနာတော်သန့်ရှင်းတည်တံ့အောင် မည်သို့မည်ပုံ လုပ်လာရကြောင်း, သာသနာပြုမင်းများ၏ အကူအညီကို မရက သာသနာတော် သန့်ရှင်းအောင်မလုပ်နိုင်ဘဲ အထိုက်အလျောက် တည်တံ့ရုံသာ လုပ်နိုင်ကြောင်းများကို အတော်အသင့်ပြည့်စုံအောင် တင်ပြထားပါသည်။

သာသနာ့ဝန်ဆောင်(သာသနာပြု) ရဟန်းရှင်လူများက တင်ပြထားခဲ့သည့်အတိုင်း ရှောင်သင့်သည်ကို ရှောင်၍, လုပ်သင့်သည်ကို လုပ်ကိုင်ကျင့်သုံးကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အမြဲသန့်ရှင်းတည်တံ့နေရမည်သာ ဖြစ်ပါတော့သည်။

ရဟန်းရုံင်လူ-မကွာကင်းဘဲ , ညီညာရိုင်းပင်း-လက်တွဲကာ၊
ရဟန်းကျမ်းဂန်-လမ်းမှန်ကျင့်လို့ , လူပစ္စည်းဖြင့်-ချီးပင့်ကာ၊
တာဝန်ကိုယ်စီ-ထမ်းလာကြလို့ , ခုတိုင်တွေ့ရ-သာသနာ၊
နောင်လည်းထို့တူ-ဦးပဲ့ထမ်းလျှင် , ရောင်ဝါမနွမ်း-တည်နေမှာ။

ရှေးကထေရ်ရှင်-မြတ်ရဟန်းတို့ , လက်ဆင့်ကမ်းလို့-ဆောင်ရွက်လာ၊
ဒါ့ကြောင့်သာသနာ-မြဲတည်တံ့လို့ , နိုင်ငံအနှံ့-ထွန်းလင်းဖြာ၊
နောင်တည်တံ့အောင်-ထွန်းပြောင်ဝင်းဖို့ , ငါတို့လက်တွင်း-ရောက်ခိုက်မှာ၊
အသက်သေသေ-မဆုတ်တမ်းပ , တို့လဲကြိုးပမ်း-သင့်သည်သာ။

အခန်း -၂ ပြီးပါပြီ။

အခန်း-၃

သာသနာတော် သန့်ရှင်း ပြန့်ပွားရေး

*သာသနာပြုလုပ်ငန်းအစ

ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တော်မူလာခဲ့ပါသည်၊ ယင်းသို့ ဘုရားဖြစ်တော်မူပြီးသည့်နောက် ဗောဓိပင်နှင့် ရွှေပလ္လင်အနီးအနား ပတ်ဝန်းကျင်မှာပင် နှစ်လခန့် သီတင်းသုံးနေတော်မူခဲ့ပါသည်။

ဝါဆိုလပြည့်နေ့မှာ နံနက်စောစောကပင် သပိတ်သင်္ကန်းကို ယူတော်မူလျက် ပဉ္စဝဂ္ဂီတို့အား တရားဦးဟောရန် (သာသနာတော်ပြန့်ပွားရေးလုပ်ငန်း စတင်ဆောင်ရွက်တော်မူရန်) မဟာဗောဓိမှ ဆယ့်ရှစ်ယူဇနာဝေးကွာသော ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါယသို့ ထွက်ကြွလာခဲ့သည်။

ထိုနေ့ ညနေချမ်းအချိန်မှာပင် ဣသိပတန-မိဂဒါယသို့ ရောက်တော်မူသည်၊ ပဉ္စဝဂ္ဂီတို့အား မိမိ ဘုရားဖြစ်လာကြောင်းကို ရှင်းလင်းပြောပြတော်မူသည်၊ နားလည်မှုရစေတော်မူသည်၊ ထို့နောက် မြင့်မြတ်သော ဘုရားနေရာမှာ ထိုင်တော်မူလျက် နေလုံးမပျောက်တပျောက်အချိန်မှာ ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူသည်။

တရားတော်အဆုံးမှာ အရှင်ကောဏ္ဍညက သောတာပတ္တိဖိုလ်မှာ တည်သည်၊ သောတာပန်ဖြစ်လာခဲ့သည်၊ ရဟန်းပြုပေးပါမည့်အကြောင်း ဘုရားရှင်ကို လျှောက်ထားတောင်းပန်သည်၊ ဘုရားရှင်က "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ရဟန်းပြုပေးလိုက်သည်၊ ဤအရှင်ကောဏ္ဍညသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ အစဦးဆုံး ရဟန်းအဖြစ်ကို ရလာသူဖြစ်သည်။

(ဘိက္ခု-ရဟန်း၊ ဧဟိ-လာလှည့်-စသော ဘုရားရှင်၏ စကားတော်ဖြင့် ရဟန်းဖြစ်လာရသည်ကိုပင် "ဧဟိဘိက္ခု ခေါ်တော်မူ၍ ရှင်ရဟန်း ပြုပေးလိုက်သည်" ဟု ဆိုရပါသည်။)

---

* ဝိနယ-မဟာဝဂ္ဂ-ပါ၊ ၅၅။ ၄ ၊ ၂၅၇-နှင့် ဗုဒ္ဓဝံသ-၄ ၊ ၂၃။

ဘုရားရှင်သည် နောက်နေ့များမှာလည်း ဆက်လက်ဆုံးမတော်မူသည်၊ တရားဟောတော်မူသည်၊ လပြည့်ကျော်တစ်ရက်နေ့မှာ အရှင်ဝပ္ပ သောတာပန် ဖြစ်သည်၊ နှစ်ရက်နေ့မှာ အရှင်ဘဒ္ဒိယ သောတာပန် ဖြစ်သည်၊ သုံးရက်နေ့မှာ အရှင်မဟာနာမ် သောတာပန် ဖြစ်သည်၊ လေးရက်နေ့မှာ အရှင်အဿဇိ သောတာပန် ဖြစ်သည်၊ ထိုသူများက ရဟန်းအဖြစ်ကို တောင်းသည့်အခါမှာလည်း ဧဟိ ဘိက္ခု-ခေါ်တော်မူ၍ပင် အသီးအသီး ရှင်ရဟန်း ပြုပေးလိုက်သည်။

လပြည့်ကျော် ငါးရက်နေ့မှာ ဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးတို့ကို စည်းဝေးစေသည်၊ အနတ္တလက္ခဏသုတ္တန်ကို ဟောတော်မူသည်၊ တရားတော်၏အဆုံးမှာ ငါးဦးလုံး အရဟတ္တဖိုလ်မှာ တည်ကြသည်၊ ရဟန္တာ ဖြစ်လာကြသည်၊ လောကမှာ ဘုရားရှင်နှင့် တကွ လူသား ရဟန္တာ ၆-ဦး ပေါ်ပေါက်လာခဲ့သည်။

ဘုရားရှင်သည် ထိုနှစ် 'ဝါတွင်း'မှာပင် ယသအမျိုးသားနှင့် သူငယ်ချင်း ၅၄-ယောက်တို့ကိုလည်း အရဟတ္တဖိုလ်မှာ တည်စေသည်၊ ရဟန္တာဖြစ်အောင် သနားစောင့်ရောက်ချီးမြှောက်တော်မူသည်၊ သူတို့ အကုန်လုံးကိုလည်း ဧဟိဘိက္ခုဥပသမ္ပဒါဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်စေခဲ့သည်။

ဘုရားရှင်တစ်ပါးတည်း သာသနာတော်ပြန့်ပွားရေးကို စတင်လုပ်ဆောင်တော်မူသည့် ဝါတွင်းမှာပင် ဘုရားရှင်နှင့်တကွ လောကမှာ လူသား ရဟန္တာ ၆၁-ပါး ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့သည်။

၁။ ပရိယတ္တိသဒ္ဓမ္မ = ပရိယတ္တိသာသနာ၊
၂။ ပဋိပတ္တိသဒ္ဓမ္မ = ပဋိပတ္တိသာသနာ၊
၃။ ပဋိဝေဓသဒ္ဓမ္မ = ပဋိဝေဓသာသနာ၊-

ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်လည်း ရှင်သန်ကြီးထွားစ ပြုလာသည်။

ဘုရားရှင်သည် သတ္တဝါအများ ချမ်းသာရေးကို မြော်တွေးတော်မူလျက် သီတင်းဝါလကျွတ်သည့်အခါ ရဟန္တာခြောက်ကျိပ်တို့အား ဓမ္မဒူတေယျ= သာသနာပြုလုပ်ငန်း (သာသနာတော်ပြန့်ပွားရေးလုပ်ငန်း)ကို လုပ်ကိုင်ဆောင်ရွက်ကြရန် တာဝန်အပ်နှင်းတော်မူသည်၊ နည်းနည်းဖြင့် ကျဲကျဲဝိုင်းရန် ခရီးလမ်းကြောင်းတစ်ခုကို တစ်ပါးစီသာကြွစေတော်မူသည်၊ ရဟန်းများ၏ တာဝန်, ဒါယကာဒါယိကာမများ၏ တာဝန်ကိုလည်း ခွဲဝေသတ်မှတ်ပေးတော်မူသည်၊ သာသနာပြုစည်းမျဉ်း (သာသနာတော်ပြန့်ပွားရေးစည်းမျဉ်း)ကိုလည်း ဟောပြောသင်ကြား ပေးသနားတော်မူသည်။

"ရဟန်းတို့ ! သင်တို့ဟာ သူတစ်ပါးရဲ့အကျိုးကိုရော, မိမိတို့ရဲ့အကျိုးကိုရော ပြုလုပ်ကြရမယ်၊ ဆောင်ရွက်ကြရမယ်၊ ဒီတရားတော်ကို မြေပြင်မှာ နေသူအများအား ဟောကြားရင်း လှည့်လည်ကြရမယ်။

ငါဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို လူအများအား အမြဲဟောပြော ပြသရင်း (အေးချမ်းဆိတ်ငြိမ်တဲ့) တောင်များနှင့် တောများမှာ နေကြရမယ်။ (ထိုအချိန်၌ ကျောင်းကို ခွင့်ပြုတော်မမူသေးပါ။)

ရဟန်းတို့ ! ကောင်းသောအကျင့်နဲ့ ပြည့်စုံကြတဲ့ သင်တို့က ဓမ္မဒူတေယျ-သာသနာပြုလုပ်ငန်း (သာသနာတော်ပြန့်ပွားရေးလုပ်ငန်း) ပြုလုပ်ကြလျက် အေးငြိမ်းတဲ့ နိဗ္ဗာန်, မဂ်, ဖိုလ်အလို့ငှါ လူအများအား ငါဘုရား၏ တရားတော်ကို ဟောပြကြရမယ်။

ရဟန်းတို့ ! အာသဝကင်းစင်ပြီးဖြစ်တဲ့ သင်တို့က အပါယ်ဘုံများရဲ့ တံခါးအကုန်လုံးကို ပိတ်ပေးကြရမယ်၊ နတ်ရွာ, မဂ်, ဖိုလ်လမ်းခရီးကို နိဗ္ဗာန်တိုင်အောင် ဖွင့်ပေးကြရမယ်။

ရဟန်းတို့ ! သင်တို့က သနားကြင်နာမှုစတဲ့ ဂုဏ်တွေကို ကိုယ်က မကွာစေဘဲ တရားဟောပြောခြင်းအကျင့်တွေနဲ့ (ဟောပြောပြသမှုလုပ်ငန်းနဲ့) လူတွေရဲ့ အသိဉာဏ်ကိုရော, သဒ္ဓါတရားကိုရော အပြည့်အဝ တိုးပွားစေကြရမယ်၊ (တိုးပွားလာအောင် လုပ်ပေးကြရမယ်။)

လူများက သင်တို့ကို အာမိသဒါနနဲ့ အမြဲ ကျေးဇူးပြု နေကြတယ်၊ (ပစ္စည်းဝတ္ထုများကို လှူဒါန်းထောက်ပံ့ နေကြတယ်၊) အဲဒီလူတွေကို သင်တို့က ဓမ္မဒါနနဲ့ ကျေးဇူး တုန့်ပြန်ကြရမယ်၊ (တရားဟောပြောခြင်းနဲ့ ကျေးဇူး တုန့်ပြန်ကြရမယ်။)

ရဟန်းတို့ ! သဒ္ဓမ္မသုံးဖြာ သာသနာကို ဟောပြောပြသပြီး အရိယာတို့၏ အလံကို စိုက်ထူကြလော့၊ (သင်္ကန်းဝတ်ပြီး ရှင်ရဟန်းပြုပေးကြလော့၊) ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်ပြီးကိုင်ပြီးဖြစ်ကြတဲ့ သင်တို့က သူများရဲ့အကျိုးကို ပြုကျင့်ကြပေတော့၊ (ဆောင်ရွက်ကြပေတော့။)"

ဘုရားရှင်က ရဟန္တာခြောက်ကျိပ်တို့ကို သာသနာတော်ပြန့်ပွားရေးအတွက် တာဝန်ကိုယ်စီ ပေးဝေအပ်နှင်းလိုက်သည်၊ ကိုယ်တော်တိုင်မူကား ဣသိပတန-မိဂဒါယမှာပင် တန်ဆောင်မုန်းလပြည့်နေ့ထိ သီတင်းသုံးနေတော်မူသည်။

ဓမ္မဒူတေယျ-သာသနာပြုရဟန်းတော်များသည် မြို့ရွာဒေသ အသီးသီးမှ ရှင်လောင်း, ရဟန်းလောင်းများကို ရှင်ပြုပေး, ရဟန်းခံပေးရန် ဘုရားရှင်ထံတော်သို့ ခေါ်ယူလာကြရသည်၊ သို့ဖြင့်- ဓမ္မဒူတေယျ ရဟန်းတော်များလည်း ပင်ပန်းကြသည်၊ ရှင်လောင်း ရဟန်းလောင်းများလည်း ပင်ပန်းကြသည်၊ ခရီးတွင်သင့်သလောက်လည်း မတွင်ပေ။

ဤသည်ကိုပင် အကြောင်းပြု၍ ဘုရားရှင်က ရဟန်းတော်များအတွက် သိက္ခာပုဒ် ပညတ်တော်မူသည်၊ ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူသည်။

"ရဟန်းတို့ ! သရဏာဂုံသုံးပါးဖြင့် ရှင်ပြုပေး, ရဟန်းခံပေးရန် သင်တို့အား ငါဘုရား ခွင့်ပြုတော်မူသည်"။

ဘုရားရှင်က သိက္ခာပုဒ် ပညတ်ပေးရုံမျှသာ မဟုတ်သေးပါ၊ ရှင်ပြုနည်း, ရဟန်းခံနည်းများကိုလည်း နည်းပေးညွှန်ကြားတော်မူသည်၊ ထိုအချိန်မှစ၍ ဓမ္မဒူတေယျရဟန်းတော်များသည် ရောက်ရာအရပ်မှာ သရဏာဂုံဖြင့်ပင် ရှင်ပြုပေးနေကြသည်၊ ရဟန်းခံပေးနေကြသည်၊ သို့သော် ယခုအချိန်မှာကား သရဏာဂုံဖြင့် ရှင်ပြုပေးမှုမျှသာ ကျန်ရှိနေပါသည်၊ သရဏာဂုံဖြင့် ရဟန်းခံပေးမှုကို ဘုရားရှင်ကိုယ်တော်တိုင် ပြန်လည် ရုပ်သိမ်းပြီး ဖြစ်ပါသည်။

ဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့၌ သပိတ်သင်္ကန်းကို ယူတော်မူလျက် မိဂဒါယမှ တစ်ပါးတည်း ထွက်ကြွလာခဲ့သည်၊ ကပ္ပာသိကတောအုပ်မှာ ဘဒ္ဒဝဂ္ဂီ နောင်ညီသုံးကျိပ်တို့ကို ဆုံးမတော်မူသည်၊ သုံးကျိပ်လုံးပင် အောက်မဂ်, အောက်ဖိုလ်ကို အကြောင်းအားလျော်စွာ ရရှိသွားကြသည်၊ ရဟန်းပြုပေးပါမည့် အကြောင်းကိုလည်း လျှောက်ထားကြသည်၊ ဘုရားရှင်က သူတို့ကိုလည်း "ဧဟိဘိက္ခု ဥပသမ္ပဒါ"ဖြင့်ပင် ရဟန်းပြုပေးတော်မူသည်။

ဘုရားရှင်က ယင်းဘဒ္ဒဝဂ္ဂီ နောင်ညီသုံးကျိပ်တို့ကိုလည်း တစ်ပါးတစ်လမ်း အသီးသီး ကြွလှမ်းကြလျက် သာသနာတော်ပြန့်ပွားရေးအတွက် တရားဟောရန် စေလွှတ်တော်မူပြန်သည်။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်မူကား ကပ္ပာသိကတောအုပ်မှ ဥရုဝေလတောသို့ ကြွတော်မူသည်၊ ဥရုဝေလကဿပစသော ရသေ့တစ်ထောင်တို့ကို အမြင်မှန် ရစေတော်မူပြီးနောက် ဧဟိဘိက္ခုဥပသမ္ပဒါဖြင့်ပင် ရဟန်းပြုပေးတော်မူသည်၊ ထို့နောက် ဥရုဝေလတောမှ ရသေ့ညီနောင် ရှင်တစ်ထောင်တို့နှင့်အတူ ဂယာသီသသို့ ကြွတော်မူသည်၊ အာဒိတ္တပရိယာယ ဒေသနာတော်ဖြင့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို အရဟတ္တဖိုလ်မှာ တည်စေသည်၊ ရဟန္တာအဖြစ်ကို ရောက်ရှိစေသည်။

ဗြာသိုလပြည့်ကျော် ၁၃-ရက်နေ့ ညနေချိန်မှာ ဗုဒ္ဓမြတ်စွာသည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့နှင့်အတူ ဂယာသီသအရပ်မှ ရာဇဂြိုဟ်မြို့အနီး လဋ္ဌိဝနဥယျာဉ်သို့ ကြွတော်မူသည်။

ဗိမ္ဗိသာရမင်းက ဘုရားရှင် ကြွလာတော်မူကြောင်း သတင်းစကားကို ကြားရလျှင် ကြားရချင်း ရာဇဂြိုဟ်မြို့သား ပုဏ္ဏားသူကြွယ် တစ်သိန်းနှစ်သောင်းတို့နှင့်အတူ လာရောက်လျက် တွေ့ဆုံဖူးမြင်သည်။

"ဘုရားရှင်နှင့် ဥရုဝေလကဿပတို့ မည်သူကဆရာဖြစ်ပြီး မည်သူက တပည့်ဖြစ်ပါလိမ့်မလဲ"။

လူများမှာ ဖြစ်ပေါ်လာသော ယုံမှားသံသယကို ဘုရားရှင်၏ အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်သောအားဖြင့် ဥရဝေလကဿပကပင် ကင်းပျောက်အောင် ပြုလုပ်ပေးလိုက်သည်၊ ထို့နောက် ဘုရားရှင်က အနုပုဗ္ဗိကထာ(အစဉ်အတိုင်း ဟောပြောရိုးတရားစကား)ကို ဟောတော်မူ၍ သစ္စာလေးပါးကို ပြတော်မူသည်၏အဆုံးမှာ ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်းတစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့ သောတာပတ္တိဖိုလ်မှာတည်ကြသည်၊ အမာခံ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်လာကြသည်၊ သူတို့သည် ဘဝကူးပြောင်း သွားသော်လည်း အယူဝါဒ ပြောင်းလဲသွားစရာ မရှိတော့ပါ၊ သူတို့၏ လောကုတ္တရာသရဏာဂုံက ပျက်စီးမှုမရှိသည့် အတွက်ကြောင့်ပင်ဖြစ်ပါသည်။

တစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့က သရဏာဂုံဆောက်တည်ကြသည်၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်၊ သို့သော် သူတို့သည် ခိုင်မြဲသော(အမာခံ)ဗုဒ္ဓဘာသာဝင်များမဖြစ်တတ်သေးပါ၊ အကြောင်းအားလျော်စွာ အယူဝါဒ ပြောင်းလဲမည်ဆိုက ပြောင်းလဲနိုင်စရာ ရှိပါသေးသည်၊ ယင်းသို့ ဖြစ်ရသည်မှာ လောကီသရဏာဂုံက ပျက်စီးခြင်းသဘောရှိနေသောကြောင့်ပင်တည်း။

ဗိမ္ဗိသာရမင်းကြီးသည် နောက်တစ်နေ့အတွက် ဘုရားရှင်ကို ဆွမ်းစားပင့်ပြီးပြန်သွားသည်၊ ပြာသိုလပြည့်နေ့ နံနက်အချိန်မှာ ဘုရားရှင်သည် ဗိမ္ဗိသာရမင်း၏နန်းတော်သို့ ကြွတော်မူလျက် ဆွမ်းဘုဉ်းပေးတော်မူသည်။

"ရှင်တော်မြတ်ဘုရား ! ဒကာတော်က ရတနာသုံးပါးနှင့် ကင်းကွာလို့မနေနိုင်တော့ပါ၊ မြင်မြင်ထင်ထင် အချိန်အခါမျိုးမှာလဲ ရှင်တော်မြတ်ဘုရားထံကို လာလိုပါတယ်၊ မြင်မြင်ထင်ထင် မဟုတ်တဲ့အခါမျိုးမှာလဲ ရှင်တော်မြတ်ဘုရားထံကို လာလိုပါတယ်၊ လင်္ဂဝနဥယျာဉ်ဟာ ဝေးကွာလှပါတယ်၊ ဒကာတော်ရဲ့ ဒီဝေဠုဝန်ဥယျာဉ်ကတော့ နီးလဲမနီးလွန်း, ဝေးလဲမဝေးလွန်းလှပါ၊ အသွားရအလာရ လွယ်ကူပါတယ်၊ နေ့ဘက်မှာလဲ လူတွေနဲ့ရှုပ်ထွေးမှု မရှိပါ၊ ညဘက်မှာလဲ လူသံတိတ်ဆိတ်ပါတယ်၊ ဒါနဲ့ တရားရှုမှတ်ရန် လွယ်ကူချမ်းသာပါတယ်၊ အရိပ်တွေ, ရေတွေနှင့်လဲပြည့်စုံပါတယ်၊ မြေအနေအထားကလဲ ညီညာပြန့်ပြူး အထူးမွေ့လျော်ဖွယ်ရာဖြစ်ပါတယ်၊ အဆောက်အအုံကလဲ ပြည့်စုံလုံလောက်ပါတယ်၊ ဒကာတော်ရဲ့ ဒီဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူပါ"။

ဆွမ်းကိစ္စအပြီးမှာ ဗိမ္ဗိသာရမင်းက ဘုရားရှင်ကို လျှောက်ထားသည်၊ ဝေဠုဝန်ဥယျာဉ်ကို စွန့်လွှတ်လှူဒါန်းလိုသည့်အတွက် ရွှေကရားဖြင့် ရေကိုယူလျက် ဘုရားရှင်၏ လက်တော်၌ ရေစက်ကို ကျစေသည်။

ဤသည်မှာ သာဟတ္ထိကဒါနမြောက်အောင်(ကိုယ်ထိလက်ရောက်လှူရာရောက်အောင်)မြေအစား ရေကိုဆက်ကပ်ခြင်း ဖြစ်ဖွယ်ရာရှိပါသည်၊ ရေစက်ချပုံကို သတိပြု

မှတ်သားသင့်သည်၊ ယခုကာလ ပြုလုပ်နေကြသော ရေစက်ချပုံမျိုးကား ကောင်းပင် ကောင်းသော်လည်း စာလာပေလာနှင့် ညီညွတ်မည်မထင်ပါ၊ ရှေးဆရာမြတ်တို့က တည်ထွင်စီစဉ်ထားခဲ့ရုံမျှသာ ဖြစ်ဖွယ်ရာရှိပါသည်။

ဘုရားရှင်က ဝေဋ္ဌုဝန်ဥယျာဉ်ကို အလှူခံလတ်သော် "ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အမြစ်တွယ်ခဲ့ပြီ"ဟု ဝမ်းမြောက်လာသည့်ပမာ မဟာပထဝီမြေကြီးက ပြင်းစွာတုန်လှုပ်လာခဲ့သည်။

တပို့တွဲလဆန်းတစ်ရက် နံနက်ပိုင်းအချိန်မှာ ဘုရားရှင်သည် ဝေဋ္ဌုဝန်ကျောင်းတိုက်၌ ရဟန်းသံဃာတော်၏အလယ်မှာ ထိုင်နေတော်မူသည်၊ ထိုစဉ် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် နောက်လိုက်နောက်ပါ ပရဗိုဇ် ၂၅၀-နှင့်အတူ သိဉ္ဇည်းဆရာကြီးထံမှ ဘုရားရှင်ထံသို့ ထွက်ခွာပြောင်းရွှေ့လာခဲ့ကြသည်။

ဝေဋ္ဌုဝန်ကျောင်းတော်သို့ ရောက်လာသည့်အခါ ရဟန်းပြုလိုပါကြောင်း ဘုရားရှင်ကို တောင်းပန်လျှောက်ထားကြသည်၊ ဘုရားရှင်က သူတို့ကိုလည်း "ဧဟိဘိက္ခု ဥပသမ္ပဒါ" ဖြင့်ပင် ရဟန်းပြုပေးလိုက်သည်၊ နောက်မှ လိုက်ပါလာကြသော တပည့်ပရဗိုဇ် ၂၅၀-တို့သည် ထိုနေ့မှာပင် ရဟန္တာဖြစ်သွားကြသည်။

ရှင်မောဂ္ဂလာန်သည် တပို့တွဲလဆန်း ၇-ရက်နေ့မှာ ရဟန္တာဖြစ်၍ ရှင်သာရိပုတ္တရာက တပို့တွဲလပြည့်နေ့ရောက်မှ ရဟန္တာဖြစ်သည်၊ ယင်း တပို့တွဲလပြည့်နေ့မှာပင် ဘုရားရှင်၏ သာဝကသန္နိပါတ(ပထမသာဝကအစည်းအဝေး) ဖြစ်သည်၊ ဘုရားရှင်က ထိုအစည်းအဝေးမှာ ဩဝါဒပါတိမောက်ကို(စတင်) မိန့်ကြားတော်မူသည်၊ ယင်းဩဝါဒပါတိမောက်ကို (၂၇၃)၌ ပြဆိုထားခဲ့ပြီး ဖြစ်ပါသည်။

ထိုအချိန်၌ မဂဓတိုင်းမှာနေကြသည့် ကျော်စောထင်ရှား အမျိုးကောင်းသားများသည် ဘုရားရှင်ထံမှာ ရဟန်းပြုလာကြသည်၊ သို့ဖြင့် လူများက မကျေမချမ်း ဖြစ်လာကြသည်၊ ဘုရားရှင်ကို ကဲ့ရဲ့လာကြသည်။

> "ရဟန်းဂေါတမက သားထောက်မြေးခံ မရှိအောင်လုပ်နေတာပဲ၊ ရဟန်းဂေါတမက အမျိုးအနွယ်ပြတ်အောင် လုပ်နေတာပဲ၊ ရဟန်းဂေါတမက ရသေ့တစ်ထောင်ကိုလဲ ခေါ်ဆောင်လာခဲ့တယ်၊ ပရဗိုဇ် ၂၅၀-ကိုလဲ ခေါ်ယူ ထားခဲ့တယ်၊ (ဒါနဲ့အားမရသေးဘဲ) မဂဓတိုင်းသား ကျော်စောထင်ရှားတဲ့ မိကောင်းဖခင်သားကလေး အများအပြားကိုလဲ ရဟန်းပြုပေးနေတာပဲ"။

ထိုသူများသည် ဘုရားရှင်ကို ကဲ့ရဲ့ပြောဆိုရုံမျှဖြင့် မကျေနပ်ကြသေးဘဲ ရဟန်းတော်များကို တွေ့ရသည့်အခါမှာလည်း စောင်းကာ ချိတ်ကာ ဂါထာ(ကဗျာ)ဖြင့် ပြောဆိုလာကြပြန်သည်။

"အာဂတော ခေါ် မဟာသမဏော , မာဂဓာနံ ဂိရိဗ္ဗဇံ၊
သဗ္ဗေ သဉ္စယေ နေတ္တာန , ကံသု ဒါနိ နယိဿတိ"။

"မာဂဓ-ရာဇဂဟ(ရယ်တဲ့) ရွှေမြို့တော်၊
ခုချိန်မှာ-ကြွလာရောက်တယ်၊ ကြောက်ဖွယ်ကိုယ်တော်၊
ရှိသမျှ-သဉ္စယတပည့်ကျော်၊ သိမ်းကျုံးခေါ်ဆောင်ထား၊
မကြာခင်-တို့လင်သားကို၊ ခေါ်သွားမှာလား"။

လူအများ၏ စောင်းချိတ်ပြောဆိုနေကြသော စကားကို ဆွမ်းခံကြွစဉ် ကြားလာရသော ရဟန်းတော်များက ဘုရားရှင်ကို လျှောက်ထားကြသည်၊ ဘုရားရှင်ကလည်း အကျိုးသင့် အကြောင်းသင့် ရှင်းလင်းမိန့်ကြားတော်မူသည်။-

"ရဟန်းတို့ ! ဒီအသံဟာ ကြာမြင့်မယ်မဟုတ်ပါဘူး၊ ခုနစ်ရက်မျှသာ ဖြစ်ပါလိမ့်မယ်၊ ခုနစ်ရက်ကျော်လွန်သွားတဲ့အခါမှာ ပျောက်သွားပါလိမ့်မယ်၊ သူတို့တစ်တွေ စောင်းချိတ် ပြောဆိုနေကြတဲ့ စကားကိုတော့ သင်တို့က တုံ့ပြန်ဖြေရှင်း ပြကြရမယ်"။

ယင်းသို့ မိန့်ကြားတော်မူပြီးသည့်နောက် တုံ့ပြန်ဖြေရှင်းရန် ဂါထာ(ကဗျာ)ကိုလည်း ရဟန်းတော်များအား သင်ပေးလိုက်သည်။

"နယန္တိ ဝေ မဟာဝိရာ , သဒ္ဓမ္မေန တထာဂတာ၊
ဓမ္မေန နယမာနာနံ , ကာ ဥသူယာ ဝိဇာနတံ"။

"ကြီးလုံ့လ-မြတ်ဗုဒ္ဓ(ရယ်တဲ့) စိန္တွေယျာ၊
တရားမှန်-မတိမ်းစောင်းအောင်၊ ကောင်းကောင်းဆောင်လာ၊
မထားသာ သနားညာ တရားစွာ-ဆောင်လာတဲ့သူများ၊
အဘယ်မှု-ငြူစူမှုကို၊ ပြုသင့်မှာလား"။

ဘုရားရှင်က သင်ပေးလိုက်သည့်အတိုင်း တုံ့ပြန်ဖြေရှင်းကြသော ရဟန်းတော်များ၏ စကားကို ကြားရသည့်အခါ လူများစုက အမြင်မှန်ရလာကြသည်။

"သာကီဝင်မင်းသား ဘုရားရှင်ဟာ တကယ်ပဲ တရားနှင့်လျော်ညီစွာ ဆောင်ယူပါပေတယ်၊ မတော်မတရား ဆောင်ယူတာ မဟုတ်ပါဘူး"။

ယင်းသို့ အမြင်မှန် ရလာသည့်အခါမှာ ကဲ့ရဲ့သံ, အပြစ်ပြောသံများလည်း နောက်ထပ် ထွက်ပေါ်မလာတော့ပါ၊ ဘုရားရှင် မိန့်ကြားတော်မူခဲ့သည့်အတိုင်းပင် ၇-ရက်ကျော်လွန် သွားသည့်အခါမှာ လုံးဝကွယ်ပျောက်သွားပါတော့သည်။

ဗုဒ္ဓမြတ်စွာသည် သုဒ္ဓေါဒနမဟာရာဇာက ကြိမ်ဖန်များစွာ တမန်လွှတ်ကာ ပင့်လျှောက်လာသည့်အတွက် တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှာ ဝေဠုဝန်ကျောင်းတော်မှ

ကပိလဝတ်နေပြည်တော်သို့ ထွက်ကြွလာခဲ့သည်၊ ထိုစဉ် ဘုရားရှင်နှင့်အတူ အင်္ဂါတိုင်း, မဂဓတိုင်းသား ရဟန်းတော်တစ်သောင်း, ကပိလဝတ် နေပြည်တော်သား ရဟန်းတော်တစ်သောင်းအားဖြင့် ရဟန်းတော်ပေါင်းနှစ်သောင်း နောက်တော်မှ လိုက်ပါလာကြသည်။

ဤသည်ကိုပင် အထောက်အထားပြု၍ ဘုရားရှင်၏ သာသနာပြုလုပ်ငန်း (သာသနာတော်ပြန့်ပွားရေးလုပ်ငန်း) မည်မျှထမြောက်အောင်မြင်လာသည်ကို မှန်းဆသိမြင်နိုင်လောက်ပါသည်။

လပိုင်း, ရက်ပိုင်း အတွင်းမှာ ဤမျှအောင်မြင်မှု ရလာအောင် ရွက်ဆောင်တော်မူနိုင်သော ဗုဒ္ဓမြတ်စွာ၏ စွမ်းအားသတ္တိတော်ကို အဘယ်မည်သူ နတ်နှင့်လူက ကြည်ဖြူလေးစား ကိုးအားထားမှု မပြုလုပ်ဘဲ ရောင်လွှဲ၍သာ နေနိုင်ပါတော့မည်နည်း၊ ဗုဒ္ဓမြတ်စွာ၏ စွမ်းအားသတ္တိတော်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့ ကိုးအားထားရန် တကယ်ပင် ထိုက်တန်လှပါပေတော့သတည်း။

ကိုယ်တိုင်လည်းကျင့် သူ့ကိုလည်းဟော

သာသနာပြုလုပ်ငန်း (သာသနာတော်ပြန့်ပွားရေးလုပ်ငန်း)ကို စတင်ဆောင်ရွက်လာကြသော ရဟန်းတော်များသည် ကိုယ်တိုင်ကျင့်ပြီးသော ရဟန္တာပုဂ္ဂိုလ်များ, ကျင့်ဆဲဖြစ်သော အရိယာပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်။

နောက်ပိုင်း၌ သာသနာတော် တစ်စတစ်စ ပြန့်ပွားစည်ကားလာသည့်အခါမှာမူ "အုတ်အရောရော, ကျောက်အရောရော"ဆိုသလို ဖြစ်လာခဲ့ပါသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက "ကိုယ်တိုင်လဲကျင့်ပါ၊ သူ့ကိုလဲဟောပါ"ဟု နောက်ပိုင်းသာသနာပြု ရဟန်းတော်များအတွက် စည်းကမ်းတင်းကြပ် သတ်မှတ်ပေးတော်မူရပြန်သည်။-

"ရဟန်းတို့ ! သင်တို့ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး(ပစ္စည်းလေးပါး)နဲ့ထောက်ပံ့ကူညီလုပ်ကျွေးနေကြတဲ့ ဒကာဒကာမတွေဟာ သင်တို့အတွက် ကျေးဇူးများလှပေတယ်။

အဲဒီလို ပြုစုလုပ်ကျွေးနေကြတဲ့ ဒကာဒကာမတွေကို အစ,အလယ်,အဆုံး သုံးပါးလုံးကောင်းတဲ့အပြင် အနက်နှင့်လဲပြည့်စုံ, သဒ္ဒါနှင့်လဲပြည့်စုံတဲ့ တရားတော်ကို ဟောပြောပြသရင်း အဖက်ဖက်မှ ပြည့်စုံစင်ကြယ်တဲ့ (ဘက်စုံပြည့်စုံစင်ကြယ်တဲ့) အကျင့်မြတ်ကို ဟောပြောညွှန်ကြားပေးနေကြတဲ့ သင်တို့တစ်တွေဟာလဲပဲ ဒကာဒကာမတွေအတွက် ကျေးဇူးများလှပေတယ်။

ရဟန်းတို့ ! ဒီလိုပဲ (ရဟန်းနှင့်လူ နှစ်ဦးနှစ်ဖက်သူတို့က) တစ်ဦးကိုတစ်ဦး တစ်ဖက်ကိုတစ်ဖက်က အမှီပြုပြီး သံသရာဝဲသြဃမှ ထွက်မြောက်အောင် ဝဋ်ဆင်းရဲ

ကုန်ဆုံးသွားအောင် ဒီအကျင့်မြတ်ကို သေချာတိကျစွာ ကျင့်ကြရမယ်၊ (လူများက သရဏာဂုံနှင့် ငါးပါးသီလမြဲပြီး ဥပုသ်သီတင်းစောင့်သုံးမှု စသည်ကို ပြုကြရမယ်၊ ရဟန်းတော်များက စတုပါရိသုဒ္ဓိသီလစသည်ကို အပြည့်အဝ ကျင့်သုံး ကြရမယ်။)

ရဟန်းတွေဆိုတာဟာ တို့တစ်တွေရဲ့ ကုသိုလ်မျိုးကို စိုက်ပျိုးစရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တယ်၊ ဒီရဟန်းသံဃာဆိုတဲ့ လယ်ယာမြေကောင်းမှာ ငါတို့က အလှူမျိုးစေ့ကို ကြဲချစိုက်ပျိုးဦးမှပဲ၊ အဲ သို့ကလို ကြဲချစိုက်ပျိုးလိုက်တဲ့ အတွက် တို့တစ်တွေဟာ ကောင်းကျိုးတွေ အများကြီး ရကြလိမ့်မယ်၊ အထက်အထက်ဘုံများမှာ ဖြစ်ကြရလိမ့်မယ်၊ နတ်ပြည်ကို ရောက်ကြရလိမ့်မယ်၊ ချမ်းသာတဲ့အကျိုးကို ရကြလိမ့်မယ်၊ နတ်ပြည်မှာ ပဋိသန္ဓေ နေကြရလိမ့်မယ်၊ ဒီလိုမျှော်လင့်ချက် အပြည့်အဝနဲ့ ဒကာဒကာမတွေက သင်တို့ကို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းမှုကို ပြုနေကြတာပဲ။

အဲဒီ ဒကာဒကာမတွေဟာ သင်တို့ရဲ့ ဆွေမျိုးလဲမဟုတ်၊ မိတ်ဆွေလဲမဟုတ်၊ ကြွေးမြီယူထားကြသူတွေလဲ မဟုတ်၊ အမှန်ကတော့-ဒီရဟန်းတော်တွေဟာ ကောင်းကောင်းနေထိုင်ကြတယ်၊ ကောင်းကောင်းကျင့်ကြတယ်၊ ဒီလို ရဟန်းတော်တွေကို ပေးလှူကြရတဲ့ တို့တစ်တွေရဲ့ ကုသိုလ်ကောင်းမှုကတော့ အကျိုးများပေလိမ့်မယ်၊ အာနိသင်(ဆင့်ပွားအကျိုး) များပေလိမ့်မယ်၊-ဆိုတဲ့ အကျိုးထူးကို မျှော်လင့်တောင့်တကြပြီး သင်တို့ကို ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေကြတာပဲ၊ ဒါကြောင့် သင်တို့က သူတို့ရဲ့ အလိုကို ဖြည့်ပေးကြရမယ်၊ သူတို့ ပေးလှူတဲ့ပစ္စည်းကို လေးစားကြရမယ်၊ ဒါဟာ သင်တို့ရဲ့ တာဝန်ပဲ၊ သင့်တို့က မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရဘူး၊ မမေ့မလျော့ မပေါ့မဆ အပူမာဒသတိနှင့် ပြည့်စုံစေကြရမယ်။

ပြီးတော့ တရားဟောတယ်-ဆိုတာဟာလဲပဲ ကိုယ်ဟောမယ့်တရားကို ကိုယ်ကိုယ်တိုင်က ကျင့်မှသာ တင့်တယ်တယ်၊ လျောက်ပတ်တယ်၊ ကြားနာရတဲ့ လူတွေကလဲ လိုက်နာချင်ကြမယ်၊ ဒီလိုမဟုတ်ဘဲ သင်တို့ တရားဟောသူကိုယ်တိုင်က မကျင့်ရင် မတင့်တယ်တော့ဘူး၊ မလျောက်ပတ်တော့ဘူး၊ သင်တို့ ဟောပြတဲ့ တရားကိုလဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လိုက်နာကျင့်သုံးလိုမယ် မဟုတ်တော့ဘူး။

ဒါ့ကြောင့်မို့ သင်တို့ကိုယ်တိုင်က စံပြအနေနဲ့ တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာကျင့်သုံးပြကြရမယ်၊ ဒီလို မှန်မှန်ကန်ကန် တိတိကျကျ မကျင့်ဘဲ(အိပ်ကာ, စားကာ, လည်ပတ်ကာနှင့် သူများအား ဟောပြောနေရုံသာ ဟောပြောပြီး) မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေလို့ မသင့်တော်ဘူး"။ ဣတိ-ပါ၊ ၂၆၉။ ၄-၃၂၂"

ဗုဒ္ဓမြတ်စွာသည် ဤသုတ်ဖြင့် သာသနာပြုဒါယကာဒါယိကာမများနှင့် ရဟန်းသာမဏေတို့၏ ဆက်ဆံရေး, ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် ကျင့်သုံးနေထိုင်ရေးတို့ကိုလည်း ညွှန်ပြထားသည်၊ သာသနာပြုရဟန်းရှင်လူများ အရေးတကြီး လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ကိုလည်း ညွှန်ပြထားသည်။

၁။ "တရားကို ကိုယ်တိုင်ကျင့်ပြီး သူများအား ဟောပြောကြရမည်၊ သူများကို ပြုပြင်လိုသူသည် ကိုယ်တိုင် စံပြအနေဖြင့် တိတိကျကျ ကျင့်သုံးနေထိုင်ပြရမည်။

၂။ မေ့မေ့လျော့လျော့ပေါ့ပေါ့တန်တန်မနေဘဲ မမေ့မလျော့, မပေါ့မဆ အပွမာဒသတိတရားနှင့် ပြည့်စုံရမည်"။

ဤသည်တို့မှာ သာသနာပြုရဟန်းရှင်လူများ အရေးတကြီး လိုက်နာကျင့်သုံးရမည့် အခြေခံကျင့်ဝတ်များ ဖြစ်သည်။

"ပြည်တွင်း, ပြည်ပ သာသနာပြုကြမည့် ရဟန်းရှင်လူတို့သည် မိမိဟောမည့်တရားကို ကိုယ်တိုင် လက်တွေ့ကျကျ လိုက်နာကျင့်သုံးပြီး ဖြစ်သင့်သည်၊ မိမိ၏ ကိုယ်ကျင့်သီလကို မဲ့တစ်ပြောက်မျှ အစွန်းအထင်း မခံသင့်၊ ကိုယ်အမူအရာ, နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့်အပြင် စိတ်ဓာတ်လည်း အစွမ်းကုန်ဖြူစင်သန့်ရှင်းစေရမည်၊ ယင်းသို့အဖက်ဖက်မှ ပြည့်စုံအောင် မေ့လျော့ပေါ့ဆမှု ပမာဒကို ပယ်ခွာ၍ မမေ့လျော့မပေါ့ဆမှု 'အပွမာဒသတိ' အမြဲရှိနေစေရမည်"ဟု ဆိုလိုသည်။

သို့ဖြစ်၍ သာသနာပြု ဦးစီးခေါင်းဆောင် ပုဂ္ဂိုလ်များသည် ပဓာနိက တိသဿထေရ်ကဲ့သို့ မပြုကျင့်ဘဲ, အရှင်ပုဏ္ဏာမထေရ်ကဲ့သို့သာ ပြုကျင့်သင့်သည်၊ ဤနေရာ၌ ဆက်လက်၍ ယင်းမထေရ်နှစ်ပါး၏ အကြောင်းကို သင့်လျော်ရုံ ပြဆိုပါဦးမည်။

ပဓာနိက တိသဿထေရ်

ပဓာနိကတိသဿထေရ်သည် ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်း ယူသည်၊ ထို့နောက် နောက်လိုက်နောက်ပါ တပည့်ရဟန်း ငါးရာတို့ကို ခေါ်ယူလျက် တောမှာ ဝါကပ်သည်။

"ငါ့ရှင်တို့ ! သင်တို့ဟာ သက်တော်ထင်ရှား ဘုရားရှင်၏ထံတော်က ကမ္မဋ္ဌာန်း ယူလာခဲ့သူများ ဖြစ်တယ်၊ (ဒါ့ကြောင့်) မမေ့မလျော့ မပေါ့မဆ ရဟန်းတရားကို ကြိုးစားအားထုတ်ကြရမယ်"။

တိသဿထေရ်က ရဟန်းများအား ဩဝါဒပေးထားခဲ့သည်၊ ထို့နောက် ကိုယ့်နေရာကို ပြန်သွားကာ တုံးလုံးပက်လက် အိပ်စက်နေသည်။

ရဟန်းတော်များက ညဉ့်ဦးယာမ်(ညဦးပိုင်းအချိန်)မှာ စကြံ်ကွ(ရင်း ရှုမှတ်ကြ)ပြီး သန်းခေါင်ယာမ်(ညဉ့်လယ်ပိုင်းအချိန်)မှာ ကျောင်းထဲကို ဝင်လာကြသည်၊ ထိုအချိန်ဝယ် တိသဿထေရ်က တစ်ရေးနိုးလာခဲ့သည်။-

"ငါ့ရှင်တို့ ! သင်တို့ဟာ တုံးလုံးပက်လက် အိပ်စက်နေကြမယ်လို့ တောကိုလာကြသလား?၊ ခပ်မြန်မြန် ပြန်ထွက်သွားပြီး ရဟန်းတရားကိုသာ ကြိုးစားအားထုတ်ကြစမ်းပါ"။

လာရောက်ပြောဆိုသော တိဿထေရ်၏ စကားကို ကြားရသောအခါ ရဟန်းတော်များက ညဉ့်လယ်ပိုင်းအချိန်မှာ အပြင်ဘက်ကို ပြန်ထွက်၍ စင်္ကြံကွင်လျက် တရားရှုမှတ်နေကြပြန်သည်၊ တိဿထေရ်မူကား ကိုယ့်နေရာသို့ ပြန်သွား၍ အလားတူပင် အိပ်စက်နေပြန်သည်။

ရဟန်းတော်များက မိုးသောက်ယာမ်အချိန်မှာ ကျောင်းထဲကို ဝင်လာကြပြန်သည်၊ ထိုအချိန်မှာလည်း တိဿထေရ်က အိပ်ရာမှနိုးလာ၍ ရဟန်းတော်များထံ လာရောက်လျက် အလားတူပင် ပြောဆိုပြီး အပြင်ထွက်၍ တရားအားထုတ်ရန် အမိန့်ပေးလိုက်ပြန်သည်၊ သူကိုယ်တိုင်မူကား ကိုယ့်နေရာကိုပင် ပြန်သွား၍ အိပ်နေပြန်သည်။

တိဿထေရ်က နေ့စဉ်နေ့တိုင်း ဤသို့ချည်း ပြုလုပ်နေသည်၊ ရဟန်းတော်များအတွက် ကျိန်းစက်ရမည့် အချိန်ပင် မရှိတော့ချေ၊ ယင်းသို့ အိပ်ရေးပျက်လှသည့်အတွက် သူတို့သည် သရဏ္ဂုံယ်မှကိုလည်း မပြုနိုင်ကြတော့ပါ၊ ကမ္မဋ္ဌာန်း နှလုံးသွင်းမှုကိုလည်း မပြုနိုင်ကြတော့ပါ၊ ငိုက်မျဉ်း၍သာ နေကြရပါတော့သည်၊ စိတ်တည်ငြိမ်မှုကိုပင် မရနိုင်ကြတော့ချေ။

"တပည့်တော်တို့ရဲ့ ဆရာတော်ကြီးက သိပ်လုံ့လဝီရိယကောင်းတာပဲ၊ သူ့ကို စုံစမ်းကြည့်ကြစို့ရဲ့"။

ရဟန်းတော်များက တိုင်ပင်ညှိနှိုင်း၍ စုံစမ်းကြသည့်အခါမှာ သူ၏ အပြုအမူကို အမှန်အတိုင်း သိလာကြရသည်၊ သို့ဖြင့် အားငယ်နွမ်းလျ တအံ့တသြ ပြောဆိုနေကြပါတော့သည်။

"ငါ့ရှင်တို့ ! တပည့်တော်တို့တစ်တွေဟာ ပျက်စီးကြရပါပြီ၊ တပည့်တော်တို့ရဲ့ ဆရာတော်က သင်္ကြန်အမြောက်ကြီးလို အသံမြည်ရုံသာ မြည်နေတာပဲ"။

အတိုင်းထက်အလွန် အိပ်ရေးပျက်၍ ကိုယ်ခန္ဓာနွမ်းလျ အားနည်းပင်ပန်းလှသောကြောင့် ယင်း ရဟန်းတော်များအနက် ရဟန်းတစ်ပါးမျှ တရားထူးကို မရခဲ့ကြပေ။

ယင်းရဟန်းတော်များသည် သီတင်းဝါလကျွတ်သည့်အခါမှာ ဘုရားရှင်ထံတော်ပါးသို့ ရောက်လာကြသည်၊ ဘုရားရှင်က မေးတော်မူလျှင် အကြောင်းစုံကို ပြန်လည် လျှောက်ထားကြသည်။

"ရဟန်းတို့ ! သူတစ်ပါးကို ဆုံးမလိုသောသူမည်သည် မိမိကိုယ်ကို ကောင်းစွာ ယဉ်ကျေးအောင် ကြိုတင် ပြုပြင်ထားရမည်၊ ယင်းသို့ ကြိုတင်ပြုပြင်ထားပြီး

သူတစ်ပါးအား ဆုံးမစကား ပြောကြားမှသာ ဆုံးမရာရောက်သည်၊ သူများကလည်း လိုက်နာလိုမည်”။

ရဟန်းတော်များ လျှောက်ထားသော စကားအားလျော်စွာ ဘုရားရှင်က စကားပလွှင့်ခံလိုက်သည်၊ ထို့နောက် တရားစကား ဆက်လက် မိန့်ကြားတော်မူပြန်သည်။

အတ္တာနဉ္ဆေ တထာ ကယိရာ , ယထညမနုသာသတိ၊
သုဒန္တော ဝတ ဒမေထ , အတ္တာ ဟိ ကိရ ဒုဒ္ဒမော။
ဆိုဆုံးမရန်-သူတစ်ပါးအား , ကိုယ်ရည်ရွယ်ထား-တရားကို၊
မိမိကိုယ်တိုင်-မရှောင်ရှားဘဲ , လေးလေးစားစား-ကျင့်ရန်လို၊
ကိုယ်တိုင်သေချာ-ကျင့်ပြီးမှလျှင် , သူ့ကိုညွှန်ပြ-ဆုံးမဆို၊
ယဉ်နုလာအောင်-ဆုံးမခြင်းက , တကယ်ခဲယဉ်း-မိမိကို။

သူတစ်ပါးအား ဆုံးမမည့်အကျင့်ကို မိမိကိုယ်တိုင် သေချာကျန လက်တွေ့ကျအောင် ကျင့်ထားရမည်၊ မိမိကိုယ်တိုင် သေချာကျန ကျင့်ထားပြီးမှ သူများကို ဆုံးမရမည်၊ အမှန်မှာ- မိမိကိုယ်ကို ဆုံးမရတာက တကယ်ပင် ခဲယဉ်းလှပေသည်။

တရားတော်၏ အဆုံးမှာ ရဟန်းတော်ငါးရာလုံး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြသည်။ ခံ-၄-၂၊ ၉၀။

ပုဏ္ဏာထေရ် * ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူသည်၊ သီတင်းဝါလကျွတ်သည့် အချိန်မှာ ဘုရားရှင်၏ မွေးရပ် မြေမှ ရဟန်းတော်များ ဘုရားရှင်ထံသို့ ရောက်လာကြသည်။

ယင်းရဟန်းတော်များက ကပိလဝတ်မြို့တော်မှ လာခဲ့ကြောင်း လျှောက်ထားကြသည့်အခါ ဘုရားရှင်က ဆွေတော်မျိုးတော်များ ဖြစ်ကြသည့် သာကီဝင်မင်းအပေါင်း၏ ကျန်းမာကြောင်း, ချမ်းသာကြောင်းကိုမျှ မေးတော်မမူဘဲ ကိုယ်တိုင်လည်း ကထာဝတ္ထု ဆယ်ပါး၌ တည်နေကျင့်သုံး၍, သူတစ်ပါးကိုလည်း ဆောက်တည်ကျင့်သုံးစေတတ်သော အကျင့်ပဋိပတ်နှင့်ပြည့်စုံသည့် ရဟန်းအကြောင်းကိုသာ မေးတော်မူသည်။

“ရဟန်းတို့ !‘ ဒီရဟန်းဟာ-

၁။ ကိုယ်တိုင်လဲ တဏှာကင်းတယ်၊ တဏှာကင်းခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၂။ ကိုယ်တိုင်လဲ ရောင့်ရဲလွယ်တယ်၊ ရောင့်ရဲခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

---

* မူပဏ္ဏ-ပါ၊ ၁၉၉။ ၄-၂၊ ၄၀။ ဋီ-၂၊ ၁၀၈။

၃။ ကိုယ်တိုင်လဲ ကင်းရှင်းတယ်၊ ကင်းရှင်းခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းများအား ဟောပြောတတ်တယ်၊

၄။ ကိုယ်တိုင်လဲ မရောနှောဘူး၊ မရောနှောခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၅။ ကိုယ်တိုင်လဲ ထက်သန်တဲ့လုံ့လရှိတယ်၊ အားထုတ်လုံ့လနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၆။ ကိုယ်တိုင်လဲ သီလနှင့်ပြည့်စုံတယ်၊ သီလပြည့်စုံခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၇။ ကိုယ်တိုင်လဲ သမာဓိနှင့်ပြည့်စုံတယ်၊ သမာဓိပြည့်စုံခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၈။ ကိုယ်တိုင်လဲ ပညာနှင့်ပြည့်စုံတယ်၊ ပညာပြည့်စုံခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၉။ ကိုယ်တိုင်လဲ လွတ်မြောက်မှုအရဟတ္တဖိုလ်နှင့် ပြည့်စုံတယ်၊ လွတ်မြောက်မှုအရဟတ္တဖိုလ်နှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်၊

၁၀။ ကိုယ်တိုင်လဲ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံတယ်၊ ပစ္စဝေက္ခဏာဉာဏ် ပြည့်စုံခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်’။

ငါဘုရားရဲ့ မွေးရပ်မြေမှာ နေကြတဲ့ ရဟန်းတွေရဲ့ ဒီလိုချီးမွမ်းမှုကို ဘယ်ရဟန်းကခံယူနေရသလဲ?”။

“ရှင်တော်မြတ်ဘုရားရဲ့ မွေးရပ်မြေမှာ နေကြတဲ့ သီတင်းသုံးဖော် ရဟန်းတွေရဲ့ ဒီလိုချီးမွမ်းမှုကို မန္တာဏီပုတ္ထောမရဲ့သား အရှင်ပုဏ္ဏကခံယူနေရပါတယ် ရှင်တော်မြတ်ဘုရား”။

ဆောင်။ ။တဏှာလည်းကင်း, ရောင့်ရဲခြင်းနှင့်, ကင်းရှင်းမရော, ထက်သောလုံ့လ, သီလသမာ, ပညာဝိမုတ်, ဝိမုတ်ဉာဏာ, စပ်၍လာ, ကထာဆယ်မျိုးမှတ်။

ဆက်လက်၍ ဤသို့ ဘုရားရှင် မေးတော်မူရခြင်း၏ အကြောင်းကို ဝေဖန်ပြဆိုပါမည်၊ ထို့နောက် ဤဆောင်ပုဒ်ကဗျာကိုပင် အခြေခံထား၍ ကထာဝတ္ထုဆယ်ပါးကို ဝေဖန်ပြဆိုသွားပါမည်။

မေးတော်မူရခြင်း၊ ဘုရားရှင်တို့မည်သည် တရားကို အံလေးဂရု ပြုတော်မူကြသည်၊ ယင်းသို့ တရားကို အလေးဂရု ပြုတော်မူသောကြောင့်ပင် တရား

ကျင့်သော ရဟန်း, ရဟန်းမ ဒါယကာ, ဒါယိကာမတို့ကို မြတ်နိုးတော်မူကြသည်၊ အရေးပေးတော်မူလိုကြသည်၊ ထို့ကြောင့် ဆွေတော်မျိုးတော်အပေါင်း၏ ကျန်းမာကြောင်းကိုမျှ မေးတော်မမူဘဲ အကျင့်ပဋိပတ်နှင့် ပြည့်စုံသော ရဟန်းကိုသာ မေးတော်မူသည်။

"ရိသေကျိုးနွံစရာမရှိဘဲ နေရတာဟာ ဆင်းရဲလှပေတယ်၊ ငါဘုရားက ဘယ်ပုဂ္ဂိုလ်ကို အရိအသေ အလေးဂရုပြုပြီး မှီခိုနေထိုင်ရပါ့မလဲ၊ ငါဘုရားမှာ မပြည့်သေးတဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်တို့ ပြည့်စုံအောင် မှီခိုနေထိုင်ရမယ့် ငါဘုရားထက်သာတဲ့ ပုဂ္ဂိုလ်ရယ်လို့ လောကမှာ မရှိတော့ဘူး၊ ငါဘုရား ထိုးထွင်းသိမြင်ထားတဲ့ တရားတော်ကို အရိအသေ အလေးဂရုပြုပြီး မှီခို နေထိုင်ရရင် ကောင်းမှာပဲ"။ အံ-ပါ-၁၊ ၃၂၈။

ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးနေစဉ် ဖြစ်ပေါ်ခဲ့ဖူးသော ဤအလိုတော်က ဘုရားရှင်တို့၏ တရားတော်၌ အလေးဂရုပြုသောသဘောကို ထုတ်ဖော်ညွှန်ပြပြီး ဖြစ်နေပါတော့သည်။

ဘုရားရှင်သည် တရားကို အလေးဂရုပြုသောကြောင့်ပင် ရှင်မဟာကဿပမထေရ်က 'ရဟန်းပြုတော့မယ်'ဟု ထွက်လာသောနေ့၌ ခရီးဦးကြိုဆိုမှုကို ပြုလျက် သုံးဂါဝုတ် လမ်းခရီးကို ကြွသွားတော်မူခဲ့သည်။

ယူဇနာသုံးရာကျော် လမ်းခရီးကို ကြွသွား၍ ဂင်္ဂါမြစ်ကမ်း၌ တရားဟောပြီး မဟာကပ္ပိနမင်းကို ပုရိသတ်နှင့်တကွ အရဟတ္တဖိုလ်မှာ တည်စေခဲ့သည်။

မွန်းလွဲပိုင်း တစ်ချိန်တည်းမှာပင် ၄၅-ယူဇနာ လမ်းခရီးကို ကြွသွား၍ အိုးထိန်းသည် အိမ်၌ ညဉ့်သုံးယာမ်ပတ်လုံး သီတင်းသုံးတော်မူလျက် တရားဟောတော်မူပြီး ပက္ကုသာတိ အမျိုးသားကို အနာဂါမိဖိုလ်မှာ တည်စေခဲ့သည်။

ယူဇနာ ၁၂၀-လမ်းခရီးကို ကြွတော်မူ၍ ဝနဝါသီတိသဿာမဏေကို ချီးမြှောက်တော်မူခဲ့သည်။

ယူဇနာ ၆၀-လမ်းခရီးကို ကြွသွား၍ ခဒိရဝနိယရေဝတထေရ်အား တရားဟောတော်မူခဲ့သည်။

ရှင်အနုရုဒ္ဓါထေရ်က ပါစိနဝံသဒါယမှာထိုင်လျက် မဟာပုရိသဝိတက်ကို ကြံစည်နေကြောင်း သိတော်မူ၍ ထိုနေရာသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် မထေရ်၏ ရှေ့၌ သက်ဆင်းတော်မူပြီး ကောင်းချီးပေးခဲ့သည်။

ရှင်ကောဋိကဏ္ဍသောဏထေရ်အတွက် ဂန္ဓကုဋိတိုက်တော်အတွင်းမှာ အိပ်ရာနေရာကို အခင်းခိုင်း၍ နံနက် အရုဏ်တက်ချိန်မှာ တရားဟောရန် တိုက်တွန်းတော်မူပြီး

ရှင်ကောဋိုကဏ္ဍသောဏထေရ်က အသံနေအသံထားဖြင့် သုတ္တန်ကို ရွတ်ပြီးသည်၏ အဆုံးမှာ ကောင်းချီးပေးတော်မူခဲ့သည်။

သုံးဂါဝုတ် လမ်းခရီးကို ကြွတော်မူ၍ အမျိုးသားသုံးဦးတို့၏နေရာ ဂေါသိင်္ဂသာလ ဝန၌ သာမဂ္ဂီရသနှင့်စပ်သော အကျိုးကို ဟောတော်မူခဲ့သည်။

ကဿပရှင်တော်မြတ်ဘုရားသည်လည်း "ဃဋိုကာရဆိုတဲ့ ဒီပုဂ္ဂိုလ်ဟာ အနာဂါမ် အရိယာသာဝကပဲ"ဟု အကျွမ်းဝင်မှုကို ဖြစ်စေ၍ ဃဋိုကာရ အိုးထိန်းသည်အိမ်သို့ ကြွတော်မူပြီး ကိုယ်တော်တိုင် လက်တော်ဖြင့် အာမိသကို ယူတော်မူလျက် ဘုဉ်းပေး သုံးဆောင်ခဲ့ဖူးသည်။

ငါတို့၏ ဘုရားသည်ပင်လျှင် ဝါဆိုခါနီးအချိန်မှာ ဒေသစာရီ ကြွချီတော်မူရန် ရဟန်းအပေါင်း ခြံရံလျက် ဇေတဝန်ကျောင်းတော်မှ ထွက်ကြွလာခဲ့သည်၊ ခရီးဒေသစာရီ ကြွချီနေကျအချိန် မဟုတ်ဘဲ ထွက်ကြွတော်မူသည့်အတွက် ဘုရားရှင် ပြန်ကြွရန် ကောသလမင်းကြီးက ပင့်သော်လည်း မရပါ၊ အနာထပိဏ်စသူတို့က ပင့်သော်လည်း မရပါ။

သို့ဖြစ်၍ အနာထပိဏ်သူဌေးသည် အိမ်ကိုပြန်လာလျက် စိတ်ပျက်လက်ပျက် မျက်နှာမကြည်မသာဖြင့် ထိုင်နေသည်၊ ထိုစဉ် ပုဏ္ဏာမည်သော ကျွန်မက သခင့်မျက်နှာ ညိုးငယ်နေသည်ကို တွေ့ရ၍ မေးမြန်းစုံစမ်းသည်။-

"အရှင်သူဌေးမင်း ! စိတ်မချမ်းသာဘူးလား?၊ စိတ်ညစ်နေသလား?"။

"အဲ-ကွာ ၊ ငါက ဘုရားရှင်ပြန်ကြွလာအောင် နည်းအမျိုးမျိုးနဲ့ ပင့်တာပဲ၊ ဒါပေမဲ့ မရခဲ့ဘူး၊ ဒီတော့ ငါက ဒီဝါတွင်းသုံးလလုံးလုံး တရားနာခွင့်လဲ ရမယ် မဟုတ်ဘူး၊ အလိုရှိသလောက် အလှူဒါနပေးခွင့်လဲ ရမယ်မဟုတ်ဘူး၊ ဒီလိုတွေးပြီး စိုးရိမ်ပူပန်နေခဲ့တယ်၊ စိတ်ညစ်နေခဲ့တယ်"။

"အရှင်သူဌေးမင်း ! ကျွန်မကိုယ်တိုင်ပဲ ဘုရားရှင်ကို ရအောင်ပင့်ပေးပါ့မယ်"။

"မင်းကသာ ဘုရားရှင်ကို ပင့်ပေးနိုင်ရင် မင်းကို ငါက ခြွင်းချက်မရှိ ကျွန်အဖြစ်က လွတ်လပ်ခွင့် ပေးလိုက်မယ်ကွာ"။

အနာထပိဏ်သူဌေး၏ စကားအဆုံးမှာပင် ပုဏ္ဏာက ဘုရားရှင်နောက်ကို အပြေးအလွှား လိုက်သွားသည်၊ ဘုရားရှင်၏ ခြေတော်ရင်းမှာ ဝပ်စင်းလျက် ဘုရားရှင်ကို လျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား ! ပြန်ကြွတော်မူပါ"။

"ပုဏ္ဏာ ! သင်က သူများကို မှီခိုအသက်မွေးနေရသူ ဖြစ်တယ်၊ ငါဘုရား ပြန်ကြွလာတဲ့အတွက် သင်က ဘာလုပ်နိုင်မှာတဲ့လဲ?"။

ပုဏ္ဏာ၏ ကောင်းမြတ်မှန်ကန်သောအကျင့်ကို မျှော်လင့်တောင့်တတော်မူလျက် ဘုရားရှင်က ပုဏ္ဏာကို မေးတော်မူလိုက်သည်။

"ရှင်တော်မြတ်ဘုရား ! 'တပည့်တော်မမှာ လူဖွယ်ဝတ္ထု မရှိဘူး' ဆိုတာကို အရှင်ဘုရားတို့က သိတော်မူကြပါတယ်၊ ဒါပေမယ့် အရှင်ဘုရားများ ပြန်ကြွလာတဲ့အတွက် တပည့်တော်မက သရဏဂုံနှင့် ငါးပါးသီလ စောင့်ထိန်းပါ့မယ်"။

ပုဏ္ဏာ၏ စကားကို ကြားရသည့်အခါ ဘုရားရှင်က သာဓုခေါ်တော်မူ၍ ပြန်ကြွလာခဲ့သည်၊ ဧတဝဏ်ကျောင်းတော်သို့ပင် ဝင်ရောက်လာခဲ့သည်။

"ပုဏ္ဏာက ဘုရားရှင်ပြန်ကြွလာအောင် ပင့်လာခဲ့သတဲ့"။

ဤသတင်းစကားသည် ခဏချင်း တစ်မြို့လုံး ပျံ့နှံ့သွားတော့သည်၊ ယင်းသတင်းစကားကို ကြားရလျှင်ကြားရချင်း အနာထပိဏ်သူဌေးက ပုဏ္ဏာကို ကျွန်မအဖြစ်မှ လွတ်လပ်ခွင့်ပေး၍ သမီးအရာမှာထားသည်။

သို့သော် ပုဏ္ဏာက သူဌေးသမီးဘဝကို မမက်မောလှပါ၊ ရဟန်းပြုခွင့်ပေးရန်သာ တောင်းပန်၍ ရဟန်းမပြုလုပ်သွားသည်၊ ရဟန်းမအဖြစ်ဖြင့် ဝိပဿနာကို ကြိုးစားအားထုတ်နေသည်။

ပုဏ္ဏော ပူရေသိ သဒ္ဓမ္မံ , စန္ဒော ပန္နရသော ယထာ ၊
ပရိပုဏ္ဏာယ ပညာယ , ဒုက္ခဿန္တံ် ကရိဿသိ။

တစ်ဆယ့်ငါးရက်-ဝိုင်းစက်လသွင် , သူတော်တရား-ဖြည့်ထားစေချင်၊
ပညာဉာဏ်မြတ်-ပြည့်လတ်ကလျှင် , ဒုက္ခဆုံး-ရွှင်ပြုံးနိဗ္ဗာန်ဝင်။

ပုဏ္ဏာ၏ ကြိုးစားအားထုတ်နေကြောင်းကို သိ၍ ဘုရားရှင်က လွတ်တော်မူလိုက်သော ညြဘာသဂါထာ၏ အဆုံးမှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ပုဏ္ဏာသည် ထင်ရှားသော သာဝိကာမတစ်ဦး ဖြစ်လာပါတော့သည်၊ ဤသို့လျှင် ဘုရားရှင်တို့သည် တရားကို အလေးဂရု ပြုတော်မူကြသည်။

နန္ဒထေရ်က စည်းဝေးရာဓမ္မာရုံ၌ တရားဟောသောအခါမှာလည်း ဘုရားရှင်သည် (ညနေဘက် ရေချိုးနေကျအချိန်မှာ)ရေချိုးမှုကိုပင် ပြုတော်မမူဘဲ ကြွလာတော်မူ၍ ညဉ့်သုံးယာမ်ပတ်လုံး မတ်တပ်ရပ်တော်မူလျက်ပင် တရားနာနေခဲ့သည်၊ တရားအဆုံးမှာ

သာဓုခေါ်တော်မူလျက် ကောင်းချီးပေးတော်မူသည်၊ ဘုရားရှင်၏အသံတော်ကို ကြားရသည့် အခါ နန္ဒထေရ်က ဘုရားရှင်ထံ လာရောက်၍ ရှိခိုးလျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား ! ဘယ်အချိန်က ကွာလာခဲ့ပါသလဲ?"။

"သင်က သုတ္တန်ကို စတင်ဟောကြားတဲ့ အချိန်ကပင် ကွာလာခဲ့တယ်"။

"ရှင်တော်မြတ်ဘုရား ! အရှင်မြတ်တို့ဟာ သိပ်ခဲယဉ်းတဲ့ အလုပ်ကို လုပ်တော်မူကြတာပဲ၊ အရှင်မြတ်များဟာ နူးညံ့သိမ်မွေ့တဲ့ ဘုရား ဖြစ်တော်မူကြပါတယ်"။

"နန္ဒ ! သင်က တစ်ကမ္ဘာပတ်လုံး ဟောနိုင်မယ်ဆိုရင် ငါဘုရားကလဲပဲ မတ်တပ်ရပ်လျက်ပဲ တစ်ကမ္ဘာပတ်လုံး နာနိုင်လိမ့်မယ်"။

ဘုရားရှင်တို့သည် သို့ကလောက် တရားတော်ကို အလေးဂရု ပြုတော်မူကြသည်၊ ဘုရားရှင်တို့က တရားကို အလေးဂရုပြုကြသည့်အတွက် တရားကျင့်သူကို မြတ်နိုးတော်မူကြသည်၊ အရေးပေးတော်မူကြသည်၊ ထို့ကြောင့်ပင် တရားကျင့်သူကို မေးတော်မူပေသည်။

တရားကျင့်မှုနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ် လေးမျိုးကိုလည်း ဆက်လက် ပြဆိုပါဦးမည်။–

၁။ မိမိအကျိုးငှါသာကျင့်၍ သူတစ်ပါးအကျိုးငှါ မကျင့်သောပုဂ္ဂိုလ်၊
၂။ သူတစ်ပါးအကျိုးငှါသာကျင့်၍ မိမိအကျိုးငှါ မကျင့်သောပုဂ္ဂိုလ်၊
၃။ မိမိအကျိုးငှါလည်းမကျင့် သူတစ်ပါးအကျိုးငှါလည်း မကျင့်သောပုဂ္ဂိုလ်၊
၄။ မိမိအကျိုးငှါလည်းကျင့် သူတစ်ပါးအကျိုးငှါလည်း ကျင့်သောပုဂ္ဂိုလ်၊

ဤသို့ ပုဂ္ဂိုလ်လေးမျိုး ရှိနေပါသည်။–ထိုတွင်–

၁။ ရှင်ဗာကုလထေရ်ကဲ့သို့ ကိုယ်တိုင်သာ ကထာဝတ္ထုဆယ်ခုကို ရ၍ (လိုက်နာကျင့်သုံး၍) ယင်းကထာဝတ္ထုဌ္ဌ သူတစ်ပါးအား ဆုံးမသွန်သင်မှုကို မပြုသော သူသည် မိမိအကျိုးငှါသာကျင့်၍ သူတစ်ပါးအကျိုးငှါ မကျင့်သောပုဂ္ဂိုလ် မည်၏။

ဘုရားရှင်က ဤပုဂ္ဂိုလ်မျိုးကို "ငါဘုရား၏ သာသနာတော်ပြန့်ပွားရေးဘက်မှာ တည်သူ မဟုတ်"ဟု နှလုံးသွင်းတော်မူသည့်အတွက် မေးတော်မမူပါ။

မိမိအကျိုးငှါသာကျင့်သော ပုဂ္ဂိုလ်သည် မိမိ၏ အကျင့်မြတ်ဖြင့် သာသနာတော်ကို တင့်တယ်စေနိုင်ပါသော်လည်း ကြောင့်ကြမဲ့ နေသည့်အတွက် သာသနာတော်ကိုကား မစည်ပင် မပြန့်ပွားစေနိုင်ပါ၊ ကရဏာသခင် ဘုရားရှင်၏ စိတ်အလိုကိုလည်း မပြည့်ဝစေနိုင်ပါ၊ ဗုဒ္ဓအလိုတော်ကျ မဖြစ်နိုင်ပါ၊ ထို့ကြောင့်ပင် ဘုရားရှင်က ပထမဝါတွင်းမှာပင် ရဟန္တာ ၆၁–ပါး ဖြစ်ထွန်းပေါ်ပေါက်လာ၍ သီတင်းဝါလကျွတ်လာသည့်အခါမှာ–

"ရဟန်းတို့ ! သင်တို့က သူတစ်ပါး၏ အကျိုးစီးပွားအလို့ငှါ ခရီးထွက်ကြရမယ်၊ သဒ္ဓမ္မသုံးဖြာသာသနာတော်ကို ဟောပြောပြသပြီး အရိယာတို့၏ အလံကို စိုက်ထူကြရမယ်၊ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်ပြီးကိုင်ပြီးဖြစ်ကြတဲ့ သင်တို့က သူတစ်ပါး၏ အကျိုးကို ပြုကျင့်ကြပေတော့"။

စသည်ဖြင့် ရဟန်းတော်များကို သူတစ်ပါး၏ အကျင့်၌ တိုက်တွန်းနှိုးဆော်တော်မူခဲ့ပေသည်၊ ထို့ကြောင့်ပင် "ဘုရားရှင်က ဤပုဂ္ဂိုလ်မျိုးကို 'ငါဘုရား၏ သာသနာတော် ပြန့်ပွားရေးဘက်မှာ တည်နေသူ မဟုတ်'ဟု နှလုံးသွင်းတော်မူသည့်အတွက် မေးတော်မမူပါ"ဟူသော စကားကို ဆိုခဲ့ရပေသည်။

၂။ သာကီဝင်မင်းသား အရှင်ဥပနန္ဒကဲ့သို့ သူတစ်ပါးက ပြုအပ်သောဝတ်ကို သာယာရန် အလို့ငှါ ကိုယ်တိုင် ကထာဝတ္ထုဆယ်ခုကို လိုက်နာကျင့်သုံးမူ မပြုဘဲ ကထာဝတ္ထုဆယ်ခုဖြင့် သူတစ်ပါးကိုသာ ဆုံးမသူသည် သူတစ်ပါးအကျိုးငှါသာ ကျင့်၍ မိမိအကျိုးငှါ မကျင့်သောပုဂ္ဂိုလ်မည်၏။

ဤပုဂ္ဂိုလ်မျိုးကိုလည်း ဘုရားရှင်က အရေးတယူ မေးတော်မမူချေ၊ အဘယ့်ကြောင့်နည်းဟူမူ= "ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မပယ်ခွာရသေးတဲ့ တဏှာဟာ ပုတ်ကြီးသဖွယ် ဖြစ်နေခဲ့တယ်၊ သာသနာတော်ပြန့်ပွားရေးကို လုပ်ကိုင်နေစေကာမူ သာသနာတော် တည်တဲ့အောင် လုပ်နေသူ မဟုတ်"ဟု နှလုံးသွင်းတော်မူသောကြောင့်ပင် ဖြစ်ပေသည်။

၃။ လာဠုဒ္ဒါယီ ကိုယ်တော်ကြီးကဲ့သို့ ကိုယ်တိုင်လည်း ကထာဝတ္ထုဆယ်ခုကို မရ၊ သူတစ်ပါးကိုလည်း ယင်းကထာဝတ္ထုဆယ်ခုတို့ဖြင့် မဆုံးမသောသူသည် မိမိအကျိုးငှါလည်း မကျင့်၊ သူတစ်ပါးအကျိုးငှါလည်း မကျင့်သောပုဂ္ဂိုလ်မည်၏။

ဤပုဂ္ဂိုလ်မျိုးကိုလည်း ဘုရားရှင်က အရေးတယူ မေးတော်မမူပါ၊ အဘယ့်ကြောင့်နည်းဟူမူ= "ထိုပုဂ္ဂိုလ်၏ ကိုယ်တွင်း၌ ကိလေသာတို့သည် ပုဆိန်ဖြင့် ခုတ်ဖြတ်ထားသော ထင်းစကဲ့သို့ များပြားလှသည့်အတွက် သာသနာတော် တည်တဲ့အောင် လုပ်နေသူလည်း မဟုတ်၊ သာသနာတော်ပြန့်ပွားအောင် လုပ်နေသူလည်း မဟုတ်"ဟု နှလုံးသွင်းတော်မူသောကြောင့်ပင် ဖြစ်ပေသည်။

၄။ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပစသော မဟာသာဝက ရှစ်ကျိပ်တို့ကဲ့သို့ ကထာဝတ္ထု ဆယ်ခုတို့ကို ကိုယ်တိုင် လိုက်နာကျင့်သုံးသည့်အပြင် သူတစ်ပါးကိုလည်း ယင်းကထာဝတ္ထု ဆယ်ခုတို့ဖြင့် ဆုံးမတတ်သောသူသည် မိမိအကျိုးငှါလည်းကျင့်, သူတစ်ပါးအကျိုးငှါလည်း ကျင့်သောပုဂ္ဂိုလ်မည်၏။

ဤရဟန်းမျိုးကိုသာ ဘုရားရှင်က အရေးတယူ မေးတော်မူပါသည်၊ အဘယ့်ကြောင့်နည်းဟူမူ= "ငါဘုရား၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဘက်မှာ

တည်နေသူ” ဟု သဘောထားတော်မူသောကြောင့်ပင် ဖြစ်ပေသည်။

ပြည်တွင်း,ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ (သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ)သည် ပြဆိုထားခဲ့သော ပုဂ္ဂိုလ်လေးမျိုးတို့တွင် မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်ပါမှ ဗုဒ္ဓအလိုတော်ကျ ဖြစ်နိုင်ကြောင်းကိုမူ စာဖတ်သူများ ကိုယ်တိုင်ပင် ‘သိမြင်နားလည်နိုင်လောက်ပြီ’ဟု ထင်မြင်သဘောရရှိပါသည်။

ဤမျှလောက်ဖြင့် ဘုရားရှင်က တရားကျင့်သူကိုသာ အရေးတယူ မေးတော်မူရခြင်းနှင့် စပ်လျဉ်း၍ ဝေဖန်ပြဆိုမှုကို လက်စသတ်လိုက်ရပါတော့သည်၊ ပြီးဆုံးစေရပါတော့သည်။

ယခု ဆက်လက်၍ ရှေ့၌ ပြဆိုထားခဲ့ပြီးဖြစ်သည့်-

ကထာဝတ္ထု ဆယ်ပါး “တဏှာလည်းကင်း, ရောင့်ရဲခြင်းနှင့်, ကင်းရှင်းမရော, တက်သော လုံ့လ,သီလသမာ, ပညာဝိမုတ်, ဝိမုတ်ဉာဏာ, စပ်၍လာ,ကထာဆယ်မျိုးမှတ်” ဟူသော ဤဆောင်ပုဒ်ကဗျာကိုပင် အခြေခံထား၍ ကထာဝတ္ထုဆယ်ပါးကို ဝေဖန်ပြဆိုပါဦးမည်။=

တဏှာလည်းကင်း ကိုယ်တွင်းသန္တာန်မှာ အလိုဆိုး တဏှာရမက်သည် အဏုမြူမျှပင် အကြွင်းအကျန်မရှိသော ရဟန္တာပုဂ္ဂိုလ်ကို ဤအရာ၌ ‘တဏှာကင်းသူ’ဟု ဆိုထားပါသည်၊ သို့သော် ယခုခေတ်အခါမျိုးမှာမူ သာသနာပြု ရဟန်းရှင်လူများက နောက်မှာပြဆိုမည့် အပြစ္ဆတာဂုဏ်နှင့် အထိုက်အလျောက် ပြည့်စုံအောင် သတိပြုနေထိုင် သင့်ပါသည်။

ယင်း အလိုရမက်နှင့်စပ်၍-

၁။ အံ့တြိ စ္ဆတာ= ထိုထိုအာရုံ၌ လိုချင်ခြင်း၊

၂။ ပါပိစ္ဆတာ= ယုတ်မာသောအလို ရှိခြင်း၊

၃။ မဟိစ္ဆတာ= အလိုကြီးခြင်း၊

၄။ အပြိစ္ဆတာ= အလိုနည်းခြင်း၊ (တဏှာကင်းခြင်း၊)

ဤလေးပါးသော သဘောတရားကိုလည်း မှတ်သားနားလည်ထားသင့်ပါသည်။

ထိုတွင်-

၁။ မိမိရလာသော ပစ္စည်း၌ ရောင့်ရဲမှုမရှိဘဲ သူတစ်ပါးရထားသော ပစ္စည်းကို တောင့်တခြင်းသည် ‘အတြိစ္ဆတာ= ထိုထိုအာရုံ၌ လိုချင်ခြင်း’ မည်၏၊ ဤအတြိစ္ဆတာ ရှိနေသောပုဂ္ဂိုလ်သည်တစ်အိုးတည်းမှာ ကြော်ထားသော မုန့်ပင်ဖြစ်သော်လည်း မိမိသပိတ်ထဲသို့ ရောက်လာသောမုန့်ကို မကျက်သံလို, သေးငယ်သလို

ထင်တတ်သည်၊ ယင်းတစ်အိုးတည်းမှာ ကြော်ထားသော မုန့်ကိုပင် သူများသပိတ်ထဲကို ရောက်သွားလျှင် ကောင်းစွာကျက်သလို, ကြီးသလို ထင်တတ်သည်။

၂။ မိမိမှာ မရှိသောဂုဏ်ဖြင့် ချီးမွမ်းခံလိုခြင်း, ပစ္စည်းကို ခံယူရာဝယ် အတိုင်းအရှည် ပမာဏကို မသိခြင်းသည် 'ပါပိစ္ဆတာ= ယုတ်မာသောအလိုရှိခြင်း' မည်သည်။

"ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် သဒ္ဓါတရား မရှိပါဘဲလျက် 'သဒ္ဓါတရားရှိသူ'ဟု သိစေလိုသည်၊ သီလမရှိပါဘဲလျက် 'သီလရှိသူ'ဟု သိစေလိုသည်၊ သုတ-ကြားနာသင်ယူထားသော ပရိယတ်(စာပေတတ်ကျွမ်းမှု) မရှိပါဘဲလျက် 'သုတရှိသူ'ဟု သိစေလိုသည်၊ အပေါင်းအဖော် ကိလေသာတို့နှင့် ပေါင်းဆုံရမှ (အပေါင်းအသင်းနှင့်ဖြစ်စေ, တစ်ကိုယ်တည်းပင် ဖြစ်သော်လည်း ကိလေသာစိတ်နှင့်ဖြစ်စေ ပေါင်းဆုံနေထိုင်ရမှ) မွေ့လျော် ပျော်ပိုက်သူဖြစ်ပါလျက် 'အပေါင်းအဖော် ကိလေသာတို့မှ ကင်းရှင်းသူ'ဟု သိစေလိုသည်၊ ပျင်းရိသူဖြစ်ပါလျက် 'အားထုတ်လုံ့လဝီရိယရှိသူ'ဟု သိစေလိုသည်၊ မေ့လျော့တတ်သူဖြစ်ပါလျက် 'မမေ့မလျော့ မပေါ့မဆ အပွမာဒ သတိရှိသူ'ဟု သိစေလိုသည်၊ သမာဓိမရှိသူဖြစ်ပါလျက် 'သမာဓိရှိသူ'ဟု သိစေလိုသည်၊ ဝိပဿနာပညာမရှိသူဖြစ်ပါလျက် 'ဝိပဿနာပညာရှိသူ'ဟု သိစေလိုသည်၊ ရဟန္တာမဟုတ်ပါဘဲလျက် 'ရဟန္တာ'ဟု သိစေလိုသည်၊ ဤသို့ သဘောရှိသော အလိုမျိုးကို 'ပါပိစ္ဆတာ'ဟု ခေါ်သည်"။

ဤသို့လည်း ဘုရားရှင်က အဘိဓမ္မာ ဝိဘင်းပါဠိတော်(၃၆၄)၌ ဟောတော်မူထားပါသည်၊ ယင်း ပါပိစ္ဆတာ ရှိသောပုဂ္ဂိုလ်သည် ဝါကြွားပလွားတတ်သည်၊ အကျယ်ကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း(၁၁၁)၌ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

၃။ မိမိမှာ ရှိနေသောဂုဏ်ဖြင့် ချီးမွမ်းခံလိုမှု, ပစ္စည်းကို ခံယူရာဝယ် အတိုင်းအရှည် ပမာဏကို မသိမှုသည် 'မဟိစ္ဆတာ=အလိုကြီးခြင်း' မည်၏။

"ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်၍ 'သဒ္ဓါတရားရှိသူ'ဟု သိစေလိုသည်၊ သီလရှိသူဖြစ်၍ 'သီလရှိသူ'ဟု သိစေလိုသည်"။

ဤသို့စသည်ဖြင့် ဘုရားရှင်က မဟိစ္ဆတာနှင့် ပတ်သက်၍ ဟောတော်မူထားပါသည်၊ ဤမဟိစ္ဆတာ ရှိနေသော ပုဂ္ဂိုလ်သည် အလိုပြည့်နိုင်ခဲသည်၊ အမေရင်းကသော်မှ သူ၏စိတ်အလိုကို မလိုက်နိုင်ချေ၊ ထို့ကြောင့် ဤအရာမှာ ဤစကားကို ဆိုသင့်သည်။

အဂိုက္ခန္ဓော သမုဒ္ဒေါ စ , မဟိစ္ဆော စာပိ ပုဂ္ဂလော၊
သကဋ္ဌေန ပစ္စယံ ဒေတု , တယောပေတေ အတပ္ပယာ။

မီးပုံသမုဒ္ဒရာ, လူမှာတစ်သီး, လောဘကြီးအား, ပုံဖြိုးပစ္စည်း, အလှည်းလှည်းဖြင့်, ဖြင်ပည်းထိုမျှ, ပေးတုံကလည်း, အားရရောင့်ရဲ့, ပြည့်နိုင်ခဲ့၏။

၄။ မိမိမှာ ရှိသောဂုဏ်ကို လျှို့ဝှက်ခြင်း, ပစ္စည်းကိုခံယူရာ၌ အတိုင်းအရှည် ပမာဏကို သိခြင်းသည် 'အပိုစ္ဆတာ= အလိုနည်းခြင်း' မည်၏၊ ဤအပိုစ္ဆတာရှိနေသော ပုဂ္ဂိုလ်သည် မိမိမှာ ရှိနေသော ဂုဏ်ကိုသော်မှ ဖုံးဖိထားလိုသည့်အတွက် သဒ္ဓါတရား ရှိသူဖြစ်စေကာမူ 'သဒ္ဓါရှိသူ'ဟု မသိစေလိုပေ၊ သီလရှိသူ ဖြစ်စေကာမူ 'သီလရှိသူ'ဟု မသိစေလိုပေ၊ အပေါင်းအသင်း ကိလေသာတို့မှ ကင်းရှင်းနေသော်လည်း 'ကင်းရှင်းနေသူ'ဟု မသိစေလိုပေ၊ စာပေဗဟုသုတ ရှိသူဖြစ်သော်လည်း 'စာပေဗဟုသုတရှိသူ'ဟု မသိစေလိုပေ၊ အားထုတ်လုံ့လ ဝီရိယရှိသူ ဖြစ်သော်လည်း 'အားထုတ်လုံ့လ ဝီရိယရှိသူ'ဟု မသိစေလိုပေ၊ သမာဓိရှိသူဖြစ်သော်လည်း 'သမာဓိရှိသူ'ဟု မသိစေလိုပေ၊ ပညာရှိသူဖြစ်သော်လည်း 'ပညာရှိသူ'ဟု မသိစေလိုပေ၊ ရဟန္တာဖြစ်သော်လည်း 'ရဟန္တာ'ဟု မသိစေလိုပေ။

ဤ၌ မဇ္ဈန္တိကထေရ်ကို စံပြအနေဖြင့် ထုတ်ပြသင့်သည်၊ မထေရ်မြတ်သည် ရဟန္တာပုဂ္ဂိုလ် ဖြစ်နေပါသည်၊ သို့သော် သူ၏ သပိတ်သင်္ကန်းမှုကား တစ်မတ်မျှသာ ထိုက်တန်သည်၊ မထေရ်မြတ်သည် အသောကမဟာရာဇာ၏ ကျောင်းပူဇော်ပွဲ ကျင်းပသည့်နေ့မှာ သံဃာ့ထေရ် ဖြစ်နေခဲ့သည်။

ထိုအချိန်မှာ မထေရ်မြတ်၏ အလွန်ခေါင်းပါးမှု (အလွန်နွမ်းပါးမှု)ကို တွေ့.ရ၍ လူများက အထင်အမြင်သေးကြသည်။

"အရှင်ဘုရား ! နဲနဲလေး ဘေးကို ဖယ်ပေးစမ်းပါ"။

မထီလေးစား ပြောကြားလာသော လူများ၏ စကားကို ကြားရသည့်အခါ မထေရ်မြတ်က နေရာမှ ကွယ်ပျောက်သွားခဲ့သည်။

"ငါလို ရဟန္တာပုဂ္ဂိုလ်တစ်ဦးက ဘုရင်မင်းမြတ်အား ချီးမြှောက်မှုကို မပြုရင် အခြားဘယ်လိုပုဂ္ဂိုလ်က ပြုပါ့မလဲ"။

မထေရ်မြတ်က စဉ်းစားဆင်ခြင်လျက် မြေထဲ၌ ငုပ်ဝင်သွားပြီး သံဃာ့ထေရ်အတွက် မြှောက်ချီထားသောဆွမ်းကို အခြားသူများ မသိစဉ်ပင် ခံယူပေါ်တက်လာခဲ့သည်၊ ဤသို့လျှင်ရဟန္တာပင် ဖြစ်နေစေကာမူ 'ရဟန္တာ'ဟု မသိစေလိုပေ၊ ရိုးရိုးကုပ်ကုပ်သာ နေထိုင်သည်။

ဤသို့ အလိုနည်းသော ရဟန်းသည်ကား မဖြစ်သေးသော လာဘ်ကို ဖြစ်စေနိုင်သည်၊

ဖြစ်ပြီးသောလာဘ်ကို ခိုင်မြဲစေတတ်သည်၊ ပေးလှူသူ ဒါယကာတို့၏ စိတ်ကိုလည်း နှစ်သက်ကျေနပ်စေတတ်သည်။

ဤသည်မှာ ဆိုသင့်သောစကားပင် ဖြစ်ပါသည်၊ ထိုရဟန်းသည် မိမိ၏ အလိုနည်းမှုကြောင့် အနည်းငယ်စီ အနည်းငယ်စီ ခံယူသောသူ၏ ကျင့်ဝတ်၌ ကြည်ညိုသူတို့ကယင်း ရဟန်းအား အများအပြား ပေးလှူလာကြပါတော့သည်။

၁။ ပစ္စယအပ္ပိစ္ဆ= ပစ္စည်းလေးပါး၌ အလိုနည်းသူ၊
၂။ ဓုတင်္အပ္ပိစ္ဆ= ဓုတင်ဆောင်ကြောင်း မသိစေလိုသူ၊
၃။ ပရိယတ္တိအပ္ပိစ္ဆ= စာပေပရိယတ် ကျမ်းကျင်ကြောင်း မသိစေလိုသူ၊
၄။ အဓိဂမအပ္ပိစ္ဆ= အရိယာဖြစ်ကြောင်း မသိစေလိုသူ။ မထင်ပေါ်လိုသူ၊ လျှို့ဝှက်ဖုံးဖိထားလိုသူ။)

ဤသို့ အပ္ပိစ္ဆ(အလိုနည်းသော) ပုဂ္ဂိုလ်လေးမျိုး ရှိနေပါသည်၊ ထိုလေးမျိုးတို့တွင်-

၁။ ပစ္စည်းလေးပါး၌ အလိုနည်းပါးသော ပုဂ္ဂိုလ်သည် ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ် မည်၏၊
ယင်း ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ်သည် အလှူဒါယကာ၏ စိတ်အလိုကို သိနားလည်သည်၊ လှူဖွယ်ဝတ္ထု၏ နည်းမှုများမှုကိုလည်း သိနားလည်သည်၊ မိမိ၏ မျှတရုံစွမ်းအား (အတိုင်းအရှည် ပမာဏ)ကို သိနားလည်သည်။

လှူဖွယ်ဝတ္ထုကများပြီး ဒါယကာက အနည်းငယ်သာ ပေးလှူလိုပါလျှင် ဒါယကာ၏ စိတ်အလိုအားလျော်စွာ အနည်းငယ်သာ ခံယူသည်၊ လှူဖွယ်ဝတ္ထုကနည်းပြီး ဒါယကာက အများအပြား လှူလိုပါလျှင် လှူဖွယ်ဝတ္ထုအားလျော်စွာ အနည်းငယ်သာ ခံယူသည်၊ လှူဖွယ်ဝတ္ထုကလည်းများပြီး ဒါယကာကလည်း အများအပြားပေးလှူလိုပါလျှင် မိမိ၏ စွမ်းအားကို သိနားလည်၍ မျှတရုံသာ ခံယူသည်။

ဤသည်မှာ သင့်တင့်လျော်ကန် ဟုတ်မှန်သော သဘောပင် ဖြစ်ပါသည်၊ ရှေးသူတော်ကောင်းတို့သည် မိမိတို့ တတ်သိနားလည်ထားသော ပရိယတ်ဂုဏ်ထူးများ, မိမိကျင့်ဆဲဖြစ်သော ပဋိပတ်ဂုဏ်ထူးများနှင့် မိမိတို့ရရှိထားသော စျာန်,မဂ်,ဖိုလ်ဂုဏ်ထူးများကို အမြဲလျှို့ဝှက်တော်မူကြသည်၊ သူတစ်ပါး သိသွားမည်ကို စိုးရိမ်ကြောင့်ကြတော်မူကြသည်၊ အကျိုးထူးမည် မထင်က လူဒါယကာဒါယိကာမများကို မဆိုထား၀ဘီသိတင်းသုံးဖော်များကိုပင် အသိမပေးလိုကြပေ၊ ဒါယကာဒါယိကာမများ ကြည်ညိုလှူဒါန်းလာပြန်လျှင်လည်း မျှတရုံသာ ခံယူတတ်ကြသည်။

၂။ မိမိက ဓုတင်ဆောက်တည်ထားကြောင်းကို မသိစေလိုသော ပုဂ္ဂိုလ်သည် ဓုတင်္အပ္ပိစ္ဆမည်၏၊ ယင်းဓုတင်္အပ္ပိစ္ဆနှင့်စပ်၍ မှတ်သားနည်းယူဖွယ်ရာ ဝတ္ထုသာဓက ထုတ်ဆောင်ပြပါဦးမည်။

သောသာနိုက(သုသာန်ဓုတင်ဆောင်)မဟာသုမထေရ်သည်[၁] နှစ်ပေါင်း ၆၀-လုံးလုံး သုသာန်ဓုတင် ဆောက်တည်နေခဲ့သည်၊ ယင်းအကြောင်းကို အခြားရဟန်း တစ်ပါးမျှ မသိခဲ့ပေ၊ ထို့ကြောင့်ပင် အောက်ပါဥဒါန်းစကားကို[၂] မြွက်ဆိုခဲ့ပေသည်။

သုသာနေ သဋ္ဌိဝဿာနိ , အဇ္ဈောကိဏ္ဏံ ဝသာမဟံ၊
ဒုတိယော မံ န ဇာနေယျ , အဟော သုသာနိကုတ္တမော။
သုသာန်တွင်းဝယ်-နှစ်ခြောက်ဆယ် , ရောနှောကင်းလွတ်-နေတတ်တယ်၊
မသိဘူးကွယ်-သူတစ်ပါး , သုသာန်နေတတ်-အမြတ်စား။

စေတိယတောင်၌ မထေရ်ညီနောင်နှစ်ပါး သီတင်းသုံးနေကြသည်၊ ညီမထေရ်က မိမိကို ကိုးကွယ်ဆည်းကပ်နေသော ဒါယကာတစ်ဦးထံမှ ပို့လိုက်သည့်ကြံပိုင်းကို ယူ၍ အစ်ကိုမထေရ်ထံ သွားသည်၊ အစ်ကိုမထေရ်က ဆွမ်းဘဉ်းပေးပြီး ပါးစပ်ကို ဆေးကြောသုတ်သင်နေချိန်မှာ ရောက်သွားသည်၊ ညီမထေရ်က ကြံပိုင်းကို ဆက်ကပ်လျှောက်ထားသည်။-

"သုံးဆောင်မှုကို ပြုတော်မူပါ အရှင်ဘုရား"။

"တော်လောက်ပြီ ငါ့ရှင်"။

"အရှင်ဘုရား ! ဘယ်နယ်ပါလဲ၊ ဧကာသနိက် ဓုတင်များ ဆောက်တည်ထားပါသလား?"။

ညီ-မထေရ်၏စကားကို ကြားရသည့်အခါ "ကြံပိုင်းကို ယူခဲ့တော့ ငါ့ရှင်ရယ်"ဟုပြော၍ နှစ်ပေါင်း ၅၀-လုံးလုံး ဧကာသနိက်ဓုတင် ဆောက်တည်လာသူ ဖြစ်စေကာမူ ဓုတင်ကို လျှို့ဝှက်လိုသည့်အတွက် သုံးဆောင်မှုကို ပြုတော်မူသည်၊ ထို့နောက် ပါးစပ်ကို ဆေးကြောသုတ်သင်ပြီး ဓုတင်ကို ပြန်ဆောက်တည်ထားလိုက်သည်။

၃။ သာကေတတိဿထေရ်ကဲ့သို့ များစွာကြားနာအပ်ပြီးသော ပရိယတ်ရှိကြောင်း (စာပေတတ်ကျွမ်းကြောင်း)ကို မသိစေလိုသော ပုဂ္ဂိုလ်သည် ပရိယတ္တိအပိုစ္ဆပုဂ္ဂိုလ် မည်၏။

သာကေတ တိဿထေရ်သည် 'အားလပ်ချိန် မရှိတော့ဘူး'ဟု ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းတို့၌ ခွင့်မပြုနိုင်ဘဲ ရှိလတ်သော် 'သေချိန်ကိုကား ရပါဦးမှာလား ဘုရား?'ဟု သတိပေးစကား ပြောကြားခံရသည့်အတွက် ပရိသတ်ကို စွန့်လွှတ်ပြီး

၁။ အံ-၄-၁၊ ၅၈-၌ကား မဟာကုမာရထေရ်-ဟု ရှိနေသည်။
၂။ ဝမ်းမြောက်လှသည့်အတွက် ဝမ်းထဲမှာ မျိုသိပ်၍ မထားနိုင်လောက်အောင် ပါးစပ်မှ လျှံထွက်လာသော စကားမျိုး။

ကဏ္ဍိကာရဝါလိက သမုဒ္ဒဝိဟာရ (မဟာလေခါးပန်း အဆင်းနှင့်တူသော သဲရိုသည့် သမုဒ္ဒရာကမ်းနားကျောင်း)သို့ ကြွသွားခဲ့သည်။

ဝါတွင်းမှာ ထိုကျောင်း၌ထေရ်ကြီး,ထေရ်ငယ်,ထေရ်လတ်တို့၏အကျိုးကို ဆောင်ရွက်နေထိုင်ခဲ့သည်၊ သီတင်းကျွတ်လပြည့်နေ့ ညဉ့်အချိန်မှာ တရားစကား ဟောပြောခြင်းဖြင့် စည်းဝေးရောက်လာသူ လူအပေါင်းကို ကြက်သီးမွေးညင်းထခြင်း, ကောင်းချီးပေးခြင်း, အဝတ်ပုဆိုးမြှောက်ခြင်း စသည်ဖြင့်လည်း လှုပ်လှုပ်ရွရွ ဖြစ်စေခဲ့သည်၊ "အရှင်မြတ်ထံမှာ နောက်ထပ် ဘယ်တော့ တရားနာရပါဦးမလဲ"ဟု ကျယ်လောင်ဆူညံစွာ ပြောဆိုခြင်းဖြင့်လည်း လှုပ်လှုပ်ရွရွ ဖြစ်စေခဲ့သည်။

ထို့နောက် "ညဉ့်အချိန်မှာ တရားဟောသွားတဲ့ ပုဂ္ဂိုလ်ဟာ ဒီပုဂ္ဂိုလ်ပဲ"ဟု သိသွားမည်ကို စိုးရိမ်သဖြင့် စာပေပရိယတ်ကျမ်းကျင်တတ်မြောက်ကြောင်းကို မသိစေလိုသဖြင့် မိမိနေရာပရဝုဏ်သို့ (ကျောင်းဝင်းအတွင်းသို့) ထွက်ခွာကြွသွားခဲ့သည်။

၄။ သောတာပန်စသော အရိယာပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဖြစ်နေစေကာမူ မိမိ၏ သောတာပန်စသော အရိယာဖြစ်ကြောင်းကို မသိစေလိုသောပုဂ္ဂိုလ်သည် အဓိကမ အပ္ပိစ္ဆ ပုဂ္ဂိုလ်မည်၏။

အရှင်ပုဏ္ဏသည်ကား အတြိစ္ဆတာ, ပါပိစ္ဆတာ, မဟိစ္ဆတာတို့ကို ပယ်စွန့်ထားသည်၊ ယင်း ဣစ္ဆာ(အလိုရမက်) သုံးမျိုးနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော အပ္ပိစ္ဆတာနှင့် ပြည့်စုံတော်မူသည်၊ ထို့ကြောင့် 'အပ္ပိစ္ဆ-တဏှာကင်းသူ' မည်ရပါတော့သည်။

သီတင်းသုံးဖော် ရဟန်းတို့အားလည်း "ငါ့ရှင်တို့ ! အတြိစ္ဆတာ, ပါပိစ္ဆတာ, မဟိစ္ဆတာဆိုတဲ့ ဒီတရားဆိုးတွေကို ပယ်ကြရမယ်"ဟု ထိုတရားတို့၌ အပြစ်ကိုပြ၍ "ဒီလို သဘောရှိတဲ့ အပ္ပိစ္ဆတာ(အလိုနည်းမှု)ကို ကောင်းကောင်းလက်ခံ ကျင့်သုံးသင့်တယ်"ဟု တဏှာကင်းခြင်းနှင့် စပ်သောစကားကို ဟောပြောတော်မူလေ့ရှိသည်၊ ထို့ကြောင့် "ကိုယ်တိုင်လဲ တဏှာကင်းတယ်၊ တဏှာကင်းခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ဟောပြောတတ်တယ်"ဟု ဆိုထားရပေသည်။

ရောင့်ရဲခြင်းနှင့် အကောင်းအဆိုး ရွေးမနေဘဲ ရသောပစ္စည်းဖြင့် ကျေနပ်နေသော ပုဂ္ဂိုလ်မျိုးကို 'ရောင့်ရဲလွယ်တယ်'ဟု ဆိုရသည်၊ ယင်း ရောင့်ရဲလွယ်မှုသည် ၁၂-ပါး ရှိနေပါသည်။

သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတို့တွင် တစ်ပါးတစ်ပါး၌-

၁။ "ယထာလာဘသန္တောသ= ရထားသောပစ္စည်းဖြင့် ကျေနပ်နေမှု၊

၂။ ယထာဗလသန္တောသ= ကာယဗလအားလျော်သော ပစ္စည်းဖြင့် ကျေနပ်နေမှု၊

၃။ ယထာသာရုပ္ပသန္တောသ= သင့်တော်လျောက်ပတ်သည်နှင့် ကျေနပ်နေမှု"။
ဤသို့ သုံးပါး၏,သုံးပါး ရှိနေသည့်အတွက် ၁၂-ပါးဖြစ်လာရပါသည်၊ ယင်း ၁၂-ပါး တို့၏အကျယ်ကို ဝေဘန်ပြဆိုထားခဲ့ပြီးဖြစ်ပါသည်။

ပစ္စည်းလေးပါးတို့တွင် အသီးအသီး သုံးပါး၏,သုံးပါး၏သော ဤသန္တောသ(ရောင့်ရဲကျေနပ်မှု)တို့တွင် ယထာသာရုပ္ပသန္တောသ(မိမိနှင့် သင့်တော်သောပစ္စည်းဖြင့် နှစ်သက်ကျေနပ်နေမှု)ကသာ အမြတ်ဆုံး, အထက်တန်းအကျဆုံး ဖြစ်ပေသည်။

အရှင်ပုဏ္ဏသည် ပစ္စည်းလေးပါးတို့တွင် တစ်ပါးတစ်ပါး၌ ဤသန္တောသသုံးပါးတို့ဖြင့် ရောင့်ရဲကျေနပ်နေခဲ့သည်၊ ရဟန်းတို့အားလည်း ဤရောင့်ရဲကျေနပ်မှုနှင့်စပ်သော တရားစကားကို ဟောပြောတတ်သည်သာ၊ ထို့ကြောင့် "ကိုယ်တိုင်လဲ ရောင့်ရဲလွယ်တယ်၊ ရောင့်ရဲခြင်းနှင့်စပ်တဲ့ စကားကိုလဲ ရဟန်းတို့အား ပြောကြားတတ်တယ်" ဟု မိန့်ဆိုထားရပေသည်။

ကင်းရှင်း ကာယဝိဝေက-ကိုယ်၏ကင်းရှင်းခြင်း၊ စိတ္တဝိဝေက-စိတ်၏ကင်းရှင်းခြင်း၊ ဥပဓိဝိဝေက-ခန္ဓာပဓိ(မိမိကိုအကြောင်းပြု၍ဖြစ်သော ဒုက္ခ၏တည်ရာခန္ဓာ)မှတစ်ပါး "ကာမူပဓိ(သုခသောမနဿ၏တည်ရာ ကာမဂုဏ်), ကိလေသူပဓိ(ဆင်းရဲ၏တည်ရာဖြစ်သော ကိလေသာ), အဘိသင်္ခါရူပဓိ(ဘဝဒုက္ခ၏တည်ရာဖြစ်သော ကုသိုလ်အကုသိုလ် စေတနာ)"ဟူသော ဥပဓိသုံးပါး၏ ကင်းရှင်းခြင်း၊ ဤဝိဝေကသုံးပါးနှင့် ပြည့်စုံသူသည် ကင်းရှင်းသူမည်၏။

ယင်း ဝိဝေကသုံးပါးတို့တွင် တစ်ပါးတည်းသွားခြင်း, တစ်ပါးတည်းရပ်ခြင်း, တစ်ပါးတည်းထိုင်ခြင်း, တစ်ပါးတည်းအိပ်ခြင်း, တစ်ပါးတည်း ရွာတွင်းသို့ ဆွမ်းခံဝင်ခြင်း, တစ်ပါးတည်း ဆွမ်းခံရွာမှ ပြန်ကြွလာခြင်း, တစ်ပါးတည်းစကြံ်ကြွရန် အဓိဋ္ဌာန်ထားခြင်း, တစ်ပါးတည်း လှည့်လည်ခြင်း, တစ်ပါးတည်းနေခြင်းသည် ကာယဝိဝေက မည်၏၊ သမာပတ်ရှစ်ပါး(ရူပါဝစရစျာန် အရူပါဝစရစျာန်)တို့သည်ကား စိတ္တဝိဝေကမည်၏၊ နိဗ္ဗာန်သည် ဥပဓိဝိဝေက မည်၏။

"အပေါင်းအသင်းမှ ကင်းရှင်းသောကိုယ် ရှိသည်ဖြစ်၍ အပေါင်းအသင်းမှ လွတ်မြောက်မှုဝယ် မွေ့လျော်ပျော်ပိုက်နေသူမှာ ကာယဝိဝေကလည်း ဖြစ်သည်၊ ထက်ဝန်းကျင်မှ(အဖက်ဖက်မှ)သန့်စင်သောစိတ် ရှိကြကုန်သည်ဖြစ်၍ မြင့်မြတ်ဖြူစင်ခြင်းသို့ ရောက်သူတို့မှာ စိတ္တဝိဝေကလည်း ဖြစ်သည်၊ ဥပဓိကင်းကုန်သည်ဖြစ်၍ သင်္ခါရကင်းရာ နိဗ္ဗာန်သို့ (အာရုံပြုသောအားဖြင့်) ရောက်ပြီးသောပုဂ္ဂိုလ်များမှာ ဥပဓိဝိဝေကလည်း ဖြစ်သည်။

ဤသို့လည်း မဟာနိဒ္ဒေသပါဠိတော်(၁၂၂)၌ ပြဆိုထားပါသေးသည်။

အရှင်ပုဏ္ဏာသည် ကိုယ်တိုင်လည်းဆိုခဲ့ပြီးသော ကင်းရှင်းခြင်းနှင့် ပြည့်စုံသည့်အပြင် ရဟန်းတို့အားလည်း ကင်းရှင်းခြင်းနှင့်စပ်သော တရားစကားကို ဟောပြောတော်မူတတ်သည်။

မရော

၁။ "သဝနသံသဂ္ဂ- အသံကြားခြင်းကြောင့် ဖြစ်သော ရာဂ၊
၂။ ဒဿနသံသဂ္ဂ- တွေ့မြင်ရခြင်းကြောင့်ဖြစ်သော ရာဂ၊
၃။ သမုလ္လပနသံသဂ္ဂ- တွေ့ဆုံစကားပြောခြင်းကြောင့်ဖြစ်သော ရာဂ၊
၄။ သမ္ဘောဂသံသဂ္ဂ- ပစ္စည်းကို သုံးစွဲရခြင်းကြောင့်ဖြစ်သော ရာဂ၊
၅။ ကာယသံသဂ္ဂ- ကိုယ်ကိုသုံးသပ်ကိုင်တွယ်ရခြင်းကြောင့်ဖြစ်သော ရာဂ။

ဤသံသဂ္ဂငါးမျိုးမှ ကင်းလွတ်သောပုဂ္ဂိုလ်ကို 'ကိုယ်တိုင်လဲမရော'ဟု ဆိုထားသည်။ ထိုတွင်-

၁။ ဘယ်မြို့.ဘယ်ရွာမှာ ဘယ်အမျိုးသမီးဟာဖြင့် သိပ်ချောတာပဲ၊ သိပ်လှတာပဲ၊ သိပ်သိမ်မွေ့.ယဉ်ကျေးတာပဲ"ဟု သူတစ်ပါး၏ ပြောသံကို ကြားရရုံမျှဖြင့်လည်း တဏှာရာဂ ဖြစ်လာတတ်သည်၊ အမျိုးသမီး၏ ပြောသံ, ရယ်သံ, သီချင်းသံကို ကိုယ်တိုင် ကြားရသည့်အတွက်ကြောင့်လည်း တဏှာရာဂ ဖြစ်လာတတ်သည်။

သာဝတ္ထိမြို့.ဝယ် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော အိမ်ထောင်စုတစ်ခု ရှိနေသည်၊ ဗြဟ္မဉပြည်မှ စုတေ့လာသော သတ္တဝါတစ်ဦးသည် ယင်းအိမ်ထောင်စုမှာ ပဋိသန္ဓေတည်နေသည်၊ မွေးဖွားလာချိန်မှစ၍ မိန်းမအနားကို ကပ်ရောက်ရန် အလိုမရှိပေ၊ မိန်းမများက ကိုင်တွယ်မိလျှင်လည်း ငိုနေပါတော့သည်၊ အဝတ်ထူထူကို အောက်ခံလုပ်ပြီးမှ ကိုင်တွယ်နို့တိုက်ရသည်၊ ထို့ကြောင့် သူ့ကို "အနိတ္ထိဂန္ဓကုမာရ(မိန်းမအနံ့ကို မခံလိုသော ကလေး, မိန်းမနှင့် မနီးစပ်သော ကလေး)"ဟု အမည် ပေးထားကြသည်။

အနိတ္ထိဂန္ဓအမျိုးသားကလေး အချိန်တန် အရွယ်ရောက်လာသည့် အခါမှာ မိဘများက အိမ်ထောင်ချထားရန် ပြောဆိုနားချကြသည်။

"သားရယ် ! သားကို အမေအဖေတို့.က ထိမ်းမြားလက်ထပ်ပေးချင်တယ်"။

"ကျွန်တော် မိန်းမ မလိုချင်ပါဘူး"။

သားကလေးက ငြင်းပယ်နေပါသော်လည်း မိဘများက အကြိမ်ကြိမ် တောင်းပန်ပြောဆိုနေကြသည်၊ သို့ဖြင့် အနိတ္ထိဂန္ဓအမျိုးသားကလေးက ရွေပန်းတိမ်သည် ငါးရာတို့ကို အခေါ်ခိုင်းလိုက်သည်၊ နီဖလန်ရွေ နိကွတစ်ထောင်အပေးခိုင်း၍ အလွန်ချောမောလှပသော မိန်းရုပ်တစ်ခု အထုအလုပ်ခိုင်းထားသည်။

"သားရယ် ! သားက ထိမ်းမြားလက်ထပ်မှုကို မပြုရင် အမျိုးအနွယ် ဆက်လက်

တည်တံ့နိုင်မယ် မဟုတ်ဘူး၊ ဒါနဲ့ သားအတွက် အမျိုးသမီးကလေး တစ်ဦးကို ခေါ်ဆောင်ပေးပါရစေ”။

“အမေအဖေတို့က သားကို ဒီလောက်တောင် ထိမ်းမြားလက်ထပ်ပေးလိုရင် သားအတွက် ဒီလို အချိုးအစားကျန ချောမောလှပတဲ့ အမျိုးသမီးကလေးကို ဆောင်ယူပေးနိုင်ပါ့မလား?၊ ဒီလို အမျိုးသမီးကလေးမျိုးကို ဆောင်ယူပေးနိုင်မှ သားက အမေအဖေတို့ရဲ့ စကားကို လက်ခံလိုက်နာမှာဖြစ်ပါတယ်”။

နောက်တစ်ကြိမ် မိဘများက တောင်းပန်ပြောဆိုလာသည့်အခါ သားကလေးက မိမိ၏ သဘောကို ပြောပြလျက် ရွေစင်ရုပ်ကလေးကို ထုတ်ပြလိုက်ပါတော့သည်။

သားကလေး၏ သဘောထားကို သိကြရသောအခါ မိဘများက အမျိုးစာတ်, အကျင့်စာရိတ္တ, အဆင်းသဏ္ဌာန်, ဉာဏ်ပညာစသည်တို့ဖြင့် အထက်တန်းကျသော ပုဏ္ဏားကျော်တို့ကို အခေါ်ခိုင်းလိုက်သည်၊ ရောက်လာကြသည့်အခါ သားကလေးအတွက် အမျိုးသမီး အရာထွက်ရန် ပြောဆိုစေလွှတ်လိုက်ကြသည်။

“ကျုပ်တို့ရဲ့ သားကလေးဟာ ဘုန်းကံကြီးမားသူ ဖြစ်ပါတယ်၊ သားကလေးနှင့် အတူ ကုသိုလ်ကောင်းမှုပြုဘက် အမျိုးသမီးတစ်ဦးတော့ အမှန်တကယ် ရှိနေပေလိမ့်မယ်၊ ဆရာတို့က ဒီရွေစင်ရုပ်ကလေးကို ယူသွားကြပါ၊ ဒီရွေစင်ရုပ်ကလေးလို ချောမောပြေပြစ် အချိုးအဆစ်ကျန လှပတဲ့ အမျိုးသမီးကလေးကို တွေ့လို့ရှိရင် တပါတည်း ခေါ်ယူနိုင်က ခေါ်ယူလာခဲ့ကြပါ”။

အနိတ္ထိဂန္ဓအမျိုးသားကလေး၏ မိဘများက တိုက်တွန်းပြောဆိုသော စကားကို ကြားရသည့် အခါ ပုဏ္ဏားများက ဝန်ခံထွက်လာကြသည်၊ လှည့်လည်ရှာဖွေရင်း မဒ္ဒတိုင်း သာဂလမြို့ကို ရောက်လာခဲ့ကြသည်။

ယင်း သာဂလမြို့မှာလည်း အလွန်ချောမောလှပသော ၁၆-နှစ်ရွယ် အမျိုးသမီးငယ် တစ်ယောက် ရှိနေသည်၊ ယင်း အမျိုးသမီးကလေးကို မိဘများက ၇-ထပ်တိုက် အပေါ်ဆုံးအထပ်မှာ အထိန်းတော်များ အဖော်များနှင့်အတူနေစေသည်။

ပုဏ္ဏားများက မိမိတို့ဆောင်ယူလာခဲ့သော ရွေစင်ရုပ်ကလေးကို ရေချိုးဆိပ်သို့ သွားသော လမ်းအနားမှာ ချထားလိုက်ကြသည်။-

“ဒီမြို့မှာ ဒီရွေစင်ရုပ်ကလေးလို ချောမောလှပတဲ့ အမျိုးသမီးကလေး ရှိနေမယ်ဆိုရင် ဒီရွေစင်ရုပ်ကို တွေ့ရတဲ့အခါမှာ ‘ဒီအရုပ်ကလေးက ဘယ်သူ့သမီးနှင့် တူလိုက်တာ၊ သိပ်လှတာပဲ’လို့ ပြောဆိုလာကြပေလိမ့်မယ်”။

ပုဏ္ဏာများက အတွေးကိုယ်စီဖြင့် သင့်တော်ရာက ထိုင်၍ အကဲခပ်ကြည့်ရှုနေကြသည်။

ထိုအချိန်မှာပင် သာဂလမြို့သူ အမျိုးသမီးကလေး၏ အထိန်းမသည် အမျိုးသမီးကလေးကို ရေချိုးပေးခဲ့ပြီး ကိုယ်တိုင်လည်း ရေချိုးလိုသည့်အတွက် ရေဆိပ်သို့ ဆင်းလာခဲ့သည်၊ ပုဏ္ဏားများ ချထားသော ရွှေစင်ရပ်ကို တွေ့ရသည့်အခါ 'သူ့သမီး'ဟု ထင်မှတ်သွားသည်။

"ညည်းက သိပ်အဆိုအဆုံးမ ခက်တာပဲ၊ အခုပဲ ငါက ရေချိုးပေးပြီးထွက်လာခဲ့တယ်၊ ညည်းက ငါ့ထက်အရင် ဒီနေရာကို ရောက်နေနှင့်တယ်ပေါ့လေ"။

မြည်တွန်ပြောဆိုလျက် ကျောကို လက်ဝါးဖြင့် ရိုက်လိုက်သည်၊ ခက်မာကြောင်း, မတုန်လှုပ်ကြောင်းကို တွေ့ရသည့်အခါ အံ့သြသွားသည်။

"အလို ! ငါက ကိုယ့်သမီးကလေး ထင်ခဲ့တယ်၊ ဒါက ဘယ်လိုဟာတဲ့လဲ?"။

အထိန်းတော်၏ အံ့သြငေးမော ပြောဆိုနေသော စကားကို ကြားရသည့်အခါ ရွှေစင်ရပ်ကို ချထားးခဲ့သော ပုဏ္ဏားများက အထိန်းတော်နားကို ရောက်လာကြ၍ စုံစမ်းမေးမြန်းကြသည်။-

"အမေရယ် ! အမ့ေသမီးက ဒီရွှေစင်ရပ်လိုပဲ လှသလား?"။

"မင်းတို့ ရွှေစင်ရပ်ကလေးက ငါ့သမီးကို မယှဉ်ပြိုင်နိုင်ပါဘူးကွယ်"။

"ဒါဖြင့်ရင် အမ့ေသမီးကို ကျွန်တော်တို့အား ပြစမ်းပါဦး"။

ထိုစဉ် အထိန်းတော်က ပုဏ္ဏားများကို ခေါ်၍ အိမ်ကို ပြန်လာခဲ့သည်၊ အမျိုးသမီးကလေး၏ မိဘများနှင့် မိတ်ဆက်ပေးထားလိုက်သည်။

အမျိုးသမီးကလေး၏ မိဘများက ပုဏ္ဏားများကို ဧည့်ခံ၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနေကြသည်၊ ထိုခဏမှာပင် အောက်ထပ်သို့ ဆင်းလာရန် သမီးကို ခေါ်လိုက်သည်၊ သမီးကလေးကို ရွှေစင်ရပ်နှင့်အတူ ယှဉ်ပြိုင်ထိုင်နေစေသည်၊ ရွှေစင်ရပ်က အရောင်အဝါကင်းပျောက် မွဲခြောက်ခြောက် ဖြစ်သွားပါတော့သည်၊ အမျိုးသမီးကလေးမူကား ဝင်းဝင်းပြောင်ပြောင် အရောင်တလက်လက် ထွက်နေပါတော့သည်။

ပုဏ္ဏားများက ရွှေစင်ရပ်ကလေးကို အမျိုးသမီးကလေး၏ မိဘများအား အပ်နှင်းထားခဲ့ကြသည်၊ အမျိုးသမီးကလေးထံမှလည်း ဝန်ခံကတိ တောင်းယူလာခဲ့ကြသည်၊ ယင်းသို့ ကိစ္စချောပြေအောင် စီမံဆောင်ရွက်ခဲ့၍ အနိတ္ထိဂန္ဓအမျိုးသားကလေး၏ မိဘများအား အကြောင်းစုံကို ပြန်လာ ပြောပြကြသည်။

"ဆရာတို့ပဲ ပြန်သွားကြတာပေါ့၊ အဲဒီ အမျိုးသမီးကလေးကို ခပ်မြန်မြန်သာ ခေါ်လာခဲ့ကြပါတော့"။

အနိတ္ထိဂန္ဓအမျိုးသားကလေး၏ မိဘများက ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး လက်ဆောင်ပစ္စည်း အများအပြား ပေးအပ်ပြန်လွှတ်လိုက်သည်။

"သတို့သမီး အရှာသွားကြတဲ့ ပုဏ္ဏားတွေက ရွှေစင်ရုပ်ထက် သာလွန်ချောမောလှပတဲ့ အမျိုးသမီးကလေးကို တွေ့လာခဲ့ကြပြီ၊ အဲဒီလို ချောမောလှပတဲ့ အမျိုးသမီးကလေး တကယ်ပဲ ရှိနေတယ်"။

ဤသတင်းစကားကို ကြားရရုံမျှဖြင့်ပင် အနိတ္ထိဂန္ဓအမျိုးသားကလေးမှာ တဏှာရာဂ ဖြစ်လာခဲ့သည်၊ မမြင်ရသေးသော အမျိုးသမီးကလေးအပေါ်မှာ အချစ်စိတ် ဖြစ်ပေါ်လာခဲ့သည်၊ သို့ဖြင့် သွားခါနီးမှာ ပုဏ္ဏားများကို အနားသို့ ခေါ်၍ ပြောဆိုမှာကြားလိုက်ပါသည်။-

"ဘဘတို့ရယ် ! မြန်ပစေနော်၊ မြန်ပစေ၊ သားသားလေးက မျှော်တော်ဇောနဲ့ မမောပါရစေနဲ့"။

ပုဏ္ဏားများလည်း အမျိုးသမီးကလေးကို ယာဉ်ပေါ်မှာတင်၍ ခေါ်ဆောင်လာကြသည်၊ အမျိုးသမီးကလေးက ပျော့လွန်း (နုနယ်လွန်း)သည့်အတွက် ယာဉ်တောက်သဖြင့် ရောဂါစွဲကပ်လာသည်၊ ယင်းရောဂါဖြင့်ပင် လမ်းခုလတ်မှာ ကွယ်လွန်သေဆုံးသွားပါတော့သည်။

"မရောက်လာကြသေးဘူးလား?၊ ခုထက်ထိ မရောက်ကြသေးဘူးလား?၊ သိပ်နှေးကန်ကြတာပဲ၊ ဒီလောက်ကြာရင် ရောက်ဖို့တော်ပြီ"။

အနိတ္ထိဂန္ဓအမျိုးသားကလေးက ဣန္ဒြေမဆည်နိုင်တော့ဘဲ ထပ်ကာထပ်ကာသာ မေး`မေးနေပါတော့သည်၊ ချစ်ခင်ခြင်းကြီးမားစွာဖြင့် မေးနေသော အမျိုးသားကလေးအား အဖြစ်မှန်ကို မပြောကြသေးဘဲ နှစ်ရက်သုံးရက် ဖုံးဖိလှိုးလွှဲ ပြောဆိုထားကြသည်၊ နောက်မှ အဖြစ်မှန်ကို ပြောပြကြသည်။

"ဒီလောက် ချောမောလှပတဲ့ အမျိုးသမီးကလေးနှင့်အတူ ပေါင်းသင်းနေထိုင်မှုကိုမျှ မပြုခဲ့ရပါတကား"။

ယင်း သတင်းဆိုးကို ကြားရသည့်အခါ အနိတ္ထိဂန္ဓအမျိုးသားကလေးက သက်ပြင်းချကာညည်းတွားနေပါတော့သည်၊ စိတ်မချမ်းမသာ ဖြစ်လာရပါတော့သည်၊ တောင်ကြီးတစ်ခုလုံးက လွှမ်းဖိထားသလို စိုးရိမ်ပူပန်မှုဆင်းရဲက သူ့ကို လွှမ်းဖိလာပါတော့သည်။

ဘုရားရှင်က အနိတ္ထိဂန္ဓအမျိုးသား၏ မဂ်ဖိုလ်ရနိုင်သော အကြောင်းကို မြင်တော်မူ၍ ဆွမ်းခံရင်း အိမ်တံခါးကို ကြွလာတော်မူသည်၊ အနိတ္ထိဂန္ဓအမျိုးသားကလေး၏

မိဘ များက ဘုရားရှင်ကို အိမ်ပေါ်သို့ ပင့်၍ ဆွမ်းဆက်ကပ်ကြသည်၊ ဆွမ်းကိစ္စအပြီးမှာ ဘုရားရှင်က မေးတော်မူသည်။

"အနိတ္ထိဂန္ဓအမျိုးသားကလေး ဘယ်မှာလဲ?"။

"အဲဒီ အမျိုးသားကလေးက အစာအာဟာရ မစားမသောက်ဘဲ အခန်းထဲမှာ ထိုင်နေပါတယ် ရှင်တော်မြတ်ဘုရား"။

"ဒါဖြင့်ရင်- သူ့ကို ခေါ်လိုက်ကြဦး"။

အနိတ္ထိဂန္ဓအမျိုးသားကလေးက ထွက်လာ၍ ဘုရားရှင်ကို ရှိခိုးထိုင်နေသည်၊ ဘုရားရှင်က သူ့အမူအရာကို ကြည့်၍ မေးတော်မူသည်။-

"ဒကာလေး ! ဘယ့်နယ်လဲ၊ သိပ်စိုးရိမ်ပူပန်နေသလား?"။

"မှန်လှပါ ရှင်တော်မြတ်ဘုရား၊ ရွှေစင်ရပ်ထက် လှပတဲ့ အမျိုးသမီးကလေး တစ်ဦးဟာ ဒီကို ဆောင်ယူလာရင်း လမ်းခုလတ်မှာပဲ ကွယ်လွန်သွားခဲ့ပါတယ်၊ ဒီ သတင်းဆိုးကို ကြားရတဲ့အတွက် သိပ်စိုးရိမ်ပူပန်သွားပါတယ်၊ ဒါနဲ့ ထမင်း တောင်မှ စားချင်စိတ် မရှိတော့ပါ"။

ဘုရားရှင်က တရားဟောတော်မူလိုသည့်အတွက် သူ့စကားအဆုံးမှာပင် ဆက်လက် မေးတော်မူပြန်သည်။

"ဒကာလေး ! ဘာကို အကြောင်းပြုပြီး ဒကာလေးမှာ စိုးရိမ်ပူဆွေးမှု ဖြစ်လာရတယ်ဆိုတာကို ဒကာလေးကိုယ်တိုင်က နားလည်ရဲ့လား?။

"နားမလည်ပါ ရှင်တော်မြတ်ဘုရား"။

"တပ်မက်စရာ (ဝတ္ထုကာမ)ကို အကြောင်းပြုပြီး အကြီးအကျယ် စိုးရိမ်ပူပန်မှု ဖြစ်လာရတတ်တယ်၊ စိုးရိမ်ပူပန်မှုနှင့် ဘေးရန်တွေဟာ တပ်မက်စရာကို အကြောင်းပြုပြီး ဖြစ်ရတာချည်းပဲ"။

ဘုရားရှင်က အခြေခံတရားသဘောကို ရှင်းလင်းမိန့်ကြားတော်မူပြီးသည့်နောက် ဆက်လက်၍ တရားဟောတော်မူပြန်သည်။

ကာမတော ဇာယတိ သောကော , ကာမတော ဇာယတိ ဘယံ၊
ကာမတော ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

ကာမကြောင့်သာ-စိုးရိမ်တာ , ကာမကြောင့်သာ-ဘေးဖြစ်လာ၊
ကာမလွတ်ခွာ-လာသူအား , စိုးရိမ်ရန်ဘေး-ကင်းဝေးသွား။

တရားတော်၏ အဆုံး၌ အနိတ္ထိဂန္ဓအမျိုးသားကလေး သောတာပတ္တိဖိုလ်မှာ တည်သွားသည်။ ခံ-၄-၂၊ ၁၀၃။

ဤသည်မှာ သူတစ်ပါး၏ပြောသံကို ကြားရရုံမျှဖြင့် ရာဂဖြစ်လာပုံဖြစ်သည်။

ဂိရိရွာသူ ပန်းပဲသမီးပျိုကလေး တစ်ယောက်နှင့် အဖော်မိန်းမပျိုကလေး ငါးဦးတို့သည် ရေချိုးရန် ရွာမှထွက်လာခဲ့ကြသည်၊ ပဒုမာကြာအိုင်တစ်ခုသို့ ဆင်း၍ ရေချိုးနေကြသည်၊ တွေ့သမျှ ကြာပန်းများကို သူ့ထက်ငါဦး အလုအယက် ခူးယူပန်ဆင်နေကြသည်၊ ထိုစဉ် ပန်းပဲသမီးပျိုကလေးက ချိုအေးသာယာသော အသံဖြင့် သီချင်းဆိုနေသည်။

ထိုအချိန်မှာပင် ပဉ္စဂ္ဂဠလိုဏ်မှာ သီတင်းသုံးနေထိုင်သော ရဟန်းငယ်တစ်ပါးသည် စာန်ယာဉ်စီးကာ ကောင်းကင်ခရီးမှ ကြွလာခဲ့သည်၊ ပန်းပဲသမီးပျိုကလေး၏ ချိုသာအေးမြသော သီချင်းသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ကာမရာဂများက ရဟန်းငယ်၏ နှလုံးသားကို စူးဝင်သွားပါတော့သည်၊ သို့ဖြင့် ရထားသောစာန်လည်းပျက်ပြား, ရဟန်းသိက္ခာလည်း ဆုံးရှုံးသွားရပါတော့သည်။

ဤသည်မှာ ကိုယ်တိုင်ကြားရသည့်အတွက် တဏှာရာဂ ဖြစ်လာရပုံဖြစ်သည်။

ဆင်အုပ်ကြီးတစ်အုပ်သည် တောင်ကြားတစ်ခုကို မှီခိုနေထိုင်လျက်ရှိသည်၊ ခပ်လှမ်းလှမ်းမှာလည်း ရေအိုင်ကြီးတစ်ခု ရှိနေသည်၊ ထိုရေအိုင်၌ ကိုယ်ခန္ဓာကြီးမားသော ပုစွန်လုံး(ဂဏန်းကြီး)တစ်ကောင် ရှိနေသည်၊ သူသည် ရေအိုင်သို့ဆင်းလာသော ဆင်တို့ကို ပန်းပဲသမားက ညှပ်ကြိုးဖြင့် သံချောင်းကို ဖမ်းကိုင်ထားသကဲ့သို့ လက်မတို့ဖြင့် ခြေကို ညှပ်လျက် အလိုရှိရာသို့ ဆွဲယူသတ်ဖြတ်တတ်သည်။

ဆင်များက ဆင်ကြီးတစ်ကောင်ကို ဦးစီးခေါင်းဆောင် ပြုလုပ်၍ ယင်းရေအိုင်သို့ ဆင်းခွင့်ကို စောင့်မျှော်ကြည့်ရှုကြလျက် လှည့်လည်နေကြသည်၊ တစ်နေ့မှာ ဆင်များက ရေအိုင်ထဲကို သက်ဆင်း၍ ကစားပျော်မြူးနေကြသည်၊ ထိုစဉ် ပုစွန်လုံးက ခေါင်းဆောင်ဆင်ကြီးကို ဖမ်းယူထားလိုက်သည်။

"တကယ်လို့သာ ငါက ကြောက်လန့်တကြား အော်လိုက်မယ်ဆိုရင် အလိုရှိသလောက် ပျော်မြူးကစားမှုကို မပြုနိုင်ဘဲ ဆင်အကုန်လုံးက ထွက်ပြေးကြပေလိမ့်မယ်"။

ခွန်အားဗလလည်းရှိ သတိနှင့်လည်းပြည့်စုံသော ဆင်ကြီးက စဉ်းစားဆင်ခြင်လျက် ဘာမျှမဖြစ်သလို မတုန်မလှုပ် ရပ်နေခဲ့သည်။

ဆင်အကုန်လုံး ရေအိုင်မှ တက်ပြီးသည့်အခါမှာမှ ပုစွန်ကြီးက မိမိကို ဖမ်းယူထားကြောင်း ဇနီးဖြစ်သော ဆင်မအား လှမ်းခေါ်အော်မြည် ပြောဆိုလိုက်သည်။

သိင်္ဂီ မိဂေါ အာယတစက္ခုနေတ္တော , အဋ္ဌင်္ဂတ္တစော ဝါရိသယော အလောမော၊
တေနာဘိဘူတော ကပဏ် ရဒါမိ , မာ ဟေဝံ မံ ပါဏသမံ ဇဟေယျု။

ဦးချိုသဖွယ်-လက်မများနှင့် , မျက်စိရှည်လျား-ပြူးထွက်နေ၊
အရိုးချည်းသာ-အရေရောက်လို့ , အမွေးမပေါက်-ရေအောက်နေ၊
ပုစွန်လုံးပင်-ဖမ်းယူထားလို့ , ဖော်ပေါင်းစွန့်ထား-ငိုရပေ၊
သက်နှင့်ထပ်တူ-ချစ်လင်သားကို , စွန့်မသွားနှင့်-အချစ်ရေ။

ယင်းစကားကို ကြားရသည့်အခါ ဆင်မက မိမိလင်ကို ပုစွန်လုံး ဖမ်းယူထားကြောင်း သိသွားသည်၊ အနားသို့ ပြန်လာ၍ လင်ဖြစ်သူ သက်သာရာရအောင် သိမ်မွေ့ချိုသာ ပြောဆိုနေရှာသည်။

အယျ နံ တံ ဇဟိသာမိ , ကုဉ္ဇရံ သဋ္ဌိဟာယနံ၊
ပထဗျာ စာတုရန္တာယ , သုပ္ပိယော ဟောသိ မေ တုဝံ။

နှစ်ပေါင်းခြောက်ဆယ်-သက်ရွယ်ရှိလျှင် , ခွန်အားလျော့ဘိ-ဆင်မျိုးနွယ်၊
ဒီလိုမောင့်ကို-ချစ်မယားက , ဘယ်မှာစွန့်သွား-နိုင်ပါ့မယ်၊
ရပ်လေးမျက်နှာ-ရေပြင်များတို့ , လှည့်ပတ်ဝိုင်းထား-မြေပြင်ဝယ်၊
မောင့်တစ်ယောက်သာ-အချစ်ဆုံးမို့ , တစ်သက်ပန်လုံး-ပစ်မပယ်။

ဆင်မက မိမိ၏လင်ကို အားပေးစကား ပြောကြားပြီးသည့်နောက် ပုစွန်လုံးကို ငိုယိုတောင်းပန် အသနားခံ ပြောဆိုပြန်သည်။-

ယေ ကုဋ္ဌိရာ သမုဒ္ဒသ္မိံ , ဂင်္ဂါယ ယမုနာယ စ၊
တေသံ တွံ ဝါရိဇော သေဋ္ဌော , မုဉ္ဇ ရောဒန္တိယာ ပတိံ။

သမုဒ္ဒရာ-ဂင်္ဂါမြစ်နှင့် , ယမုနာမြစ်-ရေထဲမှာ၊
ပုစွန်လုံးတွေ-များအပြားပင် , တကယ်ထင်ရှား-ရှိနေတာ၊
ထိုတွင်ဆင်းရောင်-ကိုယ်ခွန်အားဖြင့် , သင်ကကြီးမား-မြတ်ဆုံးသာ၊
ငိုယိုတောင်းပန်-ကျုပ်လင်သားကို , ကြင်နာသနား-လွှတ်ပေးပါ။

ဆင်မ၏အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ပုစွန်လုံးက နောက်ဖြစ်ပေါ်လာနိုင်သည့် ဘေးရန်ကိုမျှ မစဉ်းစားနိုင်တော့ဘဲ ဖမ်းယူထားသည်ကို လျှော့ပစ်လိုက်ပါတော့သည်။

"ဒါဟာ လွတ်မြောက်ရေးအတွက် အခွင့်ကောင်း တစ်ခုပဲ"။

ထိုခဏမှာပင် ဆင်ပြောင်ကြီးက စိတ်ကူးကြံစည်လျက် ဖမ်းယူခံရသည့်ခြေကို မလှုပ်မရှား နဂိုအတိုင်းထား၍ အခြားခြေတစ်ဖက်ကို ကြွချီလျက် ပုစွန်လုံး၏ ကျောပေါ်ကို

(အပေါ်ခွံကို) ဖိနင်းပစ်လိုက်သည်၊ ထို့နောက် ပုစွန်လုံးကို အနည်းငယ် ဆွဲယူလာ၍ ကမ်းပေါ်ကို ပစ်တင်ပေးလိုက်သည်။

ထိုအချိန်မှာ ဆင်အကုန်လုံးက စုရုံးရောက်လာ၍ "ဒါဟာ တို့ရန်သူပဲ"ဟု သဘော ထားကြလျက် မုန့်မုန့်ညက်ညက် ဖြစ်အောင် နင်းချေပစ်လိုက်ကြသည်။ အံ-၄ -၁၊ ၁၈။ အကျယ်ကို ဇာတ်၄-၂၊ ၃၀၈-၌ ရှုပါ။

ဤသည်လည်း ဝိသဘာဂအသံကို ကိုယ်တိုင်ကြားရသည့်အတွက် တဏှာရာဂ ဖြစ်လာရပုံပင် ဖြစ်ပါသည်။

၂။ အချို့သော ရဟန်းတော်များသည် ချောမောလှပ အချိုးအဆစ် ပြေပြစ်လှသည့် အမျိုးသမီးကို တွေ့မြင်ရသည့်အတွက် ကာမဆွန်မှာ နစ်မြုပ်လာတတ်သည်၊ တောင်တောင်ဤဤ ကြံစည်လာတတ်သည်၊ သို့ဖြင့် သာသနာ့ဇာတ္တစရိယကို မထမ်းဆောင်နိုင်တော့ဘဲ လူ့ဘဝကို ရောက်သွားတတ်သည်။

ဤသို့လျှင် ဝိသဘာဂအာရုံကို တွေ့မြင်ရသော ပုဂ္ဂိုလ်၏ မြင်ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ရာဂသည် "ဒဿနသံသဂ္ဂ" မည်၏၊ ရဟန်းကိုသာ ပဓာနထား၍ ဆိုထားစေကာမူ မည်သူမဆို ဝိသဘာဂ(လိင်မတူသူ) ယောကျ်ား,မိန်းမ နှစ်ဦးနှစ်ဖက် လုံးကိုပင် ယူသင့်ပါသည်။

ကလျာဏီကျောင်းတိုက်မှ ရဟန်းငယ်တစ်ပါးသည် ကာဠဒီဃဝါပိ ဂါမဒွါရ ဝိဟာရ(မဲမှောင်ရည်လျား ရေကန်နား ရွာဦးကျောင်းတိုက်)သို့ စာသင်ထွက်သွားသည်၊ စာသင်မှုကိစ္စ ပြီးဆုံးသည့်အခါ ဆရာ့ထံမှာ ခွင့်ပန်၍ ပြန်လာခဲ့သည်။

"ရောက်ရာအရပ်မှာ သာမဏေကလေးတွေက မေးလို့ရှိရင် ရွာရဲ့အခြေအနေကို ပြောပြသင့်တာပဲ"။

မိမိ၏ ရည်ရွယ်ချက်ကလေးကိုသာ ဦးစားပေးလျက် အကျိုးလို၍ တားမြစ်ပြောကြား ထားသော ဆရာ့စကားကို နားမထောင်ဘဲ ရွာထဲကို ဆွမ်းခံဝင်ပါတော့သည်၊ ထိုစဉ် အဝါရောင်အဝတ်ကို ဝတ်ဆင်လျက် အိမ်ပေါ်မှ ဆင်းကာ ယာဂုလောင်းလှူလာသော အမျိုးသမီးကလေး တစ်ဦးကို "ချောမောလှပပါပေတယ်"ဟု အမှတ်သညာ ပြုလာခဲ့သည်။

ကိုယ့်ကျောင်းကို ပြန်ရောက်လာသည့်အခါ ရဟန်းကြီးတစ်ပါးက ဝေစုရလာသည့် ယင်းမိန်းကလေး ဝတ်နေကျ အဝတ်စကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ပြန်လည် သတိရလာသည်၊ သို့ဖြင့် မေးမြန်းစုံစမ်းသင့်အခါမှာ မိန်းကလေး သေဆုံးသွားကြောင်းကို ကြားသိရသည်။

"ဒီလို အမျိုးသမီးကလေး တစ်ဦးက ငါ့ကိုအကြောင်းပြုပြီး သေဆုံးသွားရပါပေတယ်"။

ဤနောင်တပူပန်မှု အပေါ်မှာ ကိုယ်တွင်းမှပင် တောက်လောင်လာသော ရာဂမီးက ထပ်ဆင့်လောင်ကျွမ်းလိုက်သည့်အတွက် အသက်ပါဆုံးပါးခြင်းသို့ ရောက်ခဲ့ရပေသည်။ အံ-၄-၁၊ ၁၇။ အကျယ်ကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ၁၅၆-မှာ ရှုပါ။

မဟာဒါဠိကနာဂမင်းသည် စေတိယတောင်ဝယ် အမွတ္ထလအရပ်(သရက်ကုန်း)မှာ စေတီကြီးတစ်ဆူ တည်သည်၊ ယင်းစေတီကိုလည်း တည်ရာအရပ်ကိုပင် အစွဲပြု၍ "အမွတ္ထလစေတီ"ဟု ခေါ်ကြသည်၊ သူသည် စေတိယတောင်၌ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်မှုကိုလည်း (ဂိရိဘဏ္ဍပူဇာ)ကိုလည်း ပြုသည်၊ ရံဖန်ရံခါ နန်းတွင်းသူများနှင့်အတူ စေတိယတောင်သို့ သွား၍ ရဟန်းအပေါင်းအား အလှူကြီးကိုလည်း ပေးလှူတတ်သည်၊ လူအများတို့၏ စည်းဝေးရာဌာနမှာ အကုန်လုံး သတိရှိဖို့ မလွယ်ကူလှပေ။

မဟာဒါဠိကနာဂမင်း၏ ဒမိဠဒေဝီမည်သော မိဖုရားသည်ကား ပျိုမျစ်နုနယ် ပထမအရွယ်မျှသာ ရှိပါသေးသည်၊ လုံးရပ်သဏ္ဌာန် ဟန်ပန်အမူအရာ ချောမောသိမ်မွေ့လှသည့်အပြင် အညစ်အကြေးကင်း ပြောင်ဝင်းသော အဆင်းလည်းရှိနေပါသည်။

ထိုအချိန်၌ စိတ္တေထေရ်မည်သော တောထွက်ရဟန်းတစ်ပါးသည် စက္ခုဒ္ဒါရ၌ စောင့်စည်းမှု မပြုသောသဘောဖြင့် မိဖုရားကို ကြည့်ရှုလျက် "သိပ်ချောပါလား၊ သိပ်လှပါလား" စသည်ဖြင့် အသုဘဖြစ်သော မိဖုရား၏ ရုပ်ဆင်းသွင်ပြင်၌ သုဘနိမိတ်(ချောတယ်၊ လှတယ်-ဟူသော အာရုံ)ကို ယူနေပါတော့သည်။

သို့ဖြင့် သူသည် အရှုးတစ်ပိုင်း ဖြစ်လာပါတော့သည်၊ အရှုးထလာပါတော့သည်၊ "အလို ! ဒမိဠဒေဝီ၊ အလို ! ဒမိဠဒေဝီ"ဟု ပြောဆိုလှည့်လည်နေပါတော့သည်၊ ထိုအချိန်မှ အစပြု၍ သာမဏေငယ်များက သူ့ကို "ဥမ္မတ္တကစိတ္တထေရ်"ဟုပင် ခေါ်နေကြပါတော့သည်။

မကြာမြင့်သော အချိန်အတွင်းမှာပင် ဒမိဠဒေဝီမိဖုရား ကွယ်လွန်သွားခဲ့သည်၊ ဘိက္ခုဩဝါဒကာ အသုဘရှုကြရာမှ ကျောင်းကို ပြန်ရောက်လာခဲ့သည်၊ သုသာန်သို့ အသုဘရှု လိုက်ပါသွားခဲ့ကြသော သာမဏေငယ်များက စိတ္တထေရ်အနားကို လာရောက်ပြောဆိုကြသည်။

"အရှင်ဘုရား စိတ္တ ! အရှင်ဘုရားက တမ်းတပြောဆိုနေတဲ့ ဒမိဠဒေဝီဟာ ကွယ်လွန်သွားခဲ့ပါပြီ၊ တပည့်တော်တို့က အသုဘရှု သွားကြရပါတယ်၊ အခုပဲ သုသာန်က ပြန်ရောက်လာကြပါတယ်"။

သာမဏေငယ်တို့၏ ပြောစကားကို စိတ္တထေရ်က အယုံအကြည်မရှိပါ၊ ဒီလို ပျိုမျစ်နုနယ် လှပတင့်တယ်တဲ့ အမျိုးသမီးတစ်ဦးဟာ ဘယ်နည်းနှင့်မျှ မသေနိုင်ဘူး" ဟုသာ ထင်မှတ်နေပါတော့သည်။

"ငါ့ရှင်တို့က တော်စွလျော်စွ ဗိုင်းတာမတစ်ဦးဦးရဲ့ အသုဘကို ရှုရအောင်လို့ သုသာန်ကို သွားခဲ့ကြတာ ဖြစ်မှာပါ၊ ငါ့ရှင်တို့ရဲ့ မျက်နှာက မီးခိုးရောင်လိုလို ညိုမှောင်နေတာပဲ"။

ဤသို့ စိတ္တထေရ်က သာမဏေငယ်တို့အား ပြောင်လှောင်ပျက်ရယ်မှုကို ပြုလျက် အရှုးစကားမျိုးကိုသာ ပြောဆိုလွတ်လိုက်ပါတော့သည်။ အံ-၄-၁၊ ၁၆။

တစ်နေ့မှာ (ဒုဋ္ဌဂါမဏိမင်း၏ ညီတော်ဖြစ်သော) သဒ္ဓါတိဿမင်းသည် နန်းတွင်းသူ များနှင့်အတူ ကျောင်းတိုက်ကို ထွက်လာခဲ့သည်၊ ရဟန်းငယ်တစ်ပါးသည် လောဟပါသာဒ (ကြေးပြာသာဒ်)၏ တံခါးမုခ်မှာ ရပ်လျက် စက္ခုဒ္ဒါရဋ္ဌ သတိဖြင့် မစောင့်စည်းဘဲ အမျိုးသမီးတစ်ဦးကို ကြည့်နေခဲ့သည်၊ ယင်းအမျိုးသမီးကလည်း သွားနေရာမှ ရပ်တန့်လျက် ယင်းရဟန်းငယ်ကို ကြည့်နေခဲ့သည်။

နှစ်ဦးလုံးပင် ကိုယ်တွင်းမှာ တောက်လောင်လာသော ရာဂမီး လောင်ကျွမ်းမှုကို ခံကြရသည့်အတွက် ဘဝတစ်ပါး ပြောင်းသွားကြရပါတော့သည်။ အံ-၄-၁၊ ၁၇။

ဤသည်တို့မှာ ဝိသဘာဂ အာရုံကို တွေ့ရသည့်အတွက် တဏှာရာဂ ဖြစ်လာရုံ မျှးပင် ဖြစ်ပါသည်။

၃။ တစ်ဦးနှင့်တစ်ဦး စကားပြောနေရခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ရာဂသည် "သမုလ္လပနသံသဂ္ဂ" မည်၏။

ရှေးအခါက အဝတ်ဖြူဝတ်သော ရဟန်းမတစ်ဦးရှိသည်၊ သာဝတ္ထိမြို့ကို အမှီပြု၍ သုသာန်ထဲဝယ် သစ်ရွက်မိုးကျောင်းကလေးမှာ နေသည်၊ သူမ၏အမည်မှာ သစ္စတပါပီ ဖြစ်သည်။

ယင်းရဟန်းမသည် စားသောက်ချိန် လေးကြိမ်လွန်သွားမှ တစ်ကြိမ်သာ စားသည်၊ တစ်မြို့လုံးမှာ နေလို, လလို ထင်ရှားနေခဲ့သည်၊ ဗာရာဏသီမြို့သူမြို့သားများက ချေဆတ် သည့်အခါမှာပဲဖြစ်ဖြစ်, ချော်လဲသည့်အခါမျိုးမှာပဲဖြစ်ဖြစ်, တိုက်မိ ခိုက်မိသည့်အခါ မျိုးမှာပဲဖြစ်ဖြစ် "နမော သစ္စတပါပိယာ(သစ္စတပါပိအား ရှိခိုးပါတယ်)" ဟု ပြောဆိုနေ ကြသည်၊ ဤမျှလောက်ပင် လူများ၏ အလေးဂရပြုမှုကို ခံယူနေရပေသည်။

တစ်ချိန်၌ မြို့ထဲမှာ ပွဲလမ်းသဘင် ရှိနေသည်၊ အစနေ့မှာပင် ရွှေပန်းထိမ်သည်များက အုပ်စုဖွဲ့ကာ တစ်နေရာ၌ မဏ္ဍပ်ဆောက်လုပ် ထားကြသည်၊ ငါး,အမဲ,အရက်, နံ့သာ,ပန်း စသည်တို့ကို ယူလာကြလျက် အရက်သောက်နေကြသည်။

ထိုစဉ် ရွှေပန်းထိမ်သည်တစ်ဦးက အရက်ခွက်ကျန်ကို စွန့်ပစ်ရင်း "နမော

သစ္စတပါပိယာ”ဟု ဆိုလိုက်သည်၊ ယင်းအသံကို ကြားရသည့်အခါ ဆင်ခြင်ဉာဏ်ရှိသူ တစ်ဦးက ထိုသူအား ကဲ့ရဲ့စကား ပြောကြားလိုက်သည်။

“ဟဲ့ အကောင် ! မင်းက အသိဉာဏ်နည်းပါး မခိုင်မြဲတဲ့ စိတ်ထား ရှိနေတဲ့ မိန်းမသားတစ်ဦးကို ရှိခိုးရသလား?၊ သိပ်နံ့ချာတာပဲ”။

“မိတ်ဆွေ ! ဒီလိုမပြောပါနဲ့၊ ငရဲကို ရောက်ရမဲ့အလုပ်ကို မလုပ်စမ်းပါနဲ့”။

“ဟဲ့ နလပိန်းတုံးရေ ! တိတ်တိတ်နေစမ်းပါ၊ မင်းက တစ်ထောင်ကြေး လောင်းမလား?၊ ငါက မင်းရဲ့သစ္စတပါပိကို ၇-ရက်အတွင်းမှာ ဝတ်စားဆင်ယင်စေပြီး ဒီနေရာမှာပဲ အရက်ခွက်ကို အကိုင်ခိုင်းလို့ အရက်သောက်ပြမယ်ကွာ၊ သိလမြဲတဲ့ အမျိုးသမီးဆိုတာ မရှိနိုင်ပါဘူး”။

“ခင်ဗျားက ဒီလို မလုပ်နိုင်ပါဘူး”။

နလပိန်းတုံးက အကျောက်အကန်ငြင်းခုံလျက် အသိဉာဏ်ရှိသူ လူလယ်နှင့် တစ်ထောင်ကြေး လောင်းထားလိုက်ကြပါတော့သည်။

လူလယ်က ယင်းအကြောင်းကို အခြားရွေပန်းထိမ်သည်တို့အား ပြောကြားထားခဲ့၍ နောက်တစ်နေ့မှာ နံနက်စောစောကပင် ရသေ့အသွင်ဖြင့် (ရသေ့ယောင်ဆောင်၍) သုသာန်ထဲကို ဝင်သွားသည်၊ သစ္စတပါပိကျောင်းသခံမ်း၏ ခပ်လှမ်းလှမ်းမှာပင် နေကို ရှိခိုးလျက် ရပ်နေခဲ့သည်။

သစ္စတပါပိက ယင်းရသေ့ယောင်ကို တွေ့ရသည့်အခါ မတွေ့စဖူး အထူးအဆန်း ထင်လာပါတော့သည်။

“တန်ခိုးကြီးတဲ့ ရသေ့ဖြစ်မှာပဲ၊ ငါက သုသာန်ရဲ့ အစွန်အဖျားမှာသာ နေနိုင်တယ်၊ ဒီရသေ့ကတော့ သုသာန်ရဲ့ အလယ်မှာ နေပေတယ်၊ သူ့ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့တရား ရှိတန်ရာရဲ့၊ သူ့ကို ရှိခိုးဦးမှပဲ”။

မိမိမှာ စိတ်အကြံ ဖြစ်ပေါ်လာသည့်အတိုင်းပင် ရသေ့ယောင်နားကို သွားရောက်ရှိခိုးလိုက်သည်၊ အကြံသမား ရသေ့ယောင်က စောင်းငဲ့၍လည်း မကြည့်၊ စကားပြောမှုကိုလည်း မပြုသေးပါ၊ နောက်တစ်နေ့မှာလည်း အလားတူပင် ဟန်လုပ်နေသေးသည်။

တတိယ(သုံးရက်မြောက်)နေ့ ရှိခိုးလာသည့် အခါမှာမူ မကြည့်မရှု အောက်ဘက်ကို မျက်နှာပြုလျက်ပင် “သွားတော့”ဟု ပြောလိုက်သည်၊ စတုတ္ထ(လေးရက်မြောက်)နေ့မှာမူ “ဘယ့်နယ်တုံး၊ မပင်မပန်း ဆွမ်းရလွယ်ရဲ့လား?”ဟု လောကဝတ်စကား ပြောကြားလိုက်သည်၊ သစ္စတပါပိလည်း “လောကဝတ်စကားလောက်တော့ ပြောဖော်ရလာပြီ”ဟု

ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့သည်၊ ပဉ္စမ(ငါးရက်မြောက်)နေ့ လာရောက်ရှိခိုးသည့် အခါ ထိုထက်များပြားသော လောကဝတ်စကား ပြောကြားမှုကို ရရှိ၍ အတန်ငယ် ကြာအောင် ထိုင်နေခဲ့ပြီးမှ ပြန်လာခဲ့သည်။

ဆဋ္ဌ(ခြောက်ရက်မြောက်)နေ့မှာမူကား ရသေ့ယောင်သည် ခါတိုင်းထက် အာရုံင် လာပါတော့သည်၊ နှုတ်စ, လျှာစရှိသမျှ ဖွင့်ဟပြောဆိုလာပါတော့သည်။-

"နှမရယ် ဒီနေ့ ဗာရာဏသီမြို့တွင်းမှာ တီးသံ, မှုတ်သံ, သီချင်းသံတွေက တယ်ဆူညံလှပါလား?"။

"မောင်ရယ် ! မောင်တို့က မသိကြသေးဘူးလား?၊ မြို့ထဲမှာ ပွဲလမ်းသဘင် ကြော်ငြာထားတာပဲ၊ ဒီအသံဟာ အဲဒီပွဲလမ်းသဘင်မှာ ပါဝင်ပျော်မြူးနေကြသူ တွေရဲ့ အသံပဲပေါ့"။

"အိုဴ-ဟုတ်လား?၊ အခု ဒီကကြားနေရတဲ့အသံဟာ အဲဒီလူတွေရဲ့ အသံပေါ့နော်?"။

ရသေ့ယောင် လူလယ်က မသိသလို ပြောဆိုပြီး ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော စကားများကို ဆက်လက် မေးမြန်းပြောဆိုလာပြန်သည်။

"နှမရယ် ! နှမက စားသောက်ချိန် ဘယ်နှစ်ကြိမ်လွန်သွားမှ တစ်ခါ စားသောက်မှုကို ပြုပါသလဲ?"။

စားသောက်ချိန် လေးကြိမ်လွန်သွားမှ တစ်ကြိမ်စားပါတယ် မောင်ရယ်၊ မောင်တို့ကတော့ စားသောက်ချိန် ဘယ်နှစ်ကြိမ်လွန်သွားမှ တစ်ခါ စားပါသလဲ?"။

"ခုနှစ်ကြိမ်လွန်သွားမှ တစ်ခါစားသောက်မှုကို ပြုနေတာပဲနှမရယ်"။

ရသေ့ယောင် လူလယ်က လိမ်ညာပြောဆိုလိုက်သည်၊ အမှန်မှာမူ သူသည် နေ့တိုင်း ညဉ့်အချိန်မှာ တိတ်တိတ်ခိုး စားနေသည်သာဖြစ်ပါသည်၊ ထို့နောက် သူကပင် ပြောလက်စ စကား ပြတ်မသွားစေဘဲ ဆက်လက်မေးမြန်း ပြောဆိုလာ ပြန်သည်။

"နှမရယ် ! နှမက ရဟန်းပြုလာတာ ဘယ်နှစ်နှစ် ရှိသွားပလဲ?"။

"၁၂-နှစ် ရှိသွားပါပီ၊ မောင်တို့ကကောဘယ်နှစ်နှစ် ရှိသွားပလဲ?"။

"မောင် ရဟန်းပြုလာတာကတော့ ခြောက်နှစ်အတွင်း ရောက်လာပါပီ၊ ဒါနဲ့ စကားစပ်လို့ နှမကို မေးရဦးမယ်၊ -နှမမှာ ရရှိထားတဲ့ အေးငြိမ်းမှုတရား ရှိပလား?"။

"မရှိသေးပါဘူး မောင်ရယ်၊ မောင်တို့မှာကော ရှိရဲ့လား?"။

"မောင့်မှာလဲ မရှိသေးပါဘူး"။

ရသေ့ယောင် လူလယ်က အနည်းငယ် ရပ်တန့်စဉ်းစား ချင့်ချိန်အားယူပြီး တစ်ဆင့် ထက်ကာ ဆက်လက်ပြောဆိုလာပြန်သည်။

"နှမရယ်! ငါတို့က ကာမဂုဏ်ချမ်းသာကိုလဲ မရကြဘူး၊ ကာမမှထွက်မြောက် မှုချမ်းသာကိုလဲ မရကြဘူး၊ ငရဲဟာ တို့နှစ်ဦးအတွက်သာ ပူသလား?၊ စဉ်းစားပါဦး၊ လူတွေရဲ့ အလုပ်မျိုးကိုပဲ လုပ်ကြပါစို့ရဲ့၊ မောင်က လူဝတ်လဲပါတော့မယ်၊ မောင့်မှာ မိမွေဘမွေ ရထားတဲ့ ပစ္စည်းဥစ္စာတွေ ရှိနေပါတယ်၊ နောက်ဆက်လက်ပြီး ဆင်းရဲဒုက္ခမခံနိုင်တော့ပါဘူး"။

ရဟန်းမက ရသေ့ယောင်၏ အတုံးလိုက် အတစ်လိုက် တစ်အားကုန် ပစ်သွင်းလိုက်သော စကားကို ကြားရသည့်အခါ စိတ်ဓာတ်ယိမ်းယိုင် လှုပ်ရှားလာပါတော့သည်၊ ရသေ့ယောင် လူလယ်ကို စွဲလမ်းတပ်မက် မခွဲနိုင် မခွာရက် ဖြစ်လာသည်၊ သို့ဖြင့် မိမိ၏သဘောကိုလည်း မဝံ့မရဲ ဖွင့်ဖော်ပြောဆိုက်သည်။

"မောင်ရယ်! နှမကလဲပဲ ငြီးငွေ့စိတ်ပျက်နေတာပါပဲ၊ တကယ်လို့သာ မောင်က နှမလေးကို စွန့်ပစ်မထားပါရင် နှမကလဲပဲ လူဝတ်လဲပါတော့မယ်"။

ရဟန်းမ၏စကားကို ကြားရသည့်အခါ ရသေ့ယောင် လူလယ်ကလည်း မိမိဆွဲဆောင် ရာသို့ လိုက်ပါလာသည့်အတွက် သူမအလိုသို့ လိုက်ပါလျက် ဝန်ခံကတိ အပြည့်အဝ ပေးလိုက်သည်။

"လိုက်မှာသာ လိုက်ခဲ့စမ်းပါ နှမရယ်၊ ဘာမှစိုးရိမ်ပူပန်မနေပါနဲ့၊ မောင်က နှမကို ဘယ်မှာ စွန့်ပစ်နိုင်ပါ့မလဲ၊ နှမက မောင်ရဲ့ အိမ်သူသက်ထား ချစ်မယားဖြစ်လာရမှာပေါ့"။

စကားအဆုံးမှာပင် ရသေ့ယောင် လူလယ်က ရဟန်းမကို မြို့တွင်းသို့ ခေါ်ဆောင်လာခဲ့၍ ပေါင်းသင်းနေထိုင်ကြသည်၊ မိုးလင်းသည့်အခါ သူမကို ဝတ်စားဆင်ယင်စေပြီး သည့်နောက် သေသောက်မက္ကာပ်ကို သွားလျက် သူမအား အရက်ခွက်ကို အကိုင်ခိုင်း၍ အရက်သောက်နေခဲ့သည်၊ သို့ဖြင့် နလပိန်းတုံးမှာ ငွေတစ်ထောင် ဆုံးရှုံးရပါတော့သည်။ ဇာတ်-၄-၅၊ ၄၅၉။

၄။ ဝိသဘာဂ(လိင်မတူသူ) တစ်ဦးတစ်ယောက်က ပေးကမ်းလှူဒါန်းသော ဝတ္ထုကို ခံယူသုံးစွဲမှုနှင့် စပ်၍ ဖြစ်ပေါ်လာရသော ရာဂသည် "သမ္ဘောဂသံသဂ္ဂ" မည်၏။

မရိစဝဋ်ဧကျောင်းပူဇော်ပွဲ၌ ၇-နှစ်ရွယ် သာမဏေရီမကလေးတစ်ဦးက ၇-နှစ်ရွယ် သာမဏေကလေး တစ်ဦးအား သပိတ်ခြေတစ်ခု လှူဖူးသည်၊ ယင်းကိုအကြောင်းပြု၍ သူတို့နှစ်ဦးသည် အသက်၆၀-ကျော်မှ လူ့ဘဝကို ရောက်သွားကြရသည်၊ (အကျယ်ကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ၁၆၃-မှာ ရှုပါ။

၅။ လက်စသည်ကို ကိုင်ဆွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသောရာဂသည် "ကာယသံသဂ္ဂ" မည်သည်။

မဟာစေတီရင်ပြင်တော်၌ ရဟန်းငယ်များ စုပေါင်းပြီး ဘုရားဟော ပါဠိတော်ကို ရွတ်ဆိုနေကြသည်၊ ရဟန်းငယ်များ၏ နောက်ဘက်မှာ ရဟန်းမကလေးများ ထိုင်လျက် တရားနာနေကြသည်။

ထိုစဉ် ရဟန်းငယ်တစ်ပါးက မိမိ၏လက်ကို အမှတ်တမဲ့ နောက်သို့ ဆန့်တန်းလိုက်သည်၊ ရဟန်းမကလေးတစ်ဦး၏ကိုယ်ကို ထိမိလျက်သားဖြစ်နေသည်၊ ရဟန်းမကလေးက ရဟန်းကလေး၏လက်ကို ဖမ်းကိုင်ပြီး မိမိရင်ပေါ်မှာ တင်ထား လိုက်သည်၊ ဤမျှသော ရောနှောမှုဖြင့် သူတို့နှစ်ဦးလုံးပင် သိက္ခာကို ပယ်စွန့် လိုက်ကြရပါတော့သည်။

ဤရောနှောခြင်း ငါးပါးတို့တွင် ရဟန်းအချင်းချင်း ကြားခြင်း, မြင်ခြင်း, တွေ့ဆုံစကားပြောခြင်း, ပစ္စည်းကိုသုံးစွဲခြင်း, ကိုယ်ကို သုံးသပ်ကိုင်တွယ်ခြင်းတို့သည် ခြွင်းချက်မရှိ ဖြစ်နိုင်ကြသည်သာ။

ရဟန်းမတို့နှင့်ကား ကြားခြင်း, မြင်ခြင်း, တွေ့ဆုံစကားပြောခြင်း, ပစ္စည်းကို သုံးစွဲခြင်းတို့သည် အကြောင်းအားလျော်စွာ ရံခါ ဖြစ်ရတတ်ပါသည်၊ ကိုယ်ကို သုံးသပ်ကိုင်တွယ်ခြင်းကား လုံးဝ ဖြစ်ခွင့်မရှိပါ။

ဥပါသကာများနှင့်ကား ရဟန်းအချင်းချင်းကဲ့သို့ သံသဂ္ဂငါးပါးလုံးပင် အကြောင်းအားလျော်စွာ ရံခါ ဖြစ်ရတတ်ပါသည်။

ဥပါသိကာမတို့နှင့်မူ ရဟန်းမတို့နှင့်ကဲ့သို့ ကိုယ်ကို သုံးသပ်ကိုင်တွယ်ခြင်းမှတစ်ပါးကြွင်းသောရောနှောခြင်းလေးပါး အကြောင်းအားလျော်စွာ ရံခါ ဖြစ်ရတတ်ပါသည်၊ သို့သော် ကိလေသာ ကာမရာဂ မဖြစ်ရအောင် စိတ်ကို အထူးစောင့်ရှောက်ရန်ကား မိမိ၏တာဝန်သာ ဖြစ်ပါတော့သည်။

၁။ "ဂါဟဂါဟက= ရဟန်းနှင့်ဒါယကာ နှစ်ဦးလုံးကပင် တစ်ဦးကို တစ်ဦးက ကိုယ့်ဘက်သို့ ပါလာအောင် သိမ်းသွင်းဆွဲဆောင်ခြင်း၊

၂။ ဂါဟမုတ္တက= ဒါယကာကသာ သိမ်းသွင်း၍ ရဟန်းက လွတ်ကင်းခြင်း၊

၃။ မုတ္တဂါဟက= ဒါယကာကသာ လွတ်ကင်း၍ ရဟန်းက သိမ်းသွင်းခြင်း၊

၄။ မုတ္တမုတ္တက= ရဟန်းနှင့်ဒါယကာ နှစ်ဦးလုံးပင် (သိမ်းသွင်းမှုကင်း) လွတ်လွတ်ကျွတ်ကျွတ် ဆက်ဆံခြင်း”။

ဤသို့လည်း ရဟန်းတော်များနှင့် ဒါယကာဒါယိကာမတို့၏ ဆက်ဆံရေး လေးမျိုးရှိနေပါသေးသည်။ ထိုတွင်-

၁။ ဒါယကာဒါယိကာမများက ကိုယ်ရေးကိုယ်တာအတွက် ရဟန်းတစ်ပါးကို အာမိသ (အစားအဝတ်စသည်)ဖြင့် ဖြားယောင်းသွေးဆောင် သိမ်းသွင်းလိုသဖြင့် ဆည်းကပ်နေကြသည်၊ကိုးကွယ်နေကြသည်၊ ရဟန်းကလည်း ကိုယ်ဘက်ပါလာအောင် ပန်း,သစ်သီး-စသည်တို့ဖြင့် ဖြားယောင်းသွေးဆောင် သိမ်းသွင်းလိုသဖြင့် သွားလာဝင်ထွက်မှုကို ပြုနေသည်၊ ဤသို့ ပစ္စည်းလာဘ်လာဘကို လိုချင်မက်မော မျှော်လင့်တောင့်တသည့် အတွက် တစ်ဦးကို တစ်ဦးက သိမ်းသွင်းဆက်ဆံနေခြင်းမျိုးသည် “ဂါဟ ဂါဟက” မည်သည်။

ဤဆက်ဆံရေးမျိုးသည် ဒါယကာဒါယိကာမများဘက်မှလည်း မူမမှန်, ရဟန်းဘက်မှလည်း မူမမှန်ချေ၊ နှစ်ဦးနှစ်ဖက်လုံးပင် ပြုပြင်သင့်, ရှောင်ကြဉ်သင့်သော ဆက်ဆံရေးမျိုး ဖြစ်ပေသည်။

၂။ ဆိုခဲ့ပြီးသည်အား‌လျော်စွာ ဒါယကာဒါယိကာမများက ရဟန်းတစ်ပါးကို အာမိသဖြင့် ဖြားယောင်းသွေးဆောင် သိမ်းသွင်းလိုသဖြင့် ဆည်းကပ်ကြသည်၊ ကိုးကွယ်ကြသည်၊ဆက်ဆံကြသည်၊ရဟန်းမူကား အလှူခံပုဂ္ဂိုလ် အနေဖြင့်သာ ရိုးရိုးမှန်မှန် သွားလာဝင်ထွက်မှုကို ပြုသည်၊ ဆက်ဆံသည်၊ ဤသို့ ဒါယကာ ဒါယိကာမတို့ကသာ သိမ်းသွင်း၍, ရဟန်းက သိမ်းသွင်းမှုမှ လွတ်ကင်းခြင်းသည် “ဂါဟ မုတ္တက” မည်၏။

ဤဆက်ဆံရေးသည် ဒါယကာဒါယိကာမများဘက်မှ မူမမှန်စေကာမူ ရဟန်းဘက်မှ မူမမှန်သည်၊ သို့ဖြစ်၍ ဒါယကာဒါယိကာမများဘက်မှ ပြုပြင်သင့် ရှောင်ကြဉ်သင့်သော ဆက်ဆံရေးမျိုး ဖြစ်ပေသည်၊ ရဟန်းသံဃာများနှင့် ဆက်ဆံရာဝယ် ဤဆက်ဆံမှုမျိုး မဖြစ်ရအောင် သာသနာပြု ဒါယကာဒါယိကာမများ အထူးသတိပြုသင့်သည်။

၃။ ဒါယကာဒါယိကာမများက ရဟန်းတစ်ပါးအား အလှူခံအရာမှာထား၍ ဆည်းကပ်ကိုးကွယ်နေကြသည်၊ မိမိတို့၏ စွမ်းအားအလျောက် ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ လှူဒါန်းနေကြသည်၊ ရဟန်းက ကိုယ်ရေးကိုယ်တာအတွက် ပုန်း,သစ်သီး-စသည်တို့ဖြင့် ဖြားယောင်းသိမ်းသွင်းလိုသဖြင့် သွားလာဝင်ထွက်မှုကို ပြုနေသည်၊ ဆက်ဆံနေသည်၊ ဤသို့ ဒါယကာဒါယိကာမတို့က သိမ်းသွင်းမှုမှ လွတ်ကင်း၍, ရဟန်းကသာ သိမ်းသွင်းနေခြင်းသည် “မုတ္တ ဂါဟက” မည်သည်။

ဤဆက်ဆံရေးသည် ဒါယကာဒါယိကာမဘက်မှသာ မူမှန်၍ ရဟန်းတော်ဘက်မှ မူကား မူမမှန်ချေ၊ သို့ဖြစ်၍ ရဟန်းတော်ဘက်မှ ပြုပြင်သင့်, ရှောင်ကြဉ်သင့်သော ဆက်ဆံရေးမျိုးဖြစ်ပေသည်။

၄။ ဒါယကာဒါယိကာမများက ရဟန်းတစ်ပါးအား အလှူခံပုဂ္ဂိုလ် အရာမှာထား၍ ဆည်းကပ်နေသည်၊ ကိုးကွယ်နေသည်၊ ပစ္စည်းလေးပါးတို့ကို စွမ်းအားအလျောက် ထောက်ပံ့ပေးလှူနေသည်၊ ရဟန်းကလည်း စူဠဥပဂ္ဂပါတိယ တိဿမထေရ်ကဲ့သို့ အလှူခံပုဂ္ဂိုလ်အနေဖြင့်သာ ခံယူသုံးဆောင်နေသည်၊ သွားလာဝင်ထွက်မှုကို ပြုနေသည်၊ ဤသို့ ဒါယကာဒါယိကာမများဘက်မှလည်း သိမ်းသွင်းမှု လွတ်ကင်း၍ ရဟန်းဘက် မှလည်း သိမ်းသွင်းမှု လွတ်ကင်းခြင်းသည် "မုတ္တ မုတ္တက" မည်၏။

ဤဆက်ဆံရေးကသာ ဒါယကာဒါယိကာမများဘက်မှလည်း မူမှန်, ရဟန်းတော်ဘက်မှလည်း မူမှန်၍ ပြုပြင်ရန်မလိုသော ဆက်ဆံရေးမျိုးဖြစ်သည်၊ သို့ဖြစ်၍ ဤဆက်ဆံရေးအတိုင်း ဆရာဒါယကာ လိုက်နာကျင့်သုံးခြင်းသည် အကောင်းဆုံးပင်ဖြစ်ပါတော့သည်။

စူဠဥပဂ္ဂပါတိယ တိဿထေရ်ကို ဥပါသိကာမကြီး တစ်ယောက်က ၁၂-နှစ်လုံးလုံး လုပ်ကျွေးလာခဲ့သည်၊ တစ်နေ့မှာ တစ်ရွာလုံး မီးဘေးသင့်၍ အိမ်များလည်း မီးလောင် ကျွမ်းရာ၌ ပါသွားသည်၊ တစ်ရွာလုံး အိုးမဲ့,အိမ်မဲ့ ဖြစ်နေကြသည်။

"ဒကာမကြီး ! ဘယ့်နယ်တုန်း၊ပစ္စည်းဥစ္စာအနည်းငယ်ခန့် မီးဘေးလွတ်အောင် ယူဆောင်ထားနိုင်ကြရဲ့လား?"။

အခြားသူများ ဆည်းကပ်ကိုးကွယ်နေကြသော ရဟန်းများက ရွာထဲကို လာရောက် သတင်းမေးကြသည်၊ ပျူငှါလောကဝတ်စကား အစေ့အစပ်ပြုကြသည်။

"တို့အမေ ကိုးကွယ်ထားတဲ့ ဆရာတော်ကတော့ စားချိန်ကျမှ ကြွလာပါလိမ့်မယ်ဗျာ"။

သတင်းလာမေးကြသည့် ရဟန်းများကို ကိုးကွယ်ဆည်းကပ်နေသူများက ဥပါသိကာမကြီး ကြားလောက်အောင် မဲ့ကာရွဲ့ကာ အချင်းချင်း ပြောဆိုနေကြသည်။

စူဠဥပဂ္ဂပါတိယတိဿမထေရ်လည်း နောက်တစ်နေ့ ဆွမ်းခံကြွလာနေကျအချိန် ရောက်မှသာ ကြွလာခဲ့သည်၊ ဥပါသိကာမကြီးက နံရံရိပ်မှာ မထေရ်ထိုင်ရန်နေရာ ပြင်ဆင်ထားသည်၊ ကိုယ်တိုင်စီမံချက်ပြုတ်၍ ဆွမ်းကိုလည်း ဆက်ကပ်ပေးလှူသည်။

"တို့အမေရဲ့ ဆရာတော်ကတော့ တို့ပြောခဲ့တဲ့အတိုင်းပါပဲ၊ စားချိန်ကျမှ ကြွလာပါတော့တယ်"။

မထေရ်က ဆွမ်းဘဉ်းပေးပြီး၍ ပြန်ကြွသွားချိန်မှာ ထိုလူများက ဥပါသိကာမကြီးကြားအောင် ပြောဆိုလာကြပြန်သည်။

ဤအချိန်မှာမူ ဥပါသိကာမကြီးက သည်းခံ၍ မနေသာတော့ပါ၊ သာသာဖြင့် နာနာပင် ပြန်ပြောလိုက်ပါတော့သည်။

"မင်းတို့ဆရာတော်တွေက မင်းတို့လိုလူမျိုးတွေနှင့်ပဲ တော်ပါတယ်၊ ကျုပ်ဆရာတော်က ကျုပ်နှင့်ပဲ တော်ပါ့တယ်တော်"။

မန္တာဏီပုဏ္ဏားမ၏သား အရှင်ပုဏ္ဏသည်ကား ဤရောနှောခြင်း ငါးပါးတို့ဖြင့် ပရိသတ်လေးပါးနှင့် မရောနှောသည့်အပြင် ဒါယကာဒါယိကာမများက သိမ်းသွင်းသော်လည်း မိမိကလွတ်ကင်းသူ "ဂါဟမုတ္တက", ဒါယကာဒါယိကာမတွေကလည်း လွတ်ကင်း, ကိုယ်ကလည်းလွတ်ကင်းသူ "မုတ္တမုတ္တက" ပုဂ္ဂိုလ်မျိုးသာ ဖြစ်နေပါသည်။

မိမိကိုယ်တိုင်က မရောနှောသကဲ့သို့ ထို့အတူ ရဟန်းများအားလည်း မရောနှောရန် တရားစကားကို ဟောပြောနေပါသည်။

ထက်သောလုံ့လ ထကြွလုံ့လဝီရိယကို အလေးဂရု ပြုသူသည် ထက်သောလုံ့လရှိသူ မည်၏၊ "ကိုယ်၌ဖြစ်သော လုံ့လနှင့်လည်း ပြည့်စုံသည်၊ စိတ်၌ ဖြစ်သော လုံ့လနှင့်လည်း ပြည့်စုံသည်"ဟု ဆိုလိုပါသည်။

ရဟန်းတစ်ပါးသည် သွားနေတုန်းမှာ ဖြစ်ပေါ်လာသော ကိလေသာကို ရပ်ခြင်းသို့ ရောက်ခွင့်မပေး၊ ရပ်နေတုန်းမှာဖြစ်ပေါ်လာသော ကိလေသာကို ထိုင်ခြင်းသို့ ရောက်ခွင့် မပေး၊ ထိုင်နေတုန်းမှာ ဖြစ်ပေါ်လာသော ကိလေသာကို အိပ်ခြင်းသို့ ရောက်ခွင့် မပေး၊ ဆေးဝါးမန္တရားဖြင့် မြွေဟောက်ကို ညှဉ်းပန်းနှိပ်စက် ဖမ်းယူ သကဲ့သို့လည်းကောင်း၊ ရန်သူကို လည်ပင်း၌ ဖိနင်းထားသကဲ့သို့လည်ကောင်း ပြုကျင့်နေသည်၊ ဤရဟန်းမျိုးသည် ထက်သော လုံ့လဝီရိယရှိသူ မည်ပါသည်။

အရှင်ပုဏ္ဏမထေရ်သည် ကိုယ်တိုင်လည်း ထိုသို့ သဘောရှိသည့်အပြင် ရဟန်းတို့ အားလည်း အားထုတ်လုံ့လဝီရိယနှင့် စပ်သောစကားကို ပြောဟောတတ်ပါသည်။

သီလသမာ ။ပ။ ဝိမုတ်ဉာဏာ 'ကိုယ်တိုင်လဲ သီလနှင့် ပြည့်စုံတယ်'စသော စကားရပ်၌ စတုပါရိသုဒ္ဓိသီလသည် "သီလ" မည်၏၊ ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်ရှစ်ပါးသည် "သမာဓိ"မည်၏၊ လောကီလောကုတ္တရာ ဉာဏ်သည် "ပညာ"မည်၏၊ ယင်းကိုပင် သိက္ခာသုံးပါး ခေါ်သည်၊ အရိယာဖိုလ်သည် "လွတ်မြောက်မှု" မည်၏၊ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်သည် "ပစ္စဝေက္ခဏာဉာဏ်" မည်၏။

အရှင်ပုဏ္ဏသည် ကိုယ်တိုင်လည်း ယင်းသီလစသည်တို့နှင့် ပြည့်စုံသည့်အပြင် ရဟန်းတော်များအားလည်း ယင်းသီလစသည်တို့နှင့်စပ်သော တရားစကားကို ပြောဟော တော်မူတတ်ပေသည်။

ဤနေရာဝယ် သိက္ခာသုံးပါးကို ဆက်လက်လေ့လာသင့်ပါသည်၊ ယင်းသို့ လေ့လာ ထားမှသာ ပြဆိုခဲ့ပြီးသောစကားရပ်များနှင့် နောက်ပြဆိုမည့် စကားရပ်မျာ်းကို အလွယ်တကူ မှတ်ယူနားလည်နိုင်ပါလိမ့်မည်။

သိက္ခာသုံးပါး

၁။ အဓိသီလသိက္ခာ= သာလွန်ထူးမြတ်သော ပါတိမောက္ခသံဝရသီလအကျင့်၊

၂။ အဓိစိတ္တသိက္ခာ= လွန်ကဲမြင့်မြတ်သောဝိပဿနာ၏အခြေခံ သမာပတ္တိစိတ် (ရှစ်ပါး) ဟူသောအကျင့်၊

၃။ အဓိပညာသိက္ခာ= လွန်ကဲမြင့်မြတ်သော ဝိပဿနာပညာ ဟူသောအကျင့်။

သီလ + အဓိသီလ

ငါးပါး,ရှစ်ပါး,ဆယ်ပါးသီလတို့သည် သီလမျှသာ မည်ကြသည်၊ အဓိသီလ မမည်ကြပေ၊ ယင်း သီလတို့သည် ဘုရားပွင့်တော်မူသည့် အခါမှာလည်း ရှိနိုင်သည်၊ ဘုရားပွင့်တော်မမူသည့် အခါမှာလည်း ရှိနိုင်သည်၊ ဘုရားပွင့်တော်မူသည့် အခါမှာ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့က ယင်းသီလများ၌ လူအပေါင်းကို ဆောက်တည်စေကြသည်၊ဘုရားပွင့်တော်မမူသည့်အခါမှာကား ပစ္စေကဗုဒ္ဓါအရှင်မြတ်များ, ကမ္မဝါဒီ(ကံရှိတယ်-ဟု အယူရှိကြသည့်) တရားစောင့်သော သမဏဗြာဟ္မဏများ စကြဝတေးမင်းများနှင့် ဘုရားအလောင်းတော်တို့က ဆောက်တည်စေကြသည်၊ ပညာရှိသမဏ ဗြာဟ္မဏတို့က ကိုယ်တိုင်လည်း ဆောက်တည်ကြသည်၊ ပညာရှိ သမဏ ဗြာဟ္မဏတို့သည် ယင်းကုသိုလ်ကို ဖြည့်ကျင့်ကြ၍ နတ်ပြည်လူ့ပြည်တို့၌ စည်းစိမ်ချမ်းသာကို ခံစားကြရသည်။

ပါတိမောက္ခသံဝရသီလမူကား အကြွင်းအကျန်မရှိသော ကိုယ်စောင့်စည်းမှု,နှုတ်စောင့်စည်းမှု ဖြစ်သောကြောင့်လည်းကောင်း, မဂ္ဂသီလ၏ နီးသောအကြောင်းဖြစ်သော ကြောင့်လည်းကောင်း “အဓိသီလ”(သာလွန်ထူးမြတ်သောသီလ)မည်သည်။

ဤသည်မှာ ဆိုသင့်ဆိုထိုက်သော စကားပင်ဖြစ်ပါသည်၊ အလင်းရောင်တို့တွင် နေရောင်သည် သာလွန်ထူးမြတ်သကဲ့သို့လည်းကောင်း, တောင်တို့တွင် မြင်းမိုရ်တောင် သည်သာလွန်ထူးမြတ်သကဲ့သို့လည်းကောင်း ထို့အတူ ဤပါတိမောက္ခသံဝရသီလ သည်လည်း အလုံးစုံသော သီလတို့တွင် သာလွန်ထူးမြတ်လှပေသည်။

ထို့ပြင် ဤပါတိမောက္ခသံဝရသီလသည် ဘုရားပွင့်တော်မူသည့် ခေတ်အခါမှာသာ ဖြစ်သည်၊ ဘုရားပွင့်တော်မမူသည့် ခေတ်အခါမျိုးမှာမူကား မဖြစ်နိုင်ချေ။

ယင်း “ပါတိမောက္ခသံဝရသီလ”ဟူသော ဝိနည်းပညတ်တော်ကို ဘုရားရှင်မှ တစ်ပါး အခြားပုဂ္ဂိုလ်က ထုတ်ဖော်ပညတ်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဘုရားရှင်တို့ကသာ အဖက်ဖက်မှပြည့်စုံအောင် ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော လွန်ကျူးမှုအလျဉ်ကို ဖြတ်တောက်၍ ထိုထိုကျူးလွန်ခြင်းအား လျော်ပတ်သော ယင်း စောင့်စည်းကြောင်းသီလကို ပညတ်တော်မူကြပေသည်၊ ထို့ကြောင့်ပင် ဘုရားရှင်ပွင့်တော်မမူသည့်ခေတ်အခါမျိုးမှာ မဖြစ်နိုင်ချေ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံကြသည်သာပင်၊သို့ဖြစ်စေကာမူ ယင်းပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့နှင့် စပ်လျဉ်း၍ ပါတိမောက္ခသံဝရသီလသည် ကျယ်ကျယ်ပြန့်ပြန့် မဖြစ်နိုင်ချေ၊ ကိုယ်တိုင်ကျင့်သုံးရုံမျှသာဖြစ်ပေသည်၊ “ဒီဝတ္ထုမျိုးကို လွန်ကျူးရင် ဒီအပြစ်သင့်စေ”ဟု ပညတ်တော်မူခြင်းသည် ဘုရားရှင်မှ တစ်ပါး အခြားသူတို့၏ အရာမဟုတ်ချေ၊ ဘုရားရှင်တို့၏ အရာသာဖြစ်ပေသည်၊ ထို့ကြောင့် ပါတိမောက္ခသံဝရသီလ၏ ဘုရားပွင့်တော်မမူသည့် ခေတ်အခါ မျိုးဝယ် မဖြစ်နိုင်သည့်အကြောင်းမှာ သိသာထင်ရှားလှပါတော့သည်။

ပါတိမောက္ခသံဝရသီလထက်လည်း မဂ်,ဖိုလ်နှင့်ယှဉ်သော (လောကုတ္တရာ)သီလကသာ မုချအားဖြင့် အဓိသီလမည်ပေသည်။

စိတ္တ+အဓိစိတ္တ ကာမာဝစရစိတ်ရှစ်ပါး, လောကီသမာပတ်စိတ်ရှစ်ပါး(ရူပါဝစရ အရူပါဝစရစိတ် ရှစ်ပါး)တို့သည် စိတ္တသာ မည်ပေသည်၊ အဓိစိတ္တ မမည်ချေ၊ ထိုစိတ်များသည် ဘုရားပွင့်တော်မမူသည့် အခါမှာလည်း ဖြစ်နိုင်သည်၊ ဘုရားပွင့်တော်မူသည့် အခါမှာလည်း ဖြစ်နိုင်သည်၊ ဘုရားပွင့်တော်မမူသည့်အခါမှာ သီလ၌ ဆိုခဲ့ပြီးသည့်အတိုင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်စသူတို့က ယင်းစိတ္တမှာ လူအပေါင်းကို ဆောက်တည်စေကြသည်၊ ဘုရားပွင့်တော်မူသည့် အခါမှာမူ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့က ဆောက်တည်စေကြသည်၊ ပညာရှိများကိုယ်တိုင်လည်း ဆောက်တည်ကြသည်သာ။

ဝိပဿနာ၏အခြေခံဖြစ်သော သမာပတ်ရှစ်ပါးတို့သည်ကား မဂ္ဂသမာဓိ၏တည်ရာ ဖြစ်သောကြောင့် “အဓိစိတ္တ”(သာလွန်ထူးမြတ်သောစိတ်) မည်ပေသည်၊ ရှင်းလင်းသိသာအောင် ထပ်ဆင့်ပြဆိုရပါမူ= သီလတို့တွင် ပါတိမောက္ခသံဝရသီလသည် ထူးမြတ်သကဲ့သို့, ထို့အတူ ဝိပဿနာ၏အခြေခံဖြစ်သော သမာပတ်စိတ် ရှစ်ပါးသည် လောကီစိတ် အကုန်လုံးတို့တွင် သာလွန်ထူးမြတ်လှပေသည်။

ယင်းဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်စိတ် ရှစ်ပါးသည် ဘုရားပွင့်တော်မူရာ အချိန်အခါမျိုးမှာသာ ဖြစ်နိုင်ပေသည်၊ ဘုရားပွင့်တော်မမူရာ အချိန်အခါမျိုးမှာ မဖြစ်နိုင်ချေ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့မှာ ဝိပဿနာ၏ အခြေခံ သမာပတ်စိတ်ရှစ်ပါး ဖြစ်သည်သာပင်၊ သို့တစေ- ယင်းပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် ထိုစိတ်၌ အခြားသူများကို မဆောက်စေနိုင်ကြပေ။ သို့ဖြစ်ရကား ယင်းပစ္စေကဗုဒ္ဓါအရှင်မြတ်များနှင့် စပ်လျဉ်း၍ ထိုစိတ်မျိုး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ခွင့်မရှိနိုင်ပါ၊ ထို့ကြောင့်ပင် "ဘုရားပွင့်တော်မမူရာ အချိန်အခါမျိုးမှာ မဖြစ်နိုင်ချေ"ဟု ဆိုရပေသည်၊ အဓိပ္ပာယ်ကား ဘုရားပွင့်တော်မမူရာ အချိန်အခါမျိုးမှာ မဖြစ်နိုင်ကြောင်းကိုလည်း ဤသဘောသွားအတိုင်းပင် မှတ်သင့်သည်။

ယင်းဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်စိတ်ရှစ်ပါးထက်လည်း မဂ်စိတ်, ဖိုလ်စိတ်(လောကုတ္တရာစိတ်)တို့ကသာ မုချအားဖြင့် "အဓိစိတ္တ"မည်ပေသည်။

ပညာ+အဓိပညာ

ကံသာ ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်းကို သိသော ကမ္မသကတာဉာဏ်သည် "ပညာ"မည်၏၊ ဤသည်မှာ 'ကမ္မသကောမှိ ကမ္မဒါယာဒေါ' စသော ပါဠိတော်နည်းဖြစ်သည်။

အကျိုးမဲ့ကို ဖျက်ဆီးတတ်, အကျိုးစီးပွားကို ဖြစ်စေတတ်သောကြောင့် ကုသိုလ်၊ ကံသည် ကိုယ့်ဥစ္စာဖြစ်သော ကံမည်၏၊ အကျိုးစီးပွားကို ဖျက်ဆီးတတ်, အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့် အကုသိုလ်ကံသည် ကိုယ့်ဥစ္စာ မဟုတ်သော ကံမည်၏၊ ဤသို့ (ကိုယ့်ဥစ္စာဟုတ်သောကံနှင့် ကိုယ့်ဥစ္စာမဟုတ်သောကံကို) ခွဲခြား သိတတ်သော ကမ္မသကတာဉာဏ်သည် ပညာမည်၏၊ ဤသည်မှာ အဋ္ဌကထာနည်း, ဋီကာနည်း ဖြစ်သည်။

ဤသို့ ခွဲခြားသိမြင်တတ်သော ကမ္မသကတာဉာဏ်၌တည်လျက် အများအပြား အလှူပေးမှု သီလဖြည့်ကျင့်မှု, ဥပုသ်ဆောက်တည်မှုတို့ကို ပြုလုပ်၍ အဆင့်ဆင့်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားကြပြီး နိဗ္ဗာန်သို့ ရောက်သွားသော သတ္တဝါများမှာ ရေတွက်ပိုင်းခြား၍ပင် ရနိုင်စရာ မရှိတော့ချေ။

ဤကမ္မသကတာဉာဏ်ပညာသည် ဘုရားပွင့်တော်မမူသော ခေတ်အခါမှာလည်း ဖြစ်နိုင်သည်၊ ဘုရားပွင့်တော်မူသော ခေတ်အခါမှာလည်း ဖြစ်နိုင်သည်၊ ဘုရားပွင့်တော်မမူသော ခေတ်အခါမှာ ပစ္စေကဗုဒ္ဓါ, ကမ္မဝါဒီဖြစ်၍ တရားစောင့်သော သမဏဗြာဟ္မဏ, စကြဝတေးမင်းနှင့် ဘုရားအလောင်းတော်တို့က ဤပညာမှာ လူအများကို ဆောက်တည်စေကြသည်၊ ဘုရားပွင့်တော်မူသော ခေတ်အခါမှာမူဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့က ဆောက်တည်စေကြသည်၊ ပညာရှိပုဂ္ဂိုလ်များက ကိုယ်တိုင်လည်း ဆောက်တည်ကြသည်သာ ဖြစ်ပါသည်။

ထို့ကြောင့်ပင် အကံ်ရမင်းသားသည် နှစ်ပေါင်းတစ်သောင်း ကာလပတ်လုံး ကြီးကျယ်သော အလှူကို ပေးလှူခဲ့သည်၊ ဝေလာမပုဏ္ဏား, ဝေဿန္တရာမင်းနှင့် အခြားလူပညာရှိ အများအပြားတို့လည်း ကြီးကျယ်သောအလှူကို ပေးလှူခဲ့ကြသည်၊ ထိုလူပညာရှိတို့သည် ယင်းကုသိုလ်တရားကို ဖြည့်ကျင့်ကြ၍ နတ်လူတို့၌ စည်းစိမ်ချမ်းသာကို စံစားကြရသည်။

"အနိစ္စတာ,ဒုက္ခတာ,အနတ္တတာ"ဟူသော လက္ခဏာသုံးပါး၏ အခြင်းအရာကို ပိုင်းခြားတတ်သော ဝိပဿနာဉာဏ်မူကား မဂ်ပညာ၏ တည်ရာဖြစ်သောကြောင့် "အဓိပညာ"(သာလွန်ထူးမြတ်သောပညာ)မည်သည်။

ရှင်းလင်းသိသာရုံမျှ ထပ်ဆင့်ပြပါဦးမည်၊ အဓိသီလ, အဓိစိတ္တတို့သည် သီလ, စိတ္တတို့တွင် သာလွန်ထူးမြတ်သကဲ့သို့ ထို့အတူ ဤဝိပဿနာပညာသည်လည်း လောကီပညာ အကုန်လုံးတို့တွင် သာလွန်ထူးမြတ်လှပေသည်။

ဤဝိပဿနာပညာသည် ဘုရားပွင့်တော်မူရာ ခေတ်အခါမျိုးမှာသာ ဖြစ်နိုင်ပေသည်၊ ဘုရားပွင့်တော်မမူရာ ခေတ်အခါမျိုးမှာမူ မဖြစ်နိုင်ချေ။

ဤဝိပဿနာပညာထက်လည်း မဂ်ပညာ, ဖိုလ်ပညာ(လောကုတ္တရာပညာ)ကသာ မုချအားဖြင့် အဓိပညာ မည်ပါပေသည်။ ပါရာ-၄-၁၊ ၂၀၈။ သာ-ဋီ-၂၊ ၆၀။

မမေ့လျော့ မပေါ့ဆသင့်

၁။ တရားကို ကိုယ်တိုင်ကျင့်ပြီးမှ သူတစ်ပါးအား ဟောပြောရမည်၊ သူများကို ပြုပြင်လိုသူသည် မိမိကိုယ်တိုင် တိတိကျကျ စံပြအနေဖြင့် ကျင့်သုံးနေထိုင်ပြရမည်၊

၂။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေဘဲ အပွမာဒ(သတိ)တရားနှင့် ပြည့်စုံရမည်။-

ဟူသော သာသနာပြုပုဂ္ဂိုလ်များ အရေးတကြီး လိုက်နာရမည့် အခြေခံကျင့်ဝတ် နှစ်ခုအနက် ပထမကျင့်ဝတ်ကို အထိုက်အလျောက် ပြဆိုခဲ့ပါပြီ၊ ယခု ဒုတိယကျင့်ဝတ်ကို ဆက်လက်ပြဆိုပါဦးမည်။

ရဟန်းသာမဏေများသည် ဒါယကာဒါယိကာမများလှူဒါန်းသော ပစ္စည်းလေးပါးနှင့် ကင်းကွာ၍ မဖြစ်နိုင်ချေ၊ ရဟန်းသာမဏေသာ စစ်မှန်ပါက ဒါယကာဒါယိကာမများ စွန့်ကြဲပေးကမ်း လှူဒါန်းသော ပစ္စည်းလေးပါးကို သုံးစွဲရမည်သာ ဖြစ်ပါပေသည်။

ယင်းသို့ ဒါယကာဒါယိကာမတွေက ပေးလှူ, ရဟန်းသာမဏေတွေက ခံယူကြသည့်ကိစ္စမှာ ဒါယကာဒါယိကာမတွေက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား

ရေးနှင့် မိမိတို့၏အလှူ အကျိုးကြီးမားဖွံ့ဖြိုးရေးကို ရည်ရွယ်မျှော်မှန်းကြပေလိမ့်မည်၊ လိုလားတောင့်တကြပေလိမ့်မည်။

ယင်းသို့ဖြစ်ခဲ့ပါလျှင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ် လေးမျိုးတို့အနက် "ဒါယကာ ဒါယိကာမတွေဘက်မှ တာဝန်ကျသည်"ဟုပင် ဆိုသင့်ပါသည်၊ ရဟန်းသာမဏော အတွက်မျှသာ ကျန်နေပါတော့သည်၊သို့ဖြစ်၍ အလှူခံရဟန်းသာမဏောများက မမဲ့လျော့ခြင်း ပမာဒတရားကို ပယ်ရှား၍, အပွမာဒ သတိတရားနှင့် ပြည့်စုံကြရမည်၊ ရဟန်းသာမဏော များက ယင်းသို့ အပွမာဒ သတိတရားနှင့် ပြည့်စုံနေကြပါလျှင် "ရဟန်းသာမဏောများ ဘက်မှလည်း တာဝန်ဝကျသည်"ဟုပင် ဆိုသင့်ပါတော့သည်။

ယင်းသို့ ဆိုရခြင်း၏ အကြောင်းကိုပင် ထပ်ဆင့်ပြဆိုပါဦးမည်၊ ပမာဒတရားသည် သာသနာဖျက်တရားတို့တွင် ထိပ်ဆုံးမှ ပါဝင်နေသည်၊ ပမာဒတရားထက် သာလွန်သော သာသနာဖျက်တရားကား မရှိနိုင်သည်သာ။

"ရဟန်းတို့ ! မမဲ့လျော့ခြင်း ပမာဒတရားကဲ့သို့ သာသနာတော်ကို ဖျက်ဆီးတတ်, ကွယ်ပျောက်စေတတ်သော အခြားတရား တစ်စုံတစ်ခုကိုမျှ ငါဘုရား မြင်တော်မမူပေ၊ ရဟန်းတို့ !မမဲ့လျော့ခြင်း ပမာဒတရားသည် သာသနာတော်ကို ဖျက်ဆီးတတ်, ကွယ်ပျောက်စေတတ်သည်"။ အံ-ပါ-၁၊ ၁၇။

ဤသို့လည်း ဘုရားရှင်က ဟောဖော်ညွှန်ပြထားပါသည်။

မမဲ့လျော့ခြင်း အပွမာဒ သတိတရားမူကား သာသနာတော်ကို တိုးတက်စေ တတ်သည်၊ တည်တံ့စေတတ်သည်၊ စည်ပင်ပြန့်ပွားစေတတ်သည်၊ သာသနာ့ဝန်ဆောင် ရဟန်းရှင်လူ အကုန်သူတို့က အပွမာဒသတိတရားနှင့် ပြည့်စုံနေကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ဘေးရန်ကင်းကွာ တိုးတက်တည်တံ့ပြန့်ပွား စည်ကားလာစရာသာ ရှိပေသည်၊ ဆုတ်ယုတ်ပျက်ပြား ကွယ်ပျောက်သွားစရာ မရှိတော့ချေ။

"ရဟန်းတို့ ! မမဲ့မလျော့ခြင်း အပွမာဒတရားကဲ့သို့ သာသနာတော် တည်တံ့စေတတ်, မပျက်စီး မကွယ်ပျောက်စေတတ်သောတရား တစ်စုံတစ်ခုကိုမျှ ငါဘုရား မြင်တော်မမူပေ၊ ရဟန်းတို့ !မမဲ့မလျော့ခြင်း အပွမာဒသတိတရားသည် သာသနာတော်ကို တည်တံ့စေနိုင်သည်၊ မပျက်စီးမကွယ်ပျောက်အောင် ဆီးတား နိုင်သည်"။ အံ-ပါ-၁၊ ၁၇။

ဤသို့လည်း ဘုရားရှင်က ဟောဖော်ညွှန်ပြထားပါသေးသည်။

ထို့ပြင် ဘုရားရှင်က ရဟန်းတော်များအား "အပွမာဒေန ဘိက္ခဝေ သမ္မာဒေထ ရဟန်းတို့ ! သင်တို့တစ်တွေဟာ အပွမာဒသတိဖြင့် သိက္ခာသုံးပါးကို ပြီးစေကြရမည်"

စသောသြဝါဒစကားတော်ကို အနည်းဆုံး တစ်နေ့မှာတစ်ကြိမ် မိန့်တော်မူခဲ့ပါသည်၊ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးမှာလည်း နောက်ဆုံးမှာတမ်းအနေဖြင့် -

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

"ရဟန်းတို့ ! တိုက်တွန်းပါရစေ-၊ ယခု သင်တို့ကို ငါဘုရား အသိပေးနေတယ်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဆိုတာဟာ ပျက်စီးခြင်းသဘော ရှိကြတယ်၊ (ဒါ့ကြောင့်) သင်တို့တစ်တွေက အပ္ပမာဒသတိနဲ့ သိက္ခာသုံးပါးကို ပြီးစေကြရမယ်"။

ဤသို့ အပ္ပမာဒသတိကိုပင် အထွတ်တင် မိန့်ကြားတော်မူခဲ့ပါသည်၊ သို့ဖြစ်၍ "ရဟန်းသာမဏော"ဟု ဖြစ်လာပါက အပ္ပမာဒသတိနှင့် မကင်းကွာသင့်ပါ၊ သာသနာ့ဝန်ဆောင် ဒါယကာဒါယိကာမများလည်း အပ္ပမာဒသတိကိုပင် လက်ကိုင်ထားသင့်ပါသည်၊ ထို့ကြောင့်ပင် သီလခံယူမှု-စသည်ကို ပြုကြရသည့်အခါမျိုးမှာ ရဟန်းတော်များက အပ္ပမာဒေန သမ္ပာဒေထ(အပ္ပမာဒသတိနဲ့ မိမိတို့ရဲ့ သရဏဂုံသီလကို အပြည့်အဝ စောင့်ထိန်းကြရမယ်၊) စသည်ဖြင့် သတိပေးစကား မိန့်ကြားနေကြရသည် မဟုတ်ပါလား?။

ထို့ပြင် နိဂြောဓသာမဏေသည် "အပ္ပမာဒေါ အမတံ ပဒံ" စသော အပ္ပမာဒဒေသနာတော်ဖြင့်ပင် သာသနာပတိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်နေရသော အသောကမဟာရာဇာကို ပရိသတ်နှင့်တကွ သရဏဂုံငါးပါးသီလမှာ တည်စေ၍ ပုထုဇဉ်တို့၏ဥစ္စာဖြစ်သော ကြည်ညိုခြင်းဖြင့် မတုန်လှုပ် မယိမ်းယိုင်အောင် ကြည်ညိုစေခဲ့သည်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ကိုင်နိုင်သည့် အဆင့်ရောက်အောင် မြေတောင်မြှောက်ပေးခဲ့သည်။ (အကျယ်ကို ပါရာ-၄-၁၊ ၃၆-မှာ ရှုပါ။)

ရှင်မဟိန္ဒထေရ်က သီဟိုဠ်ကျွန်းသို့ ကြွ၍ သာသနာပြုတော်မူသည့် အခါမှာလည်း ခုနစ်ရက်မြောက်နေ့မှာ နန်းတော်တွင်း၌ ဒေဝါနံပိယတိဿမင်းအား အပ္ပမာဒသုတ်ကို ဟောတော်မူပါသည်။ (အံ-ပါ-၂၊ ၃၁၉။ အံ-ပါ-၃၊ ၂၇၃။-တို့မှာ ပါရှိသော သုတ်များပင် ဖြစ်ဖွယ်ရာရှိပါသည်။)

အရှင်အရဟံက ပုဂံပြည်ကို ကြွရောက်လျက် သာသနာပြုတော်မူသည့် အခါမှာလည်း အရည်းကြီးတို့ကို ကိုးကွယ်နေရသော အနော်ရထာအား "အပ္ပမာဒေါ အမတံ ပဒံ" စသောတရားတော်ဖြင့်ပင် သာသနာ့ဒါယကာ ဖြစ်စေ၍ မြန်မာနိုင်ငံအတွင်း သာသနာတော်ရောင် ထွန်းလင်းတောက်ပြောင်စေခဲ့သည်။

ဤသို့လျှင် အပ္ပမာဒသတိသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် သာသနာ့ဝန်ဆောင် ရဟန်းရှင်လူတို့၏ အဖော်မွန် ဖြစ်နေပါတော့သည်။

အပွမာဒသတိ အမြဲရှိနေသော ရဟန်းသာမဏေသည် အဓိသီလသိက္ခာကိုလည်း ပြည့်စေနိုင်သည်၊ အဓိစိတ္တသိက္ခာကိုလည်း ပြည့်စေနိုင်သည်၊ အဓိပညာသိက္ခာကိုလည်း ပြည့်စေနိုင်သည်၊ သို့ဖြစ်၍ ပမာဒနှင့် အပွမာဒသဘောကို အနည်းငယ် ဆက်လက် ပြဆိုပါဦးမည်။

ပမာဒ

"ပမာဒ"ဟူသည် မေ့လျော့ပေါ့ဆခြင်း, သတိကို စွန့်လွှတ်ထားခြင်းပင် ဖြစ်သည်၊ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း, အကုသိုလ်တရားတို့၌ စိတ်ကို လွှတ်ပေးခြင်းကိုပင် "ပမာဒ"ဟု ဆိုရသည်၊ တရားကိုယ်အားဖြင့်ကား မေ့လျော့ပေါ့ဆမှု အကုသိုလ်တရားစုပင်တည်း။

သို့ဖြစ်၍ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, ကာမဂုဏ်ငါးပါး အကုသိုလ်တရားစုမှာ သတိဖြင့် မနှိပ်ကွပ်ဘဲ စိတ်ကို လွှတ်ထားခြင်း, အမျက်ထွက်မှု၌ စိတ်ကို လွှတ်ပေးခြင်း, ရန်ငြိုးဖွဲ့မှု-စသည်တို့၌ စိတ်ကို လွှတ်ပေးခြင်း, သတိကင်းခြင်းကို "ပမာဒ"ဟု ခေါ်သည်။

ဒါနစသော ကုသိုလ်တရားတို့ကို ပြုလုပ်သည့်အခါ အလွန်ခံပုဂ္ဂိုလ်ကိုဖြစ်စေ, လွန်ဖွယ်ဝတ္ထုကိုဖြစ်စေ မရိုမသေ ပြုလုပ်ခြင်း, ဒါနစသောကုသိုလ်တရားတို့ကို စွဲစွဲမြဲမြဲ မပြုလုပ်ခြင်း, တည်တံ့စွာ မပြုလုပ်ခြင်း, ကုသိုလ်လုပ်ရန် တွန့်ဆုတ်ခြင်း, တက်တက်ကြွကြွ ပြုလုပ်လိုသောဆန္ဒ မရှိခြင်း, စိတ်ဆုတ်နစ်ခြင်း, ကုသိုလ်ပြုရာ၌ တည်တံ့မှု မရှိခြင်း, ထပ်ဖန်တလဲလဲ အားမထုတ်ခြင်း စသည်တို့ကိုလည်း"ပမာဒ"ဟုပင် ခေါ်ရပါတော့သည်။

"ကာယဒုစရိုက်မှာဖြစ်စေ, ဝစီဒုစရိုက်မှာဖြစ်စေ, မနောဒုစရိုက်မှာဖြစ်စေ, ကာမဂုဏ်ငါးပါးမှာဖြစ်စေ စိတ်ကိုလွှတ်ထားခြင်း, အဖန်ဖန်လွှတ်ထားခြင်း, ကုသိုလ်ဖြစ်စေရန် ရိုရိုသေသေ မပြုခြင်း, တွန့်ဆုတ်ခြင်း, မရပ်မနား မပြုခြင်း, ကုသိုလ်ပြုလိုသောဆန္ဒ မရှိခြင်း, ကာဝန်မဲ့ နေခြင်း, ကုသိုလ်တိုးပွားအောင် မလုပ်ခြင်း, ထပ်ဖန်တလဲလဲ မပြုလုပ်ခြင်း, စွဲစွဲမြဲမြဲ တည်တည်တံ့တံ့ မပြုလုပ်ခြင်း, အဖန်ဖန် အားမထုတ်ခြင်း, မေ့လျော့ခြင်းကိုလည်း 'ပမာဒ'ဟု ဆိုသင့်သည်၊ အလားတူ မေ့လျော့ခြင်း အမျိုးမျိုးကိုလည်း 'ပမာဒ'ဟုပင် ဆိုသင့်သည်"။
အဘိ-ဝိဘင်း-ပါ၊ ၃၆၃။

ဤသို့လည်း ဘုရားရှင်က ဟောဖော်ညွှန်ပြထားပါသေးသည်။

အပွမာဒ

'အပွမာဒ'ဟူသည်မှာ မမေ့မလျော့ခြင်းပင် ဖြစ်သည်၊ ယင်းအပွမာဒကို ပမာဒ၏ ဆန့်ကျင်ဘက်အားဖြင့် (ပြန်ဘက်အားဖြင့်) မှတ်ယူသင့်သည်၊ တရားကိုယ်အားဖြင့်ကား သတိမကင်းကွာခြင်းပင်တည်း၊ ယင်း သတိမကင်းကွာခြင်းဟူသည်မှာလည်း အာရုံ၌ အမြဲကပ်၍ တည်နေသော သတိပင်ဖြစ်သည်။

"ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းဟူသော တရားတစ်မျိုးကို ပွားများပါလျှင်, ကြိမ်ဖန်များစွာ လေ့လာပြုလုပ်ပါလျှင် မျက်မှောက်အကျိုးစီးပွား,တမလွန်အကျိုးစီးပွားဟူသော အကျိုးစီးပွား နှစ်မျိုးကို ရရှိနိုင်ပါသည်"။ ဣတိ-ပါ၊ ၂၀၆။

ဘုရားရှင်က ဤသို့ အပွမာဒနှင့်စပ်လျဉ်း၍ ပွားများမှု(ဘာဝနာ)သဘောကို ဟောတော်မူထားပါသော်လည်း ဗုဒ္ဓါနုဿတိဘာဝနာ စသည်တို့ကဲ့သို့ အပွမာဒဘာဝနာ မည်သော သီးခြားပွားများစရာ ဘာဝနာတစ်မျိုး မရှိချေ၊ ကုသိုလ်ကောင်းမှု အကုန်လုံးကို ပြုလုပ်ခြင်းသည်ပင်လျှင် "အပွမာဒဘာဝနာ" မည်ပါတော့သည်။

အထူးအားဖြင့်မူကား ဝဋ်ကင်းပြတ်ရာ နိဗ္ဗာန်ကိုမှီသော သရဏာဂုံနှင့် ကိုယ်စောင့်စည်းမှု, နှုတ်စောင့်စည်းမှုကို အစပြု၍ အလုံးစုံသော သီလကို ဖြစ်စေခြင်း, အလုံးစုံသော သမာဓိကိုဖြစ်စေခြင်း, အလုံးစုံသော ပညာကိုဖြစ်စေခြင်း,(သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်း), အလုံးစုံ အပြစ်မရှိသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းသည် "အပွမာဒဘာဝနာ" မည်သည်။

'အပွမာဒ'ဟူသော ဤစကားသည် များသော အနက်သဘောကို ပြနိုင်ပေသည်၊ များသောအနက်သဘောကို သိမ်းပိုက်၍ တည်နေပေသည်၊ ဤသည်မှာ ဆိုသင့်သော စကားပင် ဖြစ်ပါသည်၊ ဘုရားဟော ပိဋကတ်သုံးပုံ အကုန်လုံးကို ဆောင်ယူပြောဆိုပါသော်လည်း 'အပွမာဒ'ဟူသော စကားတစ်ခွန်းတည်းမှာပင် သက်ဝင်လာရပေသည်၊ ထို့ကြောင့် ဘုရားဟောစကားတော်ဖြစ်သော ပိဋကတ်သုံးပုံ အကုန်လုံးကိုဆောင်၍ အပွမာဒ အနက်သဘောကို ဖွင့်ဖော်ပြောဆိုနေသော ဓမ္မကထိကကို "မဆီမဆိုင်ပြောဆိုနေသူ, ရွာလွန် ရွက်တိုက်နေသူ" (အတိတ္ထေန ပက္ခန္ဒော)ဟု မဆိုသင့်ပါ။

ထို့ကြောင့်ပင် ဘုရားရှင်က ကုသိနာရုံပြည် အင်ကြင်းပင်အစုံတို့၏ အကြားဝယ် ပရိနိဗ္ဗာန် ပြုကာနီးအချိန်မှာ လဲလျောင်းတော်မူလျက် ဘုရားဖြစ်တော်မူသည်မှစ၍ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောတော်မူခဲ့သမျှ တရားအကုန်လုံးကို စကားတစ်ခွန်းတည်းဖြင့် ပေါင်းယူပြလိုသောကြောင့် "အပွမာဒေန သမ္မာဒေထ (အပွမာဒသတိနှင့် ပြည့်စုံစေကြရမယ်၊)"ဟု ရဟန်းတို့အား ဩဝါဒစကား မြွက်ကြားတော်မူခဲ့ပေသည်။ ထို့ပြင်-

"ရဟန်းတို့ ! ကုန်းနေသတ္တဝါတို့၏ ခြေရာအကုန်လုံးတို့သည် ဆင့်ခြေရာမှာ အတွင်းဝင်ကြသည်၊ ကြီးသောသဘောအားဖြင့် ဆင့်ခြေရာကိုသာ 'အမြတ်ဆုံး'ဟု ဆိုသင့်သည်၊ ရဟန်းတို့ ! အလားတူပင် ကုသိုလ်တရား အကုန်လုံးတို့သည် မမေ့မလျော့ခြင်း အပွမာဒ(သတိ)ကြောင့် ဖြစ်ကြရသည်၊ အပွမာဒတရား၌ သက်ဝင်ပေါင်းဆုံကြသည်၊ ထိုတရားတို့တွင် 'အပွမာဒတရားကို အမြတ်ဆုံး'ဟု ဆိုသင့်သည်"။ မူပဏ်-ပါ၊ ၂၄၂။ သံ-ပါ-၃၊ ၄၀။

ဤသို့လည်း ဘုရားရှင်က မိန့်တော်မူထားပါသေးသည်။

ဤသို့ အပ္ပမာဒသဘောကို သိနားလည်ပြီးသည့်နောက် သီလစသော အုပ်စုသုံးခုတို့ဖြင့် ပေါင်းယူရေတွက်အပ်သော သမ္မာဒိဋ္ဌိဦးဆောင်နေသည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားကြရမည်၊ မိမိသန္တာန်မှာ ဖြစ်စေကြရမည်၊ သောတာပတ္တိမဂ်မျှမှာသာ ရပ်တန့်မထားဘဲ အထက်မဂ်သုံးခု ဖြစ်ပေါ်လာအောင် ပွားများကြရမည်၊ ယင်းသို့ ပွားများခဲ့ပါလျှင် အပ္ပမာဒဘာဝနာသည် အထွတ်အထိပ်သို့ ရောက်လာပါလိမ့်မည်။

ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းကို ကြောင့်ကြစိုက်၍ အရိယမဂ်ကို မိမိသန္တာန်မှာ ဖြစ်ပွားစေခြင်းသည်ပင်လျှင် ဘုရားရှင်တို့၏ ဩဝါဒကို လိုက်နာပြုကျင့်ရာ ရောက်ပါသည်၊ ထို့ကြောင့် ဘုရားရှင်ကလည်း အောက်ပါစကားကို မိန့်ဆိုထားခဲ့ပါသည်။

ပမာဒံ ဘဲ့ယတော ဒိသွာ , အပ္ပမာဒဉ္စ ခေမတော၊
ဘာဝေထဋ္ဌင်္ဂိကံ မဂ္ဂံ , ဧသာ ဗုဒ္ဓါနုသာသနီ။

မေ့လျော့မှုမျိုး-ဘေးဆိုးရှုကာ , မမေ့လျော့ခြင်း-ဘေးကင်းရန်ကွာ၊
အင်္ဂါရှစ်ချက်-မဂ်ကိုပွားပါ , ဤသည်ကား-ဘုရားဆုံးမသာ။

မေ့လျော့ခြင်းကို ဘေးအားဖြင့်လည်းကောင်း, မမေ့လျော့ခြင်းကို ဘေးကင်းမှုအားဖြင့်လည်းကောင်း ရှု၍ အင်္ဂါရှစ်ပါးရှိသော မဂ်ကို ဖြစ်ပွားစေကြရမည်၊ ဤသည်မှာ ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒဖြစ်ပေသည်။ အပါ-၁၊ ၇။ စရိ-ပါ၊ ၄၂၀။

လူမိုက်+လူကောင်း

လောကသူလောကသားတွေကို "လူမိုက်+လူကောင်း"ဟု နှစ်မျိုးခွဲခြားသင့်ပါသည်၊ ယင်းနှစ်မျိုးတို့တွင် လူမိုက်ဖြစ်ရန် အခြေခံအကြောင်းမှာ ပမာဒ-ဖြစ်၍, လူကောင်းဖြစ်ရန် အခြေခံအကြောင်းမှာ အပ္ပမာဒပင် ဖြစ်ပါတော့သည်၊ သင့်တော်ရုံ ရှင်းပြပါဦးမည်၊-

လူမိုက်တို့သည် မေ့လျော့ပေါ့ဆခြင်း၌ အပြစ်ကို မမြင်ကြသောကြောင့် မေ့လျော့ပေါ့ဆမှု အကုသိုလ်တရားစုတွေကို အားထုတ်နေကြသည်၊ ဖြစ်စေကြသည်၊ မေ့လျော့ပေါ့ဆ အကုသိုလ်လုပ်ငန်းကိစ္စဖြင့် အချိန်ကို ကုန်လွန်စေကြသည်၊ အချိန်ရှိသမျှ အကုသိုလ်ကိုချည်း လုပ်နေကြသည်။

သူတို့သည်လူမိုက်ဖြစ်စရာ အခြေခံအကြောင်းဖြစ်သည့် 'ပမာဒ'ခေါ်သော အကုသိုလ်တရားစုနှင့် ပြည့်နှက်နေသူများဖြစ်ကြသည်၊ ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန် အကျိုးစီးပွားများကိုလည်း နားမလည်ကြကုန်၊ ကုသိုလ်တရားတို့၏ အဆီအနှစ်(အမြှုတေ)သဖွယ်ဖြစ်သော အသိအလိမ်မာ ဉာဏ်ပညာ ကင်းဝေးသူများပင် ဖြစ်ကြသည်။

"အသိအလိမ်မာ ဉာဏ်ပညာ ကင်းဝေးသူ လူမိုက်များသည် အပ္ပမာဒသတိ

အခြေခံသော ကုသိုလ်ကောင်းမှုများကို မပြုလုပ်ကြဘဲ မေ့လျော့ခြင်း ပမာဒအခြေခံသော အကုသိုလ်တရားစုဖြင့် အချိန်ဖြုန်းနေသူများ ဖြစ်ကြသည်”ဟု ဆိုလိုပါသည်။

သူတို့သည် မောဟဦးဆောင်သော အကုသိုလ်တရားစု ဖြစ်နေသည့်အခါမှာ ထုံထုံထိုင်းထိုင်း, ဖျင်းဖျင်းအအ ဖြစ်နေကြသည်၊ ထိုသူမျိုးကို “လူနံ့,လူဖျင်း, လူအ,လူန, လူနှတ်,လူစုတ်, လူယုတ်”ဟု ခေါ်ကြသည်။

လောဘဦးဆောင်သော အကုသိုလ်တရားစု ဖြစ်နေသည့်အခါမှာ သူတစ်ပါးကို လိမ်လည်လှည့်ပတ်တတ်ကြသည်၊ စဉ်းလဲကောက်ကျစ်တတ်ကြသည်၊ မတော်မတရား ပြုကျင့်တတ်ကြသည်၊ အလွဲလွဲ အမှားအမှား ထင်မြင်ယူဆကြသည်၊ ကြွားဝါကြသည်၊ ထိုသူမျိုးကို လူလိမ်, လူညာ, လူစဉ်းလဲ, လူကောက်ကျစ်, လူညစ်,လူယုတ်မာ, လူပေ,လူတေ, လူဘော်ကြော့,လူကြွား, လူဝါ”ဟု ခေါ်ကြသည်။

ဒေါသဦးဆောင်သော အကုသိုလ်တရားစု ဖြစ်နေသည့်အခါမှာမူ ရှူးရှူးရဲရဲဖြင့် စိတ်တိုလာတတ်သည်၊ ကြမ်းတမ်းလာတတ်သည်၊ ရမ်းကား လာတတ်သည်၊ သူများကို အော်လား ငေါက်လား, ဆဲလား ဆိုလား, ရိုက်လား ပုတ်လား, လုပ်လာတတ်သည်၊ ထိုသူမျိုးကို “လူစိတ်တို,လူကြမ်း, လူသရမ်း,လူရမ်းကား, လူရိုင်း”ဟု ခေါ်ကြသည်။

ထိုသို့ မောဟဦးဆောင်သူ, လောဘဦးဆောင်သူ, ဒေါသဦးဆောင်သူ သုံးမျိုးလုံးပင် “အသိအလိမ္မာ ဉာဏ်ပညာ”ဟူသော အလင်းရောင်မရှိသည့်အတွက် နေရောင်, လရောင်, မီးရောင်တို့ ထွန်းလင်းတောက်ပခွင့် မရသည့် မှောင်မိုက်သောအရပ်နှင့် တူရကား “လူမိုက်”ဟု ခေါ်ရတော့သည်။

၁။ မကောင်းသောအကြံကို ကြံစည်ခြင်း၊(မနောဒုစရိုက်သုံးပါးကို ပြုလုပ်ခြင်း၊)
၂။ မကောင်းသောစကားကို ပြောဆိုခြင်း၊(ဝစီဒုစရိုက်လေးပါးကို ဖြစ်စေခြင်း၊)
၃။ မကောင်းသောအလုပ်ကို လုပ်ခြင်း၊(ကာယဒုစရိုက်သုံးပါးကို ဖြစ်ပွားစေခြင်း၊)

ဤသည်တို့မှာ “လူမိုက်”ဟု သိစရာ အမှတ်တံဆိပ်လက္ခဏာများပင် ဖြစ်ပါသည်၊ သို့ဖြစ်၍ ဤတရားဆိုး တစ်မျိုးမျိုး ရှိနေသူကို “လူမိုက်”ဟု ခေါ်ရတော့သည်၊ ပြန်ဘက်အားဖြင့် ဤတရားဆိုး အမျိုးမျိုးမှ ကင်းလွတ်သူကို “လူကောင်း”ဟု ခေါ်ရပါသည်၊ ယင်း လူကောင်းကိုပင် “သူတော်ကောင်း”ဟုလည်း ခေါ်ကြပါသေးသည်။

ယင်း သူတော်ကောင်း ပညာရှိတို့မူကား မျိုးရိုးစဉ်ဆက်မှ ဆင်းသက်လာသည့် (မိမွေ, ဘမွေ) ရွှေ, ငွေ, စိန်, ကျောက်စသော ရတနာများအလား မမေ့မလျော့ခြင်း အပွမာဒတရားကို စောင့်ရှောက်ကြသည်၊ ထိန်းသိမ်းကြသည်။

အများအားဖြင့် လောကသူလောကသားတို့သည် “ဒီဥစ္စာတွေကို အရင်းအနှီး ပြုလုပ်ပြီး ငါတို့မှာ စားဝတ်နေရေး ပြည့်စုံလာလိမ့်မယ်၊ (အခြားအလိုရှိနေတဲ့ အရာဝတ္ထု

တွေလဲပြည့်စုံလာလိမ့်မယ်၊)သားမယားကို ကျွေးမွေးနိုင်လိမ့်မယ်၊ (ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်ပြီး) ဘဝသံသရာလမ်းကြောင်းကို သုတ်သင်နိုင်လိမ့်မယ်" ဟု နောင်ရေးကို မျှော်တွေးပြီး မိမွေ, ဘမွေ ကောင်းမြတ်သော ပစ္စည်းဥစ္စာတွေကို စောင့်ရောက်တတ်ကြသည်။

အလားတူပင် ပညာရှိသူတော်ကောင်းများသည်လည်း "ငါဟာ ဒီမမေ့မလျော့မှု အပွမာဒသတိကို အရင်းအနှီးပြုလုပ်ပြီး ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်လိမ့်မယ်၊ ပထမစျာန်စတဲ့ စျာန်တွေကို ရနိုင်လိမ့်မယ်၊ မဂ်ဖိုလ်စတဲ့ တရားတွေကို ရနိုင်လိမ့်မယ်၊ ဝိဇ္ဇာသုံးပါးနှင့် အဘိညာဉ်ခြောက်ပါးတို့ကို ပြည့်စုံစေရလိမ့်မယ်"ဟု နောင်ရေးကို မြော်ခေါ်စဉ်းစားပြီး မမေ့မလျော့မှု အပွမာဒသတိကို စောင့်ရောက်ကြသည်။

ထို့ကြောင့် မေ့လျော့ပေါ့ဆမှု (အကုသိုလ်တရားစု)နှင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှာ ပျော်မြူးနေမှု(ကာမလိုက်စားမှု)တို့ကို ကြိုးစားအားထုတ်မှု မပြုသင့်၊ မကြံစည်သင့်၊ စိတ်မကူးသင့်၊ ယင်းတရားဆိုးများဖြင့် အချိန်ကို မဖြုန်းသင့်၊ (ကာမဂုဏ်=ကာမ+ဂုဏ=ကာမ-လိုချင်မက်မောစရာ ပစ္စည်းဝတ္ထုနှင့် ယင်း ပစ္စည်းဝတ္ထုကို လိုချင်မက်မောတတ်သောတဏှာ+ဂုဏ-အနှောင်အဖွဲ့။)

မမေ့မလျော့သော ပုဂ္ဂိုလ်ကသာ အာရုံ၌ ကပ်၍တည်သော သတိရှိနေသည့်အတွက် ကသိုဏ်းစသော အာရုံကိုလည်း စူးစူးစိုက်စိုက် ရှုနိုင်သည်၊ အနိစ္စတာ စသောလက္ခဏာနှင့် နိဗ္ဗာန်၏ တထလက္ခဏာကိုလည်း စူးစူးစိုက်စိုက်ရှုနိုင်သည်၊ သို့ဖြင့် ကြီးကျယ်မွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်၊ သို့ဖြစ်၍ မေ့လျော့မှုကို ပယ်ခွာပြီး မမေ့လျော့မှုကို စောင့်ရောက်မှသာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဦးတည်ရည်မှန်းထားသော နိဗ္ဗာန်ချမ်းသာကို ခံစားကြရပါလိမ့်မည်။

ထို့ကြောင့်ပင် ဘုရားရှင်က အောက်ပါစကားတော်ကို မိန့်ဆိုထားခဲ့ပါသည်။

ပမာဒမနုယုဉ္ဇန္တိ , ဗာလာ ဒုမ္မေဓိနော ဇနာ၊
အပွမာဒဉ္စ မေဓာဝိ , ဓနံ သေဋ္ဌံဝ ရက္ခတိ။
မာ ပမာဒမနုယုဉ္ဇေထ , မာ ကာမရတိသန္ထဝံ၊
အပွမတ္တော ဟိ ဈာယန္တော , ပပ္ပောတိ ဝိပုလံ သုခံ။

လူမိုက်ဆိုတာ-သိဉာဏ်ကင်းလို့ , မေ့လျော့ခြင်းကို-အားထုတ်နေ၊
ပညာရှိမှု-ဥစ္စာစုသို့ , မမေ့လျော့မှု-စောင့်ရောက်ပေ၊
မေ့လျော့ခြင်းကို-မကြိုးစားဘဲ , ကာမလိုက်စား-ကင်းဝေးစေ၊
မမေ့သူသာ-စူးစိုက်ရှုလို့ , မြတ်ချမ်းသာစု-ရောက်ရလေ။

ပညာကင်းပ လူမိုက်,လူအတို့သည် မေ့လျော့ပေါ့ဆမှု(အကုသိုလ်တရား၀ိ)ကို ထပ်ဖန်တလဲလဲ အားထုတ်နေကြသည်၊ ပညာရှိတို့မူကား မမေ့မလျော့ မပေါ့မဆမှု (သတိ)ကို မိမွေ, ဘမွေ ဥစ္စာစုကိုကဲ့သို့ စောင့်ရှောက်နေကြသည်။

မေ့လျော့ ပေါ့ဆခြင်းနှင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှာ ပျော်မြူးနေခြင်း(ကာမလိုက်စားခြင်း)တို့ကို အားမထုတ်ကြပါနှင့်၊ မမေ့လျော့ မပေါ့ဆဘဲ သမထဝိပဿနာကမ္မဋ္ဌာန်းကို ၀ူး၀ူးစိုက်စိုက် ရှုမှတ်နေသူကသာ မွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို ရောက်နိုင်သည်။ ဓံ-ပါ၊ ၁၇။ သံ-ပါ-၁၊ ၂၄။ သံ-ပါ-၂၊ ၃၀၈။ ထေရ-ပါ၊ ၃၃၅။ မဇ္ဈိ-ပဏ္ဏာ၊ ၃၀၈။

မည်သူမပြု မိမိမှ

လောကသူလောကသား ရဟန်းရှင်လူများတို့သည် မိမိတို့၏ အလိုအကြိုက် စရိုက်၀ါသနာ အားလျော်စွာ ပြုမူလုပ်ကိုင် နေထိုင်တတ်ကြသည်၊ သဘောတူသူချင်း စုပေါင်း၍ အချို့က ပစ္စည်းဥစ္စာကို ရသည့်နည်းဖြင့် ရှာဖွေပြီးလျှင် ဟားလား ၀ါးလား ပျော်ပျော်ပါးပါး နေထိုင်တတ်ကြသည်၊ ဒါနသီလစသော ကုသိုလ်ရေးရာကို ဘေးဖယ်ထားတတ်ကြသည်၊ ရှင်ရဟန်းဖြစ်လျှင်လည်း ပရိယတ်, ပဋိပတ်လုပ်ငန်း များကို စွန့်ပစ်ထားတတ်ကြသည်၊ ထိုသူများ၏နောက်သို့ ယခုဘ၀မှာပင် မကောင်းသတင်း ထွက်ပေါ်ခြင်း, စီးပွားဥစ္စာ ပျက်စီးခြင်း, လာဘ်လာဘနည်းပါးခြင်း စသောအကျိုးများနှင့် ဘ၀သံသရာ၀ယ် အပါယ်၌ ဖြစ်ရခြင်းစသော အကျိုးများက ထက်ကြပ်မကွာ လိုက်ပါနေတော့သည်။

အချို့က ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းပြီး လှူရေး တန်းရေး သီလစောင့်ထိန်းရေး သမထဝိပဿနာ ပွားများရေး စသည်တို့ကို ဆွေးနွေးလုပ်ကိုင်လျက် နေထိုင်တတ်ကြသည်၊ ရှင်ရဟန်းဖြစ်လျှင်လည်း ပရိယတ်နှင့်ပဋိပတ်ကို စွမ်းအားရှိသမျှ ကြိုးစားအားထုတ် နေထိုင်ကြသည်၊ ထိုသူများ၏နောက်သို့ ယခုဘ၀မှာပင် ကျော်စောသတင်း ထွက်ပေါ်လာခြင်း လာဘ်လာဘ ပေါများခြင်းစသော အကျိုးစီးပွားများ လိုက်ပါလာတတ်သည်၊ ဘ၀သံသရာမှာလည်း လူ့ပြည်နတ်ရပ်၌ ဖြစ်၍ စည်းစိမ်ချမ်းသာ ပြည့်၀ခြင်းစသော အကျိုးစီးပွားများက မိခင်နွားမကြီး၏ နောက်သို့ နွားကလေးက လိုက်ပါနေသကဲ့သို့ ထက်ကြပ်မကွာ လိုက်ပါနေတတ်သည်။

ဤသို့ ဖြစ်ရသည်မှာ "မည်သူမပြု မိမိမှ" ဆိုဘိသကဲ့သို့ မိမိတို့၏ အတွင်းသန္တာန်မှာ ဖြစ်ပေါ်နေသော မေ့လျော့ပေါ့ဆမှု ပမာဒနှင့်, မမေ့လျော့ မပေါ့ဆမှု အပွမာဒတရားကြောင့်ပင်ဖြစ်ပေသည်။

"ပမာဒတရားသည် အကျိုးမဲ့အများအပြားဖြစ်ရန် အတွင်းအကြောင်းဖြစ်သည်၊

အပ္ပမာဒတရားသည် အကျိုးစီပွားအများအပြားဖြစ်ရန် အတွင်းအကြောင်းဖြစ်သည်"။
အံ-ပါ-၁၊ ၁၆။

အထက်ပါ အဆိုပြုချက်သည် ဤဘုရားဟော စကားတော်နှင့် ကိုက်ဆိုင်ညီညွတ်သည်သာ ဖြစ်ပါသည်။ ထို့ပြင်-

"အပ္ပမာဒသည် (ကာယဒုစရိုက်စသည်တို့၌ စိတ်ပါဝင်စားနေသည့်) မေ့လျော့ပေါ့ဆသော (ပမတ္တ)ပုဂ္ဂိုလ်အဖို့ ပမာဒကို ရှောင်လွဲကြောင်းတရား ဖြစ်သည်"။
မူပဏ်-ပါ၊ ၅၄။

ဘုရားရှင်က ဤသို့ ဟောဖော်ညွှန်ပြထားသည်ကို ထောက်ပါက အကျိုးမဲ့အများအပြားကို ဖြစ်ပွားစေတတ်သော ပမာဒကို နှိပ်ကွပ်ရန် အကောင်းဆုံးသော လက်နက်မှာ အပ္ပမာဒပင် ဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။

သို့ဖြစ်၍ မေ့လျော့ပေါ့ဆသူများအတွက် အားဆေးတစ်ခွက်အလား အလွန်ကျေးဇူးများဖွယ်ရာရှိသော ဥဒ္ဒာနသုတ်ကို ဆက်လက်လေ့လာထားသင့်ပါသည်။

ဥဒ္ဒာနသုတ်

သာဝတ္ထိမြို့သည် "တောင်ဘက်၌ ဧတဝန်ကျောင်းတော်, အရှေ့ဘက်၌ ပုဗ္ဗာရုံကျောင်းတော်"ဟူသော မားမားစွင့်စွင့် ကြွားဝင့်တည်ရှိနေသည့် ကျောင်းတော်နှစ်ခုတို့ဖြင့် သာသနာတော်၏ ကျက်သရေကို ဆောင်နေပေသည်။

တစ်နေ့မှာ ဘုရားရှင်သည် ဧတဝန်ကျောင်းတော်၌ ကျိန်းစက်တော်မူ၍ နံနက်အချိန်မှာ ရဟန်းတော်များ ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်၊ ဆွမ်းကိစ္စ ပြီးသည့်အခါ အရှေ့တံခါးဖြင့် မြို့တွင်းမှ ထွက်ကြွလာခဲ့သည်၊ နေ့ဘက်မှာ သီတင်းသုံး နေထိုင်တော်မူရန် ပုဗ္ဗာရုံကျောင်းတော်သို့ ဆိုက်ရောက်လာခဲ့သည်၊ ယင်း ပုဗ္ဗာရုံကျောင်းတိုက်၏ အောက်ထပ်မှာ တိုက်ခန်းငါးရာ ရှိနေသည်၊ ရဟန်းတော်များက တစ်ခန်းမှာ တစ်ပါးကျ အသီးသီး သီတင်းသုံးနေထိုင်ကြသည်။

ဘုရားရှင်က ကျောင်းအောက်ထပ်မှာ သီတင်းသုံး နေထိုင်ပါလျှင် ရဟန်းတော်များက ဘုရားရှင်ကို ရိုဇ္ဈသလေးစားကြသောကြောင့် ကျောင်းအပေါ်ထပ်ကို မတက်ကြတော့ပေ၊ ထိုနေ့မှာကား ဘုရားရှင်သည် ကျောင်းအပေါ်ထပ် တိုက်ခန်းထဲကို ဝင်ရောက်သီတင်းသုံးနေခဲ့သည်။

ထို့ကြောင့် ကျောင်းအောက်ထပ် အခန်းငါးရာသို့ ရဟန်းငါးရာ ဝင်ရောက်နေခဲ့ကြသည်၊ သူတို့အကုန်လုံးပင် သာသနာတော်တွင်းသို့ ရောက်လာကာစ ရဟန်းသစ်တွေ,

စိတ်မတည်ငြိမ်သူတွေ, အထင်ကြီးဘဝင်မြင့်နေသူတွေ, ဂနာမငြိမ် ကူန္ဒြေမရသူ တွေချည်း ဖြစ်နေကြသည်။

သူတို့သည် တိုက်ခန်းထဲမှာ တစ်နေ့လုံး အိပ်ကြသည်၊ ညနေစောင်းအချိန်မှာ အိပ်ရာမှထကာ တိုက်ခန်းထဲမှ ထွက်လာကြ၍ ကျောင်းအလယ်ခန်းမကြီးမှာ စုဝေးကြသည်။

"ဒီနေ့ အရှင်ဘုရားက ဆွမ်းစားကျောင်းမှာ ဘာရခဲ့သလဲ?၊ အရှင်ဘုရားက ဘယ်ကို ရောက်ခဲ့သလဲ?၊ တပည့်တော်က ကောသလမင်းရဲ့ နန်းတော်တွင်းကို ရောက်လာခဲ့တယ်၊ တပည့်တော်က အနာထပိဏ်သူဌေးအိမ်ကို ရောက်လာခဲ့တယ်၊ တပည့်တော်က ဝိသာခါဒါယိကာမကြီးအိမ်ကို ရောက်လာခဲ့တယ်၊ အဲဒီနေရာတွေမှာ စားစရာ သောက်စရာတွေကို ဒီနည်း ဒီပုံ စီစဉ် ပြင်ဆင်ထားတာပဲ"။

အစရှိသော ပစ္စည်းလာဘ်လာဘနှင့် ပတ်သက်သည့် စကားအမျိုးမျိုးကို ကျယ်လောင်ဆူညံစွာ ပြောဆိုနေကြသည်။

"ဒီရဟန်းတွေဟာ ငါဘုရားနှင့် အတူနေရပါလျက် ဒီလို မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေနိုင်ကြပါပေတယ်၊ မသင့်တော်တာတွေကို လုပ်ရက်ကြပါပေတယ်"။

ယင်းအသံကို ကြားရသည့်အခါ ဘုရားရှင်မှာ ဓမ္မသံဝေဂဖြစ်လာသည်၊ ရှင်မောဂ္ဂလာန်ထေရ်လာရောက်ရန်လည်း စိတ်ထဲက အဓိဋ္ဌာန်လိုက်သည်။

ထိုခဏမှာပင် ရှင်မောဂ္ဂလာန်ထေရ်က ဘုရားရှင်၏ စိတ်အကြံကို သိ၍ တန်ခိုးဖြင့် ကြွလာခဲ့သည်၊ ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုးဦးတိုက်လျက်ပင် နေခဲ့သည်။

"မောဂ္ဂလာန် ! သင်ရဲ့ ဒီသတင်းသုံးဖော်ကလေးတွေဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြတယ်၊ သူတို့ ကောင်းကောင်းထိတ်လန့်သွားအောင် လုပ်လိုက်ပေတော့"။

ဘုရားရှင်၏ စကားတော်ကို ကြားရသည့်အခါ ရှင်မောဂ္ဂလာန်ထေရ်က ခဏချင်း အာပေါကသိဒ္ဓိကို ဝင်စားလိုက်သည်၊ တည်ရာမြေနှင့်တကွ စတုရန်း တစ်ပယ်*-(၂၆၂-ပေ ၆-လက္ခမစတုရန်း)ရှိသည့် မြေမှာတည်သော ပြာသာဒ်ကြီး (ကျောင်းဆောင်ကြီး)ကို ခြေမဖြင့် တုန်လှုပ်စေခဲ့သည်၊ လေပြင်းမုန်တိုင်းက ပင်လယ်ထဲမှာ ရှိနေသော လှေကို တုန်လှုပ်စေဘိသကဲ့သို့ ပြာသာဒ်ကြီးတစ်ခုလုံး ယိမ်းထိုးနေပါတော့သည်။

* ၇-တောင်တာဖြင့် စတုရန်း ၂၅-တာကို ဆင်းရဲသားပယ်၊ စတုရန်းတာ ၅၀-ကို မင်းပယ်ခေါ်သည်၊ မင်းပယ်ဖြင့်ယူက ၅၂၅-ပေစတုရန်း ရှိမည်၊ သို့မှသာ တိုက်ခန်းငါးရာ ဖွဲ့လောက်မည် ထင်ပါသည်။

ထိုခဏမှာပင် ယင်းရဟန်းများက ထိတ်လန့်ကြောက်ရွံ့လာကြသည်၊ ကယောင်ကတမ်း အော်ဟစ်ကြလျက် ကိုယ်ဝတ်သင်္ကန်းမျှ ပါမလာဘဲ တံခါးလေးပေါက်တို့မှ ပြေးထွက်လာကြသည်။

ဘုရားရှင်က ယင်းရဟန်းများ မြင်သာအောင် ကိုယ်ယောင်ပြတော်မူလျက် အခြားတံခါးဖြင့် ဂန္ဓကုဋိကျောင်းတော်သို့ ဝင်မည့်အဟန် ရှိနေခဲ့သည်၊ ရဟန်းများက ဘုရားရှင်ကို တွေ့ရသည့်အခါမှာ ရှိခိုးဝပ်ချ(လက်အုပ်ချီ) ရပ်နေခဲ့ကြသည်၊ ထိုခဏမှာပင် ဘုရားရှင်က ယင်းရဟန်းများကို မေးတော်မူသည်။

"ရဟန်းတို့ ! ဘာ့ကြောင့် သင်တို့ ကြောက်လန့်နေကြရသလဲ?"။

"ဒီ ပုဗ္ဗာရုံကျောင်းကြီးဟာ တုန်လှုပ်နေခဲ့ပါတယ် အရှင်ဘုရား"။

"ဘာ့ကြောင့် တုန်လှုပ်တယ်ဆိုတာကို သင်တို့ သိကြရဲ့လား?"။

"မသိကြပါ ရှင်တော်မြတ်ဘုရား"။

"သတိလဲမရှိကြ, အဆင်အခြင် ဉာဏ်ပညာလဲ မရှိကြဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေနိုင်ကြတဲ့ သင်တို့လို ရဟန်းမျိုးတွေ ထိတ်လန့်သွားစေလိုတဲ့အတွက် မောဂ္ဂလာန်က ပြာသာဒ်ကြီး တစ်ခုလုံး တုန်လှုပ်သွားအောင် လုပ်ခဲ့တာပဲ"။

ဘုရားရှင်က ယင်းရဟန်းများအား ပြာသာဒ်(ပုဗ္ဗာရုံကျောင်းကြီး) လှုပ်ရခြင်း၏ အကြောင်းကို ရှင်းလင်းမိန့်ကြားတော်မူပြီးသည်၏ အဆုံးမှာပင် တရားစကား ဆက်လက် မိန့်ကြားတော်မူပြန်သည်။

ဥဒ္ဒဟထ နိသီဒထ , ကော အတ္ထော သုပိတေန ဝေါ၊
အာတုရာနဥ္စိ ကာ နိဒ္ဒါ , သလ္လဝိဒ္ဓါန ရုပ္ပတံ။

ထကြွစမ်းပါ-တရားမှတ်ဖို့ , ကိုယ်ကိုဖြောင့်မတ်-ထိုင်ရမယ်၊
သင်တို့တစ်တွေ-အိပ်ပုံမျိုးဖြင့် , ဘယ်မှာအကျိုး-ရှိပါ့မယ်၊
ကိလေသာနာ-ရာဂမြားတို့ , စူးဝင်ပျက်ပြား-နေကြတယ်၊
သင်တို့ဘယ်မှာ-ကျောကိုဆန့်လို့ , ကိုယ်တလွန့်လွန့်-အိပ်သင့်မယ်။

ရဟန်းတို့ ! ထကြလုံ့လဝီရိယ ရှိကြလော့၊ တရားထိုင်ကြလော့၊ အိပ်နေသဖြင့် သင်တို့မှာ အဘယ်အကျိုး ရှိမည်နည်း၊ ကိလေသာအနာ၏ နှိပ်စက်မှုနှင့် ရာဂမြား စူးဝင်နေမှုကို ခံနေကြရ၍ ဖောက်ပြန်နေကြရသော သင်တို့အတွက် ဘယ်မှာ အိပ်နေစရာ ရှိတော့မည်နည်း။

သင်တို့တစ်တွေဟာ ထကြွလုံ့လ ဝီရိယ ရှိကြရမယ်၊ မပျင်းကြနဲ့၊ ပျင်းရင် ဖျင်းလာမှာပဲ၊ ကမ္မဋ္ဌာန်း အားထုတ်ရအောင် တင်ပလ္လင်ခွေပြီး အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားကာ ထိုင်ကြရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ တဏှာစွဲ ဒိဋ္ဌစွဲကင်းရာ နိဗ္ဗာန်ကိုရည်မှန်း ရဟန်းပြုလာကြတဲ့ သင်တို့အတွက် အိပ်နေလို့ ဘာအကျိုး ရှိမှာတဲ့လဲ?၊ အိပ်နေသူဟာ ဘယ်လိုအကျိုးစီးပွားကိုမှ မရနိုင်ပါဘူး။

ကိုယ်ခန္ဓာရဲ့ တစ်စိတ်တစ်ဒေသကလေးမှာ ဖြစ်ပေါ်လာတဲ့ မျက်စိရောဂါ နားရောဂါ စတဲ့ရောဂါဝေဒနာ စွဲကပ်နေသူတွေ၊ သံမြား, အရိုးမြား, ဆင်စွယ်မြား, သားချိုမြား, သစ်သားမြား, ဝါးမြားတွေထဲက မြားတစ်ခုခု တစ်လက်သစ်, နှစ်လက်သစ်ခန့် စူးဝင်မှုကို ခံနေရတဲ့အတွက် ဖောက်ပြန်နေသူတွေ (ဆင်းရဲဒုက္ခရောက်နေသူတွေ)ကတောင်မှ မအိပ်နိုင်ကြပါဘူး၊ ရောဂါကင်းပျောက်အောင် ကုသရေး, မြားကို ပယ်နုတ် ရေးတွေကိုပဲ အာရုံစိုက်နေကြရတယ်။

သင်တို့ကတော့ စိတ်အစဉ် အကုန်လုံးကို ဖျက်ဆီးနေတဲ့ 'ကိလေသာ'ဆိုတဲ့ ရောဂါမျိုးစုံရဲ့ ညှဉ်းပန်းနှိပ်စက်မှုကိုလဲ ခံနေကြရတယ်၊ ပြီးတော့ ရာဂစတဲ့ မြားငါးစင်းတို့က နှလုံးသားကို ထိုးဖောက်စူးဝင်နေတဲ့အတွက် ဖောက်ပြန်ပျက်စီးနေကြရပြန်တယ်၊ ဒါနဲ့ သင်တို့လဲ ဘယ်မှာ အိပ်နိုင်စရာ ရှိတော့မလဲ?၊ ကိလေသာရောဂါ ကင်းပျောက်ရေး ရာဂစတဲ့မြားတွေကို ပယ်နုတ်ရေးကိုပဲ အာရုံစိုက်သင့်တယ်မဟုတ်လား?။

ဘုရားရှင်က ယင်းရဟန်းများကို အတိုင်းထက်အလွန် သံဝေဂဖြစ်စေလို, ကြိုးစားစေလိုသည့်အတွက် ဆက်လက်၍ မိန့်တော်မူပြန်သည်။

ဥဋ္ဌဟထ နိသီဒထ , ဒဠှံ သိက္ခထ သန္တိယာ၊
မာ ဝေါ ပမတ္တော ဝိညာယ , မစ္စုရာဇာ အမောဟယိတ္ထ ဝသာနုဂေ။

ထကြွစမ်းပါ-တရားမှတ်ဖို့ , ကိုယ်ကိုဖြောင့်မတ်-ထိုင်ရမယ်၊
နိဗ္ဗာန်ရရန်-မတွန့်ဆုတ်ဘဲ , ခိုင်မြဲကြိုးကုတ်-ကျင့်သင့်တယ်၊
သင်တို့မေ့တာ-သိရှိရလျှင် , သေမင်းယုတ်က-ခပ်လွယ်လွယ်၊
ကိုယ့်လိုပါအောင်-ဆွဲဆောင်သွားလို့ , သင်တို့ဆင့်ပွား-တွေဝေမယ်။

ရဟန်းတို့ ! ထကြွလုံ့လ ဝီရိယ ရှိကြလော့၊ ကမ္မဋ္ဌာန်းထိုင်ကြလော့၊ ငြိမ်းအေးမှု(နိဗ္ဗာန်)အလို့ငှါ ကျင့်ကြလော့၊ သင်တို့ မေ့လျော့နေတာကို သိရှိရလျှင် "သေမင်း"ဟု ခေါ်နေကြသော မာရ်(သူသတ်သမား)က မိမိအလိုသို့ မပါ ပါအောင် ဆွဲဆောင်လျက် သင်တို့တစ်တွေ တွေဝေအောင် လုပ်လေဦးမယ်။

ပြောလာခဲ့တဲ့အတိုင်း ဒီလို ကိလေသာရောဂါ စွဲကပ်နေတဲ့အပြင် ရာဂစတဲ့ မြားတွေကလဲ စူးဝင်နေတဲ့ သင်တို့အတွက် နိုးကြားရမယ့်အချိန်မျိုး ဖြစ်တယ်၊ ဒီသာသနာ့

ဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယကို ကြည်လင်သန့်စင်အောင် လုပ်သင့်တယ်၊ ဘုရားကလဲ (ဘုရားရှင်ရဲ့ သာသနာတော်ကလဲ) သင်တို့မျက်စိအောက်မှာ ရှိနေသားပဲ။

ဒီကရှေ့ တစ်လျှောက်လုံးမှာ ရှည်ဝေးကြာမြင့်လှတဲ့ ညဉ့်နေ့ပတ်လုံး သင်တို့ အိပ်လာခဲ့ကြတယ်၊ တောင်တွေမှာ အိပ်ခဲ့ကြတယ်၊ မြစ်တွေမှာ အိပ်ခဲ့ကြတယ်၊ ညီညာတဲ့ နေရာတွေမှာ အိပ်ခဲ့ကြတယ်၊ မညီညာတဲ့နေရာတွေမှာ အိပ်ခဲ့ကြတယ်၊ သစ်ပင်ဖျားတွေမှာလဲအိပ်ခဲ့ကြတာပဲ၊ ဒါဟာ ဘာ့ကြောင့်လဲဆိုတော့-အရိယသစ္စာတွေကို အမှန်အကန် မသိကြတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်၊ ဒါ့ကြောင့် ဒီအိပ်ခြင်း ကုန်ဆုံးသွားအောင် ထကြွလုံ့လ ဝီရိယ ရှိကြရမယ်၊ ကမ္မဋ္ဌာန်း ထိုင်ကြရမယ်၊ ငြိမ်းအေးမှုရအောင် မတွန့်မဆုတ် ကျင့်ကြရမယ်၊ အဲဒီ ငြိမ်းအေးမှု ဆိုတာဟာလဲပဲ-

၁။ "အစ္စန္တသန္တိ= တကယ်အစစ်အမှန် ငြိမ်းအေးမှုဖြစ်တဲ့ နိဗ္ဗာန်၊
၂။ တဒင်္ဂသန္တိ= အခိုက်အတံ့ ငြိမ်းအေးမှုဖြစ်တဲ့ ဝိပဿနာ၊
၃။ သမုတိသန္တိ= ခေါ်ဝေါ်ရုံမျှ ငြိမ်းအေးမှုဖြစ်တဲ့ မိစ္ဆာအယူ"။

ဒီလို သုံးမျိုး ရှိနေတယ်၊ အဲဒီသုံးမျိုးထဲက တကယ်အစစ်အမှန် ငြိမ်းအေးမှုဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ပြောလိုပေတယ်၊ ဒါ့ကြောင့် "နိဗ္ဗာန်ရအောင် မတွန့်မဆုတ် ကျင့်ကြရမယ်၊ အားထုတ်လုံ့လဝီရိယကို လျှော့မပစ်ဘဲ တိုးကာတိုးကာသာ ကျင့်ကြရမယ်" လို့ မှတ်ယူကြရမယ်။

သင်တို့က မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြမယ်ဆိုရင် "ဒီသူတွေဟာ မေ့မေ့လျော့လျော့ နေသူတွေပဲ" လို့ သိပြီး 'သေမင်း' လို့ ခေါ်ကြတဲ့ မာရ်(သူသတ်သမား)က ကိုယ့်အလိုသို့ ပါအောင် ဆွဲဆောင်ပြီး သင်တို့ကို တွေဝေမိန်းမောအောင် လုပ်လေ့ရှိပါတယ်၊ ကိုယ့်အလိုသို့ မပါ ပါအောင် ဆွဲဆောင်တတ်တဲ့ သေမင်းရဲ့ တွေဝေအောင်လုပ်တာကို မခံကြရစေနဲ့။

ယာယ ဒေဝါ မနုဿာ စ , သိတာ တိဋ္ဌန္တိ အတ္ထိကာ၊
တရထေတံ ဝိသတ္တိကံ , ခဏော ဝေါ မာ ဥပစ္စဂါ၊
ခဏာတီတာ ဟိ သောစန္တိ , နိရယမှိ သမပ္ပိတာ။

တဏှာဖြင့်ပင်-နတ်လူများတို့ , အာရုံငါးပါး-စွဲမက်နေ၊
ကျယ်ပြန့်လွန်စွာ-တဏှာယုတ်ကို , လွန်အောင်အားထုတ်-နိုင်ကြစေ၊
ခွင့်ကောင်းကျော်ကာ-လွန်သွားမှကို , သင်တို့ဂရု-ပြုသင့်ပေ၊
ခွင့်ကောင်းလွန်သူ-ပါယ်လေးပါးမှာ , ဆင်းရဲခံစား-စိုးရိမ်ပွေ။

လူရောနတ်ပါ သတ္တဝါတို့သည် တဏှာဖြင့် (အာရုံငါးပါးကို) စွဲမက်နေကြသည်၊ ကပ်ငြိနေကြသည်၊ လိုလားတပ်မက်နေကြသည်၊ သင်တို့က ကျယ်ပြန့်လှသော ယင်း

တဏှာကို လွန်မြောက်အောင် ကြိုးစားကြရမည်၊ ခဏ-(တရားအားထုတ်ရမည့်အခွင့်အခါကောင်း)သည် သင်တို့ကို ကျော်လွန်မသွားပါစေနှင့်၊ ဤသည်မှာ မြစ်တားသင့်သည့် အရာပင် ဖြစ်ပေသည်၊ တရားအားထုတ်ရမည့် အခွင့်အခါကောင်းကို ကျော်လွန်သွားသူတို့သည် ငရဲ(အပါယ်လေးဘုံ)မှာ ဖြစ်ကြရပါလျှင် စိုးရိမ် ပူပန် နေကြရတော့သည်။

သေမင်းရဲ့အလိုကို လိုက်ပါနေကြရတဲ့ လူရောနတ်ပါ သတ္တဝါတွေဟာ တွေဝေလာကြရပါတော့တယ်၊ ဒါနဲ့ တဏှာအလိုကို လိုက်ပါပြီး "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ"ဆိုတဲ့ အာရုံငါးပါးကို စွဲမက်ကပ်ငြိနေကြတယ်၊ လိုလား တောင့်တ တပ်မက်နေကြတယ်၊ ဒီလိုအာရုံမျိုးမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ ဘဝမှာ တပ်မက်မှု ဘဝတဏှာ, စည်းစိမ်ဥစ္စာမှာတပ်မက်မှု ဘောဂတဏှာကို လွန်မြောက်အောင် ကြိုးစားကြရမယ်၊ အားထုတ်ကြရမယ်၊ ရဟန်းတရား ကြိုးစားအားထုတ်ရမယ့် 'ခဏ'ဆိုတဲ့ ဒီအခွင့်အခါကောင်းက သင်တို့ကို ကျော်လွန်မသွားပါစေနဲ့၊ သင်တို့ကလဲပဲ ဒီအခွင့်အခါကောင်းကို ကျော်လွန် မသွားကြပါနဲ့၊ ဒီလို အခွင့်အခါကောင်းရဲ့ ကျော်လွန်သွားတာကို ခံနေသူတွေ, ဒီလိုအခွင့်အခါကောင်းမျိုးကို ကျော်လွန်သွားသူတွေဟာ သာယာဖွယ်ရာ မရှိတဲ့အတွက် 'နိရယ'လို့ သတ်မှတ်ထားတဲ့ အပါယ်လေးဘုံကို ရောက်ကြရတဲ့အခါ "ငါတို့တစ်တွေဟာ ကုသိုလ်ကောင်းမှုကို မလုပ်မိကြပါပေစွ" ဒီလိုအစရှိတဲ့ နောင်တပူပန်မှုတွေနဲ့ စိုးရိမ်ပူဆွေး နေကြရတော့တယ်။

ဘုရားရှင်က တရားတော်ကို လက်စမသတ်သေးဘဲ သူတို့၏ မေ့လျော့ပေါ့ဆနေထိုင်မှုကို ကဲ့ရဲ့ပြီး သူတို့အကုန်လုံးကို မမေ့မလျော့မှု၌ တိုက်တွန်းနှိုးဆော်တော်မူလိုသည့်အတွက် ဆက်လက် မိန့်ကြားတော်မူပြန်သည်။

ပမာဒေါ ရဇော ပမာဒေါ , ပမာဒါနုပတိတော ရဇော၊
အပွမာဒေန ဝိဇ္ဇာယ , အဗ္ဘဟေ သလ္လမတ္တနော။

သတိကင်းကွာ-မေ့လျော့ခြင်းမှာ , စိတ်ညစ်ကြောင်းရင်း-မြူမှုန်တွင်၊
ဆင့်ကဲထပ်ကာ-ဖြစ်ပုံသည်းတဲ့ , မေ့လျော့ခြင်းလည်း-မြူမှုန်ပင်၊
သတိမကွာ-မမေ့ခြင်းနှင် , အာသဝကင်း-ဉာဏ်ဖြင့်ပင်၊
မိမိသန္တာန်-နှလုံးသားကို , စွန့်ဝင်မြားများ-ပယ်နုတ်ထွင်။

မေ့လျော့ခြင်းသည် မြူမှုန်မည်၏၊ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာသော မေ့လျော့ခြင်းလည်း မြူမှုန်ပင် မည်သည်၊ 'မမေ့လျော့ခြင်းနှင့် အာသဝက္ခယဉာဏ်"ဟူသော တရားနှစ်ပါးတို့ဖြင့် မိမိ (နှလုံးသားမှာ စွန့်ဝင်နေသော) မြားကို နုတ်ပစ်ရမယ်။

'မေ့လျော့ခြင်း ပမာဒ'ဆိုတာဟာ လိုရင်းကို ပြောရမယ်ဆိုရင် သတိကင်းကွာမှုပဲ ဖြစ်တယ်၊ အဲဒီ မေ့လျော့ခြင်းကပဲ စိတ်ကို ညစ်နွမ်းစေတတ်တဲ့(အကုသိုလ်တရားစု ဖြစ်နေတဲ့)အတွက် မြူမှုန်လဲ မည်ပြန်တယ်၊ ရှုးဖြစ်ပြီး မေ့လျော့ခြင်းပေါမှာ ထပ်ကာ

ထပ်ကာ ကျရောက်လာတဲ့အတွက် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာတဲ့ မေ့လျော့ခြင်း ပမာဒကလဲ မြူမှုန်ပဲ ဖြစ်ပြန်တယ်၊ ဒါဟာ အမှန်ပဲပေါ့၊ မြူမှုန်မဟုတ်တဲ့ ပမာဒ ရယ်လို့ ဘယ်တော့မှ မရှိနိုင်ပါဘူး၊ ဒါနဲ့ နှီးနွယ်စပ်ဟပ်ပြီး သိသာထင်ရှားလာအောင် အနည်းငယ် ပြောပြပါဦးမယ်။

"တို့က ငယ်ကြသေးတာပဲ၊ နောက်မှ တရားအားထုတ်ကြတာပေါ့၊ အခုလို အရွယ်ကောင်းတုန်းမှာ ပျော်ကြ ပါးကြဦးမှပဲ၊ တရားအားထုတ်တယ် ဆိုတာဟာ သက်ကြီးရွယ်အိုတွေရဲ့ အလုပ်ပဲ၊ ငယ်ရွယ်သူတွေရဲ့အလုပ် မဟုတ်ပါဘူး"။

ဒီလို ယုံကြည်ဆုံးဖြတ်ချက်မျိုးကို မထားရဘူး၊ အမှန်ကတော့– ငယ်စဉ်အခါမှာလဲပဲ ပမာဒဟာ မြူမှုန်ပဲ၊ လူလတ်ပိုင်းအရွယ် လူကြီးပိုင်းအရွယ် ရောက်တဲ့အခါကျတော့ လူငယ်အရွယ် စတဲ့အချိန်တွေမှာ ဖြစ်ပေါ်ခဲ့တဲ့ မေ့လျော့ခြင်း အပေါ်မှာ ထပ်ကာထပ်ကာ ကျရောက်ဖြစ်ပေါ်လာတဲ့အတွက် 'ပမာဒ'ဆိုတဲ့ မြူမှုန်ဟာ အဆမတန် တိုးပွားလာတော့တယ်၊ အဲဒီလို တိုးပွားလာလို့ရှိရင် မြူမှုန်ဘဝက အမှိုက်ပုံဘဝကို ရောက်သွားရတော့တာပဲ။

အိမ်တွေမှာ တစ်ရက်နှစ်ရက်မျှသာ ရှိသေးတဲ့ မြူမှုန်ကို 'မြူမှုန်'လို့ပဲ ခေါ်နေကြတယ်၊ တိုးပွားချင်တိုင်း တိုးပွားလာပြီး နှစ်နဲ့ချီလို့ ရေတွက်ရတဲ့အချိန်မှာ မြူမှုန်တွေ များလွန်းအားကြီးတော့ အမှိုက်ပုံပဲ ဖြစ်လာရတယ် မဟုတ်လား?၊ ဒီဥပမာအတိုင်းပဲပေါ့၊ ဘာများထူးခြားမှု ရှိဦးမှာတဲ့လဲ။

ဒါပေမယ့် ပထမအရွယ်မှာ ဘုရားဟော စာပေတွေကို သင်ယူပြီး ကျန်တဲ့အရွယ်တွေမှာ တရားအားထုတ်သူတွေဟာ မေ့မေ့လျော့လျော့ နေထိုင်သူတွေ မဟုတ်ပါဘူး၊ ပထမအရွယ်မှာ စာပေသင်ယူပြီး လူလတ်ပိုင်းအရွယ်မှာ ကမ္မဋ္ဌာန်းတရားတွေကို ကြားနာလေ့လာနေလို့ နောက်လူကြီးပိုင်း အရွယ်ရောက်လာမှ တရားအာထုတ်သူလဲပဲ မေ့မေ့လျော့လျော့ နေထိုင်သူမဟုတ်သေးပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့–မမေ့မလျော့ ခြင်းနှင့် သင့်တော်တဲ့ အကျင့်တွေကို ကျင့်နေကြ လုပ်ကိုင်နေကြတဲ့ အတွက်ကြောင့်ပါပဲ။

နောက်တစ်ဦးကတော့ အရွယ်အကုန်လုံးမှာ သင်တို့တစ်တွေလိုပဲ နေ့အခါမှာ အိပ်ခြင်း, အစားအဝတ်စတဲ့ အာမိသနှင့်စပ်တဲ့စကားကို ပြောဆိုခြင်းကို ထပ်ကာထပ်ကာ အားထုတ်ပြီး 'မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမယ်'ဆိုကြစို့ရဲ့၊ အဲဒီပုဂ္ဂိုလ်ရဲ့ ပထမအရွယ်မှာ မေ့လျော့ခြင်းက မြူမှုန်ရိုးရိုးပဲမည်တယ်၊ အခြားအရွယ်တွေမှာ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာတဲ့ မေ့လျော့ခြင်းတွေက ထပ်ဆင့်လာလိုက်တော့ မြူမှုန်တွေ များလွန်းလို့ အမှိုက်ပုံကြီးပဲ ဖြစ်ရတော့တယ်။

ပြောလာခဲ့တဲ့အတိုင်း "ဒီမေ့လျော့ခြင်းဟာ အချိန်မရွေး စိတ်အညစ်အကြေး မြူမှုန် ဖြစ်နေတဲ့အတွက် 'သတိမကင်း မမေ့လျော့ခြင်း' ဆိုတဲ့ အပွမာဒတရားရယ်, အာသဝတရားတွေကို ကုန်စေတတ်တဲ့ အာသဝက္ခယဉာဏ်ပညာရယ် ဒီတရားနှစ်ပါးနဲ့ ပညာရှိအမျိုးသားက မိမိကို ညှဉ်းပန်းနှိပ်စက်နေတဲ့ ကိလေသာ ရောဂါနှင့် ရာဂစတဲ့ မြားတွေကို ကုစားကြရမယ်၊ ပယ်နုတ်ကြရမယ်"လို့ ဆိုလိုတာပါပဲ။

ဒေသနာတော်၏အဆုံးမှာ ထိုရဟန်းများသည် ပြင်းစွာ ထိတ်လန့်လာကြသည်၊ ဤတရားတော်ကို နှလုံးသွင်း ဆင်ခြင်လျက် ဝိပဿနာကို ကြိုးစားအားထုတ်ကြသည်၊ သို့ဖြင့် မကြာမီမှာပင် ရဟန်းငါးရာလုံး အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားကြသည်၊ အာသဝကင်းကွာ ရဟန္တာများ ဖြစ်သွားကြသည်။ သုတ္တနိ ပါ၊ ၃၂၈။ ၄-၂၊ ၇၀။

သေခြင်းသည် ကြောက်စရာမဟုတ်

သာသနာ့ဝန်ဆောင် ရဟန်းသာမဏေများ ဒါယကာဒါယိကာမများတို့သည် ကမ္မသကတာဉာဏ် အခြေခံရှိပြီးသူများဖြစ်ကြသည်၊ သို့ဖြစ်၍ ကုသိုလ်တရား တိုးပွားရေးနှင့် အကုသိုလ်တရား ဆုတ်ယုတ်ရေးသည် သာသနာ့ဝန်ဆောင် ရဟန်းရှင်လူများ မလွဲမသွေ ပြုလုပ်ရမည့် ကိစ္စတစ်ရပ်ဖြစ်ပေသည်၊ ယင်းကိစ္စ ပြီးစီးအောင်မြင်ရန် အပွမာဒ-သတိက စွမ်းဆောင်နိုင်သည်၊ အပွမာဒ-သတိက တာဝန်ယူနိုင်သည်၊ သို့ဖြစ်၍ အပွမာဒ-သတိ အမြဲရှိကြရမည်၊ အပွမာဒ-သတိကို အဖော်လုပ်ကြရမည်၊ အပွမာဒ-သတိနှင့် မကင်းကွာသင့်။

"အပွမာဒသည် မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေတတ်သည်၊ ဖြစ်ပြီးသော အကုသိုလ်ကို ဆုတ်ယုတ်စေတတ်သည်၊ မမေ့မလျော့သော ပုဂ္ဂိုလ်မှာ မဖြစ်သေးသော ကုသိုလ်တို့လည်း ဖြစ်ကြသည်၊ ဖြစ်ပြီးသော အကုသိုလ်တို့လည်း ဆုတ်ယုတ်ကြသည်"။ အံ-ပါ-၁၊ ၁၀။

"ကိုယ်ကျိုးကိုယ်စီးပွားကို အလိုရှိသူတို့သည် (အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဖြစ်သော) ကာမဂုဏ်ငါးပါးတို့၌ စိတ်ကို လွတ်မပေးခြင်း, မမေ့မလျော့ သတိထားခြင်း"ဟူသော စိတ်၏အစောင့်အရှောက်ကို ပြုရမည်"။ သံ-ပါ-၂၊၃၁၇။

ဘုရားကို ရိုသေလေးစား ခိုကိုးအားထား၍ နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ တရားကို ရိုသေလေးစားခိုကိုးအားထား နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ သံဃာတော်ကို ရိုသေလေးစား ခိုကိုးအားထား၍ နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ ကိုယ်ကျင့်သိက္ခာကို ရိုသေလေးစား ခိုကိုးအားထား၍ နေလျှင် အကုသိုလ်ကို

ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ စိတ်တည်ကြည်မှု သမာဓိကို ရိုသေလေးစား ခိုကိုးအားထား၍နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ မမေ့မလျော့ခြင်း အပွမာဒကို ရိုသေလေးစား ခိုကိုးအားထား၍ နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်၊ အစ့ေအစပ်ပြုမှုကို ရိုသေလေးစား ခိုကိုးအားထား၍ နေလျှင် အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်"။ အံ-ပါ-၂၊ ၄၉၀။

ဆောင်။ ။ဘုရားတရား, သံဃာအားဖြင့်, သုံးပါးရတနာ, ကျင့်သိက္ခာမြတ်, စိတ်ဓာတ်တည်မှု, မမေ့မှုနှင့်, ပြုမှုစ့ေစပ်, ခုနစ်ရပ်, ရိုညွှတ်ကုသိုလ် ပွားတိုးမည်။

ဘုရားရှင်ကလည်း ဤသို့ ဟောဖော်ညွှန်ပြထားပါသေးသည်၊ ယင်းသို့ ဟောတော်မူထားသည့်အတိုင်း ကုသိုလ်တရား တိုးပွားလာ၍ အကုသိုလ်တရား ဆုတ်ယုတ်လာသော အပွမတ္တ(မမေ့မလျော့သော) ပုဂ္ဂိုလ်သည် နောင်ဘဝအတွက် စိုးရိမ်ပူပန်စရာ မရှိတော့ပါ၊ သေမင်းကို ရဲရဲတင်းတင်း ရင်ဆိုင်နိုင်ပါတော့သည်၊ သေရမည်ကို မကြောက်တော့ပါ၊ ထို့ကြောင့်ပင် ဘုရားရှင်ကလည်း အောက်ပါစကားတော်ကို မိန့်ဆိုထားပြန်သည်။

"၁။ ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွားစေခြင်း၊
၂။ ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွားစေခြင်း၊
၃။ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွားစေခြင်း၊
၄။ မိစ္ဆာဒိဋ္ဌိကိုပယ်၍ သမ္မာဒိဋ္ဌိကို ပွားစေခြင်း။

ဤလေးဌာနတို့၌ မမေ့မလျော့မှု အပွမာဒကို ပြုရမည်။

၁။ ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွားစေပြီးသူ၊
၂။ ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွားစေပြီးသူ၊
၃။ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွားစေပြီးသူ၊
၄။ မိစ္ဆာဒိဋ္ဌိကိုပယ်၍ သမ္မာဒိဋ္ဌိကို ပွားစေပြီးသူ။
ဤသူများသည် သေရမှာကို မကြောက်ရတော့ပေ"။ အံ-ပါ-၁၊ ၄၃၄။

"စက္ခုဝိညာဉ်ဖြင့် သိရသော ရူပါရုံ, သောတဝိညာဉ်ဖြင့် သိရသော သဒ္ဒါရုံ, ဃာနဝိညာဉ်ဖြင့် သိရသော ဂန္ဓာရုံ, ဇိဝှါဝိညာဉ်ဖြင့် သိရသော ရသာရုံ, ကာယဝိညာဉ်ဖြင့် သိရသော ဖောဋ္ဌဗ္ဗာရုံ, မနောဝိညာဉ်ဖြင့် သိရသော ဓမ္မာရုံ"ဟူ၍ အာရုံခြောက်ပါး ရှိနေသည်၊ ယင်းအာရုံများအနက် တစ်ပါးတစ်ပါးသော အာရုံမှာလည်း နှစ်ခြိုက်စရာ

ကောင်းသောအာရုံ, နှစ်ခြိုက်စရာမကောင်းသောအာရုံ"အားဖြင့် နှစ်မျိုးစီ ကွဲပြားလာပြန်သည်။

နှစ်ခြိုက်စရာကောင်းသောအာရုံမျိုးနှင့် တွေ့ကြုံရသည့်အခါ လိုချင်တောင့်တလာတတ်သည်၊ တပ်မက်လာတတ်သည်၊ မခွဲနိုင် မခွာရက်ဖြစ်လာတတ်သည်၊ နှစ်ခြိုက်စရာမကောင်းသောအာရုံမျိုးနှင့် တွေ့ကြုံရသည့်အခါမှာမူထိန်းမနိုင် သိမ်းမရ အမျက်ဒေါသ ထွက်လာတတ်သည်၊ ရွံရှာစက်ဆုတ်လာတတ်သည်၊ ဤသည်မှာ လောကသူလောကသားတို့၏ ဖြစ်ရိုးဖြစ်စဉ် သဘာဝပင် ဖြစ်ပါတော့သည်။

မည်သို့ပင် ဖြစ်စေကာမူသာသနာ့ဝန်ဆောင် ရဟန်းရှင်လူများမူကား အာရုံ၏ဆွဲဆောင်ရာနောက်ကို မလိုက်ပါသင့်ပေ၊ နှစ်ခြိုက်စရာကောင်းသောအာရုံနှင့် တွေ့ကြုံရသည့်အခါ မလိုချင် မမက်မောရအောင် မိမိ၏စိတ်ကို ထိန်းသိမ်းနိုပ်ကွပ်ရမည်၊ နှစ်ခြိုက်စရာမကောင်းသော အာရုံနှင့် တွေ့ကြုံရသည့် အခါမှာလည်း အမျက်ဒေါသ မထွက်ရအောင်, ရွံရှာစက်ဆုတ်မှု မဖြစ်ရအောင် မိမိ၏စိတ်ကို နှိပ်ကွပ်ထိန်းသိမ်းရမည်။

ယင်းသို့ နှိပ်ကွပ်စရာလက်နက်ကိုလည်း ခဲခဲယဉ်းယဉ်းရှာဖွေနေရန် မလိုပါ၊ မိမိ၏သန္တာန်မှာ အပွမာဒသတိကို ထူထောင်ထားရန်မျှသာ ဖြစ်ပါသည်၊ အပွမာဒသတိရှိသူ၏စိတ်ကို နှစ်ခြိုက်စရာကောင်းသောအာရုံကလည်း မလွှမ်းမိုးနိုင်၊ နှစ်ခြိုက်စရာမကောင်းသောအာရုံကလည်း မလွှမ်းမိုးနိုင်၊ ထို့ကြောင့် အပွမာဒသတိရှိသူ ရဟန်းရှင်လူတို့သည် မိမိ၏လုပ်ငန်းကို မတွန့်မဆုတ် ကြိုးပမ်းအားထုတ်နိုင်ပါတော့သည်၊ အာရုံ၌ ကပ်၍တည်နေသော အပွမာဒသတိလည်း ပျောက်ပျက်စရာ မရှိတော့ပေ၊ ပူပန်ကင်းကွာကိုယ်လည်း ငြိမ်းအေးလာရပါတော့သည်၊ စိတ်လည်း တစ်မျိုးတည်းသော အာရုံမှာတည်ကြည်ငြိမ်သက်လာပါတော့သည်၊ သမာဓိရလာပါတော့သည်၊ သို့ဖြစ်၍ မိမိကိုယ်ကိုင်လည်း နိဗ္ဗာန်ချမ်းသာကို ရလိုသည့်အပြင် သူတစ်ပါးကိုလည်း ရစေချင်သော သာသနာပြုရဟန်းရှင်လူတို့သည် စက္ခုစသည်၌ မမွေ့မလျော့ မပေါ့မဆ သတိပြုကြရမည်။

ထို့ကြောင့်ပင် ဘုရားရှင်ကလည်း အောက်ပါစကားတော်ကို မိန့်ဆိုထားခဲ့ပါသည်။

"နှစ်ခြိုက်စရာ ကောင်းသည်သော်လည်းဖြစ်သော, နှစ်ခြိုက်စရာ မကောင်းသည်သော်လည်းဖြစ်သော စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံ, သောတဝိညာဉ်ဖြင့် သိအပ်သော သဒ္ဒါရုံ, ဃာနဝိညာဉ်ဖြင့် သိအပ်သော ဂန္ဓာရုံ, ဇိဝှါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံ, ကာယဝိညာဉ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံ, မနောဝိညာဉ်ဖြင့် သိအပ်သော ဓမ္မာရုံတို့သည် အပွမာဒ သတိရှိသူ၏စိတ်ကို မလွှမ်းမိုးနိုင်ပေ၊ သူ့စိတ်က ယင်းအာရုံတို့၏ လွှမ်းမိုးမှုကို မခံရသောကြောင့် သူသည် မတွန့်မဆုတ် ကြိုးစားအားထုတ်နိုင်တော့သည်၊ သူ၏ အာရုံ၌ ကပ်၍တည်သော သတိလည်း

မပျောက်ပျက်တော့ပေ၊ ကိုယ်လည်း ငြိမ်းအေးလာတော့သည်၊ ပူပန်မှု မရှိတော့ချေ၊ စိတ်လည်း အာရုံတစ်မျိုးတည်းမှာ တည်ကြည်ငြိမ်သက်နေတော့သည်။

ထို့ကြောင့် ရဟန္တာမှတစ်ပါး နိဗ္ဗာန်ကို မျော်မှန်းတောင့်တ ကျင့်သုံးနေထိုင်ကြသူတို့သည် (စကၠု)ဖဿစသည်တို့၏ ပေါင်းဆုံဖြစ်ပွားရာ စကၠုစသည်၌ မမေ့မလျော့ သတိပြုကြရမည်"။ သံ-ပါ-၂၊ ၃၄၀။

"ရဟန္တာမှတစ်ပါး နိဗ္ဗာန်ကို မျော်မှန်းတောင့်တ ကျင့်သုံးနေထိုင်ကြသူတို့သည် သင့်တော်သောကျောင်းမှာ နေ၍ အဆွေခင်ပွန်းကောင်းကို မှီခိုဆည်းကပ်ပြီး ဣန္ဒြေတို့ကို ညီညီမျှမျှ ထားကြပါလျှင် မျက်မှောက်ဘဝမှာပင် အရဟတ္တဖိုလ်ကို ရနိုင်စရာ ရှိပေသည်၊ ထို့ကြောင့် ရဟန္တာမှတစ်ပါး နိဗ္ဗာန်ကို မျော်မှန်းကျင့်သုံးနေကြသော ပုဂ္ဂိုလ်တို့သည် မမေ့မလျော့ ပြုဖွယ်ကိစ္စကို ပြုသင့်သည်"။ မဇ္ဈိ-ပါ၊ ၁၄၂။ ၄၊ ၁၃၀။

ကမ္ဘာပေါ်ရှိ စက်မှုနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ခါစ နိုင်ငံများက လိုက်၍ မမီနိုင်လောက်အောင် ရပ်ဝတ္ထုအနေဖြင့် တိုးတက်နေကြသည်၊ ရပ်ဝတ္ထုဖြင့်ပင် ကမ္ဘာကို ခေါင်းဆောင်နေကြသည်၊ ယင်းစက်မှုနိုင်ငံရှိ လူသားများသည် ရပ်ဝတ္ထုများ တိုးတက်လာသလောက် နာမ်တရားဘက်မှ ကျဆင်းလာကြသည်၊ လောဘမီး, ဒေါသမီး, မောဟမီးစသည်တို့က ပွားစီးလာကြသည်၊ အခြားနိုင်ငံများမှ ထွက်ရှိနေသော သယံဇာတ အရင်းအမြစ် စက်မှုကုန်ကြမ်းပစ္စည်းများကို လိုချင်လာကြသည်၊ မက်မောလာကြသည်၊ ဖြစ်သည့်နည်းမျိုးဖြင့် ရရှိအောင် ကြိုးစားလာကြသည်၊ နည်းပရိယာယ် အမျိုးမျိုးကို အသုံးပြုလာကြသည်၊ အဆုံးမှာ လက်နက်အင်အားဖြင့် လွှမ်းမိုး၍ အခြားနိုင်ငံများကို သိမ်းသွင်းအရယူရန်ပင် ဝန်မလေးကြတော့ပေ၊ ဤသည်မှာ နာမ်တရားယိုယွင်းကျဆင်းမှု၏ အမှတ်လက္ခဏာပင် ဖြစ်ပါတော့သည်။

ရပ်ဝတ္ထုက တိုးတက်၍ နာမ်တရားဘက်က ကျဆင်းလာသလောက် ယင်းစက်မှုနိုင်ငံများမှာ တပ်မက်စရာကောင်းသော အာရုံမျိုးစုံလည်း ရှိနေသည်၊ အမျက်ထွက်စရာကောင်းသော အာရုံ, ထိတ်လန့်ကြောက်ရွံ့စရာကောင်းသော အာရုံမျိုးစုံလည်း ရှိနေသည်၊ မာန်ယစ်စရာကောင်းသော အာရုံမျိုးစုံလည်း ရှိနေသည်၊ တွေဝေစရာကောင်းသော အာရုံမျိုးစုံလည်း ရှိနေသည်၊ ယင်းအာရုံမျိုးစုံတို့သည် ဖွံ့ဖြိုးတိုးတက်ခါစ နိုင်ငံများသို့လည်း ထိုက်သည်အားလျော်စွာ နည်းအမျိုးမျိုးဖြင့် လိုမ့်ဝင်နေကြသည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်တွင်း,ပြည်ပ သာသနာပြုနေကြသည့် ရဟန်းရှင်လူများသည် အပွဟာဒသတိဖြင့် မိမိတို့၏စိတ်ကို ထိန်းသိမ်းထားရမည်၊ စောင့်ရှောက်ထားရမည်၊ ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ထားသည့်အခါမှာ မိမိတို့ကိုယ်တိုင် အာရုံမျိုးစုံ၏

ဆွဲဆောင်ရာနောက်ကို မလိုက်ပါရတော့ပေ၊ ထိတ်လန့်ခြင်းကင်း ရဲတင်းလာရတော့သည်၊ ဘာသာခြားခေါင်းဆောင်တို့က မည်မျှပင် ဟောပြောဆွဲဆောင်လာစေကာမူ သူတို့၏ အယူဝါဒသို့ ယိမ်းယိုင်လိုက်ပါသွားရန်လည်း မရှိတော့ပါ၊ သို့ဖြစ်၍ ဤအပွမာဒသတိသည် ပြည်တွင်း,ပြည်ပ သာသနာပြုပုဂ္ဂိုလ်များအတွက် အထက်မြက်ဆုံးသော လက်နက်ကောင်း တစ်ခုပင် ဖြစ်နေပါတော့သည်။

> “တပ်မက်ဖွယ်အာရုံ, အမျက်ထွက်ဖွယ်အာရုံ, တွေဝေဖွယ်အာရုံ, မာန်ယစ်ဖွယ်အာရုံ”ဟူသော အရာဌာနလေးမျိုးမှာ ကိုယ်ကျိုးစီးပွားကို လိုလားသောသူသည် အပွမာဒသတိဖြင့် စိတ်ကို စောင့်ရှောက်ထားရမည်၊ ယင်းသို့ စောင့်ရှောက်ထားသည့်အတွက် တပ်မက်ဖွယ်အာရုံမှာလည်း မတပ်မက်တော့ပေ၊ အမျက်ထွက်ဖွယ်အာရုံမှာလည်း အမျက်မထွက်တော့ပေ၊ တွေဝေဖွယ်အာရုံမှာလည်း မတွေဝေတော့ပေ၊ မာန်ယစ်ဖွယ်အာရုံမှာလည်း မာန်မယစ်တော့ပေ၊ ထိုအခါ ယင်းပုဂ္ဂိုလ်သည် ထိတ်လန့်ခြင်းကင်း ရဲတင်းလာတော့သည်၊ ဘာသာခြားခေါင်းဆောင်တို့၏ ဟောပြောဆွဲဆောင်မှု နောက်ကိုလည်း လိုက်ပါသွားမည် မဟုတ်တော့ချေ”။
> အံ-ပါ-၁၊ ၄၃၅။ ၅-၂၊ ၃၃၀။

ဘုရားရှင်ကလည်း ဤသို့ ဟောဖော်ညွှန်ပြထားပါသေးသည်။

သာသနာပြုပုဂ္ဂိုလ်တို့၏ အလုပ်

သာသနာပြုပုဂ္ဂိုလ်တို့သည် ရှောင်သင့်သော အကုသိုလ်ကို ရှောင်ကြဉ်၍ လုပ်သင့်သော ကုသိုလ်တရားတို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ရမည်၊ သူတစ်ပါးတို့ ပြုလုပ်အောင်လည်း တိုက်တွန်းနှိုးဆော်ပေးရမည်၊ အကျိုးရှိသမျှ တရားအကုန်လုံးကို မှန်ကန်တိကျစွာ မိမိကိုယ်တိုင်လည်း ကျင့်ရမည်၊ သူများကျင့်အောင်လည်း လမ်းညွှန်နိုင်ရမည်၊ ဤသည်ပင်လျှင် သာသနာပြုလုပ်ငန်း ဖြစ်သည်။

ယင်းသို့ အကုသိုလ်ကို ရှောင်ကြဉ်၍ ကုသိုလ်ကို ပြုလုပ်ခြင်း, အကျိုးရှိသမျှ တရားအကုန်လုံးကို မှန်ကန်တိကျစွာ ပြုကျင့်ခြင်းသည် အပွမာဒသတိအပေါ်မှာ အခြေတည်နေသည်၊ အပွမာဒသတိ ရှိနေသူကသာ ယင်းသို့ ပြုလုပ်နိုင်မည်၊ အပွမာဒသတိ မရှိသူက ယင်းသို့ ပြုလုပ်နိုင်မည် မဟုတ်ပေ၊ အောက်၌ ထုတ်ပြထားသော ပါဠိတော်အဋ္ဌကထာလာစကားများကလည်း ဤသဘောကိုပင် ဖော်ညွှန်းနေပါသည်။

> “သတ္တဝါအကုန်လုံးတို့တွင် ဘုရားက မြတ်သကဲ့သို့ ကုသိုလ်တရား အကုန်လုံးတို့တွင် အပွမာဒတရားက မြတ်ပေသည်၊ အဘယ့်ကြောင့်နည်းဟူမူ-လောကီ, လောကုတ္တရာတရား အကုန်လုံးပင် အပွမာဒကို အခြေခံ၍ ဖြစ်ကြရသောကြောင့်ပင် ဖြစ်သည်၊ မမေ့မလျော့သော(အပွမာဒသတိရှိသော) ပုဂ္ဂိုလ်ကသာ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများနိုင်စရာ အလေ့အလာပြုနိုင်စရာ အကြောင်းရှိပေသည်၊

ထို့ပြင် ရှောင်သင့်သော အကုသိုလ်တရားတို့ကို ရှောင်ကြဉ်၍, ပြုလုပ်သင့်သော ကုသိုလ်တရားတို့ကို ပြုလုပ်ရန်လည်း မမေ့လျော့သော ပုဂ္ဂိုလ်ကသာ စွမ်းဆောင်နိုင်ပေသည်"။ သံ-ပါ-၃၊ ၃၈။ ၄-၃၊ ၁၇၀။ ဋီ-၂၊ ၄၁၀။

"အပွမာဒတရားသည် ကုသိုလ်တရားတို့၌ ကျေးဇူးများလှသော တရားတစ်မျိုးဖြစ်ပေသည်"။ ပါထိက-ပါ၊ ၂၂၇။

"အပွမာဒတရားသည် အကျိုးရှိသမျှ တရားအကုန်လုံးကို မှန်ကန်တိကျစွာ ပြုကျင့်အောင် ကျေးဇူးပြုတတ်သည်၊ တွန်းအားပေးတတ်သည်။

ဤအပွမာဒတရားသည် သီလဖြည့်ကျင့်မှု၌လည်း ကျေးဇူးပြုတတ်, တွန်းအားပေးတတ်သည်၊ ဣန္ဒြေတို့ကို စောင့်ရှောက်မှု၌လည်း ကျေးဇူးပြုတတ်သည်၊ အစားအသောက်နှင့်ပတ်သက်၍ အတိုင်းအရှည်ပမာဏကို သိနားလည်မှု၌လည်း ကျေးဇူးပြုတတ်သည်၊ နိုးကြားတက်ကြွ ကြိုးစားအားထုတ်မှု၌လည်း ကျေးဇူးပြု တတ်သည်၊ သူတော်ကောင်းတရား ခုနစ်ပါးတို့(ကိုဖြစ်ပွားစေခြင်း)၌လည်း ကျေးဇူးပြု တတ်သည်၊ မဂ်၏ရှေ့အဖို့၌ဖြစ်သော ဝိပဿနာဉာဏ်ကို ပွားစေခြင်း၌လည်း ကျေးဇူးပြုတတ်သည်၊ အတ္ထပဋိသမ္ဘိဒါစသည်တို့ကို (ရရှိခြင်း)၌လည်း ကျေးဇူးပြုတတ်သည်၊ သီလကွန္ဓ(သီလအစု)စသော ငါးပါးသော တရားအစု တို့၌လည်း ကျေးဇူးပြုတတ်သည်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိနားလည်ခြင်း၌လည်း ကျေးဇူးပြုတတ်သည်၊ မြင့်မြတ်သောဈာန်သမာပတ်ကို ဝင်စားခြင်း၌လည်း ကျေးဇူးပြုတတ်သည်၊ အရိယသစ္စာတို့(ကိုပွားများခြင်း)၌လည်း ကျေးဇူးပြုတတ်သည်၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား ၃၇-ပါး (ဖြစ်ပွားခြင်း)၌လည်း ကျေးဇူးပြုတတ်သည်၊ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် စသည်တို့၌လည်း ကျေးဇူးပြုတတ်သည်၊ (အမွှေသုတ်လာ) ဝိဇ္ဇာရှစ်ပါးတို့၌လည်း ကျေးဇူးပြုတတ်, တွန်းအားပေးတတ်သည်၊ ဤသို့လျှင် အပြစ်ကင်းမဲ့သော ကုသိုလ်တရားအကုန်လုံးတို့၌ ကျေးဇူးများလှပေသည်။ ပါထိက-၄၊ ၂၃၉။ ဋီ၊ ၂၇၈။

ပညာရှိ ခေါ်သင့်သူ

အသက်ရှည်လိုသူ, အနာရောဂါကင်းလိုသူ, အဆင်းလှလိုသူ, နတ်ပြည်ရောက်လိုသူ, အမျိုးမြတ်မှာ ဖြစ်လိုသူ, ဆင့်ကဲဆင့်ကဲ မွေ့လျော်ပျော်ပိုက်မှု မျိုးစုံတို့ကို ရလိုသူတို့သည် အပွမာဒတရားကို လက်ကိုင်ထားသင့်သည်၊ "ကုသိုလ်ရေးရာ၌ မမေ့မလျော့ မပေါ့မဆခြင်း"ဟူသော ယင်းအပွမာဒတရားသည် ပညာရှိတို့၏ ချီးကျူးမှုကို ခံရသော တရားတစ်မျိုးဖြစ်ပေသည်။

ကုသိုလ်ရေးရာ၌ မမေ့မလျော့ မပေါ့ဆသူကသာ "မျက်မှောက်အကျိုးစီးပွား,

တမလွန်အကျိုးစီးပွား”ဟူသော အကျိုးစီးပွားနှစ်မျိုးကို ရယူသိမ်းပိုက်နိုင်သည်၊ ယင်းသို့ အကျိုးစီးပွားနှစ်မျိုးကို ရယူသိမ်းပိုက်နိုင်သူမျိုးကိုပင် ‘ပညာရှိ’ဟု ခေါ်ရတော့သည်။

အပြစ်မရှိသော လုပ်ငန်းဖြင့် ရာဖွေစုဆောင်း၍ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝခြင်း, လုပ်ငန်းကိစ္စ-ဟူသမျှ ချောချောမောမော ပြီးစီးအောင်မြင်ခြင်း, ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ခြင်း, အသက်မွေးစရာ နှုတ်မှုပညာ လက်မှုပညာတို့ကို သန့်သန့်ရှင်းရှင်း ပြုလုပ်ကြိုးစား အသင့်စီမံထားနိုင်ခြင်း, နောက်လိုက်ငယ်သားတို့ကို သိမ်းသွင်းစည်းရုံးထားနိုင်ခြင်း စသည်တို့သည် လူများအတွက် မျက်မှောက်အကျိုးစီးပွားများပင် ဖြစ်ပေသည်။

ပစ္စည်းလေးပါးတို့ကို လွယ်လင့်တကူ ရရှိခြင်း, ဉာဏ်ဖြင့်ဆင်ခြင်သုံးစွဲခြင်း, ဉာဏ်ဖြင့်ဆင်ခြင်၍ ရောင်သင့်သည်ကို ရောင်ကြဉ်ခြင်း, ကိုယ်တွင်းကိုယ်ပဝတ္ထုတို့ကို ရှင်းလင်းအောင် ပြုလုပ်ခြင်း, အလိုနည်းခြင်း, ကိုယ့်မှာရှိနေသောပစ္စည်းဖြင့် ကျေနပ်နေခြင်း, လူတို့မှကင်းဆိတ်ခြင်း, မရောနှောခြင်း, စိတ်နှလုံးသာယာအေးမြခြင်း- စသည်တို့သည် ရှင်ရဟန်းများအတွက် မျက်မှောက်အကျိုးစီးပွားများ ဖြစ်ပေသည်။

ထို့ပြင်- သင့်တော်ရာအရပ်မှာ နေထိုင်ရခြင်း, သူတော်ကောင်းတို့ကို မှီခိုဆည်းကပ်ရခြင်း, သူတော်ကောင်းတရားကို ကြားနာရခြင်း, အသင့်အတင့်နှလုံးသွင်းနိုင်ခြင်း စသည်တို့မှကား ရဟန်းရှင်လူနှစ်ဦးနှစ်ဖက်နှင့် သက်ဆိုင်သော မျက်မှောက်အကျိုးစီးပွားများ ဖြစ်ပေသည်၊ တမလွန်အကျိုးစီးပွားကိုမူ အထူးထုတ်ဖော်ပြောဆိုရန်ပင် လိုမည် မထင်တော့ပါ၊ ဆိုခဲ့ပြီးသော အသက်ရှည်မှု စသည်တို့ပင် ဖြစ်ပါတော့သည်။

ထို့ကြောင့်ပင် ဘုရားရှင်ကလည်း အောက်ပါတရားတော်ကို ဟောဖော် ညွှန်ကြားတော်မူခဲ့ပါသည်။

အာယုံ အရောဂိယံ ဝဏ္ဏံ , သဂ္ဂံ ဥစ္စာကုလီနတံ၊
ရတိယော ပတ္ထယန္တေန , ဥဠာရာ အပရာပရာ။
အပွမာဒံ ပသံသန္တိ , ပုညကိရိယာသု ပဏ္ဍိတာ၊
အပွမတ္တော ဥဘော အတ္ထေ , အဓိဂဏှာတိ ပဏ္ဍိတော။
ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော , ယော စတ္ထော သမ္ပရာယိကော၊
အတ္ထာဘိသမယာ မေဓော , ပဏ္ဍိတောတိ ပဝုစ္စတိ။

ကုသိုလ်ရေးရာ-မမေ့မှုကို , ချီးကျူးဂုဏ်ပြု-ပညာရှင်၊
ထို့ကြောင့်သက်ရှည်-အနာကင်းလို့ , လှပအဆင်း-နတ်ဖြစ်ချင်၊
မျိုးမြတ်မွေ့လျော်-ဆင့်ကဲကျိုးကို , တကယ်မျှော်ကိုး-လိုလားလျှင်၊
ကုသိုလ်ရေးရာ-မမေ့ခြင်းကို , မချွတ်မယွင်း-ပြုဖို့ပင်။

ကုသိုလ်ရေးရာ-မပေါ့ဆဘဲ , မေ့လျော့ကင်းပ-ပညာရှင်၊
မျက်မှောက်တမလွန်-ကျိုးနှစ်ပါးကို , လက်လွတ်မထား-သိမ်းယူငင်၊
အကျိုးနှစ်ဖြာ-ရရှိခြင်းကြောင့် , ဆန့်ကျင်ပယ်ခွင်း-တတ်သူပင်၊
လောကအလယ်-ပညာရှိလို့ , ခေါ်ဝေါ်မှတ်သိ-ဂုဏ်ပေါ်ထင်။

ပညာရှိတို့သည် ကုသိုလ်ပြုလုပ်မှုတို့၌ မမေ့မလျော့ မပေါ့မဆခြင်းကို ချီးမွမ်းကြသည်၊ ထို့ကြောင့် အသက်ရှည်မှု, အနာရောဂါကင်းမှု, အဆင်းလှမှု, နတ်ပြည်ရောက်မှု, အမျိုးမြတ်၌ဖြစ်ရမှု, အဆင့်ဆင့်မြတ်သော မွေ့လျော်မှုတို့ကို တောင့်တသော ပုဂ္ဂိုလ်သည် အံ့ပွမာဒကိုပင် ပြုသင့်သည်။

မမေ့မလျော့သော ပညာရှိသည် "မျက်မှောက်အကျိုးစီးပွား, တမလွန်အကျိုးစီပွား" ဟူသော အကျိုးစီးပွား နှစ်မျိုးတို့ကို ရယူသိမ်းပိုက်နိုင်ပေသည်၊ ယင်းသို့ မျက်မှောက်တမလွန် ကျိုးနှစ်တန်ကို ရရှိခြင်းကြောင့် ဆန့်ကျင်ဘက် ပမာဒတရားဆိုးကို သုတ်သင်ပယ်ရှားတတ်သူကို "ပညာရှိ"ဟု ဆိုသင့်သည်။ သံ-ပါ-၁၊ ၈၇။ ဌ၊ ၁၄၃။ ဋီ၊ ၁၈၇။ ဣတိ-ပါ၊ ၂၀၆၊ ဌ ၊ ၇၅။

မမေ့လျော့မှ နိဗ္ဗာန်ရ

မေ့လျော့ခြင်းပမာဒနှင့် မမေ့လျော့ခြင်းအပွမာဒတို့၏သဘောကို ထိုက်သည့် အားလျော်စွာ ပြဆိုထားခဲ့ပါပြီ၊ ထိုတွင် မေ့လျော့ခြင်းပမာဒသည် သေရခြင်း၏အကြောင်း ဖြစ်သည်၊ ယင်းသို့ ဖြစ်ရခြင်း၏အကြောင်းကို သိသာရုံ ပြပါဦးမည်။

မေ့လျော့သောသူသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို မပြုလုပ်သည့်အပြင် သမထ ဝိပဿနာ ဘာဝနာကိုလည်း ကြိုးစားအားထုတ်မည် မဟုတ်ပါ၊ သမထ, ဝိပဿနာ ဘာဝနာတို့ကို ကြိုးစားအားထုတ်မှု မပြုဘဲ အရဟတ္တဖိုလ်ကိုရရှိး မရှိချေ၊ အရဟတ္တဖိုလ်ကို မရသောသူသည် ပဋိသန္ဓေတည်နေရမှု ဇာတိကို မလွန်မြောက်နိုင်၊ ဇာတိကို ရရှိသူ၏နောက်သို့ အိုမှုဇရာနှင့် သေမှုမရဏတို့လည်း ထက်ကြပ်မကွာ လိုက်ပါလာတော့သည်၊ ထို့ကြောင့်ပင် မေ့လျော့ခြင်းပမာဒသည် သေရခြင်း၏အကြောင်း ဖြစ်ရပါတော့သည်။

မမေ့လျော့ မပေါ့ဆ အပွမာဒသတိ ရှိနေသူတို့မှကား မသေကြရပေ၊ ယင်းသို့ ဆိုထားသည့်အတွက် 'ဖြစ်ရာဘဝမှာ မအိုကြရ, မသေကြရ'ဟူ၍ကား မမှတ်ထင်သင့်ပါ၊ အမှန်အားဖြင့် 'မအိုသောသူ, မသေသောသူ'ဟူ၍ကား မရှိနိုင်သည်သာ။

သို့တစေ မေ့လျော့ပေါ့ဆသူအတွက် အဆက်မပြတ်လည်တတ်သော "ကမ္မဝင်္ဂ, ဝိပါကဝင်္ဂ, ကိလေသဝင်္ဂ"ဟူသော ဝင်္ဂသုံးမျိုးကို "ဤမျှလောက်သာ လည်လိမ့်မည်"

ဟု မပိုင်းဖြတ်နိုင်ချေ၊ မမေ့လျော့မပေါ့ဆသူအတွက်သာ (သောတာပန်ဖြစ်က ၇-ဘဝ မျှသာ လည်တော့မည်-စသည်ဖြင့်) ပိုင်းဖြတ်နိုင်ပေသည်။

ထို့ကြောင့် မေ့လျော့ပေါ့ဆသူတို့သည် ဇာတိ-စသည်မှ မလွတ်ကြသောကြောင့် အသက်ပင် ရှင်နေကြစေကာမူ သေသူတို့သာ မည်ကြရပါသည်၊ အသေကောင်တို့ပင် ဖြစ်ကြရတော့သည်။

မမေ့လျော့ မပေါ့ဆသူတို့မူကား ဘုရားဂုဏ်တော် စသည်နှင့် အာနာပါနစသော အာရုံတို့၌ သတိစူးစိုက် ရှုမှတ်သောအားဖြင့် မိမိသန္တာန်မှာ သတိတရား တိုးပွားလာအောင် ထူထောင်ကြသည်၊ထိုသို့ သတိတရားတိုးပွားလာအောင် ထူထောင်ခြင်းသည်ပင် အပွမာဒ လက္ခဏာကို တိုးပွားအောင်လုပ်ရာရောက်သည်၊ ဝိပဿနာဉာဏ်သို့ ဆိုက်ရောက်လာသည့်အခါ ရုပ်နာမ်ခန္ဓာတို့၌ ဝိပဿနာဉာဏ်နှင့်အတူ သတိစူးစိုက်ခြင်းမူကား အပွမာဒလက္ခဏာကို တိုးပွားအောင်ပြုလုပ်ခြင်း အစစ်ပင်ဖြစ်ပါတော့သည်။

သူတို့သည် ယင်းသို့ "သတိမကင်းခြင်း"တည်းဟူသော အပွမာဒလက္ခဏာကို တိုးပွားစေကြသည့်အတွက် လျင်မြန်စွာ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြသည်၊ သို့ဖြင့်-ဒုတိယဘဝ, တတိယဘဝစသည်တို့မှာ မဖြစ်ရတော့ချေ၊ ထို့ကြောင့် မမေ့လျော့ မပေါ့ဆသူတို့သည် အသက်ရှင်နေသည်ပင်ဖြစ်စေ, သေနေသည်ပင်ဖြစ်စေ မသေကြရ သူတို့သာ မည်ကြရပါတော့သည်။

မေ့လျော့ပေါ့ဆသူတို့သည် အကယ်စင်စစ် မသေကြသေးပါသော်လည်း 'မေ့လျော့ပေါ့ဆခြင်း"တည်းဟူသော အသေအားဖြင့် သေနေကြသည့်အတွက် သေသူတို့နှင့်မခြား အလားတူပင် ဖြစ်နေကြပါသည်။

ကျမ်းဂန်များ၌ 'ရုပ်ဇီဝိတ=ရုပ်သက်, နာမ်ဇီဝိတ=နာမ်သက်' နှစ်ပါးကို "ဇီဝိတိန္ဒြေ" ဟု မိန့်ဆိုထားကြပါသည်၊ သတ္တဝါတို့၏ အသက်ဟူသည်မှာလည်း ယင်း ဇီဝိတိန္ဒြေပင် ဖြစ်ပါသည်၊ ဤဘဝ၌ နောက်ထပ် မဆက်စပ်တော့ဘဲ 'ဇီဝိတိန္ဒြေ'ဟူသော အသက် ပြတ်စဲသွားခြင်းကြောင့် အကယ်စင်စစ် သေကြရတော့သည်၊ သစ်တုံးမှာ စိတ်ဝိညာဉ် မရှိသကဲ့သို့ အစစ်အမှန် သေသွားသူများမှာလည်း စိတ်ဝိညာဉ် မရှိတော့ချေ၊ ထို့ကြောင့် အစစ်အမှန် သေသွားသူများသည် သစ်တုံးနှင့် ထူးမခြားနားပင် ဖြစ်ကြရပါတော့သည်။

ထို့ပြင် သေသူများမှာ စိတ်ဝိညာဉ် မရှိသကဲ့သို့ မေ့လျော့ပေါ့ဆသော လူဝတ်ကြောင်များမှာ "အလှူလုပ်မယ်၊ သီလစောင့်မယ်၊ ဥပုသ်သီတင်း စောင့်သုံးမှုကို ပြုမယ်" စသော ကုသိုလ်စိတ် တစ်စုံတစ်ခုမျှ မဖြစ်တော့ချေ၊ မေ့လျော့ပေါ့ဆသော ရှင်ရဟန်းများမှာလည်း "ဆရာဥပဇ္ဈာယ်တို့အပေါ်မှာ ဖြည့်ကျင့်ရမယ့် ကျင့်ဝတ်တွေကို ဖြည့်မယ်၊

ဓတင်ဆောက်တည်မယ်၊ ဘာဝနာ ပွားများအားထုတ်မယ်"စသော ကုသိုလ်စိတ်မျိုး တစ်စုံတစ်ခုမျှပင် မဖြစ်တော့ချေ၊ ထို့ကြောင့် မေ့လျော့ပေါ့ဆသူတို့သည် သစ်တုံးပမာ အသေကောင်နှင့် တူမျှရသူတို့သာ ဖြစ်ကြရပေတော့သည်။

ထို့ကြောင့်ပင် ဘုရားရှင်ကလည်း အောက်ပါတရားတော်ကို ဟောဖော်ညွှန်ပြထားခဲ့ပါသည်။

အပွမာဒေါ အမတံ ပဒံ , ပမာဒေါ မစ္စုနော ပဒံ၊
အပွမတ္တာ န မီယန္တိ , ယေ ပမတ္တာ ယထာ မတာ။

မေ့လျော့ကင်းကွာ-သတိရှိလျှင် , သေခြင်းကင်းမည့်-အကျင့်ပင်၊
မေ့လျော့ဖန်ခါ-သတိကင်းတော့ , သေမဆုံးခြင်း-အကျိုးထင်၊
မမေ့လျော့သူ-မဂ်ဖိုလ်ရောက်လို့ , သေခြင်းကင်းပျောက်-ဆောအလျင်၊
မေ့လျော့နေသူ-လူသေများနှင့် ထူးမခြားနား-လားတူပင်။

မမေ့မလျော့ မပေါ့ဆခြင်းသတိသည် နိဗ္ဗာန်ရောက်ကြောင်းအကျင့် ဖြစ်သည်၊ မေ့လျော့ပေါ့ဆခြင်း အကုသိုလ်တရားစုသည် ထပ်ဖန်တလဲလဲ သေရခြင်း၏ အကြောင်း ဖြစ်သည်၊ မမေ့မလျော့ မပေါ့ဆသူတို့သည် (မကြာမြင့်လှသောဘဝအတွင်းမှာ မဂ်ဖိုလ်ကို ရနိုင်သဖြင့်) မသေကြရတော့ချေ၊ မေ့လျော့ပေါ့ဆ နေထိုင်ကြသူတို့မူကား လူသေများနှင့် အလားတူပင် ဖြစ်ကြရတော့သည်။

"မေ့လျော့သူသည် ဝင့်မှ မထွက်မြောက်နိုင်၊ မမေ့လျော့သောသူကသာ ဝင့်မှ ထွက်မြောက်နိုင်သည်"။

ဤသို့ ပမတ္တပုဂ္ဂိုလ်နှင့် အပွမတ္တပုဂ္ဂိုလ်တို့၏ ထူးခြားကွဲပြားမှုကို သိပြီးသော ပညာရှိ သူတော်ကောင်းတို့သည် ရှေးဦးစွာ ကမ္မဋ္ဌာန်းဘာဝနာ တစ်မျိုးမျိုး၌ သတိစိုက်ခြင်းဟူသော ကမ္မဋ္ဌာန်းဘာဝနာ တစ်မျိုးမျိုးမှာ တည်ကြပါစေ၊ ယင်းသို့ စတည်မိသောအခါ အဆင့်ဆင့် တိုးပွားအောင် ဆက်လက်ကြိုးစားကြရမည်၊ ထိုသို့ ကြိုးစားသည့်အခါ ကိုယ်ရောစိတ်ပါ ရွှင်လန်းလာလိမ့်မည်၊ ထိုသို့ ရွှင်လန်းလာသောအခါ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသဝကတို့၏ ကျက်စားရာ ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် လောကုတ္တရာတရား ၉-ပါးတို့မှာ မပြတ်မွေ့လျော်နိုင်ကြပါလိမ့်မည်။

ဤသည်ကိုပင် ရည်တော်မူ၍ ဘုရားရှင်ကလည်း အောက်ပါတရားတော်ကို ဟောဖော်ညွှန်ပြထားခဲ့ပါသည်။

ဧဝံ ဝိသေသတော ဉတွာ , အပွမာဒမှိ ပဏ္ဍိတာ၊
အပွမာဒေ ပမောဒန္တိ , အရိယာနံ ဂေါစရေ ရတာ။

မေ့သူ မမေ့သူ-ခြားနားမှုကို , ဝေဖန်ကြည့်ရှု-သိပြီးလျှင်၊
သတိကိုသာ-ခြေခံထားလို့ , ပွားအောင်ကြိုးစား-ပညာရှင်၊
ယင်းသတိကို-အကြောင်းပြုလို့ , ကိုယ်နှင့်စိတ်စု-ကြည်လန်းရွှင်၊
ကျက်စား ရိယာ-မြတ်တရားမှာ , မွေ့လျော်ပျော်ပါး-ရမည်ပင်။

ပညာရှိတို့သည် ဤသို့ မေ့သူ,မမေ့သူတို့၏ ကွဲပြားခြားနားမှုကို သိနားလည်ပြီး သည့်နောက် မိမိ၏မမေ့လျော့ခြင်း အပွမာဒသတိမှာ အခြေတည်၍ ယင်းအပွမာဒသတိကို တိုးပွားအောင် လုပ်ကြပါလျှင် မိမိ၏ အပွမာဒသတိကို အကြောင်းပြု၍ နှစ်သက် ဝမ်းမြောက်ကြရသည်၊ အရိယာတို့၏ ကျက်စားရာ ဗောဓိပက္ခိယတရား, လောကုတ္တရာ တရားများမှာ မွေ့လျော် ကြရသည်။

ယင်း မမေ့လျော့သော ပညာရှိတို့သည် သမထကမ္မဋ္ဌာန်းကို အားထုတ်၍ လောကီစျာန်သမာပတ်ကိုဝင်စားကာ ပထဝီကသိုဏ်းစသော အာရုံကိုသော်လည်း ရှုနေ တတ်ကြသည်၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်၍ မဂ်ဖိုလ်မရသေးမီ အခိုက်အတန့်မှာ ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကိုသော် လည်းကောင်း၊ မဂ်ဖိုလ်ရလာသောအခါ နိဗ္ဗာန်၏ တထလက္ခဏာကိုသော် လည်းကောင်း ရှုနေတတ်ကြသည်။

ယင်းသို့ ရှုကြရာ၌ အစပထမမှာ ကသိုဏ်းစသော အာရုံကို မျက်စိဖြင့် ရှုကြရသည်၊ အတော် အသားကျလာသည့်အခါမှာ စိတ်ဖြင့် ရှုကြရသည်၊ ယင်းသို့ ရှုကြသည့်အခါမှာလည်း သာမန်ကာလ၌ကာ ရှုကြရသည်ကား မဟုတ်ပါ၊ စူးစူးစိုက်စိုက်ပင် ရှုကြရပါသည်၊ ယင်းသို့ ကသိုဏ်းစသော အာရုံကို စူးစူးစိုက်စိုက် ရှုခြင်းကို "အာရမဏူပနိဇ္ဈာန်"ဟု ခေါ်သည်၊ (အာရမဏ-ကသိုဏ်းစသောအာရုံကို+ဥပနိဇ္ဈာန-ရှုခြင်း၊) လောကီစျာန်သမာပတ်များပင်ဖြစ်သည်။

ဝိပဿနာကမ္မဋ္ဌာန်းသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကို အာရုံပြု၍ရှု၏၊ ထို့ကြောင့် လက္ခဏူပနိဇ္ဈာန်မည်၏၊ နိဗ္ဗာန်သည် 'မဖောက်မပြန် မှန်ကန်ခြင်း'ဟူသော တထလက္ခဏာရှိ၏၊ မဂ်ဖိုလ်ကိုရသောအခါ ထိုနိဗ္ဗာန်ကို အာရုံပြု သောကြောင့် တထလက္ခဏာကို ရှုရာရောက်သည်၊ ထို့ကြောင့် မဂ်ဖိုလ်လည်း လက္ခဏူ ပနိဇ္ဈာန်ပင်မည်သည်။ (လက္ခဏ-အနိစ္စတာစသော လက္ခဏာနှင့် နိဗ္ဗာန်၏ တထလက္ခ ဏာကို+ဥပနိဇ္ဈာန-ရှုခြင်း၊) ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များပင်ဖြစ်သည်။

ယင်း ပညာရှိတို့သည် ဆိုခဲ့ပြီးသော အာရမဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန် နှစ်ပါးဖြင့် ရှုတတ်ကြသည်၊ "သမထဝိပဿနာကို မဂ်ရောက်ဖိုလ်ပေါက် လုပ်ကိုင်နေကြသည်၊ ကြိုးစားအားထုတ်နေကြသည်"ဟု ဆိုလိုသည်။

ရှင်ရဟန်းဖြစ်လျှင် 'ရှင်ရဟန်းပြုမည်'ဟု ထွက်လာသည့်အချိန်မှစ၍, လူဖြစ်လျှင်လည်း 'တရားအားထုတ်မည်'ဟု ထွက်လာသည့်အချိန်မှစ၍ အရဟတ္တမဂ်တိုင်အောင် ယင်းပညာရှိတို့မှာ ကာယိကဝီရိယလည်း အမြဲဖြစ်နေသည်၊ စေတသိကဝီရိယလည်း အမြဲဖြစ်နေသည်။

ယင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းပြပါဦးမည်၊ – အရဟတ္တမဂ်ကို ရက အထူးအားမထုတ်ရတော့ဘဲ အရဟတ္တဖိုလ်မှာ အလိုအလျောက် ဖြစ်နိုင်သောကြောင့် အရဟတ္တမဂ်ကိုပင် ဝီရိယ၏ အဆုံးသတ်ရာ ကာလအနေအားဖြင့် ဆိုထားပါသည်၊ စိတ်အားထက်သန်လာအောင် စကြံ့လျှောက်ရာအခါ စသည်တို့၌ဖြစ်သော ဝီရိယကို "ကာယိကဝီရိယ(ကိုယ်၌ဖြစ်သောအားထုတ်မှု)"ဟု ခေါ်သည်၊ ကိုယ်လက်လှုပ်ရှားမှုမပါဘဲ စိတ်အားမလျှော့ဘဲ ကြိုးစားရှုမှတ်နေသော ဝီရိယကို "စေတသိကဝီရိယ (စိတ်၌ဖြစ်သော ကြိုးစားအားထုတ်မှု)"ဟု ခေါ်သည်။

ယင်းပညာရှိတို့သည် "ယောက်ျားတို့၏ စွမ်းအား, ယောက်ျားတို့၏ လုံ့လဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သည့် အရဟတ္တဖိုလ်သို့ မရောက်မချင်း ဝီရိယကို ရပ်ဆိုင်းထားမည်မဟုတ်"ဟူသော ဝီရိယမျိုးဖြင့် အရဟတ္တဖိုလ်သို့ မရောက်မီကြားမှာ ဆုတ်နစ်မှုမရှိဘဲ အမြဲတန်း ခိုင်မြဲသော လုံ့လဝီရိယ ရှိနေကြသည်။

သို့ဖြစ်၍ ယင်းပညာရှိတို့သည် အရိယဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့ထိ မျက်မှောက်ပြုကြရတော့သည်၊ ယင်းနိဗ္ဗာန်ဟူသည် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သည့် "လောဘ, ဒိဋ္ဌိ, မောဟ"ဟူသော ယောဂဘေးရန်မှလည်း လွတ်ကင်းသော တရားမျိုးဖြစ်သည်၊ အလုံးစုံသော လောကီလောကုတ္တရာ စိတ် စေတသိက်တရားတို့ထက်လည်း မွန်မြတ်သော တရားမျိုးဖြစ်သည်။

ဘုရားရှင်ကလည်း ဤသည်ကိုပင် ရည်ရွယ်တော်မူ၍ အောက်ပါစကားတော်ကို မိန့်ဆိုထားပါသည်။

တေ စာယိနော သာတတိကာ , နိစ္စံ ဒဠှပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ , ယောဂက္ခေမံ အနုတ္တရံ။

မေ့လျော့ကင်းကွာ-ပညာရှိတို့ , စူးစိုက်သတိ-ရှုလျက်ပင်၊
မပြတ်ဖြစ်လာ-ဝီရိယနှင့် , မြဲစွဲလုံ့လ-ထပ်ဆင့်လျှင်၊
ယောဂလေးဖြာ-ဘေးရန်လွတ်တဲ့ , အလွန်မြင့်မြတ်-နိဗ္ဗာန်မြင်၊
ဝင်စားဖလာ-သမာပတ်ဖြင့် , တွေ့ထိထပ်ထပ်-အာရုံတွင်။

မမေ့မလျော့သော ပညာရှိတို့သည် ကသိဏ်းစသောအာရုံ, အနိစ္စလက္ခဏာစသည်တို့ကို စူးစူးစိုက်စိုက် ရှုကြလျက် မပြတ်ဖြစ်သော ကာယိကဝီရိယ, စေတသိကဝီရိယ

ရှိကြသည့်အပြင် မတွန့်မဆုတ် အားထုတ်ကြလတ်သော် အမြတ်ဆုံးဖြစ်သည့် ယောဂဘေး ကင်းဝေးရာဖြစ်သော နိဗ္ဗာန်ကို ဖလသမာပတ် ဝင်စားကာဖြင့် ဧကန်ပင် တွေ့ထိနိုင်ကြတော့သည်။ မံ-ပါ၊ ၁၆။ ၄-၁၊ ၁၄၅။

နောက်၌ ပြဆိုထားသော ဂါထာများလည်း ဓမ္မပဒ အပ္ပမာဒဝဂ်လာ ဂါထာများချည်းသာ ဖြစ်ပါသည်။

ခြွေရံပေါများ ကျောစောထင်ရှားရန် အကျင့်

သာသနာပြု ရဟန်းရှင်လူတွေဆိုတာဟာ ရဟန်းဂုဏ်သိန် စည်းစိမ်ဥစ္စာခြွေရံသင်းပင်းနှင့် ပြည့်စုံမှု ကောင်းတဲ့ဂုဏ်သတင်းနဲ့ ထင်ပေါ်ကျော်စောမှု(နာမည်ကြီးမှု)တွေ အထိုက်အလျောက် ရှိထားပါမှ လုပ်ငန်းတွင်ကျယ်နိုင်စရာ ရှိပါတယ်၊ ဒီတော့ ပြည်တွင်း,ပြင်ပ သာသနာပြုကြမယ့် ရဟန်းရှင်လူတွေဟာ အမြဲတမ်းမမေ့မလျော့ မပေါ့မဆတဲ့အပြင် ထကြွလုံ့လ ဝီရိယ ရှိကြရမယ်၊ အသေးအဖွဲမချန် ကိစ္စအကုန်လုံးကို မှတ်မိနေစေရမယ်၊ ကိုယ်အမှု, နှုတ်အမှုစတဲ့ အပြုအမူတွေလဲ အပြစ်ကင်းမဲ့ဟဲ့အပြင် ချွတ်ယွင်းချက်လဲ ကင်းစေရမယ်၊ ဆေးဆရာက လူနာကို ဆေးကုသခွင့် ကြုံလာတဲ့ အခါမျိုးမှာ ရောဂါဝေဒနာရဲ့ ကြောင်းရင်းဇာစ်မြစ်ကို သိပြီးမှ သင့်တော်တဲ့ ဆေးဝါးဓာတ်စာတွေကို ကျွေးပြီး ကုသမှ ပြုသလို "ဒီလိုဖြစ်လာလို့ရှိရင် ဒီလိုလုပ်သင့်တယ်"လို့ အကျိုးတရားကို သုံးသပ်လို့ပဲဖြစ်ဖြစ်, "ဒီလိုလုပ်လိုက်လို့ရှိရင် ဒီလိုအကျိုးတွေ ဖြစ်ထွန်းလာလိမ့်မယ်"လို့အကြောင်းတရားကို သုံးသပ်ဆင်ခြင်လို့ပဲဖြစ်ဖြစ် လုပ်စရာကိစ္စ ရှိသမျှကို နှိုင်းချိန်ထောက်လှမ်း စူးစမ်းဆင်ခြင်ပြီး ပြုလုပ်ရပါမယ်၊ ကိုယ်အမှုအရာ နှုတ်အမှုအရာတွေကိုလဲ အပြစ်ကင်းအောင် စောင့်စည်းရမယ်၊ ဒကာဒကာမတွေ ဖြစ်မယ်ဆိုရင် မတရားမှုကို ရှောင်ကြဉ်ပြီး ကောင်းတဲ့လုပ်ငန်းနဲ့ အသက်မွေးမှု ပြုရမယ်၊ ရှင်ရဟန်းဖြစ်လို့ရှိရင်လဲ ဆေးဝါးကုသမှုစတဲ့ အနေသန(မအပ်တဲ့ ရာဖွေခြင်း), မိစ္ဆာဇီဝ(မှားယွင်းတဲ့ အသက်မွေးခြင်း)တွေကို ရှောင်ကြဉ်ပြီး တရားတော်နှင့် ညီညွတ်တဲ့ ဆွမ်းခံလှည့်လည်မှုနဲ့ အသက်မွေးရမယ်၊ ဝိနည်းပြစ်မရှိတဲ့ ပစ္စည်းလေးပါး, ဝိနည်းဥပဒေသနှင့်အညီ ဖြစ်ပေါ်လာတဲ့ ပစ္စည်းလေးပါးကိုသုံးစွဲ အသက်မွေးနေရမယ်၊ ဒီတရားတွေကို လိုက်နာကျင့်သုံးလို့ရှိရင် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းနှင့် ပြည့်စုံမှု, ကောင်းတဲ့ဂုဏ်သတင်းနဲ့ ထင်ပေါ်ကျော်စောမှု (နာမည်ကြီးမှု)တွေ အထိုက်အလျောက် ဖြစ်ပေါ်လာရမှာပါပဲ၊ ဒီလို ပြည့်စုံလာ,ဖြစ်ပေါ်လာမှလဲ မိမိတို့ရဲ့သာသနာပြုလုပ်ငန်း အောင်မြင်ထမြောက်နိုင်စရာရှိပါတယ်။

ဒီအဆိုပြုချက်နှင့် စပ်လျဉ်းလို့ အောက်ပါ ဘုရားဟော စကားတော်ကိုလည်း လေးလေးစားစား လိုက်နာမှတ်သားသင့်ပါတယ်။

ဥဋ္ဌာနဝတော သတီမတော , သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿ ဓမ္မဇီဝိနော , အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

မမေ့သည့်ပြင်-လုံ့လရှိလို့ , ပြည့်ဝသတိ-ကံစင်ကြယ်၊
စူးစမ်းနှိုင်းချိန်-ပြုလုပ်တတ်လို့ , ကိုယ်နှုတ်စိတ်ဓာတ်-စောင့်စည်းတယ်၊
မတရားကို-ကြဉ်ရှောင်ရှားလို့ , တရားသောအား-သက်မွေးလွယ်၊
ဤသို့ကျင့်လျှင်-ဂုဏ်သတင်းနှင့် , ခြွေရံသင်းပင်း-ပွားတိုးမယ်။

သာသနာ့ဝန်ဆောင် ရဟန်းရှင်လူတို့သည်မေ့လျော့ပေါ့ဆမှု မရှိသည့်အပြင် လုံ့လဝီရိယ ရှိရမည်၊ သတိရှိရမည်၊ ကံသုံးပါး စင်ကြယ်စေရမည်၊ စဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည်၊ ကိုယ်နှုတ်စောင့်စည်းရမည်၊ တရားသဖြင့်အသက်မွေးရမည်၊ ဤသို့ကျင့်သုံးနေထိုင်သူများမှာ ခြွေရံသင်းပင်း ဂုဏ်သတင်း ပွားတိုးနိုင်သည်။

ခိုကိုးမှီရာ ကျွန်းသာယာ

ဥဒ္ဓာနေနပွမာဒေန , သံယမေန ဒမေန စ၊
ဒီပံ ကယိရာထ မေဓာဝီ , ယံ သြဃော နာဘိကီရတိ။

အပျင်းမဝင်-အားထုတ်ခြင်းနှင့် , မမေ့လျော့ခြင်း-သတိယှဉ်၊
စောင့်ရှောက်စရာ-မြတ်သီလတဲ့ , ဣန္ဒြေဆုံးမ-လုံအောင်ပြင်၊
ဤတရားတွေ-ကိုးအားထားလို့ , ပညာရှိများ-တွယ်ထားလျှင်၊
သြဃရေလျှဉ်-မဖုံးလွှမ်းတဲ့ , အရဟတ္တဖိုလ်ကျွန်း-ဆိုက်မည်ပင်။

ပညာရှိသည် ထကြွလုံ့လ ဝီရိယရှိခြင်း မမေ့မလျော့ မပေါ့ဆခြင်း ကိုယ်နှုတ်စိတ်ကို စောင့်စည်းခြင်း, ဣန္ဒြေတို့ကို ဆုံးမခြင်း(ဟုဆိုအပ်သော တွယ်ဖက်ထားစရာ သစ်,ဝါး, လှေ,ဖောင်သဖွယ်ဖြစ်သော တရား)တို့ဖြင့် သြဃရေလျှဉ် မလွှမ်းမိုးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော မိုခိုရာကျွန်းကို (ယခုလို သာသနာတော် ထွန်းလင်းတောက်ပြောင်နေသည့် အချိန်အခါမျိုးမှာ) ဇကန်မချ ရောက်ရမည်သာ။

သမုဒ္ဒရာဆိုတာဟာ အင်မတန် နက်ပါတယ်၊ ကျယ်လဲကျယ်ပါတယ်၊ တစ်ဖက်ကမ်းကို မျှော်မှန်းကြည့်လို့ မြင်နိုင်တာမျိုး မဟုတ်ပါဘူး၊ ဒါ့ကြောင့် သမုဒ္ဒရာထဲမှာ မျောပါနေတဲ့ လူတစ်ယောက်ဟာ ထောက်တည်ရာရဖို့ မလွယ်လှပါဘူး၊ ကံကောင်းထောက်မလို့ သစ်,ဝါး,လှေ,ဖောင် တစ်ခုခုကို တွေ့မယ်၊ အဲဒီသစ်,ဝါး,လှေ,ဖောင်ကို တွယ်ဖက်ထားမယ်ဆိုရင် သမုဒ္ဒရာရေ မဖုံးလွှမ်းနိုင်တဲ့ ရေလယ်ကျွန်း တစ်ခုခုကို ဆိုက်ရောက်နိုင်စရာရှိပါတယ်။

ဘဝသံသရာ ဆိုတာဟာလဲ သမုဒ္ဒရာနှင့် မထူးခြားလှပါဘူး၊ နက်လဲနက် ကျယ်လဲကျယ်လှပါတယ်၊ ဒါ့ကြောင့် ဘဝသံသရာ သမုဒ္ဒရာထဲမှာ မျောပါနေရတဲ့ သူတွေလဲပဲ ထောက်တည်ရာ ရဖို့ မလွယ်လှပါဘူး၊ ကံကောင်းထောက်မလို့ ပဋိသန္ဓေကပါလာတဲ့ ပညာရှိတဲ့အပြင် (မွေးရာပါပညာ ရှိတဲ့အပြင်) ယခုလို သာသနာတော် ထွန်းလင်းနေတဲ့

ခေတ်အခါမျိုးမှာသာ ကြုံတွေ့နိုင်တဲ့ ထကြွလုံ့လ ကြိုးစားအားထုတ်မှုဆိုတဲ့ ဝီရိယ တရားရယ်, သတိမကင်း မမေ့ခြင်းဆိုတဲ့ အပ္ပမာဒတရားရယ်, ထက်ဝန်းကျင် စင်ကြယ်အောင် စောင့်စည်းခြင်းဆိုတဲ့ စတုပါရိသုဒ္ဓိသီလရယ် ဣန္ဒြေတွေကို စောင့်စည်းခြင်း ဆိုတဲ့ ဣန္ဒြိယသံဝရသီလရယ် အဲဒီသစ်,ဝါး,လေ,ဖောင်သဖွယ် ဖြစ်တဲ့ တရားလေးပါးကို တွေ့မယ်၊ အားကိုးတစ်ခုအနေနဲ့ တွယ်ဖက်ထားမယ် ဆိုရင် "ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ" ဆိုတဲ့ ရေအလျဉ်ရဲ့ ဖျက်ဆီးလွှမ်းမိုးမှုကို မခံရဘဲ အရဟတ္တဖိုလ်ဆိုတဲ့ ခိုကိုး အားထားစရာ ကျွန်းသာယာကို ဆိုက်ရောက်နိုင်ပါတယ်၊ စတုပါရိသုဒ္ဓိသီလထဲမှာ ပါဝင်ပြီးဖြစ်တဲ့ ဣန္ဒြိယသံဝရသီလကို သီးခြားခွဲထုတ်ထားရတာကတော့ တရားအားထုတ်တဲ့နေရာမှာ အရေးပါလှတဲ့အတွက်ပဲဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ အနည်းငယ် ချဲ့ထွင်ပြောရမယ် ဆိုရင် – အဲဒီဩဃလေးမျိုးထဲမှာ ပါလာတဲ့ 'ဒိဋ္ဌောဃ'ဆိုတာဟာ အယူလွဲမှားမှု ဒိဋ္ဌိပဲဖြစ်ပါတယ်၊ အဲဒီအယူလွဲမှားမှုဟာ သောတာပန်ဖြစ်ရင် ကုန်ရပါတော့တယ်၊ 'ကာမောဃ'ဆိုတာက ကာမဘုံမှာ တပ်မက်တတ်တဲ့ တဏှာလောဘ ဖြစ်ပါတယ်၊ အဲဒီ တဏှာလောဘမျိုးက အနာဂါမ်ဖြစ်ရင် ကုန်ရပါတော့တယ်၊ 'ဘဝေါဃ'ဆိုတာက ရူပဘဝ, အရူပဘဝတွေကို တပ်မက်မောတတ်တဲ့ တဏှာလောဘ ဖြစ်ပါတယ်၊ 'အဝိဇ္ဇောဃ'ဆိုတာက အသိဉာဏ်ဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက်မောဟဖြစ်တယ်၊ ဒီဘဝေါဃနှင့်အဝိဇ္ဇောဃကျတော့ ရဟန္တာဖြစ်မှ ကုန်ပါတော့တယ်။

အဲဒီဩဃလေးဖြာ ကိလေသာရေအလျဉ်ဟာ မကုန်မချင်း လွှမ်းဖိသတ်ဖြတ်နေတာပဲ၊ အရဟတ္တမဂ်နှင့် ပယ်သတ်လိုက်လို့ လုံးဝကုန်စင်သွားတဲ့အတွက် အရဟတ္တဖိုလ်ကိုတော့ မလွှမ်းဖိ, မသတ်ဖြတ်, မဖျက်ဆီးနိုင်တော့ပါဘူး၊ ဒါ့ကြောင့်မို့လဲ ဘုရားရှင်က အရဟတ္တဖိုလ်ကို ခိုကိုးအားထားစရာ ကျွန်းသာယာ အနေနဲ့ ဟောတော်မူထားရပါတယ်။

အပေါ်စီးကြည့်လျှင် အောက်လူမြင်

ပမာဒံ အပ္ပမာဒေန , ယဒါ နုဒတိ ပဏ္ဍိတော၊
ပညာပါသာဒမာရုယှ , အသောကော သောကိနိံ ပဇံ၊
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ , ဓီရော ဗာလေ အဝေက္ခတိ။

မေ့လျော့ခြင်းကို-မမေ့ခြင်းဖြင့် , ပယ်ထုတ်ဖြိုခွင်း-ပညာရှင်၊
ပညာခေါ်ဆို-ပြာသာဒ်မြင့်သို့ , အခါတော်သင့်-တက်ပြီးလျှင်၊
သောကကင်းကွာ-ကိုယ့်မှာရှင်းလို့ , သောကမကင်း-သူတွေထင်၊
တောင်ထိပ်ကလူ-အောက်လူရှုသို့ , ပညာရှိစု-အောက်လူမြင်။

ဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ရသည့်အပြင် မိကောင်းဘကောင်းဆရာကောင်းနှင့် ပေါင်းသင်းကြုံတွေ့ရသည့် အခါမျိုးမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ

နေထိုင်မှု အကုသိုလ်တရားစုကို မမေ့မလျော့ မပေါ့မဆနေထိုင်မှု သတိဖြင့် ပယ်ထုတ်ဖြိုခွင်းပြီးသော ပညာရှင်သည် 'ဒိဗ္ဗစက္ခုပညာ'တည်းဟူသော ပြာသာဒ်မြင့်သို့ တက်ရောက်ပြီးလျှင် မိမိသန္တာန်မှာ သောကကင်းရှင်းပြီးသည် ဖြစ်၍ သောကရှိနေသော သတ္တဝါအပေါင်းကို ကောင်းစွာရှုမြင်နိုင်သည်၊ တောင်ထိပ်ပေါ်၌ နေသူက တောင်အောက်မြေပြင်၌ ရှိနေသူတို့ကို ကောင်းစွာမြင်နိုင်သကဲ့သို့ ပညာရှိသည် လူမိုက်လူအတို့ကို ကောင်းစွာ တွေ့မြင်နိုင်ပေသည်။

ရေကန်ထဲကို ဝင်ရောက်လာတဲ့ ရေသစ်က ရေဟောင်းတွေကို နေခွင့်မပေးဘဲ အပေါ်က လျှံထွက်သွားအောင် ဖယ်ထုတ်ပစ်လိုက်သလို ပညာရှိတဲ့ ပုဂ္ဂိုလ်က ကောင်းတဲ့ ကိုယ်မှု,နှုတ်မှု,စိတ်မှုဆိုတဲ့ အပွမာဒလက္ခဏာ(မမေ့လျော့ခြင်း၏ အမှတ်အသား)ကို တိုးပွားအောင်လုပ်ရင်း မေ့လျော့ပေါ်ဆမှု ပမာဒကို ဖြစ်ခွင့်မပေးတော့ဘဲ အပွမာဒအရိန်အဟုန်နဲ့ ပမာဒကို နှင်ထုတ်လိုက်တဲ့ အခါကျတော့ သိပ်မြင့်မောက်တက်ကြွအထက်တန်းကျပြီး ဘက်စုံစင်ကြယ်နေတဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် သင့်တော်တဲ့ အကျင့်တွေကို ပြုကျင့်လို့ လှေခါးနဲ့ အိမ်အပေါ်ထပ်ကို တက်သလို အဲဒီအကျင့်နဲ့ပဲ ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတဲ့ ပြာသာဒ်ပေါ်ကို တက်ရောက်နိုင်တော့တယ်။

ပြီးတော့ သောကငြောင့်ကို ပယ်ပြီးဖြစ်တဲ့အတွက် စိုးရိမ်သောက မရှိတော့ဘဲ သောကငြောင့်ကို မပယ်ရသေးလို့ စိုးရိမ်သောက ရှိနေကြတဲ့ စုတ္တဝါနီး သတ္တဝါ, ပဋိသန္ဓေ နေပြီးခါစ သတ္တဝါတွေကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ တွေ့မြင်နိုင်ပါတယ်။

ဘယ်လို တွေ့မြင်နိုင်သလဲဆိုတော့- တောင်ထိပ်ပေါ်မှာ ရပ်နေတဲ့လူက အောက်မြေပြင်မှာ ရှိနေတဲ့ သတ္တဝါတွေကို လွယ်လွယ်ကူကူ တွေ့မြင်နိုင်သလို, အိမ်အပေါ်ထပ်မှာ ရပ်နေတဲ့လူက အိမ်ခြံစည်းရိုးအတွင်းမှာ ရှိနေတဲ့ သတ္တဝါတွေကို အလွယ်တကူ တွေ့မြင်နိုင်သလို တွေ့မြင်နိုင်တော့တာပဲ။

အလားတူပဲ ပညာရှိ ရဟန္တာ ပုဂ္ဂိုလ်မြတ်ဟာလဲပဲ ဝဋ်ဆိုးစေ့ကို မပယ်ဖြတ်ရသေးတဲ့ စုတ္တဝါနီးဖြစ်တဲ့ လူမိုက်လူအတွေ, ပဋိသန္ဓေ နေပြီးခါစဖြစ်တဲ့ လူမိုက်လူအတွေကို မပင်မပန်း လွယ်လင့်တကူ တွေ့မြင်နိုင်တော့တယ်။

အပွမတ္တော ပမတ္တောသု , သုတ္တောသု ဗဟုဇာဂရော၊
အဗ္ဘလသံဝ သီဃသော , ဟိတွာ ယာတိ သုမေဓသော။

အပြေးလျင်မြန်-မြင်းကောင်းများတို့ , အားအင်နည်းပါး-မြင်းပိန်ကို၊
ခရီးလမ်းမှာ-ချန်ကာထားလို့ , လိုရာလျင်လျား-ရောက်သလို၊
မေ့လျော့ကင်းကွာ-လွန်နိုးကြားတဲ့ , ပညာရှိများ-လမ်း ဗဟို၊
မေ့လျော့အိပ်ပျော်-နေသူများကို , ချန်ကာကျော်သွား-နိဗ္ဗာန်ကို။

အပြေးလျင်မြန်သောမြင်းသည် အားအင်ချိနဲ့သောမြင်းကို ချန်ထား၍ လိုရာရောက်အောင် သွားနိုင်သကဲ့သို့ မမေ့မလျော့ မပေါ့မဆ အမြဲသတိထား၍ နိုးကြားတက်ကြွနေသည့် ကောင်းသောပညာရှိသည် (အများသူငါ သတ္တဝါတွေက) မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ သတိကင်းလျက် အပျင်းဖက်၍ အိပ်စက်နေစဉ် ချန်ထားခဲ့၍ နိဗ္ဗာန်ရောက်အောင် သွားနိုင်တော့သည်။

မြင်းအုပ်စုအတွင်းမှာ မျိုးရိုးက မစစ်မှန်တဲ့အပြင် သခင်တွေက အစားအစာ ကောင်းကောင်းမကျွေးဘဲ ခိုင်းတာက များတဲ့အတွက် အားအင်ကုန်ခန်း ခြေကုန်လက်ပန်း ကျနေတဲ့ မြင်းပု, မြင်းနာ, မြင်းပိန်တွေ ရှိနေတတ်ပါတယ်၊ အဲဒီမြင်းမျိုးက အားအင်ချိနဲ့ပြီး ခြေဆွံ့နေတဲ့အတွက် မြန်မြန်ဆန်ဆန် မပြေးနိုင်တော့ပါဘူး၊ အဆမတန် အခိုင်းခံထားရတဲ့ မြင်းလှည်းဆွဲမြင်းမျိုးပဲ ဆိုကြပါစို့ရဲ့။

ပြီးတော့– မျိုးရိုးကစစ်မှန်တဲ့အပြင် များများစားစား ခိုင်းစေမှုကို မပြုဘဲ အပြေးမြန်အောင် ကျကျနနလေ့ကျင့်ထားပြီး အစားအစာဝအောင်ကျွေးလို့ ဂရုတစိုက် မွေးမြူထားတဲ့အတွက် ဖျတ်လတ်လျင်မြန် ခွန်အားသန်တဲ့ သိန္ဓောမြင်း အာဇာနည် တွေလဲ ရှိနေတတ်ပါတယ်၊ မြင်းပြိုင်ပွဲတွေမှာ အသုံးပြုနေကြတဲ့ ပြိုင်ပွဲဝင်မြင်းမျိုး ဆိုကြပါစို့ရဲ့။

ဒီတော့ ကိစ္စရှိလို့ တစ်နေရာ တစ်ဌာနကို သွားကြတဲ့အခါမှာ အားအင်နည်းပါး ချိနဲ့ခြေဆွံ့နေတဲ့ မြင်းပိန်, မြင်းပု, မြင်းနာတွေကို လမ်းခုလတ်မှာ ချန်ထားခဲ့ပြီး အပြေးလျင်မြန် ခွန်အားသန်တဲ့ သိန္ဓောမြင်း အာဇာနည်တွေက လိုရာအရပ်ကို မြန်မြန်ဆန်ဆန် ရောက်သွားတော့တာပဲ။

လူထုအတွင်းမှာလဲပဲမေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ သတိကို စွန့်လွှတ်ထားကြလို့ သတိဆိုတဲ့ နိုးကြားမှု မရှိတဲ့အတွက် လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါးလုံးမှာ အိပ်ပျော်နေတဲ့လူတွေလဲ ရှိနေတတ်ပါတယ်၊ ဒါပေမဲ့ သွားနေတုန်းမှာတော့ အိပ်ပျော်နေမယ် မဟုတ်ပါဘူး၊ ဒါ့ကြောင့် ငိုက်မျဉ်းကိုပါယူမှ သင့်တော်လိမ့်မယ် ထင်ပါတယ်။

ပြီးတော့ ဆိုင်ရာအာရုံတိုင်းမှာ ပျံ့နှံ့ပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ သတိမျိုး ရှိနေတဲ့အတွက် မမေ့မလျော့ မပေါ့မဆ အပွမာဒတရား အမြဲရှိနေပြီး နိုးကြားတက်ကြွနေတဲ့ လူတွေလဲ ရှိနေတတ်ပါတယ်။

အဲဒီလို လူနှစ်မျိုးနှစ်စား ကွဲပြားနေတဲ့အနက် တရားတွေထဲမှာ အ့ဆီအနှစ် အမတေသဖွယ်ဖြစ်တဲ့ အထက်တန်းပညာနှင့် ပြည့်စုံတဲ့အပြင် မမေ့မလျော့ မပေါ့မဆ အမြဲနိုးကြားတက်ကြွနေတဲ့ လူတွေဟာ ဣရိယာပုထ်အကုန်လုံးမှာ အိပ်ပျော်ငိုက်မျဉ်းနေကြတဲ့ ပုဂ္ဂိုလ်တွေကို စာပေသင်ကြားတဲ့ ပရိယတ္တိနယ်ပယ်မှာပဲဖြစ်ဖြစ်, တရားထူးကို

ထိုးထွင်းသိမြင်အောင် ကျင့်သုံးနေကြတဲ့ ပဋိပတ္တိနယ်ပယ်မှာပဲဖြစ်ဖြစ် ချန်ထားကျော်လွှားနိုင်ပါတော့တယ်။

အနည်းငယ် ချဲ့ထွင်ပြောရမယ်ဆိုပါရင်- အခြေခံဉာဏ်ပညာက နည်းတဲ့အပြင် မေ့လျော့ပေါ့ဆ အိပ်ပျော်ငိုက်မျဉ်းနေတဲ့ ပုဂ္ဂိုလ်က "သုတ်တစ်သုတ်ကို သင်ယူမယ်"လို့ ကြိုးစားအားထုတ်နေတုန်းမှာပဲ အခြေခံဉာဏ်ပညာနှင့် ပြည့်စုံတဲ့အပြင် မေ့လျော့ပေါ့ဆမှု မရှိဘဲ နိုးကြားတက်ကြွ လုံ့လဝီရိယရှိသူက တစ်ဝက်(ဆယ်သုတ်လောက် ပါဝင်တဲ့ သုတ်အုပ်စုတစ်ခု)ကို သင်ယူပြီးဖြစ်နိုင်ပါတယ်၊ ဒီလိုပဲ စာပေသင်ကြားတဲ့ ပရိယတ္တိနယ်ပယ်မှာ စွန့်လွှတ်ချန်ထား ကျော်လွန်သွားနိုင်ပါတယ်။

ပြီးတော့ ပညာနည်းတဲ့ပုဂ္ဂိုလ်က ညဉ့်နေမယ့်နေရာ, နေ့နေမယ့်နေရာတွေကို ပြုလုပ်ဖို့ ကြိုးစားအားထုတ်နေတုန်း ကမ္မဋ္ဌာန်းသင်ယူပြီး ရွတ်အံနေတုန်းမှာပဲ အခြေခံ ဉာဏ်ပညာနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်က သူများအဆင်သင့် ပြုလုပ်ထားပြီးဖြစ်တဲ့ ညဉ့်နေရမယ့်အရပ်, နေ့နေရမယ့် အရပ်ကို ဝင်ရောက်ပြီး ကမ္မဋ္ဌာန်းကို သုံးသပ်တဲ့အခါမှာ ကိလေသာအကုန်လုံးကို ကုန်ခန်းစေနိုင်ပါတယ်၊ လောကုတ္တရာတရားကိုးပါးကို လက်ရသိမ်းပိုက်နိုင်ပါတယ်၊ ဒီလိုပဲ တရားအားထုတ်တဲ့ ပဋိပတ္တိနယ်ပယ်မှာလဲ စွန့်လွှတ်ချန်ထား ကျော်လွန်သွားနိုင်ပါတယ်။

ဒီတော့ အခြေခံဉာဏ်ပညာ ပြည့်စုံလုံလောက်တဲ့အပြင် မမေ့မလျော့ မပေါ့မဆ အမြဲနိုးကြားတက်ကြွနေတဲ့ ပုဂ္ဂိုလ်ကပဲ ပညာဉာဏ် နည်းတဲ့အပြင် မေ့လျော့ပေါ့ဆ ကျရိယာပုထ်အကုန်လုံးမှာ အိပ်ပျော်ငိုက်မျဉ်းနေကြတဲ့ ပုဂ္ဂိုလ်တွေကို သံသရာဝဋ်ဆင်းရဲမှာ ချန်ထားခဲ့ပြီး မြန်မြန်ဆန်ဆန် အမှန်တကယ် နိဗ္ဗာန်ရောက်အောင်လဲသွားနိုင်တော့တာပါပဲ။

ဒါဟာ အပြေးလျင်မြန် ခွန်အားသန်တဲ့ သိန္ဓောမြင်း အာဇာနည်က အားအင်နည်းပါးမြင်းပု, မြင်းပိန်, မြင်းနာများကို လမ်းခုလတ်မှာ ချန်ထားခဲ့ပြီး လိုရာ့အရပ်ကို မြန်မြန်ဆန်ဆန်ရောက်အောင် သွားနိုင်တာနှင့် ဘာများထူးခြား ကွဲပြားမှု ရှိတော့မလဲ?၊ ထပ်တူထပ်မျှပဲ ဖြစ်နေတော့တယ်မဟုတ်လား?။

သိကြားဖြစ်ရန် အခြေခံ

အပ္ပမာဒေန မဃဝါ , ဒေဝါနံ သေဋ္ဌတံ ဂတော၊
အပ္ပမာဒံ ပသံသန္တိ , ပမာဒေါ ဂရဟိတော သဒါ။

လူဖြစ်စဉ်ခါ သိကြားမင်းက , မေ့လျော့ခြင်းကင်း-ကျင့်ခဲ့တယ်၊
ယင်းကံကြောင့်ပင်-အခြားနတ်ထက် , သာလွန်မြင့်မြတ်-တန်ခိုးကြွယ်၊
အမြဲတမ်းပင်-မမေ့မူကို , ပညာရှင်စု-ချီးမွမ်းတယ်၊
အကုသိုလ်ခေါ်-မေ့လျော့ခြင်းတော့ , သူတော်တစ်သင်း-ကဲ့ရဲ့လွယ်။

သိကြားမင်းသည် (မဃလုလင် ဖြစ်စဉ်က) မမေ့မလျော့ (သိကြားဖြစ်ရန် ကျင့်ဝတ်ခုနစ်ပါးကိုကျင့်ခဲ့)ခြင်းကြောင့် (စာတုမဟာ တာဝတိ်သာနတ်တို့ထက်) အမြင့်မြတ်ဆုံးပုဂ္ဂိုလ် အဖြစ်သို့ ရောက်လာခဲ့ရပေသည်၊ မမေ့မလျော့ မပေါ့ဆမှုကို သူတော်ကောင်းများချီးမွမ်းကြသည်၊ မေ့လျော့ပေါ့ဆခြင်းကို ပညာရှိများ အမြဲကဲ့ရဲ့ကြသည်။

မဃလုလင်ဟာ မစလရွာမှာ မြေနေရာ သုတ်သင်ရှင်းလင်းတာကစပြီး မမေ့မလျော့ သိကြားဖြစ်နိုင်တဲ့ ကျင့်ဝတ်ခုနစ်ပါးကို ကျင့်ခဲ့တယ်၊ ဒါနဲ့ တာဝတိ်သာမှာ သိကြားဖြစ်လာတဲ့ အခါမှာလဲပဲ 'မဃဝါ'လို့ ထင်ရှားလာခဲ့တယ်၊ 'စာတုမဟာ, တာဝတိ်သာ'ဆိုတဲ့ နတ်ပြည်နှစ်ထပ်ကို အစိုးရတဲ့ မင်းဖြစ်လာခဲ့တယ်၊ အဲဒီ နတ်ပြည်နှစ်ထပ်မှာတော့ သူ့ထက် အထက်တန်းကျသူ, မြင့်မြတ်သူရယ်လို့ မရှိတော့ပါဘူး၊ သူကသာ အထက်တန်းအကျဆုံး, အမြင့်မြတ်ဆုံး ဖြစ်လာပါတော့တယ်။

'မမေ့မလျော့ မပေါ့ဆမှု' ဆိုတာက လောကီလောကုတ္တရာ အကျိုးထူးအကုန်လုံးကို ရရှိခြင်းရဲ့ အကြောင်းဖြစ်တယ်၊ ဒါ့ကြောင့်မို့လဲ ဘုရားအစရှိတဲ့ ပညာရှိတွေက မမေ့မလျော့မှု အပွမာဒသတိကို ချီးမွမ်းတော်မူကြပါတယ်။

'မေ့လျော့ခြင်း'ဆိုတာကတော့ ပျက်စီးဆုံးရှုံးမှု အကုန်လုံးတွေရဲ့ အကြောင်းရင်းဖြစ်နေတယ်၊ အမှန်ကို ဆိုရပါရင်-'ဘုန်းကံမဲ့မွဲ လူဆင်းရဲဖြစ်ရခြင်း, ကျက်သရေမင်္ဂလာမရှိသူမျိုးဖြစ်ရခြင်း, အပါယ်မှာဖြစ်ရခြင်း' ဆိုတဲ့ ပျက်စီးမှုအကုန်လုံးဟာ မေ့လျော့ခြင်းကို အကြောင်းပြုလို့ မေ့လျော့ခြင်းအပေါ် အခြေခံလို့ ဖြစ်လာရတာချည်းပါပဲ၊ ဒါ့ကြောင့် မေ့လျော့ပေါ့ဆမှုပမာဒကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက အမြဲကဲ့ရဲ့တော်မူကြပါတယ်။

ဒါနဲ့ပတ်သက်လို့ သိကြားဖြစ်နိုင်တဲ့ ကျင့်ဝတ်ခုနစ်ပါးကိုလည်း ဆက်လက်ပြလိုပါသေးတယ်။

မာတာပေတ္တိဘရံ ဇန္တုံ , ကုလေ ဇေဋ္ဌပစာယိနံ၊
သဏှံ သခိလသမ္ဘာသံ , ပေသုဏေယျပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ , သစ္စံ ကောဓာဘိဘုံ နရံ၊
တံ ဝေ ဒေဝါ တာဝတိ်သာ , အာဟု သပ္ပုရိသော ဣတိ။

မိဘတို့ကို-လုပ်ကျွေးတတ်လို့ , မျိုးနွယ်ကြီးမြတ်-လွန်ရိုသေ၊
သိမ်မွေ့စိတ်နေ-ချောအောင်ပြောလို့ , ကောက်ကျစ်ကုန်းချော-ပယ်စွန့်နေ၊
ဝန်တိုပယ်ကာ-ပေးလှူတတ်လို့ , မှန်ကန်ဖြောင့်မတ်-ပြောဆိုလေ၊
ဒေါသထိန်းနိုင်-လူတော်ကောင်းကို , ဝတိ်နတ်ပေါင်း-ချီးကျူးပေ။

သံယောဇဉ်တောကြီး ရှိ.ရန်မီး

အပွမာဒရတော ဘိကွ၊ , ပမာဒေ ဘယဒသိဝါ၊
သံယောဇနံ အဏုံ ထူလံ , ဥဟံ အဂ္ဂိဝ ဂစ္ဆတိ။

မမေ့မှမှာ-မွေ့လျော်တတ်လို့ , သတိကင်းလွတ်-ဘေးဟုမြင်၊
ယင်းသို့မြင်သူ-ရှင်လူပေါင်းတို့ , ကြီးငယ်သောင်းပြောင်း-သံယောဇဉ်၊
ဉာဏ်မီးရှို့ကာ-ပြောင်အောင်မြိုက်လျက် , နိဗ္ဗာန်ပြည်ဆိုက်-သွားမည်ပင်၊
တောမီးကြီးငယ်-မြက်သစ်ဝါးကို , အကုန်လောင်သွား-ပမာတင်။

အပွမာဒ၌ မွေ့လျော်ပြီး ပမာဒ၌ ဘေးကိုမြင်သော ရဟန်းရှင်လူတို့သည် တောမီးက ကြီးငယ်မရောင် မြက်,သစ်,ဝါး အကုန်လုံးကို လောင်ကျွမ်းသွားသကဲ့သို့ သံသရာဝဋ်မှာ ပိတ်လောင်သိပ်သည်း သံယောဇဉ်တောကြီးကို ကြီးငယ်မရောင် ဉာဏ်မီးဖြင့် ကျွမ်းလောင်စေလျက် နိဗ္ဗာန်ရောက်အောင် သွားနိုင်တော့သည်။

သာသနာပြု ရဟန်းရှင်လူတွေဟာ ကုသိုလ်ရေးရာမှာ မမေ့လျော့ မပေါ့ဆတဲ့သတိနဲ့ အချိန်ကို ကုန်လွန်စေရမယ်၊ မေ့လျော့ပေါ့ဆမှု အကုသိုလ် တရားစုမှာ ဘေးရန်အနေနဲ့ ရှုမြင်ရမယ်၊ ဘာကြောင့်လဲဆိုတော့-ငရဲမှာဖြစ်ရတာ, တိရစ္ဆာန်ဖြစ်ရတာ, ပြိတ္တာဖြစ်ရတာ, လူနံ,လူမွဲ,လူဆင်းရဲ ဖြစ်ရတာတွေဟာ မေ့လျော့ပေါ့ဆမှု ပမာဒအခြေခံတဲ့ အကုသိုလ်ကံကြောင့်ပဲ ဖြစ်တယ်၊ ဒါ့ကြောင့် မေ့လျော့ပေါ့ဆ ပမာဒကို ကြောက်စရာဘေးရန်အနေနဲ့ ရှုရမယ်။

တောမီးလောင်လာတဲ့အခါ ကြီးငယ်မထား ရှိရှိသမျှ လောင်စာများကို လောင်ကျွမ်းစေရင်း သွားသလို ကုသိုလ်ရေးရာမှာ မမေ့လျော့ မပေါ့ဆတဲ့ အပွမာဒသတိနဲ့ အချိန်ကို ကုန်လွန်စေတဲ့ ပုဂ္ဂိုလ်မျိုးဟာ အပွမာဒသတိကြောင့် ရလာတဲ့ ဉာဏ်ဆိုတဲ့မီးနဲ့ သံယောဇဉ်တောကြီးကို ကြီးငယ်မခြွင်း ပြန်မဖြစ်အောင် လောင်ကျွမ်းစေရင်း နိဗ္ဗာန်ရောက်အောင် သွားနိုင်တော့တယ်။

"ဒီသံယောဇဉ်"ဆိုတာက သတ္တဝါတွေကို ဝဋ်ဆင်းရဲမှာ ဖွဲ့နှောင်ထားတတ်တဲ့ တရားမျိုး, ဝဋ်ဆင်းရဲမှာ နစ်မြုပ်စေတတ်တဲ့တရားမျိုး ဖြစ်တယ်၊ အဲဒီတရားဟာ တစ်ပါးတည်း မဟုတ်ပါဘူး၊ ဆယ်ပါးတောင် ရှိနေတယ်၊ ပြီးတော့ သုတ္တန်နည်း အဘိဓမ္မာနည်းလို့လဲကွဲပြားနေသေးတယ်၊ ဒီတော့ အကြီးအသေး ခြားနားမှုတော့ ပါလာရမှာပါပဲ၊ ဒီသံယောဇဉ်တွေရဲ့ အသေးစိတ်သဘောကို အတော်အသင့် ဗုဒ္ဓအဘိဓမ္မာကို လေ့လာဖူးမှ နားလည်နိုင်စရာ ရှိပါတယ်၊ ဒါ့ကြောင့် အကျယ်ချဲ့ကာ ဒီနေရာမှာ မပြောလိုတော့ပါဘူး။

အေးငြိမ်းနိဗ္ဗာန် နီးကပ်သူ

အပွမာဒရတော ဘိက္ခု , ပမာဒေ ဘယဒဿိဝါ၊
အဘဗ္ဗော ပရိဟာနာယ , နိဗ္ဗာနဿေဝ သန္တိကေ။

မမွေမ္ဟမှာ-မွေ့လျော်တတ်လို့ , သတိကင်းလွတ်-ဘေးဟုမြင်၊
ထိသို့မြင်သူ-ရှင်လူများတို့ , ဘာဝနာတရား-များအပြင်၊
ကိလေပယ်ခွာ-မင်္ဂိုလ်ဆိုက်အောင် , ဆုတ်ယုတ်မထိုက်-တက်မည်ပင်၊
ငြိမ်းအေးကိလေ-ခန္ဓာလွတ်သည့် , နိဗ္ဗာနဓာတ်-အနီးတွင်။

အပွမာဒမှာ မွေ့လျော်ပြီး ပမာဒမှာ ဘေးကိုမြင်တတ်သည့် ရဟန်းရှင်လူတို့သည် ဆုတ်ယုတ်ခြင်းငှာ မထိုက်ချေ၊ နိဗ္ဗာန်နှင့်သာ တဖြည်းဖြည်း နီးကပ်လာရပေသည်။

အပွမာဒမှာ မွေ့လျော်ပြီး ပမာဒကို ကြောက်စရာ ဘေးရန်အနေနဲ့ မြင်တတ်တဲ့ ပုဂ္ဂိုလ်ဟာ သမထဝိပဿနာ တရားတွေ, မင်္ဂိုလ်တရားတွေက မဆုတ်ယုတ်ထိုက်တော့ပါ၊ မရောက်သေး မရသေးတဲ့ တရားတွေကိုလဲ မလွဲမသွေ ရောက်နိုင် ရနိုင်ပါတော့တယ်၊ ကိလေသာတွေရဲ့ ငြိမ်းအေးမှုဆိုတဲ့ ကိလေသပရိနိဗ္ဗာန်, တဏှာစွဲ ဒိဋ္ဌစွဲတွေနဲ့ ဘယ်အာရုံကိုမှ မစွဲလမ်းတော့ဘဲ ငြိမ်းအေးမှုဆိုတဲ့ အနုပါဒါနိဗ္ဗာန်နှင့် နီးတော့တာပါပဲ။

ဤသို့လျှင်အပွမာဒသတိနှင့် စပ်လျဉ်း၍ အတော်အသင့် ပြည့်စုံအောင် ဘုရားဟော ပါဠိတော်များကို အခြေခံထားကာ တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းမျှကို တင်ပြလာခဲ့ပါသည်။

ယင်းအပွမာဒ သတိသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အလွန်အရေးပါသော တရားတစ်မျိုး ဖြစ်ပါသည်၊ သို့ဖြစ်၍ ကိမိလသုတ်ကို တင်ပြုလျက် ဤကျမ်းစာကို လက်စသတ်ပါတော့မည်။

ကိမိလသုတ်

ဘုရားရှင် ကိမိလမြို့ ကျည်းပင်တော (နိစုလဝန)မှာ သီတင်းသုံးတော်မူစဉ် အရှင်ကိမိလက ဘုရားရှင်ကို ဆည်းကပ်ရန်ရောက်လာခဲ့သည်၊ သင့်တော်ရာမှာ ထိုင်လျက် ဘုရားရှင်ကို ရိုသေလေးစား ရှိခိုးလျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား ! ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်ပြီးတဲ့နောက်ပိုင်းမှာ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကြာရှည်လေးမြင့် မတည်တံ့ရခြင်း၏ အကြောင်းဟာ ဘာပါလဲ?"။

"ကိမိလ ! ဘိက္ခု,ဘိက္ခုနီ, ဥပါသက,ဥပါသိကာ(ဆိုတဲ့ ပရိသတ်လေးပါး သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်)များရဲ့ ဘုရားကို မလေးစား မရိုသေခြင်း, တရားတော်ကို

မလေးစား မရိုသေခြင်း, သံဃာတော်ကို မလေးစား မရိုသေခြင်း, ကိုယ်ကျင့်သိက္ခာကို မလေးစား မရိုသေခြင်း, သမာဓိကို မလေးစား မရိုသေခြင်း, အပွမာဒသတိကို မလေးစား မရိုသေခြင်း, အစေ့အစပ်ပြုမှုကို မလေးစား မရိုသေခြင်း (ဒီတရားခုနစ်ပါး)ကပဲ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ သဒ္ဓမ္မသုံးဖြာ သာသနာတော် မတည်တဲ့ခြင်းရဲ့ အကြောင်းဖြစ်တယ်။

"ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းအချိန်မှာ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကြာရှည်လေးမြင့် တည်တဲ့နိုင်ခြင်းရဲ့ အကြောင်းကတော့ ဘာပါလဲ ရှင်တော်မြတ်ဘုရား?"။

"ကိမိလ ! ဘိက္ခု,ဘိက္ခုနီ, ဥပါသက,ဥပါသိကာ(ဆိုတဲ့ ပရိသတ်လေးပါး သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်)များရဲ့ ဘုရားကို လေးစားရိုသေခြင်း, တရားတော်ကို လေးစားရိုသေခြင်း, သံဃာတော်ကို လေးစားရိုသေခြင်း, မိမိတို့ရဲ့ ကိုယ်ကျင့်သိက္ခာကို လေးစားရိုသေခြင်း, သမာဓိကို လေးစားရိုသေခြင်း, အပွမာဒသတိကို လေးစားရိုသေခြင်း, အစေ့အစပ်ပြုမှုကို လေးစားရိုသေခြင်း (ဒီတရားခုနစ်ပါး)ကပဲ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းအချိန်မှာ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကြာရှည်လေးမြင့် တည်တဲ့နိုင်ခြင်းရဲ့ အကြောင်းဖြစ်ပေတယ်"။

အံ-ပါ-၂၊ ၄၆၀။

ဤသည်မှာ ဘုရားရှင် ကိုယ်တော်တိုင် မိန့်ကြားထားခဲ့သော သာသနာတော် ကြာရှည်လေးမြင့် မသန့်ရှင်းမတည်တဲ့ခြင်း၏ အကြောင်းနှင့် သာသနာတော် ကြာရှည်လေးမြင့် သန့်ရှင်းတည်တဲ့ခြင်း၏ အကြောင်း ဖြစ်ပေသည်။

သို့ဖြစ်၍ သာသနာတော် မသန့်ရှင်းမတည်တဲ့ရခြင်း၏ အကြောင်းများကို ရှောင်ကြဉ်၍ သာသနာတော် သန့်ရှင်းတည်တဲ့ခြင်း၏ အကြောင်းများကို လိုက်နာကျင့်သုံးကြသော သာသနာ့ဝန်ဆောင် ရဟန်းရှင်လူတို့၏ သန္တာန်မှာ သာသနာတော် သန့်ရှင်းတည်တဲ့လာရမည်သာ ဖြစ်ပါသည်။

မိမိသန္တာန်မှာ သာသနာတော် သန့်ရှင်းတည်တဲ့အောင် လိုက်နာကျင့်သုံးပြီး သည့်နောက် "တစ်ဦးမှစ တစ်ရာ"ဆိုဘိသကဲ့သို့ မိမိနှင့် နီးစပ်ဆက်နွယ်နေကြသော အခြားသူများကိုလည်း လိုက်နာကျင့်သုံးအောင် သိမ်းသွင်းညွှန်ကြား ပြုပြင်သွားပါက သာသနာတော် သန့်ရှင်းတည်တဲ့ပြန့်ပွားလာရမည်သာ ဖြစ်ပါသည်။

ဗုဒ္ဓ ဓမ္မာ-သံဃာများဟု , ရတနာသုံးပါး-ကျင့်သိက္ခာ၊
စိတ်ဓာတ်တည်ငြိမ်-မမေ့မ္မနှင့် , စေ့စပ်လည်းပြု-ခုနစ်ဖြာ၊
မလေးစားလျှင်-သာသနာပျောက်လို့ , လေးစားသလောက်-တည်နေမှာ၊
နီးစပ်ရှင်လူ-စိတ်ဝင်စားအောင် , သိမ်းသွင်းဟောကြား-ပြန့်ပွားလာ။

ယင်းသာသနာတော် သန့်ရှင်းတည်တံ့ခြင်း၏အကြောင်း ခုနစ်ပါးတို့တွင် အပွမာဒသတိသည် အခြေခံအကျဆုံးသော အဓိကအကြောင်း ပြစ်ပါသည်၊ အပွမာဒသတိ အမြဲရှိနေသော ပုဂ္ဂိုလ်၏ သန္တာန်မှာ ဘုရားကို ရိုသေလေးစားမှု-စသော အခြားအကြောင်းများ ပြည့်စုံပြီးပင် ဖြစ်နိုင်သည်၊ သို့ဖြစ်၍ သာသနာ့ဝန်ဆောင် ရဟန်းရှင်လူတို့၏ သန္တာန်မှာ အပွမာဒသတိ ခိုင်မြဲတည်တံ့နေသလောက် သာသနာတော်လည်း မကွယ်မပျောက် ထွန်းလင်းထိန်တောက်နေမည်သာ ဖြစ်ပါသည်။

မိမိတို့၏ သန္တာန်မှာ အပွမာဒသတိ ခိုင်မြဲတည်တံ့အောင် ထူထောင်ပြီးဖြစ်ပါက အခြားသူများကိုလည်း အပွမာဒသတိ အမြဲရှိနေအောင် ဟောပြောညွှန်ကြား သိမ်းသွင်းဆွဲဆောင်သွားရပါမည်၊ ယင်းသို့ မိမိတို့ကျောင်းတိုက် မိမတို့အိမ်ထောင်စုမှ အစပြု၍ ကျေးရွာ, ရပ်ကွက်, မြို့နယ်,တိုင်း, ပြည်နယ်, နိုင်ငံတော်အထိ မိမိတို့၏ စွမ်းအား အလျောက် သိမ်းသွင်းဆွဲဆောင် ဟောပြောသွားကြပါလျှင် ပြည်တွင်းသာသနာသည် မလွဲမသွေ သန့်ရှင်းတည်တံ့ပြန့်လာရမည်သာ ဖြစ်ပါပေသည်။

ကုသိုလ်ရေးရာ-မမေ့ခြင်းက , သာသနာ့သန့်ရှင်း-ကြောင်းရင်းမှန်၊
သန့်ရှင်းခြင်းမူ-အရှည်ခန့်အောင် , ခိုင်မြဲတည်တံ့-ကြောင်းဖြစ်ပြန်၊
ကိုယ့်မှာတည်လျှင်-သူတစ်ပါးကို , တည်အောင်ညွှန်ကြား-ပြန့်ပွားမြန်၊
ထို့ကြောင့်ရှင်လူ-မမေ့ခြင်းကို , ကိုယ်ဝယ်မကင်း-ဆောင်သင့်တန်။

အခန်း -၃ ပြီးပါပြီ။

၁၃၅၀-ပြည့်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက် ။